
WHISPER OF WORDS
အမေ
MOTHER
THE GREAT
REVOLUTIONARY NOVEL
MAXIM GORKY
တောင်တွင်းကိုကိုကြီး

အမေ

MOTHER

Maxim Gorky

တောင်တွင်းကိုကိုကြီး

မြန်မာပြန်

ကန်တော့ခန်း

ကျွန်ုပ် နိုင်ငံရေးလုပ်သမျှကို ဘယ်တော့မှ မပိတ်ပင် မတားမြစ်ဘဲ
ကြည်ကြည်ဖြူဖြူ အခွင့်ပြုခဲ့သော ကွယ်လွန်သူ မွေးသမိခင်အားလည်းကောင်း၊

ကျွန်ုပ်အား စာပေပညာကို သင်ပြပို့ချပေးရုံမက အဖိုးမဖြတ်နိုင်သည့်
မျိုးချစ်စိတ်ဓာတ်ကိုပါ မွေးမြူပေးခဲ့သည့် တောင်တွင်းကြီးမြို့
မြန်မာပညာရှိဆရာကြီး ဦးကွန့် (ကွယ်လွန်) နှင့် မင်းဘူးမြို့ ဆရာ ဦးစံပွင့်
(ကွယ်လွန်) ဤဆရာ နှစ်ဆူတို့အားလည်းကောင်း၊

ဆရာကြီးဂေါ်ကီ၏ ဤ 'အမေ' ဝတ္ထုကို ဘာသာပြန်ခြင်းဖြင့် သဒ္ဓါညွတ်ပျောင်း၊
ဇောသိန်းသောင်းဖြင့် ဝပ်ညောင်း ရိုကျိုး ရှိခိုးကန်တော့အပ်ပါသတည်း။

တောင်တွင်း ကိုကိုကြီး

ဒုတိယ နိဒါန်း

ပထမ နိဒါန်းတွင် ဤ 'အမေ' ဝတ္ထုတွင် ဆရာကြီး ဂေါ်ကီသည် ဇာတ်အိမ်ဇာတ်ကွက်တို့ကို မည်ကဲ့သို့ဖွဲ့ခဲ့ပုံ၊ သူ့ဇာတ်ဆောင် ဇာတ်ရုံတို့ကို မည်ကဲ့သို့ ရှာဖွေဖန်တီးတီထွင်ခဲ့ပုံတို့ကို လည်းကောင်း၊ ဤဝတ္ထုကို ရေးသားရာ၌ ဆရာကြီးသည် သူ အမြဲတစေ ဟောပြောသည့် ဆိုရှယ်လစ် ပရမတ္တသစ္စာ- ဟူသော စာပေရေးရာ သဘောတရားကို လက်တွေ့အားဖြင့် မည်ကဲ့သို့ လိုက်နာကျင့်သုံးခဲ့ပုံကိုလည်းကောင်း၊ ဤစာအုပ်ကို ဘာသာပြန်ဆိုရာတွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် ထိုအခက်အခဲတို့ကို မည်ကဲ့သို့ ကျော်လွှားခဲ့ရပုံနှင့် စာရေးသူ၏ အာသီသတို့ကိုလည်းကောင်း အသေးစိတ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ဒုတိယနိဒါန်းတွင် အနည်းငယ် ရေးသားလိုသည့် အချက်များကား ဤသို့ ....

ဆရာကြီး ဂေါ်ကီ၏ နှစ်တရာပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲအပြီး ၁၈၈၆ ခုနှစ် 'အမေ' ဝတ္ထုကို ရိုက်နှိပ် ဖြန့်ချိရေးနှင့် ပတ်သက်၍ စာရင်းကောက်ကြည့်ရာ၊ ကမ္ဘာတဝန်းလုံးအတွက် အကြိမ်ပေါင်း ၃၀၀ ခန့် ပုံနှိပ်ဖြန့်ချိခဲ့ရကြောင်းနှင့် ဆိုဗီယက် ရုရှားတပြည်တည်းအတွင်းမှာပင် ဘာသာပေါင်းစုံဖြင့် ၁၉၇ ကြိမ် ပုံနှိပ်ခဲ့ပြီး၊ စာအုပ်ရေ ၆၄၅၄၀၀၀ ခြောက်သန်း လေးသိန်း ငါးသောင်း လေးထောင်အထိ ရောင်းချခဲ့ရသည်ကို တွေ့ရပါသည်။

၁၉၀၇ ခုနှစ်တွင် ဤ 'အမေ' ဝတ္ထုကို ပထမဦးဆုံး ပုံနှိပ်ဖြန့်ချိခဲ့ရာ၊ ကမ္ဘာ့ပစ္စည်းမဲ့ ခေါင်းဆောင်ကြီး လီနင်က ဤဝတ္ထုနှင့် ပတ်သက်၍...

"ဒီစာအုပ်ဟာ အရေးအကြီးဆုံးစာအုပ်ဖြစ်တယ်။ တော်လှန်ရေး လှုပ်ရှားမှုထဲကို ကျကျနန နားလည်လို့ မဟုတ်ဘဲ၊ သဘောပေါက်လို့ မဟုတ်ဘဲ စိတ်ဆောင်လို့ ပါဝင် ဆင်နွှဲနေတဲ့ အလုပ်သမားများဟာ ဒီ 'အမေ' ဝတ္ထုကို ဖတ်ပြီးတော့ တော်လှန်ရေးအကြောင်းကို သဘောပေါက်လာကြလိမ့်မယ်" ဟု ပြောခဲ့ရာ ဤဝတ္ထုသည် အလုပ်သမား လူတန်းစားနှင့် ဆိုရှယ်လစ်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲနေကြသည့် လူများအတွက် မီးရှူးတန်ဆောင်တခု ဖြစ်ကြောင်းကို အထူးရေးသားဖော်ပြဖို့ လိုအပ်မည်မထင်တော့ပါ။

ဤဝတ္ထုထဲမှ အဓိက ဇာတ်ဆောင်ဖြစ်သည့်

နှစ်လေ့ဗ်နာကြောင့်လည်းကောင်း၊ အမေ (နှစ်လေ့ဗ်နာကို ဆိုလိုပါသည်။) အပေါ်တွင် သူတို့ထားကြသည့် သဘောထားကြောင့် လည်းကောင်း၊ ဤဝတ္ထုထဲမှ တော်လှန်ရေးသမားတို့သည် သူတို့၏ တအူထုံဆင်း ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်ကြရမည်… ဟူသောအဖြစ်ကို သိမြင်ခဲ့ကြ၏။ အမေကြောင့်ပင် လူသားအားလုံးသည် တဦးနှင့်တဦး ညီရင်းအစ်ကိုများ ဖြစ်ကြရမည် ဟူသောအဖြစ်ကို နားလည်ခဲ့ကြ၏။ ပါဗယ်၏ အရင်းနှီးဆုံး၊ အချစ်ဆုံးဖြစ်သည့် အင်ဒရေးနက်ကိုဒ်ကာက "ကျုပ်တို့တတွေဟာ ကမ္ဘာတဝန်းလုံးမှ အလုပ်သမားတွေဟာ ညီအစ်ကိုများ ဖြစ်ကြတယ်ဆိုတဲ့ အချက်ကို မမှိတ်မသုန် ယုံကြည်နေကြတယ်ဆိုတဲ့ ယုံကြည်ချက်ဖြင့် မာကျောလာကြရတဲ့ တမိဝမ်းတွင်းမှ အတူတူ ဆင်းသက်လာကြရတဲ့ ကလေးတွေပဲ" ဟု ပြောခဲ့၏။ ဤအချက်ကို ဇာတ်ကောင်တကောင်ဖြစ်သည့် တောင်သူလယ်သမား ရိုင်ဘင်က "လူတွေဟာ တသွေးတည်း တသားတည်း ဖြစ်တယ်ဆိုတာကို သိလာအောင်၊ မြင်လာအောင် လုပ်ဖို့ရန်ဟာ အရေးအကြီးဆုံး ကိစ္စကြီးတခုဖြစ်တယ်။ သန်းပေါင်းများစွာသော လူသားတွေဟာ ကျုပ်တို့ လိုအပ်တာတွေကိုပဲ လိုနေကြတယ်ဆိုတာကို ခင်ဗျားတို့ သိလိုက်ရရင် ခင်ဗျားရဲ့အသည်းနှလုံးဟာ ပိုပြီး သနား ကြင်နာလာတတ်မှာပဲ…" ဟု ပြောရင်း ထောက်ခံခဲ့ပြန်၏။

ဤအချက်ကိုကြည့်လျှင် ဆရာကြီးဂေါ်ကီ၏ လူသားအချင်းချင်း ချစ်ခင်ကြင်နာကြရမည် ဟူသော လူသားဝါဒသည် အရင်းရှင် လူတန်းစားများက လက်ကိုင်ထားပြီး နာမည်ကောင်းရရုံမျှ ဟစ်ကြသည့် လူသားဝါဒကဲ့သို့ လူသားဝါဒ အခြောက် မဟုတ်ကြောင်းကို ကောင်းစွာ သိမြင်နိုင်ပါသည်။

နောက်ဆုံး ဆရာကြီး ဂေါ်ကီ၏ နှစ်ရာပြည့်အထိမ်းအမှတ်ဖြင့် အသစ်ရိုက်နှိပ် ဖြန့်ချိသည့် အမေဝတ္ထုနိဒါန်းတွင် ရုရှားစာရေးဆရာကြီး ဘားဆော့ဗ် ရေးသားခဲ့သည့်…

"အနုပညာဟူသည် လူတွေကို ညီညွတ်အောင် ဖန်တီးပေးတဲ့ နည်းလမ်းတခု ဖြစ်သည်" ဟူသော သဘောတရားကို ကျွန်ုပ်တို့ လက်ခံလိုက်နာသည်နှင့် တပြိုင်နက် ဂေါ်ကီ၏စာပေများ အထူးသဖြင့် ဝတ္ထု၏ အဓိပ္ပာယ် ထိရောက်ပုံကို ကျွန်ုပ်တို့သည် မသိမမြင်ဘဲ မနေနိုင်ပါ။ ကျွန်ုပ်တို့ အထက်တွင် ပြောခဲ့သည့်အတိုင်း 'အမေ' ဝတ္ထုသည် အလုပ်သမားလူတန်းစား၏ အကြောင်းကိုလည်းကောင်း၊ လူသားတို့၏ ဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် ဖန်တီးရာ၌ အလုပ်သမားလူတန်းစား၏တာဝန်ကိုလည်းကောင်း ရေးသားထားသည့် စာအုပ် ဖြစ်၏။

ဆိုလိုသည့်သဘောကား 'အမေ' သည် အလုပ်သမား လူတန်းစားအတွက်သာ မဟုတ်ဘဲ ကမ္ဘာတဝန်းလုံးရှိ လူသားအားလုံးအတွက်

စာအုပ်တအုပ် ဖြစ်သည်... ဟူသော အချက်ကိုပင် ဘာသာပြန် ဖောက်သည်ချအပ်ပါသတည်း။

တောင်တွင်း ကိုကိုကြီး

၁၂-၁၁-၇၂

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ဘာသာပြန်ဆိုသူ၏ စကားဦး

ဆရာကြီးဂေါ်ကီ ရေးသားပြုစုခဲ့သည့် ကမ္ဘာ့ဂန္ထဝင်မြောက် ဝတ္ထုတို့၏ ဦးသျှောင် ဤ 'အမေ' ဝတ္ထုကို အစမှ အဆုံးထိ နှစ်ပိုင်းလုံး မြန်မာဘာသာဖြင့် ပြန်ဆိုခြင်းနှင့် ပတ်သက်၍ စကားဦးရေးရာ၌ အောက်ပါ အချက်သုံးချက်ကို အဓိကထား၍ တင်ပြလိုပါသည်။

ပထမအချက်အားဖြင့် ဆရာကြီးသည် ဤဝတ္ထု၏ ဇာတ်အိမ်၊ ဇာတ်ကွက်ကို မည်ကဲ့သို့ ဖွဲ့ယူသည်ကို ရေးသားပါရစေ။ ဆရာကြီးသည် လူ့အထက်တန်းစားများ၊ အလယ်တန်းစား ပညာတတ်များအဖြစ်မှ ကူးပြောင်းလာခဲ့သည့် ဘဝပြောင်း ပစ္စည်းမဲ့ စာရေးဆရာတယောက် မဟုတ်ဘဲ ရုရှားပစ္စည်းမဲ့လူတန်းစား၏ ရင်ခွင်ထဲ၌ ကြီးထွားခဲ့ရပြီး၊ ရုရှားပဒေသရာဇ်နှင့် အရင်းရှင်စနစ်တို့၏ဒဏ်ကို ပြော၍ မယုံကြည်နိုင်လောက်အောင် အလူးအလိမ့် ခံခဲ့ရပြီး ပေါ်ပေါက်ခဲ့ရသည့် ပစ္စည်းမဲ့ စာရေးဆရာကြီးတဆူ ဖြစ်လာခဲ့ရသူ ဖြစ်၏။ တနည်းအားဖြင့် ရုရှားလူ့ဘောင်ဟောင်း မှန်တိုင်းအတွင်းမှ ဇွတ်အတင်း ကုန်းရုန်းထွက်လာခဲ့ရသည့် စာပေ အာဇာနည် သူရဲကောင်းကြီးတဦး ဖြစ်၏။

သို့တပြီးကား ဆရာကြီးသည် ဤ 'အမေ' ဝတ္ထုကို ဇာတ်အိမ် ဇာတ်ကွက် ဖွဲ့ရာ၌ အခြားစာရေးဆရာတို့ကဲ့သို့ လူထုထဲ တမင်ဆင်းပြီး လေ့လာမနေရတော့ဘဲ သူနှင့် အတူတူနေ၊ အတူတူစား၊ အတူတူ အလုပ်လုပ်ကာ သူနှင့် ဘဝမခြား တသားတည်း၊ တပြားတည်း ဖြစ်ကြသည့် ပစ္စည်းမဲ့လူတန်းစား၏ လှုပ်ရှားမှု၊ တော်လှန်မှုတို့ထဲမှ သူ လိုချင်သည့် ဇာတ်ကွက်၊ ဇာတ်ဆောင်၊ ဇာတ်ရံများကို သဘာဝကျကျနှင့် လွယ်လင့်တကူ ဆွဲယူနိုင်ခဲ့ခြင်း ဖြစ်၏။

ဆရာကြီးသည် ဤ 'အမေ' ဝတ္ထုကို သူ၏ဇာတိချက်ကြွေဖြစ်သည့် နှစ်(၆) နီနော့(ဗ) ဂိုရော့ဒ်မြို့ကို နောက်ခံကားထားပြီး ထိုမြို့မှ ကရက်စ် နိုယေဆော်မိုဗို အလုပ်ရုံကို ဗဟိုပြု၍ ရေးသားခဲ့၏။ သူ၏ ဇာတ်ဆောင်၊ ဇာတ်ရံတို့ကိုလည်း ဤနိုယေဆော်မိုဗို အလုပ်ရုံမှ အလုပ်သမားများနှင့် သူတို့၏အိမ်ထောင်များမှ ဆွဲယူခဲ့၏။ ဤဝတ္ထုထဲမှ အဓိက ဇာတ်ဆောင် တယောက် ဖြစ်သည့် ပါဗယ်ဗလက်ဆော့သည် ထိုအလုပ်ရုံမှ အလုပ်သမား ပါဗယ်ဇာမိုလော့ပင် ဖြစ်၏။ ဇာမိုလော့သည် အလွန်တက်ကြွသည့် အလုပ်သမား ခေါင်းဆောင်တဦး ဖြစ်၏။ သူသည် ဆော်မိုဗို အလုပ်ရုံမှ အလုပ်သမားတို့ကို မေဒေးနေ့ ဆန္ဒပြပွဲတခုတွင် ခေါင်းဆောင်ခဲ့သဖြင့် အဖမ်းခံခဲ့ရပြီး ထောင်ဒဏ် အတော်ကြာ အပေးခံခဲ့ရ၏။

ပါဗယ်၏မိခင် နှစ်လော့(ဗ)နာသည်ကား အမျိုးသမီး

တဦးတယောက်တည်းကို ပုံတူယူထား သည့် ဇာတ်ဆောင် မဟုတ်ပါ။ သူသည် ဇာမိုလော့၏မိခင်နှင့် ကာဒွန် ဆက် ဟူသော အခြားအလုပ်သမားတဦး၏ မိခင်တို့ကို ပေါင်းစပ်ထားသည့် ဇာတ်ဆောင်ဖြစ်ပြီး အမျိုးသမီး အလုပ်သမားများ၏ တော်လှန်ရေးလုပ်ရပ်တို့ဖြင့် ဖြည့်ပေးလိုက်ရာ၊ ဆရာကြီး စိတ်တိုင်းကျ အလွန်ပီပြင် ပြည့်စုံလှသည့် အမျိုးသမီးဇာတ်ဆောင် ဖြစ်လာလေ၏။

နစ်လော့(ဗ)နာကဲ့သို့ပင် ဇာမိုလော့၏မိခင်သည် မယ်သီလရှင်တပါး၏ အဝတ်များကို ဝတ်ကာ ရုပ်ဖျက်၍ နစ်ဇ်နီနော့ဗ်ဂိုရော့ဒ် မြို့လက်ရန်းအတွင်းရှိ ကျေးလက်ဒေသတို့ကို သွားရောက်ကာ တော်လှန်ရေး ကြေညာစာတမ်းနှင့် စာပေများကို ဖြန့်ချီ ခဲ့၏။ ကာဒွန်ဆက်၏ မိခင်ကမူ သူ့သား ထောင်ဒဏ် ခံနေရစဉ်အတွင်း သူ့သားဆီသို့ ဗုံးတလုံးကို တိတ်တဆိတ် ခိုးသွင်းပေးခဲ့၏။ ဤဗုံးနှင့်ပင် ကာဒွန်ဆက်သည် အကျဉ်းထောင် နံရံတပိုင်းကို ပေါက်ခွဲပြီး သက်စွန့်ဆံဖျား စွန့်စားကာ ထွက်ပြေးခဲ့ရ၏။ ဤကဲ့သို့ ဗုံးကို ခိုးသွင်းပေးသည့် ပြစ်မှုနှင့် အခြားနိုင်ငံရေး ပြစ်မှုတို့အတွက် ထိုအမျိုးသမီးကြီးသည် ထောင်နန်း အတော်ကြာ စံခဲ့ရ၏။

ထိုစဉ်က သူတို့၏သားများ၊ သမီးများနှင့် လက်တွဲပြီး ပစ္စည်းမဲ့အလုပ်သမားတို့၏ တော်လှန်ရေး ထဲတွင် ပါဝင်ခဲ့ကြသဖြင့် ထောင်နန်းစံကြရသည့် အလုပ်သမား အမျိုးသမီးများလည်း အများအပြား ရှိကြ၏။

ဆရာကြီး၏ ဝတ္ထုထဲ၌ ဗဟိုပြုခဲ့သည့် ဆော်မို အလုပ်ရုံကြီးသည် ၁၉၄၉ ခုနှစ်က အနှစ်တရာပြည့် အထိမ်းအမှတ်ပွဲကြီးကို ကျင်းပသော်လည်း ဤအလုပ်ရုံမှ အလုပ်သမား တို့သည် သူတို့၏ အလုပ်ရုံကြီးကို အိုမင်းလှပြီ၊ လုပ်အားကျသွားပြီဟု အပြော မခံလိုကြ။ သူတို့စက်ရုံကို အနှစ်တရာ ပြန်ငယ်သွားပြီး အလွန်ရွှင်လန်း နုပျိုနေအောင် ကြိုးစားကြ၏။

တနည်းအားဖြင့် ကုန်လုပ်စွမ်းအားကို ယခင်ကထက်ပို၍ တိုးတက်အောင် ထုတ်ကြ၏။ ဆရာကြီးကိုယ်တိုင်က ကမ္ဘာ့ဂန္ထဝင်တွင် ကျောက်ထက်အက္ခရာ တင်လောက်သည့်၊ တင်လည်း တင်ပေးရမည့် ‘အမေ’ ဝတ္ထုထဲတွင် သူတို့၏အလုပ်ရုံကို ဖော်ထုတ် ချီးကျူးရသည့်အချက်ကို ဂုဏ်ယူသ သောအနေအားဖြင့်လည်းကောင်း၊ သူတို့၏ မိဘ ဘိုးဘွားတို့၏ တော်လှန်ရေး ဂုဏ်သိက္ခာကို ထိန်းသိမ်းသော အနေအားဖြင့်လည်းကောင် သူတို့၏ဖခင် ဆိုဗီယက် ဆိုရှယ်လစ်နိုင်ငံကြီးနှင့် ဖက်ဆစ်နာဇီဂျာမနီတို့ တိုက်ခိုက်ခဲ့ရသော မျိုးချစ်မဟာစစ်ပွဲကြီး အတွင်းက စတာလင်ဂရက် မြို့တော်ကြီးကို ကာကွယ်ထားခဲ့ရသည့် ရှရှား မျိုးချစ် ပြည်ချစ် တပ်နီတော်သားတို့အတွက် မီးရထားလမ်းပေါ်၌ ပြေးဆွဲရသည့် မော်တော်ယာဉ်ပေါင်း တသိန်းကျော်၊ တင့်ကားများ အမြောက်များနှင့် အခြား တပ်နီတော်အတွက် လိုအပ်သည့်

အရေးကြီးသော ကိရိယာပစ္စည်းများစွာကို မနေမနား ကြိုးပမ်းတကုတ် ထုတ်လုပ်ပေးခဲ့ကြ၏။ ထိုကြောင့် ဆိုဗီယက် ဆိုရှယ်လစ်အစိုးရက ဤအလုပ်ရုံမှ အလုပ်သမားတို့အား 'အလုပ်သမား သူရဲကောင်းများ' ဟူသောဘွဲ့ထူး ဖြင့် ချီးကျူးထောပနာ ပြုခဲ့ရ၏။ ဆရာကြီးဂေါ်ကီ ခေတ်က အလုပ်သမားများ ဖြစ်ကြသဖြင့် အသက်အရွယ် ကြီးရင့်ကုန်ကြပြီ ဖြစ်သောကြောင့် အစိုးရ၏ အထောက်အပံ့ဖြင့် အနားယူလျက်ရှိကြသည့် အလုပ်သမားကြီးများကပင် ဤမျိုးချစ်မဟာ စစ်ပွဲအတွင်းက အလုပ်ခွင်သို့ ပြန်ဝင်ကြပြီး သူတို့ကိုယ်တိုင် တိုက်ပွဲဝင်၍ ဝိုင်းဝန်းထူထောင် ကြသော အဖဆိုရှယ်လစ်နိုင်ငံတော် စစ်အောင်နိုင်ရေးအတွက် လုပ်အားပင် ဝင်၍ပေးခဲ့ကြလေ သည်။

ဒုတိယအချက်ကား ဤသို့ ဖြစ်၏။ အချို့ စာပေဝေဖန်ရေးသမားများက ဆရာကြီး ဂေါ်ကီသည် ဤအမေ ဝတ္ထုတွင် အလုပ်သမားတို့၏ သံမဏိခေါင်းဆောင် ပါဗယ်ကို အဓိကဇာတ်ဆောင် မလုပ်ဘဲ ဘဝကို ကြောက်လှသည့် ကြောက်လန့်မှုတို့မှလည်းကောင်း၊ ဘာသာအယူဝါဒရေးရာ ထမ်းပိုးတုံးအောက်မှ လည်းကောင်း ပြင်းပြင်းထန်ထန် ရုန်းကန်း ထွက်လာခဲ့ရသည့် ပါဗယ်၏မိခင် နစ်လော့(ဗ်)နာကိုမှ အဘယ်ကြောင့် အဓိက ဇာတ်ဆောင် လုပ်ထားရသနည်း ဟူ၍ အမျိုးမျိုး ဝေဖန်ပြောဆိုကြ၏။

ဆရာကြီးသည် ထိုစဉ်က နိုးကြားတက်ကြွလျက် ဘဝသစ် ထူထောင်ရေးအတွက် သူတို့အပေါ်တွင် ဖိစီးနှိပ်စက်နေသော စနစ်ဟောင်း စနစ်ယုတ်တို့ကို တော်လှန်ဖြိုဖျက်လျက် ရှိသော အလုပ်သမားတို့ထက် နစ်လော့ဗ်နာကို ပွဲထုတ်ခဲ့သည်မှာ အကြောင်းရှိ၏။

ဆရာကြီးသည် တော်လှန်ရေးတိုက်ပွဲ အကြောင်းမျှလောက်ကိုသာ ရေးလိုက်၊ ဖွဲ့လိုက်လျှင် သူ၏ ဝတ္ထုတခုခုကို ဓာတ်ပုံရိုက်ပြသကဲ့သို့ အသက်မဝင်ဘဲ ခန်းခြောက်သွားမည်ဖြစ်၏။ ၎င်းပြင် ပြည်သူ့စာပေသမားတို့ အမြဲလက်ကိုင်ပြုကြရမည်ဟု သူ အမြဲတစေ ဟောပြောခဲ့သည့် ဆိုရှယ်လစ် ပရမတ္ထသစ္စာ ဟူသော စာပေရေးရာ သဘောတရားကို စွန့်ပယ်ရာလည်း ရောက်ပေမည်။ ဤသဘောတရားအရ ပြည်သူ့စာရေးဆရာ တယောက်သည် ရှိနေ၊ မြင်နေသော အခြေအနေတို့ကို အခြေခံ၍ ပြည်သူလူထုအား သူ၏စာပေဖြင့် ၎င်းတို့ကို ဖိနှိပ်နေသည့် စနစ်ဆိုး၊ စနစ်ယုတ်တို့ကို စက်ဆုပ်ရွံရှာလာအောင် ပြနိုင်ရမည်။ ဤစနစ်ဆိုး၊ စနစ်ယုတ်တို့၏ အဓိကအကြောင်းရင်းတို့ကို ကွင်းကွင်းကွက်ကွက် မြင်လာအောင် ဖော်ထုတ်ပြရမည်။ သူတို့၏စွမ်းပကား မည်မျှ ကြီးမား တောင့်တင်းသည်ကို မြင်အောင် ပြရမည်။ တော်လှန်ရေး၏ အလားအလာကို ညွှန်ပြနိုင်ရမည်။ ၎င်းပြင် တော်လှန်ရေး၏ အောင်ပွဲအတွက် သူတို့အား ပညာပေးနိုင်ရမည်။ စည်းရုံးနိုင်ရမည်။ တိုက်ပွဲအတွက် စစ်စည်

စစ်မောင်းတို့ကို တီးပေးရမည်။ စစ်ခရာတို့ကိုလည်း မှုတ်ပေးရမည် ဖြစ်၏။

ဤဝတ္ထုတွင် ဆရာကြီးသည် ဤသဘောတရားအရ ပြည်သူ့ဘက်တော်သား ပြည်သူလူထု အတွက် တိုက်ပွဲဝင်နေသည့် အမျိုးသမီးတယောက်၏ စိတ်ဓာတ်သည် တော်လှန်ရေး မီးတောက်မီးလျှံများအကြားမှ မည်မျှမြင့်မြတ် မာကျော ပြင်းထန်လာသည်ကို ညွှန်ပြခဲ့၏။ အသိဉာဏ် ဆင်ခြင်တုံတရားနှင့် လူသားစိတ် လုံးဝမရှိဘဲ ဖုတ်သက်ဖြင့်သာ လှုပ်ရှားလျက် ရှိကြသည့် ဇာအစိုးရ၏ စစ်တပ်များ၊ စစ်ပုလိပ်များ၊ စုံထောက်များ၊ တရားရုံးများ၊ အကျဉ်းထောင်များကို ယခင်က အလွန်ကြောက်ခဲ့ပြီး တော်လှန်ရေး လင်းရောင်ခြည်ကို ရလျှင်ရချင်း လူသားအချင်းချင်း ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းရာတွင် အသုံးပြုနေသည့် ဤကိရိယာ တန်ဆာတို့၏ အားအင်ချည့်နဲ့မှု၊ ပျော့ညံ့မှု၊ ယုတ်မာမှုတို့ကို တဖက်မှ ကောင်းကောင်းကြီး သိမြင်နားလည်ပြီး အခြားတဖက်မှလည်း ပြည်သူလူထု၏ အားအင်ကို သိပ်သည်း ခိုင်မာလာအောင် စုစည်းနိုင်လိုက်သည်နှင့် တပြိုင်နက် ဇာအစိုးရကို အကာအကွယ် ပေးနေကြသည့် ဤအထက်ပါ နံရံတံတိုင်းဟောင်းတို့သည် ခြေထောက်နှင့် တချက်မျှ ဆောင့်ကန်လိုက်ရုံနှင့် ဒယိမ်းဒယိုင် ယိုင်လဲပြိုကွဲသွားရမည်ကို အခိုင်အမာ ယုံကြည်လာသည့် နစ်လေဗ်နာ၏စိတ်ဓာတ်သည် ယခင်က အလွန်ဟောင်းနွမ်း သိမ်ဖျင်းလှသည့်အဖြစ်မှ မည်ကဲ့သို့ သစ်လွင် မြင့်မားလာသည်ကိုလည်း လက်ဝါးပေါ်တွင် တင်၍ပြခဲ့၏။ ထိုမျှမက အလုပ်သမား လူတန်းစားသည် အရင်းရှင်တို့ကို တိုက်ရာတွင် သူ၏အဓိက အင်အားစုဖြစ်သည့် တောင်သူလယ်သမား လူတန်းစားကို မည်သို့ မည်ပုံ စည်းရုံးရမည်ကိုလည်း လမ်းညွှန်ခဲ့၏။ ဓနရှင်ပေါက်စ ပညာတတ် လူတန်းစားသည် ပစ္စည်းမဲ့လူတန်းစားနှင့် လက်တွဲပြီး မည်သို့ မည်ပုံ တော်လှန်ရေးကို အလုပ်အကျွေးပြုနိုင်သည်ကိုလည်း ဖော်ထုတ်ခဲ့၏။ တဖက်မှ ဤအချက်ကို ဖော်ထုတ်ပြီး အခြားတဖက်မှလည်း လယ်သမားလူတန်းစားနှင့် ဓနရှင်ပေါက်စ ပညာတတ်တို့ ၏ ညည်ဆိုးများ၊ ပျော့ကွက်များကိုလည်း မသိမသာ ဖော်ထုတ်၍ တိုက်ချွတ်ပေးခဲ့ပြန်၏။ ဤသည်တို့ကား ဆရာကြီး၏ 'အမေ' ဝတ္ထုထဲမှ ရသနှင့် ဂုဏ်မြောက်မှုတို့ကို ကျဉ်းချုံး၍ ဖော်ပြခြင်း ဖြစ်ပါသည်။

ထိုမျှမကသေး၊ ရုရှား စာပေသမိုင်းတွင် ဆရာကြီး စာပေနယ်ထဲသို့ မရောက်မီ ကျော်ကြား ထင်ရှားခဲ့ကြပြီး စာပေလောက၌ ဩဇာတိက္ကမ ကြီးမားခဲ့ကြသည့် ဒေါ့တို ယက်ဗ်စကီးနှင့် တော်လ်စတွိုင်းတို့၏ အရှိန်အဝါကို ဆရာကြီးသည် သူ၏ဆိုရှယ်လစ် စာပေသဘောတရားဖြင့် မည်ကဲ့သို့ ဖြိုခွင်းခဲ့ကြောင်းကို 'အမေ' ဝတ္ထုကို စံချိန်ထား၍ အနည်းငယ် ဖော်ပြလိုပါသေးသည်။

ဒေါ့တိုယက်ဗ်စကီသည် တော်လှန်ရေးတိုက်ပွဲကြောင့် ပြည်သူလူထုသည် တဦးအပေါ်တဦး ပို၍ ရန်မူကြပြီး ပို၍ အကြင်နာမဲ့ကာ၊ ပို၍ ရက်စက်ကြမ်းကြုတ်လာမည်ကို ကြောက်၏။ လူသား၏ အနှစ်သာရကို ကောင်းစွာသိပြီး လူသားကို အရာရာ တီထွင် ဖန်တီးနိုင်စွမ်း ရှိသည့် ဘုရားသခင်အဖြစ် မြင်ထားသော ဆရာကြီးဂေါ်ကီကမူ တော်လှန်ရေးမီးပြင်း တိုက်ပေးမှသာ လူသားသည် လူမဆန်သည့် အမူအကျင့်များနှင့် အတ္တဝါဒများမှ ကင်းစင်ပပျောက်နိုင်သည်ကို ပြခဲ့၏။ ဤသို့မြင်သည်မှာလည်း ဆရာကြီးသည် စနစ်ဆိုး စနစ်ယုတ်တို့ကြောင့် လူသားသည် မယုတ်မာချင်ဘဲ ယုတ်မာ၊ မရက်စက်ချင်ဘဲ ရက်စက်၊ မကြမ်းတမ်းချင်ဘဲ ကြမ်းတမ်း၊ မရိုင်းစိုင်းချင်ဘဲ ရိုင်းစိုင်းပြီး အတ္တမဆန်ချင်ဘဲနှင့် ဆန်နေကြရသည်ကို သူ၏ ခက်ထန် ကြမ်းတမ်းလှသည့် ဘဝက သူ့ကို သင်ပြထားခြင်းကြောင့် ဖြစ်၏။ တဖန် တော်လ်စတွိုင်းက ရုရှားပြည်သူလူထုတို့အား ထာဝရ ဘုရားသခင်၏ ဒေသနာတော်ဖြင့် ကိုယ့်စိတ်ကို စင်ကြယ်အောင် ဆေးကြောခြင်း၊ နိုင်ငံရေးလုပ်ငန်းတို့ကို ရှောင်ကြဉ်ခြင်း၊ ဖိစီးနှိပ်စက်မှုတို့ကို အကြမ်းနည်းမဖက်ဘဲ မေတ္တာဝါဒ အနုနည်းသက်သက်ဖြင့် တွန်းလှန်ခြင်း စသည့် ကျင့်စဉ်တို့ဖြင့် သူတို့၏ အငတ်ငတ် အပြတ်ပြတ် လူချင်းမတူ သူချင်းမမျှသည့် ဘဝမှ လွတ်မြောက်အောင် ရုန်းကန်ရမည်ဟု ညွှန်ပြခဲ့၏။ သို့သော် ဆရာကြီးဂေါ်ကီကမူ တော်လှန်ရေး တိုက်ပွဲများတွင် ပါဝင် ဆင်နွှဲနေရာမှ အမေက…

“သင်းတို့တတွေက ငါ့ရဲ့ရှင်သန် တက်ကြွနေတဲ့ စိတ်ဓာတ်ကို ဘယ်တော့မှ မသတ်နိုင်ဘူး” ဟု အော်ဝံ့၊ ကြုံးဝါးဝံ့သည်အထိ စိတ်အားထက်သန် မာကျော တောင့်တင်းလာသည်ကို ပြခဲ့၏။ ဤစကားတို့ဖြင့် မိမိခွန်အားကို မိမိ မည်မျှကြီးမားကြောင်း မသိဘဲ ဇာအစိုးရနှင့် အရင်းရှင်တို့၏ သံခွာအောက်တွင် ပြားပြားဝပ်နေကြရသည့် ရုရှားပြည်သူလူထုကို တပ်လှန့်၍ နှိုးခဲ့၏။ တော်လှန်ရေး လင်းရောင်ခြည် ထိုးပေးခဲ့၏။ သို့ တပ်လှန့်ခဲ့၊ လင်းရောင်ခြည် ထိုးခဲ့သဖြင့် ဆရာကြီးသည် မကြာခဏ ထောင်နန်းစံခဲ့ရ၏။ ထွက်ပြေး တိမ်းရှောင်ခဲ့ရ၏။

ဤဝတ္ထုကို အခန်းဆက်ဖြင့် မဂ္ဂဇင်းတစောင်ထဲ၌ ထည့်ခဲ့ရာ ပထမပိုင်း ရိုက်နှိပ်သည့် မဂ္ဂဇင်းတိုက်ကို ဇာအစိုးရက သိမ်း၍ ဖျက်ဆီးခဲ့၏။ ဒုတိယပိုင်းကိုမူ ဖြတ်တောက်ပစ်ရာ တခါတရံ အခန်းလိုက်ပင် ပြုတ်ခဲ့ရ၏။ ရုရှားပြည်အတွင်း လျှို့ဝှက်၍ ရိုက်နှိပ်ထုတ်ဝေသည့် စာအုပ်များနှင့် နိုင်ငံခြားတွင် ဘာသာပြန်၍ ထုတ်ဝေခဲ့သည့် စာအုပ်များမှအပ ရုရှားပြည်တွင် ဤဝတ္ထုကို နှစ်ပေါင်းအတော်ကြာ ပြည့်ပြည့်စုံစုံ မဖတ်ခဲ့ရချေ။ ‘အမေ’ သည် ဇာအစိုးရအား ဤမျှ ဒူးတုန်အောင် ခြိမ်းခြောက်နိုင်ခဲ့သည့်၊ တနည်းအားဖြင့် ဆိုရှယ်လစ်တော်လှန်ရေးအတွက် ဤမျှထက်မြက်သည့် လက်နက်တဆူ ဖြစ်ခဲ့လေသည်။

ဤနည်းဖြင့် ဆရာကြီးသည် ရုရှားစာပေသာမက ကမ္ဘာ့စာပေသမိုင်း၌ပါ သူ၏ 'အမေ' ဝတ္ထုဖြင့် တစ်ကဏ္ဍဖွင့်ခဲ့၏။

ထို့ကြောင့်လည်း ဤဝတ္ထုကို ဘာသာပေါင်း ၄၂ ဘာသာနှင့် အကြိမ်ပေါင်း ၂၆ ကြိမ်ကျော် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်မှာ အံ့ဩစရာ မဟုတ်ချေ။ အမှန်အားဖြင့် 'အမေ' ဝတ္ထုသည် အဖိနှိပ် အညှဉ်းဆဲခံ လူသားအားလုံးအတွက် သမ္မာကျမ်းစာ ဖြစ်သည်။

တတိယအချက်အနေနှင့် ဤစာအုပ်ကို ဘာသာပြန်ဆိုရာ၌ တွေ့ကြုံရသည့် အခက်အခဲတို့ကို တင်ပြလိုပါသည်။ ဘာသာပြန်ဆိုသူသည် ရုရှားစာကို တလုံးတပါဒမျှ တတ်သူ မဟုတ်သဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည့်စာအုပ်ကို ပြန်ဆိုရခြင်းဖြစ်ရာ တဆင့်ခံ ဘာသာပြန် ဖြစ်နေရပါသည်။ လက်တွေ့ ပြန်ဆိုရာ၌လည်း ပထမပိုင်းတွင် အခက်အခဲ နည်းသလောက် ဒုတိယပိုင်း၌ အခက်အခဲ များနေသည်ကို တွေ့နေရပါသည်။ ဤအပိုင်း၌ အဘိဓမ္မာရေးရာ၊ စိတ္တဗေဒရေးရာ အသုံးအနှုန်း အရေးအဖွဲ့များ ပါနေ၏။ ဤကဲ့သို့ အခက်အခဲများနှင့် တွေ့ရသည့် အခါ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသည့် စာမူ နှစ်ခုကို တခုနှင့်တခု တိုက်ကြည့်ရာ၊ ၎င်းတို့ချင်းလည်း မတူဘဲ ကွဲပြားနေသည်ကို တွေ့ရပြန်၏။ ဤစာမူနှစ်ခုအနက် တခုမှာ မော်စကိုမြို့ နိုင်ငံခြားစာပေ ဖြန့်ချိရေးဌာနမှ ထုတ်ဝေသည့်စာမူဖြစ်၍ အခြားတခုမှာမူ အိန္ဒိယပြည် ဂျိုက်ကိုစာပေတိုက်မှ ထုတ်ဝေသည့် စာမူ ဖြစ်၏။ သို့ဖြစ်၍ မည်သည့်စာမူက မှန်သည် မှားသည်ကို သိရန် မူရင်း ရုရှားဘာသာနှင့် ရိုက်နှိပ်ထားသည့်စာမူနှင့် တိုက်ကြည့်ရန် ဆိုဗီယက်သံရုံး ယဉ်ကျေးမှုဌာန ပထမအတွင်းဝန် မစ္စတာကစ်ရှားပ်ထံသို့ ပြေးရပြန်ပါသည်။

ဤကဲ့သို့ ကြိုးပမ်းရပြီး နောက်ဆုံး၌ မော်စကိုမြို့ နိုင်ငံခြားစာပေ ဖြန့်ချိရေးဌာနမှ ရိုက်နှိပ်သည့်စာမူကို မူမှန်ထားပြီး ဘာသာပြန်ဆိုခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ဗမာ့ခေတ်ပြောင်း တော်လှန်ရေးတွင် အဓိကအခန်းမှ ပါဝင်ဆောင်ရွက် ကြရမည့် ဗမာ့လူ့ဘောင်သစ်၏ ဗိသုကာများ ဖြစ်ကြရမည့် ဗမာပြည်သူလူထုအပေါ်နှင့် မူရင်းစာရေးဆရာ ဖြစ်သည့် ဆရာကြီးဂေါ်ကီတို့အပေါ်၌ ကျောက်တိုင်ကဲ့သို့ မယိမ်းမယိုင် ကြွခိုင်လှသည့် သစ္စာတရားဖြင့် ပြန်ဆိုထားသည်ကိုမူ ရဲရဲကြီး အာမခံဝံ့ ပါသည်။ ထို့ပြင်မက အထက်တွင် ဖော်ပြခဲ့သည့် ခက်ခဲသော အကြောင်းအချက်တို့ကိုလည်း စာဖတ်သူတို့အဖို့ ရှင်းလင်းနားလည်သွားအောင် တတ်နိုင်သမျှ ကြိုးပမ်းထားပါသည်။ သို့ ကြိုးပမ်းထားချက် ကြောင့် ဆရာကြီးဂေါ်ကီ၏ မူရင်းစာပေကို မမီနိုင်စေကာမူ သူရေးသားလိုသည့် အခြေခံ သဘောထားနှင့် ရည်ရွယ်ချက်တို့ကိုမူ စာဖတ်သူ့ စိတ်ထဲ၌ ကောင်းစွာ ငုံမိနိုင်လိမ့်မည်ဟု

ယုံကြည်ထားပါသည်။

နောက်ဆုံး၌ တိုင်းပြည်တပြည်အတွင်း တိုးတက်သည့် သစ်လွင်သာယာ ငြိမ်းချမ်းစိုပြည်သည့် စနစ်သစ်တရပ်ကို ထူထောင်တည်ဆောက်ရာတွင် စနစ်ဟောင်း၊ စနစ်ယုတ်တို့ကို တွယ်ဖက်၍ အကာအကွယ် ပေးနေကြပြီး လူသားအချင်းချင်း လူမဆန်ဘဲ၊ လူကို လူလို သဘောမထားဘဲ ခြယ်လှယ် ဖိစီးနှိပ်စက်ကာ စည်းစိမ်အမျိုးမျိုးကို ခံစားနေကြသူတို့၏ အင်အားသည် မည်သည့်ခေတ်၊ မည်သည့်ကာလမှာပဲဖြစ်ဖြစ် တကယ့်အင်အား၊ တကယ့်စွမ်းပကား မဟုတ်ဘဲ ပြည်သူလူထုက မှန်ကန်မွန်မြတ်လှသည့် တော်လှန်သော သစ္စာတရားကို လက်ကိုင်ထားပြီး တညီတည်း တညွတ်တည်း ရုန်းကန် တွန်းလှန်ပစ်လိုက်လျှင် အခြေမခိုင်ဘဲ ယိမ်းယိုင်နေသည့် အိမ်အိုအိမ်ဆွေးကြီးကဲ့သို့ ပြည်သူလူထု၏ တော်လှန်ရေးမုန်တိုင်းအောက်တွင် ပြား၍သွားရမည် ဟူသော တော်လှန်သော ဝိဇ္ဇာတရားသည် စာဖတ်သူ၏ စိတ်ထဲ၌ ပေါ်လာပြီး အမြဲတမ်း ထွန်းတောက်သွားမည်ဆိုလျှင် ဘာသာပြန်ဆိုသူသည် ‘ဇိတံ-မေ’ ‘ဇိတံ-မေ’ ဟူ၍ လက်သီး လက်မောင်းတန်းကာ ဥဒါန်းကျူးလိုက်ရုံသာ ရှိပါတော့သည်။

တောင်တွင်း ကိုကိုကြီး

၁၈၊ ၁၊ ၇၃

ပထမပိုင်း

အခန်း တစ်

မှိုင်းများ ထူထပ်၍ ဆီချေးနံ့ သက်နေသော လေထုသည် အလုပ်သမားတို့ နေထိုင်ရာ ရပ်ကွက်ကို ဖုံးအုပ်လျက်ရှိ၏။ နေ့စဉ် စက်ရုံမှ ဥသြသံသည် ညှိုလေထုအတွင်း၌ ကျယ်လောင် တုန်ယင်စွာ မြည်ဟည်းလေ့ရှိ၏။ ဥသြသံကြားလိုက်လျှင် တနေကုန် တနေခန်း အလုပ်ခွင်၌ ကုန်ခန်းခဲ့ရသော အားအင်တို့ကို ပြည့်အောင်ပင် မအိပ်လိုက်ရသေးသည့် အလုပ်သမားတို့သည် သုန်သုန်မှုန်မှုန်ဖြင့် သူတို့၏ ညစ်ထည်းထည်းအိမ်များမှ ထွက်လာကြ၏။ တစုံတခုကို ကြောက်ရွံ့ ထိတ်လန့်၍ မိမိတို့ ခိုအောင်းရာ ချောင်ကြိုချောင်ကြားတို့မှ ထွက်လာကြသည့် ပိုးဟပ်များသဖွယ် သုတ်သီးသုတ်ပျာနိုင်လှ၏။ အအေးထု၊ အမှောင်ထုအတွင်းမှဖြတ်၍ စက်ရုံဝင်းအတွင်းမှ ကျောက်များဖြင့် ဆောက်လုပ်ထားကြသည့် မြင့်မားသော အခန်းများဆီသို့ ရှေးရှုလျက်ရှိကြ၏။ သူတို့ လျှောက်လာကြသည့် လမ်းပေါ်သို့ စက်ရုံမှ မှိုင်းများတက်နေသည့် မီးအိမ်များမှ မီးရောင်သည် ဝိုးတိုးဝါးတား ထိုးကျနေ၏။ သူတို့၏ ခြေထောက်များအောက်၌ ရွှံ့များသည် တစွက်စွက် မြည်လျက်ရှိ၏။ သူတို့သည် ကြမ်းတမ်းသော လေသံများနှင့် အိပ်မှုန်စုံမွှား အော်ဟစ်နေကြရာ သူတို့၏ ကျိန်သံဆဲသံတို့ဖြင့် သောသောညံနေတော့၏။ စက်ရုံမှ လေးလံသော စက်သံနှင့် ရေနွေးငွေ့သံတို့ကား သူတို့ကို ဆီးကြိုနေကြ၏။ မြင့်မား၍ မည်းနက်သော စက်ရုံခေါင်းတိုင်ကြီးများသည် အထက်ပါ အလုပ်သမားများ ပျော်စံရာ ရပ်ကွက်ပေါ်မှ ကောင်းကင်ဆီသို့ ငွားငွားစွင့်စွင့် ထိုးတက်လျက် ရှိကြ၏။

အိမ်ပြတင်းပေါက်များပေါ်သို့ ထိုးကျနေသော ညနေချမ်း နေရောင်ခြည်သည် မှေးမှိန်စ ပြုလာသောအခါ အလုပ်သမားများသည်လည်း စက်ရုံဝင်းအတွင်းမှ ထွက်လာကြပြန်၏။ ဤအချိန်၌ သူတို့၏ပုံပန်းသည် စက်ရုံအစာအိမ်အတွင်းမှ စွန့်ထုတ်ပစ်လိုက်သည့် အညစ်အကြေးများနှင့် တူလှ၏။ နံနက်စောစောက စက်ရုံသို့သွားသည့် လမ်းပေါ်သို့ပင် တဖန် ပြန်တက်ကြပြန်၏။ သူတို့၏ မျက်နှာများကား ဆီချေး၊ အိုးမဲတို့ဖြင့် လိမ်းကျံ ညစ်ထေးလျက် ရှိကြ၏။ ထိုမည်းနက်နေသည့် မျက်နှာများမှ ဖြူဖွေးသည့် သွားများသည် သူတို့ ပြုံးလိုက် ရယ်လိုက်တိုင်း ပေါ်လာကြ၏။ သူတို့ကိုယ်များကမူ စေးကပ်သည့် စက်ဆီနံ့များ ထွက်လာကြ၏။ တနေ့တာ လုပ်ငန်းဆောင်တာများ ပြီးကြပြီဖြစ်၍ အိမ်ပြန်ရောက်လျှင် ညစာစားကာ အပန်းဖြေကြရတော့မည် ဖြစ်သဖြင့် မနက်စောစောကနှင့် မတူ၊ ပျော်ပျော်ရွှင်ရွှင် စကားများဖောင်လျက် ရှိကြလေသည်။

နေ့ကို စက်ရုံက မျိုဝါးလိုက်ပြီး အလုပ်သမားတို့၏ ခွန်အားတို့ကို စက်ရုံအတွင်းရှိ စက်ယန္တရား များကပင် စုပ်ယူလိုက်ချေပြီ။ တနေ့တာကား ဘာတခုမျှ အစအန မကျန်ရစ်တော့ဘဲ ကုန်ဆုံးခဲ့ရချေပြီ။ အလုပ်သမားတို့သည် သင်္ချိုင်းဆီသို့ တနေ့ပို၍ ခရီးပေါက်ခဲ့ချေလေပြီ။ သို့လျက်နှင့်ပင် သူတို့သည် အနားယူရတော့မည့်အရေးနှင့် ဆေးလိပ်ခိုး၊ ဆေးလိပ်ငွေ့တို့ဖြင့် ပြည့်နှက်လျက်ရှိသော အရက်ဆိုင်ကို မျှော်မှန်းလျက် စိတ်အချမ်းမြေ့ကြီး ချမ်းမြေ့လျက် ရှိကြ၏။ သူတို့ကား ကိုယ့်ဘဝနှင့်ကိုယ် ကျေနပ်နေကြလေသည်။

စနေ၊ တနင်္ဂနွေနေ့များ၌ သူတို့သည် နံနက် ၁၀ နာရီထိ အိပ်ကြ၍ အရိုအသေခံ လူကြီးလူကောင်းတို့သည် လူငယ်များအား ဘာသာရေးကို ကိုင်းရှိုင်းမှု မရှိဟု ကြိမ်းမောင်း မာန်မဲကာ ဝတ်ကောင်းစားလှတို့ကို ဝတ်ဆင်လျက် ဘုရားရှိခိုးကျောင်းသို့ သွားကြ၏။ ဘုရားဝတ်တက်ကြပြီးနောက် အိမ်သို့ပြန်လာကြ၏။ ထိုနောက် သားငါးသွတ်ထားသည့် မုန့်များကို စားကြ၍ ညနေအထိ အိပ်ကြပြန်သည်။

ဤကဲ့သို့ နှစ်ကာလရှည်လျားစွာ ပင်ပင်ပန်းပန်း နွမ်းနွမ်းရိရိနှင့် အလုပ်လုပ်ကြရသဖြင့် အစားအစာတို့ကို မစားချင်၊ မသောက်ချင်ဖြစ်ကာ ခံတွင်းပျက်လာကြသောအခါ ခံတွင်း လိုက်အောင် အရက်ကို သောက်ကြ၏။ သို့ဖြင့် ဗော်ဒကာအရက်၏ ပူလောင်လှသည့် အစွမ်းသတ္တိဖြင့် သူတို့၏ ပျက်နေသော ခံတွင်းများသည် တဖန် ပြန်ကောင်းလာကြရ၏။

ညနေချမ်းအခါများ၌ လမ်းလျှောက်ကြ၏။ မိုးခံဖိနပ် လည်ရှည်ကြီးများကို ဝတ်နိုင်၊ စီးနိုင်သူ တို့သည် မိုးခြောက်ခြောက်၌ လမ်းလျှောက်ကြရသည့်တိုင်အောင် ထိုဖိနပ်ကြီးများကို စီးကြ၍ ထီးဝယ်ဆောင်နိုင်သူများကလည်း မိုးရိပ်မိုးခြည် မရှိဘဲ ထီးများကို ကိုင်ကာ လမ်းလျှောက်ကြ လေသည်။

မိတ်ဆွေအချင်းချင်း တွေ့ကြလျှင် အလုပ်ရုံအကြောင်း၊ စက်များအကြောင်းနှင့် သူတို့၏ ဦးစီးခေါင်းကိုင် အလုပ်သမားများအကြောင်းကိုသာ ပြောကြ၏။ သူတို့သည် သူတို့လုပ်ငန်းနှင့် မပတ်သက်သည့် အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဘယ်တော့မျှလည်း မတွေးခဲ့။ စကားစပ်၍လည်း မပြောကြချေ။ ဤကဲ့သို့ ထုံထိုင်းငြီးငွေ့ဖွယ်ရာ ဘဝအတွင်းမှာပင် ရံဖန်ရံခါ အတွေးသစ်ကလေး များသည် သူတို့၏ ဦးခေါင်းများအတွင်းသို့ လျှပ်ပြက်လိုက်သကဲ့သို့ ပြိုးပြိုးပြက်ပြက် ဝင်ဝင်လာကြသေး၏။ ယောကျ်ားများသည် အလုပ်ခွင်မှ အိမ်သို့ပြန်လာလျှင် သူတို့၏ အိမ်သူဇနီးတို့အား ဆဲရေး ဆူပူကြ၏။ မကြာခဏလည်း ရိုက်ကြနှက်ကြ၏။ လူငယ်များကား အရက်ဆိုင်များ သို့မဟုတ် သူတို့၏ အပေါင်းအသင်းများ အိမ်သို့ သွားကြ၍ အကော်ဒီယံတို့ကို တီးကြ၏။ ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်း သီချင်းတို့ကို သီဆိုကြ၏။ ကကြခုန်ကြ၏။ တယောက်နှင့်

တယောက်လည်း ကျိန်ကြ ဆဲကြ၏။ မူးလည်း မူးကြ၏။ အလုပ်ကြမ်း လုပ်ကြရသဖြင့် ပင်ပန်းနွမ်းရိနေကြရာ အရက်သောက်လျှင် မူးလွယ်ယစ်လွယ်ကြ၏။ မည်သည့်ကိစ္စ၊ မည်သည့်အရေးအခင်းကြောင့် ဖြစ်ရသည်ဟူ၍ အကြောင်းယုတ္တိ တတ်တတ်တူတူ မပြနိုင်သည့် ဒေါသအမျက်သည် သူတို့၏ရင်တွင်း၌ ကိန်းဝပ်လျက်ရှိရာ၊ ဤအမျက်ဒေါသသည် ထွက်ပေါက်ကို ရှာလျက်ရှိ၏။ ထို့ကြောင့် တဦးနှင့်တဦး၊ တယောက်နှင့် တယောက် အချင်းချင်း တိရစ္ဆာန်များသဖွယ် ရက်ရက်စက်စက် သတ်ကြ ဖြတ်ကြရန် အကွက်ကောင်းကိုသာ စောင့်မျှော်နေကြ၏။ ဤနည်းဖြင့် သွေးထွက်သံယို ဖြစ်ကြရ၏။ တခါတရံ သေကြ ကျေကြရလေသည်။

သူတို့သည် လူသားအချင်းချင်း ဆက်ဆံရာ၌ ရန်ငြိုးသိုသည့် စိတ်ထားနှင့် ဆက်ဆံတတ်ကြ၏။ ဤစိတ်ထားသည် သူတို့နှလုံးအိမ်ထဲ၌ မည်သည့်အချိန်၊ မည်သည့်ကာလမှစ၍ ကိန်းဝပ်ခဲ့သည် ကား မသိချေ။ သူတို့သည် ဤညစ်ညမ်းသည့်စိတ်ထားကို သူတို့၏ မိဘဘိုးဘွားများထံမှ အမွေဆက်ခံခဲ့ကြရာ၊ ဤစိတ်ထားသည် သေသည်အထိ သူတို့၏နှလုံးအိမ်ထဲ၌ အမြဲတမ်း ကိန်းဝပ်နေ၍ အမြော်အမြင် ကင်းမဲ့လှသည့် ရက်စက် ကြမ်းကြုတ်မှုတို့ကိုပင် ကျူးလွန်ခဲ့ကြ လေသည်။

တနင်္ဂနွေနေ့များ၌ လူငယ်တို့သည် အဝတ်အစား ပြဲသူကပြဲ၊ ရွှံ့ညွန်များ လူးသူကလူး၊ နှာခေါင်းသွေး ထွက်သူကထွက်၊ မျက်ကွင်းများ ညိုသူကညိုနှင့် ညဉ့်အတော်နက်မှ ပြန်လာတတ်ကြ၏။ တခါတခါ သူတို့၏ အပေါင်းအသင်း ရောင်းရင်းတို့ကို သူတို့က ရိုက်ခဲ့၊ နှက်ခဲ့၊ ထိုးခဲ့၊ ကြိတ်ခဲ့ကြသည်ကို ပက်ပက်စက်စက် စားမြုံ့ပြန်နေတတ်ကြ၏။ တခါတခါ၌ လည်း သူတို့တတွေအား ရန်စလိုက်သည်ကို မကျေနိုင်၊ မချမ်းနိုင်၊ ဟာစ်အော် ဆူပူနေကြပြန်၏။ သူတို့တတွေကား မူးနေကြ၏။ သနားစရာလည်း ကောင်း၏။ ဆင်းရဲဒုက္ခလည်း ရောက်နေကြ ၏။ မုန်းလည်း မုန်းတီးစရာကောင်း၏။ မကြာခဏ အမိအဖတို့သည် သူတို့၏သားများကို အိမ်ဝင်းထရံရိပ်များ သို့မဟုတ် အရက်ဆိုင်များ၌ လူမှန်းသူမှန်း မသိအောင် မူးယစ်ပြီး လေးဖက်ပစ်ကာ လဲနေကြသည်ကို တွေ့ကြရသည်။

ထိုကဲ့သို့သောအခါများတွင် သူတို့သည် အရက်နံ့ တထောင်းထောင်းထနေသည့် သူတို့၏ သားများကို ထုကြရိုက်ကြ၏။ ရန့်ရင်းကြမ်းတမ်းစွာ ကျိန်ဆဲကြ၏။ အိမ်သို့ ခေါ်လာပြီး အတင်းသိပ်ကြ၏။ သို့ရာတွင် လူငယ်များကား နံနက်စောစော စက်ရုံ ဥဩမှုတ်လိုက်လျှင် မလင်းတလင်း အရုဏ်ရောင်အတွင်း၌ စီတန်း၍ ထွက်လာကြပြလေသည်။

မိဘများသည် သူတို့၏ ကလေးငယ်များကို အညှာအတာမရှိ ရိုက်ကြနှက်ကြ၏။ သို့ရာတွင် လူငယ်များ တယောက်နှင့်တယောက် သတ်ကြ၊

ပုတ်ကြ၊ သောက်ကြ၊ မူးကြခြင်းကား ထူးဆန်းသည့် အရေးကိစ္စများ မဟုတ်တော့ပြီ။ နေ့စဉ်လုပ်နေကျ လုပ်ငန်းများဖြစ်၍ ရိုးနေပေပြီ။ ဤလူငယ်တို့၏ဖခင်များလည်း ငယ်ရာက ကြီးလာကြရသည့်အလျောက် သူတို့ခေတ်၊ သူတို့အခါကလည်း ဤကဲ့သို့ပင် သောက်ကြ၊ စားကြ၊ မူးကြ၊ ယစ်ကြ၊ သတ်ကြ၊ ပုတ်ကြသဖြင့် သူတို့၏မိဘများ၏ အရိုက်အနှက်တို့ကို ခံခဲ့ကြရ၏။ ခေတ်အဆက်ဆက်မှ သူတို့၏ဘဝကား ဘာမျှ ပြောင်းလဲမှု၊ ထူးခြားမှု မရှိ၊ ဘဝရေစီးကြောင်းကား တနှစ်ကုန်၍ တနှစ်ဆန်းသော်လည်း ဆန်းမလာ၊ သစ်မလာချေ။ ရွှံ့ညွန်ထူပြောလှသည့် ချောင်းကြီးသဖွယ် တအိအိနှင့် တရွေ့ရွေ့ စီးဆင်းလျက်သာ နေတော့၏။ အရေးကိစ္စ ဟူသမျှသည် ရိုးတွင်းခြင်ဆီသို့ ခိုက်အောင် စွဲနေကြသည့် သမားရိုးကျ တွေးခေါ်ပုံ တွေးခေါ်နည်းတို့အရ၊ တခုနှင့်တခု ဆက်စပ်လျက် ရှိကြ၏။ တနေ့ဝင်၍ တမိုးသောက်သော်လည်း သူတို့၏ အလုပ်ကား ထူးခြားသည် မရှိ၊ မပြောင်းသည်မရှိ၊ အဖလက်ထက်လည်း ဤအလုပ်၊ သားခေတ် ရောက်ပြန်တော့လည်း ဤအလုပ်ကိုပင် အဖန်တလဲလဲ လုပ်ကိုင်နေကြရလေသည်။

တခါတခါ အလုပ်သမားများ ပျော်စံရာ ဤရပ်ကွက်အတွင်းသို့ အခြားဒေသများမှ လူသစ်များ အလုပ်လုပ်ရန် လာရောက်နေထိုင်ကြ၏။ ပထမ၌ အလုပ်သမားများသည် ဤလူသစ်များ အပေါ်၌ ဩ့သည်များဖြစ်သည်ဟူသော သဘောထားနှင့် အာရုံ ညွတ်မိကြ၏။ ထိုနောက် ဤလူသစ်များ ယခင်က နေထိုင်လုပ်ကိုင်ခဲ့ဖူးကြသည့် နယ်မြေဒေသများအကြောင်းကို ကြားကြသောအခါ တကယ်တမ်း စိတ်ပါဝင်စားမှု မရှိကြတော့ဘဲ “အင်း၊ ဟုတ်ကဲ့” စသည့် စကားတို့ဖြင့် ခေါင်းညိတ်ရုံသာ ညိတ်ကြတော့၏။ များမကြာမီ ဤလူသစ်များ ပြောကြ ဆိုကြသည့် စကားတို့တွင် အသစ်အဆန်းဟူ၍ မရှိတော့ဘဲ ၎င်းတို့ပြောကြသော အကြောင်းခြင်းရာများသည် ရိုးလာကြ၍ အိမ်ခံအလုပ်သမားတို့က အရေးဂရုမစိုက်ကြတော့ချေ။

ဤလူသစ်များ ပြောကြ၊ ဆိုကြသည့် စကားတို့ကို ထောက်လျှင် နယ်မြေဒေသချင်း ကွဲပြားခြားသော်လည်း အလုပ်သမားတို့၏ဘဝကား တနေရာနှင့် တနေရာ အတူတူပင် ဖြစ်နေ၏။ ဤကဲ့သို့ဖြစ်ရာ၊ လူသစ် အလုပ်သမားတို့အတွက် လူဟောင်း အလုပ်သမားတို့ စိတ်ပါဝင်စားဖွယ်ရာ ကောင်းလောက်အောင် ဘာမျှ အသစ်အဆန်းဟူ၍ ပြောစရာ မရှိကြတော့ပြီ။

သို့သော် အချို့လူသစ်အလုပ်သမားများ ပြောကြားသည့်စကားတို့ကား လူဟောင်းအလုပ်သမား တို့အတွက် အသစ်အဆန်း ဖြစ်နေ၏။ ဤကဲ့သို့သော စကားများကို ကြားကြရသည့်အခါများ၌ မည်သူကမျှ အတိုက်အခံ အငြင်းအခုံ မလုပ်ဘဲ မယုံသည့် သဘောလောက်ဖြင့်သာ နားထောင် နေတတ်ကြ၏။

ဤစကားများကြောင့် အချို့က ဒေါသထွက်မိကြ၏။ အချို့က မည်သည့် အရေးကိစ္စကြောင့်ဟူ၍ မပြောတတ်ဘဲ ကြောက်လန့် တုန်လှုပ်မိကြ၏။ အချို့ကမူ သူတို့၏ ဘဝအတွက် ဝိုးတိုးဝါးတား မျှော်လင့်ချက် ထားမိကြ၏။ ဤကဲ့သို့သောအခါများ၌ ကြောက်လန့် တုန်လှုပ်မှုများ ပြေပျောက်စေရန် အရက်ကို ပို၍ သောက်တတ်ကြရာ၊ သူတို့၏ဘဝသည် ပို၍ ရှုပ်ထွေးလာလေတော့သည်။

လူဟောင်းအလုပ်သမားများသည် လူသစ်အလုပ်သမားများထဲမှ တစုံတယောက်သောသူအား သူတို့နှင့် မတူဘဲ တစုံတခု ကွဲပြားခြားနားနေသည်ကိုတွေ့လျှင် မနှစ်မြို့ကြပေ။ သူတို့သည် သူတို့နှင့် အနေအထိုင်၊ အမူအကျင့်၊ အတွေးအခေါ် အပြောအဆို မတူသူ တဦးတယောက်ကို တွေ့လျှင် အရောတဝင် ဆက်ဆံခြင်း မပြုကြတော့ဘဲ သတိထား၍ ပြောဆို ပြုမူတတ်ကြ၏။ သူတို့သည် ငြီးငွေ့ဖွယ်ရာ သူတို့၏ဘဝ ကပြောင်းကပြန် ဖြစ်သွားမည်ကိုပင် ကြောက်ရွံ့ တုန်လှုပ်မိကြ၏။ သူတို့၏ဘဝကား ခက်ခဲကျပ်တည်းလှသည် မှန်၏။ သို့ရာတွင် ဘာတခုမျှ လှုပ်လှုပ်ရွရွမရှိ အလွန်ငြိမ်သက်၏။ သူတို့သည် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် ဘဝ၏ဒဏ်ကို ဤအတိုင်းပင် ခံလာခဲ့ကြ၏။ ၎င်းပြင် ဘဝ၏ ဤဖိစီးမှုမှ လွတ်မြောက်ရန် မျှော်လင့်ချက်ဟူ၍ လုံးဝ မရှိရကား တစုံတခု အပြောင်းအလဲ ဖြစ်လိုက်လျှင် သူတို့၏အပေါ်၌ ဖိစီးလျက်ရှိသည့် ဘဝ၏ဒဏ်သည် ပိုမို၍ ပြင်းထန်လာလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားကြ လေသည်။

သူတို့သည် အတွေးအခေါ် အယူအဆသစ်တို့ကို ပြောဆိုသူနှင့် တွေ့လျှင် ဘာတခွန်းမျှ မပြောဘဲ ရှောင်ကွင်းတတ်ကြ၏။ ထိုကြောင့် လူသစ်အလုပ်သမားများသည် များသောအားဖြင့် ဤနေရာမှ ထွက်ခွာတတ်ကြ၏။ အကယ်၍ ဤလူဟောင်း အလုပ်သမားများနှင့် ကြုံခဲကြုံခေါ်င့် အတူတကွ နေခဲ့ရလျှင် သူတို့ကဲ့သို့ပင် ဘဝ၏ဒဏ်ကို ငြိမ်သက်စွာ ငုံ့၍ပင် ခံနေတတ်ကြ၏။ သို့မဟုတ်က သူတို့နှင့် ခပ်ခွာခွာ နေတတ်ကြလေသည်။

ဤကဲ့သို့ ရက်ကို လ စား၊ လကို နှစ်စားကာ ဘဝ၏ လေးလံလှသည့် ဒဏ်ကိုခံရင်း နှစ်ကာလအားဖြင့် ၅၀ ခန့်ကြာလျှင် အလုပ်သမားတယောက်သည် သင်္ချိုင်းကုန်းသို့ မြန်းရလေသည်။ ဤကား အလုပ်သမားတို့၏ နိယာမတည်း။

အခန်း နှစ်

ထိုသို့သော ဘဝဖြင့် စက်ဆရာ မစ်ခေး ဇလက်ဆော့သည် ဤအလုပ်သမားများ ရပ်ကွက်၌ နေခဲ့၏။ ဇလက်ဆော့ကို ကြည့်လျှင် သူ၏မျက်နှာသည် ချိုသာပြုံးရွှင်သည်ဟူ၍ မရှိ၊ အမြဲတမ်း သုန်မှုန်နေတတ်၏။ သူ၏တကိုယ်လုံးသည်လည်း အမွေးအမှင် ထူထပ်၏။ သူသည် လူတဦး တယောက်ကို ကြည့်လျှင် သူ၏ မျက်ခုံးမွေးထူကြီးများအောက်မှ ကျဉ်းမြောင်းသည့် မျက်လုံးကလေးများနှင့် သံသယကြည့် ကြည့်တတ်၏။ တခါတရံ မျက်မှောင်ကုတ်၍ ကြည့်လိုက်လျှင် မုန်းတီးစရာ ကောင်းလှ၏။ သူသည် အလုပ်ရုံထဲ၌ အကောင်းဆုံး စက်ဆရာ ဖြစ်၏။

အလုပ်သမားများ ရပ်ကွက်ထဲ၌လည်း အသန်မာဆုံးဖြစ်၏။ သို့ရာတွင် အထက်လူများနှင့် ဆက်ဆံသောအခါ ဒေါသကြီး၏။ စိတ်တို၏။ ထိုကြောင့် သူသည် နေရာ ကောင်းကောင်း၊ လစာကောင်းကောင်း မရချေ။

အလုပ်ရုံပိတ်သည့်နေ့များတွင် သူသည် တယောက်ယောက်ကို အမြဲတမ်း ရိုက်လေ့ရှိ၏။ ထို့ကြောင့် သူ့ကို လူတိုင်းက မုန်းလည်း မုန်း၏။ ကြောက်လည်း ကြောက်၏။ သို့ရာတွင် သူ့ကို ရန်ရန်ချင်း တုံ့နှင်းရန်ကား အချည်းနှီးပင် ဖြစ်၏။ တစုံတယောက်က သူ့အား ရန်မူမည်လာလျှင် သူက ကျောက်ခဲ သို့မဟုတ် ပျဉ်ပြား သို့မဟုတ် သံချောင်းတချောင်းကို ကုန်းကောက်၍ ခပ်မတ်မတ်ရပ်ပြီး ပြန်၍ချရန် အသင့်စောင့်နေတတ်၏။ သို့ရာတွင် သူ၏ အမွေးအမှင် ထူထပ်သော လက်များနှင့် မျက်လုံးမှ လည်ပင်းအထိ ထူထပ်မည်းမှောင်သည့် အမွေးများနှင့် ဖုံးအုပ်လျက်ရှိသည့် သူ၏မျက်နှာကြီးကို မြင်ရလျှင် လန့်လန့်ပြေးကြ၏။ ဤလူများသည် အထူးသဖြင့် သူ့မျက်လုံးများကို ပို၍ ကြောက်ကြ၏။ သူ၏ စူးရှကျဉ်းမြောင်းလှသည့် မျက်လုံးကလေးများသည် လူများကို ထိုးဖောက်၍ မြင်နိုင်ဘိသကဲ့သို့ စူးရှတောက်ပြောင်လှ၏။ ဤစူးရှသော မျက်လုံးကလေးများကို မြင်ရသူတိုင်းသည် သူ့အား မကြောက်မရွံ့၊ အကြင်နာ အသနား မရှိ သတ်မည့် ဖြတ်မည့် အလွန်ရိုင်းစိုင်း ကြမ်းကြုတ်လှသည့် ရန်သူနှင့် ရင်ဆိုင်နေရပြီ ဟု ထင်မှတ်သွားတတ်လေသည်။

ဇလက်ဆော့ကမူ သူ၏ မည်းမှောင်လှသည့် မုတ်ဆိတ်မွေးများအကြားမှ သူ၏ ဝါကြန့်ကြန့် သွားကြီးများကို ဖြဲလျက် အလွန်ကြမ်းတမ်းလှသည့် လေသံဖြင့်…

“အေး… ခွေးမသားတွေ သွားကြနော်…” ဟု ဟိန်းဟောက်လိုက်လျှင် သူ၏ ရန်ဘက်များသည် မကြားတကြား ကျိန်ဆဲ၍ သွားတတ်ကြရာ၊ သူက စူးရှသည့်အကြည့်ဖြင့် မထီတထီ ကြည့်ရင်း…

“ခွေးမသားတွေ” ဟု ကြိမ်းဝါးပြီးနောက် ဦးခေါင်းကို မော့ပြီး…

“အေး… ဘယ်သူတုံးကွ သေပန်းပွင့်နေတာ” ဟု ဟစ်အော်တတ်၏။

ထိုအခါ ဘယ်သူကမျှ ခွန်းတုံ့မပြန်ဝံ့ချေ။

ဗလက်ဆော့ကား အလွန် စကားနည်း၏။ ‘ခွေးမသား’ ဟူသော စကားသည် သူ၏ လက်သုံး ဖြစ်၏။ သူသည် ပုလိပ်သော၊ အရာရှိတွေသော၊ သူတို့အလုပ်ရုံမှ မန်နေဂျာတွေသော၊ အလုပ်ရှင်တွေသော ဘယ်သူ့ကိုမျှမရွေး ‘ခွေးမသား’ ဟု ခေါ်လေ့ရှိ၏။ သူ၏ ဇနီးကိုလည်း သဘောမကျလျှင် ‘တယ်၊ ဒီခွေးမ’ ဟုပင် ခေါ်တတ်သည်။ တခါသော် သူ့ဇနီးက သူ၏ပြဲနေသော ဘောင်းဘီကို မချုပ်သဖြင့် ဒေါသဖြစ်ကာ၊

“ဟဲ့… ခွေးမ၊ ဒီမှာ ငါ့ဘောင်းဘီတွေ ပြဲနေတာများ နင်မမြင်ဘူးလား… ဟင်” ဟု ငေါက်ငမ်းခဲ့ဖူး၏။

သူ့သား ပါဗယ် တဆယ့်လေးနှစ်သား အရွယ်တွင် သူသည် ဆံပင်ဆွဲမည် လုပ်ခဲ့ရာ၊ ပါဗယ်က တူကြီးတလုံးကို ဆွဲပြီး “ခင်ဗျား ကျုပ်ကိုမထိနဲ့” ဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သောအခါ ပါဗယ်အနီးသို့ ချဉ်းကပ်လျက် “အေး၊ ဒါက ဘာလုပ်တာလဲကွ” ဟု မေးလိုက်၏။

ပါဗယ်က…

“အဖေ ကျုပ်ကို နှိပ်စက်တာ များလှပြီ၊ ကျုပ် နောက် မခံတော့ဘူး” ဟု ပြော၍ တူကို မြှောက်လိုက်၏။

ဗလက်ဆော့သည် သူ့ကို တချက်မျှကြည့်ပြီး သူ၏ အမွေးအမှင် ထူလှသည့် လက်များကို နောက်သို့ ပစ်ကာ၊

“အေး၊ ကောင်းပြီ” ဟု တချက် ရယ်၍ ပြောလိုက်၏။ ထို့နောက်…

“အေး၊ မင်းဟာ ခွေးမသားပဲ။ ကောင်းတယ်” ဟု သက်ပြင်းတချက် မှုတ်လိုက်ပြီး ဆိုပြန်၏။

ထိုနောက် များမကြာမီ သူ၏ဇနီးအား၊

“အေး၊ ငါ့ဆီက နောက်ထပ် ပိုက်ဆံမတောင်းနဲ့တော့။ ကနေ့ကစပြီး နင့်ကို ပါဗယ်က ကျွေးလိမ့်မယ်” ဟု ပြောလိုက်သဖြင့် သူ့ဇနီးက၊

“ဒါဖြင့် တော် ရသမျှပိုက်ဆံ အကုန်သောက်ပစ်တော့မယ်ပေါ့” ဟု မရဲတရဲ

ခွန်းတုံ့ပြန်လိုက်ရာ၊

“အေး၊ ဒါက နင့်အလုပ်မဟုတ်ဘူး ခွေးမ၊ ငါ နောက်မိန်းမ ယူချင်လည်း ယူမယ်။ နင်ဘာမှ ပြောနေစရာ မလိုဘူး” ဟု ပြန်၍ ဟိန်းလိုက်လေသည်။

ဤကဲ့သို့ ပြောပြီးနောက် ဗလက်ဆော့သည် နောက်မိန်းမ မယူသော်လည်း သူ သေသည့်တိုင်အောင် နှစ်နှစ်တာမျှ သူ့သားကို အရေးဂရုလည်း မစိုက်၊ စကားလည်း မပြောတော့ချေ။

သူ့မှာ ခွေးကြီးတကောင် ရှိ၏။ ထိုခွေးကြီးသည် သူကဲ့သို့ပင် ထွားကျိုင်း၍ အမွေးထူ၏။ နံနက်တိုင်း ခွေးကြီးသည် အလုပ်ရုံထိ သူ့နောက်မှ လိုက်လာပြီး ညနေတိုင်း သူ့ကို အလုပ်ရုံဝမှ စောင့်နေတတ်၏။ အလုပ်အားသည့်နေ့များ၌ ဗလက်ဆော့သည် အရက်ဆိုင် တဆိုင်မှ တဆိုင်သို့ လှည့်လည်သွားလာလေ့ရှိ၏။ ဘယ်သူ့ကိုမျှ စကားမပြောဘဲ တစုံတယောက်ကို ရှာနေဘိသကဲ့သို့ ဟိုလူဒီလူ မျက်နှာကို ကြည့်ကြည့်သွားတတ်၏။ သူ့ခွေးကြီးကလည်း တနေ့လုံးလုံး သူ့နောက်မှ အမြီးကိုနန့်လျက် တကောက်ကောက်လိုက်နေ၏။ ဗလက်ဆော့သည် အိမ်သို့ အရက်မူးမူးနှင့် ပြန်လာသောအခါများ၌ ညစာထိုင်စားကာ သူ့ခွက်ထဲမှ သူ့ခွေးကို အစာကျွေးတတ်၏။ သူသည် သူ့ခွေးကို ကျိန်လည်း မကျိန်ဆဲ၊ ရိုက်လည်းမရိုက် သို့ရာတွင် ယုယုယယနှင့်လည်း တခါမျှ ပွတ်သပ်မပေးချေ။ သူ ညစာစားပြီး သူ့ဇနီးက စားပွဲပေါ်မှ ပန်းကန်များ၊ ဇွန်းများ၊ ခက်ရင်းများကို တော်တော်နှင့် လာမသိမ်းလျှင် ပန်းကန်များ၊ ဇွန်းများကို ကြမ်းပေါ်သို့ ပစ်ချ၏။ ထိုနောက် ဗော်ဒကာ တပုလင်းကို ရှေ့၌ ထောင်လိုက်၏။ ဦးခေါင်းကို မော်လျက် ထရံသို့မှီပြီး မျက်လုံးများကို မှိတ်ကာ အလွမ်းသီချင်းတပုဒ်ကို ညည်းနေတတ်၏။ နားဝင်မချိုသည့် သူ့အသံကြီးနှင့် ဤကဲ့သို့ သီချင်းကို ညည်းနေရင်း ပေါင်မုန့်ကြွေများကို စားပွဲပေါ်မှ ယက်ချ၏။ သူ၏ တုတ်ခိုင်သော လက်ချောင်းကြီးများနှင့် သူ၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးတို့ကိုလည်း ပွတ်သပ်နေတတ်၏။ သူ၏ သီချင်းသံသည် ပီပီသသ ပြတ်ပြတ်သားသား မဟုတ်။ ကပေါက်တိ ကပေါက်ချာ ဖြစ်ပြီး ဆောင်းဥတုအခါ ဝံပုလွေများ ဟိန်းသံ အော်သံနှင့် တူနေ၏။ သို့ရာတွင် သူ့ဝမ်းထဲမှ ဗော်ဒကာ အရက်တန်ခိုး ကုန်သည်အထိ သီချင်းဆိုပြီးနောက် သူသည် ရုတ်တရက် ခုံရှည်ပေါ်သို့ ခွေ၍ ကျသွားလျှင်လည်း ကျသွားတတ်၏။ သို့တည်းမဟုတ် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်သော်လည်း ကျသွားတတ်၏။ သို့ကျသွားရာမှ နံနက်စောစော စက်ရုံမှ ဥဩမှုတ်သည်အထိ အိပ်ပျော်သွား တတ်၏။ ခွေးကလည်း သူ့ဘေး၌ပင် အိပ်နေလေ့ရှိလေသည်။

သူသည် နှလုံးရောဂါနှင့် ကွယ်လွန်ရရှာ၏။ သူမသေမီ မျက်နှာတခုလုံး မည်းညိုပြီး မျက်လုံးများကို မှိတ်ကာ သွားများကို ကြိတ်လျက် ငါးရက်လုံးလုံး

အိပ်ရာပေါ်၌ လူးလိမ့်နေရ၏။

"ငါ့ကို စိန်ပေးစမ်းပါဟယ်၊ ငါ့ကို အဆိပ်ကျွေးပြီး သတ်လိုက်စမ်းပါ" ဟု သူ့ရောဂါဒဏ်ကို သူမခံနိုင်သဖြင့် သူ့ဇနီးအား သူ မကြာခဏ ပြော၏။

ဆရာဝန်က သူ့အား ရင်ဘတ်၌ ဆေးအအုံခိုင်း၏။ သူ့ကို ခွဲစိတ်ကုသရန် ထိုနေ့၌ပင် ဆေးရုံသို့ အပို့ခိုင်း၏။ ထိုအခါ သူက "အို ရှုပ်တယ်၊ မခွဲဘူးဗျာ မခွဲဘူး။ ခင်ဗျား ကျုပ်ကို ကုမနေနဲ့ ကျုပ်သေမယ်၊ အလကား ခွေးမသား" ဟု ဆရာဝန်ကို ကြိမ်းလွှတ်၏။

သို့နှင့် ဆရာဝန် ထွက်သွားပြီးနောက် သူ့မိန်းမက မျက်ရည်စက်လက်နှင့် ခွဲစိတ် အကုခံရန် တောင်းပန်နေလျှင် သူက လက်သီးဆုပ်ပြပြီး "အေး ငါ နေကောင်းလာရင်တော့ နင် သေမယ့်သာပြင်" ဟု ကြိမ်းမောင်းနေပြန်၏။

သူကား အလုပ်သမားများအား အလုပ်ဆင်းရန် စက်ရုံမှ ဥသြမှုတ်လိုက်သည့် နံနက်ခင်းမှာပင် အသက်ပျောက်သွားရ၏။ ခေါင်းထဲသို့ ထည့်ထားသည့် သူ့အလောင်းကို ကြည့်လျှင် သူ၏ ပါးစပ်သည် ဟနေပြီး မျက်နှာထားကား စိတ်မကျေမချမ်း ဖြစ်နေသည့် လက္ခဏာဖြင့် အောက်သိုးသိုး ဖြစ်နေသည်ကို တွေ့ရ၏။ သူ၏ အသုဘကို ပို့ကြသူများကား သူ့ဇနီး၊ သူ့သား၊ သူ့ခွေး၊ ဒန်နီလိုဗက်ဆော့ရှိကော့ (အလုပ်ရုံမှ အလုပ်ဖြုတ်ပစ်ခြင်းကို ခံခဲ့ရသည့် သူခိုး အရက်သမား) နှင့် သူတို့ အလုပ်သမားရပ်ကွက်မှ သူတောင်းစားအချို့တို့ပင် ဖြစ်၏။ သူ့ဇနီးသည် အော်ကြီးဟစ်ကြီး မငို။ အနည်းငယ်မျှသာ ကျိတ်၍ငို၏။ သူ့သား ပါဗယ်ကမူ လုံးဝမငိုချေ။ လူနည်းနည်းသာ လိုက်ပို့ကြသည့် ဤအသုဘနှင့် လမ်း၌ ပက်ပင်းပါ တွေ့နေကြ သူများကမူ ခေတ္တမျှ ရပ်နားကြ၍ သူတို့ကိုယ်သူတို့ လက်ဝါးကပ်တိုင် အမှတ်အသားများ ပြုလုပ်ကြ၏။ ထိုသူများထဲမှ အချို့က၊

"ပီလာ (ဗလက်ဆော့၏ဇနီး) ကတော့ကွာ သူသေတာကို သိပ်ပြီး ဝမ်းသာမှာပဲ" ဟု လည်းကောင်း၊ အချို့ကလည်း "ခွေးလိုလူဆိုတော့ ခွေးလိုပဲ သေရတာပေါ့" ဟု လည်းကောင်း ပြောကြဆိုကြ၏။

အသုဘကို လိုက်ပို့ကြသည့်သူများကမူ သူ့ခေါင်းကို မြှုပ်နှံပြီးနောက် ထွက်ခွာသွားကြသော် လည်း သူ့ခွေးကမူ သူ့မြေပုံပေါ်မှ ဖို့ထားသည့် မြေသားသစ်ကို အနံ့ခံရင်း ထိုမြေပုံပေါ်၌ ထိုင်၍ ကျန်ရစ်ခဲ့လေ၏။ ရက်မကြာမီအတွင်း သူ့ခွေးသည်လည်း အသတ်ခံ၍ သေရရှာလေသတည်း။

အခန်း သုံး

ဇလက်ဆော့ ကွယ်လွန်ပြီး နှစ်သီတင်းခန့်အလွန်၊ တနေ့သော တနင်္ဂနွေနေ့၌ ပါဗယ်သည် အိမ်သို့ လူမှန်းသူမှန်း မသိအောင် မူးလာ၏။ သူသည် အိမ်တွင်းသို့ ဒယိမ်းဒယိုင်နှင့် ဝင်လာပြီး ထမင်းစားပွဲထိပ်မှ ကုလားထိုင်ထဲသို့ ကုန်းတက်ရ၏။ ထိုနောက် သူ့ဖခင်ကဲ့သို့ပင် စားပွဲကို လက်ဝါးဖြင့် ရိုက်ကာ "ထမင်းကော ထမင်း" ဟု အော်ဟစ်ပြီး ပြောနေလေ၏။

မိခင်ကား သူ့အနားသို့ ကပ်ထိုင်လျက် သူ့ကိုဖက်၍ သူ၏ဦးခေါင်းကို သူ့ရင်ခွင်ထဲသို့ အတင်းဆွဲသွင်း၏။ သို့ရာတွင် သူသည် သူ့မိခင်ကို ဘေးသို့ဖယ်ကာ

"လုပ်ပါ အမေရ၊ ထမင်းမြန်မြန်ခူးခဲ့စမ်းပါ" ဟု ပြောနေပြန်ရာ သူ့မိခင်က သူ့လက်ကိုဖယ်၍ ဤသားအတွက် ဝမ်းလည်းနည်း၊ ဤသားအပေါ်၌ မေတ္တာမိုးလည်း သွန်ဖြိုးကာ

"တကယ်မိုက်တဲ့ သားပဲကွယ်" ဟုသာ ပြန်၍ ပြောနိုင်တော့၏။

သို့ရာတွင် ပါဗယ်ကမူ အာလေးကြီးနှင့်

"ကျုပ် ဆေးလိပ်သောက်မလို့ဗျာ၊ အဖေ့ဆေးတံ ပေးစမ်းဗျာ" ဟု ပြောနေပြန်၏။ ဤကား ပါဗယ် ပထမဆုံးမူးခြင်း ဖြစ်၏။ ဗော်ဒကာအရက်ကြောင့် သူသည် အားအင်နွမ်းသွား၏။ သို့ရာတွင် သူသည် သတိမလွတ်ချေ။ သူ့၏ဦးခေါင်းထဲ၌ကား "အင်း၊ ငါ မူးများနေသလားပဲ" ဟူသော မေးခွန်းသည် ပေါ်ပေါ်လာ၏။

သူ့မိခင်၏ နူးညံ့သိမ်မွေ့မှုကြောင့် သူသည် အနေရအထိုင်ရ ကျိုးသွား၏။ သို့မိခင်၏ မျက်လုံးများထဲမှ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်တို့ကြောင့် သူ့စိတ်နှလုံးလည်း အတော် ထိခိုက်သွား၏။ ထို့ကြောင့် သူသည် ငိုပစ်လိုက်ချင်၏။ သို့ရာတွင် သူ တကယ်မူးနေသည်ထက် ပို၍မူးဟန်ဆောင်ကာ မျက်ရည်များ မကျမိအောင် ထိန်းထားရရှာ၏။

သူ့မိခင်သည် သူ၏ရှုပ်ထွေးနေသည့် ဆံပင်များကို သပ်လျက် "သား ဒီလို သောက်လာတာ မကောင်းဘူးကွယ်" ဟု သာယာညင်းပျောင်းစွာ ပြောနေ၏။

ပါဗယ်သည် အရက်ငွေ့၊ အရက်ဒဏ်ဖြင့် မအီမသာ ဖြစ်လာ၏။ ထို့နောက် ပြင်းပြင်းထန်ထန် အန်လေရာ သူ့မိခင်က သူ့အား အိပ်ရာထဲသို့သွင်းပြီး သူ၏ ဖြူဖပ်ဖပ် ဖြစ်နေသော နဖူးပြင်ပေါ်၌ မျက်နှာသုတ်ပဝါတထည်ကို ရေဆွတ်၍

အုပ်ပေးလေ၏။

ဤကဲ့သို့ လုပ်ပေးသဖြင့် သူသည် အမူးပြေသင့်သလောက် ပြေသွားသော်လည်း သူ၏ ဦးခေါင်းကား ပတ်ချာလည်နေသကဲ့သို့ ဖြစ်နေ၍ သူ၏မျက်ခွံများသည် မျက်လုံးများ ဖွင့်မရလောက်အောင် လေးလံလျက်ရှိ၏။ သူ့ပါးစပ်ထဲမှ ဆိုးဆိုးရွားရွား ခါးသီးလှသည့် အရသာကလည်း ဖြေဖျောက်၍ မရနိုင်ဘဲ ဖြစ်နေ၏။ သို့လျက်နှင့် သူ့မိခင်၏ ကျယ်ပြန့်သည့် မျက်နှာကို မဖွင့်နိုင်ဖွင့်နိုင် မျက်လုံးများနှင့် အကဲခတ်၍ ကြည့်နေရင်း -

"အင်း ငါဟာ အသက်အရွယ် အတော်ကို ငယ်သေးတယ်။ တခြားလူတွေလည်း သောက်ကြတာပဲ၊ ဒါပေမဲ့ ဘာမှုမဖြစ်ကြဘူး။ ငါ့ကျတော့ နေမကောင်းတော့ဘူး" ဟု စဉ်းစားမိ၏။ ထိုအတွင်း သူ့မိခင်၏ -

"အေး... မင်း ဒီလို အသောက်ဖက်လာရင် အမေ့ကို ဘယ့်နှယ်လုပ်ပြီး လုပ်ကျွေးနိုင်ပါ့မလဲကွယ်" ဟု ပြောလိုက်သည့် စကားသံကို ခပ်သဲ့သဲ့ ကြားလိုက်ရာ သူ၏ မျက်စိများကို ဖွတ်မှိတ်၍ -

"အမေကလည်း လူတိုင်းသောက်နေတဲ့ဟာကို" ဟု ပြန်ဖြေလိုက်၏။

သူ့မိခင်ကား သက်ပြင်းချလိုက်၏။ ပါဗယ်ပြောသည့်စကားတို့သည် မှန်၏။ ဤမျှ ပူပြင်း ခြောက်သွေ့လှသည့်ဘဝထဲမှ လူအများ မနည်းကြိုးစား၍ အေးကွက်ကလေး တကွက်တလေမျှ ရအောင် ရှာဖွေရနိုင်သည့်နေရာကား အရက်ဆိုင်ပင် ဖြစ်သည်ဟူသောအချက်ကို သူကိုယ်တိုင် သိ၏။ သို့ရာတွင် -

"ဒါပေမဲ့... မင်းကတော့ မသောက်ရဘူးကွယ်။ မင်းအဖေဟာ မင်းနဲ့ ငါနဲ့ နှစ်ယောက်လုံး သူ့ဒဏ်ကို မခံနိုင်လောက်အောင် သောက်ခဲ့တယ်။ သူ့လက်ထဲမှာ အမေ ရောက်ခဲ့ရတဲ့ ဒုက္ခတွေဟာ အမေ့အတွက် မတော်လောက်သေးဘူးလား။ မင်းက မင်းအမေအပေါ်မှာ သနားစိတ်ကလေးများ နည်းနည်းလောက် မထားနိုင်ဘူးလားကွယ်" ဟု သူ့သားအား ဖျောင်းဖျနေလေ၏။

သူ့မိခင်၏ သာယာညင်းပျောင်းစွာ ပြောလိုက် ဆိုလိုက်သည့် ဝမ်းနည်းကြေကွဲဖွယ်ရာ စကားတို့ကို ကြားလျှင် သူ့ဖခင် အသက်ရှင်စဉ်က သူ့မိခင် တုတ်တုတ်မျှ မလှုပ်ဝံ့ပုံ၊ သူ့ဖခင်၏ အရိုက်အနှက် ခံရမည်ကို အလွန်ကြောက်ရွံ့ခဲ့ရပုံတို့နှင့်တကွ သူ့မိခင် အသက်ပင်ရှင်လျက် ရှိသည်ကို သူ သတိမပြုမိခဲ့ပုံတို့ကို တဖွားဖွား တွေးတောမိလာလေ၏။ သူကိုယ်တိုင်လည်း သူ့ဖခင်နှင့် မတွေ့ချင်လှသဖြင့် တတ်နိုင်သမျှ အိမ်တွင် မနေဘဲ အခြားသို့ သွားသွားနေရာ သူ့မိခင်နှင့် ကွဲကွာလျက်ပင် ကြီးပြင်းလာခဲ့ရ၏။ သို့နှင့် သူသည် တဖြည်းဖြည်း အမူးပြေလာသောအခါ သူ့မိခင်ကို သူ ဂရုတစိုက် အာရုံပြု၍

စိုက်ကြည့်နေမိလေသည်။

သူ့မိခင်သည် အရပ်ရှည်၏။ ခါးကိုင်း၏။ တဖက်က အလုပ်ကြမ်းကို ပင်ပင်ပန်းပန်း လုပ်ခဲ့ရပြီး အခြားတဖက်ကလည်း သူခင်ပွန်း၏ အရိုက်အနှက်ကို ခံခဲ့ရပါ များသဖြင့် ညှောင်နာနာ ဖြစ်နေ၏။ ယခုလည်း တစုံတခုကို ဝင်၍ တိုက်မိ၊ ခိုက်မိမည်ကို စိုးရိမ်ပူပန်သည့်အနေဖြင့် ခပ်ယို့ယို့ကလေး ခြေသံများပင် မကြားအောင် ဖြည်းဖြည်းကလေး အခန်းတွင်း၌ သွားလျက် ရှိ၏။ သူ၏ ပြန့်ပြန့်ဝိုင်းဝိုင်း ခပ်ပွပွ မျက်နှာတွင် ပါးရေနားရေများသည် တွန့်လိပ်လျက်ရှိ၏။ သူ၏မည်းမှောင်သော မျက်လုံးများသည်ကား သူတို့ အလုပ်သမားရပ်ကွက်မှ မိန်းမအများစု တို့၏ မျက်လုံးများကဲ့သို့ပင် ကြောက်ရွံ့ခြင်း၊ စိတ်နှလုံး ညှိုးနွမ်းခြင်းအရောင်တို့ဖြင့် သန်းလျက်ရှိ၏။ သူ၏လက်ယာဘက် မျက်ခုံးပေါ်၌ အမာရွတ်နက်နက်တခုရှိရာ ထိုအမာရွတ် ကြောင့် အသားက တင်းနေသဖြင့် လက်ယာဘက် မျက်ခုံးကို ပင့်ထားသလို ဖြစ်နေ၏။ လက်ယာဘက်နားကလည်း လက်ဝဲဘက်နားထက် မြင့်နေသည်ဟု ထင်ရ၏။ ထို့ကြောင့် သူ၏ မျက်နှာထားသည် အမြဲတမ်း စိုးရိမ်တကြီးနှင့် သတိထားနေသည်ဟု ထင်ရ၏။ သူ့ခေါင်းမှ ဆံပင်များလည်း ကွက်တိကွက်ကျား ဖြူနေပြီဖြစ်၏။ သူသည် အလွန်သိမ်မွေ့၏။ အမြဲတမ်း ဝမ်းနည်းပူဆွေးနေ၏။ သူတပါးအား အမြဲတမ်း အောက်ကျို့လျက်လည်း နေတတ်လေသည်။

ပါဗယ်က သူ့မိခင်ကို ကြည့်လိုက်သောအခါ မိခင်၏ပါးပြင်ပေါ်မှ မျက်ရည်များ တစိမ့်စိမ့် ယိုစီးလျက် နေကြသည်ကို မြင်မိ၏။

ထို့ကြောင့်…

"အမေကလည်း ငိုမနေပါနဲ့၊ ကျုပ်ကို ရေတခွက်လောက် ပေးစမ်းပါဦး" ဟု သာယာ ညင်းပျောင်းစွာ ပြောလိုက်ရာ သူ့မိခင်က

"အေး… အေး… ရေခဲရေ ယူခဲ့မယ်" ဟု ပြော၍ ရေခပ်ရန် သွားလေ၏။

သို့ရာတွင် သူပြန်လာသောအခါတွင် ပါဗယ်သည် အိပ်ပျော်နေပြီဖြစ်၏။ သူ့လက်ထဲတွင် ရေချိုင့်ကို တုန်တုန်ယင်ယင်နှင့် ကိုင်ရင်း သား၏မျက်နှာကို တမိနစ်ခန့် ငုံ့ကြည့်နေ၏။ သံချိုင့်အတွင်းမှ ရေခဲသည် သံချိုင့်လှုပ်နေသဖြင့် သံချိုင့်ကို ရိုက်ခတ်လျက်ရှိ၏။ ထို့နောက် ရေချိုင့်ကို စားပွဲပေါ်သို့တင်ကာ ဘုရားရုပ်တုများရှေ့၌ ဒူးထောက်ချလိုက်၏။ အပြင်ဘက်မှ အရက်မူးသမားတို့၏ ဆူဆူညံညံ လုပ်သံသည် အိမ်တွင်းသို့ ဝင်လာလေ၏။ နွေဦး စိုစွတ်ထိုင်းမှိုင်းသည့် ညနေချမ်း အမှောင်ထုအတွင်းမှ အကော်ဒီယံ အသံတသံသည် ထွင်းဖောက်၍ လာလေ၏။ လူတယောက်၏ ယုတ်ယုတ် ညမ်းညမ်း ကျိန်သံ ဆဲသံတို့ကိုလည်း ကြားရ၏။ မိန်းမများ၏ ဒေါသဖြင့် ဆိုသံပြောသံများကိုလည်း တခါတခါ

ကြားရလေသည်။

ဇလက်ဆော့တို့ အိမ်ကလေးအတွင်းမှ ဘဝသည် ယခင်ကထက် တည်ငြိမ်လာ၏။ အခြားပတ်ဝန်းကျင် အိမ်များနှင့် မတူချေ။ သူတို့အိမ်ကလေးသည် အလုပ်သမား ရပ်ကွက်၏ အစွန်အဖျားတွင်ရှိ၍ ထိုအိမ်ကလေးမှ အောက်သို့ ငုံ့ကြည့်လိုက်လျှင် ရေကာတာတခုရှိ၏။ ယင်းရေကာတာသည် အလွန် မမြင့်သော်လည်း စောက်မတ်၍ ရွံ့ညွန်များ ထူထပ်သည့် အိုင်ကလေးတခု၌ သွား၍ ဆုံးနေလေသည်။ အိမ်၏သုံးပုံတပုံသည် မီးဖိုချောင်ဖြစ်၏။ ပါဗယ်၏ မိခင်ကား ကန့်ထားသည့် အခန်းငယ်ကလေးထဲ၌ အိပ်၏။ အိမ်တအိမ်လုံး၏ သုံးပုံနှစ်ပုံခန့် ရှိသည့် ကျန်ကွက်လပ်ကား လေးထောင့်ခန်းကြီးတခန်း ဖြစ်နေ၍ ပြတင်းပေါက်နှစ်ပေါက် ရှိလေသည်။

ထိုအခန်းကြီး၏ ထောင့်တထောင့်ထဲ၌ ပါဗယ်သည် ခုတင်တလုံးနှင့် အိပ်၍ အခြားထောင့် တထောင့်ထဲမှာမူ စားပွဲတလုံးနှင့် ခုံရှည်နှစ်လုံးရှိ၏။ အခြားပရိဘောဂများကား ကုလားထိုင် သုံးလေးလုံး၊ မှန်ငယ်တချပ် တင်ထားသည့် မှန်တင်ခုံတခုံ၊ အဝတ်များ ထည့်ထားသည့် သေတ္တာတလုံး၊ နံရံပေါ်မှ နာရီတလုံးနှင့် ထောင့်တထောင့်ထဲမှ ရုပ်တုနှစ်ခု ဖြစ်လေသည်။

ပါဗယ်သည် အခြားလူငယ်များ နေပုံထိုင်ပုံအတိုင်း နေ၏။ အကော်ဒီယံတခု ဝယ်ထား၏။ ရင်ဘတ်၌ ကော်တင်ထားသည့် ရှပ်အင်္ကျီတထည်၊ တောက်ပြောင်သည့် လည်စည်းတခု၊ လည်ရှည် ဖိနပ်ကြီးတရန်နှင့် ကြိမ်လုံးတလုံးလည်း ရှိသေး၏။ ဤအဆောင်အယောင်တို့နှင့်ပင် သူသည် သူ့ခေတ်မှ လူငယ်တို့၏ အဆင့်အတန်းနှင့် ကိုက်ညီလျက်ရှိ၏။ ရင်ပေါင်တန်း လိုက်နိုင်၏။ ညအခါများ၌ ကပွဲများသို့ သွား၍ တကြိမ်တည်း ယောက်ျား၊ မိန်းမ လေးစုံတွဲကရသည့်အကနှင့် တစုံတွဲတည်း ကရသည့် ကနည်းများကို သင်ကြားထား၏။ တနင်္ဂနွေနေ့များ၌ အိမ်သို့ မူး၍ ပြန်ပြန်လာ၏။ သို့ရာတွင် ဗော်ဒကာအရက်ကို သောက်လိုက်လျှင် သူ နေမကောင်းချေ။ တနင်္ဂနွေနေ့၌ အရက်သောက်ပြီး တနင်္လာနေ့ နံနက်များတွင် သူသည် ခေါင်းလည်းခဲ၊ ရင်လည်း ပူပြီး မျက်နှာသည် မကြည်လင်ဘဲ ရှုံ့တွနေတတ်လေသည်။

"မနေ့ညက မင်းတော်တော်များ ပျော်ခဲ့ရဲ့လား" ဟု သူ့မိခင်က သူ့ကို တခါက မေးခဲ့ဖူးရာ သူက စိတ်လက်မကြည်မသာနှင့် "စိတ်ညစ်စရာကောင်းလိုက်တာ အမေရာ၊ နောက်တခါကျရင် ကျွန်တော် ငါးဖမ်းရင်သွားမယ်။ ဒါမှမဟုတ်ရင်လည်း သေနတ်တလက်ဝယ်ပြီး အမဲရင်ထွက်ပစ်မယ်" ဟု ပြန်ပြောခဲ့ဖူး၏။ သူသည် အလုပ်ကို မခိုမကတ်ဘဲ ကြိုးကြိုးပမ်းပမ်း လုပ်၏။ အလုပ်ခွင်သို့ နေ့တိုင်းဆင်းပြီး တခါမျှ နောက်ကျသည့်အတွက် ဒဏ်တပ်မခံခဲ့ရဖူးချေ။ နှုတ်အလွန်ငြိမ်၍ သူ့မိခင်၏ မျက်လုံးများကဲ့သို့ ပြူးနေသည့်

သူ၏ မျက်လုံးပြာကြီးများထဲ၌ တစုံတခုကို မကျေနပ်သည့် မကျေနပ်မှု အရိပ်လက္ခဏာသည် ပေါ်လွင်လျက်ရှိ၏။ သူ ယခင်က ရည်ရွယ်ထားသည့်အတိုင်း သေနတ်လည်း မဝယ်ဖြစ်၊ ငါးမျှားလည်း မထွက်ဖြစ်ချေ။ မကြာမီ သူနှင့်ရွယ်တူ အခြား လူကလေးများကဲ့သို့ သောက်လိုက် စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်လည်း မနေတော့ပေ။ ညပျော်ပွဲများသို့ အသွားအလာနည်းပြီး တနင်္ဂနွေနေ့များ၌ ထွက်ထွက်သွားသော် လည်း ယခင်ကကဲ့သို့ မူး၍ ပြန်လာလေ့ မရှိ။ လူကဲခတ် မည့်သည့် သူ့မိခင်သည် ယခုတလော သူ့သားမျက်နှာ တဖြည်းဖြည်း ချောင်ချောင်ကျလာသည်ကို လည်းကောင်း၊ သူ့သား မျက်လုံးများ ယခင်ကထက် တည်ငြိမ် စူးရှလာသည်ကို လည်းကောင်း၊ တစုံတခုကို စိတ်ထဲ၌ လေးလေးနက်နက် စဉ်းစား၍ နေသည်ကို လည်းကောင်း အကဲခတ်၏။ ကေန္တ သူ့သားသည် တစုံတခု စိတ်ညစ်စရာများ ရှိနေရှာသလား၊ သို့တည်းမဟုတ် မကျန်းမမာဖြစ်၍ ပိန်ချုံးများ နေရှာသလားဟုလည်း သူ့မိခင်က စဉ်းစားနေမိ၏။

ယခင်က ပါဗယ်၏ သူငယ်ချင်း အပေါင်းအသင်းတို့သည် မကြာခဏ သူ့ဆီသို့ လာလာ လည်ကြ ပတ်ကြ၏။ သို့ရာတွင် ယခုအချိန်တွင် သူ့ကိုတွေ့ရန် လာကြသော်လည်း မတွေ့ကြသဖြင့် မလာကြတော့ချေ။ အလုပ်ရုံအတွင်းမှ အခြားလူငယ်များနှင့် သူ့သားသည် အနေအထိုင်၊ အသွားအလာ၊ အပြုအမူ၊ အပြောအဆို မတူဘဲ ကွဲပြားနေသည်ကို တွေ့ရသဖြင့် မိခင်သည် ဝမ်းသာမိ၏။ သို့ရာတွင် အခြားလူငယ်များ နေထိုင်လျက်ရှိသည့် မည်းမှောင်သည့် ဘဝလမ်းကြောင်းမှ ခွဲထွက်ရန် သူ့သားက ခေါင်းမာမာနှင့် ကြိုးပမ်းနေသည်ကို တဖက်မှ မြင်နေရပြန်ရာ သူ့စိတ်ထဲ၌ သူ့သားအတွက် ကြောက်သလိုလို၊ ထိတ်သလိုလို ဖြစ်နေပြန်လေ သည်။

တခါတရံ သူ့မိခင်က သူ့အား...

"သားရယ် တကယ်ကော နေကောင်းရဲ့လား" ဟု မေးလျှင် ပါဗယ်က "သား ဘာမှုမဖြစ်ပါဘူး အမေရယ်၊ တကယ့်ကို နေကောင်းပါတယ်" ဟု ပြန်ဖြေတတ်၏။ ထိုအခါ မိခင်က သက်ပြင်းချကာ "သားကတော့ သိပ်ပြီး ချုံးသွားတာပဲ" ဟုသာ ပြန်ပြောတတ်လေသည်။

ထိုနောက် ပါဗယ်သည် စာအုပ်များကို အိမ်သို့ သယ်လာ၏။ ထိုစာအုပ်များကို ခိုးကြောင်ခိုးဝှက် ဝှက်ထား၏။ တခါတရံ ထိုစာအုပ်များထဲမှ စာပိုဒ်များကို ကူး၍ ကူးပြီး စာရွက်တို့ကိုလည်း ဝှက်ထားပြန်၏။

သူနှင့် သူ့မိခင်တို့သည် တအိမ်တည်း၌ အတူတူ နေကြစေကာမူ တယောက်နှင့် တယောက် ဆုံမိခဲ၏။ ဆုံမိပြန်သော်လည်း တယောက်နှင့် တယောက် စကားမပြောကြချေ။ နံနက်ခင်း၌ ပါဗယ်သည်

သူ့အတွက်ဖျော်ထားသည့် လက်ဖက်ရည်ကို ဘာစကားမျှမပြောဘဲ သောက်ပြီးလျှင် အလုပ်သို့ တန်းသွား၏။ မွန်းတည့်ချိန် ရောက်သောအခါ နေ့လယ်စာ လာစား၏။ ညစာစားပွဲ၌ သားအမိချင်း ဆုံမိကြပြန်သော်လည်း ပါဗယ်သည် "အမေ ဘယ်နှယ်နေတုံး၊ နေကောင်းရဲ့ မဟုတ်လား" အစရှိသည့် ပြောရိုးပြောစဉ် စကားတို့ကိုသာပြော၍ ထမင်းစားပြီးနောက် ထွက်သွားပြန်ရာ ညကျမှ ပြန်လာတတ်၏။ သို့ပြန်လာပြီးနောက် ရေမိုးချိုးပြီးလျှင် စာအုပ်တအုပ်နှင့် စားပွဲခုံ၌ ထိုင်ချလိုက်၏။ တနင်္ဂနွေနေ့များ၌ သူသည် အိမ်မှ နံနက်အချိန်၌ ထွက်သွား၍ ညည့်နက်မှ ပြန်လာတတ်၏။ သူ့မိခင်က သူ မြို့သွား၍ တခါတရံ ပွဲများ ကြည့်သည်ကိုသိ၏။ သို့ရာတွင် သူ့ထံသို့ မြို့မှ တယောက်မှ မလာချေ။ သူ တဖြည်းဖြည်း စကားနည်းလာသည်ဟု သူ့မိခင်က ထင်၏။ သို့ရာတွင် စကားပြောပြန်လျှင် သူ နားမလည်သည့် စကားလုံးသစ်များ ထည့်ထည့်ပြောလာသည်ကို လည်းကောင်း၊ ယခင်က ပြောနေဆိုနေကျ ခပ်ရိုင်းရိုင်း စကားတို့ကို မပြောတော့သည်ကိုလည်းကောင်း သူ သတိထားမိ၏။ ပါဗယ်၏ အပြုအမူ အနေအထိုင်တို့ကို သူသည် ကောင်းကောင်းကြီး ဂရုစိုက်၍ အကဲခတ်မိ၏။ ပါဗယ်သည် ယခင်ကကဲ့သို့ အဝတ်အစားကို လှလှပပ မဝတ်တော့။ ဤကဲ့သို့ လှအောင်ပအောင် ဝတ်မည့်အစား သူ့ကိုယ်ကို သန့်ရှင်းအောင် နေ၍ အဝတ်အစားတို့ကိုလည်း သန့်သန့်ရှင်းရှင်း ဝတ်၏။ သွားပုံလာပုံလည်း အေးဆေး တည်ငြိမ်လာ၏။ အပြုအမူလည်း ရိုးသား တည်ကြည်လာ၏။ ကြမ်းတမ်းမှုလည်း လျော့ပါးလာ၏။ ဤကဲ့သို့ အကြောင်းယုတ္တိရှာမရအောင် ပြောင်းလဲလာသည့် ပြောင်းလဲလာမှုတို့ကြောင့် သူ၏မိခင်သည် စိတ်ထဲ၌ မချမ်းမြေ့၊ သူနှင့် ဆက်ဆံရာ၌လည်း ပါဗယ်သည် မူကွဲလာ၏။ တခါတရံ အိမ်ကို တံမြက်စည်း လှည်း၏။ တနင်္ဂနွေနေ့များ၌ သူ့အိပ်ရာသူ အမြဲတမ်း ခင်း၏။ သူ့မိခင်အလုပ်၌ နေရာတကာ သူ ဝင်ဝင်ကူ၏။ အလုပ်သမားရပ်ကွက်ထဲမှ မည်သည့်လူငယ်ကမျှ ဤကဲ့သို့ အိမ်တွင်းလုပ်ငန်း များကို ဘယ်တော့မျှ မလုပ်ခဲ့ဖူးချေ။

တနေ့သော် ပါဗယ်သည် အိမ်သို့ အရုပ်ကားတကား ယူလာ၍ နံရံပေါ်၌ ချိတ်ထား၏။ ထိုအရုပ်ကားထဲ၌ လူသုံးဦး စကားလက်ဆုံကျရင်း လမ်းလျှောက်နေကြပုံ ဖြစ်၏။ "အမေ ဒါက ခရစ်တော် ပြန်လည်ရှင်တော်မူလာပြီး အီမေးယပ်စ်ကို သွားနေတဲ့ပုံပေါ့" ဟု သူက သူ့မိခင်အား ရှင်းပြ၏။

သူ့မိခင်သည် သူယူလာသည့် အရုပ်ကားကို သဘောကျ၏။ သို့ရာတွင်...

"သူဟာ ခရစ်တော်ကို ဒီလောက်တောင် သဘောကျရဲ့သားနဲ့ ဘာပြုလို့ ဘုရားရှိခိုးကျောင်းကို မသွားတာပါလိမ့်" ဟု ဝမ်းထဲမှ ကျိတ်၍ တွေးနေမိ၏။

ပါဗယ်တွင် သူ အလွန်မြတ်နိုးလှသည့် စာအုပ်စင်များရှိရာ ထိုစာအုပ်စင်များပေါ်၌ စာအုပ်များသည် များများလာ၏။ အိမ်ရှေ့ခန်းကို

ကြည့်လိုက်လျှင်လည်း အတော်ကလေး သပ်သပ်ရပ်ရပ် ရှိနေလေသည်။

ပါဗယ်သည် သူ့မိခင်အား "အမေ" ဟု ခေါ်လေ့ရှိ၏။ သို့ရာတွင် တခါတရံ သူ့မိခင်အား ပို၍ ချစ်စနိုးစွာ ခေါ်တတ်လေရာ သူ ညအပြန် နောက်ကျမည်ဟု ထင်သော အခါများ၌

"အမေ၊ သားအတွက် ဘာမျှစိုးရိမ်မနေနဲ့နော်။ သား ကနေ့ည အိမ်ပြန် နည်းနည်း နောက်ကျလိမ့်မယ်နော်" ဟု ပြောပြောသွားလေသည်။

သူ့မိခင်သည် သူက ဤကဲ့သို့ပြောသည်ကို အလွန်သဘောကျ၏။ သူ့သား စကားများထဲ၌ အားနှင့် လေးနက်မှု ပါကြောင်းကိုလည်း သတိပြုမိ၏။

သို့ရာတွင် တဖက်မှ သူ့စိတ်ထဲ၌ ထိတ်လန့်ကြောက်ရွံ့မှုတို့သည် တိုးတိုးလာ၏။ အဘယ်ကြောင့် ဤကဲ့သို့ ထိတ်လန့် ကြောက်ရွံ့နေရသနည်း ဟူသော အကြောင်းတရားကို တိတိကျကျ ထင်ထင်ရှားရှား လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း သာမန် ကိစ္စမျိုးမဟုတ်ဘဲ တစုံတခု ထူးထူးခြားခြား ကိစ္စတရပ်ဖြင့် သူ့စိတ်သည် တနေ့ထက်တနေ့ လေးလေးလာ၏။ တခါတရံ သူသည် သူ့သား ပါဗယ်ကို မကျေမနပ် ဖြစ်နေမိပြီး...

"သူက ဘယ့်နှယ်ကြောင့် တခြားလူငယ်တွေ နေကြ၊ ထိုင်ကြသလို မနေနိုင် မထိုင်နိုင် ဖြစ်နေရတာလဲ။ လူ့ဘုန်းကြီးနဲ့တူပြီး အလွန်ဣန္ဒြေကြီး၊ သိက္ခာကြီးနဲ့ ဖြစ်နေလိုက်တာ၊ သူ့အသက် သူ့အရွယ်နဲ့ကို မလိုက်တော့ဘူး" ဟု စဉ်းစားနေမိ၏။ တဖန်...

"အင်း၊ သူ့မှာ ရည်းစားရှိနေပြန်ပြီ ထင်တယ်" ဟု တွေးမိပြန်၏။ သို့ရာတွင် ပါဗယ်၌ ရည်းစား မရှိနိုင်၊ ရည်းစားထားရသည်မှာ မလွယ်ကူ၊ ပိုက်ဆံ အကုန်အကျ ခံရ၏။ ယခုမူ သူရသမျှ ပိုက်ဆံကို သူ့မိခင်အား အကုန်ပုံအပ်လျက် ရှိလေသည်။ ပါဗယ်၏မိခင်သည် သူ့သားနှင့် ပတ်သက်၍ ဟိုဟိုဒီဒီ စဉ်းစားလိုက်၊ တွေးလိုက်၊ တခုခုကို ကြောက်လိုက်၊ စိုးရိမ်လိုက်နှင့် သားအမိ နှစ်ယောက် ငြိမ်ငြိမ်သက်သက် နေထိုင်လာခဲ့ကြသည်မှာ သတင်းများ၊ လများ ကုန်မှန်းမသိ ကုန်လာခဲ့သဖြင့် ကာလအားဖြင့် ၂ နှစ်ပင် ရှည်ကြာခဲ့လေပြီတည်း။

အခန်း လေး

တညခင်း၌ ပါဗယ်သည် သူ့အခန်းတွင်းမှ ပြတင်းပေါ်၌ ခန်းဆီးကို ဆွဲချ၍ သူထိုင်နေကျ ကုလားထိုင်ပေါ်မှ ချိတ်တွင် သံဖြူ မီးအိမ်တလုံးကို ဆွဲချိတ်ပြီး အခန်းထောင့်ထဲ၌ စာထိုင်ဖတ်လေ၏။ သူ့မိခင်သည် အိုးခွက် ပန်းကန်များကို ဆေးကြောပြီး မီးဖိုခန်းထဲမှ ထွက်လာကာ သူ့အနားသို့ တဖြည်းဖြည်း သွားလေ၏။ သူ့မိခင်အနားသို့ ရောက်လာလျှင် ပါဗယ်သည် ခေါင်းကိုမော်၍ သူ့မိခင်အား "ဘာများလုပ်ချင်လို့ လာတာပါလိမ့်" ဟူသော သိချင်သည့် သဘောဖြင့် မော်ကြည့်လိုက်၏။

ထိုအခါ သူ့မိခင်က "ဘာမှ မဟုတ်ပါဘူး သားရယ်" ဟု ပြောကာ ထိတ်လန့် စိုးရိမ်မှုမကင်းသည့် မျက်နှာထားနှင့် မီးဖိုခန်းထဲသို့ သုတ်သီးသုတ်ပျာနှင့် ပြန်ဝင်သွားလေ၏။ ထိုနောက် တခဏမျှ သူ့စိတ်ထဲ၌ ဖြစ်နေသည့် ထိတ်လန့်မှု၊ စိုးရိမ်မှုတို့ကို အားတင်း၍ ပယ်ဖျောက်ကာ သူ့လက်များကို ဆေးပြီး သူ့သားဆီသို့ ပြန်လာ၍

"သား ဘာတွေများ ဖတ်နေတယ်ဆိုတာကို အမေ သိချင်လို့ပါကွယ်" ဟု ဖြည်းညင်းစွာ မေးလေ၏။ ပါဗယ်သည် သူဖတ်နေသည့် စာအုပ်ကို ပိတ်ကာ...

"အမေ ထိုင်လေ" ဟု ပြောလျှင် သူ့မိခင်သည် လေးလံစွာ ထိုင်ချလိုက်ပြီး အရေးတကြီး ကိစ္စတခုခုကို နားထောင်မည့်လက္ခဏာဖြင့် ကိုယ်ကိုမတ်မတ်ထားကာ နားစွင့်နေလေ၏။

ပါဗယ်သည် သူ့မိခင်ကို မကြည့်ဘဲ လေသံကို နှိမ့်ချလျက် အလွန်တည်ငြိမ်စွာဖြင့်...

"အမေ၊ ကျွန်တော် အစိုးရက မဖတ်ရဘူးလို့ တားမြစ်ထားတဲ့ စာအုပ်တွေကို ဖတ်နေတယ်။ အစိုးရက ဘာပြုလို့ တားမြစ်ထားသလဲဆိုတော့ ဒီစာအုပ်တွေထဲမှာ ကျွန်တော်တို့ အလုပ်သမားတွေအကြောင်းကို ဟုတ်တဲ့မှန်တဲ့အတိုင်း ရေးထားလို့ပဲ ဒီစာအုပ်တွေကို လျှို့ဝှက်ပြီး တိတ်တိတ်ပုန်း ပုံနှိပ်ရတယ်။ တကယ်လို့များ ကျွန်တော့်လက်ထဲမှာ ဒီစာအုပ်တွေ မိရင် ကျွန်တော့်ကို သူတို့က ထောင်ချမှာပဲ။ အမှန်တရားကို သိချင်ရမလား ဆိုပြီးတော့ပေါ့ အမေရယ်၊ အမေ သဘောပေါက်ပြီမဟုတ်လား" ဟု ပြန်၍ ဖြေလိုက်၏။

ပါဗယ်၏စကားကို ကြားလိုက်လျှင် သူ့မိခင်၏ ရင်တွင်း၌ ဆို့တက်သွားလေ၏။ မျက်လုံး အပြူးသားနှင့် သူ့သားကို ကြည့်နေမိ၏။ သို့ရာတွင်

သူ့သားကိုသူ မသိသလို ဖြစ်နေ၏။ သူ့သားအသံသည် လေးနက်လာ၏။ ခံ့ညားထည်ဝါလာ၏။ ယခင်ကထက် ဩဇာနှင့် ပြည့်စုံလာ၏။ သူသည် နှုတ်ခမ်းမွေးနုနုကလေးကို လက်နှင့်ဆွဲ၍ မျက်မှောင်ကြုတ်ကာ အခန်းထောင့်ထဲကို ထူးထူးခြားခြား စိုက်ကြည့်နေ၏။ မိခင်ကမူ သားအတွက် စိုးရိမ်မိ၏။ ကြောက်ရွံ့မိ၏။ သနားလည်း သနားမိလေသည်။ ထိုနောက် ပါဗယ်အား "သားရယ်၊ ဘာပြုလို့ ဒီလိုလုပ်ရတာလဲ" ဟု မေးလေရာ ပါဗယ်သည် သူ့မိခင်ကို မော်ကြည့်ပြီး တည်ငြိမ် ဖြည်းညင်းလှသည့် လေသံဖြင့်

"ကျွန်တော်က အမှန်တရားကို သိချင်လွန်းလို့ပါ" ဟု ပြန်၍ ဖြေလေ၏။

ပါဗယ်၏အသံသည် သိမ်မွေ့၏။ သို့ရာတွင် တည်ငြိမ်၏။ သူ၏မျက်လုံးများထဲ၌လည်း တစုံတခုကို လုပ်လျှင် ဇွဲနပဲ သန်သန်နှင့် မဆုတ်မနစ် လုပ်မည့် အရိပ်အယောင် သန်းလျက်ရှိ၏။ လျှို့ဝှက်သည့် ကြောက်မက်ဖွယ်ရာ အလုပ်တခုခုကို အချိန်ရှိသရွေ့ မဖြစ်မနေ လုပ်တော့မည်ဟု သန္နိဋ္ဌာန် ချထားပြီဟုလည်း သူ့မိခင်သည် သိမြင်သွားလေ၏။ မည်သည့်ကိစ္စမဆို ဖြစ်လာလျှင် ကံစီမံတဲ့အတိုင်း ဖြစ်ရမှာပဲ၊ ဘယ်တတ်နိုင်ပါ့မလဲဟူသော သဘောဖြင့် ငုံ့၍သာ ခံနေလေ့နေထ ရှိခဲ့သော သူ့မိခင်သည် ကျိတ်၍သာ ငိုနေ၏။ ဘာမျှ မပြောနိုင်၊ မဆိုနိုင်လောက်အောင် စိတ်နှလုံး ညှိုးနွမ်း ပူပင်လျက် ရှိနေလေသည်။

ထိုအခါ ပါဗယ်က

"မငိုပါနဲ့ အမေရယ်" ဟု သာယာညင်းပျောင်းစွာ ပြောလိုက်သည်ကို သူ့မိခင်က သူ့အား သူ့သားက သူနှင့် ခွဲခွာတော့မည်ဟု နှုတ်ဆက်နေသည်ဟု ထင်မှတ်နေလေ၏။ တဖန် ပါဗယ်က ဆက်၍

"ကျွန်တော်တို့ နေကြရတဲ့ဘဝကို စဉ်းစားပါဦး အမေရယ်၊ အမေဆိုရင် အခု အသက် ၄၀ တောင် ရှိပြီ။ လောကအကြောင်းနဲ့ ပတ်သက်လို့ အမေ ဘာများသိတာ ရှိသေးတုံး။ အဖေက အမေ့ကို ရိုက်တယ်။ သူတွေ့ရသမျှ ဒုက္ခတွေ၊ သူ့ဘဝအတွင်း သူရင်ဆိုင်နေရတဲ့ ဘဝဒဏ်တွေကို အကုန်လုံး အမေ့အပေါ် ပုံချတော့တာပဲ။ သူ့အပေါ်မှာ တခုခုက ဖိစီးထားတယ်။ ဒါပေမဲ့ သူ့အပေါ်မှာ ဖိစီးနေတာဟာ ဘာလဲလို့ သူမသိဘူး။ နှစ်ပေါင်း ၃၀ တိုင်တိုင် သူဟာ ဒီစက်ရုံထဲမှာ ကျိုးကျိုးနွံနွံနဲ့ ကုန်းရုန်းပြီး ကျွဲလို နွားလို လုပ်ခဲ့တယ်၊ အစက ဒီစက်ရုံထဲမှာ အလုပ်ရုံ ၂ ရုံသာ ရှိခဲ့တယ်။ အခုဆိုရင် အလုပ်ရုံ ၇ ရုံတောင် ရှိနေပြီ အမေရဲ့" ဟု ပြောနေလေ၏။

မိခင်သည် သူ့စကားများကို စိတ်အားထက်သန်စွာနှင့် နားထောင်နေ၏။ သို့ရာတွင် ကြောက်စိတ်တွေ လွှမ်းနေ၏။ ပါဗယ်၏ မျက်လုံးများသည် ချစ်စရာကောင်းသည့် အရောင်ဖြင့် တောက်ပြောင်လျက်ရှိ၏။ စားပွဲပေါ်၌ မှီပြီး မျက်ရည်ကြောင်းတွေ ထင်သည့် သူ့မိခင်၏ မျက်နှာအနီးသို့ ကပ်လျက် သူ ယခုမှ

သိမြင်လာသည့် အမှန်တရားနှင့် ပတ်သက်၍ တရားဦး ဟောနေလေ၏။ သူ သိမြင်နားလည်ထားသည့် တရားတို့ကို လူငယ်တို့၌ ရှိတတ်သည့် အင်အား ဟူသမျှနှင့် လည်းကောင်း၊ မိမိ၏ပညာနှင့် ပတ်သက်၍ ဂုဏ်လည်းယူ၊ မိမိတတ်သိထားသည့် ပညာကိုလည်း အကြွင်းမဲ့ ယုံကြည်နေသည့် ကျောင်းသားတယောက်၏ စိတ်အားထက်သန်မှုနှင့် လည်းကောင်း ပြောပြနေ၏။ သူကား သူပြောပြသည့်စကားတို့ကို သူ့မိခင်၏ စိတ်ထဲ၌ အခိုင်အမြဲ ယုံကြည် စွဲလမ်းသွားစေဖို့ထက် သူ့ကိုယ်သူ သူယခုမှ သိမြင်နားလည်လာသည့် အမှန်တရားနှင့် ပတ်သက်၍ အဘယ်မျှ ပြောနိုင်ဟောနိုင်သည်ကို စမ်းသပ်ကြည့်ချင်သည့် ဇောက ပို၍ ပြင်းပြနေလေ၏။

သူပြောပြနေသည့်စကားတို့ကို နားထောင်ရင်း သူ့မိခင်၏မျက်နှာသည် တစုံတခုကို နာကြည်းသည့်အသွင်ကို ဆောင်လာ၏။ မျက်လုံးများထဲ၌လည်း မျက်ရည်များ ဝဲလာ၏။ ထိုမျက်ရည်များ ဝဲနေသည့် မျက်လုံးအိမ်များထဲမှပင် အံ့သြခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် သူ့အား စိုက်ကြည့်နေလေ၏။ ထို့နောက် သူပြောရမည့်စကားတို့ကို ရှာမရသဖြင့် စကားပြောကိုရပ်ကာ သူ့မိခင်အား ကြည့်လိုက်သောအခါ စိတ်နာကြည်းနေသည့် သူ့မိခင်၏မျက်နှာနှင့် သူ့အား စိုက်ကြည့်နေသည့် ကရုဏာဓာတ်ဖြင့် တောက်ပြောင်နေသော သူ့မိခင်၏မျက်လုံးတို့ကို ကောင်းစွာသတိထားမိလေ၏။ သူ့မိခင်အတွက် ဝမ်းနည်းမိ၏။ တဖန်ဆက်၍ စကားပြောပြန်ရာ သူ့မိခင်အကြောင်းကိုသာ ပြောမိလေတော့သည်။

သူက သူ့မိခင်အား -

"ကဲ အမေ၊ အမေနေခဲ့ရတဲ့ဘဝမှာ ပျော်စရာရွှင်စရာ ဘာများတွေ့ခဲ့ဖူးတုံး၊ အမေ့ဘဝ တလျှောက်မှာ ကောင်းတာရယ်လို့ ဘာများ အမေ မှတ်မိသားမိတုံး။ ကဲ ပြောစမ်းပါ၊ သား သိပါရစေ" ဟု မေးလိုက်သောအခါ သူ့မိခင်က သူပြောသမျှကို နားထောင်ပြီး ဝမ်းနည်းစွာနှင့် ခေါင်းကို ခါနေလေ၏။ သူ့စိတ်ထဲ၌လည်း ဝမ်းမြောက်ခြင်း၊ စိတ်နာကြည်းခြင်း ဟူသော တရားနှစ်ပါးသည် ရောထွေးယှက်တင် ဖြစ်နေ၏။ ဤတရားနှစ်ပါးက သူ၏ နာကျင်နေသော အသည်းနှလုံးကို သက်သာအောင် ဖန်တီးပေးနေကြ၏။ သူ့အား မည်သူကမျှ သူ့ဘဝအကြောင်း နှင့် ပတ်သက်၍ မပြောခဲ့ဖူးပေ။ သူ့သား ပြောလိုက်သည့်စကားများက သူ ကာလအတန်ကြာ မေ့ပျောက်နေခဲ့သည့် ဝိုးတိုးဝါးတား အတွေးအခေါ်တို့ကို အစဖော်ပေးလျက်ရှိ၏။ သူ ငယ်စဉ်က တွေးခေါ်ခဲ့သည့် အတွေးအခေါ်များနှင့် ခံစားခဲ့ရသည့် ခံစားချက်တို့သည် မိုးဦးကျ မြက်ပင် ကလေးများ ပြန်ထလာသကဲ့သို့ အသစ်တဖန် ဖြစ်နေပြန်၏။ သူ ငယ်စဉ်က သူ၏သူငယ်ချင်း မိန်းကလေး အပေါင်းအဖော်တို့အား ဘဝအကြောင်းနှင့်

ပတ်သက်၍ ပြောခဲ့ဖူး၏။ ဘဝနှင့် ပတ်သက်သည့် အရေးကိစ္စ ဟူသမျှကို ရှည်ရှည်လျားလျား ပြောခဲ့ကြဖူး၏။ သို့ရာတွင် သူနှင့်တကွ သူ့မိတ်ဆွေအားလုံးသည် ညည်းရုံသာ ညည်းကြည့်ကြ၏။ သူတို့ ဘဝ အဘယ်ကြောင့် ကျပ်တည်းဆင်းရဲရသနည်း ဟူသောအကြောင်းကို မရှာခဲ့ကြဖူးချေ။ ယခုမူ သူ့သားသည် သူ့ရှေ့တွင် ထိုင်လျက်ရှိပြီး သူ့သား၏မျက်လုံးများ၊ မျက်နှာ အမူအရာနှင့် သူ့စကားတို့အားလုံးက သူ့စိတ်ကို အလွန်ထိခိုက် လှုပ်ရှားစေခဲ့၏။

သူ့သားသည် သူ့ဘဝကို ကောင်းကောင်းနားလည်၏။ သူ့ဘဝတွင် သူ တွေ့ကြုံ ဆုံစည်းခဲ့ရသည့် ဒုက္ခတွေ၊ အနိဋ္ဌာရုံတွေအကြောင်းကို သူ့အား ပြောပြနေ၏။ သူ့ကို သနားလည်း သနား၏။ ထို့ကြောင့် သူသည် သူ့သားနှင့် ပတ်သက်၍ ဂုဏ်အယူကြီး ယူမိလေသည်။

လူ့လောကတွင် မိခင်တို့ကို သနားခဲ၊ ကြင်နာခဲကြ၏။

သူသည် ဤအချက်ကို သိ၏။ အမျိုးသမီးများနှင့် ပတ်သက်၍ ပါဗယ် ပြောပြသည့် စကားအားလုံးသည် ခါးလည်း ခါးသီး၏။ လူအများသိထားသည့် အမှန်တရားလည်း ဖြစ်၏။ ဤစကားတို့ကြောင့် သူ့စိတ်ထဲ၌ ဝေဒနာ အမျိုးမျိုး ပေါ်ပေါက်လာရာ ဤဝေဒနာတရားတို့၏ ထူးခြားလှသည့် နူးညံ့သိမ်မွေ့မှုကြောင့် သူ၏စိတ်ဓာတ်သည် နေထိသည့် ဖယောင်းသားသဖွယ် ပျော့ပျောင်း အိညက်၍ သွားလေတော့သည်။

ထို့နောက် သူသည် ပါဗယ် ပြောနေသည့်စကားကို ဖြတ်လျက် “ကဲ ဒါဖြင့် ငါ့ သား ဘာလုပ်မလဲ” ဟု မေးလေ၏။ ထိုအခါ ပါဗယ်က “အမေ ကျွန်တော်ကတော့ ပထမဦးဆုံး လေ့လာမယ်၊ ပြီးတော့ သည့်ပြင်လူတွေကို သိလာအောင်၊ မြင်လာအောင် ဟောမယ်၊ ပြောမယ် လမ်းညွှန်မယ်။ ကျွန်တော်တို့ အလုပ်သမားတွေဟာ လေ့လာကြရမယ်။ ကျွန်တော်တို့ နေကြရတဲ့ဘဝဟာ ဘာပြုလို့ ဒီလောက်တောင် ကျပ်တည်းခက်ခဲရသလဲဆိုတာကို သိအောင်၊ နားလည်အောင် လုပ်ရမယ် အမေ” ဟု ပြန်ပြောလေ၏။

အမြဲတမ်း စူးရှပြင်းထန်လျက်ရှိသည့် သူ့သား၏ မျက်လုံးပြာကြီးများထဲ၌ အသိမ်မွေ့ဓာတ်၊ အကြင်နာဓာတ်များ ယခုကိန်းဝပ်လျက်ရှိသည်ကို မြင်ရသောအခါ သူသည် ဝမ်းမြောက်မိ၏။ သူ၏တွန့်နေသော ပါးရေများအကြား၌ မျက်ရည်များ ယိုစီးနေသော်လည်း သူ့နှုတ်ခမ်းများက ပြုံးနေ၏။ တဖက်မှ ဘဝ၏ ခါးသီးပြင်းထန်မှုကို ဤမျှ သိမြင်နားလည်နေသည့် သူ့သားအတွက် သူသည် ဂုဏ်ယူမိ၏။ အခြားတဖက်မှလည်း သူကိုယ်တိုင် အပါအဝင် လူတိုင်းက ယခု သူတို့ နေကြထိုင်ကြရသည့်ဘဝအား ပြုပြင် ပြောင်းလဲဖန်တီး၍ ရစကောင်းသည့် တရားမဟုတ်ဟု တထစ်ချ ယုံကြည်စွဲမှတ်ထားသည့်ဘဝကို သူတယောက်တည်း

တကိုယ်တည်း တိုက်ခိုက် တွန်းလှန်မည်ကိုလည်းကောင်း၊ သူသည် ယခုတိုင် အသက်အရွယ်အားဖြင့် နုနယ်သေးသည်ကို လည်းကောင်း၊ သူသည် အခြားမည်သူနှင့်မျှ မတူသော စကားတို့ကို ပြောဆိုနေသည်ကို လည်းကောင်း သိမြင်နေ၏။ ဤဂုဏ်ယူမှုနှင့် ဤအသိအမြင်တို့အကြား၌ သူသည် သူ့သားအတွက် ဘာလုပ်ရမည်၊ ဘာကိုင်ရမည်ကို မသိချေ။ ထို့ကြောင့် ပါဗယ်အား...

"ဒါပေမဲ့ သားရယ်၊ ဒါတွေကို သားတယောက်တည်း ဒိုင်ခံပြီး လုပ်နိုင်ပါ့မလား" ဟု မေးလိုက်ချင်၏။

ပါဗယ်သည် သူတတ်သမျှ သိသမျှတို့ကို သူ့မိခင်အား ဖွင့်ပြောထားပြီးပြီ ဖြစ်၏။ သူ့မိခင်ကမူ သူ့သဘောနှင့် သူ့အကြောင်းကို လုံးလုံးနားမလည်ရှာချေ။ ထို့ကြောင့် အထက်ပါ မေးခွန်းကို မမေးလိုက်တော့ချေ။

ပါဗယ်သည် သူ့မိခင်ပြုံးနေပုံ၊ သူ့အပေါ်၌ အာရုံစူးစိုက်၍ ကြည့်နေပုံနှင့် သူ့အား မေတ္တာစေတ်ဖြင့် ကြည့်နေပုံတို့ကို အကဲခတ်၍ လေ့လာမိ၏။ ထိုကြောင့် သူ့မိခင်သည် သူ၏ ဟောပြောချက်ဖြင့် သူတိုက်ပွဲဆင်နေသည့် အမှန်တရားကို ကောင်းစွာ သဘောပေါက်သွားပြီဟု ယုံကြည်သွားလေ သည်။

သူပြောပြလိုက်သည့် စကားများထဲ၌ အားပါသဖြင့် သူသည် ဂုဏ်ယူမိ၏။ ထို့ကြောင့် သူ့ကိုယ်သူလည်း ပို၍ ယုံကြည်လာမိ၏။ သူသည် တခါတရံ ပြင်းပြင်းထန်ထန်လည်းကောင်း၊ တခါတရံ ပြုံးလျက်လည်းကောင်း၊ တခါတရံ မျက်မှောင်ကြုတ်လျက်လည်းကောင်း သူ့မိခင်အား ပြောနေ၏။ တခါတရံ သူ့အသံသည် ဒေါသစေတ်၊ အမုန်းစေတ်တို့ဖြင့် တုန်ယင်လာသောအခါ သူ့မိခင်သည် ကြောက်ရွံ့လာမိ၏။ ထိုအခါမျိုး၌ သူ့အသံသည် အလွန်လည်း မာကျောပြီး အလွန့်လည်း စူးရှလှကား မိခင်သည် ဦးခေါင်းကို ယမ်းကာ

"ဖြစ်နိုင်ပါ့မလား သားရယ်" ဟု ဖြည်းညင်းသာယာစွာ မေးတတ်၏။

ဤကဲ့သို့မေးလျှင် ပါဗယ်က ခိုင်မြဲသည့် ယုံကြည်ချက်နှင့်

"ဖြစ်နိုင်ပါတယ် အမေရဲ့" ဟု ပြန်ဖြေတတ်ပြီး ကောင်းသည့်၊ မွန်မြတ်သည့် အလုပ်တို့ကို အလွန်လုပ်လို၊ ဆောင်ရွက်လိုကြသည့် လူများရှိကြောင်း၊ ဤလူများသည် ပြည်သူလူထု အကြား၌ အမှန်တရားကို မျိုးစေ့ချလျက်ရှိကြောင်း၊ ဤကဲ့သို့ အမှန်တရားကို ပြည်သူလူထုတို့ သိမြင်နားလည်လာအောင် ဟောပြောသည့် အပြစ်နှင့်ပင် ပြည်သူလူထု၏ ရန်သူများက တိရစ္ဆာန်များသဖွယ် လိုက်လံဖမ်းဆီးပြီး အကျဉ်းထောင်များထဲ၌ ချထားပုံ၊ ပြင်းပြင်းထန်ထန် အပြစ်ဒဏ်ပေးပုံတို့ကို ပြောပြလေ၏။

ထိုနောက် တဖန်... “ကျွန်တော် ဒီလူတွေကို သိတယ်။ သူတို့ကမှ ကမ္ဘာ့အနှစ်သာရတွေပဲ အမေရဲ့” ဟု ပြင်းပြင်းထန်ထန် လက်မောင်းတန်း၍ ပြောနေပြန်၏။

ပါဗယ်ပြောသည့် ဤလူတွေအကြောင်းကို ကြားလိုက်လျှင် အမေသည် ထိတ်လန့် တုန်လှုပ် သွားမိ၏။ တဖန် သူ့သားအား “သူတို့ကြိုးပမ်းနေကြသည့် အရေးသည် အောင်မြင်နိုင်ပါ့မလား” ဟု မေးလိုက်ချင်ပြန်၏။ သို့ရာတွင် မမေးဝံ့ချေ။ ဤကဲ့သို့ အစိုးရအပြစ်ဒဏ်နှင့် မကင်းသည့် အကြောင်းအချက်တို့ကို သူ့သား တွေးတတ် ခေါ်တတ်အောင်၊ ပြောတတ် ဟောတတ်အောင် သင်ပြပေးကြသည့် ဤလူများသည် အဘယ်ကြောင့် ဤကဲ့သို့သော အလုပ်မျိုးကို လုပ်နေသည် ကို သူသည် သဘောမပေါက်နိုင်၊ နားမလည်နိုင်ချေ။ ထို့ကြောင့် ပါဗယ်က သူတို့အကြောင်းကို ပြောပြလျှင် သူသည် အသက်ကိုပင် ပြင်းပြင်းမရှူဘဲ နားထောင်နေတတ်လေသည်။ ဤကဲ့သို့ သူ့သားပြောသည့်စကားများကို မိခင်က နားထောင်ရင်း အချိန်ကုန်သွားမှန်းမသိ ကုန်သွားရာ နောက်ဆုံး မိခင်က ပါဗယ်အား

“အို ဒါနဲ့ မိုးတောင်လင်းတော့မယ်။ ကဲ သားရယ် အိပ်ရာထဲသွားပြီး တရေးတမောတော့ အိပ်လိုက်ဦးကွဲ့” ဟု ပြောရာ ပါဗယ်က

“သားအိပ်ပါတော့မယ် အမေ” ဟု ပြော၍ သူ့မိခင်ဘက်သို့ ကုန်းလျက်

“ဒါပေမဲ့ သားပြောတာကို အမေ နားလည်ရဲ့လား” ဟု မေးလျှင် သူ့မိခင်က

“အေး နားလည်ပါတယ် သားရယ်” ဟု သက်ပြင်းချ၍ ပြန်ဖြေလေ၏။ တဖန် မျက်ရည်များ လည်လာ၍ ရုတ်တရက် ငိုယိုကာ

“အဲဒါကတော့ သားပျက်စီးဖို့ရာပဲ” ဟု ပြောနေလေ၏။

ပါဗယ်သည် မတ်တတ်ရပ်၍ အခန်းကို ဖြတ်သွားပြီး သူ့မိခင်အား

“ကဲ အမေ၊ အခု သားဘာလုပ်နေတယ် ဆိုတာရယ်၊ ဘယ်သွားတယ်ဆိုတာရယ်ကို အခု အမေ သိပြီပဲ။ သား အမေ့ကို အကုန်လုံးလည်း ပြောပြီးပါပြီ၊ အဲဒီတော့ အမေ သားကိုချစ်ရင် သားလုပ်တဲ့အလုပ်ကို မပိတ်ပင်ပါနဲ့တော့။ အမေ့ကို သား တောင်းပန်ပါတယ်” ဟု ပြောလျှင် သူ့မိခင်က

“အမယ်လေး အမေချစ်လှတဲ့သားရယ်၊ သား ဒါတွေ အမေ့ကို မပြောဘဲ ထားတာကမှ ကောင်းလိမ့်ဦးမယ်နော်” ဟု ငို၍ပြန်ပြောနေလေ၏။

ပါဗယ်သည် သူ့မိခင်၏လက်ကို ကိုင်၍ အတင်း ညှစ်ထားလေ၏။ သူ့သားက သူ့အား ချစ်ခင်ကြင်နာစွာနှင့် ‘အမေ’ ဟု ခေါ်လိုက်ပြီး သူ့လက်ကို

တခါမျှ မညစ်စဖူး ညစ်ကိုင် ထားလိုက်ခြင်း ခံလိုက်ရသည့်အတွက် သူသည် ပီတိများပင် ဖြာနေမိလေတော့သည်။

ထို့နောက် ပါဗယ်အား အလွန်ဝမ်းနည်းကြေကွဲလှသော လေသံနှင့် "အမေ မပိတ်ပင်ပါဘူး သားရယ်။ ဒါပေမဲ့ သတိတော့ထားပါ။ သတိကိုတော့ ဘယ်တော့မှ မလွတ်ပါစေနဲ့ သားရယ်"

ဟု ပြောပြီးနောက် တဖန်ဆက်၍ အလွန်ပူပန်လှစွာ

"သားဟာ တနေ့တခြား ပိန်ပိန်လာတယ်ကွယ့်" ဟု ပြောပြန်ကာ အရပ်အမောင်း မြင့်မား၍ သန်မာတောင့်တင်းသည့် သူ့သားကို ချစ်ခင်စွာ ကြည့်လျက်

"သားရယ်၊ သားကောင်းတယ် ထင်သလိုလုပ်ပါ။ အမေက သားလုပ်တဲ့အလုပ်ကို ပိတ်ပင်လိမ့်မယ်လို့တော့ ဘယ်တော့မျှ မထင်နဲ့နော်။ ဒါပေမဲ့ သားကို အမေ တခုတော့ တောင်းပန်ပါရစေ၊ သားစကားပြောတဲ့အခါ လူကြည့်ပြောနော်။ လူတွေက ကြောက်စရာ ကောင်းတယ်။ လူတွေဟာ တယောက်နဲ့တယောက် မုန်းကြတယ်၊ ရွံ့ကြတယ်၊ သူတို့ဟာ လောဘကြီးတယ်။ တယောက်နဲ့ တယောက်လည်း နစ်နာအောင်၊ ထိခိုက်အောင် လုပ်ချင်ကြ တယ်။ သားက သူတို့ကို လက်ညှိုးထိုးပြီး ဒါတွေ ဒါတွေကို ခင်ဗျားတို့တတွေဟာ ကျူးလွန်နေကြတယ်လို့ စွပ်စွဲလိုက်တာနဲ့ တပြိုင်နက် သားကို သူတို့က မုန်းပြီး သတ်ပစ်ချင်ကြလိမ့်မယ်" ဟု ပြောနေလေ၏။

ပါဗယ်သည် တံခါးဝ၌ရပ်လျက် သူ့မိခင်၏ စိုးရိမ်သောကကြီးစွာသော စကားတို့ကို နားထောင် နေ၏။ သူ့မိခင် စကားဆုံးသောအခါ သူသည် ပြုံး၍

"အမေပြောတာ မှန်ပါတယ်။ လူတွေဟာ မကောင်းဘူး၊ ဒါပေမဲ့ အမှန်တရားကို သိမြင်လာတဲ့ အခါ လူတွေဟာ ပိုပြီး ကောင်းလာပါတယ်" ဟု ပြန်ပြောပြ၏။ တဖန် ပြုံးရင်း

"သားဟာ ဘယ်လိုဖြစ်လာတယ်တော့ မသိဘူး၊ ဒါပေမဲ့ သား ငယ်ငယ်တုန်းကတော့ လူတိုင်းကို ကြောက်တယ်။ အဲဒီနောက် သားကြီးလာပြန်တော့ သားဟာ လူတိုင်းကို မုန်းလာပြန်တယ်။

တချို့ကိုတော့ တိရစ္ဆာန်တွေလို ရိုင်းစိုင်းလို့ပဲ။ တချို့ကိုတော့ ဘာ့ကြောင့်ရယ်လို့ မသိဘူး မုန်းနေတော့တာပဲ။ အခုတော့ အစစပြောင်းလဲနေပါပြီ။ သားဟာ လူသားတွေကို ချစ်လာပြီး သူတို့အတွက် ဝမ်းနည်းလာလို့ ဒီလိုပြောင်းလဲတာပဲ ထင်ပါရဲ့။ ဒီလို တိရစ္ဆာန်တွေလို လူတွေဟာ ရက်စက်

ရိုင်းစိုင်းလာတဲ့အတွက် သူတို့ကိုချည်း အမြဲတမ်း အပြစ်တင်နေလို့ မဖြစ်ဘူးဆိုတာကို မြင်လာတဲ့အခါမှာ သားရဲ့အသည်းနှလုံးဟာ နူးညံ့သိမ်မွေ့သွားတာပဲ အမေ” ဟု ပြောရင်း သူ့အား တစုံတယောက်က ဆီး၍ပြောနေသည့်အသံကို နားထောင်နေဘိသကဲ့သို့ ခေတ္တ တရပ်နေပြန်၏။ ထိုနောက် လေးလေးနက်နက် စဉ်းစားလျက် တည်ငြိမ်စွာ

“အဲဒါ အမှန်တရားကို သိမြင်လာလို့ ပြောင်းလဲလာတဲ့ ပြောင်းလဲမှုပဲ အမေ” ဟု ပြောလိုက်ပြန်၏။ ထိုအခါ သူ့မိခင်က သူ့အား တချက်မျှ ကြည့်ပြီး

“အလိုလေး ဘုရားဘုရား၊ အမေ့သားတော့ အလွန်အန္တရာယ်ကြီးတဲ့ ပြောင်းလဲမှုကို ရနေပါပကောလား” ဟု ရေရွတ်နေလေ၏။

ထို့နောက် ပါဗယ်သည် အိပ်ရာထဲသို့ဝင်၍ အိပ်ပျော်သွားသောအခါ သူ့မိခင်သည် အိပ်ရာမှထကာ သူ့ထံသို့ ဖြည်းညင်းစွာ သွားလေ၏။ ပါဗယ်သည် ပက်လက်လှန်ကာ အိပ်ပျော်လျက်ရှိရာ ခေါင်းအုံးဖြူဖြူပေါ်မှ သူ့မျက်နှာညိုညိုသည် ပို၍ ပေါ်လွင်နေလေ၏။ မိခင်သည် သူ့သားအနီး ဖိနပ်မပါ ညဝတ်ဝတ်စုံကို ဝတ်လျက် ရပ်နေ၏။ သူ့လက်များနှင့် ရင်ကို မပြီး သူ့ပါးစပ်မှ တစုံတခုကို ရေရွတ်နေသော်လည်း ဘာသံမျှ မကြားရပေ။ သူ့ပါးပြင်ပေါ်၌မူ မျက်ရည်ပေါက်ကြီးများသည် တလိမ့်လိမ့် ယိုစီးလျက် နေလေသတည်း။

အခန်း ငါး

တဖန် ပါဗယ်နှင့် သူ၏မိခင်တို့သည် တယောက်နှင့် တယောက် စကားများများ မပြောဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် နေကြပြန်၏။ သူတို့ချင်း ဤကဲ့သို့ ခပ်ခွာခွာ နေကြသော်လည်း တဦးအပေါ်တဦး ယခင်ကထက်ပင် သံယောဇဉ်ကြီးနေကြ၏။

အလုပ်ရုံပိတ်သည့် သီတင်းလယ် နေ့တနေ့၌ ပါဗယ်သည် နေအိမ်မှ မထွက်မီ သူ့မိခင်အနီးသို့ သွားကာ

"စနေနေ့ကျရင် မြို့က တချို့လူတွေ သားဆီကိုလာကြလိမ့်မယ် အမေ" ဟု ပြောလိုက်သောအခါ

"မြို့ကတဲ့ ဟုတ်လား" ဟု သူ့မိခင်က ပြန်မေးပြီး ညည်းနေလေရာ ပါဗယ်က

"ဘာဖြစ်ရတာလဲ အမေ" ဟု စိတ်ခပ်တိုတိုနှင့် ပြန်မေးလေ၏။

သူ့မိခင်သည် မျက်ရည်များကိုသုတ်လျက် သက်ပြင်းတချက် ချကာ

"အမေကတော့ ဘာမှလည်းမသိဘူး၊ ဘာရယ်လို့လည်း ထူးထူးခြားခြား မဟုတ်ပါဘူး" ဟု ပြန်ပြောလေ၏။ ပါဗယ်က

"အမေက ကြောက်သလား" ဟု မေးသောအခါ သူက ကြောက်သည်ဟု အတိအလင်း ဝန်ခံလိုက်၏။

ထိုအခါ ပါဗယ်သည် သူ့မိခင်ဘက်သို့ ကိုယ်ကို ကိုင်းညွတ်ပြီး သူ၏ဖခင် ဟန်ပန်မျိုးနှင့်

"အမေ၊ သားတို့ကို ဖျက်ဆီးနေတာ ဒီကြောက်စိတ်ပဲ။ သားတို့ အမေတို့ ကြောက်ကြတာကို အခွင့်ကောင်းယူပြီး ကျွန်တော်တို့အပေါ်မှာ သခင်လုပ်နေကြတဲ့လူတွေက ကျွန်တော်တို့ အပေါ်မှာ အနိုင်ကျင့်ချင်တိုင်းကျင့်ပြီး ဗိုလ်အကျကြီး ကျနေကြတာပေါ့" ဟု လေသံခပ်ပြင်းပြင်း နှင့် ပြောလိုက်လေ၏။

ထိုအခါ သူ့မိခင်က စိတ်မချမ်းမသာနှင့်

"သားရယ် စိတ်မဆိုးပါနဲ့၊ မကြောက်ဘဲ ဘယ့်နှယ်နေနိုင်ပါ့မလဲ။ အမေ့အမေဟာ တဘဝလုံးဟာ ကြောက်ချည်းလာခဲ့ရတာကိုး၊ အမေ့ရင်တွင်းမှာ အကြောက်တရားကပဲ ဖုံးနေတာပဲ" ဟု ညည်းညူနေလေ၏။ သူ့မိခင်

ညည်းညူနေသံကို ကြားသောအခါ ပါဗယ်က လေသံပျော့ပျော့နှင့်

"အမေ့အတွက် သားစိတ်မကောင်းပါဘူး အမေရယ်။ ဒါပေမဲ့ နည်းကတော့ ဒီတနည်းပဲ ရှိတော့တယ်" ဟု ပြန်ပြောကာ ထွက်သွားလေ၏။

အမေသည် သုံးရက်လုံးလုံး ကြောက်နေ၏။ တုန်တုန်ယင်ယင် ဖြစ်နေ၏။ သူ့အိမ်သို့လာကြမည့် ထူးဆန်း၍ ကြောက်မက်ဖွယ်ရာမကင်းသည့် လူများအကြောင်းကို စဉ်းစားမိတိုင်း သူ့ရင်တွင်း၌ ထိတ်ထိတ်သွား၏။ အင်း၊ ဒီလူစုပဲ သူ့သားကို လမ်းညွှန်နေကြတာ။

စနေနေ့ ညနေ၌ ပါဗယ်သည် အလုပ်ရုံမှ ပြန်လာခဲ့၏။ ရေမိုးချိုးပြီး အဝတ်များကိုလဲ၍ ထွက်သွားပြန်၏။ သို့ထွက်မသွားမီ သူ့မိခင်အား မကြည့်ဘဲ တခြားသို့ လှည့်ကာ

"အမေ၊ တယောက်ယောက်များ လာလို့ရှိရင် သား ပြန်လာလိမ့်မယ်လို့ ပြောလိုက်ပါ။ ပြီးတော့ အမေလည်း ကြောက်မနေပါနဲ့" ဟု ပြောလိုက်၏။

အမေသည် ခုံရှည်ပေါ်သို့ ပင်ပန်းအားနည်းစွာ ထိုင်ချလိုက်၏။ ပါဗယ်သည် အမေ့အား စိတ်ချဉ်ချဉ်နှင့် ကြည့်ပြီး "အမေရင်လည်း ကနေ့ည တခြားသွားနေရင် ကောင်းလိမ့်မယ်" ဟု ပြောလိုက်ရာ သူ၏စကားများကြောင့် အမေ့စိတ်ထဲ၌ အတော်ပင် ထိခိုက်သွားလေ၏။ ထို့နောက် အမေက "မသွားပါဘူး၊ ဘာပြုလို့ သွားရမှာလဲ" ဟု ပြန်၍ပြောလေ၏။

အချိန်ကား နိုဝင်ဘာလကုန်ခါနီး ဖြစ်၏။ နေ့အခါ၌ ဆီးနှင်းများကျ၍ ထိုဆီးနှင်းခဲများပေါ်၌ နင်းသွားသည့် ပါဗယ်၏ခြေသံတို့ကို အမေသည် ကြားနေရ၏။ စိတ်မချမ်းမြေ့စရာ အမှောင်ထုသည် သူတို့အိမ်ကို ဖုံးအုပ်လာရာ အမေသည် ခုံရှည်ကို လက်နှစ်ဖက်ဖြင့် တအားဆုပ်၍ ကိုင်ထားရင်း ထိုင်နေရာမှ တံခါးကိုသာစိုက်၍ ကြည့်နေလေ၏။

သူ့သားကို လမ်းညွှန်နေကြသည့် ဆိုးရွားသော လူတို့သည် အဝတ်များကို ထူးထူးဆန်းဆန်း ဝတ်ဆင်ကြလျက် အမှောင်ထုအတွင်းမှ ခိုးကြောင်ခိုးဝှက် လာနေကြသည်ဟု အမေသည် စိတ်ကူးနေမိ၏။ ထိုအတွင်း လူတဦးတယောက်သည် အိမ်ထရံများကို လက်နှင့်စမ်းလျက် အိမ်ကိုပတ်၍ သွားနေလေသည်။

အမေသည် လူတယောက် လေချွန်နေသံကို ကြား၏။ ကြေကွဲစရာ သာယာလှသည့် လေချွန်သံ ကလေးသည် ငြိမ်သက်လှသော အမှောင်ထုအတွင်း၌ တစုံတခုကို ရှာပုံတော် ဖွင့်နေသကဲ့သို့ ရှိနေရာမှ နီးသည်ထက် နီးကပ်လာလေ၏။

ထို့နောက် ထိုအသံကလေးသည် ထရံပျဉ်ပြား များထဲ၌ မြုပ်ထားလိုက်သကဲ့သို့ အိမ်ပြတင်းပေါက်နားသို့ရောက်သောအခါ ပျောက်သွားလေ၏။

အိမ်အဝင်ဝမှ ဖိနပ်ရုပ်တိုက်သံများ ကြားလိုက်လျှင် အမေသည် ရင်ထဲ၌ ရုတ်တရက် ထိတ်လန့်သွားပြီး မျက်ခုံးကိုချီ၍ ကြည့်နေမိလေ၏။

တံခါးပွင့်သွားပြီး ခေါင်းစွပ်ကြီးတခုကို ဆောင်းထားသည့် ဦးခေါင်းတခု ပြူဝင်လာ၏။ ထို့နောက် အရပ်ခပ်ရှည်ရှည် လူတယောက်သည် ကုန်းဝင်လာ၍ အိမ်ထဲသို့ ရောက်သောအခါ မားမားမတ်မတ် ရပ်လိုက်၏။ ထိုလူက လက်ယာဘက်လက်ကို မြှောက်၍ ကျယ်လောင်သော အသံနှင့် "မင်္ဂလာရှိသော ညနေခင်းပါခင်ဗျာ" ဟု နှုတ်ဆက်လိုက်လျှင် အမေက ဘာမျှ စကားပြန်မပြောဘဲ ကိုယ်ကို အနည်းငယ် ညွှတ်လိုက်၏။ တဖန် ဧည့်သည်က....

"ပါဗယ်ရှိပါသလားခင်ဗျာ" ဟု မေးပြန်၍ သားမွေးအကျီကို တဖြည်းဖြည်း ချွတ်လိုက်၏။ ခြေထောက်တဖက်ကို မြှောက်ကာ သူ၏ ခေါင်းစွပ်ဖြင့် သူ့နဖူးမှ ဆီးနှင်းများကို ခါလိုက်ပြီး တဖန် နောက်တဖက်ကို ခါပြန်၏။ ထို့နောက် ခေါင်းစွပ်ကို ထောင့်ထဲသို့ပစ်၍ အခန်းအလယ်၌ ဖြည်းညင်းစွာ လမ်းလျှောက်နေရာမှ ကုလားထိုင်တလုံးပေါ်သို့ ထိုင်လိုက်၏။ လက်တဖက်ဖြင့် ပါးစပ်ကိုပိတ်လျက် သမ်းဝေနေပြန်၏။ သူ၏ခေါင်းသည် အချိုးကျ၏။ ဆံပင်ကိုလည်း ခပ်တိုတိုပင် ညှပ်ထား၏။ အောက်သို့ ကုတ်ကျနေသော နှုတ်ခမ်းမွေးမှအပ မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတို့ကိုမူ တပင်မျှမကျန်အောင် ကျကျနန ရိတ်ထား၏။ သူသည် အခန်းကို သူ၏ ပြူးကျယ်သော ပြာမွဲမွဲမျက်လုံးများနှင့် ဂရုတစိုက် အကဲခတ်၍ ကြည့်ပြီးနောက် ကုလားထိုင်ပေါ်၌ ခြေကလိမ် ကွတ်ကာ ရှေ့နောက် ယိမ်းထိုးနေရာမှ...

"ဒီအိမ်က ကိုယ်ပိုင်အိမ်လား၊ ငှားနေတာလားခင်ဗျာ" ဟု မေးလိုက်လျှင် သူနှင့် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိသော အမေက "ငှားတာပါ" ဟု ဖြေလိုက်၏။ ထိုအခါ ထိုလူက "အင်း... နေရာကတော့ တယ်ပြီးမကောင်းလှဘူး" ဟု မှတ်ချက်ချလိုက်၏။ ထို့နောက် အမေက...

"ပါရှာ (ပါဗယ်၏နာမည်) မကြာခင် ပြန်လာပါလိမ့်မယ်၊ ခဏကလေး စောင့်ပါဦး" ဟု ပြောလိုက်လျှင် ထိုလူကျိုးကောင်းလှသည့် ဧည့်သည်က...

"ကျွန်တော် စောင့်နေပါမယ် ခင်ဗျာ" ဟု တည်ငြိမ်စွာ ပြန်ပြောလေ၏။

ထိုလူ၏ တည်ငြိမ်မှု၊ ပျော့ပျောင်းသည့် လေသံနှင့် ရိုးသားသည့် မျက်နှာတို့ကြောင့် အမေသည် ကြောက်ရွံ့ခြင်း ကင်းမဲ့သွား၏။ သူ၏မျက်နှာသည် ပွင့်လင်းသည့်အသွင်၊ ခင်မင်ရင်းနှီး တတ်သည့် အသွင်တို့ကို ဆောင်လျက်ရှိပြီး

သူ၏ကြည်လင်သော မျက်လုံးများ၌လည်း ပျော်ရွှင်တတ်သည့် အရိပ်အယောင်တို့သည် ပေါ်လွင်လျက်ရှိကြ၏။ သူသည် ရိုးကြီး သားနည်း ဖြစ်၏။ လက်ပြင် အနည်းငယ် ကုန်း၏။ ခြေတံရှည်၏။ ပုံပန်းသဏ္ဌာန်တခုလုံးကို ခြုံကြည့်လျှင် ချစ်စရာကောင်း၏။ သူသည် အပြာရောင် အင်္ကျီပွပွနှင့် အနက်ရောင် ဘောင်းဘီပွပွတို့ကို ဝတ်ထားပြီး ဘောင်းဘီအောက်ဖျားများကို လည်ရှည် ဖိနပ်ကြီးများထဲသို့ ထည့်ထား၏။ အမေသည် ထိုဧည့်သည်အား ဘယ်သူလဲ၊ ဘယ်က လာရတာလဲ၊ သူ့သားကို သိတာ ကြာပြီလား စသည့် မေးခွန်းတို့ကို မေးချင်၏။ သို့ရာတွင် ဧည့်သည်သည် ရုတ်တရက် ချက်ချင်း သူ့ကိုယ်ကို အမေဘက်သို့ ကိုင်းလျက်

"အမေ... အမေ့မျက်နှာပေါ်က အမာရွတ်ဟာ ဘယ်သူရိုက်လို့ ဖြစ်ရတာလဲ" ဟု မေးနေလေ၏။ သူ၏အသံသည် သာယာပျော့ပျောင်း၏။ မျက်နှာကလည်း ပြုံးလျက် ရှိ၏။ သို့ရာတွင် အမေသည် အနည်းငယ် စိတ်ထဲ၌ ခုသွားပြီး ပါးစပ်ကို မပွင့်တပွင့်နှင့် စကားလုံးအားဖြင့် နူးညံ့သော်လည်း အနည်းငယ် မာကျောသည့် လေသံဖြင့်...

"သူငယ်ရဲ့၊ ဒါက မင်းမေးစရာအလုပ် မဟုတ်ပါဘူး" ဟု ပြန်ပြောလိုက်၏။ ထိုအခါ ထိုဧည့်သည်က အမေ့ဆီသို့ သူ့ကိုယ်ကို ကိုင်းလျက်

"စိတ်မဆိုးပါနဲ့ အမေရယ်။ ကျွန်တော် ဒီလိုမေးမိတာကတော့ ကျွန်တော့်ကို မွေးစားတဲ့ အမေမှာလည်း အမေ့အမာရွတ်မျိုး အမေ့လိုနေရာမှာပဲ ရှိနေလို့ပေါ့။ သူ့အမာရွတ်ကတော့ သူ့ယောကျ်ားကရိုက်လို့ ရထားတဲ့ အမာရွတ်ပါ။ သူ့ယောကျ်ားက ဖိနပ်ချုပ်သမား တယောက် ပါပဲ။ သူ့ယောကျ်ားက ဖိနပ်ပုံနဲ့ ရိုက်ထားတာပေါ့။ ကျွန်တော့်မွေးစားအမေ ခဝါသည်မ၊ သူ့ယောကျ်ားကတော့ ဖိနပ်ချုပ်သမားပါ။ သူတို့ချင်း ဘယ်နေရာမှ တွေ့ကြတယ်လို့တော့ မသိဘူး။ ကျွန်တော့်မွေးစားအမေမှာ ကံဆိုးချင်တော့ သူ့ဖိနပ်ချုပ်သမားက အရက်သမား ဖြစ်နေတာပေါ့။ ဒီလိုဖြစ်ရတာ ကျွန်တော့် မွေးစားပြီးမှပေါ့။ ဖိနပ်ချုပ်သမားက သိပ်ရိုက်တာပဲ။ ကျွန်တော်ကတော့ ကြောက်ချည်းနေတာပဲ" ဟု သူ့မွေးစားမိခင်၏ အဖြစ်အပျက်ကို ယုံယုံကြည်ကြည်နှင့် ပြောနေသဖြင့် အမေသည် အတော်ကလေး စိတ်ထဲ၌ မနေတတ် မထိုင်တတ် ဖြစ်သွားလေ၏။ ထို့နောက် ဤဧည့်သည် လူငယ်အား ခပ်ပြတ်ပြတ် စကား ပြောမိဆိုမိလိုက်သဖြင့် သူ့သား ပါဗယ်က သူ့အပေါ်၌ စိတ်ဆိုးမည်ကို ကြောက်နေမိပြန်၏။

ထို့နောက် သူ့ကိုယ်သူ မလုံသည့်အနေဖြင့် ပြုံးလျက်

"အမေက စိတ်မဆိုးပါဘူးကွယ်၊ ဒါပေမဲ့ မင်းက ဘုမသိဘမသိ ရုတ်ခနဲ မေးလိုက်တော့ အမေက ဘယ်လိုလုပ်ပြီး ပြန်ဖြေလိုက်ရမယ်လို့ မသိတော့ဘူးပေါ့။

အမေကလည်း အမေ့ယောက်ျားက ရိုက်လို့ပဲကွယ့်။ အို... မောင်မင်းကြီးသား ကောင်းရာသုဂတိ လားပါစေ၊ သူငယ်က ကရက်လူမျိုးလားကွယ့်” ဟု မေးလေရာ ညွှေ့သည်က ရုတ်တရက် စုံရပ်လိုက်ပြီး ပြုံးလျက်

“မဟုတ်ပါဘူးခင်ဗျား” ဟု ဖြေလိုက်သောအခါ အမေကလည်း ပြုံးကာ

“ဒါပေမဲ့ မင်းလေသံက ရုရှားလေသံတော့ မဟုတ်ဘူးကွယ့်” ဟု ပြောလေ၏။ ထိုအခါ ညွှေ့သည်က အလွန်ကျေနပ်နှစ်ခြိုက်စွာ

“အဲဒီလေသံက ရုရှားလေသံထက် သာတာပေါ့၊ ကျွန်တော်က ကာနက်(ဗ)နယ်က ယူကရိန်း လူမျိုးပါ” ဟု ပြန်ဖြေလေ၏။ တဖန် အမေက

“ဒီနေရာရောက်နေတာ ကြာပြီလားကွယ့်” ဟု မေးလျှင်

“ဒီမြို့ကို ရောက်နေတာကတော့ တနှစ်လောက်ရှိပါပြီ၊ ဒါပေမဲ့ အလုပ်ရုံထဲ ရောက်နေတာ ကတော့ တလလောက် ရှိပါသေးတယ်။ ဒီမှာ အမေ့သားလို လူတော် လူကောင်းတွေ ရှိကြတယ်။ ဒါကြောင့် ကျွန်တော် ဒီမှာနေမယ်လို့ စိတ်ကူးထားတာပဲ” ဟု သူ၏နှုတ်ခမ်းမွေးကို လက်နှင့် ဆွဲသပ်ရင်း ပြန်ဖြေလေ၏။ အမေက “လက်ဖက်ရည် တခွက်တော့ ဖျော်လိုက်ဦးမယ်လေ” ဟု ဆိုလျှင် သူက ပခုံးကိုတွန့်လျက်

“ကျွန်တော်ချည်း တယောက်တည်း သောက်ရမှာလား၊ တခြားလူတွေ လာအောင် စောင့်ပါဦးလား အမေ။ ပြီးတော့ ကျွန်တော်တို့အားလုံးကို တိုက်တာပေါ့”

အမေသည် သူ့စကားကို ကြားသောအခါ သူ ကြောက်ရွံ့မိခဲ့သည်ကို သတိရပြီး “အင်း၊ ကျန်တဲ့လူတွေကလည်း ဒီသူငယ်လိုပဲဆိုရင်တော့ ကောင်းမှာပဲ” ဟု တွေးနေမိလေ၏။

တဖန် အိမ်ဝဆီမှ ခြေသံများကို ကြားရပြန်၏။ ရှေ့တံခါးသည် ပွင့်သွားပြီး အမေသည် မတ်တတ်ရပ်လိုက်၏။ အခြားလူငယ်တယောက်ပင် ဝင်လာလိမ့်မည်ဟု အမေသည် မျှော်လင့် ထားရာမှ လူတယောက် မဟုတ်ဘဲ အမျိုးသမီးကလေးတယောက်သည် မီးဖိုခန်းထဲသို့ ဝင်လာသဖြင့် အံ့အားသင့်၍ သွားလေ၏။ ထိုမိန်းကလေးသည် ကာယဗလအားဖြင့် သေးငယ်၏။ မျက်နှာကမူ တောင်သူလယ်သမားတယောက်၏ မျက်နှာကဲ့သို့ ရိုးသားသည့် အသွင်ကို ဆောင်နေ၏။ ဆံပင်ကိုမူ ကျစ်ဆံမြီး ထုံးထား၏။ ထိုနောက် မိန်းကလေးက နူးညံ့သိမ်မွေ့စွာ

“ကျွန်မ နောက်များကျနေသလားပဲ” ဟု မေးလျှင် ယူကရိန်းလူငယ်က

“နောက်မကျပါဘူး၊ လာပါလေ” ဟု သူထိုင်နေသည့် အခန်းထဲသို့ လှမ်းခေါ်လိုက်၏။ ထို့နောက် မိန်းကလေးသည် အမေ့ဘက်သို့ လှည့်ကာ

“အမေဟာ ပါဗယ်ရဲ့အမေ မဟုတ်လားရှင်။ မင်္ဂလာရှိသော ညနေခင်းပါ။ ကျွန်မနာမည်က နာတာရှာပါရှင်” ဟု သွက်သွက်လက်လက် နှုတ်ဆက်ရင်း မေးလိုက်ရာ အမေက

“အေး၊ အမေက ပါဗယ်အမေပဲကွဲ့။ ညည်း ဘိုးဘ နာမည်ကကော”

“ဗာဆစ်(လ်)ယက်(ဗ်)နာပါတဲ့။ အမေရဲ့ဘိုးဘ နာမည်ကကော”

“နီလော့(ဗ်)နာတဲ့ကွဲ့။ ဖီလာဂီ-နီလော့(ဗ်)နာပေါ့”

“ကဲ၊ ကျွန်မတို့တတွေဟာ သူစိမ်းတွေ မဟုတ်ကြတော့ဘူးပေါ့ရှင်။ အသိအကျွမ်းတွေ ဖြစ်ကြပြီပေါ့”

“အေးပေါ့ကွယ်” ဟု အမေက မိန်းကလေးအား ကြည့်၍ ပြုံးနေရင်း ပြန်ဖြေလိုက်လေ၏။

ထိုနောက် ယူကရိန်းလူငယ်သည် မိန်းကလေး၏ အပေါ်အင်္ကျီကို ကူ၍ ချွတ်ပေးရင်း

“အေးသလား”

“သိပ်အေးတာပေါ့၊ ကွင်းပြင်ထဲမှာ တိုက်လိုက်တဲ့လေကဖြင့်”

မိန်းကလေး၏အသံသည် စီ၏။ ကြည်လင်၏။ သူ့ပါးစပ်သည် သိပ်မကျယ်။ နှုတ်ခမ်းများသည် စေ့၏။ သူ့ခန္ဓာကိုယ်ကလေးသည် လုံးကျစ်၏။ သူ့မျက်နှာသည် အမြဲရွှင်လန်း ကြည်လင်လျက် ရှိ၏။ သူ၏အင်္ကျီများကို ချွတ်ပြီးနောက် အအေးဓာတ်ဖြင့် နာကျင်နေသော သူ၏လက်များဖြင့် သူ၏ နှင်းဆီရောင်ထနေသော ပါးအို့နီနီကလေးများကို ပွတ်နေပြီးနောက် တဖက်ခန်းထဲသို့ ခပ်သွက်သွက်ကလေး ဝင်သွားလေ၏။

အမေသည် မိန်းကလေးကို ကြည့်ရင်း “အင်း၊ သူကတော့ မိုးကာဖိနပ်ရှည်ကြီးတွေကို မစီးဘူးနော်” ဟု စိတ်ထဲ၌ မှတ်ချက် ချလိုက်၏။

မိန်းကလေးသည် ခိုက်ခိုက်တုန်နေရာမှ

“အမယ်လေး၊ သွေးတွေတောင် ခဲမလားမသိဘူး အေးလိုက်တာ” ဟု ပြောလိုက်၏။

"ကဲ၊ လက်ဖက်ရည်အိုးသွားတည်လိုက်ဦးမယ်နော်၊ ခဏကလေးရယ်" ဟု ဆိုကာ အမေသည် မီးဖိုခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်သွားလေသည်။ အမေသည် မိန်းကလေးအား နှစ်ကာလ ရှည်လျားစွာကပင် သိထားသကဲ့သို့ မှတ်ထင်မိ၏။ မိခင်တဦး၏ ယုယကြင်နာသည့် မေတ္တာနှင့် လည်း ချစ်မိ၏။ တဖက်ခန်းမှ မိန်းကလေးနှင့် ယူကရိန်းလူငယ်တို့ ပြောဆိုနေကြသည့် စကားတို့ကို နားထောင်ရင်း ပြုံးနေမိ၏။

မိန်းကလေးက ယူကရိန်းလူငယ်အား

"နက်ခိုဒါ၊ ဘာများငိုင်ပြီး တွေးနေရတာလဲဟင်" ဟု မေးလိုက်ရာ

"ဘာရယ်လို့ ထူးထူးခြားခြား တွေးနေတာ မဟုတ်ပါဘူး။ အမေက မျက်လုံးမျက်ဖန် သိပ်ကောင်းတယ်။ ကျွန်တော်ကလည်း ကျွန်တော့်အမေရဲ့မျက်လုံးတွေဟာ သူ့မျက်လုံးတွေလို ကောင်းမှာပဲလို့ တွေးနေမိတယ်။ ကျွန်တော်ဟာ အမေ့အကြောင်းကို ခဏခဏ တွေးမိတယ်။ အမေ အသက်ရှင်နေသေးတယ် ဆိုတာတော့ သိရတယ်"

"ဒါပေမဲ့ ရှင်ကတော့ ရှင့်အမေ သေပြီဆို"

"သေတာက ကျွန်တော့်ကို မွေးစားတဲ့အမေပါ။ အခု ကျွန်တော်ပြောနေတာက ကျွန်တော့်ကို မွေးဖွားတဲ့ အမေအရင်းပါ။ အင်း သူကတော့ ကီယက်မြို့ ဟိုလမ်း ဒီလမ်းတွေပေါ်မှာ လျှောက်ပြီး ပိုက်ဆံတောင်းနေမှာပါလေ။ ပြီးတော့ ဗော်ဒကာလည်း သောက်နေဦးမှာ။ သူ အရက်မူးတိုင်းမူးတိုင်း ပုလိပ်ကလည်း ပါးတွေ နားတွေကို ရိုက်တာပဲ"

ယူကရိန်းလူငယ် ပြောလိုက်သည့်စကားကို မီးဖိုခန်းထဲမှ အမေသည် ကြားလိုက်လျှင်

"အင်း၊ သနားစရာလူငယ်ပဲ" ဟု သက်ပြင်းချမိ၏။

ထိုအတွင်း နာတာရှာက တစုံတခုကို အသံခပ်တိုးတိုးနှင့် ခပ်မြန်မြန် ပြောလိုက်ရာ ယူကရိန်းလူငယ်က

"ခင်ဗျားက ငယ်သေးတယ်။ ဘဝအကြောင်းကို ကောင်းကောင်း မသိသေးဘူး။ အတွေ့အကြုံက နည်းသေးတယ်။ လူတယောက်ကို လူသားတယောက်ဖြစ်အောင် မွေးထုတ်လိုက်ဖို့က ခက်တယ်။ အဲဒီလူသားကို လူ့သိက္ခာ၊ လူ့ဂုဏ်နဲ့ လိုက်အောင်ဖြစ်ဖို့ သင်ပြဖို့ရာက ပိုပြီး ခက်သေးတယ်" ဟု အသံခပ်ကျယ်ကျယ်နှင့် ပြန်ပြောလိုက်၏။

ယူကရိန်းလူငယ်၏ စကားကိုကြားလျှင် အမေသည် "အမယ်လေး ဖြစ်မှဖြစ်ရလေ" ဟု တဦးတည်း ရေရွတ်မိ၏။ ယူကရိန်းလူငယ်ကိုလည်း စိတ်နှလုံး ချမ်းမြေ့ရာ ချမ်းမြေ့ကြောင်း အားပေးစကား ပြောလိုက်ချင်၏။ သို့ရာတွင် တံခါးသည် တဖြည်းဖြည်း ပွင့်ပြီး သူခိုးကြီး ဒန်နီလို၏သား နစ်ကိုလိုင် ဗက်ဆော့ရှီကော့သည် ဝင်လာလေ၏။ နစ်ကိုလိုင်ကို အလုပ်သမား ရပ်ကွက်တခုလုံးက အပေါင်းရအသင်းရ ခက်ခဲသည့် လူငယ်တယောက်အနေနှင့် ယူဆထား၏။ သူသည် အမြဲတမ်း သုန်မှုန်နေပြီး အများတကာနှင့် ခပ်ခွာခွာ လုပ်နေတတ်၏။ အခြားလူများ ကလည်း သူ့ကို ဤကိစ္စနှင့် ပတ်သက်၍ နောက်ကြပြောင်ကြ၊ လှောင်ကြ၏။ သူဝင်လာလျှင် လာချင်း အမေက

"ဘာကိစ္စရှိလို့လဲ နစ်ကိုလိုင်" ဟု မေးလိုက်ရာ နစ်ကိုလိုင်က အမေအား ဘာမျှ ပြန်မပြောဘဲ သူ၏ ကျယ်ပြန့်၍ ကျောက်ပေါက်မာ ထူလှသည့် မျက်နှာကြီးကို လက်ဖဝါးဖြင့် သုတ်ရင်း

"ပါဗယ် အိမ်မှာရှိရဲ့လား" ဟု ပြန်မေးလေ၏။

ထို့နောက် နစ်ကိုလိုင်သည် အခန်းတွင်းသို့ ကြည့်ပြီး ဝင်သွားလေ၏။

"မင်္ဂလာရှိသော ညနေခင်းပါ ရဲဘော်တို့"

"သူက ဘာလုပ်များလာရသလဲ" ဟု အမေသည် မကျေမနပ်ဖြစ်နေစဉ် နာတာရှာက နစ်ကိုလိုင်နှင့် လက်ဆွဲနှုတ်ဆက်ရန် လက်လှမ်းလိုက်သည်ကို မြင်ရပြန်သောအခါ "အမယ်၊ နာတာရှာကတောင် သူနဲ့တွေ့ရတာ ဝမ်းသာနေပါကလား" ဟု အံ့အားသင့်သွားလေ၏။

နစ်ကိုလိုင်နောက်မှ ဧည့်သည်နှစ်ယောက် ပါလာသေးရာ နှစ်ယောက်လုံးသည် အသက်အရွယ် အားဖြင့် ငယ်ကြသေးသည့် လူကလေးများသာ ဖြစ်ကြ၏။ အမေသည် ထိုလူကလေး နှစ်ယောက်ထဲမှ တယောက်ကို သိရ၏။ ထိုလူကလေးကား ဆံပင်ကောက်၏။ နဖူးကျယ်၍ လျှင်မြန်ဖျတ်လတ်သည့် ရုပ်လက္ခဏာရှိ၏။ သူ၏နာမည်သည် ဖိယိုဒိုဖြစ်၍ စက်ရုံအလုပ်သမား ဟောင်း ဆီးဇော့၏တူဖြစ်၏။ အခြားတယောက်ကား အလွန်ရှက်တတ်၊ ကြောက်တတ်ဟန် လက္ခဏာရှိ၏။ ဆံပင်များကို ပိနေအောင် ဖြီးထား၏။ အမေသည် ထိုသူငယ်မကို မသိချေ။ သို့ရာတွင် သူ့ကို ကြည့်ရသည်မှာ ကြောက်စရာ လက္ခဏာမရှိ။ ထိုနောက် ပါဗယ်သည် စက်ရုံမှ အလုပ်သမား လူငယ်နှစ်ယောက်နှင့် ပေါက်လာလေ၏။ ထိုအလုပ်သမားကို အမေသိ၏။ ပါဗယ်သည် အမေအား...

"အမေ လက်ဖက်ရည် တည်ထားတယ်ပေါ့၊ ကျေးဇူးတင်လိုက်တာ အမေ" ဟု သာယာ ညင်းပျောင်းစွာ ပြောလိုက်ရာ အမေသည် သူ့စိတ်ထဲ၌ ဘာရယ်လို့

တိတိကျကျ မဖော်ပြနိုင်သော် လည်း ဝမ်းသာလှရကား

"အမေ၊ ဇော်ဒကာသွားပြီး ဝယ်လိုက်ရဦးမလား" ဟု မေးလိုက်လျှင် ပါဗယ်က မျက်နှာကို ချစ်ချင်စဖွယ် ပြုံးလျက်

"နေပါစေ အမေ၊ ကျွန်တော်တို့ မသောက်ပါဘူး" ဟု ပြန်ဖြေလေ၏။

သူ့သားက သူ့အား "ဒီလူစုဟာ အလွန်အန္တရာယ်များတဲ့ လူစုဖြစ်တယ်" ဟု ပြောလိုက်သော စကားမှာ ရယ်စရာဖြစ်နေ၏။ ထို့ကြောင့် ပါဗယ်အား...

"ဒီလူတွေက တရားမဝင်တဲ့ လူတွေလား" ဟု တိုးတိုး မေးကြည့်ရာ ပါဗယ်က အခြားတဖက်ခန်းထဲသို့ ဝင်သွားရင်း

"ဟုတ်တယ် အမေ" ဟု ပြန်ဖြေလေ၏။ ထို့နောက် အမေသည် သူ့သားနောက်မှ ထပ်၍ "တကယ်ပြောတာလား" ဟု လှမ်းမေးလိုက်ပြီး "အင်း၊ သူကတော့ တကယ့် ကလေးပဲ ရှိသေးတယ်ဟဲ့" ဟု သူ့သားသူ နှိမ်ချ၍ တွေးနေမိလေသတည်း။

အခန်း ခြောက်

လက်ဖက်ရည် အသင့်ဖြစ်သောအခါ အမေသည် ဧည့်ခန်းထဲသို့ လက်ဖက်ရည်ကို ယူလာလေ၏။ ဧည့်သည်များသည် စားပွဲကို ဝိုင်းလျက် ထိုင်နေကြ၏။ နာတာရှာ တယောက်တည်းသာ မီးအိမ်အောက် အခန်းထောင့်ထဲ၌ စာအုပ်တအုပ်ကို ကိုင်ရင်း ထိုင်နေ၏။

"လူတွေဟာ ဘာ့ကြောင့် ဒီလောက် ကျပ်ကျပ်တည်းတည်း ဆင်းဆင်းရဲရဲ နေရတယ်ဆိုတဲ့ အချက်ကို သဘောပေါက်အောင်" ဟု နာတာရှာက ပြောလိုက်လျှင်

"ဒါတင်မကဘူး၊ သူတို့ကိုယ်တိုင်လည်း ဘာ့ကြောင့် ကျပ်တည်းနေတယ် ဆိုတာကိုပါ" ဟု ယူကရိန်းလူငယ်က ဝင်၍ ပြောလိုက်၏။

တဖန် နာတာရှာက "ကျွန်မတို့တတွေက သူတို့ရဲ့လူမှုရေးဇာစ်မြစ်ကို ဝေဖန် သုံးသပ် ကြည့်ရလိမ့်မယ်" ဟု ပြောလိုက်သောအခါ အမေသည် လက်ဖက်ရည်ဖျော်နေရာမှ "ကဲ၊ သုံးသပ်ကြလေ၊ သုံးသပ်ကြပေါ့" ဟု ပြောလိုက်၏။

အမေက ဤကဲ့သို့ ပြောလိုက်လျှင် ပါဗယ်တို့ဝိုင်းမှ လူအားလုံးသည် စကားပြော ရပ်သွားကြ၏။ ပါဗယ်ကမူ မျက်မှောင်ကြုတ်လျက် "ဘာပြောချင်တာလဲ အမေ" ဟု မေးလိုက်ရာ အမေက "ဘယ့်နှယ် ဘာပြောချင်တာလဲလို့" ဟု ပြောကာ မော်ကြည့်လိုက်ရာ အားလုံးက သူ့ကို ဝိုင်းကြည့်နေကြသည်ကို တွေ့နေရသဖြင့် ရှက်ကိုးရှက်ကန်းနှင့်

"အို၊ မင်းတို့တတွေကမှ သုံးသပ်နေချင်ရင် ဘာလို့ မသုံးသပ်ရမှာလဲလို့ စိတ်ကူးမိပြီး ညည်းလိုက်တာပါကွယ်" ဟု ပြန်ဖြေလိုက်၏။

ထိုအခါ နာတာရှာက ရယ်၍ ပါဗယ်က ပြုံးစေ့စေ့ကြီး လုပ်နေလေ၏။ ယူကရိန်းလူငယ်က အမေအား

"ဒီလို ကျွန်တော်တို့ကို လက်ဖက်ရည်နဲ့ ဧည့်ခံလို့ ကျေးဇူးတင်ပါတယ်" ဟု ဝင်ပြောလိုက်ရာ အမေက

"အမယ်၊ လက်ဖက်ရည်ကို အရင်သောက်ကြည့်ကြစမ်းပါဦး၊ နောက်ပြီးမှ ကျေးဇူးတွေဘာတွေ တင်ကြပါ" ဟု ပြောလိုက်၍ ပါဗယ်အား တချက်မျှ လှမ်းကြည့်ကာ

"ဒါပေမဲ့ အမေက မင်းတို့တတွေထဲ ဝင်ရှုပ်ရာ ရောက်နေပြန်ရော့မယ်ကွယ်" ဟု ထပ်ပြောလိုက်သောအခါ နာတာရှာက

"အိမ်ရှင်တယောက်က ဘယ့်နှယ်လုပ်ပြီး သူ့ဧည့်သည်တွေကို ဝင်ရှုပ်ရာရောက်ပါ့မလဲလို့။ ဒါပေမဲ့ ကျွန်မကို လက်ဖက်ရည် နည်းနည်းလောက် မြန်မြန်ပေးပါဦး၊ ကျွန်မတော့ တကိုယ်လုံး ခိုက်ခိုက်တုန်ပြီး ခြေထောက်တွေလည်း ရေခဲကျနေတာပဲ၊ အေးလိုက်တာ" ဆိုလေ၏။ နာတာရှာ၏ အသံသည်ကား ကေလးတယောက်၏ အသံကဲ့သို့ ရိုးသားသန့်ရှင်းလှ၏။

ထိုနောက် အမေက အရေးတကြီး

"ကဲ ပြောကြကွယ်၊ ပြောကြကွယ်" ဟု သူတို့အား တိုက်တွန်းနေလေ၏။

နာတာရှာသည် လက်ဖက်ရည် သောက်ပြီးနောက် နုသက်ပြန်ရှုကာ သူ၏ခေါင်းကို ယမ်းလျက် ဆံပင်ကျစ်ဆံမြီးကို ပခုံးပေါ်မှ ခါချလိုက်၏။ ထို့နောက် အဖုံးဝါ ဖုံးထားသည့် ရုပ်ပုံများပါသော စာအုပ်တအုပ်ကို စတင်ဖတ်လေ၏။ အမေသည် လက်ဖက်ရည်ကို ငြိမ်သက်စွာ ငှဲ့နေရာမှ နားထောင်နေ၏။

တခေတ်က ဂူများအထဲတွင် နေထိုင်ခဲ့ကြပြီး ကျောက်ခဲတို့ကို လက်နက်သဖွယ် အသုံးပြုကာ အမဲလိုက်ခဲ့ကြသည့် လူရိုင်းများ အဖြစ်အပျက်တို့ကို တခုပြီးတခု ဖတ်နေစဉ် နာတာရှာ၏ ကြည်လင်ပြတ်သားသော အသံတို့သည် လက်ဖက်ရည်ကရားမှ မှန်မှန်ထွက်လာသည့် ရေနွေးငွေ့အသံတို့နှင့် ရောယှက်၍ ထွက်လာကြ၏။ ဤအဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံပြင် များနှင့် တူနေကြပြီး အမေသည် ပါဗယ်ကိုကြည့်ပြီး ဤပုံဝတ္ထုတွေကို ဘာကြောင့် တားမြစ်ပိတ်ပင်ရတာလဲဟု မေးလိုက်ချင်၏။ သို့ရာတွင် မကြာမီ အမေသည် နာတာရှာ ဖတ်နေသည်ကို လိုက်၍ နားမထောင်တော့ဘဲ သူ့သားနှင့် အခြား ဧည့်သည်များ မသိအောင် ဧည့်သည်များကို တိတ်တဆိတ် အကဲခတ်နေလေသည်။

ပါဗယ်သည် နာတာရှာ၏အနီး၌ ကပ်ထိုင်နေ၏။ သူသည် အားလုံးထဲတွင် အချောဆုံးဖြစ်၏။ နာတာရှာသည် စာအုပ်ပေါ်သို့ ကုန်းလိုက်သောအခါ သူ၏ဆံပင်သည် နဖူးကို အုပ်အုပ်သွား၏။ ထိုအခါ သူသည် ဆံပင်ကို လက်နှင့် နောက်သို့ လှန်လှန်နေတတ်၏။ တခါတခါ စာအုပ်ကို မကြည့်ဘဲ မေးကိုထိုးလျက် အသံကိုနှိမ့်ကာ မှတ်ချက် ချနေတတ်ရင်း သူ့ပတ်ဝန်းကျင်မှ လူများ၏ မျက်နှာတို့ကို ခင်မင်ရင်းနှီးစွာ ကြည့်နေလေသည်။ ယူကရိန်းလူငယ်သည် စားပွဲထိပ်တဖက်၌ လက်ထောက်လျက် သူဆွဲကိုင်နေသည့် နှုတ်ခမ်းမွေးအဖျားကို တချက် တချက် စွေစွေကြည့်နေ၏။ ဗက်ဆော့ရှီကော့သည် သူ၏ ကုလားထိုင်ပေါ်၌ တုတ်တချောင်းကို စိုက်ထားသကဲ့သို့ မတ်မတ် ထိုင်နေ၏။ သူသည် သူ၏ဒူးများကို လက်ဖဝါးနှင့် ပွတ်သပ်နေ၏။

သူ၏ ကျောက်ပေါက်မာ သက်သက်နှင့် မျက်ခုံးမွေး ကျိုးတိုးကျဲတဲ၊ နှုတ်ခမ်းပါးပါး မျက်နှာသည် မည်သို့မျှ အမူအရာ မပြောင်းဘဲ တည်ငြိမ်လျက်ရှိရာ

သူ့မျက်နှာသည် တကယ် လူ့မျက်နှာနှင့် မတူဘဲ မျက်နှာဖုံးနှင့် တူနေ၏။ ကြေးဝါ လက်ဖက်ရည် ကရားပေါ်၌ အရိပ်ထင်နေသည့် သူ၏မျက်နှာကို သူ၏ကျဉ်းမြောင်းသည့် မျက်လုံးကလေးနှင့် မျက်တောင်ပင် မခတ်ဘဲ စိုက်ကြည့်နေလေ၏။ အသက်ကိုပင် တချက် တချက်မျှသာ ရှူနေတော့သည်။ ဖီယိုဒိုကလေး ကမူ နာတာရှာ ဖတ်နေသည်ကို နားထောင်နေရင်း တခါတခါ နာတာရှာ ဖတ်လိုက်သည့် စာများကို လိုက်ရွတ်နေဘိသကဲ့သို့ အသံမထွက်ဘဲ သူ၏ နှုတ်ခမ်းများကို လှုပ်ရှားနေလေ၏။ ထိုအတွင်း သူ၏ မေးကို လက်နှစ်ဖက်နှင့် ထောက်ကာ တံတောင်ဆစ်ကို ဒူးပေါ်၌ တင်လျက် ရှေ့သို့ကုန်းနေရာမှ တခါတခါ ပြုံးနေပြန်၏။ ပါဗယ်နှင့်အတူ ပါလာသည့် လူငယ်တယောက်၏ ဆံပင်ကမူ နီ၍ ကောက်နေ၏။ မျက်လုံးကမူ စိမ်း၍ ကြည်လင်တောက်ပလျက်ရှိ၏။ သူသည် တစုံတခုကို ပြောချင်သည့် လက္ခဏာဖြင့် ကိုယ်ကို အငြိမ်မနေဘဲ တွန့်လိမ်နေ၏။ အခြား အသားဖြူဖြူ ဆံပင်ညိုညိုကို ခပ်တိုတို ညှပ်ထားသည့် လူငယ်ကား ကြမ်းပြင်ကို စိုက်ကြည့်လျက် သူ၏ဦးခေါင်းကို လက်နှင့် မကြာခဏ ပွတ်လိုက်သပ်လိုက် လုပ်နေ၏။ အမေသည် သူ့မျက်နှာကို ကောင်းစွာ မမြင်ရချေ။ သူတို့လူစု ထိုင်နေကြသည့် အခန်းသည် အတော်ကလေး နေချင့်စဖွယ်ကောင်းနေ၏။

ယခင်ကနှင့်မတူဘဲ အသွင်တမူထူးလျက်ရှိ၏။ နာတာရှာက စာကို ဆက်လက် ဖတ်နေစဉ် အမေသည် သူတို့ငယ်စဉ်က ပျော်ပျော်ရွှင်ရွှင်၊ ဆူဆူညံညံ နွှဲခဲ့ကြသည့် ပျော်ပွဲများ၊ ဖော်ဒကာ အရက်နံ့ထွက်နေသည့် လူငယ်များ၏ ကြမ်းတမ်းသော စကားများ၊ မုန်းတီးဖွယ်ရာ ပြက်ရယ် ကျီစယ်ပြုမှုများကို တစိမ့်စိမ့် သတိရလာလေ၏။ သို့ ရှေးဟောင်းနှောင်းဖြစ်တို့ကို စားမြုံ့ပြန်စဉ် သူ့ကိုယ်သူ ပြန်ပြန်သနားမိပြီး ရင်ထဲ၌ ဆို့ဆို့သွားလေသည်။

သူ့နှင့် ခင်ပွန်းနှင့် ဘယ်သို့ဘယ်ပုံ စေ့စပ်ကြောင်းလမ်းမိသည်ကိုလည်း သွား၍ အမှတ်ရ၏။ ပျော်ပွဲရွှင်ပွဲတခု၌ မှောင်မည်းသော လမ်းကြားကလေးတခုတွင် သူ့ခင်ပွန်းက သူ့ကို အတင်းဖမ်းပြီး နံရံနှင့် ဖိကပ်ထား၏။

ထိုနောက် သူက အမေအား “မင်း ကျုပ်ကို လက်ထပ်မလား” ဟု ခပ်ကြမ်းကြမ်း မေး၏။ အမေသည် စိတ်ထဲမှ နာကြည်းပြီး မခံမရပ်နိုင် ဖြစ်သွား၏။ သို့ရာတွင် အမေ့ရင်သားတို့ကို တအားဆုပ်ကိုင်ထားပြီး သူမှုတ်ထုတ်လိုက်သည့် ပူနွေးသောလေသည် အမေ၏ မျက်နှာကို လာလာရိုက်၏။ အမေသည် သူ့လက်ထဲမှ လွတ်မြောက်အောင် အတင်းရုန်းကန်၏။

သူက အမေအား “နေဦး၊ ကျုပ်မေးတာကိုဖြေပါ။ ကျုပ်ပြောတာကို ကြားရဲ့လား” ဟု မာန်မဲနေလေ၏။ အမေသည် ဤကဲ့သို့ အစော်ကားခံရသဖြင့် ရှက်လှသောကြောင့် အသက်ကိုပင် မရှူနိုင်တော့ချေ။ ထိုအတွင်း

အခြားတယောက်က တံခါးဖွင့်၍ ထွက်လာသော ကြောင့် သူသည် အမေအား တဖြည်းဖြည်း လွှတ်လိုက်ပြီး

"အေး... တနင်္ဂနွေနေ့ကျရင် အောင်သွယ်တယောက် လွှတ်လိုက်မယ်" ဟု ပြောကာ ပြောသည့်အတိုင်းလည်း လွှတ်လိုက်၏။

ဤအဖြစ်အပျက်တို့ကို စဉ်းစားမိရင်း အမေသည် မျက်စိများကို မှိတ်၍ သက်ပြင်းကြီး ချလိုက်လေသည်။

ထိုအတွင်း ဗက်ဆော့ရှီကော့က

"ကျုပ်သိချင်တာက လူတွေဟာ ဘယ်လိုနေကြရမယ်ဆိုတဲ့အချက်ပဲ။ လူတွေ ဘယ်လိုနေခဲ့တယ် ဆိုတာကိုတော့ မသိချင်ဘူး" ဟု ထ၍ ကန့်ကွက်လိုက်၏။ ထိုအခါ ဆံပင်နီနီနှင့် လူငယ်က "အဲဒါ ဟုတ်တယ်" ဟု ဝင်ပြောလေ၏။ ဗီယိုဒိုကမူ "အို... အဲဒါ မဟုတ်ဘူး" ဟု ထ၍အော်လေသည်။

ထိုနောက် သူတို့ ငြင်းကြခုံကြရာ စကားလုံးများသည် မီးတောက်မီးလျှံများသဖွယ် ပေါ်ထွက်လာလေ၏။ အမေကား သူတို့ ဘာတွေ ဟစ်အော်နေကြသည်ကို နားမလည်ပေ။ သူတို့အားလုံး၏မျက်နှာများသည် စိတ်ခတ်တက်ကြွနေသည့်အလျောက် နီမြန်းနေကြ၏။ သို့ရာတွင် ဘယ်သူကမျှ ဒေါသမဖြစ်။ သူကြားနေကျ ရိုင်းစိုင်း ကြမ်းတမ်းသည့် စကားများကို လည်း မပြောမဆိုကြချေ။ ထို့ကြောင့် အမေသည်

"အင်း၊ သူတို့တတွေဟာ တယောက်နဲ့တယောက် အပြင်းအထန် ငြင်းခုံနေကြပေမဲ့ မိန်းကလေး တယောက်ရှိနေလို့ ရှက်ပြီး ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း စကားတို့ကို မပြောဝံ့ မဆိုဝံ့ကြတာပဲ" ဟု အောက်မေ့မိ၏။ သူသည် ဤလူငယ်များအား ကလေးများသဖွယ် ဂရုစိုက်၍ လေ့လာနေသည့် နာတာရှာ၏ တည်ငြိမ် ပြင်းပြသည့် မျက်နှာထားကို သဘောကျနေ၏။ ထိုအတွင်း နာတာရှာက

"ခဏလေး နားထောင်ကြစမ်းပါဦး ရဲဘော်တို့" ဟု ရုတ်တရက် အော်လိုက်ရာ အားလုံးက စကားပြောရပ်ကာ သူ့ကို ကြည့်နေကြ၏။

"ကျုပ်တို့ဟာ အစကို သိရမယ်၊ နားလည်ရမယ်ဆိုတဲ့ ရဲဘော်တွေက မှန်ပါတယ်။ ကျွန်မတို့ဟာ ကျွန်မတို့ကိုယ်ထဲမှာကို ဝိဇ္ဇာတရားရဲ့ လင်းရောင်ခြည်ကို ထွန်း၍ ထားကြရမယ်။ ဒီလို ထွန်းညှိထားမှသာ အမှောင်ထဲမှာ ရုန်းကန် တွန်းလှန်ကြတဲ့ လူတွေဟာ ဒီအလင်းရောင်ကို မြင်နိုင်ကြမှာ။ ကျွန်မတို့တတွေဟာ အစစအတွက် မှန်ကန် ရိုးသားတဲ့ အဖြေကိုပေးကြရမယ်။ ကျွန်မတို့ဟာ

အမှန်တရားရော၊ မမှန်တရားကိုပါ အကြွင်းမဲ့ သိထားကြရမယ်”

ယူကရိန်းလူငယ်သည် နာတာရှာ ပြောလိုက်သည့်စကားတို့ကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလေ၏။ ဗက်ဆော့ရှီကော့၊ ဆံပင်နီနီလူငယ်နှင့် ပါဗယ်နှင့်အတူ ပါလာသည့် လူငယ်နှစ်ဦးအနက် တဦးတို့သည် စားပွဲတဖက်မှ တစုခွဲ၍ ရပ်လိုက်၏။ အမေသည် သူတို့သုံးယောက်ကို စိတ်ထဲမှာ မကျေနပ် ဖြစ်သွား၏။

နာတာရှာ စကားပြောပြီးနောက် ပါဗယ်က ထလိုက်ပြီး ထိုလူငယ်သုံးယောက် တစုကို ကြည့်ကာ တည်ငြိမ်စွာဖြင့်

“ကျုပ်တို့ဟာ အူမ တောင့်ချင်တာ အဓိကပဲလို့ ရဲဘော်တို့က ဆိုကြတယ်။ ဒါဟာ လုံးလုံး မဟုတ်ဘူး။ ကျုပ်တို့တတွေရဲ့ ကျောတွေပေါ်မှာ ခွစီးနေကြပြီး ကျုပ်တို့တတွေ မျက်လုံးတွေကို ပိတ်ထားကြတဲ့လူတွေကို ကျုပ်တို့က အစစ မြင်တယ်ဆိုတာကို ပြကြရလိမ့်မယ်။ ကျုပ်တို့ဟာ မမိုက်မဲဘူး၊ မအဘူး၊ ပြီးတော့ ကျုပ်တို့တတွေဟာ ဗိုက်ဝရအောင် စားရရင် တော်ပြီဆိုတဲ့ သဘောမျိုးနဲ့ နေကြတဲ့ တိရစ္ဆာန်တွေလည်း မဟုတ်ဘူး၊ ကျုပ်တို့ဟာ လူသားတွေပဲ။ အဲဒီတော့ လူသားနဲ့ ထိုက်တန်တဲ့ဘဝမျိုးနဲ့ နေချင်ကြတယ်။ ကျုပ်တို့တတွေအပေါ်မှာ ကျုပ်တို့ ရန်သူတွေက ဖိစီးထားကြတဲ့ ဘဝကြောင့် ကျုပ်တို့ဟာ သူတို့တတွေထက် အသိဉာဏ်ပညာ အားဖြင့် အောက်ကျနောက်ကျ ဖြစ်မနေကြဘူးဆိုတာ၊ ဒါတင်မကဘူး သူတို့ထက် အသိဉာဏ် ပညာအားဖြင့် အဆင့်အတန်းတောင် မြင့်နေကြတယ်ဆိုတာတို့ကို အထင်အရှား သက်သေပြကြ ရလိမ့်မယ်ဗျာ” ဟု ပြောပြလိုက်၏။

အမေသည် ပါဗယ်ပြောသည့်စကားတို့ကို နားထောင်ရင်း သားအတွက် ဂုဏ်ယူမိ၏။ အင်း ငါ့သားက တကယ်စကားပြောကောင်းပါကလား။

ထိုနောက် ယူကရိန်းလူငယ်က

“ဝဝလင်လင် စားနိုင်တဲ့ လူတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ရိုးသားတဲ့လူတွေက ရှားပါတယ်။ ကျုပ်တို့တတွေကို ဒီလိုတိရစ္ဆာန်တွေလို ရိုင်းစိုင်းယုတ်မာလှတဲ့ ညွန်ဗွက်ပေါ်ကို ကျော်ပြီး လူသားအချင်းချင်း လူသားပီပီ ချစ်ကြည်လေးစားရမယ့် အနာဂတ် လှူဘောင်သစ်နဲ့ ပေါင်းကူးပေးကြရလိမ့်မယ်။ အဲဒါဟာ ကျုပ်တို့တတွေ ထမ်းဆောင်ရမယ့်တာဝန်ပဲ ရဲဘော်တို့” ဟု ပြောလိုက်ရာ ဗာဆော့ရှီကော့က အသံဩကြီးဖြင့်

“အခုဟာ တိုက်ဖို့၊ ခိုက်ဖို့ဆိုရင် ဘာပြုလို့ လက်ပိုက်ပြီး ဆိုင်နေကြရတာလဲ” ဟု ဝင်၍ ပြောလိုက်၏။

သန်းခေါင်ကျော်လောက်မှ ပါဗယ်တို့လူစု ကွဲသွား၏။ ဗက်ဆော့ရီကော့နှင့် ဆံပင်နီနီနှင့် လူကလေးတို့သည် ပထမဦးဆုံး ပြန်သွားကြရာ အမေသည် ဤကဲ့သို့ ပြန်ကြသည်ကို သဘောမကျချေ။ "သူတို့တတွေက ဘာပြုလို့များ ဒီလောက် အရေးတကြီး ဖြစ်နေကြရတာလဲ" ဟု စိတ်ထဲမှ အပြစ်တင်ရင်း နှုတ်ဆက်လိုက်၏။

ထို့နောက် နာတာရှာက

"ကျွန်မကို အိမ်လိုက်ပို့မယ်မဟုတ်လား နက်ခိုဒါ" ဟု မေးလျှင် နက်ခိုဒါက "ပို့မှာပေါ့ဗျာ" ဟု ပြန်ပြောလိုက်၏။

နာတာရှာသည် မီးဖိုခန်းထဲ၌ သူ၏အဝတ်များကို ပြန်၍ ဝတ်နေစဉ် အမေက "ကလေးမရဲ့ ခြေအိတ်တွေက ဒီလိုအေးတဲ့ရာသီနဲ့ မလိုက်ဘူး၊ ပါးလှတယ်။ အမေ သိုးမွေးခြေအိတ်တစုံ ထိုးပေးရမလား" ဟု မေးလျှင် နာတာရှာက

"ကျေးဇူးတင်ပါတယ် အမေရယ်၊ ဒါပေမဲ့ သိုးမွေးခြေအိတ်တွေက ယားတယ်" ဟု ပြန်ပြောလိုက်သောအခါ အမေက "အို အမေက မယားတာကို ထိုးပေးမှာပေါ့" ဟု ဖြေလိုက်၏။

နာတာရှာသည် အမေအား မျက်လုံးများကို မှေးလျက် စိုက်ကြည့်နေလေရာ အမေသည် ရှုံးတိုးရှန့်တန့် ဖြစ်နေပြီး

"အမေက ဒီလိုပဲ အမေ့စိတ်ထဲမှာ ရှိတာကိုတော့ ဖွင့်ပြောတတ်တယ်။ ဘယ်လိုမှ စိတ်မရှိနဲ့နော် ကလေးမ" ဟု သာယာဖြည်းညင်းစွာ ပြန်ပြောလေရာ နာတာရှာကလည်း

"အမေဟာ သိပ်ချစ်စရာကောင်းတာပဲနော်" ဟု ပြောရင်း အမေ၏လက်ကို အတင်းဆုပ်ကိုင် ထားပြီး ထွက်သွားလေ၏။

ထိုနောက် ယူကရိန်းလူငယ်သည် နာတာရှာ၏နောက် လိုက်သွားရင်း အမေ့အား တချက် ကြည့်ကာ နှုတ်ဆက်သွားပြန်၏။

အမေသည် ပါဗယ်အား ကြည့်နေ၏။ ပါဗယ်ကမူ တံခါးဝမှရပ်လျက် ပြုံးနေလေသည်။ အမေက စိတ်မလုံသလိုလိုဖြင့်

"ဘာများပြုံးနေတာလဲ သားရယ်" ဟု မေးလေရာ

"ဘာရယ်လိုတော့ ထွေထွေထူးထူး မဟုတ်ပါဘူး အမေရယ်၊ သဘောကျနေလို့ပါ"

"အမေဟာ အသက်လည်း ကြီးပါပြီ။ အသိဉာဏ်လည်း မရှိပါဘူး။ ဒါပေမဲ့

ဘယ်ဟာ ကောင်းတယ်၊ ဘယ်ဟာ မကောင်းဘူး ဆိုတာကိုတော့ ပြောတတ်ပါတယ်” ဟု အမေက စိတ်ချဉ်ချဉ်နှင့် ပြန်ပြောလိုက်၏။

“ဒီလိုဆိုရင် သားဝမ်းသာပါတယ် အမေ။ ဒါပေမဲ့ အမေအိပ်ဖို့ အချိန်တော်ပြီ ထင်တယ်”

“အေး၊ အခုပဲ အိပ်ရာဝင်တော့မှာပါ”

ဤကဲ့သို့ ပြောပြီးနောက် အမေသည် စားပွဲပေါ်မှ လက်ဖက်ရည်ပွဲကို သိမ်းရင်း စိတ်ထဲ၌ အလွန်ပျော်နေ၏။ ချွေးများပင် စို့လာအောင် ပျော်နေလေ၏။ အစစ အဆင်ပြေ၍ ပါဗယ်တို့လူစု ဆွေးနွေးပွဲသည် ဤမျှ ေအးအေးချမ်းချမ်းနှင့် ပြီးဆုံးသွားသဖြင့် ဝမ်းမြောက်နေ၏။ ထို့နောက် ပါဗယ်အား

“သားက ဒီအိမ်မှာ ဒီလို ဆွေးနွေးဖို့ စီစဉ်တာဟာ ကောင်းတယ်။ ယူကရိန်းသားကလေးဟာ အလွန်ကောင်းတဲ့ သူငယ်ပဲ။ မိန်းကလေးကလည်း ဘယ်လောက် တော်သလဲဟင်၊ သူက ဘယ်သူတဲ့လဲ သားရဲ့” ဟု မေးလိုက်သောအခါ ပါဗယ်သည် အခန်းထဲ၌ လမ်းလျှောက်နေရာမှ

“ကျောင်းဆရာမ တယောက်ပဲ အမေ” ဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်၏။

“သူကတော့ သိပ်ဆင်းရဲတယ်ထင်တယ်။ အဝတ်ကလည်း ညှိုးညှိုးနွမ်းနွမ်း ဝတ်ထားရရှာတယ်။ အအေးမိတော့မှာပဲ။ သူ့မိဘတွေက ဘယ်မှာလဲ”

“မော်စကိုမြို့တော်မှာပေါ့” ဟု ပါဗယ်က ပြန်ဖြေလိုက်၏။ ထို့နောက် သူ့မိခင်ရှေ့တွင်ရပ်လျက်

“သူ့ဖခင်က ချမ်းသာတယ်။ သူက သံထည်လုပ်ငန်းလုပ်ပြီး ပစ္စည်းဥစ္စာ အမြောက်အမြားရှိတယ်။ သူက ဒီလိုလုပ်နေရမလားဆိုပြီး သူ့အဖေက သူ့ကို သမီးအဖြစ်က စွန့်လိုက်တယ်။ သူဟာ ချမ်းချမ်းသာသာနဲ့၊ ဘာမဆို ပြည့်ပြည့်စုံစုံနဲ့ မကြောင့်မကြ၊ မတောင့်မတ နေခဲ့ရတယ်။ ဒါပေမဲ့ အခုတော့ သူဟာ တယောက်တည်း ညကြီးသန်းခေါင် ငါးမိုင်ကျော်ကျော် လမ်းလျှောက်နေရ တော့တယ်” ဟု ပြန်ပြောလေ၏။

ပါဗယ် ပြောလိုက်သည့်စကားတို့ကို ကြားလိုက်သောအခါ အမေသည် တုန်လှုပ်သွား၏။ မျက်ခုံးများကို ရှုံ့လျက် သူ့သားကို ကြည့်ရင်း အခန်းအလယ်တွင် ငြိမ်သက်စွာ ရပ်နေ၏။ ထို့နောက်

“အခု သူမြို့ကို သွားတာလား”

“ဟုတ်တယ် အမေ”

"အလိုလေး၊ ဘုရား ဘုရား။ မကြောက်ဘူးလား"

"အမေပဲ စဉ်းစားကြည့်တော့လေ။ သူက မကြောက်လို့ပေါ့"

"ဘာဖြစ်လို့များ သူသွားပါလိမ့်။ ဒီမှာပဲ အမေနဲ့အတူ အိပ်နိုင်ရဲ့သားနဲ့"

"ဒီလိုအိပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ မနက်ကျ သူ့ကို လူတွေကမြင်ကုန်မှာပေါ့။ ကျွန်တော်တို့ကလည်း ဒီလိုအမြင်မခံနိုင်ဘူး အမေ"

အမေသည် ပြတင်းပေါက်မှ အပြင်သို့ စဉ်းစားရင်း ကြည့်နေရာမှ ဖြည်းညင်းစွာဖြင့်

"သားရယ် အမေကဖြင့် မင်းတို့တတွေ ပြောကြဆိုကြ၊ လုပ်ကြကိုင်ကြတာ ဒီလောက် အန္တရာယ် ရှိတယ်လို့လည်း မထင်ဘူး။ ဒါတွေကို ပိတ်ပင်တားမြစ်စရာလို့လည်း မမြင်ဘူး။ သားတို့တတွေက ဘာမျှမဟုတ်တာ၊ မတရားတာ လုပ်ကြတာမှမဟုတ်ဘဲနဲ့"

ဤပြဿနာသည် အမေ့စိတ်ကို အနှောင့်အယှက် ပေးနေသည့် ပြဿနာဖြစ်လာ၏။ အမေသည် သူ့သား ဘာမျှမဟုတ်တာ၊ မတရားတာ မလုပ်။ သူ့သားမှာ ဘာအန္တရာယ်မျှ မရှိဟု စိတ်နှလုံးကို တုံးတုံးချထားလိုက်ချင်၏။ ထိုအခါ ပါဗယ်က

"ကျွန်တော်တို့တတွေဟာ မတရားတာ၊ မဟုတ်တာဆိုလို့ ဘာမျှမလုပ်ကြပါဘူး အမေ။ ဒါပေမဲ့ ကျွန်တော်တို့လူစုဟာ တနေ့နေ့တော့ ထောင်ထဲရောက်ကြမှာ အမှန်ပဲ အမေ။ ဒါကိုတော့ သိထားနှင့်တယ်လို့ သားထင်ပါတယ်" ဟု အမေ၏ မျက်နှာကို တည်ငြိမ်စွာ ကြည့်၍ အခိုင်အမာ ပြောပြလေ၏။

ပါဗယ်တို့စကားကို ကြားလျှင် အမေ၏လက်များသည် တုန်နေ၏။ ထို့နောက် လေသံကိုနှိမ့်လျက်

"ကွယ်၊ ဘုရားသခင် မေတ္တာတော်နဲ့ မင်းတို့တတွေ တနည်းနည်းနဲ့ မလွတ်နိုင်ဘူးလား သားရယ်" ဟု မေးလျှင် ပါဗယ်က ဖြည်းညင်းစွာနှင့်

"မဖြစ်နိုင်ဘူး အမေ။ အမေ့ကို သားမလိမ်ချင်ဘူး။ ကျွန်တော်တို့တတွေဟာ ဘယ်နည်းနဲ့မျှ ဒီအန္တရာယ်က မလွတ်နိုင်ဘူး" ဟု ပြောကာ ပြုံးနေလေ၏။ ထိုနောက် အမေက

"ကဲ၊ သွားအိပ်ချေတော့ သားရယ်။ သားလည်း ပန်းလှပြီ" ဟုဆိုကာ ပါဗယ်အား အအိပ်ခိုင်းလေ၏။

ပါဗယ် အိပ်ရာဝင်လျှင် အမေသည် ပြတင်းပေါက်ဆီသို့ သွားပြီး အပြင်ဘက်သို့ ကြည့်ရင်း မတ်တတ်ရပ်နေလေ၏။ အပြင်ဘက်၌ အေး၍ မှုန်ဝေလျက်ရှိ၏။ အိမ်ကလေးများအတွင်း၌ အိမ်သူအိမ်သားများသည် အိပ်ပျော်နေကြ၏။ လေသည် ထိုအိမ်ကလေးများ၏ အမိုးများပေါ်မှ ဆီးနှင်းတို့ကို တိုက်ခတ်လျက်သော် လည်းကောင်း၊ ထရံတို့ကို ရိုက်ခတ်လျက်သော် လည်းကောင်း လမ်းပေါ်မှ ဆီးနှင်းခဲကလေးတို့ကို ဖွေ့ယမ်း တိုက်ခတ်ရင်း တစီစီ မြည်လျက်သော်လည်းကောင်း ရှိနေ၏။

"အို ချစ်လှစွာသော သခင်ယေရှုကိုယ်တော်မြတ်ဘုရား၊ တပည့်တော်တို့အား သနားကြင်နာ တော်မူပါဘုရား" ဟု သူသည် တိုးတိုးကလေး ရေရွတ်နေ၏။ သူ့မျက်လုံးများထဲ၌ မျက်ရည်များသည် လျှံလာ၏။ တည်ငြိမ်လှသည့် ယုံကြည်ချက်ဖြင့် သားက ပြောပြလိုက်သည့် ရှေ့တွင် တွေ့ကြုံရမည့် အန္တရာယ်သည် သူ၏ရင်ထဲ၌ တဖျပ်ဖျပ် လှုပ်ရှားလျက်ရှိ၏။ သူ၏ရှေ့၌ ဆီးနှင်းများ ဖုံးလျက်ရှိသော မြင်ကွင်းတခုကို မြင်ယောင်နေ၏။ ထိုမြင်ကွင်းထဲ၌ ဆီးနှင်းမှုန် ဆီးနှင်းဖွဲများ ပါလာသည့်လေသည် စူးရှသည့်အသံနှင့် တိုက်ခတ်လျက်ရှိ၏။ ကွင်းပြင်လယ်၌ မိန်းကလေးတယောက်၏ သေးငယ်သည့် ခပ်မည်းမည်းသဏ္ဌာန်သည် ဒယိမ်းဒယိုင်နှင့် သွားနေ၏။ လေသည် သူ့ခြေထောက်များ၌ ဖွေ့ယမ်းလိုက်ရာ သူဝတ်ထားသည့်ဂါဝန်သည် အထက်သို့လန်သွားပြီး ဆီးနှင်းများသည် သူ့မျက်နှာကို ရိုက်နေကြ၏။ ထိုမိန်းကလေး၏ ခြေထောက်များသည် ဆီးနှင်းများထဲ၌ နစ်မြုပ်လျက်ရှိရာ ရှေ့သို့ ခက်ခက်ခဲခဲနှင့် လှမ်းနေရ၏။ ညကား အေးလည်း အေး၏။ ဆိတ်ငြိမ်၍ ကြောက်မက်ဖွယ်လည်း ကောင်း၏။ သူ၏ကိုယ်ကလေးသည် နွေဦး လေဒဏ်ကြောင့် တရွက်တည်းသော မြက်ရွက်ကလေးသည် ကိုင်းနေဘိသကဲ့သို့ ရှေ့သို့ကိုင်းလျက်ရှိ၏။ သူ၏လက်ယာဘက် ညွှန်အိုင်၌ တောတန်းကလေး တတန်းရှိ၍ သစ်ပင်သစ်ကိုင်းတို့ကို လေက ရိုက်ခတ်လျက်ရှိရာ ကြေကွဲဖွယ်အသံကလေး များပင် ကြားနေရ၏။ ရှေ့ခပ်လှမ်းလှမ်း၌ မြို့မှမီးရောင်တို့သည် လင်းချည်တလှည့် မှိန်ချည် တခါ ဖြစ်နေကြလေသည်။

အမေသည် ထိတ်လန့်တုန်လှုပ်လျက်

"အို ချစ်လှစွာသော ဘုရားသခင်ကိုယ်တော်မြတ်ဘုရား၊ သနားကရုဏာ ပွားတော်မူပါဘုရား" ဟု တိုးတိုးကလေး ရေရွတ်နေလေသတည်း။

အခန်း ခုနစ်

တနေ့သောင်း၍ တနေ့ ပြောင်းမှန်းမသိ ပြောင်းလာခဲ့ရာ၊ သီတင်းများ၊ လများပင် အတော် ကြာခဲ့လေပြီ။ စနေနေ့တိုင်း ပါဗယ်၏အိမ်၌ သူ့မိတ်ဆွေများ စုဝေးကြ၏။ သို့ စုဝေးတိုင်း စုဝေးတိုင်း လူများ ချီတက်နေကြသည့် အတော်ကွာလှမ်းလှသည့် ပန်းတိုင်ဆီသို့ တလှမ်းထက် တလှမ်း နီးကပ်လာပေပြီ။

လူသစ်များသည် လူဟောင်းများနှင့် ပူးပေါင်းလာကြ၏။ ပါဗယ်တို့အိမ်တွင်းမှ အခန်းကလေး သည် ပို၍ ပို၍ လူပြည့်ပြည့်လာ၏။ နာတာရှာသည် အမြဲတမ်း မောပန်း၍ ခိုက်ခိုက်တုန်အောင် ချမ်းချမ်းလာတတ်၏။ သို့ရာတွင် သူသည် စိတ်ညစ်သည်ဟူ၍ မရှိ၊ အမြဲတမ်း ရွှင်ပျနေ၏။ အမေသည် သူ့အတွက် ခြေအိတ်သစ်တစုံထိုး၍ သူ့ကို စွပ်ပေး၏။ နာတာရှာသည် ရယ်နေ၏။ ထို့နောက် ရုတ်တရက် ချက်ချင်း ငြိမ်သက်သွားပြီး စဉ်းစားနေရာမှ အမေ့အား သာယာ ဖြည်းညင်းစွာ

"တခါက ကျွန်မမှာ သိပ်ပြီး သနားကြင်နာတတ်တဲ့ အထိန်းတယောက် ရှိခဲ့ဖူးတယ်။ ကျပ်တည်းတဲ့၊ မတရားတဲ့ ဘဝမျိုးမှာ နေကြရတဲ့လူတွေဟာ သူတို့ထက် အစားအသောက် အနေအထိုင် ချောင်လည်ကြတဲ့ လူတွေထက် ပိုပြီး သနားစိတ်၊ ကြင်နာစိတ် ရှိနေကြတာဟာ ဘယ်လောက်များ အံ့သြစရာကောင်းတုံး အမေ" ဟု ပြောပြလေရာ အမေက

"သမီးက ဘယ်လိုတုံးကွယ်၊ မင်းမိဘတွေ မရှိဘဲနဲ့ တယောက်တည်း" ဟု ပြန်မေးနေရင်း သက်ပြင်းချပြီး ငြိမ်သွား၏။ သူ့ဝမ်းထဲ၌ရှိနေသည့် စိတ်ကူးတို့ကို ဖော်ထုတ်၍ ပြောမပြတတ်ဘဲ ဖြစ်နေ၏။ သို့ရာတွင် နာတာရှာ၏မျက်နှာကို ကြည့်လိုက်သောအခါ သူကိုယ်တိုင် မည်သည့် အရာဟု မဖော်ပြနိုင်သည့် အရေးကိစ္စတခုခုအတွက် ကျေးဇူးတင်နေသော အမူအရာကို သတိပြုမိပြန်၏။ အမေသည် နာတာရှာ၏ရှေ့ ကြမ်းပြင်ပေါ်၌ ထိုင်လိုက်ရာ နာတာရှာက ဦးခေါင်းကလေးကို ရှေ့သို့ညွတ်ပြီး တခုခုကို တွေးရင်း ပြုံးနေလေ၏။ ထိုနောက်

"ကျွန်မ မိဘတွေမရှိတာက အရေးမကြီးပါဘူး အမေရယ်။ ကျွန်မအဖေက ကြမ်းတမ်းတယ်။ ကျွန်မမောင်ကတော့ ကြမ်းတမ်းရုံတင် မကဘူး၊ သောက်လည်း သောက်သေးတယ်။ ကျွန်မအစ်မကတော့ စိတ်မချမ်းသာဘူး၊ သူက သူ့ထက် အသက် အတော်ကြီးတဲ့ လူတယောက်ကို ယူထားတယ်။ အဲဒီလူကြီးက သိပ်တော့ချမ်းသာပါရဲ့ ဒါပေမဲ့ လောဘ ကြီးတယ်။ ကျွန်မက ကျွန်မအမေအတွက် စိတ်မကောင်းတာပါဘဲ။ သူက အမေ့လိုပဲ ရိုးတယ်။ သေးသေးသွယ်သွယ်ကလေးပဲ။ ဒါပေမဲ့ အလွန်သွက်တယ်။ လူတိုင်းကိုလည်း ကြောက်နေတာ ချည်းပဲ၊ တခါတလေ

ကျွန်မဟာ အမေ့ကို တွေ့ချင်တယ်။ အို သိပ်ကို တွေ့ချင်တာပဲ” ဟု ပြောပြရာ အမေသည် ဝမ်းနည်းစွာ ခေါင်းကိုခါလျက်

“ဖြစ်မှဖြစ်ရပါလေကွယ်” ဟု ညည်းနေလေ၏။ နာတာရှာသည် ဦးခေါင်းကိုမော့၍ တစုံတခုကို လက်နှင့် တွန်းနေသကဲ့သို့ လက်များကို ဆန့်ထားလေ၏။

“အို မဟုတ်ဘူး၊ မဟုတ်ဘူး တခါတလေ ကျွန်မဟာ သိပ်ပျော်တာပဲ။ ပျော်သမှ သိပ်ပျော်တာပဲ” ဟု ပြောရင်း သူ့မျက်နှာသည် ဖြူရော်ရော် ဖြစ်သွား၏။ သူ၏မျက်လုံးများသည် တောက်ပြောင် လာ၏။ ထို့နောက် အမေ၏ ပခုံးပေါ်သို့ လက်များကို တင်ကာ

“ကျွန်မတို့ဟာ ဘယ်လောက်ကြီးမားတဲ့ လုပ်ငန်းကြီးတခုကို လုပ်နေကြတယ ်ဆိုတာကိုများ အမေ သိလိုက်ရင်” ဟု သာယာဖြည်းညင်းစွာနှင့် အားပါးတရ ပြောလိုက်လျှင် အမေ၏ စိတ်ထဲတွင် အားကျလာကာ

“အမေ အဲဒါတွေကို မလုပ်နိုင်လောက်အောင် အိုနေပြီကွယ့်။ ပြီးတော့ စာကလည်း မတတ်ဘူး” ဟု ထိုင်ရာမှထကာ အသက်ပင် ပြန်၍ငယ်လိုက်ချင်သကဲ့သို့ ပြန်ပြောလေ၏။

ပါဗယ်သည် ယခင်ကထက် ယခုပို၍ စကားပြော၏။ ပြောသည့်အခါ၌လည်း ပို၍ ရှည်ရှည် ပြော၏။ ပို၍ ပြင်းပြင်းထန်ထန်လည်း ပြော၏။ လူကမူ တဖြည်းဖြည်း ချုံးချုံးလာ၏။ ပါဗယ်သည် နာတာရှာကို ကြည့်၍ စကားပြောသည့်အခါများ၌ သူ့မျက်နှာထားသည် တင်းမာနေရာမှ နူးညံ့သိမ်မွေ့သွားသည်ဟု လည်းကောင်း၊ သူ၏အသံသည် ပျော့ပျောင်း သွားသည်ဟု လည်းကောင်း၊ သူ၏အမူအရာသည် မခက်ထန်တော့ဟုလည်းကောင်း အမေက ထင်မိ၏။

ထို့နောက် အမေသည် ပြုံးလျက် “အင်း၊ ဘုရားသခင်ကိုယ်တော်မြတ်က ဒီလိုဖြစ်အောင်ပဲ ဖန်တီးပေးတော်မူပါဘုရား” ဟု ကျိတ်၍ ဆုတောင်းနေမိလေသည်။

သူတို့လူစု တဦးနှင့်တဦး အချေအတင် ဆွေးနွေးနေကြရာမှ ဒေါသများ ပါလာပြီး ပြင်းထန်လာသည့်အခါတိုင်း ယူကရိန်းလူငယ်သည် မတ်တတ်ရပ်ပြီး ကိုယ်ကို ရှေ့တိုးနောက်ငင် ယိမ်းထိုးလျက် သာယာညင်းပျောင်းသည့် စကားများဖြင့် ဝင်၍ ဖျန်ဖြေတတ်၏။ သူက ဤကဲ့သို့ ပြောလိုက်သောအခါ အခြားလူငယ်များသည် ရုတ်တရက် ငြိမ်သက်၍ ဒေါသ ချုပ်ငြိမ်းသွားကြ ၏။ အမြဲတမ်း သုန်သုန်မှုန်မှုန်ကြီး နေတတ်သော ဗက်ဗဆော့ရှီကော့သည်ကား အခြားသူများ အား တစုံတခုကို

လုပ်ရန် တိုက်တွန်းလေ့ ရှိ၏။ သူနှင့် သူတို့တတွေက ဆမ္ဗိုင်လေ့ဟု ခေါ်လေ့ရှိကြသည့် ဆံပင်နီနီနှင့် လူငယ်သည် အချေအတင် အငြင်းအခုံတို့ကို အစပျိုးတတ်၏။ သူတို့နှစ်ဦးကို အိုင်ဗင် ဘူလင်ဆိုသူ လူငယ်က ထောက်ခံ၏။ သန့်သန့်ရှင်းရှင်း နေတတ် ထိုင်တတ်သည့် ယာကော့ ဆိုမော့သည် စကားနည်း၏။ သို့သော် စကားပြောသည့်အခါများ၌ စိတ်ရောကိုယ်ပါ အားတက်သရော ပြောတတ်၏။ သူနှင့် မျက်ခုံးမွေးကြီးကြီး ဖီယိုဒိုတို့သည် အမြဲတမ်း ပါဗယ်နှင့် ယူကရိန်းလူငယ်တို့ကို ထောက်ခံကြလေသည်။

တခါတရံ နာတာရှာ၏ကိုယ်စား နစ်ကိုလိုင် အိုင်နိုဗစ်ဆိုသူ လာတတ်၏။ သူသည် မျက်မှန် တပ်ထား၏။ မုတ်ဆိတ်မွေး ဖြူဖြူကလေးလည်း ရှိ၏။ သူသည် အလွန် ဝေးလံသည့် နယ်မြေဒေသ၌ မွေးဖွားသူတယောက် ဖြစ်သဖြင့် 'အို' ဟူသော စကားတို့ကို အသံခပ်ဝဲဝဲနှင့် ပြောတတ်၏။ သို့ရာတွင် သူသည် ဘဝနှင့် အလွန်နီးစပ်၏။ သူ စကားပြောလျှင် အိမ်ထောင်ရေး အကြောင်း၊ ကလေးများအကြောင်း၊ အလုပ်အကိုင်အကြောင်း၊ ပုလိပ်များအကြောင်း၊ ပေါင်မုန့်နှင့် သားငါးဈေးများအကြောင်း စသည့် ပြည်သူလူထု၏ နေ့စဉ် နေထိုင်ရေးဘဝနှင့် ပတ်သက်သည့်အကြောင်းတို့ကိုသာ ပြောတတ်၏။ ဤအကြောင်းတို့ကိုပြောရင်း မဟုတ်မမှန် သော၊ ကျိုးကြောင်း ယုတ္တိမရှိသော အရေးကိစ္စဟူသမျှ မိုက်မဲ၍ ရယ်စရာကောင်းရုံမျှမက လူထုအတွက် အန္တရာယ်ပင် ဖြစ်နေသော အကြောင်းကိစ္စတို့ကို ထင်ရှားလာအောင်၊ ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် ရှင်းလင်းပြတတ်၏။ သူသည် အလွန် အလှမ်းကွာဝေး လှသည့် တတိုင်းတနိုင်ငံမှ တနည်းအားဖြင့် လူတိုင်း ရိုးရိုးဖြောင့်ဖြောင့် သက်သောင့်သက်သာ နေကြရသည့် တိုင်းနိုင်ငံမှ လာခဲ့သူတယောက် ဖြစ်သည်ဟု အမေက ထင်၏။ ယခု အလုပ်သမားတို့ရပ်ကွက်သို့ ရောက်လာသောအခါ မြင်မြင်သမျှသည် သူ့အတွက် အထူးအဆန်း ဖြစ်နေ၏။

သူသည် ဤအလုပ်သမားတို့၏ ဘဝမျိုး၌လည်း မနေတတ်။ ဤဘဝကို မုန်းတီး၏။ သို့မုန်းတီးခြင်းကြောင့် ဤဘဝကို သူ့နည်းနှင့်သူ ပြောင်းလဲပစ်လိုက်ချင်သည့် တည်ငြိမ် ခိုင်မြဲလှသည့်ဆန္ဒသည် သူ၏စိတ်တွင်း၌ ပေါက်ဖွားလာခဲ့လေ၏။ သူ၏ မျက်နှာသည် ဝါဖန့်ဖန့် ဖြစ်၍ မျက်လုံးမျက်ဖန်လှ၏။ သူ၏အသံသည် နူးညံ့သိမ်မွေ့ပြီး သူ၏လက်များသည် အမြဲတမ်း နွေးနေကြ၏။ အမေကို နှုတ်ဆက်တိုင်း သူသည် အမေ၏လက်ကို သူ၏ နွေးသောလက်များဖြင့် ခပ်တင်းတင်း ဆုပ်ထားတတ်၏။ အမေသည် ဤကဲ့သို့ ဆုပ်ကိုင်ထားသည်ကို သဘောကျ၏။

မြို့ထဲမှ အခြားသူများသည်လည်း ဤဆွေးနွေးပွဲများသို့ လာရောက်ကြရာ ၎င်းတို့အထဲမှ အများဆုံးလာသူကား ဆာရှာဟူသော မိန်းကလေးတယောက် ဖြစ်၏။

ဆာရှာသည် အရပ် ရှည်၏။ မျက်လုံးပြူး၏။ မျက်နှာက ဖြူရော်ရော် ဖြစ်နေ၏။ လှုပ်ရှားသွားလာရာ၌ ယောက်ျား ဆန်၏။ သူ၏မျက်ခုံးများသည် ထူထပ် မည်းမှောင်၍ သူသည် မျက်မှောင်ကြုတ်ကြုတ် ထားတတ်၏။ သူစကားပြောသောအခါ နှာခေါင်းသည် တဆတ်ဆတ် တုန်တုန်သွား၏။

သူတို့လူစုထဲမှ သူသည် "ကျွန်မတို့တတွေဟာ ဆိုရှယ်လစ်တွေပဲ" ဟု ပထမဦးဆုံး ကျယ်လောင် စူးရှသည့်အသံနှင့် ကြေညာခဲ့၏။

အမေသည် ဤစကားကို ကြားသောအခါ ဆာရှာအား ငြိမ်သက်စွာ ကြောင်၍ ကြည့်နေမိ၏။ သူငယ်ငယ်က ဇာဘုရင်ကို ဆိုရှယ်လစ်တို့က သတ်ပစ်ကြသည်ဟု ကြားခဲ့ဖူး၏။ ထိုအခါက မြေရှင်များသည် သူတို့၏ကျေးကျွန်များကို သူတို့၏လက်အောက်မှ ဇာဘုရင်က လွှတ်ပစ်လိုက်သည့်အတွက် ဇာဘုရင်ကို မသတ်ရမချင်း သူတို့၏ဆံပင်ကို မဖြတ်ဘဲထားမည်ဟု သစ္စာ ဆိုထားကြောင်း ကောလာဟလသတင်းတို့ကို ကြားခဲ့ရဖူး၏။ ဤနည်းဖြင့် မြေရှင်များကို ဆိုရှယ်လစ်များဟု ခေါ်ကြ၏။ ယခု သူ့သားနှင့် သူ့အပေါင်းအသင်းများက သူတို့ကိုယ်သူတို့ ဆိုရှယ်လစ်များဟု ခေါ်လိုက်ကြသည့်အခါ အမေသည် နားမလည်နိုင်ဘဲ ဖြစ်သွား၏။

သူတို့အားလုံး အိမ်ပြန်သွားကြသောအခါ အမေသည် ပါဗယ်၏ အနီးသို့သွားကာ

"ငါ့သား ဆိုရှယ်လစ်လား" ဟု မေးလိုက်လျှင် ပါဗယ်သည် ခါတိုင်းကဲ့သို့ပင် ကိုယ်ကို တောင့်တောင့်မတ်မတ်ရပ်လျက်

"ဟုတ်တယ် အမေ၊ ဘာပြုလို့လဲ" ဟု ပြန်မေးလေ၏။

ထိုအခါ အမေသည် သက်ပြင်းကြီး ချကာ မျက်လွှာများကို အောက်သို့ချလျက်

"တကယ်လား သားရယ်၊ သူတို့က ဇာဘုရင်ကို ဆန့်ကျင်ကြတယ်။ သူတို့က ဇာဘုရင် တပါးကိုတောင် သတ်ခဲ့ကြသေးတယ်" ဟု ပြောနေလေ၏။

ပါဗယ်သည် သူ့ပါးများကို လက်ဖဝါးများနှင့်ပွတ်လျက် အခန်းတွင်း၌ လမ်းလျှောက်နေလေ၏။ ထို့နောက် ရယ်လျက်

"သားတို့က ဒါမျိုးတွေလုပ်ဖို့ မလိုပါဘူး အမေရယ်" ဟု ပြန်ပြောလေ၏။

ထို့နောက် ပါဗယ်သည် အမေအား ကြန္တြေရရနှင့် တည်ငြိမ်စွာ စကားပြောနေ၏။

သူ၏မျက်နှာကိုကြည့်ရင်း "သူကတော့ ဘယ်တော့မှ မတရားတာ၊ မဟုတ်တာကို လုပ်မှာ မဟုတ်ဘူး။ သူ ဒါမျိုးတွေကို ဘယ်တော့မှ မလုပ်နိုင်ဘူး" ဟု အမေသည် စဉ်းစားနေမိ၏။

ဤကဲ့သို့ ဖြစ်ပွားပြီးနောက် အမေသည် 'ဆိုရှယ်လစ်' ဟူသော ကြောက်မက်ဖွယ်ရာ စကားကို ခဏခဏ ကြားရဖန်များသဖြင့် အမေ့အတွက် 'ဆိုရှယ်လစ်' ဟူသောစကားသည် ဘာမျှ စိုးရိမ်ထိတ်လန့်စရာ စကား မဟုတ်တော့ပြီ။ သူ့နားထဲ၌လည်း ဤစကားများသည် သူတို့ပြောနေကျ အခြားစကားများကဲ့သို့ ရိုးသွားလေ၏။ သို့ရာတွင် အမေသည် ဆာရှာကို သဘောမကျ။ ဆာရှာရှိလျှင် သူ့စိတ်ထဲ၌ မချမ်းမသာ ဖြစ်ဖြစ်သွားလေသည်။

တနေ့သ၌ အမေသည် စိတ်ထဲ၌ သဘောမကျသည့်အနေနှင့် နှုတ်ခမ်းကို မဲ့ကာ ရွဲ့ကာနှင့် ဆာရှာ၏အကြောင်းကို ယူကရိန်းလူငယ်အား

"သူက သိပ်ပြင်းထန်လှချည့်လားကွယ့်။ လူတိုင်းကို ဟိုဟာကို လုပ်လိုက်၊ ဒီဟာကို လုပ်လိုက်နဲ့ အမိန့်ချည်းပေးနေတာပဲ" ဟု ပြောလျှင်...

ယူကရိန်းလူငယ်သည် ဟက်ဟက်ပက်ပက်ကြီး ရယ်လိုက်၏။ "အမေပြောတာ တကယ် မှန်ပါတယ်။ ဘယ့်နှယ်လဲ ပါဗယ်" ဟု ပြောပြီး အမေအား မျက်စတချက် ပစ်လိုက်၍ "ဒါ အမေအား လူ့အထက်တန်းဖြစ်နေတာပေါ့" ဆိုလိုက်၏။

ပါဗယ်က

"သူဟာ တော်တဲ့ အမျိုးသမီးတယောက်ပါ" ဟု ပြောလိုက်လျှင် ယူကရိန်း လူငယ်က

"ဟုတ်ပါတယ်၊ သူဟာ တော်ပါတယ်။ ဒါပေမဲ့ သူနားမလည်တာ တခုရှိတယ်။ ကျွန်တော်တို့က ဒီအလုပ်ကိုဖြင့် ဘယ်ရဲဘော်က လုပ် 'နိုင်' ပါလိမ့်မယ်၊ ဟိုအလုပ်ကို ဖြင့် ဘယ်ရဲဘော်ကို လုပ် 'စေ' ချင်ပါတယ်" ဆိုတဲ့ စကားမျိုးတွေနဲ့ ရဲဘော်အချင်းချင်း တာဝန်ပေးနေကြပေမဲ့ သူကတော့ ဘယ်ရဲဘော်က ဘာလုပ်ရမယ်ဆိုတဲ့ လေသံနဲ့ အာဏာပေးသလို လုပ်နေတာပေါ့" ဟု ရှင်းပြနေလေသည်။

ထိုနောက် သူတို့သည် အမေ မသိသည့် နားမလည်သည့် အရေးကိစ္စတို့ကို ဆက်လက် ဆွေးနွေးကြလေ၏။

ဆာရှာသည် ပါဗယ်အပေါ်၌ အတင်းကျပ်ဆုံး ဆက်ဆံလျက်ရှိသည်ကို အမေသည် သတိပြုမိ၏။ တခါတရံ ဆာရှာက ပါဗယ်ကို အော်ပင်

အော်ဟစ်တတ်၏။ ထိုကဲ့သို့ အော်သောအခါများ၌ ပါဗယ်က ဘာမျှမပြောချေ။ နာတာရှာကို ကြည့်သကဲ့သို့ပင် မျက်နှာချိုချိုနှင့် ကြည့်ပြီး ရယ်ရုံသာ ရယ်နေတတ်၏။ အမေသည် ဤအချက်ကို သဘောမကျချေ။

တခါတရံ ပါဗယ်တို့လူစု ရတ်တရက် ချက်ချင်း ပျော်ရွှင်သွားကြသည်ကို ကြည့်ပြီး အံ့သြနေမိ၏။ များသောအားဖြင့် ညနေခင်း နိုင်ငံခြားမှ အလုပ်သမား လှုပ်ရှားမှု သတင်းများကို ဖတ်ကြသည့် အခါများ၌ သူတို့သည် ပျော်တတ်ကြ၏။ သူတို့၏မျက်နှာများသည် ရွှင်မြူးလာကြ၏။ ကလေးများသဖွယ် ထူးထူးခြားခြား ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ ရယ်ကြမောကြ၏။ တယောက်ပခုံး တယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် ပုတ်ကြခတ်ကြလေသည်။

တခါသော် သူတို့အထဲမှ တယောက်က အလွန်ရွှင်မြူးလှစွာ “ဟေး ဒါမှ တို့ဂျာမန်ရဲဘော်တွေကွ” ဟု ထပ်၍ အော်လိုက်၏။

တခါကလည်း သူတို့အားလုံးသည် “အီတလီအလုပ်သမားများ အသက်ရာကျော်ရှည်ကြပါစေ” ဟု သံပြိုင်ထ၍ အော်ကြ၏။

ဤကဲ့သို့ နိုင်ငံခြားမှ အလုပ်သမားများကို ချီးကျူး သြဘာပေးသည့်အခါများ၌ သူတို့ကိုလည်း မသိ၊ သူတို့ဘာသာစကားကိုလည်း နားပင်မလည်ကြသည့် အလုပ်သမားများက သူတို့ ချီးကျူး သြဘာပေးကြသည်ကို ကြားသည်ဟုလည်းကောင်း၊ သူတို့ ချီးကျူး သြဘာစကားတို့ကို နှစ်ထောင်းအားရ ဖြစ်ကြမည်ဟု လည်းကောင်း ယုံကြည်ဟန် ရှိလေသည်။

တညနေခင်း၌ ယူကရိန်းလူငယ်သည် ကျေနပ်ရွှင်ပြုံးသော မျက်နှာထားနှင့် “သူတို့နဲ့ ယုံကြည်ချက်ချင်းလည်း တူတယ်၊ အဲဒီ တခုတည်းသော ယုံကြည်ချက်ကိုပဲ ဝါဒဖြန့်နေကြပြီး သူတို့ရဲ့အောင်ပွဲတွေကို ကြားရတိုင်း ဝမ်းအသာကြီးသာနေကြတဲ့ သူတို့မိတ်ဆွေတွေဟာ ဒီရုရှားပြည်ကြီးမှာလည်း ရှိကြတဲ့အကြောင်း သူတို့တတွေ သိသွားအောင် သူတို့ဆီ စာရေးလိုက် ကြရင် မကောင်းဘူးလား” ဟု မေးနေလေ၏။

ပြင်သစ်အလုပ်သမားများ၊ အင်္ဂလိပ်အလုပ်သမားများနှင့် ဆွီဒင်လူမျိုး အလုပ်သမားများ အကြောင်းကို သူတို့၏မိတ်ဆွေများသဖွယ် သဘောထား၍ တပြုံးပြုံးနှင့် အားပါးတရ ပြောကြ၏။ ဤအလုပ်သမားများကို သူတို့သည် တကယ်ချစ်ကြ၏။ ခင်မင်ကြ၏။ လေးစားကြ ၏။ အေးအတူပူအမျှ သဘောထားကြလေသည်။

တကမ္ဘာလုံးမှ အလုပ်သမားတို့၏ စိတ်ဓာတ်သဘာဝချင်းတူမှု၊ ပူးပေါင်းမှုသည် ဤကျဉ်းမြောင်းလှသည့် အခန်းငယ်ကလေး၌ စတင်ပေါက်ဖွားခဲ့၏။ အမေကိုယ်တိုင်လည်း ဤအချက်ကို သဘောပေါက်၏။

ဤသဘာဝတူမှု၊ ညီညွတ်မှု၏ အကျိုးသည် မည်မျှ ကြီးမားသည်၊ လေးနက်သည်ကို မသိသော်လည်း အမေသည် အလွန်စွမ်းပကား ကြီးမားသည် ကိုမူ သတိပြုမိ၏။

တခါသော် အမေက ယူကရိန်းလူငယ်အား

"ကဲ၊ မင်းတို့ကိုပဲကြည့်ပါဦး၊ ရေဟူဒီလူမျိုးတွေ၊ အမေရိကန်လူမျိုးတွေ၊ ဩစတြေးယား လူမျိုးတွေ၊ အားလုံး လူတွေဟာ မင်းတို့ရဲ့ရဲဘော်တွေချည်း ဖြစ်ကုန်ပြီ။ သူတို့အားလုံး ချမ်းသာကြရင် မင်းတို့တတွေလည်း ချမ်းသာကြမယ်။ သူတို့တတွေ အားလုံးအတွက် ဝမ်းမြောက်စရာ ရှိရင်လည်း မင်းတို့တတွေက ဝမ်းမြောက်ကြတယ်။ ဝမ်းနည်းစရာ ရှိရင်လည်း ဝမ်းနည်းကြတာပေါ့" ဟု ပြောလေရာ ယူကရိန်းလူငယ်က

"ဟုတ်တယ် အမေ၊ သူတို့တတွေ အားလုံးအတွက်ပဲ" ဟု အားပါးတရ ထ၍ အော်ဟစ်လိုက်ပြီး

"ကျွန်တော်တို့က လူမျိုးတွေ ဘာတွေရယ်လို့ ဘာမှမခွဲခြားဘူး။ ကျွန်တော်တို့မှာ ရဲဘော်နဲ့ ရန်သူပဲ ရှိတယ်၊ အားလုံး လုပ်သားပြည်သူတွေဟာ ကျွန်တော်တို့ရဲ့ ရဲဘော်တွေပဲ။ ချမ်းသာတဲ့ လူတွေ၊ အစိုးရတွေအားလုံးဟာ ကျွန်တော်တို့ရဲ့ရန်သူတွေပဲ။ ကမ္ဘာကြီးတခုလုံးကို ကြည့်ပြီး ကျွန်တော်တို့လို အလုပ်သမားတွေက ဘယ်လောက်ရှိတယ်၊ ကျွန်တော်တို့ရဲ့အင်အားဟာ ဘယ်လောက်ကြီးမားတယ် ဆိုတာကိုများ မြင်လိုက်ရရင် အမေဟာ ဝမ်းသာလို့လည်း ဆုံးမှာ မဟုတ်ဘူး။ ကြည်နူးလို့လည်း ဆုံးမှာ မဟုတ်ဘူး။ ပြင်သစ်လူမျိုး၊ ဂျာမန်လူမျိုး အလုပ်သမားတွေကလည်း ကမ္ဘာကိုကြည့်ပြီး ဒီလိုပဲ ဖြစ်တာပဲ။ အီတလီ အလုပ်သမားတွေ ကလည်း ဒီအတိုင်းပဲ အမေ၊ ကျွန်တော်တို့ဟာ တဦးတည်းသောမိခင်က မွေးထုတ်လိုက်တဲ့ သားသမီးတွေပဲ။ ကမ္ဘာတဝန်းလုံးမှာ အလုပ်သမားတွေဟာ ညီရင်းအစ်ကိုတွေ ဖြစ်ကြတယ် ဆိုတဲ့ အချက်ကို ဘယ်သူမှ ချေမှုန်းဖျက်ဆီးလို့ မရအောင် ခိုင်မာမြဲမြံစွာ ယုံကြည်ထားတဲ့ ယုံကြည်ချက်နဲ့ စိတ်ဓာတ်တက်ကြွနေကြသူတွေဖြစ်တယ်။ ဒါကို တွေးမိတိုင်း ကျွန်တော်တို့ တတွေဟာ အားတက်မိတာချည်းပဲ။ ဒီလို အားတက်မှု၊ စိတ်ဓာတ်ပြင်းမှုဟာ တရားမျှတတဲ့ ကောင်းကင်ဘုံနန်းထဲမှ ထွန်းလင်းတောက်ပနေတဲ့ နေမင်းကြီးပဲ။ အဲဒီ တရားမျှတတဲ့ ကောင်းကင်ဘုံနန်း ဆိုတာဟာလည်း တခြားမဟုတ်ဘူး အမေ၊ အလုပ်သမားတွေရဲ့ အသည်းနှလုံးပဲ။ သူဟာ ဘယ်သူပဲဖြစ်ဖြစ်၊ သူ့နာမည်ကို ဘယ်လိုပဲခေါ်ခေါ် သူဟာ ဆိုရှယ်လစ်ဖြစ်ရင် အတိတ်ကရော၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ပါ အစဉ်ထာဝရ ကျွန်တော်တို့ရဲ့ ညီအစ်ကိုပဲ အမေ" ဟု ဆက်လက် ပြောပြနေလေ၏။

ဤရိုးသားဖြူစင်၍ ခိုင်မြဲလှသော ယုံကြည်မှုသည် ပါဗယ်တို့လူစုထဲတွင်

တနေ့ထက်တနေ့ ပေါ်လွင်ထင်ရှားလာ၏။ တခါထက်တခါလည်း တက်ကြွ ပြင်းပြလာရာ အလွန်ကြီးမားသည့် အင်အားကြီးတရပ် ဖြစ်လာလေ၏။ အမေသည် ဤအင်အားကြီးကို မြင်လာသောအခါ ကမ္ဘာကြီးကား နေမင်းကဲ့သို့ ခံ့ညားမွန်မြတ်လှသည့် ဧရာမ အင်အားတရပ်ကို ရချေပြီဟု အလိုလို ထိုးထွင်း၍ သဘောပေါက်လာ၏။ ဤအင်အားကို သူကိုယ်တိုင် ဒိဋ္ဌမျက်မြင် တွေ့မြင်နေ၏။

သူတို့လူစုသည် မကြာခဏ သီချင်းဆိုကြ၏။ လူတိုင်း သိပြီး၊ ကြားပြီးဖြစ်သည့် ရိုးရိုးသီချင်းများကို အသံကျယ်ကျယ်နှင့် ပျော်ပျော်ရွှင်ရွှင် သီချင်းများကို အလွန်ငြိမ့်ညောင်း သာယာသည့် အသံတို့ဖြင့် ဆိုကြ၏။ ဤသီချင်းများကိုမူ ဘုရားရှိခိုးကျောင်း၌ ဓမ္မဂီတကို ကျူးဘိသကဲ့သို့ အသံကို နှိမ့်၍ ဆိုကြ၏။ ထိုကဲ့သို့ ဆိုနေကြစဉ် သူတို့၏ မျက်နှာများသည် တခါတခါ သွေးရောင်များ လျှံတက်၍ နီမြန်းလာပြီး တခါတခါ ဖြူရော်ရော် ဖြစ်သွားတတ်၏။ ဤသီချင်းစာသားများ၌ပင် အလွန်ကြီးမားလှသည့် အင်အား ပါလာလေသည်။

ဤသီချင်းသစ်များထဲမှ သီချင်းတပုဒ်ကြောင့် အမေ၏စိတ်ဓာတ်သည် ထူးထူးခြားခြား တက်ကြွမိ၏။ ထိုသီချင်းသည် သံသယဖြစ်မှုနှင့် စိတ်ဓာတ်မခိုင်မြဲမှု ဝဲသြဃ အတွင်းမှ ထွက်ပေါက်မရဘဲ တဦးချင်း တဝဲလည်လည် ဖြစ်နေသော အနိုပ်စက် အညှဉ်းပန်းခံ လူသားတယောက်၏ စိတ်ဓာတ်မှ ပေါ်ထွက်လာသည့် စိတ္တဇဝေဒနာတို့ကို သီကုံးထားသည့် သီချင်းမဟုတ်။ လိုအင်ဆန္ဒ မပြည့်ဝသဖြင့် နွမ်းလျနေသော ကြောက်ရွံ့ခြင်းဖြင့် ပြားပြားဝပ်နေရသည့် လူသားရုပ်၊ လူသားလက္ခဏာ၊ လူသားသိက္ခာ၊ လူသားဂုဏ် ဟူ၍ လုံးဝမရှိတော့သည့် လူသားတို့၏ ညည်းသံ၊ ညူသံတို့ကိုလည်း သရုပ်မဖော်။ ဆင်ကန်း တောတိုး၊ မျှော်မှန်းချက်မဲ့၊ ရည်မှန်းချက်မဲ့နှင့် ဇွတ်အတင်း တိုးနေသည့် အင်အားစုတရပ်၏ ပူဆွေးသံ၊ ညည်းသံတို့ကိုလည်းကောင်း၊ အကောင်းရော အဆိုးပါ ဘာမျှ မရွေးဘဲ မိုက်ရူးရဲ ဇွတ်အတင်း တိုက်မည့်ခိုက်မည့် အင်အားစုတရပ်၏ စိန်ခေါ်သံကို အသိနှင့် တဖက်မှ ဖျက်ဆီးနိုင်စွမ်း ရှိသော်လည်း တဖက်မှ တည်ဆောက်နိုင်စွမ်းမရှိသည့် လက်စားချေလိုသည့် ဆန္ဒတို့ကို မခွဲမခြား တသဘောတည်း ထား၍ သီဆိုထားသည့် သီချင်းလည်း မဟုတ်။ ဤသီချင်းထဲ၌ ဟောင်းနွမ်းသည့်၊ ဘာမဆို အညံ့ခံသည့်၊ ဒူးထောက်သော လောဘအကြောင်း လည်း တခွန်းတပါဒမျှ မပါချေ။

အမေသည် ဤသီချင်းထဲမှ ကြမ်းတမ်းသည့် စကားနှင့် ခက်ထန်မာကျောသော စည်းဝါးတို့ကို သဘောမကျ။ သို့ရာတွင် ဤစကားများနှင့် ဤစည်းဝါးတို့၏ နောက်ကွယ်၌ အလွန်မြင့်မား ကြီးကျယ်သည့် သဘောတခုရှိ၏။ ဤသဘောကပင် ဤစကားများနှင့် အသံနေ၊ အသံထားတို့ အပေါ်၌ လွှမ်းဖုံးသွား၏။ တွေးဆ၍ မရနိုင်လောက်အောင် ကြီးမားကျယ်ပြန့်လှသော၊ တစုံတခုသော တရားကိုသိသော အသိကိုလည်း ဖော်ထုတ်ခဲ့၏။ အမေသည်

ဤလူငယ်တို့၏ မျက်နှာများ၌ သူတို့သိထားကြသော ဤတရားကို အကဲခတ်မိ၏။ ဤတရားသည် သူတို့၏ အသည်းနှလုံးများထဲ၌ ကိန်းအောင်းလျက် ရှိသည်ကိုသိ၏။ စကားလုံးများ၊ စည်းဝါးများက မကန့်သတ်၊ မချုပ်ချယ်နိုင်လောက်အောင် ကြီးမားလှသော အင်အားစုတရပ်သည် အမေ့အပေါ်တွင် လွှမ်းမိုးလာ၏။ ဤလွှမ်းမိုးမှုအောက်မှပင် အမေသည် ဤသီချင်းကို အခြားသီချင်းများထက် ပို၍ အာရုံစိုက်စွာ၊ ပို၍ စိတ်ခါတ်လှုပ်ရှားစွာနှင့် နားထောင်လေသည်။

ပါဗယ်တို့လူစုသည် ဤသီချင်းကို အခြားသီချင်းများထက် အသံကိုနှိမ့်၍ ဆိုကြ၏။ သို့ရာတွင် ဤသီချင်းသည် အခြားသီချင်းများထက် ပို၍အားရှိ၏။ မိုးဦးကျ မြေနံ့သင်းနေသော လေကလေးကို ရှူရှိုက်လိုက်ရသကဲ့သို့ စိတ်ထဲ၌ လတ်ဆတ် ကြည်လင်လာ၏။

ထိုအတွင်း ဗက်ဆော့ရှီကော့က မျက်နှာထား သုန်သုန်မှုန်မှုန်နှင့် "ကျုပ်တို့တတွေ ဒီသီချင်းကို လမ်းပေါ်မှာ ဖြောင်လျှောက်ပြီး ဆိုဖို့ အချိန်ကျလာပါပြီ" ဟု ပြော၏။

သူ့ဖခင်အား နောက်တကြိမ် ခိုးမှုဖြင့် အဖမ်းခံရသောအခါ သူ့ရဲဘော်များကို သူက

"ကျုပ်တို့တတွေ ကျုပ်အိမ်မှာ ဆုံနိုင်ကြပါပြီ" ဟု ပြောပြန်လေသည်။

ညနေတိုင်းလိုလိုပင် အလုပ်ခွင်မှ ဆင်းလာကြသောအခါ ပါဗယ်၏ မိတ်ဆွေတို့သည် ပါဗယ်နှင့် အတူ အိမ်သို့လိုက်လာကြ၍ ရေမိုးပင် မချိုးနိုင်လောက်အောင် သုတ်သီးသုတ်ပျာနှင့် စာတွေကို မှတ်ကြ၏။ သူတို့၏စာအုပ်များထဲ၌ သူတို့ မှတ်သားလိုသည့် အချက်အလက်တို့ကို ရေးကြ မှတ်ကြ၏။ လက်ထဲမှစာအုပ်များကို မချဘဲ တဖက်မှ စာကြည့်ရင်း လက်ဖက်ရည် သောက်ကြ၏။ ညစာစားကြ၏။ အမေသည်လည်း သူတို့အချင်းချင်း ပြောကြ၊ ဆွေးနွေးကြသော စကားတို့ကို တနေ့ထက်တနေ့ ပိုပိုပြီး နားမလည်နိုင်ဘဲ ဖြစ်လာလေ၏။

"ကျွန်တော်တို့တတွေဟာ သတင်းစာတစောင်ကို စပြီး ထုတ်သင့်ပြီ" ဟု ပါဗယ်က ခဏ ခဏ ပြော၏။

ပါဗယ်တို့လူစုသည် ပို၍အလုပ်များလာ၏။ ပို၍လှုပ်ရှားလာကြ၏။ ပျားကလေးများသည် ပန်းတပွင့်မှ ပန်းတပွင့်သို့ လူးလာ ပျံသန်းနေကြသကဲ့သို့ သူတို့သည် စာအုပ်များကို ဇယ်စက်သကဲ့သို့ တအုပ်ပြီးတအုပ် ဖတ်နေကြ၏။

တနေ့သော် ဗက်ဆော့ရှီကော့က

"သူတို့တတွေဟာ တို့တတွေအကြောင်းကို ပြောပြလာကြပြီကွ။ မကြာခင် တို့ကို ဖမ်းကြ၊ ဆီးကြလိမ့်မယ်" ဟု ပြောလျှင် ယူကရိန်းလူငယ်က "အဆန်းမဟုတ်ပါဘူး ရဲဘော်တို့။ ဒါမျိုးလုပ်ရင် ထောင်ကိုတော့ ခြင်ထောင်လို သဘောထားကြရလိမ့်မယ်" ဟု ပြန်ဖြေလေ၏။

အမေသည် ယူကရိန်းလူငယ်အား တနေ့ထက်တနေ့ ပို၍ ပို၍ သဘောကျလာ၏။ သူ့အား အမေဟု ခေါ်လိုက်လျှင် ကလေးငယ်တယောက်၏ နူးညံ့ပျော့ပျောင်းသည့် လက်ဖဝါးကလေး များနှင့် သူ၏ပါးပြင်တို့ကို ပွတ်လိုက်ဘိသကဲ့သို့ ပီတိဖြာဖြာသွား၏။ ပါဗယ် အလုပ်များသည့် တနင်္ဂနွေနေ့များ၌ ယူကရိန်းလူငယ်သည် ထင်းများကို ခုတ်ခုတ်ပေး၏။ တနေ့သော် သူသည် ပျဉ်ပြားကြီးတချပ်ကို ထမ်းလာပြီး ပဲကွတ်တခုဖြင့် ထိုပျဉ်ပြားကို ခွဲစိတ်ကာ အိမ်ရှေ့လှေကားမှ ဆွေးနေသည့် လှေကားထစ်နေရာ၌ အစားထည့်လိုက်လေ၏။ တခါကလည်း ယိုင်အိနေသည့် အိမ်ဝန်းထရံကို ပြင်ပေး၏။ ဤကဲ့သို့ အလုပ်လုပ်နေစဉ် သူသည် သာယာ၍ ဝမ်းနည်းဖွယ် ကောင်းအောင် လေကို ချွန်ချွန်နေတတ်လေသည်။

တနေ့သော် အမေက ပါဗယ်အား

"သားရေ၊ တို့ ယူကရိန်းလူငယ်ကို အိမ်ခေါ်ပြီး အငှားထားကြရအောင်။ အဲဒါ သားတို့ နှစ်ယောက်လုံးအတွက်လည်း ကောင်းမယ်၊ တယောက်နဲ့ တယောက် တွေ့ချင်ရင်လည်း ပြေးလွှားမနေရတော့ဘူး။ တအိမ်တည်းဆိုတော့ တွေ့ချင်တဲ့အချိန် တွေ့နိုင်တာပေါ့" ဟု ပြောရာ ပါဗယ်က ပခုံးကိုတွန့်ကာ

"အမေက ဘာပြုလို့ အပင်ပန်းခံချင်တာလဲ။ လူတယောက် တိုးလာရင် ချက်ရ ပြုတ်ရနဲ့ အမေ ပင်ပန်းမှာပေါ့" ဟု ပြောလိုက်သောအခါ

"သားကလည်းကွယ်၊ အမေဟာ တသက်လုံးလုံး အကြောင်းမဲ့ ပင်ပန်းခဲ့တာပါကွဲ့။ ဒီတော့ သူလို လူကောင်းတယောက်အတွက် ပင်ပန်းပါစေ။ အမေ အပင်ပန်းခံနိုင်ပါတယ်"

"အမေပဲ သူ့ကို ရွှေ့လာဖို့ပြောလိုက်ပါ။ ကျွန်တော်ကတော့ သူလာမယ်ဆိုရင် ဝမ်းသာတာပေါ့"

ဤနည်းဖြင့် ယူကရိန်းလူငယ်သည် အမေတို့အိမ်သို့ ရွှေ့လာလေသတည်း။

အခန်း ၅၈

အလုပ်သမားရပ်ကွက် အစွန်အဖျားရှိ အမေတို့ အိမ်ကလေးကို လူအများက ဂရုစိုက်လာကြ၏။ ဟိုအရေးသည်အရေး စပ်စုချင်ကြသည့် လူများကလည်း ဤအိမ်ကလေးကို ချောင်းမြောင်း ကြည့်တတ်ကြ၏။ ကောလာဟလသတင်းကလည်း ပျံ့နေ၏။ လူများကလည်း ဤအိမ်အတွင်း လျှို့ဝှက်ချက်တခုခု ရှိနေပြီဟု ယူဆကြပြီး ဤလျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် ကြိုးပမ်း နေကြ၏။ ညအခါများ၌ ပြတင်းပေါက်များမှ လာရောက်၍ တိတ်တဆိတ် ခိုးကြည့်ကြ၏။ တခါတရံ ပြတင်းပေါက်ကို လာခေါက်ကြ၏။ သို့ရာတွင် ကြောက်၍ ထွက်ထွက်ပြေးကြလေ သည်။

တနေ့သ၌ ဘီဂန်နို့ဆော့ဆိုသူက လမ်းတွင် အမေ့ကို တားထား၏။ ဘီဂန်နို့ဆော့သည် ထမင်းဆိုင်ရှင်တယောက်ဖြစ်၍ အသက်ကြီးနေပြီ ဖြစ်သော်လည်း ရုပ်ရည် ချောမော၏။ သူသည် ခရမ်းရောင် ကတ္တီပါ အကျႌရှည်ကြီးကို အမြဲတမ်းဝတ်ကာ သူ၏ တုတ်ခိုင်သော လည်ပင်းနီကြီးတွင် လက်ကိုင်ပဝါ အမည်းကို စည်းထားလေ့ရှိ၏။ သူသည် လိပ်ခွံကိုင်း မျက်မှန်များကို တပ်ထားသဖြင့် သူ့ကို 'အရိုးမျက်လုံးများ' ဟူ၍ သရော်ပြီး ခေါ်ကြလေသည်။

ဘီဂန်နို့ဆော့သည် အမေ၏အဖြေကို မစောင့်တော့ဘဲ ကရားက ရေသွန်သကဲ့သို့

"ဘယ့်နှယ်လဲ၊ နေကောင်းရဲ့လား နီလော့(ဗ်)နား။ ခင်ဗျားသားကော ဘယ့်နှယ်လဲ။ မိန်းမများ ယူမယ်လို့ စိတ်မကူးသေးဘူးလား။ မိန်းမယူဖို့ အရွယ်ကောင်းကောင်းကြီး ရောက်နေပြီလို့ ထင်တယ်။ သားသမီးတွေ အိမ်ထောင် စောစောကျလေ၊ မိဘတွေ သက်သာလေပေါ့ဗျာ။ လူဆိုတာ အိမ်ထောင်ကျလိုက်မှပဲ ရေထိတဲ့ ကြာပန်းလို လန်းနေတတ်တယ်။ ကျုပ်သာ ခင်ဗျားဖြစ်ရင် သူ့ကို မိန်းမပေးစားပစ်လိုက်တာ ကြာပြီ။ သားသမီးတွေ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်ဆိုတာကို သတိထား ကြည့်ကြရမယ့် ခေတ်ဗျ။ လူတွေက ကိုယ်ကြိုက်သလို ပစ်စလက်ခတ် နေကုန်ကြပြီ။ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာတွေးပြီး ပရမ်းပတာ လုပ်နေကြတော့ တာပဲ။ ဘုရားရှိခိုးကျောင်းလည်း မသွားကြတော့ဘူး။ လူများတဲ့နေရာတွေကို မသွားဘူး။ တိတ်တိတ်ပုန်း ချောင်ခိုပြီး သူတို့ လျှို့ဝှက်ချက်တွေကို တိုးတိုး တိုးတိုးနဲ့ ပြောနေကြတော့ တာပဲ။ ဘာပြုလို့ ဒီလိုတိတ်တိတ်ခိုး တိုးတိုး တိုးတိုးနဲ့ လုပ်နေကြတယ်ဆိုတာကို ကျုပ်သိချင်တယ်ဗျာ။ ဘာပြုလို့ လူတွေကို ရှောင်ကြရတာလဲ။ ဘာပြုလို့ လူကြားထဲမှာ မပြောဝံ့တာတဲ့လဲဗျာ။ လျှို့ဝှက်ချက်တွေတဲ့ဗျာ။

တကယ့်လျှို့ဝှက်ချက်တွေကို ပြောရဆိုရမယ့် နေရာကတော့ ဘုရားရှိခိုးကျောင်းဗျ၊ ချောင်ကြိုချောင်ကြားထဲမှာ တတိုးတိုးနဲ့ ပြောနေကြတဲ့ လျှို့ဝှက်ချက်တွေဟာ ဇရုတ်သုတ်ခ စိတ်ဓာတ်တွေက ပေါက်ဖွားလာတာချည်းပဲ။ ကဲ၊ သွားလိုက်ဦးမယ်ဗျာ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ" ဟု တတွတ်တွတ် ပြောနေလေ၏။ ထို့နောက် ဘီဂန့်ဆော့သည် ဦးထုပ်ကိုချွတ်လျက် ဖော့ယမ်းကာ ထွက်သွားလေ၏။ အမေကား ဘာမျှ ပြန်မပြောနိုင်တော့ဘဲ ငိုင်၍ ငိုင်၍ ကျန်ရစ်ခဲ့လေသည်။

တကြိမ်ကလည်း အမေ၏အိမ်နီးချင်း မာရီယာကော်ဆူနိုဗာနှင့် ဈေးထဲတွင် တခါတွေ့ပြန်၏။ မာရီယာသည် သူ့ယောက်ျား ပန်းပဲသမား သေဆုံး၍ မုဆိုးမဘဝနှင့် စက်ရုံတံခါးဝ၌ မုန့်ပဲသရေစာတို့ကို ရောင်းစားနေရသူဖြစ်၏။ သူက အမေ့အား "တော့်သားကိုလည်း ဂရုစိုက်ဦးနော် နီလော့(ဗ်)နာ" ဟု ပြောလေ၏။

"ဘာဖြစ်လို့လဲ မာရီယာ"

"ကောလာဟလတွေ ဖြစ်နေတယ်တော့၊ ဒါပေမဲ့ ကောလာဟလက အကောင်း မဟုတ်ဘူးတော့။ သူတို့က ပြောကြတော့ တော့်သားဟာ လျှို့ဝှက်တဲ့ ဂိုဏ်းတဂိုဏ်း ထောင်မလို့တဲ့၊ အဲဒီဂိုဏ်းသားတွေဟာ တယောက်နဲ့တယောက် ကြာပွတ်နဲ့ ရိုက်ကြမယ့် အသင်းတဲ့တော့၊ သိရဲ့လား။ ကျုပ်က အဲဒါကြောင့် တော့်ကို တော့်သားအတွက် ဂရုစိုက်ပါလို့ ပြောနေတာတော့"

"အို မာရီယာကလည်း တကယ့် အဓိပ္ပာယ်မရှိတာတွေကို လာပြောနေပြန်ပြီ"

"ဘယ်အဓိပ္ပာယ်မရှိရမှာလဲတော့။ မပုပ်ဘဲနဲ့လည်း မပေါ်ဘူး၊ မဟုတ်ဘဲနဲ့လည်း မကျော်ဘူးတဲ့ တော်ရေ့"

အမေသည် အိမ်သို့ပြန်ရောက်သောအခါ မာရီယာပြောသည့် စကားတို့ကို ပါဗယ်အား ပြောပြသော် ပါဗယ်က ရယ်နေ၏။ ယူကရိန်းလူငယ်ကလည်း သူ၏အသံသြကြီးနှင့် ကျိတ်၍ ရယ်လေသည်။ တဖန် အမေက

"မိန်းကလေးတွေကလည်း မင်းတို့တတွေကို နာကြတယ်။ မင်းတို့ဟာ ရုပ်ရည်လည်း ပြောစရာ မရှိဘူး။ အလုပ်လည်း ကြိုးစားလုပ်ကြတယ်။ အသောက်အစားလည်း မရှိကြဘူး၊ ဒါပေမဲ့ မင်းတို့က သူတို့ကို နည်းနည်းမှ ဂရုမစိုက်ကြဘူး။ အဲဒီတော့ သူတို့က မြို့ပေါ်က မကောင်းတဲ့ မိန်းမတွေဟာ မင်းတို့ကို လာလာတွေ့တယ်လို့ ပြောနေကြတယ်" ဟု ပြောရာ ပါဗယ်က စက်ဆုပ်ရွံရှာသည့် မျက်နှာထားနှင့်

“အလကားပဟာတွေပါ အမေရယ်” ဟု ပြန်ပြောလိုက်၏။ ယူကရိန်းလူငယ်ကမူ သက်ပြင်းချကာ

“ညွှန်ဖွက်ထဲရောက်သွားရင် အားလုံး ညွှန်ဖွက်စော်နံတာချည်းပဲ။ အမေက ဒီလူအတွေကို အိမ်ထောင်သည်ဘဝအကြောင်း နားလည်သွားအောင် ရှင်းပြလိုက်ရင် ကောင်းမှာပဲ။ ဒီလို ရှင်းပြလိုက်ရင် သူတို့ဟာ အိမ်ထောင်ရေးအတွက် ဒီလောက်အရေးတကြီး လောနေကြမှာ မဟုတ်ဘူး” ဟု ပြောလိုက်လျှင် အမေက

“အလိုလေး ဘုရားရေ၊ သူတို့ကိုယ်တိုင် ဒါတွေကိုသိသမှ နောနေတာပဲ။ အဲဒီတော့ သူတို့ဟာ ဒီလိုပြောရုံအပြင် ဘာများတတ်နိုင်သေးတုံး” ဟု ပြန်ပြောလိုက်၏။ ထိုအခါ ပါဗယ်က

“သူတို့ ဒီလိုနားလည်ကြရင် တခုခု ကြံဖန် လုပ်ကြလိမ့်ဦးမယ်” ဟု ဝင်ပြောလျှင်

အမေသည် သူ့သား၏ တည်ငြိမ်သော မျက်နှာကို ကြည့်လျက် “ဘာပြုလို့ သူတို့ကိုခေါ်ပြီး မဟောကြ မပြောကြတာလဲ။ သူတို့အထဲက အတော်အတန် ပါးရေနပ်ရေ ရှိတဲ့လူတွေကို ဒီခေါ်လိုက်ပါလား” ဆိုလျှင် ပါဗယ်က

“ဒီလိုလုပ်လို့လည်း မဖြစ်သေးဘူး အမေ”

ထိုအခါ ယူကရိန်းလူငယ်က

“သူတို့တတွေကို စမ်းကြည့်ရရင် မကောင်းဘူးလား” မေး၏။

ပါဗယ်သည် အတော်ကြာ စဉ်းစားပြီးမှ

“အေး၊ အဲဒီတော့မှ သူ့အတွဲနဲ့သူ ထွက်သွားကြလိမ့်မယ်ဗျာ။ တချို့ကလည်း လက်ထပ်ကြမယ်။ အဲဒါဟာ နောက်ဆုံး ဇာတ်သိမ်းဖြစ်မှာပဲ” ပြန်ပြောလိုက်၏။

အမေသည် ပါဗယ်၏စကားကို နားထောင်ပြီး စဉ်းစားနေ၏။ ဤမျှ အကျင့်သိက္ခာကို စောင့်ထိန်းပြီး လူ့ဘုန်းကြီးကဲ့သို့ ကျင့်ကြံနေသည့် သူ့သားအတွက် စိတ်မချမ်းမသာ ဖြစ်မိ၏။ သူ့ထက် အသက်ကြီးသည့် ယူကရိန်းလူငယ်ကဲ့သို့သော ရဲဘော်များကပင် သူ၏ဩဝါဒကို ခံယူလျက် ရှိကြသည်ကို သိ၏။ သို့ရာတွင် သူ့သားကို သူတို့က ကြောက်နေကြပြီး သူ၏ ပြင်းထန်လှသည့် ကျင့်ဝတ် သိက္ခာတို့ကြောင့် သူ့ကို ဘယ်သူကမှ မေတ္တာရှိဟန်မတူဟု သူသည် ထင်မှတ်မိလေသည်။ တညသ၌ အမေသည် အိပ်ရာထဲသို့ ရောက်နေပြီး ပါဗယ်နှင့် ယူကရိန်း လူငယ်တို့သည် မအိပ်ကြသေးဘဲ

စာများဖတ်နေကြစဉ် အမေသည် သူတို့နှစ်ယောက် တိုးတိုးတိုးတိုးနှင့် စကားပြောနေသံကို ကြားမိ၏။

သို့စကားပြောနေကြရာမှ ယူကရိန်းသားက ရုတ်တရက်ချက်ချင်း

"ငါကတော့ အဲဟို နာတာရှာကို သဘောကျနေပြီကွ" အော်ပြောလိုက်ရာ ပါဗယ်သည် ခဏလောက် စကားမပြောဘဲ ငြိမ်နေရာမှ "ကျုပ် သိပါတယ်ဗျာ"

ဤစကားသံများနောက် ယူကရိန်းသားသည် ထိုင်နေရာမှ ထ၍ အခန်းထဲမှ ဖိနပ် မစီးဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသံကို ကြားလိုက်၏။ သို့လမ်းလျှောက်နေရင်း အလွမ်းသံ၊ အဆွေးသံနှင့် ဆွဲဆွဲငင်ငင် လေချွန်နေရာမှ ယူကရိန်းသားသည် လေသံကို နှိမ့်လျက်

"သူက သူ့ကို ငါသဘောကျနေတာ သိများနေပြီလားကွာ" ဟု ပြောလိုက်ပြန်ရာ ပါဗယ်က ဘာမျှမဖြေသဖြင့် တဖန်ထပ်၍ "မင်းကကော ဘယ့်နှယ်ထင်တုံး" သူက တိုးတိုးကလေး မေးနေပြန်၏။ ပါဗယ်က

"သူက သိနေပြီ။ ဒါကြောင့် သူ မလာတာပေါ့"

ယူကရိန်းသားသည် ကြမ်းကို ခပ်ပြင်းပြင်းကလေး နင်းရင်း လေကို တိုးတိုးကလေး ချွန်နေရာမှ

"ငါ သူ့ကိုဖွင့်ပြီး ပြောလိုက်ရင်ကော"

"ဘာပြောမှာလဲဗျာ့"

"အေး၊ သူ့ကို ငါက သဘောကျ..."

"ဘာလို့ ခင်ဗျားက ပြောရမှာလဲ"

ပါဗယ်က ကြားဖြတ်၍ ပြောလိုက်၏။

ယူကရိန်းသား လမ်းလျှောက်ရပ်သွားသည်ကို အမေသိ၏။ ထိုမျှမက သူပြုံးစေ့စေ့ လုပ်နေမည် ကိုလည်း အမေ့စိတ်၌ ထင်မြင်လာ၏။

"ငါကတော့ မိန်းကလေးတယောက်ကို ကြိုက်လို့ရှိရင် ပြောသင့်တယ်လို့ထင်တယ်။ ဒီလိုမှ ဖွင့်မပြောဘဲ သူမသိငါပိုး ကျိတ်ပိုးနေလို့တော့ ဘာမှအကျိုးမရှိဘူးလို့ ထင်တယ်"

"ခင်ဗျားက ဘာအကျိုးများ ရှိစေချင်လို့လဲဗျာ"

သူတို့နှစ်ဦးစလုံး အချိန်အတော်ကြာ ငြိမ်သက်နေကြပြန်၏။ “ကောင်းပြီ၊ ဒါဖြင့်ရင် ဘာ…” ဟု ပြောရာ ပါဗယ်က

“ခင်ဗျား ဘာလိုချင်တယ်ဆိုတာကို ခင်ဗျားကိုယ်တိုင် ပြတ်ပြတ်သားသား သိထားဖို့ လိုပါတယ်။ တကယ်လို့များ သူက ခင်ဗျားကို ချစ်ရင် ကျုပ်ကတော့ ချစ်မယ်လို့ မထင်ပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ လက်ထပ်ကြပြီပဲ ထားကြပါစို့။ တကယ့်ကို ရွှေနဲ့မြပါ သူက ပညာတတ်တယောက်၊ ခင်ဗျားက အလုပ်သမားတယောက်။ ကလေးတွေ မွေးလာတော့မယ်။ အဲဒီတော့ ဒီကလေးတွေနဲ့ အိမ်ထောင်ကြီး ကျွေးဖို့မွေးဖို့ နေ့မအား ညမအား တကုတ်ကုတ်နဲ့ အလုပ်လုပ်ရတော့မယ်။ ကလေးတွေကို ထမင်းဝအောင် ကျွေးဖို့၊ အိမ်လခပေးဖို့အတွက် တဘဝလုံး ခေါင်းမဖော်နိုင် အောင် ကုန်းရ ရုန်းရတော့မယ်။ ခင်ဗျားတို့နှစ်ယောက်လုံးဟာ ကိုယ့်မျှော်မှန်းချက်၊ ကိုယ့်ပန်းတိုင်ကို ရောက်ဖို့လည်း ဘာမှ လုပ်နိုင်ကြတော့မယ် မဟုတ်တော့ဘူး”

ထို့နောက် ငြိမ်နေကြပြန်၏။ တဖန် ပါဗယ်က ထပ်၍ ယခင်ကထက် လေသံပျော့ပျော့နှင့်

“ဒီအချစ်ရေးကို စွန့်လိုက်ပါတော့ဗျာ။ နာတာရှာလည်း အနေရ အထိုင်ရ ချောင်သွားအောင်”

တအိမ်လုံး တိတ်ဆိတ်သွားပြန်ရာ တချက်ချက်နှင့် မြည်နေသည့် နာရီသံတခုတည်းကသာ ကြီးစိုးလျက် ရှိချေ၏။ ထို့နောက် ယူကရိန်းသားက

“ငါ့စိတ်က ခက်တယ်ကွ။ သူ့ကိုချစ်တာက တဝက်၊ မုန်းတာတဝက် ဖြစ်နေတယ်။ အဲဒါကို ဘာခေါ်ရမလဲ” ပြောပြနေ၏။

ထို့နောက် အမေသည် ပါဗယ် စာအုပ်လှန်သံကို ကြားရ၏။ ပါဗယ်နှင့် ယူကရိန်းသားတို့က သူ တကယ် အိပ်ပျော်နေသည်ဟုထင်အောင် အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ဘဲ မျက်စိများကို အတင်းမှိတ်ထားလေ၏။ သူသည် ယူကရိန်းသားကို သနား၏။ ပါဗယ်ကိုမူ သာ၍ပင် သနားမိ၏။

“အင်း သနားစရာပဲ သားရယ်” အမေက စိတ်ထဲမှ ညည်းမိ၏။ ထိုအတွင်း ယူကရိန်းသားသည်

“ဒါဖြင့် ငါ သူ့ကို ဘာမျှမပြောသင့်ဘူးလို့ မင်းယူဆတယ်ပေါ့” ဟု မေးလေရာ ပါဗယ်က ငြိမ်သက်စွာနှင့်

“ကျုပ်တော့ ဘာမျှမပြောဘဲ နေတာက ကောင်းတယ်လို့ ထင်တယ်”

"အေး၊ ငါမပြောတော့ပါဘူးကွာ" ယူကရိန်းသားက ပြန်ပြောပြီး စက္ကန့်အနည်းငယ်မျှ ငြိမ်နေသည်။ လေသံပျော့ပျော့နှင့် ဝမ်းနည်းစွာ

"ပါဗယ်၊ မင်းသာ ငါ့အဖြစ်မျိုးနဲ့ ကြုံနေခဲ့ရင် မင်း တော်တော်ကို စိတ်ဆင်းရဲရမယ်ကွ"

"အခုကိုပဲ ကျုပ်ဖြင့် စိတ်ဒုက္ခရောက်နေပါပြီဗျာ" ဟု ပါဗယ်က ပြန်ဖြေလေ၏။

လေသည် အိမ်ထရံများကို ရိုက်ခတ်လျက်ရှိ၏။ နာရီစက်သံသည်လည်း ပေါ်လွင်လာပြန်သည်။

"အေး၊ ရယ်စရာ မဟုတ်ဘူးကွ၊ ငါ့မှာ တကယ် ချစ်ဒုက္ခဖြစ်နေတာ" ဟု ယူကရိန်းသားက လေးလေးတွဲ့တွဲ့ ပြောနေပြန်လေသည်။

အမေသည် ပါဗယ်နှင့် ယူကရိန်းသားတို့၏ အပြန်ပြန် အလှန်လှန် ပြောနေကြသည့် စကားတို့ကို နားထောင်ရင်း ဝမ်းနည်းလာသဖြင့် မျက်နှာကို ခေါင်းအုံးနှင့်ကပ်ကာ ငိုနေမိလေတော့သည်။

နံနက်မိုးသောက်သော် အမေသည် ယူကရိန်းသားအား ငယ်သွားသည်၊ ပို၍ သဘောကျစရာ ကောင်းသည် ထင်မှတ်မိ၏။ ပါဗယ်ကမူ ခါတိုင်းကဲ့သို့ပင် ကိုယ်နေကိုယ်ထားအားဖြင့် မားမားမတ်မတ်နှင့် ပိန်လျက်ရှိ၏။ စကားလည်း နည်း၏။ ခါတိုင်း အမေသည် ယူကရိန်းသားကို အင်ဒရေ အိုမီနီမော်ဗစ်ဟုသာ ခေါ်လေ့ရှိရာ ယနေ့မူ သူ့ကိုယ်သူပင် သတိမထားမိတော့ဘဲ သူ့သားအရင်းသဖွယ် ချစ်ခင်ရင်းနှီးလှစွာနှင့်

"အင်ဒရေယူရှာ၊ မင်းဖိနပ်တွေကို ပြင်လိုက်ဦးနော် မင်း အအေးမိနေဦးမယ်" ပြောလိုက်ရာ၊

"အမေ ကျွန်တော် ဒီဖိနပ်ဟောင်းတွေကို မပြင်တော့ဘူး။ နောက်တခါ လစာ ထုတ်တော့မှပဲ အသစ်တရန် ဝယ်တော့မယ်လို့"

ယူကရိန်းသားသည် ရယ်ရွှန်းပတ်ရွှန်းပြောလျက် အမေ့ပခုံးကို လက်နှင့်ဖက်ကာ

"အမေသာ ကျွန်တော့်အမေအရင်းဖြစ်ရင် သိပ်ကောင်းမှာပဲ၊ အမေကသာ ကျွန်တော့်ကို အမေ့သားအရင်း မဖြစ်စေချင်တာပါ။ ကျွန်တော်က အရုပ်ဆိုးတာကိုး၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား"

အမေသည် သူ့လက်ကို လက်နှင့်သပ်နေ၏။ သူ့ကို ကြင်နာယုယသည့်

စကားများပြောချင်၏။ သို့သော် သူ့အပေါ်၌ အလွန်သနားလှသဖြင့် သူပြောမည့်စကားတို့သည် နှုတ်ဖျားမှ မထွက်နိုင်ဘဲ ဖြစ်နေရလေသတည်း။

အခန်း ကိုး

အလုပ်သမားရပ်ကွက်ထဲမှ လူများသည် မင်ပြာနှင့် ရေးထားသည့် စာရွက်များကို ဖြန့်ဖြူးနေကြသည့် ဆိုရှယ်လစ်အကြောင်းကို ပြောစပြုလာကြ၏။ ဤစာရွက်များထဲ၌ အလုပ်ရုံ ကြီးကြပ် အုပ်ချုပ်သူတို့၏ အုပ်ချုပ်ပုံ၊ စီမံပုံတို့ကို ပြင်းပြင်းထန်ထန် ဝေဖန်ထား၏။ ပီတာစဘတ်မြို့နှင့် ရုရှားပြည် တောင်ပိုင်းမှ အလုပ်သမားတို့၏ သပိတ်အကြောင်းများကို ရေးထား၏။ ထို့နောက် အလုပ်သမားတို့အား သူတို့၏ အခွင့်အရေးတို့နှင့် အကျိုးစီးပွားတို့ကို ခုခံရန်၊ ကာကွယ်ရန် လှုံ့ဆော်ထားလေသည်။

အလုပ်ရုံထဲ၌ ဝင်ငွေဖြောင့်နေကြသည့် အသက်အရွယ်အားဖြင့် လူလတ်ပိုင်းထဲမှ လူများသည် ဒေါသ အလွန်ဖြစ်ကြ၏။

"ဒီကောင်တွေဟာ နှောင့်ယှက်တဲ့ အကောင်တွေပဲ၊ ဒါမျိုးတွေ လုပ်တဲ့အတွက် မျက်နှာတွေကို ခြေဖနောင့်နဲ့ ပေါက်ပစ်ဖို့ကောင်းတယ်" ပြောကြပြီး ဤစာရွက်စာတမ်းများကို အလုပ်ရုံပိုင်ရှင်၊ အုပ်ချုပ်ရေးမှူး၊ စာရင်းကိုင် စသည့် သူတို့၏ သခင်များထံသို့ ယူသွားကြ၏။

လူငယ်ပိုင်းကမူ အားတက်သရော ဖတ်ကြ၏။

"ဒါတွေဟာ အကုန်မှန်တယ်ဟေ့" ပြောကြ၏။

နေ့စဉ် နေထွက်က နေဝင်ထိ၊ ခါးကျိုးလုဘိနန်း အလုပ်လုပ်ရဖန် များသဖြင့် နွမ်းရိ ခွေနွံ့နေကြသည့် အလုပ်သမားအများစုကမူ ဘာမျှ ဂရုမစိုက်ဘဲ လျစ်လျူရှုကြ၏။

"ဒါက ဘာမျှအကျိုးဖြစ်ထွန်းလာမှာမဟုတ်ပါဘူး။ ဖြစ်လည်း မဖြစ်နိုင်ပါဘူး" ဟုလည်း မှတ်ချက်ချကြ၏။

မည်သို့ပင်ဖြစ်စေ ဤစာရွက်စာတမ်းများကြောင့် အလုပ်သမားများအကြားတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်ကိုမူ ငြင်းနိုင်လိမ့်မည်မဟုတ်။ စာရွက်စာတမ်းအသစ်များ တသီတင်းလောက် ပေါ်မလာလျှင် အလုပ်သမားများသည် တဦးနှင့်တဦး "ဒီလူတွေ နောက်ထပ် မရေးကြတော့ ပြန်ဘူး ထင်တယ်" ပြောကြ၏။

တနင်္လာနေ့ အလုပ်ရုံးပိတ်ပြီး တနင်္လာ ရောက်လာ၍ စာရွက်စာတမ်းသစ်များ ပေါ်လာပြန်လျှင် အလုပ်သမားများသည် တဦးနှင့်တဦး

တိုးတိုး တိုးတိုးနှင့် ဆွေးနွေး ကြပြန်၏။

အလုပ်ရုံအတွင်း၌လည်းကောင်း၊ စားသောက်ဆိုင်အတွင်း၌လည်းကောင်း အလုပ်သမားထဲမှ ဘယ်သူမျှ မသိကြသည့် လူစိမ်းများကို တွေ့ကြရ၏။ သူတို့သည် ဟိုကြည့် သည်ကြည့် ကြည့်ကြ၏။ မကျေနပ်ချက်တို့ကို ပြ၏။ ဟိုအရေး သည်အရေးကို မေးကြ၏။ သူတို့ကိုယ်သူတို့ အစ သတိဝီရိယထားခြင်း၊ လူတိုင်း လူတိုင်း၏ အရေးကိစ္စတို့တွင် စူးစမ်းလေ့လာခြင်း စသည့် အပြုအမူတို့ကြောင့် အလုပ်သမားတို့က သူတို့အပေါ်တွင် သံသယ ရှိလာကြလေသည်။

သူ့သားကြောင့် ဤကဲ့သို့ အလုပ်သမားများ လှုပ်လှုပ်ရွရွ ဖြစ်လာရသည်ကို အမေ သိ၏။ လူတွေက သူ့သားထံသို့ စုရုံးစုရုံး လာကြသည်ကို တွေ့ရသဖြင့် ဂုဏ်ယူမိ၏။ သို့ရာတွင် သူ့သားအတွက် စိုးလည်း စိုးရိမ်မိလေသည်။

တညသော် မာရီယာကော်ဆူနိုဗာသည် အမေ၏ ပြတင်းပေါက်ကို လာခေါက်သဖြင့် အမေက ပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ အမေအား

“ဂရုစိုက်နော် နစ်လော့ဗ်နာ၊ အကြံတွေပေါ်ကုန်ပြီ။ ကနေ့ည တော်တို့အိမ်ကို ရှာကြလိမ့်မယ် နော်၊ ဖီယိုဒိုမက်ဇင်တို့၊ ဗက်ဆော့ဗ်ကော့တို့ အိမ်တွေကိုလည်း ရှာကြလိမ့်မယ်” ဟု သတိပေးလေ၏။

မာရီယာသည် နှုတ်ခမ်းထူကြီးများကိုစေ့ပြီး နှာခေါင်းသံပါပါနှင့် စကားပြော၏။ မျက်လုံးကို မှိတ်တုတ်မှိတ်တုတ်လုပ်၍ ဟိုတချက် သည်တချက် ကြည့်ပြီး လမ်းပေါ်မှ တစုံတယောက်ကို လှမ်းကြည့်လိုက်၏။ ထိုနောက် နစ်လော့ဗ်နာအား

“ကျုပ် ဘာမှမသိဘူးနော်၊ ကျုပ် တော်ဲ့ကို ဘာမှမပြောဘူးနော်၊ ကနေ့ ကျုပ်နဲ့ တော်နဲ့လည်း မတွေ့ဘူးနော် သိလား” ပြောကာ နှုတ်ပိတ်၍ ထွက်သွားလေ၏။

အမေသည် ပြတင်းပေါက်ကိုပိတ်၍ ကုလားထိုင် တလုံးပေါ်၌ တဖြည်းဖြည်း ထိုင်ချလိုက်၏။ သို့သော် သားအတွက် အန္တရာယ် ဆိုက်ရောက်တော့မည်ကို စဉ်းစားလိုက်မိသည်နှင့် တပြိုင်နက် ရုတ်တရက် မတ်မတ်ရပ်လိုက်၏။ ထိုနောက် အဝတ်အစားများ လဲပြီး ခေါင်းကို တဘက်တထည်နှင့်ပတ်ကာ ဖီယိုဒိုတို့အိမ်သို့ ပြေးလေ၏။ ဖီယိုဒိုသည် နေမကောင်းသော ကြောင့် အလုပ်ရုံသို့ မသွားချေ။ အမေ အိမ်ထဲသို့ ဝင်သွားသောအခါ သူသည် စာအုပ်တအုပ်ကို ဖတ်နေရင်း နာနေသော လက်ယာဘက် လက်မကို တယုတယ ကိုင်နေသည်ကို တွေ့ရ၏။ အမေ ပြောသည့်သတင်းကို ကြားသောအခါ ထိတ်လန့်တုန်လှုပ်သွားပြီး ရုတ်တရက်ထ၍

ခုန်လိုက်၏။ ထိုနောက်

"အဲဒါနဲ့ပတ်သက်လို့ စဉ်းစားစမ်းပါဦး" ဟု ညည်းတွားနေလေ၏။ အမေသည် သူ၏ တုန်တုန်ယင်ယင် ဖြစ်နေသော လက်ဖြင့် နဖူးမှ ချွေးများကို သုတ်ရင်း

"တို့တတွေ ဘာလုပ်ကြမလဲကွယ်"

ဖီယိုဒိုသည် လက်ဝဲဘက်လက်ဖြင့် သူ၏ ကောက်ကွေးနေသော ဆံပင်များကို နောက်သို့ လှန်လိုက်ပြီး...

"ခဏလေး ခဏလေး၊ မကြောက်ပါနဲ့ အမေ"

"ဘာပြုတယ်၊ မင်းကိုယ်တိုင်ကတော့ ဘာလို့ ဒီလောက်များ ကြောက်နေရတာလဲ" ဟု အော်လိုက်လေ၏။

ဤကဲ့သို့ အမေက အော်လိုက်ရာမှ ဖီယိုဒိုသည် သူ့ကိုယ်သူ ပြန်သတိထားမိပြီး ပြုံး၍

"ကျုပ်လား၊ အင်း၊ အလကားဟာတွေပါဗျာ။ ပါဗယ်ကိုတော့ အသိပေးရလိမ့်မယ်။ ကျုပ် တယောက်ယောက်ကို သူ့ဆီ လွှတ်လိုက်မယ်၊ ဒါပေမဲ့ ခင်ဗျားတော့ အိမ်ပြန်ပါ၊ စိတ်မပူပါနဲ့၊ သူတို့က ကျုပ်တို့ကို မရိုက်တန်ကောင်းပါဘူးဗျာ" ဟု ပြောလေ၏။

သို့နှင့် အမေသည် အိမ်သို့ပြန်ရောက်လျှင် စာအုပ်တွေကို စုပြီးပွေ့လျက် မီးဖိုထဲ ကြည့်လိုက်၊ မီးဖိုအောက်ကြည့်လိုက်၊ နောက်ဆုံး ရေစည်ထဲကိုပင် ကြည့်လိုက်နှင့် အခန်းထဲ၌ ဟိုသွားဒီသွား သွားနေ၏။ ပါဗယ်သည် အလုပ်ရုံမှ ချက်ချင်းပြန်လာလိမ့်မည်ဟု ထင်၏။ သို့သော် ပေါ်မလာချေ။ နောက်ဆုံး၌ ဘာလုပ်ရမည်၊ ဘာကိုင်ရမည်ကို မသိသဖြင့် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းရိစွာ မီးဖိုခန်းထဲမှ ခုံရှည်တခုပေါ်၌ စာအုပ်တွေကို ဖင်ခုပြီး ထိုင်ချလိုက်၏။ ထိုနေရာ၌ပင် ဘယ်မျှ မထဝံ့၊ မသွားဝံ့ဘဲ ပါဗယ်နှင့် ယူကရိန်းသားတို့ ပေါက်လာကြသည်အထိ ထိုင်နေလေသည်။ သူတို့နှစ်ယောက် ဝင်လာသောအခါ ထိုင်နေရာမှ မထသေးဘဲ ပြုံးလျက်

"အေး၊ မင်းတို့နှစ်ယောက် ကြားကြပြီလား" ဟု ဆီး၍ မေးလိုက်ရာ ပါဗယ်က

"ဟုတ်ကဲ့ အမေ၊ အမေက ကြောက်နေသလား" ဟု ပြန်ဖြေလျှင် "ဟယ်၊ ကြောက်လိုက်ရပုံဖြင့် မပြောနဲ့တော့။ ငါဖြင့် နေစရာတောင် မရှိဘူး" ဟု အမေက

ဖြေလေ၏။ ယူကရိန်းသားက

“အမေက ကြောက်မနေပါနဲ့၊ ကြောက်နေလို့ ဘာမှ အကြောင်းမထူးဘူး” ဟု ဝင်ပြော၏။ ထို့နောက် ပါဗယ်က

“ဟင် အမေ၊ လက်ဖက်ရည်အိုးတောင် မတည်ရသေးဘဲကိုး” ဟု ညည်းလိုက်လျှင် အမေသည် ထိုင်ရာမှထ၍ စာအုပ်များကို လက်ညှိုးထိုးပြလျက်၊

“ဒါတွေကြောင့် ဘာမှကို မလုပ်နိုင်ဘူးဟဲ့”

ပါဗယ်နှင့် ယူကရိန်းသားတို့က ဟက်ဟက်ပက်ပက် ရယ်ကြရာ အမေသည် စိတ်ချမ်းသာရာ ရသွား၏။ ပါဗယ်သည် စာအုပ်အနည်းငယ်ကို ရွေးချယ်၍ ဝှက်ရန် အပြင်သို့ ထုတ်ယူသွား လေ၏။

ယူကရိန်းသားသည် မီးဖိုမီးမွှေး၍ လက်ဖက်ရည်အိုးကို တည်ရင်း

“အမေကလည်း အဲဒါနဲ့ပတ်သက်လို့ ဘာမျှကြောက်စရာမရှိဘူး။ လူတွေဟာ ဒါတွေကို ကြောက်နေရတာ ရှက်စရာတော့ ကောင်းသေးတယ်၊ အဲ ခါးမှာ ဓားရှည်တွေ ချိတ်ပြီး ဖိနပ်မှာ ဆူးခက်တွေတပ်တဲ့ အသက်ကြီးကြီးလူတွေဟာ လာကြပြီး ရှာကြဖွေကြမှာပေါ့။ အိပ်ရာ အောက်မှာ ရှာမယ်၊ မီးဖိုအောက်မှာ ရှာမယ်၊ မြေတိုက်ထဲ ဆင်းမယ်၊ ထပ်ခိုးပေါ် တက်မယ်ပေါ့လေ။ အဲဒီတော့ သူတို့မျက်နှာမှာ ပင့်ကူးမြှေးတွေကပ်ပြီး သဘောမကျတဲ့ အမူအရာနဲ့ နွားများ နှာခေါင်းကြိုးတင်းသလို ရှူးရှူးရှားရှား ဖြစ်ကုန်ကြလိမ့်မယ်။ ရှက်လည်း ရှက်ကြမယ်။ အဲဒီတော့ သူတို့က သိပ်ဒေါသ ဖြစ်ချင်ယောင် ဆောင်ကြလိမ့်မယ်။ သူတို့အလုပ်ဟာ ဘယ်လောက် ယုတ်မာညစ်ညမ်းတဲ့ အလုပ်ဆိုတာကို သူတို့တတွေ ကောင်းကောင်းကြီး သိကြပါတယ်။ တခါက ကျွန်တော့်အိမ်မှာ ဒီလိုပဲ သန်းရှာသလိုရှာကြပြီး ဘာမှ ရှာမတွေ့တော့ ဦးနှောက်ခြောက်ပြီး တခါတည်း ပြန်သွားကြတော့တာပဲ။ တခါတော့ သူတို့က ကျွန်တော့်ကို ဆွဲသွားကြတယ်။ ထောင်ထဲမှာ လေးလလောက် ထည့်ထားတယ်။ ထောင်ထဲမှာ ဘာမှမလုပ်ရဘူး။ ထိုင်ပြီး စောင့်နေရုံပဲ။ သူတို့က သမ္မန်စာနဲ့ ချခေါ်တယ်။ စစ်သားတွေက ရုံးကို ထုတ်သွားတယ်။ အဲဒီနောက် ရောမလူကြီး တယောက်ယောက်က မေးခွန်းတွေမေးတယ်။ အဲဒီ ရောမလူကြီးတွေဟာ တကယ့်ကို ဘာမျှမသိတဲ့၊ မတတ်တဲ့လူတွေ မဟုတ်ဘူး။ မဟုတ်မဟတ် စကားတွေကိုတော့ အများကြီး ပြောတတ်ကြတယ်။ အဲဒီနောက် စစ်သားတွေက ထောင်ထဲ ပြန်ပို့ကြတာပဲ။ ဒီလိုပဲ ထောင်ပြန်ပို့လိုက်၊ ရုံးထုတ်လိုက်နဲ့ လုပ်နေတာပဲ။ သူတို့မှာလည်း လစာတွေ ရထားတော့ လူတွေကို ဒီလိုလုပ်ကြရတာပေါ့။ ဒါက သူတို့လုပ်ရမယ့် အလုပ်ပဲကိုး။ နောက်ဆုံးတော့ ပြန်လွှတ်လိုက်တာပဲ။ ဒီလိုနဲ့ ကိစ္စပြီးတော့တာပဲ

"ဟဲ့ အင်ဒရေယူရှာ၊ မင်းပြောနေလိုက်တာက ဘယ်လိုလဲဟင်" ဟု အမေက အော်လိုက်ရာ ယူကရိန်းသားသည် မီးဖိုကိုကုန်း၍ မီးမှုတ်နေရာမှ မော့၍ သူ၏ နှုတ်ခမ်းမွေးကို လက်နှင့်သပ်လျက်၊

"ဘယ့်နှယ် ဘယ်လို ပြောနေတာလဲလို့" ဟု ပြန်မေးလိုက်ရာ၊

"အမေက မင်းကို ဘယ်သူကမှ နာနာကြည်းကြည်း မလုပ်ခဲ့၊ မကိုင်ခဲ့ဘူး။ သည်လိုချည်း ပြောနေတာကိုးဟဲ့" ထပ်၍ ပြောသောအခါ ယူကရိန်းသားက ပြုံး၍ မတ်တတ်ရပ်လိုက်ပြီး ခေါင်းကိုခါလျက်၊

"ကမ္ဘာပေါ်မှာ နာကြည်းအောင် အလုပ်မခံရဘူးတဲ့၊ အနစ်နာမခံရဘူးတဲ့လူများ ရှိသေးသလား အမေ။ သူတို့က ကျွန်တော့်ကို နာကြည်းအောင် လုပ်ဖန်များလွန်းလို့ ကျွန်တော်ဖြင့် ထုံတောင်နေပါပြီ။ လူတွေဟာ ဒီလိုဖြစ်နေတော့ အမေကော ဘာလုပ်နိုင်ဦးမှာလဲလို့။ သူများက နာကြည်းအောင် လုပ်တာတွေကို ဂရုစိုက်နေရင် အလုပ်အကိုင် ပျက်ရုံပဲရှိမယ်။ ကိုယ်နစ်နာတာတွေကို လျှောက်ပြီး တွေးနေမယ်ဆိုရင် အချိန်ဖြုန်းရာပဲ ရောက်နေမှာပေါ့။ ကျွန်တော်တို့ဘဝဟာ ဒီအတိုင်းပဲ ဖြစ်နေတာပဲ။ ကျွန်တော်ဟာ လူတွေကို ဒေါသဖြစ်နေမိတယ်။ ဒါပေမဲ့ ဒီလိုဒေါသဖြစ်လို့ အကျိုးမရှိဘူးဆိုတာကို ကျွန်တော် သိလာတယ်။ လူတိုင်းဟာ သူ့အိမ်နီးချင်းက သူ့ကိုတွယ်မှာ ကြောက်တယ်။ အဲဒီတော့ သူက ဦးအောင်ချတယ်။ ကျွန်တော့် ဘဝကတော့ ဒီလိုပ ဲအမေ" ဟု ဖြေရှင်းနေပြန်၏။

သူ့စကားများသည် အထစ်အငေါ့ မရှိ၊ သွက်သွက်လက်လက် ရှိလှ၏။ အမေသည် သူ့စကားများကြောင့် သူ့ဝမ်းထဲမှ ကြောက်စိတ်များသည် ပပျောက်ကုန်၏။ သူ၏မျက်နှာသည် ရွှင်ပျနေ၏။ သူသည် အလုပ်အကိုင် မသေသပ်သော်လည်း လျင်လျင်မြန်မြန် ဖျတ်ဖျတ်လတ်လတ် ရှိသည်ကိုမူ အမေက သတိပြုမိလေသည်။

ထို့နောက် သက်ပြင်းတချက်ချပြီး "အေးကွယ်၊ အင်ဒရေယူရှာ တယောက်ကတော့ ဘုရားသခင် ကိုယ်တော်မြတ်ရဲ့မေတ္တာတော်အဟုန်ကြောင့် စိတ်ရွှင်လန်း ချမ်းသာပါစေတော်" ဟု အားတက်သရော ဆုတောင်းနေလေ၏။

ယူကရိန်းသားသည် မီးဖိုနားသို့သွား၍ မီးဖိုရှေ့၌ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး "စိတ်ချမ်းသာမှု ရရင်တော့ မငြင်းပါဘူး ယူမှာပေါ့။ ဒါပေမဲ့ ဒီချမ်းသာမှုကိုတော့ သူတောင်းစားတောင်း မတောင်းချင်ပါဘူး" ဟု ညည်းတွားနေပြန်၏။

ထိုအတွင်း ပါဗယ်သည် အပြင်ဘက်မှဝင်လာပြီး စိတ်ချလက်ချနှင့်

"သူတို့တတွေကတော့ ဒါတွေကို ဘယ်တော့မျှ တွေ့မှာမဟုတ်" ဟု ပြော၏။

ထို့နောက် သူ့လက်များကို ဆေးပြီး သုတ်နေရင်း အမေ့ဘက်သို့ လှည့်ကာ "အမေက ကြောက်သလိုလို ရှံ့သလိုလို လုပ်နေရင် သူတို့က ဒီအိမ်ထဲမှာ ကြောက်ရွံ့နေလောက်အောင် ပစ္စည်းတခုခု ရှိနေပြီလို့ တွက်ကြမှာပေါ့။ ကျွန်တော်တို့ဟာ ဘာမျှမဟုတ်တာ၊ မမှန်တာ၊ မတရားတာကို မလုပ်ဘူး ဆိုတာကိုလည်း အမေအသိသားပဲ။ တရားမှု၊ မှန်ကန်မှုဟာ ကျွန်တော်တို့အတွက် အားပဲ၊ ဒီတရားမှု မှန်ကန်မှုအတွက် ကျွန်တော်တို့ဟာ တသက်လုံး အလုပ်လုပ်သွားကြမှာပဲ၊ အဲဒါကို သူတို့က ကျွန်တော်တို့ ကျူးလွန်ထားတဲ့ အပြစ်ပဲလို့ ဆိုကြတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘာလို့ကြောက်ရမှာလဲ" ဟု ပြောလိုက်သည်။

"အမေက အမေ့ကိုယ်အမေ စိတ်တင်းထားပါမယ်" ဟု ကတိပေးလေ၏။ သို့ရာတွင် "သူတို့တတွေ မြန်မြန်လာရှာကြပြီး ကိစ္စသာ ပြီးစေချင်တာပါပဲ" ဟု စိတ်ညစ်ညစ်နှင့် ညည်းနေပြန်၏။

ထိုနေ့ည ပုလိပ်များသည် အမေတို့အိမ်သို့လာ၍ မရှာဖွေကြချေ။ အမေသည် နံနက်လင်းလျှင် ပါဗယ်နှင့် ယူကရိန်းသားတို့က သူ့ကို ပြောင်ကြလှောင်ကြလိမ့်မည်ဟု တွေးမိပြီး "အင်း၊ ငါကတော့ ဘာမျှ မဖြစ်သေးခင်ကဘဲ ဒူးတုန်လှပြီ" ဟု ရေရွတ်နေလေသတည်း။

ထိုကဲ့သို့ အထိတ်ထိတ် အလန့်လန့် ဖြစ်ရပြီး နောက်တလလောက်ကြာမှ စစ်ပုလိပ်များသည် အမေတို့အိမ်သို့ လာကြ၏။ ထိုနေ့ညက ဗက်ဆော့ရှီကော့သည် ပါဗယ်နှင့် တွေ့ရန်လာပြီး ပါဗယ်၊ ယူကရိန်းသားနှင့် သူတို့သုံးဦးသားသည် သူတို့၏ သတင်းစာနှင့် ပတ်သက်၍ ဆွေးနွေးနေကြ၏။ အချိန်ကား ညဥ့်နက်ပြီဖြစ်၍ သန်းခေါင်လောက် ရှိချေပြီ။ အမေကား အိပ်ရာထဲ ဝင်နေပြီဖြစ်၏။ အိပ်ချင်လှသဖြင့် မျက်စိများ မှေးနေစဉ် သူတို့သုံးယောက် စိုးရိမ်တကြီးနှင့် တီးတိုးပြောနေကြသည့် အသံများကို ကြားနေရ၏။ ထို့နောက် ယူကရိန်းသားသည် မီးဖိုခန်းကို ခြေဖျားထောက်၍ ဖြတ်ကျော်ကာ အပြင်သို့ ထွက်ပြီး တံခါးကို ပြန်စေ့ထားလိုက်၏။ ရေပုံးတခုကို အတင်းဖိသံ၊ ကြိတ်သံ ကြားလိုက်၏။ တဖန် တံခါးပွင့်လာပြီး ယူကရိန်းသားသည် မီးဖိုခန်းထဲသို့ ပြန်ဝင်လာလေသည်။

ထိုနောက် "အင်း၊ ဖိနပ်သံတွေတော့ ကြားနေတယ်" ဟု ပါဗယ်နှင့် အမေ ကြားလောက်ရုံ လေသံတိုးတိုးနှင့် ပြော၏။

အမေသည် အိပ်ရာမှ ဖြုန်းခနဲထပြီး အဝတ်များကို တုန်တုန်ယင်ယင်နှင့် ဆွဲကိုင်နေလေ၏။

သို့ရာတွင် ပါဗယ်သည် တံခါးဝမှရပ်၍ "အမေ နေမကောင်းဘူးလေ၊ အိပ်ရာထဲ ပြန်ဝင်ပါလား" ဟု တည်ငြိမ်စွာ ပြောလေ၏။

အပြင်မှ ရုတ်ရုတ်သဲသဲ ဖိနပ်သံများကို ကြားရ၏။ ပါဗယ်သည် တံခါးဆီသို့ သွား၍ဖွင့်ရင်း "ဘယ်သူလဲ၊ ဟိုဟာ" ဟု မေးလိုက်၏။

အရပ်ခပ်မြင့်မြင့် မည်းမည်းသဏ္ဍာန်တခုသည် ပေါ်လာ၏။ ထို့နောက် အခြား သဏ္ဍာန်တခု ပေါ်လာပြန်၏။ ထိုသဏ္ဍာန်များကား စစ်ပုလိပ်နှစ်ယောက်ဖြစ်၏။ သူတို့သည် ပါဗယ်ကို တွန်းဖယ်ပြီး သူ၏ ဘေးတဖက်တချက်၌ ရပ်လိုက်ကြ၏။

"အေး၊ တို့တတွေကတော့ မင်းတို့ မျှော်လင့်နေကြတဲ့ ဧည့်သည်တွေ မဟုတ်ဘူးပေါ့" ဟု စစ်ပုလိပ်တယောက်က အသံဩဩနှင့် လှောင်သလိုလို ပြောလိုက်၏။ ထို စစ်ပုလိပ်ကား ခြေတံရှည်ရှည် အရာရှိတယောက်ဖြစ်၏။ သူ၏နှုတ်ခမ်းမွေးများသည် ပုလိပ်သည် မဲ့၍ ကျိုးတိုးကျဲတဲ ပေါက်နေ၏။ ထိုနယ်မြေမှ ဖက်ယာကင် ဆိုသူ အမေ၏အိပ်ရာဆီသို့ သွားလေ၏။ ထို့နောက် ပုလိပ်အရာရှိဘက်သို့လှည့်၍ လက်တဖက်ဖြင့် သူ၏ဦးထုပ်ကို ထိ၍ (အလေးပြုလျက်) အခြားတဖက်ဖြင့် အမေ့ကို ညွှန်ပြကာ "ဒါက သူ့အမေပါ သခင်"

ဟု ပြောပြ၏။

တဖန် ပါဗယ်အား လက်နှင့်ညွှန်၍ "ဒါကတော့ သူပါ" ဟု ပြောလိုက်ပြန်၏။

ပုလိပ်အရာရှိသည် သူ၏မျက်လုံးများကိုကျဉ်း၍ ကြည့်ပြီး "ပါဗယ်ဗလက်ဆော့ ဟုတ်လား" ဟု မေးရာ ပါဗယ်က ခေါင်းညိတ်လိုက်၏။ ထိုနောက် အရာရှိက သူ၏ နှုတ်ခမ်းမွှေးကို လက်နှင့် လိမ်ကာ၊

"ငါ မင်းအိမ်ကို ရှာရလိမ့်မယ်" (တဖန် အမေ့အိပ်ရာဆီသို့ ခြေလှမ်းလျက်) "ကဲ.... မိန်းမကြီး ထစမ်း၊ ဟိုအထဲကကော ဘယ်သူလဲ" ဟု မေး၍ အခြားအခန်းထဲသို့ ဝင်သွားလေ၏။ "မင်းတို့နာမည်တွေကိုပြောစမ်း" ဟု ထပ်မေးပြန်၏။

ထို့နောက် ရပ်ကွက်ထဲမှ အသိသက်သေ နှစ်ယောက်သည် ဝင်လာ၏။ တယောက်ကား တွင်ခုံမှ အလုပ်သမားကြီး ဗာယာကော့ဖြစ်၍ အခြားတယောက်ကမူ မီးထိုးသမား ရိုင်ဘင်ဖြစ်၏။ ရိုင်ဘင်သည် ကိုယ်ကာယ တောင့်တင်း၏။ ဗာယာကော့အိမ်၌ အငှားနေရသူတယောက် ဖြစ်၏။

ရိုင်ဘင်က အမေအား "မင်္ဂလာရှိတဲ့ ညနေခင်းပါ နစ်လောဗ်နာ" ဟု အသံသြသြနှင့် နှုတ်ဆက်လိုက်၏။

အမေသည် အဝတ်များကိုဝတ်ရင်း သူ့ကိုယ်သူ ရဲဆေးတင်သည့်အနေနှင့် "ဒီလိုဟာမျိုးတော့ တခါမှ မကြားဖူးဘူး၊ ဒီလို သန်းခေါင်သန်းလွဲ အချိန်ကြီး လာရတယ်လို့၊ အိမ်သားတွေ အိပ်ရာထဲ ရောက်ကုန်မှပဲ လာကြသတဲ့" ဟု မြည်တွန် တောက်တီးနေလေ၏။

အခန်းထဲတွင် လူများပြည့်နေ၏။ မည်ကဲ့သို့သော အကြောင်းကြောင့်ဟူ၍ မပြောနိုင်သော်လည်း ဖိနပ်ဆေးစော် နံနေ၏။ စစ်ပုလိပ်နှစ်ယောက်နှင့် နယ်မြေပုလိပ်အရာရှိတို့က စင်များပေါ်မှ စာအုပ်များကိုယူ၍ ပုလိပ်အရာရှိရှေ့မှ စားပွဲပေါ်၌ တင်ထားလိုက်ကြ၏။ အခြားစစ်ပုလိပ် နှစ်ယောက်ကမူ ထရံများကို လက်သီးနှင့် ထုကြည့်နေကြ၏။ ကုလားထိုင်များအောက်၌ ငုံ့ကြည့်ကြ၏။ တယောက်ကမူ မီးဖိုအထက်မှ ကျပ်ခိုးစင်ပေါ်သို့ပင် တက်၍ ကြည့်နေကြပြန်၏။ ယူကရိန်းသားနှင့် ဗက်ဆော့ရှီကော့တို့သည် အခန်းထောင့်တခုထဲ၌ ပခုံးချင်းယှဉ်၍ ရပ်နေကြ၏။ နစ်ကိုလိုင်၏ ကျောက်ပေါက်ထူလှသည့် မျက်နှာသည် နီတွတ်လာ၏။ သူသည် ပုလိပ်အရာရှိကိုသာ စိုက်ကြည့်နေ၏။ ယူကရိန်းသားသည် သူ့နှုတ်ခမ်းမွှေးကို လိမ်လျက် အခန်းထဲသို့ အမေ ဝင်လာသောအခါ တချက်မျှ ရယ်ပြီး အမေအား အားရှိအောင် ခေါင်းကို တချက်ညိတ်လိုက်လေသည်။

အမေကမူ သူ့စိတ်ကို သူတင်းသည့်အနေနှင့် ခါတိုင်းကဲ့သို့ အခန်းတွင်းသို့ ဘေးမှ ကပ်ပြီးမဝင်ဘဲ ရင်ကိုကော့ကာ အခန်းအလယ်တည့်တည့်မှ လျှောက်လာလေ၏။ ထို့ကြောင့် သူ့အမေကို ကြည့်လိုက်လျှင် သဘောကျစရာ ဝင့်ဝါသည့် ဟန်အမူအရာ အပြည့်နှင့် ဖြစ်နေ၏။ အမေသည် လမ်းလျှောက်ရာ၌လည်း ခြေကို ခပ်ဆောင့်ဆောင့်ကလေး နင်းလာ၏။ သို့ရာတွင် သူသည် မျက်မှောင်ကြုတ်ထားလေသည်။

ပုလိပ်အရာရှိသည် စာအုပ်များကို ကောက်ကိုင်၍ သူ၏ ဖြူဖွေးသေးသွယ်သည့် လက်ချောင်း များနဲ့ စာရွက်များကို လျင်မြန်စွာလှန်၍ စာအုပ်များကို တအုပ်ပြီး တအုပ် စားပွဲပေါ်သို့ ပစ်ပစ်ချလိုက်၏။ အချို့စာအုပ်များသည် အရှိန်လွန်၍ ကြမ်းပေါ်သို့ပင် လွင့်ကျကုန်၏။ မည်သူကမျှ စကားတခွန်းမျှ မပြော။ တခန်းလုံး တိတ်ဆိတ်နေ၏။ ချွေးဒီးဒီးကျနေသည့် စစ်ပုလိပ်များသည် အသက်ကို ပြင်းပြင်းရှူကာ ခဏခဏ သူတို့ အရာရှိအား သတိ အနေအထားနှင့် စကားပြောနေကြ၏။ မကြာခဏ သူတို့အရာရှိကို “ဒီနေရာကို ကြည့်ပြီးပြီလား သခင်” ဟု မေးကြ၏။

အမေသည် ပါဗယ်အနီး ကပ်လျက် ပါဗယ်ကဲ့သို့ပင် လက်ကိုပိုက်ကာ ရပ်နေရင်း ပုလိပ်အရာရှိ လုပ်သမျှ၊ ကိုင်သမျှကို သေသေချာချာကြည့်ပြီး အကဲခတ်နေ၏။ သူ၏ ဒူးများသည် တဆတ်ဆတ် တုန်လာ၏။ သူ၏ မျက်လုံးများသည် မှုန်ရီရီ ဖြစ်လာလေသည်။

တခန်းလုံး ငြိမ်သက်နေရာမှ “ခင်ဗျားတို့ စာအုပ်တွေကို ဒီလိုပဲ ကြမ်းပေါ်မှာ ပစ်ချရသလား” ဟု ရုတ်တရက် လေသံ ခပ်ကြမ်းကြမ်းနှင့် မေးလိုက်သည့် နစ်ကိုလိုင်၏ စကားတို့သည် ဆိတ်ငြိမ်မှုကို ဖျက်ဆီးပစ်လိုက်၏။

အမေသည် လန့်သွား၏။ ဗာယာကော့၏ဦးခေါင်းသည် ရုတ်တရက် တဦးတယောက်က နောက်မှနေ၍ တွန်းလိုက်သကဲ့သို့ ဆတ်ခနဲ မော်သွား၏။ ရိုင်ဘင်ကမူ နစ်ကိုလိုင်ကို စိုက်ကြည့်နေ၏။

ပုလိပ်အရာရှိသည် မျက်လုံးများကိုမှေး၍ နစ်ကိုလိုင်၏ မာကျောသည့်မျက်နှာကို လှမ်းပြီး တချက်ကြည့်လိုက်၏။ ထိုနောက် စာအုပ်များကို ယခင်ကထက်ပို၍ လျင်မြန်စွာ လှန်ကြည့်နေလေ၏။ တခါတရံ မခံမရပ်နိုင်သည့် ဝေဒနာတရပ်ကို ခံစားနေရပြီး ရုတ်တရက် ထ၍ အော်ဟစ်လိုက်တော့မည့်ဟန်ဖြင့် သူ၏ ပြူးကျယ်သည့် ပြာမွဲမွဲ မျက်လုံးများနှင့် အားကုန်ဖွင့်ကြည့်နေ၏။

တဖန် ဗက်ဆော့ရှီကော့က၊

“ဟေး စစ်သား၊ စာအုပ်တွေကို ကောက်ထားလိုက်ဦးလေ” ပြောပြန်၏။

စစ်ပုလိပ်အားလုံးသည် နောက်သို့လှည့်ပြီး ဇက်ဆော့ရှီကော့နှင့် သူတို့အရာရှိအား တလှည့်စီ ကြည့်နေကြ၏။ ပုလိပ်အရာရှိကမူ ဦးခေါင်းကို မော့ပြီး ခပ်ညှိုးညှိုး မျက်လုံးများနှင့် ဇက်ဆော့ရှီကော့၏ ကျယ်ပြန့်သည့် ကိုယ်ခန္ဓာကို လှမ်း၍ တချက် ကြည့်လိုက်၏။ ထိုနောက် သူက -

"ဟင်း၊ အေး၊ စာအုပ်တွေကို ကောက်ထားလိုက်" ဟု စစ်ပုလိပ်များအား အမိန့်ပေးလိုက်လေ သည်။

စစ်ပုလိပ်တယောက်သည် ကုန်း၍ စုတ်ပြဲနေသည့်စာအုပ်များကို ကောက်ယူလေ၏။

အမေက ပါဗယ်အား "နစ်ကိုလိုင်ဟာ စကားမပြောဘဲ နေရင်ကောင်းမယ်" ဟု တိုးတိုးပြော၏။

နစ်ကိုလိုင်က ပခုံးကိုတွန့်လိုက်၏။ ယူကရိန်းသားကမူ ခေါင်းကိုငုံ့နေ၏။ ပုလိပ်အရာရှိက သမ္မာကျမ်းစာ စာအုပ်ကို ကိုင်ပြီး

"ဒီ သမ္မာကျမ်းစာကို ဘယ်သူက ဖတ်သလဲ" ဟု မေးလျှင် ပါဗယ်က

"ကျွန်တော် ဖတ်တာပါ" ဖြေ၏။

"ဒီစာအုပ်တွေက ဘယ်သူ့စာအုပ်တွေလဲ" ဟု မေးပြန်လျှင် ပါဗယ်က

"ကျွန်တော်ရဲ့ စာအုပ်တွေပါ" ဟု ပြန်ဖြေ၏။ ထိုအခါ ပုလိပ်အရာရှိက "ကောင်းပြီ" ဟု ပြော၍ ကုလားထိုင်ကို မှီလိုက်ပြီး သူ၏ သေးသွယ်သော လက်ချောင်းကလေးများကို ချိုးနေ၏။ သူ့ခြေထောက်ကို စားပွဲခုံအောက်၌ ဆန့်ထား၍ သူ့နှုတ်ခမ်းမွေးများကို လက်နှင့်သပ်ရင်း နစ်ကိုလိုင်အား

"မင်းဟာ အင်ဒရေး-နက်ခေါ့ကာလား" ဟု မေးလျှင် သူသည် ရှေ့ကိုတိုးသွားပြီး

"ဟုတ်ပါတယ်" ဟု ဖြေလိုက်လျှင် ယူကရိန်းသားက ပခုံးကိုဆွဲ၍ နောက်သို့ ပြန်တွန်းလိုက်ကာ

"မဟုတ်ပါဘူး၊ သူ မဟုတ်ပါဘူး။ ကျွန်တော်ကမှ အင်ဒရေး" ဟု ဝင်ပြောလိုက်ရာ ပုလိပ်အရာရှိက သူ့လက်ကိုမြှောက်၍ ဇက်ဆော့ရှီကော့ကို လက်ညှိုးနှင့်ထိုးကာ၊ "အေး၊ မင်း ကြပ်ကြပ်သတိထားနေ" ဟု သတိပေးလေ၏။ ထိုနောက် သူ၏ စာရွက်စာတမ်းတို့ကို လှန်လှောကြည့်နေ၏။

လရောင်သည် အေးမြကြည်လင်စွာ သာနေသော်လည်း အမေ့အိမ်တွင်

လောလောဆယ် ဖြစ်နေသည့် ပြဿနာကို လုံးဝ သတိမမူ ဂရုမစိုက်သည့်အနေဖြင့် ပြတင်းပေါက် အတွင်းသို့ ထိုးဝင်လျက်ရှိ၏။ အိမ်အနီးမှ တဖြည်းဖြည်း လျှောက်လာသူ တယောက်၏ ခြေများအောက်၌ ဆီးနှင်းစိုင် ဆီးနှင်းခဲတို့သည် ကြေမွလျက်ရှိ၏။

ပုလိပ်အရာရှိက ယူကရိန်းသားအား၊

"နက်ခေါ့ကာ၊ အရင်က မင်းနိုင်ငံရေးနဲ့ ပတ်သက်လို့ အပြစ်ဒဏ် ခံခဲ့ရဖူးတယ် မဟုတ်လား ဟင်" ဟု မေးလေရာ၊ ယူကရိန်းသားက

"ဟုတ်တယ်၊ တခါက ရပ်စ်တောမြို့မှာ အပြစ်ဒဏ်ခံခဲ့ရပြီး နောက်တခါကတော့ ဆာရာတော့ မြို့မှာပါ။ ဒါပေမဲ့ အဲဒီမှာ စစ်ပုလိပ်တွေက ပိုပြီး ယဉ်ကျေးသိမ်မွေ့တယ်" ဟု ပြန်ဖြေလေ၏။

ပုလိပ်အရာရှိသည် သူ၏လက်ယာဘက် မျက်လုံးကိုမှိတ်၍ လက်နှင့်ပွတ်နေလေ၏။ ထိုနောက် သူ၏သွားကလေးများကို ဖြဲကာ၊ "မင်းအလုပ်ရုံထဲမှာ ရာဇဝတ်ပြစ်မှုနဲ့မကင်းတဲ့ ကြေညာချက် တွေကို လိုက်လံပြီး ဖြန့်ချိနေတဲ့ လူ့အမှိုက်သရိုက် အညစ်အကြေးတွေကို မင်းသိတယ် မဟုတ်လား"

ယူကရိန်းသားသည် ပြုံးဖြဲဖြဲ လုပ်လိုက်ပြီး ခြေဖျားကိုထောက်ကာ ကိုယ်ကို ယိမ်းထိုးလျက် ဖြေလိုက်တော့မည် လုပ်နေစဉ် နစ်ကိုလိုင်က ကြားဖြတ်၍

"ကျွန်တော်တို့ဟာ အခု လူ့အမှိုက်သရိုက်တွေကို ပထမဆုံးအကြိမ်အနေနဲ့ မြင်နေကြပါပြီ" ဟု ဝင်၍ တောလိုက်လေသည်။ နစ်ကိုလိုင်က ဤကဲ့သို့ ပြောလိုက်သောအခါ အားလုံးငြိမ်သွား၏။ မည်သူကမျှ ဘာမျှမပြောချေ။ အမေ၏မျက်နှာသည်လည်း ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး လက်ယာဘက် မျက်ခုံးသည် တွန့်တက်လာ၏။ ရိုင်ဘင်၏ မည်းနက်သော မုတ်ဆိတ်သည် ထူးထူးဆန်းဆန်း လှုပ်နေ၏။ သူသည် မုတ်ဆိတ်မွေးကို လက်နှင့်သပ်၍ မျက်လွှာကို ချထား၏။

ပုလိပ်အရာရှိကမူ

"အဲဒီ ခွေးဝဲစားကို တခြားခေါ်သွားစမ်း" ဟု အော်လိုက်၏။ စစ်ပုလိပ်နှစ်ယောက်သည် နစ်ကိုလိုင်ကို လက်မောင်းတဖက်တချက်စီဆွဲကာ မီးဖိုခန်းထဲသို့ အတင်းတွန်းထိုးပြီး ခေါ်သွားကြ၏။ မီးဖိုခန်းထဲသို့ရောက်လျှင် နစ်ကိုလိုင်က အတင်းစုံရပ်၍၊

"နေဦး၊ ငါ အင်္ကျီဝတ်ရဦးမယ်" ဟု ဆိုလေ၏။

နယ်မြေမှ ပုလိပ်အရာရှိသည် ဥယျာဉ်ထဲ ဝင်လာပြီး၊

"အပြင်ဘက်မှာတော့ ဘာမျှမရှိဘူး၊ ကျွန်တော်တို့ နေရာတကာ အနှံ့အပြား ရှာပြီးပါပြီ" ဟု ပြောသောအခါ ပုလိပ်အရာရှိက၊

"အေး၊ ဒီလိုပဲဖြစ်ရမှာပေါ့ကွာ" ဟု သရော်တော်တော် ပြောပြီး၊

"တို့က ဒီလိုဟာမျိုးကို လုပ်ဖူးကိုင်ဖူးတဲ့ အတွေ့အကြုံများပြီးသားနဲ့ ရင်ဆိုင်နေကြရတာကိုးကွ" ဟု ဆက်၍ ပြောလိုက်ပြန်၏။ အမေသည် သူ၏ ပျော့ညံ့ညံ့အသံကို နားထောင်ရင်း ဝါဖန့်ဖန့် မျက်နှာကို ကြည့်နေ၏။ သို့ကြည့်နေရင်း ဆင်းရဲသား ပြည်သူလူထုအပေါ်တွင် ဗိုလ်ကျပြီး မုန်းတီးရွံရှာနေသည့် ရက်စက်သော ရန်သူတယောက်နှင့် ရင်ဆိုင်နေရပြီဟု သဘောပေါက်သွား ၏။ ဤကဲ့သို့သော လူမျိုးနှင့် တခါမျှ မတွေ့ဖူး မကြုံဖူးသဖြင့် ဤလိုလူစားမျိုး လူ့လောကတွင် ရှိနေသည်ကိုပင် မေ့လျော့နေသလောက် ဖြစ်ခဲ့၏။

ထိုအတွင်း "အင်း၊ ဒီစာရွက်စာတမ်းတွေကြောင့် မငြိမ်မသက် ဖြစ်ရတဲ့ လူတွေဆိုတာ ဒီလူတန်းစားနဲ့ပဲ တူတယ်ဟဲ့" ဟု သူ့စိတ်ထဲ၌ အောက်မေ့မိ၏။ တဖန် ပုလိပ် အရာရှိက၊

"နက်ခေါ့ကာဆိုတဲ့ နာမည်ကို ယူထားတဲ့ လူလွန်မသား အင်ဒရေအိုနီဆီမော့၊ မင်းကို အခု တို့ ဖမ်းတယ်" ဟု ပြောလိုက်လျှင် ယူကရိန်းသားက မည်သို့မျှ မတုန်လှုပ် မချောက်ချားဘဲ၊

"ဘာပြုလို့ ဖမ်းရတာလဲ" ဟု ပြန်၍မေးလိုက်၏။ ပုလိပ်အရာရှိက မဲ့ပြုံးပြုံး၍၊

"ဘာ့ကြောင့် ဖမ်းတယ်ဆိုတာကို မင်းနောက်ကျရင် သိရမှာပေါ့ကွာ" ဟု ပြော၍ အမေ့ဘက်သို့ လှည့်ကာ၊

"ခင်ဗျား စာတတ်သလား" ဟု မေးလျှင် ပါဗယ်က ဝင်၍ "စာမတတ်ပါဘူး" ဟု ဖြေလိုက်၏။ အရာရှိက ပါဗယ်အား

"ငါ မင်းကို မေးနေတာမဟုတ်ဘူး" ဟု ခပ်ဆတ်ဆတ်ပြော၍ အမေ့အား၊

"ကဲ ဒီမိန်းမကြီးက ဖြေစမ်း" ဟု အော်လိုက်၏။

အမေသည် ပုလိပ်အရာရှိကို အလွန် မုန်းတီးသွား၏။ ရုတ်တရက် သွေးများ ခဲသွားမလောက် လည်း ကြောက်သွား၏။ သို့ရာတွင် သူ့စိတ်ကိုသူ တအားပြန်၍ တင်းလိုက်ရာ၊ သူ့မျက်နှာပေါ်မှ အမာရွတ်သည် ညိုမည်းလာပြီး သူ့မျက်နှာထားသည် အလွန် ခက်ထန်လာလေ၏။ ထို့နောက် သူ၏ လက်ကိုဆန့်ကာ၊

“တော် အော်ဖို့မလိုပါဘူး။ တော်က ငယ်သေးတယ်၊ အဲဒီတော့ ဒုက္ခဆိုတာ ဘာလဲလို့ တော်မသိသေးဘူး” ဟု ပြန်ပြောလိုက်ရာ၊ ပါဗယ်က အမေအား ဟန့်လိုက်ရင်း၊ “အမေ၊ အေးအေးပြောပါ” ဟု ပြော၏။

အမေက ပါဗယ်အား၊

“နေဦး ငါ့သား” ဟု ဆို၍ စားပွဲဆီသို့ အတင်းပြေးသွားကာ၊ “တော်က ဘာပြုလို့ ဒီလူတွေကို ဖမ်းရတာလဲ” ဟု ပုလိပ်အရာရှိအား မေးလိုက်၏။

ပုလိပ်အရာရှိက မတ်တတ်ရပ်လိုက်ပြီး၊

“ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး” ဟု ပြန်အော်၍၊

“ဟေး၊ နစ်ကိုလိုင်ကိုလည်း ခေါ်ခဲ့၊ သူ့ကိုလည်း ဖမ်းတယ်” ဟု ပြောလိုက်၏။ ထိုနောက် စာရွက်တရွက်ကို သူ့မျက်စိနားသို့ ရောက်အောင် မြှောက်၍ ဖတ်နေ၏၊ စစ်ပုလိပ်များက နစ်ကိုလိုင်ကို ဆွဲခေါ်လာခဲ့ကြ၏။ ပုလိပ်အရာရှိသည် စာဖတ်နေရာမှ၊

“ဟေ့၊ မင်းဦးထုပ်ကို ချွတ်လိုက်” ဟု လှမ်းအော်လိုက်သည်။ ရိုင်ဘင်သည် အမေ့ထံသို့လာ၍ အမေအား သူ့ပခုံးနှင့်တွန်းကာ၊ “စိတ်မညစ်ပါနဲ့ အမေရယ်” ဟု အားပေး၏။

ထိုအတွင်း နစ်ကိုလိုင်က၊

“သူတို့က ကျုပ်လက်တွေကို ကိုင်ထားတာ၊ ဘယ့်နှယ်လုပ်ပြီး ဦးထုပ်ကို ချွတ်နိုင်ပါ့မလဲ” ဟု အော်လိုက်ရာ သူ့အသံသည် ပုလိပ်အရာရှိ စာဖတ်သံကို လွှမ်းသွားလေ၏။

ပုလိပ်အရာရှိသည် စာရွက်ကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီး၊ “ဟေ့ လက်မှတ်ထိုး” ဟု ဆို၏။

အမေသည် သူတို့လက်မှတ်ထိုးကြသည်ကို စောင့်ကြည့်နေရင်း သူ့ဒေါသအရှိန်သည် ကျသွား၏။ စိတ်အားလည်း ငယ်သွား၏။ သူ၏မျက်လုံးထဲ၌ နာကြည်းခြင်း အားကိုးရာမဲ့ခြင်းတို့ဖြင့် မျက်ရည်များ ဝိုင်းလာ၏။ သူ့အိမ်ထောင်သက် နှစ်ပေါင်း ၂၀ အတွင်း သူသည် မျက်ရည် ခဏခဏ ကျခဲ့ရ၏။ သို့ရာတွင် မျက်ရည်မကျရသည်မှာ ကြာမြင့်ပြီ ဖြစ်သဖြင့် မျက်ရည်၏ အပူဓာတ်ကိုပင် မမှတ်မိတော့သလိုလို ဖြစ်နေ၏။ ပုလိပ်အရာရှိသည် အမေ့ကိုကြည့်၍ မဲ့ကာ ရွံ့ကာနှင့် ပြုံးလျက်၊

“အေး၊ ခင်ဗျား မျက်ရည်တွေကို အရမ်းသုံးမပစ်နဲ့နော်၊ ချန်ထားဦး။

ဒါမှမဟုတ်ရင် ရှေ့မျက်ရည်ကျစရာ အခန်းတွေမှာ မျက်ရည်တွေမရှိဘဲဖြစ်နေဦးမယ်” ဟု ပြောလိုက်သောအခါ အမေ၏အသည်းနှလုံးကို ဒေါသ လွှမ်းသွားပြန်၏။

“အမေဆိုတာ မျက်ရည်ကျစရာရှိရင် မျက်ရည်ကျတာချည်းပဲ။ ဒီလိုကျဖို့ မျက်ရည်ကတော့ အမြဲတမ်းရှိတယ်။ တော့်မှာ အမေရှိရင် အဲဒီအမေက ဒါကိုသိမှာပါ”

ပုလိပ်အရာရှိသည် သူ၏သော့ခလောက်အသစ်တလုံးနှင့် ခတ်ထားသည့် သားရေအိတ်အသစ် ထဲ၌ သူ၏စာရွက်များကို သုတ်သီးသုတ်ပျာနှင့်ထည့်၍ စစ်ပုလိပ်များအား၊

“သွားကြ” ဟု အမိန့်ပေးလိုက်၏။

ပါဗယ်သည် ယူကရိန်းသား အင်ဒရေနှင့် နစ်ကိုလိုင်တို့ကို လက်ဆွဲနှုတ်ဆက်ရင်း ချစ်ခင်လှစွာ နှင့် “သွားတော့ အင်ဒရေ၊ သွားတော့ နစ်ကိုလိုင်” ဟု နှုတ်ဆက်လေ၏။ ထိုအခါ ပုလိပ်အရာရှိက ရယ်လျက်

“အေး မင်းတို့ချင်း မကြာမီ တွေ့ကြရမှာပေါ့ကွာ” ဟု ပြောလေ၏။

နစ်ကိုလိုင်သည် ဒေါသဖြစ်နေသဖြင့် အသက်ကို ပြင်းပြင်းကြီးရှူနေ၏။ လည်ပင်းကြောကြီးများ သည် ထောင်လာ၏။ မျက်လုံးများသည် ဒေါသငွေ့၊ ဒေါသရောင်ဖြင့် တောက်ပြောင်လာလေ၏။ ယူကရိန်းသားကမူ ပြုံး၍ ဦးခေါင်းကို တချက်ညိတ်လိုက်၏။ အမေကား သူ့ကိုယ်သူ လက်ဝါးကပ်တိုင်သဖွယ် အမှတ်အသားပြုလျက်…

“ဘုရားသခင်ကိုယ်တော်မြတ်က ဘယ်သူဟာ တရားတယ်၊ ဘယ်သူဟာ မတရားဘူးဆိုတာကို သိပါတယ်” ဟု ပြောလိုက်၏။

နောက်ဆုံး၌ စစ်ပုလိပ်များသည် အိမ်အဝင်ပေါက်၌ စုရုံးကြပြီး ထွက်သွားကြလေ၏။ ရိုင်ဘင်သည် နောက်ဆုံးမှလိုက်၍ ပါဗယ်အား အတော်ကြာ ကြည့်နေကာ

“အေးကွာ သွားတော့မယ်” ဟု စဉ်းစားရင်း ပြောလျက် ချောင်းဆိုးရင်း ထွက်သွားလေ၏။

ပါဗယ်သည် လက်များကို နောက်သို့ပစ်ပြီး လက်ချောင်းချင်း ချိတ်လျက် ပြန့်ကြဲနေသည့် စာအုပ်များနှင့် အဝတ်များပေါ်၌ နင်းကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ သည်။

"ကဲ ကြည့်တော့ အမေ၊ သူတို့တတွေ လုပ်ပုံကိုင်ပုံကို"

သူက အမေအား စိတ်ညှိုးနွမ်းစွာ ပြောပြလေ၏။

အမေကား ကစဥ့်ကလျား ဖြစ်နေကြသည့် စာအုပ်များနှင့် အဝတ်များကို ယုံပင် မယုံကြည်နိုင် လောက်အောင် ကြည့်နေလေ၏။

ထိုနောက် ဝမ်းနည်းစွာနှင့်...

"ဘာပြုလို့ နစ်ကိုလိုင်က ဒီလောက်တောင် စွာကျယ်ကျယ် လုပ်လိုက်ရတာလဲကွယ်"

"ကျွန်တော်ကတော့ သူဟာ ကြောက်လို့ ဒီလိုလုပ်တယ်လို့ ထင်တာပဲ" ပြန်ပြောလေ၏။ ထိုနောက် အမေသည်

"သူတို့တတွေကတော့ အိမ်ထဲဝင်လာတယ်။ ပြီးတော့ လူတွေကို ဆွဲသွားတယ်။ အင်း ဒီလိုပဲ ထင်ပါရဲ့" ဟု လက်တွေကိုယမ်းလျက် မြည်တွန် တောက်တီးနေလေ၏။

ပါဗယ်ကို ဖမ်းမသွားသဖြင့် သူ့စိတ်သည် အနည်းငယ် တည်ငြိမ်နေသေး၏။ သို့ရာတွင် သူမျက်မြင် တွေ့ကြုံလိုက်သည့် အတွေ့အကြုံတို့၏ အဆီအငေါ် မတည့်သောကြောင့် ဘာမျှ မစဉ်းစားတတ် မတွေးတောတတ်ဘဲ ဖြစ်နေလေ၏။

"ဟိုမျက်နှာဝါဖန့်ဖန့်နဲ့အကောင်က တို့တတွေကို သရော်သွားတယ်။ ပြီးတော့ လှန့်တောင် လှန့်လိုက်သေးတယ်" ဟု အမေက ပြောရာ၊ ပါဗယ်က...

"ဒါပေါ့ အမေရယ်၊ ကဲ လာပါ ကျွန်တော်တို့ ဒါတွေကို ရှင်းပစ်လိုက်ကြရအောင်" ဟု ရုတ်တရက် သူ့စိတ်ကိုယ်သူ ပိုင်းဖြတ်၍ ပြောလိုက်၏။

သူက အမေအား "အမေရယ်" ဟု ခေါ်လိုက်သည့် လေသံထဲ၌ အမေ့အပေါ် ငြိတွယ် ခင်မင်သည့် ဓာတ်သဘော ပါလာ၏။ ထို့ကြောင့် အမေသည် သူ့ဆီသွားကာ သူ့မျက်နှာကို ကြည့်ပြီး၊

"အင်း၊ သူတို့တတွေ ဒီလိုလုပ်သွားတာ သားစိတ်ထဲမှာ နာသွားသလား" ဟု မေးရာ သူက

"ဟုတ်တယ် အမေ၊ ဒီလိုလုပ်တာဟာ အခံရခက်တယ်။ ကျွန်တော်ကတော့ ကျွန်တော့်ကိုပါ သူတို့တတွေနဲ့ တခါတည်း အတူတူ ဖမ်းသွားစေချင်တာပဲ" ဟု ပြန်ပြောလေ၏။

အမေသည် ပါဗယ်၏ မျက်လုံးများထဲ၌ မျက်ရည်များဝဲနေသည်ကို မြင်နေရရာ၊

"အေး၊ ခဏစောင့်လိုက်ပါ။ သားကိုလည်းပဲ သူတို့က ဖမ်းကြလိမ့်မယ်" ဟု ပါဗယ် စိတ်သက်သာရာ ရအောင် ပြောလိုက်လေ၏။

"ကျွန်တော်ကလည်း ကျွန်တော့်ကို သူတို့ဖမ်းကြလိမ့်မယ်ဆိုတာကို သိပါတယ်" အမေသည် တခဏမျှ ငြိမ်နေရာမှ၊

"တယ်ခက်ပါကလား သားရယ်။ အမေ့ကိုများ ခဏလောက် စိတ်ချမ်းသာအောင် လုပ်ပါဦးကွယ်၊ သားက သားကို သူတို့က ဖမ်းကြလိမ့်မယ်လို့ မပြောဘဲနဲ့ အမေက သားကို သူတို့က ဖမ်းကြလိမ့်မယ်လို့ ပြောရတာဟာ အမေဖြင့် အတော်ကို စိတ်မချမ်းမသာ ဖြစ်နေပါပြီကွယ်" ဟု ဆိုလေ၏။

ပါဗယ်သည် အမေ့အား မော့်ကြည့်၍ အနီးသို့လာပြီး၊

"အမေ၊ ကျွန်တော့်ဖြင့် အမေ့ကို ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာအောင် လုပ်ရမယ်ဆိုတာမသိဘူး။ ဒါပေမဲ့ ဒီလို သားကို ဖမ်းမှာ ဆီးမှာတွေကိုတော့ အမေ အကျင့်ရထားမှ ဖြစ်မှာ"

ထိုနောက် အမေသည် သက်ပြင်းချကာ တခဏလောက် ငြိမ်နေ၏။ တဖန် ငိုသံမပါအောင် သူ့စိတ်သူ အတော် ထိန်းထားလျက်၊

"သူတို့က လူတွေကို ညှဉ်းပန်းနှိပ်စက်ကြသလား။ လူတွေရဲ့အသားအရေတွေကို ဆွဲဆုတ်ပြီး အရိုးတွေကို ရိုက်ချိုးကြသလား။ အဲဒါတွေကို စဉ်းစားမိတိုင်း အို အမေဖြင့် ထိတ်ထိတ်သွား တာပဲ" ဟု မေးလေရာ၊ ပါဗယ်က၊

"သူတို့က စိတ်နှလုံးကိုမှ ဆင်းရဲအောင် နှိပ်စက်ညှဉ်းပန်းကြတာ။ သူတို့ရဲ့ ယုတ်မာညစ်ညမ်းတဲ့ နည်းတွေနဲ့ စိတ်နှလုံးကို ညှဉ်းပန်းမှ ပိုပြီးအခံရကျပ်တာ အမေ"

အခန်း တဆယ့်တစ်

နောက်တနေ့၌ ဘူကင်၊ ဆဖိုင်းလေဒ့၊ ဆိုမော့နှင့် အခြားသူ ငါးဦးကိုပါ ဖမ်းသွားသည်ဟု ကြားရလေ၏။ ဗီယိုဒိုသည် ညနေခင်းတွင် အမေတို့အိမ်သို့ ပေါက်လာ၏။ သူ့အိမ်ကိုလည်း အရှာအဖွေခံရ၍ သူ့ကိုယ်သူ သူရဲကောင်းသဖွယ် သဘောထားပြီး အလွန် ကျေနပ်လျက်ရှိ၏။

အမေက သူ့အား၊ "ကြောက်သလား ဗီယိုဒို" ဟု မေးလိုက်သောအခါ သူ၏ မျက်နှာသည် ကြောက်ရိပ်သန်းနေပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားကာ နှာခေါင်းသည်လည်း လှုပ်သွားရာမှ၊

"ဟိုအရာရှိက ကျွန်တော့်ကို ရိုက်မှာ ကြောက်သွားမိတယ်။ သူက ဝတယ်။ မုတ်ဆိတ်မွေးက မည်းမည်း၊ လက်ချောင်းတွေကလည်း အမွေးထူပါဘိနဲ့၊ အကန်းလိုပဲ မျက်မှန်မည်းကြီးကို တပ်ထားလိုက်တာကလည်း။ သူက ခြေထောက်ကိုဆောင့်ပြီး "ငါ မင်းကို ထောင်ချပစ်မယ်ကွ သိလား" လို့ အော်လိုက်သေးတယ်။ ကျွန်တော့်ကို အဖေကရော အမေကပါ ဘယ်သူကမျှ မရိုက်ဖူးဘူး။ ကျွန်တော်က သားတယောက်တည်းဆိုတော့ သူတို့က ကျွန်တော့်ကို ချစ်ကြတာပေါ့" ပြန်ပြောလေ၏။

သူသည် တခဏမျှ မျက်လုံးများကိုမှိတ်၍ နှုတ်ခမ်းများကို စေ့ထားပြီး သူ၏ ဆံပင်များကို လက်နှစ်ဖက်ဖြင့် နောက်သို့ လျင်မြန်စွာ သပ်လိုက်၏။ ထိုနောက် ပါဗယ်အား နီရဲသော မျက်ခွံများဖြင့် ကြည့်ရင်း၊

"ငါ့များ ရိုက်များရိုက်လိုက်ရင်တော့ တခါတည်း အဲဒီလူကို ငါ့ကိုယ်လုံးနဲ့ ပစ်ပြီး ဆောင့်လိုက်မှာပဲကွ၊ သွားနဲ့လည်း ကိုက်မှာပဲ။ သူတို့က ငါ့ကို သတ်ချင်ရင် တခါတည်း သတ်ပစ်ပေစေပေါ့" ဟု ပြောရာ အမေက၊

"မင်းက ပိန်လွန်းတယ်ကွယ်၊ သိပ်ပြီး သတ်နိုင် ဖြတ်နိုင်မှာ မဟုတ်ပါဘူး"

"ဒါပေမဲ့ ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် ခံချမှာပဲ"

သို့ပြောပြီးနောက် ဗီယိုဒို ထွက်သွားသောအခါ အမေက ပါဗယ်အား "အင်း၊ သူပဲ ပထမဆုံး နောက်ဆုတ်ပြေးမှာ" ဟု ပြောလေ၏။

ပါဗယ်ကမူ ဘာမျှ ပြန်မပြောချေ။ မိနစ်အနည်းငယ်ကြာသောအခါ မီးဖိုခန်းတံခါးဖွင့်ပြီး ရိုင်ဘင် ဝင်လာကာ ရယ်လျက်၊

"ဗျို့ အိမ်ရှင်တို့ ကျုပ်တော့ လာပြန်ပြီဗျို့၊ မနေ့ညကတော့ သူတို့က

ခေါ်လာလို့ ပါလာတာ။ ကနေ့တော့ ကျုပ်ဘာသာကျုပ် လာတာပါ” ပြော၍ ပါဗယ်၏ လက်ကို ခင်ခင်မင်မင်နှင့် ဆွဲကာ နှုတ်ဆက်ပြီး အမေ၏ပခုံးကို လက်နှင့်ပုတ်လေ၏။ ထိုနောက်၊

“လက်ဖက်ရည်တခွက်လောက် သောက်လိုက်ရရင်တော့ ကောင်းမှာပဲဗျာ”

မည်းနက်သော မုတ်ဆိတ်မွေးများ၊ နက်မှောင်သည့် မျက်လုံးများဖြင့် ကျယ်ပြန့် ညိုမည်းလျက် ရှိသော ရိုင်ဘင်၏ မျက်နှာကို ပါဗယ်သည် ငြိမ်သက်စွာ စိုက်ကြည့်နေ၏။ သူ၏အကြည့်တွင် အဓိပ္ပာယ်ပါ၏။

အမေသည် လက်ဖက်ရည် ကျိုရန် မီးဖိုထဲသို့ ဝင်သွား၏။ ရိုင်ဘင်သည် စားပွဲပေါ်၌ တံတောင်နှင့် ထောက်လျက် ထိုင်လိုက်ပြီး ပါဗယ်ကို ကြည့်နေလေ၏။ ထို့နောက် ပြတ်နေသည့်စကားကို ပြန်ကောက်သည့်အနေဖြင့်၊

“အေး၊ ငါကတော့ မင်းကို ပွင့်ပွင့်လင်းလင်းပဲပြောရဦးမယ်။ ငါ မင်းကိုစောင့်ပြီး အကဲခတ်နေတာ တော်တော်ကြာပြီကွ၊ ငါနဲ့ မင်းတို့နဲ့ဟာ အခန်းချင်းကပ်နေသလိုပဲ ဆိုတော့ မင်းတို့အိမ်ကို လူတော်တော်များများ လာကြတာကို အကဲခတ်မိတယ်။ ဒါပေမဲ့ သူတို့တတွေဟာ မသောက်လည်း မသောက်ဘူး၊ ဆူလည်း ဆူဆူညံညံ မလုပ်ကြဘူး။ အဲဒါက ပထမဆုံးအချက်ပဲ။ မင်းဟာ ကောင်းကောင်းမွန်မွန် နေတတ်ထိုင်တတ်တဲ့ လူတွေကို တကယ် သိတတ် မြင်တတ်တယ်။ ဘယ်ဟာ မှားတယ်ဆိုတာလည်း မင်းသိချင်တယ်။ ငါကလည်း မျက်စိ ဆံပင်မွေး စူးစရာလူပဲကွ။ ငါ့ဘာသာ ဘာသိဘာသာ နေတာပဲကွ”

သူပြောသည့် စကားများသည် လေးနက်၏။ သို့ရာတွင် အထစ်အငေါ့မရှိ သွက်လှ၏။ သူ၏ မည်းနက်သောလက်ဖြင့် သူ၏ မုတ်ဆိတ်မွေးများကိုသပ်လျက် ပါဗယ်၏ မျက်နှာကို စိုက်ကြည့်နေ၏။ တဖန်ဆက်၍

“လူတွေက မင်းအကြောင်း ပြောလာကြတယ်။ ဥပမာ ပြောရရင်ကွာ ငါ့အိမ်ရှင်ကတောင် ပြောလာတယ်။ ဘုရားရှိခိုးကျောင်း မသွားလို့ သူက မင်းကို ဒိဋ္ဌိတဲ့ကွ။ ငါလည်းပဲ မသွားပါဘူး။ အဲ ဟိုစာရွက်တွေအကြောင်းလည်း ပြောကြပြန်တယ်၊ အဲဒီစာရွက်စာတမ်းတွေဟာ မင်းလက်ချက်ပဲလား”

“ဟုတ်ပါတယ်”

ထိုအခါ အမေသည် မီးဖိုတံခါးမှ ခေါင်းပြူ၍ ထိတ်လန့်တုန်လှုပ်စွာနှင့် ပါဗယ်အား

“သားက ဘာတွေလျှောက်ပြောနေတာလဲ ဟင်။ သားတယောက်တည်း လုပ်တာမှ မဟုတ်ဘဲနဲ့” ပြောလိုက်ရာ ပါဗယ်နှင့် ရိုင်ဘင်တို့က ရယ်ကြလေသည်။

ထိုနောက် ရိုင်ဘင်က "ကောင်းတယ်" ပြောလိုက်ရာ အမေသည် သူပြောလိုက်သည့်စကားကို သူတို့နှစ်ယောက်က အလေးဂရု မပြုသဖြင့် စိတ်ဆိုးဆိုးနှင့် မီးဖိုထဲသို့ ပြန်ဝင်သွားလေ၏။

"အဲဒီ စာရွက်စာတမ်းတွေ ထုတ်တာကတော့ တကယ့်ကောင်းတဲ့ စိတ်ကူးပဲကွ၊ လူတွေကို လှုံ့ဆော်ပေးတယ်။ အားလုံး ဆယ့်ကိုးရွက်တောင် ရှိပြီထင်တယ်။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလို ပြောတာက ငါ အားလုံးကို ဖတ်ပြီးပြီဆိုတဲ့ သဘောပဲကွ။ အဲဒီစာရွက်စာတမ်းတွေထဲက တချို့ဟာ တယ်ပြီး မရှင်းဘူးကွ။ တချို့ကတော့လည်း တကယ်မလိုအပ်ဘူး။ ဒါပေမဲ့ လူဆိုတာ ပြောစရာတွေ အများကြီး ရှိလာရင် စကားအပို တလုံးနှစ်လုံး ဆိုတာမျိုးတော့ ပါတတ်တာပဲကွ။ ဒါက ရှောင်လို့ရတာမျိုးမှ မဟုတ်ဘဲကိုး"

ဤကဲ့သို့ပြောရင်း ရိုင်ဘင်သည် ပြုံးလိုက်၏။

"အဲဒီနောက် မင်းတို့အိမ်ကို ရှာလား၊ ဖွေလား လုပ်ကြတော့တာပဲ။ အဲဒါ နောက်ဆုံး ငါ့ကို မင်းတို့ဘက်ကို ဆွဲသွင်းလိုက်တာပဲ။ မင်းရယ်၊ ယူကရိန်းသားရယ်၊ နစ်ကိုလိုင်ရယ်၊ မင်းတို့တတွေ အားလုံးက မင်းတို့ရဲ့"

ဤကဲ့သို့ပြောပြီး ခဏမျှရပ်တန့်၍ သူပြောလိုက်သမျှကို တိတိကျကျ အဓိပ္ပာယ် ဆောင်မည့် စကားတို့ကိုရှာရင်း ပြတင်းပေါက်မှ အပြင်ဘက်သို့ မျှော်ကြည့်ကာ သူ၏ လက်ချောင်းများနှင့် စားပွဲကို ခေါက်နေလေ၏။

တဖန် "မင်းတို့သဘောထားက ပြတ်သားတယ်။ ထင်ရှားတယ်။ မင်းတို့သဘောထားကလည်း ဘယ်လိုလဲဆိုတော့ အရာရှိ မင်းဘုရားတို့ကလည်း ခင်ဗျားတို့အလုပ်ကို လုပ်ကြပေါ့။ ကျုပ်တို့ကလည်း ကျုပ်တို့ လုပ်စရာရှိတာ လုပ်ကြမယ်ဆိုတဲ့ သဘောမျိုးပေါ့" ယူကရိန်းသား ကလည်း လူကောင်းတယောက်ပဲကွ။ တခါတခါ အလုပ်ရုံထဲမှာ သူစကားပြောသံကို ကြားတဲ့အခါ 'အင်း သူကတော့ ဘယ်တော့မှ လျှော့ပေးမယ့်လူ မဟုတ်ဘူးကွ။ သေခါမှ လျှော့မယ့်လူပဲ။ တကယ့်ကို မာကျောတဲ့လူ' လို့တောင် စဉ်းစားမိသေးတယ်။ ဒါထက် ငါ မင်းကို တခု မေးပါရစေဦး ပါဗယ်။ မင်းကတော့ ငါ့ကို ယုံရဲ့လား" မေးလိုက်လျှင် ပါဗယ်က ဦးခေါင်းကို ညိတ်ကာ "ယုံပါတယ်ဗျာ" ပြန်ဖြေလိုက်လေ၏။

"ကောင်းတယ်ဟေ့။ ငါ့ကို ကြည့်စမ်းပါဦးကွ။ ငါဟာ အသက် ၄၀ ရှိပြီ။

မင်းအသက်ရဲ့ နှစ်ဆပေါ့ကွာ။ အတွေ့အကြုံကျတော့ မင်းအတွေ့အကြုံထက် အဆပေါင်း နှစ်ဆယ်တောင် တွေ့ကြုံခဲ့ပြီ။ သုံးနှစ်ကျော်ကျော် စစ်သားဘဝနဲ့ နေခဲ့ဖူးတယ်။ အိမ်ထောင်ကျတာလည်း နှစ်ခါတောင် ရှိပြီ၊ ပထမဇနီးက ဆုံးသွားတယ်။ ဒုတိယဇနီးကိုတော့ မောင်းထုတ်လိုက်တယ်။ ကော့ကေးဆပ် ပြည်နယ်ထဲလည်း ရောက်ဖူးတယ်။ ဒရူခိုဘော့စကီ ဘာသာရေးဂိုဏ်းဝင်တွေ လည်း တွေ့ခဲ့ဖူးတယ်။ သူတို့တတွေဟာ ဘဝပြဿနာကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကို မသိကြဘူး။ ငါ့ညီ တကယ်ကို မင်း မသိသေးဘူးကွ”

အမေသည် ရိုင်ဘင် အားပါးတရ ပြောနေသည့်စကားတို့ကို စူးစူးစိုက်စိုက် နားထောင်၏။ ဤကဲ့သို့ လူလတ်ပိုင်းအရွယ်တယောက်က သူ့သားအား သူ့ဝမ်းထဲ၌ရှိသမျှ ဖွင့်ဟပြောပြ နေသည်ကို ကြားရသဖြင့် သဘောလည်း ကျနေ၏။ သို့သော် ပါဗယ်သည် ရိုင်ဘင် ပြောသည့် စကားတို့ကို အားတက်သရော နားထောင်နေဟန် မရသဖြင့် ကြားထဲမှ ရိုင်ဘင်အား အားတောင့်အားနာဖြင့် ပို၍ ညှိ့ဝတ်ကျေပွန်စွာ ဆက်ဆံနေလေ၏။

သို့နှင့် အမေက “မုန့်စားဦးမယ် မဟုတ်လား ဟင်” ဟု မေးလိုက်လျှင်

“ကျေးဇူးတင်ပါတယ် အမေ၊ ကျွန်တော် ညစာစားခဲ့ပြီးပါပြီ” ပြန်ပြော၍ ပါဗယ်ဘက်သို့လှည့်ကာ “အဲဒီတော့ တို့ဘဝဟာ ဖြစ်သင့်သလို မဖြစ်ဘဲ ဖြစ်နေပြီလို့ မင်းက ယူဆတယ်ပေါ့ ပါဗယ်” ဟု မေးလေ၏။

ပါဗယ်သည် ထ၍ လက်များကို နောက်သို့ပစ်ကာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း

“ဘဝကတော့ လမ်းမှန်ရောက်တော့မှာပါ။ ခင်ဗျားကိုယ်တိုင် ကျွန်တော့်ဆီကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ ရောက်လာပြီ မဟုတ်လား။ တဖြည်းဖြည်း ကျွန်တော်တို့ လုပ်သားပြည်သူတွေဟာ စုစည်းနေကြပြီဗျာ။ နောက်ဆုံး အားလုံး ညီညွတ်တဲ့အချိန်ကို ရောက်လာလိမ့်မယ်။ ကျွန်တော်တို့အဖို့ ဘဝဟာ ကျပ်တည်းတယ်၊ မတရားဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဘဝရဲ့ ခါးသီးတဲ့ သဘောတွေကို မြင်မြင်လာကြပြီး ဒီပြောင်းလဲမှုတွေကို ဘယ်လိုလုပ်ပြီး ပိုမြန်မြန်ဆန်ဆန် ဖြစ်လာအောင် လုပ်ရမယ်ဆိုတာကိုလည်း သိလာကြပြီဗျာ”

“အေးကွ၊ မင်းပြောတာမှန်တယ်။ လူတွေကို ကောင်းကောင်းကြီး ပြင်ပစ်လိုက်ဖို့ လိုတယ်။ လူတယောက်မှာ သန်းတွေ ထူနေရင် သူ့ကို ရေချိုးအိမ် ခေါ်သွားရမယ် ကျကျနန ချေးတွေ၊ ညှော်တွေကို တိုက်ပွတ်ပြီး ရေချိုးပေးရမယ်။ ပိုပြီးတော့ အဝတ်အစားတွေကို သန့်သန့်ရှင်းရှင်း ဝတ်ဆင်ပေးလိုက်ရင် အဲဒီလူဟာ လူကြားသူကြားထဲမှာ ကျကျနန သွားလို့လာလို့ ရသွားတာပဲ။ ဒါပေမဲ့ လူတယောက်ရဲ့အတွင်းစိတ်ခံတတ်ကိုကျတော့ မင်းဘယ်လိုလုပ်ပြီး

သန့်ရှင်းစင်ကြယ် သွားအောင် လုပ်မလဲ။ အဲဒါက ပြဿနာပဲ”

ပါဗယ်သည် စိတ်အားထက်သန်စွာဖြင့် အလုပ်ရုံအကြောင်း၊ အလုပ်ရုံ ပိုင်ရှင်များနှင့် အုပ်ချုပ်ရေးမှူးများအကြောင်း စသည်တို့နှင့် နိုင်ငံခြားမှ အလုပ်သမားတို့သည် သူတို့၏ အခွင့်အရေးကို ရရန်အတွက် မည်သို့ မည်ပုံ တိုက်ပွဲဝင်နေကြသည်ကို ပြောပြလေ၏။ ရိုင်ဘင်သည် ပါဗယ်ပြောသည့်စကားတို့ကို အာရုံစိုက်ရင်း တခါတခါ သဘောကျကျပြီး စားပွဲကို လက်နှင့် ပုတ်ပုတ်နေ၏။ တကြိမ်သော် “အဲဒါ အစစ်ပဲကွ” ဟု ထ၍ပင် အော်လိုက်၏။ ထိုနောက် ရယ်၍ ငြိမ်သက်စွာဖြင့်၊

“မင်းက ငယ်သေးတယ်ကွ။ မင်းဟာ လူတွေအကြောင်းကို ကောင်းကောင်းမသိသေးပါဘူး” ပြောလိုက်ရာ ပါဗယ်က၊

“အသက်ကြီးတာ၊ ငယ်တာတွေ လျှောက်ပြီးမပြောပါနဲ့ဗျာ” လေးလေးနက်နက် ပြောရင်း ရိုင်ဘင်ရှေ့၌ မတ်တတ်ရပ်ကာ

“ဘယ်သူ့ အယူအဆက မှန်တယ်ဆိုတာကို ကျွန်တော်တို့ ကြည့်ဖို့လိုပါတယ်” ဟု ပြန်ပြော၏။

“ဒါဖြင့် ဘုရားသခင်နဲ့ ပတ်သက်လို့လည်း တို့ကို သူတို့က အရူးလုပ်နေကြတယ်လို့ မင်းက ပြောချင်တာပေါ့။ အင်း၊ ငါကလည်းပဲ ငါတို့ဘာသာ အယူဝါဒဟာ မကောင်းဘူးလို့ ထင်တာပါပဲ”

ဤတွင် အမေသည် ကြားဝင်လာလေ၏။ အမေသည် ဘုရားသခင်နှင့် ဘာသာအယူဝါဒကို အလွန်လည်း နှစ်သက်၏။ အမြတ်တနိုးလည်း ထား၏။ ထို့ကြောင့် ဘုရားသခင်အကြောင်း ကိုသော်လည်းကောင်း ထိုဘုရားသခင်နှင့် ပတ်သက်သည့် အကြောင်းအရာတို့ကိုသော် လည်းကောင်း သူ့သားက ပြောတိုင်း ပြောတိုင်း သူ့သား၏ မျက်လုံးများကို ကြည့်ပြီး ဘာမျှ နှုတ်က ဖွင့်မပြောဘဲ ဤကဲ့သို့ ဘာသာအယူဝါဒကို မယုံကြည်သည့် စူးရှထက်မြက်လှသည့် စကားတို့နှင့် သူ၏ အသည်းနှလုံးကို မထိုးဆွရန် တောင်းပန်လေ့ရှိ၏။ သို့သော် သူ့သား၏ မယုံကြည်မှု နောက်ကွယ်၌ပင် အခြားယုံကြည်မှုတရပ် ရှိနေသည်ကို သတိပြုမိ၏။ ဤကဲ့သို့ သိရသည့်အတွက် သူသည် စိတ်ချမ်းသာရာ ရမိ၏။

“အင်း၊ သူ ဘာတွေများ တွေးနေ၊ စဉ်းစားနေတုန်းလဲ” ဟုလည်း လေးလေးနက်နက် စဉ်းစားနေမိပြန်သည်။

လူလတ်အရွယ်ပိုင်း ရိုင်ဘင်မှာလည်း ဘာသာအယူဝါဒနှင့် ပတ်သက်၍ သူ့သား ပြောလိုက်သည့် စကားတို့ကြောင့် သူကဲ့သို့ပင် စိတ်ထဲ၌

နာကြည်းသွားလိမ့်မည်ဟု ထင်မှတ်ခဲ့၏။ သို့ရာတွင် ရိုင်ဘင်က ဘာသာအယူဝါဒနှင့် ပတ်သက်၍ ပါဗယ်အား တည်ငြိမ်စွာဖြင့် မေးနေသည်ကို ကြားရသောအခါ သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ၊

"အေး၊ ဘုရားသခင်ကိုယ်တော်မြတ်နဲ့ ပတ်သက်လာတဲ့အခါ မင်းတို့တတွေဟာ စကားကို ကြည့်ပြောတာ ကောင်းလိမ့်မယ် ထင်တယ်ကွဲ့" ဟု ပြောပြီး သက်ပြင်း တချက်ချကာ ပို၍ စိတ်ခတ်ပြင်းပြစွာဖြင့်၊

"မင်းတို့ကတော့ မင်းတို့သဘောကျသလို စဉ်းစားနိုင်တယ်၊ တွေးတောနိုင်တယ်။ ဒါပေမဲ့ တို့လို အဘွားအိုတယောက်အဖို့တော့ ဘုရားသခင် ကိုယ်တော်မြတ်ရှိရင် ဒုက္ခဆင်းရဲနဲ့ တွေ့တဲ့ကြုံတဲ့ အခါကျရင် ဘာမျှ ကိုးကွယ်စရာ ဆည်းကပ်စရာ မရှိတော့ဘူးကွဲ့" ဟု ပြောရင်း အမေ့ မျက်လုံးထဲ၌ မျက်ရည်များလည်လာပြီး လက်ဖက်ရည် ပန်းကန်များကို တုန်တုန်ယင်ယင်နှင့် ဆေးကြောနေလေ၏။

ထိုအခါ ပါဗယ်က သာယာညင်းပျောင်းစွာဖြင့်၊

"အမေက ကျွန်တော်တို့သဘောကို မသိပါဘူး" ဟု ပြောလိုက်၏။ ရိုင်ဘင်က သူ၏ အသံသြကြီးဖြင့် ဖြည်းညင်းစွာ "ကျွန်တော်တို့ ပြောတာတွေကိုတော့ ဗွေမယူပါနဲ့ အမေရယ်" ဟု တောင်းပန်ပြန်၏။ ပါဗယ်ကလည်း "အမေတို့က အသက်အရွယ် ကြီးပြီဖြစ်တော့ ကိုယ့်အယူအဆတို့၊ အယူဝါဒတို့ကို အတို့အဆိတ် မခံနိုင်တော့ဘူးဆိုတာကို ကျွန်တော် သတိမထားမိဘူး အမေ" ဟု ပြောပြန်၏။

တဖန် ဆက်၍၊

"ကျွန်တော်က အမေ ယုံကြည်ထားတဲ့၊ သနားတတ်တဲ့၊ ကရုဏာရှိတဲ့ ဘုရားသခင်ကို ပြောနေတာ မဟုတ်ပါဘူး အမေ။ ဒါပေမဲ့ ဘုရားသခင်ကို တင်းပုတ်လိုလုပ်ပြီး ဘုန်းကြီးတွေက ဒီတင်းပုတ်ကို ကိုင်ကိုင်ပြီး ကျွန်တော်တို့ကို ခြောက်ခြောက်နေတဲ့ ဘုရားသခင်အကြောင်းကို ပြောနေတာပါ။ လူနည်းစုရဲ့ ယုတ်မာညစ်ညမ်းတဲ့ ဆန္ဒအတိုင်း လူတွေအားလုံးဟာ လိုက်နာရမယ် ဆိုတာဟာ ဘုရားသခင်ရဲ့အလိုတော် ဆန္ဒတော်အရ ဖြစ်တယ်လို့ ဆိုနေကြတဲ့ ဘုရားသခင်အကြောင်းကို ပြောနေတာပါ" ဟု ပြောလိုက်သောအခါ ရိုင်ဘင်က စားပွဲကို လက်နှင့် ပုတ်လိုက်ပြီး၊

"အဲဒါပဲဟုတ်တယ်" ဟု အားပါးတရ အော်ပြီးနောက်၊

"သူတို့က မှုမမှန်တဲ့ ဘုရားသခင်တဆူကို ယုံကြည်နေရမယ်လို့

ကျွန်တော်တို့ကို အတင်းအကျပ် ကိုင်နေကြတယ်၊ ပြီးတော့ သူတို့အသုံးချရသမျှဟာကို ကိုင်ကိုင်ပြီး ကျွန်တော်တို့ကို တိုက်တယ်။ ဘုရားသခင် ကိုယ်တော်မြတ်က လူသားကို သူနဲ့တူအောင် ဖန်ဆင်းတော်မူတယ်ဆိုတဲ့ စကားကို အမေ တဆိတ်လောက် စဉ်းစားကြည့်စမ်းပါ၊ ဒီစကားအရ လူသားဟာ သူနဲ့တူရင် သူကလည်း လူသားနဲ့ တူရမယ်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့တတွေဟာ နတ်တွေ၊ သိကြားတွေနဲ့ မတူဘဲ တိရစ္ဆာန်အရိုင်းအစိုင်းတွေနဲ့ ပိုပြီး တူနေကြပြီ၊ ဘုရားရှိခိုးကျောင်းတွေကလည်း ကျွန်တော်တို့ကို ခြောက်ခြောက်ပြီးလွှတ်တယ်၊ ကျွန်တော်တို့ဟာ ဘုရားသခင်ကို ပြောင်းလဲပစ်ကြဖို့လိုတယ် အမေ။ ဘုရားသခင်ကို သန့်ရှင်းစင်ကြယ်သွားအောင် လုပ်ဖို့လည်းလိုတယ်။ သူတို့က ဘုရားသခင် ကိုယ်တော်မြတ်နဲ့ ပတ်သက်လို့ မဟုတ်တာတွေ အတင်းစကား အဖျင်းစကား တွေကို တွင်တွင်ကြီး ပြောကြတယ်။ ကျွန်တော်တို့ စိတ်ဓာတ်တွေကို ယုတ်ညံ့ ပျက်စီး သွားအောင်၊ ဘုရားသခင်ရဲ့ မျက်နှာတော်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်နေကြတယ်” ဟု ဆက်၍ပြောလေ၏။

သူသည် စကားကို လေသံပျော့ပျော့နှင့် ပြော၏။ သို့ရာတွင် သူပြောလိုက်သည့် စကားလုံးတိုင်း သည် အမေ့အတွက် မခံမရပ်နိုင်လောက်အောင် ပြင်းထန်ရင့်သီးလှ၏။ ၎င်းပြင် သူ၏ မည်းနက်သည့် မုတ်ဆိတ်မွေးများအကြားမှ ပေါ်ထွက်နေသည့် သူ၏ သုန်မှုန်နေသည့်မျက်နှာကို မြင်ရသဖြင့် အမေသည် ကြောက်ရွံ့မိ၏။ သူ့မျက်လုံး၏ တောက်ပြောင်လှသည့် အရောင်ဒဏ်ကို လည်း အမေ မခံနိုင်ချေ။ ထို့ကြောင့် အမေသည် အလွန် တုန်လှုပ် ချောက်ချားနေလေ၏။

“အင်း၊ သူတို့ပြောနေကြတဲ့စကားတွေကို ငါတော့ နားမထောင်ဝံ့တော့ဘူး။ သွားဦးမှပဲ” ဆိုကာ အမေသည် မီးဖိုခန်းထဲ၌ ခပ်သုတ်သုတ် ဝင်သွားလေ၏။

ထို့နောက် ရိုင်ဘင်က...

“ကြည့်စမ်းပါဦး ပါဗယ်။ ရုပ်ဝတ္ထုတွေ အားလုံးရဲ့ ဗဟိုချက်မဟာ လူသားရဲ့ဦးခေါင်း မဟုတ်ဘူး ကွ။ လူသားရဲ့အသည်းနှလုံးကွ။ လူသားရဲ့ ဝိညာဉ်ထဲမှ လူသားရဲ့ အသည်းနှလုံးမှအပ အခြား ဘာတခုမျှ မပေါ်နိုင်ဘူး” ဟု ပြောလိုက်လျှင် ပါဗယ်က

“ဝိဇ္ဇာတရားကသာ လူသားကို လွတ်မြောက်အောင်လုပ်နိုင်တယ်” ဟု အခိုင်အမာ ပြန်၍ပြော၏။ တဖန် ရိုင်ဘင်က

“ဝိဇ္ဇာတရားက လူသားကို စွမ်းအားမပေးနိုင်ဘူးကွ” ဟု အလျှော့မပေးဘဲ ထပ်၍ ပြောပြီးနောက်

“လူသားဟာ သူ့အသည်းနှလုံး (စိတ်ဓာတ်) ကသာ စွမ်းအားရတာ၊

သူ့ဦးနှောက် (သူ့အသိဉာဏ်) က စွမ်းအားရတာ မဟုတ်ဘူး” ဟု ဆက်၍ ပြောပြန်၏။

အမေသည် အဝတ်များကိုလဲ၍ ခါတိုင်းကဲ့သို့ ဘုရားဝတ်မပြုတော့ဘဲ အိပ်ရာဝင်လေ၏။ သူသည် စိတ်ဆင်းရဲနေ၏။ စိတ်ထဲတွင် အလွန်တတ်သိ လိမ္မာလှသည်ဟု မှတ်ထင်မိခဲ့သည့်၊ ပထမတွေ့စက သဘောအကျကြီး ကျခဲ့သည့် ရိုင်ဘင်ကို ယခု မုန်းတီးလာ၏။ ရိုင်ဘင် ပြောနေသည့်စကားတို့ကို နားထောင်ရင်း၊

“တကယ့် ဒိဋ္ဌိပဲ။ တကယ့်ကို ဘုရားသခင်ကို ပုန်ကန်နေတဲ့ သူပုန်ပဲ။ သူက ဘာပြုလို့ ဒီကိုလာရတာလဲ” ဟု သူ့ဘာသာသူ စဉ်းစားနေပြန်၏။

သို့ရာတွင် ရိုင်ဘင်ကမူ အလွန်တည်ငြိမ်သည့် ယုံကြည်ချက်ဖြင့် “ဒါပေမဲ့ ဘုရားသခင်ရဲ့ နေရာကိုတော့ အလွတ်ထားလို့ မဖြစ်ဘူးကွ။ လူသားရဲ့နှလုံးသည်းပွတ်ထဲမှာ ဘုရားသခင် ကိန်းဝပ်တဲ့နေရာက အနူးညံ့ဆုံး နေရာကွ။ အဲဒီနေရာကို ဓားနဲ့ လှီးထုတ်လိုက်ရင် အလွန်ကြီးမားတဲ့ ဒဏ်ရာကြီး ဖြစ်နေမှာပဲ။ တနည်းအားဖြင့် ဘုရားသခင်ကို ဆွဲထုတ်လိုက်ရင် အဲဒီဒဏ်ရာဟာ ကြီးကြီးလာမှာပဲကွ။ အဲဒီတော့ အဲဒီနေရာမှာ အစားသွင်းဖို့ တို့တတွေဟာ ယုံကြည်ချက် အသစ်တခု ရှာကြရလိမ့်မယ်။ လူသားအပေါ်မှာ ငဲ့ညှာမယ်၊ လူသားအပေါ်မှာ မိတ်ဆွေအဖြစ်နဲ့ ရပ်တည်မယ့် ဘုရားသခင်ကို တို့တတွေဟာ ရှာဖွေဖန်တီးကြရလိမ့်မယ်” ဟု ပြောလေရာ၊

“ခရစ်တော် အရှိသားပဲဗျာ့” ပါဗယ်က ပြန်ဖြေလိုက်၏။

“ခရစ်တော်က ပျော့တယ်ကွ။ သူက တန်ခိုးအာဏာကို သူ မယူပါဘူး၊ အခြားသူကို ပေးလိုက်ပါလို့ ပြောတယ်။ ပြီးတော့ ဆီးဇာကို သူက အသိအမှတ်ပြုတယ်။ လူသား အချင်းချင်းအပေါ်မှာ တန်ခိုးအာဏာ လွှမ်းမိုးတဲ့လူကို ဘုရားသခင်က ဘယ်လိုလုပ်ပြီး အသိအမှတ် ပြုနိုင်ရမှာလဲကွ။ သူကိုယ်တိုင်က တန်ခိုးတော်၊ အာဏာတော် အားလုံးရဲ့ပိုင်ရှင်ပဲ။ သူဟာ သူ့ရဲ့ဝိညာဉ်ကို ဒါက ဘုရားသခင်ရဲ့ဝိညာဉ်၊ ဒါက လူသားရဲ့ဝိညာဉ်ဆိုပြီး ခွဲဝေမပစ်နိုင်ဘူး။ ဒါပေမဲ့ ခရစ်တော်ဟာ ကုန်ကူးသန်းရောင်းဝယ်တာတို့၊ လက်ထပ် ထိမ်းမြားတာတို့ကိုတော့ မကန့်ကွက်ဘူး။ ပြီးတော့ တည်ပင်ကို ကျိန်စာတိုက်တာ သူ မှားတယ်။ တည်ပင်ဟာ အသီး မသီးတာနဲ့ အပြစ်တင် ကျိန်ဆဲခံရတော့မှာလား။ လူသားရဲ့ ဝိညာဉ် (စိတ်ဓာတ်) ကိုလည်း မွန်မြတ်တဲ့တရားကို မဖော်ထုတ်နိုင်တာနဲ့ အပြစ်ဖို့ ရတော့မှာလား။ ငါ့ရဲ့စိတ်ထဲမှာ ဒီမကောင်းတဲ့၊ ယုတ်မာညစ်ညမ်းတဲ့တရားကို ငါကပဲ ထည့်သွင်းပေးတာလား” ဟု ရိုင်ဘင်က ဆက်လက် ပြောပြန်၏။

သူတို့နှစ်ဦး အိမ်ရှေ့ခန်းထဲမှ အပြင်းအထန် ငြင်းခုံနေကြ၏။ ပါဗယ်သည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိရာ ကြမ်းပြင်သည် တကျွိကျွိ

မြည်၏။ ပါဗယ် စကားပြောသည့်အခါ၌ သူ၏အသံသည် အားလုံးသော အသံများကို လွှမ်းလွှမ်းသွား၏။ သို့ရာတွင် ရိုင်ဘင်က သူ၏ တည်ငြိမ်၍ နက်ရှိုင်းသောအသံဖြင့် စကားပြောသောအခါများ၌ အမေသည် နာရီချိန်သီးသွားသံနှင့် အိမ်ထရံကို ဆီးနှင်းများ လာရောက် ရိုက်ခတ်သံကိုပါ ကြားနေရ၏။

ရိုင်ဘင်က

"ငါကတော့ ငါ့စကားနဲ့၊ အို... တိုတိုပြောရရင်ကွာ မီးထိုးသမားတယောက်ရဲ့ စကားနဲ့ပြောရရင် ဘုရားသခင်ဟာ မီးတောက်မီးလျှံတခုပဲကွ။ သူဟာ တို့ရဲ့အသည်းနှလုံးထဲမှာ နေတယ်ကွ။ 'အစကနဦးဆုံး တရားသည် မုခပါဌ်တော် ဖြစ်၍ ထိုမုခပါဌ်တော်သည် ဘုရားသခင် ကိုယ်တော်မြတ် ဖြစ်သည်' လို့ ပြောထားတယ်။ ဒါကြောင့် မုခပါဌ်တော်ဟာ နာမ်တော်ပဲကွ" ဟု ပြောပြန်၏။

ပါဗယ်ကလည်း "မုခပါဌ်တော်ဟာ ဝိဉာဉ်တရားပဲ ဖြစ်ရမယ်" ဟု ဇွတ်အတင်း ကိုင်နေလေ၏။

ထိုအခါ ရိုင်ဘင်က

"ကောင်းပြီ။ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ဟာ အသည်းနှလုံးနဲ့ ဝိဉာဉ်တရားထဲမှာ ပါရှိတယ်ပေါ့။ ဒါပေမဲ့ ဘုရားရှိခိုးကျောင်းထဲမှာ မရှိဘူး။ ဘုရားရှိခိုးကျောင်းဟာ ဘုရားသခင်ရဲ့ သင်္ချိုင်းတော်ပေါ့" ဟု ဆက်၍ ပြောနေကြလေ၏။ အမေသည် အိပ်ပျော်သွားပြီ ဖြစ်သဖြင့် ရိုင်ဘင် ထွက်သွားသည်ကိုပင် မသိလိုက်တော့ချေ။

ထိုအချိန်မှစ၍ ရိုင်ဘင်သည် အမေတို့အိမ်သို့ မကြာခဏ လာလာလည်လေ့ ရှိ၏။ သူလာလည်စဉ် ပါဗယ်၏ ရဲဘော်တယောက် ရှိနေလျှင် သူသည် ထောင့်တထောင့်ထဲ၌ ထိုင်ပြီး တခါတခါ "အေး အဲဒါပဲ" ဟု ပြောရုံမှအပ အခြားမည်သည့်ကိစ္စကိုမျှ မပြောချေ။

တနေ့သော် သူသည် ပါဗယ်နှင့် ရဲဘော်တစုတို့ စကားပြောနေကြသည်ကို သူ၏ မည်းမှောင်သည့် မျက်လုံးများနှင့် ကြည့်ပြီး သုန်သုန်မှုန်မှုန်နှင့်၊

"ရှိရှိသမျှသော တရားတို့ကို သူတို့ရှိနေတဲ့အတိုင်း ပြောကြရမယ်။ သူတို့ဟာ ဘယ်သူ ဖြစ်လိမ့်မယ်လို့ မပြောရဘူး။ ဘယ်သူက ဘာဖြစ်လိမ့်မယ်ဆိုတာ ဘာသိလို့တုံး။ လူတွေဟာ လွတ်မြောက်ကြတာနဲ့ တပြိုင်နက် သူတို့အတွက် ဘယ်ဟာက အကောင်းဆုံးလဲ ဆိုတာကို ဆုံးဖြတ်ကြလိမ့်မယ်။ သူတို့က သူတို့ကို ပြပေးပါလို့ မပြောဘဲ ခေါင်းထဲကို အတင်း

ရိုက်သွင်းထားတဲ့ အသိဉာဏ်တွေက မနည်းဘူးဗျ။ အဲသည်တော့ သူတို့ဘာသာသူတို့ စဉ်းစားတတ်၊ တွေးဆတတ်တဲ့ အချိန်ကျလာပြီ။ သူတို့ဟာ ဘဝတခုလုံး၊ သင်ကြားလေ့လာမှု တွေ အကုန်လုံး အစစ အရာခပ်သိမ်းကို ငြင်းပယ်ချင် ငြင်းပယ်ကြလိမ့်မယ်။ ဘုရားရှိခိုးကျောင်းက ဘုရားသခင်လိုဟာမျိုးကို ရန်သူအနေနဲ့ မြင်ထားချင် မြင်ထားကြ လိမ့်မယ်။ စာအုပ်တွေကို သူတို့လက်ထဲ ထိုးအပ်လိုက်ပါ။ သူတို့အဖြေကို သူတို့ ရှာကြပါလိမ့်မယ်။ အဲဒါပဲ” ပြောလိုက်၏။

သူနှင့် ပါဗယ် နှစ်ဦးချင်း ရှိကြသောအခါ စကားကြောမပြတ်နိုင်အောင် ဆွေးနွေးကြ၏။ သို့ရာတွင် သူတို့နှစ်ယောက်လုံးသည် မည်သည့်အခါမျှ စိတ်မဆိုးကြချေ။ အမေသည် သူတို့နှစ်ယောက် ပြောကြ၊ ဆိုကြ၊ ငြင်းကြ၊ ခုံကြသည်ကို တလုံးမကျန် ဂရုတစိုက် နားထောင်၏။ သူတို့စကားများ၏အဓိပ္ပာယ်ကို နားလည်အောင်၊ သဘောပေါက်အောင် ကြိုးစား၏။ တခါတခါ လက်ပြင်ကျယ်ကြီးနှင့် မုတ်ဆိတ်မွေး မည်းမည်း ရိုင်ဘင်နှင့် သန်မာ၍ အရပ်မြင့်မြင့် ပါဗယ်တို့ နှစ်ဦးလုံးသည် ဘာမျှ မသိကြ၊ မမြင်ကြတော့ဘူးဟု သူသည် ထင်မှတ်မိ၏။ တခါတခါ သူတို့သည် ဟိုဘက်လှမ်းစမ်းလိုက်၊ သည်ဘက်လှမ်းစမ်းလိုက်နှင့် ထွက်ရပ်လမ်းတခုအား ရှာနေကြသည်နှင့်တူ၏၊ သို့ စမ်းရင်း စမ်းရင်း တွေ့မိ၊ စမ်းမိသော တရားဟူသမျှကို မြဲမြံစွာ ဆုပ်ကိုင်ကြည့်၏။ ထိုနောက် သူတို့ ဆုပ်ကိုင်မိသည့် တရားကို မခိုင်လုံကြောင်း၊ မမှန်ကန်ကြောင်း သိသည်နှင့် တပြိုင်နက် ချေမွဖျက်ဆီးပစ်ကြ၏။ တခါတခါ ဟိုတိုး သည်ဝှေ့နှင့်ပင် တိုးရင်း ဝှေ့ရင်း တွေ့ရှိသော တရားတို့ကို စမ်းသပ်ကြည့်ပြီး မခိုင်လုံလျှင်၊ မမှန်လျှင် လွှင့်ပစ်လိုက်ကြပြန်၏။ သို့ လွှင့်ပစ်သော်လည်း သူတို့တွင် အလွန်ခိုင်မြဲသော ယုံကြည်ချက်နှင့် အလွန်ခိုင်မာသော မျှော်လင့်ချက်များ ရှိကြ၏။

အတိုချုံးရသော် အလွန်ကြီးမား ခိုင်မြဲလှသော မျှော်လင့်ချက်၊ အလွန်မာကျောလှသော ဖွဲ့တို့ဖြင့် သစ္စာတရားကို ရှာဖွေနေသူများ ဖြစ်၏။

သူတို့နှစ်ဦး ပြောဆိုဆွေးနွေးသည်တို့ကို နားထောင်ရဖန် များလာသောအခါ အမေသည် သူတို့၏ ပွင့်လင်း၍ ထိတ်လန့်ဖွယ်ရာ စကားတို့ကို နားလည်လာ၏။ သဘောလည်း ပေါက်လာ၏။ လက်ဦးက ဤစကားများ ကြားရသောအခါတွင် သူ၏စိတ်ဓာတ်သည် တုန်လှုပ်ချောက်ချားခဲ့ သော်လည်း ယခု မတုန်လှုပ် မချောက်ချားတော့ချေ။ ။

ဤစကားများ၏ဒဏ်ကို ခံနိုင်စွမ်းရှိလာ၏။ တခါတရံ ဘုရားသခင်ကို ငြင်းပယ်နေသော စကားများ နောက်ကွယ်၌ ဘုရားသခင်ကို ခိုင်ခိုင်မြဲမြဲ ယုံကြည်သော ယုံကြည်မှုအား အမေ တွေ့ရ၏။ ထိုအခါ အမေသည် သူတို့အပေါ် ဖွေမယူတော့ဘဲ ရှိသမျှ အပြစ်များအား ခွင့်လွှတ်ပြီး ပြုံးမိ၏။ ၎င်းပြင် ရိုင်ဘင်အား သဘောမကျစေကာမူ ရန်သူကဲ့သို့ သဘောမထားတော့ချေ။ သီတင်းတိုင်း

အမေသည် ယူကရိန်းသားအတွက် စာအုပ်များနှင့် ဖွပ်လျှော်ပြီး အဝတ်များကို ထောင်သို့ သွားပို့၏။ တခါသော် ရိုင်ဘင်နှင့် တွေ့၍ စကားပြောခွင့်ရခဲ့၏။ ထိုကြောင့် ထောင်မှ ပြန်လာသောအခါ၊

"အေး၊ သူကတော့ နည်းနည်းလေးမှ မပြောင်းဘူး၊ လူတိုင်းအပေါ်မှာ သိပ်ကောင်းတယ်။ လူတိုင်းနဲ့လည်း ရယ်စရာ မောစရာ ပြောတတ်တယ်။ ထောင်ထဲမှာနေရတာ သူ့အဖို့ ကျပ်တည်းတယ်။ ဒါပေမဲ့ သည်လို ကျပ်တည်းတယ်ဆိုတာကို လူမသိအောင် ဟန်ဆောင်နေ တယ်ကွဲ့" ပြော၏။

ထိုအခါ ပါဗယ်က "ဒါဟာ မှန်တယ် အမေ၊ ကျွန်တော်တို့တတွေဟာ ဒုက္ခ ဆင်းရဲတွေထဲမှာ နေရတာ၊ အဲသည်တော့ ဒီဒုက္ခဆင်းရဲတွေဟာ ကျွန်တော်တို့အတွက် ရိုးနေပြီ။ ကျွန်တော်တို့မှာ ကြွားစရာ ဝါစရာ ဘာမှမရှိဘူး။ လူတိုင်းက ဒါတွေကို မမြင်တာ မဟုတ်ပါဘူး၊ တချို့ မျက်လုံးကို ပိတ်ရုံပိတ်ထားတာပါ။ ဒါကြောင့် ကျွန်တော်တို့ မလိမ္မာရင် ပြုံးပြီး ခံရုံပဲပေါ့" ဟု ပြန်၍ ပြောလိုက်လေသတည်း။

အခန်း တဆယ့်နှစ်

အလုပ်သမားတို့သည် အမေတို့၏ အိမ်ကလေးပေါ်၌ ပို၍ပို၍ စိတ်ဝင်စားလာ၏။ ဤသို့ စိတ်ပါဝင်စားရာ၌ သံသယစိတ်နှင့် အမှတ်မထင် ဖြစ်ပေါ်လာသော မနှစ်မြို့သော စိတ်ခံတတ်တို့ လည်း ရောနှောလာလေ၏။ သို့ရာတွင် သူတို့အပေါ်၌ ယုံကြည်မှုလည်း ရှိလာပြန်၏။

တခါတရံ ပါဗယ်ထံသို့ တစုံတယောက်ကလာ၍ အိမ်တွင်း၌ ဟိုဟို သည်သည် ကြည့်ကာ၊ "ငါ့ညီရ၊ ငါ့ညီတို့ တခုလောက် ပြောပါရစေ။ မင်းဟာ စာအုပ်တွေကိုလည်း ဖတ်တယ်၊ တရားဥပဒေကိုလည်း သိတယ်။ အဲသည်တော့ ငါ့ကို တခုလောက် ရှင်းပြစမ်း" ပြောတတ်၏။

ထိုနောက် ထိုကဲ့သို့ လာရောက်မေးမြန်းသူသည် ပုလိပ်များက သို့မဟုတ် အလုပ်ရုံ အုပ်ချုပ်ရေးပိုင်းက သူ့အပေါ်၌ မတရားသဖြင့် ပြုမူထားသည့် အပြုအမူတို့ကို ပြောပြတတ်၏။ အချို့ ရှုပ်ထွေးသော ကိစ္စများတွင် ပါဗယ်သည် စာတစောင်ကို ရေးပြီး မြို့ပေါ်မှ သူ့မိတ်ဆွေ ရှေ့နေတယောက်ထံသို့ စေလွှတ်တတ်သည်။ သို့ရာတွင် သူကိုယ်တိုင် ရှင်းလင်းပြနိုင်လျှင် ထိုကိစ္စကို သူကိုယ်တိုင်ပင် ရှင်းပြလိုက်၏။

ပါဗယ်သည် တက်ကြွ၏။ စိတ်အားထက်သန်၏။ စကားပြောသောအခါ ရဲရင့်၏၊ ပြတ်သား၏၊ ရှင်း၏။ အရေးကိစ္စဟူသမျှကို လေ့လာ၏။ နားထောင်၏။ သဘော ကွဲလွဲမှုရှိလျှင် မူရင်းအကြောင်းကို မရောက်ရောက်အောင် နှိုက်၍ ကြည့်တတ်သည်။ လူအားလုံးအား ဆက်စပ်ပေးနေသည့် ဘုံကိစ္စ၊ ဘုံပြဿနာတို့ကို နေရာတကာ၌ အစဉ်မပြတ် ရှာတတ်၏။ ဖော်ထုတ်တတ်၏။ ထို့ကြောင့် သူ့ကို အလုပ်သမားများက တဖြည်းဖြည်း လေးစားလာ၏။

'ညွှန်အိုင် ကိုပက်' ကိစ္စဖြစ်ပွားပြီးနောက် သူ၏ဂုဏ်သိက္ခာသည် အထူးသဖြင့် တိုးတက်လာခဲ့၏။

ညွှန်အိုင်ကိုပက် ကိစ္စသည် ဤကဲ့သို့ဖြစ်၏။ ထင်းရှူးပင်များနှင့် အခြား နွယ်ပင် ပေါင်းပင်တို့ဖြင့် ဖုံးအုပ်လျက်ရှိနေသော ညွှန်အိုင်ကြီးတခုသည် အလုပ်ရုံတခုအား ပိုင်းမိတော့မည်လောက် ဖြစ်နေ၏။ နွေအခါ၌ ဤညွှန်အိုင်မှ ထူထပ်သော ဝါဝါအငွေ့များနှင့် ခြင်အုပ်ကြီးများ ထွက်လာ၍ အလုပ်သမားများသည် ဤခြင်များ အကိုက်ခံရသဖြင့် ဖျားနာကြ၏။ ဤညွှန်ဗွက်ကို အလုပ်ရုံကပိုင်၍ ညွှန်ကြားရေးမှူးသည် ထိုအိုင်မှ ရေများကို ထုတ်ပစ်ပြီး သစ်ဆွေးမြေကို ယူရန်နှင့် ထိုမြေမှ အမြတ်ထုတ်ရန် ဆုံးဖြတ်လိုက်၏။ သို့ရာတွင် အလုပ်သမားများ၏

ကျန်းမာရေးအတွက်ဟု အကြောင်းပြကာ သူ၏စီမံကိန်းကို အကောင်အထည်ဖော်ရန် အလုပ်သမားတို့အား အခကြေးငွေပေးရသည့် ရူဘဲဒင်္ဂါး တပြား တပြားမှ ကိုပက် တပြား တပြား ကောက်ရန် အမိန့်ထုတ်လိုက်၏။

ဤတွင် အလုပ်သမားများသည် မခံမရပ်နိုင် ဖြစ်လာကြ၏။ အထက်တန်းစား အလုပ်သမားများ၊ တနည်းအားဖြင့် လစာကြီးစား အလုပ်ရုံ တာဝန်ခံများ၏ လစာများထဲမှ တပြားတချပ်မှ နုတ်မယူသည်ကို ကန့်ကွက်ကြ၏။

ညွန်ကြားရေးမှူးက အထက်ပါအမိန့်ကို ထုတ်လိုက်သည့် စနေနေ့တွင် ပါဗယ်သည် ဖျားနေသောကြောင့် အလုပ်မဆင်းနိုင်ချေ။ ထိုကြောင့် သူသည် ဤကိစ္စကို လုံးဝ မသိ။ နောက်တနေ့၌ သံရည်ကျိုရုံမှ အလုပ်သမားကြီး ဆီးဇော့နှင့် စက်ဆရာ မက်ခိုတင် တို့သည် ပါဗယ်ထံသို့ ပေါက်လာကြလေ၏။ ဆီးဇော့သည် အခြားအလုပ်သမားတို့၏ လေးစားမှုကိုခံရ၍ မက်ခိုတင်သည်ကား အရပ်ရှည်သလောက် စိတ်တိုသူတယောက် ဖြစ်၏။ သူတို့က ပါဗယ်အား ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်ကို ပြောထားကြ၏။

"တို့လူကြီးတွေစုပြီး ဒီကိစ္စကို ပြောကြ ဆွေးနွေးကြတယ်ကွ။ ညွှန်ကြားရေးမှူးမှာ တို့ပိုက်ဆံတွေနဲ့ ခြင်တွေကို နှိမ်နင်းနိုင်တဲ့ အခွင့်အရေးရှိတယ်ဆိုတဲ့ ဥပဒေများ ရှိ မရှိ မင်းဆီကို စုံစမ်းဖို့ တို့ရဲဘော်တွေက တို့နှစ်ယောက်ကို ကိုယ်စားလှယ်အဖြစ် ရွေးလွှတ်လိုက်တာပဲကွ"

ဆီးဇော့က ပါဗယ်အား အားတက်သရော ပြောပြ၏။ ထိုနောက် မက်ခိုတင်က၊ "အေး ကြည့်ဦးကွ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က လူ့ပိတ်ချီးကပ်တွေက ရေချိုး အိမ်တအိမ် ဆောက်ဖို့ ဆိုပြီး တို့ပိုက်ဆံတွေကို ယူကြတယ်ကွ။ အားလုံး ရူဘဲ သုံးထောင့် ရှစ်ရာတောင်မှပဲ စုလို့ရတာ။ အခုတော့ အဲဒီငွေတွေ ဘယ်ရောက်ကုန်ပြီလဲ။ ရေချိုးအိမ်ကလည်း ဘယ်မှာလဲ၊ ကဲ၊ ကြည့်စမ်းပါဦး" ဟု ပြောပြန်၏။

ပါဗယ်က သူတို့နှစ်ယောက်အား အလုပ်သမားများ လုပ်ခထဲမှ ပိုက်ဆံများ ဖြတ်ယူသည်မှာ မတရားကြောင်းနှင့် ဤညွှန်အိုင်ထဲမှ ရေများ ထုတ်ပစ်ကာ အလုပ်ရုံပိုင်ရှင်က အမြတ်မည်မျှ ရမည်တို့ကို ရှင်းပြ၏။ ထိုနောက် အလုပ်သမားကြီး နှစ်ယောက်သည် မျက်မှောင်ကြုတ်၍ ပြန်သွားကြ၏။ သူတို့နှစ်ယောက်ကို အိမ်ပြင်သို့ ပို့ပြီးသောအခါ အမေက တချက်မျှ ရယ်၍ ပါဗယ်အား... "အင်း... အဘိုးကြီးတွေကတောင် ငါ့သားကို လေးစားလာကြပြီကွယ့်" ဟု ပြောနေလေ၏။

ပါဗယ်သည် အမေ့အား ဘာမျှပြန်မပြောဘဲ စားပွဲတွင်ထိုင်ကာ စာရေးနေ၏။ မိနစ်အနည်းငယ် ကြာလျှင်...

"အမေ၊ ကျွန်တော်တို့အတွက် အမေ တခုလောက် လုပ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။ မြို့ကိုသွားပြီး ဒီစာကလေးကို ပေးဖို့ပါပဲ"

"အဲဒီဟာက ဘေးအန္တရာယ်များ ရှိသလား"

"ဟုတ်ပါတယ် အမေ၊ ကျွန်တော်တို့ သတင်းစာရိုက်တဲ့ နေရာကို သွားရမှာပါ အမေ၊ ဒီ 'ညွန့်အိုင်ကိုပက်' နဲ့ ပတ်သက်လို့ နောက်တပတ် သတင်းစာထဲ ပါလာအောင် ကျွန်တော်တို့ ထည့်ကြရမှာ အမေ"

"ကောင်းပြီ၊ အမေ သွားပေးမယ်"

ဤကား ပါဗယ်က အမေအား ပထမဦးဆုံး ပေးအပ်သည့် တာဝန်ဖြစ်၏။ သူ့သားက သူ့ကို ဤကဲ့သို့ ဖွင့်ဟပြောဆိုသည့်အတွက် အမေသည် ဝမ်းသာနေ၏။ ထိုနောက် အမေသည် အဝတ်အစားများ လဲနေရင်း၊

"အမေ နားလည်ပါတယ် သားရယ်။ ဒီလိုအလုပ်သမားတွေရဲ့လုပ်ခထဲက ပိုက်ဆံ နုတ်ယူတာဟာ ခိုးပြတိုက်တာ သက်သက်ပဲ။ အဲဟိုလူ နာမည်က ယေဂါအိုင်ဗင်နိုဗစ် မဟုတ်လား" လှမ်း၍ မေးလိုက်၏။

အမေသည် ထိုနေ့ညက တော်တော်ကလေးညဉ့်နက်မှ ပြန်လာ၏။ မောပန်းသော်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ထိုနောက် ပါဗယ်အား...

"အမေ ဆာရှာကိုတွေ့ခဲ့တယ်။ သားကို အမှတ်ရတဲ့အကြောင်း ပြောလိုက်သေးတယ်ကွဲ့၊ ယေဂါအိုင်ဗင်နိုဗစ်က လူရိုးပဲကွယ့်၊ ပျော်လည်း အလွန်ပျော်တတ်တယ်။ စကားပြောတော့လည်း ပျော်ပျော်ပဲ" ဟု ပြောပြ၏။

"အမေ သူတို့ကို သဘောကျတာ ကျွန်တော် ဝမ်းသာတယ် အမေ"

"အေး သူတို့က လူရိုးတွေပဲကွဲ့၊ လူတွေဟာ ဟန်ကြီးပန်ကြီး မလုပ်တာ ကောင်းတယ်။ ပြီးတော့ သူတို့တတွေက သားကိုလည်း တော်တော်ပဲ ဂရုစိုက်ကြတယ်"

တနင်္လာနေ့၌လည်း ပါဗယ်သည် ကောင်းကောင်း မကျန်းမာသေးသဖြင့် အလုပ်မဆင်းဘဲ အိမ်မှာပင် နေလေ၏။ ညနေစာစားချိန် ရောက်သောအခါ ဖီယိုဒိုသည် ဝမ်းလည်းသာ စိတ်ခါတ်လည်း တက်ကြွစွာနှင့် မောကြီးပန်းကြီး ပြေးလာ၍ ပါဗယ်အား

"ဟေး လာကွ၊ အလုပ်ရုံတရုံလုံး လက်နက်တွေ ကိုင်နေကြပြီ။ ငါ့ကို သူတို့က မင်းဆီကို လွှတ်လိုက်တယ်။ ဆီးဇော့နဲ့ မက်ခိုတင်တို့က မင်းက တခြားလူတွေထက် ပိုရှင်းလင်းပြနိုင်တယ် တဲ့။ ဘာဖြစ်နေတယ်ဆိုတာကို

လာကြည့်ပါဦးကွ” ပြောလေ၏။

ပါဗယ်သည် ဘာမျှမပြောဘဲ အဝတ်များကို ဝတ်နေ၏။ ဖီယိုဒိုက တဖန်…

“မိန်းမသိုက်ကလည်း လာကြပြီး ဆူပူနေကြတာပဲကွ” ဟု ပြောပြန်သည်။

အမေက “အေး… ငါလည်းပဲ လိုက်ခဲ့မယ်။ သူတို့က ဘာလုပ်ကြတာလဲ၊ ငါလည်း လိုက်မယ်” ဟု ပြောသည်။ ပါဗယ်က “ဒါဖြင့် လာလေ အမေ” ဟု ခေါ်လိုက်၏။

သူတို့သည် စကားမပြောဘဲ ခပ်သွက်သွက်ကလေး သွားကြ၏။ အမေသည် ရင်များခုန်နေပြီး အသက်ကိုပင် မှန်မှန်မရှူနိုင်၊ အလွန်အရေးပါသည့် အရေးကိစ္စတခုခု ဖြစ်လိမ့်မည်ဟု သူသည် ယုံကြည်နေ၏။ အလုပ်ရုံ ဝင်းတံခါးဝ၌ အော်ဟစ်၍ ရန်ဖြစ်နေကြသည့် အမျိုးသမီးတအုပ်ကို တွေ့ကြရ၏။ သူတို့သုံးဦး အလုပ်ရုံဝင်းထဲသို့ ဝင်သွားကြသောအခါ စိတ်အားထက်သန်စွာ ဟစ်အော်နေကြသော လူအုပ်ကြီးအလယ်သို့ ရောက်သွားကြ၏။ ဆီးဇော့၊ မက်ခိုတင်၊ ဗိုင်ယာလေဗ့နှင့် အလုပ်သမားများအပေါ်၌ ဩဇာရှိကြသည့် အခြား အလုပ်သမားကြီး လေးငါးခြောက်ယောက်တို့သည် အုတ်နံရံကို ကျောပေးကြပြီး သံတိုမယ်နပုံကြီး တပုံပေါ်၌ မတ်တတ်ရပ်နေကြရာ အလုပ်သမား အားလုံးသည် သူတို့တတွေအား မျက်နှာမူလျက်ရှိကြ၏။ ထိုအတွင်း တစုံတယောက်က

“ဟေး၊ ပါဗယ် လာပြီဟေ့” ဟု အော်လိုက်၏။

“ပါဗယ်လား၊ သူ့ကို လမ်းဖယ်ပေးလိုက်ပါ” (အသံတသံ)

“ငြိမ်ကြဟေ့၊ ငြိမ်ကြ” (အသံပေါင်းများစွာ)

ထိုနောက် ပါဗယ်တို့နှင့် မနီးမဝေးနေရာမှ ရိုင်ဘင်က၊

“တို့တတွေ တိုက်ကြမှာက တို့ဆီက သူတို့ယူကြမယ့် ကိုပက်ပြားအတွက် မဟုတ်ဘူး။ မတရားမှုကိုသာ တိုက်ကြမှာ။ တို့တတွေ မက်မက်မောမော ပြောနေကြတာက တို့ကိုပက်ပြားအတွက် မဟုတ်ဘူး။ ညွှန်ကြားရေးမှူးရဲ့ရူဘဲဒင်္ဂါးထက် တို့ကိုပက်ထဲမှာ လူသားရဲ့ အသွေးအသားတွေ အများကြီးပါနေပြီး ရူဘဲဒင်္ဂါးထက် တို့ ကိုပက်က အလေးချိန် ပိုပြီးစီးပေမဲ့ တခြား ကိုပက်ပြားထက် တို့ကိုပက်ပြားက ပိုပြီး မဝိုင်းပါဘူး။ တန်ဖိုးက ကိုပက်ပြားထဲမှာ မဟုတ်ဘူး။ လူသားရဲ့သွေးနဲ့ တရားမျှတမှုထဲမှာမှရှိတာ” ဟု လှမ်း၍ပြောလိုက်သည်။

တစုံတယောက်က၊

"ရိုင်ဘင်၊ ခင်ဗျားပြောတာမှန်တယ်" ဟုလည်းကောင်း၊ အခြားတယောက်က၊ "မီးထိုးသမား ပြောတာ ဟုတ်တယ်" ဟုလည်းကောင်း အော်လိုက်၏။ တဖန် တခြားတယောက်က၊

"ဟေး၊ ဒီမှာ ပါဗယ် လာနေပြီ" ဟု အော်လိုက်ပြန်၏။

ဤကဲ့သို့ တယောက်တပေါက်နှင့် ပြောကြဆိုကြ၊ အော်ကြဟစ်ကြသည့် အသံတို့သည် အလွန်ကြီးမားသည့် အသံကြီးတသံ ဖြစ်လာ၍ စက်ခုတ်သံ၊ ရေနွေးငွေ့သံ စသည့် အသံတို့ကို လွှမ်းသွား၏။ လူများသည်လည်း ဟိုမှ ဤမှ အသီးသီး ထွက်လာကြပြီး လက်တွေကိုယမ်းလျက် တယောက်နှင့်တယောက် ဟစ်အော် ကြွေးကြော်ရင်း စိတ်ဓာတ်ကို လှုံ့ဆွပေးနေကြ၏။ ရင်တွင်း၌ အမြဲတမ်း မျိုသိပ်ထားကြရသည့် မကျေနပ်မှုတို့ကို အုပ်မနိုင် ထိန်းမရတော့ချေ။ အမျိုးမျိုး ဖော်ထုတ်လာကြ၏။

ယခု ဤမကျေနပ်မှုသည် အလွန်မြင့်မားလာပြီး လူအများအား အလွန်ခိုင်ခံ့ တင်းကျပ်စွာ စုစည်းပေးကာ ရန်ကိုရန်ချင်း တုံ့နှင်းမည့် မီးတောက်မီးလျှံကြီး အဖြစ်သို့ ပြောင်းလာလေ၏။ လူအုပ်ကြီးကို ကြည့်လိုက်သောအခါ စိတ်ဓာတ် အလွန်တက်ကြွနေကြသည်။ ဖုန်မှုန့်၊ ကျပ်ခိုး၊ ချွေးများဖြင့် လိမ်းကျံထားသည့် မျက်နှာတို့ကို ပထမဆုံး မြင်နေရ၏။ ပါးပြင်များပေါ်၌ မည်းနက်သည့် မျက်ရည်ကြောင်းများကို တွေ့ရ၏။

ဤပေရေ ညစ်ပတ်လျက်ရှိသော မျက်နှာများမှ ဖြူဖွေးသည့် သွားများနှင့် မျက်လုံးများသည်ကား အရောင်တောက်လျက် ရှိကြလေသည်။

ပါဗယ်သည် ဆီးဇော့နှင့် မက်ခိုတင်တို့ ရပ်နေကြသည့် သံတိုမယ်နပုံပေါ်သို့ တက်လိုက်၏။

ထိုနောက် "ရဲဘော်တို့" ဟု စ၍ အော်လိုက်၏။

အမေသည် သူ့သားမျက်နှာ မည်းမှုံ ဖြူရော်ရော် ဖြစ်သွားသည်ကိုလည်းကောင်း၊ သူ၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေသည်ကိုလည်းကောင်း သတိပြုမိ၏။ လူအုပ်ကြီးထဲ၌ တိုးကာဝှေ့ကာနှင့် အမှတ်မထင် ရှေ့သို့ တိုးတိုးဝင်ခဲ့၏။ အချို့က သူ့ကို "မတိုးပါနဲ့" ဟု အော်ကြ၏။

အချို့ကလည်း သူ့ကို ပြန်ပြီးတိုးကြ၏။ သို့ရာတွင် အမေသည် လက်မလျှော့။ သူ၏ သားဘေး၌ မားမားမတ်မတ် ရပ်ချင်လှသဖြင့် ပခုံးရော တံတောင်တို့နှင့်ပါ တိုးဝှေ့ပြီး ရှေ့သို့ အတင်းတက်လေ၏ ။

သူ့အတွက် အလွန်လေးနက်သည့်သဘောကို ဆောင်သည့် "ရဲဘော်တို့"

ဟူသော စကားကို အော်ဟစ်လိုက်ပြီး အလွန်ပီတိဖြစ်သွားရာ၊ သူ၏လည်ချောင်းသည် ဘာမျှ ဆက်မပြောနိုင်ဘဲ တစ်ဆို့သွားလေ၏။ သူ၏ အသည်းနှလုံးကား တရားမျှတရေးနှင့် ပတ်သက်သည့် စိတ်ကူးတို့ဖြင့် ရဲရဲတောက်နေ၏။ ဤရဲရဲတောက်နေသည့် အသည်းနှလုံးကို ဤလူများအား သူသည် ပေးအပ်လိုက်ချင်၏။

တဖန် သူသည် "ရဲဘော်တို့" ဟု အော်လိုက်ပြန်၏။ ဤသို့အော်လိုက်ခြင်းဖြင့် သူသည် စွမ်းအားလည်း ကြီးမားလာ၏။ အလွန်လည်း ဝမ်းမြောက်သွား၏။

ထို့နောက်၊

"ကျွန်တော်တို့ဟာ ဘုရားရှိခိုးကျောင်းတွေ၊ အလုပ်ရုံတွေကို ဆောက်တဲ့လူတွေလည်း ဖြစ်ရတယ်။ သံကြိုးတွေကို လုပ်တဲ့လူတွေလည်း ကျွန်တော်တို့ပဲ။ ပိုက်ဆံတွေ ပုံသွင်းတဲ့ လူတွေလည်း ကျွန်တော်တို့ပဲ။ လူသားအားလုံးကို ပုခက်တွင်းက သင်္ချိုင်းကုန်းအထိ စားနပ်ရိက္ခာ ပေးနေတဲ့၊ လူသားအားလုံးကို အသက်ရှင်အောင် လုပ်ပေးနေတဲ့ သက်ရှိ အင်အားစုကြီးဟာလည်း ကျွန်တော်တို့ပဲ" ဟု ပြောလိုက်ရာ ရိုင်ဘင်က၊

"အဲဒါ မှန်တယ်" ဟု အော်လိုက်၏။ ပါဗယ်က ဆက်၍၊

"အချိန်မရွေး နေရာမရွေး၊ ကျွန်တော်တို့ဟာ ပထမဦးဆုံး အလုပ်လုပ်ကြရပြီး၊ အခွင့်အရေး ကျတော့ နောက်ဆုံးမှ ရကြရတဲ့လူတွေပဲ။ ဘယ်သူကများ ကျွန်တော်တို့ကို အရေးစိုက်ကြတုံး၊ ဘယ်သူကများ ကျွန်တော်တို့အတွက် ဘာကလေးတခု လုပ်ပေးဖူးတုံး။ ဘယ်သူကများ ကျွန်တော်တို့ကို လူသားတွေပဲလို့ သဘောထားသလဲ။ ဘယ်သူကမှ လူသားတွေလို့ သဘော မထားဘူး" ဟု ပြောလိုက်၏။

လူတယောက်က၊ "ဟုတ်တယ်၊ သဘောမထားဘူး" ဟု ပြန်၍အော်လိုက်၏။

ထိုနောက် ပါဗယ်သည် ပို၍ ရိုးရိုးနှင့် ပို၍ တည်ငြိမ်စွာ ပြောပြောလေရာ လူအုပ်ကြီးသည် တဖြည်းဖြည်း သူ့အနီးသို့ တိုး၍ တိုး၍ လာလေ၏။ သူ့အား ရွှန်းရွှန်းစားစား ကြည့်ကြပြီး သူ၏စကားတို့ကို ဝမ်းသာအားရစွာ နားထောင်ကြ၏။

"ကျွန်တော်တို့အားလုံးဟာ ရဲဘော်ရဲဘက်တွေချည်းပဲလို့၊ ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေ အတွက် တိုက်မယ်ဆိုတဲ့ ဆန္ဒတခုတည်းနဲ့ စုစည်းထားတဲ့ အိမ်ထောင်ကြီးတခု ဖြစ်တယ်လို့ သဘောမပေါက်မချင်း ကျွန်တော်တို့ဟာ

ကျွန်တော်တို့အတွက် ဘဝသစ်ကို ဘယ်နည်းနဲ့မှ ရနိုင်မယ် မဟုတ်ဘူး”

“လိုရင်းအချက်ကိုသာ ပြောပါ"

အမေ့အနီး၌ ရပ်နေသည့် လူတယောက်က ခပ်ကြမ်းကြမ်း အော်လိုက်ရာ အခြားတဖက်မှ လူနှစ်ယောက်က၊

“ဝင်မရှုပ်ပါနဲ့” ဟု ပြန်၍ အော်လိုက်၏။

အချို့က ပါဗယ်ကို မယုံကြည်သလိုလိုနှင့် သုန်သုန်မှုန်မှုန် ကြည့်ကြ၏။ သို့ရာတွင် လူများစုကမူ ပါဗယ်၏ မျက်နှာကို လေးလေးနက်နက် အကဲခတ်ကြ၏။ ထိုအတွင်း တယောက်က၊

“ဆိုရှယ်လစ်တယောက်က လူမိုက်မဟုတ်ဘူး” အကဲခတ်ရင်း ပြောလိုက်၏။ မျက်စိ တဖက်လပ်နှင့် အရပ်ရှည်ရှည် အလုပ်သမားတယောက်ကမူ အမေအား တံတောင်နှင့် အသာတွက်၍ “စကားပြောတာ မရဲဘူးလားဗျာ” ဟု မေး၏။

“ကျွန်တော်တို့တတွေဟာ ကိုယ့်ဟာကိုယ်မှအပ ဘယ်သူကမျှ ကူညီမှာ မဟုတ်ဘူးဆိုတာကို သဘောပေါက်ဖို့ အချိန်ကျလာပြီ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ရန်သူတွေကို တိုက်ချင်ရင်၊ ခိုက်ချင်ရင် အားလုံးသည် လူတိုင်းအတွက်ဖြစ်ပြီး လူတိုင်းသည် အားလုံးအတွက်ဖြစ်ရမည် ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားကြရလိမ့်မယ်”

ထိုအခါ မက်ခိုတင်က လက်သီးလက်မောင်းတန်းကာ “ငါ့လူတို့ သူက အမှန်တွေကိုပြောနေတာ” ဟု အော်လိုက်၏။

တဖန် ပါဗယ်က...

‘ညွှန်ကြားရေးမှူးကို ခေါ်လိုက်ပါ’ ဟု ဆက်၍ပြော၏။ ပါဗယ်၏စကားကြောင့် လူအုပ်ကြီးသည် လေပြင်း၏ဒဏ်ကို ရုတ်တရက် ခံလိုက်ရသကဲ့သို့ လှုပ်ရှားသွား၏။ ထိုနောက်

“ညွှန်ကြားရေးမှူးကိုခေါ်ပါ”

“သူ့ဆီကို ကိုယ်စားလှယ်လွှတ်ပါ” ဟူသော အသံပေါင်း မြောက်မြားစွာ ပေါ်လာကြ၏။

အမေသည် ရှေ့သို့တဖန် တိုး၍တက်လာပြီး သူ့သား၏ မျက်နှာကို မော်ကြည့်လိုက်၏။ “ဒါ ငါ့သား” ဟူသော စိတ်ထားဖြင့် သူ၏မျက်နှာသည်

ဝင့်ဝါလျက်ရှိ၏။ သူ့သားသည် အလုပ်သမား များက ရိုသေလေးစားကြသည့် သက်ကြီးရွယ်ကြီး အလုပ်သမားများအကြား၌ ရပ်လျက်ရှိ၏။ သူ့စကားကို လူတိုင်းက နားထောင်၏။ သူပြောသမျှကို သဘောတူ၏။ သူသည် အခြားအလုပ်သမားများကဲ့သို့ ဒေါသမဖြစ်၊ ကျိန်လည်း မကျိန်ဆဲ၊ ထို့ကြောင့် အမေသည် ဝမ်းသာနေ၏။

ထိုအတွင်း ကျိန်ဆဲသံများ၊ ဒေါသဖြင့် ဟစ်အော်သံများသည် မိုးမွှန်၍ သွားလေ၏။ ပါဗယ် မျက်လုံးအစုံသည် တစုံတခုကို ရှာဖွေနေသကဲ့သို့ သူ၏ပရိသတ်အတွင်းသို့ လှည့်လည် ကြည့်လျက် ရှိ၏။ ထိုနောက်...

"ကဲ၊ ကိုယ်စားလှယ်တွေကို ရွေးကြပါဦး" ပြောလိုက်သောအခါ "ဆီးဇော့" ဟု အသံတသံကလည်းကောင်း "ပါဗယ်" ဟု အသံတသံကလည်းကောင်း အော်ဟစ်လိုက်၏။ ထိုနောက် အသံတသံက...

"ရိုင်ဘင်ကော့" ဟု အော်လိုက်၏။ ရုတ်တရက် လူအုပ်ထဲမှ လေသံခပ်အုပ်အုပ်နှင့် အော်သံတို့ကို ကြားရပြန်၏။

"ဟေး... သူ့ဘာသာသူ လာနေပြီဟေ့"

"ညွှန်ကြားရေးမှူးဟေ့"

လူအုပ်ကြီးက အရပ်ရှည်ရှည်၊ မျက်နှာသွယ်သွယ်၊ မုတ်ဆိတ်မွေး စုတ်ချွန်းချွန်းနှင့် လူတယောက်ကို လမ်းဖယ်ပေးနေ၏။ ထိုလူက အလုပ်သမားများကို သူ့လက်များနှင့် မထိမိအောင် သတိပြုလျက် သူ၏လက်များကို အနည်းငယ် ဝှေ့ယမ်းလျက် "ကျုပ် ရှေ့ကို သွားပါရစေ" ပြော၏။ သူ၏မျက်လုံးများကို မှေးပြီး လူတွေအပေါ်မှာ ဆရာလုပ်နေတာကြာပြီ ဟူသောသဘောဖြင့် အလုပ်သမားတို့၏ မျက်နှာများကို အကဲခတ်နေလေ၏။

အလုပ်သမားများက ခေါင်းစွပ်ဦးထုပ်များကို ချွတ်ကာ ဦးညွှတ်ကြ၏။ သူကမူ ၎င်းတို့အား ပြန်၍ ဦးမညွှတ်ဘဲ ရှေ့သို့တိုးသွား၏။ ဤကဲ့သို့ သူလာနေခိုက် အလုပ်သမားများသည် တစုံတခုကို လူကြီးများမသိအောင် လုပ်နေစဉ် လူကြီးများ မိသွားသည့် ကလေးများသဖွယ် သူတို့တတွေ ဤကဲ့သို့ လုပ်မိသည်မှာ မှားပါပြီဟူသော နောင်တမျိုးဖြင့် ပြုံးနေသူကပြုံး၊ ပါးစပ်မှ မပွင့်တပွင့် အသံများကို ရေရွတ်သူက ရေရွတ်နေကြ၊ သို့နှင့် လူအုပ်ကြီးသည် ဘာမျှ မအော်မဟစ်တော့ဘဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။

သူသည် အမေ၏မျက်နှာကို တင်းမာသော မျက်နှာထားနှင့် ကြည့်ရင်း အမေ့အနားမှဖြတ်ကာ သံတိုမယ်နပုံရှေ့၌ ရပ်လိုက်၏။ လူတယောက်က သူ့အား

လက်ကမ်းလိုက်၏။ သို့ရာတွင် ထိုလက်ကို မဆွဲချေ။ ထိုနောက် ခြေလှမ်းကျဲကြီးနှင့် သံတိုမယ်န ပုံပေါ်သို့ တက်ပြီး ပါဗယ်နှင့် ဆီးဇော့တို့ရှေ့၌ မားမားမတ်မတ်ရပ်ကာ၊

"ဒီလူစုလူဝေးက ဘာလူစုလူဝေးလဲ၊ ခင်ဗျားတို့တတွေက ဘာလို့ အလုပ်မလုပ်ဘဲ နေကြရတာလဲ"

လူအုပ်ကြီးသည် တခဏမျှ ငြိမ်သက်သွား၏။ အလုပ်သမားများသည် တယောက်နှင့်တယောက် ခေါင်းချင်းဆိုင်၍ တီးတိုး တီးတိုး ပြောကြ၏။ ဆီးဇော့သည် သူ၏ခေါင်းစွပ်ကို ဖွေ့လိုက်ပြီး ပခုံးများကို တွန့်ကာ ဦးခေါင်းကို ငိုက်စိုက်ချထား၏။ တဖန် ညွှန်ကြားရေးမှူးက

"ကျုပ်မေးတာကို ဖြေကြစမ်းပါ" အော်လိုက်၏။

ပါဗယ်သည် သူ့အနားသို့လာ၍ ဆီးဇော့နှင့် ရိုင်ဘင်တို့ကို လက်ညှိုးနှင့်ထိုးကာ၊ "ကျွန်တော်တို့ လုပ်ခထဲက ကိုပက်တွေကို ဖြတ်ရမယ်ဆိုတဲ့ ခင်ဗျားအမိန့်ကို ရုပ်သိမ်းဖို့ ခင်ဗျားကို လာပြောဖို့ ကျွန်တော်တို့သုံးယောက်ကို ကျွန်တော်တို့ ရဲဘော်တွေက ရွေးချယ်ထားကြတယ်" ဟု အသံကျယ်ကျယ်နှင့် ပြန်ဖြေလိုက်၏။

ညွှန်ကြားရေးမှူးက ပါဗယ်ကို မကြည့်ဘဲ

"ဘာပြုလို့လဲ" မေး၏။

"ကျွန်တော်တို့က ဒီလိုလခထဲက ဖြတ်တာကို မတရားဘူးလို့ ယူဆထားကြလို့ပဲ"

"ဒီ ရွှံ့အိုင်ထဲက ရေတွေကို ထုတ်ပစ်ဖို့၊ ငါ့ရည်ရွယ်ချက်က မင်းတို့အလုပ်သမားတွေရဲ့ နေမှုထိုင်မှုကို သည်ထက် ကောင်းမွန်လာအောင် လုပ်ဖို့ အရေးထက် မင်းတို့အလုပ်သမားတွေကို သွေးစုပ်ဖို့ လုပ်တယ်လို့များ မင်းတို့က ထင်နေကြသလား"

"ဟုတ်တယ်"

ထိုနောက် ညွှန်ကြားရေးမှူးသည် ရိုင်ဘင်ဘက်သို့ လှည့်ကာ... "မင်းကကော၊ သည်လိုပဲ ထင်တာပဲလား"

"ကျုပ်တို့အားလုံးကတော့ သည်လိုပဲ ထင်ကြတာပဲ"

တဖန် ဆီးဇော့ဘက်သို့လှည့်ပြီး "ကဲ... ကိုယ့်လူကြီးကကော"

"ကျုပ်ကလည်း သည်လိုပဲ၊ ကျုပ်တို့ ကိုပက်ပြားကို ကျုပ်တို့ပဲ သုံးချင်တာပေါ့ဗျာ"

ဆီးဇော့သည် ဦးခေါင်းတဖန်ငုံ့၍ သူ့ကိုယ်သူ မလုံသည့်အနေဖြင့် ပြုံးနေပြန်၏။

ညွှန်ကြားရေးမှူးသည် လူအုပ်ကြီးကို တဖြည်းဖြည်းကြည့်ပြီး သူ၏ပခုံးများကို တွန့်လိုက်ပြန် ၏။ ထိုနောက် သူသည် ပါဗယ်ကို စူးစူးစိုက်စိုက်ကြည့်ကာ၊

"မင်းဟာ ပညာ အတော်အတန်တတ်ဟန်တူတယ်။ အဲဒီတော့ မင်းလိုလူတယောက် ဒီလို ညွှန်အိုင်ထဲက ရေတွေကို ထုတ်ပစ်လိုက်တာဟာ အလုပ်သမားတွေအတွက် အကျိုးကျေးဇူး ရှိလိမ့်မယ်ဆိုတဲ့အချက်ကို မသိဘူး၊ မမြင်ဘူးဆိုတာ ဟုတ်နိုင်ပါ့မလား" မေးရာ

ပါဗယ်က၊

"အလုပ်ရှင်က အလုပ်ရှင်ငွေနဲ့ ဒီရေတွေကို ထုတ်ပစ်မယ်ဆိုရင်တော့ လူတိုင်းက ဒီအကျိုးကျေးဇူး တွေကို မြင်နိုင်မှာပေါ့"

အားလုံးက ကြားလောက်အောင် အသံကျယ်ကျယ်နဲ့ ပြန်ဖြေလိုက်လေ၏။

ထိုအခါ ညွှန်ကြားရေးမှူးက၊ "အေး၊ တို့အလုပ်ရှင်က ဖြဲလှစ်ရုံအဖွဲ့ကြီး မဟုတ်ဘူးကွ" ခပ်ပြတ်ပြတ် ပြန်ပြော၍ အလုပ်သမားများဘက် ပြန်လှည့်ကာ...

"ခင်ဗျားတို့တတွေ အလုပ်ခွင် ပြန်ဝင်ကြရမယ်။ ဒါ ကျုပ်တို့အမိန့်ပဲ" ပြောပြီး မည်သူ့ကိုမျှ မကြည့်ဘဲနှင့် သံတိုမယ်နတို့ကို သေသေချာချာ ခြေထောက်ဖြင့်စမ်း၍ ဆင်းသွားလေ၏။

လူအုပ်ကြီးထဲမှ မကျေနပ်သံများ ပေါ်လာ၏။

အုပ်ချုပ်ရေးမှူးသည် ရှေ့သို့ ဆက်မသွားတော့ဘဲ ရပ်လျက်၊ "ဒီဟာက ဘာလဲ" ဟု လှမ်း၍ မေးနေပြန်၏။

ထိုအခါ ခပ်ဝေးဝေးမှ အလုပ်သမားတယောက်က "ခင်ဗျားဘာသာ ခင်ဗျား သွားလုပ်ပေါ့" ပြောလိုက်သည်။

"အေး၊ မင်းတို့တတွေ ဆယ့်ငါးမိနစ်အတွင်း အလုပ်ခွင်ကို ပြန်မဝင်ကြရင် မင်းတို့ကို ဒဏ်ရိုက်မယ်၊ အေး ဒါပဲ" ခပ်ပြတ်ပြတ် ပြော၍ လူအုပ်ထဲမှ ဖြတ်သွားလေ၏။

သို့ရာတွင် လူအုပ်ကြီးသည် အုတ်အုတ်သဲသဲ ဖြစ်ပြန်၍ သူ ဝေးသွားလေ၊ ထိုအသံကြီးသည် ကျယ်လောင်လာလေ ဖြစ်လေ၏။ ထိုအတွင်း အသံတသံက၊

"သူနဲ့ ထပ်တွေ့ပြီး ပြောစမ်းပါဦး" ဟုလည်းကောင်း၊ အခြားအသံတသံက "အဲဒါ တို့တတွေ အတွက် တရားမျှတမှုပဲကွ။ တို့ဘဝကတော့ကွာ" ဟုလည်းကောင်း ပြောနေပြန်၏။ ထိုနောက် သူတို့သည် ပါဗယ်ဘက်သို့လှည့်၍ တယောက်က

"ကဲ၊ တို့တတွေ အခု ဘာလုပ်ကြမလဲ ဓမ္မကထိကကလေး" ဟုလည်းကောင်း အခြားတယောက်ကမူ၊

"ဟင်၊ မင်းပြောလိုက်တဲ့ တရားကတော့ ကောင်းပါတယ်။ ဒါပေမဲ့ သခင်က သူ့မျက်နှာကို လှစ်ပြလိုက်တော့ ဘာဖြစ်သွားတုံး ကြည့်စမ်းပါဦး" ဟုလည်းကောင်း၊ တဖန် နောက်တယောက်က၊

"ကဲ၊ ပါဗယ်ပြောပါ။ တို့ဘာလုပ်ရမယ်ဆိုတာကို" ဟု လည်းကောင်း အသီးသီးပြောဆိုကြ၏။ အော်သံဟစ်သံများသည် ပို၍ ပြင်းထန်လာသောအခါ ပါဗယ်က၊

"ရဲဘော်တို့၊ ကျွန်တော်တို့ ကိုပက်တွေကို မဖြတ်တော့ပါဘူးလို့ ကတိမပေးမချင်း အလုပ် မဆင်းဘဲ နေကြရအောင်လို့ ကျွန်တော်ကတော့ အကြံပေးချင်တာပဲ" ပြန်ပြောလိုက်လျှင်...

"တို့ကို လူအတွေများ မှတ်နေသလားပဲ"

"အဲဒီဟာ သပိတ်မှောက်တာကွ"

"ဘာမျှ တန်ဖိုးမရှိတဲ့ ကိုပက်ကလေးက တပြား နှစ်ပြားအတွက်နဲ့"

"သပိတ်မှောက်တော့ ဘာဖြစ်ရမှာလဲ"

"သေနတ်ပစ်ခံကြမှာပေါ့"

"သူ့အဖို့ ဘယ်သူက အလုပ်ပေးမှာလဲ"

"အားတက်သရောလုပ်ပေးမယ့် လူတွေက အများကြီး"

"သပိတ်မှောက်သမားတွေကို ပြောတာလား"

စသည့် စကားတို့ကို လူအုပ်ကြီးထဲမှ လူများသည် စိတ်လိုက်မာန်ပါ တယောက်တပေါက် ဟစ်အော်နေကြလေသတည်း။

အခန်း တဆယ့်သုံး

ပါဗယ်သည် သံတိုမယ်နပုံပေါ်မှ အောက်သို့ ဆင်းပြီး အမေနှင့် ဘေးယှဉ်၍ ရပ်လိုက်၏။

လူအုပ်ကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာပြီး လူတိုင်းသည် ငြင်းလိုက်ခုံလိုက်၊ အော်လိုက်ဟစ်လိုက် လုပ်နေ၏။

ရိုင်ဘင်သည် ပါဗယ်အနီးသို့လာ၍၊

"အေး၊ သူတို့ကို ဘယ်တော့မှ မင်း သပိတ်မှောက်ခိုင်းလို့ရမှာ မဟုတ်ဘူးကွ။ သူတို့တတွေဟာ လောဘကြီးတယ်။ ဒါပေမဲ့ သတ္တိကျတော့ တရွေးသားမှ ရှိကြတာ မဟုတ်ဘူး။ မင်းကို ထောက်ခံမယ့်လူက အများဆုံး သုံးရာပေါ့ကွာ။ ဒီလူစုကို တခါတည်းနဲ့ ဇိကုတ်နတ်ပြည် တင်ဖို့တော့ အခက်သားပဲ"

ပါဗယ်သည် ဘာမျှမပြောဘဲ ငြိမ်နေ၏။ လူအုပ်ကြီးသည် သူ့အား တစုံတခုကို အတင်းအကျပ် တောင်းဆိုနေသည့်အနေဖြင့် စူးစူးစိုက်စိုက် ကြည့်နေ၏။ သူ၏ ရင်များသည် ကြောက်ရွံ့ ထိတ်လန့်စွာနှင့် တဒိတ်ဒိတ် ခုန်နေ၏။ သူပြောလိုက်သည့်စကားများသည် အလွန် ပူပြင်း ခြောက်သွေ့လှသည့် မြေပြင်ပေါ်သို့ ကျလိုက်သည့် မိုးသီးမိုးပေါက်ကဲ့သို့ အရိပ်အငွေ့မျှပင် ရှာ၍မရနိုင်အောင် ပျောက်ကွယ်ကုန်ကြပြီ။

ထို့ကြောင့် သူသည် အိမ်သို့ ပင်ပန်းနွမ်းရိစွာဖြင့် ခေါင်းငိုက်စိုက်ချကာ ပြန်လာခဲ့၏။ အမေနှင့် ဆီးဇော့တို့သည် သူ့နောက်မှပါလာကြ၏။ ရိုင်ဘင်ကမူ သူနှင့် ရင်ပေါင်တန်း လမ်းလျှောက် လာပြီး တတွတ်တွတ်နှင့် ပြောနေ၏။

"မင်းစကားပြောတာကတော့ ကောင်းပါတယ်။ ဒါပေမဲ့ ပစ်ကွင်းကို မထိဘူးကွ။ လိုရင်းကတော့ ဒါပဲ။ သူတို့အသည်းနှလုံးကို တခါတည်း ငြိသွားအောင် ပြောရမယ်။ မီးကွင်းကို အလယ်တည့်တည့် ရောက်သွားအောင် ပစ်ရမယ်။ မင်းက လူတွေကို အကျိုးအကြောင်းတွေ ပြပြီး စိတ်ထဲ စွဲသွားအောင် လုပ်လို့ မရနိုင်ဘူးကွ။ ဖိနပ်နဲ့ ခြေထောက်က မကိုက်ဘဲ ဖြစ်နေတယ်။ ဖိနပ်က သိပ်ကျဉ်းနေတယ်ကွ"

ဆီးဇော့ကမူ အမေ့အား၊

"ကျုပ်တို့လူကြီးတွေကတော့ သင်္ချိုင်းကုန်း ရောက်ခါနီးနေပြီဗျာ့။ အခုပုံစံအသစ်နဲ့ လူသစ်တွေ ပေါက်ဖွားနေကြပြီ။ ကျုပ်တို့ ခင်ဗျားတို့တတွေက ဘယ်လိုနေကြသလဲ။ ဒူးထောက်ပြီး ကျုပ်တို့ထက် အထက်တန်းကျတဲ့လူတွေကို

မြေကြီးနဲ့ ခေါင်းနဲ့ ဆောင့်မိအောင် ဦးခိုက် ခိုက်နေကြရတာ။ ဒါပေမဲ့ လူတွေဟာ အသိဉာဏ်ပဲ ဝင်လာကြလို့လား၊ ဒါမှမဟုတ်ရင်လည်း ပိုပြီး မှောက်မှားချင်လို့လားဆိုတာကို ကျုပ်တော့ မပြောတတ်ဘူး။ သူတို့ဟာ ကျုပ်တို့နဲ့တော့ မတူဘူးဗျာ။ ကဲ လူငယ်တွေကို ကြည့်လေ၊ ညွှန်ကြားရေးမှူးကို သူတို့နဲ့ အဆင့်အတန်းတူလို့ပဲ ပြောကြဆိုကြတာကိုး။ အေးကွာ ပါဗယ်၊ ငါ မင်းကို နောက်တော့လာတွေ့ဦးမယ်။ အေး၊ မင်းက အများအတွက် ဒီလို မားမားမတ်မတ် ရပ်လိုက်တာကတော့ ကောင်းတယ်။ ဘုရားသခင် ကိုယ်တော်မြတ်က မင်းကို စောင့်ရှောက်တော်မူပါစေကွယ်။ ဒါပေမဲ့ မင်း ဒီအထဲက ထွက်ပေါက်တော့ ရပါလိမ့်မယ်” ဟု ပြောကာ ထွက်သွားလေ၏။

ရိုင်ဘင်က

“သွားစမ်းပါစေ၊ သွားစမ်းပါစေ။ သည်လိုဟာကြီးမျိုးတွေဟာ လူတောင်မဟုတ်ဘူးကွ၊ အလကား လူရွှံ့ပျော့တွေ၊ ဘာမျှ အသုံးချလို့ရတာ မဟုတ်ဘူး။ မင်းကို ကိုယ်စားလှယ်အဖြစ်နဲ့ ရွေးဖို့ အော်လိုက်တဲ့လူတွေကို သတိပြုမိရဲ့လား။ မင်းကို ဆိုရှယ်လစ်တယောက်ပဲ၊ လူတွေကို ဒုက္ခပေးနေတဲ့လူပဲ၊ ဘာပဲ ညာပဲလို့ ဝါဒဖြန့်နေကြတဲ့ လူတွေပဲကွ။ သူတို့က မင်းကို ‘ဒီအကောင်တော့ သေနတ်ပစ်ခံရရော၊ အဲဒါမှ ဒင်းနဲ့ ထိုက်တန်တဲ့ အပြစ်တဲ့’ လို့ ဝမ်းတွင်းက ကျိတ်ပြီး သဘောကျနေတဲ့ လူတွေပဲ” ပြောရာ ပါဗယ်က

“သူတို့အမြင်နဲ့ဆိုတော့ သူတို့ သိပ်မှန်တယ်ပေါ့ကွာ” ဟု ပြန်ပြောလေ၏။

“အေး ဝံပုလွေတွေဟာ ဇာတ်တူသား ဝံပုလွေအချင်းချင်း ကိုက်ကြ၊ ခဲကြ၊ သတ်ကြ၊ ဖြတ်ကြတာ မှန်တာပေါ့ကွာ”

ရိုင်ဘင်၏မျက်နှာသည် ညိုမည်းနေ၍ သူ့လေသံကလည်း သူ စိတ်ပျက်နေကြောင်းကို ပေါ်လွင်စေ၏။

“လူတွေက အဆန်မပါတဲ့စကားလုံးတွေကို နားမထောင်ချင်ကြဘူးခင်ဗျာ့။ ကျွန်တော့်တို့ ကိုယ်တိုင် ဒုက္ခဆင်းရဲတွေကို ခံပြရမယ်။ ကျွန်တော်တို့ စကားတွေကို ကျွန်တော်တို့ သွေးတွေနဲ့ စိမ်ပြမှဖြစ်မယ်”

တနေ့လုံးလုံး ပါဗယ်သည် ညှိုးညှိုးနွမ်းနွမ်း သုန်သုန်မှုန်မှုန်ဖြင့် ဟိုဟိုဒီဒီ လျှောက်သွားနေ၏။ အကြီးအကျယ် စိတ်မချမ်းမသာလည်း ဖြစ်နေ၏။ မျက်လုံးများကလည်း နီနေပြီး တစုံတခုကို ရှာဖွေနေဟန်ရှိ၏။

အမေသည် သူ့ကို အကဲခတ်မိသဖြင့် “ဘာဖြစ်တာလဲသားရယ်” ဟု စိတ်ညှိုးနွမ်းစွာ မေးလေရာ ပါဗယ်က၊

“ကျွန်တော် ခေါင်းကိုက်လို့ပါ အမေ”

“ဒါဖြင့် တုံးလုံးလှဲနေလေ၊ အမေ ဆရာဝန် ခေါ်လိုက်မယ်”

“အို အမေကလည်း နေပါစေ။ ဒီလောက်တောင်လည်း မဟုတ်ပါဘူး” ဟု ပြန်ပြောပြီး လေသံတိုးတိုးနှင့်၊

“ကျွန်တော်က ငယ်လည်း ငယ်လွန်းတယ်။ နုလည်း နုနယ်သေးတယ်။ အဲဒါဟာ ဒုက္ခပဲ။ သူတို့က ကျွန်တော်ကို မယုံကြဘူး။ ကျွန်တော်ပြောတဲ့အရေးကို သူတို့က လက်မခံကြဘူး။ အဲဒါ ကျွန်တော်ဟာ သူတို့ နားလည်အောင်၊ သဘောပေါက်အောင် မပြောတတ်တာဘဲ။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုပြန်ပြီး မုန်းလာတယ်၊ ရွံလာတယ် အမေ”

အမေသည် သူ၏ငိုင်နေသည့် မျက်နှာကိုကြည့်ပြီး သူစိတ်ချမ်းသာလာအောင်၊ “ခဏလေးတော့ စောင့်ဦးပေါ့။ ကနေ့ သူတို့နားမလည်တာကို နက်ဖြန်ကျတော့ နားလည်လာကြမှာပေါ့” အားပေးစကား ပြောလိုက်၏။ ထိုအခါ ပါဗယ်က၊

“သူတို့ဟာ နားလည်လာကြရမယ် အမေ” ဟု အော်ဟစ်လိုက်၏။

“မင်းမှန်တယ်ဆိုတာကိုတော့ အမေတောင် သိတာပဲ” ပါဗယ်သည် အမေ့ထံသို့သွား၍၊

“အမေဟာ သိပ်ချစ်စရာကောင်းတာပဲ”ဟု ပြောကာ တဖက်သို့ လှည့်သွားလေ၏။

အမေသည် သူ့သား၏ ခင်မင်ယုယသည့်စကားတို့ကို အလွန်သဘောကျလျက် ပါဗယ်အနားမှ ခွာသွား၏။

ထိုနေ့ည အမေက အိပ်ပျော်နေပြီး ပါဗယ်က အိပ်ရာထဲ၌လှဲ၍ စာဖတ်နေစဉ် စစ်ပုလိပ်များ လာကြ၍ တအိမ်လုံး အထက်ထပ်နှင့် ခြံထဲပါ ဒေါသတကြီး လိုက်လံ ရှာဖွေကြ၏။ မျက်နှာ ဝါဝါဖန့်ဖန့်နှင့် အရာရှိသည် ပထမအကြိမ်ကဲ့သို့ပင် မုန်းတီးစရာကောင်းအောင် ခနဲ့တဲ့တဲ့ လုပ်၏။ စိတ်ထဲ၌ မခံချိမခံသာဖြစ်အောင် ပြောင်၏။ သရော်၏။ အမေသည် ထောင့်တထောင့် ထဲ၌ ထိုင်ကာ သူ့သား၏ မျက်နှာကိုသာ အာရုံစိုက်၍ ကြည့်နေ၏။ ပါဗယ်သည် သူ့စိတ်ထဲ၌ မည်မျှ ဒေါသဖြစ်နေသည်ကို မနည်းဖုံးကွယ်၍ ထားရ၏။ သို့ရာတွင် အရာရှိက ခနဲ့တဲ့တဲ့နှင့် ရယ်လိုက်သောအခါ လက်သီးတပြင်ပြင်နှင့် ဖြစ်နေ၏။ အမေသည် သူ့အခြေအနေကို ကောင်းစွာ သိ၏။ သူလည်း ပထမအကြိမ်ကကဲ့သို့ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိ။ သူသည် ညအချိန်မတော် သူ့အိမ်သို့

ရှာဖွေနေကြသည့် စစ်ပုလိပ်တို့ကို အမုန်းတီးကြီး မုန်းတီးလျက်ရှိရာ ကြောက်စိတ်များပင် ခန်းကုန်လေသည်။ ပါဗယ်က အမေအား၊ "သူတို့ ကျွန်တော့်ကို ခေါ်သွားကြလိမ့်မယ်" ဟု တိုးတိုးပြောလိုက်လျှင် အမေက၊

"အမေ သိပါပြီကွယ်" ဟု ဦးခေါင်းကိုညွှတ်ကာ တိုးတိုးပင် ပြန်ပြောလေ၏။

ထိုနေ့က အလုပ်သမားများအား သူပြောလိုက်သည့်စကားများကြောင့် သူ့ကို ထောင်ချကြ လိမ့်မည်ဟု အမေသည် သိ၏။ သို့ရာတွင် လူတိုင်းက သူပြောလိုက်သည့်အချက်တို့ကို သဘောတူ၏။ ထို့ကြောင့် သူတို့က သူ့ကို ကာကွယ်ကြမည်ဖြစ်ရာ သူ့ကို ကြာရှည် ထောင်ထဲ၌ ထည့်ထားဝံ့မည် မဟုတ်ချေ။

အမေသည် သူ့သားကို အားပါးတရ ဖက်၍ ငိုပစ်လိုက်၏။ သို့ရာတွင် ပုလိပ်အရာရှိသည် သူ့အနားတွင် ရပ်လျက် သူ့ကို ဂရုစိုက်၍ ကြည့်နေ၏။ နှုတ်ခမ်းများကိုလည်း မဲ့လိုက် ရွဲ့လိုက် လုပ်နေ၏။ သူ့သားအတွက်နှင့် သူ့အား မျက်ရည်ခံထိုးပြီး တောင်းပန်တိုးလျှိုးရမည် ဟူသောသဘောဖြင့် အမေ့အား ကြည့်နေဟန်ရှိ၏။ ထိုနောက် အမေသည် သူ့စိတ်ကို တင်းနိုင်သမျှ တင်းကာ သူ့သား၏လက်ကို ဆုပ်ကိုင်လျက် လေသံ တိုးတိုးနှင့် ဖြည်းညင်းစွာ၊

"အေး၊ သွားဦးတော့ သားရယ်။ မင်းလိုတာကော အကုန်ယူပြီးပြီလား" ဟု မေးလိုက်၏။

"ဟုတ်ကဲ့၊ ယူပြီးပါပြီ အမေ။ အမေ အားငယ်မနေပါနဲ့"

"အေးကွယ်၊ ဘုရားသခင်ကိုယ်တော်မြတ်က သားကို စောင့်ရှောက်ပါစေ"

စစ်ပုလိပ်များက ပါဗယ်ကို ခေါ်သွားကြပြီးနောက် အမေသည် ခုံရှည်တခုပေါ်၌ ထိုင်ကာ တိုးတိုးငိုနေလေ၏။ သူ့ခင်ပွန်းရှိစဉ်က ထိုင်သကဲ့သို့ ထရံကို ကျောပေး၍ ထိုင်ပြီး သူ၏ ခိုကိုးရာမဲ့၊ အားကိုးရာမဲ့အဖြစ်ကို စဉ်းစားမိရင်း ပရိဒေဝ သောကမီးသည် ထိန်ညီးစွာ တောက်လောင်လျက် နေတော့၏။ အမေသည် ဦးခေါင်းကို နောက်သို့ မော့ကာ သူ့ရင်တွင်းမှ သားအတွက် ခံစားနေရသည့် စိတ္တဇဝေဒနာ အဟုန်ရှိသမျှဖြင့် အော်ချကာ ငိုလိုက်ပြန်၏။ သို့ငိုနေရင်း နှုတ်ခမ်းမွေးက သေးသေး၊ ပီတိရောင်ဖြင့် တောက်ပြောင်နေပြီး တမင်မှေးထားသည့် မျက်လုံးများဖြင့် မျက်နှာဖုံးနှင့်တူလှသည့် ပုလိပ်အရာရှိ၏ ဝါဖန့်ဖန့်မျက်နှာသည် မကြာခဏ အမေ၏အာရုံထဲ၌ ပေါ်ပေါ်လာ၏။ တရားမျှတမှုကို ရှာရုံမျှဖြင့် မိခင်တို့၏ သားများကို အတင်းဖမ်းဆီး ချုပ်နှောင်ကြသူတို့အား ခါးခါးသီးသီး မုန်းတီးရွံရှာသည့် မုန်းတီးမှုသည် အမေ၏ ရင်ထဲ၌ အဆောက်အအုံ တည်လာလေတော့၏။

ရာသီဥတုသည် အေးမြ၍ မိုးသည်လည်း ပြတင်းပေါက်ကို ရိုက်ခတ်လျက်ရှိ၏။ လက်တံရှည်ကြီးများ၊ မျက်လုံးမပါသည့် မျက်နှာနီကြီးများနှင့် မည်းမှောင်မှောင် သဏ္ဌာန်များသည် သူ၏အိမ်ပတ်ဝန်းကျင်၌ ကင်းများ စောင့်နေဘိသကဲ့သို့ လမ်းလျှောက်လျက် နေကြသည်ဟု အမေသည် ထင်မှတ်နေလေ၏။

"အင်း၊ ငါ့ကိုပါ ဖမ်းသွားကြရင် ကောင်းမှာပဲ" ဟုလည်း အောက်မေ့မိ၏။

ထိုအတွင်း အလုပ်သမားတို့အား အလုပ်ခွင်သို့ ဆင်းကြရန် ဆင့်ခေါ်သည့်အနေဖြင့် အလုပ်ရုံမှ ဥသြမှုတ်လေ၏။ ဥသြသံသည် ထိုနေ့နံနက်က ခါတိုင်းနှင့်မတူ တိမ်နေ၏။ ကြမ်းတမ်း၏။ တုန်တုန်ယင်ယင် ဖြစ်နေ၏။

မကြာမီ တံခါးပွင့်လာပြီး ရိုင်ဘင် ဝင်လာလေ၏။ ထို့နောက် သူ့မုတ်ဆိတ်မွေးမှ မိုးရေများကို လက်ဖဝါးဖြင့်သုတ်လျက်၊ "သူတို့ သူ့ကို ခေါ်သွားကြသလား" ဟု မေးရာ အမေက သက်ပြင်းတချက်ချကာ

"အေး၊ ခေါ်သွားကြတယ် လောင်မီးကျတွေက" ပြန်ပြောလိုက်လျှင် ရိုင်ဘင်က တချက်လောက် ရယ်လိုက်ပြီး၊

"ဒီလိုဖြစ်လိမ့်မယ်လို့ အစကတည်းက မျှော်လင့်သားပဲ။ ကျွန်တော့်အိမ်ကိုလည်း သူတို့ ရှာကြသေးတယ်။ တွေ့သမျှ မြင်သမျှကို လက်နဲ့ လိုက်စမ်းကြပြီး ကျိန်လိုက် ဆဲလိုက်တာလည်း လွန်ရောပဲ။ ဒါပေမဲ့ အန္တရာယ်တော့ နည်းနည်းပဲ ပေးပါတယ်။ ညွှန်ကြားရေးမှူးက မျက်စပစ်တော့ စစ်ပုလိပ်က ခေါင်းညိတ်လိုက်တာပေါ့။ ဒါနဲ့ ပါဗယ် ပါသွားတာပဲ။ ကျွန်တော်တို့တတွေ အလုပ်အတူတူ လုပ်ခဲ့ရတာကတော့ ကောင်းပါတယ်။ ဒီလုပ်ငန်းပိုင်ရှင်နဲ့ ပုလိပ်တွေဟာ တကျိတ်တည်း တဉာဏ်တည်းပဲ။ တယောက်က လူတွေကို မလှုပ်နိုင်အောင် ချိုကို ကိုင်ပေးပြီး တယောက်က လူတွေကို ဖြူသွားအောင် သွေးစုပ်တော့တာပဲ" ဟု ပြောရာ အမေက မတ်တတ်ရပ်ကာ၊

"မင်းက ပါဗယ်အတွက် မားမားမတ်မတ် ရပ်သင့်တယ်" ဟု အော်ပြီး တဖန်ဆက်၍

"သူ လုပ်တာဟာ လူတိုင်းအတွက်ပါ" ဟု ဆို၏။

"မားမားမတ်မတ် ရပ်သင့်တဲ့လူက ဘယ်သူလဲ"

"လူတိုင်းပဲ"

"ဟင့်အင်း၊ အဲဒါက ခင်ဗျားစိတ်ထဲမှာ ရှိတာပေါ့။ ဒါပေမဲ့ ဒါမျိုးက

ဘယ်တော့မှဖြစ်မှာ မဟုတ်ဘူးဗျာ့”

ထို့နောက် ရိုင်ဘင်သည် ရယ်၍ ထွက်သွား၏။ သူ၏ မျှော်လင့်ချက်ကင်းမဲ့သည့် စကားတို့ကြောင့် အမေ့မှာ စိတ်မချမ်းမသာ ပို၍ ဖြစ်နေခဲ့ရ၏။

‘အင်း၊ ငါ့သားကိုများ သူတို့က ရိုက်ကြ ညှဉ်းပန်းကြမယ်ဆိုရင်တော့ အခက်ပဲ’ တဃောက်တည်း ညည်းတွားနေမိ၏။

အမေသည် သားကို သူတို့က ဝိုင်း၍ ရိုက်ကြသဖြင့် သူ့တကိုယ်လုံး သွေးရဲရဲသံရဲရဲနှင့် ဖူးဖူးရောင်ကာ ညိုမည်းနေသည်ဟု သူ့စိတ်ထဲတွင် မြင်ယောင်လာ၏။ ထို့ကြောင့် သူ့အသည်းနှလုံးသည် ဆွဲ၍ အလှုပ်ခံလိုက်ရဘိသကဲ့သို့ နာကျင်သွား၏။ ငိုရဖန်များသဖြင့် သူ့မျက်လုံးများသည်လည်း ကျိန်းနေပြီ။

ထိုနေ့က သူသည် လက်ဖက်ရည်လည်း မဖျော်၊ ညစာလည်း မစားချေ။ အတော်ကလေး ညည့်နက်မှ ပေါင်မုန့်ကလေး နည်းနည်းစားလိုက်၏။ ညအိပ်ရာဝင်သောအခါ သူ့ဘဝတွင် တခါမျှ မကြုံဖူးအောင် ဟာတာတာလည်း ဖြစ်နေမိ၏။ စိတ်လည်း အပျက်ကြီး ပျက်နေ၏။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက တစုံတခု သူတို့အတွက် ကောင်းတာ ထင်ထင်ရှားရှား ဖြစ်လာလိမ့်မည်ဟု အမြဲတမ်း မျှော်မှန်းခဲ့၏။ အများအတွက် ကောင်းသော်လည်း အန္တရာယ် ထူပြောလှသည့် ဘဝမျိုးနှင့် ပတ်သက်၍ တာဝန်ရှိနေသော သူ့သား၏ စိတ်ဓာတ်တက်ကြွ လှသည့်မျက်နှာကို တဖက်မှ ကြည့်နေရင်း အခြားတဖက်မှလည်း ပျော်ပျော်ပါးပါး၊ ဆူဆူညံညံ နှင့် ငြင်းကြခုံကြ၊ ပြောကြဆိုကြသည့် လူငယ်များအကြား၌ နေခဲ့ရ၏။ ယခုမူ သူ့သားလည်း မရှိတော့ပြီ။ သူ့သား၏ ရဲဘော်ရဲဘက်များ ဖြစ်ကြသည့် ထိုလူငယ်များကိုလည်း မတွေ့ရတော့ပြီ တကား။

အခန်း တဆယ့်လေး

နောက်တနေ့ညဥ့်လည်း အမေသည် တမှေးမျှ မှိတ်မရ။ ညကလည်း ပို၍ ကုန်ခဲ၏။ ထိုထက် နေ့အချိန်က ပို၍ ရှည်လျားနေပြန်၏။ ထိုနေ့ နေ့အချိန်တွင် သူ့ဆီသို့ တယောက်ယောက် လာလိမ့်မည်ဟု စောင့်မျှော်နေခဲ့၏။ သို့ရာတွင် တယောက်မျှ ပေါ်မလာချေ။ မှောင်စပြုပြီး တဖြည်းဖြည်း ညဘက် ချင်းနင်းလာ၏။ အေးမြသည့် မိုးသည် အိမ်ထရံကို အသံ မြည်ဟည်းလျက် လာရိုက်ခတ်နေ၏။ လေသည် မီးခိုးခေါင်းတိုင် အတွင်းသို့ဝင်ပြီး တစီစီ မြည်လျက်ရှိ၏။ ကြမ်းပြင်အောက်မှ တစုံတခုသည် လှုပ်နေ၏။ မိုးပေါက်များသည် အိမ်အမိုးပေါ်သို့ ကျ၍ မိုးပေါက်သံများနှင့် နာရီစက်သွားသံများသည် ထူးထူးခြားခြား ရောဖျက်နေတော့၏။ အိမ်တအိမ်လုံး လှုပ်လီလှုပ်လီ ယိမ်းဟန်ချီလျက် ရှိ၏။ ပရိဒေဝ သောကမီးက အိမ်တွင်း ရှိရှိသမျှ ရုပ်ဝတ္ထုတို့ကို သက်မဲ့သဘော၊ ဘာမျှ အသုံးမဝင်သည့် သဘောအဖြစ်သို့ ပြောင်းလဲဖန်ဆင်းထားပြန်၏။

ထိုအတွင်း ပြတင်းပေါက်ကို တစုံတယောက်က လာ၍ခေါက်၏။ အမေသည် မကြား။ နောက်တကြိမ် လာခေါက်မှ အမေကြား၏။ အမေသည် ဤကဲ့သို့ ခေါက်သံမျိုးကို ကြားနေကျ ဖြစ်၏။ ဤအသံမျိုးကို ကြားလျှင် မကြောက်ရုံမျှမက ဝမ်းပင်သာသွားမိ၏။ ဘာဖြစ်မည်ဟု မထင်မရှား ဝိုးတိုးဝိုးဝါး မျှော်မှန်းချက်ဖြင့် သူသည် ရုတ်တရက် ထလိုက်၏။ ထို့နောက် တဘက်ကလေးတထည်ကို ခြုံကာ တံခါးကိုသွား၍ ဖွင့်ပေးလေသည်။ ဆမ့်ိုင်းလော့သည် အဖော်တယောက်နှင့် ဝင်လာ၏။ သူနှင့် ပါလာသူသည် သူ၏ အင်္ကျီကော်လံကို ထောင်ထားပြီး ခေါင်းစွပ်ဦးထုပ်ကိုလည်း အောက်သို့ချ၍ ဆောင်းထား၏။

ဆမ့်ိုင်းလော့သည် မည်သို့မျှ နှုတ်ဆက်မနေဘဲ "အမေ အိပ်ပျော်နေပြီလား" ဟု မေး၏။ သူ့အသံသည် ခါတိုင်းနှင့်မတူ။ တစုံတခုကို စိုးရိမ်သံနှင့် စိတ်နှလုံး ညည်းညူသံတို့ ပါလာ၏။

အမေသည် "အိပ်မပျော်ပါဘူးကွယ်" ဟု ပြန်ဖြေပြီး သူတို့နှစ်ဦးကို မျှော်တလင့်လင့်နှင့်ကြည့်ကာ ရပ်နေလေ၏။

ဆမ့်ိုင်းလော့နှင့် ပါလာသည့်အဖော်သည် အသက်ကို ပြင်းပြင်းရှူကာ သူ၏ ဦးထုပ်ကိုချွတ်၍ တုတ်တုတ်တိုတို လက်ကို ရှေ့သို့ကမ်းလျက်၊

"အိုး အမေကလည်း၊ ကျွန်တော်တို့ကိုတောင် မမှတ်မိတော့ဘူးလား" ဟု မိတ်ဟောင်း ဆွေဟောင်း တယောက်သဖွယ် ရင်းရင်းနှီးနှီး နှုတ်ဆက်လေ၏။

အမေသည် ဝမ်းမြောက်ဝမ်းသာစွာ "အမလေးဟဲ့၊ ယေဂါ အိုင်ဗင်နိုဗစ် မဟုတ်လား" ဟု မေးလေရာ ထိုသူက ဓမ္မသီချင်းသည်၏ ဆံပင်မျှ ရှည်လျားသည့် ဆံပင်များနှင့် ဖုံးအုပ်လျက် ရှိသော သူ၏ခေါင်းကြီးကို ငုံ့ကာ၊

"ဟုတ်တာပေါ့ အမေရဲ့" ဟု ပြန်ဖြေလေ၏။ ယေဂါသည် တချက်မျှပြုံး၍ သူ၏ ညိုမည်းမည်း မျက်လုံးများဖြင့် အမေ့ကို ကရုဏာသက်စွာ ကြည့်နေ၏။ လည်ကုတ်က တုတ်ခိုင်၍ လက်မောင်း လက်တံများကလည်း တိုလျက်ရှိရာ သူ၏ ပုံသဏ္ဌာန်သည် ပုဝိုင်းဝိုင်းနှင့် ရေနွေးကျိုသည့်အိုးနှင့် တူလှ၏။ သူ့မျက်နှာသည် တောက်ပြောင်လျက်ရှိ၏။ အသက်ကို ပြင်းပြင်းရှူလျက် ရှိရာ သူ၏ရင်တွင်းမှ တစီစီမြည်လျက်ရှိ၏။

အမေက ယေဂါအား၊

"ငါ အဝတ်လဲနေတုန်း ဟိုဘက်ခန်းထဲ ခဏသွားနေပါဦး" ဟု ပြောရာ၊ ဆမ္ဗိုင်းလေ့က အမေ့ကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး၊

"ကျွန်တော်တို့ အမေ့ကို မေးစရာရှိလို့ပါ" ဟု အရေးတကြီး ပြောလေ၏။ ယေဂါသည် တဖက်ခန်းထဲသို့ ဝင်သွားပြီး ထိုအခန်းထဲမှပင်၊

'ကနေ့မနက်ပဲ နစ်ကိုလိုင် ထောင်ထဲက လွတ်ပါတယ် အမေ၊ ပြီးတော့' ဟု ပြောနေစဉ် အမေက၊

"ဟယ် သူ ထောင်ကျတာ ငါမသိလိုက်ဘူးဟဲ့" ဟု ကြားဖြတ်၍ ဝင်ပြောလေ၏။

"အို နစ်လနဲ့ တဆယ့်တရက်တောင်ကြာခဲ့တယ်။ ယူကရိန်းသားကို သူ ဟိုအထဲမှာ တွေ့ခဲ့လို့ အမေ့ကိုတောင် ယူကရိန်းသားက အမှတ်ရကြောင်း ပြောလိုက်သေးတယ်။ ပါဗယ်ကိုလည်း တွေ့ခဲ့တယ်။ သူကလည်း အမေ ဘာမျှ စိတ်မပူပါနဲ့တဲ့။ သူက သူ အခုလုပ်နေတဲ့ လမ်းစဉ်ကို လိုက်တဲ့လူတိုင်း ထောင်ထဲမှာ လာလာပြီး အနားယူရလိမ့်မယ်တဲ့။ ဒါက ကျွန်တော်တို့ရဲ့ အလုပ်ရှင် သခင်များက စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် အာမခံထားတာတဲ့။ ကဲ အခု ကျွန်တော် အမေ့ကို လုပ်ငန်းနဲ့ ပတ်သက်လို့ ပြောတော့မယ်။ မနေ့ကလူတွေ ဘယ်လောက်များများ အဖမ်းခံရတယ်ဆိုတာကို အမေ သိရဲ့လား"

"ဟင်၊ ဘာပြုလို့လဲ၊ ပါဗယ်အပြင် တခြားဘယ်သူ့ကိုများ ဖမ်းသေးလို့တုံး" ဟု ပျာပျာသလဲ မေးလိုက်ရာ ယေဂါက၊

"ပါဗယ်အပြင် ဖမ်းထားတာ ၄၈ ယောက်တောင် ရှိသေးတယ်။ သူတို့က နောက်ထပ် တကျိပ်ကျော်ကျော်လောက် ဖမ်းလိမ့်ဦးမယ် အမေ။

ဟောဒီလူငယ်တောင် ဖမ်းလိမ့်ဦးမယ်” ဟု ဆမ္ဗိုင်းလေ့ကို မေးငေါ့၍ပြရင်း ပြောလိုက်၏။ ဆမ္ဗိုင်းလေ့ကလည်း မျက်နှာခပ်သိုးသိုးနှင့်၊

“ဟုတ်တယ်၊ ကျွန်တော့်ကိုလည်း ဖမ်းမှာပဲ” ဟု ဝင်၍ ပြော၏။ ဤစကားများကို ကြားရသဖြင့် အမေသည် အသက်ရှူဖြောင့်သွား၏။

“အင်း၊ ငါ့သားတော့ ဟိုမှာ တယောက်တည်း မဟုတ်ဘူးဟဲ့” ဟူသောအတွေးသည် သူ၏ဦးခေါင်းထဲသို့ ရုတ်ခြည်းဝင်လာလေ၏။

ထိုနောက် အမေသည် အဝတ်များကိုလဲပြီး အပြင်ခန်း၌ ဧည့်သည်များနှင့် သွား၍ထိုင်လျက် သူတို့အား ပြုံးပြုံးရွှင်ရွှင်နှင့် ကြည့်ကာ၊

“ဒီလောက်ထိအောင် လူတွေများများကြီးကို ဖမ်းထားရင် လူတွေကို ထောင်ထဲမှာ ကြာရှည် သူတို့ထားလိမ့်မယ်တော့ မထင်ဘူး” ဟု ပြောရာ ယေဂါက၊

“အမှန်ကတော့ သူတို့ကြာရှည်ထားမှာ မဟုတ်ဘူး၊ ဒီကိစ္စမှာ သူတို့စီမံကိန်းကို ကျွန်တော်တို့က ဖျက်နိုင်ရင် သူတို့တတွေဟာ အမြီးတွေကုပ်ပြီး နောက်ဆုတ်ဖို့ပဲ ရှိတယ်။ လိုရင်းအချက်ကတော့ ကျွန်တော်တို့ စာရွက်စာတမ်းတွေကို အရင်တုန်းကလို မဝေဘဲ ရပ်ပစ်လိုက်မယ်ဆိုရင် စစ်ပုလိပ်တွေက ဒါကို အကွက်ကောင်း ယူပြီးတော့ ပါဗယ်နဲ့ အချုပ်အနှောင် ခံနေကြရတဲ့ ကျွန်တော်တို့ရဲ့တကယ်တော်တဲ့ ရဲဘော်တွေအပေါ်မှာ အပြစ်ချကြလိမ့်မယ်” ဟု ပြောလိုက်လျှင် အမေက ထိတ်ထိတ်ပျာပျာနှင့်၊

“မင်းပြောတာက ဘယ်လို” ဟု မေးလေ၏။ ယေဂါက တည်ငြိမ်စွာဖြင့်၊

“ဒါက အရှင်းသားကလား အမေ၊ တခါတရံ စစ်ပုလိပ်တွေကတောင် စဉ်းစားတတ်တာပေါ့။ ကဲ၊ အမေပဲ စဉ်းစားကြည့်လေ။ ပါဗယ်ကို မဖမ်းခင်တုန်းက စာရွက်စာတမ်းတွေကို ဖြန့်ချိတာ တွေ့ရတယ်။ သူ့ကိုလည်း ဖမ်းလိုက်ရော စာရွက်စာတမ်းဆိုလို့ တရွက်မျှ မမြင်ရတော့ဘူးဆိုရင် အင်း၊ ကေန္တ ဒီစာရွက်စာတမ်းတွေကို ဝေတဲ့လူဟာ ပါဗယ်ပဲလို့ တွက်ကြမှာပေါ့။ ကျွန်တော် ပြောတာ မဟုတ်ဘူးလား။ ကဲ၊ အဲဒီတော့ ပါဗယ် ထောင်ထဲမှာရှိတုန်း စာရွက်စာတမ်းတွေကို ထပ်ထပ်ပြီး တွေ့နေရင် ဟိုလူ့ကိုဖမ်း ဒီလူ့ကိုဖမ်းနဲ့ လျှောက်ဖမ်းကြလိမ့်မယ်။ စစ်ပုလိပ်တွေဟာ ဒီလိုအကျင့်မျိုး ရှိတယ်။ နောက်ဆုံး ကလေးပေါက်စတွေနဲ့ အိုမင်းမစွမ်းတွေပဲ ကျန်တော့မယ်” ဟု ရှင်းပြလိုက်၏။

အမေက ဝမ်းနည်းစွာ၊

“အမေ နားလည်ပါတယ်။ ဒါပေမဲ့ အဲဒါကို တို့တတွေက ဘာတတ်နိုင်မှာလဲ” လို့ ဟု ပြန်ပြောရာ ဆမ္ဗိုင်းလေ့က မီးဖိုခန်းထဲမှနေ၍

"သူတို့တတွေ ဖမ်းတာ လူကုန်သလောက် ရှိသွားပြီ။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ အရေးတော်ပုံအတွက်သာ မဟုတ်ဘဲ ကျွန်တော်တို့ ရဲဘော်တွေကိုပါ ကယ်ဆယ်ရအောင် ကျွန်တော်တို့အလုပ်ကို ဆက်လုပ်ကြရလိမ့်မယ်" ဟု ဝင်ပြော၏။ ယေဂါက တချက်လောက် ရယ်ပြီး၊

"အေး၊ အလုပ်လုပ်မယ့် လူတယောက်မျှ မရှိဘူး။ ကျွန်တော်တို့တတွေမှာ ပထမတန်း စာပေတွေ အမြောက်အမြား ရှိတယ်။ အကုန်လုံး ကျွန်တော်တို့ရဲ့ လက်ဖြစ်တွေချည်းပဲ။ ဒါပေမဲ့ အလုပ်ရုံထဲ အဲဒီစာတွေရောက်ဖို့က ပြဿနာတခု ဖြစ်နေတယ်" ဟု ပြော၏။

ဆမ္ဗိုင်းလေ့က၊

"အလုပ်ရုံအဝင်မှာ သူတို့က လူတိုင်းကို ရှာနေကြတယ်" ဟု ပြောပြန်ရာ အမေသည် သူတို့တတွေက သူ့ထံမှ အကူအညီ လိုချင်နေပြီဟု ရိပ်မိလာ၏။ ထို့ကြောင့်၊

"အဲဒါကို ဘယ်လိုလုပ်ရင် ဖြစ်ပါ့မလဲ" ဟု အရေးတကြီး မေးလိုက်၏။ ဆမ္ဗိုင်းလေ့သည် တံခါးဝတွင် ရပ်လျက်၊

"အမေ၊ ဟိုဈေးသည်မ ကော်ဆူနိုဗာနဲ့ သိသလား" ဟု ပြန်မေးရာ၊ "အေး၊ သိတာပေါ့၊ ဘာပြုလို့တုံး"

"သူနဲ့ စကားနည်းနည်း ပြောကြည့်စမ်းပါ။ သူက ဒီစာတွေကို အလုပ်ရုံထဲ သယ်သွားချင်ရင် သွားမှာပါ"

အမေက သူတို့၏ အကြံအစည်ကို သဘောမတူသဖြင့် လက်ဖြင့် ယမ်း၍ ပြလိုက်၏။ ထို့နောက်၊

"အို မဖြစ်ပါဘူးကွယ်၊ သူက သိပ်စကားများတာ။ မကြာခင် သူတို့က ဒီစာရွက်စာတမ်းတွေကို ငါ့ဆီကတဆင့် ဒီအိမ်ကရတယ်ဆိုတာကို မကြာခင် သိကုန်ကြလိမ့်မယ်" ဟု ပြောပြီး တဖန် ရုတ်တရက် စိတ်ဝင်စားလာပြီး၊

"အဲဒီစာရွက်စာတမ်းတွေကို ငါ့ကိုသာ ပေးပါ။ ငါ အလုပ်ရုံထဲကို သွင်းပေးပါမယ်။ ငါနည်းလမ်းရှာပါမယ်။ ငါ မာရီယာကို ကူညီပြီး အလုပ်လုပ်ပေးမယ်ဆိုပြီး ငါ့ကို အခေါ် ခိုင်းပါမယ်။ ငါလည်းပဲ ငါ့ထမင်းကို ငါ ဖြစ်သလို ရှာဖွေစားရမှာပဲ။ အလုပ်ရုံထဲမှာ ရောင်းဖို့ ညစာတွေကို ငါက သယ်ပေးရမှာပေါ့။ ငါ ဒါကို ဖြစ်အောင် ကြိုးစားပါမယ်" ပြောပြန်၏။ ထို့နောက် သူ၏ရင်ဘတ်ကို လက်များနှင့် နှိမ်လျက် ဘယ်သူမျှ မသိအောင် မရိပ်မိအောင် ဘာမဆို သူလုပ်ပေးပါမည်ဟု အာမခံ၍ နောက်ဆုံး နိဂုံးချုပ်အနေဖြင့် အလွန်

ဝမ်းမြောက် ဝမ်းသာစွာ၊

"အေး... ပါဗယ်ရဲ့လက်တွေဟာ အကျဉ်းထောင်အပြင်ဘက် ရောက်အောင်တောင် "အေး၊ လှမ်းနိုင်တယ်ဆိုတာကို သူတို့သိစေရမပေါ့" ဟု ပြောလေ၏။

အမေက ဤကဲ့သို့ပြောလိုက်သောအခါ အမေနှင့်တကွ ယေဂါရော ဆမ္ပိုင်းလော့ပါ သူတို့သုံးဦး အလွန်ပျော်ရွှင်သွားကြလေသည်။ ထိုနောက် ယေဂါသည် ပြုံး၍ လက်ဖဝါးချင်း ပွတ်ကာ၊

'အမေကတော့လေ တကယ့်ကို အံ့ဩစရာကောင်းတာပဲ။ အမေ့အစီအစဉ်ဟာ ကောင်းလိုက်သမှ ပြောလို့တောင်မဖြစ်ဘူး။ အံ့ဩစရာမှ အံ့ဩစရာပဲ' ဟု ပြောလိုက်ရာ ဆမ္ပိုင်းလော့ကလည်း လက်ဖဝါးချင်း ပွတ်လျက်၊ "ကျွန်တော်တို့ကလည်း ဒါအောင်မြင်မယ်ဆိုရင် ထောင်ကို ခြင်ထောင်လို သဘောထားပြီး ဝင်ပြလိုက်ဦးမယ်" ဟု ပြောနေပြန်၏။ တဖန် ယေဂါက၊ "အမေဟာ တို့ပြည်ထဲမှာ အချောဆုံး၊ အလှဆုံး အမျိုးသမီးပဲ" ဟု အော်လိုက်၏။

အမေကား ပြုံးနေ၏။ အကယ်၍ စာရွက်စာတမ်းများကို ဆက်လက်ပြီး အလုပ်ရုံထဲတွင် ဖြန့်ချိနိုင်က အလုပ်ရုံအုပ်ချုပ်ရေးအဖွဲ့က ဤစာရွက်စာတမ်းများအတွက် ပါဗယ်ကို ဘယ်နည်းနှင့်မျှ အပြစ်ဖို့နိုင်မည် မဟုတ်သည်ကို သူသည် ကောင်းကောင်းကြီး သိ၏။ ၎င်းပြင် သူ ယခုယူထားသည့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြောင်း သူ့ကိုယ်သူသိပြီး တကိုယ်လုံး ပီတိလွှမ်းသွားလေသည်။ ယေဂါက ဆမ္ပိုင်းလော့အား၊

"ခင်ဗျား ထောင်ထဲ ပါဗယ်ဆီ သွားလည်ရင် သူဟာ တကယ့်ကို မွန်မြတ်တဲ့ အမေကောင်း တယောက်ရဲ့သားဖြစ်တယ်လို့ ပြောခဲ့ပါဦး" ဟု ပြောရာ ဆမ္ပိုင်းလော့က ရယ်လျက်၊

"အေး၊ ကျုပ်က ပထမဆုံး သွားတွေ့မှာပါ" ဟု ပြန်၍ပြော၏။ တဖန် ယေဂါက "တကယ်လို့များ သူတို့က ဆမ္ပိုင်းလော့ကို ထောင်မချရင် ဘယ့်နှယ်လုပ်မလဲ" ဟု မေးလျှင်၊

အမေက "ဘယ်တတ်နိုင်ပါ့မလဲ" ဟု ဖြေလိုက်၏။

ထိုနောက် ယေဂါနှင့် ဆမ္ပိုင်းလော့တို့သည် ရယ်ကြ၏။ အမေကလည်း ဟန်ဆောင်၍ရယ်ရင်း မျက်နှာအောက်ချလျက်၊ "အင်း၊ တခြားလူရဲ့ဒုက္ခကို ကိုယ့်ဒုက္ခလို သဘောထားပြီး မြင်နိုင်ဖို့ကတော့ ခဲယဉ်းတဲ့ဟာပဲ"

"ဒါကတော့ သဘာဝပဲ"

"အမေရယ်၊ ပါဗယ်အတွက် စိတ်ခတ်လည်း ကျမနေပါနဲ့၊ ပူပင်သောကလည်း ဖြစ်မနေပါနဲ့၊ သူ ထောင်က ပြန်လာတော့ သာတောင် ဟန်ကျပါလိမ့်ဦးမယ်။ ထောင်ထဲမှာ လူတွေဟာ အနားကောင်းကောင်းယူရတယ်၊ ပြီးတော့ ကောင်းကောင်းလည်း လေ့လာရတယ်။ ကျွန်တော်တို့လို လူတွေက အပြင်မှာ နေရတဲ့အခါ အနားယူဖို့၊ လေ့လာဖို့ အခွင့်အရေး မရဘူး။ ကျွန်တော် ထောင်ကျတာ သုံးခါရှိပြီ။ လွတ်လာတိုင်း၊ လွတ်လာတိုင်း အသိဉာဏ်ရော၊ စိတ်ခတ်ပါ တိုးတက် တိုးတက်လာတာချည်းပဲ။ ပျော်စရာ ကောင်းတယ်လို့တော့ မပြောနိုင်ဘူးပေါ့" ဟု ပြောလျှင် အမေက သူ၏ ရိုးသားသည့် မျက်နှာကို ခင်မင်ရင်းနှီးစွာ ကြည့်ရင်း၊

"အေး... မင်းတို့ အနားယူတာကတော့ ကျပ်တည်းလှတယ်" ဟု ပြောလိုက်သောအခါ လက်ညှိုးကိုထောင်ကာ၊

"ဒါနဲ့ပတ်သက်လို့ အကြောင်းထူးတခု ရှိတယ်ပေါ့။ ကဲ... ကောင်းပြီလေ။ ကျွန်တော်တို့ အစစပြဿနာတွေ ရှင်းသွားပြီ မဟုတ်လား အမေ။ မနက်ဖြန် ကျွန်တော်တို့ စာရွက်စာတမ်းတွေ ယူလာမယ်။ ပြီးတော့ ကျွန်တော်တို့ အလုပ်ကို ဆက်လုပ်ပြီး အခေတ်ခေတ်က အမှောင်ထုကို ဖြိုခွင်းလိုက်ဖို့ပဲ။ ကဲ၊ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ကိုယ်ပြောချင်တာပြောရတဲ့အတွက်နဲ့ အမေရဲ့စိတ်ခတ်အတွက် ဩဘာပေးကြစို့။ ကဲ၊ သွားပြီ အမေ" ဟု ယေဂါက နှုတ်ဆက်လေ၏။

ဆမ်မွိုင်းလော့ကလည်း အမေကို လက်ဆွဲ၍ နှုတ်ဆက်ရင်း

"ကျွန်တော်ဟာ ကျွန်တော့်အမေကို ဒါမျိုးလုပ်ဖို့ ဘယ်တော့မျှ တိုက်တွန်းမှာ မဟုတ်ဘူး" ဟု ပြောရာ အမေက သူ စိတ်ချမ်းသာသွားအောင်၊

"အေး၊ သူတို့တတွေလည်း တနေ့ နားလည်လာကြမှာပေါ့" ဟု ပြန်ပြောလိုက်၏။

သူတို့နှစ်ယောက် ထွက်သွားသောအခါ အမေသည် အိမ်တံခါးကို သော့ခတ်၍ အခန်းလယ်၌ ထိုင်ပြီး ဘုရားဝတ်ပြုလေ၏။ သူ့ဘုရားရှိခိုးသံနှင့် မိုးသံသည် ရောလေ၏။ ထိုနောက် အမေသည် အသံမထွက်ဘဲ ပါဗယ်ကို အကြောင်းပြု၍ သူ ခင်မင်ရင်းနှီးလာကြသော သူများအတွက် အာရုံပြုကာ ဘုရားဆုတောင်းနေပြန်၏။ ဤလူစုသည် အမေနှင့် ရုပ်တုပွားများအကြား၌ လှုပ်ရှားသွားလာနေဟန် ရှိကြလေသည်၊

နံနက်စောစောတွင် အမေသည် ဈေးသည်မ မာရီယာ ကော်ဆူနိုဗာထံသို့ သွား၍လည်လေ၏။ ဈေးသည်မသည် ခါတိုင်းကဲ့သို့ပင် ဆီချေးများ လိမ်းကျံလျက် ပါးစပ်မှ ဟောင်ဖွာ ဟောင်ဖွာနှင့် သူ့အား သနားကရုဏာဖြင့် ဆီးကြိုနှုတ်ဆက်၏။ အမေ့ပခုံးကို ပုတ်ကာ၊ "စိတ်ညစ်နေသလား" ဟု မေးပြီးနောက်

"စိတ်မပျက်ပါနဲ့ ယောက်မရယ်၊ သူ့ကို ခေါ်သွားသေးလား။ ဒါဘာဖြစ်သေးသလဲ။ ရှက်စရာ မဟုတ်ပါဘူး။ အရင်ကတော့ လူတွေကို ခိုးဝှက်လို့ ထောင်ချကြတယ်။ အခုတော့ ဒီလိုမဟုတ်ဘူး၊ လူတွေကို သူတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးအတွက် ခုခံတိုက်ခိုက်လို့ ဖမ်းကြတယ်၊ ထောင်ချကြတယ်။ အင်း၊ ပါဗယ်က သူပြောသင့်တဲ့ စကားမပြောလို့ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ သူလုပ်တာဟာ လူတိုင်းအတွက်ပဲ။ လူတိုင်းကလည်း ဒီဟာကို သိတယ်။ ဒါကြောင့် ဒီကိစ္စအတွက် ဘာမျှ စိတ်ပူပင်နေစရာမလိုဘူး။ သူတို့တွေဟာ ပါးစပ်ကဖွင့်ပြီး ဝန်မခံသည့်တိုင်အောင် ဘယ်ဟာ ကောင်းတယ်၊ ဘယ်ဟာ ဆိုးတယ်ဆိုတာကို လူတိုင်း သိတာချည်းပဲ။ ကျုပ်က ယောက်မကို လာတွေ့ချင်တယ်။ ဒါပေမဲ့ မအားတော့ဘူး။ တနေ့လုံးလုံး ချက်လိုက် ပြုတ်လိုက်၊ ဈေးထွက်ရောင်းလိုက်နဲ့ပဲ။ ဒါပေမဲ့ ယောက်မ မြင်တဲ့အတိုင်း သေတော့ သူတောင်းစားသေ သေရမှာပဲ။ ကျုပ်ကို ပိုးကြပန်းကြသူတွေက ကျုပ်ငွေကို လာလာဖြုန်းကြတယ်။ ပေါင်မုန့်ကို ပိုးဟပ်တွေ စားသလို တယောက်က နည်းနည်း၊ တယောက်နည်းနည်းနဲ့ ရသမျှငွေ ကုန်တော့တာပဲ။ ရူဘဲ ၁၀ ပြားလောက် စုမိရင် လူလွန်မသား တယောက်ယောက်က ပေါက်လာပြီး ဆွဲသွားတော့တာပဲ။ အင်း၊ မိန်းမဖြစ်ရတာကတော့ တကယ့်ကို မကောင်းဘူး။ ကျုပ်ကတော့ ဘဝမှာ အေးအေးတယောက်တည်း နေချင်တာပဲ" ဟု ပြောလေ၏။

အမေကမူ သူစကားကြောရှည်နေသည်ကို ကြားဖြတ်၍ "ကျုပ်လာတာက ကျုပ်ကို တော့်အတွက် အကူအညီလိုဟာတွေကို လုပ်ပေးဖို့ အလုပ်သမားတယောက်လို သဘောထားပြီး အသုံးချစေချင်လို့ပါ" ဟု ပြောလိုက်ရာ မာရီယာက၊

"ဘာဖြစ်လို့တုံး" ဟု မေးလေ၏။ အမေက သူ့အား အကျိုးအကြောင်း ရှင်းပြသောအခါ၊

"စိတ်ချနေပါ၊ ယောက်မပြောသလို လုပ်ပါမယ်။ ယောက်မက ကျုပ်ကို ကျုပ်ယောက်ျား အန္တရာယ်က ကာကွယ်ပေးတာ မှတ်မိသေးတယ် မဟုတ်လား။ ကျုပ်ကလည်း အခု ယောက်မကို အငတ်ဘေးက ကာကွယ်ပေးရမှာပေါ့။ လူတိုင်းက ယောက်မကို အကူအညီ ပေးသင့်တယ်။ ဘာပြုလို့လဲဆိုတော့ ယောက်မသားက အားလုံးကောင်းဖို့ လုပ်ပေးလို့ အဖမ်းခံထားရတာပဲ။ လူတိုင်းက သူဟာ လူကောင်းတယောက်လို့ပြောတယ်။ အားလုံးကလည်း သူ့အတွက်

ဝမ်းနည်းကြတယ်။ ကျုပ်ပြောတာယုံပါ။ အထက်က လူတွေဟာ ဒီလူတွေဖမ်းလို့ အကျိုးယုတ်မှာ သေချာတယ်။ အခုပဲ အလုပ်ရုံထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို ကြည့်ပါ။ လုပ်ငန်းလည်း ပျက်ပြီး ခြောက်သွေ့နေပြီ။ ဒီ အထက်က လူတွေက တယောက်ယောက်ကို ဖမ်းလိုက်ရင် ငြိမ်သွားလိမ့်မယ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ သူတို့က တကျိပ်လောက်ကို ဖမ်းလိုက်ရင် တရာလောက် ထလာတာပဲ” ဟု ပြန်ပြောလေ၏။

ထိုကဲ့သို့ ပြောဆိုပြီးနောက် နောက်တနေ့ မွန်းတည့်အချိန်၌ အမေသည် မာရီယာ၏ ထမင်းနှင့် ဟင်းနှစ်တောင်းကိုယူပြီး အလုပ်ရုံထဲသို့ လာလေ၏။ မာရီယာကိုယ်တိုင်ကမူ ဈေးထဲသို့ အရောင်းသွားလေသတည်း။

အခန်း တဆယ့်ငါး

အလုပ်သမားများသည် အမေ့ကို ရုတ်တရက် ချက်ချင်း မှတ်မိကြ၏။ သူတို့က "အမေ အလုပ်လုပ်နေတယ်ပေါ့" ပြောကာ သဘောကျသည့်အနေဖြင့် ခေါင်းညိတ်ကြ၏။

သူတို့အထဲမှ အချို့က ပါဗယ် မကြာမီ လွတ်လာလိမ့်မည်ဟု သူ့အား အခိုင်အမာ ပြောကြ၏။ အချို့က သူ့ကို သနားကြောင်း၊ သူ့အတွက် စိတ်မကောင်းကြောင်း ပြောကြ၏။ အချို့ကမူ ညွှန်ကြားရေးမှူးနှင့် စစ်ပုလိပ်များကို ကျိန်ဆဲကြ၏။ သူတို့ ကျိန်ဆဲသံကို ကြားရသောအခါ အမေကလည်း ဝမ်းထဲမှ ကျိန်ဆဲမိ၏။ ထိုအထဲ သူ့ကို မကျေနပ်သည့် မျက်နှာထားနှင့် ကြည့်ကြသူများလည်း ရှိသေး၏။ အလုပ်သမားများ လုပ်ခွင် မှတ်တမ်းစာရေး အိုင်ဆိုင်း ဆိုသူကမူ အမေ့အား၊

"ကျုပ်သာ ဒီနယ် တာဝန်ခံဖြစ်ရင် ခင်ဗျားသားကို စက်တိုင်တောင် တင်ပစ်ရဲ့ သိလား။ လူတွေကို လမ်းမှားပြတဲ့အကောင် သူ့အပြစ်နဲ့သူ ဟန်ကျသွားတာပေါ့" ဟု ဝင်ပြောလေ၏။

ဤ ဆိုးရွားယုတ်မာလှသည့် ခြိမ်းခြောက်မှုကြောင့် အမေသည် စိတ်နှလုံး ချောက်ချားသွား၏။ သို့ရာတွင် အမေသည် အိုင်ဆိုင်းကို တခွန်းမှ ပြန်မပြော၊ သူ၏ သေးနုပ်၍ မှဲ့ခြောက်များ ပေါက်ထားသော မျက်နှာကို ကြည့်ရုံသာ ကြည့်၍ ဦးခေါင်းကို ငုံ့ထားလေသည်။

အလုပ်ရုံသည် ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။ အလုပ်သမားများသည် ဟိုတစု သည်တစု စုနေကြပြီး တီးတိုးတီးတိုး ပြောနေကြ၏။ ဖိုမင်တို့သည် စိတ်နှလုံး မသာမယာနှင့် ဟိုလူစုထဲ သွားလိုက်၊ သည်လူစုထဲ ဝင်လိုက်နှင့် လုပ်နေကြ၏။ ပြောင်လှောင် ရယ်မောသံနှင့် ကျိန်ဆဲသံတို့ကိုလည်း ကြားနေရလေသည်။

ထိုအတွင်း ပုလိပ်သားနှစ်ယောက်က ဆမွိုင်းလော့ကို အမေ့နားမှ ခေါ်သွားကြ၏။ ဆမွိုင်းလော့သည် လက်တဖက်ကို ဘောင်းဘီအိတ်ထဲ၌ နှိုက်၍ အခြားလက်တဖက်ဖြင့် ဆံပင်ကို နောက်ပြန်သပ်နေ၏။

ယောက်ျားရော၊ မိန်းမများပါ ၁၀၀ ခန့်တို့သည် ကျိန်ဆဲရင်း၊ လှောင်ရင်း၊ ပြောင်ရင်း သူတို့နောက်မှ ပါလာကြ၏။

"အင်း၊ ဆမွိုင်းလော့ကတော့ကွာ လမ်းလျှောက်ထွက် ပြန်ပြီ" ဟု အသံတသံက ပြော၏။

"ခုတလော သူတို့က တို့ကို ဂုဏ်ပြု ပြုနေကြတယ်ကွ" ဟု အခြားအသံတသံက ဆို၏။

"တို့ကိုလည်း လမ်းလျှောက်သွားရင် စောင့်ရှောက်ဖို့ ကိုယ်ရံတော်လေး ဘာလေး ပေးပါဦး" ဟု အခြားအသံတသံက ဝင်တောလိုက်ပြန်၏။ ထိုနောက် ပက်ပက်စက်စက် ကျိန်သံဆဲသံတခု ပေါ်လာ၏။

တဖန် မျက်စိတဖက်လပ်နှင့် အရပ်ရှည်ရှည် အလုပ်သမားတယောက်က... "အင်း၊ သူခိုးသူဝှက် ဖမ်းရတာက စားပေါက်စားလမ်း မတည့်တော့ လူရိုးလူကောင်းတွေကိုချည်း လျှောက်ဖမ်းနေ တော့တာပေါ့" ဟု ဝင်ပြီး မထိတထိ တွယ်လိုက်ပြန်၏။ လူအုပ်ထဲမှ အသံတသံက

"အင်း၊ လူတွေကို ညညမှ ဖမ်းတယ်ဆိုတဲ့ ဂုဏ်သိက္ခာလောက်ကိုတော့ အနည်းဆုံး ထိန်းသိမ်းလိမ့်မယ်လို့တော့ ခင်ဗျားတို့က ထင်ကြလိမ့်မယ်။ ဒါပေမဲ့ အခုတော့ ခွေးမသားတွေက နေ့ခင်းကြောင်တောင်မှာကို လူတွေကို ဆွဲနေကြပြီ" ဟု လှမ်း၍ ဆိုလိုက်ပြန်၏။

ပုလိပ်များသည် မျက်မှောင်ကြုတ်၍ ဘာမျှမသိဟန်၊ မကြားဟန်ဆောင်ကာ ခပ်သွက်သွက်က လေး ထွက်သွားကြလေ၏။ အလုပ်သမား သုံးယောက်တို့သည် အလွန် လေးလံသည့် သတ္တုပြားကြီးတချပ်ကို ထမ်းလာကြပြီး ပုလိပ်နှစ်ယောက်နှင့် တည့်တည့် ဝင်လာကာ...

"ဟော့၊ တံငါသည်တွေ ဖယ်ကြနော်" ဟု အော်ကြ၏။

သို့ဖြတ်သွားစဉ် ဆမ္ပိုင်းလော့က အမေအား ပြုံး၍

"ကဲ၊ ကျွန်တော်တို့သွားပြီ" ဟု လှမ်းပြီး နှုတ်ဆက်လိုက်ရာ အမေက သူ့အား ဘာမျှမပြောဘဲ ခေါင်းကို ညွတ်လိုက်၏။ ဤကဲ့သို့ ရိုးသား၍ တည်ငြိမ်သည့် လူငယ်များ ထောင်သို့ အပြုံးမပျက် ပါပါသွားသည်ကို မြင်ရသောအခါ အမေ၏စိတ်ထဲ၌ အလွန်ထိခိုက်ပြီး မိခင်တယောက်၏ အချစ်၊ မိခင်တယောက်၏ ကရုဏာဖြင့် သူ၏ ရင်ထဲ၌ ဆို့ဆို့သွား၏။

အလုပ်ရုံမှ ပြန်လာပြီးနောက် နေကုန်သည်အထိ မာရီယာအား ကူညီလျက် သူ ပြောသည့်စကား တို့ကိုသာ နားထောင်နေလေ၏။ ညနေ တော်တော်ကလေး မိုးချုပ်မှ သူ၏ အေးမြ၍ စိတ်မချမ်းမြေ့ဖွယ်ရာ အိမ်သို့ပြန်ခဲ့၏။ အချိန်အတော်ကြာ စိတ်ချမ်းမြေ့စရာ တကွက်မျှလည်း မရှိ၊ သူ့ကိုယ်သူလည်း ဘာလုပ်ရမှန်းမသိဘဲ အိမ်ထဲ၌ ဟိုလျှောက်လိုက်၊ သည်လျှောက်လိုက် လုပ်နေလေ၏။ ညအတော်ကလေး ညဉ့်နက်လာသည့်တိုင်အောင် ယေဂါသည် သူပြောထားသည့် စာရွက်စာတမ်းများကို

ယူမလာသဖြင့် စိတ်အနှောင့်အယှက် ဖြစ်နေလေ၏။

ဆောင်းနှောင်း ဆီးနှင်းလွှာတို့သည် ကျလျက်ရှိရာ ပြတင်းပေါက်မှန်များ၌ လာကပ်နေကြပြီး တဖြည်းဖြည်း အရည်ပျော်၍ လျောကျကုန်သဖြင့် ပြတင်းပေါက်မှန်ပေါ်၌ ဆီးနှင်းစီးကြောင်း များကို မြင်နေရ၏။ ဤအခါမျိုး၌ အမေသည် သူ့သားအကြောင်း ကို မစဉ်းစားဘဲ၊ မတွေးဘဲ မနေနိုင်တော့။

ထိုအတွင်း တံခါးကို ဖြည်းညင်းစွာလာ၍ ခေါက်သံကို အမေ ကြားလိုက်၏။ ထိုအသံကို ကြားလျှင်ကြားချင်း တံခါးကို ဖွင့်ပေးလိုက်သောအခါ ဆာရှာ ဝင်လာ၏။ အမေသည် သူ့ကို မတွေ့ရ မမြင်ရသည်မှာ ကြာပြီဖြစ်၍ ပထမဦးဆုံး သူသတိထားမိသည့် အချက်ကား ဆာရှာသည် အတော်ကြီး ဝလာခြင်းပင် ဖြစ်၏။

အမေသည် ဆာရှာကို နှုတ်ဆက်လိုက်၏။ အနည်းဆုံး ညအချိန် အတော်ကြာသည်အထိ တယောက်တည်းထီးထီး မနေရဘဲ အဖော်နှင့် နေရမည် ဖြစ်သဖြင့် အတော်ကလေး ဝမ်းသာမိ၏။ ထို့နောက်

"ငါ့တူမကြီး မတွေ့ရတာ တော်တော်တောင်ကြာသွားပြီ၊ တခြားများ သွားနေသလား" ဟု မေးလိုက်လျှင် ဆာရှာက ပြုံး၍၊

"ဘယ်မှမသွားပါဘူး အမေ၊ ကျွန်မ ထောင်ထဲရောက်နေတာပါ။ နစ်ကိုလိုင်နဲ့ အတူတူပေါ့၊ သူ့ကို မှတ်မိတယ်မဟုတ်လား အမေ" ဟု ပြန်၍ဖြေလိုက်၏။ ထိုအခါ အမေက၊

"အို၊ မှတ်မိတာပေါ့။ ယေဂါက မနေ့ကပဲ သူ့ကို ထောင်က လွှတ်လိုက်ပြီလို့ ပြောကြသေးတယ်၊ ဒါပေမဲ့ ငါ့တူမကြီးကို ဖမ်းထားတာ မသိလိုက်ဘူးကွယ့်။ ဘယ်သူကမှ ငါ့တူမကြီးအကြောင်းကို မပြောကြဘူး" ပြောလျှင် ဆာရှာက ဟိုဟိုဒီဒီကြည့်၍ လည်းကောင်း၊

"ဒါ အရေးမကြီးပါဘူး အမေ၊ ယေဂါမလာခင် ကျွန်မ အဝတ်တွေကို လဲလိုက်ဦးမှပဲ" ဟု ပြောလေ၏။

"ငါ့တူမလည်း တကိုယ်လုံး ရွှဲစိုနေတော့တာပဲ"

"ကျွန်မဆီမှာ စာရွက်စာတမ်းတွေ ပါလာတယ်"

အမေသည် ဝမ်းသာအားရနှင့်

"အဲဒါတွေ ထုတ်ပါဦး" ဟု ပျာယီးပျာယာ ပြောလေ၏။

ဆာရှာသည် သူ၏အင်္ကျီကြယ်သီးများကိုဖြုတ်၍ သူ့ကိုယ်မှ

ခါချလိုက်သောအခါ စာရွက်စာတမ်း များသည် သစ်ရွက်များပမာ ကျလာလေ၏။ အမေသည် ထိုစာရွက်စာတမ်းများကို ကောက်ရင်း ရယ်နေလေ၏။

"အေး၊ ငါ့တူမကို မြင်လိုက်တော့ ငါ့တူမ တယ်ဝနေပါကလားလို့ အောက်မေ့နေတာ၊ အိမ်ထောင်တွေ ဘာတွေကျလို့ ကလေးတောင် ရှိနေပြီ ထင်တယ်။ အမယ်လေး ဟဲ့။ ဘယ်လောက်များ ယူလာခဲ့တာတုံးလို့၊ ဒီကို လမ်းလျှောက်ခဲ့တာပဲလား၊ ဟုတ်လား"

ဆာရာက လမ်းလျှောက်လာခဲ့ရကြောင်း ပြန်ဖြေ၏။ သူ၏ မျက်နှာသည် ကျနေပြီး မျက်လုံးများသည် ပို၍ ပြူးလာသည်ဟု အကဲခတ်မိ၏။ မျက်စိများအောက်၌လည်း မျက်ကွင်းများ ထင်နေသည်ကို တွေ့နေရလေ၏။

အမေသည် သက်ပြင်းချကာ ခေါင်းကိုခါလျက်

"ဒီလို ထောင်က လွတ်လာခါစ အနားယူရမယ့်အစား ငါ့တူမက ဘာဖြစ်လို့ ဒါတွေကို လုပ်နေရတာလဲ" မေးလျှင် ဆာရာသည် ခိုက်ခိုက်တုန်နေရာမှ

"ဒါက မလုပ်လို့မဖြစ်ဘူး အမေ၊ ကျွန်မကို ပါဗယ်အကြောင်း ပြောပြစမ်းပါဦး။ သူ့ကို ဖမ်းတုန်းက သူ အတော်ကလေး တုန်တုန်လှုပ်လှုပ် ဖြစ်သွားသေးသလား"

ဆာရာသည် အမေ့အား ပြန်မေးနေသော်လည်း အမေ့ကို မကြည့်။ ခေါင်းကိုငုံ့ကာ သူ၏ ချမ်း၍တုန်နေသော လက်များနှင့် သူ့ဆံပင်ကို ကိုင်ဖြီးနေလေ၏။

"သိပ်ပြီး တုန်တုန်လှုပ်လှုပ် မဖြစ်ပါဘူး၊ သူကတော့ အားလျော့မဲ့လူ မဟုတ်ဘူးကွဲ့"

"သူ ကျန်းကျန်းမာမာပဲလား"

"တသက်လုံး တခါမှ မဖျားဖူးဘူး။ ဒါပေမဲ့ ငါ့တူမက တုန်နေတယ်။ ကဲ လက်ဖက်ရည် ဖျော်လိုက်ဦးမယ်။ ယိုကလေးနဲ့ သောက်လိုက်ပါဦး"

"အိုး၊ သောက်လိုက်ရရင်တော့ ကောင်းမှာပဲ။ သည်လိုညဥ့်နက်မှ လုပ်နေရတာ အမေ့ကို ဒုက္ခပေးသလို ဖြစ်နေတာပေါ့။ ကျွန်မဘာသာကျွန်မပဲ ဖျော်ပါ့မယ်"

အမေက သဘောမကျသည့်လေသံဖြင့်

"ငါ့တူမက ပန်းနေတာပါ" ပြောပြီး မီးဖိုထဲ၌ မီးမွှေးနေလေ၏။

ဆာရှာကလည်း မီးဖိုခန်းထဲသို့ လိုက်သွား၍ လက်နှစ်ဖက်ကို ဦးခေါင်းနောက်သို့ ပစ်လျက် ထိုင်ခုံရှည်တခုပေါ်၌ ထိုင်နေလေ၏။ ထိုနောက်

"ထောင်ထဲနေရတာက အလွန် ငြီးငွေ့စရာကောင်းတယ်။ တကယ့်ကို ဘာမျှမလုပ်ရ မကိုင်ရဘဲနဲ့ ပျင်းပျင်းရိရိ နေရတာ။ သည့်ထက်ဆိုးတာက ဘာရှိသေးတုံး။ အပြင်ဘက်မှာ လုပ်စရာ ကိုင်စရာတွေ အများကြီး ရှိနေမှန်း သိရဲ့သားနဲ့ ဟိုထောင်ထဲမှာ လှောင်အိမ်သွင်းထားတဲ့ သားကောင်ကြီးလို နေရတာဟာ" ဟု ပြောပြရာ အမေက သက်ပြင်း တချက်ချကာ၊

"အင်း၊ ဒါတွေလုပ်နေလို့ ငါ့တူမကို ဘယ်သူကများ ဆုတွေ လာဘ်တွေ ပေးမှာမို့လို့တုံး" မေးပြီးနောက်၊

"အင်း၊ ဘုရားသခင်ကိုယ်တော်မြတ်ကမှအပ ဘယ်သူကမှ ဆုတော်လာဘ်တော် ပေးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့တူမတို့က ဘုရားသခင် ကိုယ်တော်မြတ်ကို မယုံဘူး ထင်ပါရဲ့" သူ့ဘာသာသူ ပြန်အဖြေပေးနေ၏။ ဆာရှာက ခေါင်းကို ယမ်းကာ...

"ဟင့်အင်း၊ မယုံဘူး" ခပ်တိုတို ဖြေလိုက်၏။

ထိုအခါ အမေက သူ့လက်များမှ ကျောက်မီးသွေးမှုန့်များကို ခါရင်း အလွန်ပြင်းထန်သည့် ယုံကြည်မှုဖြင့်၊

"ဒါက ဘယ့်နှယ်လုပ်ပြီး ဖြစ်နိုင်ပါ့မလဲ။ တူမက ကိုယ့်ဘာသာအယူဝါဒကိုတောင် ကိုယ်ပြန်ပြီး နားမလည်ဘဲကိုး။ ဘုရားသခင် ကိုယ်တော်မြတ်ကို မယုံကြည်ဘဲနဲ့ ဘဝမှာ ဘယ်လိုနေလို့ ရပါ့မလဲ" ပြောနေစဉ် တစုံတယောက်သည် အိမ်ဆင်ဝင် အပြင်ဘက်၌လာ၍ မတ်တတ်ရပ်ပြီး ပါးစပ်မှ မပွင့်တပွင့် စကားတခွန်းနှစ်ခွန်း ပြောသံကြားလိုက်၏။ အမေသည် လန့်သွား၏။ ဆာရှာကမူ ရုတ်တရက်ထပြီး အမေ့အား၊

"တံခါးကို မဖွင့်လိုက်နဲ့ စစ်ပုလိပ်တွေလာနေပြီ။ အမေ့ကို သူတို့ကမေးရင် ကျွန်မကို ဘယ်သူမှန်း မသိဘူးလို့ပြော။ ကျွန်မ အိမ်မှားပြီးလာတာ၊ အိမ်တံခါးဝမှာ အားပြတ်ပြီး လဲနေတယ်လို့ပြော။ အဲဒီနောက် ကျွန်မအဝတ်စိုတွေကို ချွတ်လိုက်တော့ ဒီစာရွက်စာတမ်းတွေကို တွေ့ရတယ်ပေါ့။ အဲသည်လိုပြောနော်" ပြောလေရာ အမေ၏ စိတ်နှလုံးတွင် အကြီးအကျယ် ထိခိုက်သွား၍၊ "အမလေး တူမရယ်၊ အမေဘာလို့ ဒီလိုပြောရမှာလဲ"

ထိုနောက် ဆာရှာသည် တံခါးခေါက်သံကို နားထောင်လျက် "ခဏလေးနေပါဦး အမေ၊ ဒါ ယေဂါ ဖြစ်ချင်ရင် ဖြစ်နေလိမ့်မယ်" ပြောလေ၏။

မှန်၏။ အိမ်တံခါး လာခေါက်သူမှာ ယေဂါ ဖြစ်၏။ သူ့တကိုယ်လုံး စိုနေပြီး မောနေသောကြောင့် အသက်ပင် ကောင်းကောင်းမရှူနိုင်ချေ။

"အင်း လက်ဖက်ရည်တောင် ကျိုနေပါပကော။ လက်ဖက်ရည်လောက် စိတ်ချမ်းသာစရာ ကောင်းတာတော့ ဘယ်ရှိပါ့မလဲ အမေ။ (တဖန် ဆာရှာကိုကြည့်လျက်) ဟင်၊ ဆာရှာလည်း သည်ကိုရောက်နေပါပကော" အစချီ၍ သူ၏လေးလံသော အင်္ကျီကြီးကို ချွတ်ရင်း မရပ်မနား စကားပြောနေလေ၏။

"ဒီ ကျွန်တော်တို့ ရဲဘော်အမျိုးသမီးကို ထောင်အာဏာပိုင်တွေက သဘောမကျဘူး အမေ၊ ထောင်မှူးက သူ့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလို့ ထောင်မှူးဟာ သူ့အပြစ် သူ ဝန်မချမချင်း၊ မတောင်းပန်မချင်း အစာငတ်ခံမယ်လို့ ရာဇသံ ပေးလိုက်တယ်။ ရာဇသံ ပေးတဲ့အတိုင်း ထောင်မှူးက မလိုက်လျောတော့ ရှစ်ရက်လုံးလုံး ဘာမျှမစားဘဲ အစာငတ် ခံလိုက်တယ်။ သူလည်း မသေရုံတမယ်ပဲ ကျန်တော့တယ်၊ တခါတည်း နုံးခွေသွားတာပဲ။ ကဲ... အမေ ဘယ့်နှယ်သဘောရတုံး၊ (ထိုနောက် အင်္ကျီအတွင်း သူ့ဗိုက်ပေါ်တွင် စာရွက်စာတမ်းများကိုကပ်၍ ယူလာသဖြင့် ဖောင်းပွနေသော သူ့ဗိုက်ကြီးကို ပြလျက်...) ကဲ .. အမေ၊ ကြည့်ပါဦး။ ကျွန်တော့် ဗိုက်ကြီးမျိုးကို မြင်ဖူးရဲ့လား" ဟု မေးနေပြန်၏။ သို့ပြောပြီးနောက် သူ၏ ရယ်စရာကောင်းသော ဗိုက်ကြီးကို လက်ဖြင့် ပွေ့လျက် တဖက်ခန်းထဲသို့ ဝင်သွား၍ တံခါးကို ပိတ်လိုက်လေ၏။ သို့ဝင်သွားသည့်တိုင်အောင် စကားကို အမြှင်မပြတ် ပြောနေလေသည်။

အမေက ကြားဖြတ်၍ ဆာရှာအား အံ့သြစွာဖြင့် "ငါ့တူမက တကယ့်ကို ရှစ်ရက်လုံးလုံး ဘာမှ မစားဘူးလား" ဟုမေးလျှင် ဆာရှာသည် အအေးဓာတ်မပြေသေးသဖြင့် တုန်တုန်ယင်ယင်နှင့်ပင် "ကျွန်မက သူ့ကိုယ်သူ မှားပါတယ်လို့ ဝန်ခံလာအောင် လုပ်ရတာပေါ့" ပြန်ဖြေလိုက်၏။ ဆာရှာ၏ ပြင်းထန်မှုနှင့် တည်ငြိမ်မှုထဲ၌ အပြစ်တင်လိုသည့် သဘောမျိုး ပါနေသည်ကို အမေ သတိပြုမိ၏။

"အင်း... ဘယ်လို မိန်းကလေးမျိုးပါလိမ့်" စိတ်ထဲ၌ တွေးမိပြီး "တကယ်လို့ ငါ့တူမများ သေသွားရင်တော့..." ဟု ပြောလိုက်သောအခါ ဆာရှာက ဖြည်းညင်းစွာ၊

"ဘယ်တတ်နိုင်ပါ့မလဲ အမေရယ်၊ ဒါပေမဲ့ သူ ဝန်ချတောင်းပန်ရတာပဲ။ လူတွေက အခွင့်အရေး ယူတာကိုတော့ မခံနိုင်ဘူး အမေ"

"ဟင်း ယောကျ်ားတွေဟာ ဒီလိုချည်းပဲ။ တို့မိန်းမသားတွေအပေါ်မှာ အခွင့်ကောင်း ယူကြတာချည်းပဲ"

ထိုအတွင်း ယေဂါသည် တဖက်ခန်းမှ တံခါးကိုဖွင့်၍ ဝင်လာပြီး၊

“အင်း၊ ကျွန်တော်ရဲ့ဝန်ထုပ်ဝန်ပိုးကြီးတော့ ကျသွားပြီလေ။ လက်ဖက်ရည် အသင့်ဖြစ်ပြီလား၊ ကျွန်တော် ယူခဲ့မယ်လေ” ပြောကာ လက်ဖက်ရည်အိုးကို ယူလာလေ၏။ တဖန်ဆက်၍

“ကျွန်တော်ရဲ့အဖေအရင်းဟာ တနေ့ကို လက်ဖက်ရည်ခွက်ပေါင်း နှစ်ဆယ်တောင် သောက်တယ်ဗျ။ ဒါပေမဲ့ အသက် ၇၃ နှစ်ထိအောင် ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနဲ့ နေသွားတယ်။ အလေးချိန်ကလည်း ခွက် ၈၀ လောက် ရှိတယ်။ ဗော့စ်ကရီဆင် မြို့မှာ သတင်းထောက်အနေနဲ့ အလုပ်လုပ်သွားတာပေါ့ တသက်လုံး” ပြောလေရာ အမေက ပျာပျာသလဲဖြင့်

“အမယ် မင်းက ဒါဖြင့် ဘုန်းကြီးအိုင်ဗင်ရဲ့သားပေါ့”

“ဟုတ်ပါတယ်။ အမေ ဒါဖြင့်ရင် ကျွန်တော်ရဲ့အဖေကို သိတယ်ပေါ့”

“အမေကလည်း ဗော့(စ်)ကရီဆင်မြို့ကပဲကွဲ့”

“ဒါဖြင့် ကျွန်တော်တို့မြို့ကပဲပေါ့။ ဘယ်သူ့သမီးတုံး”

“မင်းတို့ရဲ့ အိမ်နီးချင်း ဆီရီဂျင်ရဲ့သမီးပေါ့ကွဲ့”

“ဩော် ဒါဖြင့် ချေကျိုးနှစ်လ်ရဲ့သမီးပေါ့။ ဘယ့်နှယ်၊ ကျွန်တော် သူ့ကိုတော့ ကောင်းကောင်းကြီး သိတာပေါ့။ သူက ကျွန်တော့် နားရွက်ကို ခဏခဏ ဆွဲနေတာပေါ့ဗျ”

ထို့နောက် အမေနှင့် ယေဂါတို့သည် တယောက်နှင့်တယောက် မျက်နှာချင်းဆိုင်ကာ ရပ်နေကြပြီး တယောက်နှင့်တယောက် ဟိုအကြောင်းဒီအကြောင်း ရှေးဟောင်းနှောင်းဖြစ်တို့ကို မေးမြန်း ပြောဆိုနေကြ၏။ ဆာရှာကမူ လက်ဖက်ရည်ကျိုရင်း ပြုံးနေလေ၏။ အမေသည် ယေဂါနှင့် စကားလက်ဆုံကျနေသဖြင့် ဖန်ခွက်သံများကြားမှပင် သူ့ဧည့်သည်များအား လက်ဖက်ရည် တိုက်ရန် သတိရလာလေတော့၏။

“အမယ်လေးဟဲ့၊ ငါကလည်း ဘာကိုမျှ သတိမရတော့ဘူး။ အင်း ကိုယ့်ရပ်ကိုယ့်ရွာကလူကို တွေ့လိုက်ရတော့ ကိုယ်လုပ်မယ့်အလုပ်ကို မေ့လျော့နေတော့တာပေါ့”

“ကျွန်မ အမေ့ကို ဘာမျှ မပြောဘဲနဲ့ တခါတည်း ကိုယ့်အိမ်ကိုယ့်ရွာလိုပဲ ပိုင်စိုးပိုင်နင်း လုပ်မိတာပါ။ ဒါပေမဲ့ အခု ၁၁ နာရီတောင် ထိုးနေပြီ။ ကျွန်မ သွားစရာခရီးက တော်တော် ဝေးသေးတယ်”

“ဘယ်သွားမှာလဲ ငါ့တူမက၊ မြို့ကိုလား” ဟု အမေက အံ့ဩစွာ

မေးလိုက်၏။

"ဟုတ်တယ် အမေ"

"ဒါပေမဲ့ ငါ့တူမက ဘာလို့ သွားရမှာတုံး။ ဒီလောက်မှောင်ပြီး စိုစိုစွတ်စွတ်ကြီးထဲမှာ။ ပြီးတော့ ငါ့တူမလည်း အလွန်မောပန်း နွမ်းရိနေတဲ့ဟာ။ ဒီမှာပဲ ညအိပ်ဦးပေါ့။ ယေဂါက မီးဖိုခန်းထဲမှာ အိပ်ပြီး တို့နှစ်ယောက်က ဒီမှာအိပ်ကြတာပေါ့"

ထိုအခါ ယေဂါက

"သူက မသွားမဖြစ်ဘူး အမေ၊ သူတို့က သူ ဒီမှာရှိတယ်ဆိုတာကို သိနေကြတယ်။ နက်ဖြန် သူ့ကို ဒီမှာတွေ့နေလို့ မဖြစ်ဘူး" ဟု ဝင်၍ထောက်လိုက်၏။

"ဒါပေမဲ့ သူ ဘယ့်နှယ်လုပ်ပြီး သွားလို့ဖြစ်ပါမလဲ။ တကတည်း တယောက်တည်း ညကြီးမင်းကြီး အချိန်မတော်"

တဖန် ယေဂါက

"တယောက်တည်း ဟုတ်လား အမေ" ဟု ဆိုကာ ရယ်နေပြန်၏။ ဆာရှာသည် လက်ဖက်ရည်ကို ဖန်ခွက်တခွက်ထဲသို့ ငှဲ့၍ ပေါင်မုန့်မည်းမည်းတချပ်ကို ဆားနှင့် တို့ပြီး အမေ့ကို ကြည့်ရင်း စဉ်းစားခန်းထုတ်ကာ စားသောက်နေလေ၏။

"ငါ့တူမရယ်၊ နာတာရှာရယ်ဟာ ဒီလိုပဲ ညအချိန်မတော် တယောက်တည်း သွားလိုက် လာလိုက်နဲ့။ အမေကတော့ ကြောက်တယ်"

"သူလည်း ကြောက်ပါတယ်၊ ကြောက်တယ် မဟုတ်လား ဆာရှာ" ဟု ယေဂါက မေးလိုက်၏။

"အမှန်တော့ ကျွန်မလည်း ကြောက်တာပေါ့"

အမေသည် ဆာရှာနှင့် ယေဂါတို့ကိုကြည့်ပြီး

"အေး၊ မင်းတို့တတွေကတော့ တကယ့်ကို ပြင်းထန်ကြတာကိုး" ဟု အံ့သြတကြီး ပြောလေ၏။

လက်ဖက်ရည်သောက်ပြီးနောက် ဆာရှာသည် ယေဂါ၏လက်ကို အသာဆွဲကိုင်၍ နှုတ်ဆက်ကာ မီးဖိုခန်းထဲသို့ ဝင်သွားလေ၏။ အမေလည်း

သူ့နောက်မှ လိုက်သွားလေ၏။

“အမေ ပါဗယ်ကို တွေ့ရင် ကျွန်မက သတိရတဲ့အကြောင်း ပြောပြလိုက်ပါ။ မမေ့နဲ့နော်”

ဆာရှာသည် တံခါးလက်လှည့်ကို ကိုင်လျက် အမေ့ဘက်သို့ ရုတ်တရက်လှည့်ပြီး၊

“အမေ့ကို ကျွန်မ တခါလောက် နမ်းချင်တယ်” ဟု ပြောရာ အမေက ရှေ့သို့ ကိုယ်ကိုကိုင်းလျက် ဆာရှာကိုဖက်ပြီး အလွန်ခင်မင်စွာနှင့် နမ်းလိုက်၏။

ဆာရှာက “ကျေးဇူးတင်ပါတယ် အမေ” ဟု ပြော၍ ဦးခေါင်းကို တချက်ညိတ်ပြီး ထွက်သွားလေ၏။

အမေသည် အခန်းထဲသို့ ပြန်ဝင်ပြီး ပြတင်းပေါက်မှ အိမ်အပြင်သို့ စိုးရိမ်တကြီး ကြည့်နေလေ၏။ ဆီးနှင်းလိပ်များသည် မှောင်ထဲ၌ တဖွဲဖွဲကျလျက် ရှိလေသည်။ ယေဂါက “အမေ ပရိုဗိုရော့တို့ အိမ်သားစုတွေကိုကော အမှတ်ရသေးသလား” ဟု မေးပြန်၏။

သူသည် ခြေထောက်များကို ကားထိုင်လျက် လက်ဖက်ရည်ကို မှုတ်နေလေ၏။ သူ့မျက်နှာသည် နီ၍ လက်ဖက်ရည်ငွေ့ဖြင့် သန်းနေ၏။ ဝမ်းထဲမှ ကျေနပ်နေ၏။ အမေက “အို မှတ်မိတာပေါ့” ဟု ပြန်ဖြေလိုက်၏။ သူသည် တခုခုကို စဉ်းစားရင်း စားပွဲခုံဘက်သို့ ခပ်မှိုမှိုကလေး ထိုင်နေရင်း ယေဂါကိုလည်း ဝမ်းနည်းစွာ ကြည့်နေ၏။ ထို့နောက် “အင်း ဆာရှာ၊ ဆာရှာ။ မြို့ကို ဘယ်လိုရောက်အောင် သွားပါ့မလဲ” ဟု ညည်းညူနေမိ၏။

ယေဂါက

“သူကတော့ ပင်ပန်းလှရော့မယ်။ ထောင်ထဲနေရလို့ သူ့အတွက် ဘာမျှမကောင်းခဲ့ဘူး၊ အရင်က တော်တော်ကို သန်မာတယ်။ ဒါတင်မကဘူး၊ သူက အေးအေးချမ်းချမ်း ဖိမ်နဲ့ နေရမယ့် ဘဝမျိုးမှာ နေရမယ့် လူတန်းစားထဲက ဖြစ်တယ်။ အဆုတ်နာများတောင် ဖြစ်နေဟန်တူတယ် အမေ” ဟု ပြောလိုက်သောအခါ အမေက

“သူက ဘယ်သူလဲ” ဟု မေးလိုက်၏။

“ကျေးလက်တောပိုင်းက လူကုံထံ ပိုက်ဆံရှိတယောက်ရဲ့သမီးပေါ့။ သူကတော့ သူ့အဖေဟာ အလွန်လောဘကြီးတဲ့ လူတယောက်တဲ့။ သူတို့ လက်ထပ်ချင်တာကိုကော အမေ သိရဲ့လား”

"ဘယ်သူတွေလဲ"

"သူနဲ့ ပါဖယ်ပေါ့။ ဒါပေမဲ့ အမေသိတဲ့အတိုင်း မအောင်မြင်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ပါဖယ်က အပြင်ရောက်နေရင် သူက ထောင်ထဲ ရောက်နေပြီ။ သူက ထောင်ပြင်ရောက်နေရင် ပါဖယ်က ထောင်ထဲရောက်နေရော။ ဒီလိုနဲ့ တလှည့်စီ ဖြစ်နေတော့တာကိုး"

အမေက တခဏလောက် ဘာမျှမပြောဘဲ ငြိမ်နေပြီးနောက် "အမေ မသိဘူးကွယ့်။ ပါဖယ်က အမေ့ကို ဘယ်တော့မျှ သူ့အကြောင်း မပြောဘူး"

အမေသည် ယခုမှ ဆာရှာအတွက် ဝမ်းနည်းသည်ထက် နည်းလာပြီး ယေဂါဘက်သို့ သဘောမကျသည့်အနေနှင့် လှည့်လျက်

"ဒါနဲ့ဘာပြုလို့ မင်းက သူ့ကို အိမ်မှာ ခဏ ခေါ်မထားနိုင်တာတုံး"

"ကျွန်တော်ကလည်း မခေါ်နိုင်ဘူး။ ဒီအလုပ်သမားရပ်ကွက်ထဲမှာ ကျွန်တော့်မှာ လုပ်စရာ အလုပ်တွေကို အလွန်များတယ်။ မနက်စောစောကစပြီး ဟိုပြေးလိုက် သည်လွှားလိုက် လုပ်နေရတာ။ ကျွန်တော်လို ရင်ကျပ်ကျပ်နေတဲ့ လူအတွက် မလွယ်လှဘူးပေါ့"

"သူ တကယ်ကောင်းတဲ့ မိန်းကလေးတယောက်ကွယ့်"

အမေသည် ယေဂါပြောလိုက်သည့် ဆာရှာနှင့် ပါဖယ်တို့အကြောင်းကိုသာ စဉ်းစားနေမိ၏။ သူတို့နှစ်ယောက်အကြောင်းကို သူ့သားဆီက မကြားရ၊ မသိရဘဲ အခြား ဘေးလူက ပြောမှ သိရသည့်အတွက် စိတ်ထဲ၌ နာကြည်းမိ၏။ ထို့ကြောင့် သူသည် မျက်မှောင်ကြုတ်ပြီး နှုတ်ခမ်းများကို ကိုက်နေလေ၏။

"ဟုတ်ပါတယ်။ အမေ သူ့အတွက် စိတ်မကောင်းဖြစ်နေတာကို ကျွန်တော် သိပါတယ်။ အဲဒါ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ကျွန်တော်တို့ သူပုန်တွေ အားလုံးအတွက် အမေ စိတ်ဆင်းရဲနေမယ် ဆိုရင် အမေ့အသည်းဟာ ကြေမွသွားဖို့ပဲရှိတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့အထဲက တယောက်မျှ သက်သက်သာသာ နေနိုင်တာ မဟုတ်ဘူး။ ကျွန်တော့် ရဲဘော်တယောက်ဟာ မကြာသေးမီကဘဲ ပြည်နှင်ဒဏ် အပေးခံရာက ပြန်ရောက်တယ်။ သူ နစ်ဇ်နီနော့ဗ်ဂရော့မြို့ကို ရောက်တော့ သူ့ဇနီးနဲ့ ကလေးက သူ့ကိုစောင့်ရင်း ဆမိုလင့်မြို့ကို ရောက်နေကြတယ်။ ဒါပေမဲ့ သူ ဆမိုလင့်မြို့ကို ရောက်တော့ သူတို့က မော်စကိုမြို့ ထောင်ထဲမှာ ရောက်နေကြတယ်။ အခု သူ့မိန်းမ ဆိုက်ဘေးရီးယားကို ရောက်နေတယ်။ ကျွန်တော်လည်းပဲ အရင်တုန်းက မိန်းမနဲ့ပဲ။ ဒါပေမဲ့ ကျွန်တော့်မိန်းမက အံ့သြစရာကောင်းတယ်။ အခုနက ဘဝမျိုးမှာ

ငါးနှစ်လောက်လည်း နေရရော၊ တခါတည်း ဆုံးတော့တာပဲဗျာ”

ယေဂါသည် သူ၏လက်ဖက်ရည်ကို တကျိုက်နှင့် အကုန်သောက်လိုက်ပြီး သူ ထောင်ထဲတွင် နေခဲ့ရသည့်ဘဝနှင့် ပြည်နှင်ဒဏ်ခံခဲ့ရသည့်ဘဝများ၊ ထောင်ထဲတွင် အရိုက်နှက်ခံခဲ့ရပုံနှင့် ဆိုက်ဘေးရီးယားတွင် အစာရေစာ ငတ်ပြတ်ခဲ့ပုံများကို ဆက်၍ ပြောနေပြန်၏။ အမေသည် သူ့ကိုကြည့်၍ ဤမျှ နှိပ်စက်ညှဉ်းပန်းမှုမျိုးစုံ ဒုက္ခဆင်းရဲမှု မျိုးစုံတို့နှင့် ပွန်းတီးလျက်ရှိသည့် သူ့ဘဝအကြောင်းကို ရိုးရိုးရှင်းရှင်းဖြင့် ပြောနေသည်ကို အံ့သြနေမိလေ၏။ ထိုနောက် သူက၊

“ကဲ၊ ကျွန်တော်တို့လုပ်ငန်းနဲ့ ပတ်သက်လို့ ဆွေးနွေးကြဦးစို့” ပြောလိုက်ရာ သူ့အသံသည် ပြောင်းလဲသွား၍ သူ၏မျက်နှာသည်လည်း ပို၍တည်လာလေ၏။ အမေ့အား စာရွက်စာတမ်း များကို အလုပ်ရုံအတွင်းသို့ မည်သို့မည်ပုံ ယူဆောင်မည်က စ၍ မေးမြန်းလေရာ အမေသည် သူ၏ အသေးစိတ် ကိစ္စများမှအစ သိမြင်နားလည်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွား သည်။

စာရွက်စာတမ်းများ ဖြန့်ချိရမည့်ကိစ္စနှင့်ပတ်သက်၍ အားလုံးအသေးစိတ် ဆွေးနွေးကြပြီးနောက် သူတို့သည် သူတို့၏ ဇာတိမြို့အကြောင်းကို တဖန် ဆွေးနွေးကြပြန်၏ သူပြောသည့်ဆိုသည့် အသံသည် ရွှင်လန်းအားရစရာ ကောင်း၏။ သို့ရာတွင် အမေသည် သူ့အတိတ်ဘဝကို ပြန်၍ စဉ်းစားနေမိ၏။ ထိုအတိတ်ဘဝကား ထင်းရှူးပင်များ၊ နွယ်ပင် ပေါင်းပင်များ ပေါက်နေကြသည့် ရွံ့ညွန်အိုင်နှင့် တူနေ၏။ နွယ်ပင်၊ ပေါင်းပင်များသည် အပေါက်နေး၏။ သို့ရာတွင် ငါးနှစ်လောက် ရှိသောအခါ ဗွက်ပုပ်ထဲ၌လဲ၍ ဆွေးမြည့်ကုန်ကြပြန်၏။ ဤအဖြစ်အပျက်ကို မြင်ရသောအခါ အမေသည် ဝမ်းနည်း၍ ဆို့တက်လာ၏။ တဖန် သူ့မျက်စိထဲ၌ ပါးနပ်၍ ခေါင်းမာလှသည့် မိန်းကလေးတယောက် ဆီးနှင်းတွေ တဖွဲဖွဲကျနေသည့်အထဲ၌ တယောက်တည်း လမ်းလျှောက် နေသည်ကို မြင်နေ၏။ ထိုမိန်းကလေးကို မြင်နေရာမှ ထောင်ထဲတွင် ရောက်နေသည့် သူ့သားသည် သူ့မျက်စိထဲ၌ ပေါ်လာပြန်၏။ အင်း သူ့သားသည်လည်း အိပ်၍မပျော်သေးဘဲ အတွေး နယ်ချဲ့ချင် ချဲ့နေပေမည်။ သို့သော် သူ့အမေနှင့် ပတ်သက်၍မဟုတ်ဘဲ သူ့အမေထက် အချစ်ပိုနေသည့်သူ တယောက်ယောက်နှင့် ပတ်သက်နေပေမည်။ ဤနာကြည်းဖွယ်ရာ အတွေးတို့သည် ပျံ့လွင့်နေသည့် မိုးတိမ်များကဲ့သို့ ပေါ်လာလျက်ရှိရာ အမေ၏ အသည်း နှလုံးကို မှောင်အတိဖြင့် ဖုံးအုပ်သွားလေတော့သည်။

ထိုနောက် ယေဂါက ပြုံးလျက်၊

“ကဲ၊ အမေလည်း မောလှပြီ။ ကျွန်တော်တို့အိပ်ကြစို့” ပြောလေရာ

အမေသည် သူ့ကိုနှုတ်ဆက်၍ ပြင်းထန်လှစွာသော စိတ္တဇဝေဒနာကို ခံစားလျက် မီးဖိုခန်းထဲသို့ ဝင်သွားလေသည်။

နောက်တနေ့ နံနက်စာ စားနေကြစဉ် ယောဂါက အမေ့အား၊ "တကယ်လို့များ သူတို့က အမေ့ကို မိပြီး ဒီမကောင်းဆိုးရွား စာရွက်စာတမ်းတွေကို ဘယ်ကရသလဲလို့မေးရင် အမေက ဘယ့်နှယ် ဖြေမလဲ" မေးလေ၏။

"ဒါက တော်တို့အလုပ် မဟုတ်ပါဘူးလို့ ပြောလိုက်မှာပေါ့"

"အင်း၊ အမေ့အဖြေကို သူတို့က လက်ခံကြမှာ မဟုတ်ဘူးထင်တယ်။ ဒါဟာ သူတို့အလုပ်ပဲလို့ သူတို့က တထစ်ချ ခံယူထားကြတာ။ သူတို့ အမေ့ကို တကယ့်ကို ဖွဲ့နပ်သန်သန်နဲ့ မရမနေ မေးကြမှာ"

"ဒါပေမဲ့ ငါကတော့ သူတို့ကို မပြောဘူး"

"အမေ့ကို ထောင်ချကြမှာတော့ သေချာတယ်"

"အဲဒီတော့ကော ဘာဖြစ်သေးတုံး။ ဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ကျေးဇူးတော်ပေါ့။ ဒါဟာ အမေနဲ့ သင့်လျော် ထိုက်တန်တဲ့ဟာဆိုရင်လည်း" အမေက သက်ပြင်း တချက်ချ၍ ပြန်ပြောပြီးနောက်၊

"ဘယ်သူက အမေ့ကို အလိုရှိလို့လဲ၊ သူတို့က နှိပ်စက်ညှဉ်းပန်းလိမ့်မယ်လို့ မထင်ဘူး။ သူတို့က"

ဆက်ပြောသောအခါ ယောဂါက အမေအား စူးစူးစိုက်စိုက်ကြည့်လျက်၊ "ဟင်း၊ သူတို့က အမေ့ကို နှိပ်စက်မှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူကောင်းသူကောင်းတွေဟာ ဒီလို ထောင်တို့ တန်းတို့နဲ့ မတော်ဘူး အမေ" ထိုအခါ အမေက တချက်မျှ ရယ်လိုက်ပြီး၊

"မင်းကတော့ တကယ်ပြောတတ်တယ်ဟေ့" ယောဂါသည် ဘာမျှပြန်မပြောသေးဘဲ အခန်းထဲ၌ တခဏမျှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ထိုနောက် အမေ့အနားသို့ သွားကာ၊

"ထောင်ထဲမှာနေရတာက သိပ်ကျပ်တည်းဆင်းရဲတယ် အမေ။ အမေ့အတွက် ဘယ်လောက် ကျပ်တည်းဆင်းရဲမယ်ဆိုတာကို ကျွန်တော်သိတယ် အမေ" ဟု ပြောလေရာ။

အမေက လက်ကို တချက်မျှ ယမ်းလိုက်၍၊

"အို၊ ထောင်ထဲနေရတယ်ဆိုတာကတော့ လူတိုင်းအတွက်

ကျပ်တည်းဆင်းရဲတာပေါ့။ ဒါပေမဲ့ အသိဉာဏ်နဲ့ ယုံကြည်ချက်ရှိတဲ့ လူတွေအတွက်တော့ သက်သာချင် သက်သာမှာပေါ့။ လူကောင်းသူကောင်းတွေဟာ ဘာလုပ်ဖို့ ကြိုးစားနေတယ်ဆိုတာကို အမေလည်း တဖြည်းဖြည်း နားလည်လာပါပြီ” ပြန်ဖြေ၏။ ယေဂါက၊ “အမေ့ကို လူတိုင်းက အလိုရှိနေတယ် ဆိုတာကို အမေသာ သိထားမယ်ဆိုရင်တော့” ဟု စိတ်အားထက်သန်စွာ ပြောပြန်ရာ အမေသည် သူ့ကိုကြည့်၍ ပြုံးလိုက်၏။

မွန်းတည့်ချိန်လောက်၌ အမေသည် အလုပ်ရုံသို့သွားရန် အသင့်ပြင်လိုက်၏။ စာရွက်စာတမ်း များကို သူ၏အဝတ်များအောက်၌ ကျကျနန ထည့်ထားသည်ကို ယေဂါသည် အလွန် ကျေနပ်စွာ ကြည့်နေလေ၏။

“အိုး၊ ဟုတ်သမှ သိပ်ဟုတ်တာပဲ။ စာရွက်စာတမ်းတွေကို ဒီလို အထဲက ထည့်ထားလိုက်ပေမဲ့... အမေဟာ ဘာမျှပြောင်းလဲမသွားဘူး။ အရင်ကအတိုင်းပဲ၊ နည်းနည်းကလေး ဝလာသလိုလို ထင်ရတာပဲ၊ နတ်ဒေဝါအပေါင်းက အမေ့ကို ကူညီစောင့်ရှောက်ကြပါစေဗျား”

နာရီဝက်ခန့်ကြာသောအခါ အမေသည် သူ၏ အစားအစာထည့်သည့် တောင်းကြီးနှစ်လုံးကို ကုန်းနေအောင် ထမ်းလျက် အလုပ်ရုံတံခါးဝသို့ ရောက်နေလေ၏။ သူသည် ဤကဲ့သို့သော လျှို့ဝှက်လုပ်ငန်းများကို မလုပ်ကိုင်ဖူးသော်လည်း အတွေ့အကြုံ များသူကဲ့သို့ အလွန်ပိရိ တည်ငြိမ်လှ၏။ အစောင့်နှစ်ယောက်သည် အလုပ်ရုံအတွင်းသို့ ဝင်သည့်လူတိုင်းကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းနှင့် ဆီး၍ ရှာဖွေစစ်ဆေးကြ၏။ သူတို့နှစ်ယောက်ကို အရှာခံရသူတိုင်းက ကျိန်ဆဲ၍ အလုပ်သမားများကလည်း လှောင်ကြ ပြောင်ကြ၏။ အဝင်ဝ တဖက်၌ စစ်ပုလိပ်တယောက်နှင့်အတူ ခြေတံရှည်ရှည်၊ မျက်နှာ နီကြမ်းကြမ်း၊ မျက်လုံးရှင်ရှင်နှင့် အစောင့်တယောက်သည် ရပ်နေ၏။ အမေသည် ထမ်းပိုးကို ပခုံးတဖက်မှ တဖက်သို့ ပြောင်းထမ်းပြီး ခြေတံရှည်ရှည် ပုလိပ်နှင့်အတူ ရပ်နေသူကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။ ထိုသူသည် ပုလိပ်သူလျှို ဖြစ်ကြောင်း သိသည်။

အရပ်ရှည်ရှည်၊ ဆံပင်ကောက်ကောက်နှင့် အလုပ်သမားတယောက်ကမူ အဝတ်အစားများကို ရှာဖွေနေကြသည့် အစောင့်များအား၊

“အေး၊ မင်းတို့ ဘီလူး သဘက်တွေက တို့အိတ်တွေကို စမ်းနေကြမယ့်အစား တို့ခေါင်းတွေထဲမှာ ရှာဖို့ကောင်းတယ်ကွ” ပြောရာ အစောင့်တယောက်က၊

“မင်းတို့ခေါင်းထဲမှာ သန်းတွေပဲ ရှိမှာပေါ့” ပြန်ပြောလေ၏။

“အေးကွာ၊ သန်းပဲရှာပေါ့။ တို့တွေကို နှောင့်ယှက်မနေပါနဲ့” ပုလိပ်သူလျှိုသည် ထိုအလုပ်သမားအား ရုတ်တရက် လှမ်းကြည့်ပြီး

မုန်းတီးရွံ့ရှာသည့်ဟန်ဖြင့် ထွီခနဲ တံတွေး တချက် ထွေးလိုက်၏။ အမေက၊

"ကဲ၊ ကျုပ်သွားပါရစေ၊ ဒီအထမ်းကြီးနဲ့ စောင့်နေလိုက်ရတာ။ တကတည်း ကျောရိုး ကျိုးတော့မတတ်ဘဲ" ဝင်၍ပြောလိုက်လျှင် အစောင့်က စိတ်မရှည်တော့သောဟန်နှင့်၊

"ကဲ ကဲ၊ သွား သွား။ ခင်ဗျားကလည်း စောင်ချမ်းပင်က မီးတကျီကျီ တကတည်း ဗျာ" ပြန်ပြောလိုက်၏။

အမေသည် သူ့နေရာသို့ရောက်လျှင် သူ၏တောင်းများကို မြေကြီးပေါ်သို့ချကာ သူ့မျက်နှာမှ ချွေးများကိုသုတ်၍ ဟိုဟိုသည်သည် ကြည့်လိုက်၏။

စက်ပြင်ဆရာများဖြစ်ကြသည့် ဂူဆက် ညီအစ်ကိုတို့သည် သူ့ထံသို့လာကြပြီး အကြီး ဗာဆီလီက မျက်မှောင်ကြုတ်လျက်၊

"မုန့်လုံးကြီး ပါသေးသလား အဒေါ်ကြီး" မေးလိုက်လျှင် အမေက၊ "နက်ဖြန်တော့ ရမှာပေါ့" ပြန်ဖြေလိုက်၏။

ဤကား အမေနှင့် သူတို့သာ နားလည်ကြသည့် စကားဝှက်ဖြစ်၏။ ဗာဆီလီနှင့် အိုင်ဗင် ညီအစ်ကို နှစ်ယောက်လုံးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြ၏။ အိုင်ဗင်ကမူ

"အို၊ ဒါမှ အမေကွ။ တို့အမေ" အော်လိုက်၏။

ဗာဆီလီသည် ဆောင့်ကြောင့်ထိုင်၍ တောင်းထဲသို့ ငုံ့ကြည့်လိုက်၏။ သို့ ငုံ့ကြည့်ရင်း သူ့အင်္ကျီ ရင်ဘတ်ထဲသို့ စာတမ်းတထုပ်ကို ယူထည့်လိုက်၏။ တဖန် အသံခပ် ကျယ်ကျယ်ဖြင့်၊

"တို့ အိမ်မပြန်ဘဲ နေကြစို့ကွာ အိုင်ဗင်။ အဒေါ်ကြီးဆီကပဲ ညစာဝယ်စားကြတာပေါ့" ပြောလိုက်၏။ ဤကဲ့သို့ စကားဖာပြန်၏။ ထိုနောက် "အေး၊ ဈေးသည်အသစ် အဒေါ်ကြီးကို ကူရှာရမှာပေါ့ကွာ" ပြောလိုက်ရာ အိုင်ဗင်က ရယ်လျက်

"အေးပေါ့" ဆိုလေ၏။ အမေသည် ဘေးပတ်ဝန်းကျင်ကို သတိနှင့်ကြည့်၍ "စွပ်ပြုတ်ရမယ်၊ ခေါက်ဆွဲလည်းရမယ်" အော်လိုက်လေ၏။

အမေသည် စာတမ်းကို တထုပ်ပြီးတထုပ် တိတ်တိတ်ပုန်း ထုတ်ကာ ဗာဆီလီနှင့် အိုင်ဗင်တို့ လက်သို့ ပေးလိုက်၏။ အထုပ်တထုပ်ကို လှမ်း၍ ပေးလိုက်တိုင်း ပေးလိုက်တိုင်း ပုလိပ်အရာရှိ၏ ဝါဖန့်ဖန့်မျက်နှာကို သွားသွား

မြင်ယောင်မိ၏။ သူ့စိတ်ထဲ၌လည်း "ဟောဒီမှာ တထုပ်ကွဲ့ ယူလိုက်ဦး။ ကဲ လာပြန်ပြီ နောက်တထုပ်ကွဲ့" ဝမ်းသာအားရနှင့် ရေရွတ်နေမိလေသည်။

အလုပ်သမားများသည် ခွက်များကို ကိုင်လာကြ၏။ အလုပ်သမားတယောက် အနားသို့ လာတိုင်း လာတိုင်း အိုင်ဗင်သည် အသံကျယ်ကျယ်နှင့် ရယ်သံပေးလိုက်၏။ ထိုအခါ အမေက စာရွက်များကို ဗွက်မြဲ ဗွက်ထားပြီး သူ့ခေါက်ဆွဲများကိုသာ ဂရုစိုက်နေ၏။

ဗာဆီလီ ညီအစ်ကိုက အမေ့အား၊ "အမေကတော့ တကယ့်ကို ပါးတယ်ဟေ့" ဟု ပြောကြ၏။ သူတို့အနားတွင် ရပ်နေသော မီးထိုးသမားတယောက်ကမူ သုန်သုန်မှုန်မှုန်နှင့်

"အင်း၊ အဒေါ်ကြီးကတော့ အလုပ် မလုပ်ရင် မဖြစ်တော့ဘူး။ ခွေးသားတွေ သူ့ကို ရှာကျွေးနေတဲ့ ကလေးကို ဖမ်းသွားသတဲ့ဗျာ။ ကဲ၊ ကျုပ်ကို ခေါက်ဆွဲ သုံးကိုပက် ပေးပါဦးဗျာ။ အမေ ဘာမျှစိတ်မပူနဲ့နော်။ ဒီလိုပဲ အထိုက်အလျောက်တော့ ဖြစ်သွားရမှာပေါ့ဗျာ" ပြောလျှင် အမေက၊

"ဒီလို အားပေးစကားပြောတာပဲ ကျေးဇူးတင်လှပါပြီ" ပြန်ပြောလေ၏။

အမေလည်း "အားပေးစကားတလုံးနှစ်လုံး ပြောရတာ ဝန်မလေးပါဘူး အမေ" ဟု ပြောကာ မီးထိုးသမားသည် ထွက်သွားလေ၏။

"စွပ်ပြုတ်ပူပူကလေးလည်း ရမယ်။ ခေါက်ဆွဲလည်း ရမယ်။ ဆန်ပြုတ်လည်း ရမယ်" ဟု အော်နေလေသည်။

ထိုအတွင်း စာရွက်စာတမ်းနှင့် ပတ်သက်၍ သူရရှိသည့် ပထမဦးဆုံး အတွေ့အကြုံကို သူ့သားအား မည်သို့မည်ပုံ ပြောရပါမည်နည်းဟု အမေသည် စဉ်းစားနေမိ၏။ တဖက်မှလည်း အကြံအိုက်၍ ဒေါသထွက်နေသည့် ပုလိပ်အရာရှိ မျက်နှာကို မြင်ယောင်နေမိ၏။ သူ၏ မည်းမှောင်သည့် နှုတ်ခမ်းနှင့် ဖြူဖွေးသည့် သွားတို့ကိုလည်း မြင်မိ၏။ အမေ၏ နှလုံးကား ဂွမ်းဆီထိသကဲ့သို့ ပီတိဖြစ်နေ၏။ သို့စာရွက်စာတမ်းများကို လျှို့ဗွက်စွာ ထုတ်ပေးလိုက်၊ အစားအစာတို့ကို တဖက်မှ ရောင်းလိုက်နှင့် အမေသည် မျက်ခုံးများကိုပင့်ကာ ပုလိပ်အရာရှိအား "ကဲ… ဒီမှာလေ ဒီဟာယူပါလား" ဟု စိတ်ကူးနှင့် ပြောနေမိလေသတည်း။

အခန်း တဆယ့်ခြောက်

ထိုနေ့ည လက်ဖက်ရည်သောက်နေစဉ်အတွင်း အမေသည် အပြင်ဘက်မှ ဖိနပ်သံနှင့် သူကြားနေကျ အသံတသံကို ကြားလိုက်ရာ ရုတ်တရက် မီးဖိုခန်းထဲမှဖြတ်၍ တံခါးဆီသို့ ပြေးလေ၏။ လှေကားထက်သို့ လျင်မြန်စွာ တက်လာသည့်အသံကို ကြားရပြီး သူ့မျက်စိထဲ၌ ဘာမျှမမြင်ရတော့ချေ။ ထိုနောက် တံခါးကိုဖွင့်၍ တံခါးလက်ကိုင်ကို ကိုင်ပြီး သူ့ကိုယ်သူ လဲမသွားအောင် ထိန်းထားရ၏။

အပြင်ဘက်မှလူသည် အိမ်ထဲသို့ဝင်လာပြီး "မင်္ဂလာပါ အမေ" ဟု နှုတ်ဆက်ကာ အမေ၏ ပခုံးနှစ်ဖက်ကို သူ၏ ရှည်လျားသေးသွယ်သည့် လက်မောင်းများနှင့် ဖက်ထားလိုက်၏။

အမေသည် သူ့ရင်တွင်းသို့ ဓားတလက် စူးဝင်သွားသကဲ့သို့ စိတ္တဇဝေဒနာ ခံစားလိုက်ရ၏။ ထိုနောက် အင်ဒရေကို မြင်သောအခါ ဝမ်းသာသွားပြန်၏။ ဤနည်းဖြင့် အမေ၏ ရင်တွင်း၌ ဝမ်းနည်းခြင်း၊ ဝမ်းမြောက်ခြင်း ဝေဒနာနှစ်ပါးသည် အလွန်ကြီးမားသည့် လှုပ်ရှားမှုကြီးတရပ် အဖြစ်ဖြင့် ပူးပေါင်းသွားရာ နောက်ဆုံး အမေ့အား မေတ္တာ ဒီလှိုင်းတခုက ဖုံးလွှမ်းသွားပြီး အင်ဒရေ၏ပခုံးပေါ်၌ မျက်နှာကို အပ်ကာ ငိုချမိလေ၏။ အင်ဒရေသည် အမေ့အား သူ၏တုန်ယင်နေသော လက်များနှင့် ဖက်ထား၏။ ထိုနောက် အမေ၏ ဆံပင်များကို လက်နှင့် သပ်ပေးရင်း

"အမေရယ် ငိုမနေပါနဲ့။ ဒါနဲ့ပတ်သက်လို့ အမေ စိတ်မချမ်းမသာ ဖြစ်မနေပါနဲ့။ သူ့ကို မကြာခင် သူတို့က လွှတ်ပစ်ရမှာ အမှန်ပဲ။ သူနဲ့ပတ်သက်လို့ ဘာမျှ အပြစ်ဖြစ်စရာ သူတို့ရှာမတွေ့ကြ ပါဘူး။ ဘယ်သူကမျှ မပြောဘူး။ ရေငုံနေကြပါတယ်" ဟု အားပေးစကားပြောနေရာ သူ၏စကားများသည် အမေ၏ နားထဲသို့ သကာရည် လောင်းလိုက်သကဲ့သို့ ရှိသွားလေ၏။

အင်ဒရေသည် အမေ၏ပခုံးများကို ဖက်ကာ အမေ့အား တဖက်ခန်းထဲသို့ ပို့လိုက်၏။ အမေကလည်း သူ့စကားကို အားပါးတရ နားထောင်လျက် မျက်ရည်များကို သုတ်ကာ လိုက်ပါသွားလေ၏။ ထိုနောက် အင်ဒရေက

"ပါဗယ်က အမေ့ကို နှုတ်ဆက်လိုက်ပါတယ် အမေ။ သူကတော့ ခါတိုင်းလိုပဲ ကျန်းကျန်းမာမာနဲ့ ပျော်ပျော်ရွှင်ရွှင်ပဲ။ ထောင်ထဲမှာတော့ လူတွေတိုးကျပ်နေတာပဲ။ မြို့ကရော ကျွန်တော်တို့ အလုပ်သမားရပ်ကွက်ထဲကပါ ဖမ်းထားလိုက်တာ၊ လူပေါင်းတရာ ကျော်တယ်။ ပြီးတော့ အခန်းတခန်းထဲမှာ သုံးယောက် လေးယောက် ပိတ်ထားတယ်။ ထောင်အရာရှိတွေက လူကောင်းတွေပါ။

ဒီဘီလူးသဘက် စစ်ပုလိပ်တွေက ပေးပေးနေတဲ့ အလုပ်တွေ၊ တာဝန်တွေ ကြောင့် သူတို့တတွေလည်း ပင်ပန်းကြလှပြီ။ သူတို့တတွေက သိပ်လည်း ကျပ်ကျပ်တည်းတည်း မကိုင်ကြပါဘူး။ သူတို့က လူကြီးမင်းတို့ ငြိမ်ငြိမ်သက်သာ နေကြပါဗျာ။ နို့မို့ရင် ကျွန်တော်တို့ တတွေ ဒုက္ခရောက်ကုန်ကြလိမ့်မယ်လို့ ခဏခဏ ပြောရှာကြတယ်။ ဒါကြောင့် အစစ အဆင်ပြေပါတယ်။ ကျွန်တော်တို့တတွေဟာ စုစုပြီး စကားပြောကြတယ်။ တယောက်နဲ့ တယောက် စာအုပ်တွေ ငှားကြတယ်။ ဖတ်ကြတယ်။ အစားအစာကျတော့လည်း ဝေငှစားကြ တယ်။ ထောင်မှူးကြီးကတော့ အိုပြီး ညစ်ပတ်တယ်။ ဒါပေမဲ့ အကျဉ်းသမားတွေအပေါ်မှာတော့ သဘောကောင်းပါတယ်။ အခြားရာဇဝတ်မှုနဲ့ ခံကြရတဲ့ ထောင်ကျတွေကလည်း လူကောင်းတွေ ဖြစ်ပြီး ကျွန်တော်တို့ကို အများကြီး ကူညီကြပါတယ်။ ဘူကင်ရယ်၊ ကျွန်တော်ရယ်၊ သည့်ပြင် လူလေးယောက်ရယ်ကို လွှတ်လိုက်ပြီ။ မကြာမီ ပါဗယ်အလှည့် ရောက်တော့မယ်။ ဗက်ဆော့ရှီကော့ကိုတော့ နောက်ဆုံးမှ လွှတ်လိမ့်မယ်။ သူကတော့ သူ့ဝါသနာအတိုင်း သူတို့ကို ကျိန်လွှန်း ဆဲလွှန်းလို့ သူတို့အားလုံးက သူ့ကို ဝိုင်းပြီး နှိပ်စက်ညှဉ်းပန်းကြတယ်။ စစ်ပုလိပ်တွေက သူ့ကို ကြည့်လို့မရကြဘူး။ သူ့ကို ရုံးမှာ အမှုရင်လည်းတင်မယ်၊ ဒါမှမဟုတ်ရင် တနေ့နေ့ ရိုက်ကြလိမ့်မယ်။ ပါဗယ်က သူ့ကို ဒီလိုမလုပ်ပါနဲ့လို့ အမြဲတမ်း ပြောပါတယ်။ သူတို့ကို သည်လိုကျိန်လို့ဆဲလို့ သူတို့တတွေဟာ ကောင်းလာမှာ မဟုတ်ဘူးလို့ ပြောပါတယ်။ သင်းတို့ကို အနာဖေးခွာသလို ဒီလောကကြီးက ခွာပစ်လိုက်မယ်လို့ သူက အော်… အော်နေတယ်။ ပါဗယ်ကတော့ ကောင်းကောင်းနေတယ်၊ တည်ငြိမ်တယ်၊ အနေမှန်တယ်၊ ကျွန်တော်ကတော့ သူ့ကို သူတို့တတွေက မကြာခင် လွှတ်ပစ် လိမ့်မယ်လို့ ယုံကြည်တာပဲ” ဟု ပြောပြနေပြန်၏။

အမေသည် ကရုဏာပါသည့် အပြုံးဖြင့် ပြုံးလျက် စိတ်နှလုံး ချမ်းမြေ့စွာ “အေး … ငါကလည်း မကြာခင်ကို လွှတ်လာလိမ့်မယ်လို့ ယုံကြည်ထားတာပဲ” ဟု တဖန် ပြန်၍ပြောလေ၏။

“ကဲ အားလုံးသဘောကျသွားပြီ မဟုတ်လား၊ ကျွန်တော့်ကို လက်ဖက်ရည် တခွက်လောက် ပေးပြီး အမေကော ဘာတွေ လုပ်နေတယ်ဆိုတာကို ပြောစမ်းပါဦး”

အမေသည် နူးညံ့သိမ်မွေ့ပြီး သနားကရုဏာတရားနှင့် ပြည့်ဝသည်ကို လည်းကောင်း၊ သူ၏ မျက်လုံးများတွင် မေတ္တာရောင်နှင့် ဝမ်းနည်းမှုရောင်များ သန်းလျက်နေသည်ကိုလည်းကောင်း အင်ဒရေသည် အကဲခတ်မိ၏။ အမေသည် မည်းနက်သော မုတ်ဆိတ်မွေးများ ပေါက်နေသည့် ယူကရိန်းသား၏ ပိန်ပါးပါးမျက်နှာကို သေသေချာချာ ကြည့်လျက်၊

“အင်ဒရေယူရှာ (ယူကရိန်းသား၏နာမည်) မင်းကို အမေက အခင်ဆုံးပဲ”

ဟု ပြောရာ ယူကရိန်းသားသည် ကုလားထိုင်ပေါ်၌ ရှေ့တိုးနောက်ငင် ယိမ်းထိုးလျက်…

"အမေက ကျွန်တော့်ကို အများကြီးမဟုတ်ဘူး နည်းနည်းကလေးလောက် ချစ်တယ်ဆိုရင်ကို ကျွန်တော် ကျေနပ်လှပါပြီ။ အမေ ကျွန်တော့်ကို ချစ်တယ်ဆိုတာကို ကျွန်တော် သိပါတယ်။ အမေဟာ တကယ့်ကို လူတိုင်းအပေါ်မှာ မေတ္တာထားနိုင်လောက်အောင် စိတ်သဘောထား ကြီးလှပါတယ်" ဟု ပြန်ပြောလိုက်၏။

"ဒါပေမဲ့ ငါက မင်းကို ပိုပြီးခင်တယ်။ မင်းမှာသာ အမေရှိရင် လူတိုင်းက မင်းအမေကို သည်လိုသားမျိုး မွေးမွေးတတ်ပလေဆိုပြီး အားကျမှာ အမှန်ပဲ"

ယူကရိန်းသားသည် ခေါင်းကိုခါပြီး လက်နှစ်ဖက်ဖြင့် ပွတ်လျက် အသံနှိမ့်၍

"ကျွန်တော့်မှာလည်း တနေရာရာမှာ အမေရှိတာပေါ့" ဟု ပြန်ဖြေ၏။ တဖန် အမေက...

"ကဲ... ကနေ့ အမေ ဘာလုပ်နေသလဲ သိသလား ပြောစမ်း" ဟု မေးပြီး စာရွက်စာတမ်းများကို အလုပ်ရုံထဲသို့ သူ မည်သို့မည်ပုံ ယူဆောင်သွားပြီး တိုးတက်သည့် အလုပ်သမားများ၏ အကူအညီဖြင့် မည်သို့မည်ပုံ ဖြန့်ချိဝေငှသည်ကို အားပါးတရ ပြောပြလေ၏။

ပထမသော် ယူကရိန်းသားသည် အံ့သြစွာ မျက်လုံးများ ပြူးသွား၏။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်ကာ၊

"ဒါကို အထင်သေးလို့မရဘူး အမေ၊ ဒါဟာ တကယ့် အထောက်အကူပဲ၊ ပါဗယ်များသိရင် တကယ့်ကို ဝမ်းသာမှာ။ သိပ်အံ့သြစရာကောင်းတာပဲ၊ အမေ၊ ပါဗယ်ရော လူတိုင်းကပါ တကယ်အံ့သြနေမှာ" ဟု ပြောပြလေ၏။

သို့ပြောရင်း သူ့ကိုယ်ကို ယိမ်းထိုးနေပြန်၏။ ထိုနောက် သူ့လက်ချောင်းများကို ချိုးရင်း ပျော်ပျော်ရွှင်ရွှင်ကြီး လေချွန်နေလေ၏။ အမေက "အင်ဒရေယူရှာ မင်းကတော့ တကယ် ကံကောင်းပါတယ်" ဟု အစချီကာ…

"အမေ့ဘဝကို အမေပြန်ပြီး စဉ်းစားကြည့်တဲ့အခါ အမယ်လေး ကရုဏာတော်ရှင် အရှင်ယေရှုသခင်ဘုရား၊ အမေဟာ ဘာပြုလို့ သည်လိုအသက်ရှင်နေရသလဲလို့ စဉ်းစားကြည့်တဲ့ အခါ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ခဲ့ရတာတို့၊ အရိုက်အနှက်ခံရတာတို့သာ တွေ့ရတယ်။ လူအများနဲ့ ပေါင်းသင်းဆက်ဆံဖို့ ဆိုတာမှာလည်း အမေ့ယောကျ်ားနဲ့မှအပ ဘယ်သူနဲ့မှလည်း မသိမကျွမ်းခဲ့ဖူးဘူး။ ကြောက်ဖို့ဆိုတာအပြင် ဘာမျှလည်း မသိခဲ့ဖူးဘူး။

ဘယ်လောက် အသိဉာဏ် မဲ့ခဲ့သလဲဆိုရင် ကိုယ့်သား ပါဗယ်တောင် ဘယ်လို လူလားမြောက်လာတယ်၊ ကြီးထွားလာတယ်ဆိုတာကို မသိခဲ့မိဖူးဘူး။ အမေ့ယောက်ျား ရှိစဉ်ကတော့ ပါဗယ်ကိုတောင် အမေ ချစ်ရဲ့လား၊ မချစ်ဘူးလားဆိုတာ မပြောတတ်ဘူး။ အမေ့ယောက်ျား အဲဒီလူရိုင်းကြီးကို 'ငါးခြောက်ဆို ဖုတ်ပြီးသားပါ ဘုရား' ဆိုတာမျိုး ဖြစ်အောင် သူစားချင်တဲ့အစာကို ဘယ်လို ရှာကျွေးရပါ့၊ သူ သဘောကျအောင် ဘာကို လုပ်ပေးရပါ့ဆိုတဲ့ ကိစ္စတွေအတွက်ကိုသာ အချိန်ရှိသရွေ့ စဉ်းစားနေရပြီး၊ အချိန်ရှိသရွေ့ တွေးပြီး ပူပန်နေမိတော့တာပဲ။ ဒါမှ သူက အမေ့အပေါ်မှာ ဒေါသမဖြစ်မှာ၊ မရိုက်မှာ၊ မနှက်မှာပေါ့။ ပြီးတော့ တခါတလေ အမေ့အပေါ်မှာ သနားစိတ်၊ ကြင်နာစိတ် ထားနိုးနိုးနဲ့ပေါ့။ ဒါပေမဲ့ အမေဖြင့် သူက အမေ့အပေါ်မှာ သနားတာ၊ ကြင်နာတာကို တခါမှ မမှတ်မိပါဘူး။ သူက အမေ့ကို သူ့မိန်းမ မဟုတ်သလို၊ တကယ့် ရန်သူပြိုးဘက်လို သဘောထားပြီး ရိုက်ခဲ့တာပါပဲ။ အဲဒီလိုဘဝမျိုးမှာ အမေဟာ အနှစ် ၂၀ လုံးလုံး နေခဲ့ရတာကွဲ့။ တို့ အိမ်ထောင်မကျခင်တုန်းက ဘယ်လိုလဲဆိုတာကို အမေဖြင့် မေ့တောင် မေ့နေပါပြီ။ နောက်ကြောင်းတွေကို ပြန်စဉ်းစားကြည့်ရင် ဘာမှ မှတ်မိသားမိ မရှိပါဘူး။ တကယ့် သဲကန္တာရကြီးလို ဟာလာဟင်းလင်းကြီးပဲကွဲ့။ ယေဂါလည်း ဒီမှာပဲ နေတယ်။ တို့နှစ်ယောက်ဟာ တမြို့တည်းသားချင်းပဲ၊ သူကတော့ ငယ်ငယ်က အဖြစ်အပျက် တို့ကို ပြောလိုက်တာ စုံနေတာပဲ။ အမေကတော့ တို့အိမ်နဲ့ လူတွေကိုသာ မှတ်မိတယ်။ ဒါပေမဲ့ သူတို့ ဘယ်လိုဖြစ်နေကြတယ်၊ သူတို့က ဘာပြောကြတယ်၊ သူတို့ ဘာတွေဖြစ်ကုန်ကြတယ် ဆိုတာကို မမှတ်မိဘူး။ မီး တခါလား၊ နှစ်ခါလား လောင်တာကိုပဲ သတိရမိတော့တယ်။ အို… အမေ့ဘဝကတော့ အမေ့ဝမ်းတွင်းမှာ ဘာမျှမကျန်အောင် ရိုက်ပုတ် ထုတ်ပြီး အမေ့စိတ်ထဲမှာ ဘာတခုမျှ မကျန်တော့အောင်၊ စိတ်မဝင်စားနိုင်အောင် လုပ်ထားသလိုပါပဲကွယ်" ဟု တအားအန်ချလိုက်လေ၏။

ထိုနောက် အမေသည် ရေထဲမှ ကုန်းပေါ်သို့ ပစ်တင်လိုက်သည့် ငါးသဖွယ် အသက်ကို မနည်း ကြိုးစား၍ ရှူနေလေ၏။ တဖန် ကိုယ်ကို ရှေ့သို့ကိုင်းကာ အသံကို နှိမ့်လျက်…

"အမေ့ယောက်ျားဆုံးတော့ အမေဟာ အမေရဲ့တဦးတည်းသားဘက် လှည့်တော့မယ်ဆိုပြီး လှည့်လည်းလှည့်လိုက်ပါရော သူကလည်း ဒီအလုပ်နဲ့ကို မအားတော့ဘူး။ အမေ့ကိုတောင် အရေးမစိုက်တော့ဘူး။ အဲဒါဟာ အလွန် အခံရ ကျပ်တယ်ကွဲ့၊ အမေဟာ သူ့အတွက် အစိုးရိမ်ဆုံးပဲ။ သူများ မဆိုစကောင်း တခုခုဖြစ်သွားရင် အမေ ဘယ့်နှယ်လုပ်ပြီးနေရပါ့။ အမေ ဘယ်လောက် စိတ်ဒုက္ခရောက်သွားမလဲ။ သူများ တခုခု ဖြစ်သွားရင်ဆိုတဲ့ အတွေးမျိုးကို တွေးမိတိုင်း အမေဟာ ရင်ကွဲတော့မတတ်ပါဘဲကွယ်" ဟု ပြောပြီး တခဏမျှ

ရပ်သွားပြန်၏။ ထို့နောက် သူ၏ဦးခေါင်းကိုယမ်းလျက် အလွန် လေးနက်သော အမူအရာဖြင့်၊ "အမေတို့ မိန်းမသားတွေရဲ့မေတ္တာဟာ မေတ္တာသန့်သန့်တင် မဟုတ်ဘူးကွဲ့။ တို့တတွေက တို့တတွေ အကျိုးစီးပွားအတွက် လိုအပ်တဲ့ဟာကိုလည်း ချစ်တတ်၊ ခင်တတ်တယ်။ ဒါပေမဲ့ အမေက မင်းကို မြင်တဲ့အခါ မင်းအမေအတွက် စိတ်မချမ်းသာမိဘူး။ သည်လူတွေအားလုံးကို ကြည့်ပြန်တော့လည်း သူများအတွက် ဒုက္ခတွေ၊ ဆင်းရဲတွေကို ခံနေကြရတာ။ ထောင်ကျတဲ့ လူက ကျလိုက်၊ ဆိုက်ဘေးရီးယားကို ပြည်နှင်ဒဏ်ခံရတဲ့သူက ခံရလိုက်၊ မိန်းကလေးတွေက လည်း အသက်ကလေးငယ်ငယ်နဲ့ တယောက်တည်း အချိန်မတော် ရွံ့ထဲ၊ မိုးထဲ၊ ဆီးနှင်းထဲမှာ ခရီး ၂ တိုင်ခွဲ ၃ တိုင် ဝေးတဲ့ မြို့နဲ့ တို့အိမ်ကို ကူးလိုက်ရ၊ သန်းလိုက်ရ၊ လာလိုက်ရနဲ့ လုပ်နေလိုက်ကြရတာ။ ဘာပြုလို့ဆိုတော့ သူတို့မှာ တကယ့်ကို ကြီးမားတဲ့၊ မွန်မြတ်တဲ့၊ သန့်ရှင်းတဲ့ မေတ္တာစိတ် ရှိလို့ပဲ။ ဒါပေမဲ့ အမေကတော့ သည်လို မေတ္တာမထားတတ်ဘူး။ အမေကတော့ ကိုယ့်ဥမှ ဥထင်တာပဲ။ အမေနဲ့ နီးနီးကပ်ကပ် လူတွေကိုမှ မေတ္တာထားနိုင်တယ်" ဟု ပြောပြန်လျှင် ယူကရိန်းသားသည် ဦးခေါင်းကို တဖက်သို့လှည့်ပြီး သူ၏ဦးခေါင်း၊ ပါးနှင့် မျက်စိများကို သူ့အကျင့်အတိုင်း လက်ဝါးများဖြင့် ပွတ်ကာ...

"အမေလည်း အမေပြောသလို နီးစပ်တဲ့ လူတွေလောက်ကိုသာ ချစ်တာခင်တာ မဟုတ်ပါဘူး။ လူတိုင်းကတော့ ကိုယ့်ဥမှ ဥထင်တတ်တဲ့သဘော။ ကိုယ်နဲ့ နီးစပ်တဲ့လူကိုမှ ချစ်တတ် ခင်တတ်တဲ့ သဘောရှိတာပေါ့။ ဒါပေမဲ့ မေတ္တာစိတ်ကြီးမားတဲ့ လူတွေကတော့ ကိုယ်နဲ့ အလှမ်းဝေးတဲ့၊ မနီးစပ်တဲ့ လူတွေအပေါ်မှာလည်း မေတ္တာစိတ် ထားနိုင်တာပေါ့။ အမေဟာ အလွန်မွန်မြတ်ကြီးမားတဲ့ အလုပ်တွေကို လုပ်နိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အမေမှာ မိခင်မေတ္တာစိတ် ရှိလို့ပါ" ဟု ပြန်ပြောလေ၏။

"အေး သည်မေတ္တာစိတ်ကို ဘုရားသခင်ကိုယ်တော်မြတ်က ပေးသနားတော်မူပါစေ။ အမေက သည်လို မေတ္တာတရားနဲ့ နေရတာဟာ ကောင်းတယ်ဆိုတာသိတယ်၊ အခု မင်းကို အမေ ချစ်တယ်။ ပါဗယ်ထက်တောင် ချစ်သေးတယ်။ သူက သူ့ဘာသာသူ နေတယ်။ ကဲ... ကြည့်စမ်းပါဦး၊ သူက ဆာရှာနဲ့ လက်ထပ်ချင်တယ်။ ဒါတောင် အမေတယောက်လုံးကို သည်ကိစ္စနဲ့ ပတ်သက်လို့ တခွန်းမှမပြောဖူးဘူး"

"အဲဒါမဟုတ်ဘူး အမေ။ သည်ဟာ မဟုတ်ဘူးဆိုတာကို ကျွန်တော် ဒိဋ္ဌ သိပါတယ်၊ သူက ဆာရှာကို မေတ္တာရှိတယ်။ ဆာရှာကလည်း သူ့ကို မေတ္တာရှိတယ်။ အဲ မှန်တယ်။ ဒါပေမဲ့ သူတို့ ဘယ်တော့မှ လက်ထပ်ကြမှာ မဟုတ်ဘူး၊ ဆာရှာက လက်ထပ်ချင်တယ်။ သူက လက်မထပ်ချင်ဘူး အမေ"

အမေသည် ယူကရိန်းသား၏မျက်နှာကို ဝမ်းနည်းစွာကြည့်ပြီး လေးလေးနက်နက် တွေးတောကာ

"အမေ သိပါတယ်၊ ဒါပေါ့ လူတွေဟာ ကိုယ်ရဲ့ ချမ်းသာ ပျော်ရွှင်မှုကိုတောင် စွန့်နေကြတာဟာ" ဟု ပြောရာ ယူကရိန်းသားက ကြားဖြတ်၍၊

"ပါဗယ်လိုလူက ရှားတယ် အမေ၊ တကယ့်ကို စိတ်ဓာတ်က အလွန်ခိုင်မာတဲ့လူပဲ" ဟု ပြောလေ၏။

"အေး အခုတော့ သူက ထောင်ထဲရောက်နေပြီ။ အဲဒါဟာ ကြောက်စရာကောင်းတယ်။ ဒါပေမဲ့ သိပ်တော့ ကြောက်စရာမကောင်းဘူး။ ဘဝဟာ တမျိုးတဖုံဖြစ်လာပြီး အမေရဲ့ကြောက်စိတ်တွေ ကလည်း တမျိုးတဖုံ ဖြစ်သွားပြီ။ အခု အမေဟာ လူတိုင်းအတွက် ကြောက်ရွံ့ထိတ်လန့် နေတာပဲ။ အမေရဲ့အသိဉာဏ်က ပြောင်းလာတော့ အမေ့စိတ်ဓာတ်ကလည်း ပြောင်းလဲလာတော့တာပေါ့။ အဲဒီလို ပြောင်းလဲလာတဲ့အခါ ကိုယ်ရေးကိုယ်တာလောက်သာ မဟုတ်ဘဲ အပြင်ပတ်ဝန်းကျင်ကိုပါ မျှော်ကြည့်လိုက်တော့ အမေဟာ ဝမ်းနည်းလာတယ်။ ဒါပေမဲ့ ဝမ်းလည်းသာတယ်။ အမေ မသိတာ၊ နားမလည်တာတွေ အများကြီးရှိတယ်။ ပြီးတော့ မင်းတို့တတွေက ဘုရားသခင် ကိုယ်တော်မြတ်ကို မယုံကြည်ကြတဲ့အတွက် အမေဟာ အလွန်ကို ဝမ်းနည်းတယ်။ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ အမေ ဘာတတ်နိုင်ပါ့မလဲ။ မင်းတို့တတွေ အားလုံးဟာ တကယ် ကောင်းတယ်ဆိုတာကို အမေ သိနေတာပဲ။ မင်းတို့တတွေဟာ လူတွေအတွက် ကျပ်ကျပ်တည်းတည်း၊ ဆင်းဆင်းရဲရဲ နေကြရတယ်။ အမှန်တရားအတွက် အလွန် ခက်ခက်ခဲခဲ နေကြရတယ်။ အခု အမေဟာ မင်းတို့ရဲ့ အမှန်တရားကို နားလည်လာပြီ။ ချမ်းသာတဲ့ လူတွေရှိသမျှ ကာလပတ်လုံး ဆင်းရဲတဲ့လူတွေဟာ ဘာမျှရနိုင်မှာ မဟုတ်ဘူး။ သူတို့တတွေဟာ ဘယ်တော့မျှ ပျော်ပျော်ရွှင်ရွှင် နေကြရမှာလည်း မဟုတ်ဘူး။ တရားမျှတမှု ဆိုတာကိုလည်း ရကြမှာမဟုတ်ဘူး။ ဘာမျှကို ရကြမှာမဟုတ်ဘူး။ အခု အမေဟာ မင်းတို့တတွေနဲ့ အတူနေကြတော့ တခါတလေ ညည အတိတ်က အဖြစ်အပျက်တွေကို ပြန်စဉ်းစားမိတယ်။ အမေရဲ့နုနယ်တဲ့ခွန်အားကို ဖိနပ်အောက်မှာ အချေအမွခံရတာတွေ၊ လက်သီးဒဏ်နဲ့ အမေ့အသည်းနှလုံး တုန်ခဲ့ရတာတွေကို စဉ်းစားမိတယ်။ အဲဒီတော့ အမေဟာ ဝမ်းနည်းမိတယ်။ စိတ်လည်း အကြီးအကျယ် ညစ်မိတယ်။ ဒါပေမဲ့ အခုတော့ အမေ့ဘဝဟာ အတော်ကလေး ကောင်းလာပြီ။ တဖြည်းဖြည်း အမေဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်သူလဲ၊ ဘာလဲဆိုတာကို မြင်မြင်လာပြီကွဲ့"

ယူကရိန်းသားသည် မတ်တတ်ရပ်လိုက်၏။ လေးလေးနက်နက် တွေးနေ၏။ အခန်းတွင်း၌ လမ်းလျှောက်နေ၏။ စကားတခွန်းမှမပြောဘဲ ငြိမ်နေ၏။

ထို့နောက် ဖြည်းညင်းစွာ၊

"အမေပြောတာ သိပ်ကောင်းတယ်။ တကယ့်ကို ကောင်းတယ်။ တခါက ကာ့ချ်မြို့မှာ ရေဟူဒီလူမျိုး လူငယ်ကလေးတယောက် နေခဲ့တယ်။ သူက ကဗျာလင်္ကာတွေကို ရေးလေ့ ရှိတယ်။ တနေ့တော့ သူက အသတ်ခံကြရတဲ့ အပြစ်မဲ့တဲ့သူတွေကို သစ္စာတရားက ပြန်လည် ကယ်တင်ပါလိမ့်မယ်လို့ ရေးခဲ့တယ်။

"သူ့ကိုလည်း ကာ့ချ်မြို့မှာ ပုလိပ်တွေက သတ်ပစ်လိုက်ကြတယ်။ ဒါပေမဲ့ အဲဒီဟာက အရေးမကြီးဘူး။ သူဟာ သစ္စာတရားကို သိတယ်၊ မြင်တယ်။ ပြီးတော့ ဒီသစ္စာတရားကို ပြည်သူလူထုအကြားမှာ မျိုးစေ့ချခဲ့တယ်။ အမေလည်းပဲ ဒီအပြစ်ကင်းစင်တဲ့ လူတွေမှာ တယောက် အပါအဝင်ပဲ"

"အခုတော့ အမေက စကားပြောလာပြီကွဲ့၊ အမေလည်း စကားပြောပြီး ကိုယ့်စကားကိုပြန်ပြီး နားထောင်ကြည့်တော့ ကိုယ့်ကိုယ်ကိုတောင် ပြန်မယုံနိုင်သလို ဖြစ်လာတယ်။ အမေ့ တဘဝလုံးလုံး အင်း တနေကုန်လို့ တမိုးသောက်လာရင် ငါ ဘယ်လိုလုပ် နေရပါ့မလဲ ဆိုတာကိုသာ စဉ်းစားနေမိတယ်။ ငါ့ကို ဘယ်သူကမျှ မနှိပ်စက်အောင် ငါ ဘယ်လိုလုပ်ပြီး နေရပါ့မလဲလို့သာ တွေးတွေးနေမိခဲ့တယ်။ အခုတော့ အမေဟာ အခြားသူတွေအတွက်ပါ စဉ်းစား စဉ်းစားလာတယ်။ မင်းတို့ အခု လုပ်ကိုင်နေကြတဲ့အရေးဟာ ဘယ်သူ့အရေးလဲ၊ ဘာအရေးလဲဆိုတာကိုတော့ နားလည်ချင်မှ နားလည်မပေါ့။ ဒါပေမဲ့ မင်းတို့အားလုံးနဲ့ ငါဟာ ခင်မင်ရင်းနှီးနေပြီ။ အဲဒီတော့ မင်းတို့တွေအတွက် သံယောဇဉ်တွေငြိပြီး မင်းတို့အားလုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေစေချင်တယ်။ အထူးသဖြင့် မင်းကို စိတ်ချမ်းချမ်းသာသာ ဖြစ်နေစေချင်တယ်"

ယူကရိန်းသားသည် အမေ့ထံသို့လာပြီး "ကျေးဇူးတင်ပါတယ် အမေရယ်" ဟု ပြောကာ အမေ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေ၏။ ထို့နောက် ရုတ်တရက် အခြားတဖက်သို့ လှည့်သွား၏။ အမေသည် ဖန်ခွက်များနှင့် ပန်းကန်များကို တဖြည်းဖြည်း ဆေးရင်း ပီတိဖြစ်နေလေသည်။ တဖန် ယူကရိန်းသားသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း

"နစ်ကိုလိုင်ကိုလည်း နည်းနည်းလောက်တော့ ကြင်နာပါဦး အမေရယ်။ သူ့အဖေ အရက်အိုးကြီး ကလည်း ထောင်ထဲမှာ ရောက်နေတယ်။ နစ်ကိုလိုင်က သူ့ကို မြင်လိုက်တိုင်း မြင်လိုက်တိုင်း ကျိန်ဆဲတော့တာပဲ။ ဒါလည်း ကောင်းတာတော့ မဟုတ်ဘူးပေါ့။ နစ်ကိုလိုင်ဟာ ပင်ကိုသဘော အနေနဲ့ ကြင်နာတတ်တယ်။ သနားတတ်တယ်။ သူက ခွေးတွေ၊ ကြွက်တွေကအစ တိရစ္ဆာန်အားလုံးကို သနားတတ်တယ်။ ဒါပေမဲ့ လူတွေကိုတော့ သူက မုန်းတယ်။ လူသားတယောက်ဟာ ဘယ်လိုဖြစ်နိုင်တယ်ဆိုတာကိုသာ ကြည့်ပေတော့ အမေ"

ဟု ပြောသောအခါ အမေက စဉ်းစားရင်း၊

"အင်း၊ အမေကလည်း ဆုံးပြီ။ အဖေက ခိုးလည်းခိုး၊ သောက်လည်းသောက် ဆိုတော့" ဟု ညည်းတွားနေလေ၏။

ယူကရိန်းသားသည် အိပ်ရန် ထွက်သွားသောအခါ အမေသည် သူ မသိအောင် သူ့အား လက်ဝါးကပ်တိုင်သဖွယ် လုပ်လိုက်သေး၏။ ထို့နောက် နာရီဝက်ခန့်ကြာသောအခါ ယူကရိန်းသားအား၊ "အိပ်ပြီလားကွယ့် အင်ဒရေယူရှာ" ဟု လှမ်းမေးလိုက်၏။

"မပျော်သေးပါဘူး အမေ၊ ဘာပြုလို့တုံး"

"မင်္ဂလာရှိတဲ့ ညပါကွယ်"

"ကျေးဇူးတင်ပါတယ် အမေ၊ ကျေးဇူးတင်ပါတယ်"

အခန်း တဆယ့်ခုနစ်

နောက်တနေ့ အမေ အလုပ်ရုံတံခါးဝသို့ ရောက်သောအခါ အစောင့်များက သူ့ကို တား၍ တောင်းများကို အချခိုင်းပြီး ကျကျနန ရှာကြလေ၏။

အစောင့်များက သူ၏အဝတ်များကို ကြမ်းကြမ်းတမ်းတမ်း စမ်းကြည့်နေကြစဉ် အမေက၊

"အင်း၊ ဟင်းတွေ၊ ခေါက်ဆွဲတွေကတော့ အကုန်လုံး အေးကုန်တော့မှာပဲ" ဟု ပြစ်တင်စကား ပြောလိုက်ရာ အစောင့်တယောက်က၊

"စကားရှည်မနေနဲ့ အသာနေစမ်း" ဟု ဟောက်လိုက်၏။ အခြား အစောင့်တယောက်ကမူ အမေကို အသာတွန်းလိုက်ပြီး

"သူတို့က ဒါတွေကို ဝင်းထရံပေါ်ကကျော်ပြီး ပစ်ပစ်ချတာ" ဟု ပြောနေပြန်၏။

ဤကဲ့သို့ အရှာအဖွေခံရပြီးနောက် အမေ အလုပ်ရုံထဲသို့ ရောက်လျှင်ရောက်ချင်း သူ့ထံသို့ ပထမဦးဆုံး ရောက်လာသူကား အလုပ်သမားကြီး ဆီးဇော့ပင် ဖြစ်၏။ သူက ဘေးပတ်ဝန်းကျင်ကို တချက်မျှကြည့်ပြီး အမေ့အား လေသံတိုးတိုးဖြင့်၊ "အမေ၊ ကြားပြီလား" ဟု မေးရာ အမေက၊ "ဘာလဲ" ဟု ပြန်မေးလေ၏။

"ဟိုစာရွက်စာတမ်းတွေပေါ့၊ အလုပ်ရုံထဲ ပေါ်လာပြန်ပြီလေ။ ခွေးလေးပျား တောနဲ့ ဆိုသလို နေရာတကာ နှံ့နေတော့တာပဲ။ အင်း သူတို့ကတော့ ရှာကြတယ်၊ ဖမ်းကြတယ်။ ကျုပ်တူ မက်ဇင်ကိုတောင် ဖမ်းပြီး ထောင်ချလိုက်သေးတယ်။ ဘာကိစ္စလဲဆိုတာဖြင့် မပြောတတ်ဘူး။ ခင်ဗျားသားကိုလည်း ဖမ်းကြတာပဲ။ ကဲ အခု သူတို့ကို ဖမ်းထားပေမဲ့ စာရွက်တွေက ပလူပျံသလို ဖြစ်လာပြန်တော့ ဒီစာရွက်စာတမ်းတွေဟာ သူတို့ လက်ချက်မဟုတ်ဘူး ဆိုတာကို လူတိုင်း သိမြင်လာတာပေါ့" ဟု ပြောကာ ဆီးဇော့သည် သူ၏မုတ်ဆိတ်မွေးကို လက်နှင့်ဆွဲပြီး အမေ့အား ရယ်စရာ မျက်နှာထားနှင့် ကြည့်၍

"အမေ ဘာပြုလို့ ကျုပ်ဆီ မလာတာလဲ။ တယောက်တည်း ပျင်းနေမှာပေါ့" ဟု ဆက်၍ပြောပြန်၏။

အမေသည် သူ့အား ကျေးဇူးတင်ကြောင်းပြော၍ သူ့တွင်ပါလာသည့် အစားအစာတို့ကို အော်ဟစ် ရောင်းချနေလေ၏။ အလုပ်ရုံအတွင်း၌

ခါတိုင်းနှင့်မတူဘဲ လှုပ်လှုပ်ရွ ဖြစ်နေသည်ကိုလည်း သတိပြုမိ၏။ အလုပ်သမားသည် ဟိုနေရာတစု၊ သည်နေရာတစု စုလိုက်ဝေးလိုက် လုပ်ကြပြီး လူစုခွဲကြပြန်၏။ အလုပ်ခန်း တခန်းမှ တခန်းသို့လည်း ကူးနေကြ၏။ တစုံတခုတော့ သူတို့တတွေ ရဲရဲရင့်ရင့် လုပ်ကြကိုင်ကြတော့မည်ဟု အမေသည် အကဲခတ်မိ၏။ ပြောင်သလို လှောင်သလို ပြောကြသည့်စကားသံများနှင့် သတ္တိရှိရှိနှင့် လုပ်ဖို့ အားပေးသည့်စကားများ ကိုလည်း မကြာခဏ ကြားနေရ၏။ အသက်အရွယ်ကြီးသည့် အလုပ်သမားကြီးများက တိတ်တိတ်ပုန်း ပြုံးနေကြ၏။ အလုပ်စုံ အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး စသည့်သူများကမူ စိုးရိမ်သောက မကင်းသည့် မျက်နှာများနှင့် ဖြတ်သန်းသွားလာနေကြ၏။ ပုလိပ်များမှာလည်း ဟိုပြေးလိုက်၊ သည်လွှားလိုက် လုပ်နေကြ၏။ လူစုလူဝိုင်းဖွဲ့၍ စကားပြောနေကြသည့် အလုပ်သမားများသည် ပုလိပ်များကို မြင်လျှင် လူစုခွဲလျှင်လည်း ခွဲပစ်ကြ၏။ စကားအပြောကို ရပ်လျှင်လည်း ရပ်ပစ်လိုက်ကြပြီး ဒေါသရောင် သန်းနေသည့် ပုလိပ်တို့၏ မျက်နှာများကို စိုက်ကြည့်နေကြလေသည်။

အလုပ်သမားတို့၏ မျက်နှာများသည် ကြည်လင်ရွှင်ပျလျက်ရှိကြ၏။ အမေသည် ဗာဆီလီကို မြင်လိုက်၏။ သူ့နောက်မှ သူ့ညီ အိုင်ဗင်သည် ရယ်ရယ်မောမောနှင့် ပါလာ၏။

လက်သမားရုံမှ ဖိုမင် ဗာဗီလော့နှင့် အလုပ်သမားများ၊ လုပ်ခွင် မှတ်တမ်းစာရေး အိုင်ဆိုင်တို့ နှစ်ယောက်သည် အမေ့အနားမှ ဖြတ်ကာ ဖြည်းညင်းစွာ လျှောက်လာကြ၏။ လူအိုနောက်ကျ သားကဲ့သို့ ကျုံ့ကျုံ့ယုံ့ယုံ့ သေးသေးကွေးကွေး အိုင်ဆိုင်သည် ဗာဗီလော့၏ ကြောက်မက်ဖွယ် ကောင်းသည့် မျက်နှာကို မော့မော့ကြည့်ရင်း စကားတပြောပြောနှင့် သွားနေရာမှ

“သူတို့တတွေက ဒါကို ပြောင်သလိုလို နောက်သလိုလို လုပ်နေကြတယ်။ အမှန်ကတော့ သည်ကိစ္စဟာ ကျုပ်တို့ရဲ့ညွှန်ကြားရေးမှူးက အမိန့်ရှိသလို နိုင်ငံတော်ကို ဖျက်ဆီးတာပဲ။ အဲဒီတော့ ဒီပေါင်းပင်တွေကို နုတ်နေဖို့ မဟုတ်ဘူးဗျာ့။ ပေါင်းပင်တွေအောက်ကမြေကို ထွန်နဲ့ လှန်ပြီး ထိုးပစ်ဖို့ပဲ”

ဗာဗီလော့သည် လက်သီးများကို ကျစ်နေအောင်ဆုပ်လျက် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ လမ်းလျှောက်ရင်း အသံကျယ်ကျယ်ဖြင့်၊

“အေး၊ ခွေးမသား ကြိုက်သလို ရေးလိုက်၊ နှိပ်လိုက်ပေါ့၊ ဒါပေမဲ့ ငါ့အကြောင်းများတော့ တလုံးလောက် ထည့်ရေးဝံ့ ရေးစမ်းပေါ့ကွာ” ဟု ပြောနေလေ၏။

ထိုအတွင်း ဗာဆီလီသည် အမေ့အနီးသို့လာ၍ “အင်း၊ အမေ့ ထမင်းတပွဲတော့ စားလိုက်ဦးမယ်။ အမေ့ ထမင်းဟင်းက ကောင်းတယ်” ဟု

ပြောပြီး တဖန် အသံကိုနှိမ့်ကာ မျက်လုံးများကို မှေးလျက်၊

"ကျွန်တော်တို့ ဖြစ်နေစေချင်သလို ဖြစ်နေပြီ အမေ။ လုပ်ငန်းကတော့ ကောင်းပါတယ်" ဟု ဆက်ေပြာနေပြန်ရာ အမေက သူ့အား ခင်မင်စွာနှင့် ဦးခေါင်းကို ညိတ်လိုက်၏။

အလုပ်သမားရပ်ကွက်တွင် ဖျက်လိုဖျက်ဆီး အလုပ်တတ်ဆုံးလူဟု လူအများက ယူဆထားကြ သည့် ဤလိုလူက သူ့အား ရိုရိုသေသေ စကားပြောသဖြင့် အမေသည် ကျေနပ်နေ၏။ အလုပ်ရုံထဲ၌ လှုပ်လှုပ်ရွရွ ဖြစ်နေသည့် အခြေအနေကိုကြည့်ပြီး သဘောလည်း ကျနေမိ၏။ ထို့နောက် "အင်း၊ ငါသာ ဒီလိုမလုပ်လို့ရှိရင်" ဟု တွေးနေမိလေ၏။

လုပ်ငန်းမကျွမ်းကျင်သေးသည့် အလုပ်သမား သုံးယောက်သည် အမေနှင့် မလှမ်းမကမ်း၌ ရပ်နေကြ၏။ သူတို့အထဲမှ တယောက်က ဝမ်းနည်းသည့် အမူအရာဖြင့်၊ "ဘယ်မှာမှ ရှာမတွေ့ဘူးဗျာ" ဟု တိုးတိုးညည်းလိုက်၏။ အခြားတယောက်ကမူ၊

"အဲသည်အထဲ ဘာပါတယ်ဆိုတာကို ကြားချင်လိုက်တာ ကျုပ်ကိုယ်တိုင်တော့ စာမဖတ်တတ် ဘူး။ ဒါပေမဲ့ တော်တော်ကလေး ထိအောင် ရေးထားတာကတော့ သေချာတယ်" ဟု ပြော၏။ တတိယ အလုပ်သမားကမူ ဘေးပတ်ဝန်းကျင်ကို ကြည့်လျက်၊

"ကဲ ကျုပ်တို့ ဘွိုင်လာခန်းထဲ သွားကြစို့ဗျာ" ဟု ဆိုလေသည်။

ဗာဗီလော့သည် အမေ့ကိုကြည့်ပြီး မျက်စိကို မှိတ်ပြပြီးလျှင်... "ကဲ၊ အမေ ကြည့်လေ ဘာဖြစ်နေတုံးဆိုတာကို" ဟု ပြော၏။

အမေသည် အလွန်ကျေနပ်လှစွာ အိမ်သို့ ပြန်လာရာ မြေကြီးနှင့် ခြေထောက်များပင် ထိဟန်မတူတော့ချေ။

ထိုနောက် ယူကရိန်းသားအား၊

"လူတွေက စာမဖတ်တတ်လို့ စိတ်မကောင်းကြဘူး၊ အမေ ငယ်ငယ်တုန်းက ဖတ်တတ်တယ်။ ဒါပေမဲ့ အခုတော့ မေ့ကုန်ပြီကွဲ့"

"ဘာဖြစ်လို့ မသင်တာတုံး အမေ"

"အမေတို့ အရွယ်ကျမှ သင်လို့ဖြစ်ပါ့မလား၊ ဘေးက လူတွေမြင်ရင် ဝိုင်းပြီး ရယ်အောင်လို့လား"

သို့ရာတွင် ယူကရိန်းသားသည် စာအုပ်တအုပ်ကို ယူပြီး စာအုပ်အဖုံးပေါ်မှ စာလုံးတလုံးကို ထောက်ပြကာ၊

“ဒါ ဘာလဲ အမေ” ဟု မေးလျှင် အမေက ပြုံးလျက်၊

“အာ (ရ်)” ဟု ပြန်ဖြေလေ၏။

“ကဲ၊ ဒီဟာကတော့ကော”

“အေ”

အမေသည် သူ့ကိုယ်သူ ပြန်စဉ်းစားမိပြီး ရှက်သလိုလို ဖြစ်လာ၏။ ယူကရိန်းသား၏ မျက်လုံးများသည် သူ့ကို ကြည့်ပြီး တိတ်တိတ်ခိုး ရယ်နေသည်။ ထို့ကြောင့် သူသည် ယူကရိန်းသားနှင့် မျက်လုံးချင်း မဆိုင်ဝံ့ချေ။ သို့ရာတွင် သူ၏အသံသည် ဖြည်းညင်း၍သိမ်မွေ့ပြီး သူ၏မျက်နှာသည် တည်ငြိမ်လျက်ရှိ၏။ ထိုကြောင့် အမေ တချက်မျှ မရယ်ချင့်ရယ်ချင် ရယ်လျက် “ဟဲ့၊ မင်းက ငါ့ကို တကယ့်ကို စာသင်မယ်လို့လား အင်ဒရေယူရှာ” ဟု မေးလေ၏။

“ဘာပြုလို့ မသင်ရမှာလဲ အမေ၊ အမေ အရင်က ဖတ်တတ်ခဲ့ရင် လွယ်လွယ်ကလေးနဲ့ပြန်ပြီး အမှတ်ရလာမှာပါ။ အသက်ကြီးမှ စာသင်တာ ဘာအန္တရာယ်မှ မရှိဘူးလို့ ပြောကြပါတယ်”

“ဘုရားသခင်ကိုယ်တော်မြတ်ကို စိုက်ကြည့်နေရုံနဲ့ ရဟန္တာ မဖြစ်ဘူးလို့ ပြောတဲ့စကားကလည်း ရှိသေးတယ်”

ထိုအခါ ယူကရိန်းသားသည် ဦးခေါင်းကို ယမ်းလျက်၊

“ဒီလိုပြောတဲ့ စကားတွေကတော့ အများသားပဲ။ ပိုသိလေ ပိုစိတ်မချမ်းသာလေ ဆိုတဲ့ စကားကော။ ဒါပေမဲ့ ဒါတွေက ဦးခေါင်းထဲက တွေးတဲ့ အတွေးတွေ မဟုတ်ပါဘူး။ ဗိုက်ထဲက တွေးတဲ့ အတွေးတွေပါ။ ကဲ ဒီစာလုံးက ဘာလဲ” ဟု မေးလေ၏။

“အယ် (လ်) ပေါ့”

“ဟုတ်ပြီး ကဲ၊ ဒီစာလုံးကကော”

အမေသည် စာလုံးကို မျက်မှောင်ကြုတ်ကြည့်ပြီး သူမေ့နေသော စာလုံးများကို တအားပြန်၍ စဉ်းစားနေ၏။ အခြားကိစ္စများကိုလည်း သူ သတိမရတော့။ ကြာသော်၊ မျက်လုံးများ ညောင်းလာပြီး မျက်ရည်ပူများ ကျလာ၏။ ထို့နောက် စိတ်ပျက်လက်ပျက်နှင့် ငိုမိပြန်၏။ တဖန်၊

"အင်း၊ စာဖတ်သင်တယ်တဲ့။ အသက်လေးဆယ်ရှိကာမှ အေ-ဘီ-စီကို သင်ရသေးတယ်" ဟု ညည်းညူနေလေ၏။

ထိုအခါ ယူကရိန်းသားက နှစ်သိမ့်အားပေးသည့် လေသံဖြင့်

"မငိုပါနဲ့ အမေ၊ အမေဟာ အမေနေချင်တဲ့ဘဝကို အမေ့ဘာသာ အမေ မရွေးချယ်နိုင်ဘူး။ ဒါပေမဲ့ အမေ့ဘဝဟာ ဘယ်လောက်ယုတ်ညံ့ ဆိုးဝါးတယ် ဆိုတာကိုတော့ အမေဟာ သိနေပြီ။ လူထောင်ပေါင်းများစွာဟာ သူတို့ဘဝကို သည့်ထက်ကောင်းအောင် ဖန်တီးပြီး နေချင်တယ် ဆိုရင် နေလို့ရတယ်။ ဒါပေမဲ့ သူတို့က အရိုင်းအစိုင်းတွေလိုပဲ နေကြတယ်။ ပြီးတော့ အဲဒီဘဝကိုလည်း သိပ်ကောင်းလှုပြီလို့တောင် ထင်နေကြသေးတယ်။ လူတဦးတယောက်ဟာ တနေ့လာလည်း အလုပ်လုပ်လိုက်၊ စားလိုက်၊ တနေ့လာလည်း အလုပ်လုပ်လိုက်၊ စားလိုက်နဲ့ချည်း တသက်လုံး နေသွားတာပဲ။ သူ့ဘဝဟာ အလုပ်လုပ်ရုံနဲ့ စားရုံပဲပေါ့၊ အဲဒါ ဘာများကောင်းတဲ့အကွက်ရှိလို့တုံး။ ဒီကြားထဲ ကလေးတွေကို မွေးကြပြန်တယ်။ သိပ်ပြီး မစားနိုင်၊ မသောက်နိုင်ခင်တော့ ဒီကလေးတွေကို ကြည့်ကြည့်ပြီး ပီတိဖြစ်ကြတယ်ပေါ့။ ဒါပေမဲ့ ဒီကလေးတွေအတွက် အဝတ်အစားက ကုန်လာတော့ သူတို့တတွေဟာ ဒေါသဖြစ်လာပြီးတော့ 'ဟဲ့၊ သေနာကျလေးတွေ ကြီးရင်လည်း မြန်မြန်ကြီးကြစမ်း၊ အလုပ်လုပ်ဖို့ အချိန်ကျလာပြီ' ဟု ကျိန်ကြ၊ ဆူကြပြန်တယ်။ သူတို့ကလေးတွေကို သူတို့က ကျွဲတွေ၊ နွားတွေလို ခိုင်းစားချင်ကြ တယ်။ ဒါပေမဲ့ သူတို့တတွေက သူတို့ဝမ်း သူတို့စားဖို့အတွက်သာ အလုပ်လုပ်ကြတယ်။ လူဆိုတဲ့ နာမည်နဲ့လိုက်အောင် နေနိုင်တဲ့လူတွေကတော့ လူသားရဲ့စိတ်ဓာတ်ကို လွတ်မြောက်အောင် တကယ်တမ်း မဆုတ်မနစ် ကြိုးပမ်းကြတဲ့လူတွေသာ ဖြစ်တယ်။ အမေလည်းပဲ အမေ တတ်နိုင်သလောက် ဒါကိုလုပ်နေတာပဲ"

"ငါလား၊ ငါကဖြင့် ဘာလုပ်နိုင်လို့တုံးကွယ်"

"ဒါတော့ မပြောနဲ့ အမေ၊ ကျွန်တော်တို့တတွေဟာ မိုးလိုပဲ အမေ။ မိုးပေါက်တိုင်း မိုးပေါက်တိုင်းဟာ သစ်စေ့တွေကို ရေဓာတ်ပေးသလိုပဲ။ ပြီးတော့ အမေ စာဖတ်တတ်မယ်ဆိုရင်"

ဤကဲ့သို့ပြောရင်း ယူကရိန်းသားသည် ရယ်၍ မတ်တတ်ရပ်လိုက်ပြီး အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။ ထိုနောက်

"အမေသည် စာဖတ်တတ်အောင် သင်ဖို့ပဲ လိုတယ်။ မကြာခင် ပါဗယ် ပြန်လာမယ်။ အဲသည်နောက်တော့ဗျာ..." ဟု ပြောလေရာ၊ အမေက

"အား၊ အင်ဒရေယူရှာ၊ အေး၊ မင်းတို့က ငယ်သေးတော့ မင်းတို့အတွက်

အားလုံး အလွယ်ကလေးချည်းပေါ့။ ဒါပေမဲ့ အသက်ကြီးလာတော့ သောကတွေက များလာတယ်။ အားအင်ကလည်း နည်းလာတယ်။ ပြီးတော့ ဦးနှောက်ကလည်း မကောင်းတော့ဘူးကွယ်” ဟု ပြန်၍ ပြောလိုက်လေသတည်း။

အခန်း တဆယ့်ရှစ်

ထိုနေ့ညနေ ယူကရိန်းသား အပြင်သို့ ထွက်သွားပြီးနောက် အမေသည် မီးအိမ်ကိုထွန်း၍ ခြေအိတ်တခုကို ထိုးနေလေ၏။ သို့ရာတွင် မတ်တတ်ထ၍ ဂနာမငြိမ်သဖြင့် အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ထို့နောက် မီးဖိုခန်းထဲ ဝင်လိုက်၊ တံခါးသော့ ခတ်လိုက်နှင့် လုပ်နေပြီး မျက်ခုံးများကိုတွန့်ကာ အခန်းထဲသို့ ပြန်ဝင်ခဲ့၏။ တဖန် ပြတင်းပေါက်များပေါ်မှ လိုက်ကာများကို ချပြီး စာအုပ်စင်ပေါ်မှ စာအုပ်တအုပ်ကို ယူ၍ စားပွဲခုံအနီး ထိုင်ချလိုက်၏။ ဤကဲ့သို့ ဘေးလူမမြင်စေရန် အပေါက်များကိုပိတ်လိုက်ကာများကို ချပြီးသည့်တိုင်အောင် စိတ်ကမလုံသေးသဖြင့် ဟိုဟိုသည်သည် လှည့်လည်ပြီး စာအုပ်ပေါ်သို့ ကုန်းကာ ပါးစပ်မှ သူသိထားသည့် စာလုံးများကို ရွတ်ကြည့်၏။ အပြင်ဘက်မှ အသံကြားတိုင်း ကြားတိုင်း သူသည် ထိတ်ထိတ်သွား၏။ စာအုပ်ကို လက်ဝါးနှင့် အုပ်ထားပြီး နားကိုစွင့်နေ၏။ ထို့နောက် သူ့မျက်စိများကို ဖွင့်လိုက်မှိတ်လိုက်နှင့် တဖန်ရွတ်နေလေ၏။

"အယ်(လ်) လက်တား (စာ)။ ဘီ-ဘောက်စ် (သေတ္တာ)"

ထိုအတွင်း တစုံတယောက်သောသူသည် တံခါးသို့ လာခေါက်လေရာ အမေသည် ထ၍ ခုန်လိုက်ပြီး စာအုပ်ကို စင်ပေါ်သို့ ထိုးတင်လိုက်ကာ ပျာပျာသလဲနှင့်၊

"ဟဲ့၊ ဘယ်သူလဲ"

"ကျွန်တော်ပါ"

ထိုအသံနှင့်အတူ ရိုင်ဘင်သည် မုတ်ဆိတ်မွေးကို လက်နှင့်သပ်ရင်း၊

"ဟဲ့ ဘယ်သူလဲလို့တခါမျှမမေးဘူးဘဲ၊ အမေကလည်း တယောက်တည်းပဲလား၊ ယူကရိန်းသားပါ ရှိတယ်မှတ်လို့၊ ကနေ့ ကျွန်တော် သူ့ကို တွေ့လိုက်သေးတယ်။ ထောင်ထဲရောက်ခဲ့ပေမဲ့ ဘာမျှဖြစ်ခဲ့ဟန်မတူဘူး အမေ" ဟု ပြောကာ ထိုင်၍ အမေ့ဘက်သို့လှည့်ပြီး၊

"ကဲ၊ ကျွန်တော်တို့ စကားလေး ဘာလေး ပြောကြရအောင်လို့လေ" ဟု ပြောလေ၏။ ထို့နောက် အမေ့အား အဓိပ္ပာယ်ပါသည့် အကြည့်မျိုးဖြင့် ခိုး၍ကြည့်လိုက်ရာ အမေသည် ဘုမသိဘမသိနှင့် အနည်းငယ် တုန်လှုပ်သွားမိလေ၏။ ရိုင်ဘင်က စ၍ သူ၏ လေးနက်သည့် အသံကြီးဖြင့်၊

"အစစ ပိုက်ဆံကတော့ ကုန်တာချည်းပဲ။ မွေးတာလည်း ပိုက်ဆံကုန်တာပဲ။ သေတော့လည်း ပိုက်ဆံကုန်တာပဲ။ စာအုပ်တွေ စာရွက်စာတမ်းတွေကလည်း ပိုက်ဆံ ကုန်တာပဲ၊ ဒီစာတွေဝေဖို့ ဘယ်က ပိုက်ဆံရသလဲဆိုတာကို သိရဲ့လား အမေ" ဟု မေးလျှင် အမေက ဖြည်းညင်းစွာ၊

"ငါဖြင့် မသိပါဘူးကွယ်" ဟု ဖြေလေ၏။

"ကျွန်တော်လည်း မသိဘူး။ နောက်တခုက ဒီစာအုပ်တွေကို ဘယ်သူရေးတယ် ဆိုတာပေါ့"

"စာတတ်တဲ့ လူတွေက"

ရိုင်ဘင်၏ မျက်နှာတွင် သွေးရောင်လျှံလာပြီး၊

"လူ့အထက်တန်းစားတွေပေါ့။ တနည်းအားဖြင့်ဆိုရင် လူ့အထက်တန်းစားတွေက စာအုပ်တွေကို ရေးပြီး ထုတ်ကြတာပေါ့။ ဒါပေမဲ့ ဒီစာအုပ်တွေက လူ့အထက်တန်းစားတွေကို ဆန့်ကျင်ပြီး ရေးထားတာဖြစ်တယ်။ ကဲ အဲဒီတော့ သူတို့တတွေက သူတို့ကို ဆင်းရဲသားတွေက ဆန့်ကျင်လာအောင် လှုံ့ဆော်ဖို့ ဘာလို့ ပိုက်ဆံတွေကို အကုန်ခံနေကြသလဲဆိုတာကို အမေ ကျွန်တော့်ကို ရှင်းပြစမ်းပါဦး" ဟု မေးလိုက်လျှင် အမေ၏ ရင်ထဲ၌ ခုန်သွားပြီး မျက်လုံးကို ပေကလတ်ပေကလတ် လုပ်လျက်

"မင်းက ဘယ်လိုထင်လို့လဲ" ဟု ပြန်၍ မေးလိုက်၏။ ရိုင်ဘင်သည် တစောင်းလှည့်လိုက်ပြီး၊

"အဲ အဲဒါပေါ့ အမေရ၊ ကျွန်တော်လည်း ဒီဟာကို တွေးမိလိုက်တာနဲ့ တပြိုင်နက် စိတ်ကို ပျက်သွားတာပဲ"

"တခုခုများ တွေ့ထားလို့လားဟယ်..."

"ကျွန်တော်တို့ အလိမ်ခံရတာပေါ့ အမေ။ ကျွန်တော်ကတော့ ကျွန်တော်တို့တတွေဟာ အလိမ်ခံကြရပြီလို့ပဲ သိနေတာပဲ။ ဘယ်လိုကြောင့် ဘာကြောင့်ရယ်လို့တော့ မပြောနိုင်ဘူး။ ဒါပေမဲ့ ဒီကိစ္စဟာ မရိုးသားတာကတော့ အမှန်ပဲ။ ဒါဟာ လူ့အထက်တန်းစားတွေ ပရိယာယ် ကြွယ်မှုပဲ။ ကျွန်တော်က အမှန်တရားကို လိုက်ရှာနေတာ၊ အခု ကျွန်တော်ဟာ အမှန်တရားကို နားလည်နေပြီ။ အဲဒီတော့ ဒီလူ့အထက်တန်းစားတွေနဲ့ ဆက်ပြီး မတွဲတော့ဘူး။ သူတို့နောက်ကို မလိုက်တော့ဘူး။ သူတို့အတွက် အကွက်ကောင်း အခါကောင်း ဆိုက်လာတိုင်း သူတို့ကို ကျွန်တော်တို့က အလဲထိုးပြီး ကျွန်တော်ရဲ့ ခေါင်းကို နင်းသွားကြမှာပဲ"

သူ့စကားများကို ကြားလိုက်လျှင် အမေသည် ရင်ထဲ၌ ကျပ်သွားပြီး ဝမ်းနည်းစွာ "အလို သခင်ယေရှု ကိုယ်တော်ဘုရား" အော်မိပြီးနောက်၊

"ဒါကို ပါဗယ် နားမလည်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလားဟယ်။ ပြီးတော့ သည့်ပြင်လူတွေ အားလုံးကလည်း သည်လိုပဲ" ဟု ပြောရင်း အမေသည် ယေဂါ၊ နစ်ကိုလိုင်နှင့် ဆာရှာတို့၏ တည်ငြိမ်၍ ရိုးသားသောမျက်နှာများကို သွား၍ မြင်ယောင်မိ၏။ သူ၏ ရင်များသည် တဒိတ်ဒိတ် ခုန်လာလေ၏။ ထိုနောက် ဦးခေါင်းကို ယမ်းလျက်၊

"မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ ဒါကိုတော့ အမေ မယုံနိုင်ဘူး၊ သူတို့ဟာ အသိဉာဏ်ရှိတဲ့ လူတွေပဲ..." ဟု ပြောရာ၊ ရိုင်ဘင်က လေးလေးနက်နက်တွေးကာ၊

"ဘယ်သူတွေကို ပြောတာလဲ အမေ"

"သူတို့တတွေ အကုန်လုံးပဲ။ ဒါကို အမေ မြင်ထားပြီးပြီ"

ထိုအခါ ရိုင်ဘင်က ဦးခေါင်းကို ငိုက်စိုက်ချလျက်၊

"အမေကြည့်တာက လွဲနေပြီ။ ဝေးဝေးလံလံကို ကြည့်ပါလား အမေ။ ကျွန်တော်တို့နဲ့ အတူတကွ ပူးပေါင်းပြီး အလုပ်လုပ်နေကြတဲ့လူတွေကတော့ ဘာမျှ သူတို့ကိုယ် သူတို့ သိကြ မြင်ကြမှာ မဟုတ်ဘူး။ သူတို့မှာ ယုံကြည်ချက် ရှိကြတယ်။ အဲဒါကတော့ ကောင်းပါတယ်။ ဒါပေမဲ့ သူတို့နောက်မှာ တခြားလူတွေက ရပ်နေကြမယ်။ အဲသည် သူတို့နောက်က ရပ်နေတဲ့လူတွေက သူတို့ကောင်းစားရေးအတွက်သာ စိတ်ပါဝင်စားနေတဲ့ လူတွေပဲ။ လူတဦးတယောက်ဟာ သက်သက်မဲ့ အကျိုးမရှိဘဲနဲ့တော့ သူ့ကိုယ်သူ ပြန်ဆန့်ကျင်မှာ မဟုတ်ဘူး" ဟု ပြော၍ တဖန် တောင်သူလယ်သမား တယောက်၏ ယုံကြည်ချက်မျိုးဖြင့်၊ "ဒီ လူ့အထက်တန်းစားတွေဆီက ကောင်းတာဆိုလို့တော့ ဘာမှထွက်လာမှာမဟုတ်ဘူး အမေ" ဟု ဆက်၍ ပြောလေ၏။

အမေသည် တဖန် သံသယဖြစ်လာ၍၊

"ကဲ ဒါဖြင့် မင်း ဘာလုပ်မယ်လို့ စိတ်ကူးတုံး" ဟု မေးလျှင် ရိုင်ဘင်သည် အမေ့အား မော့ကြည့်၍ ခဏမျှ ငြိမ်နေပြီးနောက်၊

"ကျွန်တော်လား၊ ကျွန်တော့်သဘောအရ ပြောရရင် ဒီလူ့အထက်တန်းစားတွေကို ဝေးရာက ရှောင်ဖို့ပဲလေ" ဟု ပြောကာ စိတ်နှလုံး မသာမယာနှင့် ငြိမ်သွားပြန်၏။

ထို့နောက်၊

"ကျွန်တော်ကတော့ ကျွန်တော့်ရဲဘော်တွေနဲ့ ပေါင်းပြီး သူတို့နဲ့ အတူတူ သွားချင်တာပဲ။ ကျွန်တော် စည်းရုံးမယ့်လူတွေကို ဘာပြောရမယ်ဆိုတာကို ကျွန်တော် သိပါတယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော် သွားတော့မယ်။ ကျွန်တော့်မှာ ယုံကြည်မှု မရှိတော့ဘူး။ ဒါကြောင့် ကျွန်တော် သွားရလိမ့်မယ်" ဟု ပြော၍ တဖန် ခေါင်းကို ငိုက်စိုက်ချပြီး တွေးနေရာမှ

"ကျွန်တော်တယောက်တည်း ကျေးလက် တောရွာတွေကို လျှောက်သွားပြီး လူတွေကို လှုံ့ဆော်မယ်။ လူတွေဟာ သူတို့ဘာသာသူတို့ ဖန်တီးကြလိမ့်မယ်။ သူတို့ဟာ အသိဉာဏ် ဝင်လာတာနဲ့ တပြိုင်နက် လမ်းစတွေ့ကြမှာပေါ့။ ကျွန်တော်ရဲ့အလုပ်က သူတို့ကို အသိဉာဏ် ဝင်လာအောင် လုပ်ဖို့ပဲ။ သူတို့တတွေ သူတို့ကိုယ်သူတို့ပဲ ယုံကြည်ဖို့၊ အားထားဖို့ပဲ။ သူတို့ဦးနှောက်ကို သူတို့သုံးဖို့ပဲ။ တခြားသူတွေ ဦးနှောက်ကို အားကိုးနေလို့မဖြစ်ဘူး" ဟု ပြောနေပြန်၏။

အမေသည် ရိုင်ဘင်ကို သနားလာ၏။ သူ့အတွက် စိုးရိမ်လာ၏။ ယခင်က သူ့ကို ကြည့်ရလျှင် အမေသည် စိတ်မချမ်းသာခဲ့။ ယခုမူ သူ့အပေါ်၌ သံယောဇဉ် ငြိတွယ်လာလေပြီ။

"အေး၊ မင်းတို့ကို သူတို့က ဖမ်းလိမ့်မယ်"

ရိုင်ဘင်သည် အမေ့အား မော့ကြည့်လျက်

"ဖမ်းတော့ ဖမ်းကြမှာပေါ့။ ဒါပေမဲ့ သူတို့ ကျွန်တော့်ကို လွှတ်ကြမှာပဲ။ အဲဒီတော့ ကျွန်တော်က ထပ်ပြီး ပြန်လုပ်ဦးမှာပေါ့"

"အေး၊ ကျေးလက်က ဆင်းရဲသားတွေ ကိုယ်တိုင်က မင်းကိုဖမ်းပြီး ထောင်ထဲ ပို့ကြလိမ့်မယ်"

"အဲဒီတော့ ထောင်ထဲမှာ အပြစ်ဒဏ်ခံပြီး လွတ်လာတော့ ဆက်လုပ်မှာပေါ့၊ ကျေးလက်က ဆင်းရဲသားတွေကတော့ ကျွန်တော့်ကို တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ထိအောင် ဖမ်းချင်ရင် ဖမ်းကြလိမ့်မယ်။ အဲဒီနောက်တော့ ကျွန်တော့်ကို ဖမ်းဖမ်းနေမယ့်အစား ကျွန်တော်ပြောတာကို နားထောင်ရတာက ပိုပြီးကောင်းလိမ့်မယ်လို့ သိမြင်လာကြလိမ့်မယ်။ ကျွန်တော်ကလည်း သူတို့ကို 'ခင်ဗျားတို့ ကျုပ်ပြောတာကို ယုံချင်မှယုံကြပါ။ ဒါပေမဲ့ ကျုပ်ပြောတာကိုတော့ နားထောင်ကြစမ်းပါလို့' ပြောမှာပေါ့။ သူတို့က ကျွန်တော်ပြောတာကို နားထောင်လိုက်ရင် ကျွန်တော့်ကို ယုံကြည်လာမှာပဲ"

ရိုင်ဘင်သည် စကားကို ဖြည်းဖြည်းပြော၏။ စဉ်းစဉ်းစားစားလည်း ပြော၏။

"ကျွန်တော်ဟာ မကြာမတင်မီ အတွင်းက တော်တော်ကို အတွေ့အကြုံတွေ ရခဲ့ပါတယ်။ ဒါကြောင့် နည်းနည်းတော့ သိလာပါပြီ"

ထိုအခါ အမေသည် သူ၏ဦးခေါင်းကို ဝမ်းနည်းစွာခါလျက်...

"အေး၊ မင်းကတော့ အသက်တိုတော့မှာပဲ" ဟု ပြောလေ၏။

ရိုင်ဘင်သည် အမေ့အား သူ၏မည်းမှောင်၍ မျက်တွင်းချိုင့်နေသည့် မျက်လုံးများဖြင့် သရော်သလို လှောင်သလိုလိုနှင့် ကြည့်နေ၏။ သူ၏သန်မာတောင့်တင်းလှသည့် ကိုယ်ကို ရှေ့သို့ကိုင်းပြီး သူ၏လက်များဖြင့် သူ၏ ကုလားထိုင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထား၏။ သူ၏ ညိုမည်းသော မျက်နှာသည် သူ၏မည်းနက်လှသည့် မုတ်ဆိတ်မွေးများအကြား၌ ဖြူဖပ် ဖြူရော် ဖြစ်နေလေသည်။ တဖန် သူက ဆက်၍၊

"ခရစ်တော်က မျိုးစေ့နဲ့ ပတ်သက်လို့ ပြောတဲ့အချက်ကို အမေ သတိထားဦးမှပေါ့။ မျိုးစေ့ဟာ နောက်ထပ်တဖန် ရှင်သန်လာဖို့ ပျက်စီးရတယ်လို့ ဆိုတယ်မဟုတ်လား အမေ။ ဒါပေမဲ့ အမေရယ် ကျွန်တော်က လူလည်ပါ။ တော်တော်နဲ့မသေနိုင်ပါဘူး" ဟု ပြော၍ ကုလားထိုင်ပေါ်မှ ခပ်ဖြည်းဖြည်း ထလိုက်ရင်း၊

"ကျွန်တော် ထမင်းဆိုင်သွားပြီး အဲဒီကလူတွေနဲ့ တအောင့်တော့ ထိုင်လိုက်ဦးမယ်လေ။ အင်း၊ ယူကရိန်းသားကတော့ လာပုံမပေါ်တော့ဘူး။ အလုပ်ဟောင်းကို ပြန်လုပ်နေပြီ ထင်တယ်"

အမေက ပြုံးလျက် "အေး အေး" ဟု ပြန်ဖြေလိုက်၏။

"ကောင်းပြီ အမေ၊ သူ့ကိုတော့ ကျွန်တော့်အကြောင်း ပြောပြလိုက်ပါဦး"

ဤကဲ့သို့ပြောပြီးနောက် တယောက်မျက်နှာကို တယောက်က မကြည့်ဘဲ စကားတပြောပြောနှင့် မီးဖိုခန်းသို့ တဖြည်းဖြည်း ဝင်သွားကြလေသည်။

"ကဲ၊ သွားတော့မယ် အမေ"

"အေး၊ သွားတော့ သွားတော့။ ဘယ်တော့ အလုပ်ရုံကို နှိတ်စ်ပေးသွားမလဲ"

"ကျွန်တော် ပေးပြီးသားပါ"

"ဒါဖြင့် ဘယ်တော့သွားမလဲ"

"နက်ဖြန်မနက်စောစောပဲ သွားတော့မယ်။ ကဲ၊ သွားပြီ အမေ"

ရှိုင်တင်သည် မသွားချင် သွားချင်နှင့် အိမ်တံခါးဝမှ ကုန်း၍ အပြင်သို့ ထွက်သွားလေ၏။ အမေသည် ရင်ထဲမှ တဒိတ်ဒိတ်ခုန်လျက် သူ၏လေးလံသောခြေသံတို့ကို နားစိုက်ရင်း တမိနစ်မျှ ရပ်ကြည့်နေ၏။ ထိုနောက် နောက်သို့ ဖြည်းညင်းစွာ လှည့်၍ အခြားအခန်းထဲသို့ဝင်ပြီး ပြတင်းမှ ခန်းဆီးကို မ၍ ကြည့်နေ၏။ အပြင်ဘက်၌ မှောင်ပိန်းနေလေသည်။ ထို့နောက်

"အင်း၊ ငါကတော့ ဇီးကွက်လို ညသတ္တဝါဖြစ်နေပြီ" ဟု ညည်းမိ၏။ ပခုံးကလည်း ကျယ်ကျယ်၊ ခွန်အားဗလကလည်း တောင့်တင်းလှပြီး စိတ်သဘော မြင့်မားလှသည့် ဆင်းရဲသား လယ်သမား ရှိုင်ဘင်အတွက် စိတ်မကောင်းဖြစ်နေစဉ် ယူကရိန်းသားသည် စိတ်ဓာတ်တက်ကြွစွာ အိမ်သို့ ပြန်လာလေ၏။ အမေသည် သူ့အား ရှိုင်ဘင်အကြောင်း ပြောပြ၏။

"သူ့ကို ကျေးရွာတွေထဲလျှောက်ပြီး တရားမျှတမှုအတွက် သူအော်ချင်သလို အော်ပြီး လူတွေကို နိုးကြားအောင် လှုံ့ဆော်ချင်သလို လှုံ့ဆော်ပါစေ။ သူ့ခမျာ ကျွန်တော်တို့နဲ့ တွဲရတာ မလွယ်လှဘူး အမေ။ သူ့ခေါင်းထဲမှာ ဆင်းရဲသား လယ်သမား အယူအဆတွေ က ပြည့်နေတယ်။ သူ့ခေါင်းက ကျွန်တော်တို့ အယူအဆတွေကို လက်မခံနိုင်ဘူးဗျာ့"

ထိုအခါ အမေက

"သူက လူကုံထံတွေနဲ့ ပတ်သက်လို့ပြောတယ်။ သူပြောတာက ဟုတ်သလိုလိုပဲ။ အဲဒီတော့ ဒီလူကုံထံတွေက တို့ကို မလှည့်အောင် မပတ်အောင် ဂရုစိုက်ကြရလိမ့်မယ်" ဟု သူ့စကားကို မမှားအောင် သတိနှင့်ပြန်၍ ပြောလေ၏။

"သူတို့က အမေတို့စိတ်ကို နာကြည်းအောင် လုပ်ကြသလား" ဟု ယူကရိန်းသားက ရယ်၍ ပြန်မေးပြီး၊

"ပြဿနာက ပိုက်ဆံပြဿနာပဲ အမေ၊ ကျွန်တော်တို့မှာ ပိုက်ဆံများ ရှိလိုက်ရင်တော့ သိပ်ကောင်းမှာ။ အခုထက်ထိ ကျွန်တော်တို့တတွေဟာ သူများပိုက်ဆံနဲ့ချည်း အလုပ်လုပ်နေကြ ရတုန်းပဲ။ ဥပမာပြောရရင် နှစ်ကိုလိုင်ဟာ တလကို ရူဘဲ ၇၅ ပြား ရတယ်။ အဲဒီအထဲက ကျွန်တော်တို့ကို ၅၀ ပေးတယ်။ သည့်ပြင်လူတွေကလည်း သည်လိုပဲ အမေ၊ တခါတလေ ငတ်တလှည့် ပြတ်တလှည့်နဲ့ နေကြရတဲ့ တက္ကသိုလ် ကျောင်းသားတွေက ကိုပက် တပြားစု၊ နှစ်ပြားစုနဲ့ စုလို့ဆောင်းလို့ရတဲ့ ငွေကလေးတွေကို လှမ်းလှမ်းပို့ရှာကြတယ်။ အမှန်ကတော့ လူကုံထံတို့၊ လူ့အထက်တန်းစားတို့ဆိုတာက အမျိုးမျိုးရှိတာပဲ။ တချို့ကတော့ အမေတို့ကို ဖြစ်ချင်တာဖြစ်ဆိုပြီး လျစ်လျူရှုကြတယ်။ တချို့ကတော့ ခင်ဗျားတို့ကို လိမ်တယ်၊ လှည့်တယ်၊ ဒါပေမဲ့ သူတို့အထဲက အကောင်းဆုံးလူတွေကတော့ အမေတို့နဲ့အတူ သူတို့ကိုယ်သူတို့ ကံတူအကျိုးပေး

သဘောထားကြတယ်” ဟု ပြောကာ တဖန် ယုံကြည်ချက်ဖြင့် ဆက်၍

“ကျွန်တော်တို့ရဲ့ နောက်ဆုံးအောင်ပွဲက အလွန့်ကို ဝေးပါသေးတယ်။ ဒါပေမဲ့ အလုပ်သမားနေ့ မေဒေးမှာ အောင်ပွဲကလေး ကျင်းပကြဦးမယ်။ တော်တော်ကို ခံ့ခံ့ညားညား လုပ်မယ်လို့” ဟု ပြောနေပြန်၏။

ရိုင်ဘင် ပြောခဲ့သည့်စကားကြောင့် အမေ၏ စိတ်ထဲ၌ ဖြစ်ပေါ်လာသည့် သံသယတို့သည် ယူကရိန်းသား၏ အားတက်သရော ပြောနေသည့်စကားတို့ကြောင့် ပျောက်ပြယ်၍ သွားလေ၏။ ယူကရိန်းသားသည်ကား သူ၏ဆံပင်များကို သူ့လက်ချောင်းများနှင့် ဖွာကျဲနေအောင် ကုတ်လျက် တံခါးကို စိုက်ကြည့်နေလေ၏။ ထို့နောက်

“တခါတလေ အမေရဲ့စိတ်ဓာတ်ဟာ အလွန် ပြင်းပြလေတော့ အမေဟာ မခံမရပ်နိုင်ဘဲ ဖြစ်ချင်ရင်လည်းဖြစ်မယ်။ အမေဟာ ဘယ်သွားသွား၊ သွားလို့ရတယ်၊ လူတိုင်းဟာ အမေရဲ့ ရဲဘော်ချည်းပဲ။ လူတိုင်းရဲ့ရင်ထဲမှာ အမေ့လို ပြင်းပြတဲ့ စိတ်ဓာတ် ရှိကြတာချည်းပဲ။ သူတို့တတွေ အားလုံးဟာ သဘောကောင်းတယ်။ သနားကြင်နာတတ်တယ်။ ပျော်လည်း ပျော်ရွှင်တတ်တယ်၊ အချင်းချင်း တယောက်သဘော တယောက် နားလည်အောင် ပြောဖို့လည်း မလိုတော့ဘူး။ လူတိုင်းက ကိုယ့်ဝမ်းထဲရှိတာကို ကိုယ်ထုတ်ပြောလိုက်တာနဲ့ တပြိုင်နက် ဒီပြောပြချက်တွေဟာ ချောင်းအသီးသီးဟာ မြစ်ကြီးတမြစ်ထဲမှာ ပေါင်းဆုံမိကြသလို သွားပြီး ပေါင်းမိကြတာပေါ့။ အဲဒီနောက် ဒီမြစ်ကြီးဟာ ကျယ်လည်းကျယ်၊ လွတ်လည်း လွတ်လပ်စွာနဲ့ ဘဝသစ်ဆိုတဲ့ ရွှင်လန်း ကြည်နူးဖွယ်ရာ ပင်လယ်ကြီးထဲကို စီးဆင်းသွားပြန်တယ်” ဟု ပြောပြလေ၏။

အမေသည် သူ့အတွေးနှင့် သူ့စကားတို့ကို အနှောင့်အယှက် ဖြစ်မှာစိုးသဖြင့် ငြိမ်သက်စွာ နားထောင်နေ၏။ အခြားသူထက် ရိုင်ဘင်ပြောသည့်စကားတို့ကို ပို၍အမြဲတမ်း ဂရုတစိုက် နားထောင်လေ့ရှိ၏။ သူသည် အခြားသူများထက် ပို၍ ရှင်းရှင်းလင်းလင်း ပြောတတ်၏။ သူပြောသည့်စကားများသည် အခြားသူများ ပြောသည့်စကားများထက် စိတ်နှလုံးကို ထိခိုက်စေ၏။ ပါဗယ်သည် ရှေ့ရေးအတွက် သူကြိုတင်၍ မြင်ထားသည့် အမြင်ကို ဘယ်တော့မှ မပြော။ သို့ရာတွင် ယူကရိန်းသားသည်ကား အနာဂတ်ကို အမြဲတမ်း ကိုယ်စားပြုနေဟန်ရှိ၏။ သူစကားပြောလျှင် ကမ္ဘာ့လူမျိုးအားလုံးတို့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေကြရမည့် အလွန်ရွှင်လန်းအားရဖွယ် ကောင်းလှသည့် ခေတ်ကြီးနှင့် ပတ်သက်၍ နိမိတ်ဖတ်ကာ ပြောတတ်၏။ အမေ့အတွက် ဤမျှော်မှန်းချက်ကြောင့် ဘဝသည်လည်းကောင်း၊ သူ့သားနှင့် သူ့သား၏ ရဲဘော်များ လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းသည် လည်းကောင်း အကျိုးမဲ့ သက်သက် မဟုတ်ဘဲ တကယ့် အကျိုးတရားနှင့် ပြည့်စုံလာခဲ့ရလေသည်။ တဖန်

ယူကရိန်းသားက သူ၏ဦးခေါင်းကို ယမ်းလျက်

"ကဲ အခုတော့ အမေ ရုတ်တရက် သဘောပေါက်လာပြီ မဟုတ်လား။ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင် တစစ အကြွင်နာ ကင်းမဲ့တာတွေ၊ ညစ်ပတ်တာတွေကိုသာ မြင်နေရတယ် မဟုတ်လား။ လူတွေဟာ ဒေါသဖြစ်ပြီး နွမ်းနယ်နေတာပဲ" သူ၏အသံထဲ၌ ဝမ်းနည်းသံပါလာ၏။

"လူတွေကို မယုံနဲ့ အမေ။ သည်လိုဆိုတော့ အမေရဲ့စိတ်ထဲမှာ ထိခိုက်သွားလိမ့်မယ်။ ကျွန်တော်သိတယ်။ ဒါပေမဲ့ အမေ သူတို့ကို ကြောက်ရမယ်။ အို၊ မုန်းတောင်မုန်းရမယ်။ လူတယောက်မှာ ဘက်နှစ်ဖက်ရှိတယ်။ အမေက လူတယောက်ကို အကွင်းမဲ့ ခြွင်းချက်မရှိ သဘောကျချင်ကျတယ်။ ဒါပေမဲ့ ဘယ့်နှယ်လုပ်ပြီး သဘောကျလို့ ဖြစ်နိုင်ပါ့မလဲ အမေ။ အမေ့ကို တကယ့် ရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း သားရဲတိရစ္ဆာန်လို ကျင့်ကြံတဲ့လူ၊ အမေ့ကို လူသားတယောက်ရယ်လို့ သဘောမထားတဲ့လူ၊ အမေရဲ့ လူသားသိက္ခာကို ဖျက်ဆီးတဲ့လူ၊ ဒီလိုလူမျိုးတွေကို အမေ ဘယ့်နှယ်လုပ်ပြီး ခွင့်လွှတ်နိုင်ပါ့မလဲလို့။ အမေဟာ ဒါတွေကို ဘယ်တော့မှ အခွင့်မလွှတ်နိုင်ဘူး။ ဒီလို အခွင့်မလွှတ်နိုင်တာဟာ အမေ့ ကိုယ်ရေးကိုယ်တာအတွက် မဟုတ်ပါဘူး။ အမေ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ဆိုရင် အမေဟာ ဘာမဆို အခွင့်လွှတ်နိုင်တယ်။ ဒါပေမဲ့ သူတို့ ဒီလိုလုပ်တာကို အမေက သဘောကျတယ်၊ သဘောတူတယ်လို့ သူတို့ အထင်မခံနိုင်လို့ဘဲ။ အခြားလူတွေကို ရိုက်ဖို့ အကျင့်ရအောင် အမေက သူတို့ရိုက်တာကို ကုန်းမခံနိုင်လို့ဘဲ"

ဤကဲ့သို့ပြောရင်း သူ၏မျက်လုံးများတွင် အေးမြသည့် ဒေါသမီးလျှံများ ထလာ၏။ သူ၏ ဦးခေါင်းကို ငုံ့ထားပြီး ပို၍ခိုင်မြဲသော အသံဖြင့် တဖန်ဆက်၍၊

"ဘယ်သူက မတရားတာလုပ်လုပ်၊ အဲဒီမတရားမှုဟာ ကျွန်တော့်ကို မထိခိုက်သည့်တိုင်အောင် ကျွန်တော်ကတော့ အခွင့်လွှတ်ပိုင်ခွင့် မရှိဘူး။ ကမ္ဘာလောကကြီးထဲမှာ ကျွန်တော် တယောက်တည်း နေတာ မဟုတ်ဘူး။ ကနေ့ ကျွန်တော်က တယောက်ယောက်ကို ကျွန်တော့်အား ထိခိုက်နစ်နာအောင် တခုခု အလုပ်ခံလိုက်ရင်၊ ကျွန်တော်က သူလုပ်လိုက်တဲ့ မတရားမှုကို အရေးဂရုမစိုက်လိုက်လို့ ရယ်ပြီးတောင် နေလိုက်မယ်ဆိုရင် နက်ဖြန်ကျတော့ သူက ကျွန်တော့်ကို မတရားလုပ်ရတာ ငြီးငွေ့ပြီး သူက တခြားလူတယောက်ကို သွားပြီး အနိုင်ကျင့်လိမ့်မယ်။ အမေက လူတိုင်းကို တသဘောတည်း ထားကြည့်လို့ မဖြစ်ဘူး။ လူတွေအပေါ်မှာ ဘာသံယောဇဉ်မှ မထားဘဲ သည်လူကတော့ ငါနဲ့တူတယ်။ ဟိုလူကတော့ ငါနဲ့မတူဘူးဆိုတဲ့သဘောနဲ့ ရွေးချယ်ရမယ်။ စိတ်ချမ်းသာရာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဒါဟာ အမှန်တရားပဲ"

ထိုအခါ အမေသည် ဆာရှာကိုသွား၍ သတိရမိ၏။ ထိုနောက် စစ်ပုလိပ်အရာရှိအကြောင်းကို သွား၍ စဉ်းစားမိပြန်သည်။ ထိုနောက် သက်ပြင်းတချက်ချကာ

"အေးပေါ့ မောင်းမကောင်းဘဲနဲ့ ဆန်ဖြူဆန်ကောင်း ဘယ့်နှယ်လုပ်ရပါ့မလဲကွယ်"

"အဲဒါ ဒုက္ခပဲ အမေ"

"အေးကွဲ့" ဟု အမေသည် ပြန်ပြောပြီး သူ့ယောက်ျားကို ပြေး၍ သတိရမိ၏။ တဖန် ယူကရိန်းသားနှင့် နာတာရှာတို့ လက်ထပ်လိုက်လျှင်လည်းကောင်း၊ သူ့သာ ပါဗယ်နှင့် ဆာရှာတို့ လက်ထပ်လိုက်လျှင် လည်းကောင်း မည်သို့မည်ပုံနေမည်ကို တွေးကြည့်နေမိလေသည်။

ယူကရိန်းသားသည် သူ့စကားကို ပြန်ကောက်လျက်၊

"အဲဒါ ဘာပြုလို့လဲ၊ ကဲ စဉ်းစားကြည့်ပါဦး အမေ။ ဒါကတော့ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားကြီးပါ အမေ။ ဒါဟာ ဘာပြုလို့လဲဆိုတော့ လူတွေဟာ အဆင့်အတန်း မတူလို့ဘဲ။ ဒီလူတွေကို ကျွန်တော်တို့က ညီအောင် ညှိပစ်ကြစို့။ စိတ်ထဲက မြင်ကြသိကြတဲ့ အသိတွေ အမြင်တွေရော၊ လက်နဲ့ ပြုလုပ်ဖန်တီးထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကိုရော ကျွန်တော်တို့ တတွေဟာ ဝေခြမ်းပစ်ကြစို့။ လူတွေကို အကြောက်တရားတွေ၊ ဝန်တိုမနာလိုမစ္ဆေရိယ တရားတွေရဲ့ အတုပ်အနှောင် မခံရပေစေနဲ့။ လောဘတရားတွေ၊ အစဉ်းစား အဆင်ခြင်မဲ့မှုတွေရဲ့ အနှောင်အဖွဲ့ကို မခံကြရစေနဲ့" ဟု ပြောပြန်၏။

အမေနှင့် ယူကရိန်းသားတို့သည် ဤကဲ့သို့သော စကားမျိုးကို မကြာခဏ ဆွေးနွေးကြ၏။

မကြာမီ ယူကရိန်းသားသည် အလုပ်ရုံ၌ အလုပ်ပြန်ဝင်ရ၍ သူရသမျှ လုပ်ခတို့ကို အမေ့အား ပေးလေ၏။ အမေကလည်း သူ့ထံမှငွေကို ပါဗယ်ထံမှ ငွေလက်ခံသကဲ့သို့ပင် လက်ခံလေ၏။

တခါတခါ ယူကရိန်းသားသည် အမေ့အား မျက်စိကို တချက်မှိတ်ပြီး "အမေ စာကလေး နည်းနည်း ဖတ်ကြရရင် မကောင်းဘူးလား" ဟု မေးလျှင် အမေက ရယ်ပြီး "မဖတ်ချင်ဘူး" ဟု ခါးခါးသီးသီး ငြင်းလေ့ရှိ၏။ သူ ဤကဲ့သို့ မျက်စိကို မှိတ်လိုက်သည့်အတွက် အမေ၏စိတ်တွင် နာကြည်းသွားတတ်၏။

"ဒါကို အပြုသဘောထားရင် ဘာပြုလို့ ဒီလောက် ပူပင်နေရတာပါလိမ့်"

ဟုလည်း သူ့ဘာသာသူ စဉ်းစားနေမိ၏။

သို့ရာတွင် မကြာခဏ အမေသည် ယူကရိန်းသားအား စကားလုံးများ၏ အဓိပ္ပာယ်ကို မေး၏။ သို့မေးသည့်အခါများ၌ သူသည် ယူကရိန်းသား မျက်နှာကိုလည်း မကြည့်၊ ဘာမျှအရေးမကြီး သည့် ဟန်မျိုးကိုလည်း ဆောင်နေတတ်၏။ ယူကရိန်းသားက အမေ တိတ်တိတ်ပုန်း စာဖတ်နေပြီဟု စဉ်းစားမိ၏။ ထို့ကြောင့် သဘောကျပြီး အမေ့အား စာဖတ်မခိုင်းတော့ချေ။

တနေ့သော် အမေက သူ့အား

“အင်ဒရေယူရှာရယ် ငါ့မျက်လုံးတွေက မွဲမွဲလာပြီကွဲ့။ အဲဒီတော့ ငါတော့ မျက်မှန်လိုလာပြီ” ဟု ပြောလေရာ

“ဒါကတော့ လွယ်ပါတယ် အမေ။ တနင်္ဂနွေနေ့ကျတော့ အမေ့ကို ကျွန်တော် မြို့ထဲက ဆရာဝန်ဆီကို ခေါ်သွားပါမယ်။ အဲဒီတော့ အမေ့မျက်မှန် ရရောပေါ့” ဟု ပြန်၍ ဖြေလိုက်လေ သတည်း။

အခန်း တဆယ့်ကိုး

အမေသည် သုံးကြိမ်တိုင်တိုင် ပါဗယ်ကို တွေ့ခွင့်တောင်း၏။ သို့ရာတွင် ဤကဲ့သို့ အခွင့်တောင်းတိုင်း တောင်းတိုင်း စစ်ပုလိပ် ဗိုလ်မှူးက လိမ္မာပါးနပ်စွာ အချိုသတ် သတ်ကာ ငြင်းပယ်ခဲ့၏။ စစ်ပုလိပ် ဗိုလ်မှူးသည် အသက်အရွယ်အားဖြင့် ကြီးလှပြီဖြစ်၏။ ခေါင်းမွေးများက ဖြူနေပြီး ပါးများကလည်း ခရမ်းရောင်ထနေ၏။ နှာခေါင်းကြီးကလည်း ကြီးသေး၏။

"ခင်ဗျားသားကို တွေ့ဖို့ကိစ္စကိုတော့ အနည်းဆုံး တသီတင်းလောက် ဆိုင်းပါဦး၊ တသီတင်းလောက်အတွင်းမှာ ကျုပ်တို့ စဉ်းစားကြပါဦးမယ်။ အခုအတောအတွင်းတော့ ခင်ဗျား မတွေ့နိုင်သေးပါဘူး" ဟူသော အဖြေသည် သူ၏အဖြေ ဖြစ်၏။

သူ၏ ရုပ်သဏ္ဌာန်သည် ဝဖိုင့်ဖိုင့် လုံးတုံးတုံး ဖြစ်နေရာ ဆီးသီးမှည့်နှင့်တူနေ၏။ သူသည် သူ၏သေးငယ်၍ ချွန်ထက်နေသည့် သွားကလေးများကို ဝါနေသော သွားကြားထိုးတံနှင့် ထိုးနေလေ့ရှိ၏။ သူ၏စိမ်းနေသော မျက်လုံးများသည် သနားကြင်နာသည့် အသွင်ကို ဆောင်လျက်ရှိပြီး သူ၏အသံသည် ယဉ်ကျေး၍ ခင်မင်သည့် သဘောကို ဆောင်နေ၏။

ထိုကြောင့် အမေက ယူကရိန်းသားအား စစ်ပုလိပ် ဗိုလ်မှူးသည် အလွန် ယဉ်ကျေး သိမ်မွေ့၍ အမြဲတမ်း ပြုံးလျက်နေတတ်ကြောင်းကို ပြောလေရာ ယူကရိန်းသားက၊

"သူတို့တတွေ အားလုံးဟာ အလွန်ကောင်းတယ်၊ အလွန်နူးညံ့သိမ်မွေ့တယ်၊ အမြဲတမ်း ပြုံးနေတယ်ဆိုတာကို ကျွန်တော် ယုံပါတယ်။ ဘာမျှ သံသယ မရှိပါဘူး။ ဒီမှာ လိမ္မာရေးခြားရှိပြီး ရိုးသားပေမဲ့ အန္တရာယ်တော့ နည်းနည်းပေးတတ်တဲ့ လူဆိုရင်တော့ မင်းတို့အတွက် အရေးမကြီးရင် ကြိုးစင်တင်ပြီး သတ်ပစ်လိုက်ပေါ့ကွာ လို့ သူတို့ကို ပြောထားတော့ သူတို့ကလည်း ပြုံးပြုံးကလေးနဲ့ သတ်လိုက်တာပေါ့။ ကြိုးစင်တင်ပြီး သတ်ပြီးတဲ့နောက်တောင် သူတို့က အပြုံးမပျက်ဘူး၊ ဆက်ပြုံးနေဦးမှာပဲ" ဟု ပြန်ပြောလိုက်၏။

"အေး၊ တို့အိမ်ကိုလာပြီး ရှာတဲ့ဖွေတဲ့ အရာရှိနဲ့တော့ မတူဘူးကွဲ့။ အဲဒီအရာရှိကတော့ တကယ့်မုန်းစရာ သတ္တဝါပါပဲဟယ်"

"ဒီလူတွေဟာ တယောက်မှ လူသားတွေ မဟုတ်ဘူး အမေ။ သူတို့ဟာ ကျွန်တော်တို့ကို ထုဖို့ရိုက်ဖို့ထားတဲ့ တူတွေပဲ။ ကျွန်တော်တို့လူထုတွေကို

ကိုင်လို့တွယ်လို့ ကောင်းအောင်၊ ချောမွေ့သွားအောင် လုပ်တဲ့နေရာမှာ အသုံးချတဲ့ ကိရိယာတန်ဆာပလာတွေပဲ။ သူတို့ကိုလည်း သူတို့အထက်က သူတို့သခင်တွေက ကိုင်လို့တွယ်လို့၊ အသုံးချလို့ ကောင်းအောင် ပုံသွင်းထား တာပဲ။ တနည်းအားဖြင့်ဆိုရင် ပြုပြင်ဖန်တီးထားတာပဲ သူတို့ကို အထက်က အမိန့်ပေးလိုက်ရင် ဘာအလုပ်မဆို မတွေးဘဲ၊ မတောဘဲ ပြန်ပြီး မမေးဘဲ၊ မစမ်းဘဲ လုပ်ကြတော့တာပဲ”

နောက်ဆုံး၌ အမေအား သူ့သား ပါဗယ်ကို တွေ့ခွင့်ပေးလိုက်ရာ၊ တနင်္ဂနွေနေ့ တနေ့၌ အမေသည် အကျဉ်းထောင် ရုံးခန်းထောင့်တထောင့်၌ ခပ်ကုပ်ကုပ်ကလေး ထိုင်နေလေ၏။ ညစ်ပတ်ပေရေ၍ အမိုးနိမ့်နိမ့် ကျဉ်းမြောင်းလှသည့် အခန်းကလေးအတွင်း၌ ထောင်ဝင်စာရရန် စောင့်နေကြသည့် အခြားသူများလည်း ရှိကြ၏။ အမှန်အားဖြင့် ဤလူများ တဦးနှင့်တဦး သိကျွမ်းကြပြီး စကားအမျှင်မပြတ်အောင် ပြောနေကြသည်ကို ထောက်ရှုခြင်းအားဖြင့် သူတို့သည် ဤနေရာသို့ ပထမဦးဆုံး အကြိမ်အနေနှင့် ရောက်လာကြခြင်း မဟုတ်သည်မှာ ထင်ရှားပေသည်။ ထိုလူစုထဲမှ မျက်နှာပွရောင်းရောင်း ခပ်ဖိုင့်ဖိုင့်နှင့် ခရီးဆောင်အိတ်တအိတ်ကို ရင်ခွင်ထဲ၌ ပွေ့ထားသည့် အမျိုးသမီးတဦးက

ကနေ့မနက်စောစော ဘုရားဝတ်ပြုချိန်မှာ ဘုရားရှိခိုးကျောင်း သုဘရာဇာက ဘုရားရှိခိုးကျောင်း ဓမ္မသီချင်းဆိုတဲ့ အဖွဲ့ထဲက ကလေးတယောက်ရဲ့ နားရွက်တဖက်ကို အတင်းဖြတ်ပစ်တယ် ဆိုတာကို ကြားကြပြီလား” မေးလိုက်ရာ အငြိမ်းစား အရာရှိတယောက်ဟု ထင်ရသည့် အသက်အရွယ် အတော်ကြီးကြီး လူတယောက်က၊ “ဓမ္မသီချင်းဆိုတဲ့ ကလေးတွေဟာ အားလုံး လမ်းသရဲတွေချည်းပဲ” ဟု ဝင်၍ပြောလေ၏။

ထိုအတွင်း ထိပ်ပြောင်ပြောင်၊ မေးရိုးငေါငေါ၊ လက်တံရှည်ရှည် ဂွတိုတို လူတယောက်က ရုံးခန်းအတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အသံတုန်တုန်ယင်ယင်နှင့်၊

“အင်း၊ ကုန်ဈေးနှုန်းတွေက တက်နေကြပြီ။ ဒါကြောင့် လူတွေဟာ ညစ်ပတ်ကုန်ကြပြီ။ အမဲသား ခပ်ညံ့ညံ့ဈေးက တပေါင်ကို ၁၄ ကိုပက် ထိအောင် ဈေးတက်ပြီး ပေါင်မုန့်ကလည်း နှစ်ကိုပက်ခွဲ ဖြစ်လာပြန်ပြီ” ညည်းတွားနေလေ၏။

တခါတရံ အကျဉ်းသမားများသည် ဝင်လာကြ၏။ သူတို့အားလုံးသည် ပြာမွဲမွဲ ဝတ်စုံတို့ကို ဝတ်ဆင်ထားကြပြီး လေးလံသည့် သားရေဖိနပ်များကို စီးထားကြ၏။ မလင်းတလင်း မှုန်တိမှုန်မွား အကျဉ်းထောင် ရုံးခန်းထဲသို့ ဝင်လာကြလျှင် မျက်စိကို မိုတ်တုတ်မိုတ်တုတ် နေကြ၏။ သူတို့အထဲမှ တယောက်မှာမူ ခြေချင်းများ ခတ်ထား၏။

အကျဉ်းထောင်အတွင်းတွင် ထူးထူးခြားခြား အေးချမ်းလျက်ရှိပြီး အစစသည် ရှင်းနေ၏။ အကျဉ်းသမားအားလုံးသည် ထောင်တွင်း၌ နေနေကျဖြစ်ပြီး ကံစီမံသည့်အတိုင်း ဒေါင်ကျကျ ပြားကျကျနေတော့မည် ဆုံးဖြတ်ထားကြဟန်ရှိ၏။ သူတို့အထဲမှ အချို့သည် သူတို့အပြစ်ဒဏ်ကို ခေါင်းငုံ့ပြီး ငြိမ်ငြိမ်သက်သက် ခံသွားကြ၏။ အစောင့်များကလည်း ပျင်းရိပျင်းတွဲ စောင့်နေကြ ၏။ ထိုအထဲ အကျဉ်းသမားများကို လာရောက် တွေ့ဆုံကြသည့်သူများကလည်း ပျင်းရိငြီးငွေ့စွာ အချိန်မှန်မှန် လာနေကြဟန်ရှိ၏။ အမေကား သည်းမခံဘဲ စိတ်ခုတ် တုန်လှုပ်လျက်ရှိ၏။ သူ့ပတ်ဝန်းကျင်မှ အစစကို ကြည့်ပြီး အံ့ဩမိလေသည်။

မျက်နှာက ပိန်ရှုံ့ရှုံ့ဖြစ်နေသော်လည်း မျက်လုံးများက ကြည်လင်လျက်ပင် ရှိသေးသည့် အဘွားကြီးတယောက်သည် အမေ့အနား၌ ကပ်ထိုင်လျက်ရှိ၏။ အဘွားကြီးသည် ဘေးမှ သူများပြောသမျှ ဆိုသမျှ စကားတို့ကို သူ၏သေးသွယ်သည့် လည်ပင်းကို ဟိုဘက်လှည့်လိုက် သည်ဘက်စောင်းလိုက်နှင့် နားထောင်နေ၏။ လူတိုင်းကိုလည်း သူ၏ ရဲဝံ့ တည်ငြိမ်သည့် မျက်လုံးများနှင့် ကြည့်နေလေသည်။

"ဘယ်သူ့ကိုတွေ့ဖို့လာတာလဲ ကြီးတော်" ဟု သာယာညင်းပျောင်းစွာမေးလျှင် ထိုအဘွားကြီးက၊

"ကြီးတော်သားကိုပါအေ။ တက္ကသိုလ်ကျောင်းသား တယောက်ပေါ့။ ညည်းကကော ဘယ်သူ့ကို တွေ့ဖို့လဲ" ဟု ပြန်မေးလေ၏။

"ကျွန်မကလည်း ကျွန်မသားကို လာတွေ့တာပါ။ အလုပ်သမားတယောက်ပါ"

"သူ့နာမည်က ဘယ်သူတဲ့တုံး"

"ပါဗယ်ပါ"

"သူ့ကို မကြားဖူးဘူး။ ထောင်ထဲရောက်နေတာ ကြာပြီလား"

"ခုနစ်သီတင်းလောက် ရှိပါသေးတယ်"

"ကြီးတော်သားကတော့ ဆယ်လလောက် ရှိပါသေးတယ်" အဘွားကြီးက ဂုဏ်ယူသည့် လေသံမျိုးနှင့် ပြန်ဖြေလေ၏။ ထိုအတွင်း ထိပ်ပြောင်ပြောင်နှင့်လူက၊

"ဟုတ်တယ် ဟုတ်တယ်။ သည်းမခံနိုင်ကြတော့ဘူး။ လူတွေက ဒေါသဖြစ်နေကြတယ်။ အော်ဟစ်နေကြတယ်။ ဈေးတွေကလည်း တတက်တည်း တက်နေကြတယ်။ အဲဒီလို ကုန်ဈေးနှုန်းတွေ တဖက်က တက်တာနဲ့အမျှ

လူတွေကလည်း တဖက်က ဈေးပေါပေါလာပြီး ဘာမဆို ပိုက်ဆံရရင် လုပ်မယ်ဆိုတဲ့ကိန်းကို ဆိုက်နေကြပြီ။ မပြောတော့ဘူးဗျာ” ဟု ဆက်၍ပြောလိုက်လျှင် ပင်စင်စား အရာရှိကြီးက၊

“အေး၊ ခင်ဗျားပြောတာမှန်တယ်။ အင်း အစစ ရပ်တန်းကရပ်ဖို့ အချိန်ကျပြီ။ တယောက်က အာဏာရှိရှိနဲ့ ပြတ်ပြတ်သားသား ငြိမ်သွားအောင် အမိန့်ပေးပစ်လိုက်ဖို့ အချိန်တန်ပြီ။ အခု ကျုပ်တို့တတွေ လိုနေတာက ဒါပဲ။ တကယ့်အာဏာရှိတဲ့လူနဲ့မှ တော်မယ်” ဟု ပြန်ပြောနေလေ၏။

လူတိုင်းက ကိုယ့်ထင်မြင်ချက်ကို ကိုယ်ဝင်ပြောပြီး စကားဝိုင်းထဲ၌ စိတ်ပါဝင်စားလာလေ၏။ လူတိုင်းသည် သူ့သဘောထားကိုသူ အလွန်ပြောပြချင်၏။ သို့ရာတွင် ပွင့်ပွင့်လင်းလင်း မပြောဝံ့ဘဲ တိုးတိုးတိတ်တိတ် ပြောနေကြ၏။ အမေကား သူတို့နှင့် သဘောထားချင်း မတိုက်ချေ။ သူ့အိမ်၌ ပြောကြဆိုကြသည့်စကားတို့သည် ယခုပြောနေကြသည့် စကားများနှင့် မတူ။ ပို၍ပွင့်လင်း၏။ ပြတ်သား၏။ တိုးတိုးနှင့်တိတ်တိတ်လည်း မပြော။ လွတ်လွတ်လပ်လပ် နှင့် အသံကျယ်စွာ ပြောကြ၏။

ထိုအတွင်း နီကြင်ကြင် မုတ်ဆိတ်မွေးကားကားနှင့် ဝဖိုင့်ဖိုင့် ထောင်မှူးတယောက်သည် ထော့နဲ့ ထော့နဲ့နှင့် ထွက်လာပြီး အမေအား ဦးခေါင်းမှ ခြေထောက်အထိ အပြန်ပြန် အလှန်လှန် ကြည့်ကာ၊

“ကဲ၊ ကျုပ်နောက်ကိုလိုက်ခဲ့ကြ” ဟု ခေါ်လေ၏။ သို့နှင့် ထောင်မှူးသည် အမေ့ရှေ့မှ လေးတိလေးတွဲနှင့် သွားနေရာ အမေသည် သူ့သားကို တွေ့ချင်ဇောနှင့် သူ့ကို နောက်မှ တအားတွန်းပစ်လိုက်ချင်သည်။

ပါဗယ်သည် အခန်းကလေးထဲ၌ မတ်တတ်ရပ်နေပြီး လက်တဖက်ကို သံတိုင်ကြားမှလှမ်း၍ အပြင်သို့ ထုတ်ပေးထားရာ အမေက ရပ်လျက် သူ၏လက်ကို လှမ်းဆွဲလိုက်၏။ ထိုနောက် အမေသည် ပြောစရာ စကားစ ရှာမရသဖြင့်၊

“ဟဲ့သား၊ ဟဲ့သား” ဟုသာ ပြောနိုင်၏။ ထိုအခါ ပါဗယ်က အမေ့ကို ဆုပ်ကိုင်ထားရင်း၊

“ကိုယ့်ကိုယ်ကို ထိန်းစမ်းပါ အမေ” ဟု ပြောရာ အမေက၊

“အို၊ အမေ ဘာမှမဖြစ်ပါဘူးကွဲ့ သားရဲ့”

ထိုအတွင်း ထောင်မှူးက၊

“လက်စသတ်တော့ သူက မင်းအမေကိုး” ဟု သက်ပြင်းတခါချ၍

ပြောလိုက်၏။ တဖန်ဆက်၍၊

“အေး၊ မင်းတို့ချင်း ခပ်ဝေးဝေးကလေးရပ်ကွ၊ ဒီလို အနားကပ်နေလို့မဖြစ်ဘူး” ဟု ခပ်ကျယ်ကျယ် လှမ်း၍ပြောလိုက်၏။

ပါဗယ်သည် အမေ့အား နေကောင်း မကောင်းနှင့် အိမ်တွင်းအခြေအနေတို့ကို မေးမြန်း စုံစမ်းနေ၏။ အမေက အခြားအရေးကိစ္စတို့နှင့် ပတ်သက်၍ မေးလိမ့်ဦးမည်ဟု မျှော်တလင့်လင့်ဖြင့် ပါဗယ်၏ မျက်နှာကို အကဲခတ်၏။ သို့ရာတွင် ပါဗယ်က ဘာမျှမမေးချေ။ သူသည် ခါတိုင်းကဲ့သို့ပင် တည်ငြိမ်လျက် ရှိ၏။ သို့ရာတွင် သူ့အသားသည် အနည်းငယ် ဖျော့ရော်ရော်ဖြစ်ပြီး မျက်လုံးများသည် အနည်းငယ် ပြူးလာသည်ဟု ထင်ရလေသည်။ အမေက

“ဆာရှာက သတိရတဲ့အကြောင်း ပြောလိုက်ပါတဲ့” ဟု ပြောပြ၏။

ပါဗယ်သည် မျက်တောင်များကို နှစ်ချက် သုံးချက် မြန်မြန်ခတ်လိုက်၏။ မျက်နှာထားတင်းရာမှ ပျော့၍ ပြုံးလာ၏။ အမေသည် သူ့သားမျက်နှာထား ပြောင်းသွားသည်ကို ကြည့်ပြီး ရင်ထဲ၌ နင့်သွားလေသည်။ ထိုနောက် စိတ်ထဲ၌ နာကြည်းစွာနှင့်ပင်…

“ငါ့သားကို သူတို့က မကြာခင် လွှတ်လိမ့်မယ်လို့ ထင်သလားကွယ်။ ဘာပြုလို့များ သူတို့က သားကို ချုပ်ထားကြတာလဲ။ ဟိုစာရွက်စာတမ်းတွေက အလုပ်ရုံထဲမှာ ပလူပျံမြဲ ပျံနေကြတာပါပဲ” ဟု ပြောလေလျှင် ပါဗယ်၏ မျက်လုံးများသည် တောက်ပြောင်လာပြီး…

“တကယ်လား အမေ” ဟု အရေးတကြီး မေးလေ၏။

ထိုအခါ ထောင်မှူးက အိပ်မှုန်စုံမွှားအသံဖြင့်…

“ဒီလိုကိစ္စတွေကို မပြောရဘူးလို့ တားမြစ်ထားတယ်။ ကိုယ့်အိမ်ထောင်တွင်း အရေးကိစ္စ တို့ကိုသာ ပြောခွင့်ရတယ်ဗျာ” ဟု အမေအား ပြောပြလေသည်။

အမေက

“ဒီဟာကော အိမ်တွင်းရေးကိစ္စ မဟုတ်ဘူးလား” ဟု ပြန်၍ မေးလေလျှင် ထောင်မှူးက ဘာမျှ အရေးမစိုက်သည့်အနေဖြင့်

“အဲဒါကိုတော့ ကျုပ်မပြောတတ်ဘူး။ ဒါပေမဲ့ ပြောဖို့ အခွင့်မရှိဘူးဗျာ” ဟု ပြန်၍ ဖြေလေ၏။ ပါဗယ်က…

“ကဲ၊ ကောင်းပါပြီလေ၊ ကျွန်တော့်ကို အိမ်က အကြောင်းကိုပဲ ပြောပြပါ အမေ” ဟု ဆိုလေ၏။

ထိုအခါ အမေက သရော်တော်တော် မျက်နှာထားနှင့်…

“အို ဒါတွေအကုန်လုံးကို အမေပဲ အလုပ်ရှုံထဲ ယူသွားတာပေါ့ကွယ်” ဟု ပြော၍ ခဏမျှ ရပ်နေပြီးနောက်

“အမေ ယူသွားတာတွေကတော့ မုန်လာဥဟင်းချိုတို့၊ ဆန်ပြုတ်တို့၊ မာရီယာ ချက်ပေးတဲ့ အစားအစာတွေပေါ့ကွယ်၊ ပြီးတော့ ဟိုဟာ ဒီဟာတွေပေါ့ကွယ်၊ စုံလို့ပါပဲ” ဟု ပြောလိုက်ရာ ပါဗယ်သည် အမေပြောလိုက်သည့်စကားများ၏ အဓိပ္ပာယ်ကို ကောင်းကောင်းကြီး နားလည်၍ သဘောပေါက်သွား၏။ သူ့လက်ချောင်းများဖြင့် သူ၏ဆံပင်ကို နောက်သို့လှန်ပြီး မရယ်မိအောင် မနည်းထိန်း၍ ပြုံးနေလေ၏။ ထို့နောက်

“အင်း၊ အမေ အလုပ်အအားမနေရအောင် အလုပ်တခုခုလုပ်နေရတာ ကောင်းတယ်။ တယောက်တည်း အဖော်မရှိ အပေါင်းမရှိနဲ့ နေဖို့ အချိန်မဟုတ်တော့ဘူးနော် အမေ” ဟု အမေ ယခင်က တခါမျှ မကြားဘူးသည့် ယုယကြင်နာလှသည့် လေသံဖြင့် ပြန်ပြောလိုက်ရာ အမေက

“အဲဒီစာရွက်စာတမ်းတွေ ပေါ်လာပြန်တော့ သူတို့တတွေက အံမယ် အမေ့ကိုတောင် ရှာလားဖွေလား လုပ်ကြသေးတယ်ကွဲ့” ဟု ခပ်ဝင့်ဝင့်နှင့် ပြန်ပြောလေ၏။

ထိုအခါ ထောင်မှူးက မကျေနပ်သည့်လေသံဖြင့်…

“အဒေါ်ကြီးကလည်း လုပ်ပြန်ပြီလား တခါ။ ဒါတွေကို မပြောဖို့ တားမြစ်ထားတယ်လို့ ကျုပ်ပြောထားပြီ မဟုတ်လား။ သူတို့က သူ့ကို (ပါဗယ်ကို ဆိုလိုသည်) ဘာဖြစ်နေတယ်ဆိုတာ မသိရအောင်၊ ခင်ဗျားနဲ့ မတွေ့ရအောင် ထောင်ထဲမှာ ထည့်ထားတာဗျ။ ဘယ်လိုကိစ္စမျိုးကိုမှ မပြောရဘူး” ဟု ပြောလေရာ ပါဗယ်က၊

“ကဲ၊ တော်ပါပြီ အမေ၊ မက်ဗေ၊ အိုင်ဗင်နိုဗစ် (အလှည့်ကျ ထောင်မှူး၏ နာမည်) က သဘော ကောင်းတယ်။ အဲဒီတော့ သူ့ကို စိတ်ဆိုးအောင်လုပ်ဖို့ မကောင်းဘူး။ သူနဲ့ ကျွန်တော်တို့နဲ့ တည့်တယ်။ ကနေ့ အမေလာတွေ့တုန်း သူ့အလှည့်ကျတာ သိပ်ကံကောင်းတာပဲ။ ခါတိုင်းဆိုရင် လက်ထောက် ထောင်ပိုင်ကြီးက လာလာစောင့်တယ်” ဟု အမေ့အား ပြောပြ၏။ ထောင်မှူးလည်း သူ့နာရီကိုကြည့်ပြီး၊

"အင်း အချိန်စေ့ပြီ" ဟု ဆိုလေ၏။

"ကျေးဇူးတင်ပါတယ် အမေရယ်၊ ဘာမျှ စိတ်ထဲက ပူပင်မနေပါနဲ့။ စိုးရိမ်စရာ မရှိပါဘူး။ သူတို့တတွေက ကျွန်တော့်ကို လွှတ်လိုက်ကြမှာပါ" ဟု ပြောကာ ပါဗယ်သည် အမေ့အား အားပါးတရ ဖက်၍နမ်းလေ၏။

အမေလည်း စိတ်ထဲ၌ အကျေနပ်ကြီး ကျေနပ်ပြီး မျက်ရည်များပင် ကျမိလေသည်။

ထိုနောက် ထောင်မှူးက အမေအား

"ကဲ... လာဗျာ၊ တော်ပြီ" ဟု ဆို၍ ခေါ်သွားပြီး အမေအား ဂရန်တာအတိုင်း ရှေ့မှ လမ်းပြရင်း၊

"ငိုမနေပါနဲ့ဗျာ၊ သူ့ကိုလွှတ်ကြမှာပါ။ သူ့ကိုချည်းသာ မဟုတ်ဘူး၊ အားလုံးကို လွှတ်ပစ်မှာပါ၊ ဒီမှာ လူတွေက ပွတ်ခဲနေပြီဗျ" ဟု ပြောနေပြန်၏။

အိမ်သို့ရောက်သောအခါ အမေက ယူကရိန်းသားအား ထောင်၌ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံ အားလုံးတို့ကို ပြုံးပြုံးရွှင်ရွှင် ပြောပြလေ၏။ ထိုနောက် သက်ပြင်းချကာ

"ငါက ဒီအဖြစ်အပျက်တွေ၊ လုပ်ရပ်တွေကို ထောင်မှူးကို တပတ်ရိုက်ပြီး ပြောလိုက်တာ ဘယ်လောက်ဟန်သလဲကွဲ့။ သူလည်း ငါလှည့်ပြီး ပြောလိုက်တာကို နားလည် သဘောပေါက် ပါတယ်။ နားမလည်ဘဲမနေပါဘူးကွဲ့။ နားလည်လို့လည်း အမေကို ဒီလောက်ယုယုယယ ကြင်ကြင်နာနာနဲ့ ပြောတာပေါ့။ တခါမှ ဒီလို မယုယဖူးဘူးကွဲ့" ဟု ပြောပြသောအခါ ယူကရိန်းသားက ရယ်လျက်၊

"အမေကတော့ တကယ့်ကို ရယ်စရာကောင်းတာပဲ။ လူတွေဟာ သည့်ပြင်ဟာတွေကို တောင့်တကြတယ်။ လိုလားကြတယ်။ ဒါပေမဲ့ မိခင်တယောက်ကတော့ ချစ်ခင် ကြင်နာခြင်း ကိုသာ တောင့်တတယ်" ဟု ပြောလေ၏။

အမေသည် ရုတ်တရက် ရှိုက်ကြီးတငင်ငိုကာ၊

"ဒါပေမဲ့ အင်ဒရေယူရှာ၊ တခြားလူတွေကို မင်း မြင်စမ်းစေချင်တယ်ကွယ်။ သူတို့မှာ ထုသားပေသား ရနေကြတာတွေကိုး။ သူတို့သားသမီးတွေကို ဖမ်းကြတယ်။ ပြီးတော့ ထောင်ထဲမှာ ချုပ်နှောင်ထားကြတယ်။ ဒါပေမဲ့ သူတို့တတွေက ဘာမျှမဖြစ်သလိုဘဲ နေနိုင်ကြလိုက်တာ။ သူတို့လည်း ထောင်ကိုလာကြတယ်။ ထိုင်ပြီး စောင့်ကြတယ်။ ပြီးတော့ ဟိုသတင်း

ဒီသတင်းတို့ကို ပြောကြဆိုကြတယ်။ သည်လို ပညာတတ်တဲ့ လူတွေကတောင် အခုပြောသလို အလေ့အကျင့် ရနေကြရင် တို့လိုပညာမရှိတဲ့လူ နလပိန်းတုံးတွေက ဘာလုပ်ကြရမလဲ။ ကဲ မင်းပဲ စဉ်းစားပါဦး” ဟု ပြောလျှင် ယူကရိန်းသားက၊

“အို ဒါကတော့ အမှန်ပဲ။ တရားဥပဒေက သူတို့အတွက် တမျိုးပဲ။ ကျွန်တော်တို့တတွေ အပေါ်မှာလောက် မပြင်းထန်ဘူး အမေ။ ပြီးတော့ တရားဥပဒေကို ကျွန်တော်တို့ထက် သူတို့က ပိုပြီး အသုံးချကြတယ်။ အဲဒီတော့ တခါလောက်များ တရားဥပဒေ ဒဏ်ကို ခံလိုက်ရရင် သူတို့က ရှုံ့မဲ့သွားတာပဲ။ ဒါပေမဲ့ သည်လောက်တော့ အရေးမထားကြပါဘူး။ ကိုယ့်တုတ်နဲ့ကိုယ် ရိုက်မိတာက သူများရိုက်တာကို ခံရတာထက်တော့ သက်သာတာပေါ့ဗျာ” ဟု သရော်သလိုလို၊ လှောင်သလိုလိုနှင့် ပြန်ပြောလေသတည်း။

အခန်း နှစ်ဆယ်

တနေ့ညနေချမ်း၌ အမေသည် စားပွဲ၌ထိုင်၍ ခြေအိတ်တဖက်ကို ထိုးနေ၏။ ယူကရိန်းသားသည် ရေးရောမပြည်မှ ကျေးကျွန်များ တော်လှန်ခဲ့ကြသည့်အကြောင်းကို အမေအား ဖတ်ပြနေ၏။ ထိုအတွင်းမှ အပြင်မှ လူတယောက်က တံခါးကို ခပ်ကျယ်ကျယ် လာခေါက်သဖြင့် ယူကရိန်းသားက ဖွင့်ပေးသောအခါ နှစ်ကိုလိုင် ဗက်ဆော့ရှီကော့သည် အထုပ်တထုပ်ကို ချိုင်းတွင်ညှပ်၍ ဝင်လာလေ၏။ သူသည် သူ၏ခေါင်းစွပ်ဦးထုပ်ကို နောက်သို့ လှန်ဆောင်းထား၏။ သူ့ခြေထောက်များ၌လည်း ဒူးအထိ ရွှံ့များပေလျက် ရှိလေသည်။

ထိုနောက် နှစ်ကိုလိုင်က

"ကျွန်တော် ဒီအနားဖြတ်သွားတုန်း အိမ်ထဲက မီးမြင်တော့ နှုတ်ဆက်မယ်လို့ ဝင်လာခဲ့တာပဲ။ အခု ထောင်က တန်းလာခဲ့တာဗျာ့" ဟု ပြော၍ အမေ့လက်ကို စိတ်ရော ကိုယ်ပါ ဆွဲကိုင်နှုတ်ဆက်ပြီး၊

"ပါဗယ်က အမေ့ကိုသွားပြီး တွေ့ဖြစ်အောင် တွေ့လိုက်ပါလို့ မှာလိုက်တယ်" ဟု ပြောလေ၏။ သို့ပြောပြီးနောက် စိတ်နှလုံး မသက်မသာနှင့် ထိုင်၍ မျက်မှောင်ကြုတ်ပြီး သံသယရှိသလိုလိုဖြင့် အခန်းတွင်းသို့ ဟိုကြည့် သည်ကြည့် ကြည့်နေလေ၏။

အမေသည် သူ့ကို မနှစ်သက်ချေ။ သူ၏ ပြောင်နေအောင် ရိတ်ထားသည့် ဦးခေါင်းနှင့် သေးငယ်သော မျက်လုံးလေးများအား ကြောက်သလိုလို ဖြစ်နေ၏။ သို့ရာတွင် ထိုနေ့ညကမူ အမေသည် သူနှင့် တွေ့ရသဖြင့် ဝမ်းသာပြီး အတော် ခင်မင်ရင်းနှီးစွာ သူ့အား အားပေးစကား ပြောနေလေ၏။

"နှစ်ကိုလိုင်လည်း တယ်ပိန်လှချည်လား" ဟု ပြောပြီး ယူကရိန်းသား၏ ဘက်သို့လှည့်ကာ "ကဲ အင်ဒရေယူရှာ သူ့ကို လက်ဖက်ရည် တခွက်လောက် တိုက်ကြစို့လား" ဟု ပြောလေ၏။ ယူကရိန်းသားက မီးဖိုခန်းထဲမှနေပြီး၊

"ကျွန်တော် လက်ဖက်ရည်အိုးတည်နေတယ်" ဟု လှမ်း၍ ပြောလိုက်၏။ အမေက တဖန်၊

"ပါဗယ်ကော ဘယ့်နှယ်လဲ။ မင်းအပြင် ဘယ်သူ့ကိုများ လွှတ်လိုက်သေးတုံး" ဟု မေး၏။

နစ်ကိုလိုင်သည် ဦးခေါင်းကို ငုံ့နေလေ၏။

"ပါဗယ်ကတော့ သည်းခံပြီး စောင့်နေတာပဲ။ အပြင်လွှတ်လိုက်တာကတော့ ကျွန်တော် တယောက်တည်းပဲ" ဟုပြောပြီး အမေ့မျက်နှာကို မော့ကြည့်လိုက်၏။ ထိုနောက် သွားကိုစေ့ပြီး ဖြည်းညင်းသည့် လေသံဖြင့်၊

"ကျွန်တော်ကတော့ သူတို့ကို ကျုပ်အပြစ်ဒဏ်ခံရတာ ကြာလှပြီ။ ကျုပ်ကို လွှတ်ပါတော့။ ကျုပ်ကို မလွှတ်ရင် ကျုပ်ကတော့ တယောက်ယောက်ကို သတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပဲလို့ ပြောတယ်။ ဒါကြောင့် သူတို့က ကျွန်တော့်ကို လွှတ်လိုက်ကြတာပဲ" ဟု ဆက်၍ ပြောနေလေ၏။ အမေသည် နောက်သို့တွန့်သွားပြီး…

"ဟင်း" ဟုသာ ပြောနိုင်တော့၏။ ထိုနောက် နစ်ကိုလိုင်၏ တောက်ပြောင်စူးရှသည့် မျက်လုံးကလေးများနှင့် သူ့မျက်လုံးများ အကြည့်ချင်းဆုံမိသည့်အခါ သူသည် မျက်လုံးများကို ပေကလတ် ပေကလတ် လုပ်နေလေ၏။

ထိုအတွင်း ယူကရိန်းသားက မီးဖိုခန်းထဲမှနေ၍…

"ဖီယိုဒို မက်ဇင်ကော ဘယ့်နှယ်လဲ။ အခုထက်ထိ လင်္ကာတွေကို ရေးနေတုန်းပဲလား" ဟု လှမ်း၍ မေးလိုက်သောအခါ နစ်ကိုလိုင်က ဦးခေါင်းကိုညိတ်လျက်…

"ဟုတ်တယ် ရေးနေတယ်။ ဒါပေမဲ့ ကဗျာတွေ၊ လင်္ကာတွေကို ကျုပ်က နားမလည်ဘူးဗျ။ သူကတော့ သူ့ကိုယ်သူ သာလိကာထင်နေတယ်။ သူ့ကို လှောင်အိမ်ထဲ ထားလိုက်ရင် သူက မြည်တော့တာပဲ။ ဒါထက် ကျုပ်အိမ်ကို ကျုပ်မပြန်ချင်ဘူးဗျ"

"အင်း၊ အိမ်ပြန်သွားတော့ကော ဘာလုပ်မှာလဲ။ အိမ်ကလည်း အခေါင်းချည်း၊ ဘယ်သူမှမရှိဘူး။ မီးဖိုထဲမှာလည်း မီးမရှိ။ တအိမ်လုံး အေးစိမ့်နေမှာပေါ့" ဟု အမေသည် စဉ်းစားရင်း ပြောပြလေ၏။

နစ်ကိုလိုင်သည် ငြိမ်နေ၏။ အမေ့ကို စွေကြည့်နေလေ၏။ နောက်ဆုံး၌ စီးကရက် တဘူးကို ထုတ်၍ စီးကရက်တလိပ်ကို မီးညှိကာ တချက်လောက် ညည်းလိုက်၏။ ထိုနောက် သူ၏ဆေးလိပ်မှ အလိပ်လိပ်တက်နေသော မီးခိုးများကိုကြည့်ရင်း၊

"ဟုတ်တယ်၊ ကျွန်တော်လည်း အကုန်လုံးအေးမြနေလိမ့်မယ်လို့ ထင်တာပဲ။ ကြမ်းပြင်ပေါ်မှာ ပိုးဟပ်တွေရော၊ ကြွက်တွေရော သေွးတွေခဲပြီး

စန့်နေကြရောပေါ့ဗျာ၊ အဲဒီတော့ ကျွန်တော် ဒီအိမ်မှာ တညလောက် အိပ်ပါရစေလား အမေ” ဟု အမေ့ကို မကြည့်ဘဲ အသံကွဲကြီးနှင့် မေးနေလေ၏။

“ဘာကွဲ့၊ အမယ် အခွင့်တွေဘာတွေ တောင်းမနေရပါဘူးတော်၊ အိပ်နိုင်ပါတယ်” ဟု ကပျာကယာ ပြန်ဖြေလိုက်၏။

သို့ရာတွင် သူသည် နစ်ကိုလိုင်ရှေ့တွင် နေရသည်မှာ အိုးတိုးအောင့်တောင့် ဖြစ်နေ၏။ ထိုနောက် နစ်ကိုလိုင်က “အခုခေတ်ကတော့ဗျာ၊ လူတွေက ကိုယ့်မိကိုယ့်ဖတောင် မိဘပြောရမှာ ရှက်နေကြတယ်” ဟု ပြောလိုက်ရာ အမေက “ဘယ့်နှယ်” ဟု အလန့်တကြား မေးလိုက်၏။

နစ်ကိုလိုင်သည် အမေ့ကိုကြည့်ပြီး သူ့မျက်လုံးများကို မှိတ်ထားလေရာ ကျောက်ပေါက်မာဗရပျစ် နှင့် သူ့မျက်နှာသည် မျက်မမြင်သဖွယ် ဖြစ်သွားလေ၏။ တဖန် သက်ပြင်းတချက်ချကာ…

“ကျွန်တော်က လူတွေဟာ ကိုယ့်မိဘကို မိဘပြောရမှာတောင် ရှက်နေကြတယ်လို့ ပြောတာပါ။ ပါဗယ်ကတော့ အမေ့အတွက် မရှက်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ကတော့ ကျွန်တော့်အဘိုးကြီး အတွက် ရှက်တယ်ဗျာ။ သူ့အိမ်ရိပ်ကို ကျွန်တော် ဘယ်တော့မှ မနင်းတော့ဘူး။ ကျွန်တော့်မှာ အဖေလည်း မရှိဘူး။ အိမ်လည်း မရှိဘူး။ ကျွန်တော့်ကို ပုလိပ်ကသာ ချုပ်မထားရင် ဆိုက်ဘေးရီးယားကို ထွက်သွားမှာပဲ။ အဲဒီမှာ ပြည်နှင်ဒဏ် ပေးထားတဲ့ လူတွေကို ထွက်ပြေးရအောင် အကူအညီ ပေးလိုက်မှာပဲ” ဟု ပြောလေ၏။

အမေသည် နစ်ကိုလိုင် ဆင်းရဲဒုက္ခ ခံစားနေရသည်ကို သိ၏။ သို့ရာတွင် သူ့အတွက် ဝမ်းမနည်းချေ။

အမေသည် သူ့အား စကားတခွန်းမျှ ပြန်မပြောလျှင် သူ့စိတ်ထဲ၌ ကျေနပ်မည်မဟုတ်သဖြင့်၊

“ဒီလိုမှဆိုရင်လည်း မင်းထွက်သွားလိုက်ရင် ကောင်းမှာပေါ့” ဟု ပြန်ပြောလိုက်၏။ ထိုအတွင်း ယူကရိန်းသားသည် မီးဖိုခန်းထဲမှ ထွက်လာ၍၊

“ဘာများပြောနေကြတာလဲ အမေ” ဟု မေးကာ ရယ်လိုက်၏။ အမေက “ကဲ၊ တို့ တခုခု စားရအောင် ထပ်ယူလိုက်ဦးမယ်” ဟု ဆိုကာ ထလိုက်၏။

ထိုနောက် နစ်ကိုလိုင်သည် ယူကရိန်းသားအား စူးစူးစိုက်စိုက် ကြည့်နေပြီး၊ “တချို့လူတွေကို သတ်ပစ်ရရင် ကောင်းမှာပဲဗျာ့” ဟု မမျှော်လင့်သည့်စကားကို ဆိုလိုက်၏။

"အိုး ဟိုး ဘာပြုလို့လဲဗျာ"

"ရှင်းသွားအောင်လို့ပေါ့ဗျာ"

အရပ်မြင့်မြင့်၊ ခြေတံကောကောနှင့် ယူကရိန်းသားသည် အလယ်ခန်း၌ သူ့ကိုယ်သူ ယိမ်းထိုးကာ မတ်တတ်ရပ်နေပြီး နစ်ကိုလိုင်ကို ငုံ့ကြည့်နေ၏။ နစ်ကိုလိုင်ကမူ ကုလားထိုင်ပေါ်၌ စီးကရက်ကို တွင်တွင်ဖွာကာ ငြိမ်သက်စွာ ထိုင်နေလေ၏။ သူ့မျက်နှာသည် နီရဲလာလေ၏။ တဖန်၊

"ဟောဟို အိုင်ဆိုင်ဂေါ်ဘော့ခေါင်းကို ကျုပ်ကတော့ ဖြတ်ပစ်ရလိမ့်မယ်။ ကြည့်ပါ၊ ကျုပ် တကယ်ကို လုပ် မလုပ်"

"ဘာပြုလို့လဲဗျာ" ဟု ယူကရိန်းသားက မေးလိုက်သောအခါ၊

"သူက သူလျှိုဗျ၊ ပုလိပ်သတင်းပေး။ သူပဲ ကျုပ်အဖေကို ဖျက်ဆီးပြီး ပုလိပ်ရဲ့တည်ကြက် ဖြစ်အောင် လုပ်ပစ်လိုက်တာ" ဟု ယူကရိန်းသားအား ခပ်ချဉ်ချဉ် ကြည့်ကာ ပြောနေလေ၏။ ထိုအခါ ယူကရိန်းသားက၊

"အိုး၊ ဒါကြောင့်ကိုး။ ဒါပေမဲ့ ခင်ဗျားအဖေကိစ္စနဲ့ ဘယ်သူကမှ ခင်ဗျားအပေါ်မှာ မကောင်းတဲ့ စိတ်ထားနဲ့ မဟုတ်ပါဘူး" ဟု ပြောလိုက်လျှင်၊

"လူတော်တွေရော လူအတွေပါ အတူတူပါပဲဗျာ။ ကဲ၊ ဥပမာ ခင်ဗျားနဲ့ ပါဗယ်ကို ကြည့်ပါဦး။ ခင်ဗျားတို့ နှစ်ယောက်လုံးဟာ လူတော်တွေချည်းပါပဲ။ ဒါပေမဲ့ ခင်ဗျားတို့က ကျုပ်အပေါ်မှာ ဖီယိုဒိုတို့၊ ဆမွိုင်းလော့တို့ သဘောထားသလို တသဘောတည်း ထားကြရဲ့လား။ ခင်ဗျားတို့ အချင်းချင်း တယောက်အပေါ် တယောက် သဘောထားသလိုကော ထားရဲ့လား။ ကဲ၊ ဟုတ်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ကျုပ်က ခင်ဗျားတို့ကို ဘယ်နည်းနဲ့မှ မယုံဘူးဗျ။ ခင်ဗျားတို့အားလုံး ကျုပ်ကို ဘေးဖယ်ဖယ်ထားတယ်။ ကျုပ်နဲ့ တော်တဲ့နေရာမှာပေါ့ဗျာ" ဟု ခေါင်းမာမာနှင့် ပြန်ပြောလေ၏။

ထိုအခါ ယူကရိန်းသားက သူ့အနား၌ထိုင်ကာ ဖြည်းညင်း နူးညံ့သိမ်မွေ့စွာ၊

"နစ်ကိုလိုင်၊ ခင်ဗျားစိတ်က သောကတွေ များနေတယ်ဗျာ့" ဟု ပြောလိုက်လျှင် နစ်ကိုလိုင်က၊

"အေး ဟုတ်တယ်၊ ကျုပ်စိတ်က သောကတွေ များနေတယ်။ ဒါပေမဲ့ ခင်ဗျားစိတ်ကလည်း သောကများနေတာပဲ။ ခင်ဗျားက ခင်ဗျားသောကဟာ ကျုပ်သောကထက် အရည်အချင်း အားဖြင့် မြင့်မားတယ်လို့ ထင်နေတယ်။ ကျုပ်တို့တတွေဟာ တယောက်နဲ့ တယောက် အလကားကောင်တွေလို့

ထင်နေကြတယ်။ ဆက်ဆံနေကြတယ်။ ကဲ... မထင်ဘူးလားဗျာ။ ပြောစမ်းပါ ပွင့်ပွင့်လင်းလင်း” ဟု မေးကာ ယူကရိန်းသား၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း အဖြေကို စောင့်နေလေ၏။ နှုတ်ခမ်းကိုလည်း ကိုက်ထား၏။ သူ၏ နီရဲသော မျက်နှာထားကား မပြောင်း။ နှုတ်ခမ်းများကသာ တွန့်လိုက် ရှုံ့လိုက် ဖြစ်နေကြ၏။ ယူကရိန်းသားသည် နစ်ကိုလိုင်၏ ရန်လိုနေသော မျက်နှာထားကို ဝမ်းနည်းစွာကြည့်ကာ၊

“ကျုပ်တော့ ဘာမျှမပြောတတ်ဘူးဗျာ့။ ကျုပ်သိတာကတော့ စိတ်ထဲမှာ အကျိတ်အခဲဖြစ်နေတဲ့ အနာတွေ အားလုံး အုံကြွနေတဲ့ လူတယောက်နဲ့ စကားအချေအတင် ပြောရတာဟာ မကောင်းဘူး၊ စိတ်ကို ထိခိုက်တယ်ဆိုတာပဲ ကျုပ်သိတယ်။ ဒါကို ကျုပ် သိတယ် နောင်တော်” ဟု ဖြေလိုက်ရာ နစ်ကိုလိုင်သည် မျက်လွှာကို အောက်သို့ချပြီး၊

“ခင်ဗျားနဲ့ ကျုပ်တော့ ငြင်းနေလို့မဖြစ်ဘူး။ ဘာကြောင့် ငြင်းမဖြစ်ဘူးဆိုတာကိုလည်း ကျုပ်မသိဘူး” ဟု ပြန်ပြောလေ၏။ တဖန် ယူကရိန်းသားက ဆက်၍၊

“ကျုပ်တို့တတွေဟာ လူတိုင်း လူတိုင်း ကိုယ့်ဟာနဲ့ကိုယ် အလွန်ကြမ်းတမ်းတဲ့ ဘဝခရီးကို လျှောက်နေကြရတာပဲ။ ပြီးတော့ လူတိုင်း လူတိုင်းဟာ ခင်ဗျားလိုပဲ အလွန် ကျပ်တည်း ကျဉ်းမြောင်းတဲ့အချိန်မှာ ညည်းကြရတာချည်းပဲ” ဟု ပြောလျှင်... နစ်ကိုလိုင်က၊

“ခင်ဗျား ကျုပ်ကို ဘာမျှရှင်းမပြနိုင်ပါဘူး။ ကျုပ်ကတော့ ဝံပုလွေလို ဟိန်းဟောက်နေတဲ့လူပဲ” ဟု ပြန်ပြောလျှင် ယူကရိန်းသားက၊

“ကျုပ်က ခင်ဗျားကို ဘာမှ ရှင်းမပြချင်ဘူး။ ဒါပေမဲ့ ကျုပ်သိတာကတော့ ဒီကိစ္စတွေဟာ မကြာမီ ပြေပျောက်သွားမယ့်ကိစ္စတွေပါ။ လုံးလုံးမပြေပျောက်သည့်တိုင်အောင် ပြေတော့ ပြေပျောက် ရမှာပေါ့ဗျာ” ဟု ပြောပြီး ရယ်လိုက်၏။ ထိုနောက် နစ်ကိုလိုင်၏ ပခုံးကို လက်နှင့်ပုတ်လျက်၊

“ဒါက ကလေးတွေမှာဖြစ်တတ်တဲ့ ဝက်သက်လိုပါပဲ။ ကျုပ်တို့အားလုံးဟာ တကြိမ်ကြိမ်မှာ ဝက်သက်ပေါက်ဖူးကြတာချည်းပဲ။ သန်သန်မာမာကလေးတွေမှာ ပေါက်ကြတော့ ပေါ့ပြီး၊ ချူချာတဲ့ကလေးတွေ ပေါက်ရင် အတော်ခံရတာပေါ့။ ကျုပ်တို့တတွေဟာ ကိုယ့်ကိုယ်ကို ငါဟာ ဘာလဲ၊ ငါ လူဖြစ်လာရတာဟာ ဘာလုပ်ဖို့လဲလို့ စဉ်းစားလိုက်တာနဲ့ တပြိုင်နက် ဒီလို စိတ်ဓာတ် ကျဆင်း ကျဆင်းလာရတော့တာပဲ။ ဒါပေမဲ့ ဘဝဟာ ဘာလဲ၊ တို့ဟာ ဒီဘဝမှာ ဘာလုပ်ကြရမလဲ ဆိုတာကို တိတိကျကျ မသိကြဘူး။ ပထမတော့ လူတိုင်းဟာ ကိုယ့်ကိုယ်ကို အကောင်းဆုံးလို့ ထင်တယ်။ တခြားလူတွေက သူ့ဆီမှ

အမြတ်ထုတ်တယ်လို့ ထင်တယ်။

ဒါပေမဲ့ တော်တော်ကလေးကြာတော့ တခြားလူတွေလည်း သူ့ထက် စိတ်သဘော မညံ့ဘူး ဆိုတာကို သိမြင်လာတယ်။ အဲဒီတော့မှ သူလည်း နေသာထိုင်သာ ရှိတော့တယ်။ ပြီးတော့ ကိုယ့်ကိုယ်ကို တော်လှပြီ၊ ကောင်းလှပြီလို့ ပြောရမှာလည်း ရှက်လာတယ်။ လူတိုင်း လူတိုင်းဟာ ကိုယ်တတ်နိုင်သလောက် ကောင်းအောင် လုပ်နိုင်ရင် အားလုံး ကောင်းသွားမယ် ဆိုတာ သိလာပါလိမ့်မယ်။ အားလုံးကောင်းသွားတာနဲ့စာရင် လူတယောက်ရဲ့ကောင်းတဲ့ အကွက်ကလေးတကွက်ဟာ အလွန်သေးနုပ်တယ်ဆိုတာကို မြင်လာပါလိမ့်မယ်၊ ကျုပ်ပြောတာ ကို ခင်ဗျား သဘောပေါက်ရဲ့ မဟုတ်လား”

“အင်း… နားလည်လိမ့်မယ်တော့ ထင်ပါရဲ့ဗျား၊ ဒါပေမဲ့ ကျုပ် ဘာမှမယုံဘူး ဗျာ” ဟု ဆိုလေ၏။

ယူကရိန်းသားသည် ရယ်ပြီး ထခုန်လိုက်၏။ ထိုနောက် အခန်းတွင်း၌ ဟိုဟိုသည်သည် လမ်းလျှောက်နေရာမှ၊

“ကျုပ်လည်း ဒီလိုပဲ ဘာမှယုံခဲ့တဲ့လူ မဟုတ်ဘူးဗျ။ နတ်အိုးကွဲရဲ့” ဟု ပြောလျှင် နစ်ကိုလိုင်က ယူကရိန်းသားကို စိတ်ချဉ်ချဉ်နှင့် ကြည့်လျက်၊

“ဘယ့်နှယ်ကြောင့် နတ်အိုးကွဲလို့ ကျုပ်ကို ခေါ်ရတာလဲ” ဟု မေးလေလျှင် ယူကရိန်းသားက၊

“နတ်အိုးကွဲနဲ့ပေါ့” ပြန်ဖြေလိုက်၏။ ထိုနောက် နစ်ကိုလိုင်သည် ဟက်ဟက်ပက်ပက် ရယ်နေပြန်ရာ၊ ယူကရိန်းသည် သူ့ရှေ့၌ရပ်လျက်၊

“ဘယ့်နှယ်ကြောင့် ရယ်နေရတာလဲ” ဟု မေးလေ၏။

“ခင်ဗျားလို လူ့စိတ်နာကြည်းအောင် လုပ်တဲ့လူကတော့ တကယ့် လူမိုက်တယောက်ပဲလို့ ကျုပ် တွေးမိလို့ပါဗျာ”

“ဘယ်သူကများ ကျုပ်စိတ်ကို ထိခိုက်အောင် လုပ်နိုင်လို့လဲ” မေးလျှင် နစ်ကိုလိုင်သည် အကြံဆိုက်ပြီး ပြုံးလျက်၊

“ဒါကိုတော့ ကျုပ်မသိဘူးပေါ့ဗျာ၊ ခင်ဗျားစိတ်ကို ထိခိုက်နာကြည်းအောင်လုပ်တဲ့ လူဟာ သူ့စိတ်ထဲမှာ ထိခိုက်သွားမှာပဲလို့ ကျုပ် ပြောချင်တာပါ” ပြန်ပြောလေ၏။ ယူကရိန်းသားက၊

“ဒါပဲလားဗျ” ပြန်မေးလိုက်စဉ် အမေသည် မီးဖိုထဲမှနေ၍ ယူကရိန်းသားအား “အင်ဒရေယူရှာ” ဟု လှမ်း၍ခေါ်လိုက်ဖြင့် ယူကရိန်းသားသည်

မီးဖိုထဲသို့ ဝင်သွားလေ၏ ။

သို့နှင့် အိမ်ရှေ့ခန်းထဲ၌ တယောက်တည်း ကျန်ရစ်ခဲ့သောအခါ နစ်ကိုလိုင်သည် ဟိုဟိုဒီဒီ လှည့်ကြည့်ပြီး သူ့ခြေထောက်များကို ဆန့်ကာ သူ၏တုတ်ခိုင်သော ခြေသလုံးများကို လက်နှင့် ကိုင်၍ ကြည့်နေလေ၏။ သူ့လက်ကို မြှောက်ပြီး ပြည့်ဖောင်းနေသည့် သူ၏ လက်ဖဝါးနှင့် တုတ်ခိုင်သည့် လက်ချောင်းများကို ကြည့်နေလေ၏။ ထိုနောက် တခုခုကို မုန်းတီးရွံရှာသည့် အနေနှင့် လက်ကို ဝှေ့ယမ်းပြီး မတ်တတ်ထရပ်လိုက်၏။ ယူကရိန်းသား လက်ဖက်ရည် ယူလာသောအခါ သူသည် မှန်ရှေ့၌ ရပ်နေပြီး၊

"ကျုပ်မျက်နှာ ကျုပ် မကြည့်ဖြစ်တာကို ကြာလှပြီ။ ဘယ်လိုများနေပါလိမ့်" ဟု ပြုံးပြောလိုက်ရာ ယူကရိန်းသားက သူ့ကိုကြည့်လျက်၊

"မျက်နှာက ဘယ်လိုနေနေ၊ ဘာဂရုစိုက်စရာလဲဗျာ" ဟု ဆိုလိုက်၏။

"ဆာရှာက လူ့ဝမ်းတွင်းသဘောဟာ မျက်နှာမှာ လာပေါ်တယ်တဲ့ဗျာ့"

"အဓိပ္ပာယ်မရှိတာဗျ။ သူ့ကို ကြည့်စမ်းပါဦး၊ သူ့နှာခေါင်းက ငါးမျှားချိတ်လို ကောက်တောက်တောက်နဲ့။ ပါးရိုးတွေကလည်း ငေါ်နေလိုက်တာ။ ဒါပေမဲ့ သူ့စိတ်ဓာတ်ကတော့ သောက်ရှူးကြယ်လိုပဲ သန့်ရှင်းကြည်လင်လိုက်သမှ"

နစ်ကိုလိုင်က သူ့ကိုကြည့်ပြီး ပြုံးလိုက်၏။ ထိုနောက် သူတို့သည် လက်ဖက်ရည် သောက်ကြ၏။

နစ်ကိုလိုင်သည် အာလူးပြုတ်တလုံးကို ယူလိုက်၏။ ပေါင်မုန့်တချပ်ပေါ်၌ ဆားဖြူးပြီး ဖြည်းဖြည်းစားနေရာမှ သူ့ပါးစပ် ပလုတ်ပလောင်းနှင့်၊ "ဒီမှာ အခြေအနေက ဘယ့်နှယ်နေတုံး" ဟု မေးလေ၏။

ယူကရိန်းသားက အလုပ်ရုံထဲ၌ သူတို့စာရွက်စာတမ်းတွေ မည်သို့မည်ပုံ ဖြန့်ဖြူးနေကြသည်ကို အားပါးတရ ပြောလိုက်လျှင် နစ်ကိုလိုင်၏မျက်နှာသည် တဖန် သုန်မှုန်လာပြီး၊

"ဒါက သိပ်အချိန်ကြာတာပဲဗျာ၊ သိပ်ကြာတာပဲ။ ကျုပ်တို့တတွေ ဒီထက် မြန်မြန်သွက်သွက် ကလေး အလုပ်လုပ်ကြရင်ကောင်းမယ်" ဟုပြောလေရာ အမေသည် စိတ်ထဲ၌ မကျေမနပ်ဖြစ်ပြီး သူ့ကို ကြည့်နေလေ၏။ ယူကရိန်းသားကမူ၊

"ဘဝက ကြာပွတ်နဲ့ရိုက်ပြီး မောင်းရ နှင်ရမယ့် မြင်းမဟုတ်ဘူးဗျာ" ဟုပြော၏။ နစ်ကိုလိုင်သည် ဦးခေါင်းကို တွင်တွင်ခါလျက်၊

"သိပ်ကြာတာပဲဗျာ၊ ကျုပ်က ဒီလိုစောင့်မနေချင်ဘူး။ အဲဒီတော့ ကျုပ်

ဘာလုပ်ရမလဲ” ဟု ပြော၍ ယူကရိန်းသား၏ မျက်နှာကိုကြည့်ရင်း အဖြေကို စောင့်နေလေ၏။ ယူကရိန်းသားက မျက်လွှာချလျက်၊

“ကျုပ်တို့တတွေ အားလုံးဟာ လေ့လာရမယ်။ တယောက်နဲ့တယောက် သွန်သင်ကြရဖယ်။ အဲဒါ ကျုပ်တို့တတွေ လုပ်ကြမယ့် အလုပ်ပဲ” ဟု ပြန်ဖြေလိုက်၏။

“ဒါဖြင့် ကျုပ်တို့တိုက်ပွဲကို ဘယ်အချိန် စကြမှာလဲ”

“ဘယ်အချိန် တိုက်ပွဲစကြမယ် ဆိုတာကိုတော့ ကျုပ်မသိဘူး။ ဒါပေမဲ့ တိုက်ပွဲမစမီ ကျုပ်တို့တတွေ သူတို့က အကြိမ်ပေါင်းများစွာ ရိုက်ကြ၊ နှက်ကြ၊ ထုကြလိမ့်မယ် ဆိုတာကိုတော့ ကျုပ်သိတယ်” ဟု ယူကရိန်းသားက ရယ်၍ ပြော၏။ ထို့နောက် ဆက်၍

“ကျုပ်မြင်တဲ့အတိုင်း ပြောရရင်တော့ ကျုပ်တို့တတွေဟာ လက်က လက်နက်မကိုင်မီ သဘောတရားရေးရာ လက်နက်ကို တပ်ဆင်ပြီးသား ဖြစ်ကြရလိမ့်မယ်”

နစ်ကိုလိုင်သည် တဖန် အစားကို ယူစားနေပြန်၏။ အမေကမူ သူ၏တောင့်တင်းခိုင်မာလှသည့် ကိုယ်လုံးကိုယ်ထည်ကို ကြည့်နေလေ၏။ တခါတခါ အမေ့မျက်လုံးများနှင့် သူ၏ သေးငယ်သော မျက်လုံးကလေးများ အကြည့်ချင်းဆုံမိသောအခါ အမေသည် လန့်လန့်သွား၏။ ယူကရိန်းသား သည် ဂနာမငြိမ်ချေ။ သူသည် ရယ်၍ စကား ပြောလိုက်ချင်၏။ သို့ရာတွင် ဘာမျှမပြောဘဲ လေချွန်နေလေသည်။

အမေသည် ယူကရိန်းသားအား အဘယ်ကြောင့် စိတ်မချမ်းမြေ့ ဖြစ်နေရသည်ကို သိ၏။ နစ်ကိုလိုင်ကမူ ယူကရိန်းသားက ပြောသမျှစကားတို့ကို တခါတခါ တိုတိုတောင်းတောင်းနှင့် တခါတခါ မဖြေချင့်ဖြေချင်နှင့် ပြန်ပြောရင်း ငိုနေလေသည်။

အမေနှင့် ယူကရိန်းသားတို့အတွက် ထိုအခန်းထဲ၌ နေရသည်မှာ မွန်းကျပ်ကျပ်နှင့် နေမချိ ထိုင်မသာ ဖြစ်လာလေ၏။ ၎င်းနောက် သူတို့နှစ်ယောက်သည် နစ်ကိုလိုင်ကို တလှည့်စီ တိတ်တိတ်ခိုး ချောင်းကြည့်နေကြ၏။ နောက်ဆုံး၌ နစ်ကိုလိုင်သည် မတ်တတ်ရပ်ပြီး၊

“ကျွန်တော်တော့ အိပ်ချင်ပြီ အမေ။ ထောင်ထဲမှာ တထိုင်တည်း ထိုင်ထိုင်နေရတာ ကျွန်တော်တော့ ရူးရမလောက်ပါပဲ။ နောက်တော့ သူတို့က ကျွန်တော့်ကို မြို့န်းဆို လွှတ်လိုက်ကြတယ်။ ဒါနဲ့ ကျွန်တော်လည်း

ထွက်လာတော့တာပဲ။ ကျွန်တော်တော့ ပင်ပန်းလှ ပြီ” ဟု ဆိုလေ၏။

ထိုနောက် မီးဖိုခန်းထဲသို့ ကုန်းဝင်သွား၍ တခဏလောက် ဟိုဟိုဒီဒီ လမ်းလျှောက်ပြီးနောက် ငြိမ်သွားလေ၏။ အမေသည် နားစွင့်နေသေး၏။ သို့ရာတွင် ဘာသံမျှ မကြားတော့ချေ။

အမေက ယူကရိန်းသားအား၊

“သူ့အတွေးအခေါ်က တကယ့်ကို ကြောက်စရာကောင်းတဲ့ အတွေးအခေါ်တွေပဲ” ဟု ပြောလေလျှင် ယူကရိန်းသားက ဦးခေါင်းကိုယမ်းလျက်၊

“သူတော့ခက်တယ်။ ဒါပေမဲ့ တော်တော်ကြာရင် သူအမြင်မှန်ရလာပါလိမ့်မယ်။ ကျွန်တော်လည်း တခါက ဒီလိုပဲ ဖြစ်ခဲ့ဖူးတယ် အမေ။ မီးဟာ မတောက်ခင်ကတော့ မီးခိုးအူတတ်တာမျိုးပဲ။ ကဲ၊ အမေလည်း အိပ်ချေတော့လေ။ ကျွန်တော်လည်း စာခဏလောက် ဖတ်လိုက်ဦးမယ်” ဟု ပြန်ပြောလိုက်၏။

အမေသည် ထောင့်တထောင့်ထဲမှ ကန့်လန့်ကာ နောက်ကွယ်ရှိ အိပ်ရာသို့ သွားလေ၏။ ယူကရိန်းသားသည် အချိန်အတော်ကြာ အမေ သက်ပြင်းချနေသံနှင့် ဘုရားဝတ်ပြုသံကို ကြားနေလေ၏။ သူသည် စာအုပ်ကို ကပျာကသီ လှန်နေပြီး သူ၏နဖူးပြင်ကို လက်နှင့် သပ်နေ၏။ တဖန် နှုတ်ခမ်းမွေးများကို လက်နှင့် လိမ်နေပြီး ခဏမျှ လမ်းလျှောက်နေ၏။ နာရီစက်သံသည် ဆိတ်ငြိမ်ထုကို ထိုးဖောက်ပြီး မြည်နေစဉ် အိမ်အပြင်မှ လေသည်လည်း သစ်ပင်များအကြား၌ တဝီဝီနှင့် တိုက်ခတ်လျက် ရှိလေသည်။

ထိုအတွင်း “အင်း၊ လောကမှာ လူတွေ တွေ့လိုက်ရရင် ညည်းနေကြတဲ့ လူတွေချည်းပဲ။ အင်း၊ ချမ်းသာသုခနဲ့ ပြည့်စုံတဲ့လူများ ဘယ်မှာရှိပါ့မလဲဟယ်” ဟူသော အမေ၏ ညည်းသံကို ကြားလျက်လျှင် ယူကရိန်းသားက၊

“ချမ်းသာသုခနဲ့ ပြည့်စုံတဲ့လူတွေရှိပါတယ် အမေ၊ မကြာခင် အဲဒီလူမျိုးတွေဟာ အများကြီး ဖြစ်လာမှာပါ” ဟု ပြန်၍ ပြောနေလေတော့သတည်း။

အခန်း နှစ်ဆယ့်တစ်

ဘဝသည်ကား တဝေါဝေါ စီးနေသည့် မြစ်ချောင်းသဖွယ် အဟုန်ပြင်းစွာ စီးဆင်းလျက် ရှိရာ အရေးကိစ္စတရပ်ရပ် မကြုံဘဲနှင့် တနေ့မှ တနေ့သို့ ကူးသည်ဟူ၍ မရှိချေ။ ဤနည်းနှင့် နေ့စဉ် အရေးကိစ္စသစ်များ ပေါ်ပေါက်လာသော်လည်း အမေသည် ယခင်ကဲ့သို့ ထိတ်လန့်တုန်လှုပ်ခြင်း မရှိတော့ချေ။ သူ့အိမ်တွင် ဧည့်သည်များသည် ယခင်ထက်ပို၍ များလာ၏။ ထိုဧည့်သည်တို့သည် ညအချိန်၌လာကြ၍ ယူကရိန်းသားနှင့် တိုးတိုးတိတ်တိတ် ကျိတ်၍ ဆွေးနွေးကြ၏။ ထို့နောက် သူတို့ကို ဘယ်သူဘယ်ဝါမှန်း မသိကြရအောင် သူတို့ကော်လံများကို ထောင်ပြီး ဦးထုပ်များကို ရှေ့သို့ဆွဲချကာ မှောင်ရိပ်ခို၍ တိတ်တဆိတ် ထွက်သွားကြ၏။ သူတို့တတွေ လူမသိအောင် ပျာပျာသလဲ ဖြစ်နေကြသည်ကို အမေသည် သတိထားမိ၏။ သူတို့သည် သီချင်းများကိုဆိုပြီး ရယ်ချင်ကြ၏။ သို့သော် သူတို့တွင် အချိန်မရှိ။ အမြဲတမ်း သုတ်သီးသုတ်ပျာ ဖြစ်နေကြ၏။ ၎င်းတို့အထဲမှ အချို့သည် တည်ငြိမ်၏။ အချို့က လူငယ်များပီပီ ပျော်ကြရွှင်ကြ၏။ အချို့ကလည်း ငြိမ်ပြီး စဉ်းစားနေတတ်ကြ၏။ သူတို့အားလုံး သူတို့ကိုယ်သူတို့ ယုံကြည်စိတ် ရှိကြသည်ကိုလည်းကောင်း၊ ဇွဲရှိကြသည်ကိုလည်းကောင်း အမေ သိ၏။ သူတို့တတွေသည် တယောက်နှင့်တယောက် ရုပ်လက္ခဏာချင်း မတူကြသော်လည်း သူတို့၏ မျက်နှာများသည် ပိန်ချုံး၍ ခိုင်မြဲသည့် စိတ်ဓာတ်ကိုဆောင်လျက် ရှိကြ၏။ သူတို့၏ မည်းမှောင်၍ ကြည်လင်သည့် မျက်လုံးများသည် သိမ်မွေ့၍ တည်ငြိမ်ကြ၏။ ထို့ကြောင့် သခင်ယေရှုခရစ်၏ မျက်နှာနှင့် ဆင်နေကြလေသည်။

သူတို့ကို အမေသည် စိတ်ထဲမှ ရေတွက်ကြည့်မိ၏။ သူ့သား ပါဗယ်၏ဘေး၌ သူတို့တတွေက ဝိုင်းနေလိုက်လျှင် ပါဗယ်အား ဘယ်ရန်သူကမျှ မမြင်နိုင်ဟု သူသည် တွေးမိ၏။

တနေ့သော် ဆံပင်ကောက်ကောက်နဲ့ ရဲရင့်ပုံပေါ်သော မိန်းကလေးတယောက်သည် ယူကရိန်းသားအတွက် အထုပ်တထုပ်ကို ယူလာ၏။ ထို့နောက် သူ့အိမ်မှ ပြန်အထွက်တွင် အမေ့ဘက်သို့ ပြုံးရွှင်စွာ လှည့်ပြီး၊

"ကဲ... သွားပြီ အမေ" ဟု နှုတ်ဆက်လေရာ အမေကလည်း သူ့ကိုယ်သူ မပြုံးမိအောင် သတိထားကာ၊

"အေးကွယ် သွားတော့ သွားတော့" ဟု ပြန်၍ နှုတ်ဆက်လိုက်၏။ ထိုရဲဘော်မကလေးအား အိမ်ပြင်သို့ လိုက်ပို့ပြီးနောက် အိမ်ပြတင်းမှ ရပ်ကြည့်နေရင်း အမေသည် ပြုံးမိ၏။ မိန်းကလေးကား မိုးဦးကျ

မိုးရေသောက်ထားသည့် ပွင့်သစ်စ ပန်းကလေးသဖွယ် လန်းဆန်းပြီး လိပ်ပြာကလေးသဖွယ် မျက်စိတဆုံး မျှော်၍ ကြည့်နေ ရင်း၊

"အင်း၊ ချစ်စရာကောင်းတဲ့ ရဲဘော်မကလေး။ အေးကွယ်၊ မင်း တကယ့်သစ္စာရှိတဲ့ ရဲဘော်ကောင်းတယောက်နဲ့ အတူတွဲပြီး ဘဝခရီးကို လျှောက်နိုင်ပါစေကွယ်" ဟု တိုးတိုး ဆုတောင်းနေလေ၏။

မြို့မှလူများသည် တနည်းအားဖြင့် ကလေးတွေနှင့် တူလှသဖြင့် အမေသည် ဝမ်းထဲမှ အသာကျိတ်၍ ပြုံးမိ၏။ သို့ရာတွင် သူတို့၌ ယုံကြည်မှုရှိကြသည်ကိုလည်းကောင်း၊ သူ့အပေါ်၌ သစ္စာရှိကြသည်ကို လည်းကောင်း တနေ့ထက်တနေ့ ပို၍ ပို၍ သိမြင်လာသောအခါ သူ၏ စိတ်ထဲ၌ ထိလည်းထိခိုက်သွား၏။ အံ့လည်းအံ့သြသွား၏။ အမှန်တရားသည် အောင်ရမည်ဟု သူတို့ယုံကြည်လျက်ရှိကြသည်ကို တွေ့ရသောအခါ သူ၏စိတ်နှလုံး ချမ်းမြေ့သွား၏။ သို့ရာတွင် သူတို့ပြောဆိုနေကြသည့် စကားတို့ကို ကြားရတိုင်း ကြားရတိုင်း ဝမ်းနည်းမိ၏။ သူတို့၏ ရိုးသားမှုနှင့် သူတို့၏ကိုယ်ကျိုးကို သူတို့ လုံးဝမငဲ့ကွက်မှုတို့ကို မြင်ရသောအခါ သူ့စိတ်ထဲ၌ ပို၍ပင် ထိခိုက်သွားလေ၏။

ဘဝနှင့်ပတ်သက်၍ သူတို့ ပြောဆိုနေကြသည့် စကားတို့ကို သူသည် နားလည်ထားပြီဖြစ်၏။ လူသားတို့၏ စိတ်နှလုံးသည် အဘယ်ကြောင့် ကြိမ်မီးအုံးထားသကဲ့သို့ ဖြစ်ရသနည်းဟူသော ပြဿနာ၏ အကြောင်းရင်းကို သူတို့ တွေ့နေကြပြီဟု သူသိ၏။ ၎င်းပြင် သူတို့၏ အယူဝါဒ အများအပြားကိုလည်း လက်ခံ၏။ သို့ရာတွင် သူတို့သည် ဘဝကို အသစ်တဖန် ပြန်လည် ထူထောင်နိုင်လိမ့်မည်ဟုလည်းကောင်း၊ သူတို့သိမြင်ထားသည့် အမှန်တရားဖြင့် လုပ်သား ပြည်သူကို စည်းရုံးနိုင်ကြလိမ့်မည်ဟု လည်းကောင်း သူ မယုံကြည်ချေ။ လူတိုင်းသည် သူ့ဝမ်းကို ယနေ့ဝဖို့အရေးအတွက် ခါးတောင်းကျိုက် မပြုတ်တမ်း ကုန်း၍ ရုန်းနေ၏။ နက်ဖြန်မှ ဝမ်းကို ဝအောင် စားတော့မည်။ ယနေ့မစားရလျှင် နေပေစေဟု မည်သူကမျှ သဘောမထားချေ။

လူနည်းစုကသာ ထိုရှည်လျား၍ ခက်ခဲလှသည့် လမ်းစဉ်ကိုလိုက်လို၏။ နောက်ဆုံး လူသားအချင်းချင်း ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ကြင်နာကြမည့် နိုင်ငံတော်ကြီး ပေါ်ပေါက်လာရမည်ဟူသော ထူးဆန်းလှသည့်အမြင်ကို လူနည်းစုကသာ မြင်၏။ ထို့ကြောင့် ဤလူများ၏မျက်နှာတို့သည် ရင့်ရော်ပြီး မုတ်ဆိတ်မွေးများပေါက်ကာ ပင်ပန်းနွမ်းရိစွာ အလုပ် လုပ်ရသဖြင့် ရှုံ့တွနေကြစေကာမူ သူက ၎င်းတို့အား ကလေးများသဖွယ် ရိုးကြ၊ အကြသည်ဟု သဘောထားလေသည်။

ထိုနောက် သူ၏ဦးခေါင်းကို ခါလျက်၊

"အင်း၊ တကယ်သနားစရာကောင်းတဲ့ လူတွေပဲနော်" ဟု တွေးနေမိလေ၏။ သို့ရာတွင် သူတို့အားလုံးသည် ရိုးသားဖြောင့်မတ်ကြ၏။ လေးနက်ကြ၏။ စဉ်းစားဆင်ခြင်တတ်၏။ ကောင်းသည့်၊ မှန်မြတ်သည့်အလုပ်တို့ကို လုပ်ဖို့သာပြောကြ၏။ သူတို့သိထားကြသည့်၊ နားလည်ထားကြသည့် တရားတို့ကို အခြားသူများအား မနေမနား အားကြိုးတကုတ် ကြိုးပမ်း အားထုတ်ကြ၏။ ဤဘဝမျိုးသည် အန္တရာယ်ထူပြောလှသော်လည်း အလွန် တပ်မက်ဖွယ်ရာ ကောင်းသည်ကို သူသည် သိမြင်လာ၏။ ကျဉ်းမြောင်း မည်းမှောင်လှသည့် သူ၏ အတိတ်ဘဝ လမ်းကြောင်းကိုလည်း သက်ပြင်းတချက် ချ၍ ပြန်ကြည့်မိ၏။ ဤဘဝသစ်တွင် သူကိုယ်တိုင် အရေးပါ အရာရောက်သည်ကိုလည်း တဖြည်းဖြည်း သိမြင်လာ၏။ ယခင်က သူ့ကို ဘယ်သူကမျှ အလိုမရှိ။ မတောင့်တခဲ့သော်လည်း ယခုမူ သူ့ကို လူအများအပြားက လိုလားတောင့်တလျက် ရှိသည်ကို ထင်ထင်ရှားရှား သိမြင်လာ၏။ ဤသိမြင်မှုသည် သစ်လည်းသစ်လွင်၏။ စိတ်ကြည်နူးဖွယ်ရာလည်း ဖြစ်၏။ သို့ သိမြင်လာသဖြင့်လည်း သူသည် လူ့လောက အလယ်တွင် ဦးခေါင်းကို မော်လာနိုင်လေသည်။

သူသည် စာရွက်စာတမ်းတို့ကို အလုပ်ရုံအတွင်းသို့ မှန်မှန် ယူဆောင်သွားလေ့ ရှိ၏။ ဤကဲ့သို့ ယူဆောင်သွားခြင်းသည် သူ့အတွက် တာဝန်တရပ် ဖြစ်သည်ဟု ယူဆ၏။ စုံထောက်များသည် သူ့ကို မြင်နေကျ၊ တွေ့နေကျ ဖြစ်သဖြင့် သူ့ကို အလေးဂရု မပြုကြချေ။ သူ့ကို အကြိမ်များစွာ ရှာကြဖွေကြဖူး၏။ သို့ရာတွင် အလုပ်ရုံအတွင်း၌ စာရွက်စာတမ်းများတွေ့ပြီး နောက်တနေ့မှသာ သူတို့က ရှာကြ၏။ သူ့တွင် ဘာမှ မပါသည့်အခါ စုံထောက်များက သူ့အပေါ်၌ သံသယ ရှိလာအောင် သူက သူ့ကိုယ်သူ မလုံသလိုလို ကြောက်သလိုလို၊ ရှိန့်သလိုလို လုပ်ပြတတ်၏။ ထိုအခါ စုံထောက်များက သူ့ကို သဲကြီးမဲကြီး ရှာတတ်ကြ၏။ သူက သူတို့ကို အတိုက်အခံ ပြောပြီး သူ့ကို စော်ကားရမလား ဟူသောမူဖြင့် ဒေါသထွက်ဟန်ဆောင်၏။ ဤကဲ့သို့ စုံထောက်များကို တပတ်ရိုက်ပြီးလျှင် သူသည် သူ့ကိုယ်သူ ဝမ်းထဲမှ အကျေနပ်ကြီးကျေနပ်ကာ ထွက်သွားတတ်လေသည်။

နစ်ကိုလိုင်ကို အလုပ်ရုံ၌ အလုပ်ပြန်မပေးတော့ချေ။ သူသည် သစ်ကုန်သည်တယောက်ထံ၌ အလုပ်လုပ်ပြီး သစ်တုံးများ၊ ပျဉ်များနှင့် ထင်းများကို တိုက်ပေးရ၏။ အမေသည် သူ့အား ဤသစ်များနှင့် ပျဉ်များကို တိုက်တိုက်သွားသည်ကို နေ့စဉ်နေ့တိုင်းလိုလိုပင် မြင်မြင်နေရ၏။ သူမောင်းနှင်နေသည့် မြင်းများသည် မြင်းနက် ပိန်ပိန်နှစ်ကောင် ဖြစ်ပြီး ဤမြင်းများသည် သစ်တုံးများနှင့် ပျဉ်များကို မနိုင့်တနိုင်နှင့် အတင်းရုန်းနေကြရ၏။ နစ်ကိုလိုင်သည် မြင်းများနှင့် ဘေးချင်းယှဉ်ပြီး ဇက်ကြိုးကို လျော့ရိလျော့ရဲကိုင်လျက် မောင်းနေလေ၏။ သူလည်း ညစ်ပတ် ပေကျံနေပြီး

အဝတ်များသည်လည်း စုတ်ပြတ်နေ၏။ အလွန်လေးလံသည့် ဘွတ်ဖိနပ်ရှည်ကြီးများကို စီးထား၏။ သူ၏ဦးထုပ်ကိုမူ နောက်ဘက်ထိအောင် လှန်၍ဆောင်းထား၏။ သူသည် မြေကြီးထဲမှ ဖော်ခါစ သစ်ငုတ်တိုနှင့် တူလေသည်။ မြင်းများကို ခေါင်းတဆတ်ဆတ်နှင့် မောင်းရင်း မြေကြီးကို စိုက်စိုက်ကြည့်နေလေ့ရှိ၏။ သူ၏ မြင်းများသည်လည်း ခေါင်းများကို ငုံ့လျက် ရုန်းနေကြရာ သူတို့နှင့် မျက်နှာချင်းဆိုင် လာနေကြသည့်လူများနှင့် လှည်းများကို မကြာခဏ ဝင်ဝင်တိုက်မိလေ၏။ ထိုအခါ လူများက နစ်ကိုလိုင်ကို မိုးမွှန်သွားအောင် ကျိန်ကြ၊ ဆဲကြလေ၏။ သူကမူ ဘာမျှပြန်မပြောရုံမျှမက ဦးခေါင်းကိုပင် မော့၍ မကြည့်ချေ။ စူးရှစွာ လေကိုချွန်ပြီး၊ "ကဲ သွားကြလေ သွားကြ" ဟုသာ ပြောနေလေသည်။

ယူကရိန်းသားက သူ့ရဲဘော်များကိုခေါ်ပြီး နိုင်ငံခြားသတင်းစာ သို့မဟုတ် စာရွက်စာတမ်းတို့ကို ဖတ်ပြတိုင်းပြတိုင်း နစ်ကိုလိုင်သည် လာပြီး ထောင့်တထောင့်ထဲ၌ ထိုင်ကာ တစ်နာရီ၊ နှစ်နာရီ ကြာအောင် ငြိမ်သက်စွာ နားထောင်လေ့ရှိ၏။ ဤကဲ့သို့ ယူကရိန်းသားက ဖတ်ပြပြီးနောက် ရဲဘော်များသည် ပြင်းပြင်းထန်ထန် ဝေဖန်ကြ၊ ဆွေးနွေးကြ၏။ သို့ရာတွင် ယူကရိန်းသားသည် ဘယ်တော့မျှ မဝေဖန်၊ မဆွေးနွေးပေ။ သူသည် အခြားသူများ ပြန်သွားသည့်တိုင်အောင် ထိုင်နေပြီး ယူကရိန်းသားတယောက်တည်း ကျန်နေသောအခါ စိတ်တိုတိုနှင့်၊

"ဘယ်သူဟာ အပြစ်တင်စရာ အကောင်းဆုံးလဲ" ဟု မေးလေ့ရှိ၏။ ထိုအခါ ယူကရိန်းသားက၊

"ဒီဟာက ငါ့ပစ္စည်းလို့ ပထမဆုံးပြောတဲ့လူဟာ အပြစ်တင်ရမယ့်လူပဲ။ အဲဒီလူ သေတာကလည်း နှစ်နဲ့ထောင်နဲ့ချီပြီး ကြာလှပြီ။ ဒါ့ကြောင့် သူ့ကို ဒေါပွနေလို့ အကြောင်းမထူးတော့ဘူး" ဟု ပြက်လုံးထုတ်လိုက်၏။ သို့ရာတွင် သူသည် ရှုံးတိုးရှုန့်တန့် ဖြစ်နေလေ၏။

"ချမ်းသာတဲ့လူတွေနဲ့ သူတို့ကို အားပေးအားမြှောက်ပြုနေကြတဲ့ လူတွေကိုကော"

ယူကရိန်းသားသည် သူ့ဆံပင်ကို လက်နှင့်သပ်နေ၏။ တဖန် ဘဝနှင့် လူသားတို့၏ အကြောင်းကို သူသိသမျှ ရှင်းပြရန် လွယ်ကူ၍ နားလည်လွယ်သော စကားလုံးကို ရှာရင်း နှုတ်ခမ်းမွေးကို ဆွဲနေလေ၏။ သူက လူအားလုံးကို အပြစ်တင်ရမည်ဟု ပြော၏။ နစ်ကိုလိုင်ကမူ သူ့အဖြေကို မကျေနပ်ချေ။ ထို့ကြောင့် သူ၏ နှုတ်ခမ်းထူကြီးများကို အတင်းပိတ်ထားပြီး ဦးခေါင်းကိုခါကာ ငြင်းနေလေ၏။ နောက်ဆုံး သူသည် မကျေမနပ်နှင့် ထွက်သွားလေသည်။

တနေ့သော် သူက၊

“တချို့လူတွေကိုတော့ အပြစ်တင်ရမှာ အမှန်ပဲ” ဟုပြော၏။ တဖန်ဆက်၍ “ကျုပ်တို့တတွေဟာ ဒီလူ့ဘောင်ကြီးကို ပေါင်းပင်တွေထူထပ်တဲ့ လယ်ကွက်ကြီးကို ထွန်ပစ်လိုက်သလို မြေလှန်ပစ် ကြရလိမ့်မယ်။ နည်းနည်းကလေးမှ ညှာနေလို့ မဖြစ်ဘူး” ဟု ပြောပြန်ရာ၊

“အဲဒါပေါ့၊ အလုပ်သမားများ လုပ်ခွင့်မှတ်တမ်းစာရေး အိုင်ဆိုင်းက မင်းနဲ့ပတ်သက်လို့ တခါပြောတာ” ဟု အမေက ဝင်ပြောလိုက်၏။ ခဏလောက် ကြာသောအခါ နစ်ကိုလိုင်က၊

“အိုင်ဆိုင်းလား” ဟု မေး၏။

“ဟုတ်တယ်၊ သူက ကြောက်စရာကောင်းတယ်။ ဟိုလိုက်ချောင်း ဒီလိုက်ချောင်းနဲ့ တွေ့ရာ လျှောက်လျှောက် မေးနေတာပဲ။ သူ အခု ဒီကိုလာပြန်ပြီ။ ပြီးတော့ ပြတင်းပေါက်ကနေပြီး ချောင်းချောင်းကြည့်တယ်” ဟု အမေက ပြန်ပြောလိုက်ရာ၊

“ပြတင်းပေါက်မှနေပြီး ချောင်းချောင်းကြည့်သလား” ဟု နစ်ကိုလိုင်က ထပ်၍ မေးလေ၏။ အမေသည် အိပ်ရာတွင် ရောက်နေပြီဖြစ်၍ နစ်ကိုလိုင်၏ မျက်နှာကို မမြင်ချေ။

သို့ရာတွင်၊

“သူ့မှာ ဘာမျှ လုပ်စရာမရှိလို့ အားနေရင် လာလာချောင်းစမ်းပါစေ” ဟု ရုတ်တရက် ယူကရိန်းသားက ပြောလိုက်မှ ရလေ၏။ အမေသည် သူစကားပြော မှားသွားကြောင်း သတိရလေ၏။

နစ်ကိုလိုင်က၊

“သူက ဒီလိုဟာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူကောင်းတယောက်တော့ မဟုတ်ဘူး” ဟု ပြောလေ၏။ ထိုအခါ ယူကရိန်းသားက၊

“ဘာပြုလို့ လူကောင်းတယောက်မဟုတ်ရမှာလဲ၊ မိုက်မဲလို့လား” ဟု ချက်ချင်း ပြန်မေးလေ၏။

နစ်ကိုလိုင်သည် ဘာမျှပြန်မဖြေဘဲ ထွက်သွားလေ၏။ ယူကရိန်းသားသည် အခန်းတွင်း၌ ခြေတံရှည်ကြီးနှင့် ပင်ပန်းနွမ်းရိစွာနှင့် လမ်းလျှောက်နေ၏။ အမေအိပ်နေစဉ် အနှောင့်အယှက် မဖြစ်ရအောင် ခါတိုင်းကဲ့သို့ပင် သူ့ဖိနပ်များကို ချွတ်ထား၏။ သို့ရာတွင် အမေသည် အိပ်မပျော်သေးချေ။ နစ်ကိုလိုင် ထွက်သွားသောအခါ အမေက စိုးရိမ်တကြီးနှင့်၊ “ငါကတော့ သူ့ကိုကြောက်တယ်”

ဟု ပြောလျှင် ယူကရိန်းသားက တချက်မျှ သမ်း၍၊

"သူဟာ သိပ်ပြီးတက်ကြွတယ်နော် အမေ။ အိုင်ဆိုင်းအကြောင်း သူ့ကို နောက် ထပ်မပြောနဲ့။ အမှန်တော့ အိုင်ဆိုင်းဟာ သူလျှိုပဲ" ဟု ပြန်ပြောလိုက်၏။ အမေသည် "ဒါကဖြင့် မဆန်းပါဘူး ကွယ်။ သူ့ကိုမွေးစားတဲ့ အဖေက စစ်ပုလိပ်ကွဲ့" ဟု ဆိုလေ၏။ ယူကရိန်းသားက စိတ်လက်မကြည်မသာနှင့်၊

"နစ်ကိုလိုင်ကတော့ တနေ့နေ့ အိုင်ဆိုင်းကို ရိုက်ပစ်လိမ့်မယ်။ ကြည့်နေပါ အမေ။ ဆင်းရဲသားတွေအပေါ်မှာ အာဏာရှိတဲ့ လူကြီးမင်းများက ဘယ်လို စိတ်နေသဘောထားမျိုး ထားတယ်ဆိုတာကို ကြည့်လေ။ နစ်ကိုလိုင်လို လူတယောက်က သူ့အပေါ်မှာ ဘယ်လို မတရားသဖြင့် လုပ်ထားတယ်ဆိုတာ သိလာတဲ့အခါ၊ သူသည်းမခံနိုင်တော့တဲ့အခါ၊ ဘာဖြစ်မယ် ထင်သလဲ။ ကောင်းကင်နဲ့ ကမ္ဘာမြေကြီးဟာ သွေးတွေ လွှမ်းသွားလိမ့်မယ် အမေ" ဟု ပြောလိုက်သောအခါ အမေက ဖြည်းညင်းသာယာစွာနှင့်

"တကယ်တော့ ကြောက်စရာပဲ" ဟု ဆိုလေ၏။ ထိုအခါ ယူကရိန်းသားက

"အင်း၊ ဆုပ်လည်းစူး စာလည်းရှူး ဆိုသလိုပေါ့ အမေ၊ ဒါပေမဲ့ ဒီလူ့အထက်တန်းစားတွေရဲ့ သွေးကို သူတို့က နှိပ်စက်ညှဉ်းပန်းလို့ ဆင်းရဲသားတွေ ကျကြရတဲ့ မျက်ရည်တွေနဲ့ နှိုင်းစာမယ် ဆိုရင် နွားခြေရာခွက်ထဲက ရေနဲ့ ပင်လယ်သမုဒ္ဒရာထဲက ရေတွေလောက် ကွာခြားပါတယ်ဗျာ" ဟု ပြောပြီးနောက် တချက်မျှ ရယ်လျက်

"အင်း၊ ကြားရသိရတာကတော့ စိတ်ချမ်းသာစရာမကောင်းဘူးပေါ့။ ဒါပေမဲ့ အခု ပြောတာဟာ အမှန်ပဲ အမေ" ဟု ဆက်၍ ပြောလိုက်ပြန်လေသတည်း။

အခန်း နှစ်ဆယ့်နှစ်

တနင်္ဂနွေနေ့တနေ့၌ အမေသည် ဈေးဝယ်ပြီး အိမ်သို့ပြန်လာခဲ့၏။ တံခါးကိုဖွင့်၍ အိမ်အဝင်ဝသို့ ရောက်သောအခါ အိမ်အတွင်းခန်းမှ ပါဗယ်၏ အောင်မာလှသည့် အသံကို ကြားရသဖြင့် ဝမ်းအသာကြီးသာကာ မှင်သက်မိနေလေ၏။ ထိုအတွင်း ယူကရိန်းသားက...

"ဟော၊ အမေရောက်လာပြီကွ" ဟု အော်လိုက်၏။

ပါဗယ်သည် ရုတ်တရက် လှည့်ကြည့်လိုက်၏။ အမေ၏ မျက်နှာသည် ရွှင်ပျသွားလေ၏။ သူ မမျှော်လင့်ဘဲနှင့် ပါဗယ် ပြန်ရောက်လာသဖြင့် အလွန်အံ့သြလှသောကြောင့်

"ဟယ်၊ သားရောက်နေပါပကော" ဟူသော စကားများကိုပင် အထစ်ထစ် အငေါ့ငေါ့နှင့် ပြောနေလေ၏။

ပါဗယ်သည် သူ၏ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် မျက်နှာနှင့် အမေ့အပေါ်သို့ ကုန်းကြည့်နေ၏။ သူ၏ နှုတ်ခမ်းများက တုန်နေပြီး သူ့မျက်လုံးထောင့်များထဲ၌ မျက်ရည်များ ဝဲလာလေ၏။ တစ်စက္ကန့်မျှ သူသည် ဘာမျှမပြောနိုင်။ အမေကလည်း ငြိမ်နေ၏။ ယူကရိန်းသားသည် သူတို့သားအမိကိုထားခဲ့ပြီး လေကို တိုးတိုးချွန်ရင်း ခြံထဲသို့ ထွက်သွားလေ၏။

ပါဗယ်သည် သူ၏တုန်ယင်နေသည့် လက်ချောင်းများနှင့် အမေ၏လက်ကို ညှစ်ကိုင်ထားလျက်...

"ကျေးဇူးတင်ပါတယ် သားအချစ်ဆုံးအမေ" ဟု ပြောလိုက်၏။ အမေသည် သူ့သား၏ သူ့အပေါ်၌ ချစ်ခင်ကြင်နာသည့် မျက်နှာထားကို မြင်ရပြီး သာယာညင်းပျောင်းသည့် အသံကို ကြားရသဖြင့် ပီတိအဖြစ်ကြီးဖြစ်ကာ သူ့သား၏ဦးခေါင်းကို လက်ဖြင့် ယုယုယယသပ်လျက် သူ၏ တဒိတ်ဒိတ် ခုန်နေသော ရင်ကို မနည်းငြိမ်အောင် ထိန်းထားရ၏။ ထိုနောက်...

"ဘာပြုလို့ သားက အမေ့ကို ကျေးဇူးတင်ရတာလဲကွယ်"

"ကျွန်တော်ရဲ့ အလွန်မွန်မြတ်တဲ့ လုပ်ငန်းမှာ ဝင်ပြီး ကူညီလိုပေါ့ အမေရဲ့။ သားနဲ့အမိ စိတ်ဓာတ်ချင်း တူနေတယ်ဆိုတာ အလွန်ရှားတယ် အမေ"

အမေသည် သူ့သား၏ စကားတို့ကို နားထောင်ရင်း သူ့ရှေ့၌ ဤမျှ သူချစ်လှသည့်သားကို တစိမ့်စိမ့်ကြည့်ရင်း သဘောအကျကြီးကျကာ

ဘာမျှမပြောဘဲ ငြိမ်နေလေ၏။

“ကျွန်တော်တို့ လုပ်နေကြတဲ့အလုပ်မှာ အမေကိုယ်တိုင် ဒီလိုပါဝင်လာဖို့ရာ အမေ့အတွက် ဘယ်လောက် ခက်ခဲတယ်ဆိုတာကို ကျွန်တော်သိပါတယ် အမေ။ ဒီလုပ်ငန်းနဲ့ ပတ်သက်လို့ အမေ သဘောမကျတာတွေ ဘယ်လောက်ပါတယ် ဆိုတာကိုလည်း ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့ အခုလုပ်နေကြတဲ့ အလုပ်ကို အမေ ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ အတွေးအခေါ် အယူအဆတွေကိုလည်း အမေ ဘယ်တော့မှ သဘောကျမှာ မဟုတ်ဘူးလို့လည်း ကျွန်တော် ထင်ခဲ့တယ်။ အမေဟာ တဘဝလုံး စိတ်ဒုက္ခ ခံခဲ့သလို ဘာမျှမပြောဘဲ ဒီအတိုင်းငြိမ်ပြီး စိတ်ဆင်းရဲခံနေမှာပဲလို့လည်း ထင်ခဲ့တယ်။ ကျွန်တော်က ဒီလိုတွေးထားတော့ ကျွန်တော့်အတွက်လည်း ခက်ခဲတော့တာပေါ့ အမေ”

“ယူကရိန်းသားက အမေ နားမလည်တာတွေကို အများကြီးပြောပြောပြတယ်ကွဲ့”

“သူက အမေ့အကြောင်း ကျွန်တော်တို့ကို ပြောပြပါတယ်”

“ယေဂါကလည်း ဒီလိုပဲကွဲ့။ သူနဲ့ငါက တရွာတည်းကပဲ၊ ယူကရိန်းသားကတော့ အမေ့ကို စာဖတ်တောင် သင်ချင်လိုက်သေးတယ်”

“အမေရှက်လို့ အမေ့ဘာသာ အမေ တိတ်တိတ် ဖတ်ဖတ်နေတယ်ဆို”

“ဒါဖြင့် အမေ ဒီလို တိတ်တိတ် ဖတ်နေတာကို သူရိပ်မိသွားတယ်ပေါ့။ ကဲ… သူ့ကို အထဲခေါ်လိုက်ကြစို့လား။ သူက တို့သားအမိနှစ်ယောက် စကားပြောတာ အနှောင့်အယှက် ဖြစ်မှာ ကြောက်လို့ တမင်ရှောင်သွားတာကွဲ့။ သူ့မှာလည်း အမေ မရှိဘူး”

ထိုနောက် ပါဗယ်က တံခါးကိုဖွင့်ပြီး…

“အင်ဒရေယူရှာ၊ ခင်ဗျား ဘယ်နားကလဲ” ဟု လှမ်းမေးလိုက်ရာ ယူကရိန်းသားက

“ငါ ဒီကပါကွ၊ ထင်းကလေးနည်းနည်း ခုတ်ချင်လို့ပါ” ဟု ပြန်ဖြေလေ၏။

“လာဗျာ၊ အိမ်ထဲကို”

သို့ရာတွင် ယူကရိန်းသားက တော်တော်နှင့် ပြန်ဝင်မလာချေ။ နောက်ဆုံး သူ အိမ်ထဲသို့ ဝင်လာသောအခါ သူသည် အိမ်မှု၊ အိမ်တာနှင့် ပတ်သက်သည့် စကားတို့ကိုသာ ပြောနေလေ၏။

"ကျွန်တော်လည်း နစ်ကိုလိုင်ကို ထင်းနည်းနည်းယူခဲ့ဖို့တော့ ပြောဦးမှပဲ။ ထင်း သိပ်မရှိတော့ဘူး အမေ၊ ပါဗယ်ကိုလည်း ကြည့်ပါဦး။ ကျွန်တော်တို့ မင်းဘုရင်များက သူပုန်တွေကို အပြစ်ပေးမယ့် အစား ထမင်းကောင်းကောင်းကျွေးထားတာနဲ့ တူတယ်"

အမေသည် ရယ်လိုက်၏။ သူသည် ယခုတိုင် ပျော်၍ မဆုံးသေး။ သူ့အသည်းနှလုံးသည် ခုန်လျက်ပင် ရှိသေး၏။ သူ့သား၏ တည်ငြိမ်သည့် ရုပ်လက္ခဏာကိုလည်း တစိမ့်စိမ့် ကြည့်နေချင်၏။ သူ့စိတ်ထဲ၌ အစစသည် နှစ်လိုဖွယ်ရာ ဖြစ်နေ၏။ တခါမျှ သူ့ဘဝတွင် ဤမျှလောက် မပျော်ခဲ့ မရွှင်ခဲ့ဖူးချေ။ ထို့ကြောင့် ငှက်တည်သမားတယောက်သည် အလွန်လှပ၍ ရှားပါးလှသည့်ငှက်ကို မရစဖူး ဖမ်း၍မိသောအခါ ထိုငှက်ကို ပျံမသွားနိုင်အောင် လှောင်အိမ်ထဲ၌ ထည့်၍ထားသကဲ့သို့ ဤပျော်မှုရွှင်မှုကို သူ့အသည်းနှလုံးတွင်း၌ လှောင်၍ ထားလိုက်ချင်၏။ ထိုနောက် အမေက၊

"တို့ ညစာစားကြစို့လား၊ ငါ့သားလည်း ဘယ်ကမျှ စားမလာရသေးဘူး မဟုတ်လား"

"မစားရသေးပါဘူး အမေ၊ ကျွန်တော့်ကို လွှတ်ဖို့ ဆုံးဖြတ်ထားတယ် ဆိုတာကို ထောင်မှူးက မနေ့က ပြောတာနဲ့ ကျွန်တော်ဟာ ဘာမျှမစားနိုင်၊ မသောက်နိုင် ဖြစ်သွားတယ်" ထိုနောက်တဖန် ဆက်၍၊

"ကျွန်တော် ထောင်ထဲက ထွက်ထွက်ချင်း ပထမဦးဆုံး တွေ့ရတဲ့လူကတော့ ဆီးဇော့ပဲ အမေ၊ သူက ကျွန်တော့်ကို မြင်တော့ နှုတ်ဆက်ရအောင် လမ်းကို ဖြတ်လာတယ်။ ကျွန်တော့်နောက်က ပုလိပ်တကောက်ကောက် လိုက်နေပြီး ကျွန်တော်နဲ့ပေါင်းရင် အန္တရာယ်များလိမ့်မယ် သတိနဲ့ ပေါင်းနော်လို့တောင် ပြောလိုက်သေးတယ်။ သူက ဒါက ကိစ္စမရှိပါဘူးလို့ ပြောပြီး သူ့တူအကြောင်းကို မေးလိုက်တာလည်း စုံနေတာပဲ။ ဖီယိုဒိုလည်း ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် နေရဲ့လားလို့ မေးတယ်။ ကျွန်တော်က အဲဒီတော့ ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် ဘယ်သူ နေဖြစ်လို့လဲလို့ ပြန်မေးလိုက်တယ်။ အဲဒီတော့ သူက အေးကွာ၊ အခုတော့ ရဲဘော်အချင်းချင်း အော်လိုက်ဟစ်လိုက်နဲ့ မလုပ်တော့ဘူး ထင်ပါရဲ့တဲ့၊ ကျွန်တော်က သူ့ကို ဖီယိုဒိုဟာ လူကောင်းတယောက်ပါလို့ ပြောလိုက်တော့ သူက တို့ ဆီးဇော့ အမျိုးအနွယ်ထဲမှာ လူဆိုးသူဆိုး မပါပါဘူးလို့ ခပ်ကြွားကြွား ပြန်ပြောတယ်ဗျ" ပြောလေရာ ယူကရိန်းသားက သူ၏ဦးခေါင်းကို ညိတ်လျက်၊

"ဒီအဘိုးကြီးက ဉာဏ်ရှိတယ်။ ကျုပ် သူနဲ့ စကားအများကြီးပြောဖူးတယ်။ လူကောင်းပါ။ သူတို့ ဖီယိုဒိုကို မကြာခင် လွှတ်ကြတော့မှာလား" ဟု မေးလျှင်၊

"ကျွန်တော်ကတော့ ဒီလူတွေအကုန်လုံးကို မကြာခင် သူတို့ လွှတ်ပစ်လိုက်လိမ့်မယ်လို့ ထင်တာပဲ။ သူတို့နဲ့ပတ်သက်လို့ အိုင်ဆိုင်းက ပြောထားတာမှအပ သူတို့အပေါ် မှာ ဘာအပြစ်မျှ သူတို့ရှာလို့ မတွေ့ကြဘူး" ဟု ပါဗယ်က ဖြေလိုက်၏။

အမေသည် ကုလားထိုင်ပေါ်၌ ထိုင်ရင်း သူ့ကိုယ်သူ ရှေ့ထိုးနောက်ငင် လုပ်နေပြီး ဘယ်ကိုမျှ မကြည့်ဘဲ သူ့သားကိုသာ စိုက်ကြည့်နေ၏။ ယူကရိန်းသားကမူ လက်ကို နောက်သို့ပစ်လျက် ပြတင်းပေါက်နားမှ ပါဗယ်ပြောသည့် စကားတို့ကို နားထောင်နေ၏။ ပါဗယ်သည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စကားပြောနေ၏။ သူ့တွင် မုတ်ဆိတ်မွေးများ ပေါက်နေပြီ ဖြစ်၏။ ပါးပြင်များပေါ်၌လည်း ဆံပင်ဖျားသည် အလိပ်လိုက် အလိပ်လိုက် ပေါက်လျက်ရှိရာ သူ့မျက်နှာသည် မူလပကတိထက် ပို၍ အသားလတ်လာသည်ဟု ထင်ရလေသည်။ ထိုအတွင်း အမေသည် ညစာကို ယူလာပြီး၊ "ထိုင်လေ သား" ဟု ပြောလေ၏။

ထမင်းပွဲ၌ ယူကရိန်းသားက ပါဗယ်အား ရိုင်ဘင်အကြောင်းကို ပြောပြ၏။ ထိုအခါ ပါဗယ်က ဝမ်းနည်းစွာနှင့်

"ကျွန်တော်သာ အိမ်မှာရှိရင် ကျွန်တော် သူ့ကို တားထားမှာ၊ သူ ဘယ်ကိုမျှ မသွားရဘူး။ သူ့မှာ ဘာပစ္စည်းဥစ္စာမျှမရှိဘူး။ သူ့မှာရှိတဲ့ပစ္စည်းက ချောင်နေတဲ့ ဦးနှောက်နဲ့ နာကြည်းစရာ ကောင်းတဲ့ ခံစားမှုတွေချည်းပေါ့" ပြောရာ ယူကရိန်းသားက၊

"အေး၊ လူတဦးတယောက်ဟာ အသက် ၄၀ ရှိပြီး သူ့စိတ်ထဲမှာရှိတဲ့ အယူအဆမှားတွေနဲ့ အချိန်ရှိသမျှ တိုက်ပွဲဝင်နေခဲ့ရရင် အဲဒီလူကို ပြောင်းလဲပစ်ဖို့ မလွယ်ကူဖူး မောင်ရ" ဟု ရယ်၍ ပြောလေ၏။

တခါသော် ယူကရိန်းသားနှင့် ပါဗယ်တို့သည် စကားအချေအတင် ငြင်းခုံ ဆွေးနွေးကြ၏။ သို့ရာတွင် အမေသည် သူတို့ပြောကြသည့်စကားတို့ကို နားမလည်နိုင်ချေ။ သူတို့သည် စကားကြီး စကားကျယ်တွေနှင့် တယောက်နှင့်တယောက် ငြင်းကြ၊ ခုံကြ၊ ပြောကြ ဆိုကြ၏။ တခါတခါ အလွန်ရိုးသား ရှင်းလင်းသည့် စကားတို့ကို သုံးကြ၏။ တခါသော်၊

"ကျွန်တော်တို့တတွေဟာ ရှေ့ကို အတင်းချီတက်ကြရမယ်။ တလှမ်းတလေမျှ နောက်ဆုတ်လို့ မဖြစ်ဘူး" ဟု ပါဗယ်က အခိုင်အမာ ပြောနေရာ ယူကရိန်းသားက

"အေး၊ အဲဒီတော့ သန်းပေါင်းများစွာသော လူတွေကို ဝင်တိုက်မိ ခိုက်မိပြီး

သူ့လူတွေက တို့တတွေကို သူတို့ရဲ့ရန်သူတွေလို့ ယူဆကုန်မှာပေါ့” ဟု ပြန်ပြော၏။

အမေသည် သူတို့နှစ်ယောက် တယောက်နှင့်တယောက် အချေအတင် ပြောဆို ငြင်းခုံနေကြ သည်ကို နားထောင်ကြည့်လျှင် တဖက်မှ ယူကရိန်းသားက ကျေးလက် ဆင်းရဲသားများ အားလည်း အမှန်တရားကို သင်ပြပေးရမည်ဆိုကာ ဤကျေးလက်မှ ဆင်းရဲသားတို့အတွက် ရပ်တည်လျက်ရှိကြောင်းနှင့် အခြားတဖက်တွင် ပါဗယ်က တောင်သူလယ်သမားတို့အရေးကို ဂရုမပြုကြောင်းကို သိမြင်နားလည်လာ၏။ သူသည် ယူကရိန်းသား၏ သဘောထားကို ပို၍ နားလည်လာ၏။ သူက မှန်သည်ဟုလည်း ယူဆ၏။ သို့ရာတွင် ယူကရိန်းသားက ပါဗယ်အား တစုံတခုကို ပြောတိုင်း ပြောတိုင်း ပါဗယ်က ယူကရိန်းသားအပေါ်တွင် စိတ်မဆိုးကြောင်းသိ၏။ သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် တခါတခါ အော်ကြ ဟစ်ကြ၊ ငြင်းခုံကြသော် လည်း တယောက်နှင့်တယောက် ဘယ်တော့မျှ စိတ်မဆိုးကြချေ။

တခါတခါ အမေက ပါဗယ်အား၊

“ဟဲ့၊ အဲဒါ တကယ်ပဲလား” ဟု မေးလျှင် ပါဗယ်က

“ဟုတ်ပါတယ်။ ဒီအတိုင်းပါပဲ အမေ” ဟု ပြုံး၍ ဖြေတတ်၏။

ထိုအခါ ယူကရိန်းသားက၊

“ဒီမယ် ကိုရင်၊ ကိုရင့်မှာ ဖွယ်ဖွယ်ရာရာ ထမင်းတွေ ဟင်းတွေတော့ ရှိပါရဲ့၊ ဒါပေမဲ့ ကိုရင်က ဒီအစာတွေကို ကောင်းကောင်း မဝါးတတ်ဘူး။ ဒါကြောင့် ကိုယ့်လူ လည်ချောင်းထဲမှာ နင့်နေတာပေါ့။ အဲဒီတော့ ရေကလေး တကျိုက်လောက်တော့ သောက်လိုက်ဦး” ဟု ခပ်ရွှတ်ရွှတ်ကလေးပြောလျှင် ပါဗယ်က၊ “ခင်ဗျားက တကယ် ရယ်စရာကောင်းတဲ့လူပဲ” ဟု ပြန်ဖြေလိုက်၏။

ထိုအခါ ယူကရိန်းသားက၊ “အင်း၊ မင်္ဂလာဆောင်မှာစားရတဲ့ ထမင်းပွဲလို ပျော်စရာကောင်းပါပေ” ဟု ပြော၏။

အမေသည် သူတို့ပြောဆို ငြင်းခုံနေကြသည်ကို နားထောင်နေရာမှ ရယ်ပြီး ဦးခေါင်းကို ခါနေလေသတည်း။

အခန်း နှစ်ဆယ့်သုံး

ဆောင်းအကုန် နေအနည်းငယ် ပြင်းလာသဖြင့် ဆီးနှင်းများ အရည်ပျော်လာရာ ဆီးနှင်းပြင်အောက်မှ ရွှံ့ညွန် အမှိုက်သရိုက်တို့သည် ပေါ်လာကြကုန်၏။ တနေ့ထက်တနေ့ ရွှံ့ထူထူလာသည်နှင့်အမျှ အလုပ်သမားရပ်ကွက်ကလေးသည် ညစ်ပတ်စုတ်ပဲ့လာ၏။ နေ့အခါ၌ ခေါင်မိုးများမှ ရေများ တစက်တစက် ကျလာပြီး အိမ်နံရံများမှလည်း ရေစက်ရေပေါက်တို့သည် ချွေးသီးချွေးပေါက်ပမာ ယိုစီးလျက်ရှိကြ၏။ သို့ရာတွင် ညဥ့်အခါ၌ ဖြူဖွေးသည့် ရေခဲစီးချောင်းကလေးများကို မြင်ရ၏။ ဆီးနှင်းများပျော်လာ၍ ရေစီးချောင်း ကလေးများ ဖြစ်လာကြရာ ရွှံ့အိုင်ထဲသို့ ဤချောင်းကလေးများ၏ တသွင်သွင်စီးသံကို ကြားရလေသည်။

ထိုအတွင်း ပါဗယ်တို့လူစုသည် အလုပ်သမားနေ့ (မေဒေး) ကျင်းပရန် စီမံစိုင်းပြင်းနေကြလေ သည်။

အလုပ်သမားနေ့၏ ထူးခြားသည့် သဘောအဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြထားသည့် စာရွက်စာတမ်းတို့သည် အလုပ်ရုံနှင့် အလုပ်သမားရပ်ကွက်၌ ပလူပျံသကဲ့သို့ ပျံ့နှံ့လျက် ရှိကြ၏။ ဤစာရွက်စာတမ်းတို့၌ ရေးသားထားသည့် သဘောတရားတို့ကို သဘောမပေါက်ကြသည့် လူငယ်လေးများပင် ဤစာရွက်စာတမ်းတို့ကို ဖတ်ရင်း “တို့တတွေ အလုပ်သမားနေ့အတွက် ပြင်ဆင်ကြရလိမ့်မယ်” ဟု ပြောကြဆိုကြ၏။

နစ်ကိုလိုင်က “အချိန်ကျပြီ ကိုယ့်လူတို့၊ တို့တတွေမှာ တူတူပုန်းနေရတာ ကြာလှပြီ” ဟု မချိမချဉ် မျက်နှာထားနှင့် ပြောလေ၏။

ဖီယိုဒိုသည် အလွန်စိတ်ခတ်တက်ကြွလျက်ရှိ၏။ သူသည် အလွန်ပိန်ချုံးပြီး စကားပြောရာ၌ လည်း အလွန်တုန်လှုပ်လျက်ရှိရာ လှောင်အိမ်ထဲ၌ ထည့်ထားသည့် ငှက်ငယ်နှင့် တူနေလေ၏။ သူနှင့် အမြဲတမ်း တွဲနေသူကား ယာကော့ဟူသော လူငယ်တယောက်ဖြစ်၏။ သူသည် စကားနည်း၏။ သို့ရာတွင် အရွယ်နှင့်မလိုက်အောင် စိတ်ဓာတ်ပြင်းပြလှ၏။ သူသည် မြို့ထဲ၌ အလုပ်လုပ်၏။ ထောင်ထဲရောက်မှ ဆံပင်များ ပိုနီလာသော ဆမ္ဘိုင်းလော့၊ ဗာဆီလီ၊ ဘူကင်၊ ဒရက်ဂူနော့နှင့် အခြား လူငယ်တစုတို့က လက်နက်များ ကိုင်ဆောင်၍ စီတန်းလှည့်လည်ရန် အကြံဉာဏ်ပေးကြ၏။ သို့ရာတွင် ပါဗယ်၊ ယူကရိန်းသား၊ ဆိုမော့နှင့် အခြားလူများက ကန့်ကွက်ကြ၏။

သူတို့ ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြသည်ကို ခါတိုင်းကဲ့သို့ပင် နွမ်းရိုပြီး

ချွေးတလုံးလုံးနှင့် ဖြစ်နေသော ယေဂါက သောနေလေ၏။

လူမှုရေးစနစ်ကို ပြောင်းလဲပစ်ဖို့ "ရဲဘော်၊ ယနေ့လက်ရှိ ကြိုးပမ်းကြတဲ့ ကြိုးပမ်းချက်တွေဟာ အမှန်တော့ မြင့်မြတ်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့ကြိုးပမ်းချက်တွေ မြန်မြန် အောင်မြင်ဖို့ရာ (သူ၏ စိုစွတ်၍ စုတ်ပြတ်နေသော ဖိနပ်များကို လက်ညှိုးနှင့်ထိုးပြရင်း ကျုပ်ဟာ ဖိနပ်အသစ်တရန် မဝယ်ရင် မဖြစ်တော့ဘူးဗျာ။ ကျုပ်ရဲ့ မိုးရေခံ ဖိနပ်ကြီးကလည်း ပြန်မပြင်လို့ မဖြစ်တော့ဘူး။ ဒါကြောင့် နေ့တိုင်း ကျုပ်ခြေထောက်တွေကို ရေစိုရင် စနစ်ဟောင်းကို တိုင်းပြည်နဲ့အဝန်း မစေ့စပ်စတမ်း မပယ်ဖျက်နိုင်သေးသမျှ မသေချင်သေးဘူးဗျာ။ ဒါကြောင့် ကျွန်တော်က ရဲဘော် ဆမ္မိုင်းလော့ရဲ့ လက်နက်ကိုင်ပြီး စီတန်းလှည့်လည်ရမယ်ဆိုတဲ့ အကြံဉာဏ်ပေးချက်ကို ကန့်ကွက်ပြီး ကျုပ်ဖိနပ်သစ်တရန် ဝယ်စီးဖို့ဆိုတဲ့အဆိုကို တင်သွင်းခြင်း ဖြစ်တယ်။ ဘာပြုလို့လဲဆိုတော့ အားလုံးကို လွတ်လပ်ရေးပေးတာထက် ဒီလို ကျုပ်ဖိနပ်သစ်တရန် ရဖို့အရေးက ဆိုရှယ်လစ်စနစ်ရဲ့ အောင်ပွဲကို ပိုပြီးမြန်မြန်ရအောင် ဖန်တီးနိုင်လိမ့်မယ်လို့ ကျုပ်က လေးလေးနက်နက် ယုံကြည်ထားလို့ ဖြစ်ပါတယ်" ဟု ပြက်လုံးထုတ်လေ၏။

ဤကဲ့သို့ ရွှန်းရွှန်းဝေသည့် စကားများနှင့်ပင် အခြားတိုင်းပြည်များမှ ပြည်သူလူထုတို့သည် သူတို့ဘဝ သက်သာချောင်ချိရေးအတွက် မည်ကဲ့သို့ ရုန်းကန်နေကြသည်ကိုလည်း သူက ပြောပြ၏။ အမေသည် သူ့စကားများကို နားထောင်ချင်၏။ သူ့စကားများကို နားထောင်ရသဖြင့် အမေ့စိတ်ထဲတွင် ထူးခြားသည့် အယူအဆများ ပေါ်ပေါက်လာ၏။ ပြည်သူလူထုအပေါ်တွင် သစ္စာအမဲ့ဆုံး၊ အရက်စက်ဆုံး ဖြစ်ကြသော ပြည်သူလူထု၏ အဆိုးရွားဆုံး ရန်သူများသည်ကား ဝလည်းဝ၊ မျက်နှာများကလည်းနီနီ၊ ကောက်လည်းကောက်ကျစ်၊ လောဘကလည်းကြီးပြီး ရက်လည်းရက်စက် ကြမ်းကြုတ်သည့် လူများဖြစ်သည်ဟု ထင်မြင်လာ၏။

သူတို့ကို သူတို့တိုင်းပြည်မှ ဇာဘုရင်က ဖိနှိပ်ညှဉ်းပန်းစဉ်အခါက သူတို့သည် ပြည်သူလူထု အားနှင့် ဇာဘုရင်ကို တိုက်ခဲ့ကြ၊ ခိုက်ခဲ့ကြ၏။ သို့နှင့် ဇာဘုရင် ကျသွားသောအခါ ဤလူများသည် ပြည်သူလူထုအား မောင်းနှင်ပစ်ကြ၏။ အကယ်၍ ပြည်သူ့လူထုက ခုခံလျှင် ရာနှင့်ထောင်နှင့်ချီ၍ သတ်ပစ်ကြပြီး အာဏာကို မတရားသည့်နည်းဖြင့် အတင်းအဓမ္မ လုပ်ယူကြ၏။ ဤကား အမေမြင်ထားသည့်အမြင် ဖြစ်၏။ တနေ့သော် အမေသည် သူ့ကိုယ်သူ ရဲဆေးတင်ပြီး ယေဂါ၏စကားများကို ကြားရသဖြင့် သူ့စိတ်ထဲ၌ ဖြစ်ပေါ်လာသည့် အယူအဆတို့ကို ယေဂါအား ဖွင့်ပြောကာ ခပ်အမ်းအမ်းနှင့်

"အမေပြောချင်တာက ဒါပဲကွယ်" ပြောလိုက်လျှင် ယေဂါက

တဟားဟားနှင့် ရယ်လျက်…

“အခြေအနေမှန်ကတော့ ဒီအတိုင်းပဲ အမေ။ သမိုင်းရဲ့ တကယ့်သော့ချက်ကို အမေ ဆုပ်ကိုင်မိပါပြီ။ နည်းနည်းတော့ စိတ်ကူးနဲ့ ချဲ့ထားတာပါတာပေါ့။ ဒါပေမဲ့ တကယ်အဖြစ်အပျက်တွေကတော့ ဒီပုံသဏ္ဍာန်အတိုင်းပါပဲ။ ဒီဝဝဖိုင့်ဖိုင့် လူကလေးတွေဟာ လူ့လောကမှာ အကြီးမားဆုံး အကုသိုလ်သမားတွေပဲ။ လူသားအချင်းချင်း အပေါ်မှ ခွပြီး သွေးစုပ်နေကြတဲ့ အဆိပ်အပြင်းဆုံး လူ့ကျီးပေါင်းတွေလည်း သူတို့ပဲ။ ပြင်သစ်လူမျိုးတွေက သူတို့ကို အရင်းရှင် သွေးစုပ်ဖုတ်ကောင်တွေလို့ ခေါ်တာ မှန်တယ်။ ဘာပြုလို့လဲဆိုတော့ ဒီအရင်းရှင်တွေဟာ အသိဉာဏ်မရှိတဲ့ လူတွေအပေါ်မှာ အခွင့်ကောင်းယူပြီး သွေးစုပ်နေကြလို့ပဲ ပြောရာ အမေက…

“ချမ်းသာတဲ့လူတွေက ဒီလိုပဲ လုပ်တယ်လို့ မင်းက ပြောချင်တာပေါ့” မေး၏။ “ဟုတ်တယ်၊ သူတို့တတွေ ချမ်းသာကြတာဟာ ကုသိုလ်ကံဆိုးလို့ပဲ။ ကလေးတယောက်ရဲ့အစားထဲမှာ ကြေးပြားထည့်ထားရင် ကလေးဟာ မထွားတော့ဘဲ လူပုကလေးတယောက် ဖြစ်သွားတယ်။ ဒါပေမဲ့ လူတဦးတယောက်ရဲ့စိတ်ဓာတ်ကို ရွှေနဲ့ဖျက်လိုက်ရင် သူရဲ့စိတ်ဓာတ်ဟာ မကြီးထွားတော့ဘဲ ကလေးတွေ ငါးကိုပက် ပေးပြီး ဝယ်ဝယ်ကစားကြတဲ့ ကြက်ပေါင် ဘောလုံးကလေးလိုပဲ၊ တခါတည်း ဖြူဖပ်ဖြူရော် ဖြစ်ပြီး ဆွေးဆွေးသွားတော့တာပဲ” ပြန်ဖြေလေ၏။

တနေ့သ၌ ယူကရိန်းသားနှင့် ပါဗယ်တို့သည် ယေဂါအကြောင်းကို ပြောနေကြရာမှ ပါဗယ်က

“အမှန်ကတော့ အင်ဒရေယူရှာ အပျော်အပြက် အပြောဆုံးလူဟာ အနှိပ်စက် အညှဉ်းပန်း အခံရဆုံးလူပဲ” ပြောရာ ယူကရိန်းသားက မျက်စိများကို မှေး၍ နားထောင်နေရာ၊ “မင်းပြောတာကတော့ မှန်ပါတယ်။ ဒါပေမဲ့ ဒီလိုဆိုရင် ရုရှားတပြည်လုံးဟာ ရယ်ရလွန်းလို့ သေဖို့ပဲရှိတော့တာပေါ့” ပြန်ပြောလေ၏။

ထိုအတွင်း နာတာရှာ ပေါက်လာလေ၏။ သူလည်း ထောင်နန်းစံခဲ့ရ၏။ သို့ရာတွင် ပါဗယ်တို့နှင့် တထောင်တည်း အတူမနေရ၊ အခြားမြို့တမြို့၌ခံရ၏။ ဤကဲ့သို့ ထောင်ထဲ၌ နေခဲ့ရသော်လည်း သူသည် ဘာမျှမပြောင်းလဲချေ။ နာတာရှာရှိလျှင် ယူကရိန်းသားသည် အချိန်ရှိသရွေ့ ဟိုလူ့ကို အပြက်ပြောလိုက်၊ ဒီလူ့ကို ပြောလိုက်၊ နောက်လိုက်နှင့် ခါတိုင်းထက်ပိုပြီး ရွှင်နေသည်ကို အမေသည် သတိထားမိ၏။ သို့ရာတွင် နာတာရှာ ထွက်သွားသောအခါ အပူတိုက် သီချင်းတပုဒ်ကို လေချွန်လျက် လမ်းလျှောက်နေတတ်လေသည်။

ဆာရှာသည် ခဏခဏ ပြေးပြေးလာ၏။ သို့ရာတွင် အချိန်ကြာရှည်မနေ။

သူသည် အမြဲတမ်း မျက်မှောင်ကြုတ်ပြီး ပျာပျာသလဲ ဖြစ်နေ၏။

တခါသော် ပါဗယ်၊ ယူကရိန်းသားတို့သည် ဆာရှာကို အိမ်အပြင်သို့ လိုက်ပို့ရင်း အိမ်တံခါးကို မပိတ်ဘဲ ထားခဲ့၏။ ထိုကြောင့် အမေသည် သူတို့နှစ်ယောက် အရေးတကြီး ပြောနေကြသည့် စကားကို ဤကဲ့သို့ ကြားလိုက်ရ၏။

ဆာရှာက

"အလံကို ရှင် ကိုင်မလို့လား" မေး၏။

"ဟုတ်တယ်"

"ရှင်ဆုံးဖြတ်ပြီးပြီလား"

"ဟုတ်တယ်၊ အဲဒါ ကျွန်တော်ရဲ့အခွင့်အရေးပဲ"

"ဒါဖြင့် ထောင်ထဲ တခါ ပြန်သွားဖို့ပေါ့"

ပါဗယ်က ဘာမှပြန်မဖြေ။

"ရှင် ကိုယ်တိုင်မ..." စကားမဆုံးမီ ဆာရှာသည် ဆက်၍မပြောနိုင်တော့ချေ။

"ဘယ့်နှယ်"

"တခြားလူတယောက်ယောက်ကို အလံကိုင်ခိုင်းလို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး" ဟု ပါဗယ် အခိုင်အမာပြော၏။

"စဉ်းစားစမ်းပါဦး။ ရှင့်မှာ ဩဇာအများကြီးရှိပါတယ်။ လူတိုင်းက ရှင့်ကို သဘောကျတယ်။ ရှင်နဲ့ အင်ဒရေယူရှာဟာ လူချစ်လူခင်အများဆုံးပဲ။ အပြင်မှာနေပြီး ဘယ်လောက် ထိထိရောက်ရောက် လုပ်နိုင်မယ်ဆိုတာကို စဉ်းစားစမ်းပါဦး။ ဒါပေမဲ့ ရှင် အလံကိုင်ရင် အဝေးကြီးကို အချိန် အကြာကြီး နယ်နှင်ဒဏ် အပို့ခံရလိမ့်မယ်"

အမေသည် ဆာရှာ၏ စကားထဲတွင် စိုးရိမ်သံ၊ ကြောက်လန့်သံနှင့် ဆန္ဒပြင်းပြသံတို့ ရောပြွမ်းလျက် ရှိသည်ကို အကဲခတ်မိ၏။ ဆာရှာ၏ စကားများကို ကြားရသဖြင့် သူ၏ အသည်းနှလုံးသည် ထုံကျဉ်သွားလေ၏။

ပါဗယ်က၊

"ကျွန်တော့်စိတ်ကို ကျွန်တော်ဆုံးဖြတ်ပြီးပြီ။ ကျွန်တော်တော့ ဘယ်နည်းနဲ့မှ မပြင်နိုင်တော့ဘူး" ဟု ပြန်ပြောလေ၏။

"ကျွန်မက တောင်းပန်တာတောင်မှ မရဘူးပေါ့"

ထိုအခါ ပါဗယ်က၊

"ဒါက ခင်ဗျားကိစ္စလည်း မဟုတ်ဘူး။ ခင်ဗျားမှာ အခွင့်အရေးလည်း မရှိဘူး" ဟု ခပ်တိုတိုနှင့် ပြတ်ပြတ် ပြန်ပြောလိုက်သောအခါ ဆာရှာက လေသံပျော့ပျော့ကလေးနှင့်၊

"ကျွန်မလည်း လူသားတယောက်ပဲဟာ" ဟု ပြန်ပြော၏။ ပါဗယ်ကလည်း ရင်ထဲတွင် ဆို့တက်လာသကဲ့သို့ လေသံပျော့ပျော့နှင့်ပင်၊ "အလွန်ထူးဆန်းတဲ့ လူသားတယောက်ပဲ။ ကျွန်တော် သိပ်ချစ်တဲ့လူသားပဲ။ အဲဒါကြောင့် ခင်ဗျားဟာ ဒီလိုစကားမျိုးတွေ ပြောဖို့ မကောင်းတာပေါ့" ဟု ဆို၏။ ထိုနောက်၊

"ကဲ၊ သွားပြီနော်" ဟု ဆာရှာသည် နှုတ်ဆက်၍ ထွက်သွားလေသည်။ သူ၏ ခြေသံများကို ကြားရခြင်းအားဖြင့် သူ ပြေးသွားကြောင်းကို အမေသိ၏။ သူတို့ ဘာတွေကို ပြောနေကြသည်ကို သူသည် ကောင်းစွာ နားမလည်။ သို့ရာတွင် သူ့အတွက် ကံဆိုးမိုးမှောင်ကျတော့မည်ဟု အကဲခတ်၏။ ထို့ကြောင့်၊

"သူဘာလုပ်မယ်လို့များ စီစဉ်နေပါလိမ့်" ဟု တွေးတောနေလေသည်။ ပါဗယ်သည် ယူကရိန်းသားနှင့်အတူ ပြန်လာကြ၏။ ယူကရိန်းသားက၊

"ဩော်၊ အိုင်ဆိုင်း အိုင်ဆိုင်း။ တို့တတွေ သူ့ကို ဘယ်လိုလုပ်ကြရပါ့" ဟု ဦးခေါင်းကိုခါလျက် ညည်းနေလေ၏။ ပါဗယ်က

"သူ ဒါကိုမလုပ်ရအောင် ကျွန်တော်တို့က တားမြစ်ပေးရမယ်ဗျာ" ဟု မျက်မှောင်ကြုတ်ကာ ပြောလေ၏။

အမေကမူ ဦးခေါင်းကို အောက်သို့စိုက်လျက်၊ "ငါ့သား ဘာလုပ်မယ်လို့များ စီစဉ်နေတုံး" ဟု မေး၏။

"ဘယ်တော့တုံး၊ အခုလား အမေ"

"အခုမဟုတ်ပါဘူး၊ မေလတရက်နေ့မှာ မေးတာပါ"

ထိုအခါ ပါဗယ်က အသံကိုနှိမ့်လျက်

"အိုး ကျွန်တော်က ကျွန်တော်တို့ လူတန်းစားကြီးရဲ့မှာ

ကျွန်တော်တို့အလံကို ကိုင်မလို့ပါ။ ဒီလိုကိုင်လို့ သူတို့က ကျွန်တော့်ကို ထောင်ထဲပြန်ထည့်ချင်ရင် ထည့်ကြလိမ့်မယ် အမေ"

အမေ၏မျက်လုံးအိမ်တွင် မျက်ရည်စိမ့်လာ၏။ အာခေါင်လည်း ခြောက်လာ၏ ပါဗယ်က သူ့လက်ကို ကိုင်ပြီး ယုယစွာ ပွတ်နေလေ၏။

“ကျွန်တော်ကတော့ မကိုင်ရင် မဖြစ်ဘူး အမေ။ ဒါပေမဲ့ အမေ့ကို ကျွန်တော် နားလည်အောင် ရှင်းပြပါမယ်”

“အမေကတော့ ဘာမှမပြောပါလားကွယ်” ဟု ပြန်ဖြေပြီး သူ၏ဦးခေါင်းကို တဖြည်းဖြည်း မော်လိုက်၏။

သို့ရာတွင် ပါဗယ်၏ ထက်မြက်စူးရှလှသည့် မျက်လုံးများနှင့် အကြည့်ချင်းဆုံမိလျှင် သူသည် မျက်နှာကို တခြားသို့ လွှဲပစ်လိုက်၏။ ပါဗယ်သည် သက်ပြင်းတချက်ချပြီး အမေ့လက်ကို လွှတ်လိုက်၏။ ထိုနောက် အပြစ်တင်သည့် လေသံနှင့်

“ဒါဟာ အမေ့ စိတ်ဒုက္ခရောက်ရမယ့်အစား ဝမ်းသာရမယ့်ကိစ္စပါ အမေ။ ကိုယ့်သားကိုယ် ပြုံးပြီး သေလမ်းကိုပို့တဲ့ မိခင်တွေရယ်လို့တော့ ဘယ်မှာရှိပါ့မလဲ အမေ” ဟု ပြောလေ၏။

ထိုအတွင်း ယူကရိန်းသားက

“ဟင်း၊ မြို့တော်ဝန်ကြီးတော့ ခွံ့ခွံ့ညားညား ကြွတော်မူလာပြီ” ဟု ပြောလေ၏။

အမေက တဖန်ထပ်၍

“အမေက ဘာမှမပြောမိသေးပါဘူး၊ သားလုပ်ချင်တဲ့အလုပ်ကို အမေက မနှောင့်ယှက်ပါဘူး။ ဒါပေမဲ့ အမေ့အတွက်တော့ ဒီဟာက ခက်ခဲတာပေါ့။ အမေရယ်လို့ ဖြစ်လာတော့” ဟု ပြောလေ၏။

ပါဗယ်သည် အမေ့နားမှ ခွာသွားပြီး “လူတယောက်ကို သူလုပ်ချင်တာကို မလုပ်အောင် တားမြစ်တဲ့ ချစ်ခင်ခြင်းတမျိုးကရှိသေးတယ်” ဟု ပြောလိုက်ရာ အမေ၏ စိတ်ထဲ၌ နာကြည်း၍ သွားလေ၏။

အမေသည် နောက်ထပ် ပါဗယ်က သူ့စိတ်ကို ထိခိုက်အောင် တခုခုပြောလိုက်မည်ကို စိုးရိမ်ကြောက်ရွံ့စွာ

“အမေ နားလည်ပါတယ်ကွယ်၊ မင်းရဲဘော်တွေအတွက် မင်း ဒီလိုမလုပ်ရင်

မဖြစ်ဘူးဆိုတာကို အမေ သိပါတယ်ကွယ်” ဟု ပြောရာ ပါဗယ်က

“သူတို့အတွက် မဟုတ်ပါဘူး အမေ။ ကျွန်တော့်အတွက်ပါ အမေ” ဟု အမေ၏ စကားကို ပြင်လိုက်၏။

ယူကရိန်းသားသည် တံခါးဝသို့ ရောက်လာလေ၏။ တံခါးပေါက်သည် အလွန် နိမ့်လှသဖြင့် သူသည် ကိုယ်ကို တစောင်းထား၍ ကုန်းဝင်နေရလေ၏။ ထိုနောက် ပါဗယ်၏ မျက်နှာကို စိုက်ကြည့်ပြီး စိတ်ခပ်ချဉ်ချဉ်နှင့်

“ကိုယ်တော်ကြီး၊ ဒီကိစ္စကို မဆွေးနွေးဘဲထားရင် ကောင်းပါလိမ့်မယ်” ဟု ပြောလေ၏။

အမေသည် ချုံးချ၍ ငိုတော့မလောက် ဖြစ်နေ၏။ ထို့ကြောင့် သူ့သားက သူငိုသည်ကို မမြင်ရအောင်

“အမယ်လေး၊ ငါ့နှယ် မေ့နေလိုက်တာ” ဟု ပြောရင်း မီးဖိုထဲသို့ သုတ်သီးသုတ်ပျာ ဝင်သွားလေ၏။ မီးဖိုခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ထောင့်တထောင့်ထဲ၌ ကပ်လျက် ငိုနေလေ၏။

ထိုအတွင်း မပွင့်တပွင့်တံခါးကြားအတွင်းမှ ပါဗယ်နှင့် ယူကရိန်းသားတို့ ကျိတ်၍ ဆွေးနွေး ငြင်းခုံနေသံကို ကြားရ၏။

“ဘယ်လို အယူအဆလဲ၊ မင်းက အမေ့စိတ်ကိုထိခိုက်အောင် ပြောလိုက်ရရင် ကျေနပ်နေသလား”

“ခင်ဗျား ဒီလိုတော့ မပြောနဲ့ဗျာ”

“မင်းကိုယ်မင်း သောက်ရူးဖြစ်အောင် လုပ်နေတာကို ငါက ဘာမှမပြောဘဲ ရေငုံနေရင် ငါ အလကားလူ ဖြစ်မှာပေါ့ကွ။ မင်း ဘယ့်နှယ်ကြောင့် ဒီလိုပြောရတာလဲ။ အခု ဘာဖြစ်နေတယ် ဆိုတာကို မင်း မသိဘူးလား”

“ခင်ဗျားဟာ စိတ်ဓာတ်ခိုင်မာရမယ်။ ဟုတ်ရင်ဟုတ်တယ် မဟုတ်ရင် မဟုတ်ဘူးဆိုတာကိုလည်း ပြောရဲရမယ်ဗျာ့”

“လူတိုင်းကိုပေါ့။ ကျွန်တော်ကတော့ လူကို နောက်ပြန်ဆွဲလားမယ့် ချစ်တာတွေ၊ ခင်တာတွေ၊ ရင်းနှီးတာတွေ ဆိုတာတွေကို အလိုမရှိဘူးဗျာ့”

“အေး၊ မင်းက တကယ့် သူရဲကောင်းကြီးပဲ။ ဒါတွေကို ဆာရှာကို ပြောပြပါ။ သူဟာ”

"အို၊ ကျွန်တော် သူ့ကို ပြောပြီးပြီဗျာ့"

"မင်း မပြောရသေးပါဘူး။ မင်းက သူ့ကိုပြောတော့ ပျော့ပျော့ပျောင်းပျောင်းနဲ့ ချစ်စနိုးဖွယ်ရာနဲ့ ပေါ့။ မင်း သူနဲ့ပြောတာကို ငါမကြားပေမဲ့ အဲဒီလို ပျော့မယ်ဆိုတာကိုတော့ ငါသိပါတယ်ကွာ။ ဒါပေမဲ့ အမေ့ပေါ်ကျရင် သူရဲကောင်းကြီးပေါ့။ မင်း သူနဲ့ကျတော့ လေလုံးထွားသမျှတွေဟာ"

အမေသည် သူ၏မျက်ရည်များကို အမြန်သုတ်ပစ်လိုက်၏။

ယူကရိန်းသားက အလွန်ကြမ်းကြမ်းတမ်းတမ်း ပြောပစ်လိုက်မည်စိုးသဖြင့် တံခါးကို ကပျာကယာ ဖွင့်၍ မီးဖိုခန်းထဲသို့ ဝင်လာလေ၏။ ထိုနောက် အသံကျယ်ကျယ်ဖြင့်

"အမယ်လေး ဘယ်လောက်အေးသလဲဟယ်" ဟု ပြောလိုက်၏။ သူမည်မျှပင် ဟန်ဆောင်နေ စေကာမူ သူ၏ အသံထဲ၌ ကြောက်ရွံ့သံနှင့် ဝမ်းနည်းသံတို့ ရောချပါလာ၏။

"အင်း၊ ဒီရာသီကို ဘယ်သူကများ နွေဦးလို့ပြောကြမလဲ။ ဒီလောက်တောင် အေးနေမှဖြင့်"

တဖန် တဖက်ခန်းမှ အသံများကို လွှမ်းသွားရန် မီးဖိုခန်းထဲမှ အိုးခွက်ပန်းကန်တို့ကို အကြောင်းမဲ့ ဟိုရွှေ့လိုက်ဒီပြောင်းလိုက်နှင့် လုပ်နေရာမှ ဆက်၍

"အင်း၊ အစစ ပြောင်းလဲနေတော့တာပဲ။ လူတွေကတော့ ပူပူလာတယ်။ ရာသီဥတုကတော့ အေးအေးလာတယ်။ အရင်ကများ ဒီလိုရာသီမှာ နေရောင်နဲ့ ကောင်းကင်ကလည်း စင်စင်ကြယ်ကြယ်နဲ့ နွေးနေတာပါပဲ။ အခုတော့ဖြင့်" ဟု ပြောနေလေ၏။

ပါဗယ်နှင့် ယူကရိန်းသားတို့သည် ငြိမ်သွားကြပြန်၏။ အမေသည် မီးဖိုခန်း အလယ်၌ ရပ်၍ နားထောင်နေလေ၏။

ယူကရိန်းသားက လေသံပျော့ပျော့နှင့်၊

"မင်း ငါပြောတာ ကြားရဲ့လား။ မင်းနားလည်ဖို့ အချိန်တန်ပြီကွ၊ အမေက မင်းထက် သတ္တိရှိတယ်ကွ" ဟု ပြောလေရာ အမေက အသံတုန်တုန်ယင်ယင်နှင့်၊

"ကဲ၊ တို့ လက်ဖက်ရည်သောက်ကြမယ် မဟုတ်လား" လှမ်း၍မေးလိုက်၏။ ထိုနောက် သူ့အသံတုန်နေသည်ကို ဘေးလူ အကဲမခတ်မိအောင်၊ "ဘုရားရေ၊

ငါတော့ သွေးတောင်ခဲနေပြီ ထင်ပါရဲ့” ပြောပြန်၏။

ထိုနောက် ပါဗယ်သည် အမေ့ဆီသို့ တဖြည်းဖြည်းလျှောက်သွားပြီး အမေ့အပေါ်သို့ ကုန်းလျက် သူ့ကိုယ်သူ အပြစ်ရှိကြောင်း ဝန်ခံသည့်သဘောဖြင့် ပြုံးကာ၊

“အမေ၊ သားကို ခွင့်ပြုပါနော်။ ကျွန်တော်က အသက်ကလည်းငယ်၊ မိုက်လည်းမိုက်ပါတယ်” ဟု ပြောလေ၏။ အမေသည် ၎င်း၏ ပါဗယ်၏ ဦးခေါင်းကို သူ၏ရင်ခွင်ထဲသို့ အတင်း ဆွဲဖက်ထားပြီး၊

“အမေ့ဘာသာ အမေ နေပါရစေကွယ်။ ဘာမျှမပြောပါနဲ့တော့။ မင်းဘဝကိုတော့ မင်းဘာသာ သဘောကျသလို ဖန်တီးနိုင်တယ်ဆိုတာကို ဘုရားသခင်ကိုယ်တော်မြတ်က သိပါတယ်။ ဒါပေမဲ့ အမေ့စိတ်ကိုတော့ အနှောင့်အယှက်မပေးပါနဲ့။ မိခင်တယောက်ဟာ မချစ်ဘဲနေနိုင်ပါ့မလား။ သူကတော့ ချစ်ရလိမ့်မယ်။ ချစ်ရမယ်၊ ခင်ရမယ်ဆိုတာက သူ့တာဝန်ပဲ။ အမေကတော့ မင်းတို့တတွေ အားလုံးကို ချစ်တာပဲ။ မင်းတို့တတွေကလည်း ချစ်စရာကောင်းတယ်။ ချစ်ခြင်းမေတ္တာကိုလည်း ခံယူသင့်တယ်။ အမေကမှ တို့ကိုမချစ်ရင် မင်းတို့ကို ဘယ်သူက ချစ်မှာလဲ။ မင်းက အမေ့ကို ခွာသွားတော့ တခြားသူတွေကလည်း အမေ့ကို စွန့်သွားကြမှာပေါ့ သားရယ်” ဟု ပြောလေ၏။

အမေ၏ ရင်တွင်း၌ ကြီးမား၍ ပူပြင်းလှသည့် တွေးလုံးတောလုံးတို့ဖြင့် ဗလောင်ဆူလျက်ရှိ၏။ သူ၏ အသည်းနှလုံးသည် ဒေါမနဿပီတိဖြင့် ပေါ့ပါးနေ၏။ သို့ရာတွင် ထိုဒေါမနဿပီတိကိုမူ သူသည် မဖော်ပြနိုင်ပေ။ ဤစိတ်မချမ်းသာမှုဒဏ်ကို ခံရင်း စူးရှ၍ အလွန်ပြင်းထန်သည့် စိတ္တဇဝေဒနာဖြင့် တောက်ပနေသော မျက်လုံးများနှင့် သူ၏ သားကို ကြည့်နေလေ၏။ ထိုအခါ ပါဗယ်က၊

“ဟုတ်တယ် အမေ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် အခု ဒါတွေကို အကုန် နားလည်ပါပြီ။ ကျွန်တော် ဘယ်တော့မှ ဒါကို မမေ့တော့ပါဘူး။ ကျွန်တော် မမေ့တော့ပါဘူးလို့ ကျိန်ပါ့မယ်” ဟု ပြော၍ တဖက်သို့ ပြုံးကာ လှည့်သွားလေ၏။ သူသည် ဝမ်းမြောက်၏။ သို့သော် ရှက်နေလေသည်။

အမေကမူ သူ့အနားမှခွာ၍ တဖက်ခန်း တံခါးဆီသို့ သွားလေ၏။ ထိုနောက် ယူကရိန်းသားအား

“အင်ဒရေယူရှာ၊ သူ့ကို မအော်ပါနဲ့ကွယ်။ မင်းက အကြီးပါ” ဟု ဖျောင်းဖျ ပြောဆိုလေ၏။ ယူကရိန်းသားက နောက်သို့လှည့်မကြည့်ဘဲ၊

“အို၊ အမေကလည်း ကျွန်တော်က သူ့ကိုအော်ရုံတင် မဟုတ်ဘူး၊ ထောင်းထုပစ်လိုက်ချင်တယ်” ဟု အော်ပြောလေ၏။

အမေသည် သူ့နားသို့သွားပြီး၊ “မင်းကတော့ တကယ့်ကိုကောင်းတယ်” ဟု ပြောကာ လက်ကို လှမ်းလိုက်၏။

သူသည် လက်များကို နောက်သို့ပစ်ပြီး ဦးခေါင်းကို ငုံ့လျက် မီးဖိုခန်းထဲသို့ ဝင်သွားလေ၏။ ထို့နောက်

“ဟော့၊ မင်းခေါင်းကို ငါမထုခင် သွားစမ်းကွာ တခြားကို၊ အမေ ကျွန်တော် နောက်နေတာနော်။ တကယ်ပြောတာ မဟုတ်ဘူး။ ကျွန်တော် မီးမွှေးလိုက်မယ်။ အင်း အမေ့မီးသွေးတွေကဖြင့် ကောင်းပါ့။ အကုန်လုံး အစိုချည်းပဲ” ဟု ပြောကာ နောက်ပြောင်လေ၏။

ထို့နောက် သူသည် ဘာမျှမပြောဘဲ ငြိမ်သွား၏။ အမေ မီးဖိုခန်းထဲသို့ ဝင်လာသောအခါ သူသည် ကြမ်းပြင်ပေါ်၌ ထိုင်ရင်း မီးဖိုထဲမှ မီးကို မှုတ်နေလေ၏။

“မစိုးရိမ်ပါနဲ့ အမေ။ ကျွန်တော်က သူ့ကို လက်ဖျားနဲ့တောင် မတို့ပါဘူး။ ကျွန်တော် သူ့ကို မမုန်းပါဘူး။ ဒါပေမဲ့ သူက လူထုထူရှိရင် မဏ္ဍပ်တိုင်ပေါ်တက်တက်ပြီး ဟစ်လွန်းလို့ မဏ္ဍပ်တိုင်ကိုသာ ဓားနဲ့ခုတ်ပစ်ချင်တာပါ” ဟု ခေါင်းငုံ့၍ ပြောနေလေရာ ပါဗယ်က ရယ်လျက်၊

“ခင်ဗျားက ဒါမျိုးတော့ ပြောတတ်တယ်။ တခါတုန်းကလည်း ဒီလို ကျွန်တော့်ကို ပြောဖူးတယ်” ဟု ပြန်ပြောလေ၏။

ယူကရိန်းသ။;သည် မီးဖိုကို ကားရားခွထိုင်လျက် ပါဗယ်ကို မော့ကြည့်လိုက်၏။ အမေသည် တံခါးဝ၌ ရပ်၍ သူ့ဦးခေါင်းကို ချစ်ခင်ကြင်နာစွာနှင့် ကြည့်နေ၏။ ယူကရိန်းသားသည် သူ့ကိုယ်သူ ခါးကိုလိမ်ချိုးပြီး အမေနှင့် ပါဗယ်တို့ကို ကြည့်နေ၏။ သူ၏ မျက်လုံးများသည် ရုတ်တရက် နီလာလေ၏။ ထိုနောက် မျက်လုံးကို မှိတ်တုတ်မှိတ်တုတ် လုပ်လျက်၊

“အမေတို့ နှစ်ယောက်လုံးဟာ တကယ့်ကို သဘောကောင်းကြပါတယ်” ဟု ပြောလိုက်၏။

ပါဗယ်ကငုံ့၍ ယူကရိန်းသား၏ လက်ကို အတင်းဆုပ်ကိုင်ထားလိုက်၏။ ယူကရိန်းသားက၊

“ဟေး၊ မဆွဲနဲ့ကွ၊ ငါလဲသွားလိမ့်မယ်” ဟု ဆို၏။

အမေက “မင်းတို့ ဘာများ ကြောက်နေကြရတာလဲ။ ကဲ၊

တယောက်နဲ့တယောက် နမ်းကြစမ်း၊ ဖက်ထားကြစမ်း” ဟု ပြောရာ သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် တအား ဖက်ထားကြ၏။ လူနှစ်ကိုယ်ကွဲနေသော်လည်း တယောက်နှင့်တယောက် ချစ်ခင်ကြင်နာသည့် စိတ်ခေတ်ကား တခုတည်းသာ ဖြစ်နေ၏။

အမေသည် မျက်ရည်များ မဆည်နိုင်ချေ။ သို့သော် ယခုကျသည့်မျက်ရည်များမှာ လွမ်းမျက်ရည် မဟုတ်ကြ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်လှသဖြင့် ယိုစီးကျလာသည့် မျက်ရည်များ ဖြစ်၏။ သူ့မျက်ရည်များကို သုတ်ရင်း ခပ်ရှက်ရှက်ဖြင့်၊

“အင်း၊ မိန်းမတွေက ငိုချင်ကြတယ်။ ဝမ်းသာရင်လည်း ငိုတော့တာပဲ၊ ဝမ်းနည်းစရာရှိရင်လည်း ငိုတာပဲတဲ့” ဟု ပြော၏။

ယူကရိန်းသားက ပါဗယ်အား အသာဘေးသို့ ဖယ်ပြီး သူ၏ မျက်ရည်များကို သုတ်လျက်၊

“ကဲ တော်ပြီကွာ၊ နှစ်ပါးသွားပြီးပြီ၊ အပူတိုက်စကြရတော့မယ်။ အမေ့ မီးသွေးတွေကလည်း တကယ့် မီးသွေးတွေပဲ။ ကျွန်တော်ဖြင့် မျက်ရည်တောင်ထွက်ကုန်ပြီ” ဟု ပြောရာ ပါဗယ်က

“မျက်ရည်ကျတာ ရှက်စရာမရှိပါဘူးဗျာ” ဟု ပြော၍ ပြတင်းပေါက်နား၌ ထိုင်နေလေ၏။

အမေသည် ပါဗယ်အနီးသို့သွား၍ သူ့ဘေး၌ ကပ်ထိုင်လေ၏။ သူ၏စိတ်သည် သစ်လွင်သော သတ္တိဖြင့် ပြည့်ဝလာ၏။ ထိုကြောင့် ဝမ်းနည်းသော်လည်း တည်ငြိမ်၍ နှစ်သိမ့်လျက်ရှိ၏။ ယူကရိန်းသားသည် အခန်းပြင်ဘက်သို့ ထွက်သွားပြီး၊

“ကျွန်တော် လက်ဖက်ရည်ပွဲကို သယ်ခဲ့မယ်၊ အမေ မထနဲ့ နေပါစေ၊ အမေ စိတ်အတော်ညစ်သွားပြီလေ။ အဲဒီတော့ နည်းနည်းလောက် အနားယူလိုက်ပါဦး” ဟု ပြောလေ၏။ ထိုနောက်

“ကျွန်တော်တို့ အခုပဲ ဘဝရဲ့အရသာ၊ လူသားရဲ့ ချစ်ခင်တတ်တဲ့၊ ကြင်နာတတ်တဲ့ အရသာကို ခံလိုက်ရပြီ”ဟု သူ၏ အောင်မာလှသည့် အသံဖြင့် ပြောလိုက်ရာ ပါဗယ်က အမေ့ကိုကြည့်ရင်း၊

“ဟုတ်တယ်ဗျာ့" ပြန်ပြောလိုက်၏။ အမေက၊

“ပြီးတော့ အစစ ဘာမှမတူတော့ဘဲ ထူးခြားလာတယ်။ တို့တွေ

ခံစားရတဲ့ ဒုက္ခကလည်း မတူဘူး။ ဒီလိုပဲ၊ တို့တတွေရဲ့ ဝမ်းသာစရာတွေကလည်း မတူတော့ဘူး” ဟု ပြောလိုက်ရာ၊

“ဒါက ဒီလိုပဲ ဖြစ်ရမှာပဲ။ ဘာပြုလို့လဲဆိုတော့ စိတ်ခေတ်အသစ် ပေါက်ဖွားလာလို့ပဲ အမေ။ ဘဝအတွက် သစ်လွင်တဲ့ စိတ်ခေတ်က ပေါ်လာပြီး လူသားဟာ ရှေ့ကို ချီတက်နေတယ်။ ဒီလိုချီတက်ရင်း ကမ္ဘာလောကကြီးမှာ ဝိဇ္ဇာတရားရဲ့ရောင်ခြည်ကို ဖြန့်ပြီး တိုင်းပြည်အားလုံးမှ ပြည်သူလူထုတွေဟာ တအိမ်ထောင်တည်းအဖြစ်နဲ့ ညီညွတ်ကြ၊ စည်းလုံးကြလို့ ဟစ်အော်ကြွေးကြော်လျက် ရှိကြတယ်။ ဒီဟစ်အော်ကြွေးကြော်သံကို တုံ့ပြန်တဲ့အနေနဲ့ စိတ်ကောင်း နှလုံးကောင်း ရှိတဲ့လူတွေဟာ တစုတလုံးတည်း ပေါင်းမိကြပြီး စိတ်ခေတ်ဟာ အလွန် ခိုင်မြဲလာကြတယ်” ဟု ယူကရိန်းသားက ရှင်းပြလိုက်သည်တွင် အမေက သူ့နှုတ်ခမ်းများ တုန်ယင်လာမည်စိုးသဖြင့် တင်းကျပ်စွာ ပိတ်ထားလိုက်၏။ မျက်လုံးများမှ မျက်ရည်များ စီးလာမည် စိုးသဖြင့်လည်း မှိတ်ထားလိုက်၏။

ပါဗယ်က စကားပြောလိုက်မည် ဟန်ပြင်လိုက်လျှင် အမေက ဟန့်တားလိုက်၏။ ယူကရိန်းသားသည် တဖန် ဆက်၍၊

“လူတွေဟာ ဝမ်းနည်းဖွယ်ရာတွေ အများကြီးနဲ့ ရင်ဆိုင်ကြရလိမ့်ဦးမယ်၊ သွေးချောင်းလည်း အများကြီး စီးကြလိမ့်ဦးမယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ ဦးခေါင်းထဲမှာ ရှိထားတဲ့ အသိဉာဏ်နဲ့ ကျွန်တော်ရဲ့ရင်တွင်းမှာရှိထားတဲ့ စိတ်ခေတ်နဲ့စာရင် ကျွန်တော်ရဲ့ခံစားမှုဟာ အလွန်နည်းပြီး ကျွန်တော်ရဲ့သွေးဟာလည်း နည်းပါတယ်။ ကျွန်တော်ဟာ ကောင်းကင်က ကြယ်ကလေးလို အရောင်ဝါနဲ့ အလွန်ပြည့်စုံလှပါတယ်။ ကျွန်တော်ဟာ ဘာမဆို ခံနိုင်ရည်ရှိပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ဘယ်သူကမှ၊ ဘာကိုမှ ကျွန်တော့်ဆီက လုယူ၊ ခိုးယူလို့မရနိုင်တဲ့၊ အလွန်ကြီးမားလှတဲ့ ရွှင်လန်းဝမ်းမြောက်မှု ကျွန်တော့်မှာ ရှိနေလို့ပဲ။ အဲဒီ ရွှင်လန်းဝမ်းမြောက်မှုဟာ ကျွန်တော်ရဲ့ ခွန်အားပဲ” ဟု ပြောလိုက်ပြန်၏။

ထိုနောက် သူတို့သုံးယောက်သည် လက်ဖက်ရည်သောက်ရင်း ဘဝအကြောင်း၊ ပြည်သူလူထု အကြောင်းနှင့် အနာဂတ်ကာလ အကြောင်းတို့နှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ပြောကြဆိုကြရာ သန်းခေါင်အချိန်သို့ ရောက်သွားလေ၏။

အမေသည် အယူအဆသစ်တခုကို ရတိုင်းရတိုင်း အတိတ်မှ ကြမ်းတမ်းသည့်၊ စိတ်မချမ်းမြေ့စရာ ဖြစ်သည့် အဖြစ်အပျက် တခုခုကို ပြန်ပြန်သတိရမိ၏။ ဤနည်းဖြင့် သူ၏ အယူအဆသစ်ကို အတိတ်မှ အဖြစ်အပျက်တို့ဖြင့် ပိုမိုခိုင်မြဲလာအောင် ဖန်တီး ပစ်လိုက်၏။

သူ၏ ကြောက်ရွံ့စိုးရိမ်မှုတို့သည် တဦးနှင့်တဦး ဤကဲ့သို့ ချစ်ချစ်ခင်ခင်

ကြင်ကြင်နာနာ ပြောဆိုဆွေးနွေးနေကြရင်း ကွယ်ပျောက်သွားကြ၏။ သူငယ်စဉ်အခါက သူ့ဖခင်က သူ့အား

"ဘာမှ ပြီတီတီ ရိသဲ့သဲ့ လုပ်နေဖို့မလိုဘူး။ နင်နဲ့ အိမ်ထောင်ပြုချင်လောက်အောင် မိုက်မဲတဲ့ လူများ ပေါ်လာရင် လက်မလွှတ်စေနဲ့၊ အမိသာ ဖမ်းဆွဲထားလိုက်။ ကြက်မတွေ အကုန်လုံး ကြည့်စမ်း၊ ကြက်ဖတွေနဲ့ချည်းပဲ။ သူတို့မှာ ကလေးတွေနဲ့။ ဒါပေမဲ့ ဒီကလေးတွေက သူတို့ကို ဒုက္ခသာပေးတယ်။ သည့်ပြင် ဘာမှမပေးဘူး။ နင်လည်းပဲ ဒီလိုပဲပေါ့။ ဘာမှမထူးဘူး။ နင့်ကို ဒုက္ခပေးမယ့် ကလေးတွေပဲရမှာပေါ့" ဟု ခပ်ထန်ထန် ပြောခဲ့ဖူး၏။ သူ့အဖေက သူ့အား ထိုကဲ့သို့ပြောစဉ်က သူ့စိတ်ထဲ၌ ခံစားခဲ့ရသကဲ့သို့ ယခု သူ့တွင် ခံစားနေရ၏။

ဤကဲ့သို့ သူ့အဖေက သူ့အားပြောပြီးနောက် သူ့အနာဂတ်ကာလတွင် လျှောက်ရမည့် ဘာမျှော်လင့်ချက်မှ မရှိသောလမ်းကို သူမြင်ခဲ့၏။ ဤမည်းမှောင်၍ ဘာမျှ ချမ်းမြေ့ဖွယ်ရာ မရှိသောလမ်းအတိုင်း မရှောင်မတိမ်းသာဘဲ လျှောက်ခဲ့ရသည်ကိုပင် ဘေးမမြင်၊ ရန်မမြင်နှင့် သာယာခဲ့၏။ ယခုလည်း ဤကဲ့သို့ပင် ဖြစ်နေ၏။ သို့ရာတွင် ဤ ဝမ်းနည်းဖွယ်ရာ အရေးကိစ္စသစ်နှင့် နီးကပ်လာပြီဟု သိမြင်လာသောအခါ…

"အို၊ ဒီအတိုင်းဖြစ်ရမှာပေါ့" ဟု ရေရွတ်၍ သူ့စိတ်သူ ချမ်းသာအောင် ဖန်တီးပစ်လိုက်လေသည်။

သို့သော် သူ့ဝမ်းတွင်း၌မူ "အင်း၊ ငါဘာတွေပဲ ဆုံးရှုံး ဆုံးရှုံး၊ အကုန်လုံးတော့ မဆုံးရှုံးနိုင် ပါဘူးလေ။ ငါ့သားတော့ ကျန်ရစ်ခဲ့ရဦးမှာပေါ့" ဟူသော မျှော်လင့်ချက်ကို ဘယ်တော့မှ လက်မလွှတ်ချေတကား။

အခန်း နှစ်ဆယ့်လေး

တနံနက်ခင်း အချိန်စောစော ပါဗယ်နှင့် ယူကရိန်းသားတို့သည် အလုပ်ခွင်သို့ သွားကြသောအခါ ကော်ဆူနိုဗာသည် အမေတို့အိမ် ပြတင်းပေါက်ကို လာ၍ခေါက်လေ၏။ အမေက တံခါးကို ဖွင့်လိုက်လျှင် …

"သူတို့တတွေက အိုင်ဆိုင်းကို သတ်ကုန်ကြပြီ၊ ကျုပ်တို့သွားပြီး ကြည့်ကြရအောင် ယောက်မရဲ့" ဟု ငို၍ ပြောလေ၏။

အမေသည် ရုတ်တရက်ထလိုက်၏။ သူ့စိတ်ထဲ၌ လူသတ်သမားသည် ချက်ချင်း ပေါ်လာလေ၏။ ထို့နောက် ပခုံးပေါ်တွင် တဘက်တထည်ကိုတင်ရင်း…

"ဘယ်သူသတ်တာလဲ" ဟု မေးလေ၏။ တဖန် ဆက်၍

"သတ်တဲ့လူဟာ အိုင်ဆိုင်းနဲ့အတူ ထိုင်နေတဲ့လူလို့ ထင်တယ်။ အိုင်ဆိုင်းကို ရိုက်ပြီးပြီးချင်း ထွက်ပြေးတာပဲ" ဟု ပြောပြန်၏။

သို့နှင့် သူတို့နှစ်ဦးသည် လျှောက်သွားကြရင်း

"ဘယ်သူ သတ်သွားတယ်ဆိုတာ ပေါ်အောင် အခု သူတို့ ရှာကြဖွေကြလိမ့်မယ်။ မနေ့ညက ယောက်မတို့လူတွေ အိမ်မှာရှိနေကြတာကောင်းတယ်။ အဲဒါကိုတော့ ကျုပ်က သက်သေ လိုက်မှာပေါ့။ ကျုပ် ညက သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်ပြီး ယောက်မတို့ အိမ်ပြတင်းပေါက်ကို ချောင်းကြည့်သေးတယ်။ တော်တို့ လူစုအားလုံးဟာ စားပွဲကို ဝိုင်းပြီး ထိုင်နေကြတယ်" ဟု ထပ်၍ ပြောနေလေရာ…

"အလိုဘုရားရေ၊ ဘယ့်နှယ်လုပ်ပြီး ဘယ်သူက သူတို့ကို မယုံသင်္ကာရှိကြရမှာလဲလို့" ဟု အမေက ထိတ်ထိတ်ပျာပျာ ပြန်ပြောလေ၏။ ကော်ဆူနိုဗာက

"အင်း၊ ဘယ်သူက သူ့ကို သတ်ပါ့မလဲ။ ယောက်မတို့ လူတွေနဲ့ အဆက်အသွယ် ရှိတဲ့ လူတယောက်ယောက်က သတ်မှာပဲ" ဟု သူ့စိတ်ထဲ၌ တကယ်ယုံကြည်စွာ ပြောပြီး…

"ယောက်မတို့ လူတွေကို သူက လိုက်လိုက်ချောင်းနေတယ် ဆိုတာကို လူတိုင်းက သိတယ်" ဟု ဆိုလေ၏။

အမေသည် ရုတ်တရက် ရပ်လိုက်၏။ အသက်ကိုပင် မရှူနိုင်တော့ဘဲ

ရင်ဘတ်ကို လက်နှင့် ဖိထားလေ၏။ ထိုအခါ ကော်ဆူနိုဗာက…

“ဘာဖြစ်တာလဲ ယောက်မရဲ့၊ ထိတ်လန့်မနေစမ်းပါနဲ့။ မြန်မြန်သွားကြရအောင်ပါ။ နို့မို့ရင် သူ့အလောင်းကို ယူကုန်ကြလိမ့်မယ်” ဟု ပြော၏။

အိုင်ဆိုင်းကို သတ်သူကား နစ်ကိုလိုင်ပင် ဖြစ်ရမည်ဟု အမေ၏ စိတ်ထဲ၌ ခိုင်မာသည့် သံသယသည် ဝင်လာလေ၏။

“အင်း၊ နစ်ကိုလိုင်တော့ လွန်ပြီထင်တယ်” ဟုလည်း စိတ်ထဲ၌ တွေးမိ၏။

အလုပ်ရုံနှင့် မလှမ်းမကမ်း မီးလောင်ထားသည့် အိမ်တအိမ်နေရာတွင် လူအုပ်တအုပ်သည် မီးသွေးများကို တက်နင်းပြီး ပျားအုံကို တုတ်နှင့်ဆွလိုက်သကဲ့သို့ တရွေ့ရွေ့ လှုပ်ရှားနေ၏။

ထိုလူအုပ်ထဲ၌ အမျိုးသမီးများစွာပါကြ၏။ အမျိုးသမီးများထက် ကလေးများက ပို၍ပင် များကြ၏။ ၎င်းပြင် ဈေးသည်များ၊ အစားအသောက်ဆိုင်များမှ အခိုင်းအစေများ၊ ပုလိပ်များနှင့် စစ်ပုလိပ်အိုကြီး ပက်တလင်တို့လည်း ပါကြ၏။ ပက်တလင်သည် အရပ်ရှည်၏။ သူ့မုတ်ဆိတ်မွေးသည် ဖြူရော်ရော်ဖြစ်နေ၏။ ရင်ဘတ်တခုလုံး၌လည်း တံဆိပ်များကို တွယ်ထားလေသည်။

အိုင်ဆိုင်းသည် မီးလောင်ထားသည့် သစ်တုံးတတုံးကို ကိုယ်အထက်ပိုင်းက မှီပြီး ခြေထောက်များကို ဆင်းထား၏။ သူ့ဦးခေါင်းသည် ရှေ့သို့ ငိုက်စိုက်ကျနေ၏။ ဘာမျှဆောင်းမထားချေ။ သူ၏ လက်ယာဘက်လက်သည် ဘောင်းဘီအိတ်တွင်း နှိုက်ထားပြီး လက်ဝဲဘက် လက်ချောင်းများသည် ပွနေသော မြေကြီးအတွင်းသို့ နှိုက်နေကြလေသည်။

အမေသည် သူ့မျက်နှာကို သေသေချာချာကြည့်၏။ သူ၏ မှိန်နေသည့် မျက်စိတဖက်သည် သူ၏ဆန့်နေသော ခြေထောက်နှစ်ဖက်ကြားရှိ ဦးထုပ်ကို စိုက်ကြည့် နေ၏။ သူ့ပါးစပ်ကြီးသည် အံ့သြသည့် အမူအရာဖြင့် ဖြဲနေ၏။ သူ၏ ကြုံလှီသည့် ကိုယ်ခန္ဓာသည် အသက်ရှင်စဉ်ကထက် ပို၍ သေးလှီသွား၏။ အမေသည် သူ့ကိုယ်သူ လက်ဝါးကပ်တိုင် အမှတ်အသားပြုပြီး သက်ပြင်းတချက် ချလိုက်၏။ အသက်ရှင်စဉ် အမေသည် သူ့ကို မုန်းတီးရွံရှာ၏။ သို့ရာတွင် ယခု သူ့ကို သနားနေလေသည်။

ထိုအတွင်း တစုံတယောက်သောသူက အသံကိုအုပ်လျက် “သွေးတော့မထွက်ဘူး။ အင်း လက်သီးနဲ့ထိုးတာနဲ့တူတယ်” ဟု ပြော၏။

တဖန် အခြားတယောက်က… "ညစ်ပတ်လှတဲ့ ပုလိပ်သူလျှို၊ သူ့ထိုက်နဲ့သူ့ကံ ဖန်တီးသွားတာ ပေါ့ကွာ"

လက်စားချေချင်လှသည့် ဇော်နှင့် ဝင်၍တောလိုက်ပြန်၏။ စစ်ပုလိပ်ကြီးသည် ရုတ်တရက် သတိရလာပြီး အမျိုးသမီးများကို ဘေးသို့ တွန်းဖယ်၍၊

"အဲဟိုမှာ စကားတွေများနေတာ ဘယ်သူတွေလဲကွ" ဟု ခြိမ်းခြောက်သည့်လေသံနှင့် မေးလိုက်၏။ လူများက သူ့အား လမ်းဖယ်ပေးကြ၏။ အချို့က ထိုနေရာမှ သုတ်သီးသုတ်ပျာ ထွက်သွားကြ၏။ လူတယောက်ကမူ မုန်းတီးရွံရှာသည့် လေသံဖြင့် ရယ်လိုက်လေသည်။

အမေလည်း အိမ်သို့ပြန်ခဲ့၏။

"အင်း၊ ဘယ်သူကမှ သူ့အတွက် ဝမ်းမနည်းဘူး" ဟု သူ့စိတ်ထဲ၌ တွေးမိ၏။ တဆက်တည်းပင် ခင်တိုနစ်ကိုလိုင်သည် သူ၏ ခက်ထန်မာကျောလှသည့် မျက်လုံးများနှင့် သူ့ကိုကြည့်ပြီး သူ၏ညာဘက်လက်ကို ခိုက်မိသဖြင့် နာကျင်သောကြောင့် ဝှေ့ယမ်းနေသယောင်ယောင် သူ၏ စိတ်ထဲ၌ မြင်နေမိပြန်လေသည်။

ပါဗယ်နှင့် အင်ဒရေးယူရှာတို့ အိမ်သို့ ပြန်လာလျှင်လာချင်း အမေသည် သူတို့အား အိုင်ဆိုင်း သေသည့် ကိစ္စနှင့်ပတ်သက်၍ မည်သူ့ကို ဖမ်းထားပြီလဲဟု မေးရာ ယူကရိန်းသားက၊

"မကြားသေးဘူး အမေ" ဟု ပြန်ဖြေလိုက်၏။

သို့ရာတွင် သူတို့နှစ်ယောက်လုံး စိတ်မချမ်းမသာ ဖြစ်နေသည်ကိုသိ၏။

"တယောက်ယောက်ကများ နစ်ကိုလိုင် သတ်တယ်လို့များ ပြောသလားဟယ်" ဟု ခပ်တိုးတိုး မေးလိုက်၏။

ပါဗယ်က လေးနက်တည်ငြိမ်စွာဖြင့် "မပြောပါဘူး။ သူတို့တတွေက သူ့ကို သံသယရှိတယ်လို့ ကျွန်တော် မထင်ပါဘူး။ သူက တခြားရောက်နေတာပဲ။ ကျွန်တော်က သူ့အကြောင်းကို မေးကြည့်ပါတယ်။ သူ မနေ့က မွန်းတည့်လောက်မှာ မြစ်ဘက်ထွက်သွားတာ ပြန်မလာသေးဘူး တဲ့" ဟု ပြန်ဖြေလေ၏။

အမေသည် စိတ်နှလုံးချမ်းသာရာ ရသွားသဖြင့် သက်ပြင်းချကာ၊ "အင်း၊ ဘုရားသခင် ကျေးဇူးတော်ပဲ၊ ဘုရားသခင် ကျေးဇူးတော်ပဲ" ဟု ရေရွတ်နေလေ၏။

ယူကရိန်းသားသည် သူ့ကိုကြည့်ပြီး ဦးခေါင်းကို အောက်သို့ ငုံ့နေလေ၏။

"အင်း၊ သူ့အတွက် ဘယ်သူကမှ ဝမ်းမနည်းဘူး။ သူ့ကို သနားကြင်နာတဲ့စကားလည်း ဘယ်သူကမှ တခွန်းမှမပြောဘူး။ တကယ့်ကို အရေးမပါ၊ အရာမရောက်တဲ့ လူပဲ" ဟု အမေသည် စဉ်းစားနေလေ၏။

ထိုနေ့ညနေ ညစာစားနေကြစဉ် ပါဗယ်သည် သူ၏ဇွန်းကို ရုတ်တရက် ပစ်ချပြီး၊ "ဒါကို ကျွန်တော် နားမလည်နိုင်ဘူးဗျာ" ဟု အော်လိုက်၏။

ယူကရိန်းသားက၊ "ဘာကိုလဲကွ" ဟု မေး၏။

"ကျွန်တော်တို့ဟာ စားချင်လို့ ကျွဲနွားတိရစ္ဆာန်တွေကို သတ်ကြတယ်။ အဲဒါကိုက မကောင်းဘူး။ ပြီးတော့ သားရဲတိရစ္ဆာန်တွေကို အန္တရာယ်များလို့ သတ်ကြရတယ်။ လူသားတယောက်ယောက် ဟာ သားရဲတိရစ္ဆာန်ဖြစ်ပြီး လူသားအချင်းချင်းကို ပြန်ပြီး သတ်ဖြတ် စားသောက်မယ် ဆိုရင်တော့ ကျွန်တော်ကိုယ်တိုင် အဲဒီလူကို သတ်မိမှာပဲ။ ဒါပေမဲ့ ဒီလို သနားစရာ လူတယောက်ကို သတ်ရမယ်ဆိုရင် ဘယ်လိုလုပ်ပြီး သတ်ရက်ပါ့မလဲ" ပါဗယ်က ပြန်ပြော၏။

ယူကရိန်းသားက ပခုံးကိုတွန့်လိုက်ပြီး

"သူက သားရဲတိရစ္ဆာန်လိုပဲ အန္တရာယ်ကြီးတယ်။ တို့တတွေဟာ ခြင်တွေကို တို့သွေးတစက် စုပ်ရုံနဲ့တောင် သတ်ကြသေးတာပဲ" ဟု ဆို၏။

"အဲဒါမှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီလိုပြောချင်တာ မဟုတ်ပါဘူး။ စိတ်ထဲမှာ မကောင်းစရာ ဖြစ်နေတာကို ပြောတာပါ"

ယူကရိန်းသားက ပခုံးကိုတွန့်၍၊

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ" ဟု ပြော၏။

"ဒီလိုသတ္တဝါတကောင်ကို သတ်ရက်နိုင်ပါ့မလား" ဟု မေးရာ ယူကရိန်းသားသည် ပါဗယ်အား သူ၏မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်ပြီး တဖန် အမေ့အား ရုတ်တရက် လှည့်ကြည့်ကာ၊

"ငါ့ရဲဘော်တွေနဲ့ တို့ရဲ့ယုံကြည်မှုအတွက် ဘာမဆို ငါကတော့ လုပ်ရက်နိုင်တယ်။ ငါ့သားကိုတောင် ငါသတ်ရက်နိုင်တယ်" ဟု တည်ငြိမ်စွာနှင့် ပြန်ဖြေလေ၏။

အမေက... "အိုး အင်ဒရေယူရှာ" ဟု အသံခပ်အုပ်အုပ်နှင့် ယောင်ယမ်းပြီး အော်လိုက်၏။

"ဘယ်တတ်နိုင်ပါ့မလဲ အမေ။ ဘဝက ဒီလိုပဲဟာ" ဟု ယူကရိန်းသားက ပြုံး၍ ပြောပြ၏။ ပါဗယ်က၊

"ခင်ဗျားပြောတာမှန်တယ်။ ဘဝက ဒီလိုပဲဗျာ့" ဟု ယူကရိန်းသား၏ စကားကို ဝင်၍ ထောက်ခံလိုက်၏။

ယူကရိန်းသားသည် ရုတ်တရက် စိတ်အားတက်ကြွစွာ ထခုန်၍ လက်များကို ဝှေ့ယမ်းကာ၊

"ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဘာလုပ်နိုင်ပါ့မလဲ။ ကျွန်တော်တို့ဟာ လူကို မုန်းကို မုန်းရမယ်။ ဒါမှ ကျွန်တော်တို့တတွေဟာ လူတွေအားလုံးကို ချစ်ရမယ့်ခေတ်ကို ရောက်ကြမယ်။ ကျွန်တော်တို့ဟာ တိုးတက်ရာ တိုးတက်ကြောင်း လမ်းကြောင်းကို ဟန့်တား ကာဆီးနေတဲ့လူ၊ ကိုယ့်အတွက် ဂုဏ်တို့ လုံခြုံမှုတို့ကို ငွေနဲ့ဝယ်နိုင်အောင် လူတွေကို ပိုက်ဆံနဲ့ ရောင်းစားနေတဲ့ လူ၊ အဲဒီလိုလူမျိုးတွေဆိုရင် ဘယ်သူ့ကိုမဆို သုတ်သင် ဖယ်ရှားပစ်ကြရလိမ့်မယ်။ ရိုးသား ဖြောင့်မတ်တဲ့လူတွေကို ရှေ့ကို မတိုးတက်နိုင်အောင် ပိတ်ဆို့နေတဲ့ အဲဒီလူတွေကို သစ္စာဖောက်ဖို့ အခါအခွင့်ကောင်းကို ချောင်းနေတဲ့လူ၊ အဲဒီလို သစ္စာဖောက် လောက်ကောင်မျိုးကို တွေ့ရက်သားနဲ့ ကျွန်တော်က သူ့ကို မဖျက်ဆီးရင် ကျွန်တော်ကိုယ်တိုင် ကလည်း သစ္စာဖောက် လောက်ကောင်တယောက် ဖြစ်နေမှာပေါ့။ အဲဒီတော့ ကျွန်တော့်မှာ ဒီလိုဖျက်ဆီးဖို့ရာ ဘာအခွင့်အရေးရှိလို့လဲ မေးစရာပေါ့။ အဲဒီတော့ ကျွန်တော်ကလည်း ကျွန်တော်တို့အပေါ်မှာ အုပ်ချုပ်ပြီး ဗိုလ်ကျနေကြတဲ့ မင်းဘုရားတို့မှာလည်း ဘုံတို့ ဇိမ်နဲ့နေရဖို့၊ လုံလုံခြုံခြုံ မကြောင့်မကြနေရဖို့၊ စစ်တပ်တွေ၊ လူသတ်သမားတွေ၊ မကောင်းတဲ့အိမ်တွေ၊ အကျဉ်းထောင်တွေ၊ လူတွေကို နယ်နှင်ဒဏ်ပေးပြီး လွှတ်ရမယ့် နေရာတွေနဲ့ အခြား မကောင်းတဲ့ မတရားတဲ့ နည်းတွေကို အသုံးပြုဖို့ ဘာအခွင့်အရေးများ ရှိလို့တုံးလို့ မေးရလိမ့်မယ်။ သူက ကျွန်တော်တို့ကို ကိုင်ကိုင်ပြီး ထုထုနေတဲ့ တင်းပုတ်ကို တခါတလေ ကျွန်တော်က လုယူပြီး သူတို့ကို အဲဒီတင်းပုတ်နဲ့ ပြန်ထုရင် ကျွန်တော့်မှာ အပြစ်ရှိသလား။ ကျွန်တော်က အဲဒီတင်းပုတ်ကိုတော့ စိတ်ချမ်းချမ်းသာသာနဲ့ ယူရလိမ့်မယ်။ သူတို့က ကျွန်တော်တို့တတွေကို ဆယ်နဲ့ ရာနဲ့ချီပြီး သတ်ရင် ကျွန်တော်တို့ကို သူတို့အထဲက တယောက်ယောက်ရဲ့ဦးခေါင်းကို ထုလိုက်ဖို့ တခြားလူတွေထက် ကျွန်တော့်အနားကို ပိုပြီးကပ်လာတဲ့၊ ကျွန်တော် ကာကွယ်နေတဲ့ အရေးတော်ပုံကို တခြားလူတွေထက်ပိုပြီး အန္တရာယ်ပြုတဲ့လူရဲ့ ဦးခေါင်း ထုလိုက်ဖို့ အခွင့်အရေး ကျွန်တော့်မှာရှိတယ်။ ဘဝကတော့ ဒီလိုပဲ အမေ။ ဒါပေမဲ့ ကျွန်တော်က ဒီလိုဘဝမျိုးကို မနှစ်သက်ဘူး။ ဘဝကို ဒီလို မမြင်စေချင်ဘူး။ သူတို့သွေး တွေ မြေကျလို့ ဘာမျှအကျိုးမရှိဘူး။ သူတို့သွေးဟာ ပုပ်ပြင်းတယ်၊

ခန်းခြောက်တယ်။ ကျွန်တော်တို့ရဲ့ သွေးတွေက ကမ္ဘာမြေပြင်ပေါ်မှာ မိုးသည်းသည်းရွာလိုက်သလို ဖြိုင်ဖြိုင်ကြီး ကျလိုက်ရင် တခါတည်း သစ္စာတရားတွေဟာ သွေးကျတဲ့နေရာက ပေါက်ဖွားလာ တော့တာပဲ။ သူတို့သွေးကျတဲ့ နေရာကတော့ ဘာမှမပေါက်ဘူး၊ တခါတည်း ခန်းခြောက်သွားတာပဲ။ ဒါကို ကျွန်တော်သိတယ်။ ဒါပေမဲ့ ဒီအကုသိုလ်ဒဏ်ကို ကျွန်တော် ခံမယ်။ သတ်မှ ဖြစ်မယ့်ကိစ္စ ဆိုရင်တော့ ကျွန်တော်က သတ်မှာပဲ။ ဒါက ကျွန်တော့်အတွက် ကျွန်တော် ပြောနေတာပါ။ ကျွန်တော်လည်း သေရော၊ ကျွန်တော်ရဲ့အကုသိုလ်လည်း ပျောက်ကွယ်သွားရောပေါ့။ အနာဂတ်အတွက် ဘာတကွက်မျှ ကျွန်တော် မထားခဲ့ဘူး။ ကျွန်တော့်ကိုယ်မှအပ ဘယ်သူ့ကိုမျှ မဲ့တပေါက် အစွန်းအငြိမခံဘူး” ဟု စိတ်အား ထက်သန်စွာ ပြောနေလေ၏။

ယူကရိန်းသားသည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူ့ကို ကြည့်ရသည်မှာ သူ့ကိုယ်တွင် ဖွဲ့စည်းတုပ်နှောင်ထားသည့် နှောင်ကြိုးတို့ကို တချောင်းပြီး တချောင်း ဖြတ်တောက်နေဟန်ရှိ၏။ သူ့ဝမ်းထဲ၌ မျိုသိပ်၍ ထားရသည့် အယူအဆတို့ကို အန်ထုတ်နေပြီဟု အမေသည် သိ၏။ ထို့ကြောင့် သူ့ကို ဝမ်းနည်းခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့် စောင့်ကြည့်မိ၏။ သို့ စောင့်ကြည့်ရင်း အမေသည် စိတ္တဇဝေဒနာကို ခံစားနေရ၏။ လူသတ်မှုနှင့် ပတ်သက်၍ ထိတ်စရာ၊ လန့်စရာ အရေးအခင်းတို့ကို သူသည် မတွေးတော့ပြီ။ နစ်ကိုလိုင်သာ ဤပြစ်မှုကို ကျူးလွန်မည်ဖြစ်၏။ ပါဗယ်၏ အခြားမည်သည့် မိတ်ဆွေတဦးတယောက်ကမျှ ဤပြစ်မှုကို ကျူးလွန်မည်မဟုတ်။ ပါဗယ်သည် ဦးခေါင်းကိုငုံ့လျက် ယူကရိန်းသား၏ အလွန် စိတ်အားထက်သန်စွာ ပြောနေသည့်စကားကို နားထောင်နေလေသည်။

“တိုးတက်ချင်ရင် လူတွေဟာ တခါတလေ ကိုယ့်ကိုယ်ကို ဆန့်ကျင်ပြီး ကိုယ် သဘောမကျတာလည်း လုပ်ရတယ်။ အစစကို စွန့်တန်ရင် စွန့်ရမယ်။ ယုံကြည်ချက်နဲ့ လုပ်နေတဲ့ လုပ်ငန်းတခုခုအတွက် ကိုယ့်အသက်ကိုတောင် စွန့်တန် စွန့်ရမယ်။ ဒီထက်တောင် စွန့်ချင်ရင် စွန့်ရမယ်။ ကိုယ့်အသက်ထက် ကိုယ်ခင်မင်တွယ်တာတဲ့ဟာကိုတောင် စွန့်ရလိမ့်မယ်။ ဒီလိုစွန့်လိုက်တဲ့အတွက် ကိုယ်တိုက်ပွဲဝင်နေတဲ့ သစ္စာတရားဟာ၊ ကမ္ဘာ လောကမှာ ကိုယ်အချစ်ခင် အတပ်မက်ဆုံး သစ္စာတရားဟာ ပိုပြီးတော့ ခိုင်မာတောင့်တင်း လာတာပေါ့” ဟု ဆက်ပြောရင်း အခန်းအလယ်၌ မတ်တတ်ရပ်နေ၏။ သူ့မျက်လုံးများကို မှေးထားပြီး အလွန်လေးနက်စွာ ကတိပေးသည့်ဟန်ဖြင့် လက်တဖက်ကိုလည်း မြှောက်ထားလေသည်။ တဖန်ထပ်၍၊

“လူတွေဟာ သူတို့ရဲ့ မွန်မြတ်မြင့်မားတဲ့ အဖြစ်ကိုကြည့်ပြီး အံ့ဩရမယ့်ခေတ်၊ လူတိုင်း လူတိုင်းဟာ အခြားသူတွေအတွက် ကြယ်တာရာသဖွယ်

အရောင်အရိုန် တောက်ပလာမယ့် ခေတ်ဟာ ရောက်လာမယ်ဆိုတာကို ကျွန်တော်သိတယ်။ ကမ္ဘာလောကကြီး လွတ်လပ်တဲ့ လူတွေ နေထိုင်ရာဌာနကြီး ဖြစ်လာမယ်။ ဒီလိုလွတ်လပ်တဲ့အတွက် လူတွေရဲ့ စိတ်ဓာတ်တွေ ဟာလည်း မြင့်မားလာရမယ်။ လူသားအားလုံးရဲ့ စိတ်ထားဟာ ဖြူစင် ပွင့်လင်းပြီး မနာလိုဝန်တိုမှု၊ ယုတ်ညံ့မှုတို့မှ ကင်းစင်လာမယ်။ အဲဒီနောက် လူသားရဲ့ဘဝဟာ လူသားအတွက် အလွန်မြင့်မြတ်တဲ့ အလုပ်အကျွေးပြုဖို့ ဖြစ်လာမယ်။ ပြီးတော့ လူသားဟာ အလွန်မြင့်မြတ်လာမယ်။ ဘာပြုလို့လည်းဆိုတော့ လွတ်လပ်သူဟာ လိုသမျှကို အကုန်ရနိုင်လို့ပဲ။ လူတွေဟာ သစ္စာတရားကို လက်ကိုင်ပြုပြီး မြင့်မြတ်တဲ့ တရားအတွက် လွတ်လပ်စွာ နေထိုင်ကြလိမ့်မယ်။ လောကကြီးတခုလုံးအပေါ်မှာ မေတ္တာတရားအထားနိုင်ဆုံး၊ အလွတ်လပ်ဆုံး လူတွေကို အကောင်းဆုံးသားအဖြစ်နဲ့ အသိအမှတ် ပြုကြလိမ့်မယ်။ ဘာပြုလို့လည်းဆိုတော့ အဲဒီလူတွေဟာ အမြင့်မြတ်ဆုံးဖြစ်လို့ပဲ။ သူတို့ဟာ ဘဝသစ်မှာ ရောမပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြလိမ့်မယ်” ဟု ပြောလေ၏။

ထိုနောက် တမိနစ်ခန့် ရပ်နေပြီး အလွန်လှိုက်လှဲစွာ၊

“ဒီဘဝမျိုး တည်ဆောက်ဖို့ ကျွန်တော်ဟာ ဘာမဆို လုပ်ရန်အသင့်ပဲ” ဟု ပြောပြန်၏။

သူ၏ စိတ်အဟုန်ဖြင့် သူ၏မျက်နှာသည် ကြည်လင်တောက်ပလာပြီး ပါးပြင်ပေါ်၌ မျက်ရည်များ ယိုစီးလာ၏။

ပါဗယ်၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာပြီး ဦးခေါင်းကို မော့လိုက်၏။ ထိုနောက် ယူကရိန်းသားအား မျက်လုံးအပြူးသားနှင့် ကြည့်နေလေ၏။ ဤစကားကို ကြားလျှင် အမေသည် စိတ်နှလုံးမသာမယာ ဖြစ်သွားလေသည်။ ပါဗယ်က၊

“အဲဒီဟာ ဘာလဲ အင်ဒရေယူရှာ” ဟု ဖြည်းညင်းစွာ မေးလေ၏။

ယူကရိန်းသားသည် ဦးခေါင်းကိုယမ်းပြီး ကိုယ်ကိုဆန့်ကာ အမေ့မျက်နှာကို တည့်တည့် ကြည့်လျက်၊

“ကျွန်တော် အကုန်လုံး မြင်တယ်၊ သိလည်းသိတယ်” ဟု ပြောလိုက်၏။ အမေသည် ရုတ်တရက် သူ့ဆီကိုပြေးပြီး ညာဘက်လက်ကို လွှတ်အောင် အတင်းရုန်း၏။ သို့သော် အမေက မလွှတ်ဘဲ အတင်းတွယ်ထားပြီး၊

“ဟဲ့ ဟဲ့၊ တိတ်တိတ်နေစမ်းပါ အမေ့သားရယ်” ဟု တိုးတိုးပြောလေ၏။

ယူကရိန်းသားက၊

"နေပါဦး၊ ဘယ်လိုဖြစ်တယ်ဆိုတာကို ကျွန်တော် ပြောပြပါမယ်" ဟု ကျယ်လောင်စွာ ပြန်ပြောလိုက်၏။

အမေသည် မျက်ရည်များလည်နေသည့် မျက်လုံးများဖြင့် သူ့ကို ကြည့်ရင်း

"အို မပြောပါနဲ့၊ အသာနေစမ်းပါ အင်ဒရေယူရှာရယ်" ဟု ဟန့်တားလေ၏။ ပါဗယ်သည် သူတို့နှစ်ယောက်ထံသို့ တဖြည်းဖြည်းထလာ၏။ သူ၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်နေပြီး သူ့မျက်လုံးများသည် မျက်ရည်ဝဲနေ၏။ ထိုနောက် သူက ရယ်လျက်

"အမေက သတ်တဲ့တရားခံဟာ ခင်ဗျားဖြစ်မှာ စိုးရိမ်နေလို့" ဟု ပြောလေရာ အမေက

"ငါက မစိုးရိမ်ပါဘူး၊ ငါက သူသတ်လိမ့်မယ်လို့ မယုံဘူး။ ငါက သူကိုယ်တိုင် သတ်တာ မြင်တာတောင်မှ မယုံဘူးကွယ့်" ဟု ပြောလိုက်၏။

ယူကရိန်းသားသည် ဦးခေါင်းကိုလှည့်၍ သူ့လက်များကို လွတ်အောင်ရုန်းလျက် "သတ်တဲ့လူဟာ ကျွန်တော်မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်က မသတ်ရအောင် တားရင်တော့ ဖြစ်မယ်" ဟု ပြောလိုက်ရာ ပါဗယ်က

"အသာနေစမ်းပါ အင်ဒရေယူရှာ၊ မပြောပါနဲ့တော့" ဟု ပါဗယ်က တားမြစ်ပြန်၏။

သို့ရာတွင် ယူကရိန်းသားက တုန်ယင်သော အသံဖြင့် "ပါဗယ်၊ ငါက ဒီလိုတော့မဖြစ်စေချင်ဘူး။ ဒါပေမဲ့ ဖြစ်ရပုံက ဒီလိုကွ။ မင်း ငါနဲ့ ဒရာဂူနော့ကို အဲဒီထောင့်နားမှာ ထားပစ်ခဲ့တော့ အိုင်ဆိုင်း ပေါက်လာပြီး တို့ကို စောင့်ကြည့်ရုံတင်မကဘူး၊ မဲ့ရွဲ့ပြီးတောင် နေလိုက်သေးတယ်။

ဒရာဂူနော့က "ကြည့်ဗျာ၊ သူက ကျုပ်နောက်ကို တညလုံးလုံး လိုက်နေတာ။ သူ့ကို ကျုပ် ရိုက်ပစ်လိမ့်မယ်" လို့ ပြောတယ်။ အဲဒီနောက် သူလည်း ထွက်သွားတယ်။ အိမ်ပြန်သွားတယ်လို့ ငါက ထင်တယ်။ ပြီးတော့ အိုင်ဆိုင်းက ငါ့ဆီကိုလာတယ်။ (ယူကရိန်းသားသည် သက်ပြင်း တချက်ချပြီးနောက်) "ဘယ်သူကမျှ ငါ့ကို ဒီလိုမစော်ကားဖူးဘူးကွ၊ ဒီခွေးဟာ" ဟု ပြောလိုက်ရာ အမေက သူ့ကို စားပွဲခုံဆီသို့ ခေါ်သွား၏။ အထိုင်ခိုင်းလေ၏။ ထိုနောက် သူ့အနားတွင် ကပ်ထိုင်လိုက်၏။ ပါဗယ်သည် သူ၏ မုတ်ဆိတ်မွေးကို လက်နှင့်ဆွဲရင်း မတ်တတ်ရပ်နေ၏။ တဖန် ယူကရိန်းသားက

"သူက တို့တတွေရဲ့နာမည်တွေ အားလုံးကို သိတယ်တဲ့။ တို့တတွေကို စစ်ပုလိပ်တွေက စာရင်း ယူထားကြပြီ။ မေဒေးနေ့မတိုင်မီ တို့ကိုဖမ်းကြလိမ့်မယ်တဲ့။

ငါက သူ့ကို ဘာမျှပြန်မပြောပါဘူး။ ရယ်ရုံသာ ရယ်နေလိုက်တာပဲ။ ဒါပေမဲ့ ဝမ်းထဲက ဒေါသကတော့ ပွက်ပွက်ဆူနေပြီပေါ့။ သူက ငါ့ကို လူကတော့ တော်ပါရဲ့၊ ဒါပေမဲ့ ဒီလမ်းစဉ်ကိုလိုက်တာ မှားသတဲ့ကွ။ ငါဟာ ဒါတွေကို မလုပ်ရင် ပိုကောင်းလိမ့်မယ်" ဟု ပြောရင်း ခေတ္တရပ်ပြီး သူ၏ လက်ဝဲဘက်လက်ဖြင့် သူ၏မျက်နှာကို သုတ်နေလေ၏။ ပါဗယ်က...

"ကျွန်တော် နားလည်ပါပြီ" ဟု ပြောလေ၏။

"ပြီးတော့ (အိုင်ဆိုင်းက) တရားဥပဒေကို ရိုရိုသေသေနဲ့နေရင် ပိုကောင်းမယ်ကွဲ့" ဟု ပြောကာ ယူကရိန်းသားက လက်သီးကိုဆုပ်၍ ယမ်းရင်း...

"တရားဥပဒေတဲ့ကွာ၊ တကယ့် အလကားအကောင်။ သူက ငါ့မျက်ခွက်ကို ရိုက်လိုက်ရင် တော်သေးတယ်။ အဲဒါကမှ ငါ့အတွက် အခံရသက်သာလိမ့်ဦးမယ်။ သူက ငါ့နှလုံးသားကို သူရဲ့ပုပ်လှတဲ့ ချွဲခန်းသလိပ်နဲ့ ထွေးလိုက်တာကွ" ဟု ပြောပြီးနောက် သူ့လက်ကို ပါဗယ်၏ လက်ထဲမှ အတင်းရုန်းပြီး အလွန်စက်ဆုပ်ရွံရှာစွာ အသံကို နှိမ့်ကာ

"ငါက သူ့မျက်နှာကို လက်ဝါးနဲ့ရိုက်ပြီး ထွက်သွားတယ်။ အဲဒီနောက် ဒရာဂူနော့က 'ကိုယ့်လူကိုတော့ မိပြီ' လို့ တိုးတိုးလာပြောတယ်။ သူက လမ်းထောင့်က စောင့်နေပုံပေါ်တယ်။ (သို့ပြောရင်း ယူကရိန်းသားသည် ခေတ္တရပ်လိုက်၏) "အဲဒီနောက် ရိုက်သံလိုလိုတော့ ကြားလိုက်တယ်။ ဒါပေမဲ့ ငါက မြွေများ တက်နင်းမိသလိုပဲ နောက်ကို လှည့်မကြည့်တော့ဘဲ ရှေ့ကိုသာတွန်းပြီး သွားတော့တာပဲ။ အလုပ်ခွင်ထဲလည်း ရောက်ရော အိုင်ဆိုင်းကို သတ်ပစ်ကြပြီ" လို့ သူတို့တတွေက ပြောကြတာပဲ။ ငါက ယုံတောင် မယုံနိုင်ဘူး။ ဒါပေမဲ့ ငါ့လက်က နာလာတာ ငါအလုပ်တောင် ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ အမှန်ကတော့ တကယ်နာတာ မဟုတ်ဘူး။ လက်က တဖြည်းဖြည်း သိမ်သိမ်သွားသလိုပဲ။ (ဤကဲ့သို့ပြောရင်း သူ့လက်ကိုသူ တချက်မျှ ကြည့်လိုက်သည်) "ငါကတော့ ဒီယုတ်မာညစ်ညမ်းတဲ့ အမည်းကွက်ကြီးကို စင်ကြယ်သွားအောင် ငါ့တသက်လုံး ဆေးကြောသွားနိုင်လိမ့်မယ်လို့ မထင်ဘူး" ဟု ပြောပြရာ အမေက သာယာဖြည်းညင်းစွာနှင့်

"အရေးကြီးတာက မင်းရဲ့စိတ်ခါတ် သန့်ရှင်းဖို့ပါပဲ" ဟု ပြောလိုက်၏။

"အဲဒီကိစ္စအတွက် ကျွန်တော် အပြစ်မတင်ပါဘူး။ အိုး မတင်ဘူး၊ မတင်ဘူး။ စိတ်ထဲမှာ ခံစားနေရတာသာ မကောင်းတာပါ၊ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်လို့ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်ထိုက်ဘူး အမေ"

ထိုအခါ ပါဗယ်က ပခုံးများကို တွန့်ကာ

"ကျွန်တော်ကတော့ ခင်ဗျားသဘောကို နားမလည်နိုင်ဘူး။ ခင်ဗျားလည်း သတ်ခဲ့တာ မဟုတ်ဘူး။ သတ်ခဲ့တယ်တိုင်အောင်လည်း" ဟု ဝင်ပြောသောအခါ

"နားထောင် ငါ့ညီ၊ လူသတ်တော့မယ် ဆိုတာကို သိရဲ့သားနဲ့ မင်းက မတားဆီးဘူး ဆိုလို့ရှိရင်"

"ကျွန်တော် ခင်ဗျားပြောတာကို နားမလည်ဘူးဗျာ့။ ဒါကတော့ ကျွန်တော်သာ ခင်ဗျားဖြစ်ရင် ကျွန်တော်ရဲ့ စိတ်ထဲမှာ ဘယ်လိုမှ ထိခိုက်နေမှာ မဟုတ်ဘူး"

ထိုအတွင်း အလုပ်ရုံမှ ဥသြမှုတ်လိုက်၏။ ယူကရိန်းသားသည် ပြင်းထန်သော ဥသြသံကို နားထောင်နေ၏။ ထိုနောက် ဦးခေါင်းကို နောက်သို့လှန်ပြီး

"ငါတော့ အလုပ်ပြန်မဆင်းတော့ဘူးကွာ"

"ကျွန်တော်လည်း ပြန်မဆင်းတော့ဘူး"

"ငါတော့ ရေချိုးအိမ်ကိုသွားတော့မကွာ" ဟု ပြောကာ ယူကရိန်းသားသည် ခဏမျှ ရယ်လိုက်ပြီး သူ့အဝတ်များကို စုဆောင်းကာ စိတ်ပျက်လက်ပျက်နှင့် အိမ်မှ ထွက်သွားလေသည်။

အမေသည် ယူကရိန်းသားအား ကရုဏာသက်စွာ နောက်မှ စိုက်ကြည့်နေလေသည်။ ထိုနောက် ပါဗယ်အား...

"မင်းပြောချင်တာကိုတော့ ပြောနိုင်ပါတယ် သားရယ်။ လူတယောက်ကို သတ်တာဟာ ငရဲကြီးမှန်းတော့ အမေသိတယ်။ ဒါပေမဲ့ အမေက ဘယ်သူ့ကိုမှ အပြစ်ရှိတယ် လို့ မယူဆဘူး။ အမေ အိုင်ဆိုင်းအတွက် စိတ်မကောင်းဘူး။ သူက အလကားလူပါဟယ်။ အမေ ကနေ့ သူ့ကို သွားကြည့်တော့ သားကို သူက ကြိုးစင်တင်မယ်လို့ ကြိမ်းတာ၊ မောင်းတာကို သွားပြီး သတိရမိတယ်။ ဒါပေမဲ့ အမေ သူ့ကို မုန်းလည်းမမုန်းဘူး။ သူသေလို့ လည်း ဝမ်းမသာဘူး။ သူ့အတွက် ဝမ်းနည်းရုံပဲ ဝမ်းနည်းမိခဲ့တယ်။ အခုတော့ ဝမ်းတောင် မနည်းတော့ဘူး" ဟု ပြော၍ ခဏမျှ ငြိမ်ပြီး စဉ်းစားနေ၏။ တဖန် အံ့သြသည့် အမူအရာနှင့် ပြုံးလျက်၊

"ဘုရားရေ၊ အမေပြောတာကို သားကြားရဲ့လား" ဟု မေးလေ၏။ အမှန်အားဖြင့် အမေပြောနေသည့်စကားတို့ကို ပါဗယ်သည် မကြားချေ။ သူသည် မျက်နှာကို အောက်သို့ချလျက် အခန်းထဲတွင် လမ်းလျှောက်ရင်း သုန်သုန်မှုန်မှုန်နှင့်၊

"ဒါဟာ အမေတို့၊ ကျွန်တော်တို့ရဲ့ဘဝပဲ။ လူတွေဟာ

တယောက်နဲ့တယောက် ဆန့်ကျင်နေတာ တွေကို ကြည့်ပါဦး။ ကိုယ်က မရိုက်ချင်မနှက်ချင်ဘဲနဲ့ လူတယောက်ယောက်ကို ရိုက်နေ နှက်နေရတယ်။ အဲ ကိုယ်က ရိုက်လိုက်နှက်လိုက်တဲ့လူကို ကြည့်လိုက်ဦး။ အဲဒီလူဟာ ကိုယ်လိုပဲ ဘာအခွင့်အရေးမှ ပိုရတဲ့လူ မဟုတ်ဘူး။ အခု အိုင်ဆိုင်းကိစ္စကို ကြည့်ပါဦး၊ သူဟာ ကျွန်တော်တို့ထက် ကံဆိုးသေးတယ်။ ဘာပြုလို့လဲဆိုတော့ သူက ဘာမျှ အသိဉာဏ် မရှိလို့ဘဲ။ ပုလိပ်တွေ၊ စစ်ပုလိပ်တွေ၊ သူလျှိုတွေဟာ အားလုံး ကျွန်တော်တို့ ရန်သူတွေချည်းပဲ။ ဒါပေမဲ့ သူတို့အားလုံးဟာ ကျွန်တော်တို့လို ပြည်သူလူထုတွေထဲကပဲ။ သူတို့ဟာ ကျွန်တော်တို့လို သွေးစုပ်ခံရပြီး ကျွန်တော်တို့လိုပဲ အဖိအနှိပ်ခံကြရတာပဲ။ ကျွန်တော်တို့တတွေ အားလုံးဟာ တလှေတည်းစီး တခရီးတည် သွားနေကြရတဲ့ လူတွေချည်းပဲ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အရှင်သခင် မင်းဘုရားများက လူတွေကို တယောက်နဲ့တယောက် မတည့်အောင် ရန်တိုက်ပေး တယ်။ လူတွေကို အကြောက်တရားတွေ၊ ဘာမှအဓိပ္ပာယ်မရှိတဲ့ တရားတွေနဲ့ ဘာမျှ မသိမမြင်နိုင်အောင် ဖုံးထားတယ်။ မလှုပ်နိုင်မယှက်နိုင်အောင် လက်တွေနဲ့ ခြေတွေကို တုပ်နှောင်ထားကြတယ်။ အတင်းဖျစ်ညှစ်ပြီး သွေးကိုစုပ်ကြတယ်။ တယောက်နဲ့တယောက် ရိုက်ချင်အောင်၊ အမှုန့်ကြိတ်ပစ်ချင်အောင် ဖန်တီးပေးကြတယ်။ သူတို့ဟာ လူတွေကို အမြောက်တွေ၊ တင်းပုတ်တွေ၊ ကျောက်ခဲတွေဖြစ်အောင် လုပ်ပစ်ကြပြီး 'ဒါဟာအစိုးရပဲ' လို့ ပြောကြတယ်" ဟု ပြောကာ အမေ့အနားသို့သွားပြီး၊

"လူသားတွေကို သန်းနဲ့ချီပြီး ယုတ်ယုတ်မာမာနဲ့သတ်တာတွေ၊ လူသားတွေရဲ့ စိတ်ဓာတ်တွေကို ဖျက်ဆီးပစ်တာတွေဟာ ရာဇဝတ်မှုကြီးပဲ။ အဲဒါကို အမေမြင်တယ် မဟုတ်လား။ လူသားရဲ့ စိတ်ဓာတ်တွေကို ဖျက်ဆီးနေကြတဲ့လူတွေ၊ ပြီးတော့ ကျွန်တော်တို့နဲ့ သူတို့တတွေဟာ ဘယ်လို မတူဘူး ဆိုတာကို အမေသိတယ် မဟုတ်လား။ လူတယောက်ကို ကျွန်တော်တို့က ရိုက်လိုက် နှက်လိုက်ရင် စက်ဆုပ်စရာကောင်းတယ်၊ ရှက်စရာလည်းကောင်းတယ်၊ စိတ်နာကြည်းစရာ လည်း ကောင်းတယ်။ အထူးသဖြင့် စက်ဆုပ်ရွံရှာစရာ ကောင်းတယ်လို့ ကျွန်တော်တို့က ယူဆကြတယ်။ ဒါပေမဲ့ သူတို့က လူတွေကို ထောင်နဲ့ သောင်းနဲ့ချီပြီး သနားကရုဏာစိတ် လုံးဝမရှိဘဲ တည်တည်ငြိမ်ငြိမ်နဲ့ စိတ်နှလုံးချမ်းမြေ့စွာ သတ်ကြဖြတ်ကြတယ်။ လူတွေကို ဒီလိုသတ်တဲ့ဖြတ်တဲ့ အကြောင်းကတော့ တခုတည်းပဲရှိတယ်၊ အဲဒီအကြောင်းက ဘာလဲ ဆိုတော့ သူတို့ရဲ့ ငွေတွေ ရွှေတွေကို ဘယ်သူကမျှ မယူနိုင် မလုနိုင်အောင်၊ သူတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို အကျိတ်အခဲ တည်မြဲအောင်၊ ကျွန်တော်တို့ကို သူတို့ရဲ့ခြေဖဝါးအောက်မှာ ထားတဲ့နေရာမှာ အသုံးချနေတဲ့ ကိရိယာတန်ဆာပလာတွေလို ခိုင်မြဲနေအောင် ဖန်တီးဖို့ပဲ ဖြစ်တယ်။ အမေ စဉ်းစားကြည့်ပါဦး၊ သူတို့ဟာ သူတို့ရဲ့အသက်တွေကို ကာကွယ်ကြချင်လို့ လူတွေကို သတ်၊ စိတ်ဓာတ်တွေကို ဖျက်ဆီးနေကြတာ မဟုတ်ဘူး။

သူတို့ရဲ့စည်းစိမ်ဥစ္စာတွေကို ကာကွယ်ချင်လို့ ဒီအလုပ်တွေကို လုပ်နေကြတာဖြစ်တယ်။ အမှန်ကတော့ သူတို့ဟာ သူတို့ ပိုင်သင့်ပိုင်ထိုက်တဲ့ သူတို့ရဲ့အသက်တွေ၊ အသိဉာဏ်တွေ၊ လွတ်လပ်မှုတွေကို ကာကွယ် နေကြတာ မဟုတ်ဘူး။ သူတို့ မပိုင်သင့် မပိုင်ထိုက်ဘဲနဲ့ အပိုင်စီးထားကြတဲ့ စည်းစိမ်ဥစ္စာတွေကို ကာကွယ်နေကြတာပဲ ဖြစ်တယ်" ဟု ပြောပြီးနောက် အမေ့လက်များကို ဆွဲပြီး အတင်း ဆုပ်ကိုင်ထားလေ၏။ တဖန်...

"သူတို့တတွေ လုပ်နေကြတာဟာ ဘယ်လောက်ယုတ်ညံ့ပြီး ရှက်စရာကောင်းတယ်ဆိုတာကို ကြည့်ရင် ကျွန်တော်တို့ ကာကွယ်တိုက်ခိုက်နေကြတဲ့သစ္စာတရားကို အမေ သဘောပေါက်ပြီး နားလည်လာပါလိမ့်မယ်။ အဲဒီ သစ္စာတရားဟာ ဘယ်လောက် သန့်ရှင်းမွန်မြတ်တယ် ဆိုတာကို သိလာပါလိမ့်မယ်" ဟု ပြောပြန်၏။

အမေသည် စိတ်ထဲတွင် အလွန် ထိခိုက်သွားပြီး မတ်တတ်ရပ်လိုက်၏။ သူ့ရင်ထဲ၌ မီးခဲပြာဖုံးသဖွယ် အရောင်မထွန်းပနိုင်သေးသော လင်းရောင်ခြည်နှင့် ပါဗယ်၏ ရင်အတွင်းမှ လင်းရောင်ခြည်တို့ တပေါင်းတည်း၊ တစည်းတည်းဖြစ်ပြီး အလွန် ကြီးမားလှသည့် လင်းရောင်ခြည်တခုအသွင်သို့ ကူးပြောင်းစေချင်လှ၏။ နောက်ဆုံး၌ အမေသည် ပါဗယ်အား...

"အသာနေ သား၊ အသာနေ။ အမေဟာ အချိန်မီ သားပြောတာတွေကို သဘောပေါက် လာပါလိမ့်မယ်" ဟု အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြန်၍ ပြောလိုက်လေသတည်း။

ဤကဲ့သို့ အမေနှင့် ပါဗယ်တို့ စကားပြောနေကြစဉ် အိမ်ရှေ့လှေကားထက်ပေါ်သို့ တစုံတယောက်သည် ခြေသံခပ်ပြင်းပြင်း တက်လာ၏။ အမေတို့သားအမိသည် အံ့အားသင့်ပြီး တယောက်မျက်နှာတယောက် ကြည့်နေကြ၏။

ထို့နောက် တံခါးသည် တဖြည်းဖြည်း ပွင့်လာ၍…

ရိုင်ဘင်သည် ဦးခေါင်းကိုမော်ပြီး ပြုံးလျက်…

"ဒီမယ်လေ ဟိုနေရာမှာလည်း ဖိုးသစ္စာ၊ ဒီနေရာမှာလည်း ဖိုးသစ္စာ၊ လေပွေကြီး ဖိုးသစ္စာ။ စပ်စုလိုက်တာကလည်း နေရာတကာပါ" ဟု သီချင်းဆို၍ ဝင်လာလေ၏။

သူသည် လျှော်ဖိနပ်၊ သားမွေးကြမ်းဦးထုပ်နှင့် ကတ္တရာစေး သုတ်ထားသည့် သိုးမွေးသားရေ တို့ကို ဝတ်ဆင်ထား၏။ လက်အိတ်တစုံကိုလည်း ခါးပတ်ထဲ၌ ထိုးထား၏။

"မင်း ကျန်းမာရေး အခြေအနေ ဘယ့်နှယ်နေတုံးကွ။ မင်းကို သူတို့က လွှတ်လိုက်ပြီပေါ့။ အေး ကောင်းတယ်။ အမေကော ဘယ့်နှယ်နေတုံး" ဟု မေးပြီး ပြုံးနေလေ၏။ သူသည် ယခင်ကထက် စကားအပြောအဆို သိမ်မွေ့နူးညံ့လာပြီး သူ၏မျက်နှာသည်လည်း မုတ်ဆိတ်မွေးများ ပို၍ ထူလာလေသည်။

အမေသည် သူ့ကိုတွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်၍ အမည်းကွက်များ ထင်နေသည့် သူ၏တုတ်ခိုင်သည့်လက်ကြီးကို ဆုပ်ကိုင်ရန် သူ့ဆီသို့ သွားလေ၏။ ၎င်းနောက် ကတ္တရာစေးနံ့ကို ရှူရှိုက်မိရင်း…

"ဘုရားသခင်ကိုယ်တော်ကယ်မလို့ မင်းကို တွေ့ရတာ၊ ဝမ်းသာလိုက်တာဟယ်" ဟု ပြောလိုက်၏။ ပါဗယ်ကမူ ရိုင်ဘင်ကို ကြည့်ကာ ပြုံးလျက်…

"ခင်ဗျားကတော့ တကယ့် ဆင်းရဲတဲ့ ကျေးလက်တောသားကြီးပဲ" ဟု ပြော၏။ ရိုင်ဘင်သည် သူ၏ ဦးထုပ်၊ အင်္ကျီနှင့် ဖိနပ်များကို ချွတ်ကာ "ဟုတ်တယ်၊ ငါကတော့ ဆင်းရဲတဲ့ တောသားကြီး ပြန်ဖြစ်နေပြီကွ။ မင်းကတော့ ဂုဏ်သရေရှိလူကြီးနဲ့ တူတူလာပြီး ငါကလည်း ဆင်းရဲသားနဲ့ တူတူနေပြီပေါ့ကွာ"ဟု ဆို၏။

သူသည် အခန်းထဲ၌ ဟိုလျှောက်လိုက် သည်လျှောက်လိုက်နှင့် သူ၏အပေါ်အင်္ကျီကို အောက်သို့ ဆွဲချရင်း ရှိသမျှပစ္စည်းတို့ကို အကဲခတ်၍နေရာမှ "ဟင်၊ ဒီမှာလည်း စာအုပ်တွေမှအပ ဘာမျှအသစ်ရယ်လို့ မရှိပါကလား။ အေးလေ ငါ့ကို ဘာများ အကြောင်းထူးသေးတုံး၊ ပြောစမ်းပါဦး" ဟု ဆို၏။

ထိုနောက် သူသည် ကုလားထိုင်တလုံးပေါ်၌ ထိုင်ချလိုက်၏။ ပါဗယ်၏ မျက်နှာကို သူ၏မည်းနက်သော မျက်လုံးများနှင့် အကဲခတ်ရင်း ပြုံးလျက် ပါဗယ်၏အဖြေကို နားစွင့်နေလေ၏။ ပါဗယ်က

"ကျွန်တော်တို့ လုပ်ငန်းက တိုးတက်နေတယ်ဗျာ့" ဟု ပြော၏။

ရိုင်ဘင်က

"တို့ကတော့ ထွန်တယ်၊ စိုက်တယ်၊ အပင်တွေပေါက်ပြီး ကြီးထွားအောင် ပြုစုတယ်။ ပြီးတော့ ဘီယာချက်ပြီးသောက်တယ်။ မူးတယ်၊ အိပ်တယ်ပေါ့ကွာ" ဟု ရယ်ကာမောကာနှင့် ပြန်ပြော၏။

တဖန် ပါဗယ်က သူနှင့် မျက်နှာချင်းဆိုင် ထိုင်ပြီး… "ခင်ဗျားကော ဘယ့်နှယ်လဲဗျာ" ဟု မေးလျှင်…

"အားလုံးအဆင်ပြေပါတယ် ယီဂစ်(လ်)ဒီယီဗိုမှာ နေရတာ၊ ယီဂစ်(လ်)ဒီယီဗို ဆိုတာကော ကြားဖူးရဲ့လား။ မြို့ကောင်းကလေးတမြို့ပါ။ တနှစ်မှ ဈေးနှစ်ဈေးတည်း ဖွင့်တယ်ကွ။ လူဦးရေက နှစ်ထောင်ကျော်လောက်ပဲ ရှိတယ်။ ဆင်းရဲတယ်။ အဲဒီလူတွေမှာ ကိုယ်ပိုင်မြေတော့ မရှိကြဘူး။ သူများမြေကို မြေထောက်ခနဲ့ လုပ်ကြရတယ်။ ငါလည်း အဲဒီမှာရှိတဲ့ သွေးစုပ်ကောင် တကောင်ဆီမှာ အခစားနဲ့ အလုပ်လုပ်ရတယ်။ ပုပ်လိုက်တဲ့ သွေးစုပ်ကောင်တွေကတော့ ကျောက်မီးသွေးကို မီးရှို့ပြီး ကတ္တရားဆေးချက်ရတယ်။ လုပ်ခကျတော့ ဒီမှာရတဲ့လုပ်ခ လေးပုံတပုံသာရပြီး အလုပ်ကိုတော့ နှစ်ဆတိုး လုပ်ရတယ်ကွ။ ငါ့အလုပ်ရှင် သွေးစုပ်ကောင် ဆီမှာ အလုပ်လုပ်တဲ့လူ ခုနစ်ယောက် ရှိတယ်။ အားလုံး လူကောင်းချည်းပဲ။ အသက်ကလည်း ငယ်ငယ်ပဲ ရှိကြသေးတယ်။ ငါမှအပ သူတို့တတွေအားလုံးဟာ နယ်ခံချည်းပဲ။ သူတို့တတွေ အားလုံးဟာ စာရေးတတ် ဖတ်တတ်တဲ့ လူတွေချည်းပဲ။ သူတို့အထဲက ယေဖင်ဆိုတဲ့ လူကတော့ တဇောက်ကန်း တဇွတ်ထိုး အလွန်လုပ်တတ်တယ်။ ငါဖြင့် သူနဲ့ ဘယ်လိုပေါင်းရမယ် သင်းရမယ်လို့တောင် မသိပါဘူးကွာ" ဟု ပြန်ပြော၏။

"ခင်ဗျား ဘယ်လိုလုပ်တုံး၊ သူနဲ့ ဆွေးနွေးသလား"

"ဘယ်မဆွေးနွေးဘဲ နေပါ့မလဲကွ။ အဲဒါတော့ စိတ်ချ၊ မင်းတို့ စာရွက်စာတမ်းတွေအကုန်လုံး ငါယူသွားတယ်။ အားလုံး ၃၄ စောင် ရှိတယ်။ ဒါပေမဲ့ ငါက သမ္မာကျမ်းစာကို အဓိကသုံးတယ်။ သမ္မာကျမ်းစာထဲက ပြောစရာ ဟောစရာတွေ အများကြီး ရှိတယ်ကွ။ စာအုပ်ကြီးက အထူကြီး။ ပြီးတော့ သာသနာ့ နာယကအဖွဲ့က အခွင့်ပြုထားတဲ့ ကျမ်းစာဆိုတော့ ခိုင်လုံတာပေါ့။ အဲဒီကျမ်းကိုတော့ မင်း အားကိုးနိုင်တယ် မောင်"

သို့ပြောရင်း ရိုင်ဘင်သည် ရယ်၍ ပါဗယ်ကို မျက်စတချက် ပစ်လိုက်၏။

"ဒါနဲ့ မလုံလောက်သေးဘူးကွ။ ငါ ဒီကို စာအုပ်တွေတောင်းဖို့ လာတာကွ၊ တို့လာကြတာ နှစ်ယောက်ကွ။ ယီဖင်လည်း ငါနဲ့ ပါလာတယ်။ သူတို့က တို့ကို ကတ္တရာစေးနဲ့ လွှတ်လိုက်လို့ တမင် မင်းနဲ့တွေ့ချင်တာနဲ့ ငါ လာခဲ့တာပဲကွာ။ ယီဖင် မလာခင် စာအုပ်တွေကိုပေးကွ။ သူ့ကို သိပ်ပြီး အသိပေးလို့ မဖြစ်ဘူး"

အမေသည် ရိုင်ဘင်ကို ကြည့်နေ၏။ သူ့အဝတ်အစားများသည် တမျိုးဖြစ်နေသည်ကို လည်းကောင်း၊ သူ၏အပြုအမူသည် ယခင်ကလောက် မခက်ထန် မကြမ်းတမ်းသည်ကို လည်းကောင်း၊ သူ့မျက်လုံးများသည် ယခင်ကထက် ရိုးသားသည်ကိုလည်းကောင်း အကဲခတ်မိလေသည်။

ထိုနောက် ပါဗယ်က အမေ့အား၊

"စာအုပ်တွေကို တဆိတ်လောက် ယူပေးပါလား အမေ။ ဟိုကလူတွေက ဘယ်စာအုပ်တွေ ဆိုတာကို သိကြပါတယ်။ ကျေးလက်တောရွာတွေကို ပို့ဖို့ စာအုပ်တွေလို့သာ ပြောပါ အမေရယ်" ဟု တောင်းပန်လိုက်လျှင် အမေက၊

"အေး၊ အမေ သွားယူပေးမယ်။ လက်ဖက်ရည်အိုး ဆူဆူချင်း သွားပေးမယ်" ဟု ပြောလိုက်လျှင် ရိုင်ဘင်က ရယ်လျက်၊

"အင်း၊ အမေလည်းပဲ ဒီအထဲပါနေပြီကိုး။ အင်း အဲဒီမှာ စာဖတ်ချင်ကြတဲ့လူတွေက အများကြီးပဲ။ အဲဒါကို သူတို့အရပ်က ကျောင်းဆရာရဲ့အလုပ်ပဲ။ သူဟာ ရဟန်းဘောင်ကလာတဲ့ လူပေမဲ့ လူကောင်းတယောက် ဖြစ်တယ်လို့ ပြောကြတယ်။ ပြီးတော့ ၅ မိုင်လောက်ဝေးတဲ့ နေရာက လာပြီး အလုပ်လုပ်တဲ့ ဆရာမတယောက်လည်း ရှိသေးတယ်။ သူတို့နှစ်ယောက်လုံးဟာ အစိုးရက တားမြစ်ထားတဲ့စာအုပ်ဆိုရင် ဘယ်စာအုပ်မျှ အသုံးမပြုကြဘူး။ သူတို့အလုပ်ပြုတ်မှာ ကြောက်တာကိုး။ ဒါပေမဲ့ ငါကတော့ တားမြစ်ထားတဲ့ စာအုပ်ကိုမှ လိုချင်တာ၊ နည်းနည်း ထိထိမိမိကလေး ရေးထားတဲ့၊ အစိုးရက တားမြစ်ထားတဲ့ စာအုပ်တွေကိုသာ လိုချင်တယ်ကွ။ ငါက ဖြန့်လိုက်တဲ့ စာအုပ်တွေကို ပုလိပ်နဲ့ ဘုန်းကြီးလက်ထဲ ရောက်သွားရင် သူတို့က အဲဒီ

ကျောင်းဆရာတွေကို အပြစ်တင်ကြမှာပဲ။ အဲဒီလို ကျောင်းဆရာတွေကို အပြစ်ဖို့နေတုန်း ငါက ပုန်းနေပြီး ပြေးပေါက်ကြည့်ရမှာပေါ့ကွာ” ဟု ပြောလေ၏။

ဤကဲ့သို့ ပြောပြီးနောက် ရိုင်ဘင်သည် သူ့ကိုယ်သူ ပါးလှနပ်လှပြီဟူသော သဘောဖြင့် အကျေနပ်ကြီး ကျေနပ်ကာ ပြုံးနေလေ၏။

“အင်း၊ ငါက သူ့ကို လူရိုးလူအ မှတ်နေတာ၊ လက်စသတ်တော့ သူက ဂျင် ဖြစ်နေတာကိုး” ဟု အမေသည် ဝမ်းထဲမှ ကျိတ်၍ ပြုံးမိ၏။

“တကယ်လို့ သူတို့က ဒီကျောင်းဆရာတွေကို ဒီတားမြစ်ထားတဲ့ စာပေတွေကို လိုက်ပြီး ဖြန့်နေတယ်လို့ သံသယများရှိနေရင် သူတို့ကို ထောင်ချမှာလား”

ရိုင်ဘင်၊ “သေချာတာပေါ့” ပြန်ဖြေ၏။

ပါဗယ်၊ “အပြစ်ရှိတာ သူတို့မဟုတ်ဘူး၊ ခင်ဗျားပဲဟာ။ ခင်ဗျားသာ ထောင်ထဲ သွားသင့်တာပေါ့”

ရိုင်ဘင်သည် ရယ်၍ သူ၏ဒူးကို သူ့လက်နှင့်ပုတ်လျက်။

“မင်းတော့ တကယ်ရယ်စရာကောင်းတဲ့လူပဲ။ ငါ့ကို ဘယ်သူမှ သံသယမရှိဘူးကွ။ ဆင်းရဲသား၊ တောသားဆိုတာ သည်လိုကိစ္စမျိုးနဲ့ ဘယ်တော့မှ ထောင်ထဲမရောက်ဘူး။ စာအုပ်တွေ ရေးတာတို့၊ ဖြန့်တာတို့ဟာ လူ့အထက်တန်းစားတွေရဲ့အလုပ်ပဲ။ အဲဒီတော့ သည်လိုကိစ္စမျိုးနဲ့ ပတ်သက်ရင် သူတို့သာ ခံကြရမှာပေါ့” ဟု ဆိုလေ၏။

ပါဗယ်သည် ရိုင်ဘင်အကြောင်းကို နားလည်သည်။ ဤအချက်ကို အမေသိ၏။ ပါဗယ် မျက်လုံးများကို မှေး၍ ကြည့်နေသည်ကို မြင်လျှင် သူ၏သား ဒေါသဖြစ်နေကြောင်း အကဲခတ်မိ၏။ ထို့ကြောင့် အမေသည် မရဲတရဲနှင့်

“ဟဲ့.. ရိုင်ဘင်က လုပ်တော့ သူကိုယ်တိုင် လုပ်ချင်တယ်၊ ဒါပေမဲ့ အပြစ်ခံစရာကျတော့ သူများတတွေက ခံစေချင်တယ်” ရိုင်ဘင်သည် သူ၏ မုတ်ဆိတ်မွေးများကို လက်ဖြင့်သပ်လျက်၊

“အင်းလေ .... အခု လောလောဆယ်မှာတော့ သည်အတိုင်းပဲ” ဟု ပြန်ပြောလေ၏။

ထိုအခါ ပါဗယ်သည် အမေအား “နားထောင်ပါဦး အမေ၊ တကယ်လို့ ကျွန်တော်တို့ လူစုထဲက အင်ဒရေယူရှာလို လူတယောက်ဟာ ကျွန်တော့်ကို ရှေ့က ဗန်းပြထားပြီး နောက်ဆွယ်က တခုခု လုပ်လိုက်လို့ ကျွန်တော်

ထောင်ထဲရောက်သွားမယ်ဆိုရင် အမေ ဘယ်လို သဘောထားမလဲလို့” ဟု မြောင်မေးလိုက်၏။

အမေသည် အနည်းငယ် လန့်သွားပြီး ပါဗယ်ကို အံ့အားသင့်လျက် ကြည့်နေလေ၏။

“ဟယ်... ရဲဘော်တယောက်အပေါ်မှာ သည်လို ဘယ်သူက ညစ်ပတ်နိုင်ပါ့မလဲ” မေးလျှင် ရိုင်ဘင်သည် ပါဗယ်အား

“မင်း ဘာပြောချင်တယ်ဆိုတာကို ငါသိပါတယ်” ဟု ခပ်လေးလေးပြောပြီးနောက် အမေအား မျက်စောင်းတချက်ထိုး၍ “ဒါကလည်း အတော် ဂရုတစိုက် လုပ်ရတဲ့အလုပ်ပါ အမေ” ဟု ပြောလေ၏။ တဖန် ပါဗယ်ဘက်သို့လှည့်၍ ဆရာကြီးသမားကြီး ဂိုက်ဖြင့်

“ငါ့ညီ၊ မင်းစဉ်းစားတာက ကလေးကလေး တယောက်လိုပဲကိုး။ လျှို့ဝှက်တဲ့ အလုပ်တခုကို လုပ်ရင် ကိုယ့်ကိုယ်ကို ရိုးသားဖို့၊ မရိုးသားဖို့ ဆိုတာတွေကို ပူပန်နေလို့ မဖြစ်ဘူးကွ။ မင်းဘာသာမင်းပဲ ဆုံးဖြတ်ကြည့်ပေါ့ကွာ။ ပထမဆုံး ထောင်ထဲရောက်ရမယ့် လူကတော့ စာအုပ်နဲ့ အတူတွေ့တဲ့လူပဲ။ ကျောင်းဆရာတွေ မဟုတ်ဘူးကွ။ ဒါက ပထမအချက်ပဲ။ ဒုတိယအချက်ကတော့ ကျောင်းဆရာတွေက အာဏာပိုင်များက အသိအမှတ်ပြုထားတဲ့ စာအုပ်များကို သုံးကြတယ်တိုင်အောင် သူတို့ သင်ကြပြကြတဲ့ အယူအဆတွေကတော့ အတူတူပဲကွ။ စကားလုံးတွေကသာ ကွဲပြားကြတာပဲ။ အတိုချုပ် ပြောရမယ်ဆိုရင်ကွာ သူတို့ကလည်း ငါလုပ်နေတဲ့ အယူအဆတွေအတွက် လုပ်နေကြတာပါပဲ။ ဒါပေမဲ့ ငါက လမ်းမကြီးအတိုင်း လျှောက်နေတုန်း သူတို့က လမ်းမြှောင်ကို လိုက်နေကြတာပေါ့ကွာ။ တို့ကို အုပ်ချုပ်နေကြတဲ့ မင်းဘုရင်များရဲ့အမြင်နဲ့ဆိုရင် တို့နှစ်ဦးလုံးဟာ အပြစ်ရှိကြတာပေါ့။ မဟုတ်ဘူးလားကွာ။ တတိယအချက်ကတော့ အစ်ကိုက သူ့တို့အတွက် ဘာမျှ ဂရုမစိုက်ဘူးကွ ငါ့ညီရ။ ကျီးကန်းနဲ့ ဇီးကွက်ဟာ ဘယ်တော့မျှ မိတ်ဖွဲ့လို့ရတာမှ မဟုတ်ဘဲနဲ့။ ငါက ဆင်းရဲတဲ့ ကျေးလက်တောသား တယောက်အပေါ်မှာဆိုရင် ဘယ်တော့မျှ ဒီလိုမလုပ်ဘူးကွ။ ဒါပေမဲ့ သူတို့အပေါ်မှာတော့ လုပ်ရလိမ့်မယ်။ တယောက်က ဘုန်းကြီးတပါးရဲ့သားကွ၊ တယောက်ကတော့ မြေရှင်တယောက်ရဲ့သမီးကွ။ သူတို့က ဘာပြုလို့ လူတွေကို လှုံ့ဆော်နေရ တာလဲ။ သူတို့စိတ်ထား သဘောထားက ဘယ်လိုဆိုတာကို အကဲခတ်ဖို့က ငါ့လို ဆင်းရဲသား တယောက်ရဲ့အလုပ် မဟုတ်ဘူးကွ၊ ငါဘာလုပ်နေတာကို ငါသိတယ်။ ဒါပေမဲ့ သူတို့ ဘာလုပ်နေကြတယ်ဆိုတာကိုတော့ ငါ ဘာမျှမသိပါဘူးကွ။ လူကုံထံတွေ၊ လူ့အထက်တန်းစား တွေဟာ သူတို့လုပ်ဖို့ အလုပ်ကိုသာ နှစ်ပေါင်း တထောင်ကျော်ကျော် လုပ်ခဲ့ကြတာပဲ။ အဲဒီအလုပ်က ဘာလဲဆိုတော့

တို့ဆင်းရဲသားကျောမွဲတွေရဲ့ သွေးတွေကိုစုပ်ပြီး အရေကိုခွာတဲ့ အလုပ်ပေါ့။ အခုတော့ သူတို့ဟာ ရုတ်တရက် နိုးလာကြပြီး တို့တွေ မျက်နှာတွေကို ဖုံးထားတဲ့ အဝတ်တွေကို သူတို့လက်နဲ့ ခွာပစ်လိုက်ကြတယ်။ ငါက ဒဏ္ဍာရီပုံပြင်တွေကို ယုံတဲ့လူစား မဟုတ်ဘူးကွ။ ဒါက ဒဏ္ဍာရီပုံပြင် အလွန်ဆန်တယ်။ ငါနဲ့ လူကုံထံတွေ၊ လူ့အထက်တန်းစား တွေနဲ့က သိပ်ပြီး အလှမ်းကွာတာကလား။ တခါတလေ မင်း ဆောင်းတွင်း လယ်ပြင်တွေထဲ မြင်းဖြတ်ပြီး စီးသွားတဲ့အခါ မင်းရှေ့ အဝေးကြီးမှာ တခုခု ရုတ်ခနဲ ဖြတ်သွားကာ မြင်လိုက်လိမ့်မယ်။ အဲဒါ ဝံပုလွေလား၊ မြေခွေးလား၊ ခွေးလား ဆိုတာကိုတော့ မပြောတတ်ဘူး ပေါ့။ ဘာပြုလို့လဲဆိုတော့ မင်းနဲ့ အဲဒီဟာက အလှမ်းသိပ်ဝေးတာကိုး” ဟု ပြောပြနေလေ၏။

အမေသည် ပါဗယ်၏မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။ ပါဗယ်သည် ဦးခေါင်းကို ငုံ့နေ၏။

ရိုင်ဘင်သည် သူ့ကိုယ်သူ အတော်ဟုတ်လှ၊ ဟန်လှပြီ ဟူသောသဘောဖြင့် ပါဗယ်ကို ကြည့်နေ၏။ သူ၏ မုတ်ဆိတ်မွေးများကိုလည်း လက်နှင့်သပ်နေ၏။ သူ့မျက်လုံးများသည်လည်း ပြောင်လက်လျက် နေလေသည်။ တဖန်ဆက်၍…

“ကိုယ့်လုပ်ဟန်ကိုင်ဟန်ဟာ ကောင်းရဲ့လား၊ မကောင်းဘူးလား ဆိုတာကို စဉ်းစားနေဖို့ အချိန် မရှိဘူးကွ။ ဘဝက ကျပ်တည်းခက်ခဲတယ်။ ခွေးတအုပ်ဟာ ခွေးတအုပ်ပဲ။ သိုးတအုပ် မဟုတ်ဘူးကွ။ ခွေးတိုင်းကလည်း သူနည်းနဲ့သူ ဟောင်တာပဲ” ဟု ပြောနေပြန်၏။

အမေသည် သူတွေ့နေကျ၊ မြင်နေကျ ရဲဘော်တစုကို ပြန်စဉ်းစားမိရာမှ…

“ဆင်းရဲသားတွေအတွက် အသက်ကို စွန့်သွားကြတဲ့၊ ထောင်တွေထဲမှာ အသေခံကြတဲ့ လူကုံထံတွေ၊ လူ့အထက်တန်းစားတွေလည်း ရှိကြတာပဲ” ဟု ပြောလိုက်လျှင် ရိုင်ဘင်က၊

“သူတို့က သီးသန့်လူစားတရပ်ပဲ။ ဆင်းရဲသား ကျောမွဲတွေက ချမ်းသာလာပြီး လူကုံထံတွေ၊ လူ့အထက်တန်းစားတွေ ဖြစ်လာကြတယ်။ လူ့အထက်တန်းစားတွေကလည်း ဆင်းရဲပြီး ဆင်းရဲသား ကျောမွဲတွေ ဖြစ်လာကြတယ်။ မင်း တခါက ငါ့ကို ရှင်းပြတာကို သတိရတယ် မဟုတ်လား။ လူတယောက်ရဲ့အတွေးအခေါ်ဟာ သူ့ဘဝ အဆင့်အတန်းအလိုက် ဖြစ်တယ် ဆိုတာလေ၊ အလုပ်သမားတယောက်က ‘ဟုတ်တယ်’ လို့ ပြောတဲ့ကိစ္စမှာ သူ့အလုပ်ရှင်က ‘မဟုတ်ဘူး’ ပြောမှာပဲ၊ အလုပ်သမားတယောက်က မဟုတ်ဘူးလို့ပြောတဲ့နေရာမှာ အလုပ်ရှင်က ‘ဟုတ်တယ်’ လို့ ပြောမှာပဲ။ အဲဒါဟာ သူတို့ရဲ့သဘာဝပဲ။ အဲ ဆင်းရဲသား၊ လယ်သမား တယောက်နဲ့ မြေရှင်တယောက်ဟာလည်း ဒီအတိုင်းပဲ။ မြေရှင်တယောက်က ဆင်းရဲသား

လယ်သမားတယောက် ထမင်းဝဝစားနိုင်သောက်နိုင်တာကို ဘယ်တော့မျှ မရှုစိမ့်နိုင်ဘူး။ အမှန်ကတော့ လူတန်းစားတိုင်းမှာ သူ့လူတန်းစားကို သူ သစ္စာဖောက်တဲ့ လောက်ကောင်တွေ တော့ ပါကြတာချည်းပဲ။ ငါလည်းပဲ ဆင်းရဲသား ကျေးလက်တောသားတွေ အားလုံးကို ကာကွယ်နေတာ မဟုတ်ဘူးကွ” ထိုနောက် လေသံပျော့ပျော့ဖြင့်၊

“ငါဟာ ငါးနှစ်လုံးလုံး ဟိုအလုပ်ရုံကို ပြောင်းလိုက်၊ ဒီအလုပ်ရုံကို ပြောင်းလိုက်နဲ့ အလုပ် လုပ်ခဲ့တယ်။ တို့ရွာဟာ ဘယ်လိုနေပါလိမ့်မလဲဆိုတာတောင် မေ့သွားတယ်၊ နောက်ဆုံး ငါ ကျေးလက်တောရွာကို ပြန်သွားတော့ ကျေးလက်တောရွာကလူတွေလို မနေနိုင်တော့ဘူး ဆိုတာကို သိတယ်။ ကဲ၊ နားလည်ရဲ့လား ငါ့ညီ။ တကယ့်ကို မနေနိုင်တော့ဘူးကွ။ ဒီမှာ နေတော့ ကျေးလက်တောပိုင်းတွေမှာ ဖြစ်နေကြတဲ့ မတရားမှုတွေကို မမြင်ဘူး။ အဲဒီမှာဆိုရင် ငတ်မွတ် ခေါင်းပါးရေးဘေးဟာ လူတွေနောက်မှာ အရိပ်လို လိုက်နေတာပဲ၊ ထမင်းစားရဖို့ဆိုတာ မျှော်လင့်ချက် မရှိဘူး။ ဘယ်သူမျှ မငတ်တာ မပြတ်တာ မရှိဘူး။ ငတ်ပြတ်နေကြတော့ လူတွေရဲ့စိတ်ဓာတ်တွေလည်း ပျက်ပြားကုန်တယ်။ ဂုဏ်သိက္ခာဆိုတာလည်း မရှိတော့ဘူး။ အဲဒီမှာရှိတဲ့လူတွေဟာ အသက်ရှင်နေကြတာ မဟုတ်ဘူး။ ဘယ်တော့မှ အတောမသတ်နိုင်တဲ့ အစားအစာငတ်တဲ့ ပြတ်တဲ့ ဘေးနဲ့ပဲ တရိရိ သေကျေပျက်စီးကြရတာပဲ။ အရာရှိတွေ၊ အာဏာပိုင်တွေကလည်း ဒီဆင်းရဲသား ကျောမွဲတွေမှာ ဘာအပိုပစ္စည်းမျှ မရှိရအောင် လင်းယုန်မျက်စိနဲ့ ကြည့်နေကြတယ်။ ဒီကျောမွဲတွေ လက်ထဲမှာ အပိုပစ္စည်းဥစ္စာ တခုခုတွေ့ရင် တခါတည်း သိမ်းယူလိုက်ပြီး ကောင်းကောင်းကြီး တွယ်လိုက်တော့တာပဲ” ဟု ပြောနေရာမှ ဟိုဟိုဒီဒီကြည့်ပြီး ပါဗယ်ဘက်သို့ စားပွဲခုံ အခြားတဖက်မှ ကုန်းလျက်၊

“အဲဒီဘဝကို ပြန်ရောက်မှာကို ငါတော့ သေလုအောင် ကြောက်မိခဲ့တယ်။ ဒီဘဝဒဏ်ကို မခံနိုင်ဘူးလို့လည်း ငါတွက်မိခဲ့တယ်။ အဲဒီနောက် ငါ့ကိုယ်ငါ မင်း ဒီဘဝမှာလည်း တွယ်ကပ် နေရမယ်၊ မင်း ဒီဆင်းရဲသား ကျောမွဲတွေကို ထမင်းမကျွေးနိုင်ပေမဲ့ သူတို့ကို လူမှုတော်လှန်ရေး အတွက်တော့ စည်းရုံးနိုင်မယ်လို့ ဆုံးဖြတ်ပြီး ငါနေတာပဲကွ။ ငါ့အသည်းနှလုံးကတော့ ငါသိုထားတဲ့ ရန်ငြိုးနဲ့ပဲ ပွင့်ကွဲလုမတတ်ပဲ။ အဲဒီရန်ငြိုးဟာ ငါ့အသည်းနှလုံးမှာ ဓားလို စိုက်နေတော့တာပဲ” ဟု ပြောပြန်၍ ပါဗယ်ထံသို့ တဖြည်းဖြည်းလျှောက်ကာ ပါဗယ်၏ ပခုံးပေါ်သို့ လက်တင်ထားလေ၏။ သူ့နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ သီးနေပြီး သူ့လက်ကလည်း တုန်နေ၏။ ထိုနောက်...

“ငါ မင်းအကူအညီ လိုတယ်ကွ။ စာအုပ်တွေလည်း ပေးပါဦးကွ။ တခါဖတ်လိုက်ရင် အိပ်မရတဲ့ စာအုပ်မျိုးပေါ့ကွာ။ သူတို့ခေါင်းထဲမှာ

အလွန်စူးရှထက်မြက်တဲ့ အသိဉာဏ်တွေ ထည့်ပေးချင် တယ်ကွ။ မင်းတို့မြို့ထဲက အလုပ်သမားတွေအတွက် စာတွေ ရေးကြတဲ့သူတွေကို ကျေးလက် တောရွာက လူတွေအတွက်လည်း စာတွေရေးကြဖို့ ပြောစမ်းပါဦးကွ။ ရေးတဲ့အခါ မီးတောက် မီးလျှံတွေ တဟုန်းဟုန်းထနေတဲ့ စာတွေမျိုးကို ရေးရမယ်။ ဒါမှ လူတွေက သူတို့အရေးတော်ပုံ အတွက် သူတို့အသက်ကို စွန့်ချင်လာကြမှာ။ (သို့ပြောရင်း သူ၏လက်ကို မြှောက်ကာ သူ့စကားများကို တလုံးချင်း တလုံးချင်း ပီပီသသ ပြောနေပြန်သည်)

"သေခြင်းတရားက သေခြင်းတရားကို နိုင်ရမယ်။ တနည်းအားဖြင့် ပြောရမယ်ဆိုရင် လူတွေကို ကယ်တင်ဖို့ သေရမယ်ဆိုတာပဲကွ။ ကမ္ဘာတဝန်းလုံးမှာရှိတဲ့ လူသန်းပေါင်းများစွာကို ကယ်တင်ဖို့ တို့တွေက ထောင်နဲ့ချီပြီး အသေခံကြရမယ်ကွ။ လိုရင်းအချက်ကတော့ ဒါပဲ။ လူတွေကသာ နိုးကြားတက်ကြွလာမယ်ဆိုရင် လူသားတွေကို ကယ်တင်ဖို့ သေတာဟာ လွယ်ပါတယ်" ဟု နိဂုံးချုပ်လိုက်လေသည်။

အမေသည် လက်ဖက်ရည်ယူလာပြီး ရိုင်ဘင်အား စောင်း၍ ကြည့်လိုက်၏။ အဓိပ္ပာယ် လေးနက်၍ ပြင်းထန်သည့် သူ့စကားများကို ကြားရသဖြင့် အမေသည် ငြိမ်ကျသွား၏။ သူ့ကိုကြည့်ရင်း သူ့ယောကျ်ားကိုသွား၍ သတိရမိ၏။ သူ့ယောကျ်ားသည် သူကဲ့သို့ပင် နှုတ်ခမ်း ကိုက်ပြီး အင်္ကျီလက်ကို ပင့်တတ်၏။ တခါတခါ သူ့လိုပင် ထိန်းမရ သိမ်းမရနိုင်အောင် ဒေါသဖြစ်တတ်၏။ သို့ရာတွင် သူ့ယောကျ်ားသည် သူ့ကိုယ်သူ ဘာကို ဒေါသဖြစ်သည်ဟု မပြောတတ်။ ရိုင်ဘင်ကမူ သူ့ဒေါသကို သူကောင်းကောင်းကြီး ရှင်းလင်းပြောပြတတ်သည်။ ထို့ကြောင့် သူ့ယောကျ်ားလောက် သူသည် ကြောက်စရာမကောင်းချေ။ ပါဗယ်သည် ဦးခေါင်းကို တချက်ယမ်းကာ၊

"ကျွန်တော်တို့ ဒါကိုတော့ လုပ်ကြရမယ်။ ကျွန်တော်တို့ကို အကြောင်းအချက်တွေကိုသာပေးပါ။ ခင်ဗျားတို့အတွက် သတင်းစာတစောင်ကို ရိုက်ပေးမှာပေါ့" ဟု ပြောလိုက်၏။

အမေသည် သူ့သားကို ပြုံးကြည့်ပြီး ဦးခေါင်းကို ယမ်းလိုက်၏။ ထို့နောက် အဝတ်များကိုလဲကာ ဘာမျှမပြောဘဲ အိမ်မှ ထွက်သွားလေသည်။

"အေး၊ ကောင်းတယ်။ တို့က မင်းတို့ကို အကြောင်းအချက်တွေ ပေးမယ်၊ မင်းတို့က ရေးကြပေတော့။ ရေးတဲ့အခါ နွားမတွေတောင် နားလည်နိုင်အောင် ရိုးရိုးနဲ့ ရှင်းရှင်းကလေးသာ ရေးကြပေတော့ကွာ" ဟု ရိုင်ဘင်က ပြောနေစဉ် မီးဖိုခန်းတံခါးကို ဖွင့်၍ လူတယောက် ဝင်လာလေ၏။

ရိုင်ဘင်သည် မီးဖိုခန်းတံခါးဝဆီသို့ လှမ်းကြည့်လိုက်ရင်း "ဒါက ယီဖင်ပါ။

လာလေ ယီဖင်၊ ဒါ ငါ မင်းကိုပြောပြတဲ့ ပါဗယ်ပဲကွ” ဟု ပြောလိုက်၏။

ယီဖင်သည် ပါဗယ်၏ရှေ့၌ မတ်တတ်ရပ်လျက်ရှိ၏။ သူသည် အရပ်ရှည်၏ ဆံပင်ကောင်း၏။ မျက်နှာပြန့်၏။ သိုးရေအင်္ကျီတိုတိုကို ဝတ်ထားပြီး သူ၏ဦးထုပ်ကို လက်ထဲ၌ ကိုင်ထား၏။ သူသည် ပါဗယ်ကို မျက်မှောင်ကြုတ်၍ ကြည့်နေ၏။ ကိုယ်ကာယအားဖြင့် တောင့်တင်းသန်မာပုံ ရှိလေသည်။

“ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ” ဟု အသံခပ်ကျယ်ကျယ်နှင့် ပြောရင်း ပါဗယ်၏ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်၏။ ထိုနောက် သူသည် သူ၏ဆံပင်ကို လက်ချောင်းများနှင့် သပ်ကာ အခန်းတွင်းသို့ ဟိုဟိုသည်သည် ကြည့်ရင်း စာအုပ်များကို မြင်သွားသဖြင့် စာအုပ်စင်ဆီသို့ သွားလေ၏။

“ဟင်း၊ စာအုပ်တွေက အများကြီးပါလား၊ ခင်ဗျားတို့ စာဖတ်ဖို့ အချိန်ရမှာ မဟုတ်ဘူးနော်။ ကျေးလက်တောရွာမှာသာ နေမယ်ဆိုရင် စာဖတ်ဖို့ အချိန်ပိုရမှာပဲ”

“ဒါပေမဲ့ စာဖတ်ချင်တဲ့ ဆန္ဒကတော့ နည်းသွားမယ် မဟုတ်လား” ဟု ပါဗယ်ကမေးလိုက်၏။

“အို၊ အဲဒါကတော့ မဟုတ်ဘူးဗျာ၊ သိပ်ဖတ်ချင်ကြတာပေါ့ဗျာ။ လူတွေက ဦးနှောက်ကို အသုံးပြုလာကြပြီဗျ့” ဟု ပြန်ပြောပြီး ဘူမိဗေဒစာအုပ်ကို ဆွဲယူ၍၊ “ဘူမိဗေဒဆိုတာက ဘာလဲဗျ့” ဟု မေးလေ၏။

ပါဗယ်က သူ့ကို ဘူမိဗေဒ၏ သဘောအဓိပ္ပာယ်ကို ရှင်းပြလိုက်၏။

ယီဖင်သည် “ကျွန်တော်တို့ ဒီစာအုပ်မျိုးကို မလိုပါဘူး” ဟုပြောကာ စာအုပ်ကို ပြန်ထားလိုက်၏။

ရိုင်ဘင်က သက်ပြင်းကြီးတချက် ချကာ၊

“တို့ ဆင်းရဲသား ကျေးတောသားတွေက ကမ္ဘာမြေကြီး ဘယ်ကလာတယ်။ ဘယ်လို ဖြစ်လာတယ် ဆိုတာကို ဂရုမစိုက်ကြဘူးကွ။ သူတို့ စိတ်ပါဝင်စားကြတာက သည်မြေကြီးကို ဘယ်လို အစိတ်စိတ် အပိုင်းပိုင်း ခွဲဝေပေးကြတယ် ဆိုတာပဲ။ သူတို့ မျက်စိအောက်မှာပဲ မြေရှင်ကြီးတွေက ဒီမြေကြီးကို ဘယ်လို ခိုးကြ ယူကြတုံး ဆိုတာကို သိချင်ကြတယ်။ မြေကြီးဟာ ရပ်နေနေ၊ သွားနေနေ သူတို့အတွက် ဘာမျှ အကြောင်းမထူးဘူး၊ မြေကြီးက အစားအစာရနေသမျှ ဒီမြေကြီးကို ဆွဲထားထား၊ သံနဲ့ရိုက်ထားထား သူတို့က အရေးမလုပ်ပါဘူး ဝင်ပြောလေ၏။

ယီဖင်သည်...

ကျွန်စနစ်သမိုင်းစာအုပ်၏ နာမည်ကိုဖတ်ကာ "အဲဒါက ကျွန်တော်တို့အကြောင်းကို ရေးထားတာလား" ဟု မေး၏။

ပါဗယ်က

"မဟုတ်ပါဘူး။ ဒီစာအုပ်ထဲမှာ ရုရှားမြေ ကျွန်စနစ်နဲ့ ပတ်သက်လို့ အခန်းတခန်း တွေ့ရပေလိမ့်မယ်" ဟု ပြောရင်း အခြားစာအုပ်တအုပ်ကို လှမ်း၍ပေးလိုက်၏။ ယီဖင်သည် ထိုစာအုပ်ကိုယူပြီး လှန်လှောကြည့်နေ၏။ တဖန် ဘာမျှဂရုမစိုက်သည့်အနေဖြင့်...

"ဒါက အတိတ်ကဟာတွေပဲ" ဟု ဆိုကာ စာအုပ်ကို ချထားလိုက်၏။

"မင်းမှာ မြေရှိသလား"

"ရှိတာပေါ့၊ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို နှစ်ယောက်မှာ မြေလေးကွက်ပဲ ရှိတယ်။ အားလုံး သဲချည်းပဲ။ ကြေးတွေဘာတွေ တိုက်ဖို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ လယ်ယာ လုပ်ဖို့တော့ မကောင်းဘူး။ (သူသည် တခဏမျှ ရပ်နေလိုက်၏) "ဒါပေမဲ့ ကျွန်တော် မြေတွေကို ထားပစ်ခဲ့ပြီ။ ဘာလုပ်ဖို့လဲ၊ ဒီမြေတွေက ထမင်းကျွေးတာလည်း မဟုတ်ဘူး။ လူကို ဘယ်မျှ သွားလို့လာလို့ မဖြစ်အောင် နှောင်ကြိုးတည်းထားတာပဲ ရှိတယ်။ ကျွန်တော်ဟာ မြေယာအလုပ်သမားဘဝနဲ့ လေးနှစ်တိုင်တိုင် အလုပ်လုပ်ခဲ့တယ်။ နွေဦးကျရင် စစ်ထဲ လိုက်ရသေးတယ်။ ဦးလေး မစ်ခေလိုက မလိုက်နဲ့လို့ ပြောတယ်။ အခုခေတ်မှာ လူတွေကိုသတ်ဖို့ စစ်သားတွေကို လွှတ်နေကြတယ်တဲ့။ ဒါပေမဲ့ ကျွန်တော်ကတော့ လိုက်မယ်လို့ စိတ်ကူးထားတယ်။ စတက်ဂင်ရာဇိုင်နဲ့ ပူဂါချော့တိုတို့ လက်ထက်တုန်းကလည်း စစ်သားတွေဟာ လူတွေကို သတ်ကြတာပဲ။ ယခု ဒါမျိုးတွေမလုပ်ဖို့ တားမြစ်ထားရင် ကောင်းမှာပဲ၊ မဟုတ်ဘူးလားဗျာ"

"အင်း၊ ဒါမျိုးကို တားမြစ်ဖို့ အချိန်ကျနေပြီပေါ့။ ဒါပေမဲ့ သိပ်မလွယ်လှဘူးကွ။ စစ်သားတွေကို ဘာတွေပြောပြပြီး ဘယ်လိုပြောရမယ်ဆိုတာက ခက်တယ်"

"ဒါကိုလေ့လာယူရမှာပေါ့"

"အေး အရာရှိတွေ၊ တာဝန်ခံတွေဆိုတဲ့ လူတွေကမိသွားရင် ခင်ဗျားကို သေနတ်နဲ့ ပစ်သတ်မှာပေါ့" ဟု ပါဗယ်က ယီဖင်အား အံ့အားသင့်စွာနှင့်ကြည့်ပြီး ပြောလိုက်၏။

ယီဖင်သည် စာအုပ်များကို တဖန် ပြန်ကြည့်နေရာမှ

"သူတို့ကတော့ သနားကရုဏာစိတ်ရှိမယ့်လူတွေ မဟုတ်ပါဘူး" ဟု တည်ငြိမ်စွာ ပြန်၍ ဖြေလိုက်၏။

ရိုင်ဘင်က ကြားဖြတ်၍...

"လက်ဖက်ရည်သောက်ဦးကွာ ယီဖင်။ တို့မြန်မြန်သွားကြရအောင်" ဟု ပြောလိုက်ရာ ယီဖင်က

"ကောင်းပါပြီ။ တော်လှန်ရေးဆိုတာက သူပုန်ထတာလား" ဟု မေးလိုက်၏ ထိုအတွင်း ယူကရိန်းသားသည် ရေချိုးနေရာမှ ဝင်လာလေ၏။ မျက်နှာလည်း အိုနေ၏။ ယီဖင်နှင့် စကားတခွန်းမျှ မပြောဘဲ လက်ဆွဲနှုတ်ဆက်ပြီး ရိုင်ဘင်အနား၌ ထိုင်ချလိုက်၏။ ထိုနောက် ရိုင်ဘင်ကိုကြည့်ကာ သဘောကျသည့်အနေဖြင့် နှာခေါင်းလေတချက် မှုတ်ထုတ်လိုက်၏။

ရိုင်ဘင်က ယူကရိန်းသား၏ ဒူးကို လက်နှင့်ပုတ်ပြီး

"ခင်ဗျားကြည့်ရတာ တယ်စိတ်ချမ်းမြေ့ပုံမပေါ်ဘူး။ ဘာဖြစ်နေတာလဲဗျာ့" ဟု မေး၏။

"ဘာမျှ ထူးထူးထွေထွေ မဟုတ်ပါဘူးဗျာ" ဟု ယူကရိန်းသားက ပြန်ဖြေလိုက်၏။ ယီဖင်က ယူကရိန်းသားဘက်သို့ လှည့်ပြီး ခေါင်းကိုညိတ်ကာ...

"သူကလည်း အလုပ်သမားတယောက်လား" ယူကရိန်းသားက မေးလေ၏။

"ဟုတ်တယ်၊ အလုပ်သမားတယောက်ပဲ။ ဘာပြုလို့လဲကွ" ဟု ပြန်မေး၏။

ရိုင်ဘင်က

"သူက အလုပ်ရုံအလုပ်သမားတယောက်ကို တခါမျှ မမြင်ဘူးလို့ပေါ့" ဟု ဝင်၍ ရှင်းပြပြီး

"အလုပ်သမားတွေဟာ တခြားလူတွေနဲ့ တူလည်းမတူဘူး" ဟု ပြောလေ၏။

ထိုအခါ ပါဗယ်က

"ကျွန်တော်တို့က တခြားလူတွေနဲ့ ဘယ်လိုမတူလို့တုံး" ဟု မေးလိုက်၏။ ယီဖင်သည် ယူကရိန်းသား၏ ကိုယ်လုံးကိုယ်ထည်ကို သေသေချာချာ ဂရုစိုက်၍ ကြည့်ပြီး

"ခင်ဗျားတို့ အလုပ်သမားတွေရဲ့အရိုးတွေက ငေါ်နေတယ်။

တောင်သူလယ်သမား ဆင်းရဲသားတွေရဲ့ အရိုးတွေကတော့ အဲဒီလို ငေါမနေဘဲ ချောနေတယ်ဗျာ” ဟု ပြန်ပြောလေ၏။

ရိုင်ဘင်က ကြားဝင်ပြီး

“ဆင်းရဲသား တောင်သူလယ်သမားက ခြေကုတ်မြဲသေးတယ်။ မြေကြီးကို သူမပိုင်ပေမဲ့ မြေကြီးပေါ်မှာ သူရပ်တည်နေရတယ်ဆိုတာကို သူသိတယ်။ ဒါပေမဲ့ စက်ရုံ အလုပ်သမား တယောက်က ငှက်လိုပဲ။ သူ့မှာ ဇာတိရပ်ရွာရယ်လို့ အစွဲအလမ်း မရှိဘူး။ အိမ်ရယ်ယာရယ် လို့လည်း သဘောမထားဘူး။ ကနေ့ ဒီမှာနေပေမဲ့ နက်ဖြန်ကျတော့ ဟိုနေရာကို ရောက်သွားရော။ မိန်းမကတောင် သူ့ကို တနေရာတည်း မြဲနေအောင် ဆွဲမထားနိုင်ဘူး။ အကြောင်းတခုခုကြောင့် တနေရာရာက ထွက်သွားရရင် သူက အဲဒီမိန်းမကို တခါတည်း ထားပစ်ခဲ့တော့တာပဲ။ တနေရာမှာ အလုပ်လုပ်လို့ အပေါက်အလမ်း မတည့်ရင် တခြားတနေရာကို ပြောင်းဖို့ရန် ဦးမလေးဘူး။ ဒါပေမဲ့ ဆင်းရဲသား တောင်သူလယ်သမား တယောက်ကတော့ ဒီလို ဟိုရွှေ့လိုက်၊ သည်ပြောင်းလိုက်နဲ့ မဟုတ်ဘဲ တနေရာရာမှာ ကုတ်ပြီး ဘဝကို ပိုကောင်းအောင် ဖန်တီးနေတတ်တယ်။ ဟော အမေလည်း ပြန်လာပြီ” ဟု ပြောလေ၏။

ယီဖင်သည် ပါဗယ် အနီးသို့ ကပ်လာပြီး “ခင်ဗျားစာအုပ် တအုပ်လောက် ငှားပါလားဗျာ” ဟု ပြောရာ ပါဗယ်က ငှားလိုက်၏။ ယီဖင်သည် အကျေနပ်ကြီး ကျေနပ်ပြီး...

“ကျွန်တော် ဆက်ဆက်ပြန်ယူခဲ့ပါ့မယ်။ ကျွန်တော်တို့လူတွေက အမြဲတမ်း ကတ္တရားစေး လာလာပို့ကြရပါတယ်။ ကျွန်တော် သူတို့ကို ပေးလိုက်ပါမယ်” ဟု ပြောပြလေ၏။

ရိုင်ဘင်သည် သူ၏ သိုးရေအင်္ကျီကိုဝတ်ပြီး ခါးပတ်ကို ပတ်နေရာမှ “သွားဖို့အချိန်တန်ပြီ” ဟု ယီဖင်အား ပြောလေ၏။ ယီဖင်ကမူ စာအုပ်ကိုကိုင်၍ ပြုံးလျက်

“ဒါအတွက် တကယ့် ဝမ်းသာစရာကြီးပဲဗျာ့” ဟုပြောရင်း ရိုင်ဘင်နှင့်အတူ ထွက်သွားကြလေ၏။ ပါဗယ်သည် ယူကရိန်းသားဘက်သို့ စိတ်အားတက်ကြွစွာ ကြည့်၍

“ကဲ၊ ခင်ဗျား သူတို့ကို ဘယ်လိုသဘောရသလဲ” ဟု အော်၍ မေးလိုက်၏။ ယူကရိန်းသားက အသံလေးတွဲ့တွဲ့နှင့်၊

“အင်း၊ လေပြင်းမုန်တိုင်း နှစ်လုံးပေါ့ကွာ” ဟု ဖြေလေ၏။ အမေကမူ၊

"ရိုင်ဘင်ကတော့ကွယ်၊ တကယ့်ကို အလုပ်ရုံထဲမှာ အလုပ်တခါမှ မလုပ်ခဲ့ဖူးသလိုပဲကွယ်။ ဆင်းရဲသား တောင်သူ လယ်သမား စစ်စစ်ကြီးပဲကွဲ့။ ပြီးတော့ တကယ် ကြောက်စရာကောင်းတဲ့လူ" ဟု ပြောလေ၏။

ယူကရိန်းသားသည် စားပွဲ၌ထိုင်လျက် သူ့လက်ဖက်ရည်ခွက်ကို မျက်မှောင်ကြုတ်၍ ကြည့်နေ၏။ ပါဗယ်က သူ့အား၊

"သူတို့လာတုန်းက ခင်ဗျားမရှိတာ ဆိုးလိုက်တာဗျာ။ ခင်ဗျားက အမြဲတမ်း လူသားရဲ့စိတ်ထား အကြောင်းကို ပြောတတ်တယ်။ သူတို့နှစ်ယောက်ရဲ့စိတ်ထားကို ခင်ဗျား သိစေချင်တယ်။ ရိုင်ဘင်ပြောတဲ့ စကားကို ကြားရတော့ ကျွန်တော်ဖြင့် သိပ်ပြီ အံ့အားသင့်သွားတာပဲ။ သူ့ကို ပြန်တောင် မဆွေးနွေးနိုင်ဘူးဗျာ။ သူက လူသားတွေကို ယုံလည်းမယုံဘူး။ လူသားကိုလည်း တန်ဖိုးမထားတော့ဘူး။ အမေပြောတာ မှန်တယ်ဗျာ့။ သူ့ကိုကြည့်ရတာ ကြောက်စရာ ကောင်းတယ်ဗျာ့" ဟု ပြောပြလေ၏။

ယူကရိန်းသားက စိတ်လက်မကြည်မသာဖြင့်၊

"အေး၊ ဒါဖြစ်ရမယ်။ အုပ်ချုပ်တဲ့လူတွေက လူတွေရဲ့စိတ်ဓာတ်တွေကို ဖျက်ဆီးပစ်ကြတယ်။ လူထုတွေဟာ ထကြွလာရင် သူတို့က အကုန်လုံး ဖျက်ဆီးပစ်ကြမှာပဲ။ ဘာမှ ချန်ထားမှာ မဟုတ်ဘူး။ သူတို့က မြေကြီးချည်း ချန်ထားမှာပဲ။ တကယ်လို့ မြေကြီးချည်း ကျန်မနေရင် ကျန်အောင် လုပ်ရမှာပဲကွ။ အကုန်လုံးကို ဖြိုဖျက်ပစ်ကြမှာပဲ" ဟု ပြန်ပြောလိုက်၏။

သူ၏စိတ်သည် တစုံတခုပေါ်တွင် အာရုံစိုက်လျက်ရှိရာ စကားကို ဖြည်းဖြည်း ပြော၏။ အမေက လက်ကိုဆန့်၍ သူ့ကို အသာတို့ပြီး၊

"အင်ဒရေယူရှာ၊ ကိုယ့်ကိုယ်ကိုလည်း သတိထားဦးမှပေါ့" ဟု ပြောလိုက်ရာ၊ "ခဏကလေးပါ အမေ" ဟု တည်ငြိမ်စွာ ပြန်ပြောပြီး ရုတ်တရက် စားပွဲကို လက်နှင့်ပုတ်ကာ၊

"အေး၊ ပါဗယ်၊ အဲဒါ ဟုတ်တယ်ကွ။ ဆင်းရဲသား တောင်သူလယ်သမားတွေကတော့ အခုလို ကုန်းပြီး ပြားပြားဝပ်နေရာက ထနိုင်တာနဲ့ တပြိုင်နက် မြေကြီးကို သူတို့အတွက် ခွဲဝေယူကြ မှာပဲကွ။ ပလိပ်ရောဂါဖြစ်ပြီး မီးရှို့ပစ်သလို အကုန်လုံးကို မီးတင် ပစ်လိုက်မှာပဲကွာ။ သူတို့ ခံခဲ့ကြရတဲ့ ဒဏ်ရာဒဏ်ချက်တွေ အစရှာမတွေ့အောင် ဆက်၍ပြောလေ၏။

"ဒါဖြင့်ရင် သူတို့က ကျွန်တော်တို့ကို နှောင့်ယှက်နေဦးမှာပေါ့" ဟု ပါဗယ်က ပြောလိုက်ရာ ယူကရိန်းသားက၊

“သူတို့က တို့ကို မနှောင့်ယှက်နိုင်အောင် လုပ်ဖို့ရာက တို့တာဝန်ပဲကွ။ သူကို ထိန်းချုပ်ဖို့က တို့အလုပ်ပဲကွ။ တို့တတွေက သူများတတွေထက် သူတို့နဲ့ပိုပြီး နီးစပ်တယ်။ အဲဒီတော့ သူတို့က တို့ကိုပိုယုံကြည်မယ်။ တို့ခေါင်းဆောင်တာကိုလည်း လိုက်မယ်ကွ” ဟု ပြန်ဖြေလေ၏။

“ရိုင်ဘင်က ကျွန်တော်တို့ကို ကျေးလက်တောရွာတွေအဖို့ သတင်းစာတစောင် ထုတ်ဖို့ ပြောတယ်ခင်ဗျာ”

“အဲဒါက တို့လုပ်ရမယ့် အလုပ်ပဲ”

“ကျွန်တော် သူနဲ့ အချေအတင် မဆွေးနွေးလိုက်ရတာ သိပ်ဆိုးတာပဲဗျာ”

“ဒီလိုဆွေးနွေးဖို့ အချိန်ရှိပါသေးတယ်။ ပတ်သာ နာနာတုတ်ပေးပါကွာ။ တွယ်တာစရာ၊ တပ်မက်စရာ မြေယာမရှိတဲ့လူတွေကတော့ ဆိုင်းသံကြားရင် ထကကြမှာပါ။ တို့တတွေဟာ အခြေအနေ အတည်အကျ မရှိဘူးလို့ ရိုင်ဘင်ကပြောတာ မှန်တယ်ကွ။ အခြေအနေကို အတည်တကျ နေဖို့မလိုဘူး။ တို့က ကမ္ဘာမြေကြီးကို တခါတည်း ဆွဲလှုပ်ပြီး ခါကြရမယ့်လူတွေ။ တို့တခါ ဆွဲခါလိုက်ရင် လူတွေဟာ ကပြောင်းကပြန် ဖြစ်ကုန်မယ်။ နောက်တခါ ဆွဲခါလိုက်တော့ အားလုံး လွတ်လပ်ကုန်ရမှာပေါ့ကွာ”

“မင်းအတွက်တော့ ဘာမဆို လွယ်လိုက်တာနော် အင်ဒရေယူရှာ” ဟု အမေက ရယ်သွမ်းသွေး၍ ဝင်ထောက်လိုက်၏။

“အမေ၊ ဒါက ဘဝလိုပဲ သိပ်ရှင်းပါတယ်”ဟု ယူကရိန်းသားက ပြန်ပြောလိုက်၏။ ထိုနောက် မိနစ်အနည်းငယ် ကြာသောအခါ၊

“ကဲ၊ ကျွန်တော်လည်း ကွင်းပြင်ထဲထွက် လမ်းလျှောက်လိုက်ဦးမယ်” ဟု ပြောလေရာ အမေက၊

“အေး၊ အခုပဲ ရေချိုးပြီးတယ်။ လေကတိုက်သနဲ့၊ အအေးမိနေပါဦးမယ်” ဟု ပြောလိုက်၏။

“အညောင်းပြေ၊ အညာပြေပေါ့ အမေရယ်”

“အအေးမမိစေနဲ့ဗျာ့၊ တရေးမှေးလိုက်တာ ကောင်းပါလိမ့်ဦးမယ်”

“မဟုတ်သေးဘူးကွ။ အပြင်ထွက်လိုက်ဦးမှ ဖြစ်မယ်” ဆိုကာ အဝတ်အစားများ ဝတ်၍ ထွက်သွားလေ၏။

အမေက သက်ပြင်းချကာ၊

“သူတော့ စိတ်မချမ်းမသာဖြစ်နေပုံရတယ်” ပြောရာ ပါဗယ်က၊ “အမေ သူ့ကို ဟိုကိစ္စ ဖြစ်ပြီးကတည်းက ပိုပြီးခင်မင်လာတယ်နဲ့တူတယ်” ပြောလိုက်၏။

“အမေကတော့ သတိမထားမိဘူးကွယ့်။ ငါ သူ့ကို ငါမပြောတတ်လောက်အောင် ချစ်ခင်မိတယ်”

“အမေ၊ အမေဟာ လူတဦးတယောက်ကို အလွန်သနားတတ်တယ်”

“အမေကတော့ သားနဲ့ သားမိတ်ဆွေ အပေါင်းအသင်းတွေကို တတ်နိုင်သလောက် ကူညီချင်တာပဲ၊ ဘယ်လိုကူညီရမယ် ဆိုတာကိုသာ သိရရင်တော့”

“အမေ၊ သိလာမှာပါ”

“စိတ်ထဲမှာ စိုးရိမ်သောက ဖြစ်ဖြစ်နေတာကို မဖြစ်အောင် အသိဉာဏ် ရှိစေချင်တာပါပဲ”

“ဒီအကြောင်းတွေကို မပြောဘဲနေတာက ကောင်းပါလိမ့်မယ် အမေ၊ ဒါပေမဲ့ အမေ့ကိုလေ ကျွန်တော် သိပ်ပြီး ကျေးဇူးတင်တယ် ဆိုတာကိုတော့ စိတ်ချစေချင်ပါတယ် အမေ”

ထိုနောက် အမေသည် သူမျက်ရည်ကျသည်ကို ပါဗယ် မမြင်အောင် မီးဖိုခန်းထဲသို့ ဝင်သွားလေ၏။

ယူကရိန်းသားသည် လမ်းလျှောက်ရာမှ ပြန်လာပြီး၊

“ကွာ ၇ မိုင်လောက် လျှောက်လိုက်ရမှ ကောင်းမှာပါ” ဟု ပြောရာ ပါဗယ်က၊ “လမ်းလျှောက်လို့ အကျိုးထူးသလား” ဟု ပြန်မေးလျှင်

“ကဲ ဒါတွေကို ပြောမနေပါနဲ့ကွာ။ ငါအိပ်တော့မယ်” ဟုဆိုရင်း အိပ်ရာဝင်သွားလေ၏။

များမကြာမီ နစ်ကိုလိုင် ပေါက်လာလေ၏။ သူသည် ခါတိုင်းကဲ့သို့ပင် ညစ်ညစ် စုတ်စုတ်နှင့် စိတ်လက် မကျေမချမ်း ဖြစ်နေ၏။ အခန်းထဲ၌ ဟိုလျှောက်သည်လျှောက် လုပ်ရင်း ပါဗယ်အား

“အိုင်ဆိုင်း သတ်တဲ့လူ ဘယ်သူဆိုတာ မင်းကြားပြီလား” ဟု မေးလိုက်ရာ ပါဗယ်က၊

“မကြားသေးဘူးဗျာ” ဟု တိုတိုတောင်းတောင်းနှင့် ဖြေလိုက်၏။ ။

"အေး သူတို့ကတော့ကွာ ဒီကိစ္စနဲ့ပတ်သက်လို့ သိပ်ပြီး ကောင်းလှတဲ့လူနဲ့မှ သွားတွေ့ကြတယ်။ ကိုယ်တိုင်က သူ့ကို တွယ်လိုက်ချင်တာ၊ ငါမတွယ်လိုက်ရတာ သိပ်ဆိုးတာပဲ။ ဒီအလုပ်နဲ့ ငါနဲ့ ကိုက်တာ" ဟု နစ်ကိုလိုင်က ပြောနေရာ ပါဗယ်က

"ဒီလိုစကားမျိုးတွေကို မပြောပါနဲ့ဗျာ" ချစ်ခင်ရင်းနှီးစွာ ဆိုလိုက်၏။ အမေက ကြားဖြတ်၍ သူ့အား ကြင်နာစွာ၊

"တကယ့်မဖြစ်နိုင်တာ ပြောရှော့မယ်။ ထောင်လိုက်တဲ့ပါးပျဉ်းကတော့ မြွေဟောက်ကျနေတာပဲ။ လူကတော့ မြက်လျှော" ဟု ပြောလိုက်၏။

အမေသည် နစ်ကိုလိုင်အား ထိုနေ့ညက တွေ့ရသည့်အတွက် ဝမ်းသာ၏။ ကျောက်ပေါက်မာ ထူလှသည့် သူ၏မျက်နှာသည် ကြည့်လို့ကောင်းသလိုလို ထင်ရ၏။ နစ်ကိုလိုင်သည် ပခုံးများကို တွန့်ပြီး ပါဗယ်အား၊

"ငါက ဒီအလုပ်မျိုးနဲ့ပဲ တော်တယ်။ ငါ ဘာများလုပ်နိုင်ပါမလဲလို့ စဉ်းစားကြည့်တော့ ငါဘာမျှမလုပ်နိုင်ဘူး။ မင်းကတော့ လူတွေကို ဟောရမယ်၊ ပြောရမယ်။ ငါကတော့ ဘယ်လိုပြောရမှန်းမသိဘူး။ လူတွေဟာ ဘယ်လို မတရား အလုပ်ခံရတယ်ဆိုတာရယ်၊ ဘယ်ကိစ္စတွေက ဘယ်လိုဖြစ်နေတယ်ဆိုတာရယ်ကို ငါသိတယ်။ ဒါပေမဲ့ ငါဒါတွေကို ပါးစပ်က ပြောမပြတတ်ဘူးကွ။ ငါက စကားမပြောတတ်တဲ့ အဆွံ့လိုဖြစ်နေတယ်" ဟု ပြော၏။

ထိုနောက် ပါဗယ်အနီးသို့ သွားကာ မျက်လွှာချပြီး စားပွဲကို လက်သည်းများနှင့် ကုတ်ရင်း ခါတိုင်း သူပြောနေကျ လေသံမျိုးနှင့်မဟုတ်ဘဲ ကလေးသဖွယ် ရိုးသားစွာ၊

"ငါ့ညီတို့ရာ ခပ်ခက်ခက် အလုပ်တခုကို အစ်ကို့ပေးကြစမ်းပါ။ ငါဒီလိုချည်း နေသွားလို့တော့ မဖြစ်ဘူး။ မင်းတို့တတွေ အားလုံးဟာ အလုပ်လုပ်ကြရတာ အားတောင် မအားကြဘူး။ ပြီးတော့ မင်းတို့လုပ်ငန်း ဘယ်လိုကြီးထွားနေတယ် ဆိုတာလည်း ငါသိတယ်။ ငါ့မှာတော့ ဘာအလုပ်မျှ မရှိဘူး။ သစ်တုံးတွေ၊ ပျဉ်ပြားတွေကို ဆွဲလိုက် ရှန်းလိုက် လုပ်နေရတာပဲ ရှိတယ်။ ငါအသက်ရှင်နေတာ ဘာလုပ်ဖို့လဲကွာ။ ငါ့ကို ခက်ခက်ခဲခဲ အလုပ်တခုကို ပေးကြစမ်းပါကွာ" ဟု ပြောနေပြန်၏။

ပါဗယ်သည် သူ့လက်ကိုလှမ်းကိုင်ပြီး သူ့အနားသို့ဆွဲကာ၊ "ပေးပါမယ်ဗျာ" ဟု ပြော၏။

ထိုအတွင်း ယူကရိန်းသားက အခန်းတွင်းမှနေ၍၊

"ကဲ၊ ကျုပ်က ခင်ဗျားကို ကျုပ်တို့ စာစီသမားဖြစ်အောင် သင်ပေးမယ်လေ၊

ဘယ့်နှယ်လဲ သဘောကျရဲ့လား နစ်ကိုလိုင်” ဟု မေးလိုက်ရာ နစ်ကိုလိုင်သည် အခန်းထဲသို့ ဝင်သွားပြီး၊

“ခင်ဗျားက သင်မယ်ဆိုရင် ကျုပ်က သင်မယ်လေ၊ ကျုပ်က ခင်ဗျားကို ကျုပ် ဓားပေးမယ်လေ” ဟု ပြန်ပြောလိုက်လျှင် ယူကရိန်းသားက အားပါးတရ ရယ်ကာ၊ “ခင်ဗျားဓားက ဘာလုပ်ဖို့လဲ”ဟု အော်လိုက်၏။

ထိုအခါ နစ်ကိုလိုင်က၊ “တကယ်ကောင်းတဲ့ဓားဗျာ့” ထပ်၍ လောနေပြန်၏။

ပါဗယ်သည် သူတို့ပြောသံကို နားထောင်နေရာမှ ရယ်လိုက်သောအခါ နစ်ကိုလိုင်သည် အခန်းအလယ်၌ မတ်တတ်ရပ်ပြီး

“ငါ့ကို ရယ်နေတာလားကွ” ဟု မေးလျှင် ယူကရိန်းသားသည် အိပ်ရာထဲမှ ရုတ်တရက် ထကာ၊

“ဟုတ်တယ်လေ။ ကဲ၊ နားထောင်ကြဦး၊ ကွင်းပြင်ထဲ လမ်းလျှောက်သွားကြအောင်။ ကနေ့ည လသာတယ်။ ကဲ၊ သွားကြမလားဟင်” ဟု လမ်းလျှောက်ရန် အဖော်ညှိလိုက်၏။

ပါဗယ်က “အဲဒါကောင်းတယ်” ဟု ပြော၏။

နစ်ကိုလိုင်ကလည်း၊ “ကျုပ်လည်းပဲ လိုက်မယ်လေ၊ ကျုပ်က ယူကရိန်းသား ရယ်သံ ကြားချင်လို့ပါ”

ဟု ပြောလျှင် ယူကရိန်းသားက၊

“ကျုပ်ကိုလည်း ခင်ဗျားက လက်ဆောင်ပေးမယ်လို့ ကတိပေးရမယ်နော်” ဟု တချက်မျှရယ်၍ ပြောလိုက်လေသည်။

ထို့နောက် ယူကရိန်းသားသည် အဝတ်ဝတ်ရန် မီးဖိုခန်းထဲသို့ ဝင်သွားလေ၏။ အမေက “အေး၊ အဝတ်ဆွေးဆွေး ဝတ်သွားနော်” ဟု ဆို၏။ သူတို့သုံးယောက် အိမ်မှ ထွက်သွားသောအခါ အမေသည် သူတို့အား ပြတင်းပေါက်မှနေ၍ ကြည့်နေပြီး ဘုရားရုပ်ပွားတော်ဘက်သို့ လှည့်ကာ

“ဘုရားသခင်ကိုယ်တော်မြတ်ဘုရား၊ သူတို့အပေါ်မှာ စောင့်ရှောက်တော်မူပါ ဘုရား၊ ကူညီတော်မူပါ ဘုရား” ဟု တိုးတိုး ဆုတောင်းနေလေသတည်း။

အခန်း နှစ်ဆယ့်ခြောက်

အချိန်သည် တနေ့ပြီးတနေ့ အလွန် ကုန်ခန်းလွယ်လှရကား အမေသည် မေဒေးနေ့ နီးလာသည်ကိုပင် သတိမထားမိနိုင်ချေ။ သို့ရာတွင် တနေ့လုံးလုံး ဆူညံဆူညံ အသံတို့ဖြင့် ငြီးငွေ့လှသဖြင့် ညဥ့်အခါ အိပ်ရာပေါ်၌ပင် ပင်ပန်းနွမ်းရိစွာ လဲ့လိုက်လျှင် သူ၏ ရင်တွင်း၌ စိတ္တဇဝေဒနာသည် ပေါ်ပေါက်လာတတ်လေသည်။

"အဲဒီနေ့တော့ ရောက်စေချင်လှပါပြီ" ဟုလည်း ညည်းညူမိ၏။

ရောင်နီသန်းလာလျှင် အလုပ်ရုံမှ ဥသြမှုတ်၏။ ပါဗယ်နှင့် အင်ဒရေယူရှာတို့သည် နံနက်စာကို သုတ်သီးသုတ်ပျာ စားကြပြီး အလုပ်ရုံသို့ သွားကြ၏။ အမေသည် အိမ်မှုအိမ်တာ ကိစ္စအဖြာဖြာနှင့် အိမ်၌ တယောက်တည်း ကျန်ရစ်ခဲ့၏။

သူသည် ညစာချက်ရ၏။ ကော်ကျိုရ၏။ ကြော်ငြာစာရွက်ကြီးများကိုရေးရန် ခရမ်းရောင် မင်များကို ဖျော်ရ၏။ ဟိုမှသည်မှ တိတ်တဆိတ် ပေါ်လာကြကာ ပါဗယ်ထံသို့ စာများလာပေးပြီး တိတ်တဆိတ်ပင် ကွယ်ပျောက်ကြသူများကို လက်ခံစကားပြောရ၏။ ဤလုပ်ငန်းများဖြင့် အမေသည် တနေ့လုံးလုံး လှောင်အိမ်ထဲတွင် ထည့်ထားသည့် ရှဥ့်ငယ်ပမာ ဟိုပြေးလိုက်၊ သည်လွှားလိုက်နှင့် အလုပ်များနေရှာ၏။

ညစဥ်လိုလို အလုပ်သမားများအား မေဒေးနေ့၌ ပါဝင်ဆင်နွဲကြရန် လှုံ့ဆော်သည့် ကြေညာစာတမ်းများကို ဝင်းထရံများနှင့် ဂါတ်တဲတံခါးများပေါ် ကပ်ထားကြ၏။ အလုပ်သမား ကြေညာစာတမ်းများကိုလည်း နေ့စဥ် အလုပ်ရုံထဲ၌ တွေ့ရ၏။ နံနက်တိုင်း ပုလိပ်များသည် အလုပ်သမား ရပ်ကွက်အတွင်း၌ လှည့်လည်သွားလာကြပြီး ဝင်းထရံများ၊ အိမ်နံရံများ၊ တံခါးများပေါ်မှ ကြေညာစာတမ်းကို ဆုတ်ခွာရင်း ကျိန်ဆဲကြ၏။ သို့ရာတွင် ညနေစာစားချိန်၌ လမ်းသွားလမ်းလာတို့၏ ခြေကြိုခြေကြား၌ ကြေညာစာတမ်းများသည် ပေါ်လာကြပြန်၏။ မြို့မှ စုံထောက်များကို စေလွှတ်ပြီး သူတို့က ညနေစာ စားချိန် အလုပ်ရုံမှ ပျော်ပျော်ပါးပါး သွားလိုက်၊ ပြန်လိုက် လုပ်နေကြသည့် အလုပ်သမားများတို့၏ မျက်နှာများကို လမ်းဆုံ လမ်းထောင့်များမှ ရပ်၍ အကဲခတ်ကြ၏။ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို ပုလိပ်များက မထိန်းနိုင် မသိမ်းနိုင် ဖြစ်နေသည်ကိုကြည့်ပြီး လူတိုင်းက သဘောကျနေ၏။ အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သည့် အလုပ်သမားကြီးများကပင် ပြုံးနေကြလေသည်။

"သူတို့ ဘာလုပ်နေကြတယ် ဆိုတာကို ကြည့်စမ်းပါဦးဗျာ" ဟု သူတို့က

ဆိုကြ၏။

အလုပ်သမားများသည် ဟိုတစု၊ သည်တစုခွဲကာ ကြေညာစာတမ်းများနှင့် ပတ်သက်၍ စိတ်ခတ် ပြင်းပြစွာ ဆွေးနွေးကြ၏။ အလုပ်သမားတို့သည် စိတ်ခတ် အလွန် တက်ကြွကြ၏။ လူတိုင်းလူတိုင်း ထိုနှစ်မိုးဦး၌ အခြားနှစ် မိုးဦးရာသီများထက် ပို၍ ပျော်ရွှင်ကြ၏။ ထိုနှစ်မိုးဦးရာသီတွင် တရားအသစ်တခုကို တွေ့နေ၏။ အချို့လူများကလည်း ခါတိုင်းထက် ဒေါသထွက်ကာ သူပုန်များကို အတိအလင်း ကျိန်ကြ ဆဲကြ၏။ အချို့သူများကမူ (ထိုသူများသည် လူနည်းစုဖြစ်၏) လူတွေကို လှုပ်ရှား ထကြွအောင် လှုံ့ဆော်နေကြသူများကား ထိုသူပုန်များပင် ဖြစ်သည်ကို သိသဖြင့် အူမြူးနေကြ၏။

ပါဗယ်နှင့် ယူကရိန်းသားတို့အား အိပ်ဖို့ရန်ပင် အချိန်မရှိကြ။ သူတို့သည် အရုဏ်တက်မှ အိမ်သို့ ပြန်လာပြီး အိမ်သို့ရောက်လျှင် မောပန်းနွမ်းရိကာ အသံများပင် မထွက်တော့ချေ။ သူတို့တတွေ တောအုပ်ကလေးများထဲသို့သွား၍ စည်းဝေးကြသည်ကို အမေ သိ၏။ မြင်းစီးပုလိပ်များသည် ညဥ့်အခါ အလုပ်သမားရပ်ကွက် ပတ်ဝန်းကျင် ကျေးလက်ဒေသတို့ကို လှည့်လည်ကြ၏။ နေရာတကာ၌ စုံထောက်များကို ချထား၏။ သူတို့သည် အချို့အလုပ်သမားတို့ကို ဖမ်းဆီးကြ၏။ ရှာဖွေကြ၏။ သူတို့တွေ့သမျှ လူစုလူအုပ်ကို အတင်းခွဲပြီး တခါတရံ ဖမ်းကြ ဆီးကြ၏။ အမေသည် ပုလိပ်နှင့် စုံထောက်တို့ ဤကဲ့သို့ လုပ်နေကြသည်ကို သိ၏။ တဆက်တည်းပင် ပါဗယ်နှင့် ယူကရိန်းသားတို့ အမြဲတမ်း အန္တရာယ်ကို ရင်ဆိုင်နေကြရသည်လည်း ကောင်းကောင်းကြီး နားလည်၏။ အမေသည် သူတို့နှစ်ယောက် အဖမ်းအဆီး ခံထားရသည် ကပင် ပို၍ကောင်းလိမ့်မည်ဟု ယူဆကာ အဖမ်းခံရပြီးသားပင် ဖြစ်နေစေချင်သည်။

အလုပ်သမားလုပ်ခွင် မှတ်တမ်းစာရေး အိုင်ဆိုင်းကို သတ်သည့် လူသတ်မှုနှင့် ပတ်သက်၍ ဘယ်သူကမှ ဘာမျှ မပြောတော့ဘဲ ငြိမ်သွား၏။ နယ်မြေဂါတ်မှ ပုလိပ်များသည် နှစ်ရက်တိတိ ထိုအမှုနှင့်ပတ်သက်၍ သူ၏ ထင်မြင်ယူဆချက်ကို ပြောပြ၏။ သူသည် အခြားသူများကဲ့သို့ပင် ပုလိပ်များနှင့် လေပေးဖြောင့်သူ ဖြစ်သဖြင့် သူ၏သဘောထားသည်လည်း ပုလိပ်များ၏ သဘောထားပင် ဖြစ်ပေမည်။

"လူသတ်မှုတရားခံကို ဖမ်းမိဖို့ရန် အခြေအနေ တော်တော်ကောင်းတယ် ယောက်မရဲ့။ အိုင်ဆိုင်းကို အဲဒီနေ့မနက်က လူတော်တော်များများက မြင်ခဲ့၊ တွေ့ခဲ့တယ်တဲ့။ အဲဒီ မြင်ခဲ့၊ တွေ့ခဲ့တဲ့ လူတွေထဲက သူသေတာကို တော်တော်များများ ဝမ်းသာကြမှာပဲ။ သူက လူတွေကို ဒေါသဖြစ်အောင် လုပ်လုပ်နေတာ ခုနစ်ရက်ရှိနေပြီ"

ယူကရိန်းသားက သိသိသာသာကြီး ရုပ်ပြောင်းသွား၏။ သူ၏မျက်နှာသည် ချောင်ကျသွား၏။ မျက်ခုံးများသည် မို့တက်လာ၍ မျက်လုံးများသည် မပွင့်တပွင့် ဖြစ်လာ၏။ ပါးရေများလည်း တွန့်လာ၏။ သူသည် သာမန်အရေးကိစ္စတို့နှင့် ပတ်သက်၍ စကားပြောနည်းလာ၏။ သို့ရာတွင် ဝိဇ္ဇာတရားနှင့် လွတ်လပ်မှုတို့ အောင်ပွဲခံရမည့် သူ မျှော်မှန်းထားသော အနာဂတ်ကာလနှင့် ပတ်သက်၍ ပြောသည့်အခါများ၌ သူ့စကားကို နားထောင်ရသူတို့၏ စိတ်ဓာတ်သည် လှုပ်ရှားတက်ကြွလာရ၏။ သူကိုယ်တိုင်လည်း အလွန်စိတ်အားထက်သန်လာလေသည်။

ထိုအတွင်း အိုင်ဆိုင်း အသတ်ခံရမှုနှင့် ပတ်သက်၍ လေသံသည် တိတ်သွား၏။

"သူတို့တတွေကတော့ လူတွေကို အရေးမစိုက်ဘူး။ တို့တတွေကို ဘက်ကန်ခိုင်းထားတဲ့ လူတွေကိုတောင် အရေးမစိုက်ဘူးကွ။ သူတို့ရဲ့ကြေးစားတွေ သေတာတောင် ဝမ်းမနည်းဘူးကွ။ သူတို့ပိုက်ဆံလောက်ကိုသာ အရေးစိုက်ကြတာကွ" ဟု မျက်နှာကို မဲ့ပြုံးပြုံးပြီး ယူကရိန်းသားက ပြောလေ၏။

"ဒီစကားတွေ ပြောမနေပါနဲ့တော့ဗျာ" ဟု ပါဗယ်က တည်ငြိမ်စွာ ပြောလိုက်၏။ အမေက၊

"ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ပစ္စည်းဆိုတာ တချက်လောက် တို့လိုက်ရုံနဲ့ ပြိုကွဲမှာပေါ့ကွယ်" ဟု ဝင်ပြော၏။

"ဟုတ်တော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သိပ်စိတ်ချမ်းမြေ့စရာ မကောင်းဘူးဗျာ" ဟု ယူကရိန်းသားက သုန်သုန်မှုန်မှုန်နှင့် ပြန်ပြောလိုက်၏။

ယူကရိန်းသားသည် ဤကဲ့သို့ မကြာခဏ ပြောလေ့ရှိ၏။ သူပြောလိုက်လျှင် ထိုစကားများသည် အဓိပ္ပာယ်ကျယ်ဝန်းသွား၏။ ၎င်းပြင် အလွန်လည်း ရင့်သီးလှ၏။ သို့နှင့် နောက်ဆုံး၌ အချိန်ကာလ ရှည်လျားစွာ စောင့်မျှော်ခဲ့ကြသည့် မေဒေးနေ့သည် ဆိုက်ရောက်လာလေသည်။

အလုပ်ရုံမှ ဥသြသံသည် ခါတိုင်းကဲ့သို့ပင် အာဏာသံပါပါ ပေါ်ထွက်လာလေ၏။ တညလုံးလုံး တရေးမှ မမှေးနိုင်ခဲ့သည့် အမေသည် ဥသြသံကို ကြားလိုက်သည်နှင့် တပြိုင်နက် အိပ်ရာမှ ကပျာကယာ ထကာ လက်ဖက်ရည်အိုး တည်ရန် မီးမွှေးလိုက်လေ၏။ သူ့သားနှင့် ယူကရိန်းသားတို့ အိပ်ခန်းတံခါးကို ခါတိုင်းကဲ့သို့ ခေါက်၍ နှိုးတော့မည်ဟု ဟန်ပြင်လိုက်ပြီး နောက် မခေါက်ဘဲ ထိုင်နေလေ၏။ သွားကိုက်သဖြင့် ပါးကို အသာ လက်နှင့် ဖိပေးထားသကဲ့သို့ လက်တဖက်နှင့် မျက်နှာကို ကိုင်ထားလေ၏။

ပြာလဲ့လဲ့ မိုးကောင်းကင်ပြင်တွင် ပန်းနုရောင်နှင့် အဖြူရောင် တိမ်တိုက်စုတို့သည့် ဖြတ်သန်းလျက် ရှိရာ ဤတိမ်တိုက်စုများသည် အလုပ်ရုံမှ ရေနွေးငွေ့သံကို ကြောက်သဖြင့် ပျံသန်းနေကြသည့် ငှက်များနှင့်ပင် တူဘိ၏။ အမေသည် ထိုတိမ်တိုက်စုတို့ကို ငေးမော၍ ကြည့်နေမိ၏။ သူ၏ ဦးခေါင်းသည် လေးလံပြီး မျက်လုံးများကလည်း အအိပ် ပျက်ထားသဖြင့် ဖန်စပ်စပ် ဖြစ်နေကြ၏။ သူသည် ခါတိုင်းနှင့် မတူအောင် ငြိမ်ချက်သာ ကောင်းလှ၏။ သူ၏စိတ်သည် တည်ငြိမ်လျက်ရှိပြီး "အင်း၊ ငါလက်ဖက်ရည်ကျိုတာ စောလွန်းသေးတယ်။ ရေတွေကတော့ ဆူပြီး ခန်းကုန်တော့မှာပဲ။ သူတို့နှစ်ယောက်လုံးဟာ အလွန်ပင်ပန်းနေကြ တယ်။ ဒါကြောင့် ကနေ့မနက် တော်တော်ကလေး နေမြင့်အောင် အိပ်ကြပါစေလေ" ဟု စဉ်းစားနေမိ၏။

နေထွက်တပြူ ရောင်ခြည်သည် ပြတင်းပေါက်ကို လာ၍ထိုးချေပြီ။ အမေသည် လက်တဖက်ကို ဆန့်၍ မီးဖိုနား၌ ကင်လိုက်၏။ ထိုလက် နွေးလာသောအခါ တစုံတခုကို စဉ်းစား၍ ပြုံးရင်း လက်ချင်း ပွတ်နေလေ၏။ နောက်ဆုံး၌ မတ်တတ်ရပ်ကာ ရေနွေးအိုးမှ ပိုက်ကို ဖြုတ်ပစ်လိုက်၏။ ထိုနောက် ရေချိုးပြီး သူ့ကိုယ်သူ လက်ဝါးကပ်တိုင် အမှတ်အသားလုပ်ကာ လေသံတိုးတိုးဖြင့် ဘုရားကို ဝတ်ပြုလေ၏။ သူ၏မျက်နှာသည် ပို၍ကြည်လင် တောက်ပြောင် လာပြီး ညာဘက်မျက်ခုံးသည် လှုပ်နေလေ၏။

အလုပ်ရုံမှ ဒုတိယအကြိမ် ဥသြမှုတ်ပြန်၏။ ယခုတကြိမ်၌ ဥသြသံသည် ပထမ အကြိမ်လောက် ကျယ်လည်းမကျယ်၊ ပြင်းလည်း မပြင်းထန်ချေ။ သို့ရာတွင် အနည်းငယ် တုန်နေ၏။ အမေက ဤဥသြသံသည် ခါတိုင်းထက် ပို၍ရှည်သည်ဟု ထင်မိ၏။

"ကြားရဲ့လားကွ ပါဗယ်" ဟု တဖက်ခန်းမှ ထွက်လာသော ယူကရိန်းသား၏ ကျယ်လောင်၍ ကြည်လင်ပြတ်သားသည့် အသံကို ကြားရ၏။ တစုံတယောက်သောသူ၏ အိမ်ပေါ်မှ ဆင်းသံနှင့် သမ်းသံကိုလည်း ကြားရပြန်၏။

"အေး၊ လက်ဖက်ရည်တော့ ဖျော်ပြီးပြီ" ဟု အမေက ပြောလိုက်၏။ ပါဗယ်က "ကျွန်တော်တို့ နိုးနေကြပါပြီ" ဟု ပျော်ပျော်ရွှင်ရွှင် ပြန်ဖြေလေသည်။

"နေထွက်ပြီကွ၊ ကောင်းကင်မှာ မိုးသားတွေများ ရှိသလားပဲ။ ကနေ့ မိုးသားတွေ မရှိဘဲနဲ့လည်း တို့အလုပ်ကို လုပ်လို့ရပါတယ်" ဟု ယူကရိန်းသားက ဆို၏။ ထိုနောက် မီးဖိုခန်းထဲသို့ စုတ်တိစုတ်ဖွာနှင့် ဝင်လာ၏။ သို့ရာတွင် သူ၏စိတ်သည် အကြည်လင် အရွှင်ပျဆုံး ဖြစ်နေ၏။

"မင်္ဂလာရှိတဲ့နံနက်ပါ အမေ၊ ဘယ့်နှယ်လဲ ညက အိပ်လို့ကောင်းရဲ့လား" အမေသည် သူ့အနားသို့သွား၍...

“အင်း၊ အင်ဒရေယူရှာ၊ မင်းသူနဲ့အတူတွဲပြီး တက်ပါကွယ်” ဟု တိုးတိုးပြောလိုက်၏။

ယူကရိန်းသားကလည်း လေသံသဲ့သဲ့ဖြင့်

“ကျွန်တော်တို့ သွားပါမယ်။ စိတ်သာချ အမေ၊ ကျွန်တော်တို့ချင်း မကွဲသမျှ ကာလပတ်လုံး ကျွန်တော်တို့ဟာ တယောက်နဲ့တယောက်တွဲပြီး ချီတက်ကြမှာပဲ”

ဟု ပြန်ပြောလိုက်၏။

ထိုအတွင်း ပါဗယ်က

“အမေတို့ ဘာများ တိုးတိုးတိုးတိုး ပြောနေကြတာလဲ” ဟု မေးလိုက်၏။

“ဘာမှထွေထွေထူးထူး မဟုတ်ပါဘူး သားရယ်”

“ကဲ ငါ့ကို နားနောက်ကိုပါ ရေဆေးပြီး သုတ်ပစ်ရမယ်တဲ့ကွ။ ကနေ့ မိန်းကလေးတွေက ငါ့ကို ဂရုတစိုက် ကြည့်ကြလိမ့်မယ်ကွဲ့” ဟု ဖြေရင်း ယူကရိန်းသားသည် မျက်နှာသစ်ရန် ထွက်သွားလေ၏။

“တိုက်ပွဲဝင်ရန်ထလေ၊ အို တို့အလုပ်သမားတွေ ထကြလေ” ဟု လေသံနိမ့်ကာ သီချင်း ကျူးနေလေ၏။

နေမြင့်လေ ရာသီဥတုသည် ကောင်းလာလေပြီး မိုးသားတိမ်တိုက်တို့သည်လည်း နှင်လိုက်သဖြင့် လွင့်စဉ်ကုန်ကြ၏။

“အင်း၊ သူတို့တတွေကဖြင့် နေ့ခင်းမှာ ဘာဖြစ်မယ်ဆိုတာ မသိကြဘဲနဲ့၊ အခု မနက်ခင်းမှာ ပျော်ရွှင်နေလိုက်ကြတာနော်” ဟု တဦးတည်း စဉ်းစားရင်း ဦးခေါင်းကိုယမ်းကာ နံနက်စာကို ပြင်နေလေ၏။

သို့ရာတွင် သူကိုယ်တိုင်ကလည်း တည်ငြိမ်၍ ပျော်နေမိ၏။ သူတို့သည် အချိန်ကို မြန်မြန် ကုန်လွယ်အောင် နံနက်စာကို ဖိမ်နှင့်ဆွဲ၍ စားနေ၏။ ပါဗယ်သည် သူ့အကျင့်အတိုင်း လက်ဖက်ရည်ခွက်ထဲ၌ သကြားကို ဖြည်းဖြည်းမွှေပြီး ပေါင်မုန့်ပေါ်တွင် ဆားကို နှံ့လည်းနှံ့၊ ညီမျှလည်း ညီမျှအောင် ဖြူးနေလေ၏။ ယူကရိန်းသားကမူ စားပွဲအောက်၌ သူ့ခြေထောက်ကို ဟိုရွှေ့လိုက် သည်ပြောင်းလိုက်နှင့် လက်ဖက်ရည်ခွက်ထဲမှ ရောင်ပြန်ဟပ်ပြီး နံရံနှင့် မျက်နှာကြက်ပေါ်၌ ဂနာမငြိမ်ဘဲ လှုပ်ရှားနေသည့် နေခြည်ပြောက်ကို ကြည့်နေလေ သည်။

“ငါယ်ငယ် ၁၀ နှစ်သားလောက်က နေကို ဖန်ခွက်ထဲမှာ ဖမ်းထားမယ်လို့

စိတ်ကူးမိတယ်ကွ။ ဒါနဲ့ ဖန်ခွက်တခွက်ကို ယူပြီး နေပြောက်တပြောက်ကို ချောင်းပြီး ဖမ်းအုပ်လိုက်တာ ဖန်ခွက်ကွဲသွားတာပေါ့။ ငါ့လက်လည်း ရှသွားသေးတယ်။ ငါလည်း အရိုက်ခံရသေးတယ်ကွ။ အဲဒီလို အရိုက်ခံရပြီး ငါ ဥယျာဉ်ထဲ ဆင်းသွားတယ် ဒါနဲ့ ရေအိုင်ကလေးတအိုင်ထဲမှာ နေခြည်ကလေး အရောင်လက်နေတာတွေ့တော့ ငါ တခါတည်း အဲဒီ နေခြည်ကလေးကို ခြေထောက်နဲ့ တအားဆောင့်နင်းတာပေါ့ကွာ၊ ငါ့အဝတ်အစားတွေ ညစ်ကုန်တော့ ငါ တခါထပ်ပြီး အရိုက်ခံရပြန်တာပေါ့။ အဲဒီတော့ ငါက 'တို့မပါဘူးဗျာ၊ ဦးခေါင်းနီကြီးနဲ့ သရဲကြီးရယ်။ တို့တော့ မနာပါဘူးဗျာ' လို့ အော်ပြီး နေကို လျှာထုတ်ပြီး ပြောင်တာပေါ့။ ဒါက နေကို ငါက လက်စားချေလိုက်တာပဲကွ။ ငါလည်း အဲဒီတော့မှ စိတ်ထဲမှာ ကျေသလိုလို ဖြစ်သွားတယ်"

"ခင်ဗျားက နေကို ဘာပြုလို့ ဦးခေါင်းနီကြီးလို့ ခေါ်ရတာလဲဗျာ"

"အဲဒီတုန်းက တို့အိမ်နဲ့ မျက်နှာချင်းဆိုင်မှာ မုတ်ဆိတ်မွေးနီနီ၊ မျက်နှာကလည်း နီနီနဲ့ ပန်းပဲသမားကြီးတယောက် နေတယ်ကွ။ သူက ပျော်လည်း ပျော်တတ်တယ်။ သနားလည်း သနားတတ်တယ်။ ငါက နေနဲ့ အဲဒီပန်းပဲဆရာကြီးနဲ့ တူတယ်လို့ ထင်နေတာကိုးကွ"

အမေသည် ထိုနေ့ သူတို့ ဘယ်သို့ဘယ်ပုံ ချီတက်ကြမည်၊ ဟောပြောကြမည် စသည့်ကိစ္စတို့ကို ဆွေးနွေးကြလိမ့်မည်ဟု ယူဆခဲ့၏။ ထို့ကြောင့် ထိုကိစ္စတို့နှင့် ပတ်သက်၍ ကြားရလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် နားစွင့်ခဲ့၏။ သို့သော် ပါဗယ်နှင့် အင်ဒရေ ယူရှာတို့သည် ဘာမျှမပြောကြသဖြင့် စိတ်မရှည်နိုင်တော့ဘဲ...

"ကနေ့ မင်းတို့ ဘယ်လိုချီတက်ပြီး လမ်းလျှောက်မယ်ဆိုတာကို ဘာလို့မပြောကြတာတုံး" ဟု မေးလိုက်ရာ ယူကရိန်းသားက သာယာဖြည်းညင်းစွာ

"ကျွန်တော်တို့ ဘာလုပ်ကြမယ်၊ ဘာကိုင်ကြမယ်ဆိုတာကို ဆုံးဖြတ်ပြီးသား ဖြစ်နေတော့ အဲဒီကိစ္စတွေကို ပြောနေရင် ရောထွေးပြီး ရှုပ်ကုန်မှာစိုးလို့ပါ။ တကယ်လို့များ သူတို့က ကျွန်တော်တို့တတွေ အားလုံးကို ဖမ်းမယ်ဆီးမယ်ဆိုရင် နစ်ကိုလိုင်က လာပြီး ဘာလုပ်ရမယ် ဆိုတာကို အမေ့ကို လာပြောပါလိမ့်မယ်"

"အေး ကောင်းတယ် ကောင်းတယ်" လိုက်၏။ ဟု အမေက သက်ပြင်းတချက်ချ၍ ပြောလိုက်၏။

ပါဗယ်က...

"ကျွန်တော်တို့ လမ်းလျှောက်သွားကြရင် မကောင်းဘူးလား" ဟု မေးလျှင်

"အခု လောလောဆယ်တော့ အိမ်မှာနေတာပဲကောင်းတယ်။ ဘာပြုလို့ ပုလိပ်ကို အချိန်မကျမီ တို့ကဆိတ်တို့ကနန်း လုပ်ချင်တာတုံး။ မင်းကို သူက ကောင်းကောင်းကြီး သိနေပြီးသားပါကွာ" ဟု ယူကရိန်းသားက ပြန်ပြော၏။

ထိုအတွင်း ဖီယိုဒိုသည် ပြေးဝင်လာ၏။ သူ၏မျက်နှာသည် ရွှင်ပျနေပြီး ပါးများကလည်း သွေးရောင်လျှမ်းနေကြ၏။ သူ၏ ရွှင်ပျ၍ စိတ်ခတ်တက်ကြွနေမှုကြောင့် တပင်တပန်း မျှော်နေကြရသူတို့အဖို့ စိတ်ချမ်းမြေ့စရာ ဖြစ်လာ၏။ သူက...

"စကုန်ကြပြီဗျာ၊ လူတွေလည်း လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီ။ ဘာမဆို လုပ်တော့မယ်၊ ကိုင်တော့မယ်ဆိုတဲ့ မျက်နှာထားတွေနဲ့ လမ်းပေါ် ထွက်လာကုန်ကြပြီ။ နစ်ကိုလိုင်ရယ်၊ ဂူဆက်ရယ်၊ ဆမ္ပိုင်းလော့ရယ် သူတို့သုံးယောက်ကတော့ အလုပ်ရုံတံခါးဝမှာ ရပ်ပြီး တရားတွေ ဟောနေကြပြီ။ အလုပ်သမားတွေအများစုဟာ အိမ်ပြန်ကုန်ကြပြီ။ ကဲ၊ လာကြတော့ဗျာ။ သွားဖို့အချိန်တန်ပြီဗျာ။ ၁၀ နာရီတောင် ထိုးနေပြီ" ဟု ပြောရာ ပါဗယ်က...

"ကျွန်တော် လာပါပြီ" ဟု ပြန်ပြောလေ၏။

ထိုနောက် ဖီယိုဒိုသည်

"အေး ကြည့်ကြပေါ့ဗျာ၊ ညစာစားပြီးရင် အလုပ်ရုံတရုံလုံး ထွက်လာကြပါလိမ့်မယ်" ဟု ပြောရင်း အပြေးအလွှား ထွက်သွားလေ၏။

အမေက

"အင်း၊ သူကတော့ ပျာလောင်ခတ်နေတာပဲကွယ်" ပြောကာ ထိုင်ရာမှထ၍ မီးဖိုခန်းထဲသို့ အဝတ်လဲရန် ထွက်သွားလေ၏။ ယူကရိန်းသားက -

"အမေ ဘယ်သွားမလို့လဲ" ဟု မေးလျှင် အမေက... "မင်းတို့နဲ့ သွားမှာပေါ့ကွဲ့" ဟု ဖြေလိုက်၏။

ယူကရိန်းသားသည် သူ၏မုတ်ဆိတ်မွေးကို လက်နှင့်ဆွဲကာ ပါဗယ်၏မျက်နှာကို စိုက်ကြည့်နေ ၏။ ပါဗယ်သည် သူ၏ဆံပင်ကို လက်နှင့်သပ်ကာ အမေ့ဆီသို့ ထွက်သွားလေ၏။

ပါဗယ်က

"ကျွန်တော်က အမေ့ကို မတားတော့ဘူးနော်။ အမေကလည်း ကျွန်တော့်ကို

မတားနဲ့ ဟုတ်လား အမေ” ဟု ပြောလိုက်ရာ အမေက

“ကောင်းပါပြီ၊ ကောင်းပါပြီ။ ဘုရားသခင်ကိုယ်တော်မြတ်က မင်းတို့တတွေကို စောင့်ရှောက် တော်မူပါစေကွယ်” ဟု ပြန်ပြောလိုက်လေသတည်း။

အခန်း နှစ်ဆယ့်ခုနစ်

အမေသည် အိမ်ပြင်သို့ရောက်လျှင် တက်ကြွလှုပ်ရှားနေကြသည့် အသံတို့ကိုလည်း ကြားရ၏။ အလုပ်ရုံတံခါးဝ၌ ရပ်နေကြသည့် လူများနှင့် သူ့သား ပါဗယ်နှင့် ယူကရိန်းသားတို့အား အိမ်ပြတင်းပေါက်များမှ စိတ်အားထက်သန်စွာ စောင့်ကြည့်နေကြသည့် လူစုများကိုလည်း မြင်ရ၏။ ဤတွင် သူ၏မျက်လုံးများသည် ပြာသွားလေတော့၏။

လူများက ပါဗယ်နှင့် ယူကရိန်းသားတို့အား နှုတ်ဆက်ကြ၏။ စကားပြောကြ၏။ သို့ရာတွင် ခါတိုင်းနှင့်မတူ၊ ယနေ့ သူတို့ပြောကြသည့်စကားများသည် အဓိပ္ပာယ် လေးနက်၏။ သူတို့အချင်းချင်း

"အဲ သွားကြကုန်ပြီကွ၊ ခေါင်းဆောင်တွေ" ဟူ၍လည်းကောင်း။

"ဘယ်သူတွေဟာ ခေါင်းဆောင်တွေဆိုတာကို တို့မသိဘူး" ဟူ၍လည်းကောင်း၊

"သူတို့တော့ အန္တရာယ်မဖြစ်စေချင်ပါဘူး" ဟူ၍လည်းကောင်း တီးတိုးပြောနေကြသည့် စကားတို့ကို အမေသည် အမှတ်မထင် ကြားလိုက်၏။

ခြံတခြံထဲ တစုံတယောက်သောသူက စိတ်ချဉ်ချဉ်နှင့်၊

"ပုလိပ်က သူတို့ကို ဖမ်းကြလိမ့်မယ်၊ ဒါနဲ့ပဲ အဆုံးသတ်ကြရမှာ" ဟု အော်လိုက်၏။ အခြားတယောက်ကမူ၊

"တခါတုန်းကလည်း သူတို့ကို ဖမ်းလိုက်တယ်လေ" ဟု ဝင်၍ပြောလိုက်၏။

"အေး။ တော် ဘာလုပ်နေတယ်ဆိုတာကို စဉ်းစားဦးနော်။ တော် ပြုစုလုပ်ကျွေးရမယ့် အိမ်ထောင် ရှိသေးတယ်ဆိုတာလည်း သတိထားဦးနော်" ဟု အမျိုးသမီးတယောက်က ငိုပြောလိုက်သည့် စကားကိုလည်း ကြားလိုက်၏။

အလုပ်လုပ်ရင်း ခြေတဖက် ပြတ်သွားသဖြင့် အလုပ်မှ အနားယူခွင့်ရပြီး လစဉ် ထောက်ပံ့ကြေး ရနေသော ဇိုဆီမော့က ပြတင်းပေါက်မှ ထွက်ပြီး၊

"ပါဗယ်၊ သူတို့က မင်းလည်ကုပ်ကို ချိုးကြလိမ့်မယ်နော်။ မင်းက အပြစ်ဒဏ် ကောင်းကောင်း ခံရမှာပဲ" ဟု လှမ်း၍ပြောလိုက်၏။

ဇိုဆီမော့၏ စကားကိုကြားလျှင် အမေသည် တုန်လှုပ်ချောက်ချားပြီး ရုတ်တရက် ခြေလှမ်းပင် တုံ့သွား၏။ ဒေါသလည်း အကြီးအကျယ်ထွက်မိ၏။

ထိုဒုက္ခိတ ခြေထောက် တချောင်း ပြတ်ကြီး၏ ဖောသွပ်သွပ် ဖြစ်နေသည့် မျက်နှာကိုလည်း လှမ်း၍ကြည့်လိုက်၏။ အမေ့ကို မြင်သောအခါ ဖိုဆီမော့သည် ကျိုန်ဆဲပြီး အိမ်ထဲသို့ ဝင်သွားလေ၏။ အမေသည် သူ့ကို ကြာရှည် ကြည့်မနေချေ။ ခြေလှမ်းကို သွက်သွက်လှမ်းကာ သူ့သားကို မီအောင် မနည်းလိုက်၍ နေလေသည်။

ပါဗယ်နှင့် ယူကရိန်းသားတို့သည် ဘာတခုမျှ ဂရုစိုက်ပုံလည်းမပေါ်၊ သူတို့ ဖြတ်သွားစဉ် ပြောကြဆိုကြသည့် စကားတို့ကိုလည်း ကြားဟန်မတူ၊ သူတို့သည် သုတ်သီးသုတ်ပျာ မဟုတ်ဘဲ တည်ငြိမ်စွာ လျှောက်နေကြ၏။ လမ်း၌ ရိုးရိုးဖြောင့်ဖြောင့်နှင့် လော်လည်မှု မရှိဘဲ နေတတ်သောကြောင့် လူအများက ချစ်ခင်လေးစားကြသည့် လူလတ်ပိုင်းထဲမှ မစ်ရိုနော့က သူတို့ကိုတား၍ နှုတ်ဆက်နေသဖြင့် ပါဗယ်က

"ဒါဖြင့် ခင်ဗျားလည်း ကနေ့အလုပ်မဆင်းတော့ဘူးလို့ ဆုံးဖြတ်ထားတယ်ပေါ့" ဟု မေးလျှင် သူက

"ကနေ့ ငါ့မိန်းမက ကလေးမျက်နှာ မြင်မလို့ကွ။ ဒါတင်မကသေးဘူး။ ကနေ့လို နေ့မှာ ဘယ်အလုပ်ကို ငြိမ်ငြိမ်ဆိမ်ဆိမ် လုပ်နိုင်ပါ့မလဲကွာ။ (ထိုနောက် ပါဗယ်တို့ လူစုကို စိုက်ကြည့်ပြီး လေသံကိုနှိမ့်လျက်) "သူတို့ကပြောတော့ ကိုယ့်လူတို့က ပြတင်းပေါက်တွေခွဲ၊ ပစ္စည်းတွေ ဖျက်ဆီးပြီး ညွှန်ကြားရေးမှူးကို ဒုက္ခပေးကြလိမ့်မတဲ့။ အဲဒါ ဟုတ်လား" ဟု မေး၏။

ပါဗယ်က

"ကျွန်တော်တို့တတွေ အရက်မူးနေကြတာမှ မဟုတ်ဘဲနဲ့ဗျာ" ဟု ခပ်ကျယ်ကျယ် ပြောလိုက်၏။

"ကျွန်တော်တို့က ကျုပ်တို့အလံတွေနဲ့ လမ်းလျှောက်ပြီး သီချင်းဆိုကြရုံပါပဲဗျာ။ ကျုပ်တို့သီချင်းတွေကို နားထောင်ကြည့်စမ်း၊ ကျုပ်တို့ယုံကြည်ချက်တွေဟာ အဲဒါပဲခင်ဗျာ" ဟု ယူကရိန်းသားက ဝင်ပြောလေ၏။

ထိုအခါ မစ်ရိုနော့က စဉ်းစားလျက်

"မင်းတို့ယုံကြည်ချက်တွေဟာ ကောင်းတယ်ဆိုတာကို ငါသိပါတယ်ကွာ။ ငါက မင်းတို့စာတွေကို ဖတ်ဖတ်နေတာပါ" ဟု ပြောပြီး အမေ့ဘက်သို့ လှည့်ကာ ပြုံးလျက်

"အား အမေပါကော၊ ခင်ဗျားလည်း ချီတက်တဲ့အထဲ ပါနေတာကို" ဟု ပြောရာ အမေက

"အေးကွယ်၊ မသေခင် တရားမျှတမှုအတွက် တခါလောက်တော့ ချီတက်မှာပေါ့ကွယ်" ဟု ပြန်ပြောလိုက်၏။ ထိုအခါ မစ်ရိုနော့က

"အင်း အင်း၊ အလုပ်ရုံထဲ တားမြစ်ပိတ်ပင်ထားတဲ့ စာရွက်စာတမ်းတွေကို ယူလာတာဟာ ခင်ဗျားတို့ပဲလို့ သူတို့က ပြောတာဟာ ဒီလိုဆိုတော့ မှန်ပုံပဲဗျာ့" ဟု ဆို၏။

"ဒါ ဘယ်သူက ပြောတာလဲဗျာ့" ဟု ပါဗယ် မေးလေ၏။

"ဟင်း၊ အဲဒါ သူတို့က ပြောကြတာပါ။ ကဲ သွားကြတော့ဗျို့၊ ကိုယ့်ကိုယ်ကိုလည်း ထိန်းကြပေါ့ဗျာ"

အမေသည် ဘာမျှမပြောဘဲ ပြုံးနေ၏။ သူတို့တတွေက သူ့အကြောင်း ဤကဲ့သို့ ပြောကြသဖြင့် သူသည် ဝမ်းသာမိ၏။ ပါဗယ်က ရယ်ပြီး

"အမေတော့ ထောင်ထဲရောက်လိမ့်မယ်နော်" ဟု ပြောလေ၏။

နေသည် မြင့်သည်ထက်မြင့်လာ၏။ သူ၏ပူနွေးသည့် လင်းရောင်ခြည်ကိုလည်း ဖြန့်ဖြူးလျက် ရှိ၏။ မိုးသားတိမ်တိုက်တို့သည်လည်း ငြိမ်သက်သွားကာ ကောင်းကင်ပြင်သည် ယခင်ကထက် ကြည်လင်လာ၏။ အံ့နေသည့် မိုးဒဏ်ကြောင့် လမ်းလျှောက်ကြသူများသည် အအေးဓာတ် ရနေကြ၏။ လူတွေ၏ မျက်နှာများသည်လည်း ရွှင်ပျလာလေ၏။ အစစကို ကြည့်လျှင် သာယာကြည်နူးမှုကို ဆောင်နေသည်ကို တွေ့ရ၏။ လူအုပ်ကြီး၏ အသံသည် တဖြည်းဖြည်း ကျယ်သည်ထက်ကျယ်လာပြီး စက်ရုံအတွင်းမှ စက်သံတို့ကို လွှမ်းသွားလေတော့သည်။

တဖန် အမေသည် အိမ်ဝိုင်းများ၊ ပြတင်းပေါက်များမှ ထွက်လာသည့်စကားတို့ကို ကြားရပြန်၏။ အချို့စကားများသည် ရန့်ရင်းကြမ်းတမ်း၍ ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်း၏။ အချို့စကားများကလည်း လေးနက်၍ အားရဖွယ် ဖြစ်ကြရ၏။

သို့ရာတွင် ယခုမူ သူသည် သူကြားလိုက်ရသည့် စကားအချို့ကို ချေပလိုက်ချင်၏။ အချို့ကို ရှင်းပြချင်၏။ ၎င်းပြင် ထိုနေ့က ထူးခြားသည့် ဘဝတိုက်ပွဲတွင် သူကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ ရသဖြင့် ကျေးဇူးတင်ကြောင်း ပြောပြလိုက်လေသည်။

လူတရာခန့်ရှိသည့် လူတအုပ်တို့သည် လမ်းမြောင်ကလေးတခုထဲ၌ စုရုံးလျက်နေကြ၏။ ၎င်းတို့အကြားမှ

"သူတို့တတွေဟာ ကျုပ်တို့ရဲ့သွေးတွေကို ကြံ့ရည်ကြိတ်တဲ့စက်နဲ့ ကြံ့ရည်လို ညှစ်ယူသလို ညှစ်ယူကြတယ်ဗျာ" ဟူသော နစ်ကိုလိုင်၏အသံသည် ပေါ်လာ၏။ လူအုပ်ကြီးက သူ၏လေးနက်သော စကားသံကို နားထောင်နေ၏။ ထိုအတွင်း အသံ တော်တော်များများက

"သူတို့က ဒီလို" ဟု အော်ကြ၏။

ယူကရိန်းသားက

"တို့လူကတော့ လုပ်နေပြီကွာ၊ ငါသွားပြီးကူလိုက်မှ ထင်တယ်" ဟု ဆိုပြီးနောက် ပါဗယ်က သူ့ကို မတားလိုက်နိုင်မီ သူသည် လူအုပ်ထဲသို့ အတင်းတိုးကာ ဖော့ကာနှင့် ဝင်သွားလေ၏။ ထိုနောက် သူက သူ၏အောင်မြင်သော အသံကြီးဖြင့်

"ရဲဘော်တို့ ကမ္ဘာပေါ်မှာ ရေဟူဒီတို့၊ ဂျာမန်တို့၊ အင်္ဂလိပ်တို့၊ တရက်လူမျိုးတို့ အစရှိတဲ့ လူမျိုးတွေ အမျိုးမျိုး နေထိုင်ကြတယ်လို့ သူတို့ကပြောကြတယ်။ ဒါပေမဲ့ ကျုပ်က ဒါကိုမယုံဘူး။ လူက နှစ်မျိုးတည်းရှိတယ်။ ဘယ်တော့မှ တွဲနေလို့မရတဲ့၊ ဘယ်တုံးကမှ မတည့်ကြတဲ့ လူချမ်းသာနဲ့ လူဆင်းရဲ နှစ်မျိုးသာ နေတယ်လို့ ကျွန်တော်က ယူဆတယ်။ လူတွေဟာ ဝတ်တာ ဆင်းရဲတာ မတူဘူး။ စကားပြောတာဆိုတာ မတူဘူး။ ဒါပေမဲ့ ပြင်သစ် လူချမ်းသာတွေ၊ ဂျာမန် လူချမ်းသာတွေ၊ အင်္ဂလိပ် လူချမ်းသာတွေက လုပ်သားပြည်သူတွေကို ဘယ်လိုပြုမူဆက်ဆံတယ် ဆိုတာကို ခင်ဗျားတို့ မြင်ကြရတဲ့အခါ ကျုပ်တို့ အလုပ်သမားတွေအတွက် လူအမျိုးမျိုး ကွဲပြားတာက ဘာမျှ အရေးစိုက်နေစရာ မဟုတ်ဘူး။ သူတို့အားလုံးဟာ တကယ့် လူဆိုးလူညစ်တွေချည်းပဲ ဆိုတာကို ခင်ဗျားတို့ သိမြင်လာကြပါလိမ့်မယ်" ဟု ပြောလိုက်ရာ လူအုပ်ထဲမှ တစုံတယောက် ရယ်လိုက်၏။

တဖန် ဆက်၍

"တဖက်က တခါ သေသေချာချာ ကြည့်ပြန်ရင်လည်း ပြင်သစ်အလုပ်သမားတွေ၊ တရုတ် အလုပ်သမားတွေ၊ တူရကီအလုပ်သမားတွေဟာ ကျုပ်တို့ ရုရှားအလုပ်သမားတွေလိုပဲ ခွေးဘဝ၊ ဝက်ဘဝမှာ နေကြရတာကို တွေ့ကြရပါလိမ့်မယ်" ပြောလေ၏။

လူတွေသည် ပါးစပ်က ဘာမျှမပြောဘဲ လည်တံတရှည်ရှည်၊ ခြေဖျားတထောက်ထောက်နှင့် လမ်းမြောင်ထဲသို့ ထပ်၍ ထပ်၍ ဝင်လာကြလေ၏။

ယူကရိန်းသား၏ အသံသည်လည်း ပို၍ ကျယ်လာ၏။ "ဒီ

ရှင်းလင်းလွယ်ကူတဲ့ သစ္စာတရားကို အခြားနိုင်ငံတွေက အလုပ်သမားတွေက သိမြင်နားလည်လာကြပြီ။ ယနေ့ မေဒေးနေ့မှာ”

ထိုအတွင်း တစုံတယောက်သောသူက “ပုလိပ်တွေ လာနေပြီ၊ ပုလိပ်တွေ လာနေပြီ” ဟု အော်လိုက်၏။

မြင်းစီးပုလိပ် လေးယောက်သည် သူတို့၏ ကြိမ်များကို ဝှေ့ယမ်းလျက်၊ “ဟေ့၊ လူစုခွဲလိုက်” ဟု အော်ရင်း လမ်းမြောင်ထဲသို့ မြင်းများကို အတင်းစီး၍ ဝင်လာကြလေ၏။

လူများသည် မျက်မှောင်ကြုတ်ပြီး နောက်သို့ မဆုတ်ချင် ဆုတ်ချင်နှင့် ဆုတ်သွားကြ၏။ ၎င်းတို့အထဲမှ လူလေးငါးယောက်သည် ဝင်းထရံပေါ်သို့ ကျော်တက်ကြ၏။

“သူတို့ကိုယ် သူတို့တော့ တကယ့် သူရဲကောင်းကြီးတွေ မှတ်နေကြတယ်။ ဒါပေမဲ့ ဝက်တွေပဲကွ” ဟု လူတယောက်က မျက်နှာပြောင်တိုက်ကာ ဆိုနေလေ၏။

ယူကရိန်းသားသည် လမ်းလယ်ကောင် သူရပ်နေသည့်နေရာမှာပင် ဣန္ဒြေမပျက် ရပ်နေရာ ပုလိပ်နှစ်ယောက်သည် သူ့ကို မြင်းများနှင့် တိုက်ရန် အတင်းဝင်လာကြ၏။ သူသည် တဖက်သို့ တိမ်းလိုက်၏။ ထိုအတွင်း အမေသည် သူ့လက်ကို ဆွဲပြီး အတင်းခေါ်သွားကာ

“ပါဗယ်အနားမှာ နေပါ့မယ်လို့ မင်း ငါ့ကို ကတိပေးတယ်။ အခုတော့ ဒီအနားလာပြီး ကိုယ့်ဟာကိုယ် ဒုက္ခရှာနေတယ်၊ ကောင်းသေးသလား” ဟု အော်လေ၏။

ယူကရိန်းသားက...

“အများကြီး တောင်းပန်ပါတယ် အမေ၊ ကျွန်တော် မှားပါတယ်” ဟု အမေ့အား တောင်းပန်လိုက်၏။

ဦးခေါင်းကို မော့ကာ တစုံတခုကို မျှော်မှန်းနေကြဘိသကဲ့သို့ စိတ်လက်မရှည်နိုင်ဘဲ စောင့်ဆိုင်းနေကြ၏။ အချို့လူများက ဘာလုပ်လို့ ဘာကိုင်ရမည်ကို မသိဘဲ ယောင်တိ ယောင်ကန်း ဖြစ်နေကြ၏။ အချို့ကလည်း ဘာကိုမှုမကြောက်သည့် ဟန်မျိုးကို ပြနေကြ၏။ မိန်းမများက ယောကျ်ားများကို သာယာညင်းပျောင်းသည့် လေသံဖြင့် တောင်းပန်နေကြရာ ယောကျ်ားများက သဘောမကျသည့်အနေဖြင့် လှည့်ထွက်သွားကြ၏။ တခါတရံ တိုးတိုး ကျိန်သံဆဲသံတို့ကို ကြားရ၏။ ဤကဲ့သို့ ရောထွေ ယှက်တင် ဖြစ်နေကြသည့် လူအုပ်ကြီးထဲမှ မကျေမနပ်သံတို့ကို ကြားနေရလေသည်။ ထိုအတွင်း...

"မစ်တင်ကာ၊ ကိုယ့်ကိုယ်ကိုလည်း သနားပါဦး" ဟု အမျိုးသမီးတယောက်က တုန်တုန်ယင်ယင်နှင့် ပြောလိုက်သည့် အသံကို ကြားရလေ၏။

"အသာနေစမ်းပါကွာ" ဟု ပြန်၍ ပြောသံကိုလည်း ကြားရလေသည်။

"ကျုပ်တို့တတွေဟာ လူငယ်တွေကို ဒီလိုချောက်ချပစ်လို့ မဖြစ်ဘူး။ သူတို့တတွေဟာ ကျုပ်တို့ထက် စဉ်းစားဉာဏ်လည်း ရှိတယ်။ သတ္တိလည်း ရှိတယ်။ ရှုံ့ဗွက်ကြီးကို ဖို့ဖို့ဆိုပြီး ကျုပ်တို့ပိုက်ဆံတွေကို ကျုပ်တို့လုပ်ခတွေထဲက ဖြတ်ယူကြတုန်းက ကျုပ်တို့အတွက် တိုက်ပွဲ ဝင်ပေးတာဟာ ဘယ်သူတွေလဲ။ ဒီတုန်းက တိုက်ပွဲဝင်ပေးတာ လူငယ်တွေပဲ။ အဲဒါကို ကျုပ်တို့ မေ့လို့မဖြစ်ဘူး။ ပြီးတော့ တို့က အကျိုးခံစားကြရတယ်" ဟူသော ဆီးဇော့၏ တည်ငြိမ်၍ ပြတ်သားသောအသံသည် ပေါ်ထွက်လာလေသည်။

ထိုအတွင်း အလုပ်ရုံမှ ဥသြကိုဆွဲလိုက်ရာ ဥသြသံသည် လူတွေ၏အသံများကို လွှမ်းသွားလေ၏။ လူအုပ်ကြီးသည် တုန်လှုပ်သွား၏။ ထိုင်နေကြသည့် လူများသည် မတ်တတ်ရပ်ပြီး ဘာမျှမပြောတော့ဘဲ သတိထားနေကြ၏။ သူတို့၏ မျက်နှာများသည်လည်း ဖြူဖပ်ဖြူရော် ဖြစ်နေကြလေသည်။

"ရဲဘော်တို့" ဟူသော ပါဗယ်၏ အောင်မာ ပြည့်တင်းလှသည့် အသံသည် ပေါ်ထွက်လာ၏။

အမေ၏မျက်လုံးများထဲမှ မျက်ရည်ပူများ ထွက်လာပြီး သူ၏စိတ်ခတ်သည် မာကျောလာလေ ၏။ ထိုနောက် အမေသည် ရုတ်တရက် ချက်ချင်း သူ့သားနောက်၌ ကပ်၍ ရပ်လိုက်၏။ သူ့သားအနီး၌ လူများသည် စုရုံးလျက်ရှိကြ၏။

အမေသည် သူ့မျက်နှာကို ကြည့်လိုက်ရာ သူ၏ခက်ထန်မာကျော၍ ရဲဝံ့သည့် မျက်လုံးများကိုသာ မြင်ရ၏။

တဖန် ပါဗယ်က

"ရဲဘော်တို့၊ ကျုပ်တို့ဟာ ကနေ့ ကျုပ်တို့တတွေဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို အတိအလင်း ကြေညာပြီး ကျုပ်တို့ရဲ့ဆင်ခြင်တုံတရား၊ ကျုပ်တို့ရဲ့ တရားမျှတမှုနဲ့ ကျုပ်တို့ရဲ့ လွတ်လပ်မှုတို့ အသွင်လက္ခဏာကိုဆောင်နေတဲ့ ကျုပ်တို့ရဲ့ အလံတော်ကို လွှင့်ထူဖို့ ဆုံးဖြတ်ထားပြီး ဖြစ်တယ်" ဟု ကြေညာလိုက်ပြန်၏။

ထိုနောက် ရှည်လျားသော ဝါးလုံးရှည်ကြီး တချောင်းသည် လေထဲ၌ ဝင့်ပြီး လူအုပ်ကြားထဲသို့ လဲသွား၏။ တခဏမျှ ကြာသောအခါ ထိုဝါးလုံးကြီး၏ ထိပ်ဖျား၌ အလုပ်သမားလူတန်းစား၏ အလံတော်သည် အထက်သို့မော့၍ကြည့်နေကြသည့် မျက်နှာများအထက်၌ အလွန်ကြီးမားသည့် ငှက်နီကြီးသဖွယ် လွင့်တက်၍ လာလေ၏။

ပါဗယ်သည် သူ၏လက်ကိုမြှောက်လိုက်ရာ အလံတော်သည် လေထဲ၌ လွင့်သွားလေ၏။ များစွာသော လက်များသည် အလံတော်၏ ချောမွေ့သည့် အလံရိုးကို ဆုပ်ကိုင်ထားကြ၏။ အမေသည်လည်း ထိုလူများအကြားမှနေ၍ အလံတော်ကို ကိုင်လျက်နေလေသည်။

"အလုပ်သမားလူတန်းစား သက်တော်ရာကျော်ရှည်ပါစေ" ပါဗယ်က အော်လိုက်၏။

ထိုအခါ ရာပေါင်းများစွာသော အသံများက...

"ဆိုရှယ်ဒီမိုကရက်တစ်ပါတီ - တို့ပါတီ"

"တို့အယူအဆတွေရဲ့ ပေါ်ထွက်ရာ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ - တို့ပါတီ"

"တို့ပါတီ သက်တော်ရာကျော်ရှည်ပါစေ" ဟု ပြန်၍ ကြွေးကြော်ကြ၏။

လူအုပ်ကြီးသည် ပွက်ပွက်ဆူလာ၏။ အလံတော်သည် မည်မျှလေးနက်သည့် အသွင်ကို ဆောင်နေသည် ဟူသောအချက်ကို သိမြင်နားလည်ကြသူများက အလံတော်အနီးသို့ တိုးသွားကြ၏။ မက်ဇင်၊ ဆမွိုင်းလော့နှင့် ဂူဆက် ညီအစ်ကိုတို့သည် ပါဗယ်ဆီသို့ ရောက်လာကြ၏။ နစ်ကိုလိုင်သည် ဦးခေါင်းကို ငုံ့ပြီး လူအုပ်ထဲသို့ အတင်းတိုးနေလေ၏။ အမေ့အား မည်သူမှန်းမသိသည့်၊ စိတ်အားတက်ကြွနေကြသည့် လူငယ်များက အတင်း ဘေးသို့ တွန်းဖယ်ပစ်ကြလေသည်။

"ကမ္ဘာ့အလုပ်သမားများ သက်တော်ရာကျော်ရှည်ပါစေ" ဟု ပါဗယ်က နောက်ထပ်တကြိမ် အော်လိုက်ပြန်၏။

ထောင်ပေါင်းများစွာသောလူများက ဝမ်းမြောက်ဝမ်းသာစွာ အားပါးတရ ပြန်၍အော်လိုက်ကြ၏။ ၎င်းတို့၏အော်သံကား စိတ်ခါတ်လှုပ်ရှားတက်ကြွစရာ ဖြစ်၏။

အမေသည် နစ်ကိုလိုင်၏လက်နှင့် အခြားလူတယောက်၏ လက်ကို ဆုပ်ထား၏။ သူသည် မျက်ရည်များလည်ကာ ရင်တွင်း၌ ဆို့တက်လာ၏။ သို့သော်

မငိုချေ။ သူ၏ဒူးများသည် တုန်နေပြီး သူ၏ပါးစပ်မှ...

"အေး၊ မင်းတို့တတွေဟာ တကယ်ချစ်စရာကောင်းတယ်" ဟု ရေရွတ်မိလေ၏။

ကျောက်ပေါက်မာများ ပြည့်နေသော နစ်ကိုလိုင်၏ မျက်နှာသည် ပြုံးရွှင်လာ၏။ သူသည် အလံတော်ကို ကြည့်ပြီး အလံတော်ဆီသို့ လက်ကိုဆန့်တန်းကာ တစုံတခုကို ပါးစပ်မှ ရေရွတ်လိုက်၏။ တဖန် ရုတ်တရက် အမေ့လည်ပင်းကို ဖက်ပြီး ရယ်လျက် အမေ့ကို နမ်းလေ၏။

ယူကရိန်းသားသည်...

"ရဲဘော်တို့ ကျုပ်တို့တတွေဟာ သစ်လွင်၍ ကိုးကွယ်ရာဖြစ်တဲ့ တရားအတွက် အလင်းရောင်နဲ့ ဝိဇ္ဇာတရားတို့အတွက်၊ မွန်မြတ်တဲ့ မှန်ကန်တဲ့တရားအတွက် အလွဲ မြင့်မြတ်တဲ့ စစ်ပွဲကို ဆင်နွှဲခဲ့ကြပြီ။ ကျုပ်တို့ရဲ့အောင်ပွဲကတော့ အလှမ်းဝေးပါသေးတယ်။ ဒါပေမဲ့ ခါးသီးကြမ်းကြုတ် လှတဲ့ ဆုတွေ၊ လာဘ်တွေကတော့ နီးကပ်နေပါပြီ။ အဲဒီတော့ သစ္စာတရားဟာ အမှန် အောင်ပွဲခံရမယ်ဆိုတာကို မယုံကြည်တဲ့လူတွေ၊ ဒီသစ္စာတရားအတွက် အသက်ကို အစတေး မခံဝံ့တဲ့လူတွေ၊ ကိုယ့်အင်ကိုယ့်အားကို မယုံကြည်ရဲဘဲ ဆင်းရဲဒုက္ခကိုခံရမှာ ကြောက်တဲ့လူတွေ ဟာ ဒီတိုက်ပွဲမှာ မပါဘဲ နောက်ချန်ပြီး နေနိုင်ခဲ့ပါတယ်။ ကျုပ်တို့တတွေဟာ မလွဲမသွေ အောင်ပွဲခံရမယ်ဆိုတာကို ယုံကြည်ကြတဲ့လူတွေကိုသာ ကျုပ်တို့က လိုချင်တယ်။ ကျုပ်တို့ မျှော်မှန်းထားတဲ့ ပန်းတိုင်ကို မမြင်တဲ့လူတွေဟာ ကျုပ်တို့နဲ့အတူ ချီတက်လို့ မဖြစ်ဘူး။ ဘာပြုလို့လဲဆိုတော့ အဲဒီလူတွေ ကျုပ်တို့လို ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ စိတ်သောကတွေ ဖြစ်နေမှာ စိုးလို့ပါ။ ကဲ... ရဲဘော်တို့ လူသာစုကြပေတော့။ လွတ်လပ်တဲ့ ပြည်သူလူထုရဲ့ နေ့ထူးနေ့မြတ် သက်တော်ရာကျော်ရှည်ပါစေ။ မေဒေးနေ့ သက်တော်ရာကျော် ရှည်ပါစေ" ဟူ၍ ကြွေးကြော်လိုက်၏။ သူ၏ကြည်လင်သော အသံသည် လူအုပ်ကြီး၏ ရုတ်ရုတ်သဲသဲ အသံကို လွှမ်းသွားလေသည်။

လူအုပ်ကြီးသည် တဖြည်းဖြည်း ကြီးလာ၏။ ပါဗယ်သည် အလံတော်ကိုမြှောက်၍ ရှေ့သို့ ချီတက်လိုက်လျှင် အလံတော်သည် လေထဲ၌ဝင့်လျက် နေရောင်ခြည်ဖြင့် ထွန်းလင်း တောက်ပြောင်လျက် နေလေသတည်း။

ဗီယိုဒိုက

"ကမ္ဘာဟောင်းကြီးကို အစဉ်ထာဝရ စွန့်ပယ်" ဟူ၍ သီချင်းကို

စ၍ဆိုလိုက်လျှင် အခြားလူများကလည်း

"ဒီအပေါင်းက ဖုန်တွေကို ငါတို့ခြေက ခါကြမယ်" ဟူ၍ ဝိုင်းဆိုကြသည်။

အမေသည် မက်ဇင်နောက်မှ ချီတက်၏။ သူသည် အလွန်ကျေနပ်စွာ ပြုံးလျက် ဖီယိုဒို၏ ခေါင်းပေါ်မှ ကျော်ကာ အလံတော်နှင့် ပါဗယ်အား စူးစိုက်၍ ကြည့်နေလေ၏။ သူ့ပတ်ဝန်းကျင်မှ လူများအားလုံးသည် ပျော်ရွှင်နေကြ၏။ သူ့ရှေ့၌ ယူကရိန်းသားနှင့် ပါဗယ်တို့သည် ချီတက်လျက် ရှိကြ၏။ သူတို့နှစ်ဦးလုံးသည် သီချင်းဆိုနေကြ၏။

ယူကရိန်းသားသည် ပါဗယ်နှင့်အတူ "တိုက်ပွဲဝင်ရန် ထကြလေ၊ တို့အလုပ်သမားတွေ ထကြလေ၊ အလုပ်လုပ်ရင်း ငတ်နေတဲ့လူတွေ ထကြလေ" သံပြိုင် သီချင်းဆိုလိုက်၏။

လူများသည် အလံတော်ဆီသို့ အပြေးအလွှား လာကြလေ၏။ သူတို့သည် သို့ ပြေးရင်း လွှားရင်းနှင့် အော်ကြဟစ်ကြ၏။ သို့ရာတွင် သူတို့၏ အော်သံဟစ်သံတို့ကို သီချင်းသံက ဖုံးသွားလေ၏။ ဤသီချင်းကို လူများသည် အိမ်၌ တိုးတိုး ဆိုလေ့ ရှိကြ၏။ ယခုချီတက်ကြရာတွင်မူ သံကုန်ဟစ်၍ ဆိုနေကြရာ သီချင်းသံသည် အလွန်တမင်း အားရှိ၏။ မယိမ်းမယိုင် အလွန်ခိုင်မြဲသည့် သတ္တိကိုဆောင်နေ၏။ လူများအား အနာဂတ်ဆီသို့ ဦးတည်လျက် ရှိသော ရှည်လျားသည့် လမ်းကြောင်းကိုလိုက်ရန် စိန်ခေါ်နေရင်း ထိုလမ်းကြောင်းသည် မည်မျှခက်ခဲလှသည်ကို အတိအလင်း ဖော်ပြထား၏။ ဤသီချင်း၏ တည်ငြိမ်သော မီးတောက်မီးလျှံသည် သူ့ခေတ်သူ့အခါ ကုန်ဆုံးနေပြီဖြစ်သည့် အမှောင်တိုက်ကို လည်းကောင်း၊ ရှေးရိုးစဉ်လာ မိရိုးဖလာစိတ်ထားတို့၏ အညစ်အကြေး ဟူသမျှကို လည်းကောင်း လောင်ကျွမ်းပစ်လိုက်၏။ ထို့ကြောင့် အနာဂတ်ကို ကြောက်ရွံ့နေသည့် အကြောင်းတရားကိုလည်း ပယ်ဖျက် သုတ်သင်ပစ်လိုက်လေသည်။

ကြောက်ရွံ့တုန်လှုပ်သော်လည်း ရွှင်ပြုံးလျက်ရှိသည့် မျက်နှာတခုသည် အမေ့နားထဲ၌ ပေါ်လာပြီး တစုံတယောက်သောသူက လေသံသဲ့သဲ့နှင့်...

"မစ်တယာ၊ မင်း ဘယ်ကိုသွားမလို့လဲ" ဟု မေးလိုက်ရာ အမေက၊

"သူ့ကို သွားပါစေ၊ သူ့အတွက် ကြောင့်ကြမနေပါနှင့်။ ငါလည်းပဲ ပထမတုန်းက ငါ့ဘာသာငါ လန့်နေတာပဲ။ ငါ့သားလည်း ရှေ့တန်းမှာပါတယ်။ အလံကိုင်နေတာပေါ့" ဟု ပြောလိုက်၏။

"ဟော့၊ မင်းတို့လူမိုက်တွေ ဘယ်သွားကြမလို့လဲကွ။ ဟိုမှာ

စစ်သားတွေရောက်နေကြပြီ”

အရပ်ရှည်ရှည် ပိန်ပိန် အမျိုးသမီးကြီးက ရုတ်တရက် သူ၏သေးသွယ်သည့် လက်နှင့် အမေကို အတင်းဆုပ်ကိုင်ထားလေ၏။ ထိုနောက်

“ယောက်မရေ၊ သူတို့သီချင်းဆိုသံကို နားထောင်စမ်းပါဦး။ ကျုပ်သား မစ်တယာကလည်း ဆိုနေတယ်”ဟု ပြောရာ အမေက

“အို၊ မကြောက်ပါနဲ့။ သူတို့လုပ်ဆောင်နေကြတဲ့အရေးဟာ အလွန်မွန်မြတ်ပါတယ်။ ကဲ၊ ယောက်မ စဉ်းစားကြည့်ပါဦး။ လူတွေကသာ ခရစ်တော်ကိုယ်တော်မြတ်အတွက် အသက်ကို အသေမခံကြဘူးဆိုရင် အရှင်ခရစ်တော် ကိုယ်တော်မြတ်ဟာ ဘယ့်နှယ်လုပ်ပြီး ပွင့်တော်မူပါ့မလဲလို့” ဟု ပြောလိုက်၏။

ဤအယူအဆသည် အမေ၏စိတ်ထဲ၌ ရုတ်ခြည်း ပေါ်လာ၏။ ဤအယူအဆ၏ ရိုးသား၍ ထင်ရှားပေါ်လွင်သည့် သစ္စာတရားသည် သူ့ကို လွှမ်းသွားလေ၏။ ထို့နောက် ယခုတိုင် သူ့လက်ကို ဆုပ်ကိုင်ထားသည့် အမျိုးသမီးကြီး၏ မျက်နှာကိုကြည့်ရင်း အံ့အားသင့်စွာ ပြုံးလျက်၊

“တကယ်လို့ အရှင်ခရစ်တော်အတွက်၊ အရှင်ကိုယ်တော်မြတ်အတွက် လူတွေကသာ အသေမခံခဲ့လို့ရှိရင် အရှင်ခရစ်တော်ကိုယ်တော်မြတ်ဟာ ဘယ်ပေါ်လာနိုင်ပါ့မလဲ” ဟု တဖန်ထပ်၍ ပြောလိုက်ပြန်၏။

ထိုအတွင်း ဆီးဇော့သည် အမေ့နားသို့ ကပ်လာပြီး၊

“အား၊ ကနေ့တော့ ပြောင်ကိုချီတက်နေပါပကော” ဟု ဦးထုပ်ကိုချွတ်၍ ပြောပြီး သီချင်းသွားနှင့်အလိုက် ဦးထုပ်ကို ယမ်းကာ၊

“သီချင်းလည်း ဆိုနေပြီ၊ ဘာသီချင်းလဲ အမေ” ဟု ပြောနေစဉ်

“ဇာဘုရင်က စစ်ထဲကိုထည့်ဖို့ စစ်သားတွေကို လိုနေတယ်”

“အဲဒီတော့ ခင်ဗျားတို့သားတွေကို စတေးလိုက်ကြဦးကွာ”

သီချင်းသံကြီးသည် ကျယ်လောင် လေးနက်စွာ ပေါ်လေ၏။

“သူတို့တတွေကတော့ ဘာမျှမပြောကြဘူး အမေ။ ကျွန်တော်ရဲ့ သနားစရာ သားကတော့ သင်္ချိုင်းထဲမှာ ရောက်နေပြီ”

အမေ၏အသည်းနှလုံးကား တဒိတ်ဒိတ် ခုန်လျက်ရှိရာ အမေသည်

နောက်ချန်၍ နေခဲ့ရ၏။ သူ့အား လူအုပ်ကြီးက ဘေးသို့ အတင်းဝင်တိုးသွားသဖြင့် ဝင်းထရံနှင့် ညှပ်နေ၏။ ထိုအတွင်း လူထုကြီးသည် ဒီရေလှိုင်းကြီးသဖွယ် သူ့ကိုကျော်၍ ချီတက်လေ၏။ အလွန်များပြားလှသည့် လူတွေကို တွေ့မြင်နေရသဖြင့် အမေသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။ ထိုနောက်

"တိုက်ပွဲဝင်ရန် ထကြလေ၊ အို တို့အလုပ်သမားတွေ ထကြလေ" ဟူသောသီချင်းသံသည် တဖန်ထပ်၍ ပေါ်ပြန်၏။

ဤသီချင်းသံသည် လူထုအား နှိုးနေသည့်၊ အချို့လူများအား တိုက်ပွဲဝင်ရန် စိတ်ကို သွင်းပေးနေသည့်၊ အချို့များအားလည်း သစ်လွင်သော တရားတရပ်နှင့် ပတ်သက်၍ သိလို မြင်လိုသော စိတ်ဓာတ်နှင့် ဝမ်းမြောက်ရွှင်လန်းသော စိတ်ဓာတ်တို့ကို ဖော်ထုတ်ပေးနေသည့် စစ်ခရာသံကြီးနှင့် တူလှ၏။ တနေရာ၌ ထိတ်လန့်တုန်လှုပ်ဖွယ် အမြောက်ချက်တို့ကိုပေး၍ အခြားတနေရာ၌မူ အချိန်ကာလရှည်လျားစွာ မျိုသိပ်ထားခဲ့ရသည့် ဒေါသအရှိန်ကို ချွန်းဖွင့်၍ ပေးလိုက်သကဲ့သို့ ဖြစ်နေ၏။ လူတိုင်းလူတိုင်းသည် လေပြည် လေညင်းထဲ၌ မြူးကြွနေသည့် အလံနီတော်ဆီသို့ မျှော်ကြည့်လျက်ရှိ၏။

ထိုအတွင်း တစုံတယောက်သောသူက ပီတိဖြစ်ကာ

"အေး၊ သူတို့တော့သွားကြပြီ၊ ကောင်းတယ်ကွ ကောင်းတယ်" ဟု ဟစ်အော်လိုက်၏။

အခြားသူတယောက်ကမူ သူ၏ ယုတ်မာညစ်ညမ်းလှသည့် စိတ်ဓာတ်ကို မဖုံးမကွယ်နိုင်သဖြင့်...

"အယူသီးတဲ့ မိစ္ဆာဒိဋ္ဌိတွေ" ဟု ပြတင်းပေါက်မှ လက်သီးဆုပ်ကို ယမ်းပြရင်း အော်နေလေ၏။

"အင်း၊ ဘုရင်မင်းတရားကြီးကို၊ ဇာအရှင်မင်းမြတ်ကို တော်လှန်နေတာပေါ့။ အဲဒါ သူပုန်ထတာပဲ" ဟု အခြားသူတယောက်က သံရှည်ဆွဲ၍ အူနေပြန်၏။

အစုလိုက် အဝေးလိုက် ဖြတ်သန်းသွားနေကြသည့် ယောကျ်ားများနှင့် မိန်းမများ၏ မျက်နှာတို့သည် မကြည်မလင် ဖြစ်နေကြသည်ကို အမေသည် မြင်၏။ သီချင်းသံကြောင့် တအုပ်ပြီးတအုပ် ပေါ်ထွက်လာသည့် လူအုပ်များသည် မီးတောင်ပေါက်ကွဲရာမှ ပေါ်ထွက်လာ သည့် ချော်ရည်၊ ချော်မြုပ်တို့နှင့် တူလေ၏။ ဤလူအုပ်ကြီးသည် သူ၏သိပ်သည်းလှသည့် အင်အားဖြင့် သူ့ရှေ့၌ ရပ်တည်နေသည့် မည်သည့်တရားကိုမဆို တွန်းလှန်သွားမည်ဖြစ်၏။ အမေသည် သူ့ရှေ့ အတော် အလှမ်းကွာလျက်ရှိသော အလံနီကို မျှော်မှန်း၍ ကြည့်ရင်း

သူ့သား၏ နီကြန့်ကြန့် မျက်ခုံးနှင့် ယုံကြည်မှုဖြင့် တောက်ပြောင်နေသည့် မျက်လုံးများကို မြင်ယောင်နေမိလေ၏။

သူသည် ယခု လူတန်းကြီး၏ နောက်ဆုံး၌ ရောက်နေပြီး သူ့အနားမှ လူအများသည် အေးအေးဆေးဆေး လမ်းလျှောက်နေကြပြီး ဘေးမှ ကြည့်နေကြသူများကိုလည်း အလေးဂရု မပြုကြချေ။ ဘေးမှ ကြည့်နေကြသူတို့သည် နောက်ဆုံး၌ ဤဆန္ဒပြပွဲကြီးသည် မည်ကဲ့သို့ အဆုံးသတ်မည်ကို တင်ကူး၍ သိထားကြ၏။ စကားပြောရာ၌လည်း အဖြစ်မှန်ကို တိတိကျကျ ယုံကြည်စွာ ပြောနေကြလေသည်။

"တပ်ခွဲတခွဲကို ကျောင်းမှာ ချထားပြီး အခြားတပ်ခွဲကို အလုပ်ရုံမှာ ချထားတယ်"

"ဘုရင်ခံလည်း လာနေပြီ"

"တကယ်လားဗျာ့"

"ကျုပ်ကိုယ်တိုင် မြင်ခဲ့တာပါ။ အခုကလေးတင်ပဲ ရောက်လာတယ်"

"နောက်ဆုံးတော့ သူတို့တတွေက ကျုပ်တို့ကို ကြောက်ကုန်ပြီဗျာ့။ ကဲ စဉ်းစားကြည့်စမ်း၊ စစ်သားတွေနဲ့ ဘုရင်ခံဟာ" ဟု တစုံတယောက်သောသူက အကျေနပ်ကြီး ကျေနပ်ကာ ပြောနေလေ၏။

"အား၊ တကယ် စိတ်သဘောထားကောင်းတဲ့ လူတွေပဲ" ဟု အမေက စဉ်းစားမိ၏။

သို့ရာတွင် သူကြားလိုက်သည့်စကားများသည် စိတ်ဓာတ်ကျဖွယ်ရာဖြစ်၏။ ထို့ကြောင့် ဤလူများနှင့် ဝေးသွားအောင် မြန်မြန်သွားလိုက်၏။ ၎င်းတို့သည် ပျင်းရိပျင်းတွဲ လေးလေးကန်ကန် လျှောက်နေကြသဖြင့် ၎င်းတို့ကို လွယ်လင့်တကူ လွန်သွားလေသည်။

ရုတ်တရက် ချက်ချင်း လူတန်းကြီး၏ တပ်ဦးသည် ထိတ်လန့်တုန်လှုပ်စွာ မြည်ဟည်းလျက် နောက်သို့ တန်းလာရာ တစုံတခုနှင့် ထိပ်တိုက်တိုးမိဟန်ရှိ၏။ သီချင်းသံ၌ ကြောက်ရွံ့ တုန်လှုပ်သံ ရောလာလေရာ ချက်ချင်း တာပြန်စူပြီး အသံကျယ်ကျယ်နှင့် ပို၍ သွက်သွက်လက်လက် သီဆိုကြပြန်၏။ တဖန် သီချင်းသံသည် နိမ့်သွားပြန်၏။ ထိုနောက် လူများသည် တယောက်ပြီး တယောက် သီချင်းဆို ရပ်သွားလေ၏။ ထိုအတွင်း သီချင်းကို ယခင်ကကဲ့သို့ ခံ့ညားထည်ဝါသည့်အသံဖြင့် သီဆိုရန် ဟိုကတယောက် ဒီကတယောက် စနေကြပြန်လေရာ၊

"တိုက်ပွဲဝင်ရန် ထကြလေ၊ တို့အလုပ်သမားတွေ ထကြလေ၊ အလုပ်လုပ်ရင်း ငတ်နေကြတဲ့ လူတွေ ထကြလေ" ဟူသော သီချင်းသံသည် ပေါ်လာပြန်သော်လည်း တူညီသောဆန္ဒ၊ ပြင်းပြသည့်စိတ်ဓာတ်နှင့် ခိုင်မာသည့် ညီညွတ်မှုတို့သည် ယခင်ကကဲ့သို့ ပါမလာတော့ချေ။ အသံများထဲ၌ ကြောက်ရွံ့တုန်လှုပ်ခြင်းသည် ရောနှောပါလာလေ၏။

အမေသည် ရှေ့တန်းမှ လူများကိုလည်း မမြင်ရ၊ သူတို့ ဘာဖြစ်နေကြသည်ကိုလည်း မသိသဖြင့် စီတန်း၍ လျှောက်နေကြသည့် သူတို့ကို တိုးကာဖယ်ကာနှင့် ရှေ့သို့ အတင်းတက်လာ၏။ ဤကဲ့သို့ ရှေ့သို့ အတင်းတိုးတက်စဉ် နောက်သို့ ဆုတ်ပြေးလာကြသောသူများနှင့် တိုက်မိ ခိုက်မိကြလေ၏။ ထိုသို့ဆုတ်ပြေးလာကြသူများထဲမှ အချို့သည် မျက်မှောင်ကြုတ်နေကြ၏။ အချို့ကလည်း ဦးခေါင်းများကို အောက်သို့ ငိုက်စိုက် ချထားကြ၏။ အချို့ကလည်း မဲ့ပြုံးပြုံးနေကြ၏။ အချို့ကလည်း သရော်သလိုလို၊ လှောင်သလိုလိုနှင့် လေများပင် ချွန်နေကြ၏။ အမေသည် သူတို့၏ မျက်နှာများကို သေသေချာချာ ကြည့်၏။ ဤသို့ကြည့်ရာ၌ သူ့မျက်နှာတွင် စုံစမ်းသည့်၊ တောင်းပန်သည့် အရိပ်လက္ခဏာတို့သည် ပေါ်လွင်လျက် ရှိလေသည်။

"ရဲဘော်တို့၊ စစ်သားတွေလည်း ကျွန်တော်တို့လို လူတွေပဲ။ သူတို့က ကျွန်တော်တို့ကို လက်ဖျားနဲ့တောင် တို့ကြမှာ မဟုတ်ဘူး။ ဘာပြုလို့ သူတို့က ကျွန်တော်တို့ကို အန္တရာယ် ပေးကြရမှာလဲ။ ကျွန်တော်တို့က လူတိုင်း လူတိုင်း သိထိုက်တဲ့ သစ္စာတရားကို ကြေညာနေ လို့လား။ သူတို့လည်းပဲ ဒီသစ္စာတရားကို ကြားသင့်ကြတာပဲ။ သူတို့ဟာ အခုအထိ ဒီသစ္စာတရား ကို မသိကြသေးဘူး။ မမြင်ကြသေးဘူး။ ဒါပေမဲ့ လူသတ်တဲ့၊ ခားပြတိုက်တဲ့ အလံအောက်က နေပြီး ကျွန်တော်တို့ကို တိုက်ကြခိုက်ကြမယ့်အစား လွတ်လပ်တဲ့ အလံတော်အောက်မှာ တိုက်ပွဲဝင်နေကြတဲ့ ကျွန်တော်တို့နဲ့အတူပေါင်းပြီး တိုက်ကြမယ့်၊ ခိုက်ကြမယ့်အချိန်ကို ရောက်လာရတော့မှာပါ။ အဲဒီတော့ သူတို့တတွေဟာ အမှန်တရားကို မြန်မြန်မြင်ပြီး သိလာအောင် ကျွန်တော်တို့က ရှေ့ကဆက်ပြီး ချီတက်ကြရလိမ့်မယ်။ ကဲ ရဲဘော်တို့၊ ရှေ့ကိုသာ ချီတက်ကြလော့။ အစဉ်ထာဝရ ရှေ့ကိုသာ ချီတက်ကြလော့" ဟု ပါဗယ်က လှုံ့ဆော်လိုက်၏။

သူ၏အသံသည် ခိုင်မာ၏။ သူပြောလိုက်သည့် စကားများသည် စူးရှလှ၏။ ပြတ်သားလှ၏။ သို့ရာတွင် လူအုပ်ကြီးသည် ကွဲနေပေပြီ။ လူများသည် တယောက်ပြီးတယောက် ဘေးသို့ ဖယ်ထွက်ပြီး အချို့ကလည်း နီးရာ အိမ်များထဲသို့ ဝင်ကုန်ကြ၏။ အချို့ကလည်း ဝင်းထရံများဆီသို့ ပြေးကပ်၍ မှီနေကြ၏။ လူအုပ်ကြီးသည် သပ်ကြီး တခုနှင့်တူပြီး ပါဗယ်သည် သပ်ဖျား ဖြစ်နေ၏။ သူ၏ဦးခေါင်းပေါ်မှ အလုပ်သမားတို့၏ အလံနီတော်ကြီးသည်ကား လေထဲတွင်

ဝင့်ဝါလျက်ပင်ရှိသေး၏။ တနည်းအားဖြင့် လူအုပ်ကြီးသည် ပျံ့ပြေးတော့မည့်ဟန်ဖြင့် အတောင်များကို ဖြန့်နေသည့် ငှက်မည်းကြီး သဏ္ဌာန်နှင့်တူနေပြီး ပါဗယ်ကား ထိုငှက်ကြီး၏ နှုတ်သီးသဖွယ် ဖြစ်နေချေပြီတကား။

လမ်းထိပ်၌ အမေသည် စစ်သားများ စီတန်းလျက်နေသည်ကို တွေ့နေလေ၏။ စစ်သားများက ပန်းခြံအဝင်ကို ပိတ်လျက် ရပ်နေကြ၏။ သူတို့သည် အရောင်တောက်ပြောင်လှသည့် လုံစွပ်များကို ထမ်းထားကြ၏။ ဤငြိမ်သက်၍ မလှုပ်မယှက် ရပ်နေကြသည့် စစ်သားကို တွေ့မြင်ကြရသည့်လူများသည် သည်းထိတ်ရင်ဖို ဖြစ်ကုန်ကြ၏။ အမေကိုယ်တိုင်လည်း တုန်လှုပ်ချောက်ချားသွား၏။

သို့ရာတွင် အမေသည် အလံနီတော်ကြီးအနီး၌ စုရုံးနေကြသည့် လူများရှိရာသို့ လူအုပ်ကြီးထဲမှ အတင်းတိုးဝှေ့၍ သွားလေ၏။ အမေနှင့်အတူ အလံတော်ဆီသို့ အတင်း တိုးဝှေ့၍ သွားနေကြ သူများကို အမေသည် မသိချေ။ သို့သော် အမေ ချစ်ခင်နေသည့် အမေ့ ဘက်တော်သားတွေက ဤလူတွေထံမှ အထောက်အကူ လိုနေသည်ကိုမူ သူသိ၏။ သို့တိုးဝှေ့နေရင်း အရပ်ရှည်ရှည် မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများကို ပြောင်နေအောင် ရိတ်ထားသည့် မျက်စိတဖက်လပ်နှင့် လူတစ်ယောက်နှင့် တိုးမိရာ ထိုလူက အမေ့အား ဦးခေါင်းတဖက်ကို ငဲ့၍ကြည့်ပြီး

"ခင်ဗျားဘယ်သူလဲ" ဟု မေးလျှင် အမေက

"အဒေါ်က ပါဗယ်အမေပါ" ဟု ပြန်ပြောလိုက်၏။ သူ၏ဒူးများသည် တုန်နေလေသည်။ ထိုအခါ မျက်စိတဖက်လပ်နှင့် လူက "အိုး" ဟုဆိုကာ အံ့အားသင့်သွားလေသည်။ ထိုအတွင်း ပါဗယ်က

"ရဲဘော်တို့၊ ကျွန်တော်တို့တတွေဟာ တသက်လုံး ရှေ့ကို အတင်းတက်နေကြရမှာပဲ။ ကျွန်တော်တို့မှာ ရှေ့ကို တက်ဖို့မှအပ အခြား ဘယ်လမ်းကြောင်းကိုမှ လိုက်စရာမရှိဘူး" ဟု ပြောလေ၏။

လူများသည် ငြိမ်သက်၍ တစုံတခုကို မျှော်လင့်တောင့်တနေကြ၏။ ပါဗယ်သည် အလံတော်ကို မြှင့်လိုက်၏။ အလံတော်သည် တစက္ကန့်မျှ လေထဲ၌ လွင့်နေပြီး စစ်သားများ စီတန်း၍ ရပ်နေကြသည့် နေရာသို့ ယူဆောင်သွားသည့်အခါ လူတွေ၏ ဦးခေါင်းများပေါ်၌ ပျံဝဲနေလေ၏။ အမေသည် တုန်လှုပ်နေပြီး မျက်စိများကို အတင်းမှိတ်ထားလေ၏။ ပါဗယ်၊ ယူကရိန်းသား၊ ဆမိုင်းလော့နှင့် ဖီယိုဒိုတို့သည် လူအုပ်ကြီး၏ ရှေ့မှ ချီတက်ကြလေသည်။ လေထုထဲမှ ဖီယိုဒို၏ ကြည်လင်ပြတ်သားသည့်...

"ရဲဘော်တို့ ကျဆုံးပြီ၊ မြင့်မြတ်စွာ စွန့်စားသည်" ဟူသော အသံသည်

ပေါ်ထွက်လာရာ လူအများက လေသံနိမ့်နိမ့်ဖြင့်...

"ဒီမတရားတဲ့ တိုက်ပွဲမှာ" ဟူ၍ ပြန်ဆိုကြ၏။ သူတို့လေးဦးသည် စည်းဝါးကျကျ ခြေများကို လှမ်း၍ ရှေ့သို့ ချီတက်ကြပြန်ရင်း

တဖန် ဗီယိုဒိုက... "ရဲဘော်တို့ ရှိသမျှကို အကုန်စွန့်ကြသည်" ဆိုလိုက်ပြန်သည်တွင် သူ၏ ရဲဘော်များက

"လွတ်လပ်ရေးအတွက် မျှော်မှန်းရည်" ဟူ၍ သံပြိုင်ဆိုလိုက်ကြပြန်၏။ ထိုအတွင်း တစုံတယောက်သောသူက...

"ဟား ဟား၊ ခွေးမသားတွေကတော့ ယေင်ကျူးနေကြတယ်ပေါ့ကွာ" ဟု ဆိုလိုက်ရာ၊ လူအုပ်ထဲမှ တယောက်က ဒေါသတကြီးနှင့် "ချလိုက်ကြစမ်းကွာ ဒီအကောင်"

ဟု ဆိုလေ၏။ အမေသည် သူ့ရင်ဘတ်ကို လက်နှင့်အုပ်လျက် ဘေးပတ်ဝန်းကျင်ကို လှည့်၍ ကြည့်နေ၏။ တလမ်းလုံး လျှံနေအောင် စုဝေးလျက်ရှိသည့် လူအုပ်ကြီးသည် ပါဗယ်တို့လေးဦး ရှေ့ဆုံးမှ ချီတက်နေကြသည်ကို ကြည့်ရင်း တွေဝေနေကြသည်ကို အမေသည် မြင်နေလေ၏။

လူအနည်းငယ်သာလျှင် သူတို့လေးယောက်နောက်သို့ လိုက်ကြ၏။ ထိုလူနည်းစုထဲမှပင် တယောက်ပြီးတယောက် တဖြည်းဖြည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ပျောက်ကုန်ကြ၏။ သူတို့သည် စစ်တပ်နှင့် ရင်ဆိုင်ရမည့်အရေးကို သိမြင်နေကြရာ ရိုးရိုး လမ်းမပေါ်၌ လျှောက်ရသည် မဟုတ်ဘဲ မီးကျီးခဲများပေါ်တွင် လျှောက်နေကြရသကဲ့သို့ ဖြစ်နေကြလေသည်။ တဖန် ဗီယိုဒိုက...

"အကြမ်းဖက်မှု အဆုံးသတ်ရမည်" ဆိုလိုက်ရာ -

"ပြည်သူလူထုက ထတော့မည်" ဟူသော တခဲနက် အော်လိုက်သည့် သံပြိုင်သည် ပေါ်လာလေ၏။

သို့ရာတွင် ဤကဲ့သို့ သီချင်းဆိုရင်းပင် တထိတ်ထိတ်နှင့် တီးတိုးတီးတိုးပြောနေကြ၏။

"သူတို့က အမိန့်ပေးတော့မယ်"

ဟုတ်သည် သူတို့ရှေ့မှ...

"သေနတ်တွေကို နှိမ့်လိုက်" ဟူသော စူးရှသောအသံ တသံသည်

ပေါ်ထွက်လာလေ၏။

"ရှေ့သို့ချီတက်" ဟူသော အမိန့်သံနှင့်အတူ စစ်သားများသည် လှံစွပ်များကို နှိမ့်ကာ အလံနီတော်ဆီသို့ ချီတက်လာကြလေ၏။

"ဟေး၊ သူတို့တတွေ လာနေကြပြီ" ဟု မျက်စိတဖက်လပ်နှင့်လူက သူ၏ အင်္ကျီအိတ်များထဲ၌ နှိုက်ရင်း ဘေးသို့ ဖယ်ထွက်ကာ ပြောလေ၏။

အမေသည် ဤအခြင်းအရာတို့ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလေ၏။ စစ်သားများသည် တလမ်းလုံးအပြည့် တပ်ဖြန့်ကာ ချီတက်လာကြရာ သူတို့၏ လှံစွပ်များသည် ငွေရောင် တောက်လျှက်ရှိလေ၏။ အမေသည် ခြေလှမ်း လေးငါးလှမ်းမျှနှင့်ပင် သူ့သားအနီးသို့ ရောက်လာပြီး ယူကရိန်းသားက ပါဗယ်ကို သူ၏မြင့်မား တောင့်တင်းလှသည့် ခန္ဓာကိုယ်နှင့် ကွယ်ထားရန် ပါဗယ်ရှေ့သို့ တက်လာသည်ကို မြင်နေလေ၏။

"ရဲဘော်၊ ခင်ဗျားနေရာ ခင်ဗျားပြန်လေ" ဟု ပါဗယ်က ခပ်ပြတ်ပြတ် ပြောလိုက်၏။ ယူကရိန်းသားသည် ဦးခေါင်းကို နောက်သို့မော်၍ လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ သီချင်းဆိုရင်း ချီတက်နေ၏။ ပါဗယ်က သူ့ကို ဘေးသို့ ပခုံးနှင့်တွန်း၍... "နောက်ဆုတ်ပါ၊ ခင်ဗျားမှာ ဒီလိုလုပ်ဖို့ ဘာအခွင့်အရေးမှ မရှိဘူး။ အလံတော်က ရှေ့က သွားရမှာဗျာ" ဟု နောက်ထပ်တဖန် အော်လိုက်ပြန်၏။ ထိုအတွင်း ပုညှက်ညှက် စစ်ဗိုလ်တယောက်က သူ၏ဓားရှည်ကို လေထဲ၌ ဝင့်လိုက်ပြီး...

"ဒီလူအုပ်ကြီးကို ခွဲလိုက်" ဟု အမိန့်ပေးလေသည်။ သူသည် ဒူးကိုမကွေးဘဲ ခြေထောက်များကို ဆန့်ကာ ချီတက်၍ မြေကြီးကို သူ့ဖိနပ်ခွာများနှင့် နာနာဆောင့်၍ ချလျှက်ရှိ၏။ သူ၏ ပြောင်လက်နေသည့် ဖိနပ်များကို အမေသည် သတိပြုမိ၏။

ဆံပင်တိုတိုညှပ်ထားသည့် အရပ်ရှည်ရှည်လူတယောက်သည် ထိုစစ်ဗိုလ်၏ ဘေးကျကျ နောက်မှ လျှောက်လာ၏။ သူ၏ နှုတ်ခမ်းမွေးများသည် ဖြူရော်ရော် ဖြစ်နေချေပြီ။ သူသည် အတွင်းခံအနီနှင့် ဖြူမွဲမွဲ ဝတ်လုံအင်္ကျီရှည်ကြီးကို ဝတ်ထား၏။ သူ့ဘောင်းဘီဘေး၌ အောက်ဖျားထိ အဝါရောင် အစင်းကြီးကို ကွပ်ထား၏။ ယူကရိန်းသားကဲ့သို့ပင် သူသည် လက်များကို နောက်သို့ပစ်ထား၏။ မျက်ခုံးမွေးထူထူနှင့် မျက်ခုံးကိုပင့်ကာ သူသည် ပါဗယ်ကို စိုက်ကြည့်နေလေသည်။

အမေသည် သူ့ရှေ့မှောက်၌ ရောက်နေသမျှကို ကြည့်မနေနိုင်၊ ရင်ပွင့်သွားအောင် ဟစ်၍ ငိုလိုက်ချင်၏။ သို့ရာတွင် မငိုမိအောင် စိတ်ကို တအား ချုပ်တည်းထား၏။ လူများက သူ့ကိုတွန်းနေကြရာ သူသည် ဘာမှစဉ်းစားမနေနိုင်ဘဲ

ရှေ့သို့ချီတက်ရင်း ယိမ်းယိုင်လျက်ရှိ၏။ ရှေ့မှ စစ်တပ်နှင့် နီးလာလေ၊ သူ့နောက်မှလူများ လျော့လျော့သွားလေမှန်း သူသိ၏။

အလံတော်နောက်မှ လိုက်လာသည့်လူအုပ်နှင့် ရှေ့မှချီတက်လာသည့် စစ်တပ်သည် နီးသည်ထက် နီးနီးလာ၏။ အမေသည် သူ့ရှေ့မှ ပုံပျက်ပန်းပျက် ရှုံ့မဲ့နေကြသည့် စစ်သားတို့၏ မျက်နှာကို ကောင်းကောင်း မြင်နေချေပြီ။ စစ်သားများသည် ချီတက်လာသူများ၏ ရင်ဘက်ကို လှံစွပ်များနှင့် ချိန်၍ တက်လာကြပြီး ထိုလှံစွပ်များနှင့် မထိုးမနှတ်ဘဲ အတင်း လှံစွပ်ဖြင့် ဖယ်လိုက် ရှားလိုက်နှင့် လူအုပ်ကို ခွဲနေကြလေသည်။ အမေသည် သူ့နောက်မှလူများ ပြေးကြလွှားကြသံနှင့် တုန်တုန်ယင်ယင် အော်ဟစ်နေကြသော...

"လူစုခွဲကြ ကိုယ့်လူတို့"

"ပြေး ပြေး ပါဗယ်"

"နောက်ဆုတ် ပါဗယ်" ဟူသော အသံတို့ကို ကြားရ၏။

"အလံကို ချလိုက်တော့ ပါဗယ်။ ပေး ပေး၊ ငါ့ကိုပေး ငါဝှက်ထားမယ်" ဟူ၍ အော်နေသည့် နစ်ကိုလိုင်၏ အသံကိုလည်း ကြားရ၏။

နစ်ကိုလိုင်သည် အလံတော်ရိုးကို ဆွဲယူလိုက်ရာ အလံနီတော်သည် နောက်သို့ ယိုင်သွားလေ၏။ ပါဗယ်က၊

"လွှတ်လိုက်ပါ" ဟု အော်လိုက်၏။ နစ်ကိုလိုင်သည် မီးခဲကို ကိုင်မိသကဲ့သို့ အလံရိုးမှ လက်ကို ချက်ချင်း ရုပ်လိုက်၏။ သီချင်းသံသည် ငြိမ်သွား၏။ လူများသည် ရှေ့ဆက် မချီတက်တော့ဘဲ ရပ်ကာ ပါဗယ်၏ ဘေးပတ်လည်၌ ဝိုင်း၍ ရပ်နေကြလေ၏။ သို့ရာတွင် ပါဗယ်သည် ရှေ့သို့ အတင်းတိုးထွက်လေ၏။ ရုတ်တရက် ချက်ချင်း မမျှော်လင့်ဘဲ အားလုံး ဘာသံမျှမကြားဘဲ ဆိတ်ငြိမ်သွားလေ၏။

လူနှစ်ဆယ်သည် အလံတော်ကို ဝိုင်းကြည့်နေကြ၏။ သူတို့သည် နောက်သို့ မဆုတ်ဘဲ ကြံ့ကြံ့ခံလျက်ရှိ၏။ အမေသည် စိုးရိမ်သောကလည်းမကင်း၊ တစုံတခုကို ပြောပြလိုသည့် ဆန္ဒကလည်း ရှိနေသဖြင့် သူ့ဆီသို့ သွားလေ၏။

စစ်ဗိုလ်ကလေးသည် ပါဗယ်ဆီသို့ပြေးပြီး အလံတော်ကို အတင်းဆွဲကာ "လွှတ်လိုက်" ဟု အော်လေ၏။ ပါဗယ်က၊

"ခင်ဗျားလက်တွေကို လွှတ်လိုက်ပါ" ဟု ကျယ်လောင်စွာ ပြောလိုက်၏။

စစ်ဗိုလ်ကလေးနှင့် ပါဗယ်တို့သည် အလံတော်ကို လုနေကြရာ အလံသည်

ညာဘက် ယိမ်းလိုက်၊ ဘယ်ဘက် ယိမ်းလိုက်နှင့် ဖြစ်နေလေ၏။ ထိုနောက် အလံတော်သည် မတ်မတ်ရပ်နေ၏။

အရပ်ရှည်ရှည်၊ အသက်ကြီးကြီးလူကြီးက အလံတော်ကို လက်ညှိုးထိုးပြီး "သူ့ဆီက ဟိုဟာကို ယူပစ်လိုက်ပါ ဗိုလ်လေး" စစ်ဗိုလ်အား ပြောလေ၏။ စစ်ဗိုလ်ကလေးသည် နောက်သို့ခုန်လိုက်ရာ လဲသွား၏။ နစ်ကိုလိုင်သည် အမေ့ကိုကျော်ကာ လက်သီးကိုယမ်းလျက် ရှေ့ကို အတင်း တိုးသွားလေ၏။

အသက်အရွယ်ကြီးကြီး လူကြီးက ခြေထောက်ကိုဆောင့်ပြီး "သူတို့ကို ဖမ်းလိုက်" ဟု အမိန့်ပေးလိုက်၏။

စစ်သားအမြောက်အမြားသည် ရှေ့သို့ ပြေးသွားကြ၏။ စစ်သားတယောက်က သူ၏ သေနတ်ဒင်ကို ယမ်းလိုက်၏။ အလံတော်သည် တုန်လှုပ်သွားပြီး ရှေ့သို့ လဲကျသွားကာ စစ်သားများကြား၌ ပျောက်ကွယ်သွားလေသည်။

"အလို ဘုရားရေ" ဟု တစုံတယောက်သောသူက အော်လိုက်၏။ အမေသည် ဒဏ်ရာရထားသည့် သားကောင်ပမာ လမ်းလျှောက်နေလေ၏။ ထို ဘုရားတ,လိုက်သည့် အသံကိုပါ ပါဗယ်က စစ်သားတွေအကြားမှ "သွားပြီ အမေ၊ သွားပြီ။ သားအချစ်ဆုံးအမေ" ဟု လှမ်း၍ ပြောလိုက်၏။ အမေသည် သူ့သား၏ အသံကိုကြားလျှင်၊

"အင်း၊ ငါ့သား မသေဘူးဟဲ့။ သူ ငါ့ကို သတိရနေတာပဲ" ဟူသော အသိနှစ်သိသည် သူ့ခေါင်းထဲသို့ ရုတ်ခြည်းဝင်လာ၏။ တဖန် ပါဗယ်က၊ "သွားပြီ အမေ" ဟု နှုတ်ဆက်လိုက်၏။

အမေသည် သူတို့ကို မြင်ရအောင် ခြေဖျားထောက်၍ ကြည့်၏။ စစ်သားတွေ ခေါင်းပေါ်မှ ယူကရိန်းသား၏ မျက်နှာကို မြင်လိုက်၏။ သူက ပြုံး၍ အမေ့အား ဦးညွှတ်နေလေသည်။

"အာ၊ ငါ့သားတွေ။ အင်ဒရေယူရှာတို့၊ ပါဗယ်တို့" ဟု အမေက အော်လိုက်၏။

"ကျွန်တော်တို့သွားပြီ အမေရဲ့" ဟု စစ်သားတွေအကြားမှ သူတို့က လှမ်း၍အော်လိုက်လေသည်။

ပြတင်းပေါက်များ၊ အိမ်အပေါ်ထပ်များနှင့် အိမ်ခေါင်မိုးများပေါ်မှ လူအများအပြားက သူတို့နှစ်ယောက်အား ပြန်၍ နှုတ်ဆက်နေကြလေသတည်း။

တစုံတယောက်သောသူက အမေ၏ရင်ဘတ်ကို ရုတ်တရက် ရိုက်လိုက်၏။ သူ့ရှေ့၌ ရပ်နေသည့် မျက်နှာနီနီနှင့် စစ်ဗိုလ်ကို အမေသည် ပိုးတဝါးမြင်နေ၏။ စစ်ဗိုလ်က အမေ့အား

"ဒီမိန်းမကြီး၊ သွားစမ်း မြန်မြန်" ဟု အော်လိုက်၏။

အမေသည် ထိုစစ်ဗိုလ်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ သူ၏ခြေရင်း၌ အလံသည် ထက်ပိုင်း ကျိုးနေပြီး တပိုင်း၏ထိပ်၌ အဝတ်နီတစ ချည်ထားလျက်ပင် ရှိသေး၏။ အမေသည် ကုန်း၍ အလံရိုးတပိုင်းကို ကောက်လိုက်၏။ စစ်ဗိုလ်သည် သူ့လက်ထဲမှ အလံရိုးကို အတင်းဆွဲယူပြီး သူ့ကို ဘေးသို့ တွန်းပစ်လိုက်၏။

"ခင်ဗျား သွားပါ၊ ကျုပ်ပြောနေတာ မကြားဘူးလား" ဟု ခြေထောက်ကို ဆောင့်နင်း၍ အော်လိုက်၏။

စစ်သားများ ဝိုင်းထားသည့်အထဲမှပင် အလုပ်သမားများက၊ "တိုက်ပွဲဝင်ရန် ထကြလေ၊ တို့အလုပ်သမားတွေ၊ အို အလုပ်သမားတွေ ထကြလေ" ဟု ဆိုလိုက်ကြပြန်၏။ ပတ်ဝန်းကျင်တခုလုံးသည် တုန်လှုပ်လျက်ရှိ၏။ ပေါ်ထွက်လာသည့် အသံကလည်း ကြေးနန်းကြိုးများကို ဆွဲခါလိုက်သကဲ့သို့ အမင်္ဂလာအသံ ဖြစ်နေ၏။ စစ်ဗိုလ်သည် အတင်းပြေးကာ...

"ဟေ့၊ သီချင်းမဆိုနဲ့" ဟု ဒေါသတကြီးနှင့် အော်လိုက်ပြီး "ဆာဂျင်မေဂျာ ကရေးနော့" ဟု လှမ်း၍ ခေါ်လိုက်၏။

အမေသည် ယိုင်တီးယိုင်တိုင်နှင့် စစ်ဗိုလ် အလံရိုးကို ချပစ်လိုက်သည့်နေရာသို့ သွား၍ ထိုအလံရိုးကို ကောက်လိုက်၏။

"သူတို့ကို စကားမပြောစေနဲ့" ဟု စစ်ဗိုလ်က အမိန့်ပေးလိုက်၏။

သီချင်းသံသည် အနိုင်နိုင်ထွက်လာ၏။ တုန်နေ၏။ တဖန် ငြိမ်သွားပြန်၏။ တစုံတယောက်သော သူက အမေ့ပခုံးကိုကိုင်ပြီး အတင်းလှည့်လိုက်ကာ အတင်းတွန်းလိုက်၏။ ထိုနောက်

"သွားသွား၊ မြန်မြန်သွား" ဟု ဆို၏။ စစ်ဗိုလ်က

"လမ်းပေါ်မှာ မနေကြနဲ့" ဟု အော်လိုက်၏။

အမေသည် သူ့ရှေ့ မလှမ်းမကမ်း၌ တခြားလူအုပ်တအုပ်ကို မြင်လေ၏။ ထိုလူအုပ်သည် တဖြည်းဖြည်း နောက်သို့ဆုတ်ရင်း အော်လိုက်၊ ကျိန်လိုက်၊ သီချင်းဆိုလိုက် လုပ်နေ၏။ ထိုနောက် မကြာမီ လူများသည် အိမ်ဝိုင်းများအတွင်းသို့ဝင်၍ ကွယ်ပျောက်သွားကြလေသည်။

“သွားပါ သူရဲမကြီး” ဟု ခပ်ငယ်ငယ် စစ်သားတယောက်က အမေ့နားနား၌ အော်၍ အမေ့ကို လမ်းဘေးသို့ တွန်းပစ်လိုက်၏။

အမေသည် အားအင်ကုန်ခန်းလျက်ရှိရာ အလံရိုးတပိုင်းကိုမှီ၍ လျှောက်နေ၏။ သူ့ကိုယ်သူ လဲမသွားအောင် ရှိသမျှအားအင်နှင့် အိမ်နံရံများနှင့် ဝင်းထရံတို့ကို လက်နှင့် ကိုင်လျက် ထိန်းနေလေ၏။ လူများသည် သူ့အနီးမှ ဆုတ်ခွာလျက်ရှိကြ၏။ သူ၏နောက်နှင့် ဘေး၌ စစ်သားများသည်

“သွားကြစမ်း၊ သွားကြစမ်း” ဟု အော်ရင်း လမ်းလျှောက်နေကြ၏။

အမေသည် သူတို့ကို လမ်းဖယ်ပေးလိုက်၏။ ထိုနောက်ရပ်၍ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ လမ်းထိပ်၌ ခြံကြီးအဝင်ဝကို ပိတ်ဆို့ထားကြသည့် စစ်သားများကို မြင်ရ၏။ သို့ရာတွင် ခြံကြီးထဲ၌ လူတယောက်မျှ မရှိချေ။ သူ့ရှေ့မှ စစ်သားများသည် လူတွေကို နောက်သို့ အတင်း တွန်းလှန်နေကြလေသည်။

အမေသည် နောက်သို့ ဆုတ်ချင်၏။ သို့ရာတွင် အမှတ်မထင် ရှေ့သို့ဆက်၍ သွားနေလေရာ နောက်ဆုံး လူတဦးတယောက်မျှမရှိသည့် လမ်းမြောင် လမ်းကျဉ်းကလေးတခုသို့ ရောက်လေလျှင် ထိုလမ်းမြောင်ထဲသို့ ဝင်သွားလေ၏။

တဖန် အမေသည် ရပ်လိုက်ပြန်၏။ သက်ပြင်းကြီးတချက် ချကာ နားထောင်လိုက်၏။ ရှေ့တနေရာမှ လူအုပ်ကြီး၏ မပီမသသည့် အုတ်အုတ်ကျက်ကျက် အသံကို ကြားနေရ၏။ အလံရိုးကို တအားမှီပြီး အမေသည် တဖန်ဆက်၍ သွားပြန်၏။ ယခု သူ့တကိုယ်လုံး ချွေးများ စိုနေပြီး သူ၏ မျက်ခုံးများနှင့် နှုတ်ခမ်းသည် တုန်နေကြ၏။ သူ၏စိတ်ထဲ၌ တလုံးနှင့်တလုံး အဆက်အစပ်မရှိဘဲ လျှပ်ပန်းလက်သကဲ့သို့ စကားလုံးများသည်ပေါ်လာလျှင် အမေသည် သူ၏လက်များကို ဇွေ့ကာယမ်းကာနှင့် စကားပြောဟန် လုပ်နေလေ၏။ အမေသည် သူ့ဝမ်းထဲ၌ ပေါ်လာသည့်စကားကို အော်ဟစ်၍ ပြောလိုက်လေ၏။

ထိုအတွင်း အမေသည် လျှောက်လာသည့် လမ်းမြောင်ကလေးမှ ရုတ်တရက် ဘယ်ဘက်သို့ ချိုးဝင်လိုက်ရာ လူစုကြီးတစုကို လှမ်း၍ မြင်လိုက်လေ၏။

"ညီတော် နောင်တော်တို့၊ ခင်ဗျားတို့ဟာ အပျော်သဘောသက်သက်နဲ့တော့ ကိုယ့်ကိုယ်ကို လှံစွပ်စာ မကျွေးချင်ကြပါနဲ့" ဟု တစုံတယောက်သောသူက အသံကျယ်ကျယ် ပြောလိုက်၏။

"ဒီလိုဟာမျိုး ခင်ဗျားတို့ မြင်ဖူးကြရဲ့လား။ လှံစွပ်တွေနဲ့ ချိန်ပြီး စစ်သားတွေက သူတို့ဆီကို လာနေကြတာတောင် သူတို့က ကြွံကြွံခိုင်ခိုင် ခံနေကြတာကို ကြည့်ကြပါဦးလေ။ သူတို့ဟာ ကျောက်တိုင်၊ ကျောက်တုံးလို မကြောက်မလန့် ရပ်နေကြတာကော"

"အဲဒါ ပါဗယ်ပေါ့ဗျာ"

"ယူကရိန်းသားကလည်းပဲ"

"လက်တွေကို နောက်ပစ်ထားပြီး အမြဲပြုံးနေလိုက်တာ တကယ်ကို ကြောက်မွေးပါ ဇာဂနာနဲ့ နုတ်ပစ်မယ် ဆိုတဲ့လူပဲ"

"နည်းနည်းမှမကြောက်တတ်ဘူး" ဟု အော်ကာ အမေသည် ထိုလူစုအလယ်ကောင်သို့ အတင်းဝင်သွားလေ၏။ သူတို့က အမေ့ကို လေးလေးစားစားနှင့် လမ်းဖယ်ပေးကြ၏။ တစုံတယောက်သောသူက ရယ်လျက်

"ကြည့်စမ်း အမေ့မှာ အလံရလာပြီ။ အမေ့လက်ထဲမှာ အလံနဲ့" ဟု အော်လိုက်လေ၏။

ထိုအတွင်း တင်းမာသည့် အသံတသံက "စကားမများနဲ့" ဟု လှမ်းအော်လိုက်၏။

အမေသည် သူ၏လက်များကို ဆန့်တန်းလိုက်၏။ ထိုနောက် "နားထောင်ကြစမ်းပါ၊ ဘုရားသခင် အလိုတော်အရ ပြောပါရစေ။ တော်တို့တတွေ အားလုံးဟာ လူကောင်းတွေပါ။ ကျုပ်ရဲ့ ချစ်ခင်ရင်းနှီးတဲ့လူတွေပါ။ တော်တို့ အားလုံးဟာ အခုဖြစ်ပျက်သမျှဟာတွေကို ကြည့်ပြီး မကြောက်ကြ၊ မလန့်ကြပါနဲ့။ ကျုပ်တို့တတွေရဲ့ သားသမီးတွေ၊ ကျုပ်တို့ရဲ့ ရင်သွေးရင်နှစ် တွေဟာ ကျုပ်တို့တတွေ အားလုံး တရားမျှတရရှိရေးအတွက် တိုက်ပွဲဝင်ကုန်ကြပါပြီ။ ဒီလက်ဝါးကပ်တိုင် (အလံတော်နီကို ဆိုလိုပါသည်) ကို တော်တို့အားလုံးအတွက်နဲ့ တော်တို့ရဲ့ မမွေးသေးတဲ့ ကလေးတွေအတွက်ပါ ကိုင်စွဲခဲ့ကြပြီ။ သူတို့လိုချင်တာက ဒီလိုဘဝ မဟုတ်ဘူး။ သစ္စာတရားနဲ့ အဲဒီသစ္စာတရား ကြီးစိုးမယ့်ဘဝမျိုး ဖြစ်ပါတယ်။ သူတို့လိုချင်တာက လူသားတွေ အားလုံးအတွက် မွန်မြတ်တဲ့တရား ဖြစ်ပါတယ်" ဟု ပြောလေ၏။

အမေ၏ အသည်းနှလုံးသည် ပွင့်သွားလုမတတ် ဖြစ်နေ၏။

လည်ချောင်းသည် ပွင့်၍ ခြောက်သွေ့နေ၏။ သူ၏ အသည်းနှလုံးထဲ၌ ရောမစကားလုံးကြီးများသည် ပေါ်ထွက်လာ၏။ လူသားအားလုံးကို မေတ္တာစိတ်နှင့် လွှမ်းထားသည့် ဤစကားများကြောင့် ပင် အမေသည် စကားကို သွက်သွက်လည်းပြောနိုင်၏။ သူတပါး၏ ဦးနှောက်ထဲသို့ ရိုက်သွင်းလိုက်သကဲ့သို့ လည်း ပြောနိုင်သည်။

လူတိုင်းက သူ့စကားများကို ငြိမ်သက်စွာ နားထောင်နေသည်ကို အမေသိ၏။ သူတို့တတွေ စဉ်းစားနေကြသည်ကိုလည်း အမေသိ၏။ ပါဗယ်နှင့် ယူကရိန်းသားတို့၏ နောက်သို့ လည်းကောင်း၊ စစ်သားတွေက ဖမ်းချင်သလိုဖမ်း၊ ခေါ်ချင်သည့်နေရာသို့ ခေါ်ဆောင်သွားကြ သည့် လူများအားလုံး၏ နောက်သို့လည်းကောင်း၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံ ကုန်း၍သာ ခံကြပေတော့ဟူသောသဘောဖြင့် လျစ်လျူရှုခြင်းကို ခံနေကြရသည့် လူအားလုံး၏ နောက်သို့ လည်းကောင်း ထိုလူအုပ်ကြီးကို အမေက လိုက်စေလို၏။ ဤဆန္ဒကို အမေသည် ယခု ကောင်းကောင်းကြီး သိမြင်လာခဲ့လေပြီ။

သူသည် သူ့ပတ်ဝန်းကျင်ရှိ မျက်မှောင်ကြုတ်၍ အာရုံစူးစိုက်နေကြသည့် မျက်နှာများကို ကြည့်ကာ သိမ်မွေ့ နူးညံ့စွာ

“ကျုပ်တို့ရဲ့ကလေးတွေက ပျော်ရွှင်မှုကို ရှာဖွေဖို့ တိုက်ပွဲဝင်ကြပြီ။ သူတို့ ဒီလို တိုက်ပွဲဝင်ကြ တာဟာ ကျုပ်တို့တတွေ အားလုံးအတွက်ဖြစ်ပါတယ်။ ခရစ်တော်ရဲ့သစ္စာတရားအတွက် ဖြစ်ပါတယ်။ သူတို့တတွေဟာ လူဆိုးတွေ၊ သစ္စာမဲ့တဲ့လူတွေ၊ လောဘရမ္မက်ကြီးတဲ့သူတွေ။ အဲဒီလူတွေက ကျုပ်တို့ကို တုပ်နှောင်ထားတဲ့၊ ကျုပ်တို့ ပါးစပ်တွေကို ပိတ်ထားတဲ့၊ ကျုပ်တို့တတွေကို ဖိနှိပ်ညှဉ်းပန်းနေတဲ့ တရားတွေကို တိုက်ဖျက်ဖို့ ထွက်သွားကုန်ကြပြီ။ အို... ချစ်ဆွေတို့၊ ကျုပ်တို့တတွေ အားလုံးအတွက် ကမ္ဘာတဝန်းလုံးအတွက်၊ လုပ်သားပြည်သူတွေ အတွက် ထကုန်ကြပြီ၊ လှုပ်ရှားကုန်ကြပြီ၊ သူတို့ကို လျစ်လျူမရှုကြပါနဲ့။ သူတို့ကို ပစ်မထားကြ ပါနဲ့၊ မိတ်ဆွေတို့ရဲ့ သားသမီးတွေကို သူတို့ချည်း မချီတက်ကြပါစေနဲ့၊ တော်တို့ကိုယ်တိုင် စဉ်းစားကြည့်ကြစမ်းပါဦး။ သစ္စာတရားကို အတိအလင်း ကြေညာထားကြတဲ့၊ သစ္စာတရား အတွက် ဒုက္ခဆင်းရဲတွေကို ခံနေကြတဲ့ တော်တို့ရဲ့ သားသမီးတွေရဲ့စိတ်ခတ်ဟာ ဘယ်လောက် မွန်မြတ်သန့်ရှင်းတယ်ဆိုတာကို ယုံကြည်ကြစမ်းပါ။ တကယ့်ကို ယုံကြည်ကြစမ်းပါ”ဟု တဖန် ပြောပြန်လေ၏။

အမေသည် နောက်ထပ် အသံမထွက်တော့။ သူ၏ခန္ဓာကိုယ်သည် ယိမ်းယိုင်သွားပြီး မျောသွားတော့မတတ် ဖြစ်နေ၏။ ထိုကြောင့် တစုံတယောက်သောသူက သူ့ကို ဖမ်း၍ ထိန်းထားလိုက်၏။

တစုံတယောက်သောသူက တုန်ယင်သော အသံဖြင့်

"သူပြောနေတာဟာ ဘုရားသခင်ကိုယ်တော်မြတ်ရဲ့ သစ္စာတရားဖြစ်တယ်။ ဘုရားသခင် ကိုယ်တော်မြတ်ရဲ့ သစ္စာတရားကို သူတော်ကောင်းများက နားထောင်ကြပါ" ဟု ပြောလေ၏။

တဖန် အခြားသူတယောက်က

"သူ့ကိုယ်သူ ဘယ်လို နှိပ်စက်ညှဉ်းပန်းနေတယ်ဆိုတာကို ကြည့်ကြစမ်းပါ" ဟု ကရုဏာနှင့် ဝင်၍ပြောလိုက်ပြန်၏။

"သူက သူ့ကိုယ်သူ နှိပ်စက်ညှဉ်းပန်းနေတာ မဟုတ်ဘူးဗျာ့၊ သူက ကျုပ်တို့ လူအ လူမိုက်တွေကို နှံနေတာဗျာ့" ဟု တယောက်က ရှင်းပြပြန်၏။

ထိုအတွင်း မိန်းမကြီးတယောက်က တုန်ယင် ကျယ်လောင်သော အသံဖြင့်

"ဘုရားသခင်ကိုယ်တော်မြတ်ကို အမှန်တကယ် ယုံကြည်သူများကို ကျုပ်တခု ပြောပါရစေ။ ကျုပ်ရဲ့သား မစ် (တ်) ယာဟာ သန့်ရှင်းစင်ကြယ်တဲ့ စိတ်ထားရှိပါတယ်။ မကောင်းတာကို သူဘာများလုပ်ခဲ့လို့တုံး။ ကြည့်ကြစမ်းပါဦး။ သူဟာ သူ့ရဲဘော်တွေနောက်ကို လိုက်တာပဲ ရှိတယ်။ သူက အဲဒီ သူ့ရဲဘော်တွေကို ချစ်တယ်။ အခုနက အမေ ပြောလိုက်တဲ့စကားတွေဟာ မှန်တာချည်းပဲ။ ကျုပ်တို့က ကျုပ်တို့သားတွေ၊ သမီးတွေကို ဘာပြုလို့ ဒီလိုဒုက္ခဆင်းရဲတွေထဲမှာ ဖြစ်ချင်တာဖြစ်ဆိုပြီး ထားခဲ့ကြရမှာလဲ။ သူတို့ဟာ မတရားတာ၊ မမှန်တာကို ဘာများ လုပ်ခဲ့ကြလို့လဲ" ဟု ဝင်၍ပြောလိုက်၏။

အမေသည် သူ တုန်တုန်ယင်ယင်နှင့် ပြောလိုက်သည့်စကားများကို ကြား၏။ ထိုနောက် ကျိတ်၍ ငိုနေ၏။

တဖန် ဆီးဇော့က

"ကဲ အမေ၊ အိမ်ပြန်ပါတော့။ ပြန်ပါ အမေ၊ အမေက ပင်ပန်းလှပါပြီ" ဟု ပြောလေ၏။ ဆီးဇော့၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်နေ၏။ သူ၏ မုတ်ဆိတ်မွေးများသည် ရှုပ်ထွေးနေ၏။ သူသည် ရုတ်တရက် ကိုယ်ကိုဆန့်၍ ပတ်ဝန်းကျင်ကို ခက်ထန်စွာ လှည့်ကြည့်လိုက်၏။ ထိုနောက် အလွန်တည်ငြိမ်စွာ၊

"ကျုပ်သား မက်(တ်)ဖေ အလုပ်ရုံမှာ အသတ်ခံလိုက်ရတာကို ခင်ဗျားတို့တတွေ အားလုံး သိကြပါတယ်။ ဒါပေမဲ့ သူသာ အသက်ရှင်နေရင် ကျုပ်က သူ့ကို အခု ကလေးတွေနောက် ထည့်လိုက်မှာပဲ။ လိုက်သွားပါ၊ ကျုပ်ကိုယ်တိုင်က သူ့ကို 'ဟေ့ မက်(တ်)ဖေ မင်းလည်းပဲ လိုက်သွားပါ။ အဲဒါဟာ တခုတည်းသော

မှန်ကန်တဲ့လမ်းပဲ။ တခုတည်းသော ရိုးသားတဲ့လမ်းပဲ’ လို့ ပြောလိုက်မှာပဲ” ဟု ပြောလိုက်၏။

ထိုနောက် ဆီးဇော့သည် စကားမပြောဘဲ ရပ်လိုက်၏။ ငြိမ်နေလိုက်၏။ အခြားလူအားလုံးလည်း ငြိမ်နေ၏။ သူတို့ကို သစ်လွင်ကြီးမားသည့် တစုံတခုသော တရား လွှမ်းမိုးထား၏။ ဤတရားကို သူတို့မကြောက်ချေ။ တဖန် သူသည် သူ၏လက်သီးကို ယမ်းလျက်၊

“အခုပြောနေတဲ့လူဟာ အသက်အရွယ်အားဖြင့် အိုလှပါပြီ။ ခင်ဗျားတို့အားလုံး ကျုပ်ကို သိကြပါတယ်။ ကျုပ် လူ့ဘဝကိုရောက်နေတာ ၅၃ နှစ် ရှိပါပြီ။ ကျုပ်ဟာ ၁၉ နှစ်တိုင်တိုင် ဒီအလုပ်ရုံထဲမှာ အလုပ်လုပ်ခဲ့ပါတယ်။ ကနေ့ သူတို့က ကျုပ်တူကို ဖမ်းကြပြန်တယ်။ ကျုပ်တူဟာ လူကောင်းကလေး၊ လူလိမ္မာကလေးတယောက်ပါ။ သူဟာ ပါဗယ်အနား အလံတော်ရဲ့နောက်ကကပ်ပြီး လျှောက်ခဲ့ပါတယ်။ (ထိုနောက် သူသည် လက်ကို တချက် ယမ်းပြီး အမေ့လက်မောင်းကို ဆွဲလိုက်၏။) “ဟောဒီ အမျိုးသမီးကြီးက အခုနက ပြောလိုက်တဲ့စကားဟာ မှန်တယ်။ ကျုပ်တို့ရဲ့ကလေးတွေက တကယ် ရိုးသားဖြောင့်မတ်ကြပြီး တကယ်ကို လူသားဘဝမှာ လူသားနဲ့တူအောင် နေချင်ကြတယ်၊ ထိုင်ချင်ကြတယ်၊ အလုပ်လုပ်ချင်ကြတယ်။ အဆုံးမှာတော့ လူသားပီပီသသ နေချင်ကြတယ်။ ဒါပေမဲ့ ကျုပ်က သူတို့ကို ဒုက္ခဆင်းရဲတွေကြားထဲမှာ သင်းတို့ထိုက်နဲ့ သင်းတို့ကံဆိုတဲ့ သဘောနဲ့ ထားပစ်ခဲ့ကြ တယ်။ တကယ့်ကို သူတို့က လျစ်လျူရှုပြီး ထားခဲ့ကြတယ်။ ကဲ လာပါ အမေ သွားကြရအောင်” ဟု ပြောပြီး အမေကို ခေါ်လေ၏။ အမေက

“အို... သူတော်ကောင်းတို့၊ ဒီလူ့ဘောင်ဟာ ကျုပ်တို့ ကလေးတွေအဖို့ ဖြစ်ပါတယ်။ ဒီကမ္ဘာမြေကြီးဟာလည်း သူတို့အတွက်ပါပဲ” ဟု ပြောပြန်လေ၏။

ဆီးဇော့က အမေအား၊

“လာပါ အမေ၊ ခင်ဗျားရဲ့အလံရိုးကို ယူခဲ့ပါ” ဟု ပြောရင်း အလံတော်ရိုးကို အပ်လိုက်၏။

လူအုပ်ကြီးသည် အမေ့အား ဝမ်းနည်းစွာ၊ ရိုသေလေးစားစွာ စောင့်၍ ကြည့်နေ၏။ ဆီးဇော့က သူ့အတွက် ငြိမ်သက်စွာတိမ်းရှောင်ပေးကြ၏။ တစုံတခုသော အချို့ခတ်က ဆွဲဆောင်လိုက် သကဲ့သို့ လူအုပ်ကြီးသည် အမေ့နောက်မှ လိုက်လာကြ၏။ သို့လိုက်လာစဉ်အတွင်း အသံတိုးတိုးနှင့် တယောက်ကိုတယောက် စကားပြောလာကြ၏။ သူ့အိမ်ဝသို့ ရောက်သောအခါ အမေသည် လူအုပ်ကြီးဘက်သို့ လှည့်၍ အလံတော်ရိုးကိုမှီကာ ဦးခေါင်းကိုညွတ်ပြီး “ကျေးဇူးတင်ပါတယ်တော်” ဟု ဖြည်းညင်းသာယာစွာနှင့် ကျေးဇူးတင်စကား

ပြောလေ၏။

ထိုနောက် သူ၏နှလုံးသားထဲ၌ ပေါက်ပွားလာသော သစ်လွင်သည့် သစ္စာတရားကို သတိရလျက်၊

'တကယ်လို့ သခင်ယေရှုကိုယ်တော်မြတ် ဘုန်းတန်ခိုးကြီးလာအောင် သူတို့တွေကသာ သူတို့အသက်ကို မစွန့်ကြရင် သခင်ယေရှုကိုယ်တော်မြတ်ဟာ ဘယ်ပေါ်ပေါက်တော်မူနိုင်ပါ့မလဲ' ဟု ပြောလိုက်ပြန်၏။ လူအုပ်ကြီးက သူ့အား ငြိမ်သက်စွာ ကြည့်နေ၏။

တဖန် အမေသည် လူအုပ်ကြီးအား ဦးညွှတ်၍ အိမ်ထဲသို့ ဝင်သွားလေ၏။ ဆီးဇော့ကလည်း ဦးခေါင်းကို ညွှတ်ကာ အမေ့နောက်သို့ လိုက်သွားလေ၏။ လူများသည် အမေ၏ တံခါးဝ၌ စကားပြောရင်း ခဏမျှ စောင့်နေကြ၏။ ထိုနောက် သူတို့သည် တဖြည်းဖြည်း ပြန်ကုန်ကြလေ သတည်း။

ဒုတိယပိုင်း

အခန်း တစ်

ဆန္ဒပြပွဲမှ ပြန်လာပြီး အမေသည် နေကုန်သည်အထိ ဟိုဟိုသည်သည်ကို သတိရလျက် လည်းကောင်း၊ စိတ်ရောကိုယ်ပါ အလွန်ပင်ပန်းနွမ်းရိစွာဖြင့်လည်းကောင်း အချိန်ကုန်ခဲ့၏။ အမေ၏မျက်စိထဲ၌ ပုညက်ညက် စစ်ဗိုလ်သဏ္ဍာန်သည်လည်းကောင်း၊ ပါဗယ်၏ နီညိုညို မျက်နှာသည်လည်းကောင်း၊ ယူကရိန်းသား၏ ပျော်မြူးရွှင်လန်းနေသော မျက်နှာသည် လည်းကောင်း ပေါ်ပေါ်လာနေ၏။

တခါတရံ အမေသည် အခန်းထဲ၌ ဟိုလျှောက် သည်လျှောက် လုပ်နေ၏။ တခါတခါ ပြတင်းပေါက်၌ ထိုင်လျက် လမ်းပေါ်သို့ လှမ်းကြည့်နေ၏။ တခါတခါ ထိုင်ရာမှထပြီး ချွတ်ခနဲ မြည်သံကြားလိုက်လျှင်ပင် ထိတ်လန့်တုန်လှုပ်လျက်လည်းကောင်း၊ ဟိုကြည့်လိုက် သည်ကြည့်လိုက်နှင့် လည်းကောင်း၊ သို့မဟုတ် ဘာမျှ အကြောင်း ယုတ္တိမရှိဘဲ တစုံတခုကို ရှာဖွေလျက်လည်းကောင်း ဂနာမငြိမ်ဘဲ မျက်ခုံးကိုပင့်ကာ လမ်းလျှောက်နေပြန်၏။ ရေကို သောက်ပြန်သော်လည်း ရေငတ်မပြေ၊ သူ့ရင်တွင်းမှ မြုံနေသောအနာနှင့် စိတ်ဆန္ဒတို့သည် လည်း မပပျောက်နိုင်ချေ။ အမေ့အတွက် ထိုနေ့သည် နှစ်ပိုင်းကွဲလျက်ရှိ၏။ ပထမပိုင်းသည် အဓိပ္ပာယ်ရှိ၏။ သို့ရာတွင် ဒုတိယပိုင်းကား အဓိပ္ပာယ်မရှိ။ အလွန်ငြီးငွေ့စရာကောင်းလျက်၊ "ကဲ... အခု ငါဘာလုပ်ရမလဲ" ဟူသော အမေးသည် သူ့ဦးခေါင်းထဲ၌ ပေါ်ပေါ်လာလေတော့၏။

ခေါင်းရွက်ဈေးသည် ကော်ဆူနိုဗာသည် အမေ့ကိုတွေ့ရန် လာ၏။ သူသည် တခါတခါ သူ့လက်တွေကို ယမ်းလျက် အော်နေ၏။ တခါတခါ အလွန်သဘောကျနေပြန်၏။ ခြေနှင့် ကြမ်းကို ဆောင့်ပြီး ခြိမ်းခြောက်လိုက်၊ ဘာဖြစ်လိမ့်မည်၊ ညာဖြစ်လိမ့်မည်ဟု ကတိတွေကို ပေးလိုက်၊ အကြံဉာဏ်တွေကို ပေးလိုက်နှင့် လုပ်နေတတ်၏။ သို့ရာတွင် အမေ့စိတ်၌ ဘာမျှမဝင်စားချေ။ သို့နှင့် သူက အံကိုကျိတ်ပြီး၊

"ဟား... လူတွေကတော့ လက်နက်တွေကို ကိုင်ကုန်ပြီ။ အလုပ်ရုံတခုလုံး ထကုန်ပြီ။ တကယ့်ကို အလုပ်ရုံတခုလုံး ထကုန်ကြပြီ ယောက်မရဲ့" ဟု ပြောလေရာ၊ အမေသည် ဦးခေါင်းကို ညိတ်ကာ "ဟုတ်တယ်" ဟု တည်ငြိမ်စွာ ဖြေလိုက်၏။

သို့ရာတွင် ပါဗယ်နှင့် ယူကရိန်းသားတို့နှင့်အတူ ကွယ်ပျောက်သွားကြသော အတိတ်က အဖြစ်အပျက်တို့ကိုသာလျှင် အမေသည် တစိမ့်စိမ့်မြင်နေ၏။ သူ၏နှလုံးသားသည် ခန်းခြောက်လျက် ရှိရာ ငိုပင်မငိုနိုင်တော့ချေ။

အမေ၏ နှုတ်ခမ်းများနှင့် အာခေါင်တို့သည်လည်း ခြောက်နေ၏။ သူ၏လက်များသည် တုန်နေကြပြီး သူ့ကျောထဲမှလည်း စိမ့်၍ စိမ့်၍ လာလေ၏။ ထိုနေ့ညနေမှာပင် စစ်ပုလိပ်များ လာကြလေ၏။ အမေသည် သူတို့ကို အံ့အားလည်းမသင့်၊ ကြောက်လည်း မကြောက်ဘဲ တွေ့၏။ သူတို့သည် အိမ်ထဲသို့ ဆူဆူညံညံနှင့် ဝင်လာကြပြီး ပျော်လည်း အလွန်ပျော်ကြဟန်ရှိ၍ သူတို့ကိုယ်သူတို့ အလွန်ကျေနပ်နေကြဟန်တူ၏။ မျက်နှာဝါဖန့်ဖန့် အရာရှိသည် သွားများပင် ပေါ်အောင် ပြုံးလျက်…

"ဘယ့်နှယ်လဲ နေကောင်းရဲ့လားဗျာ့၊ ကျုပ်တို့ ဒီကိုလာကြတာ ဒီတကြိမ်ပါနဲ့ဆို သုံးခါတောင် ရှိနေပြီ ထင်ပါ့ရဲ့ဗျာ" ဟု အမေ့အား ပြောလိုက်ရာ အမေက ဘာမျှ ပြန်မပြောဘဲ သူ၏ခြောက်နေသော နှုတ်ခမ်းများကို လျှာနှင့်သာလျက်နေ၏။

အရာရှိသည် အမေ့အား ဩဝါဒပေးသည့်အနေဖြင့် စကားများများပြောနေ၏။ ဤကဲ့သို့ စကားပြောနေသည်ကို အလွန်ကျေနပ်ကြောင်း အမေသိ၏။ သို့ရာတွင် သူ့စကားများကို အမေသည် ဘာမျှ မဖြံုချေ။ အချို့ကို အမေသည် ကြားပင်မကြားပေ။

"အဒေါ့်သားကို အဒေါ် ဘုရားသခင်နဲ့ ဇာဘုရင်မင်းမြတ်ကို ရိုသေလေးစားအောင် မပြောနိုင်ရင်ဖြင့် အဒေါ်ကိုပဲ အပြစ်တင်ရတော့မှာပဲ" ဟု ပြောလိုက်လျှင် အမေသည် သူရပ်နေသည့် တံခါးဝမှ သူ့အား လှမ်းပြီး

"ကျုပ်တို့ကလေးတွေက ကျုပ်တို့ကို စီရင်ချက်ချကြမယ့် တရားသူကြီးတွေပဲ။ သူတို့က ဒီလိုကြမ်းတမ်း ခက်ခဲတဲ့ လမ်းစဉ်ကို လျှောက်နေကြရင် သူတို့တတွေကို ကျုပ်တို့က စွန့်ပစ်ထားကြတဲ့အတွက် ကျုပ်တို့ကို ထိုက်သင့်သလို တရားစီရင်ကြလိမ့်ဦးမယ်" ဟု ပြန်ဖြေလိုက်၏။ အရာရှိက

"ဘာဗျာ့၊ ကျယ်ကျယ်ပြောစမ်းပါဗျာ" ဟု ပြန်၍ အော်လိုက်လျှင် အမေက သက်ပြင်း တချက်ချကာ

"ကျုပ်တို့ကလေးတွေဟာ ကျုပ်တို့အတွက် တရားစီရင်ကြမယ့်လူတွေပဲလို့ ပြောတာပါ" ဟု ဖြေလိုက်၏။

အရာရှိသည် စိတ်ချဉ်ချဉ်နှင့် တစုံတခုကို မြည်တွန်တောက်တီးလိုက်၏။ သို့ရာတွင် သူပြောလိုက်သည့်စကားတို့ကို အမေသည် မကြားချေ။

အမေ့အိမ်ကို ရှာဖွေနေစဉ် ကော်ဆူနိုဗာအား အသိသက်သေအဖြစ်ဖြင့် ခေါ်ထား၏။ ကော်ဆူနိုဗာသည် အမေ့အနီး၌ကပ်လျက် ရပ်နေသော်လည်း အမေ့ကို မကြည့်ချေ။ အရာရှိက သူ့ကို တခုခုမေးလျှင် အရာရှိအား အလွန်ရိုသေစွာ ဦးညွတ်လျက် အဖြေတခုတည်းကိုသာ ထပ်ပြန်တလဲလဲ ပြောတတ်၏။ သူ့အဖြေကား၊

"မသိရပါဘူး ဗိုလ်ကြီးရယ်၊ ကျုပ်က ဘာဆိုဘာမျှမသိတဲ့ မိန်းမတယောက်ပါ။ ကျုပ်က စျေးတောင်း ခေါင်းပေါ်တင်ပြီး ထမင်းတနပ်ကို ရှာစားနေရတာပါ။ ဘာဆို ဘာမျှ မသိလောက်အောင်လည်း မိုက်မဲတဲ့သူပါ" ဟု ဖြစ်၏။

ထိုအခါ အရာရှိသည် မဲ့ကာ

"တော်စမ်းဗျာ၊ ခင်ဗျား ဘာမှမပြောနဲ့တော့" ဟု အော်ဟစ်ပစ်တတ်၏။ ကော်ဆူနိုဗာသည် အရာရှိအား အရိုအသေ ပေးပြီးနောက် ကျောခိုင်းသွားသည့်အခါ မေးငေါ့ပြလေသည်။ ထိုနောက် အမေ့အား

"အေး၊ သူ့ကိုတော့ ဒီလိုပဲ ပြောရမှာပဲ" ဟု တိုးတိုးပြောလေ၏။

သူ့အား အမေ့ကိုယ်တွင် ရှာခိုင်းသောအခါ သူသည် မျက်လုံးများကို ပေကလတ် ပေကလတ် လုပ်ကာ အရာရှိကို စိုက်ကြည့်နေလေ၏။ ထို့နောက် ထိတ်လန့် တုန်ယင်သောအသံဖြင့်

"ဗိုလ်ကြီးရယ်၊ ဒီလိုဟာမျိုးကို ကျုပ် ဘယ်လုပ်တတ်ပါ့မလဲတော့" ဟု ပြောလျှင် အရာရှိက ကြမ်းကို ဖနောင့်နှင့် ပေါက်၍ သူ့ကို အော်လိုက်၏။ သူသည် မျက်လွှာကိုချပြီး၊ "ကဲ ဒါဖြင့် ယောက်မရေ၊ အင်္ကျီချိတ်တွေကို ဖြုတ်ပေးတော့" ဟု အမေ့အား ပြောလိုက်၏။

အမေ့ကိုယ်ကို လက်နှင့်စမ်းစဉ် သူ့မျက်နှာသည် ရှက်ကိုးရှက်ကန်းနှင့် နီလာလေ၏။ ထို့နောက်

"အလကား ခွေးတွေ" ဟု တိုးတိုးဆိုလိုက်၏။

အရာရှိသည် သူရှာနေသည်ကို ကြည့်ရင်း "ဘာပြောတယ်ဗျာ့" ဟု အော်လိုက်၏။

ကော်ဆူနိုဗာက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်

“ဩော် မိန်းမသားတယောက် လုပ်ရတဲ့အလုပ်လို့ ပြောမိတာပါ ဗိုလ်ကြီးရယ်” ဟု ပြန်၍ ပြောလေ၏။

နောက်ဆုံး၌ အရာရှိသည် အမေ့အား စာရွက်များကို လက်မှတ်ထိုးစေရာ၊ လက်မှတ်ထိုးလေ့ မရှိသည့် အမေက

“ပလာဂီဗလက်ဆော့ဗား လင်အလုပ်သမား မရှိတော့သည့် မုဆိုးမ” ဟု စာလုံးကြီးကြီးဖြင့် ရေးလိုက်၏။

အရာရှိက မျက်နှာကို မဲ့ကာဖြင့်

“ဟင်၊ ခင်ဗျားရေးလိုက်တာဟာဘာလဲ၊ ခင်ဗျား ဘာပြုလို့ ဒါကို ရေးရတာလဲဟင်” ဟု အော်လိုက်ပြီးနောက် တချက်မျှရယ်လျက် “တကယ့် အရိုင်းအစိုင်းတွေပဲ” ဟု ပြောလေ၏။

ထိုနောက် စစ်ပုလိပ်များသည် ထွက်သွားကြ၏။ အမေသည် မျက်တောင်မခတ်ဘဲ လက်ကို ပိုက်ကာ ပြတင်းပေါက်မှ ရပ်ကြည့်နေလေ၏။ သို့ရာတွင် သူ့မျက်လုံးများက ဘာမျှမမြင်ချေ။ မျက်ခုံးများကိုပင့်ပြီး အံများကိုလည်း တအားကျိတ်ထားရာ မကြာမီ သူ့အံများသည် နာလာလေ၏။ သူ့မီးအိမ်မှ ရေနံဆီ ကုန်သွားသဖြင့် မီးစာမှ တဖျစ်ဖျစ် မြည်လာပြီး မီးတောက်သည် မှိတ်တုတ် မှိတ်တုတ် ဖြစ်လာလေ၏။ အမေသည် မီးခွက်ကို မှုတ်၍ မှောင်ထဲ၌သာ နေလိုက်၏။ သူ့ဝမ်းထဲမှ စိတ္တဇဝေဒနာသည် အလွန်ပြင်းထန်လှရကား အသက်ကိုပင် မှန်မှန်မရှူနိုင်တော့။ ဤနည်းဖြင့် ပြတင်းပေါက်အနီးမှ မခွာဘဲ ရပ်နေလေရာ သူ့မျက်လုံးများသည် ကျိန်းပြီး ခြေထောက်များသည်လည်း နာကျင်လာ၏။ ထိုအတွင်း ကော်ဆူနိုဗာသည် အမေ့ပြတင်းပေါက်နားသို့လာ၍ အရက်မူးသံနှင့်

“အိပ်နေပြီလား ယောက်မ၊ သနားစရာပဲ။ အင်း ဒုက္ခခံနေရတာ။ အိပ်ရာဝင်ပြီ ထင်ပါရဲ့” ဟု စကားပြောလာသေး၏။

အမေသည် အဝတ်အစားကိုပင် မလဲတော့ဘဲ အိပ်ရာထဲသို့ ဝင်ကာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားကာ အိပ်မက်များပင် မက်နေ၏။

အိပ်မက်ထဲ၌ ရွှံ့အိုင်ဘေးမှ သဲကုန်းဝါဝါကလေးအနားမှဖြတ်ကာ သူသည် မြို့သို့သွားလေ၏။ ပါဗယ်သည် ကမ်းပါးစောက်ကြီးတခု အစွန်းမှရပ်နေရာ အလုပ်သမားများသည် ထိုကမ်းပါးစွန်းမှ သဲများကို အောက်သို့ဆွဲချလျက်ရှိ၏။

“တိုက်ပွဲဝင်ရန် ထကြလေ၊ တို့အလုပ်သမားတွေ ထကြလေ” ဟူသော သီချင်းကို ယူကရိန်းသားကမူ တည်ငြိမ်၍ သာယာသည့် လေသံဖြင့်

ဆိုနေလေသည်။

အမေသည် သဲကုန်းကလေးအနီးမှဖြတ်လျက် မျက်ခုံးကို လက်ဖြင့်ကာရင်း သူ့သားကို ကြည့်နေလေ၏။ ပါဗယ်၏ရုပ်သဏ္ဍာန်သည် ပြာလဲ့သော မိုးကောင်းကင်အောက်ခံကားပေါ်၌ ပြတ်သားထင်ရှားလျက်ရှိ၏။ အမေသည် ကလေးငယ်တယောက်ကို လက်ဖြင့် ပွေ့ပြီး ဗိုက်ထဲ၌လည်း အခြားတယောက်ကို ပဋိသန္ဓေလွယ်လျက်ရှိရာ ပါဗယ်ဆီသို့ သွားရမှာ ရှက်နေလေ၏။ သို့နှင့် အမေသည် ရှေ့သို့ဆက်၍ သွားလေရာ ကလေးငယ်များ ဘောလုံး တလုံးနှင့် ကစားနေကြသည့် ကွင်းပြင်တခုသို့ ရောက်သွားလေ၏။ ကလေးများသည် အလွန်များပြား၍ သူတို့ကစားနေကြသည့် ဘောလုံးသည် ဘောလုံးနီကလေး ဖြစ်၏။ သူ့လက်ထဲမှ ကလေးသည် ထိုဘောလုံးကို လက်ဖြင့် လှမ်းဖမ်းရင်း ငိုနေ၏။ အမေသည် ထိုကလေးကို နို့တိုက်ပြီး နောက်သို့ ပြန်လှည့်လာ၏။ သို့ရာတွင် တောင်ကုန်းပေါ်၌ စစ်သားများ ရောက်နေကြပြီး လှံစွပ်များနှင့် သူ့ကိုချိန်ကာ ရပ်နေကြ၏။ ထိုကြောင့် အမေသည် ကွင်းပြင်လယ်၌ ရှိသော ဘုရားရှိခိုးကျောင်း တကျောင်းဆီသို့ ပြေးသွားလေ၏။ ထိုဘုရားရှိခိုးကျောင်းသည် အလွန်မြင့်မားလွန်းရကား တိမ်တောင်တိမ်တိုက်တို့ဖြင့် ဆောက်လုပ်ထားသည်ဟုပင် ထင်ရ၏။ အရောင်အားဖြင့် ဖြူ၍ မိုးသို့ပုံနေ၏။ ထိုအချိန်၌ တစုံတယောက်သောသူကို မြေမြှုပ်သင်္ဂြိုဟ်လျက် ရှိနေကြ၏။ ခေါင်းသည်ကြီး၍ မည်းနက်ပြီး လုံစွာပိတ်ထား၏။ ဘုန်းတော်ကြီးနှင့် သင်းထောက်ဆရာတို့သည် ဝတ်ရုံဖြူကြီးများကို ဝတ်ဆင်လျက် ဘုရားရှိခိုးကျောင်းအတွင်း၌ ဟိုဟိုသည်သည် လမ်းလျှောက်ကြရင်း၊ "ဘုန်းတော် အနန္တရှင် ခရစ်တော်သခင်သည် ပြန်၍ ရှင်တော်မူလာပါပြီ" ဟု ဓမ္မသီချင်းကို သီကျူးလျက် ရှိကြ၏။

သင်းထောက်ဆရာသည် နံ့သာပန်းပေါင်းများကို မီးထည့်၍ ပူဇော်သည့်လင်ပန်းကို ဝှေ့ယမ်းရင်း ဦးခေါင်းကို ညွှတ်ကာ အမေ့အား ပြုံး၍ ကြည့်နေလေ၏။ သူ၏ဆံပင်သည် နီ၍ပြောင်နေပြီး သူ့မျက်နှာသည် ဆမွိုင်းလေ့မျက်နှာကဲ့သို့ ရွှင်ပျနေ၏။ ဘုရားရှိခိုးကျောင်း အခုံးတွတ်အပေါက်များမှ နေရောင်ခြည်တို့သည် ဖြူလွသည့် ပဝါများသဖွယ် ဖြာထွက်နေကြ၏။

ဓမ္မသီချင်း သီကျူးရာ အထက်ခန်းနှစ်ခန်းလုံးမှ လူကလေးများသည် "ဘုန်းတော် အနန္တရှင် ခရစ်တော်သခင်သည် ပြန်ရှင်တော်မူလာပါပြီ" ဟု သီဆိုလျက်နေကြလေသည်။

ဘုန်းတော်ကြီးသည် ဘုရားရှိခိုးကျောင်းအလယ်၌ ရပ်ကာ

"သူတို့ကို ဖမ်းလိုက်" ဟု ရုတ်တရက် အော်လိုက်၏။ သူ၏ဝတ်ရုံသည်

ပျောက်ကွယ်သွားပြီး သူ၏အပေါ်နှုတ်ခမ်းပေါ်၌ ဖြူရော်ရော် နှုတ်ခမ်းမွေးသည် ပေါ်လာ၏။ ဤတွင် လူတိုင်း ထွက်ပြေး၏။ သင်းထောက်ဆရာလည်း ပြေးသည့်အထဲ၌ ပါ၏။ သူသည် ပန်းပေါင်းစုံ မီးထည့်ပူဇော်ရာ လင်ပန်းကို ဘေးသို့ပစ်ထား၍ ယူကရိန်းသားကဲ့သို့ သူ၏ဦးခေါင်းကို လက်များနှင့် အတင်းအုပ်ထားလေ၏။ အမေသည် သူ့လက်ထဲမှ ကလေးငယ်ကို လူများ၏ ခြေထောက်နား၌ ချထားလိုက်၏။ သို့ရာတွင် လူများက ကလေး၏ ကိုယ်လုံးတီးကို ထိတ်လန့် တုန်လှုပ်စွာ ကြည့်လျက် ကလေးကို ရှောင်သွားကြ၏။ အမေသည် ဒူးကိုထောက်ကာ

“ကလေးကို ပစ်မထားကြပါနဲ့၊ ကလေးကို တော်တို့နဲ့ တပါတည်း ခေါ်သွားကြပါ” ဟု အော်ဟစ် တောင်းပန်လေ၏။ ထိုအတွင်း ယူကရိန်းသားက ပြုံးပြီး လက်များကို နောက်သို့ပစ်လျက်

“ဘုန်းတော် အနန္တရှင် ခရစ်တော်သခင်သည် ပြန်၍ ရှင်တော်မူလာပါပြီ” ဟု ဓမ္မသီချင်း ကျူးရင့်လေ၏။

အမေသည် ကုန်း၍ ကလေးကိုကောက်ကာ ပျဉ်ချပ်များ တင်ထားသည့် လှည်းပေါ်သို့ တင်လိုက်၏။ နစ်ကိုလိုင်သည် လှည်းဘေးမှ တဖြည်းဖြည်း လမ်းလျှောက်ရင်း ရယ်နေရာမှ

“အင်း၊ သူတို့ကတော့ ကျုပ်ကို အတော်အရေးကြီးတဲ့ အလုပ်ကိုလုပ်ဖို့ ပေးထားကြပြီလေ” ဟု ပြောလေ၏။ လမ်းများသည် ညစ်ပတ်ပေရေလျက် ရှိကြ၏။ လူများသည် အိမ်ပြတင်းပေါက် များမှ ထွက်ကာ အော်ရင်း၊ လေချွန်ရင်း သူတို့၏လက်များကို ဝှေ့လိုက်ယမ်းလိုက်လုပ်နေကြ၏။ ရာသီဥတုသည် ကြည်လင်၍ နေသည် တောက်ပလျက်ရှိ၏။ အရိပ်ဟူ၍ ဘယ်နေရာမှ မရှိချေ။

“သီချင်းဆိုလေ အမေ၊ ဘဝဆိုတာ ဒီလိုပဲ” ဟု ယူကရိန်းသားက အော်ပြောလိုက်၏။

သူကိုယ်တိုင်ကလည်း သီချင်းဆိုလိုက်ရာ သူ၏သီချင်းသံက အခြားအသံများကို လွှမ်းသွားလေ ၏။ သူထွက်သွားလျှင် အမေလည်း သူ့နောက်မှ လိုက်သွား၏။ ထိုအတွင်း အမေသည် ရုတ်တရက် ချော်လဲပြီး အသူတရာနက်လှသည့် တွင်းကြီးတတွင်းထဲသို့ ကျသွားရာ ထိုတွင်းကြီးက စူးရှကျယ်လောင်သည့် အသံနှင့် သူ့အား....၊

သို့ အိပ်မက်မြင်မက်နေရာမှ အမေသည် ဇောချွေးများ တဖြိုက်ဖြိုက်ကျကာ လန့်နိုးလာလေ၏။ ဤအိပ်မက်ကား အလွန်ကြမ်းတမ်း လေးလံလှသည့် လက်ကြီးဖြင့် သူ၏ အသည်းနှလုံးကို ဆုပ်ကိုင်၍ တဖြည်းဖြည်း ညှစ်နေသကဲ့သို့

ဖြစ်နေ၏။ အလုပ်ရုံမှ ဥဩသည် အလုပ်သမား များအား အတင်းအကျပ် ခေါ်နေသကဲ့သို့ မှတ်လျက်ရှိ၏။ အမေသည် ဒုတိယအကြိမ် မှတ်လိုက်သည့် ဥဩမှန်းသိ၏။ စာအုပ်များသည် အခန်းထဲ၌ ပြန့်ကျဲနေကြ၏။ အစစ ဖောက်ထိုးမိုးမျှော် ဖြစ်နေ၏။ ကြမ်းပြင်ပေါ်တွင် ရွှံ့ပေပေဖြင့် နင်းထားသည် ဖိနပ်ရာများ ကျန်နေလေသည်။

အမေသည် သူ့ကိုယ်သူ မျက်နှာလည်း မသစ်၊ ဘုရားဝတ်လည်း မပြုဘဲ အခန်းထဲ၌ ရှင်းလင်း သုတ်သင်နေလေ၏။ မီးဖိုခန်းထဲသို့ ကြည့်လိုက်သောအခါ အလုံးရိုး အကျိုးနှင့် ထိုအလုံးရိုးတွင် ချည်ထားသည့်အလုံစကို မြင်လေ၏။ အလုံးရိုးအကျိုးကို ကောက်၍ မီးဖိုအောက်သို့ ထိုးတော့မည်လုပ်ပြီးနောက် တဖန် စဉ်းစားမိပြီး သက်ပြင်းချကာ အလုံစအနီကို ဖြေယူလိုက်၏။ ထိုနောက် ကျကျနန ခေါက်၍ သူ၏အင်္ကျီအိတ်ထဲ၌ ထည့်ထားလေ၏။ အလုံးရိုးအကျိုးကိုမူ ဒူးနှင့်တေ့၍ ချိုးပြီးနောက် မီးဖိုထဲသို့ ထည့်လိုက်၏။ ပြတင်းပေါက်များနှင့် ကြမ်းကို ရေအေးနှင့် ဆေးပြီးနောက် လက်ဖက်ရည်အိုးကို တည်၍ အဝတ်အစားကို လဲလေ၏။ ထိုနောက် မီးဖိုပြတင်းပေါက်နား၌ ထိုင်ကာ၊ “ကဲ… ငါ အခု ဘာလုပ်ရပါ့မလဲ” ဟူသော ပြဿနာအတွက် အဖြေရှာနေပြန်လေသည်။

နံနက်ခင်း ဘုရားဝတ်မပြုရသေးသည်ကို သတိရကာ အမေသည် ဘုရားရုပ်တုတော်များဆီသို့ သွားလေ၏။ သို့ရာတွင် ထိုရုပ်တုတော်များရှေ့၌ စက္ကန့်အနည်းငယ်မျှ ရပ်ပြီး နောက်တဖန် ထိုင်လိုက်ပြန်၏။ သူ၏စိတ်နှလုံးသည် မချမ်းမမြေ့ ဖြစ်နေလေ၏။

ယခင်တနေ့က အားပါးတရ ဟစ်အော်ခဲ့သော လူများသည် ယနေ့ အိမ်တွင်းပုန်းနေကြပြီး မကြုံစဖူး ထူးကဲသည့် အဖြစ်အပျက်တို့ကို စားမြုံ့ပြန်နေဘိသကဲ့သို့ အစစ အဆိတ်ငြိမ်ကြီး ဆိတ်ငြိမ်လျက်ရှိ၏။

ရုတ်တရက် သူ ငယ်စဉ်က အဖြစ်အပျက်တစ်ရပ်ကို အမေသည် သွား၍ သတိရမိ၏။ ဇော်ဆေးလော့ မိသားစုတို့ နေထိုင်သော ခြံအိုကြီးအတွင်း၌ ကြာပန်းများဖြင့် ဖုံးလွှမ်းလျက် ရှိသော ရေကန်ကြီးတခုရှိသည်။ နွေဦးမြူများ ဝေနေသော တနေ့၌ အမေသည် ထိုရေကန်ကြီး နားတွင် လမ်းလျှောက်ရင်း ထိုရေကန်အလယ်မှ လှေတစင်းကို သွား၍ သတိရမိ၏။ ရေကန်ကြီးသည် မည်းမှောင်ဆိတ်ငြိမ်လျက် သစ်ရွက်ခြောက်များဖြင့် ဖုံးအုပ်လျက်ရှိရာ အမင်္ဂလာအသွင်ကို ဆောင်နေ၏။ လူလည်းမပါ၊ တက်များလည်း မရှိဘဲ သစ်ရွက်ခြောက်များ အကြား ဤဆိတ်ငြိမ်လှသော ရေပေါ်တွင် မလှုပ်မယှက် ငြိမ်နေသော လှေကလေးကို မြင်ရသဖြင့် အမေ၏ စိတ်ထဲ၌ အပူဆွေးကြီး ပူဆွေးမိ၏။ ရေကန်ကမ်းပေါ်၌ အချိန်အတော်ကြာ မတ်တတ်ရပ်၍ ထိုလှေကို ရေကန်တွင်းသို့ မည်သူသည် မည်ကဲ့သို့သော အကြောင်းနှင့်

လာရောက်ထားလေသနည်း... ဟု ငိုင်၍ စဉ်းစားနေမိ၏။ ထိုခြံကြီးအတွင်းမှ အလုပ်သမား တယောက်၏ဇနီးသည် သူ့ကိုယ်သူ ရေထဲသို့ ခုန်ချပြီး သတ်သေသွားကြောင်းကို ထိုနေ့ညကျမှ သူသိရလေသည်။

တဖန် အမေသည် နဖူးပေါ်သို့ လက်တင်ပြီး လွန်ခဲ့သည့်နေ့က အဖြစ်အပျက်တို့ကို တခုပြီးတခု စားမြုံ့ပြန်နေလေ၏။ အမေသည် ဤနည်းဖြင့် အေးနေပြီဖြစ်သော လက်ဖက်ရည်ခွက်ကို ကြည့်ရင်း အချိန်အတော်ကြာ ထိုင်နေ၏။ သူ၏စိတ်ထဲ၌ကား သူ၏ဝမ်းထဲ၌ရှိသော ပြဿနာ တို့ကို ဖြေပေးမည့် တစုံတယောက်သော ပညာရှိ လူရိုးတယောက်နှင့် တွေ့ဆုံ၍ စကား ပြောလိုသည့်ဆန္ဒသည် ပြင်းပြလာလေသည်။

သူ၏ ဤဆန္ဒကို လာ၍ဖြည့်ပေးသကဲ့သို့ နစ်ကိုလိုင်သည် ညစာစားပြီး သူ့ဆီသို့ ပေါ်လာလေ၏။ သို့ရာတွင် နစ်ကိုလိုင်ကို မြင်လိုက်သောအခါ သူသည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားပြီး ပြန်၍ပင် နှုတ်မဆက်နိုင်တော့ဘဲ တည်ငြိမ်စွာ

“တော်က ဘာလို့လာတာလဲ၊ ဒီကိုလာတာဟာ တော် စဉ်းစားဉာဏ် မရှိတာဘဲ။ တကယ်လို့ တော့်ကို ဒီနေရာမှာမြင်ရင် သူတို့က ဖမ်းလိမ့်ဦးမယ်” ဟု ပြောလေ၏။

နစ်ကိုလိုင်သည် သူ့လက်ကို အထက်သို့တင်ကာ သူ့ဆီသို့ ကိုယ်ကိုကိုင်းလိုက်၏။ ထိုနောက် အမေ့အား

“ပါဗယ်ရယ်၊ ယူကရိန်းသားရယ်၊ ကျုပ်ရယ် ကတိတခု ထားခဲ့ကြတယ်။ အဲဒီကတိက ဘာလဲဆိုတော့ သူတို့နှစ်ယောက်ကို ဖမ်းများသွားလို့ရှိရင် ကျုပ်က ခင်ဗျားကို နောက်တနေ့ မြို့ထဲကို ခေါ်သွားရလိမ့်မယ်လို့” ဟု ခပ်သွက်သွက် ပြန်ပြောလေ၏။ သူ၏အသံသည် နူးညံ့ပျော့ပျောင်း၍ အမေ့အပေါ်၌ အလွန်ကရုဏာသက်သည့် သဘော ပါနေ၏။ ထို့နောက် အမေ့အား

“သူတို့ အမေ့အိမ်ကို လာရှာကြသလား” မေး၏။ အမေက “ဟုတ်တယ်၊ သူတို့တတွေဟာ အရှက်မရှိ၊ အကြောက်မရှိ၊ အိမ်ထဲမှာ တွေ့သမျှပစ္စည်းကို အကုန် ရှာကြတာပါပဲတော်” ဟု ပြန်ဖြေလိုက်၏။

“သူတို့က ဘာရှက်စရာလိုသေးတုံး” ဟု နစ်ကိုလိုင်က ပခုံးများကိုတွန့်၍ ပြန်ပြောလေ၏။ တဖန် အမေ မြို့ထဲသို့ အဘယ်ကြောင့် ပြောင်းရွှေ့နေသင့်ကြောင်းကို ရှင်းပြနေလေ၏။

အမေသည် နစ်ကိုလိုင်၏ မိတ်ဆွေသဘောဖြင့် စိတ်အားထက်သန်စွာ

ပြောနေသည့်စကားကို နားထောင်၍ အနည်းငယ် ပြုံးလိုက်၏။ သူပြောသမျှစကားတို့ကို သူ အားလုံး နားမလည်သော် လည်း သူ့အပေါ်၌ထားသည့် ယုံကြည်မှုနှင့် မေတ္တာတရားတို့ကြောင့် အံ့သြ၍သွားမိလေ၏။ အမေက

"တကယ်လို့ ပါဗယ်က ကျုပ်ကို ဒီလိုနေစေချင်တယ်ဆိုရင်၊ ပြီးတော့ တော့်ကို ကျုပ်က ဒုက္ခပေးရာ မရောက်ဘူးလို့ ဆိုရင်တော့" ဟု ပြောလျှင် သူက

"ဒါနဲ့ပတ်သက်လို့တော့ ဘာမျှ စိုးရိမ်မနေပါနဲ့၊ ကျုပ်က တယောက်တည်း နေတဲ့လူပါ။ တခါတခါ ကျုပ်နှမက ကျုပ်နဲ့နေဖို့ လာပါတယ်" ဟု ပြန်ဖြေလေ၏။

"ဒါပေမဲ့ ကျုပ်က တော့်ရဲ့အထောက်အပံ့ကို ခံမနေနိုင်ဘူးတော့"

"တကယ့်လို့ အမေ့အတွက် အလုပ်ရှာပေးပါဆိုရင်လည်း ကျုပ်တို့တတွေက ရှာပေးမှာပါဗျာ"

အမေ့အတွက် အလုပ်ကား အခြားအလုပ်မဟုတ်။ သူ့သား ပါဗယ်၊ ယူကရိန်းသားနှင့် သူတို့၏ ရဲဘော်များ၏အလုပ်နှင့် ပတ်သက်သည့် အလုပ်သည် သူ့အတွက် အလုပ်ဖြစ်၏။ အမေသည် သူ့အနားသို့ကပ်၍ သူ့မျက်နှာကို စိုက်ကြည့်လိုက်၏။ တဖန် "တကယ့်ကို အလုပ်ရှာပေးနိုင် သလား"

"ကျုပ်က တယောက်တည်း လူပျိုကြီးဆိုတော့ ကျုပ်အိမ်မှာကို လုပ်စရာတွေ အများကြီးရှိ..."

"ကျုပ်က အဲဒီလို အိမ်တွင်းအလုပ်ကို ပြောနေတာ မဟုတ်ဘူးတော့" အမေသည် သက်ပြင်း ချလိုက်၏။

နစ်ကိုလိုင်က သူပြောသည့် စကားအဓိပ္ပာယ်ကို နားမလည်သဖြင့် စိတ်ထဲ၌ နာကြည်းမိ၏။ သို့ရာတွင် နစ်ကိုလိုင်သည် ပြုံးပြီး တစုံတခုကို စဉ်းစားရင်း

"တကယ်လို့များ အမေက ကျုပ်တို့ကို သူတို့အတွက် သတင်းစာတစောင် ထုတ်ပေးပါဆိုတဲ့ တောင်သူလယ်သမားတွေရဲ့ လိပ်စာကို ပါဗယ်ဆီကများ ရအောင်ယူပေးနိုင်လို့ရှိရင်"

"ကျုပ် သူတို့ကို သိတာပေါ့တော်။ (ဝမ်းမြောက်စွာ ဟစ်အော်လိုက်၏) "ကျုပ် သူတို့ကို တွေ့အောင် ရှာမယ်။ ပြီးတော့ တော်တို့ အလုပ်ခိုင်းတာကို လုပ်မယ်။ ဒီလိုပိတ်ပင်ထားတဲ့ စာတွေကို ကျုပ်က လိုက်ပြီး ဖြန့်နေတယ်ဆိုတာကိုလည်း ဘယ်သူကမျှ ကျုပ်အပေါ်မှာ သံသယရှိမှာ မဟုတ်ဘူးတော်။ တော်ရဲ့ အကြံအစည်နယ် ကောင်းလိုက်လေ။ အလုပ်ရုံထဲ စာရွက်စာတမ်းတွေကို ကျုပ်ပဲ ဖြန့်ချိခဲ့တာ မဟုတ်ဘူးလားတော့"

သို့ပြောရင်း အမေသည် ကျောပိုးအိတ်တလုံးကိုလွယ်ပြီး တောင်ဝှေးတချောင်းကို ထောက်လျက် သစ်တောများနှင့် ကျေးလက်တောရွာများကို ဖြတ်ကာ ဟိုဟိုသည်သည် လှည့်လည်သွားလာနေချင်လာ၏။

"အဲဒီအလုပ်ကို ကျုပ်လုပ်ပါရစေ။ ကျုပ် နေရာတကာကို သွားပါမယ်။ ကျုပ် ပြည်နယ် အားလုံးထဲက လမ်းတွေပေါ်မှာ လျှောက်သွားနေမှာပဲ။ နွေဖြစ်ဖြစ်၊ ဆောင်းဖြစ်ဖြစ်၊ သေသည်အထိ ဘုရားဖူး အာဂန္တုတယောက် လုပ်နေတော့မယ်။ ဒါဟာ ကျုပ်အတွက် မဆိုးပါဘူး"

တဖန် သူ့ကိုသူ ကျေးလက်တောရွာ တဲအိမ်ပြတင်းပေါက်များ၌ ခရစ်တော်သခင် ကိုယ်တော်မြတ်၏ နာမည်ဖြင့် လိုက်လံတောင်းခံစားသောက်နေသည်ကို စဉ်းစားကြည့်မိသော အခါ သူ့ကိုယ်သူ ဝမ်းနည်းမိလေ၏။

နစ်ကိုလိုင်သည် သူ၏လက်ကိုကိုင်၍ သူ၏နွေးသော လက်ဝါးများဖြင့် သပ်ေနေလေ၏။ ထိုနောက် နာရီကိုကြည့်ပြီး "ကဲ၊ အဲဒါနဲ့ပတ်သက်လို့တော့ နောက်မှ ကျုပ်တို့ ဆွေးနွေးကြ တာပေါ့ အမေ" ဟု ပြော၏။

"ကျုပ်တို့ရဲ့ရင်သွေးတွေ၊ ကျုပ်တို့ရဲ့ကလေးတွေကမှ သူတို့ကိုယ်ရေးကိုယ်တာအတွက် ဘာမျှ မစဉ်းစားဘဲနဲ့ သူတို့ရဲ့အသက်တွေ၊ လွတ်လပ်မှုတွေကို စွန့်ပစ်သွားနိုင်ကြလို့ရှိရင် ကျုပ်လို အမေတယောက်က ဘာလုပ်ရမလဲတော်" အမေ၏ စကားများကို ကြားသောအခါ နစ်ကိုလိုင်၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။ ထိုနောက်

"ကျုပ်ဖြင့် ဒီစကားမျိုးကို ပြောတဲ့လူမျိုးကို ဒီတခါပဲ တွေ့ဖူးသေးတယ်" ဟု အမေ့အား သဘောကျစွာ စိုက်ကြည့်ရင်း တည်ငြိမ်စွာ ပြန်ပြောလိုက်၏။ အမေသည် သူ၏ ဦးခေါင်းကို ဝမ်းနည်းစွာခါလျက် လက်များကို ဝှေ့ယမ်းကာ

"ကျုပ်က ဘာပြောတတ်လို့လဲ၊ ကျုပ်ဝမ်းထဲမှာ တုန်လှုပ်နေတဲ့ အမေတယောက်ရဲ့ စိတ်ခံတက်ကို ကျုပ်ကသာဖွင့်ပြီး ပြောတတ်လို့ရှိရင်" ဟု ပြောရင်း အမေသည် မတ်တတ်ရပ်လိုက်၏။ ထိုနောက် အလွန်ပြင်းထန်လှသည့် အားမာန်တရပ်၏ လှုံ့ဆော်ချက်ဖြင့်

"အမေပေါင်းများစွာဟာ ငိုနေကြတော့မယ်။ သူတို့အထဲမှ အယုတ်ညံ့ဆုံး၊ အရှက်အကြောက် ကင်းမဲ့ဆုံး သူတွေကတောင် ငိုကြရလိမ့်မယ်" ဟု ပြောနေလေ၏။

နစ်ကိုလိုင်ကလည်း မတ်တတ်ရပ်၍ နာရီကို တဖန်ကြည့်ရင်း "ကဲ ဒါဖြင့်

အမေ ကျုပ်နဲ့လာနေဖို့ သဘောတူလိုက်ပြီပေါ့" ဟု မေးလိုက်ရာ

အမေက ဦးခေါင်းကို ညိတ်လိုက်လေ၏။ တဖန် နစ်ကိုလိုင်က သာယာဖြည်းညင်းစွာ "ကဲ၊ ဘယ်တော့တုံး၊ တတ်နိုင်သလောက် စောစောနော်။ အမေ လာမနေမချင်း ကျုပ်ကတော့ စိတ်ပူနေတော့မှာပဲ" ဟု ပြောနေပြန်၏။

အမေသည် သူ့ကိုအံ့သြစွာ ကြည့်နေမိ၏။ အမေနှင့်သူ မည်ကဲ့သို့ သက်ဆိုင်သနည်း။ သူသည် ပြုံးနေ၏။ သူကား ဆင်းရဲသားများဝတ်သည့် အင်္ကျီနက်ကြီးတထည်ကို ဝတ်ထား၍ ခါးက ကုန်းနေ၏။ သူ၏ ပုံပန်းသဏ္ဍာန်နှင့် သူ၏ဘဝကား ဆန့်ကျင်လျက်ရှိပေသည်။

တဖန်

"အမေ့မှာ ပိုက်ဆံများကော ရှိရဲ့လား"

"မရှိဘူး"

သူသည် ရုတ်တရက် သူ့အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ပြီး ပိုက်ဆံများကို နှိုက်ကာ

"ကဲ အမေ၊ ဒါကိုတော့ လက်ခံပါ"

အမေသည် ပြုံးပြီး

"တော်က လူတမျိုးပဲ။ ပိုက်ဆံကိုတောင် ဘာမျှတန်ဖိုးမထားဘူးနော်။ တချို့လူတွေက ပိုက်ဆံ ရမယ်ဆိုရင် သူတို့စိတ်ဓာတ်ကိုတောင် တန်ဖိုးမထားဘူး။ တော်ကတော့ ပိုက်ဆံကို ဘာမျှမမှုဘူး။ လူတွေကို ပေးဖို့ကမ်းဖို့လောက်ပဲ ပိုက်ဆံကို သဘောထားဟန်တူတယ်" ဟု ပြောလျှင် နစ်ကိုလိုင်က ရယ်နေ၏။

"ပိုက်ဆံဆိုတာ ရှုပ်စရာအရာဝတ္ထုပါ။ သူ့ကို ယူလိုက်ရတာ၊ ပေးလိုက်ရတာဟာ တော်တော် စနောင့်စနင်း နိုင်ပါတယ်" ဟု ပြောရင်း...

နစ်ကိုလိုင်သည် အမေ့လက်ထဲသို့ ပိုက်ဆံကို အတင်းထည့်လိုက်၏။ ထို့နောက်

"အမေ တတ်နိုင်သလောက် မြန်မြန်လာနော်" ဟု ပြောရင်း ထွက်သွားလေ၏။

အမေသည် သူ့ကို တံခါးဝအထိ လိုက်ပို့ရင်း "အင်း၊ အတော်သနားတတ်တဲ့လူပဲ။ ဒါပေမဲ့ ငါ့အတွက် ဝမ်းနည်းဟန်တော့ မတူဘူး" ဟု

စဉ်းစားနေမိ၏။

အမေကား၊ ဤကဲ့သို့ နစ်ကိုလိုင်နှင့် တွေ့လိုက်ရသဖြင့် သူ့စိတ်ထဲ၌ မကျေမနပ်ပင် ဖြစ်မိလေသလော၊ သို့မဟုတ် အံ့သြ၍ပင် သွားမိလေသလောဟု ဝေခွဲ၍ မရနိုင်ဘဲဖြစ်နေလေ သတည်း။

အခန်း နှစ်

နှစ်ကိုလိုင် လာပြီး စတုတ္ထမြောက်နေ့၌ အမေသည် သူ့အိမ်သို့ရွှေ့လေ၏။ သူ၏ သေတ္တာနှစ်လုံးကို လှည်းပေါ်သို့တင်၍ အလုပ်သမားရပ်ကွက်မှ လယ်ကွင်းများအတွင်းသို့ မောင်းသွားပြီး နောက်သို့ပြန်၍ ကြည့်လိုက်သောအခါ သူ၏နေရာဟောင်းကို သူသည် ရာသက်ပန် စွန့်ခွာရတော့မည့်အရေးကို ရုတ်ခြည်း သတိပြုမိလေ၏။ ထိုနေရာဟောင်း၌ သူသည် ခက်ခဲကျပ်တည်းလှသည့် ဘဝခရီးတထောက်ကို လည်းကောင်း၊ ထိုမှတဖန် အသစ်ဖြစ်သော ဝမ်းမြောက်စရာ၊ ဝမ်းနည်းစရာ အရေးကိစ္စတို့ဖြင့် ပြွမ်းတီးခဲ့သည့် ဘဝခရီး တထောက်ကိုလည်းကောင်း လျှောက်ခဲ့ရ၏။ ထိုဝမ်းမြောက်စရာ၊ ဝမ်းနည်းစရာ အရေးကိစ္စ တို့ကြောင့် သူ့ဘဝသည် အချိန်ကုန်မှန်းမသိ ကုန်ခဲ့ရ၏။

အလုပ်ရုံမှ မီးခိုးခေါင်းတိုင်များသည် မိုးကောင်းကင်အတွင်းသို့ ထိုးဝင်လျက်ရှိရာ အလုပ်ရုံကြီး သည် ကျပ်ခိုးများဖြင့် မည်းမှောင်နေသည့် မြေပြင်တွင် ဝပ်နေသော ပင့်ကူနီကြီးတကောင်နှင့် တူနေ၏။ အလုပ်ရုံဘေး၌ အလုပ်သမားတို့ နေထိုင်ကြသည့် တထပ်အိမ်ကလေးများသည် တွယ်ကပ်လျက်ရှိကြ၏။ ထိုမွဲခြောက်ခြောက် အိမ်ကလေးများသည် ရွှံ့အိုင်နှုတ်ခမ်း၌ ပြားပြားဝပ်လျက် ရှိကြ၏။ ထိုအိမ်ကလေးများအပေါ်၌ အလုပ်ရုံကဲ့သို့ပင် နီမောင်းမောင်း အရောင်ရှိသော ဘုရားရှိခိုးကျောင်း မိုးလျက်ရှိ၏။ သို့ရာတွင် ဘုရားရှိခိုးကျောင်းမှပြာသာဒ်သည် အလုပ်ရုံမှခေါင်းတိုင်များလောက် မမြင့်မားချေ။

အမေသည် သက်ပြင်းချကာ သူ့လည်ပင်း၌ တင်းကျပ်နေသည့် သူ့အင်္ကျီကော်လံကို လျှော့လိုက်၏။

လှည်းသမားသည် မြင်းကို ဇက်ကြိုးများနှင့်တို့လျက် "ကဲ၊ သွားကြစမ်း" ဟု ပါးစပ်မှ ရေရွတ်လိုက်၏။ သူသည် အသက်အရွယ်အားဖြင့် မှန်းဆ၍မရနိုင်သည့် လူညှက်ညှက် တယောက် ဖြစ်၏။ သူ၏ ခြေထောက်များသည် ခွင်နေကြ၏။ သူ့ဆံပင်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ကလည်း လိုက်ကျဲကျဲ ဖြစ်နေကြ၏။ မျက်လုံးကလည်း အရောင် မရှိချေ။ လှည်းဘေး၌ သူသည် ဘယ်ယိမ်းလိုက်၊ ညာယိုင်လျက်နှင့် လမ်းလျှောက်နေတတ်သည်။

ရွှံ့အထပ်ထပ် ကပ်နေသော ဖိနပ်များကို စီးထားသည့် သူ၏ ကောက်ကွေးနေ ခြေထောက် များကို ကန်ကျောက်ရင်း "ဟဲ့၊ သွားစမ်း" ဟု မြင်းကို မောင်းနေပြန်ရာ ရယ်စရာပင် ကောင်းနေ၏။ အမေသည် ဘေးပတ်လည်ကို လှည့်၍ ကြည့်လိုက်၏။ ပတ်ဝန်းကျင်မှ လယ်ကွင်းများသည် သူ၏ အသည်းနှလုံးကဲ့သို့ပင်

ဟာလာဟင်းလင်း ဖြစ်နေကြသည်။

မြင်းသည် နေမြိုက်ထားသည့် သဲပြင်ထဲ၌ ခြေထောက်များ အတော်မြုပ်အောင် ရုန်းနေရင်း သူ၏ ဦးခေါင်းကို ငြီးငွေ့စရာ ငုံ့ချည်၊ မော့ချည် လုပ်နေ၏။ လှည်းက သွားနေစဉ် သဲများကထပြီး လှည်းအိုကလည်း တကျည်ကျည် မြည်နေ၏။ ဤအသံများနှင့် ဖုန်များသည်လည်း သူတို့နောက်မှ လိုမ့်၍ လိုက်လာကြလေသည်။

နစ်ကိုလိုင်သည် မြို့၏အစွန် လူသွားလူလာ ခေါင်းပါးသည့် လမ်းတလမ်းထဲ၌နေ၏။ သူနေသည့် အထပ်သည် အိုမင်းလုပြီဖြစ်သည့် နှစ်ထပ်အိမ်တလုံး၏ အဖီထဲ၌ရှိ၏။ အိမ်ရှေ့၌ ဥယျာဉ်ကလေး တခုရှိရာ နန်းလုံးကြိုင်ပင်များနှင့် အခြား သစ်ပင်ငယ်ကလေးတို့မှ အကိုင်းများနှင့် ထင်းရှူးပင်ပျိုများမှ ငွေရောင်အရွက်များသည် ငိုက်ဝင်နေကြ၏။ အိပ်ခန်းထဲတွင် သန့်ပြန့်၍ ဆိတ်ငြိမ်နေ၏။ ကြမ်းပြင်ပေါ်၌ အရိပ်များသည် လှုပ်ရှားနေကြ၏။ စာအုပ်စင်များသည် ထရံများအနီး၌ ရှိကြ၍ ထိုစာအုပ်စင်များအထက်၌ တည်တံ့သည့် မျက်နှာများနှင့် ရုပ်ပုံများကို ဆွဲထားလေသည်။

“ဒီအခန်းထဲနေရမှာ စိတ်လက်ချမ်းမြေ့မယ် မဟုတ်လား အမေ” ဟု ပြောရင်း နစ်ကိုလိုင်သည် အမေ့အား အခန်းတခန်းထဲသို့ ခေါ်သွား၏။ ထိုအခန်းပြတင်းပေါက် တပေါက်မှနေကြည့်လျှင် ဥယျာဉ်ကိုမြင်ရ၍ အခြားပြတင်းပေါက်တပေါက်မှနေကြည့်လျှင် မြက်ပင်များ ဖုံးနေသော ဝင်းကိုမြင်ရ၏။ ဤအခန်းထရံများ အတွင်းဘက်၌လည်း စာအုပ်စင်များ ရှိလေသည်။ အမေက

“ကျုပ်တော့ မီးဖိုခန်းထဲမှာပဲ နေပါ့မယ်။ မီးဖိုခန်းကလည်း ကောင်းလည်းကောင်း၊ သန့်လည်း သန့်သား” ဟု ပြောလိုက်ရာ နစ်ကိုလိုင်သည် တုန်လှုပ်သွား၏။ ထိုနောက် သူက မီးဖိုခန်းထဲ၌ မနေအောင် ဖျောင်းဖျပြောဆိုသည်ကို အမေက လက်ခံလိုက်သောအခါ သူသည် ဝမ်းမြောက်လာလေသည်။

ဤအခန်းသုံးခန်းလုံးမှ လေသည် ထူးခြားနေ၏။ အသက်ရှုရရှိုက်ရသည်မှာ ကြည်နူးစရာ ကောင်း၏။ သို့ရာတွင် အပေါ်ထပ်တွင် နေကြသူတို့အား အနှောင့်အယှက် ပေးရာ ရောက်မည် စိုးသဖြင့် စကားကို မည်သူကမျှ ကျယ်ကျယ်မပြောကြချေ။ အမေသည် ပြတင်းပေါက်ခုံများပေါ် တင်ထားသည့် ပန်းအိုးများထဲမှ မြေများကို လက်နှင့်စမ်း၍ -

“အင်း၊ သစ်ပင်တွေကတော့ ရေလိုနေကြပြီ” ဟု ပြောရာ နစ်ကိုလိုင်က သူ့ကိုယ်သူ မလုံသည့်အနေဖြင့်

"အိုး ဟုတ်ပါတယ်။ ကျုပ်က သစ်ပင် ပန်းပင်တွေကို သဘောတော့ကျတယ်။ ဒါပေမဲ့ ဂရုစိုက်ဖို့ အချိန်က မရှိဘူး" ဟု ပြန်၍ဖြေလေ၏။

နစ်ကိုလိုင်သည် သူ့အိမ်ထဲ၌ပင် အခြားသူများ၏ အိမ်ထဲမှာကဲ့သို့ လမ်းကို ဖြည်းဖြည်း လျှောက်တတ်၏။ အခန်းထဲမှ လက်ချောင်းများဖြင့် သူ့မျက်နှာကို မျက်နှာချင်း ကပ်၍ သူ၏သေးသွယ်သည့် ညာဘက်လက်ချောင်းများဖြင့် သူ့မျက်နှာကို အထက်သို့ လှန်ပြီး ဂရုတစိုက် ကြည့်နေတတ်၏။ တခါတခါ အရာဝတ္ထုတခုခုကို သူ့မျက်နှာနားသို့ကပ်ပြီး သူ့မျက်လုံးများဖြင့် ပွတ်သပ်ကြည့်နေသကဲ့သို့ လုပ်တတ်၏။ သူလည်း ထိုအထပ်သို့ အမေကဲ့သို့ပင် ပထမဦးဆုံးအကြိမ် ရောက်လာဘိသကဲ့သို့ လုပ်နေ၏။ အမေ့အတွက်မူ ထိုအခန်းထဲမှ ပစ္စည်းစုသည် အသစ်လည်း ဖြစ်ကြ၏။ သူသည် ၎င်းတို့ကို မြင်လည်းမမြင်ဖူး၊ တွေ့လည်း မတွေ့ဖူးချေ။ ထို့ကြောင့် ရုတ်တရက် သဘောကျသွား၏။ နစ်ကိုလိုင်နောက်သို့ လိုက်ပြီး မည်သည့်နေရာ၌ မည်သည့်ပစ္စည်း ရှိသည်ကို မှတ်သားကာ နေ့စဉ်လုပ်ကိုင် ဆောင်ရွက်နေကျ လုပ်ငန်းဆောင်တာတို့ကို မေးမြန်းကြည့်၏။ ကိုယ့်ကိုယ်ကို ဘာမျှမတတ်သာ သဖြင့် မိမိလုပ်သင့်လုပ်ထိုက်သည့် အရေးကိစ္စတို့ကို ဘာမျှမလုပ်နိုင်ဘဲနေသည့် လူတယောက် ကဲ့သို့ သူ့ကိုယ်သူ မလုံဘဲနေသည့် နစ်ကိုလိုင်က ပြန်ဖြေလေ၏။

အမေသည် ပန်းပင်များကို ရေလောင်းပြီး စန္ဒရားပေါ်၌ ပြန့်ကြဲနေသည့် တူရိယာ သင်္ကေတ စာရွက်တို့ကို ပြန်၍စီထားလိုက်၏။ တဖန် လက်ဖက်ရည်အိုးကို မြင်လျှင်.. "လက်ဖက်ရည်အိုး လည်း တိုက်ဖို့လိုသေးတယ်" ပြော၏။

နစ်ကိုလိုင်သည် အရောင်မှိန်နေသည့် လက်ဖက်ရည်အိုးကို လက်များဖြင့် ပွတ်တိုက်၍ သေသေချာချာ ကြည့်ရန် မျက်နှာနားသို့ ကပ်လိုက်၏။ အမေက ရယ်လိုက်၏။

ထိုနေ့ည အိပ်ရာဝင်ပြီး နေ့ခင်းက အဖြစ်အပျက်တို့ကို ပြန်လည်စဉ်းစားမိသောအခါ အမေသည် ဦးခေါင်းကိုထောင်ကာ မယုံသလိုလို ဟိုဟိုသည်သည် ကြည့်နေလေ၏။ ဤအကြိမ်သည် အခြားသူ သူစိမ်း၏အိမ်၌ သူ ပထမဆုံး အိပ်သည့်အကြိမ် ဖြစ်၏။ သို့ရာတွင် သူသည် စိတ်ချမ်းမြေ့လျက်ရှိ၏။ နစ်ကိုလိုင်အပေါ်တွင် သံယောဇဉ် ငြိငြိနှင့် စဉ်းစားမိ၏။ သူ့အတွက် စိတ်ချမ်းသာအောင် လုပ်ပေးချင်၏။ သူ့ဘဝတွင် သာယာမှု ရရှိစိမ့်သောငှာ သူ့အား သနား ကြင်နာကြောင်းကို ပြလို၏။ သူ၏ မသေသပ်မှု၊ သူ၏ရယ်ဖွယ်ရာ မစွမ်းဆောင်မှု၊ အခြားသာမန်လူများနှင့် မတူမှုနှင့် သူ၏ အသိဉာဏ် ရှိသော်လည်း ကလေးသဖွယ် ရိုးသားကြည်လင်သည့် သူ၏ မျက်လုံးများကြောင့် အမေ ၏စိတ်ထဲ၌ ထိခိုက်သွား၏။ ထိုနောက် အမေသည် သူ့သားကို သတိရ၏။

တဖန် မေဒေးနေ့ အဖြစ်အပျက်တို့သည် သူ့စိတ်ထဲ၌ တရိပ်ရိပ် ပေါ်လာကြပြန်၏။ ထိုနေ့က ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်တို့သည်လည်းကောင်း၊ ထိုနေ့သည်လည်းကောင်း ထူးခြားသည့် သဘောရှိ၏။ ဤဝမ်းနည်းဖွယ်ရာအရေးကား လက်သီးနှင့် ပင့်ထိုးလိုက်သကဲ့သို့ ဦးခေါင်းကို ညွတ်ပြီး အရှုံးပေးသည့် အရေးမဟုတ်။ ဤအရေးသည် အသည်းနှလုံးကို ထပ်ပြန်တလဲလဲ ဆွပေးနေသည့်အရေးဖြစ်၍ ကုန်းနေသောခါးကို ပြန်ဆန့်စေပြီး ဒေါသကို တငွေ့ငွေ့ မွေးပေးနေသည့်အရေး ဖြစ်၏။

ပြတင်းပေါက်မှ ဝင်လာကြသည့် သူကြားနေကျ မဟုတ်သည့် မြို့တော်၏ ညဥ့်အချိန် အသံများကို နားထောင်ရင်း အမေသည် “အင်း၊ သားသမီးတွေကတော့ လောကကြီးကို ရင်ဆိုင်နေကြပြီ” စဉ်းစားနေမိ၏။ သူကြားနေကြသည့် အသံများကား အလွန် ဝေးလံလှသည့် အရပ်ဒေသတို့က လာကြပြီး တဖြည်းဖြည်း တိုးလာကာ ပျောက်ကွယ် ဆိတ်ငြိမ်သွားကြလေ၏။

နောက်တနေ့ နံနက်စောစော အမေသည် လက်ဖက်ရည်အိုးကို ပွတ်တိုက်ဆေးကြော၍ လက်ဖက်ရည် ဖျော်ရန် ရေနွေးကျိုနေ၏။ ဆိတ်ငြိမ်စွာ စားပွဲကိုပြင်ပြီး နစ်ကိုလိုင်ကို စောင့်ရင်း မီးဖိုခန်းထဲ၌ ထိုင်နေလေ၏။ နောက်ဆုံး၌ နစ်ကိုလိုင်သည် လက်တဖက်၌ သူ၏မျက်မှန်ကို ကိုင်၍ အခြားတဖက်၌ သူ့အင်္ကျီကော်လံကို ကိုင်ကာ ချောင်းတချက်ဟန့်ပြီး ပြတင်းပေါက်ကို ဖွင့်လိုက်၏။ အမေနှင့် သူတို့သည် တယောက်နှင့်တယောက် နှုတ်ဆက်ကြပြီးနောက် အမေသည် လက်ဖက်ရည်အိုးကို တဖက်ခန်းထဲသို့ သယ်သွားလေ၏။ ထိုအတွင်း နစ်ကိုလိုင်သည် ရေချိုးနေရာ ကြမ်းပေါ်၌ ရေများ တဖျန်းဖျန်း စင်ကျနေလေ၏။ ဆပ်ပြာခဲနှင့် သွားပွတ်တံ တို့သည် အောက်သို့ကျသွားရာ သူ့ကိုယ်သူ ကချော်ကချွတ် နိုင်ရပါမည်လားဟု မြည်တွန် တောက်တီးနေပြန်လေ၏။

နံနက်စာစားနေကြစဉ် နစ်ကိုလိုင်က အမေ့အား

“ဇင်(မ်)(စ်)မိုဘုတ် အဖွဲ့မှာ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ ဘယ်လိုကြောင့် ပျက်စီးကြရတယ်ဆိုသော အချက်ကို လေ့လာရင်း ဝမ်းနည်းစရာ တွေ့ခဲ့ရပါတယ်" ဟု သူ့ကိုယ်သူ အပြစ်ရှိသည့်ဟန်ဖြင့် ပြုံး၍ပြောပြီးနောက် တဖန်ဆက်၍

“အာဟာရချို့တဲ့တဲ့ အစားအသောက်တွေကို စားကြသောက်ကြရလို့ ကျွန်တော်တို့ လယ်သမား တွေဟာ စောစော သေကုန်ကြရတာပဲ။ သူတို့ကလေးတွေကလည်း မွေးကတည်းက ချည့်ချည့်နဲ့နဲ့ကလေးတွေနဲ့ မွေးလာကြပြီး နွေရာသီမှာ ယင်ကောင်တွေ သေကြသလို ဖြုတ်ဖြုတ်နဲ့ သေကုန်ကြတာပဲ။ ကျွန်တော်တို့တတွေဟာ ဒါတွေအားလုံးကို သိကြတယ်။

ဒါတွေကို လေ့လာဖို့ ပိုက်ဆံတောင် ပေးထားကြတယ်။ ဒါပေမဲ့ ဒါနဲ့ ကျွန်တော်တို့ အလုပ်ဟာ အဆုံးသတ်တော့တာပဲ” ဟု ပြောပြလေ၏။

“တော်က တက္ကသိုလ်ကျောင်းသားတယောက်လား”

“ကျွန်တော်က တက္ကသိုလ်ကျောင်းသားတယောက် မဟုတ်ပါဘူး။ ကျောင်းဆရာတယောက်ပါ။ ကျွန်တော့်အဖေက ဗိုင်ယက်ကာက အလုပ်ရုံတရုံမှာ မန်နေဂျာပါ။ ဒါပေမဲ့ ကျွန်တော်က ကျောင်းဆရာပါ။ ရွာထဲမှာ ကျွန်တော်က ဆင်းရဲတဲ့ လယ်သမားတွေကို စာအုပ်တွေ ဖြန့်ချိပေးတယ်။ အဲဒီလို ဖြန့်ချိပေးတဲ့အတွက် ကျွန်တော့်ကို ထောင်ချကြတယ်။ ထောင်က ထွက်တော့ ကျွန်တော်က စာအုပ်ဆိုင်တဆိုင်မှာ စာအုပ်အရောင်းသမား လုပ်ခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ပေါ့ဆမှုကြောင့် ထောင်တခါ ကျပြန်ပါတယ်။ အဲဒီနောက် ကျွန်တော့်ကို အာခန်ဂျ(လ်)(စ်)(ခ်)ကို နယ်နှင်ဒဏ်နဲ့ အပို့ခံရတယ်။ အဲဒီမှာလည်းပဲ ကျွန်တော့်ကို အုပ်ချုပ်ရေးမှူးက သဘောမကျလို့ ပင်လယ်ဖြူ ကမ်းခြေမှာရှိတဲ့ ရွာကလေးတရွာကို အပို့ခံရပါတယ်။ အဲဒီမှာ ကျွန်တော် ငါးနှစ် နေခဲ့ရသေးတယ်”

သူ၏အသံကား အထစ်အငေါ့မရှိ တည်ငြိမ်လှ၏။ အမေသည် ယခုအချိန်တွင် ဤကဲ့သို့သော အဖြစ်အပျက်မျိုးကို များစွာကြားခဲ့ရဖူးပေပြီ။ သို့ရာတွင် သူ့အား ဤအဖြစ်အပျက်မျိုးကို ပြောကြသည့်သူများသည် သာမန်ရိုးရိုးဖြစ်နေကျ အရေးကိစ္စတရပ်ရပ်ကို ပြောနေကြဘိသကဲ့သို့ ခပ်ပေါ့ပေါ့သဘောဖြင့် ပြောကြသည်ကို သူသည် နား မလည်နိုင်ဘဲ ဖြစ်နေ၏။

“ကျွန်တော့်နှမ ကနေ့ ရောက်လာလိမ့်မယ် အမေ”

“သူက အိမ်ထောင်နဲ့လား”

“သူက မုဆိုးမပါ။ ယောက်ျားက ဆိုက်ဘေးရီးယားကို ပြည်နှင်ဒဏ် အပို့ခံရတယ်။ ဒါပေမဲ့ သူက ထွက်ပြေးတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကမှ ဥရောပတိုက်မှာ အဆုတ်ရောဂါနဲ့ပဲ ဆုံးသွားပါတယ်”

“သူက တော့်ထက်ငယ်သလား”

“ခြောက်နှစ်ကြီးပါတယ်။ သူ့ကျေးဇူး ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်။ သူ စန္ဒရား တီးတာကို နားထောင်ပြီး ကြည့်ပါဦး။ ဟိုဟာ သူ့စန္ဒရားပဲ။ ပြီးတော့ ဒီပစ္စည်းတွေထဲက အများစုဟာ သူ့ဟာတွေချည်းပဲ။ စာအုပ်တွေကသာ ကျွန်တော့်ဟာတွေပါ”

“သူက ဘယ်မှာနေတုံး”

“နေရာတကာအနှံ့ပဲ။ သတ္တိရှိရှိနဲ့ လုပ်မယ့်ကိုင်မယ့်လူလိုရင် သူက အဲဒီနေရာကို သွားတာပဲ”

“သူကလည်း ဒီအလုပ်ကိုလုပ်သလား” (နိုင်ငံရေးအလုပ်ကို ဆိုလိုပါသည်။ ဘာသာပြန်ဆိုသူ)

“အိုး၊ လုပ်တာပေါ့”

မကြာမီ နစ်ကိုလိုင်သည် ထွက်သွားလေ၏။ အမေသည် “ဒီအလုပ်” နှင့် ပတ်သက်၍ လည်းကောင်း၊ ဤအလုပ်အတွက် နေ့ရှိသမျှ ဖွဲနပဲ သန်သန်နှင့် အင်တိုက်အားတိုက် လုပ်နေကြသူတို့နှင့် ပတ်သက်၍လည်းကောင်း စဉ်းစားနေမိ၏။ ဤလူတွေအကြောင်း စဉ်းစားမိသည့်အခါ သူသည် သိမ်ငယ်သွားလေ၏။ မွန်းတည့်အချိန်လောက်၌ အရပ်မြင့်မြင့် ရုပ်ရည်သနားကမား အမျိုးသမီးတယောက်သည် အိမ်တံခါးကို လာခေါက်၏။ အမေက တံခါးဖွင့်ပေးလျှင် ထိုအမျိုးသမီးသည် သူ၏ အဝါရောင် လက်ပွေ့အိတ်ကလေးကို ကြမ်းပေါ်သို့ ပစ်ချပြီး အမေ၏ လက်ကို ဖမ်းဆုပ်လျက်

“ဒေါ်ဒေါ်က ပါဗယ်ရဲ့အမေ မှတ်တယ်” ဟု ပြောလျှင် အမေသည် ထိုအမျိုးသမီး၏ လှပသော အဝတ်အစားတို့ကို ကြည့်ပြီး ရှုံးတိုးရှန့်တန့်ဖြစ်လျက်

“ဟုတ်ပါတယ်” ဟု ပြန်ဖြေလိုက်၏။ ထိုအမျိုးသမီးက

“ဒေါ်ဒေါ်ဟာ ကျွန်မ တွေးထားတဲ့အတိုင်းပါပဲ။ ကျွန်မမောင်က ဒေါ်ဒေါ် ဒီမှာ လာနေလိမ့်မယ် လို့ စာရေးထားပါတယ်” ဟု ပြောရင်း မှန်ရှေ့၌ရပ်ကာ သူ့ဦးထုပ်ကို ချွတ်လိုက်၏။ တဖန်ဆက်၍၊

“ကျွန်မက ပါဗယ်ရဲ့မိတ်ဆွေတယောက်ဖြစ်နေတာကြာပါပြီ။ သူက ကျွန်မကို ဒေါ်ဒေါ့်အကြောင်း ပြောပြပါတယ်” ဟု ပြောလေ၏။

သူ၏အသံသည် ကြမ်း၏။ သို့ရာတွင် သူသည် စကားကို ဖြည်းဖြည်းပြော၏။ သူသည် သန်မာတောင့်တင်း၍ သွက်လက်ဖျတ်လတ်၏။ သူ၏ မျက်လုံးများသည် ကြည်လင်သော်လည်း နဖူးရေကား အနည်းငယ် တွန့်နေပြီဖြစ်၏။ ၎င်းပြင် နားသယ်မှ ဆံပင်အချို့ကလည်း ဖြူနေပြီ ဖြစ်၏။

“ကျွန်မတော့ ဆာလှပြီ ဒေါ်ဒေါ်၊ ကော်ဖီတခွက်လောက်များ ရမလားပဲ”

“ဒေါ်ဒေါ် ဖျော်ပေးပါမယ်။ ပါဗယ်က ဒေါ်ဒေါ်အကြောင်းကို ပြောထားသလားဟင်”

“မကြာခဏပဲ ပြောပါတယ်”

အမျိုးသမီးသည် သားရေ စီးကရက်ဘူးကလေး တဘူးကို ထုတ်ပြီး စီးကရက်တလိပ်ကို မီးညှိ၍ ဖွာရင်း အခန်းထဲ၌ လမ်းလျှောက်နေလေ၏။

"ဒေါ်ဒေါ် သူ့အတွက် သိပ်များစိတ်ပူနေသလား"

အမေသည် ကော်ဖီအိုးအောက်မှ မီးတောက်ပြာကလေးများကို ကြည့်ရင်း ပြုံးနေ၏။ ထိုအမျိုးသမီးရှေ့၌ ရှိုးတိုးရှန့်တန့် မဖြစ်တော့ဘဲ ပျော်သွားလေ၏။ ထိုနောက်

"အင်း၊ ငါ့သားကတော့ အမေ့အကြောင်း သူ့ကိုတောင် ပြောထားတာပဲ" ဟု စဉ်းစားနေရာမှ...

"အမှန်ကတော့ ဒေါ်ဒေါ်က သူ့အတွက် သိပ်စိုးရိမ်တာပေါ့။ မစိုးရိမ်ဖို့ဆိုတာက လွယ်တဲ့အလုပ် မဟုတ်ဘူးနော်။ ဒါပေမဲ့ အရင်ကများ ဒီလိုကိစ္စဖြစ်ခဲ့ရင် ဒီထက် အခံရ ခက်မှာပဲ။ အခုတော့ ဒေါ်ဒေါ်က ဒီလိုဖြစ်ရတာ သူတယောက်တည်း မဟုတ်ဘူးဆိုတာကို သိနေပြီ" ဟု ပြောလေ၏။

တဖန် အမေသည် ထိုအမျိုးသမီး၏ မျက်နှာကိုကြည့်၍ နာမည်ကို မေးလိုက်သောအခါ အမျိုးသမီးက သူ့နာမည် ဆိုဖီယာဖြစ်ကြောင်း ပြန်ပြောလေ၏။

အမေသည် ဆိုဖီယာအား ကျကျနန အကဲခတ်ကြည့်၏။ သို့ကြည့်ရာတွင် ထိုအမျိုးသမီး ရဲရင့်ပုံနှင့် လျင်မြန်ပုံတို့ကို တွေ့မြင်လေ၏။ ထိုနောက် ဆိုဖီယာက ယုံကြည် စိတ်ချစွာ...

"အရေးအကြီးဆုံးကတော့ ဒီလူတွေ အကုန်လုံးကို လွတ်ပစ်ဖို့ပါပဲ။ တကယ်လို့သာ သူတို့အမှုကို ခပ်မြန်မြန် စစ်လိုက်ရင်တော့ ဟန်တာပဲ။ သူတို့ကို ပြည်နှင်ဒဏ် ပေးလိုက်လျှင် ပေးလိုက်ချင်း ကျွန်မတို့က ပါဗယ် ထွက်ပြေးနိုင်ဖို့ စီစဉ်မှာပဲ။ ပါဗယ်က ဒီမှာမရှိရင် မဖြစ်ဘူးရှင့်" ဟု ပြောလေသည်။

အမေသည် ဆိုဖီယာအား မယုံတယုံနှင့် ကြည့်နေ၏။ ဆိုဖီယာကမူ သူ၏ စီးကရက်တို့ကို ပစ်ရမည့်နေရာကို ကြည့်နေ၏။ နောက်ဆုံး မည်သည့်နေရာ၌ ပစ်ရမည်ကို ရှာမတွေ့လျှင် ပန်းအိုးထဲမှ မြေထဲသို့ ထိုးထည့်လိုက်၏။ အမေက အမှတ်တမဲ့...

"အဲဒါက ပန်းပင်တွေနာတယ်" ပြောလိုက်ရာ ဆိုဖီယာက

"ကျွန်မကို ခွင့်လွှတ်ပါ။ နစ်ကိုလိုင်ကလည်း ကျွန်မကို အမြဲတမ်း ဒီလိုချည်းပဲ ပြောပါတယ်" ဟု ပြန်ပြောကာ စီးကရက်တိုကို ပန်းအိုးထဲမှယူပြီး ပြတင်းပေါက်မှ အပြင်သို့ လွှင့်ပစ်လိုက်လေ၏။

အမေသည် ရှုံးတိုးရှုန့်တန့်ဖြစ်ပြီး ဆိုဖီယာအား သူ့ကိုယ်သူ အပြစ်ရှိသည့်အနေဖြင့် ကြည့်နေ၏။ သူက

"ဒေါ်ဒေါ်က တောင်းပန်ပါတယ်။ ဒေါ်ဒေါ်က ဘာပြောလိုက်မိတယ် ဆိုတာကိုတောင် မစဉ်းစားမိဘူး။ ဒေါ်ဒေါ်မှာ ဘယ်သူက ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ် ဆိုတာကို ပြောနိုင်တဲ့ အခွင့်အရေးမှ မရှိဘဲနဲ့" ဟု ဆိုဖီယာအား ပြောလိုက်သောအခါ ဆိုဖီယာက ပခုံးများကိုတွန့်ကာ

"ကျွန်မကိုယ်တိုင်က ဒီလောက်တောင် စည်းကမ်းမရှိရင် ဒေါ်ဒေါ်က ဘာလို့ မပြောဘဲ မဆိုဘဲ နေရပါ့မလဲ။ ကော်ဖီဖျော်ပြီးပြီလား ဒေါ်ဒေါ်၊ ကျေးဇူးပါပဲ။ အို၊ ဒေါ်ဒေါ်က ဘာပြုလို့ တခွက်တည်း ဖျော်ရတာတုံး။ ဒေါ်ဒေါ်ကကော မသောက်တော့ဘူးလား ဟင်" ပြောပြီး ရုတ်တရက် အမေ၏ ပခုံးများကိုဖက်ကာ သူ့အနီးသို့ဆွဲလျက် "ဒေါ်ဒေါ်က အမ်းတမ်းတမ်း ဖြစ်နေသလား"

အမေသည် ပြုံး၍နေလေ၏။

"စီးကရက်တိုနဲ့ ပတ်သက်လို့ ဒီလိုအားမနာပါးမနာနဲ့ ပြောပြီးတဲ့နောက် ဒေါ်ဒေါ် ဘယ့်နှယ်လုပ်ပြီး အမ်းတမ်းတမ်း မဖြစ်ဘဲ နေပါ့မလား။ ဒေါ်ဒေါ်က မနေ့ကမှ ဒီကို လာတယ်။ ဒါပေမဲ့ ဒီအိမ်ကို ကိုယ့်အိမ်ကိုယ့်ရာလို ထင်နေတော့တာပဲ။ ဒေါ်ဒေါ်က ဘာမှအားမနာဘဲ ဒေါ်ဒေါ် ဝမ်းထဲမှာရှိတာကို ဖွင့်ပြောလိုက်မိတာကို"

"အမှန်ကတော့ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့ ဒေါ်ဒေါ်ရယ်"

"ဒေါ်ဒေါ် ခေါင်းက ဝေနေတော့ ကိုယ့်ကိုယ်ကိုတောင် ဘာလဲဆိုတာကို ပြန်ပြီး သတိမထားမိ တော့ဘူး။ အရင်ကတော့ ဒေါ်ဒေါ်ဟာ လူတယောက်ကို ဒေါ်ဒေါ် ဝမ်းထဲမှာရှိတဲ့အတိုင်း ဖွင့်မပြောခင် အကဲခတ်ပါသေးတယ်။ ဒါပေမဲ့ အခုတော့ ဒေါ်ဒေါ်ဟာ ဝမ်းထဲမှာရှိတာကို မဖုံးကွယ်တတ်တော့ဘူး။ အရင်က ပြောဖို့ရန် စိတ်ကူးမထည့်ခဲ့ဖူးတဲ့ စကားတွေတောင် အခုတော့ ပြောနေမိတယ်"

ဆိုဖီယာသည် စီးကရက်တလိပ် ထပ်၍ ထုတ်ယူပြီးနောက် အမေ့အား ကြည့်နေပြန်၏။

အမေက တဖန် သူ့ရင်ထဲတွင် တအုံနွေးနွေးဖြစ်နေသည့်

"အခုနက ပါဗယ် ထွက်ပြေးဖို့ရန် စီစဉ်ပေးမယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ဒီလို ဝရမ်းပြေးဘဝနဲ့ သူဘယ်လိုလုပ်ပြီး နေနိုင်ပါ့မလဲ" ဟူသောမေးခွန်းကို မေးလိုက်၏။

ဆိုဖီယာသည် ကော်ဖီတခွက်ကို နောက်ထပ်ငှဲ့လိုက်၏။

"အဲဒီလိုနေရတာ မခက်ခဲပါဘူး။ သူကလည်း တခြား ဝရမ်းပြေးတွေလိုပဲ နေမှာပေါ့ ဒေါ်ဒေါ်။ ဒီလို ဝရမ်းပြေးတွေက နည်းတာမှ မဟုတ်တာဘဲနဲ့။ ကျွန်မ အခုပဲ ဝရမ်းပြေး တယောက်နဲ့ တွေ့ခဲ့လို့ သူနေဖို့နေရာကိုတောင် ပြခဲ့ရသေးတယ်။ အဲဒီလူကလည်း သိပ်ပြီး အရေးကြီးတဲ့လူပဲ။ သူ့ကို ၅ နှစ်တောင် ပြည်နှင်ဒဏ်ပေးထားတာ။ ဒါပေမဲ့ သုံးလခွဲပဲ ကြာခဲ့တယ်"

အမေသည် သူ့ကိုကြည့်၍ ပြုံးနေလေ၏။ ထိုနောက် ဦးခေါင်းကိုယမ်း၍ ဖြည်းညင်းစွာ

"မေဒေးနေ့က ဒေါ်ဒေါ်အတွက် တခုခု လုပ်ပေးလိုက်သလိုပဲ။ ဒေါ်ဒေါ်ဟာ ဘာလုပ်ရမယ် ဆိုတာကို မဝေခွဲနိုင်ဘဲ ဖြစ်နေတယ်။ ဒေါ်ဒေါ်ဟာ တခါတည်းနဲ့ လမ်းနှစ်ခွကို လျှောက်နေရသလိုပဲ။ တခါတခါ ဒေါ်ဒေါ်ဟာ ဘာမဆို နားလည်တယ်။ သဘောပေါက်တယ်။ တခါတရံ ဘာမှ မသိသလို၊ မမြင်သလို ဖြစ်နေပြန်ရော။ ဥပမာ ပြောပြရင် တူမကြီးကိုယ်တိုင် အထက်တန်းစား အမျိုးသမီးတယောက် ဖြစ်ပါရဲ့သားနဲ့ ဒီလိုအလုပ်မျိုးကို လုပ်နေတာရယ်၊ တူမကြီးက ဒေါ်ဒေါ့်သား ပါဗယ်ကိုသိပြီး သူ့အကြောင်းလည်း အကောင်းပြောတာရယ်၊ အဲဒါတွေကြောင့် ဒေါ်ဒေါ်က တူမကြီးကို ကျေးဇူးတင်နေတာ"

"အို၊ ကျွန်မတို့ကသာ ဒေါ်ဒေါ်ကို ကျေးဇူးတင်ကြရမှာပါ"

"ဒေါ်ဒေါ်က ဘာများလုပ်လို့တုံး တူမကြီးရယ်။ ပါဗယ်ကို ဒါတွေသင်တာ၊ ပြတာဟာ ဒေါ်ဒေါ်မှ မဟုတ်တာဘဲနဲ့"

ဆိုဖီယာသည် သူ၏စီးကရက်တိုကို ပန်းကန်ပြားတချပ်ထဲတွင် ချေပစ်လိုက်ပြီး သူ၏ ရွှေရောင်ဆံပင်များပြေ၍ ကျလာသည်အထိ သူ၏ ဦးခေါင်းကို ခါနေလေ၏။ ထိုနောက် ဆိုဖီယာသည်...

"အင်း၊ ကျွန်မ အဝတ်ကောင်းတွေကို လဲဖို့တောင် အချိန်ကျနေပြီ" ဟု ပြော၍ မတ်တတ်ရပ်ကာ အခန်းထဲမှ ထွက်သွားလေသတည်း။

အခန်း သုံး

ညနေအချိန်၌ နစ်ကိုလိုင်သည် ပြန်လာ၏။ ညနေစာ စားနေကြစဉ် ဆိုဖီယာက ပြည်နှင်ဒဏ် ခံနေရာမှ ထွက်ပြေးလာသည့် လူတယောက်ကို သူ ဘယ်ကဲ့သို့ တွေ့ခဲ့ပြီး ဘယ်ကဲ့သို့ ဝှက်ခဲ့ရပုံ၊ လူမြင်သမျှကို မယုံသင်္ကာဖြစ်ပြီး အစိုးရစုံထောက်တွေကို သူမည်ကဲ့သို့ ကြောက်ရွံ့ခဲ့ရပုံနှင့် ထိုဝရမ်းပြေးက မည်သို့မည်ပုံ ရယ်စရာဖြစ်နေပုံတို့ကို ရယ်လိုက် မောလိုက်နှင့် ပြောပြ၏။ အလုပ်သမားတယောက်က ခက်ခဲသည့် အလုပ်တခုကို သူ မည်ကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်ကို အားပါးတရ ပြောနေသကဲ့သို့ ဆိုဖီယာသည် ထိုနေ့က ဆောင်ရွက်ခဲ့ပုံ တို့ကို ပြောနေရာ၌ ပါဝင်သည့်သဘော ပါနေသည်ကို သတိထားမိ၏။

ထိုနောက် ဆိုဖီယာသည် ဂါဝန်တခုနှင့် နွေဥတုဝတ်နေကျ ဝတ်စုံကို ဝတ်ထား၏။ ဤအဝတ်ကြောင့် သူသည် အရပ်ပိုရှည်လာသည်ဟု ထင်ရ၏။ မျက်လုံးများကလည်း ပို၍ မည်းမှောင်လာဟန်ရှိပြီး သူ၏ အသွားအလာ အနေအထိုင်ကလည်း ပို၍ သိက္ခာရှိလာလေသည်။

ညစာ ထမင်းစားပြီးနောက် နစ်ကိုလိုင်က

"မမ လုပ်စရာ ကိစ္စတခု ကျန်သေးတယ်။ ကျွန်တော်တို့တတွေဟာ တောင်သူ လယ်သမားတွေ အတွက် သတင်းစာတစောင်ကို ထုတ်ဖို့ သဘောတူထားကြတာကို ကျွန်တော် မမကို ပြောထားတယ်လေ။ ဒါပေမဲ့ ဒီလိုလူတွေကို ဖမ်းလား ဆီးလား လုပ်ထားတော့ ဒီသတင်းစာကို ဖြန့်ချိဖို့လူနဲ့ ကျွန်တော်တို့နဲ့က အဆက်ပြတ်သွားတယ်။ အမေဟာ ဒီလူကိုရှာပြီး ကျွန်တော်တို့ကို အကူအညီ ပေးနိုင်လိမ့်မယ် မမ။ အဲဒီတော့ မမက အမေ့ကို ကျေးလက် တောပိုင်းကို တခေါက်လောက် ခေါ်သွားပါဦး။ အဲဒါကို တတ်နိုင်သလောက် အမြန်ဆုံး လုပ်ပေးမှပဲနော်" ဟု ပြောရာ ဆိုဖီယာက စီးကရက်ကို ဖွာရင်း...

"အေး၊ ကောင်းပါတယ်။ ကျွန်မတို့ သွားကြမယ်မဟုတ်လား ဒေါ်ဒေါ်" ဟု အမေ့အား မေးလိုက်၏။

"သွားတာပေါ့ တူမကြီးရယ်"

"ဘယ်လောက်ဝေးတုံး"

"မိုင် ၅၀ လောက်ပဲ ရှိမှာပေါ့"

"ပြီးရောပေါ့၊ ကဲ၊ ကျွန်မ စန္ဒရား နည်းနည်းလောက် တီးလိုက်ပါဦးမယ်။ ဒေါ်ဒေါ် ကျွန်မ စန္ဒရားသံကိုတော့ တဆိတ် သည်းခံပြီး နားထောင်ပါဦးနော်"

အမေသည် ခုတင်ထောင့် တထောင့်ထဲသို့ တိုးသွားပြီး

"အို ဒေါ်ဒေါ်အတွက်တော့ ဘာမျှ အားနာမနေနဲ့၊ ဒေါ်ဒေါ် မရှိဘူးလို့ သဘောထားပြီး ကြိုက်သလိုသာ တီးပါ" ဟု ပြန်ပြောလိုက်၏။

နစ်ကိုလိုင်နှင့် ဆိုဖီယာတို့သည် အမေ့ကို လုံးဝ ဂရုထားကြဟန်မတူ။ သို့ရာတွင် အမေသည် သူတို့ပြောနေကြသည့်စကားတွင် စိတ်ပါဝင်စားမှန်းမသိ ဝင်စားသွားလေ၏။ ဆိုဖီယာက...

"ဒါကို နားထောင်ကြည့် နစ်ကိုလိုင်၊ ဒါဟာ ဂရိုက်ပဲ။ ကနေ့မှ မမ ယူလာတာ။ ကဲ ပြတင်းပေါက်တွေကို ပိတ်ထားလိုက်ပါဦး" ဟု ပြောလိုက်၏။

ဆိုဖီယာသည် စန္ဒရားကိုဖွင့်၍ သူ၏ ဘယ်ဘက်လက်ဖြင့် ခပ်သွက်သွက်ကလေး တီးလိုက်၏။ စန္ဒရားသံသည် မြိုင်မြိုင်ကြီး ထွက်လာ၏။ တဖန် ညာလက်သံသည် ဝင်၍ နှောလာပြန်လေ သည်။

ပထမသော် အမေ၏စိတ်ဓာတ်ကို စန္ဒရားသံက မဆွဲဆောင်နိုင်။ သူ့စိတ်ထဲ၌ သာယာသည့် တူရိယာသံ မဟုတ်ဘဲ အသံချင်းချင်း ကမောက်ကမ ရောနှောနေသည်ဟု ထင်မှတ်မိ၏။ အမေ့နားသည် ရှုပ်ထွေးပွေလီစွာ ပေါင်းစပ်ရောနှောနေသည့် တူရိယာသံကို လက်မခံနိုင်ချေ။ သူသည် ငေးမောနေရာမှ ခုတင်၏ အခြားတဖက်စွန်း၌ ထိုင်နေသည့် နစ်ကိုလိုင်ကိုသာ စောင့်ကြည့်နေမိ၏။ နစ်ကိုလိုင်သည် ဆိုဖီယာ၏ ပြတ်သားလှသည့် ကိုယ်ကာယသဏ္ဌာန်ကို ဘေးတိုက်ကြည့်လျက်ရှိ၏။ နေရောင်သည် ဆိုဖီယာ၏ ဦးခေါင်းနှင့် ပခုံးများပေါ်၌ ထိုးနေရာမှ သူ၏လက်ချောင်းကလေးများကို ပွတ်သပ်ပေးတော့မည့်အလား စန္ဒရားခလုတ်ခုံပေါ်သို့ ကျလာလေ၏။ တူရိယာသံသည် မြိုင်ဆိုင်လာပြီး အခန်းတခန်းလုံးကို လျှံသွားကာ အမေ၏ နှလုံးသားအတွင်းသို့ အမေကိုယ်တိုင် သတိမမူမိဘဲ ဝင်သွားလေသည်။

မည်သို့မည်ပုံဖြစ်လာသည်ဟုမသိ။ အတိတ်ကာလ အလွန်မှောင်မည်းလှသည့် ချောက်ကြီး အတွင်းမှ အချိန်ကာလအားဖြင့် ရှည်လျားကြာမြင့်စွာ မေ့ပျောက်ထားခဲ့သည့် အနာဟောင်း တခုသည် အမေ၏ အသည်းနှလုံးသားအတွင်းမှ ပေါ်ထွက်လာလေ၏။ ထိုအနာဟောင်းသည် ယခု ပြန်ပေါ်လာပါမှ ယခင်ကထက် ထင်ရှား ပြင်းထန်လာလေသည်။

တည အမေ၏ခင်ပွန်းသည် အတော်ညဥ့်နက်မှ မထိန်းနိုင်

မသိမ်းနိုင်လောက်အောင် မူး၍ အိမ်ပြန်လာခဲ့၏။ အိမ်ထဲသို့ရောက်လျှင် အမေ့ကို လက်မှကိုင်၍ အိပ်ရာထဲမှ ကြမ်းပေါ်သို့ အတင်းဆွဲချပြီး နံဘေးကို ခြေထောက်နှင့် ကန်လိုက်၏။ ထိုနောက်…

"ဟဲ့ ခွေးမ၊ အခုထွက်သွား၊ ငါနင့်ကို မကြည့်ချင်ဘူး" ဟု အော်လေ၏။

သူ့ကို နောက်ထပ်မကန်နိုင်အောင် အမေသည် နှစ်ခါလည်အရွယ် သူ့သားကလေးကို ပွေ့ပြီး ဒူးထောက်နေ၏။ ကလေးသည် ငိုပြီး ပူလည်းပူ ကိုယ်လုံးတီးကလေးနှင့် ကြောက်ရွံ့စွာ အမေ့လက်တွင်းမှ ရုန်းကန်နေလေ၏။

သူ့ယောက်ျား မစ်ခေးက

"ဟေ့ ထွက်သွားစမ်း" ဟု တဖန်ထပ်၍ အော်ပြန်၏။

ထိုနောက် အမေသည် ရုတ်တရက်ထပြီး မီးဖိုခန်းထဲသို့ ဝင်ပြေးလေ၏။ အင်္ကျီတထည်ကို ပခုံးပေါ်၌တင်၍ ကလေးကို တဘက်တထည်နှင့် ပတ်ကာ ငိုလည်းမငို၊ ဘာမျှလည်း မပြောတော့ချေ။ ထိုနောက် ဖိနပ်ကိုပင် မစီးတော့ဘဲ အိမ်မှ တိတ်တဆိတ် ထွက်လာခဲ့လေ၏။ သူ့ကိုယ်၌ ညဝတ်စုံနှင့် အပေါ်အင်္ကျီကလေးသာ ပါခဲ့၏။ ရာသီကား မေလဖြစ်၍ ချမ်းလှ၏။ ဖုန်မှုန့်များသည် သူ့ခြေထောက်များကို ကပ်ရုံမျှမက ခြေချောင်းကလေးများ အကြား၌ပင် ညှပ်နေကြ၏။ သူ့လက်ထဲမှ သားငယ်သည် ငိုရင်း ရုန်းကန်နေ၏။ အမေသည် သားငယ်ကို သူ့အပေါ် အင်္ကျီအတွင်း၌ထားပြီး သူ့ကိုယ်နှင့်တအား ကပ်ထား၏။ ကြောက်လည်း ကြောက်လှသဖြင့် "အေး အေး အေး၊ သားလေးရေ" ဟု ချော့ရင်း အတင်းပြေးလေတော့၏။

သို့နှင့် ရောင်နီဦး သန်းလာလေရာ သူ့ကိုယ်တပိုင်း၌ အဝတ်မပါလာသည်ကို လူတွေ မြင်မည်စိုးသဖြင့် ရွံ့အိုင်ဆီသို့ ခြေဦးလှည့်ကာ အချို့သစ်ပင်ပျိုကလေးများအောက်၌ ထိုင်ချလိုက်၏။ ထိုနေရာ၌ အချိန်အတော်ကြာထိုင်၍ မှောင်ထဲသို့ မျက်လုံးအကြောင်သားနှင့် စိုက်ကြည့်နေ၏။ ထိုနောက် အိပ်ငိုက်နေသည့် သူ၏ကလေးကို ချော့ရန်နှင့်

သူ့ရင်တွင်းမှ စိတ္တဇဝေဒနာကို သက်သာလိုသက်သာငြား… "အေး အေး အေး၊ သားလေးရေ" ဟု ညည်းနေပြန်လေသည်။

ထိုအတွင်း မည်းမည်း ငှက်တကောင်သည် ရုတ်တရက်ထ၍ ပျံလိုက်ရာ အမေသည် ထိတ်သွား၏။ ရုတ်တရက် ဘာမျှသတိမရဘဲ ဖြစ်နေရာမှ သတိရလာပြီး ထလိုက်၏။ ချမ်းလှသဖြင့် ခိုက်ခိုက်တုန်လျက် အရိုက်ခံရဦးမည်၊ အစော်ကားခံရဦးမည်တို့ကို ကြောက်ရွံ့စွာပင် အိမ်သို့ပြန်လာခဲ့လေသည်။

ဤသို့အတိတ်ဘဝမှ စိတ္တဇဝေဒနာကို စားမြုံ့ပြန်နေစဉ် ဆိုဖီယာသည် သူ၏ သီချင်းကို ချလိုက်ရာ တူရိယာသံသည် ငြိမ်ကျသွားလေ၏။

ဆိုဖီယာသည် နစ်ကိုလိုင်ဘက်သို့ လှည့်ကာ "သဘောကျရဲ့လား နစ်ကိုလိုင်" ဟု ဖြည်းညင်းစွာ မေးလိုက်ရာ နစ်ကိုလိုင်သည် အိပ်ရာမှ လန့်နိုးလိုက်သကဲ့သို့ "အို သိပ်သဘောကျတာပဲ၊ သိပ်ကိုသဘောကျတာပဲ" ဟု ပြန်ဖြေလိုက်၏။

အမေသည် ရှေးဟောင်းနှောင်းဖြစ်တွေကို တွေးနေရင်း ရင်တုန်လျက်ပင် ရှိသေး၏။ သို့ရာတွင် တဖက်၌လည်း "အင်း၊ တဦးနဲ့တဦး၊ တယောက်နဲ့တယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ အေးအေးချမ်းချမ်း နေကြတဲ့လူတွေလည်း လောကကြီးမှာ ရှိသေးတာပဲနော်။ သူတို့ဟာ ရန်လည်း မဖြစ်ကြဘူး။ အရက်လည်း မမူးကြဘူး။ ဆိုးရွားမည်းမှောင်တဲ့ဘဝထဲမှာ နေကြတဲ့၊ လူတွေကို ထမင်းကလေး တလုပ်အတွက် တိုက်ခိုက် သတ်ဖြတ်တဲ့အလုပ်တွေကို မလုပ်တဲ့ လူတွေလည်း ရှိကြသေး" ဟူသော အတွေးသည် သူ့အသိဉာဏ်ထဲသို့ ဝင်လာလေ၏။

ဆိုဖီယာသည် စီးကရက်တလိပ်ကို ထုတ်လိုက်ပြန်၏။ ထိုနောက် သောက်နေပြန်၏။ သူကား ဆေးလိပ်ကို အဆက်မပြတ် သောက်တတ်လေသည်။

"ဒါဟာ ကော့စ်ယာ အကြိုက်ဆုံးသီချင်းပဲ" ဟု ပြောပြီး ဆေးလိပ်ကို ပြင်းပြင်း တချက် ရှိုက်လိုက်ပြန်၏။ ထိုနောက် သာယာ၍ ဝမ်းနည်းဖွယ်ရာ တီးကွက်တကွက်ကို တီးလေ၏။ တဖန် -

"ကိုယ်က သူ့ကိုတီးပြရတာ သိပ်ကျေနပ်တာပဲ။ သူကလည်းပဲ ကိုယ်တီးတာတွေ အကုန်လုံးကို အရသာခံနိုင်တယ်" ဟု ဆက်၍ပြောနေပြန်ရာ အမေသည်

"အင်း၊ ဆိုဖီယာက ၊ သူဟာ သူ့ခင်ပွန်းကို သတိရနေဟန်တူတယ်" ဟု စဉ်းစားမိ၏။ တဖန်

"သူက ကိုယ့်ကို ဘယ်လောက် စိတ်ချမ်းသာအောင် ထားခဲ့သလဲ၊ ကြည့်စမ်း၊ ပြီးတော့ သူဟာ ဘဝမှာ ဘယ်လိုနေရမယ် ဆိုတာကိုလည်း သိတယ်" ဟု ပြောပြန်ရာ နစ်ကိုလိုင်က

"သူကတော့ တကယ်သိပါတယ်။ သူဟာ တကယ့်ကို ပျော်တတ် ရွှင်တတ်တဲ့လူပါ" ဟု မုတ်ဆိတ်မွေးကို လက်နှင့်သပ်ရင်း ပြန်ပြောလေ၏။

ဆိုဖီယာသည် သူ၏ ညှိုပြီးခါစ စီးကရက်ကို လွှင့်ပစ်ပြီး အမေ့ဘက်သို့ လှည့်ကာ

"ကျွန်မ စန္ဒရားသံကတော့ ဒေါ်ဒေါ့်ကို အနှောင့်အယှက်မပေးပါဘူးနော်" ဟု မေးလျှင် အမေသည် သူ့စိတ်မချမ်းမမြေ့ ဖြစ်နေသည်ကို မဖုံးနိုင် မကွယ်နိုင်ဘဲ

"ဒေါ်ဒေါ်ကို ဘာမှ ဂရုမစိုက်ပါနဲ့။ ဒေါ်ဒေါ်က ဘာမှ နားလည်တာမဟုတ်ဘူး။ ကိုယ့်အတွေးနဲ့ ကိုယ် တွေးရင်း ဒီမှာထိုင်ပြီး နားထောင်နေတာပဲရှိတယ်" ဟု ပြန်ဖြေလိုက်၏။ ဆိုဖီယာက

"ဒါပေမဲ့ ကျွန်မက ဒေါ်ဒေါ် နားလည်စေချင်တယ်။ အမျိုးသမီးတယောက်ဟာ တူရိယာကို နားလည်ထိုက်ပါတယ်။ အထူးသဖြင့် ဝမ်းနည်းနေတဲ့အခါမှာ"

ဆိုဖီယာသည် စန္ဒရားခလုတ်တို့ကို ခပ်သွက်သွက် တီးလိုက်ရာ တစုံတယောက်သောသူသည် ကြောက်မက်ဖွယ်ရာ သတင်းကို ကြားရ၍ ငိုလိုက်သည့်အသံမျိုး ထွက်လာလေ၏။ ဤကဲ့သို့ ကြောက်မက်ဖွယ်ရာ ငိုသံမျိုး ထွက်လာအောင် အတော်တီးရမည်ဖြစ်၏။ ကလေးများသည် ကြောက်ရွံ့ ထိတ်လန့်ကြသဖြင့် အော်၍ ပြေးလေ၏။ တဖန် ကျယ်လောင်သည့် ဒေါသသံသည် ထွက်လာပြန်၏။ အခြားအသံများကို လွှမ်းသွားလေ၏။ တဖန် ကြီးမားလှသည့် ကံဆိုးမိုးမှောင်ကြီး ကျလာသံသည် ပေါ်လာပြန်၏။ သို့ရာတွင် သနားကရုဏာကို မပွားစေဘဲ ဒေါသမီးကို တောက်စေလျက်ရှိ၏။ ထို့နောက် စိတ်နှလုံးကို ဆွဲဆောင်နိုင်သည့် ကြည်လင် သာယာသော သီချင်းသံသည် ပေါ်လာလေသည်။

အမေသည် လူတစုအား သနားကြင်နာစွာ စကားပြောချင်၏။ သူသည် တူရိယာသံထဲ၌ နစ်မွန်းနေပြီး ပြုံးနေ၏။ ဆိုဖီယာနှင့် နစ်ကိုလိုင် မောင်နှမတို့အား သူသည် အကူအညီ ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားလေသည်။

ထိုနောက် အမေသည် သူ ဘာများ လုပ်ရမည်နည်းဟု ဟိုဟိုသည်သည်ကို ကြည့်လိုက်၏။ သို့ ကြည့်ရင်း တစုံတခုကို သတိရသည့်အနေဖြင့် မီးဖိုခန်းထဲသို့ ဝင်ကာ လက်ဖက်ရည်အိုးကို တည်လိုက်လေ၏။

သို့ရာတွင် ဤကဲ့သို့ လက်ဖက်ရည်အိုးကို တည်ပေးလိုက်ရုံမျှနှင့် သူတို့မောင်နှမအတွက် တစုံတခု လုပ်ပေးလိုသော သူ၏ဆန္ဒသည် မပြည့်သေးချေ။

ထိုကြောင့် လက်ဖက်ရည်အိုးကို ငှဲ့ပေးရင်း "ဒေါ်ဒေါ်တို့လို ဆိုးရွားမည်းမှောင်လှတဲ့ဘဝမှာ နေကြရတဲ့လူတွေဟာ အစကို သိကြပါတယ်၊ ဒါပေမဲ့ ပါးစပ်ကတော့ မပြောပြတတ်ဘူး။ ဒေါ်ဒေါ်တို့ဟာ ရှက်လည်းရှက်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကိုယ့်ကိုယ်ကို ဘာမှ မပြောတတ် မဆိုတတ်တာတွေကို သိနေလို့ပဲ။ ပြီးတော့ ကိုယ့်ဘဝကို ပြန်တောင် မတွေးဝံ့အောင် ရှက်ကြပါတယ်။ ဒေါ်ဒေါ့်ဘဝဟာ ဒေါ်ဒေါ်တို့ကို အဖက်ဖက်က မခံမရပ်နိုင်အောင် ထိုးဆွနေတာပဲ။

ဒေါ်ဒေါ်တို့ဟာ အနားယူချင်ကြတယ်၊ ဒါပေမဲ့ ဘဝကိုက နားကွက်မပေးဘူး” ဟု ပြောလေ၏။

ဤစကားတို့သည် အမေ့အတွက်ရော၊ နစ်ကိုလိုင်တို့ မောင်နှမအတွက်ပါ လေးနက်သော အဓိပ္ပာယ်ကို ဆောင်ကြ၏။ အမေသည် ဤကဲ့သို့ ပြောလိုက်ရသဖြင့် သူ့ဝမ်းထဲမှ စိတ္တဇဝေဒနာ သည် သက်သာသလိုလို ရှိသွား၏။ သို့ရာတွင် သူသည် ဤစကားတို့ကိုပင် သူသည် ရဲရဲမပြောဝံ့ချေ။

နစ်ကိုလိုင်သည် အမေ၏စကားကို နားထောင်ရင်း သူ၏မျက်မှန်ကို ပွတ်နေလေ၏။ ဆိုဖီယာကမူ သူ၏ပြူးကျယ်သော မျက်လုံးများနှင့် အကြောင်သား ငေးကြည့်နေရင်း သူ့လက်ထဲမှ စီးကရက်ကိုပင် မဖွာမိဘဲ မေ့နေ၏။ သူသည် ယခုတိုင် စန္ဒရားအနီး၌ နစ်ကိုလိုင်ဘက်သို့ ကိုယ်ကို တစောင်းလှည့်၍ ထိုင်နေရင်း စန္ဒရားကို တချက်တချက် မထိတထိ ညာဘက်လက်နှင့် ခေါက်နေလေ၏။ သို့နှင့် တချက်တချက် ထွက်လာသော စန္ဒရားသံလေးသည် အမေ၏ ရင်ဖွင့်သံနှင့် ရောသွားလေ၏။

တဖန် အမေက “အခုတော့ ဒေါ်ဒေါ့်အကြောင်းရော၊ တခြားလူတွေ အားလုံးအကြောင်းကိုပါ နည်းနည်းတော့ ပြောတတ်ဆိုတတ်လာပြီ။ ဘာပြုလို့လဲဆိုတော့ ဘဝကို နားလည်စပြုပြီး နှိုင်းလည်းနှိုင်းယှဉ်ကြည့်တတ်လို့ပဲ။ အရင်ကတော့ နှိုင်းစရာ၊ ယှဉ်စရာကို မတွေ့လို့ပဲ။ တွေ့မြင်ကြားသိနေရတဲ့လူတွေ အားလုံးဟာ ဒေါ်ဒေါ်တို့လို ဘဝမျိုးမှာ ဒေါ်ဒေါ်တို့လို နေရတာပဲ၊ ဒါပေမဲ့ တခြားလူတွေဟာ ဘယ်လိုဘဝမျိုးမှာ ဘယ်လို နေရတယ်ဆိုတာကို ပြန်ပြီး သတိရတဲ့အခါမှာ အမေ့အတွက် ရင်ထဲမှာ နင့်နင့်သွားတာပဲ။ (အမေသည် သူ့အသံကိုနှိမ့်လျက်) “ဒေါ်ဒေါ့်တူနဲ့ တူမကြီးအတွက်တော့ ဒေါ်ဒေါ်ပြောတဲ့ စကားတွေထဲမှာ ဘာမှ အသစ်အဆန်း ပါမလာတော့ စကားတွေဟာ အဓိပ္ပာယ်ရှိချင်မှ ရှိမယ်။ ဒါမှမဟုတ်ရင်လည်း ဒေါ်ဒေါ် ပြောတာတွေဟာ မှားချင်လည်း မှားနေမှာပေါ့" ဟု ဆက်၍ပြောပြန်၏။

အမေ၏ စကားများထဲ၌ ငိုသံပါလာ၏။ သို့ရာတွင် နစ်ကိုလိုင်တို့ မောင်နှမကို သူသည် ပြုံးကြည့်ရင်း…

“ဒေါ်ဒေါ်က ဒေါ်ဒေါ်တူနဲ့ တူမကြီးတို့ကို ရင်ဖွင့်ပြချင်တယ်။ ဒေါ်ဒေါ့်တူနဲ့ တူမကြီးကို ဘယ်လို ကောင်းစေချင်တယ်၊ ဘယ်လိုချမ်းသာသုခနဲ့ ပြည့်စုံစေချင်တယ် ဆိုတာကို ပြောပြချင်တာပဲ” ဟု ပြောလိုက်ရာ

“ကျွန်တော်တို့ ဒါတွေကို ကောင်းကောင်းကြီး သိပါတယ်” ဟု သာယာဖြည်းညင်းစွာ နစ်ကိုလိုင်က ပြန်၍ ပြောလိုက်လေသည်။

အမေသည် နစ်ကိုလိုင်တို့ မောင်နှမအား စကားပြောရသည်ကို အာသာမပြေ။ သူ့အတွက် အသစ်အဆန်းလည်းဖြစ်၊ အတိုင်းအဆ မရှိလောက်အောင် အရေးလည်း ကြီးသည့် ဤအရေးကိစ္စတို့ကို ဆက်၍သာပြောနေ၏။ သူ၏ခါးသီးသည့် ဘဝနှင့် ခံခဲ့ရသည့် ဒုက္ခတို့ကို ပြောပြ၏။ သူ့ယောက်ျားက သူ့ကို ဘာမျှ အကြောင်းယုတ္တိမရှိဘဲ နှိပ်စက်ခဲ့ပုံ၊ ဤကဲ့သို့ မနှိပ်စက်အောင် သူက တားမြစ်နိုင်စွမ်း မရှိခဲ့ပုံတို့ကို နောက်ကြောင်းပြန်ကာ သူ၏ အတိတ်က ဘဝဆိုးနှင့် ပတ်သက်၍လည်း ပြောပြလေသည်။

နစ်ကိုလိုင်တို့ မောင်နှမသည် အမေ၏စကားတို့ကို ငြိမ်သက်စွာ နားထောင်နေရင်း တိရစ္ဆာန် သာသာမျှ သဘောထားသည်ကိုပင် ခေါင်းငုံ့ပြီး ခံနေခဲ့ရသည့် လူသားတယောက်၏ဘဝဖြစ်စဉ်မှ အလွန်လေးနက်လှသည့် အဓိပ္ပာယ်ကို စဉ်းစားမိကြ၏။ ထောင်ပေါင်းများစွာသော လူသားတို့ သည် အမေမှတဆင့် သူတို့၏ ဘဝဖြစ်စဉ်ကို ပြောနေကြဟန်တူ၏။ အမေ ဖြတ်သန်းခဲ့ရသည့် ဘဝကား ကမ္ဘာပေါ်မှ လူသားအများစု၏ ဘဝတို့ကဲ့သို့ပင် ရိုးနေ၏။ တွေ့နေ မြင်နေကျ ဖြစ်၏။ ထို့ကြောင့် အမေ ပြောပြသည့် ဘဝဖြစ်စဉ်သည် လူသားအများစု၏ ဘဝဖြစ်စဉ်တို့အတွက် စံနမူနာ ဖြစ်နေ၏။ နစ်ကိုလိုင်သည် စားပွဲပေါ်၌ မေးစေ့ကို လက်ဖြင့်ထောက်ကာ မျက်လုံး များကို မှေးပြီး အမေ့ကို စိုက်ကြည့်နေလေ၏။ ဆိုဖီယာသည် ကုလားထိုင်နောက်သို့မှီလျက် မကြာခဏ တုန်လှုပ်သွားပြီး ခေါင်းကိုလည်း ယမ်းနေ၏။ သူ၏မျက်နှာသည် ပို၍ ဖြူရော်ရော် ဖြစ်လာပြီး ပိန်လာသည်ဟု ထင်ရ၏။ သို့ရာတွင် သူသည် ဆေးလိပ်ကို မသောက်တော့ချေ။

ထိုနောက် မျက်နှာလွှာချပြီး ငြိမ်သက်စွာ

“တခါက ကျွန်မကိုယ်ကျွန်မ ကံဆိုးတယ်လို့ ထင်ခဲ့တယ်။ ကျွန်မဟာ ငန်းဖမ်းနေသလားလို့ တောင် ထင်မိခဲ့တယ်။ အဲဒီတုန်းက ကျွန်မဟာ ပြည်နယ်တနယ်ထဲက မြို့ငယ်ကလေးတမြို့မှာ ပြည်နှင်ဒဏ်ခံနေရတုန်းကပဲ။ ဘာအလုပ်မှလည်း လုပ်စရာ မရှိဘူး။ ကိုယ့်ကိုယ်မှအပ ဘယ်သူ့အကြောင်းမှလည်း စဉ်းစားစရာ မရှိဘူး။ အချိန်ကလည်း ကုန်ခဲတော့ ကျွန်မ ကုသိုလ်ကံ ဆိုးတာတွေကိုချည်းသာ စဉ်းစားနေမိတော့တာပေါ့။ ကျွန်မနဲ့ခင်တဲ့ ဘုန်းကြီးတပါးနဲ့ ရန်ဖြစ်တယ်။ ကျောင်းက စံပြအထုတ်ခံခဲ့ရပြီး အရှက်ကွဲခဲ့တယ်။ ထောင်လည်း အချခံရတယ်။ ကျွန်မနဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတယောက်ရဲ့သစ္စာဖောက်တာကိုလည်း ခံခဲ့ရတယ်။ ကျွန်မ ယောက်ျားလည်း အဖမ်းခံရတယ်။ ကျွန်မကို နောက်တခါ ထောင်ထဲထည့်ပြီး ပြည်နှင်ဒဏ် အပေးခံရတယ်။ အဲဒီနောက် ကျွန်မယောက်ျားဆုံးတယ်။ ကျွန်မဟာ ကမ္ဘာမှာ စိတ်မချမ်းသာဆုံး လူတယောက်လို့ ကိုယ့်ကိုယ်ကို ထင်မိခဲ့တယ်။ ဒါပေမဲ့

ကျွန်မ ကုသိုလ်ကံ ဆိုးတာတွေ အကုန်လုံးရဲ့ ဆယ်ဆပဟာ ဒေါ်ဒေါ့်ဘဝရဲ့တလအတွင်းမှ တွေ့ရကြုံရတဲ့ ဆင်းရဲဒုက္ခတွေကို တောင် မမိသေးဘူး။ ဒေါ်ဒေါ်ရဲ့ ဆင်းရဲဒုက္ခဟာ နေ့စဉ်တွေ့ကြုံရတဲ့ ဆင်းရဲဒုက္ခဖြစ်ပြီး နှစ်နဲ့ချီ ခံခဲ့ရတဲ့ဟာပါ။ ဒီလိုဒုက္ခမျိုးကို ခံနိုင်အောင် လူတွေဟာ ဘယ်ကများ ခွန်အားဗလတွေ ရထားကြပါလိမ့်” ဟု မေးလေရာ အမေက

“ဒီလိုပဲ ခံရရင်း ခံရရင်းနဲ့ အလေ့အထ ရသွားကြတာပေါ့” ဟု ပြန်ဖြေလေ၏။ ထိုအခါ နစ်ကိုလိုင်က

“ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ဘဝအကြောင်း နားလည်လှပြီ၊ သိလှပြီလို့ အထင်ကြီးနေတာ။ ဒါပေမဲ့ စာအုပ်ထဲက မဟုတ်ဘဲ၊ ကျွန်တော့်ဘာသာကျွန်တော် ဟိုကသည်က နည်းနည်းပါးပါး လေ့လာရတာ မဟုတ်ဘဲ အခုလို တိုက်ရိုက် လေ့လာလိုက်ရတော့ တကယ့်ကို ထိတ်စရာ လန့်စရာပဲ။ ပြီးတော့ ဒီအသေးအနုပ် ကိစ္စကလေးတွေကမှ တကယ်ကြောက်စရာ ကောင်းတာပဲ။ ဒီတခဏဆိုတဲ့ ကာလကလေးတွေကို ပေါင်းတော့မှ လတွေ နှစ်တွေ ဖြစ်လာရတာကလား” ဟု စဉ်းစားရင်း ပြောလေ၏။

သို့နှင့် သူတို့သုံးဦးသည် လူသားအများစုတို့ နေထိုင်ကြရသည့် ဆင်းရဲစုတ်ပွဲလှသည့် ဘဝနှင့် ပတ်သက်၍ အမျိုးမျိုး ပြောဆိုနေကြ၏။ အမေသည် သူ့ဘဝဟောင်းမှ အဖြစ်အပျက်တို့နှင့် ပတ်သက်၍ အတွေးနယ်ချဲ့နေမိ၏။ ငယ်စဉ်က နေ့စဉ် အနှိပ်စက် အစော်ကား ခံခဲ့ရသည် တို့ကိုလည်း တရေးရေး ပြန်၍ မြင်လာလေသည်။

နောက်ဆုံး၌ အမေက “ကဲ၊ ဒေါ်ဒေါ်ကလည်း တူနဲ့ တူမကြီးတို့ အိပ်ချိန်တန်တဲ့အထိ စကားတပြောပြောနဲ့ နေလိုက်တာ၊ ပြောစရာတွေကတော့ အများကြီးပဲ၊ ပြောလို့တောင် မကုန်နိုင်ဘူး" ဟု ပြောလေရာ နစ်ကိုလိုင်နှင့် ဆိုဖီယာတို့ကလည်း လူစုခွဲကြလေ၏။

နစ်ကိုလိုင်သည် အမေ့အား ယခင်ကထက် ရိုသေလေးစားလာပြီး ပို၍ ခင်မင်ရင်းနှီးစွာ အမေ၏လက်ကို ဆုပ်ကိုင်ထားလိုက်၏။ ဆိုဖီယာက အမေ့အား သူအိပ်ရမည့်အခန်းသို့ လိုက်ပို့၏။ ထိုနောက် အမေ့အား “မင်္ဂလာရှိတဲ့ညပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ် ချမ်းချမ်းမြေ့မြေ့ကြီး အိပ်နိုင်ပါစေ” ဟု ပြောရင်း ထွက်လာခဲ့၏။ သူ၏အသံထဲ၌ အမေ့အပေါ်တွင်ထားသည့် ကရုဏာ ဓာတ်များစွာပါ၍ အမေ့အား သနားကြင်နာစွာ ကြည့်နေ၏။

အမေက သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် “ကျေးဇူးတင်ပါတယ် တူမကြီးရယ်” ဟု ပြန်၍ ပြောလိုက်လေသတည်း။

အခန်း လေး

ရက်အနည်းငယ်ကြာသောအခါ အမေနှင့် ဆိုဖီယာတို့သည် နစ်ကိုလိုင်၏ ရှေ့၌ ဆင်းရဲသည့် မြို့သူများအသွင်ဖြင့် လာရပ်ကြလေ၏။ သူတို့နှစ်ဦးလုံးသည် ဟောင်းနွမ်းနေသည့် ချည်ထည် များနှင့် အပေါ်အင်္ကျီများကို ဝတ်ဆင်ထားကြ၏။ ကျောပေါ်၌ ကျောပိုး အိတ်များလွယ်ပြီး လက်မှ တောင်ဝှေးများကိုကိုင်ထားကြ၏။ ဤအဝတ်များကြောင့် ဆိုဖီယာသည် ခါတိုင်းလောက် အရပ်မြင့်သည်ဟု မထင်ရပေ။ သူ၏မျက်နှာကလည်း ခါတိုင်းထက် တည်ငြိမ်နေလေသည်။

နစ်ကိုလိုင်သည် သူ့အစ်မကို နှုတ်ဆက်ရင်း လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ အမေသည် သူတို့မောင်နှမ၏ ရိုးသားသည့် ဆက်ဆံပုံကို ကြည့်ပြီး သဘောကျနေမိပြန်၏။ သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် ဘယ်တော့မျှလည်း မနမ်း၊ တွတ်တီးတွတ်တာ စကားတို့ကိုလည်း ဘယ်တော့မျှ မပြောကြချေ။ သို့ရာတွင် တယောက်အပေါ်တယောက် အလွန်သံယောဇဉ်ကြီးကြ၏။ သူ ယခင်နေခဲ့သည့်နေရာ၌ လူများသည် တယောက်နှင့် တယောက် နမ်းကြ၏။ အလွန်ကြင်နာယုယသည့် စကားမျိုးကို ပြောကြဆိုကြ၏။ သို့ရာတွင် တယောက်နှင့်တယောက် ခွေးတော်ချင်း ဟိန်းသလို ဟိန်းကြ ဟောင်ကြ၊ ကိုက်ကြ ခဲကြလေသည်။

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ မြို့ထဲမှ လမ်းများကိုဖြတ်၍ ပခုံးချင်းယှဉ်လျက် မညီမညာ မပြန့်ပြူးသည့် လမ်းအတိုင်း သစ်ပင်တန်းများအကြားမှ ကွင်းပြင်ဆီသို့ ထွက်သွားကြလေသည်။ ထိုအတွင်း အမေက ဆိုဖီယာအား

"တူမကြီး မမောဘူးလား" ဟု မေးလျှင် ဆိုဖီယာက၊ "ကျွန်မက လမ်းအများကြီး လျှောက်ခဲ့တာပါ။ အကျင့်ရနေပါပြီ ဒေါ်ဒေါ်" ဟု ပြန်ဖြေလိုက်၏။

ဆိုဖီယာသည် သူငယ်စဉ်အခါ ကလေးဘဝက အဖြစ်အပျက်တို့ကို ပြောနေသကဲ့သို့ သူ၏ တော်လှန်ရေးလုပ်ရပ်တို့ကို နောက်ကြောင်းပြန်နေလေ၏။ သူသည် နာမည် အမျိုးမျိုးခံပြီး လက်မှတ်တုအမျိုးမျိုးဖြင့် နေခဲ့ဖူး၏။ ဇာအစိုးရ အမဲခွေးများလက်မှ လွတ်အောင် သူ့ကိုယ်သူ ရုပ်ပြောင်းရုပ်လွှဲလည်း အမျိုးမျိုး လုပ်ခဲ့ဖူး၏။ တရားဥပဒေအရ ခွင့်မပြုသည့် စာရွက်စာတမ်း အထုပ်များကို တမြို့မှတမြို့သို့ ပို့ခဲ့ဖူး၏။ ပြည်နှင်ဒဏ်ခံနေရသော ရဲဘော်များ ထွက်ပြေးဖို့ရန် လည်း စီစဉ်ပေးပြီး သူတို့ကို နိုင်ငံခြား မြို့ကြီးပြကြီးများသို့လည်း ပို့ပေးခဲ့ရဖူး၏။ တခါက ပုံနှိပ်စက်တလုံးကို သူ့အိမ်ထဲ၌ တိတ်တဆိတ် ထားခဲ့ရာ စစ်ပုလိပ်များကသိ၍ လာရှာကြလျှင် သူသည် အိမ်ဖော်မိန်းကလေးအသွင်ဖြင့်

အိမ်ဝင်းတံခါးဝ၌ စစ်ပုလိပ်များကို ရှောင်ပြီး ထွက်ပြေးခဲ့ရဖူး၏။ ထိုအချိန်က ဆောင်းရာသီ ဖြစ်သော်လည်း အဝတ်ပါးပါးဝတ်ပြီး ဦးခေါင်းပေါ်၌ ချည်ခေါင်းအုပ် ပဝါကလေးတခုသာ ပါခဲ့၏။ လက်ထဲ၌ သံပုံးကလေးတလုံးကို ဆွဲကာ ရေနံဆီ ဝယ်ထွက်ဟန်ဖြင့် မြို့တော်တခွင်လုံးကို ဖြတ်ကျော်ခဲ့ရဖူးလေသည်။

တခါကလည်း ဆိုဖီယာသည် သူ့ဆွေမျိုးအချို့နှင့် တွေ့ဆုံရန် ထူးခြားသည့် မြို့ကြီးတမြို့ကို ရောက်ခဲ့၏။ သူ့မိတ်ဆွေများ နေထိုင်ကြသည့် အခန်းသို့ရောက်လျှင် ထိုအခန်းကို ပုလိပ်များက ရှာနေကြသည်ကို တွေ့ရရာ၊ သူ့အတွက် အခြားသို့ ပြေးဖို့ရန် အချိန်မရတော့ချေ။ ထို့ကြောင့် အောက်ထပ်အခန်းမှ လူခေါ်ခေါင်းလောင်းကိုတီးပြီး ထိုအခန်းထဲမှ လူများကို မည်သူမည်ဝါဟု လုံးဝမသိဘဲ သူ့အထုပ်အပိုးများနှင့်တကွ ထိုလူများအကြား၌ ရပ်နေလိုက်ကာ...

“ရှင်တို့ ကျွန်မကို ပုလိပ်လက် အပ်ချင်ကြရင်လည်း အပ်နိုင်တယ်။ ဒါပေမဲ့ ရှင်တို့က ဒီလိုလုပ်ရက်ကြလိမ့်မယ်လို့တော့ ကျွန်မ မထင်ပါဘူး” ဟု ပြောလိုက်၏။ ထိုနောက် သူက အခြေအနေ အရပ်ရပ်ကို အတိအလင်း ဖွင့်၍ ပြောပြလိုက်လေသည်။

ထိုအခန်းမှလူများသည် သူတို့အခန်းသို့ ပုလိပ်များ လာနိုး လာနိုးဖြင့် အကြောက်ကြီး ကြောက်ကြကာ တညလုံး မအိပ်နိုင်ကြချေ။ သို့ရာတွင် သူတို့က သူ့အား ပုလိပ်လက်သို့ မအပ်ကြ။ နောက်တနေ့နံနက်တွင် သူ၏စွန့်စားမှုကို သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်နေကြလေသည်။

တဖန် တခါကလည်း သူသည် သီလရှင်အဝတ်ကို ဝတ်လျက် သူ့နောက်ကို လိုက်နေသည့် စုံထောက်နှင့် ရထားတစင်းတည်း၊ တွဲတတွဲတည်း စီးခဲ့ရဖူး၏။ ထို စုံထောက်က သူ့အား မည်သို့မည်ပုံ လိမ္မာကျစ်လျစ်စွာ လိုက်နေကြောင်း သူ့ကိုပင် ကြွား၍ ပြောပြ၏။ ပုလိပ်က သူ့ကို ဒုတိယတန်း တွဲတတွဲထဲ၌ စီးနင်းပါလာသည်ဟု ထင်ခဲ့၏။ ဘူတာတိုင်း သူသည် ရထားပေါ်မှ ဆင်းပြီး သူ့ကိုရှာ၏။ မတွေ့၍ ပြန်လာသည့်အခါ ထိုသီလရှင် ဆိုဖီယာအား...

“ဘယ်မှာမှမတွေ့ခဲ့ဘူးဗျာ့။ အိပ်နေတယ် နေရောပေါ့ဗျာ။ သူတို့ဘဝကလည်း ကျွန်တော်တို့ ဘဝလိုပဲ အလွန် ဆင်းရဲပင်ပန်းပါတယ် ” ဟု ပြောပြခဲ့ဖူး၏။

သူပြောပြသည့် အဖြစ်အပျက်တို့ကို နားထောင်ပြီး ရယ်လျက် သူ့ကို အမေသည် ချစ်ခင် ကြင်နာစွာ ကြည့်နေလေ၏။ အရပ်ရှည်ရှည်နဲ့နဲ့ ဆိုဖီယာသည် လမ်းသွား သွက်လက်လှ၏။ သူလမ်းလျှောက်ပုံ၊ စကားပြောပုံကို ကြည့်ပြီး သူ့အသံကို နားထောင်လျှင် သူသတ္တိရှိပုံ၊ ပြတ်ပြတ်သားသား လုပ်တတ်ပုံတို့ကို

တွေ့မြင်နိုင်၏။ ဆိုဖီယာသည် အစစကို လူငယ်မျက်လုံးနှင့် ကြည့်တတ်ပြီး တစုံတခုကိုကြည့်လျှင် ပျော်စရာ၊ ရွှင်စရာ သဘောကျစရာကို ရှာတွေ့တတ်လေသည်။ ထိုအတွင်း သူက သစ်ပင်တပင်ကို လက်ညှိုး ထိုးပြရင်း

"ဘယ်လောက်လှတဲ့ ထင်းရှူးပင်လဲ" ဟု ပြောလိုက်သဖြင့် အမေသည် ရပ်၍ ကြည့်လိုက်၏။ သို့ရာတွင် ထိုထင်းရှူးပင်သည် ဘာမျှမထူးခြားချေ။

သို့ရာတွင် အမေသည် ရယ်လျက် ဆိုဖီယာ၏နားရွက်ပေါ်မှ ဖြူရော်ရော် ဆံပင်များကိုကြည့်ရင်း..

"အင်း၊ ဟုတ်ပါ့ လှလိုက်တဲ့သစ်ပင်နော်" ဟု ပြန်၍ဖြေလိုက်လေသည်။

တခါသော် မိုးစွေငှက်ကလေးတကောင်၏ ရင့်ကျူးသံကိုကြားလျှင် ဆိုဖီယာသည် ထိုသာယာသည့် အသံကို အာရုံစိုက်ရင်း သူ၏မျက်လုံးများသည် ကရုဏာစိတ်ဖြင့် ကြည်လင်တောက်ပလာကာ... "ဟော မိုးစွေငှက်ကလေးပါလား" ဟု ပြောပြန်၏။

တခါတခါ မြေတွင် ခနေသည့် ပန်းပွင့်ကလေးတပွင့်ကို ကောက်၍ ပွင့်ဖတ်ကလေးများကို သူ၏ သွယ်ပျောင်းသည့် လက်ချောင်းကလေးများနှင့် တယုတယသပ်ရင်း သီချင်းကလေး တအေးအေး ဆိုနေတတ်၏။

ဤအပြုအမူတို့ကိုကြည့်ရင်း အမေသည် ဆိုဖီယာကို ပို၍သဘောကျလာ၏။ သူ့ဘေးမှကပ်ပြီး သူ့ကိုမီအောင် လမ်းလျှောက်၏။ တခါတရံ ဆိုဖီယာသည် စကားကို ခပ်ပြတ်ပြတ် ပြောလိုက်လျှင် အမေသည် ဝမ်းနည်းသွားတတ်လေသည်။

"ရိုင်ဘင်ကတော့ သူ့ကို သဘောကျမှာမဟုတ်ဘူး" ဟု စိုးရိမ်တကြီး ဖြစ်နေမိ၏။ သို့ရာတွင် ဆိုဖီယာသည် တခဏအတွင်းမှာပင် ခင်ခင်မင်မင်နှင့် ရိုးရိုးကလေး ပြောနေပြန်၏။ အမေသည် သူ့ကိုပြုံး၍ မော့်ကြည့်ရာမှ "ဒေါ်ဒေါ့်တူမကြီးကတော့ ငယ်သေးတာပဲ" ဟု သက်ပြင်းချကာ ပြောလိုက်၏။ ဆိုဖီယာက၊

"ကျွန်မ အခု အသက် ၃၂ နှစ် ရှိနေပြီ" ဟု ပြန်ပြော၏။ အမေသည် ပြုံးလိုက်၏။

"ဒေါ်ဒေါ်ပြောတာက ဒါမဟုတ်ဘူး တူမကြီးရဲ့။ ရုပ်လက္ခဏာကို ကြည့်ပြောရရင် သည်ထက်တောင် ကြီးတယ်လို့ ပြောမိမှာပဲ။ ဒါပေမဲ့ တူမကြီး ပြောတဲ့စကားကို နားထောင်ပြီး တူမကြီးရဲ့မျက်လုံးတွေကိုကြည့်ရင် ဒေါ်ဒေါ်ဟာ အံ့ဩသွားတာချည်းပဲ၊ တူမကြီးဟာ တကယ့် မိန်းကလေး ငယ်ငယ်ကလေးလိုပဲ။

တူမကြီးဟာ ကြမ်းတမ်း ခက်ခဲပြီး အန္တရာယ်များလှတဲ့ ဘဝမျိုးမှာ နေခဲ့ရတယ်။ ဒါပေမဲ့ တူမကြီးဟာ စိတ်ထဲကတော့ အမြဲတမ်း ပျော်ရွှင်နေတာပဲနော်”

“ကျွန်မက ဘဝရဲ့ခက်ခဲကြမ်းတမ်းမှုကို ဘယ်တော့မှ သတိမထားမိဘူး၊ ပြီးတော့ ကျွန်မအတွက် ဘယ်ဘဝကမှ သည့်ထက်မကောင်းနိုင်ဘူးလို့ ကျွန်မက တွက်ထားတာပါ။ ကျွန်မတော့ ဒေါ်ဒေါ့်ကို တခြားသူတွေခေါ်သလို ‘အမေ’ လို့ပဲ ခေါ်ချင်တော့တာပဲ။ ‘ဒေါ်ဒေါ်’ ဆိုတဲ့အခေါ်နဲ့ အမေနဲ့ မလိုက်ဘူးနော်”

အမေသည် လေးလေးနက်နက် စဉ်းစားနေ၏။

“တူမကြီးက ခေါ်ချင်သလို ခေါ်နိုင်ပါတယ်။ ဒေါ်ဒေါ်က တူမကြီးကို ကြည့်ကြည့်နေမိတယ်။ တူမကြီး ပြောတာကို သေသေချာချာ နားထောင်နေမိတယ်။ ပြီးတော့ ကိုယ့်အတွေးနဲ့ကိုယ် တွေးနေမိတယ်။ တူမကြီးက လူသားတွေရဲ့သဘောထားကို နားလည်တာ တွေ့နေရတော့ အမေက သိပ်ပြီး စိတ်ချမ်းသာတာပဲ။ တူမကြီးနဲ့ တွေ့လိုက်ရင် လူတိုင်းက သူ့ဝမ်းထဲမှာရှိတာကို မကြောက်မရွံ့ဘဲ ဖွင့်ပြောချင်မယ်။ သူ့သဘောနဲ့သူ ရင်ဖွင့်ပြချင်မယ်။ ပြီးတော့ တူမကြီးတို့တတွေ အားလုံးရဲ့အကြောင်းကို စဉ်းစားကြည့်တော့လည်း ဒီဆိုးရွားယုတ်မာတဲ့ ဘဝကို ကျော်လွှားနိုင်ကြလိမ့်မယ်လို့ ယုံတယ်။ တကယ့် ကိုယုံတယ်”

ဆိုဖီယာက

“ကျွန်မတို့တတွေက ဒီဟာတွေကို ကျော်လွှားနိုင်မှာပါ အမေ။ ဘာပြုလို့လဲဆိုတော့ ကျွန်မတို့က လုပ်သားပြည်သူတွေနဲ့ တလှေတည်းစီး တခရီးတည်းသွား ဘဝကို ရောက်နေလို့ပဲ။ လုပ်သားပြည်သူတို့မှာ တကယ့်အစွမ်းအားရှိတယ်။ သူတို့က ဘာမဆို လုပ်နိုင်တယ်။ ကျွန်မတို့က သူတို့တန်ဖိုး၊ သူတို့ရဲ့စွမ်းပကားဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာကို သိလာအောင် လုပ်ပေးဖို့ပဲ လိုပါတယ်။ အဲဒီတော့မှ သူတို့ဟာ သူတို့ရဲ့အားနဲ့ စွမ်းပကားကို ကြီးထွားလာအောင် လွတ်လွတ်လပ်လပ်ကြီး လုံးပမ်းကြမှာ” ဟု ပြန်ပြောလေ၏။

ဆိုဖီယာ၏စကားတို့ကြောင့် အမေ၏စိတ်ထဲ၌ စိတ်ထားအမျိုးမျိုး ပေါ်လာ၏။ သူသည် ဆိုဖီယာအပေါ်၌ ချစ်ခင်ကြင်နာသည့်သဘောဖြင့် ဝမ်းနည်းမိ၏။ အခြား ရိုးရိုးစကားတွေကို လည်း ပြောပြစေချင်၏။ ထို့နောက် အမေက

“တူမကြီးတို့ ဒီလို ကြိုးစားပမ်းစား လုပ်နေကြတဲ့အတွက် ဘယ်သူကများ တူမကြီးတို့ကို ဆုတွေလာဘ်တွေ ပေးကြမှာလဲ” ဟု ဝမ်းနည်းစွာနှင့် မေးလိုက်ရာ

ဆိုဖီယာ

“ကျွန်မတို့တတွေ ဆုတွေ လာဘ်တွေ ရပြီသားပဲ အမေ” ဟု ပြန်ဖြေလိုက်၏။ သူ့စကားထဲတွင် ဂုဏ်ယူသည့် သဘောမျိုး ပါလာသည်ဟု အမေက ယူဆ၏။ တဖန် ဆက်၍

“ကျွန်မတို့ဟာ ကျွန်မတို့နဲ့ သင့်တော်တဲ့ဘဝမျိုးကို တွေ့နေကြပြီ။ ကျွန်မတို့မှာ စိတ်ဓာတ် စွမ်းအားလည်း အပြည့်အဝ ရှိနေကြပြီ။ သည့်ပြင် ဘာမျှော်မှန်းချက်မှ ကျွန်မတို့ မလိုပါဘူး” ဟု ပြောနေလေ၏။ အမေသည် ဆိုဖီယာကိုကြည့်ပြီး

“အင်း၊ ရိုင်ဘင်ကတော့ သူ့ကို သဘောကျမှာမဟုတ်ဘူး” ဟု တဖန်ထပ်၍ တွေးနေရင်း မျက်လွှာကို ချနေလေ၏။

ဆိုဖီယာနှင့် အမေတို့သည် သန့်ရှင်းကြည်လင်သောလေကို ရှူရှိုက်ရင်း လမ်းကို သွက်သွက်ကလေး လျှောက်နေကြ၏။ သို့ရာတွင် ပျာယီးပျာယာ မဟုတ်။ အမေသည် သူ့ကိုယ်သူ ဘုရားဖူးခရီး ထွက်နေသည်ဟု ထင်နေ၏။ သူ ငယ်ငယ်က တန်ခိုးပြာဋိဟာ ပြနေသည့် ရုပ်တုတော်တဆူရှိသည့် ခရီးအလှမ်းဝေးသော ဘုရားရှိခိုးကျောင်းသို့ ဘုရားဖူး ပျော်ပျော်ပါးပါး သွားခဲ့ကြသည်ကို သတိရမိ၏။

တခါတခါ ဆိုဖီယာသည် ကောင်းကင်နှင့် ပတ်သက်၍ လည်းကောင်း၊ ချစ်မေတ္တာနှင့် ပတ်သက်၍ လည်းကောင်း သီချင်းအသစ်တပုဒ်ကို သာယာသည့်အသံဖြင့် တိတ်တဆိတ် ဆိုနေတတ်၏။ သို့မဟုတ်ကလည်း ကွင်းပြင်များ၊ သစ်တောများနှင့် ဗော်လဂါ မြစ်အကြောင်း တို့ကို ဖွဲ့နွဲ့ထားသည့် ကဗျာလင်္ကာတို့ကို ရွတ်ဖတ်နေ၏။ အမေသည် သူ၏သီချင်းသံ၊ လင်္ကာသံတို့ကို ပြုံး၍ နားထောင်ရင်း သူ၏အသံကို သဘောကျကာ အမှတ်တမဲ့ စည်းလိုက်နေမိလေ၏။

နွေဥတုတည နေခင်း ကြည်နူးဖွယ်ရာ ဥယျာဉ်တခုအတွင်း ရောက်နေရဘိသကဲ့သို့ အမေသည် စိတ်ထဲ၌ ချမ်းသာကြည်နူးပြီး အတွေးနယ်ချဲ့နေမိလေတော့သတည်း။

အခန်း ငါး

တတိယနေ့၌ သူတို့သွားရမည့်နေရာသို့ အမေနှင့် ဆိုဖီယာတို့သည် ရောက်လာကြလေ၏။ အမေသည် လယ်တောတခုတွင် အလုပ်လုပ်နေသည့် ဆင်းရဲသား လယ်သမား တယောက်အား ကတ္တရာစေးလုပ်ငန်း လုပ်ရာဌာနကို စုံစမ်းမေးမြန်း၍ မကြာမီ စောက်မတ်သည့် တောတွင်း လမ်းကလေးအတိုင်း ဆင်းသွားကြ၏။ သစ်ပင်များမှ သစ်မြစ်သစ်ဖုတို့သည် လှေကားထစ်များ သဖွယ် ဖြစ်နေကြသဖြင့် ဆင်းရသည်မှာ လွယ်ကူနေ၏။ ထိုလမ်းကလေးဆုံးလျှင် ကျောက်မီးသွေးခဲများနှင့် သစ်သား အတိုအစတို့ဖြင့် ပြန့်ကျဲလျက် ကတ္တရာစေးနှင့် ဖုံးနေသည့် ကွက်လပ်ကလေးတခုကို ရောက်ကြလေ၏။ ထိုနောက် အမေသည် သူ့ပတ်ဝန်းကျင်ကို စိတ်လက်မသာမယာနှင့် ကြည့်ပြီး "ကဲ၊ ရောက်ကြပြီ" ဟု ပြောလေ၏။

သစ်သားတိုင်များ၊ သစ်ကိုင်း သစ်ရွက်များနှင့် လုပ်ထားသည့် တဖက်ယပ် နေကာကလေး ရှေ့တွင် သစ်သားခုံရှည်များပေါ်၌ ပျဉ်ချပ်များကို တင်ထားသော စားပွဲခုံတခုရှိ၏။ ကတ္တရာစေးများဖြင့် မည်းနေသော ရိုင်ဘင်သည် ရှပ်အင်္ကျီကို ရင်ဘတ်၌ ကြယ်သီးများ မတပ်ဘဲ ဝတ်ထားပြီး ယီဖင်နှင့် အခြားလူငယ်ကလေးနှစ်ယောက်နှင့် အတူတကွ ထိုစားပွဲပေါ်တွင် ညနေစာ စားနေ၏။ ရိုင်ဘင်သည် အမေနှင့် ဆိုဖီယာတို့ကို ပထမဦးဆုံး လှမ်း၍မြင်လိုက်၏။ ထိုနောက် သူ့မျက်လုံးများကို လက်တဖက်ဖြင့် နေရောင်ကိုကာပြီး ဘာမျှမပြောဘဲ သူတို့နှစ်ယောက်အား သူ့အနားသို့ ရောက်လာအောင် စောင့်နေလေသည်။

အမေက အတော်လှမ်းလှမ်းမှနေ၍...

"မင်္ဂလာရှိတဲ့နေ့ခင်းပါ ရိုင်ဘင်" ဟု အော်ပြီး နှုတ်ဆက်လိုက်၏။

ရိုင်ဘင်သည် ထ၍ သူ့ဆီသို့ ခပ်အေးအေး လမ်းလျှောက်သွား၏။ သူသည် အမေမှန်း သိလာသောအခါ သူ၏မုတ်ဆိတ်မွေးကို လက်နှင့်သပ်ရင်း ရပ်၍ပြုံးနေလေ၏။

အမေသည် အနားသို့ကပ်လာရင်း...

"အမေတို့က ဘုရားဖူးလာကြတာလေ။ ဒါကြောင့် လမ်းကြုံတာနဲ့ မင်းတို့ နေထိုင်ကောင်းကြရဲ့ လားလို့ ဝင်တွေ့တာပါ။ ဒါက အမေ့မိတ်ဆွေပေါ့။ သူ့နာမည်က ဆိုဖီယာ တဲ့" ဟု ပြောလိုက်၏။

ထိုနောက် အမေသည် သူ့ကိုယ်သူ ရုတ်တရက် ဖြတ်ထိုးဉာဏ် ကောင်းပုံကို

ဂုဏ်ယူလျက် ဆိုဖီယာ၏မျက်နှာကို မျက်စောင်းထိုး၍ ကြည့်လိုက်၏။ ဆိုဖီယာ၏ မျက်နှာသည် တင်း၍ တည်ငြိမ်လျက်ရှိ၏။

ရိုင်ဘင်သည် အမေ့ကို လက်ဆွဲနှုတ်ဆက်ပြီး ဆိုဖီယာအား ဦးခေါင်းကိုညွတ်လျက်

"နေကောင်းရဲ့လား အမေ။ လိမ်တော့မပြောနဲ့နော်၊ အခု မြို့ထဲမှာ မဟုတ်ဘူး။ ဘာမှ လိမ်ပြီး ပြောစရာ မဟုတ်တော့ဘူး။ ဒီမှာရှိတဲ့လူတွေဟာ ကျုပ်တို့လူတွေချည်းပဲ" ဟု ပြောလိုက်၏။

ယီဖင်သည် သူထိုင်နေသည့် စားပွဲမှနေ၍ ဘုရားဖူးများကို အကဲခတ်နေပြီး သူ့အဖော်များကို တီးတိုးပြောနေလေ၏။ အမေနှင့် ဆိုဖီယာတို့ ရောက်ကြသောအခါ သူသည် မတ်တတ်ရပ်၍ ဦးညွတ်လိုက်၏။ သူ၏အဖော် သူငယ်နှစ်ယောက်ကမူ ဧည့်သည်များ ရောက်လာကြသည်ကို မသိသည့်အနေနှင့် ထိုင်ရာမှ မထကြချေ။ ရိုင်ဘင်သည် အမေ့အား ပခုံးကို အသာပုတ်ကာ

"ကျုပ်တို့က ဒီမှာ ဘုန်းကြီးလို နေကြတာဗျာ့။ ဘယ်သူမှ ကျုပ်တို့ကိုတွေ့ဖို့ မလာကြဘူးဗျာ့။ ကျုပ်တို့ဆရာလည်း မရှိဘူး။ သူ့မိန်းမကလည်း ဆေးရုံမှာ။ အဲဒီတော့ ကျုပ်ပဲ အနည်းနဲ့ အများ တာဝန်ယူနေရတာပေါ့။ ကဲ၊ ထိုင်ကြဦးလေ၊ တခုခုတော့ စားဦး သောက်ဦးပေါ့။ နို့နည်းနည်း ယူခဲ့ကွာ ယီဖင်" ဟု ပြောလိုက်လေ၏။

ယီဖင်သည် တဲထဲသို့ဝင်သွား၏။ အမေတို့နှစ်ယောက်သည် သူတို့၏ အထုပ်အပိုးတို့ကို နောက်ကျောပေါ်မှ ချနေကြ၏။ သူတို့နှစ်ယောက်ထဲမှ အရပ်ရှည်ရှည် ပိန်ပိန် လူငယ်သည် ထိုင်ရာမှတ၍ သူတို့နှစ်ယောက်၏ အထုပ်အပိုးတို့ကို ဝင်ချပေးလေ၏။ ခပ်တုတ်တုတ် ဂင်တိုတို ခပ်ကြမ်းကြမ်း လူငယ်ကမူ စားပွဲပေါ်၌ တံတောင်ဆစ်များနှင့် ထောက်ကာ ထိုင်နေလေ၏။ သူသည် ဆိုဖီယာတို့ကို သူ့ဦးခေါင်းကို ကုတ်ရင်း စဉ်းစား ကြည့်နေရာမှ သီချင်းတအေးအေးနှင့် လုပ်နေလေသည်။

ကတ္တရာစေးနှင့် သစ်ရွက်ခြောက်၊ သစ်ရွက်ဆွေးတို့၏ အနံ့ကို ရှူရှိုက်နေရသဖြင့် အမေနှင့် ဆိုဖီယာတို့သည် မူးနောက်နောက် ဖြစ်နေကြ၏။

ရိုင်ဘင်သည် အရပ်မြင့်မြင့် လူငယ်ကို လက်ညှိုးညွှန်လျက်...

"သူ့နာမည်ကတော့ ယာကော့တဲ့၊ တခြားတယောက်ကတော့ အစ်(ဂ်)နက်တဲ့။ အမေ့သားက ဘယ့်နှယ်လဲ" ဟု မေးလိုက်၏။

အမေက သက်ပြင်းချကာ...

"သူကတော့ ထောင်ထဲမှာပေါ့" ဟု ပြန်ဖြေလိုက်၏။ ရိုင်ဘင်က

"ဟင်၊ တခါကျပြန်ပြီလား" ဟု အော်လိုက်၏။

အစ်(ဂ်)နက်သည် သီချင်းဆိုရပ်ပြီး ယာကော့သည် အမေ့လက်ထဲမှ တောင်ဝှေးကို ယူလိုက်၏။ ရိုင်ဘင်က အမေ့အား

"ကဲ၊ ထိုင်လေ" ဟု ပြောပြီး တဖန် ဆိုဖီယာဘက်သို့ လှည့်ပြီး...

"ဘယ့်နှယ်ကြောင့် အဲဟိုမှာ ရပ်နေတာလဲ၊ ထိုင်ဦးဗျာ" ဟု ပြောလိုက်ပြန်၏။

ဆိုဖီယာသည် သစ်ငုတ်တိုတခုပေါ်၌ ထိုင်ကာ ရိုင်ဘင်ကို ဂရုတစိုက် အကဲခတ်နေလေ၏။

"ဘယ်တုန်းက သူ့ကို ဖမ်းကြတာလဲ။ အမေကလည်း ကံဆိုးတယ်နော်"

"အို၊ ဒါက ကံဆိုးတာ မဟုတ်ပါဘူး။ ကံကောင်းတာပါ"

"အကျင့်ရနေပြီပေါ့နော် အမေကတော့"

"အို၊ အမေက အကျင့်ရနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ့်နှယ်မှ မတတ်နိုင်ဘဲဟာကိုး"

"ဟင်း၊ အဲဒါ ဘယ်လိုဖြစ်တယ် ဆိုတာကို ပြောစမ်းပါဦး"

ယီဖင်သည် နို့တခွက်ကိုယူလာပြီး စားပွဲပေါ်မှ ခွက်တခွက်ကို ယူကာ ဆေး၏။ ထိုခွက်ထဲ၌ နို့ကိုထည့်၍ ဆိုဖီယာအား ပေးလိုက်၏။ သို့ပေမဲ့ အမေက ပြောပြနေသည့် အဖြစ်အပျက်တို့ကို ဂရုတစိုက် နားထောင်နေလေ၏။ အမေက ပါဗယ် အဖမ်းခံရပုံကို အတိုချုပ်၍ ပြောပြပြီးနောက် သူတို့သည် တယောက်ကိုတယောက် မကြည့်ဘဲ တခဏမျှ ငြိမ်နေလေ၏။

အစ်(ဂ်)နက်သည် စားပွဲပေါ်၌ သူ၏လက်သည်းများနှင့် စိတ်ကူးမိရာပုံများကို ဆွဲရင်း ထိုင်နေ၏။ ယီဖင်သည် ရိုင်ဘင်၏ ပခုံးများကို သူ့တံတောင်ဆစ်နှင့် ထောက်ကာ ရိုင်တင်နောက်၌ ရပ်နေ၏။ ယာကော့သည် လက်ပိုက်ပြီး ဦးခေါင်းကိုငုံ့ကာ သစ်ပင်တပင်ကို မှီထိုင်လျက်ရှိ၏။ ဆိုဖီယာကမူ မျက်မှောင်ကြုတ်ပြီး ဤကျေးလက် ဆင်းရဲသားတို့ကို အကဲခတ်နေလေသည်။

ရိုင်ဘင်က ဖြည်းဖြည်း စိတ်မချမ်းမြေ့စွာ

"ဟင်း၊ ဒါဖြင့် ဗြောင်ကို ဆန့်ကျင်" ဟု ပြောလိုက်ရာ ယီဖင်က

စိတ်ပျက်လက်ပျက်နှင့် ပြုံးကာ

"ကျုပ်တို့တတွေကသာ ဒီလို စီတန်းလှည့်လည်ကြမယ်ဆိုရင် ကျေးလက်ဆင်းရဲသားတွေက အသေကို ရိုက်ပစ်ကြမှာပဲ" ဟု ပြောရာ အစ်(ဂ်)နက်က ဦးခေါင်းကို ညိတ်လျက် "သေချာတယ်၊ သူတို့က ကျုပ်တို့ကို သတ်မှာကတော့။ ကျုပ်စက်ရုံတရုံထဲ အလုပ်လုပ်ဖို့ သွားတော့မယ်။ အဲဒီမှာမှ ပိုကောင်းလိမ့်ဦးမယ်" ဟု ပြန်ပြောလေ၏။

ရိုင်ဘင်က အမေ့အား

"ပါဗယ်အမှုကို စစ်လိမ့်မယ်လို့ပြောပါတယ်။ ဘယ်လိုများ စီရင်ချက်ချကြပါ့မလဲ။ ကြားပြီးပြီးလား" ဟု မေးရာ၊ အမေက...

"အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ပေးချင်ပေးမယ်၊ ဆိုက်ဘေးရီးယားကို ပြည်နှင်ဒဏ် တသက် ပေးချင်ပေးမယ်ပေါ့" ဟု ပြန်ပြောလေ၏။

လူငယ်သုံးယောက်သည် အမေဘက်သို့ တချိန်တည်း လှည့်၍ ကြည့်ကြလေ၏။

"သူ ဒါကိုလုပ်လိုက်ရင် ဒီလိုဖြစ်လိမ့်မယ်လို့ သူမသိဘူးလား" ဟု ရိုင်ဘင်က ဦးခေါင်းညွတ်၍ မေးပြန်ရာ ဆိုဖီယာက

"အို၊ သူသိတာပေါ့" ဟု အသံခပ်ကျယ်ကျယ် ပြန်ဖြေလိုက်၏။ ထိုနောက် သူတို့သည် ကိုယ့်အတွေးနှင့်ကိုယ် မလှုပ်မယှက် ငြိမ်သက်နေကြ၏။

ရိုင်ဘင်က အလွန်တည်ငြိမ်စွာ

"ဟင်၊ သူ့မှာ စဉ်းစားဉာဏ်ရှိတာကတော့ အမှန်ပဲ။ သူက အလွန်ပြင်းထန်တဲ့လူပဲ။ သူက အကန်းတစ္ဆေ မကြောက်လုပ်တဲ့လူမျိုး မဟုတ်ဘူး။ ကြားရဲ့လား ငါ့လူတို့၊ သူတို့က သူ့ကို လှံစွပ်တွေနဲ့ ထိုးချင်ထိုးမယ်။ ဒါမှမဟုတ်ရင် ဆိုက်ဘေးရီးယားကို ပို့ချင်ရင်လည်း ပို့မယ် ဆိုတာတွေကို သူသိတာပေါ့။ ဒါပေမဲ့ သူက အရေးမစိုက်ဘူး။ သူ့အမေကိုယ်တိုင်က သူ့ကို ဒီလိုမလုပ်ဖို့ရန် တုံးလုံးလှဲပြီး တားနေတောင် သူက ရမယ့်လူ မဟုတ်ဘူး။ ကျုပ်ပြောတာ မဟုတ်ဘူးလား အမေ" ဟု မေးရာ၊

"ဟုတ်တယ်၊ ဒါ ဟုတ်တယ်" ဟု အမေက ပြန်ပြောလိုက်၏။ သူသည် သက်ပြင်းချကာ ဟိုဟိုသည်သည် လှည့်၍ကြည့်နေ၏။ ဆိုဖီယာသည် အမေ၏လက်ကို ဆိတ်ငြိမ်စွာ ပွတ်လျက် ရိုင်ဘင်အား မျက်မှောင်ကြုတ်၍ စိုက်ကြည့်နေလေ၏။

ရိုင်ဘင်က...

"အေး၊ ဒါဟာ တို့လူပဲကွ" ဟု သူ၏ မည်းနက်သော မျက်လုံးများနှင့် သူတို့အားလုံးကို ကြည့်ရင်း တည်ငြိမ်စွာ ပြောလိုက်၏။

နေရောင်ခြည်တို့သည် လေထဲ၌ ရွှေရောင်ဖဲကြိုးကလေးများသဖွယ် သွယ်တန်းလျက်ရှိကြ၏။ တနေရာရာမှ ကျီးတကောင်သည် မြည်နေ၏။ အမေသည် မေ့ဒေးနေ့က အဖြစ်အပျက်တို့ကို သတိရ၍ လည်းကောင်း၊ ပါဗယ်နှင့် ယူကရိန်းသားတို့အား လွမ်းဆွတ်၍ လည်းကောင်း တုန်လှုပ်နေ၏။ ထိုမြေကွက်လပ်ကလေးတွင် ကတ္တရာစေး ပုံးခွံအလွတ်တို့သည် ပြန့်ကျဲနေကြ ၏။ အမြစ်က လှန်ထားသည့် သစ်ငုတ်တိုတို့ကိုလည်း တွေ့မြင်နေရ၏။ ဝက်သစ်ချနှင့် အခြားသစ်ပင်တို့သည် ထိုကွက်လပ်ကလေး၏ ဘေးပတ်ဝန်းကျင်တွင် ပေါက်လျက်ရှိကြရာ မြေကြီးပေါ်တွင် မည်းမှောင်သည့် အရိပ်များထိုးနေကြလေသည်။ ယာကော့သည် ရုတ်တရက် သူမှီနေသည့်သစ်ပင်မှ ခွာ၍ အခြားတဖက်သို့ လမ်းလျှောက်သွားလေ၏။ ထိုနောက် သူက ဦးခေါင်းကို နောက်သို့မော့ကာ...

"ကျုပ်တို့ ယီဖင်တို့တတွေဟာ စစ်ထဲကို လိုက်ရရင် ဒီလိုလူတွေကို အနှိပ်စက်ခိုင်းမှာပဲ မဟုတ်လား" ဟု ခပ်ကျယ်ကျယ် မေးလိုက်၏။

ရိုင်ဘင်က "မင်းတို့က ဘယ်သူ့ကို ရိုက်ဖို့ ဖမ်းဖို့ သတ်ဖို့ ခိုင်းမယ်လို့ ထင်တုံး။ သူတို့က တို့လည်ပင်းကို တို့လက်နက်နဲ့ပြန်ပြီး အညှစ်ခိုင်းတာပဲကွ။ အလုပ်ကတော့ ဒါပဲ။ ရှင်းရှင်းကလေးရယ်" ဟု ပြန်ဖြေ၏။

ယီမင်က -

"ဒါပေမဲ့ ကျုပ်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် စစ်ထဲကို ဝင်မှာပဲဗျာ" ဟု ခေါင်းမာမာနှင့် ပြောနေပြန်၏။ အစ် (ဂ်) နက်က...

"ဟေ့၊ မင်းကို စစ်ထဲမဝင်ပါနဲ့လို့ ဘယ်သူကများ တားနေတုံးကွ။ ဝင်သာဝင်ပါကွာ။ (ထိုနောက် ရယ်လျက်) "ဒါပေမဲ့ မင်း ငါ့ကို သေနတ်နဲ့ပစ်ရင် တချက်တည်းနဲ့ သေအောင် ခေါင်းသာ တည့်တည့်ပစ်လိုက်ကွ။ မသေဘဲ ဒုက္ခိတကြီး ဖြစ်နေအောင်တော့ လုပ်မထားနဲ့။ အေး၊ အသေသာ သတ်လိုက်ပါကွာ" ဟု ပြောလိုက်၏။

ယီဖင်က သဘောမကျသည့်အနေဖြင့်

"မင်းက တခါလည်း ဒီလိုပဲပြောတတ်တယ်" ဟု ဝင်တောလိုက်၏။

ရိုင်ဘင်က သူ့ကိုလက်မြှောက်လျက်

“ကဲ၊ ခဏကလေး နားထောင်ကြစမ်း ငါ့လူတို့။ (အမေ့ကို လက်ညှိုးဖြင့်ညွှန်လျက်)

“ဒီမှာ ကြည့်စမ်း၊ ဟောဒီ အဘွားကြီးကို၊ သူ့သားကို သူတို့က သတ်ပစ်ကောင်း သတ်ပစ်ပြီးသား ဖြစ်မှာပဲ” ဟု ပြောရာ အမေသည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားကာ...

“မင်းက ဘာပြုလို့ ဒီလိုပြောလိုက်ရတာလဲ" ဟု မေးလျှင် ရိုင်ဘင်က တည်ငြိမ်စွာ

“ဒါက ပြောကို ပြောရမယ့် စကားပဲ။ ဒါမှ အမေဟာ ဘာမျှအကြောင်းမရှိဘဲ အလကား စိတ်ဆင်းရဲနေမှာစိုးလို့ပါ။ အဲဒီတော့ သူ့သားကို ဒီလိုလုပ်လိုက်တာနဲ့ ဒီအဘွားကြီးပါ သေရောလို့များ ထင်နေကြသလားပဲ။ ကဲ အမေ၊ စာရွက်တွေကို ယူခဲ့ပြီလား” ဟု မေးလိုက်လျှင် အမေက သူ့ကိုကြည့်ပြီး ခဏမျှကြာသောအခါ -

“အေး၊ ယူခဲ့တယ်” ဟု ပြန်ဖြေလိုက်၏။ ထိုအခါ ရိုင်ဘင်က စားပွဲခုံကို သူ့လက်နှင့်ပုတ်ပြီး

“ကဲ ကြည့်စမ်း၊ အမေ့ကို မြင်မြင်ချင်း ကျုပ် ဒါကိုသိတယ်။ အမေ ဒီကို တခြား ဘာကိစ္စနဲ့မှ မလာဘူး။ သူတို့က အမေ့သားကို ဒီအင်အားစုထဲကနေပြီး ဆွဲထုတ်လိုက်တယ်။ အမေက အမေ့သားနေရာကို ယူလိုက်တယ်။ ကဲ၊ ဘာဖြစ်သေးတုံး” ဟု ပြော၍ သူ့လက်သီးကိုယမ်းကာ ကြိမ်းလိုက်၏။

အမေသည် ထိတ်လန့်သွားပြီး သူ့မျက်နှာကို ကြည့်လိုက်၏။ သူ့မျက်နှာသည် တမျိုးဖြစ်သွား၏။ ပို၍ပိန်လာပြီး မုတ်ဆိတ်မွေးများအောက်မှ ငေါထွက်နေသည့် သူ၏ ပါးရိုးများကို မြင်နေရ၏။ သူ့မျက်လုံးအိမ်ဖြူဖြူအပေါ်တွင် အချိန်အတော်ကြာ အအိပ်ပျက်ခံနေရသကဲ့သို့ သွေးနီကြော ကလေးများ ထနေ၏။ သူ၏နှာခေါင်းသည် စွန်နှုတ်သီးကဲ့သို့ ချွန်ကောက်နေ၏။ တခါက အနီရောင်ဖြစ်ခဲ့သော်လည်း ယခု ကတ္တရာစေးဖြင့် မည်းညစ်ပြီး ဟနေသည့် သူ၏ အင်္ကျီကော်လံကို ကြည့်လျှင် ငေါနေသော ညှပ်ရိုးများနှင့် ထူထပ်သည့် ရင်ဘတ်မွေးတို့ကို မြင်နေရ၏။ သူ၏မျက်နှာ အနေအထား တခုလုံးသည် ခါတိုင်းထက်ပို၍ ညှိုးနေလေသည်။

သူ၏ မျက်လုံးများထဲ၌ ဒေါသမီးလျှံများထနေရာ ထိုဒေါသမီးလျှံတို့က သူ၏မျက်နှာကို တောက်ပစေလျက်ရှိ၏။ ဆိုဖီယာသည် ငြိမ်နေပြီး ထိုဆင်းရဲသား ကျေးလက်တောသားတို့ကို စိုက်ကြည့်နေမိ၏။ အစ်(ဂ်)နက်သည် သူ၏ ဦးခေါင်းကို

ခါ၍ မျက်စိကို ငွေကြည့်နေ၏။ ယာကော့ကမူ တဲထဲသို့ ဝင်သွားပြီး သစ်သားတိုင်များမှ အခေါက်တို့ကို ဒေါသတကြီးနှင့် ဆွဲခွာရင်း ရပ်နေလေ၏။ ယီဖင်သည် အမေ့နောက်ကျောနားမှကပ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

ရိုင်ဘင်သည် တဖန်ဆက်၍၊ "မကြာခင်က ကျုပ်တို့ ခရိုင်အုပ်ချုပ်ရေးမှူးက ကျုပ်ကိုခေါ်ပြီး 'ဟေ့ လူဆိုး လူမိုက်၊ မင်းက ဘုန်းကြီးကို ဘာပြောလိုက်သလဲကွ' လို့ မေးတယ်။ အဲဒီတော့ ကျုပ်က လူဆိုး လူမိုက်တဲ့ဟုတ်လား။ ကျုပ်က ကျုပ်ထမင်းကျုပ် နဖူးကချွေး ခြေမကျအောင် ရှာစားတဲ့လူဗျာ့။ ကျုပ်က ဘယ်သူ့ကိုမျှ အန္တရာယ်ပေးတဲ့လူ မဟုတ်ဘူး" လို့ ပြန်ပြောလိုက်တယ်။ အဲဒီတော့ သူက ကျုပ်ကို ကြိမ်းမောင်း ဟိန်းဟောက်ပြီး မျက်နှာကို ရိုက်တယ်။ 'အင်း၊ ဒါဟာ ဆင်းရဲသားတွေကို စကားပြောပုံပြောနည်းပဲ။ တို့က ဒါကို မေ့လိမ့်မယ်လို့များ ထင်နေသလား။ ငါကိုယ်တိုင်က လက်စားမချေတောင် တယောက်ယောက် ကတော့ သင့်ကိုမလုပ်ရရင် သင့်သားသမီးကို လက်စားချေလိမ့်မပေါ့ကွာ၊ ကြပ်ကြပ်မှတ်ထားပါ။ သင်းတို့တတွေက လူသားတွေရဲ့အသည်းနှလုံးကို သံလက်သည်းတွေနဲ့ ခြစ်ကုတ်ပြီး မုန်းမျိုးစေ့တွေကို ပျိုးပြီး မုန်းပင်တွေကို စိုက်ပစ်ခဲ့ကြတယ်။ အေး၊ မင်းတို့ ဘီလူးသဘက်တွေ၊ တို့က မင်းတို့ကို သနားလိမ့်မယ်လို့တော့ မမျှော်လင့်ကြနဲ့ပေါ့ကွာ' လို့ ကျုပ်က စဉ်းစားမိတယ်။ အဲဒါပဲ" ဟု ပြောနေလေ၏။

သူ၏မျက်နှာသည် သူ့ဝမ်းထဲ၌ ဆူပွက်နေသော ဒေါသဖြင့် နီမြန်းလာ၏။ သူ့စကားသံတွင် အမေ့အား တုန်လှုပ်စေသည့် လေသံများဖြင့် ပါလာလေသည်။ ထိုနောက် သူက ပို၍တည်ငြိမ်စွာ

"ကျုပ်က ဘုန်းကြီးကို ဘာပြောခဲ့သလဲဆိုရင် တခါတော့ ဘုန်းကြီးက ရွာကို ပတ်ပြီး လမ်းလျှောက်ပြီးတော့ ရွာသားတွေကို ထိုင်ပြီး ဆင်းရဲသားတွေဟာ အမြဲတမ်း သိုးထိန်းသမား မရှိတဲ့ သိုးအုပ်တအုပ်လိုပဲလို့ ပြောနေတယ်။ အဲဒီတော့ ကျုပ်က 'အင်း၊ မြေခွေးကို တိရစ္ဆာန်တွေရဲ့ ခေါင်းဆောင်များ တင်မြှောက်လိုက်ရင်တော့ ကြက်မွေး၊ ငှက်မွေး တပုံကြီး တွေ့ရပြီး ကြက်တွေ၊ ငှက်တွေကတော့ နည်းနည်းပဲ ရှိတော့မှာပဲ' လို့ ဝင်ပြီး ပြောင်သလိုလို ပြောလိုက်တယ်။ သူက အဲဒီတော့ ကျုပ်ကို မော့ကြည့်ပြီး လူတွေဟာ အချိန်ကာလရှည်လျားစွာ ဒုက္ခခံနေရပြီး သည်ဒုက္ခတွေ၊ ဆင်းရဲတွေကို ခံနိုင်စွမ်းရှိအောင် ခွန်အားပေးသနားတော်မူပါ ဘုရားလို့ ဘုရားသခင်ကိုယ်တော်မြတ်ကို လျှောက်ထား တောင်းပန်ရမယ်လို့ ပြောတယ်။ အဲဒီတော့ လူတွေဟာ ဘုရားသခင် ကိုယ်တော်မြတ်ကို အများကြီး လျှောက်ကြတယ်။ တောင်းပန်ကြတယ်။ ဒါပေမဲ့ ဘုရားသခင် ကိုယ်တော်မြတ်က

သူတို့လျှောက်ထားတာတွေ၊ တောင်းပန်တာတွေကို နားထောင်မနေနိုင်လောက်အောင် အလုပ်တွေက များနေတယ်လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ သူက ကျုပ်ကို ဘုရားသခင်ဆီကို ဘယ်လိုဆုများတောင်းတုန်းလို့ မေးတော့ ကျုပ်က တပည့်တော်လည်း တခြားဆင်းရဲသားတွေလိုပဲ တပည့်တော် တဘဝလုံး 'အို၊ ချစ်လှစွာသော ဘုရားသခင်ကိုယ်တော်မြတ်ဘုရား။ ဘုရားတပည့်တော်အား လူချမ်းသာများကို အလုပ်အကျွေးပြုတဲ့အနေနဲ့ ကျောက်ခဲတွေကို စားပြီး သစ်တုံးတွေကို ထွေးပြတဲ့နည်းကို သင်ကြားပေးတော်မူပါ' လို့ ဆုတောင်းတာပဲ။ ဒါပေမဲ့ ကိုယ်တော်မြတ်က တခါမှ ဒီလို မသင်ခဲ့ဘူးဗျာလို့ ပြန်ပြောလိုက်တယ်" ဟု ပြောပြီး ရုတ်တရက် ဆိုဖီယာဘက်သို့ လှည့်ပြီး

"ခင်ဗျားကလည်းပဲ အထက်တန်းစားထဲက အမျိုးသမီးတယောက်ပဲ မဟုတ်လား" ဟု မေးလိုက်လေ၏။ ဆိုဖီယာက ရုတ်တရက် အံ့သြသွားပြီး

"ဘယ့်နှယ် အထက်တန်းစားထဲက အမျိုးသမီးတယောက်လဲ" ဟု ပြန်မေးလျှင် ရိုင်ဘင်က

"ဘယ့်နှယ်ဗျာ၊ ဘာပြုလို့လဲဆိုတော့ ခင်ဗျားဟာ လူ့အထက်တန်းစားထဲက မွေးတယ်လို့ ကျုပ်က ထင်တယ်။ လူတိုင်းဟာ ချမ်းသာတဲ့ လူတန်းစားထဲမှာပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့ လူတန်းစားထဲမှာပဲဖြစ်ဖြစ် သူ့ကုသိုလ်ကံနဲ့သူ ဖွားရတာပဲ။ ခင်ဗျားက လူ့အထက်တန်းစားရဲ့ မကောင်းမှု အကုသိုလ်ကံတွေကို ခင်ဗျားခေါင်းပေါ်က တောင်သူ လယ်သမားတွေရဲ့ ခေါင်းစည်း ပဝါလေးနဲ့ ဖုံးလို့ကွယ်လို့များ ရလိမ့်မယ်လို့ ထင်သလား။ ဘုန်းကြီးတပါးဟာ ဂုန်နီအိတ်ကို ခြုံလာပေမဲ့ ကျုပ်တို့က ဘုန်းကြီးမှန်း တန်းသိတာပဲ။ ခင်ဗျားဟာ စားပွဲပေါ်မှာ ဖိတ်စင်ကျနေတဲ့ တခုခုအပေါ်မှာ တံတောင်နဲ့များ မတော်တဆ ထောက်မိရင် တကတဲ ကြက်သီးမွေးညင်းထပြီး ရှုံ့လိုက်မဲ့လိုက်တာ မပြောနဲ့တော့။ ပြီးတော့ ခင်ဗျားခါးကလည်း တကယ့်မတ်မတ်ကြီး။ အလုပ်သမား သူတန်းစားထဲကဆိုရင် ခါးက ဒီလိုဆန့်မနေဘူးဗျာ၊ ကုန်းနေရမယ်" ဟု ပြောလိုက်လျှင် ဆိုဖီယာအား နာနာကြည်းကြည်း ပြောင်သလို လှောင်သလို လုပ်ပစ်လိုက်မည် စိုးသဖြင့် အမေက ကြားဖြတ်၍

"သူက အမေ့မိတ်ဆွေ ဆိုဖီယာပါ၊ တကယ့်ကိုကောင်းတဲ့ မိတ်ဆွေပေါ့။ အမေတို့ အရေးတော်ပုံ အတွက် ဆောင်ရွက်ခဲ့တာကြာပြီ။ မင်းပါးစပ်က တော်တော် ပက်စက်လွန်းတယ်" ဟု ပြောလိုက်၏။ ရိုင်ဘင်သည် သက်ပြင်းတချက် ချလိုက်၏။

"ဘာပြုလို့လဲ အမေ၊ ကျွန်တော်က ဘာမှ အလွန်အကျွံ မပြောရသေးပါကလား"

“ရှင်က ကျွန်မကို တခုခုပြောချင်တယ် ထင်ပါရဲ့” ဟု ဆိုဖီယာက ပြောလေ၏။

“ပြောချင်တယ် ဟုတ်လား။ ဟုတ်ပါတယ်၊ ပြောချင်လို့ပဲ မကြာခင်က ဒီမှာ လူသစ်တယောက် ရောက်လာတယ်။ ယာကော့ရဲ့ညီအစ်ကိုဝမ်းကွဲပေါ့။ သူ့မှာ အဆုတ်ရောဂါ ရှိတယ်။ သူ့ကို အခေါ်လွှတ်ရမှာလား” ဟု မေးလျှင် ဆိုဖီယာက “အခေါ်လွှတ်လိုက်ပါ” ဟု ဆို၏။

ရိုင်ဘင်သည် သူ့မျက်လုံးများကိုမှေး၍ ဆိုဖီယာကို တစ်မိနစ်ခန့် ကြည့်ပြီး ယီဖင်အား

“ကနေ့ညနေ ဒီကိုလာခဲ့လို့ သွားပြောလိုက်စမ်း” ဟု ပြောလိုက်၏။

ယီဖင်သည် သူ၏ခေါင်းစွပ်ကိုစွပ်ပြီး ဘယ်သူ့ကိုမှ ကြည့်လည်းမကြည့်၊ စကားလည်းမပြောဘဲ တောထဲသို့ ဝင်သွားလေ၏။ ရိုင်ဘင်သည် သူ့ကိုကြည့်ပြီး ခေါင်းညိတ်နေရာမှ

“အနေအထိုင် အစားအသောက်က ကျပ်တည်းတော့ သူနဲ့ ယာကော့ကို စစ်ထဲ ခေါ်စေချင်တယ်။ ယာကော့ကတော့ မငြင်းပါဘူး။ သူနဲ့တော့ မကိုက်ဘူးလို့ ပြောတယ်။ ယီဖင်နဲ့လည်း မကိုက်ပါဘူး။ ဒါပေမဲ့ သူက စစ်ထဲဝင်ချင်တယ်။ စစ်သားတွေကို လှုံ့ဆော်နိုင်လိမ့်မယ်လို့ ထင်တယ်။ ဒါပေမဲ့ ကျုပ်က နံရံကို ဦးခေါင်းနဲ့ဝှေ့ပြီး လှဲလို့မရဘူးလို့ ထင်တယ်။ လူတယောက်ဟာ စစ်သား ဖြစ်လာရင် စစ်သားလို လုပ်လာမှာပဲ။ ဒါပေမဲ့ ယီဖင်က အနေအထိုင်လည်း ကျပ်တည်းတယ်။ အစ်(ဂ်)နက်ကလည်း သူ့ကို အမြဲတမ်း နှောင့်ယှက်နေ တယ်။ ဘာမှလည်း အဓိပ္ပာယ်မရှိဘူး” ဟု ပြော၏။

အစ်(ဂ်)နက်က ရိုင်ဘင်ကို မကြည့်ဘဲ စိတ်ချဉ်ချဉ်နှင့်

“အဓိပ္ပာယ်ရှိတာပေါ့ဗျာ။ စစ်သားတွေနဲ့ သူနဲ့ အိုးစားမကွဲခင် သူက စစ်သားတွေအတွက် စစ်သားတွေလိုပဲ လူတွေကို သေနတ်နဲ့ ပစ်ပေးရလိမ့်မယ်” ဟု ပြောလိုက် ၏။

ရိုင်ဘင်က လေးလေးနက်နက် စဉ်းစားလျက်

“ငါကတော့ ဒါကို မယုံပါဘူး။ ဒါပေမဲ့ သူမသွားရင်တော့ ပိုကောင်းတာပေါ့။ ရုရှားပြည်ဟာ အလွန် ကြီးကျယ်တဲ့ တိုင်းပြည်ကြီးပဲ၊ သူ့ကို သူတို့က ဘယ်လိုတွေ့အောင် ရှာနိုင်ပါ့မလဲ။ ခရီးသွားလက်မှတ်တု တစောင်ရအောင်ယူပြီး တရွာကတရွာ လျှောက်သွားနေမှာပေါ့” ဟု ဆို၏။

အစ်(ဂ်)နက်က သူ့ခြေထောက်ကို တုတ်တချောင်းနှင့် အသာပုတ်နေရင်း "ကျုပ်အမြင် ပြောရရင်တော့ သူတို့ကို တိုက်ဖို့ခိုက်ဖို့ စိတ်ကို ဆုံးဖြတ်ထားတယ် ဆိုရင် တခါတည်း ဆန့်ကျင် တိုက်ခိုက်သွားရမှာပေါ့" ဟု ပြန်ပြောလေ၏။

ထိုနောက် စကားပြတ်သွား၏။ ပျားများနှင့် ပဆုပ်ပနီတို့သည် တဝီဝီမြည်လျက် ပျံဝဲနေကြ၏။ ငှက်များကလည်း ကျူးရင့်နေကြလေသည်။

တခဏမျှ ကြာသောအခါ ရိုင်ဘင်သည်

"ကဲ၊ ကျုပ်တို့အလုပ်လုပ်ဖို့ အချိန်ကျပြီ။ အမေတို့လည်း နားချင်ကြရော့မယ်။ ဟိုတဲထဲမှာ အိပ်စင်တွေ ရှိပါတယ်။ ယာကော့က သစ်ရွက်ခြောက်တွေ သွားယူချေကွာ။ အမေက ကျုပ်တို့ကို စာရွက်တွေ ပေးတော့လေ" ဟု ပြောရာ အမေနှင့် ဆိုဖီယာတို့က သူတို့အထုပ်များကို ဖြေကြ၏။

ရိုင်ဘင်သည် အထုပ်များကို ကုန်းကြည့်ပြီး

"ဟင်၊ အမေတို့ယူလာလိုက်တာ အများကြီးပဲ။ ဒီအလုပ်မျိုးလုပ်တာ တော်တော် ကြာပြီလားဗျာ့။ ခင်ဗျား နာမည်ကကော"

"ဆိုဖီယာတဲ့၊ ၃၂ နှစ်ရှိပါပြီ။ ဘာပြုလို့ မေးတာလဲရှင့်"

"အကြောင်းထူး မရှိပါဘူးဗျာ၊ ထောင်ကောကျဖူးသလား"

"ကျဖူးပါတယ်"

"ကြည့်စမ်း၊ မင်းဟာ တယ်ရိုင်းလှချည့်လား" ဟု အမေက ရိုင်ဘင်အား ဝင်၍ အပြစ် တင်လိုက်၏။

ရိုင်ဘင်ကမူ စာအုပ်ထုပ်တထုပ်ကို ကိုင်လျက်ပြုံးကာ

"ကျုပ်ကိုတော့ စိတ်မရှိပါနဲ့ဗျာ။ အထက်တန်းစား လူချမ်းသာတွေနဲ့ ဆင်းရဲသား ကျေးလက် တောသားတွေ ဆိုတာက ကတ္တရာစေးနဲ့ ရေလိုပဲဗျာ။ ဘယ်တော့မှ မရောဘူး" ဟု ပြောရာ...

"ဒါပေမဲ့ ကျွန်မက အထက်တန်းစား လူချမ်းသာတယောက်ပါ" ဟု ဆိုဖီယာက ရယ်၍ ချေပလိုက်၏။

"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ တခါက ခွေးတွေဟာ ဝံပုလွေပဲလို့ သူတို့က ပြောကြတယ်။ ကဲ၊ ကျုပ် ဒါတွေကို သွားဝှက်လိုက်ဦးမယ်"

အစ်(ဂ်)နက်နှင့် ယာကော့တို့သည် သူ့ဆီသို့ သွား၍ လက်ကိုလှမ်းကြ၏။

အစ်(ဂ်)နက်က

"ကျုပ်တို့ ဒါတွေကို ကြည့်ကြရအောင်လေ"

"ဒါတွေအားလုံးဟာ အတူတူပဲလား" ဟု ရိုင်ဘင်က ဆိုဖီယာအား မေးလိုက်၏။

"မဟုတ်ပါဘူး သတင်းစာ အချို့လည်းပဲ ပါသေးတယ်" ဟု ဆိုဖီယာက ပြန်ပြော၏။

"ကောင်းတယ်ဗျာ"

ရိုင်ဘင်၊ ယာကော့နှင့် အစ်(ဂ်)နက်တို့သည် တဲထဲသို့ ခပ်သုတ်သုတ် ဝင်သွားကြလေ၏။

အမေသည် ရိုင်ဘင်ကို နောက်မှ စိုက်ကြည့်နေပြီး

"အင်း၊ ဆင်းရဲသား တောင်သူလယ်သမားတွေက နိုးကြားကုန်ကြပြီ" ဟု ပြောလိုက်ရာ ဆိုဖီယာက

"ဟုတ်တယ် အမေ၊ ကျွန်မ သူ့လို မျက်နှာမျိုးကို တခါမှ မမြင်ဖူးဘူး။ တကယ့်ကို အာဇာနည်မျက်နှာပဲ။ ကျွန်မတို့လည်း အထဲကိုဝင်ပြီး သူတို့ကို ကြည့်ကြရအောင်" ဟု ပြန်ပြော၏။

တဖန် အမေက

"သူက ခပ်ရိုင်းရိုင်း ပြောလို့ စိတ်မရှိနဲ့နော်" ဟု ပြောပြန်ရာ ဆိုဖီယာက ရယ်လျက် "အမေကတော့ တကယ့်ကို ချစ်စရာကောင်းတာပဲ" ဟု ပြောနေလေ၏။

သူတို့တဲဝသို့ ရောက်သောအခါ အစ်(ဂ်)နက်သည် ဦးခေါင်းကိုမော့၍ သူတို့ကို ကြည့်လိုက်၏။ ထိုနောက် သူ၏ ကောက်ကွေးနေသည့်ဆံပင်တို့ကို သူ့လက်များဖြင့် သပ်ရင်း သူ့ဒူးများပေါ်၌ ဖြန့်ထားသည့် သတင်းစာကို ဖတ်နေလေ၏။ ရိုင်ဘင်သည် အမိုးအကြားထဲမှ ဝင်လာသည့် နေရောင်ထဲ၌ သတင်းစာကို မြှောက်ပြီး မတ်တတ်ရပ်၍ ပါးစပ်မှ တိုးတိုးဖတ်နေ၏။ ယာကော့ကမူ အိပ်စင်တခုပေါ်၌ ဖြန့်ကျဲနေသည့် စာရွက်များကို ဒူးထောက်၍ ကြည့်နေလေ သည်။

အမေသည် တဲထောင့် တထောင့်ထဲသို့ ဝင်သွားပြီး ထိုင်လိုက်၏။ ဆိုဖီယာကမူ ယာကော့တို့ လူစုကို အကဲခတ်၍ ကြည့်နေရင်း အမေ့နောက်မှ အမေ့ပခုံးပေါ်သို့ လက်တင်ပြီး ရပ်နေလေသည်။

ယာကော့က နောက်သို့မလှည့်ဘဲ...

"သူတို့က ကျွန်တော်တို့ ဆင်းရဲသားလယ်သမားတွေကို အပြစ်ရှာနေတာဗျ၊ ဦးလေးရိုင်ဘင်ရ" ဟု ပြောရာ ရိုင်ဘင်က သူ့အား ကြည့်၍ရယ်လျက် "အဲဒါ သူတို့က တို့ကိုချစ်လို့ပေါ့ကွ" ပြန်ပြောလေ၏။

အစ် (ဂ်) နက်သည် အသက်ကို ပြင်းပြင်းတချက်ရှူလျက် ဦးခေါင်းကို မော့၍ "ဟောသည်မှာဗျ၊ တောင်သူလယ်သမားဟာ လူနဲ့ မတူဘူးလို့ ရေးထားတယ်၊ အမှန်ကတော့ သူလည်း လူနဲ့ မတူတော့ဘူး" ပြောပြီး စိတ်ဆိုးသွားသလိုနှင့် မျက်နှာသည် ညိုမည်းသွားလေ၏။ တဖန်၊ "သူတို့ကိုလည်း ကျုပ်တို့နေရာကနေပြီး ကြည့်လိုက်ရင် သူတို့လည်း ဘာနဲ့တူတယ်ဆိုတာ မြင်ကြရမှာပေါ့" ဟု ပြောလေ၏။

ထိုအတွင်း အမေက "အမေတော့ တုံးလုံးလှဲတော့မယ် ပန်းလည်းပန်းပြီ။ ပြီးတော့ သည်ကတ္တရာစေးနံ့ကြောင့် ခေါင်းလည်း နောက်နေပြီ။ တူမကြီးကကော" ဟု မေး၏။

ဆိုဖီယာက "ကျွန်မ မအိပ်ချင်သေးဘူး" ပြန်ပြော၏။

အမေသည် အိပ်စင်ပေါ်၌ တုံးလုံးလှဲပြီး မျက်တောင်များ စင်းနေလေ၏။ ဆိုဖီယာသည် ရိုင်ဘင်တို့လူစုကို စောင့်၍ ကြည့်နေရင်း အမေ၏အနားသို့ ပျံ့ဝဲလာသော ပဆုပ်ပနီနှင့် ပျားများကို မောင်းနှင်လေ၏။ အမေသည် သူ့အား အိပ်၍ မပျော်တပျော်နှင့် စိုက်ကြည့်နေလေ သည်။

ရိုင်ဘင်သည် သူတို့ဆီသို့လာပြီး "အိပ်ပျော်နေပြီလား" တိုးတိုးမေးလေသည်။

"ဟုတ်ပါတယ်"

သူသည် အမေ၏မျက်နှာကို အချိန်အတော်ကြာ အကဲခတ်ရင်း ရပ်နေလေ၏။ ထိုနောက်

"သူဟာ သည်လိုအလုပ်ကိုလုပ်တဲ့ သားတယောက်ရဲ့ နောက်ကိုလိုက်တဲ့ အမျိုးသမီးတွေထဲမှာ ပထမဆုံး အမျိုးသမီး ဖြစ်မှာပဲကွ" သက်ပြင်းချ၍ ပြောလေ၏။

ဆိုဖီယာက "သူ အိပ်ပါစေ၊ ကျွန်မတို့ အပြင်ထွက်ကြပါစို့" ဟု ပြောလိုက်လေ၏။

"အင်း ကျုပ်တို့ အလုပ်လုပ်ကြရလိမ့်ဦးမယ်...။ ခင်ဗျားနဲ့လည်း စကားပြောချင်သေးတယ်။ ဒါပေမဲ့ ညနေကျမှပဲ ပြောကြတာပေါ့။ ကဲ... လာကြ

ကိုယ့်လူတို့” ဟု ရိုင်ဘင်က ပြောလိုက်ရာ သူတို့သုံးယောက်သည် ဆိုဖီယာနှင့် အမေကို တဲထဲ၌ ထားခဲ့၍ အပြင်သို့ ထွက်သွားကြလေ၏။

အမေကမူ ဆိုဖီယာနှင့် ရိုင်ဘင်တို့ စကားပြောနေကြသည်ကို နားထောင်ရင်း “အင်း သူတို့ချင်း မိတ်ဆွေဖြစ်သွားတာတော့ ဝမ်းသာစရာပဲ” ဟု စဉ်းစားနေလေ၏။

ထိုနောက် အမေသည် သစ်တောများနှင့် ကတ္တရာစေးတို့၏ ပြင်းထန်သည့်အနံ့ကို ရှူရှိုက်ရင်း အိပ်ပျော်သွားလေသတည်း။

အခန်း ခြောက်

တနေ့တာလုပ်ငန်း ပြီးဆုံးသဖြင့် ကတ္တရာစေး အလုပ်သမားတို့သည် ဝမ်းမြောက်ဝမ်းသာ ပြန်လာကြလေသည်။

သူတို့၏ စကားပြောသံ၊ ရယ်သံမောသံတို့ကြောင့် အမေသည် နိုးလာပြီး သမ်းရင်း၊ ဝေရင်း ပြုံးကာ တဲထဲမှ ထွက်လာလေ၏။ ထိုနောက် ရိုင်ဘင်တို့လူစုကို သဘောကျစွာ လှည့်ကြည့်ကာ...

"မင်းတို့တတွေကတော့ အလုပ်လုပ်လို့၊ အမေကတော့ တကယ့်စည်းစိမ်ရှင် အမျိုးသမီးကြီးလို အိပ်နေလိုက်တာ" ဟု ပြောလေသည်။

"ဒါနဲ့ပတ်သက်လို့ အမေ့မှာ အပြစ်တင်စရာမရှိပါဘူး" ဟု ရိုင်ဘင်က ပြန်ပြော၏။

သူလည်း ပင်ပန်းနွမ်းရိနေပြီဖြစ်သဖြင့် အတော်ကလေး ငြိမ်နေလေ၏။ ထို့နောက် "အစ်(ဂ်)နက် ဘယ့်နှယ်လဲကွ၊ လက်ဖက်ရည် လုပ်ဦးကွာ။ ကျုပ်တို့တတွေက အစားအသောက်၊ အချက်အပြုတ်နဲ့ ပတ်သက်လို့ အလှည့်ကျ လုပ်ကြတယ်။ ကနေ့ ထမင်းအိုးချောင်တာဝန်ကို အစ်(ဂ်)နက် လုပ်ရမှာဗျ့" ဟုပြောရာ အစ်(ဂ်)နက်က မီးမွှေးရန် သစ်ကိုင်းခြောက်ကလေး များကို စုရင်း...

"ငါတော့ကွာ ကနေ့ တယောက်ယောက်နဲ့ တာဝန်ပြောင်းယူရရင် ကောင်းမှာ" ဟု ပြောလျှင် ဆိုဖီယာအနားဌ် ကပ်ထိုင်လျက်ရှိသည့် ယီဖင်က "ညော့သည်တွေနဲ့ အတူနေချင်တာကတော့ မင်းတင် မဟုတ်ပါဘူးကွ။ တို့လည်းပဲ ဒီလိုပါပဲ" ဟု ဆိုလိုက်၏။

"ငါက မင်းကိုကူပါ့မယ် အစ်(ဂ်)နက်" ဟု ယာကော့က ဝင်ပြောလိုက်၏။ စားပွဲပေါ်သို့ ထိုနောက် တဲထဲသို့ဝင်ပြီး ပေါင်မုန့်တလုံးကို ယူလာ၍ အချပ်လိုက်လှီးကာ တင်ထားလေ၏။

ထိုအတွင်း ယီဖင်က...

"ကဲ နားထောင်စမ်း၊ ချောင်းဆိုးသံ ကြားတယ်" ဟု ဆိုရာ ရိုင်ဘင်က နားစွင့်ပြီး ခေါင်းကိုညိတ်လေ၏။ ထိုနောက်

"အဲဒါ သူပဲ။ သက်ရှိ သက်သေခံကြီးကတော့ လာနေပြီ။ ငါက ငါစိတ်ထင်တိုင်းသာ လုပ်ရရင်တော့ သူ့ကို တမြို့ပြီးတမြို့ ခေါ်ခေါ်သွားပြီး ဈေးတွေထဲမှာ လိုက်လိုက် ပြလိုက်ချင်တယ်။ လူတွေက

သူပြောတဲ့စကားကိုကြားရင် ခေတ်ပြားဟောင်းကြီးကို ဖွင့်နေပြန်ပြီလို့ ပြောကြမှာပဲ။ ဒါပေမဲ့ သူပြောတာက လူတိုင်း သိသင့်တဲ့ဟာတွေပဲ” ဟု ရှင်းပြလေ၏။

ဆည်းဆာရောင်သည် တဖြည်းဖြည်းမှိန်လာ၏။ ကျေးငှက်သံ၊ ပိုးမွှား တိရစ္ဆာန်သံတို့ကလည်း တဖြည်းဖြည်း ဆိတ်ငြိမ်လာ၏။ အမေနှင့် ဆိုဖီယာတို့သည် ရိုင်ဘင်တို့လူစုကို စောင့်ကြည့်နေ ကြ၏။ သူတို့အားလုံးသည် အလွန် ပင်ပန်းနွမ်းရိလှသဖြင့် ဖြည်းညင်း လေးကွေးစွာ သွားလာနေကြ၏။ သူတို့ကလည်း အမေနှင့် ဆိုဖီယာတို့ကို စောင့်ကြည့်နေကြပြန်၏။

သစ်တောများထဲမှ အရပ်ရှည်ရှည် ခါးကုန်းကုန်းနှင့် လူတယောက်သည် တောင်ဝှေးတချောင်းကို ထောက်၍ ထွက်လာ၏။ သူ၏ ပင်ပင်ပန်းပန်းနှင့် ရှူနေသည့် အသက်ရှူသံကို ကြားကြရ၏။

“ကျုပ် လာပြီလေ” ဟု ပြောကာ ထိုသည် တဟွတ်ဟွတ် ချောင်းဆိုးနေပြန်၏။ ထိုလူသည် မြေကြီးနှင့် ထိနေသည့် အင်္ကျီဟောင်းကြီးတထည်ကို ဝတ်ထား၏။ ဝါဖန့်ဖန့် ဆံပင်များသည် သူ၏ ပြားနေသည့် ဦးထုပ်အောက်မှ တွဲကျနေကြ၏။ သူ၏ အရိုးပေါ်အရေတင် ဝါဝင်းနေသော မျက်နှာကို နီကြင့်ကြင့် မုတ်ဆိတ်မွေးများက ဖုံးအုပ်လျက်ရှိ၏။ သူ၏ပါးစပ်သည် အမြဲတမ်း ဟနေပြီး မည်းမှောင်၍ ချိုင့်နေသည့် မျက်တွင်းမှ သူ၏ မျက်လုံးများသည် တောက်ပြောင်လျက် ရှိလေသည်။ သူက ဆိုဖီယာအား

“ခင်ဗျားမှာ စာအုပ်တွေပါလာတယ်ဆို” ဟု ရိုင်ဘင်က သူ့အား ဆိုဖီယာနှင့် မိတ်ဆက်ပေးသောအခါ မေးလေ၏။

“ဟုတ်ပါတယ်” ဟု ဆိုဖီယာက ပြန်ဖြေလိုက်၏။

“ဒီလူတွေအားလုံးကိုယ်စား ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ဒီလူတွေက အခုထက်ထိ အမှန်တရားကို သဘောမပေါက်ကြသေးဘူးဗျ။ ဒါပေမဲ့ သဘောပေါက်ထားတဲ့ ကျွန်တော်ကတော့ ခင်ဗျားကို သူတို့ကိုယ်စား ကျေးဇူးတင်ပါတယ်”

သူ၏ အသက်ရှူသံသည် တိုတောင်း၏။ မြန်၏။ ပြင်း၏။ သူ့လေသံကလည်း ပြတ်ပြတ်သွား၏။ အရိုးပေါ်အရေတင် ကမ္ဘောဇ်ရုပ်၏ လက်ချောင်းများနှင့်တူသည့် သူ၏ လက်ချောင်းများဖြင့် သူ့ရင်ဘတ်ပေါ်မှ အင်္ကျီကြယ်သီးများကိုပင် မနည်းအားယူ၍ တပ်နေရ၏။

“ဒီလိုအချိန်မတော်မှ သစ်တောတွေထဲ ဖြတ်ဖြတ်ပြီးလာတာ ရင့်အတွက် မကောင်းဘူးရှင့်။ ဘာပြုလို့လဲဆိုတော့ သစ်ပင်တွေကြောင့် လေဟာ စိုစွတ်ပြီး

မသန့်ဘူး” ဟု ဆိုဗီယာက ပြောလျှင် ပင်ပင်ပန်းပန်းနှင့် အသက်ရှူမှန်အောင် ကြိုးစား၍

“ကျုပ်အတွက်ကတော့ ဘာမျှမကောင်းတော့ဘူး။ အခု ကျုပ်အတွက် သေတာကပဲ ကောင်းတော့တယ်” ဟု သူက ပြန်ဖြေလိုက်၏။

သူ့စကားသံကိုကြားရသည်မှာ စိတ်နှလုံး ချမ်းမြေ့ဖွယ်မရှိ။ သူ၏ ခန္ဓာကိုယ်တခုလုံးကို မြင်ရသည်မှာလည်း အလွန် သနားကြင်နာဖွယ်ကောင်း၏။ သို့ရာတွင် ဤကဲ့သို့ သနားကြင်နာ၍ လည်း ဘာမျှမတတ်နိုင်။ စိတ်သာ ဆင်းရဲနေရ၏။ သူသည် သူ့ဒူးများကို ကျိုးသွားမည် စိုးရိမ်သည့်အလား ခပ်ကွေးကွေးထား၍ စည်ပိုင်းတခုပေါ်၌ ထိုင်နေ၏။ သူ့နဖူးမှ ချွေးများကို လည်း ခဏခဏ သုတ်နေရ၏။ သူ၏ဆံပင်သည် ခြောက်သွေ့၍ ဖရိုဖရဲ ကျနေလေသည်။

မီးဖိုမှ မီးသည် ထတောက်၏။ ပတ်ဝန်းကျင်မှ အရာဝတ္ထုတို့သည် လှုပ်ရှားလာပြီး အရိပ်များသည် ပျောက်ချေ ပေါ်ချေ ဖြစ်နေကြလေ၏။ မီးဖိုအနီး၌ အစ်(ဂ်)နက်၏ ဝိုင်းတိတိ မျက်နှာကို မြင်နေရ၏။ ထိုနောက် မီးကျသွားသောအခါ မီးခိုးနံ့ထွက်လာ၏။ တဖြည်းဖြည်း ကွက်လပ်ကလေးသည် မှောင်၍ ဆိတ်ငြိမ်သွားလေ၏။ လူတိုင်းကလည်း လူမမာ၏ စကားသံကို နားစွင့်နေလေသည်။

“အင်း၊ အလွန်ကြီးမားလှတဲ့ ရာဇဝတ်ပြစ်မှုကြီးကို သက်သေခံနေတဲ့အနေနဲ့ ဆင်းရဲသားတွေ အတွက် ကျုပ်က အသုံးတော့ ဝင်ပါသေးတယ်။ ကဲ၊ အခု ကျုပ်ကိုကြည့်စမ်း၊ ကျုပ်ဟာ အခု အသက် နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်။ ဒါပေမဲ့ ကျုပ် သေတော့မယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆိုရင် ကျုပ်ဟာ ခွက်တရာကျော်လောက်ကို ဘာမျှ မညည်းဘဲ မညူဘဲ အသာကလေး မနိုင်တယ်။ ကျုပ်လို သန်မာတောင့်တင်းတဲ့ အကောင်ဟာ အသက် ၇၀ ထိအောင် နေရမယ်လို့ ကျုပ်က ဒိဋ္ဌယုံခဲ့တယ်။ ဒါပေမဲ့ ကျုပ်က အဲဒီအချိန်က စတွက်လိုက်ရင် ၁၀ နှစ်ပဲ နေရတော့မယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်ဟာ အရှင်တွေက ကျုပ်ကို ခေါ်းပြတိုက်ကြပြီလေ။ အခုပဲ သေရတော့မှာ။ ကျုပ်သခင်တွေ အနှစ် ၄၀ အသက်တိုသွားအောင် ခေါ်းပြတိုက်ကြတာပေါ့...”

ရိုင်ဘင်က ကြမ်းတမ်းလှသည့်လေသံနှင့်

“အဲဒါ သူဆိုနေကျ သီချင်းပဲဗျာ” ဟု ဝင်ပြောလိုက်၏။

ထိုအတွင်း မီးဖိုမှ မီးတောက်သည် တဖန် ထလာပြန်၏။ ယခင်ကထက် မြင့်မား၍ အရောင် လက်လာ၏။ အရိပ်များသည်လည်း မီးတောက်ကို လေဟပ်သည်နှင့် အလိုက် ပျောက်လိုက် ကွယ်လိုက် ဖြစ်နေကြ၏။ စိုထိုင်းသည့်

သစ်တုံးများသည် တရွှီရွှီမြည်လိုက် ကွဲလိုက် ဖြစ်နေကြလေ၏။ သစ်ပင်ပေါ်မှ သစ်ရွက်များသည် ပူနွေးသည့် လေထဲတွင် လှုပ်ရှား၍ တရွက်နှင့် တရွက် ရိုက်ခတ်နေကြ၏။ အဝါရောင်နှင့် အနီရောင်မီးလျှံတို့သည် ရှင်မြူးစွာ ပူးကပ်၍ ဆော့နေကြစဉ် မီးဖွားများသည် လွင့်စဉ်နေကြ၏။ ထိုအတွင်း မီးစိုနေသည့် သစ်ရွက်ခြောက်တခုသည် လေထဲသို့ ပျံတက်သွားလေ၏။ ကောင်းကင်မှ ကြယ်ကလေးများ ကလည်း မီးပွင့်ကလေးများကို ငုံ့ကြည့်ရင်း သူတို့ဆီသို့လှမ်း၍ တဖန် ရောဂါသည်လူမမာက ခါးကိုကုန်း၍ ချောင်းဆိုးနေရာမှ...

"ဒါက ကျုပ်ရဲ့တေးဂီတ မဟုတ်ဘူး။ ဒါဟာ ကျုပ်လို ထောင်သောင်းမကတဲ့ ပြည်သူလူထု တွေက သူတို့ရဲ့ ဆိုးရွားတဲ့ ကံကြမ္မာဟာ အခြားလူတွေအတွက် သင်ခန်းစာကောင်းတရပ် ဖြစ်တယ်ဆိုတာကို မသိဘဲနဲ့ သီဆိုနေကြတဲ့ သီချင်းပဲ။ အလုပ်လုပ်ရင်း ခြေပြတ် လက်ပြတ် ဖြစ်ကြရတဲ့ ဒုက္ခိတတွေဟာ ဘာမှ စားစရာမရှိ၊ သောက်စရာမရှိနဲ့ သေကြ ကျေကြရတာ ဘယ်လောက်များပြီလဲ" ဟု ပြောနေပြန်၏။

ယာကော့သည် ဘီယာတပုံးနှင့် မိုးဦးကြက်သွန်နီတတွဲကို စားပွဲပေါ်၌ တင်ထားပြီး သူက လူမမာအား "ကဲ၊ ဒီကိုလာလေ ဆေဗီလီ။ ကျုပ် ခင်ဗျားဖို့ နို့ယူခဲ့တယ်" ဟု လှမ်း၍ပြောလိုက်၏။

ဆေဗီလီက ငြင်းနေ၏။ သို့ရာတွင် ယာကော့က လက်မောင်းကို ကိုင်ပြီး စားပွဲဆီသို့ ခေါ်သွားလေ၏။

ဆိုဖီယာက ရိုင်ဘင်အား

"ရှင်တို့က ဘာပြုလို့ သူ့ကို ဒီနေရာကို ခေါ်လာကြတာတုံး။ သူဟာ သေရတော့မယ့်လူပါ" ဟု ပြစ်တင်စကား ပြောလိုက်၏။

ရိုင်ဘင်က...

"ဒါကို ကျုပ်သိပါတယ်။ ဒါပေမဲ့ သူ စကားပြောနိုင်သလောက် ပြောစမ်းပါစေ။ သူ့အသက်ဟာ ဘာမျှအသုံးမဝင်ဘဲ အရေးမရ အဖတ်မရ စွန့်ပစ်ရတော့မှာပါ။ အဲဒီတော့ မွန်မြတ်တဲ့ အရေးကိစ္စတခုအတွက် သူ့အသက်ကို နည်းနည်းတော့ ပိုပြီးရှည်ပါစေ။ ဒါဟာကောင်းပါတယ်။ စိတ်မပူပါနဲ့" ဟု ပြန်ဖြေလိုက်၏။

"ရှင်က ဒီလိုလုပ်ရတာ ပျော်တယ်နဲ့တူတယ်" ဟု ဆိုဖီယာက ခပ်ကျယ်ကျယ် ပြောလိုက်ရာ ရိုင်ဘင်က သူ့ကိုကြည့်ပြီး စိတ်ချဉ်ချဉ်နှင့်

"ယေရှုခရစ် လက်ဝါးကပ်တိုင်ပေါ်မှာ ညည်းညူနေတာကို ကြည့်ပြီး

သဘောကျနေကြတဲ့ လူတွေဟာ ခင်ဗျားတို့လို လူအထက်တန်းစားတွေဗျာ၊ ဒါပေမဲ့ ကျုပ်တို့က ဟောဒီလူဆီက သင်ခန်းစာယူချင်တယ်။ ခင်ဗျားတို့လည်း ဒီလိုပဲ သင်ခန်းစာကို ယူစေချင်တယ်" ဟု ပြန်ပြောလိုက်၏။

အမေသည် မျက်စကို ချီပြီး

"ကဲ တော်လောက်ကြပါပြီကွယ်" ဟု စိုးရိမ်သောကကြီးစွာနှင့် ဝင်ဖျန်လိုက်၏။ ဆေဗီလီသည် စားပွဲတွင်ထိုင်၍

"လူတွေကို သူတို့က ဘာဖြစ်လို့ အလုပ်နဲ့ဖိပြီး သတ်ချင်ကြတာလဲ။ သူတို့က လူတယောက်ရဲ့ အသက်ကို ဘာပြုလို့ ခေးပြတိုက်ချင်ကြတာလဲ။ ကျုပ်က ဒီဖိဒေါ့ အလုပ်ရုံမှာ အလုပ်လုပ်ခဲ့ တယ်။ ကျုပ်တို့အလုပ်ရှင်၊ ကျုပ်တို့ သခင်က ဓာတ်မင်းသမီးတယောက်ကို ရေချိုးဖို့ ရွှေရေချိုးဇလားကြီး ပေးခဲ့တယ်။ ညအိပ်ရာထဲမှာ အပေါ့အလေး သွားဖို့ ရွှေရေခွက်တလုံး ပေးခဲ့တယ်။ ကျုပ်ခွန်အားနဲ့ ကျုပ်အသက်ဟာ အဲဒီခွက်ထဲ ဝင်ကုန်တာပါပဲဗျာ။ အဲဒါ ကျုပ်အသက်နဲ့ လဲခဲ့တာပဲ။ လူတယောက်က ကျုပ်ကို သတ်တယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်အသက်၊ ကျုပ်သွေးနဲ့ သူ့မယားကို သူက ကြည်ဖြူချင်လို့ပဲ။ သူက ကျုပ်အသက်နဲ့ သူ့မယားကို ရွှေနောက်ဖေးခွက် ဝယ်ပေးရသတဲ့ဗျာ" ဟု ထပ်၍ ပြောလိုက်ရာ

"လူသားကို ဘုရားသခင်နဲ့ ပုံသဏ္ဌာန်ချင်းရော၊ အစာရော တူအောင် ဖန်ဆင်းထားပြီးတော့ လူသားကို သူတို့က ဒီလိုလုပ်ပစ်ကြတာပေါ့ဗျာ" ယီဖင်က ဝင်၍ သရော်လိုက်၏။

ရိုင်ဘင်သည် စားပွဲကို လက်ဝါးနှင့်ပုတ်ပြီး

"လူတိုင်းကို ဒီအကြောင်းပြောပြပါ" ဟု အော်လိုက်၏။ ယာကော့က

"ဒါနဲ့ပတ်သက်လို့ ငုံ့ခံနေလို့တော့ မဖြစ်ဘူးဗျာ" ဟု ဖြည်းညင်းစွာ ပြောပြန်၏။

အစ်(ဂ်)နက်ကမူ ရယ်၏။ ဤလူငယ်သုံးယောက်သည် ရိုင်ဘင် စကားပြောတိုင်း ပြောတိုင်း စူးစိုက်၍ ကြည့်ကြရင်း အလွန် သိလို ကြားလိုသည့်ဆန္ဒဖြင့် နားထောင်နေကြသည်ကို အမေသည် သတိပြုမိ၏။ ဆေဗီလီ ပြောလိုက်သည့် စကားတို့ကို ကြားလိုက်လျှင် သူတို့သုံးဦး၏ မျက်နှာပေါ်၌ သရော်လိုသည့် လက္ခဏာများ ပေါ်လာကြ၏။ ရောဂါသည် ဆေဗီလီအပေါ်၌ သနားကရုဏာစိတ် ဝင်စားကြဟန်မရှိချေ။ အမေသည် ဆိုဖီယာဘက်သို့ စောင်း၍

"သူပြောတာ တကယ်ပဲလား" ဟု ဆိုဖီယာက တိုးတိုးမေးလိုက်၏။

"ဟုတ်တယ်၊ တကယ်ပါပဲ အမေ။ ဒီလက်ဆောင်တွေနဲ့ ပတ်သက်လို့ မော်စကို သတင်းစာတွေထဲမှာတောင် သူတို့တတွေ ရေးကြပါသေးတယ်" ဟု အသံခပ်ကျယ်ကျယ် ပြန်ဖြေလိုက်၏။

"ဒါပေမဲ့ အဲဒီရာဇဝတ်ကောင်ကို ဘယ်တော့မှ အပြစ်ဒဏ်မပေးခဲ့ဘူး။ အမှန်ကတော့ သူ့ကို ပြည်သူလူထုရှေ့ခေါ်လာပြီး ခါးနဲ့ တောက်တောက်စဉ်းပစ်ဖို့ ကောင်းတယ်။ ပြည်သူလူထုတွေ ဟာ တခါတည်း ရုန်းကန်ထကြွလိုက်တာနဲ့ တပြိုင်နက် သူတို့ကို အပြစ်ဒဏ် အကြီးအကျယ် ပေးကြမှာပဲ။ ပြည်သူလူထုတွေက သူတို့ခံစားကြရတဲ့ မတရားမှုတွေကို သွေးတွေနဲ့ ဆေးကြော ပစ်ကြလိမ့်မယ်။ အဲဒီသွေးတွေဟာ ဒီလူတွေရဲ့သွေးကြောတွေက ထွက်တဲ့သွေးတွေဖြစ်ရမယ်။ အဲဒါကြောင့် ပြည်သူလူထုမှာ ဘာပဲလုပ်ချင် လုပ်ချင် လုပ်နိုင်တဲ့ အခွင့်အရေးရှိတယ်" ဟု ရိုင်ဘင်က ခပ်ကြမ်းကြမ်း ပြောလေ၏။

ထိုအတွင်း ဆေဗီလီက "ကျုပ်ချမ်းတယ်" ဟု ပြောလျှင် ယာကော့က သူ့ကိုထူ၍ မီးဖိုဆီသို့ ခေါ်သွားလေ၏။

ယခုအချိန်တွင် မီးသည် တောက်လျှက်ရှိရာ လူများသည် မီးတောက်များကို ဝိုင်း၍ ကြည့်နေကြ၏။ ဆေဗီလီသည် မီးဖိုနားရှိ သစ်ငုတ်တိုတတိုပေါ်၌ ထိုင်ပြီး သူ၏ သေးသိမ်သော လက်များကို မီးကင်နေလေသည်။

ယာကော့က ဆိုဖီယာအား...

"သူပြောတာက စာအုပ်တွေထဲမှာ ရေးထားတာထက် ပိုပြီးရှင်းသေးတယ်။ တကယ်လို့ အလုပ်သမားတယောက်ယောက်ရဲ့ ဦးခေါင်းဟာ စက်တခုခုထဲ ပါသွားလို့ ပြတ်သွားရင်၊ လက်မောင်းတဖက်ဖြစ်ဖြစ် ပြုတ်သွားရင် သူတို့က အဲဒါ အလုပ်သမားရဲ့အပြစ်လို့ ပြောကြတယ်။ ဒါပေမဲ့ ဒီအရင်းရှင် အလုပ်ရှင်တွေက လူတဦးတယောက်ရဲ့ သွေးကို တစက်မှ မကျန်အောင် အကုန်စုပ်လိုက်ပြီး မကောင်းတဲ့ အပုပ်အသိုး အမှိုက်သရိုက်အဖြစ်နဲ့ လွှင့်ပစ်လိုက်တော့ ဘာမှမပြောကြတော့ဘူး၊ လူအချင်းချင်း ဒေါသဖြစ်လို့ သတ်လိုက်တာကို ကျုပ်နားလည်တယ်၊ သဘောပေါက်တယ်။ ဒါပေမဲ့ လူတဦးတယောက်ကို ပျော်ချင်လို့ မသေသေအောင် နှိပ်စက်ညှဉ်းပန်းတာကိုတော့ ကျုပ် နားမလည်ဘူးဗျာ။ သူတို့တတွေက လူတွေကို ဘာပြုလို့ နှိပ်စက်ညှဉ်းပန်းကြတာလဲ။ အပျော်သက်သက်ပဲလား။ သူတို့ စိတ်ချမ်းသာအောင် သက်သက်ပဲလား။ ဒါမှမဟုတ်ရင်လည်း ဒီကမ္ဘာမြေပေါ်မှာ သူတို့ ဇိမ်ခံနေချင်လို့လား၊ အငြိမ့်မင်းသမီးတွေ၊ ပြိုင်မြင်းတွေ၊ ငွေခါးတွေ၊ ရွှေပန်းကန်တွေ၊ သူတို့ကလေးတွေအတွက် အဖိုးထိုက် အဖိုးတန် ကစားစရာတွေကိုပဲ ဝယ်ချင်လို့လား။ ကျုပ်တို့ အရှင်သခင်တွေက ကျုပ်တို့ကို

အလုပ် လုပ်ကြပါ၊ ပိုပြီး ကြိုးစားပမ်းစား လုပ်ကြပါ။ ဒါမှ မင်းတို့တတွေရဲ့လုပ်အားနဲ့ ငါက ငါ့မိန်းမဖို့ ရွှေသေးအိုး ဝယ်နိုင်အောင်လို့ဟု ပြောနေသလိုပဲ” ဟု ပြောပြလေ၏။

အမေသည် သူပြောနေသည့် စကားတို့ကို နားထောင်နေစဉ် ပါဗယ်နှင့် သူ၏ ရဲဘော်များ လိုက်နေသည့် လမ်းစဉ်သည် အမှောင်ထုထဲ၌ ပို၍ထွန်းတောက်လာသည်ဟု ထင်ရလေ၏။

ညစာစားပြီးနောက် သူတို့အားလုံးသည် မီးဖိုနား၌ ဝိုင်း၍ ထိုင်ကြလေ၏။ မီးတောက်များသည် သစ်တုံးများကို ဟပ်၍နေကြ၏။ သူတို့ပတ်ဝန်းကျင်ရှိ သစ်တောတို့ကို အမှောင်ထုက ဖုံးလျက်ရှိ၏။ လူမမာသည် မီးဖိုကို မျက်လုံးအကြောင်သား စိုက်ကြည့် နေ၏။ သူ့ခန္ဓာကိုယ်ထဲ၌ ငွေ့ငွေ့ကလေး ကျန်ရှိနေသေးသည့် သူ့အသက်ကလေးသည် ရောဂါဝေဒနာကြောင့် ကြုံလှီချည့်နဲ့နေသည့် သူ၏ ခန္ဓာကိုယ်အတွင်းမှ လွတ်မြောက်ရန် ရုန်းကန်နေသည့်အလား အဆက်မပြတ် ချောင်းဆိုးပြီး တုန်နေလေ၏။ မီးတောက်မီးလျှံတို့သည် သူ၏မျက်နှာကို ထိုးနေကြ၏။ သူ၏မျက်လုံးများသည် သေပန်းပွင့်နေကြသကဲ့သို့ တောက်ပြောင်နေကြလေ သည်။ ယာကောဗ့က ဆေဗီလီအပေါ်သို့ ကုန်း၍…

“တဲထဲဝင်ရင် ပိုမကောင်းဘူးလားဗျာ” ဟု မေးလျှင် ဆေဗီလီက သူ့ကိုယ်သူ အားတင်းကာ

“ဘာဖြစ်လို့တုံးကွ။ ငါဒီမှာပဲနေမယ်။ ငါက လူတွေနဲ့ ကြာကြာနေရတော့မှာ မဟုတ်တော့ဘဲနဲ့” ဟု ပြန်ပြော၏။ ထိုနောက် သူသည် ဘေးပတ်ဝန်းကျင်ကို ကြည့်ပြီး တခဏမျှ ကြာသောအခါ မနည်းအားယူ၍ ပြုံးလျက်

“ခင်ဗျားတို့တတွေနဲ့ နေရတာက ကောင်းတယ်ဗျာ။ ခင်ဗျားတို့ကို ကြည့်မိတဲ့အခါ ကိုယ်ချမ်းသာဖို့၊ စည်းစိမ်ရှိဖို့ လောဘဇောကြောင့် လူတွေကို ခေါးပြတိုက်ကြတဲ့၊ သတ်ပစ်ကြတဲ့ ဒီလောဘဇောကောင်တွေကို လက်စားချေကြလိမ့်မယ်လို့လည်း မျှော်လင့်မိတယ်" ဟု ပြောလေ၏။

ဘယ်သူကမျှ သူ့ကို ပြန်မဖြေကြ။ မကြာမီ သူသည် ဦးခေါင်းကို ငိုက်စိုက်ချကာ အိပ်ပျော်သွားလေသည်။

ရိုင်ဘင်သည် ဆေဗီလီကို ကြည့်ပြီး

“ဒီကိုလာ ထိုင်ထိုင်ပြီး ဒါကိုချည်း အမြဲတမ်း ပြောနေတာပဲ။ ဒီအရင်းရှင်တွေရဲ့ ယုတ်မာ ညစ်ပတ်မှုကိုပဲ ပြောနေတာပဲ။ သူ့ဝမ်းထဲမှာလည်း

ဒါပဲရှိတယ်။ သည့်ပြင်လည်း သူ ဘာမှမမြင်ဘူး။ သူ့မျက်လုံးကို ဒါတခုတည်းက ဖုံးနေတော့တာပဲ” ဟု လေသံကို နှိမ့်၍ ပြောနေလေရာ အမေက…

“သည့်ပြင် သူဘာမြင်နိုင်ပါ့မလဲ။ အရင်းရှင် အလုပ်ရှင်တွေက ဘာမဟုတ်တဲ့ အရေးကိစ္စအတွက် ပိုက်ဆံတွေကို ရေလို သုံးနိုင်ဖြုန်းနိုင်အောင် နေ့စဉ်နဲ့အမျှ လူတွေကို ထောင်နဲ့ သောင်းနဲ့ချီပြီး အလုပ်နဲ့ သတ်သတ်နေကြရင် သည့်ပြင်ဘာမျှ မြင်နိုင်ပါဦးမလဲ” ဟု စဉ်းစားရင်း ပြန်ပြောလိုက်၏။

“သူပြောတာ နားထောင်ရတာ ငြီးငွေ့လှပြီဗျာ။ ဒါကို တခါကြားမိရင် ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ဒါပေမဲ့ သူ့ဟာက အပ်ကြောင်းထပ်လှပြီဗျာ့” ဟု အစ်(ဂ်)နက်က ဝင်ပြောလေသည်။

“အစစ ဒီအပ်ကြောင်းထဲ သွင်းထားတာကိုး။ ဒါကိုတော့ နားလည်ရမယ်၊ ဒါကို ငါကြားရတာ ဖန်တရာ လံနေပြီကွ။ ဒါတောင်မှ တခါခါ ဒါဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယရှိမိသေးတယ်။ တခါတခါ လူတွေဟာ ဆိုးရွားတယ်၊ မိုက်မဲတယ်ဆိုတာကို မယုံချင်ကြဘူး။ တခါတခါ ချမ်းသာတဲ့လူရော၊ ဆင်းရဲတဲ့လူတွေကိုပါ ချစ်ချင်ကြတယ်။ ချမ်းသာတဲ့လူတွေလည်း တခါတခါ မျက်စိလည်လည်သွားကြတာပဲ။ တချို့လူတွေကတော့ ငတ်လို့ ဘာမှမမြင်ကြဘူး၊ တချို့လူတွေကတော့ လောဘကြီးလို့ ဘာမှမမြင်ကြဘူး။ သည်အတိုင်းဖြစ်နေတာပဲ။ လူတွေက ‘အို သူတော်ကောင်းတို့ ကိုယ့်ကိုယ်ကို မကောင်းတဲ့ အကုသိုလ်ကံတွေမှ ကင်းစင်အောင် လုပ်ကြပါ။ ကိုယ့်ကိုယ်ကို မညှာမတာ သုံးသပ်ဝေဖန်ကြပါ’ လို့ ပြောရင်ရလိမ့်မယ် ထင်နေကြတယ်” ဟု ရိုင်ဘင်က တည်ငြိမ်စွာ ပြောလေသည်။

ဆောဗီလီသည် ကိုယ်ကိုယိမ်းပြီး မျက်လုံးများကို ဖွင့်လိုက်၏။ ထိုနောက် မြေကြီးပေါ်၌ လှဲလေ၏။ ယာကော့သည် ငြိမ်သက်စွာ မတ်တတ်ရပ်၍ တဲထဲသို့ ဝင်သွား၏။ မကြာမီ သိုးရေတခုကို ယူလာကာ ဆောဗီလီကို ခြုံပေးလေ၏။ ထိုနောက် ဆိုဖီယာအနီး၌ ကပ်ထိုင်နေလေသည်။ လေထဲတွင် ယိမ်းနွဲ့နေကြသည့် မီးတောက်မီးလျှံတို့သည် ဘေး၌ ထိုင်နေကြသည့် လူများအပေါ်၌ ထိုးနေကြ၏။ သူတို့ပြောနေကြသော စကားသံတို့သည် မီးတောက်မီးလျှံတို့ထဲမှ တဖျစ်ဖျစ် မြည်သံ၊ တဝုန်းဝုန်း တောက်လောင်သံတို့နှင့် ရောနှော သွားကြ၏။

ကမ္ဘာတဝန်းလုံးမှ လူသားတို့၏ ဘဝတည်မြဲရေးအတွက် ရုန်းကန်ကြရပုံ၊ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဂျာမန် တောင်သူလယ်သမားတို့၏ ပုန်ကန်ထကြွခဲ့ပုံနှင့် အိုင်ယာလန် လူမျိုးတို့၏ ဒုက္ခဆင်းရဲခံခဲ့ကြရပုံနှင့် ဘဝလွတ်မြောက်ရေးအတွက် ပြင်သစ် အလုပ်သမား များက သူရသတ္တိရှိစွာ မကြာခဏ တိုက်ပွဲဝင်ကြပုံတို့ကို ဆိုဖီယာက ပြောပြလေသည်။

မည်းနက်လှသည့် ညဥ့်အမှောင်ထုဖြင့် ဖုံးအုပ်လျက် သစ်ပင်များနှင့် ဝိုင်းရံထားပြီး ညို့မောင်းနေသည့် မိုးကောင်းကင်အောက်ရှိ ဤမြေကွက်လပ်တွင် ယုတ်မာ၍ ဝပြီး နေအောင် စားနိုင်သောက်နိုင်သူတို့ကသာ ခြယ်လှယ်စိုးမိုးလျက်ရှိကြသည့် လောကကြီးအကြောင်းကို ဆိုဖီယာက ပြောပြ၏။ သစ္စာတရားနှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် လူများ၏ နာမည်များကိုလည်း ပြော၏။ တိုက်ပွဲဝင်ရသဖြင့် ပင်ပန်းနွမ်းရိပြီး သွေးအလူးလူး၊ သံအလူးလူး ဖြစ်ခဲ့ကြသည့် လူမျိုးများအကြောင်းကိုလည်း တမျိုးပြီးတမျိုး ရှင်းပြလေသည်။

သူ၏အသံသည် တိုး၏။ သို့သော် မပျော့ပျောင်း၊ အတိတ်မှ ထွက်လာပြီး ဤလူစုအား မျှော်လင့်ချက်နှင့် ယုံကြည်ချက်တို့ကို ပေးနေသည့် အသံနှင့်တူ၏။ သူတို့ကလည်း အခြားတိုင်းပြည်များမှ သူတို့နှင့် ဘဝတူ ညီနောင်တို့၏ အကြောင်းကို ငြိမ်သက်စွာ နားထောင်နေကြ၏။ ဆိုဖီယာ၏ ဖြူရော်ရော်၊ ပိန်ပါးပါး မျက်နှာကို စိုက်ကြည့်နေကြရင်း ကမ္ဘာပေါ်ရှိ လူမျိုးအားလုံးတို့၏ မွန်မြတ်သည့် အရေးတော်ပုံကိုလည်းကောင်း၊ ဘဝလွတ်မြောက်ရေးအတွက် အဆုံးမရှိ ဆင်နွှဲနေကြသည့် တိုက်ပွဲကိုလည်းကောင်း ယခင်ကထက် ပို၍ထင်ရှားစွာ သိမြင်နားလည်လာခဲ့ကြ၏။ သူတို့၏ ရည်မှန်းချက်နှင့် တပ်မက်ချက်တို့သည် ကွာဝေးလှသည့် အတိတ်ကာလက နေထိုင်သွားခဲ့ကြသည့် သူတို့ မသိသော လူမျိုးများ၏ ရည်မှန်းချက်များနှင့် တပ်မက်ချက်များနှင့် အတူတူပင်ဖြစ်သည်ကို လည်းကောင်း၊ ထိုအတိတ်က လူမျိုးများမှ သူတို့ကို မည်းမှောင်၍ သွေးဖြင့် လွှမ်းနေသော သမိုင်းက ကာခြားထားသည်ကိုလည်းကောင်း သူတို့သည် တွေ့မြင်နေကြလေ၏။ စိတ်ဓာတ်အားဖြင့် သူတို့သည် အလွန်ကျယ်ပြန့်လှသည့် ကမ္ဘာတဝန်းလုံးနှင့် ပူးပေါင်းမိ၏။ ဤကမ္ဘာထဲ၌ပင် တရားမှုကို ထူထောင်ရန် သန္နိဋ္ဌာန်ချခဲ့ကြပြီ။ ထိုသန္နိဋ္ဌာကို သူတို့ခံစားခဲ့ကြ ရသည့် ဒုက္ခဆင်းရဲများနှင့် ဘဝသစ်ထူထောင်ရေးအတွက် မြေသို့ ခခဲ့ကြရသည့် သူတို့၏ သွေးများဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခဲ့သည့် မိတ်ဆွေတို့ကိုလည်း တွေ့နေကြ၏။ ကမ္ဘာ့လူမျိုး အားလုံးနှင့် စိတ်ဓာတ်အားဖြင့် ညီညွတ်မှု အသစ်ကို တည်ဆောက်နိုင်၏။ ကမ္ဘာပေါ်တွင် နှလုံးသားအသစ်တို့သည် ပေါက်ပွားလာကြ၏။ ထိုနှလုံးသားတို့သည် အစစသိလိုသည့်၊ အစစကို နားလည်လိုသည့် ပြင်းပြလှသော ဆန္ဒဖြင့် ခုန်လျက်ရှိလေသည်။

“ကမ္ဘာ့တိုင်းပြည်အားလုံးက အလုပ်သမားတွေက မတ်မတ်ရပ်ပြီး ရင်ကိုကော့ကာ ‘ဒီလိုဘဝမျိုးတို့ကို တို့မလိုချင်တော့ဘူး။ ဒီလိုဘဝမျိုးမှာ နေရတာ တို့ ဝနေ၊ အီ နေပြီ’ လို့ ပြောမယ့်အခါဟာ ကျလာတော့မယ်။ အဲဒီနောက် လောဘစွမ်းအားသာရှိတဲ့ လူတွေရဲ့ ဘာအနှစ်သာရမျှမရှိတဲ့ တန်ခိုးအာဏာတွေဟာ ပြိုကွဲ ယိုင်လဲသွားရမယ်။ သူတို့တတွေဟာ ရပ်တည်စရာ၊ တွယ်ကပ်စရာ၊

အားထားစရာ ဘာတခုမှ ရှာတွေ့တော့မှာ မဟုတ်ဘူး” ဟု ဆိုဖီယာက ခိုင်မာသော ယုံကြည်ချက်ဖြင့် ပြန်ပြောလေရာ ရိုင်ဘင်က ကုန်းပြီး၊

“မှန်တယ်၊ ကျုပ်တို့တတွေဟာ ကျုပ်တို့မှာရှိသမျှ အကုန်စွန့်ကြပြီး ကျုပ်တို့ကိုယ် ကျုပ်တို့ ဘာမှ အရေးမထားဘဲ လုပ်မယ်ဆိုရင် ကျုပ်တို့မလုပ်နိုင်တာ ဘာမှမရှိဘူး...” ဟု ပြောလေ၏။

အမေသည် မျက်စချီပြီး အံ့ဩသောအနေဖြင့် ပြုံး၍ နားထောင်နေလေ၏။ ယခင်က ဆိုဖီယာအား စကားပြော ပြတ်တောင်းလွန်းသည်၊ အသံကျယ်လွန်းသည်ဟု သူထင်ခဲ့သည့် ထင်မြင်ချက်တို့သည် ဆိုဖီယာ၏ စိတ်အားထက်သန်သော တည်ငြိမ်သည့် အပြောအဟောတို့ကို ကြားလိုက်ရသောအခါတွင် ကွယ်ပျောက်၍ သွားကြလေ၏။ သူသည် ည၏ ဆိတ်ငြိမ်မှုကို လည်းကောင်း၊ တရဲရဲတောက်လောင်နေသော မီးကိုလည်းကောင်း၊ ဆိုဖီယာ၏ မျက်နှာကို လည်းကောင်း သဘောကျနေ၏။ သို့ရာတွင် အားလုံးသော ဤကျေးလက်ဆင်းရဲသားတို့၏ အာရုံစူးစိုက်မှုကို သဘောအကျဆုံးဖြစ်၏။ သူတို့သည် ဆိတ်ငြိမ်စွာ ထိုင်နေကြ၏။ ဆိုဖီယာ ပြောနေသည်ကို အနှောင့်အယှက် မဖြစ်ရအောင် ဘာမျှဝင်မပြော။ ခဏ သူတို့အထဲမှ တယောက်ယောက်သည် ထင်းတုံးများကို ယူ၍ မီးကို ဖြည်းညင်းစွာ စိုက်၏။ အမေနှင့် ဆိုဖီယာဆီသို့ စင်လာသော မီးပွားမီးခိုးတို့ကို လက်ဖြင့် ဖယ်ရှားပေးကြလေသည်။

ထိုအတွင်း ယာကော့သည် ခဏလေးဆိုကာ တဲထဲသို့ဝင်၍ အဝတ်များကို သွားယူ၏။ ထိုနောက် သူနှင့် အစ်(ဂ်)နက်တို့သည် အမေနှင့် ဆိုဖီယာ၏ ပခုံးနှင့် ဒူးများပေါ်၌ အဝတ်များကို ဖုံးပေး၏။ ခြုံပေး၏။ ဆိုဖီယာသည် သူတို့အောင်ပွဲ မည်သို့မည်ပုံ ဖြစ်မည်ကို ရှင်းလင်းဖော်ပြလျက် လည်းကောင်း၊ ထိုကျေးလက်ဆင်းရဲသားများအား သူတို့စွမ်းအားကို ယုံကြည်လာအောင် ယုံကြည်ချက်သွင်း၍လည်းကောင်း၊ သည်အရင်းရှင် လူ့အထက်တန်းစားတွေ၏ ရှုးသွပ်မိုက်မဲစွာ အဆာကျယ်သမျှကို ဖြည့်စွမ်းနိုင်ဖို့ရာ ဘာအကျိုးမျှမရှိတဲ့အလုပ်တွေလုပ်ရင်း သေကြ၊ ကျေကြရတဲ့ လူတွေနဲ့ သူတို့ဟာ တပေါင်းတစည်းတည်း ဖြစ်တယ်ဆိုတဲ့ အကြောင်းကို သိမြင်လာအောင် အသိဉာဏ် ပေးလျက်လည်းကောင်း ဆက်လက် ပြောပြနေ၏။

အမေသည် ဆိုဖီယာ၏စကားများကို ကြားရသဖြင့် မတုန်လှုပ်ချေ။ သို့ရာတွင် ကမ္ဘာ့နိုင်ငံ အသီးသီးက လုပ်သားလူထုများနှင့် ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ကြရမည်ဟူသော စကားများကို ကြားလိုက်သောအခါ နေ့စဉ်နှင့်အမျှ အလုပ်လုပ်နေကြရသည့် လုပ်သားများအား မေတ္တာတရား၊ သစ္စာတရားနှင့် ရိုးသားဖြောင့်မတ်စွာ တွေးခေါ်မှုများနှင့် ပတ်သက်၍ မိမိတို့၏ အသက်ကိုပင် စွန့်ကာ ဟောပြောနေကြသော သူတို့အား အထူးကျေးဇူးတင်မိသွားလေ၏။

ထိုကြောင့် မျက်လုံးများကိုမှိတ်လျက် "အင်း၊ ဘုရားသခင်ကိုယ်တော်မြတ်က သူတို့ကို ကူညီတော်မူကြပါစေ" ဟု တွေးနေမိလေ၏။ အရုဏ်တက်လာ၍ ဆိုဖီယာသည် စကား ဆုံးသောအခါ သူ့ပတ်ဝန်းကျင်ရှိ ကြည်လင်တောက်ပ၍ စဉ်းစားနေကြသော လူများကိုကြည့်ပြီး ပြုံးနေ၏။

အမေက...

"ကဲ ... အိပ်ချိန်တန်ပြီ" ဟု ပြောလျှင် ဆိုဖီယာက

"ဟုတ်တယ်၊ အိပ်ချိန်ကျပြီ အမေ" ဟု ဆိုလိုက်၏။

လူငယ်တယောက်က သက်ပြင်းချလိုက်၏။ ရိုင်ဘင်ကမူ ခါတိုင်းလေသံမျိုးနှင့် မတူဘဲ...

"ခင်ဗျားတို့ကို ဒီနေရာက သွားတောင် မသွားစေချင်တော့ဘူးဗျာ။ ခင်ဗျားတို့ ပြောတာကို နားထောင်ရတာ သိပ်ကောင်းတာပဲ။ လူမျိုးတွေဟာ တမျိုးနဲ့ တမျိုး ညီညီညွတ်ညွတ် တသားတည်း ဖြစ်တယ်ဆိုတာကို သိလာအောင်၊ မြင်လာအောင် ပြောတာဟာ တကယ့်ကို အရေးကြီးတဲ့အလုပ်ပဲ။ သန်းပေါင်းများစွာသော လူတွေကလည်း ကျုပ်တို့ လုပ်ချင်တဲ့အလုပ်ကို လုပ်ချင်တယ်ဆိုတာကို သိရင် ကျုပ်တို့ဟာ ပိုပြီး သနားကြင်နာလာတယ်။ အဲဒီသနားကြင်နာခြင်းဟာ ကြီးမားတဲ့ အင်အားစုတရပ်ပဲ" ဟု ပြောနေလေ၏။

"သနားကြင်နာပါ၊ ဒါမှ တခြားလူက ခင်ဗျားကို နောက်ကနေ ခြေထောက်နဲ့ ကန်နိုင်အောင်လို့" ဟု ယီဖင်က တိုးတိုးရယ်ရင်းပြောကာ မတ်တတ်ရပ်လိုက်၏။ ထို နောက် တဖန်ဆက်၍...

"သူတို့ကို ဘယ်သူကမှ မမြင်ခင် သွားတာက ကောင်းလိမ့်မယ်ထင်တယ် ဦးလေး ရိုင်ဘင်။ ကျုပ်တို့က ဒီစာရွက်စာတမ်းတွေကို စပြီးဝေငှလိုက်တာနဲ့ တပြိုင်နက် ဒီ စာရွက်စာတမ်းတွေကို ယူလာတဲ့လူတွေကို အာဏာပိုင်တွေက လိုက်ရှာကြလိမ့်မယ်။ တယောက်ယောက်က 'အေး၊ တနေ့က လာကြတဲ့ ဘုရားဖူးတွေကို မှတ်မိတယ် မဟုတ်လား' လို့ ပြောနေလိမ့်မယ်" ဟု ပြောလေ၏။ ထိုအတွင်း ရိုင်ဘင်က ကြားဖြတ်၍

"အမေ အခုလို ဒုက္ခခံလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အမေကိုမြင်တော့ ကျုပ်က ပါဗယ်ကိုချည်း သတိရနေမိတော့တာပဲ။ အမေလုပ်နေတဲ့အလုပ်က သိပ်ကောင်းတာပဲ" ဟု ပြောလိုက်၏။

ယခု ရိုင်ဘင်သည် စိတ်ထားပိုမိုသိမ်မွေ့လာပြီး ပြုံးနေလေ၏။ လေသည်

အေးလာ၏။ သို့ရာတွင် သူသည် အပေါ်အင်္ကျီမဝတ်ဘဲ ရှပ်အင်္ကျီကို ရင်ဘတ်ကြယ်သီးများ မတပ်ဘဲ ဝတ်ထားရာ သူ၏ ရင်ဘတ်သည် ဟောင်းလောင်း ဖြစ်နေလေ၏။ အမေသည် သူ၏ တောင့်တင်းလှသည့် ကာယဗလကို သဘောကျနေလေသည်။ ထို့နောက် အမေက ရိုင်ဘင်အား

"တခုခုတော့ ဝတ်ထားဖို့ကောင်းတယ်၊ အေးတယ်ကွဲ့" ဟု ပြောလျှင် သူက... "ကျုပ်ဝမ်းထဲက နွေးပါတယ်" ဟု ပြန်ပြောလိုက်၏။

လူငယ်ကလေးသုံးယောက်သည် မီးဖိုနား၌ထိုင်၍ စကားပြောနေကြ၏။ ဆေဗီလီကမူ သူတို့ခြေရင်း၌ သိုးရေကိုခြုံကာ အိပ်နေလေ၏။ ကောင်းကင်ပြင်သည် ဖြူရော်ရော် ဖြစ်လာပြီး မည်းမှောင်သည့် အရိပ်များသည်လည်း ကွယ်ပျောက်ကုန်ကြ၏။ သစ်ရွက်များသည် ထွက်လာသည့် နေမင်းကို ကြိုဆိုသည့်အနေနှင့် တဖျတ်ဖျတ် လှုပ်ရှားလျက် နေကြလေသည်။

ရိုင်ဘင်က ဆိုဖီယာအား သူ့လက်ကို ကမ်းလျက် - "ကဲ၊ သွားကြပေတော့ဗျာ။ ကျုပ်တို့ မြို့ကိုလာရင် ခင်ဗျားကို ဘယ်လိုလုပ်ရှာရမလဲ" ဟု မေးလိုက်ရာ အမေက

"မင်းက အမေ့ကိုရှာလာရင် ပြီးတာပါပဲ" ဟု ဝင်ပြောလေ၏။

လူငယ်ကလေးသုံးယောက်သည် ဆိုဖီယာထံသို့ တဖြည်းဖြည်းလာ၍ လက်ဆွဲ နှုတ်ဆက်ကြ၏။ သူတို့သုံးဦးသည် ခင်မင်ရင်းနှီးသည့် စိတ်ထားဖြင့် ကျေနပ်နှစ်သိမ့်လျက် ရှိနေကြကြောင်း ထင်ရှား၏။ ထို့ကြောင့် သူတို့သည် ရှုံးတိုးရှုန့်တန့် ဖြစ်နေရင်း ဆိုဖီယာကို အိပ်ရေးပျက်သဖြင့် ကျိန်းနေသည့် မျက်လုံးများဖြင့် ကြည့်ကာ ပြုံးနေကြလေ၏။

ယာကော့က...

"ခင်ဗျားတို့မသွားမီ နို့ကလေးများ သောက်သွားပါဦး" ဟု ပြောလျှင် ယီဖင်က "နို့ ရှိသေးသလား" ဟု မေးလိုက်၏။ အစ်(ဂ်)နက်က သူ၏ဆံပင်ကို နောက်သို့ သပ်လျက်

"မရှိတော့ဘူး၊ ကျုပ်ကြောင့် ဖိတ်ကုန်လို့" ဟု ပြောလိုက်လေ၏။

ထို့နောက် လူငယ်သုံးယောက်တို့သည် ရယ်နေကြလေ၏။

သူတို့သည် နွားနို့အကြောင်း ပြောနေကြ၏။ သို့ရာတွင် သူတို့ဝမ်းထဲ၌ နွားနို့အကြောင်းသာမက အခြားကိစ္စ တခုခုကိုလည်း တွေးတောနေကြသည်ကို အမေက အကဲခတ်မိ၏။ သူတို့သည် အမေနှင့် ဆိုဖီယာအပေါ်တွင်

အလွန်စေတနာရှိကြ၏။ ဆိုဖီယာသည် သူတို့ကို အကဲခတ်မိ သဖြင့် ခပ်အမ်းအမ်း ဖြစ်နေ၏။ ထို့ကြောင့် သူတို့လူစုအား…

“ကျေးဇူးတင်ပါတယ် ရဲဘော်တို့” ဟုသာ ပြန်၍ ပြောလိုက်နိုင်၏။

လူငယ်များသည် တယောက်မျက်နှာကို တယောက် ကြည့်နေကြ၏။ ဆေဗီလီသည် ချောင်းတဟွပ်ဟွပ်ဆိုးကာ ကိုယ်ကို ယိမ်းထိုးနေလေ၏။ မီးဖိုမှ မီးသည် ငြိမ်းနေလေပြီ။

သူတို့လူစုက အမေနှင့် ဆိုဖီယာအား…

“ကဲ၊ သွားကြပေတော့ဗျာ” ဟု နှုတ်ဆက်လိုက်ရာ သူတို့၏စကားများတွင် ဝမ်းနည်းသံ ပါလျက် ရှိသည်ကို အမေနှင့် ဆိုဖီယာတို့က အကဲခတ်မိကြ၏။ ထိုနောက် သူတို့ ၂ ယောက်သည် အရုဏ်မတက်မီ မှေးမှိန်သည့် အရောင်ထဲတွင် ဖြည်းညင်းစွာ ထွက်သွားကြလေသည်။

“ဘယ်လောက် အံ့ဩစရာကောင်းတုံး။ တကယ့်ကို အိပ်မက်များ မက်သလိုပဲ။ လူတွေဟာ အမှန်တရားကို သိချင်ကြတယ် တူမကြီးရဲ့။ တကယ့်ကို သိချင်ရှာကြတယ်။ ဒါက ဘုရားရှိခိုးကျောင်းထဲမှာလိုပဲ၊ ခရစ္စမတ်တို့၊ အီစတာအခါနေ့ နံနက် ဘုရားဝတ် မပြုမီလိုဘဲ။ ဘုန်းကြီးကြွမလာခင် အစစ မှောင်မည်းတိတ်ဆိတ်ပြီး ကြောက်စရာတောင် ကောင်းသေးတယ်။ ဒါပေမဲ့ လူတွေက တဖြည်းဖြည်း များများလာတယ်။ ဒီနေရာ ရုပ်ပွားတော်တဆူရှေ့မှာ ဖယောင်းတိုင်တတိုင် ပူဇော်လိုက်၊ ဟိုနေရာ ရုပ်ပွားတော်တဆူရှေ့မှာ ဖယောင်းတိုင်တတိုင် ပူဇော်လိုက်နဲ့ တဖြည်းဖြည်း အားလုံး လင်းလာရတာပဲ။ အဲဒီနောက် ဘုရားသခင် ကိုယ်တော်မြတ်ရဲ့ ဂေဟာတော်မှာ မီးရောင်တွေ လွှမ်းသွားတော့တာပေါ့” ဟု ပြောလိုက်ရာ ဆိုဖီယာက ဝမ်းမြောက်ဝမ်းသာစွာ…

“အို သိပ်မှန်တာပဲ။ ဒီနေရာမှာ ဘုရားသခင်ကိုယ်တော်မြတ်ရဲ့ဂေဟာတော်က ကမ္ဘာကြီးတခုလုံး ဆိုတာပဲ ကွဲတယ်” ဟု ပြန်ပြောလေ၏။

အမေသည် ဦးခေါင်းကိုညိတ်လျက် “အင်း၊ ကမ္ဘာကြီးတခုလုံး” ဟု ပြန်၍ ရေရွတ်နေပြီး

“အို ဒါကတော့ သိပ်မှန်တာပဲ။ တူမကြီးက သိပ်စကားပြောကောင်းတာပဲ။ သိပ်ကောင်းလွန်းလို့ သူတို့က မကြိုက်ဘဲနေမှာတောင် အမေကဖြင့် စိုးရိမ်မိသေးတယ်” ဟု ပြောလိုက်၏။

ဆိုဖီယာသည် အချိန်အတော်ကြာ ငြိမ်နေ၏။ နောက်ဆုံး၌ သူက တည်ငြိမ်

"သူတို့နဲ့အတူနေရတော့ ပိုပြီးရိုးသားလာတယ် အမေ" ဟု ပြန်ဖြေလိုက်လေသည်။

သူတို့နှစ်ယောက်သည် ရိုင်ဘင်အကြောင်းကို လည်းကောင်း၊ အဆုတ်ရောဂါသည် ဆေဗီလီ အကြောင်းကိုလည်းကောင်း၊ ဆိုဖီယာ ပြောပြသည့်စကားတို့ကို ဂရုတစိုက် နားထောင်ကြပြီး မရဲတရဲ ဖြစ်နေကြစေကာမူ ကျေးဇူးတင်ကြောင်းကို လောကဝတ်ကျေစွာ လုပ်ကိုင်ပြလိုက် ကြသည့် လူငယ်တို့အကြောင်းကိုလည်းကောင်း တပြောပြောနှင့် ခရီးဆက်ခဲ့ကြ၏။ မကြာမီ သူတို့သည် လယ်ကွင်းများသို့ ရောက်လာကြပြီး နေသည်လည်း အရှေ့ဘက် ဥဒည်းစွန်းမှ ပြူလာလေ၏။ နေလုံးကို မမြင်ရသေးသော်လည်း နှင်းဆီရောင် နေရောင်ခြည်တို့သည် ကောင်းကင်ပြင်တွင် ယပ်တောင်သဖွယ် ပြန့်လျက် ရှိကြ၏။ မြက်ပင်ကလေးများပေါ်မှ ဆီးနှင်းပေါက်ကလေးတို့သည် အရောင်အဆင်း အမျိုးမျိုးဖြင့် တောက်ပြောင်နေကြ၏။ ကျေးငှက်ကလေးများသည် အိပ်တန်းမှ ထကြ၍ သူတို့၏ သာယာသော တေးသံတို့ဖြင့် နံနက်ခင်းကို ကြည်နူးစေလျက် ရှိကြ၏။ ဝဖြိုးလှသည့် ကျီးတို့သည် အာကြ၊ မြည်ကြရင်း ပျံသန်းသွားကြ၏။ ငှက်ဝါကလေးတကောင်ကလည်း အားကျမခံ မြည်လိုက်၏။ မကြာမီ တောင်ကုန်းပေါ်မှ အမှောင်ထုသည် ကွယ်ပျောက်၍ အလင်းရောင် လွှမ်းလာလေသည်။

အမေက စဉ်းစားရင်း လမ်းလျှောက်နေရာမှ

"တခါတခါ လူတယောက်ဟာ စကားတွေကို ပြောသာပြောနေတယ်။ နားထောင်ရတဲ့လူက နားမလည်ဘူး။ ရိုးရိုးလွယ်လွယ် စကားတွေနဲ့ ပြောလိုက်မှပဲ နားလည်တော့တယ်။ အခု ဟိုရောဂါသည်ကလည်း ဒီလိုပဲ။ အမေက သည်စကားတွေကို ကြားရတာ များလှပြီ။ အလုပ်ရုံတွေနဲ့ တခြားနေရာတွေမှာ အလုပ်သမားတွေ အတင်း အလုပ် လုပ်ခိုင်းတာကိုလည်း ကိုယ်တိုင်သိတယ်။ ဒါပေမဲ့ ဒါတွေကို မြင်ရတွေ့ရပါ များလွန်းလို့ စိတ်ထဲမှာ ဘာမျှမထိခိုက်ဘူး။ ဒါပေမဲ့ သူပြောလိုက်တဲ့ဟာကတော့ သိပ်ကြောက်စရာ ကောင်းတာပဲ။ ရှက်လည်း ရှက်စရာ ကောင်းတယ်။ ဘုရားသခင်ကိုယ်တော်ဘုရား၊ သူတို့ရဲ့အရှင်သခင်တွေဟာ ဒီလောက်တောင် ရယ်စရာ၊ လှောင်စရာ၊ ပြောင်စရာ ဖြစ်ရအောင် လူတွေက သူတို့ရဲ့အသက်တွေကို စွန့်ကြ၊ ဆုံးကြရတယ်ဆိုတာ ဟုတ်မှ ဟုတ်နိုင်ပါ့မလား ဘုရား" ပြောနေလေသည်။

အမေသည် ရောဂါသည် ဆေဗီလီအကြောင်းကိုသာ တွေးနေမိ၏။ သူ့ကို တွေ့လိုက်ရမှ သူ တွေ့ဖူး၊ ကြုံဖူး၊ ကြားဖူးခဲ့ပြီး မေ့လျော့နေခဲ့သည့် အလားတူ

အဖြစ်အပျက်တို့ကို ပြန်၍ တွေးမိလေသည်။

“တခါက ကျေးလက်တောပိုင်းက အရာရှိတယောက်ကို အမေ သိခဲ့ဖူးတယ်။ သူက သူတွေ့သမျှ ကျေးလက်က ဆင်းရဲသားတွေကို သူ့မြင်း ရှာထဲကိုဖြတ်သွားတိုင်း၊ သွားတိုင်း အလေးပြုရမယ် လို့ အမိန့်ထုတ်ထားတယ်။ အလေးမပြုတဲ့သူကို ဖမ်းတယ်။ သူ ဘာလို့များ ဒီလိုလုပ်ပါလိမ့်။ တကယ့်ကို ဘာအကြောင်းမှ မရှိဘဲနဲ့” ဟု တဖန် အမေက ဆက်၍ပြောပြန်၏။

ဆိုဖီယာသည် ထိုနေ့နံနက်ကဲ့သို့ပင် တောက်ပကြည်လင်သည့် သီချင်းတပုဒ်ကို ညည်းနေလေ သတည်း။

အခန်း ခုနစ်

အမေ၏ဘဝသည် ထူးခြားစွာ တည်ငြိမ်လေ၏။ တခါတခါ အမေသည် သူ၏တည်ငြိမ်မှုကို သူကိုယ်တိုင်ပြန်၍ အံ့သြနေမိ၏။ သူ့သားသည် ထောင်ထဲ၌ အချုပ်ခံနေရ၏။ အပြစ်ဒဏ် ပြင်းပြင်းထန်ထန် ခံရမည်ကိုလည်း သူသိ၏။ သို့ရာတွင် သူ့သားအရေးကို တွေးမိတိုင်း တွေးမိတိုင်း ယူကရိန်းသား ဖီယိုဒိုနှင့် အခြားသူ့သား၏ ရဲဘော်ရဲဘက်များသည် သူ့စိတ်ထဲ၌ ပေါ်ပေါ်လာကြ၏။ ပါဗယ်၏ပုံသဏ္ဍာန်သည် သူနှင့် အေးအတူ ပူအမျှ ဘဝဒဏ်ကို မျှခံနေကြသည့် ရဲဘော်တို့၏ ပုံသဏ္ဍာန်တို့ကို လွှမ်းလျက် သူ၏ မျက်စိထဲ၌ ပေါ်လာ၏။ သို့နှင့် သူ့သားအကြောင်း တွေးမိလျှင် သူ၏ အတွေးနယ်သည် မသိမမြင်နိုင်လောက်အောင် ကျယ်ပြန့်သွားပြီး သူ၏သံယောဇဉ်နှောင်ကြိုးကလည်း ရှည်ရှည်လာကြပြီး သူ့ကို ပါဗယ်နှင့် သာမက သူ၏ ရဲဘော်ရဲဘက်နှင့်တို့ပါ တုပ်နှောင်ပစ်လိုက်ကြလေသည်။

ခပ်သိမ်းသော အရေးကိစ္စတို့သည် မည်သို့မည်ပုံ ဖြစ်ပေါ်လာကြရသနည်း။ တနည်းအားဖြင့် သူ ယခု သိမြင်တွေ့ကြုံနေရသည့် အရေးအခင်းတို့သည် မည်ကဲ့သို့ ဖြစ်ပေါ်လာကြရသနည်း ဟူသောအချက်ကို သူသည် သိချင်၏။ နားလည်ချင်၏။ ဤအရေးကိစ္စတို့နှင့် ပတ်သက်၍ ရိုးရိုးရှင်းရှင်း ဖော်ထုတ်ပြချင်၏။ သို့နားလည်အောင် ဖော်ထုတ်ပြနိုင်အောင် ကြိုးပမ်းရင်း သူ၏စိတ်သည် နေရာတကာသို့ ပျံ့နှံ့သွား၏။ အရေးကိစ္စ ဟူသမျှ အပေါ်သို့ ကျရောက်သွား၏။ ထို့ကြောင့် သူ၏စိတ်သည် တခုတည်းသော အရေးကိစ္စပေါ်တွင် တည်၍မနေနိုင်ချေ။ အထူးသဖြင့် သူ့သားကိုချည်း လွှမ်း၍မနေနိုင်။ သူ့သားအတွက်ချည်း စိုးရိမ်ကြောင့်ကြ၍လည်း မနေနိုင်တော့ချေ။

မကြာမီ ဆိုဖီယာသည် ထွက်သွားပြန်၏။ ငါးရက်မျှကြာသောအခါ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနှင့် ပြန်လာ၏။ နာရီအနည်းငယ်အတွင်း တဖန်ထွက်သွားပြီး နှစ်သီတင်းလောက်အတွင်း ပြန်လာပြန်၏။ သူသည် ဘဝအတွင်း ကျယ်ပြန့်စွာ သွားလာ လှည့်လည်ပြီး သူ့မောင်အိမ်သို့ သူ၏ သူရသတ္တိနှင့် တူရိယာသံတို့ဖြင့် ဖြည့်စွမ်းရန် ပြန်လာဟန် ရှိလေသည်။

အမေသည် ဂီတကိုနှစ်သက်လာ၏။ ဂီတကို နားထောင်လိုက်လျှင် ဂီတ၏ နူးညံ့သိမ်မွေ့သည့် လှိုင်းဂယက်တို့သည် သူ၏နှလုံးသားကို လာရောက် ရိုက်ခတ်ကြသည်ဟု ထင်လာ၏။ နှလုံးသားသည် ပို၍တည်ငြိမ်စွာ ခုန်လာ၏။ အတွေးအခေါ်တို့ကိုလည်း နက်နဲစေ၏။ တဖန် ဤနက်နဲသည့် အတွေးအခေါ်တို့ကို ဂီတ၏ သြဇာအရှိန်နှင့်ပင် ပြန်လည် ပြောပြနိုင်လေသည်။

သို့သော် အမေသည် ဆိုဖီယာ၏ မသေသပ်မှုကို သည်းမခံနိုင်ချေ။ သူတို့အိပ်ခန်းသည် အမြဲတမ်း သူ၏ အဝတ်အစားများ၊ စီးကရက်တိုများနှင့် ပြာများဖြင့် ရှုပ်ထွေးနေ၏။ ဆိုဖီယာသည် စကားပြောသည့်အခါ စိတ်လက်မာန်ပါ ပြောတတ်၏။ နစ်ကိုလိုင်ကမူ သူ့ကိုယ်သူ ယုံကြည် စိတ်ချလျက် သိမ်မွေ့ တည်ငြိမ်စွာ ပြောတတ်၏။ အမေသည် ဆိုဖီယာ၏ စိတ်လက်မာန်ပါ ပြောတတ်သည့်စကားတို့ကို လက်မခံနိုင်ဘဲ ဖြစ်နေ၏။ ဆိုဖီယာသည် သူ့ကိုယ်သူ အများက လူကြီးတယောက်ဟု ယူဆစေချင်သည့် ကြီးကောင် ဝင်နေသော ကလေးတယောက်နှင့် တူ၏။ အခြားသူများကိုလည်း ထူးဆန်းသည့် ကလေးကစားစရာများဟု သဘောထား၏။ လုပ်အား၏ မွန်မြတ်မှုနှင့် ပတ်သက်၍ ပြောလေ့ရှိသော်လည်း သူ၏ အနေအထိုင် မသပ်ရပ်၊ မသန့်ရှင်းမှုတို့ကြောင့် အမေသည် အမြဲတမ်း အလုပ်ပိုလုပ်နေရ၏။ လွတ်လပ်မှုနှင့် ပတ်သက်၍ အာပေါင်အာရင်းသန်သန်နှင့် ပြောတတ်သော်လည်း သူ၏ သည်းခံနိုင်မှုနှင့် စကားကို မပြတ် အနိုင်ယူ၍ ပြောမှုတို့ကြောင့် လူတဖက်သားတွင် စိတ်ပင်ပန်း ညစ်ညူးရ၏။ သူ၏အပြောနှင့် အလုပ်တို့ မကိုက်ညီမှုတို့ကို သိနေသဖြင့် အမေသည် သူနှင့် သတိထား၍ ဆက်ဆံ၏။ နစ်ကိုလိုင်အပေါ်၌ စေတနာ မပျက်သော်လည်း သူ့အပေါ်၌ ထားခဲ့သည့် စေတနာသည် ပြောင်းသွားလေ၏။

နစ်ကိုလိုင်၏ဘဝသည် နေ့စဉ်ရက်ဆက် အပြောင်းအလဲမရှိ ငြီးငွေ့ဖွယ်ရာ ကောင်းနေသော် လည်း သူသည် အခြားသူများအပေါ်၌ အလွန်ထောက်ထား စာနာတတ်၏။ နံနက် ၈ နာရီ၌ သူသည် လက်ဖက်ရည် သောက်၏။ လက်ဖက်ရည်သောက်ရင်း သတင်းစာဖတ်ပြီး အမေ့အား သတင်းများကို ပြောပြတတ်၏။ သူပြောသည့်စကားတို့ကို နားထောင်ရင်း ဘဝ စက်ယန္တရား သည် လူသားတွေကို ပိုက်ဆံဖြစ်အောင် မည်ကဲ့သို့ ရက်ရက်စက်စက် ကြိတ်ဝါးပစ်သည်ကို ထင်ရှားစွာသိမြင်နားလည်လာ၏။ နစ်ကိုလိုင်နှင့် ယူကရိန်းသားတို့သည် တူကြ၏။ သူသည် ယူကရိန်းသားကဲ့သို့ပင် လူများအပေါ်၌ ရန်ငြိုးမထားဘဲ ပြောတတ်၏။ လောကတွင် တွေ့ကြုံနေရသည့် မတရားမှုတို့အတွက် လူတွေကို အပြစ်တင်၏။ သို့ရာတွင် လူသားတို့အတွက် ဘဝသစ်ထူထောင်ရေးတွင် ယူကရိန်းသားလောက် စိတ်အားမထက်သန်ချေ။ သူမျှော်မှန်းသည့် ဘဝသစ်သည် ယူကရိန်းသား မျှော်မှန်းထားသည့် ဘဝသစ်လောက် မပြတ်သားပေ။ သူသည် စကားပြောသည့်အခါ ခက်ထန်၍ ရိုးဖြောင့်သည့် တရားသူကြီးသဖွယ် အမြဲတမ်း တည်ငြိမ်စွာ ပြော တတ်၏။ လောကအတွင်း အလွန်ကြောက်ရွံ့ တုန်လှုပ်ဖွယ်ရာ အရေးကိစ္စတို့ကို ပြောလျှင် သူ၏နှုတ်ခမ်းများသည် ဝမ်းနည်းသည့်အသွင်ဖြင့် ပြုံးနေတတ်သော်လည်း သူ၏မျက်လုံးများ သည် ရက်စက်ခက်ထန်စွာ တောက်ပြောင်နေတတ်၏။ ထိုကြောင့် သူအခွင့်မလွှတ်နိုင်သည့် အပြစ်တခုခုကို ကျူးလွန်သူဟူသမျှအား သူသည် ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည် မဟုတ်ဟု အမေသည်သိ၏။ သို့ရာတွင် သူသည် လူတဖက်သားအပေါ်၌

ရက်စက်ကြမ်းကြုတ်ဖို့ရန် ခဲယဉ်းလေရကား အမေသည် သူ့အတွက် စိတ်မကောင်းချေ။ သူ့အပေါ်၌ အမေ၏ သံယောဇဉ်သည် တနေ့တခြား ကြီးထွားလာလေ၏။

နံနက် ၉ နာရီထိုးလျှင် နစ်ကိုလိုင်သည် အလုပ်သို့သွား၏။ သူ အလုပ်သို့ သွားသောအခါ အမေသည် အခန်းကို သန့်ရှင်း၏။ ညစာချက်ပြီး စာအုပ်များထဲမှ ရုပ်ပုံများကို ကြည့်နေတတ်၏။ ယခုအချိန်တွင် အမေသည် စာဖတ်တတ်နေပြီ ဖြစ်သော်လည်း စာတလုံးနှင့်တလုံး အဓိပ္ပာယ် မည်သို့မည်ပုံ ဆက်စပ်သည်ကို အလွယ်တကူနှင့် နားမလည်နိုင်သဖြင့် ချက်ချင်း ငြီးငွေ့ ငြီးငွေ့သွား၏။ သို့ရာတွင် အရုပ်များကိုကြည့်ပြီး သူသည် ကလေးများသဖွယ် ကျေနပ်နေ တတ်၏။ ဤအရုပ်ကားများထဲတွင် သစ်လွင်၍ ထူးဆန်းအံ့ဩဖွယ်ရာ ကမ္ဘာလောကသစ်ကို မြင်ရ၏။ ထိုကမ္ဘာလောကသစ်ကို အမေသည် သိမြင်နားလည်၏။ ကြီးကျယ်ခမ်းနားသည့် မြို့တော်ကြီးများ၊ လှပသော အဆောအအုံကြီးများ၊ စက်ယန္တရားများ၊ သင်္ဘောများ၊ ကျောက်တိုင်ကြီးများ၊ လူသား၏ လက်ဖြင့် ဖန်တီးထားသည့် တန်ဖိုးမဖြတ်နိုင်သည့် ပစ္စည်းဥစ္စာ ရတနာများ၊ အံ့မခန်းလောက်အောင် များပြားလှသည့် သဘာဝပစ္စည်းများသည် သူ့မျက်စိထဲတွင် ပေါ်ပေါ်လာကြ၏။ ဘဝသည် အဆုံးမရှိ အတောမသတ်နိုင်အောင် ကျယ်ပြန့်လျက်ရှိရာ အမေသည် ထူးဆန်းအံ့ဩဖွယ်ရာတို့ကို တခုပြီးတခု မြင်နေရ၏။ အလွန်များပြားလှသည့် ရတနာတို့နှင့် မခန်းနိုင်သည့် ခံ့ညားတင့်တယ်မှုတို့ကို မြင်ရသဖြင့် အမေသည် နှစ်သက်တပ်မက် လာ၏။ တိရစ္ဆာန်တို့နှင့် ပတ်သက်သည့် ကမ္ဘာ့မြေပုံကို ကြည့်နေရသည်ကို အထူးသဘောကျ၏။ ဤမြေပုံကို နိုင်ငံခြားဘာသာဖြင့် ရိုက်နှိပ်ထားသော်လည်း အမေသည် ဤမြေပုံကို ကြည့်ခြင်းအားဖြင့် ကမ္ဘာလောကကြီး၏ ဥစ္စာရတနာတို့ကိုလည်းကောင်း၊ ခံ့ညားတင့်တယ်မှုကို လည်းကောင်း၊ ကျယ်ပြန့်မှုကို လည်းကောင်း ထင်ထင်ရှားရှား သိမြင် လာလေသည်။

တနေ့သော် အမေက…

“ကမ္ဘာကြီးကဖြင့် တကယ့်ကို ကြီးကျယ်ခမ်းနားတာပဲ” ဟု အံ့ဩစွာ ပြောလေ၏။

ပိုးမွှားတိရစ္ဆာန်ကလေးများ၊ အထူးသဖြင့် လိပ်ပြာကလေးများကို မြင်ရလျှင် အမေသည် အလွန်သဘောကျမိ၏။ သူသည် ရုပ်ပုံများကိုလည်း တအံ့တဩ လေ့လာ၏။

“ချစ်စရာ မကောင်းဘူးလား နစ်ကိုလိုင်၊ ဒီလိုချစ်စရာကောင်းတာတွေဟာ နေရာတကာမှာ ရှိတယ်။ ဒါပေမဲ့ အမေတို့က ဒါတွေကို

ကျော်ကျော်သွားနေကြတယ်။ လူတွေမှာကလည်း တအားပြေးလွှားနေကြရတော့ ဘာမှမသိကြဘူး၊ မြင်လည်း မမြင်ကြဘူး။ ကြည့်နေဖို့လည်း အချိန်မရှိကြဘူး။ ကြည့်ချင်တဲ့ဆန္ဒလည်း မရှိကြဘူး။ ကမ္ဘာကြီးရဲ့ ဥစ္စာရတနာတွေနဲ့ ဒီကမ္ဘာလောကကြီးမှာ ထူးဆန်းတဲ့ သတ္တဝါတွေဟာ ဘယ်လောက် များများကြီး နေကြထိုင်ကြ တယ် ဆိုတာကို သိများသိရရင် ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်မလဲလို့” ဟု သူက ပြောလျှင် နစ်ကိုလိုင်က ပြုံး၍...

“အမှန်ကတော့ တကယ်ပျော်စရာကောင်းမှာပေါ့ဗျာ” ဟု ပြောရင်း ရုပ်စုံစာအုပ် တအုပ်ကို လှမ်း၍ပေးလိုက်၏။

ညနေခင်းအခါများ၌ ဧည့်သည်များသည် နစ်ကိုလိုင်ကို တွေ့ရန် လာကြ၏။ ထိုသို့ လာကြသူများကား အလက်ဇေ၊ ရိုမန်၊ အိုင်ဗင်နှင့် ယီဂါတို့ ဖြစ်ကြ၏။ သူတို့သည် အမြဲတမ်းလိုလို လာကြ၏။ အလက်ဇေသည် ရုပ်ရည်သနားကမားဖြစ်၏။ သူ၏မျက်နှာသည် ဖြူရော်ရော်ဖြစ်ပြီး သူ၏မုတ်ဆိတ်မွေးသည် မည်းနက်၏။ ဣန္ဒြေကြီးပြီး နှုတ်ဆိတ်၏။ ရိုမန်သည် ဝက်ခြံထူ၏။ ဦးခေါင်းက လုံး၏။ တစုံတခုနှင့် ပတ်သက်၍ အမြဲတမ်း ဝမ်းနည်းသလိုလို ပြောနေတတ်၏။ အိုင်ဗင်သည် လူလုံးလူဖန်အားဖြင့် သေး၏။ သူ၏ မုတ်ဆိတ်မွေးသည် စုတ်ချွန်းချွန်းဖြစ်နေ၏။ စကားပြောလျှင် အသံကျယ်ကျယ် မြန်မြန် ပြောတတ်၏။ သူသည် စကားပြောသွက်ပြီး သူ့အသံက စူးရှ၏။ ယီဂါသည် သူ့ကိုယ်သူ လည်းကောင်း၊ သူ၏ရဲဘော်များကိုလည်းကောင်း၊ အမြဲတမ်း ဆိုးတတ်သည်ထက် ဆိုးရွားလာသည့် သူ၏ရောဂါဝေဒနာကိုလည်းကောင်း ရယ်သွမ်း သွေးနေတတ်၏။ အခြား အလှမ်းကွာသည့် မြို့ကြီးများမှ ကမ္ဘာ့ဧည့်သည်များလည်း ရှိ၏။ နစ်ကိုလိုင်သည် အမြဲတမ်း ကမ္ဘာ့အလုပ်သမားများအကြောင်းနှင့် ပတ်သက်၍ အချိန်ကာလ ကြာမြင့်စွာ စကားပြော နေတတ်၏။ သူ့ရဲဘော်များကလည်း သူတို့၏လက်များကို မြှောက်လိုက် ယမ်းလိုက်နှင့် လက်ဖက်ရည်များကို သောက်ကာ အားတက်သရော အချေအတင် ပြောကြ၏။ တခါတရံ သူတို့စကားပြောနေကြစဉ် နစ်ကိုလိုင်သည် ကြေညာစာတမ်းများကို ရေးနေပြီး ထိုကြေညာ စာတမ်းတို့ကို သူတို့အား ဖတ်ပြ၏။ ထို့နောက် သူတို့က ရုတ်တရက် ထိုကြေညာချက်တို့ကို ကူးယူတတ်ကြ၏။ အမေက အကြမ်းရေးထားသည့် စာရွက်တို၊ စာရွက်စတို့ စုဆောင်းပြီး မီးရှို့ပစ်ရလေသည်။

သူတို့အား လက်ဖက်ရည် ငှဲ့ပေးနေစဉ် လုပ်သားပြည်သူတို့၏ဘဝကြမ္မာနှင့် ပတ်သက်၍ လည်းကောင်း၊ ၎င်းတို့အကြားတွင် သစ္စာတရားကို အကောင်းဆုံးနှင့် အမြန်ဆုံး ဖြန့်ဖြူးပုံ၊ ဖြန့်ဖြူးနည်းနှင့် ပတ်သက်၍လည်းကောင်း၊ သူတို့အား စိတ်ဓာတ်အားဖြင့် စုစည်းပုံ၊ စုစည်းနည်းနှင့် ပတ်သက်၍လည်းကောင်း အားတက်သရော ပြောနေကြသည်ကို ကြည့်၍ အံ့သြနေမိ၏။ တဦးနှင့် တဦး

အချေအတင် ငြင်းခုံဆွေးနွေးကြစဉ် သူတို့သည် မကြာခဏ ဒေါသတကြီး ဖြစ်ပြီး တယောက်ကိုတယောက် စွပ်စွဲကြ၏။ သို့ရာတွင် ဆက်လက်၍ ငြင်းခုံမြဲ ငြင်းခုံကြလေ၏။

အလုပ်သမား လူတန်းစားအကြောင်းကို သူတို့တတွေက သူ့လောက်မသိကြသည်ကို အမေသည် သိ၏။ သူတို့ထမ်းဆောင်နေကြသည့်တာဝန် မည်မျှကြီးမားသည်ကိုလည်း သိ၏။ ထိုသို့သိသဖြင့် သူတို့တတွေကို သူသည် လေးစားမိ၏။ ကလေးချင်း ဘာအဓိပ္ပာယ် ဘာသဘောမှ မသိဘဲ တယောက်နှင့် တယောက် လင်မယားလုပ်တမ်း ကစားနေကြသည်ကို ကြည့်နေသည့် အသက်အရွယ် ကြီးရင့်ပြီးသူ တယောက်က ဝမ်းနည်းနေသကဲ့သို့လည်း ဝမ်းနည်းမိ၏။ သူတို့ပြောကြသည့်စကားများနှင့် ပါဗယ်နှင့် ယူကရိန်းသားတို့ ပြောကြသည့်စကားတို့ကို အမှတ်တမဲ့ နှိုင်းယှဉ်ကြည့်မိ၏။ ထို စကားနှစ်ရပ်သည် တခုနှင့် တခု ခြားနားသော်လည်း အမေသည် ပထမ၌ သတိမပြုမိချေ။ ဤနေရာမှ ရဲဘော်များသည် အလုပ်သမားရပ်ကွက်မှ ရဲဘော်များထက် ပို၍ အော်ကြ ဟစ်ကြသည်ကို တခါတခါ အမေသည် သတိထားမိလေသည်။

“သူတို့က ပိုသိလို့ ပိုအော်ကြ၊ ဟစ်ကြတာပဲ” ဟု အမေသည် စဉ်းစားမိ၏။

သူတို့အထဲမှ လူတိုင်းသည် သူ့ကိုယ်သူ အခြားသူများထက် သစ္စာတရားကို ပို၍လေးစားကြောင်း ပြချင်ကြ၏။ ထို့ကြောင့် သူတို့သည် တမင်သက်သက် တယောက် စိတ်ကို တယောက်က ဆွပြီး ကိုယ့်ကိုယ်ကို စိတ်အားထက်သန်ကြောင်း ပြနေကြသည်ဟု အမေသည် မကြာခဏ တွေးမိ၏။ အချို့က ဤကဲ့သို့ စိတ်ကိုဆွလျှင် ဒေါသဖြစ်၏။ သူတို့က သစ္စာတရားကို ပို၍လေးစားကြောင်း ပြလိုသဖြင့် ကြမ်းတမ်း၍ နာကြည်းသည့်စကားတို့ကို ပြောကြ၏။ သူတို့အထဲမှ လူတိုင်းသည် အခြားသူများထက်ပို၍ အဆင့်မြင့်လိုဟန်ရှိ၏။ ထို့ကြောင့် အမေသည် စိတ်သောကလည်း ရောက်မိ၏။ ဝမ်းလည်းနည်းမိလေသည်။

သူတို့ကို ကြည့်ရင်း “အင်း၊ သူတို့တတွေကတော့ ပါဗယ်နဲ့ သူ့ရဲဘော်တွေကို မေ့နေကြပြီ” ဟု တွေးနေမိလေသည်။

သူတို့ ငြင်းခုံနေကြသည်ကို အမှန်အားဖြင့် အမေသည် နားမလည်၊ သို့ရာတွင် သူတို့ ပြောဆိုနေကြသည့် စကားများကို လေးလေးနက်နက်ကို ဂရုစိုက်၍ နားထောင်လေ့ ရှိ၏။ သူတို့စကား၏ နောက်ကွယ်မှ သူတို့၏ စိတ်ဓာတ်ကို သိအောင် အကဲခတ်၏ ကြိုးစား၏။ မည်သည့်တရားသည် ကောင်းသည်၊ မှန်မြတ်သည် စသောအချက်နှင့် ပတ်သက်၍ ဆွေးနွေးကြလျှင် ယခင် သူနေထိုင်ခဲ့သော အလုပ်သမားရပ်ကွက်မှ လူများသည် ကောင်းသည့်၊ မှန်မြတ်သည့် တရားတို့ကို ပြည့်ပြည့်စုံစုံ လုံးဝဥဿုံ လက်ခံကြသည်ကို သူသတိရ၏။ ဤနေရာ၌

ဤကဲ့သို့မဟုတ် တရားသည့်၊ မွန်မြတ်သည့် တရားတို့ကို ဟိုတစ သည်တပိုင်း ထုတ်ပစ်ကြ၏။ အလုပ်သမားရပ်ကွက်မှ လူများ၏စိတ်ထားသည် ပို၍ နက်နဲ၏။ ပို၍ ခိုင်မာတောင့်တင်း၏။ ဤနေရာမှ လူများ၏စိတ်ထားသည် အတွေးလွန်ပြီး ပျက်ပြားနေ၏။ ဤနေရာမှ လူများသည် အဟောင်းကို ပယ်ဖျက်ရန် ပို၍ပြောဆိုကြ၏။ အလုပ်သမားရပ်ကွက်မှ လူများကမူ အသစ်ကို ပို၍ မျှော်မှန်းကြ၏။ ထို့ကြောင့် ပါဗယ်နှင့် ယူကရိန်းသားတို့၏ စကားတို့ကို အမေသည် ပို၍နှစ်သက်ပြီး ပို၍နားလည်လေသည်။

အလုပ်သမားတယောက်သည် နစ်ကိုလိုင်ကို လာတွေ့လျှင် အမူအရာအားဖြင့် အလွန် လွတ်လပ်၏။ အေးဆေး၏။ သူ၏မျက်နှာသည် အလွန်ချိုသာ၍ စကားပြောရာတွင် ပြောနေကျ ဆိုနေကျ သဘောမျိုးနှင့်မဟုတ်ဘဲ ပို၍ကြမ်းတမ်းရုန့်ရင်းသော စကားတို့ဖြင့် ပြောတတ်၏။ ဤအချက်တို့ကို အမေသည် သတိထားမိ၏။

ထို့ကြောင့် "အင်း၊ သူပြောတာကို နားလည်အောင် သူ့ခမျာ ကြိုးစားပြီး ပြောနေရရှာတယ်" ဟု တွေးမိ၏။

သို့ရာတွင် ဤအချက်ကို အမေသည် မကျေနပ်ချေ။ အလုပ်သမားကိုယ်တိုင် အနေရအထိုင်ရ ကျုံ့ပြီး သူ့ဝမ်းတွင်း၌ ပြောစရာဆိုစရာတွေကို မျိုသိပ်ထားရသည်ကိုလည်းကောင်း၊ သူကဲ့သို့ သာမန်အလုပ်သမား အမျိုးသမီးတယောက်နှင့် စကားပြောရသည်ထက် နစ်ကိုလိုင်နှင့် စကားပြောရာတွင် မလွတ်လပ်သည်ကိုလည်းကောင်း၊ လွတ်လွတ်လပ် မပြောနိုင်သည်ကို လည်းကောင်း အမေသည် အကဲခတ်မိ၏။ တခါသော် နစ်ကိုလိုင်သည် အလုပ်သမား တယောက်နှင့် စကားပြောရင်း အပြင်သို့ထွက်သွားရာ အမေက ထိုအလုပ်သမားအား...

"မောင်ရင်က ဘာများ ကြောက်နေရတာလဲ။ မောင်ရင်ဟာ ကျောင်းဆရာတယောက်ရှေ့မှာ ကဗျာလင်္ကာကို အရကျက်ပြီး ပြန်ပြနေရတဲ့ ကျောင်းသားကလေး မဟုတ်ပါဘူး" ဟု ပြောမိလေသည်။ ထိုအခါ အလုပ်သမားက ပြုံးလျက် -

"ကိုယ့်အသိုင်းအဝိုင်းထဲမှာ မဟုတ်တော့ ရှက်သလိုလို၊ ရွံ့သလိုလို ဖြစ်မိပြန်တာပေါ့ အမေရယ်။ အမှန်ကတော့ သူက ကျုပ်တို့နဲ့ တူတာမှ မဟုတ်ဘဲနဲ့" ဟု ပြန်ပြောလေ၏။

တခါတရံ ဆာရှာသည် ပေါ်ပေါက်လာတတ်၏။ သို့ရာတွင် သူသည် ကြာကြာ မနေ။ မရယ်မမောဘဲ ပြောစရာ ရှိသလောက် တန်းစေ့ရုံမျှလောက်သာ စကားပြောပြီး ပြန်ပြန်သွားတတ်၏။ သို့ ပြန်ခါနီးတွင်

"ပါဗယ် ဘယ့်နှယ်နေတုံး အမေ" ဟု မေးတတ်ရာ အမေကလည်း…

"သူကတော့ ပျော်ပျော်ရွှင်ရွှင်ပါပဲ။ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်ပေါ့" ဟု ပြန်ပြောတတ် ၏။ ထို့နောက်

"ကျွန်မက သူ့ကိုသတိရကြောင်း ပြောပြလိုက်ပါ အမေ" ဟု ပြောရင်း ထွက်သွားတတ်လေသည်။

တခါသော် အမေက သူ့အား "အင်း၊ သူတို့တတွေက ဘာလုပ်နေကြတယ် မသိဘူး။ ဘာမှမစစ်ဆေးဘဲ ပါဗယ်ကို ချုပ်ထားလိုက်ကြတာ" ဟု ပြောလိုက်လျှင် ဆာရှာက ဘာမှမပြောဘဲ ငြိမ်နေ၏။ သို့ရာတွင် သူ့လက်ချောင်းများက တုန်နေလေသည်။ အမေသည် သူ့အား "ငါ့သမီးက သူ့ကို ချစ်တယ်ဆိုတာ အမေ သိပါတယ်" ဟု ပြောလိုက်ချင်၏။ သို့ရာတွင် မပြောဝံ့။ ဆာရှာ၏တည်ငြိမ်သော မျက်နှာထား၊ စေ့ထားသည့် နှုတ်ခမ်းများ၊ ပြတ်တောင်းသည့် စကားများကြောင့် သူသည် ကြင်ကြင်နာနာ ယုယုယယ မလုပ်ဝံ့ချေ။ ထို့ကြောင့် အမေသည် သက်ပြင်းချပြီး သူ့ဆီသို့ ကမ်းလှမ်းလိုက်သည့် လက်ကို ဖျစ်ညှစ်၍

"အင်း၊ သူ့ခမျာ ဘယ်လောက်များ စိတ်ဆင်းရဲနေပါလိမ့်" ဟု စဉ်းစားရုံသာ စဉ်းစားမိလေသည်။

တနေ့သ၌ နာတာရှာသည် ပေါက်လာ၏။ အမေ့ကို ဤနေရာ၌ တွေ့နေသဖြင့် ဝမ်းမြောက်သွား၏။ ထို့နောက် အမေ့ကိုနမ်းပြီး ရုတ်တရက်…

"ကျွန်မအမေကတော့ ဆုံးပြီ။ တကယ့်ကို သနားစရာကောင်းတဲ့ အမေပဲ" ပြော၍ ရှိုက်ကာ မျက်စိများကို လက်ဖြင့်သုတ်လျက်…

"သနားစရာပဲ။ အသက်ငါးဆယ်တောင် မရှိသေးဘူး။ နေမယ်ဆိုရင် အများကြီး နေနိုင်သေးတာ ပေါ့။ ဒါပေမဲ့ သူ့အတွက်တော့ အသက်ရှင်နေရတာထက် သေရတာပဲ ကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ သူဟာ အမြဲတမ်း တယောက်တည်း နေရတယ်။ ဘယ်သူကမှ သူ့ကိုမချစ်ဘူး။ ဘယ်သူကမှလည်း သူ့ကို ဂရုမစိုက်ဘူး။ ပြီးတော့ ကျွန်မအဖေက အမြဲတမ်း အော်ဟစ် ကြိမ်းမောင်းနေတော့ သူ့ခမျာ အမြဲတမ်း ကြောက်နေရတာပေါ့။ အဲဒါကို အသက်ရှင်နေတယ်လို့ ခေါ်မလား။ တခြားလူတွေကတော့ ဘဝကို ကောင်းလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ နေကြတယ်။ ဒါပေမဲ့ ကျွန်မအမေမှာ အနာဂတ်အတွက် ဘာမျှော်မှန်းချက်မှ မရှိဘူး။ သူ့ကို ဘယ်သူက စော်ကားပြီး ဘယ်သူက နှိပ်စက်ပါ့မလဲ ဆိုတာကိုသာ မျှော်မှန်းဖို့ရှိတယ်" ဟု ဆက်၍ ပြောလေ၏။ အမေသည် စဉ်းစားနေရာမှ…

"ညည်းပြောတာ တကယ်ပဲလား နာတာရှာ" ဟု ပြောပြီး "လူတွေဟာ

ဘဝကို ကောင်းလာနိုး၊ ကောင်းလာနိုးနဲ့ နေကြတာတော့ အမှန်ပဲ။ ဒါပေမဲ့ ရှေ့ကို ဘာမှမျှော်မှန်းစရာမရှိရင် ဘဝဟာ ဘာလုပ်ဖို့လဲ။ (အမေသည် နာတာရှာ၏လက်ကို ပွတ်သပ်နေရင်း) အခု "ညည်းတယောက်တည်းလား" ဟု မေးရာ

"ဟုတ်ပါတယ် တယောက်တည်း နေရပါတယ် အမေ" ဟု နာတာရှာက ခပ်ပေါ့ပေါ့ ပြန်ဖြေလိုက်၏။ အမေသည် တခဏမျှ ငြိမ်သက်နေပြီးနောက်

"အေး အေး၊ လူကောင်းသူကောင်းတွေဟာ ဘယ်တော့မှ ကြာကြာတယောက်တည်း မနေပါဘူး။ သူတို့ကို အခြားလူတွေက အမြဲတမ်းလာလာပြီး မှီခိုနေကြရတာပဲ" ဟု ပြန်၍ ပြောလိုက်လေ သတည်း။

အခန်း ရှစ်

မကြာမီ နာတာရှာသည် ရက်ကန်းရုံတရုံမှ ဖွင့်ထားသည့် ကျောင်းတကျောင်း၌ ဆရာမ ဝင်လုပ်လေ၏။ အမေက သူ့ကို တရားဥပဒေနှင့် ဆန့်ကျင်သည့် ကြေညာစာတမ်း၊ စာရွက်စာတမ်းများနှင့် သတင်းစာများ လာလာပေး၏။

ဤအလုပ်သည် အမေ၏အလုပ် ဖြစ်၏။ သူ့ကိုယ်သူ သီလရှင်တယောက်အသွင်ဖြင့် လည်းကောင်း၊ ဇာများ ပန်းထိုးအဝတ်များကို လျှောက်၍ ရောင်းနေသည့် လမ်းလျှောက် ဈေးသည်အသွင်ဖြင့် လည်းကောင်း၊ ဂုဏ်သရေရှိ အမျိုးသမီးတယောက် သို့မဟုတ် ဘုရားဖူး တယောက်အသွင်ဖြင့်လည်းကောင်း ဟန်ဆောင်ကာ ပခုံးပေါ်၌ အိတ်တလုံးကို လွယ်လျက် လည်းကောင်း၊ လက်ထဲ၌ လက်ဆွဲအိတ်ကလေးတအိတ်ကို ကိုင်လျက်လည်းကောင်း တလလျှင် အကြိမ်ပေါင်းများစွာ ခရီးထွက်လေ့ရှိ၏။ ရထားပေါ်၊ သင်္ဘောပေါ် ဟိုတယ်နှင့် ထမင်းဆိုင်များ၌ သူသည် ရိုးသား၍ ဣန္ဒြေရလှ၏။ ခရီးသည်များကို တွေ့လျှင် သူကပင် ဦးအောင် လောကွတ် ပျူငှာစွာဖြင့် နှုတ်ဆက်၏။ အပေါင်းအသင်း ဆံ့မှုဖြင့်လည်းကောင်း၊ ဘဝတွင် အတွေ့အကြုံ များသည့် ပုဂ္ဂိုလ်တယောက်အနေဖြင့် လည်းကောင်း သူသည် ဘာမျှမကြောက်မရွံ့ဘဲ သူ့အား လူအများက ဂရုစိုက်လာအောင်လည်း လုပ်လေသည်။

သူသည် လူများနှင့် စကားပြောချင်၏။ သူတို့အဖြစ်အပျက်နှင့် မကျေနပ်မှုတို့ကို နားထောင်ချင် ၏။ သူတို့စိတ်ထဲ၌ မဝေခွဲနိုင်သည့် ပြဿနာတို့ကို ကြားချင်၏။ ဘဝတွင် အကြီးအကျယ် မကျေမနပ် ဖြစ်နေပြီး ဤမကျေနပ်မှုဖြင့် ဘဝကံ ဆိုးရွားမှုတို့ကို တွန်းကန် ခုခံရင်း ဘဝ၏ ထင်ရှားသည့် ပြဿနာတို့ကို ဖွဲ့နပဲသန်သန်နှင့် ဖြေရှင်းရန် ကြိုးပမ်းနေသည့် လူတယောက်ကို တွေ့မိလျှင် အမေသည် အမြဲတမ်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်၏။ နေ့စဉ် ထမင်းတလုပ် စားရရေးအတွက် မနေမနား လှုပ်ရှားရုန်းကန်နေရသည့် လူသား၏ဘဝကိုလည်း အမေသည် မြင်နေ၏။ လူအများကို လိမ်လည်ရန်လည်းကောင်း၊ လူအများကို ဖျက်ဆီးရန်လည်းကောင်း၊ လူအများ၏ သွေးကိုသောက်ပြီး သူတို့ထံမှ အမြတ်ရသမျှကိုယူရန် လည်းကောင်း အရှက်မရှိ၊ အကြောက်မရှိ ကြိုးပမ်းလျက်နေသည်ကို နေရာတကာ၌ တွေ့မြင်နေရ၏။ ကမ္ဘာပေါ်တွင် အစစ ပစ္စည်းဥစ္စာရတနာတွေ ပေါ၏။ သို့ရာတွင် ဤမျှ ချမ်းသာကြွယ်ဝသည့် ပစ္စည်းဥစ္စာရတနာများ အကြား၌ လူထုတို့သည် ငတ်ပြတ်ဆင်းရဲ၍ နေကြရ၏။ မြို့များမှ ဘုရားရှိခိုးကျောင်းများ၌ ဘုရားသခင် ကိုယ်တော်မြတ်အတွက် ဘာမျှ

အသုံးမကျသည့် ရွှေငွေရတနာတို့သည် ပြည့်လျှံလျက် ရှိ၏။ သို့ရာတွင် ဘုရားရှိခိုးကျောင်း တံခါးဝများ၌ ပိုက်ဆံ တပြား နှစ်ပြား ရပါမည့်အကြောင်း လက်ဝါးဖြန့်၍ ချမ်းချမ်းတုန်တုန်နှင့် တောင်းနေကြသည့် သူတောင်းစား များကို တွေ့ရ၏။ ချမ်းသာကြွယ်ဝသည့် ဘုရားရှိခိုးကျောင်းများနှင့် ဘုန်းကြီးများ၏ ရွှေချည်ထိုးထားသည့် ဝတ်ရုံကြီးများကို လည်းကောင်း၊ ဆင်းရဲသားတို့၏ အိမ်ကုပ်၊ တဲစုတ်များနှင့် သူတို့၏ ရှက်စရာကောင်းသည့် အဝတ်စုတ် အဝတ်ပုံတို့ကိုလည်းကောင်း အမေသည် ယခင်က မြင်ဖူးခဲ့၏။ ထိုစဉ်က ဤအခြင်းအရာတို့ကို သဘာဝကျသည်ဟု ယူဆခဲ့၏။ သို့ရာတွင် သူသိထားသည့်အတိုင်း ဘုရားရှိခိုးကျောင်းသို့ ပို၍နီးကပ်ပြီး လူချမ်းသာတွေထက် ဘုရားတရားကို ပို၍ အားကိုးနေကြသည့် လူဆင်းရဲတို့အတွက် ဤကဲ့သို့ စုတ်ပြတ်ဝတ်နေကြရသည်မှာ သည်းမခံနိုင်စရာလည်းဖြစ်၊ ရိုင်းပျ စော်ကားရာလည်း ရောက်သည်ဟု ထင်မြင်ယူဆလာလေသည်။

သူ တွေ့မြင်ခဲ့ဖူးသည့် ခရစ်တော် ကိုယ်တော်မြတ်၏ပန်းချီကားများနှင့် သူ ကြားဖူးခဲ့သည့် ခရစ်တော် ကိုယ်တော်မြတ်၏ အတ္ထုပ္ပတ္တိများမှ ခရစ်တော် ကိုယ်တော်မြတ်သည် အဝတ်အစားကို ရိုးရိုးဝတ်ဆင်၍ ဆင်းရဲသူ၊ ဆင်းရဲသားတို့၏ မိတ်ဆွေတယောက် ဖြစ်ကြောင်းကို သိရ၏။ သို့ရာတွင် ယခု ဘုရားရှိခိုးကျောင်းများထဲ၌ သူ၏ ရုပ်တုတော်ကို ဆင်းရဲသူ ဆင်းရဲသားများထံမှ မတရား လုယူထားကြသည့် ရွှေများနှင့် စက်ဆုပ်ရွံရှာဖွယ် တဖျတ်ဖျတ် လွင့်မြူးလျက်ရှိသည့် ပိုးဖဲကတ္တီပါတို့နှင့် ဝတ်ဆင် ခြယ်သထားသည့် ခရစ်တော် ကိုယ်တော်မြတ်ကိုသာ တွေ့မြင်နေရ၏။ ဤတွင် ရိုင်ဘင် ပြောဖူးသည့်၊

"သူတို့တတွေဟာ ဘုရားသခင် ကိုယ်တော်မြတ်နဲ့ ပတ်သက်လို့လည်း ကျုပ်တို့တတွေကို လိမ်ညာ လှည့်စားနေကြတာပဲ" ဟူသော စကားကို ပြေး၍ သတိရမိလေ၏။

သို့နှင့် အမေသည် အမှတ်မထင် ဘုရားကို ဝတ်အပြုနည်းလာ၏။ သို့ရာတွင် ခရစ်တော် ကိုယ်တော်မြတ်အကြောင်းကို ပို၍ ပို၍ စဉ်းစားလာ၏။ ၎င်းပြင် ကမ္ဘာလောကကြီးကို ဆင်းရဲသူ၊ ဆင်းရဲသားတို့၏နိုင်ငံတော်အဖြစ် သိမြင်လျက်လည်းကောင်း၊ ကမ္ဘာလောကကြီးမှထွက်သည့် ပစ္စည်းဥစ္စာရတနာတို့ကို ဆင်းရဲသူ၊ ဆင်းရဲသား အားလုံးအား အညီအမျှ ခွဲဝေပေးရန် ကြိုးပမ်းလျက်လည်းကောင်း ဘုရားသခင် ကိုယ်တော်မြတ်၏ ကျင့်ဝတ်သိက္ခာများအရ ဘုရားသခင် ကိုယ်တော်မြတ်၏ စီနမူတော်အရ နေထိုင်လျက်ရှိကြသည့် လူတွေအကြောင်းကို လည်း ပို၍ စဉ်းစားလာမိ၏။ ဤကိစ္စနှင့်ပတ်သက်၍ လေးလေးနက်နက် တွေးကြည့်၏။ သူ၏ အတွေးအခေါ်တို့သည် ကြီးထွား နက်ရှိုင်းလာ၏။ သူ မြင်သမျှ ကြားသမျှတို့ကို

လွှမ်းခြုံသွား၏။ သူ၏ အတွေးအခေါ်တို့သည် ကြီးထွားလာပြီး၊ ဘုရားဝတ်ရွတ်စဉ်ကဲ့သို့ တောက်ပြောင်လာပြီး မှောင်မိုက် ကမ္ဘာကြီးတခုလုံး (ဝါ) ဘဝတခုလုံးနှင့် လူသားအားလုံးတို့ကို ထင်ရှားပေါ်လွင် စေ၏။ ၎င်းပြင် သူ ယခင်က ကြောက်ခြင်းနှင့် မျှော်လင့်ခြင်းတို့ ရောယှက်လျက် လည်းကောင်း၊ ပျော်ရွှင်ခြင်းနှင့်ဝမ်းနည်းခြင်းတို့ ရောယှက်လျက်လည်းကောင်း အမြဲ ကြည်ညို မြတ်နိုးခဲ့သည့် ခရစ်တော် ကိုယ်တော်မြတ်ကို ယခင်ကထက် ပို၍ ကြည်ညို မြတ်နိုးလာ၏။ ထိုမျှမက သူ၏ အမည်နာမတော်ဖြင့်လည်းကောင်း၊ လူသား၏ မဟာမိတ်ဆွေကြီး၏ အမည်နာမတော်ဖြင့် လည်ကောင်း မြတ်နိုးလှသည့် သဒ္ဒါဟုန်ဖြင့် မခေါ်ဝံ့၊ မပြောဝံ့ကြသည့် ဘုရားသခင် ကိုယ်တော်မြတ်သည် လူသားတို့က စေတနာ ထက်သန်စွာဖြင့် ပေးလှူကြသော သွေးဖြင့် ဆေးကြော၍ ပြန်လည် ရှင်သန်လာဘိသကဲ့သို့ သူသည်လည်း ပြောင်းလဲခဲ့၏။ မြင့်မားလာခဲ့၏။ ပို၍ တောက်ပြောင်ပြီး ရွှင်လန်းလာခဲ့၏။ သူသည် ခရီးထွက်ပြီးတိုင်း နစ်ကိုလိုင်ထံသို့ ပျော်ရွှင်စွာ ပြန်လာ၏။ လမ်းခရီးအတွင်း သူ တွေ့မြင်ခဲ့သမျှ ကြားခဲ့သမျှအတွက် စိတ်ဓာတ် တက်ကြွလာ၏။ သူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသဖြင့် ကျေလည်း ကျေနပ်လျက် ရှိလေသည်။

တနေ့ ညနေချမ်းအခါ အမေက နစ်ကိုလိုင်အား "ဒီလို ခရီးထွက်ပြီး ဒီလို ကြည့်ရ မြင်ရတာက ကောင်းတယ်။ ဒီလိုသွားတော့ ဘဝအကြောင်းကို သိတယ်၊ နားလည်တယ်။ ဆင်းရဲသားတွေဟာ လူ့ဘောင်ရဲ့ အစွန်အဖျားကို ရောက်သွားကြပြီး အမှောင်ထုထဲမှာ ပြားပြားဝပ် နေကြရတယ်။ သူတို့ကိုယ် သူတို့ ဘာ့ကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာကို ပြန်ဆန်းစစ်နေကြတယ်။ ဘာပြုလို့ သူတို့ဟာ ဒီလို ချောင်ကြိုချောင်ကြား ရောက်နေကြရတုံး။ ဒီလောက်တောင် ကမ္ဘာလောက ကြီးမှာ အစားအစာတွေ ပေါနေရတဲ့အထဲ ဘာပြုလို့ လူတွေဟာ ငတ်ပြတ်နေကြရတာလဲ။ ဒီလောက်တောင် ပညာတွေကို သင်ကြားနိုင်ကြတဲ့အထဲ ဘာပြုလို့ လူတွေဟာ အသိပညာ မဲ့နေကြရတာလဲ။ ဘုရားသခင် ကိုယ်တော်မြတ်ဟာ လူတွေကို ဆင်းရဲ ချမ်းသာ မခွဲခြားဘူး။ လူတွေဟာ သူ ချစ်တော်မူတဲ့ သူရဲ့ ရင်နှစ်သည်းချာတွေပဲ။ အဲဒီ ဘုရားသခင် ကိုယ်တော်မြတ်ဟာ အခုတော့ ဘယ်ရောက်နေတုံး။ လူတွေဟာ သူတို့ဘဝတွေ အကြောင်းကို ဒီလို ပြန်စဉ်းစားလာတဲ့အခါ လှုပ်ရှားလာကြတယ်။ နိုးကြားလာကြတယ်။ မတရားမှုကို သူတို့က မဖျက်ဆီး မသုတ်သင်ရင် ဒီမတရားမှုက သူတို့ တတွေကို မျိုးဖြုတ်ပစ်မှာပဲ" ဟု ပြောပြလေ၏။

လူတွေ၏ဘဝနှင့် ပတ်သက်သည့် မတရားမှုကို သူကိုယ်တိုင် ပြောပြချင်သည့် ဆန္ဒသည် ပို၍ ပို၍ ပေါ်ပေါက်လာ၏။ တခါတရံ သူသည် ဤဆန္ဒကို အတော် ကြိုးစား ဖိနှိပ်ထားရလေ၏။

နစ်ကိုလိုင်သည် သူ့အား ရုပ်ပုံများကို ကုန်း၍ ကြည့်နေသည်ကို တွေ့ရတိုင်း၊ တွေ့ရတိုင်း ပြုံး၍ ကမ္ဘာလောကကြီး၏ ထူးဆန်းအံ့သြရာ တခုခုကို ပြောပြ၏။ ထိုအခါ အမေသည် လူသားကိုယ်တိုင် ရဲရဲရင့်ရင့် စွန့်စွန့်စားစား လုပ်ကိုင်ခဲ့သည့် လုပ်ကိုင် ဆောင်ရွက်ချက်တို့ကို ကြည့်ပြီး ရင်ဖိုလျက် "ဒီလိုဟာမျိုးဟာ တကယ် ဖြစ်နိုင်ပါ့မလား" ဟု မယုံတယုံနှင့် မေးတတ်လေသည်။

သူ ကြိုတင်၍ နိမိတ်ဖတ်ထားသည့် အနာဂတ် ကာလကို မယိမ်းမယိုင် ခိုင်မြဲစွာ ယုံကြည်လျက် နစ်ကိုလိုင်သည် သူ့မျက်မှန်ကြီးများနှင့် သူ့အား သနားကြင်နာစွာ ကြည့်လျက် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အရေးအခင်းတို့ကို သူ့အား ပြောပြ၏။

"လူသားရဲ့ အာသာဆန္ဒတွေဟာ တိုင်းဆကြည့်လို့ မရနိုင်လောက်အောင် ကြီးမားပါတယ်။ များပြားပါတယ်။ လူသားရဲ့စွမ်းအားကလည်း ဘယ်တော့မှ မကုန်ခန်းနိုင်ပါဘူး။ ဒါပေမဲ့ ကမ္ဘာလောကကြီးဟာ စိတ်ဓာတ်နဲ့ ပတ်သက်လို့ တော်တော်နဲ့ မရင့်ကျက်နိုင်ဘူး။ အလွန် နှေးကွေးတယ်။ ဘာပြုလို့လဲဆိုတော့ လွတ်လွတ်လပ်လပ် နေချင်တဲ့ လူတိုင်းဟာ အသိဉာဏ်ပညာအစား ပိုက်ဆံကို စုနေရလို့ပဲ။ ဒါပေမဲ့ လူတွေဟာ လောဘတရားနဲ့ မလုပ်ချင်ဘဲနဲ့ လုပ်နေရတဲ့ အလုပ်တွေကို ပယ်ဖျက်ပစ်နိုင်ရင်"

အမေသည် သူ ပြောသည့် စကားတို့ အဓိပ္ပာယ်ကို တော်တော်နှင့် နားမလည်ချေ။ သို့ရာတွင် တဖြည်းဖြည်း သူ၏ တည်ငြိမ်သောယုံကြည်မှုကို သဘောပေါက်လာလေ၏။

"ဒီကမ္ဘာလောကကြီးမှာ လွတ်လပ်ပြီလို့ ဆိုလောက်တဲ့လူက လုံလုံလောက်လောက် မရှိဘူး၊ အဲဒါက ဒုက္ခပဲ" ဟု သူက ပြော၏။

အမေသည် ဤအချက်ကို နားလည်၏။ ဒေါသထားခြင်း၊ ရန်ငြိုးထားခြင်း စသည် တရားတို့မှ ကိုယ့်ကိုယ်ကို ကင်းစင်အောင် ပြုပြင်ဆေးကြောထားကြသောသူများကို သူသည် သိ၏။ ဤကဲ့သို့သောသူများ များပြားလာလျှင် လူသား၏ဘဝသည် ဤမျှလောက် မည်းမှောင်၍ ဒုက္ခဆင်းရဲတို့ဖြင့် ပြွမ်းတီးနေလိမ့်မည် မဟုတ်သည်ကို သူ သိ၏။ ဘဝသည် ပို၍ ရှင်းလင်းရိုးသားပြီး တောက်ပြောင် မွန်မြတ်လာမည်ကိုလည်း နားလည်လေသည်။

ထိုနောက် နစ်ကိုလိုင်က "လူတွေဟာ မရက်စက် မကြမ်းကြုတ်ချင်ဘဲနဲ့ ရက်စက် ကြမ်းကြုတ် နေရတယ် အမေ" ဟု ပြောလိုက်ပြန်၏။

အမေသည် ယူကရိန်းသား၏စကားတို့ကို ပြေး၍ သတိရမိပြီး သူ့စကားကို လက်ခံကာ ခေါင်းညိတ်နေလေသတည်း။

အခန်း ကိုး

နစ်ကိုလိုင်သည် အလုပ်မှ အမြဲ အလွန်အချိန်မှန်စွာ ပြန်လာလေ့ရှိ၏။ သို့ရာတွင် တနေ့သော် သူသည် ခါတိုင်းထက် နောက်ကျပြီး အိမ်သို့ ပြန်လာ၏။ အိမ်သို့ရောက်လျှင် အကျႌကို မချွတ်သေးဘဲ လက်ဝါးချင်းပွတ်လျက် တုန်တုန်ယင်ယင်နှင့်...

"ကနေ့ ကျွန်တော်တို့ ရဲဘော်တယောက် ထောင်ထဲက ထွက်ပြေးတယ် အမေ။ ဘယ်သူဆိုတာ ကျွန်တော်ဖြင့် မစဉ်းစားတတ်နိုင်ဘဲ ဖြစ်နေတယ်" ဟု ပြောလျှင် အမေသည် ကိုယ်ကို ယိမ်းထိုးကာ လေသံကလေး တိုးတိုးနှင့်

"အဲဒါ ပါဗယ်များ ဖြစ်နေမလားပဲ" မေး၏။ နစ်ကိုလိုင်သည် ပခုံးများကို တွန့်လျက်၊

"ဖြစ်နိုင်တယ် အမေ၊ ဒါပေမဲ့ ကျွန်တော်တို့ သူ့ကို ဘယ်လိုလုပ်ပြီး ဝှက်ထားရပါ့မလဲ၊ ကျွန်တော်တို့ သူ့ကိုတွေ့အောင် ဘယ်လိုရှာရပါ့မလဲ။ သူ့ကို တွေ့လိုတွေ့ငြား အခေါက်ခေါက် အပြန်ပြန် လမ်းလျှောက်ခဲ့သေးတယ်။ အမှန်ကတော့ ဘယ် သည်လို လမ်းလျှောက်နေလို့ တွေ့နိုင်ပါ့မလဲလို့။ ဒါပေမဲ့ ကျွန်တော်တို့ တခုခုတော့ လုပ်ကြရမယ်၊ ကျွန်တော် အပြင်ကို တခါ ထပ်ပြီး ထွက်လိုက်" ပြောစဉ် အမေက...

"ဟုတ်တယ်၊ အမေလည်း ထွက်ဦးမှပဲ" ပြော၏။ နစ်ကိုလိုင်သည် အပြင်သို့ သုတ်သီးသုတ်ပျာ ထွက်သွားရင်း "အမယ် ယီဂါဆီသွားပြီး သူများ သိသလား ဆိုတာကို စုံစမ်းဖို့ကောင်းတယ်" ဟု အကြံဉာဏ်ပေး၏။

အမေသည် ခေါင်းကို ခေါင်းစည်းပဝါတထည် စည်းပြီး မျှော်လင့်ချက်ကြီးစွာဖြင့် သူ့နောက်မှ လိုက်သွား၏။ အမေ၏မျက်လုံးများသည် ပြာနေပြီး ရင်ကလည်း တဒိတ်ဒိတ် ခုန်နေ၏။ လမ်းပင် ရိုးရိုးမလျှောက်နိုင်ဘဲ ပြေးလေ၏။ ဦးခေါင်းကိုငုံ့ပြီး သူ့ပတ်ဝန်းကျင်တွင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သားကို တွေ့လိုသည့်ဇောဖြင့်သာ သွားနေ၏။

"သူ့ကိုတွေ့ရင် ငါ ဘာလုပ်ပါ့မလဲ" ဟူသော ဇောသည် သူ့စိတ်တွင် ကပ်လျက်ရှိ၏။

အလွန် ပူပြင်းလှသဖြင့် အမေသည် မော၍ နွမ်းရိနေ၏။ ယီဂါ့အိမ်လေှကားသို့ ရောက်လျှင် သူသည် ရှေ့ဆက်မသွားနိုင်တော့။ ထို့ကြောင့် ရပ်ပြီး နောက်သို့ လှည့်ကြည့်လိုက်၏။ အနည်းငယ် ငို၍ မျက်စိများကို မှိတ်ထား၏။

နစ်ကိုလိုင်၊ ဗက်ဆော့ ရှီကော့အား အက်ျီအိတ်ကို လက်နှိုက်ပြီး အိမ်တံခါးဝ၌ ရပ်နေသည်ဟု မြင်ယောင်နေ၏။ သို့ရာတွင် နောက်တဖန် ကြည့်သောအခါ တယောက်မျှ မရှိချေ။

လှေကားပေါ်တက်၍ နားထောင်ရင်း "ဒါက ငါ့စိတ်ကူးသက်သက်ပဲ" တွေးမိ၏။ အိမ်ခြံထဲ၌ တစုံတယောက် ဖြည်းဆေးစွာလမ်းလျှောက်နေသည်ကို ကြားရ၏။ ထိုနောက် ဖိနပ်ချွတ်၍ မတ်တတ်ရပ်ပြီး အောက်သို့ငုံ့ကြည့်နေ၏။ တဖန် ကျောက်ပေါက်မာနှင့် မျက်နှာကို မြင်ရပြန်၏။ ထိုသူက သူ့ကိုကြည့်၍ ပြုံးနေ၏။

အမေသည် "နစ်ကိုလိုင်၊ နစ်ကိုလိုင်..." ဟု အော်ရင်း သူ့ကိုတွေ့ရန် တအားပြေးလေ၏။ သူသည် စိတ်ပျက်လက်ပျက် ဖြစ်နေလေသည်။

နစ်ကိုလိုင်က အမေအား ပြန်သွားဖို့ တိုးတိုးပြောလိုက်၏။ အမေသည် ယီဂေါ်၏ အခန်းထဲသို့ ဝင်လိုက်၏။ ယီဂေါ်သည် ထိုအချိန်၌ ခုတင်ပေါ်တွင် လှဲနေ၏။

"နစ်ကိုလိုင်ကတော့ ထောင်ထဲက ထွက်ပြေးပြီ" ဟု အရေးတကြီး ပြောလိုက်၏။

ယီဂေါ်သည် ဦးခေါင်းကိုထောင်၍၊

"ဘယ် နစ်ကိုလိုင်လဲ၊ နစ်ကိုလိုင်က နစ်ယောက်ရှိနေတဲ့ဟာ..."

"ဗက်ဆော့ရှီကော့ပေါ့၊ သူ လာနေပြီ"

"အေး... ကောင်းတယ်"

ဤအချိန်တွင် နစ်ကိုလိုင် (ထောင်ပြေး) ကိုယ်တိုင် အခန်းထဲသို့ ဝင်လာ၏။ ဦးထုပ်ကိုချွတ်ကာ တံခါးကို ချိတ်လိုက်ပြီး ရယ်နေရင်း သူ့ဆံပင်များကို လက်နှင့် သပ်နေလေ၏။ ယီဂေါ်သည် တံတောင်နှင့်ထောက်၍ ငုတ်တုတ်ထိုင်လိုက်ပြီး...

"ကြိုဆိုပါတယ်ဗျာ" ဟု ဦးခေါင်းကိုညိတ်၍ ပြောလေသည်။ နစ်ကိုလိုင် (ဝရမ်းပြေး) သည် အမေ့ထံသို့ ပြုံးပြုံးကြီးလာကာ အမေ့လက်ကို ဆွဲကိုင်လိုက်ပြီး

"ကျုပ် အမေ့ကိုသာ မမြင်လိုက်ရင် ထောင်ထဲကို ပြန်အပြေးပဲ။ ကျုပ်က မြို့ထဲမှာ အသိတယောက်မှ မရှိဘူး၊ အလုပ်သမား ရပ်ကွက်ကို ပြန်သွားရင်လည်း အချိန်မရွေး ဖမ်းမှာ သေချာတယ်။ ဒါကြောင့် ကျုပ်ဟာ လမ်းတွေပေါ်မှာ လျှောက်ရင်း ငါတော့ ပြေးမိတာ မှားပြီလို့ ထင်နေမိတာပေါ့။ အဲဒီအထဲ အမေ သုတ်သုတ်နဲ့ သွားနေတာကို လှမ်းမြင်လိုက်တော့ အမေ့နောက် လိုက်လာတော့တာပေါ့" ဟု ပြောလျှင် အမေက

“ထောင်ထဲက ဘယ်လိုလုပ်ပြီး ထွက်လာခဲ့တာလဲ” ဟု မေးလေ၏။ နစ်ကိုလိုင် (ထောင်ပြေး) သည် ခုတင်အစွန်း၌ ထိုင်ကာ ပခုံးများကို တွန့်နေလေ၏။

“တကယ့်ကို ကံပါပဲ။ ကျုပ်က အပြင်ဘက် လမ်းလျှောက်နေတုန်း ရိုးရိုးအကျဉ်းသမားတွေက သူတို့အစောင့်ကို ရိုက်ကြတယ်၊ ဒီအစောင့်ဟာ တခါကလည်း သူများပစ္စည်းကို ခိုးလို့ စစ်ပုလိပ်အဖွဲ့ထဲက ကန်အထုတ်ခံခဲ့ရဖူးတယ်။ အခုတော့ သူက လူတိုင်းကို လိုက်ချောင်းတယ်၊ ပုလိပ်ကို သတင်းပေးတယ်၊ ဘယ်သူမှ အေးအေးနေရတယ်လို့ မရှိဘူး။ ဒါကြောင့် သူ့ကို ဝိုင်းရိုက်ကြတယ်။ သည်လိုနဲ့ အစောင့်တွေဟာ ခရာတုတ်ပြီး ဟိုပြေးလိုက်၊ သည်ပြေးလိုက်နဲ့ ရုန်းရင်းဆန်ခတ် ဖြစ်နေတာပေါ့။ ကျုပ် မော်ကြည့်လိုက်တော့ ထောင်တံခါးတွေ ပွင့်နေပြီး ပန်းခြံကြီးရော၊ မြို့ကိုပါ မြင်ရတာပေါ့။ ကျုပ်က တကယ်ကို အိပ်မက်များ မက်နေသလိုပဲ၊ ဖြည်းဖြည်းကလေး လမ်းလျှောက်နေတာပေါ့။ အဲဒါနဲ့ တော်တော်ကလေး အလှမ်းကွာတော့ သတိရပြီး ဘယ်သွားရပါ့မလဲလို့ စဉ်းစားမိတယ်၊ လှည့်ကြည့်လိုက်တော့ ထောင်တံခါးတွေက လည်း ပိတ်ကုန်ကြပြီ”

ယီဂါက “အင်း၊ ခင်ဗျားက ဘာပြုလို့ ပြန်သွားပြီး တံခါးကို သာသာကလေး ခေါက်ပြီး ကျုပ်ကို အပြစ်မှ ခွင့်ပြုကြပါဗျာ။ ကျုပ် မှားသွားလို့ပါလို့ ပြောပြီး ထောင်ထဲကို ပြန်အထည့်မခိုင်းတာလဲ” ဟု ပြောလေ၏။

နစ်ကိုလိုင် (ထောင်ပြေး) က ရယ်လျက် “ဟုတ်တယ်ဗျာ့၊ အဲဒါ ကျုပ်မိုက်တာပဲ။ ဒါပေမဲ့ ကျုပ်ရဲဘော်တွေကို ဘာမျှမပြောခဲ့ဘဲ ဒီလို ပြေးတာကတော့ ကျုပ်ရဲဘော်တွေအပေါ်မှာ မတရားဘူး ထင်တယ်ဗျာ။ ဒါပေမဲ့ ကျုပ်က ဆက်ပြေးတာပေါ့။ ဒါနဲ့ ကလေးအလောင်းကလေး တခုကို သင်္ဂြိုဟ်နေကြတဲ့ မသာပို့တဲ့ လူတွေကို တွေ့တော့ အဲဒီ မသာပို့တဲ့ လူတွေထဲဝင်ပြီး ခေါင်းနောက်က ဘယ်သူ့ကိုမျှ မကြည့်ဘဲ ခေါင်းငိုက်စိုက်နဲ့ လိုက်ခဲ့တယ်။ အဲဒီနောက် သင်္ချိုင်းထဲမှာ လေကလေး ဘာကလေး ရှူရင်း ခဏလောက် ထိုင်နေတုန်း အကြံတခု ရလာတယ်ဗျာ့”

ယီဂါက သက်ပြင်းချလျက်

“အကြံတခုတည်းပဲလား၊ ခင်ဗျားခေါင်းထဲမှာ အကြံဉာဏ်တွေ သိပ်ပြီးတော့ ပြွတ်သိပ်မနေဘူး မဟုတ်လား” ဟု မေးလျှင် နစ်ကိုလိုင် (ထောင်ပြေး) က ရယ်လျက် ဦးခေါင်းကို ယမ်းကာ

“ကျုပ်ခေါင်းက အရင်ကလို အကြံတုံး ဉာဏ်တုံး မဟုတ်တော့ပါဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားက အခုထက်ထိ ရောဂါသည်ပဲ ယီဂါ” ဟု ပြန်ပြောလေ၏။

ယီဂါက ချွဲသံနှင့် ချောင်းဆိုးရင်း “လူတိုင်းကတော့ ကိုယ်တတ်နိုင်တာ ကိုယ်လုပ်တာပဲ၊ ကဲ… ဆက်ပြောစမ်းပါဦး၊ ခင်ဗျား ဘယ်လိုဖြစ်လာတယ် ဆိုတာကို” ဟု ပြောလိုက်၏။

“ကျုပ်က ဒီမြို့ထဲက ပြတိုက်ထဲဝင်လိုက်တယ်။ ကျုပ်က ဟိုလျှောက်လိုက် သည်လျှောက်လိုက် နဲ့ ဟိုဟာ သည်ဟာကို ကြည့်ရင်း ငါ ဒီကနေပြီး ဘယ်သွားပါ့မလဲလို့ စဉ်းစားလိုက်တယ်။ ကိုယ့်ကိုယ်ကိုလည်း ဘာလုပ်ရမှန်း မသိဘူး။ ဆာလိုက်တာကလည်း မပြောနဲ့တော့။ ဒါနဲ့ စိတ်ပျက်ပျက်နဲ့ ပြတိုက်ထဲကထွက်ပြီး လမ်းလျှောက်ပြန်တယ်။ ပုလိပ်တွေက လူတွေကို တွေ့ရင် သေသေချာချာ ကြည့်ကြတယ်။ ကျုပ်က အဲဒီတော့ အင်း၊ ငါ့လိုမျက်ခွက်ကြီးနဲ့ကတော့ မကြာမီ ရုံးရောက်တော့မှာပဲလို့ စဉ်းစားမိတယ်။ ဒီကြားထဲ ဖြုန်းဆို အမေက သုတ်သုတ် သုတ်သုတ်နဲ့ ကျုပ်ဆီလာတော့ ကျုပ်က ဘေးကို အသာကလေး တိမ်းပေးပြီး သူ့နောက်က လိုက်လာတာပေါ့”

“ငါက မင်းကို မမြင်ဘူး” ဟု ပြောပြီး နစ်ကိုလိုင် (ထောင်ပြေး) ကို ဂရုတစိုက် ကြည့်လိုက်သောအခါ ပိန်နေသည်ကို တွေ့ရလေ၏။ ထိုနောက် နစ်ကိုလိုင် (ထောင်ပြေး) သူ၏ ဦးခေါင်းကို လက်နှင့်ကုတ်ရင်း

“အင်း၊ ရဲဘော်တွေကတော့ စိတ်ပူနေကြတော့မှာ” ဟု ညည်းနေလေ၏။

“အင်း၊ ထောင်အာဏာပိုင်တွေကိုတော့ ခင်ဗျားက မသနားဘူးလားဗျာ။ သူတို့လည်းပဲ စိတ်ပူနေကြရောပေါ့” ဟု ယီဂါက ပြော၍ ပါးစပ်ကိုဖွင့်ပြီး လေကို ဝါးနေသကဲ့သို့ လုပ်နေလေ၏။ တဖန်

"ကဲ ရယ်စရာတွေကို အသာလေး ချိတ်ထားဦး၊ ကျုပ်တို့ ခင်ဗျားကို တနေရာရာမှာ ဝှက်ထားရ လိမ့်မယ်။ အဲဒီအလုပ်က လွယ်တော့ သိပ်မလွယ်လှဘူး။ ဒါပေမဲ့ သိပ်တော့ ပျော်မှာပဲ။ ကျုပ်သာ သွားနိုင် လာနိုင်ရင်တော့လား” ဟု အသက်ပင် မှန်မှန်မရှူနိုင်ဘဲ ပြော၍ သူ့လက်များကို ရင်ဘတ်ပေါ်သို့ ပစ်ချကာ ချည့်ချည့်နဲ့နဲ့နှင့် ပွတ်နေလေ၏။ နစ်ကိုလိုင် (ထောင်ပြေး) သည် ဦးခေါင်းကို ငိုက်စိုက်ချပြီး “ယီဂါ၊ ခင်ဗျားကတော့ တော်တော့ကို နေမကောင်းဟန်တူတယ်” ဟု ပြောလေ၏။ အမေသည် သက်ပြင်းချ၍ လူများကျုပ်နေသည့် အခန်းကလေးထဲ၌ စိုးရိမ် ကြောင့်ကြစွာ ဟိုကြည့် သည်ကြည့် လုပ်နေလေ၏။ ယီဂါက…

“အဲဒါက ကျုပ်အလုပ်ပါ၊ အမေ၊ သူ့ကို ပါဗယ်အကြောင်း မေးကြည့်ဦးလေ ဟန်လုပ်မနေပါနဲ့ဦး” ဟု ပြောလျှင် နစ်ကိုလိုင် (ထောင်ပြေး) က

“ပါဗယ်က ဘာမျှ မဖြစ်ဘူး။ သူ နေကောင်းပါတယ်။ အဲဟိုထဲမှာ သူက ကျုပ်တို့ ဗိုလ်ပဲဗျာ့။ အာဏာပိုင်တွေနဲ့ စကားပြောစရာရှိလည်း သူပဲ။

များသောအားဖြင့် ကျုပ်တို့တတွေကို သူကပဲ ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ်လို့ ပြောတာ၊ လူတိုင်းကတော့ သူ့ကို သိပ်ပြီး အထင်ကြီးတာပဲ” ဟု ပြုံး၍ ပြောပြ၏။

အမေသည် သူပြောသည့်စကားတို့ကို နားထောင်ရင်း ခေါင်းညိတ်နေ၏။ ထိုနောက် ယီဂါ၏ ဖောပွပွ ပြာနှမ်းနှမ်း ကိုယ်ခန္ဓာကို မျက်စောင်းထိုး၍ ကြည့်နေမိ၏။ သူ့မျက်နှာသည် သွေးရောင် မရှိဘဲ သေနေ၏။ သို့ရာတွင် သူ၏ မျက်လုံးများသည် တောက်ပ၍ ရွှင်ပျနေကြ၏။ ထိုအတွင်း နစ်ကိုလိုင်က

“ကဲ၊ ကျုပ်ကို စားစရာကလေးများ မပေးနိုင်ကြတော့ဘူးလားဗျာ၊ ဆာလိုက်တာ သေဖို့ပဲ” ဟု ရုတ်တရက် အော်လိုက်၏။

ယီဂါက...

“အမေ ဟောဟိုစင်ပေါ်မှာ ပေါင်မုန့်တော့ ရှိသေးတယ်။ ပြီးတော့ ခန်းမကြီးထဲ ထွက်သွားပြီး ဘယ်ဘက်က ဒုတိယတံခါးကို ခေါက်လိုက်ပါ။ အမျိုးသမီးတယောက်က တံခါးကို ဖွင့်ပေးပါ လိမ့်မယ်။ သူ့ကို စားစရာ ရှိသမျှကို ဒီကို ယူလာခဲ့လို့ ပြောလိုက်ပါ” ဟု ပြောလိုက်၏။

“ဘာလို့ ဒီလောက်များများ ယူခဲ့ရမှာလဲလို့”

“စိတ်ပူမနေပါနဲ့၊ ဒီလောက်ကုန်မှာ မဟုတ်ပါဘူး”

အမေသည် အခန်းပြင်ဘက်သို့ထွက်၍ တံခါးကို ခေါက်လိုက်၏။ တံခါးအဖွင့်ကို စောင့်နေရင်း

“အင်း၊ သူကတော့ မသေဘဲ" ဟု ယီဂါအကြောင်း စဉ်းစားနေလေ၏။ ထိုအတွင်း အခန်းထဲမှ အသံတသံက

“ဘယ်သူလဲ အပြင်ဘက်က” ဟု မေးလျှင် အမေက ဖြည်းညင်းစွာ...

“ကျုပ်က ယီဂါဆီက လာတာပါ။ သူက တော့်ကို သူ့အခန်းထဲလာဖို့ ပြောနေပါတယ်” ဟု ပြန်ဖြေလေ၏။

ထိုအခါ အမျိုးသမီးက အခန်းကိုဖွင့်လျက် “ကောင်းပါပြီ၊ အခုချက်ချင်း လာခဲ့ပါမယ်” ဟု ပြန်၍ဖြေလိုက်၏။ အမေသည် တခဏမျှ စောင့်ပြီး တံခါးကို တခါ ခေါက်လိုက်ပြန်၏။ တံခါးသည် ရုတ်ခြည်းပွင့်လာပြီး အရပ်ရှည်ရှည် မျက်မှန်တပ်ထားသည့် အမျိုးသမီး တယောက်သည် ပေါ်လာ၏။ သူသည် သူ့အင်္ကျီလက်မှ ကြေနေသော နေရာများကို လက်နှင့် ပွတ်သပ်နေလေ၏။ ထိုနောက် အမေကို

“ဘာလိုချင်လို့လဲရှင်” ဟု မေးရာ အမေက

“ယီဂါက လွှတ်လိုက်လို့ပါ” ဟု ပြန်ဖြေလိုက်၏။

“လာပါ၊ ဒါပေမဲ့ အဒေါ်ကို ကျွန်မ သိပါတယ်။ နေကောင်းရဲ့လား။ ဒီနေရာ မှောင်တယ်”

အမေသည် သူ့ကိုကြည့်ပြီး နှစ်ကိုလိုင်အိမ်တွင် တကြိမ်၊ နှစ်ကြိမ် တွေ့ဖူးသည်ကို သတိရမိလေ၏။ ထိုနောက် ဒီလူတွေအားလုံးဟာ တို့လူတွေချည်းပဲဟု စဉ်းစားမိ၏။ ထိုအမျိုးသမီးက အမေ့ကို ရှေ့က သွားစေ၏။

“သူက နေလို့ အတော်ဆိုးနေသလား”

“ဟုတ်တယ်၊ အိပ်ရာထဲမှာ တုံးလုံးပဲ။ သူကတော့ စားစရာ တခုခု ယူခဲ့ပါတဲ့”

“အဲဒါကတော့ ပြောဖို့တောင် မလိုပါဘူး အဒေါ်”

သူတို့နှစ်ယောက် အခန်းထဲသို့ ဝင်သွားလျှင် ယီဂါ၏ပြင်းထန်သည့် အသက်ရှူသံကို ကြားကြရ၏။

“အင်း၊ ကျုပ်ကတော့ ကြာရှည်နေရမှာ မဟုတ်ပါဘူး မိတ်ဆွေ။ အား... လူ့(ဒ်) မီလာ၊ ဒီလူငယ်ကတော့ ထောင်အာဏာပိုင်တွေက အခွင့်မပြုဘဲနဲ့ ထောင်ထဲက ထွက်လာသတဲ့ဗျာ့။ ဘယ့်လောက်မိုက်တဲ့လူလဲ။ အဲဒီတော့ ပထမဆုံး သူ့ကို တခုခုကျွေးပြီး တနေရာရာမှာ ဝှက်ထားဖို့ပါပဲ”

အမျိုးသမီးသည် လူမမာ ယီဂါ့ကို ရုတ်တရက် ကြည့်လိုက်၏။

"ရှင်ဟာ သူတို့ရောက်ရောက်ချင်း ကျွန်မကို အခေါ်လွှတ်လိုက်ဖို့ ကောင်းတာပဲ။ ရှင်လည်းပဲ ဆေးသောက်ရမှာကို မသောက်ဘဲနေတာ နှစ်ခါတောင် ရှိပြီ။ ကဲ၊ ကျွန်မနောက်ကို လိုက်ခဲ့ ရဲဘော်။ သူတို့ ယီဂါကို လာခေါ်ပြီး ဆေးရုံကို ပို့ကြရလိမ့်မယ်”

“ဒါဖြင့် ခင်ဗျားတို့က ကျုပ်ကို ဆေးရုံကို တကယ်ပို့ကြမယ်ပေါ့ ဟုတ်လား”

“ဟုတ်တယ်၊ ကျွန်မလည်း အဲဒီမှာ ရှင်နဲ့အတူ လိုက်နေရလိမ့်မယ်”

“ခင်ဗျားလည်းပဲ ဟုတ်လား၊ အလိုလေး ဘုရား ဘုရား”

“ရှင်က ဘာမဟုတ်တာတွေကို ပြောနေရတာလဲ"

သို့စကားပြောနေစဉ် ထိုအမျိုးသမီးသည် ယီဂါ၏ ရင်ဘတ်ပေါ်သို့ စောင်ကို ဆွဲခြုံလိုက်၏။ ထိုနောက် နစ်ကိုလိုင် (ထောင်ပြေး) ကို ဂရုစိုက်၍ အကဲခတ်ပြီးနောက် ဆေးပုလင်းထဲ၌ ဆေးမည်မျှ ကျန်သေးသည်ကို ထောင်ကြည့်နေလေ၏။ သူသည် မနိမ့်မမြင့် သံမှန်နှင့် စကားပြော၍ ကြော့ရှင်းပြေပြစ်စွာ လမ်းလျှောက်လေ့ရှိ၏။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်ပြီး သူ၏ မည်းနက်သော မျက်ခုံးမွေးများသည် နှာတံပေါ်၌ ဆက်လုမတတ် ဖြစ်နေ၏။ အမေသည် ထိုအမျိုးသမီး၏မျက်နှာကို သဘောမကျ။ တော်တော် မာနကြီးသည်ဟု ယူဆ၏။ ထိုအမျိုးသမီးသည် ဘယ်တော့မျှ မပြုံး၊ စကားပြောလျှင်လည်း အထက်သံနှင့် ပြောလေ့ ရှိလေသည်။

"ကဲ၊ အခု ကျွန်မ သွားမယ်။ ကျွန်မ မကြာခင် ပြန်လာခဲ့မယ်။ ဟီဂါကို ဒီဆေး လက်ဖက်ရည်ဇွန်းနဲ့ တဇွန်း တိုက်လိုက်ပါ။ ပြီးတော့ သူ့ကိုလည်း စကားမပြောပါ စေနဲ့"

ထိုနောက် နစ်ကိုလိုင် (ထောင်ပြေး) ကိုခေါ်၍ ထွက်သွားလေသည်။ ယီဂါသည် သက်ပြင်းချကာ

"တော်တော်ကိုတော်တဲ့ အမျိုးသမီးဗျာ့၊ တကယ့်ကို အံ့သြစရာကောင်းတဲ့ အမျိုးသမီး။ ကျုပ် သူ့ကို အမေနဲ့ တွဲပေးဦးမယ်။ သူက တကယ့်ကို ပင်ပန်းနေတယ်" ဟု ပြောနေလျှင် အမေက သူ့အား

"မင်း စကားမပြောရဘူး။ ကဲ၊ ဒီဆေးကို သောက်လိုက်" ဟု ဖြည်းညင်းသာယာ စွာ ပြောလေ၏။

ယီဂါသည် ဆေးကိုယူ၍ မျက်စိတဖက်ကို မှိတ်လိုက်၏။

"ကျုပ်က အသက်မထွက်အောင် ပါးစပ်ကို အတင်းစေ့ထားတောင် နေရမှာ မဟုတ်ဘူး။ သေမှာတော့ အမှန်ပဲဗျာ့"

သူသည် အမေ့အား ဖွင့်ထားသည့် မျက်လုံးတဖက်နှင့် ကြည့်ရင်း သူ၏ နှုတ်ခမ်းများသည် တဖြည်းဖြည်း ပြုံးလာလေ၏။ အမေသည် ဦးခေါင်းကို ငုံ့လိုက်ပြီး သူ့ကို သနားလာကာ မျက်ရည်များပင် ကျလာလေသည်။

"ဒါကတော့ ဟုတ်ပါတယ်။ ဒါ သဘာဝပါပဲ။ ဘဝမှာ ပျော်ပျော်နေပြီးတော့ နောက်ဆုံး သေရမှာချည်းပဲ"

အမေသည် သူ့နဖူးကို လက်နှင့်စမ်းလိုက်၏။

"မင်း ငြိမ်ငြိမ်ကလေး မနေနိုင်ဘူးလားကွယ်"

ယီဂါသည် သူ့ရင်ဘတ်ထဲမှ ချွဲနှင့် သလိပ်ထသံများကို ပြန်၍ နားထောင်နေဘိသကဲ့သို့ မျက်စိကို မှိတ်နေလေ၏။

"ငြိမ်ငြိမ်နေလို့ ဘာမျှ အခိပ္ပာယ်မရှိဘူး အမေ၊ ငြိမ်ငြိမ်နေလို့ ဘာအကျိုးရှိမှာလဲ။ အမေလို ကောင်းတဲ့ အမျိုးသမီးတယောက်နဲ့ စကားကလေး နည်းနည်းပါးပါး ပြောပြီး စိတ်ချမ်းသာ အောင် မနေဘဲ ငြိမ်နေပေမဲ့ ဘာအကြောင်းထူးဦးမှာလဲလို့။ မသေခင် စက္ကန့် အနည်းငယ် လောက်သာ နေရတော့မှာပါ။ နောက်ဘဝတွေ့ရမယ့်လူတွေက အခု ဒီမှာ ရှိတာတွေလောက် ကောင်းမှာ မဟုတ်ဘူး ဆိုတာကိုတော့ ကျုပ်က ဒိဌ သိတယ်"

"ဟိုခေတ်ဆန်ဆန် အမျိုးသမီးက မင်းစကားပြောတာကို ကြည့်နေရမလားဆိုပြီး ငါ့ကို ကြိမ်းနေပါဦးမယ်" အမေက ဝင်၍ တောလိုက်၏။

"သူက ခေတ်မဆန်ပါဘူး။ သူက တော်လှန်ရေး ရဲဘော်မတယောက်ပါ။ ပြီးတော့လည်း အတော်ကို ချစ်စရာကောင်းတဲ့ အမျိုးသမီးပဲ။ အမှန်ကတော့ အမေ့ကို ကြိမ်းမှာပဲ၊ သူကတော့ လူတိုင်းကို ကြိမ်းတာပဲ။ ဘယ်သူ့ကိုမှ ချမ်းသာမပေးဘူး အမေ"

ထိုနောက် ယီဂါသည် အမေအား သူ့အိမ်နီးချင်း လူ့(ဒ်)မီလာ၏ အကြောင်းကို သူ့ကိုယ်သူ မနည်းအားယူ၍ ပြောလေ၏။ သူသည် မျက်လုံးကို တချက်မှိတ်လိုက်ရာ၊ အမေက သူ့ကို ခနိုးခနဲ့ လုပ်နေကြောင်း သိသွားလေ၏။

သူ၏ ချွေးများပြန်ပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသည့် မျက်နှာကိုကြည့်ရင်း အမေသည် "အင်း.... သူကတော့ သေတော့မှာပဲ" ဟု စဉ်းစားနေလေ၏။

ထိုအတွင်း လူ့(ဒ်)မီလာသည် ပြန်လာ၏။ တံခါးကို သေသေချာချာ ပိတ်ပြီး အမေ့ဘက်သို့ လှည့်ကာ

"အဒေါ်မိတ်ဆွေဟာ အဝတ်တွေကို မြန်မြန်ဆန်ဆန် လဲပြီး ကျွန်မအခန်းထဲက ထွက်ရလိမ့်မယ်။ ဒါကြောင့် သူဝတ်ဖို့ အဝတ်ကလေး ဘာကလေးတွေကို သွားယူချေဦး၊ ကဲ... သွားယူချေပါ၊ ဆိုဖီယာ မရှိတာ နာတာပဲ။ လူတွေကို ဝှက်တဲ့နေရာမှာတော့ သူက စံပဲ" ပြောလေ၏။

အမေက တဘက်ကိုခြုံရင်း "သူ မနက်ပြန်လာမှာပါ" ပြန်ပြော၏။

သူ့ကို တာဝန်တခုခုကို ပေးလိုက်လျှင် အခြား ဘာကိုမျှ မစဉ်းစား မတွေးတော ရှိလောက်အောင် မြန်မြန်ဆန်ဆန် သေသေသပ်သပ် ဆောင်ရွက်ပစ်ရန် အလွန် စိတ်အား ထက်သန်လျက် ရှိတတ်သည်။

"သူ့ကို ဘယ်လိုအဝတ်မျိုးကို ဝတ်ပေးရရင် ကောင်းပါ့မလဲ" မျက်မှောင်ကြုတ်ကာ အလုပ်သဘောပါပါနှင့် မေးလိုက်လေ၏။

"အို … ဒါကတော့ အရေးမကြီးဘူး။ သူက ညအချိန် ထွက်မှာပါ"

"ညအချိန် ထွက်တာက ပိုဆိုးတယ်၊ လမ်းမှာ လူသွားလူလာက အလွန်နည်းတယ်။ ပြီးတော့ ပုလိပ်တွေကလည်း ပိုပြီး ဂရုစိုက်တယ်။ သူကလည်း မလျင်ဘူး"

ယီဂါက ခပ်ကျယ်ကျယ် ရယ်လိုက်၏။

အမေက ယီဂါအား "ငါကော မင်းကို ဆေးရုံ လာမတွေ့နိုင်ဘူးလား" မေးလျှင် ယီဂါက ဦးခေါင်းကို ညိတ်လျက် ချောင်းဆိုးနေလေ၏။ လူ့(ဒ်)မီလာက သူ၏ မည်းမှောင်သော မျက်လုံးများနှင့် အမေ့ကိုကြည့်လျက်၊

"သူ့ကို ကျွန်မနဲ့ တယောက်တလှည့်စီ ဆေးရုံမှာ စောင့်မလား အဒေါ်၊ စောင့်မယ် မဟုတ်လား၊ ကဲ… ကောင်းပါပြီ။ ဒါပေမဲ့ အခုတော့ တတ်နိုင်သမျှ မြန်မြန်ထွက်မှ ဖြစ်မယ်"

ထိုနောက် ခင်မင်ရင်းနှီးစွာ အမေ့လက်မောင်းကို ဆွဲပြီး တံခါးဆီသို့ ခေါ်သွားလေ၏။

"ဒီလို အဒေါ့်ကို အပြင်ထုတ်လာလို့ စိတ်မဆိုးနဲ့နော်၊ ဒါပေမဲ့ သူက စကားပြောလို့ မဖြစ်ဘူး။ ကျွန်မက သူ မသေနိုင်သေးဘူးလို့ ထင်နေတယ်"

အမေ့လက်ကို ကျင်သွားအောင် တအားဖြစ်ပြီး ပင်ပန်းနွမ်းရိစွာ မျက်လုံးများကို မိုတ်ထားလိုက် ၏။ အမေသည် သူ ဤကဲ့သို့ ဝန်ခံသည့်အတွက် ရှိုးတိုးရှန့်တန့်ဖြစ်ပြီး "အလို … ဘုရားရေ၊ ဘာတွေများ ပြောနေပြန်တာလဲ" ညည်းနေ၏။ လူ့(ဒ်)မီလာက

"အင်း… ပုလိပ်တွေ၊ စုံထောက်တွေ မတွေ့အောင်တော့ ကြပ်ကြပ်သတိထား နော်" ဟု လေသံကိုနှိမ့်၍ ပြော၏။ ထိုနောက် သူ့နားထင်တွေကို လက်များနှင့် ပွတ်နေ၏။ သူ၏ နှုတ်ခမ်းများကလည်း တုန်နေကြ၍ မျက်နှာထားသည် ပျော့ပျောင်းသွားလေသည်။ အမေကလည်း

"သူတို့အကြောင်း ကြားပြီးပလား"

ခပ်ကြွားကြွား ပြန်ပြောလိုက်၏။

ဝင်းတံခါးဝမှ ထွက်ပြီးနောက် အမေသည် တခဏမျှ ရပ်၍ တဘက်ကို

ပြင်ခြံ့ရင်း ဟိုဟိုသည်သည် လှည့်၍ ကြည့်နေလေ၏။ အရပ်သားများကဲ့သို့ ဝတ်ဆင်ပြီး လူအုပ်ထဲ၌ သွားလာနေကြသော ပုလိပ်များ၊ စုံထောက်များကို တွေ့လျှင် အမေသည် အကဲခတ်တတ်၏။ လမ်းလျှောက်ရင်း ဘာကိုမှ အရေးဂရုမစိုက်သည့် သူတို့ဟန်၊ သဘာဝမကျသည့် သူတို့ ခြေဟန် လက်ဟန်နှင့် ပင်ပန်းနွမ်းရိဟန်၊ စိတ်ကုန်ခန်းဟန်ဆောင်နေသော သူတို့ အမူအရာတို့ကို အမေသည် ကောင်းကောင်းကြီး သိသည်။

ဤကဲ့သို့သော လူမျိုးကို တယောက်မှ မမြင်သဖြင့် အမေသည် လမ်းမအတိုင်း လျှောက်၍ မြင်းလှည်းတစီးကို ခေါ်ပြီး ဈေးသို့ အမောင်းခိုင်းလေ၏။ သူလည်း နစ်ကိုလိုင် (ထောင်ပြေး) အတွက် အင်္ကျီတထည်ကို ရွေးရင်း အင်္ကျီအဖိုးနှင့် ပတ်သက်၍ ဈေးကို အချေအတင် ငြင်းလိုက်ခုံလိုက် လုပ်နေပြီး သူ့ယောက်ျားက အမြဲတမ်း မူးနေသဖြင့် အဝတ်အစားတို့ကို သူကချည်း ဝယ်ပေးနေဟန် မြည်တွန်တောက်တီးနေ၏။ သူ တမင်ထွင်၍ ပြောလိုက်သော စကားကို ဈေးသည်က တကယ်တမ်း မယုံကြည်သော်လည်း နစ်ကိုလိုင် (ထောင်ပြေး) ကို အဝတ်များ တကယ် ဝတ်ဆင်ပေးရမည်ဖြစ်ရာ၊ ပုလိပ်များနှင့် စုံထောက်များအား ဈေးသို့ မလွဲမသွေ လွှတ်ရမည်ဟု ယုံကြည်ထားရကား... သူ့ပရိယာယ်နှင့်သူ အလွန်ကျေနပ်နေ၏။ သူလာခဲ့စဉ်ကကဲ့သို့ သတိဝီရိယနှင့် ယီဂါဒိအိမ်သို့ပြန်ပြီး နစ်ကိုလိုင် (ထောင်ပြေး) ကို မြို့စွန်သို့ ပို့ရမည်ဖြစ်၏။ သူတို့နှစ်ဦးသည် လမ်းဘေးတဖက်တချက်မှ လျှောက်နေကြ၏။ နစ်ကိုလိုင် (ထောင်ပြေး) က ဦးခေါင်းကို ငိုက်စိုက်ချကာ သူ့အင်္ကျီရှည်ကြီးက ခြေထောက်ကြားတွင် ညပ်မိ ညပ်မိပြီး သူ့ဦးထုပ်အား နှာခေါင်းပေါ်အထိ ရှေ့သို့ ဆွဲချထားသည်ကိုမြင်လျှင် အမေသည် ကျေနပ်မိ၏။ လူသူခေါင်းပါးသည့် လမ်းမြောင်တခုသို့ ရောက်သောအခါ သူတို့သည် ဆာရှာနှင့် တွေ့ကြ၏။ အမေက နစ်ကိုလိုင် (ထောင်ပြေး) အား ဦးခေါင်းကို ညိတ်ပြပြီး အိမ်သို့ ပြန်လာခဲ့၏။

“ဒါပေမဲ့ ပါဗယ်ကတော့ အခုထိ ထောင်ထဲမှာပဲ ရှိသေးတယ်၊ အင်ဒရေလည်းပဲ” ဟု အမေသည် ဝမ်းနည်းစွာ တွေးနေမိလေသတည်း။

အခန်း တဆယ်

နစ်ကိုလိုင်သည် အမေ့အား တွေ့သောအခါ တုန်လှုပ်ချောက်ချားလျက်ရှိ၏။

"ယီဂါတော့ ဆိုးနေတယ်။ သိပ်ပြီးဆိုးနေတယ်။ သူ့ကို ဆေးရုံခေါ်သွားကြပြီ။ လူ့(ဒ်)မီလာတော့ ဒီမှာရှိတယ်။ သူက အမေ့ကို လာစေချင်တယ်" ပြောရာ အမေက

"ဘယ်ကိုတုံး ဆေးရုံကိုလား" ပြန်မေးလိုက်သည်။

နစ်ကိုလိုင်သည် သူ့မျက်မှန်များကို တုန်တုန်ယင်ယင် မတင်လိုက်ပြီး အမေ့ကို အင်္ကျီ ကူဝတ်ပေးနေလေ၏။

"ဟောဒီအထုပ်ကို ယူသွားပါ" ဟု အမေ၏ လက်ကို သူ၏ ပူနွေးခြောက်သွေ့သည့်လက်ဖြင့် ဆုပ်ကိုင်ရင်း တုန်တုန်ယင်ယင် ပြောပြီး "နစ်ကိုလိုင် (ထောင်ပြေး) ကော၊ ဘယ့်နှယ်လဲ။ ချောချောမောမော ဖြစ်သွားရဲ့မဟုတ်လား" မေးလေ၏။

"ချောမောပါတယ်"

"အဒေါ် ယီဂါကို တွေ့ဖို့လာမယ် မဟုတ်လား"

အမေသည် ပင်ပန်းနွမ်းရိနေ၏။ နစ်ကိုလိုင် တုန်လှုပ်နေသည်ကို မြင်သောအခါ သူ့စိတ်ထဲ၌ တစုံတခု မချမ်းမြေ့စရာ ဖြစ်လိမ့်မည်ဟု တင်ကူး၍ တွေးနေမိလေ၏။

"အင်း၊ သူကတော့ သေမှာပဲ" ဟူသော အတွေးဖြင့် အမေ၏ ရင်သည် တဒိတ်ဒိတ် ခုန်နေလေ၏။

သို့ရာတွင် ယီဂါသည် ခေါင်းအုံးများပေါ်တွင် မှီပြီး အသံကျယ်လောင်စွာ ရယ်နေသည့် သန့်ရှင်း စင်ကြယ်သော အခန်းကလေးထဲသို့ ဝင်မိသောအခါ သူသည် စိတ်ချမ်းသာသွား၏။ တံခါးအနီး၌ ရပ်လျက် ယီဂါက ဆရာဝန်အား စကားပြောနေသည်ကို နားထောင်နေလေ၏။

"အင်း၊ ဆရာဝန်အလုပ်ကတော့ ပြုပြင်ရေးလုပ်ငန်းတွေပဲဗျာ"

"နောက်မနေစမ်းပါနဲ့ ယီဂါ" ဟု ဆရာဝန်က စိုးရိမ်မကင်းသည့် လေသံဖြင့် ပြန်ပြောလေသည်။

“ဒါပေမဲ့ ကျုပ်က တော်လှန်ရေးသမားတယောက်ဆိုတော့ ပြုပြင်ရေးတွေကို မုန်းတယ်ဗျာ့”

ဆရာဝန်သည် ယီဂါ၏လက်ကို အိပ်ရာခင်းပေါ်သို့ သာယာဖြည်းညင်းစွာ ပြန်တင်ထားပြီး သူ့လူမမာ၏ ဖောင်းပွပွဖြစ်နေသောမျက်နှာကို လက်နှင့်စမ်းရင်း သူ့မုတ်ဆိတ်မွေးကို လက်နှင့်သပ်ကာ စဉ်းစားနေလေ၏။

အမေသည် ဆရာဝန်ကို သိ၏။ သူသည် နစ်ကိုလိုင်၏ အရင်းနှီးဆုံး၊ အခင်မင်ဆုံး မိတ်ဆွေ တယောက်ဖြစ်၍ သူနာမည်သည် အိုင်ဗင်ဒန်နီလိုဗစ် ဖြစ်၏။ သူသည် ယီဂါဆီသို့ သွားလိုက်ရာ ယီဂါက သူ့ကို လျှာထုတ်ပြလေ၏။ ဆရာဝန်က နောက်သို့ လှည့်၍

“အို အမေ၊ အမေ့လက်ထဲကဟာက ဘာလဲ”

“စာအုပ်တွေဖြစ်မှာပေါ့” ဟု ယီဂါက ဝင်ပြောလိုက်၏။

“သူ စာမဖတ်ရဘူးနော်” ဟု ဆရာဝန်က ဆို၏။

“အင်း သူကတော့ ကျုပ်ကို ဝမ်းတွင်းရူး ဖြစ်စေချင်နေတယ်” ဟု ယီဂါက ညည်းနေလေ၏။

သူသည် အသက်ကို အားယူပြီး ပြတ်တောင်း ပြတ်တောင်း ရှူနေစဉ် သူ့ရင်တွင်းမှ ချွဲသံ၊ သလိပ်သံတို့သည် ပေါ်ပေါ်လာ၏။ သူ့မျက်နှာ၌ ချွေးသီးချွေးပေါက်များ ထွက်နေ၍ သူ့နဖူးမှ ချွေးတို့ကို အနိုင်နိုင် လက်ဖြင့် သုတ်နိုင်၏။ သူ၏ ပါးများသည် ပွဖောင်းနေသောကြောင့် သူ၏ကျယ်ပြန့်သည့်မျက်နှာသည် မျက်နှာဖုံးနှင့် တူနေလေ၏။ မျက်နှာ ရောင်ကိုင်းနေသဖြင့် ဟောက်နေသော မျက်တွင်းများထဲမှ သူ၏မျက်လုံးများကသာလျှင် ကြည်လင်၍ မာန်မာန ကင်းမဲ့စွာ ပြုံးနေလေသည်။

“ဟေး ဆရာဇီဝက၊ ကျွန်တော် မောလှပြီ။ တုံးလုံးလဲ မနေနိုင်ဘူးလား”

“မနေရဘူး၊ ခင်ဗျားနေလို့မရဘူး”

“ခင်ဗျားလည်း ထွက်သွားရော ကျုပ်လည်း တုံးလုံးလှဲလိုက်မှာပဲ”

“သူ့ကို တုံးလုံးမလှဲစေနဲ့ အမေ။ သူ့ခေါင်းအုံးတွေကို ဆင့်ထား၊ သူ့ကိုတော့ စကားမပြောစေနဲ့။ အဲဒါက သူ့အတွက် သိပ်ပြီး အန္တရာယ်ကြီးတယ်”

အမေက ခေါင်းကို ညိတ်လိုက်၏။ ဆရာဝန်သည် ခြေလှမ်းစိပ်စိပ်နှင့် ခပ်သွက်သွက် ထွက်သွားလေ၏။ ယီဂါသည် ဦးခေါင်းကို နောက်သို့လှန်လိုက်၍

မျက်စိများကို မှိတ်ထားလိုက်၏။ လက်ချောင်းကလေးများမှအပ ဘာကိုမျှ မလှုပ်နိုင်တော့ချေ။ ထိုအခန်း ကလေး၏ နံရံဖြူများသည် အေးမြ၍ စိတ်မချမ်းမြေ့စရာ ဖြစ်နေ၏။ ကျယ်ပြန့်သည့် ပြတင်းပေါက်မှနေ ကြည့်လျှင် သံပရာပင်များ၏ ကွေ့ကောက်နေသည့် ထိပ်ဖျားများကို မြင်ရ၏။ မည်းမှောင်၍ ဖုန်များထူထပ်သည့် အရွက်များအကြား၌ အဝါရောင် သစ်သီးများကို မြင်ရလေသည်။

"အင်း၊ သေမင်းကတော့ ကျုပ်ကို တဖြည်းဖြည်း မဆွဲချင် ဆွဲချင်နဲ့ ဆွဲတော့မယ်။ သူက ကျုပ်အတွက် ဝမ်းနည်းဟန်တူတယ်ဗျာ့။ ဘာပြုလို့လဲဆိုတော့ ကျုပ်က ဘယ်အချိန်ဆွဲဆွဲ အလွယ်တကူနဲ့ ဆွဲလို့ရတဲ့အကောင်ကိုးဗျာ့" ဟု ယီဂါက မျက်လုံးကိုမဖွင့်ဘဲ ပြောနေလေ၏။ အမေသည် သူ၏လက်ကို သာယာဖြည်းညင်းစွာ ပွတ်သပ်ပေးနေရာ

"စကားမပြောပါနဲ့ ယီဂါရယ်၊ တောင်းပန်ပါတယ်" ဟု တောင်းပန်နေလေ၏။

"ကျုပ်ကတော့ မကြာမီ..."

သူသည် အလွန်အားယူ၍ ပြောရ၏။ အသက်ကို ခက်ခက်ခဲခဲရှူရင်း တခါ တခါ အတော်ကြာ နားနေရ၏။

"အမေဟာ ကျုပ်တို့နဲ့အတူ ပါလာတာဟာ သိပ်ကောင်းတာပဲ၊ အမေ့မျက်နှာကို မြင်ရတော့ လည်း သိပ်ပြီး စိတ်ချမ်းသာစရာကောင်းတယ်။ တခါတခါ အမေ ဘယ်လိုများ ဖြစ်သွားပါ့မလဲလို့ စဉ်းစားတယ်။ အမေလည်း ကျုပ်တို့တတွေလိုပဲ ထောင်များ ကျလိုက်ရင်တော့ ဝမ်းနည်းစရာပဲ။ အမေ ထောင်ကျမှာ ကြောက်သလား"

"မကြောက်ပါဘူး အမေက"

"အမှန်ကတော့ ကြောက်စရာမဟုတ်ပါဘူး။ ဒါပေမဲ့ ထောင်ဆိုတာက သိပ်ရက်စက်တယ်။ ကျုပ် ဒီလိုဖြစ်ရတာလည်း ထောင်ကြောင့်ပဲ။ အမေ့ကို မှန်တာပြောရရင် ကျုပ် မသေချင်ဘူး အမေ"

အမေသည် "မင်းမသေနိုင်ပါဘူး" ဟု ပြောမည်ဟု ဟန်ပြင်နေရာမှ သူ့မျက်နှာကိုကြည့်ပြီး စိတ်တမျိုး ပြောင်းသွားလေ၏။

"ကျုပ် အလုပ် လုပ်နိုင်ပါသေးတယ်။ အလုပ်မလုပ်နိုင်ရင် အသက်ရှင်နေလို့ ဘာမျှ အကြောင်း မထူးဘူး"

အမေသည် သက်ပြင်းချပြီး အင်ဒရေး ပြောနေကျဖြစ်သည့်

"မှန်တော့ မှန်ပါတယ်။ ဒါပေမဲ့ တယ်ပြီး စိတ်ချမ်းသာစရာမကောင်း" ဟူသော စကားကို ပြေး၍သတိရမိ၏။ သူသည် တနေ့လုံးလုံး ပင်ပန်းနွမ်းရိပြီး ဆာလောင် မွတ်သိပ်နေ၏။ လူမမာ၏ ငြီးငွေ့ဖွယ်ရာ တိုးတိုးပြောသံသည် အခန်းထဲ၌လျှံပြီး အပြင်မှပင် ခပ်သဲ့သဲ့ ကြားနေရ၏။ ပြတင်းပေါက် အပြင်ဘက်မှ သံပရာပင်တို့၏ ထိပ်ဖျားသည် ကြောက်မက်ဖွယ်ရာ မည်းမှောင်နေရာ ၎င်းတို့ကို ကြည့်ရသည်မှာ ဝမ်းနည်းဖွယ် ကောင်းနေလှ၏။ ဆည်းဆာချိန် သည် ဆိတ်ငြိမ်လျက်ရှိ၏။ ညဥ့်အချိန်ကလည်း ရောက်ခါနီးနေပြီ။ ဤအတွင်း သက်ရှိ သက်မဲ့ ရုပ်ဝတ္ထုအားလုံးသည် ငြိမ်ချက်သား ကောင်းလှလေသည်။

"ကျုပ်တော့ မသက်သာဘူး" ဟု ယီဂါသည် မျက်စိများကိုမှိတ်ရင်း ပြောနေ၏။ သူသည် ယခင်ကထက် ပို၍ ငြိမ်သက်လာ၏။

"အိပ်လိုက်ပါဦး၊ ပိုပြီး သက်သာလာပါလိမ့်မယ်"

အမေသည် သူ၏အသက်ရှူသံကို နားစွင့်နေ၏။ ဟိုဟိုဒီဒီ ကြည့်ပြီး မိနစ် အနည်းငယ် ကြာအောင် သောကမီးဒဏ်ဖြင့် မလှုပ်မယှက် ထိုင်နေလေ၏။ ထိုနောက် အိပ်ပျော်သွားလေ၏။

တံခါးမှ ခပ်အုပ်အုပ်အသံ ကြားသဖြင့် အမေသည် နိုး၏။ ရုတ်တရက် ထလိုက်ရာ ယီဂါ မျက်လုံးများ ဖွင့်နေသည်ကို မြင်ရလေ၏။

"အင်း၊ အမေတော့ အိပ်ပျော်သွားတယ် ထင်တယ်။ သည်းခံပါကွယ်"

"ကျုပ်က တောင်းပန်ရမှာပါ အမေ"

ပြတင်းပေါက်မှ ကြည့်က မှောင်နေချေပြီ။ အခန်းသည် အေးမြလာ၍ အစစသည် ထူးခြားစွာ မှေးမှိန်လာ၏။ လူမမာ၏ မျက်နှာပေါ်သို့လည်း အမှောင်ရိပ် ထိုးလျက် ရှိ၏။

အမေသည် ဂါဝန်တဖျတ်ဖျတ် မြည်သံနှင့် လူ့(ဒ်)မီလာ၏အသံကို ကြားလိုက်၏။

"မှောင်ကြီးထဲမှာထိုင်ပြီး တိုးတိုး တိုးတိုးနဲ့ ပြောနေကြတယ်။ မီးခလုတ်က ဘယ်မှာလဲ"

မကြာမီ အခန်းတခုလုံးသည် အလင်းရောင်ဖြင့် လွှမ်းသွား၏။ လူ့(ဒ်)မီလာ၏ အရုပ်မြင့်မြင့် ခပ်မတ်မတ် မည်းနက်သည့် သဏ္ဌာန်ကို အခန်းအလယ်၌ မြင်ရလေ၏။ ယီဂါသည် တကိုယ်လုံး တုန်နေ၏။ သူသည်

သူ၏လက်ကို သူ၏ရင်ဘတ်ဆီပေါ်သို့ မြှောက်လိုက်၏။

လူ့(ဒ်)မီလာက သူ့ဆီသို့ ပြေးလာပြီး

"ဘာဖြစ်တာလဲ" ဟု မေး၏။

ယီဂါသည် အမေ့အား စိုက်ကြည့်နေ၏။ သူ၏မျက်လုံးများသည် ယခင်ကထက် ကျယ်၍ ထူးထူးခြားခြား တောက်ပြောင်နေဟန်ရှိ၏။

ပါးစပ်ကိုဟ၍ ခေါင်းကိုထောင်ကာ သူ့လက်ကိုဆန့်လိုက်၏။ အမေသည် အသက်ကိုပင် မရှူဝံ့ဘဲ ယီဂါ၏လက်ကိုကိုင်၍ မျက်နှာကို ကြည့်နေလေ၏။ ယီဂါသည် အလွန်ပြင်းထန်စွာ လှုပ်ရှား ရုန်းကန်၍ သူ၏ဦးခေါင်းကို နောက်သို့လှန်ကာ အသံကျယ်ကျယ်နှင့်

"ကျုပ်တော့ မတတ်နိုင်တော့ဘူး၊ အားလုံး လွန်ကုန်ပါပြီ" ဟု ပြောလေ၏။

သူ့ကိုယ်သည် အနည်းငယ် တုန်လှုပ်သွားပြီး သူ၏ဦးခေါင်းသည် ငိုက်စိုက်ကျသွား၏။ ထို့နောက် အိပ်ရာပေါ်သို့ ထိုးနေသည့် မီးအိမ်၏ အေးစက်သည့် အလင်းရောင်သည် သူ၏ ပြူးကြောင်နေသည့် မျက်လုံးများထဲတွင် မလှုပ်မယှက် ရောင်ပြန်ဟပ်လျက် ရှိလေသည်။

အမေက...

"အို၊ အလိုလေး၊ ဘုရား ဘုရား" ဟု တိုးတိုးပြောလေ၏။ လူ့(ဒ်)မီလာသည် ပြတင်းပေါက်ဆီသို့ တဖြည်းဖြည်း လျှောက်သွားပြီး အပြင်သို့လှမ်းကြည့်ရင်း ရပ်နေလေ၏။

"သူ ဆုံးပြီ" ဟု ထိတ်လန့်တုန်လှုပ်စွာ ရုတ်တရက် အော်လိုက်၏။ ပြတင်းပေါက် ခုံးပေါ်တွင် တံတောင်နှင့်ထောက်ကာ မှီနေသေး၏။ ထို့နောက် လူတယောက်ယောက်က သူ့ဦးခေါင်းကို ရုတ်တရက် ရိုက်လိုက်သကဲ့သို့ မျက်နှာကို လက်များနှင့်အုပ်ကာ ဒူးထောက်၍ ငိုနေလေသည်။

ယီဂါ၏ လေးလံတောင့်တင်းလှသည့် လက်များကို သူ့ရင်ဘတ်ပေါ်၌ တင်ထားပြီး သူ၏ ဦးခေါင်းကို ခေါင်းအုံးအပေါ်တွင် တည့်တည့်တင်၍ အမေသည် မျက်ရည်များကိုသုတ်ကာ လူ့(ဒ်)မီလာဆီသို့ သွား၏။ လူ့(ဒ်)မီလာအပေါ်သို့ ကိုယ်ကိုကိုင်းပြီး သူ၏ လေးလံသော ဆံပင်တို့ကို လက်နှင့် ဖြည်းညင်းစွာ သပ်နေလေ၏။ လူ့(ဒ်)မီလာသည် ဦးခေါင်းကို တဖြည်းဖြည်း မော့ပြီး သူ၏ ပြူးကျယ်ပြီး မှိန်နေသည့် မျက်လုံးများဖြင့် အမေ့ကို မော့ကြည့်နေလေသည်။

ထို့နောက် တုန်ယင်သော အသံဖြင့်...

“ကျွန်မတို့ဟာ ပြည်နှင်ဒဏ် အတူတူ ခံခဲ့ကြရတယ်။ တခါတလေ ဒီလို နယ်ခြား၊ ပြည်ခြားမှာ နေရတာက သိပ်ဆိုးတာပဲ။ နေလို့ကို မဖြစ်ဘူး။ ဒါကြောင့် သူတို့ဟာ အများကြီး စိတ်ခေတ်ကျကုန်ကြတာပေါ့” ဟု ပြောပြ၏။

တဖန် သူသည် ရှိုက်ကြီးတင်င် ဖြစ်လာပြန်ရာ သူ့စိတ်သူ ချုပ်တည်းထားရလေ၏။ သူ့မျက်နှာသည် ဝမ်းနည်းသည်၊ ကြင်နာသည့်အသွင်ကို ဆောင်လျက်ရှိရာ နုပျိုလာသည်ဟု ထင်ရလေသည်။

တဖန် ရှိုက်ရင်း လေသံတိုးတိုးဖြင့်

“ဒါပေမဲ့ သူက သိပ်ပြီး ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်။ အားနွဲ့သူတွေကို အားပေးတဲ့အနေနဲ့ သူ့ဒုက္ခ၊ သူ့သောကတွေကို ဖုံးထားပြီး အမြဲတမ်း ရယ်နေတတ်တယ်။ အပြက်အချော် ပြောနေတတ်တယ်။ သူဟာ အမြဲတမ်း သဘောလည်း ကောင်းတယ်။ သနားလည်း သနားတတ်တယ်။ စဉ်းလည်း စဉ်းစားတတ်တယ်။ ဆိုက်ဘေးရီးယားမှာ ဘာမှ လုပ်စရာ ကိုင်စရာ မရှိဘဲ ပျင်းစရာ ကောင်းလွန်းလို့ လူတွေဟာ အကျင့်စာရိတ္တ ပျက်ပြားပြီး မဟုတ်တာတွေကို လုပ်တတ်ကြတယ်။ ဒီလိုမဖြစ်ရအောင် ဘယ်လိုလုပ်ရမယ် ဆိုတာကို သူ ကောင်းကောင်းကြီး သိတယ်။ သူဟာ ဘယ်လောက်ကောင်းတဲ့ ရဲဘော်တယောက် ဆိုတာကို အမေ မသိဘူးနော်။ သူ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်လို့ကြည့်ရင် သူဟာ တကယ့်ကို စိတ်မချမ်းမြေ့နေတဲ့လူပဲ။ ဒါပေမဲ့ သူ့ပါးစပ်က ညည်းသံ ညူသံကို ဘယ်သူကမှ မကြားခဲ့ဖူးဘူး။ ဘယ်တော့မှ မညည်းဘူး။ ကျွန်မဟာ သူနဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတယောက်ပါ။ ကျွန်မအပေါ် သူ့ကျေးဇူး အများကြီး ရှိပါတယ်။ သူရဲ့ ကြွယ်ဝတဲ့အသိပညာနဲ့ တတ်နိုင်သမျှ သင်ပြပေးပါတယ်။ ဒါပေမဲ့ သူဟာ နွမ်းရိပင်ပန်းပြီး ဥတလုံး တကောင်ကြွက် ဖြစ်နေတာတောင် ကျွန်မရဲ့အပြုအစု အယုအယကို မတောင့်တဘူး။ ကျွန်မ အကြောင့်ကြ အယုယကို မမျှော်လင့်ဘူး” ဟု ပြောနေလေ၏။

ထိုနောက် သူသည် ယီဂါအနားသို့သွားပြီး လက်ကို ကုန်း၍ နမ်းလိုက်၏။

"ရဲဘော်၊ ကျွန်မရဲ့ ချစ်လှတဲ့ရဲဘော်။ ကျေးဇူးတင်ပါတယ်။ ကျွန်မ ဝမ်းထဲကကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်” ဟု သောကမီးအဟုန်ကို ငြိမ်သက်စွာ ခံစားရင်း ပြောပြီးနောက်

“ကဲ၊ သွားပေတော့ ရဲဘော်၊ ရဲဘော် အမြဲတမ်း လုပ်ခဲ့သလို ကျွန်မကလည်းပဲ မမောတမ်း မပန်းတမ်း အလွန်ခိုင်မြဲတဲ့ ယုံကြည်ချက်နဲ့ တသက်လုံး ဆက်ပြီး အလုပ် လုပ်သွားပါမယ်။ ကဲ သွားပေတော့ ရဲဘော်” ဟု ဆက်၍ ပြောပြန်၏။

ရှိုက်နေသဖြင့် လူ့(ဒ်)မီလာ၏ကိုယ်သည် လှုပ်လှုပ်နေ၏။ သူ၏ဦးခေါင်းကို ခုတင်ပေါ်တွင် ယီဂါ၏ခြေရင်း၌ တင်ထားလေ၏။ အမေသည်လည်း တအားဟစ်၍ ငိုပစ်လိုက်ချင်၏။ သို့ရာတွင် သူသည် မငိုမိအောင် စိတ်ကို အတင်းထိန်းထား၏။ လူ့(ဒ်)မီလာကို သူ တတ်နိုင်သမျှ စိတ်နှလုံး ချမ်းသာအောင် လုပ်ပေးချင်၏။ မေတ္တာစကား၊ ဝမ်းနည်းတဲ့ စကားများဖြင့် သာသာယာယာ ပြောပြချင်၏။ မျက်ရည်လျှံနေသော မျက်လုံးများနှင့် ယီဂါ၏ ပါးဆက် နားဆက်ကျနေသော မျက်နှာနှင့် မျက်လုံးများကို ကြည့်နေ၏။ ယီဂါ၏ မျက်လုံးများသည် အိပ်ပျော်နေသကဲ့သို့ မမိုတ်တမိုတ် ဖြစ်နေပြီး သူ၏ ပြာနှမ်းနှမ်း နှုတ်ခမ်းများသည်လည်း အပြုံးရောင်သန်းလျက်ရှိ၏။ အခန်းတခန်းလုံးသည် ဆိတ်ငြိမ်ပြီး စိတ်နှလုံး မချမ်းမြေ့ဖွယ်ရာ ဖြစ်နေလေသည်။

အိုင်ဗင်သည် ခြေလှမ်းစိပ်စိပ်နှင့် ခပ်သွက်သွက် ဝင်လာလေ၏။ သူသည် အခန်းအလယ်၌ ရုတ်တရက် မတ်တတ်ရပ်ကာ အိတ်များထဲသို့ လက်များကို နှိုက်နေလေ၏။

ထို့နောက် တုန်ယင် ကျယ်လောင်သော အသံနှင့် “ဘယ်တုံးက ဆုံးတာလဲ” ဟု မေးလေ၏။

ဘယ်သူကမှ ပြန်မဖြေဘဲ ငြိမ်နေ၏။ သူ၏နဖူးကို သုတ်ပြီး ယီဂါ၏ အလောင်းဆီသို့ အနည်းငယ် ယိမ်းယိုင်၍သွားကာ လက်ကိုကိုင်၍ ဖျစ်လိုက်၏။ ထိုနောက် ခုတင်ဘေးတွင် ရပ်ကာ

“အင်း၊ သူ ဆုံးတာကတော့ ဘာမှ အံ့သြစရာ မရှိပါဘူး၊ သူ့နှလုံးမျိုးနဲ့လူဟာ အနည်းဆုံး လွန်ခဲ့တဲ့ ရှစ်လလောက်ကကို သေဖို့ပဲ” ဟု ပြောလေ၏။

ယီဂါ၏ ခုတင်ဘေးမှ လူများကိုကြည့်ရင်း သူသည် ထရံကိုမှီပြီး မျက်တောင်များကို နာနာခတ်ကာ သူ၏ မုတ်ဆိတ်မွေးများကို လိမ်နေလေ၏။ ထိုနောက် “အင်း၊ တယောက်တော့ သွားပြန်ပြီပေါ့လေ” ဟု ညည်းလိုက်ပြန်၏။

လူ့(ဒ်)မီလာသည် မတ်တတ်ရပ်ပြီး ပြတင်းပေါက်ကို သွား၍ ဖွင့်လိုက်၏။ မကြာမီ သူတို့အားလုံးသည် မတ်တတ်ရပ်ပြီး နွေဦးည၏ အမှောင်ထုကို ကြည့်နေကြလေ၏။ မည်းမှောင်သည့် သစ်ပင်ထိပ်ဖျားများပေါ်၌ မိုးကောင်းကင်ပြင်မှ ကြယ်ကလေးများသည် အရောင်လက်လျက် ရှိကြလေ၏။

လူ့(ဒ်)မီလာသည် အမေ၏ လက်မောင်းကိုကိုင်ပြီး ပခုံးကို အသာမှီနေ၏။ ဆရာဝန် အိုင်ဗင်သည် ဦးခေါင်းကို အောက်သို့ငုံ့ပြီး သူ့မျက်မှန်များကို ပွတ်ရင်း မတ်တတ်ရပ်နေလေ၏။ မြို့တော်၏ နွမ်းရိသည့် ညဥ့်အသံတို့သည် ဆိတ်ငြိမ်ထုကို ဖောက်ထွင်းလာလေ၏။ အေးမြသော လေညင်းကလေးသည်

သူတို့၏မျက်နှာများကို ရိုက်ခတ်ပြီး သူတို့၏ဆံပင်များသည် ထိုလေညင်းကလေးထဲတွင် လွန့်မြူးနေကြ၏။ လူ့(ဒ်)မီလာသည် သို့တုန်လှုပ်နေစဉ် မျက်ရည်ကြောင်း တကြောင်းသည် သူ့ပါးပြင်ပေါ်မှ စီးကျလာ၏။ အပြင်ဘက် ဝရန်တာမှ ညည်းသံ၊ တိုးတိုးပြောသံနှင့် သွားသံ၊ လာသံတို့ကို ကြားနေကြရ၏။ သို့ရာတွင် သူတို့ သုံးဦးကား ညဥ့်၏အမှောင်ထုအတွင်းသို့ စိုက်ကြည့်ရင်း ငြိမ်သက်စွာ မလှုပ်မယှက် ရပ်နေကြလေသည်။

သူ့ကြောင့် အခြားသူများအား အနှောင့်အယှက် ဖြစ်မည် စိုးသဖြင့် အမေသည် သူ့လက်မောင်းကို အသာရုတ်ပြီး တံခါးဆီသို့ သွားလေ၏။ ထိုနောက် တံခါးမှနေ၍ ယီဂါကို အလေးပြုလိုက်၏။

ဆရာဝန်က နောက်သို့ လှည့်မကြည့်ဘဲ "သွားတော့မလား" ဟု မေး၏။

"ဟုတ်တယ်၊ သွားတော့မယ်လို့"

အပြင်သို့ ရောက်လျှင်ရောက်ချင်း အမေသည် လူ့(ဒ်)မီလာအကြောင်းကို လည်းကောင်း၊ သူ့ကိုယ်သူ ပြင်းပြင်းထန်ထန် မငိုမိအောင် မည်ကဲ့သို့ ထိန်းချုပ်နေရသည်ကိုလည်းကောင်း တွေးနေမိလေ၏။

"အင်း၊ သူကတော့ ငိုတောင် မငိုတတ်ဘူး" ဟု တဦးတည်း ရေရွတ်နေရာမှ ယီဂါက မသေခင် ပြောသွားသည့် စကားတို့ကို သတိရမိ၍ သက်ပြင်းချလိုက်လေ၏။ သို့နှင့် လမ်းလျှောက်ရင်း မှေးတုတ် မှေးတုတ် လုပ်နေသည့် ယီဂါ၏မျက်လုံးများ၊ သူ လမ်းလျှောက်ပုံနှင့် သူပြောခဲ့သည့် ရယ်စရာကောင်းသော ပုံပြင်များကို အမှတ်ရနေလေ၏။

"အင်း၊ လူကောင်းတယောက် အသက်ရှင်နေဖို့ ခဲယဉ်းတယ်။ ဒါပေမဲ့ သေဖို့ကတော့ လွယ်တယ်။ ငါလည်းပဲ ဘယ်လိုများ သေရမလဲဆိုတာ မသိသေးပါဘူး" ဟု တွေးနေမိပြန်၏။

သူ၏စိတ်ထဲ၌ လူ့(ဒ်)မီလာနှင့် ဆရာဝန်တို့အား ဖြူဖွေး၍ အရောင်လက်နေသည့် အခန်းကလေး၏ ပြတင်းပေါက်တွင် ရပ်နေကြသည်ကို လည်းကောင်း၊ သူတို့နောက်မှ သေနေပြီ ဖြစ်သော ယီဂါကိုလည်းကောင်း မြင်ယောင်နေပြန်၏။ ရုတ်တရက် အမေသည် လူသားအားလုံး အပေါ်တွင် သနားကရုဏာစိတ် အပွားကြီး ပွားမိလေ၏။ ထို့နောက် သက်ပြင်းတချက်ချကာ တစုံတခုသော စိတ်ဇောဖြင့် ခြေကို သွက်သွက်ကလေး လှမ်းလိုက်၏။

စိတ်နှလုံး မချမ်းမြေ့စရာ ဖြစ်သော်လည်း သတ္တိနှင့် ယှဉ်အပ်သည့် ဇောအဟုန်၏ စေ့ဆော်ချက်ဖြင့်

"ငါတော့ မြန်မြန်လုပ်မှပဲ" ဟု အမေသည် စဉ်းစားမိလေတော့သတည်း။

အခန်း တဆယ့်တစ်

အသုဘအတွက် စီစဉ်စရာ ရှိသည်တို့ကို စီစဉ်ရင်း အမေသည် နောက်တနေ့ တနေ့လုံးလုံး အချိန်ကုန်လေ၏။ ညနေစောင်း အမေ၊ ဆိုဖီယာနှင့် နစ်ကိုလိုင်တို့ လက်ဖက်ရည် သောက်နေကြစဉ် ဆာရှာသည် ပေါက်လာလေ၏။ သူသည် ခါတိုင်းနှင့် မတူအောင် ရွှင်၍ စကားများနေ၏။ သူ၏ပါးများသည် သွေးရောင်ဖြန်း၍ နီမြန်းနေ၏။ မျက်လုံးများကလည်း ရွှင်နေ၏။ သူ့ဝမ်းထဲ၌ ဝမ်းမြောက်ဖွယ်ရာ မျှော်လင့်ချက် တခုခုကို ရှိနေဟန်တူ၏။ ယီဂါအကြောင်း ပြောနေကြရင်း အမေတို့သုံးဦး ဝမ်းနည်းပန်းနည်း ငြိမ်သက်နေစဉ် သူ အူမြူးပြီး ရုတ်တရက် ဝင်လာလိုက်ခြင်းသည် အတော်ကလေး ရိုင်းသွား၏။ သူ ဤကဲ့သို့ လုပ်လိုက်ခြင်းသည် အခြေအနေနှင့် မကိုက်ညီဘဲ သူတို့စိတ်ထဲ၌ ထိခိုက်စရာ ဖြစ်သွား၏။ အမှောင်ထုအတွင်း ရုတ်တရက်ထ၍ တောက်လိုက်သည့် မီးလျှံကဲ့သို့ ထိန်ထိန်ညီးသွားလေ သည်။ နစ်ကိုလိုင်သည် စားပွဲခုံကို လက်ချောင်းများနှင့် တောက်နေရင်း

"ကနေ့ ဆာရှာ တမျိုးဖြစ်နေတယ်" ဟု ပြော၏။

"ကျွန်မ တမျိုးဖြစ်နေသလားဟင်၊ အင်း ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မယ်" ဟု ခပ်ရွှင်ရွှင်ကလေး ရယ်၍ ပြန်ဖြေလိုက်၏။

အမေက သဘောမကျသည့် မျက်နှာထားနှင့် သူ့ကို ကြည့်နေ၏။

ဆိုဖီယာက သူ့လူကို သတိပေးသည့်အနေဖြင့် "တို့တတွေ ယီဂါအကြောင်းကို အခုပဲ ပြောနေကြတယ်" ဟု ပြောလိုက်၏။

ဆာရှာကလည်း

"အို သူကတော့ သိပ်ပြီး အံ့ဩစရာကောင်းတဲ့လူပဲ။ ကျွန်မဖြင့် သူ့ကို အမြဲတမ်း ပြုံးနေတာကိုချည်း တွေ့ရတယ်။ ပြီးတော့ အမြဲတမ်း အမြဲတမ်း နောက်ပြောင်နေတာချည်းပဲ။ ပြီးတော့ အလုပ်လည်း သိပ်လုပ်တဲ့လူပဲ။ သူဟာ တော်လှန်တဲ့အနုပညာသည်လည်း ဟုတ်တယ်၊ တော်လှန်တဲ့ အတွေးအခေါ်ရှင်လည်း ဟုတ်တယ်။ ကြမ်းတမ်း ရက်စက်မှု၊ လိမ်လည်လှည့်စားမှု၊ မတရားမှုတို့ကိုလည်း သူဟာ ရိုးရိုးသားသား စွမ်းပကားကြီးကြီးနဲ့ သူ့ပန်းချီကားတွေမှာ သရုပ်ဖော်ပြခဲ့တယ်" ဟု ပြောနေလေ၏။

သူသည် ငြိမ်သက်စွာ ပြုံး၍ ပြောနေလေ၏။ သို့ရာတွင် ဤအပြုံးဖြင့် သူ အူမြူးနေသည်ကို မဖုံးနိုင်။ သူ ရွှင်မြူးနေသည်ကို လူတိုင်း သိမြင်နေသော်လည်း

ဘာကြောင့် ဤကဲ့သို့ မြူးနေသည်ကို ဘယ်သူကမျှ နားမလည်ချေ။

သူတို့သည် ပရိဒေဝသောကမီး တောက်လောင်နေချင်၏။ ဆာရှာကဲ့သို့ ရွှင်မြူးမနေချင်။ သူ့အား သူတို့ကဲ့သို့ ပူဆွေးသောက ရောက်နေအောင် လုပ်ကြ၏။ ဤနည်းဖြင့် သူတို့သည် ဆာရှာအား သောကမီးလောင်ဖက် ညှိကြ၏။

ဆိုဖီယာသည် ဆာရှာကို အကဲခတ်၍ ကြည့်နေရာမှ "အင်း၊ အခု သူကတော့ ဆုံးပြီ" ဟု ပြောလိုက်ပြန်၏။

ဆာရှာသည် သူတို့အားလုံးကို လျင်မြန်စွာ အကဲခတ်ပြီး မျက်မှောင်ကြုတ်လိုက်၏။ ဦးခေါင်းကို ငုံ့၍ ဆံပင်များကို ဆံညှပ်များနှင့်ညှပ်ရင်း ငြိမ်နေရာမှ သူသည် ရုတ်တရက် မော့ကြည့်လိုက်လေ သည်။

ထို့နောက်

"သူ သေပြီ။ သေတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ။ သေတယ်ဆိုတာက ဘာလဲ။ သူ သေတာနဲ့ ကျွန်မက သူ့ကို မရှိသေ၊ မလေးစားရတော့ဘူးလား။ သူ့ကို ရဲဘော်တယောက်အနေနဲ့ ချစ်ခင်ရင်းနှီးခဲ့ရာမှ မချစ်ခင် မရင်းနှီးရတော့ဘူးလား။ သူ့အယူအဆတွေကို နားလည် သဘောပေါက်နေရာက နားမလည်ရတော့ဘူးလား။ သဘော မပေါက်ရတော့ဘူးလား။ ကျွန်မ အသည်းထဲ နှလုံးထဲမှာ သူ လှုံ့ဆွပေးနေခဲ့တဲ့ စိတ်ထား ကွယ်ပျောက်သွားပြီလား။ သူ့ကို ရိုးသားတဲ့၊ သတ္တိရှိတဲ့ လူတယောက်အနေနဲ့ သိထားတဲ့ အသိပညာကော ကွယ်ပျောက်သွားပြီ လား။ ဒါတွေအားလုံး ပျက်စီးသွားကုန်ပြီလား။ ကျွန်မအတွက်တော့ ဒါတွေဟာ ဘယ်တော့မှ မပျက်စီးနိုင်ဘူး။ ပြီးတော့ လူတယောက်နဲ့ ပတ်သက်လို့ 'သူသေပြီ' လို့ ပြောတဲ့နေရာမှာ ကျွန်မတို့ဟာ အပြောမြန်တယ်လို့ ထင်ပါတယ်။ သူ့နှုတ်ခမ်းတွေကတော့ စေ့ကုန်ပြီ။ ဒါပေမဲ့ အသက်ရှင်နေကြတဲ့ လူတွေရဲ့အသည်းနှလုံးတွေထဲမှာ သူ့စကားတွေဟာ ရှင်နေကြတာပေါ့" ဟု တုန်ယင်သောအသံဖြင့် ပြောရင်း ထိုင်ချလိုက်၏။ တဖန် စားပွဲပေါ်၌ တံတောင်များနှင့် ထောက်ကာ ရှေ့သို့ ကိုယ်ကိုကိုင်းလျက် သူ့ရဲဘော်များကိုကြည့်ပြီး ပြုံးနေရင်း ပို၍ငြိမ်သက်စွာ စဉ်းစားကာ -

"အင်း၊ ကျွန်မ ပြောလိုက်တဲ့စကားက ယုတ္တိယုတ္တာ ကင်းမဲ့ပုံ ပေါ်ချင်ရင်ပေါ်မယ် ရဲဘော်တို့။ ဒါပေမဲ့ ရိုးသားဖြောင့်မတ်တဲ့ လူငယ်ဟာ ဘယ်တော့မှ မသေဘူး ဆိုတာရယ်၊ ဒီအံ့ဩဖွယ်ရာ ကောင်းလှတဲ့ဘဝကို နေရတဲ့အတွက် စိတ်နှလုံးချမ်းသာမှုကို ပေးတဲ့လူတွေဟာ ဘယ်တော့မှ မသေဘူးဆိုတာရယ် ဒါတွေကို ကျွန်မယုံတယ်။ အံ့ဩဖွယ်ရာ ကောင်းလှတဲ့ ရှုပ်ထွေးပွေလီမှု များ၊ အမျိုးမျိုးသော အာရုံများနဲ့တကွ နှလုံးသည်းပွတ်သဖွယ် ကျွန်မ ချစ်ခင်မြတ်နိုးလှတဲ့ အယူအဆရေးရာ ကြီးပွားထွန်းကားမှုများကြောင့်

ဒီဘ၀ဟာ ကျွန်မရဲ့စိတ်ခါတ်ကို အလွန့်ကို လှုပ်ရှားတက်ကြွစေပါတယ်။ ကျွန်မတို့ဟာ စိတ်ခါတ် လှုပ်ရှားတက်ကြွမှု အလွန်နည်းတယ်။ ကိုယ့်အတွေးနဲ့ကိုယ်သာ အနေက များလေတော့ ပုဂ္ဂိုလ်ရေးရာ အရည်အသွေးတွေ ညံ့ကုန်ကြ ပါတယ်။ ကျွန်မတို့ဟာ အာရုံခံစားရမယ့်အစား အကဲဖြတ်ကြတယ်" ဟု ဆက်၍ ပြောလေ၏။

ဆိုဖီယာက "ကနေ့ ဘာများ မင်းသဘောကျစရာ တွေ့လာတုံး ဆရာ" ဟု မေးလိုက်ပြန်ရာ ဆရာက

"ဟုတ်တယ်၊ အလွန်သဘောကျစရာ ကောင်းတယ်လို့ ကျွန်မကတော့ ထင်တာပဲ။ ကျွန်မ တညလုံး နစ်ကိုလိုင် (ထောင်ပြေး) နဲ့ စကားပြောခဲ့တယ်။ ကျွန်မ သူ့ကို ဘယ်တုန်းကမှ သဘောမကျခဲ့ဘူး။ သူဟာ ရိုင်းတယ်။ အသိပညာလည်း မရှိဘူး။ ဒါကလည်း အမှန်ပဲ။ ကျန်းမာရေးက ချို့ယွင်းတော့ လူတိုင်းကို ရန်မူတယ်။ သူ့ကိုယ်သူ အမြဲတမ်း ဗဟိုပြုပြီး ကျုပ်က ကျုပ်ကနဲ့ စပြီး ပြောလေ့ရှိတယ်။ စကားပြောတော့လည်း ကြမ်းတမ်းတယ်။ ရုန့်ရင်းတယ်။ ပြီးတော့ စိတ်ထားကလည်း တကယ့်ကို ကျဉ်းမြောင်းတယ်။ (ထို့နောက် ဆရာသည် ပြုံး၍ ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်လိုက်၏) 'ဒါပေမဲ့ အခုတော့ ရဲဘော်တို့' 'ရဲဘော်တို့' နဲ့ ဆိုတာကို နားထောင်ကြစေချင်တယ်။ ခင်မင်ယုယတဲ့သဘောနဲ့ ပြောပေမဲ့ ရှက်ကိုးရှက်ကန်း ဖြစ်နေတယ်။ သူဟာ ရိုးသားတယ်။ သစ္စာရှိတယ်။ အလုပ်ကိုလည်း သိပ်လုပ်ချင်တယ်။ အခုတော့ သူ့ကိုယ်သူ ဘယ်နေရာမှာ အားရှိပြီး ဘယ်နေရာမှာ အားပျော့တယ် ဆိုတာကိုလည်း သိလာပြီ။ ဒါပေမဲ့ အရေးအကြီးဆုံးအချက်ကတော့ သူ့မှာ တကယ်စစ်မှန်တဲ့ ရဲဘော်စိတ်ထား ရှိလာတာပဲ" ဟု ပြန်ဖြေလေ၏။

ဆရာ ပြောသည့်စကားတို့ကို နားထောင်ရင်း ဤမျှ ကြမ်းတမ်းလှသည့် လူတယောက်သည် သိမ်မွေ့၍ ရွှင်လန်းလာသည် သိရသဖြင့် အမေသည် ဝမ်းမြောက်သွား၏။ သို့ရာတွင် သူ၏ စိတ်ထဲ၌ "ပါဗယ်ကော ဘယ့်နှယ်လဲ" ဟု ဝန်တိုသည့် သဘောဖြင့် တွေးနေမိလေသည်။

တဖန် ဆရာက ဆက်၍

"သူက သူ့ရဲဘော်တွေ အကြောင်းကိုသာ စဉ်းစားတယ်။ သူက ကျွန်မကို ဘာပြောတယ်ဆိုတာ သိလား။ ကျွန်မတို့ ရဲဘော်တွေကို ထွက်ပြေးနိုင်အောင် ကူညီရမယ်။ ကူမယ်ဆိုရင် လွယ်လွယ်ကလေးနဲ့ ကူနိုင်တယ်ပဲ" ဟု ပြောရာ ဆိုဖီယာက ဦးခေါင်းကို မော့ပြီး

"အဲဒါ ကောင်းတယ် ဆရာ၊ မင်းလည်း ဘယ်လို သဘောရတုံး" ဟု မေးလိုက်၏။

အမေ့လက်ထဲမှ လက်ဖက်ရည်ပန်းကန်သည် တုန်နေလေ၏။ ဆာရှာသည် မျက်မှောင်ကြုတ်ပြီး သူ၏ စိတ်ခံတက် တက်ကြွလှုပ်ရှားနေသည်ကို ဖုံးထား၏။ တခဏမျှ ဘာမျှမပြောဘဲ ငြိမ်နေပြီးနောက် ဝမ်းမြောက်ဝမ်းသာစွာ ပြုံးလျက်

"သူပြောတာ မှန်တယ်ဆိုရင် ကျွန်မတို့တတွေက ကြိုးစားဖို့ လိုတယ်။ ကြိုးစားဖို့က ကျွန်မတို့ တာဝန်ပဲ" ဟု ပြောလေ၏။ ရုတ်တရက် သူသည် မျက်နှာများ နီသွားပြီး စကားမပြောဘဲ ထိုင်နေလေ၏။

"တကယ့်ဟာကလေးပဲ" ဟု အမေက တွေးရင်း ပြုံးလိုက်၏။ ဆိုဖီယာကလည်း ပြုံးနေ၏။ နစ်ကိုလိုင်ကမူ ဆာရှာကို ကြည့်ပြီး ခပ်အုပ်အုပ် ရယ်လိုက်လေသည်။ ဆာရှာသည် မျက်နှာထား တင်းတင်းနှင့် သူတို့အားလုံးကို ကြည့်နေ၏။ သူ၏မျက်နှာသည် ဖြူရော်ရော်ဖြစ်ပြီး မျက်လုံးများက အရောင်လက်နေ၏။ သူ၏အသံသည် ဒေါသသံ ပါလာ၏။

ထိုနောက် "ရှင်တို့ ဘာပြုလို့ ရယ်နေကြတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒီလို လုပ်ချင်တာ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စ ပါနေတယ်လို့ ရှင်တို့က ထင်နေကြတယ်" ဟု ဆက်ပြော၏။

ဆိုဖီယာသည် သူ့အနားသို့သွားပြီး "ဘာပြုလို့လဲ ဆာရှာ" ဟု မသိချင်ဟန်ဆောင်၍ မေးလိုက်၏။ ဆာရှာ၏စိတ်ထဲ၌ ထိခိုက်သွားသည်ကို အမေ သိ၏။ ဆိုဖီယာက ဤကဲ့သို့ မပြောထိုက်။ သူသည်သက်ပြင်းချကာ ဆိုဖီယာအား အပြစ်တင်သည့်သဘောနှင့် ကြည့်လိုက်၏။

ဆာရှာက "ဒါဖြင့် ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်မ ဘာမှ မလုပ်တော့ဘူး၊ ရှင်တို့က ဒီကိစ္စ ဒီလို သဘောထားရင် ကျွန်မလည်း ဒါကို ပါတီအနေနဲ့ သဘောမထားနိုင်ဘူး" အော်ပြော၏။

ထိုအခါ နစ်ကိုလိုင်က

"လာ... လာ... ဆာရှာ" ဟု ခေါ်လိုက်၏။ အမေသည် ဆာရှာအနီးသို့သွား၍ သူ့ဆံပင်ကို လက်နှင့် သပ်နေလေ၏။ ဆာရှာသည် အမေ့လက်အား ဆုပ်ကိုင်ထားပြီး သူ၏ နီနေသော မျက်နှာအား မော့လိုက်၏။

အမေသည် ပြုံး၍ အသက်ပြင်းရှူလိုက်၏။ သူသည် ဘာပြောရမည် မသိချေ။ ဆိုဖီယာသည် ဆာရှာအနား ကပ်နေသော ကုလားထိုင်ပေါ်၌ ထိုင်ကာ ဆာရှာ၏ လည်ပင်းကို ဖက်လိုက်၏။ ထိုနောက် သူ၏မျက်နှာအား ကြည့်ကာ

"မင်းကလေးဟာ တကယ် ရယ်စရာကလေးပဲ" ဟုပြောလေ၏။

“ကျွန်မက မိုက်တာပါ”

“မင်းနှယ် ဘာပြုလို့ ဒီလို ထင်လိုက်ရတာလဲ”

ထိုအတွင်း နစ်ကိုလိုင်က ကြားဖြတ်၍ တကယ့်လုပ်ငန်းသဘောဖြင့်

“အမှန်ကတော့ သူတို့ ထွက်ပြေးနိုင်အောင် လုပ်နိုင်လို့ရှိရင် ကျုပ်တို့က လုပ်ကြရမယ်။ ဒါပေမဲ့ ထောင်ထဲမှာ ရောက်နေကြတဲ့ ကျုပ်တို့ရဲဘော်တွေက ကျုပ်တို့ကို ဒီလို လုပ်စေချင်ကြသလား ဆိုတာကို သိအောင် ကျုပ်တို့ ပထမဆုံး လုပ်ကြရလိမ့်မယ်” ဟု ပြောလေ၏။

ဆာရှာသည် ဦးခေါင်းကို ငုံ့သွား၏။ ဆိုဖီယာကမူ စီးကရက် တလိပ်ကို မီးညှိ၍ သူ့မောင် နစ်ကိုလိုင်ကို တချက် လှမ်းကြည့်ပြီး မီးခြစ်ဆံကို အခန်းထောင့်ထဲသို့ ပစ်လိုက်၏။ အမေက

“အမှန်တော့ သူတို့ မကန့်ကွက်နိုင်ပါဘူး။ ဒါပေမဲ့ ဒါဟာ လုပ်လို့ ဖြစ်နိုင်လိမ့်မယ်လို့ အမေ မထင်ဘူး” ဟု ပြော၏။ သူတို့က သူ့အား ဤကိစ္စသည် ဖြစ်မြောက်နိုင်ကြောင်း အာမခံကြစေချင်၏။ သို့ရာတွင် ဘယ်သူကမှ အာမမခံချေ။

“ကျွန်မ နစ်ကိုလိုင် (ထောင်ပြေး) ကို တွေ့ရဦးမယ်” ဟု ဆိုဖီယာက ပြောလိုက်သည်။

ဆာရှာက “နက်ဖြန် သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ တွေ့ရမယ်ဆိုတာကို ကျွန်မ ပြောပါမယ်” ဟု ဆိုလေ၏။

ဆိုဖီယာသည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း

“သူ့အစီအစဉ်ကတော့ ဘယ်လိုတုံး” ဟု မေးရာ ဆာရှာက

“စာပုံနှိပ်စက် အသစ်မှာ သူ စာစီသမား လုပ်ဖို့ပဲ။ ဒီလို မလုပ်ခင်တော့ တောခေါင်းနဲ့အတူတူ နေလိမ့်မယ်” ဟု ပြန်ဖြေလိုက်၏။

ဆာရှာသည် မျက်မှောင်ကြုတ်နေပြီး သူ့မျက်နှာသည် ခါတိုင်းကဲ့သို့ပင် တည်ငြိမ်လှ၏။ စကားပြောရာ၌လည်း ပြတ်ပြတ်ပြောလေသည်။

နစ်ကိုလိုင်သည် ပန်းကန်များကို ဆေးနေသည့် အမေ့ထံသို့ သွား၍ “အမေ သန်ဘက်ခါ ပါဗယ်ကို တွေ့ဖို့သွားတဲ့အခါ စာတစောင် ပေးခဲ့ရလိမ့်မယ်။ ကျွန်တော်တို့က သူတို့သဘောထားကို သိအောင်လုပ်ရလိမ့်မယ် အမေ” ဟု ပြောလေရာ အမေက

“ဟုတ်တယ်၊ ဟုတ်တယ်။ သူ့ကို စာပေးခဲ့ပါမယ်၊ စိတ်ချနေပါ” ဟု ရုတ်တရက် အာမခံလိုက်၏။

ထိုနောက် ဆာရှာသည်

“ကဲ၊ ကျွန်မ သွားတော့မယ်” ဟု ပြောပြီး အမေတို့သုံးယောက်ကို လက်ဆွဲနှုတ်ဆက်၍ ကိုယ်ကို မတ်မတ်ထားကာ ခြေလှမ်းမှန်မှန်နှင့် ထွက်သွားလေ၏။ သူထွက်သွားလျှင် ဆိုဖီယာသည် အမေ့ပခုံးပေါ်၌ လက်များကိုတင်ကာ အမေ့အား ကုလားထိုင်ပေါ်တွင် ရှေ့တိုးနောက်ငင် လုပ်ရင်း

“အမေ၊ ဒီလို သမီးမျိုးကို ချစ်နိုင်ပါ့မလား” ဟု မေးလေ၏။ အမေသည် ငိုမဲ့မဲ့နှင့်

“တနေ့လောက် သူတို့နှစ်ယောက် အတူတူ နေတာကို ကြည့်ချင်စမ်းပါဘိ” ဟု ပြန်ဖြေလိုက်၏။

နစ်ကိုလိုင်က

“ဟုတ်တယ်၊ နည်းနည်းလောက် ပျော်စရာကတော့ ဘယ်သူမှ ဘာမှ မဖြစ်ပါဘူး။ ဒါပေမဲ့ ဘယ်သူကမှ နည်းနည်းကလေး မပျော်ချင်ကြဘူး။ ပျော်စရာတွေ သိပ်များလာတော့လည်း အပေါစား ဖြစ်သွားတယ်” ဟု ပြော၏။

ဆိုဖီယာကမူ စန္ဒရားဆီသို့သွားပြီး အလွမ်းသီချင်းတပုဒ်ကို တီးနေလေသတည်း။

အခန်း တဆယ့်နှစ်

နောက်တနေ့နံနက်၌ လူ ၃၀-၄၀ လောက်သည် သူတို့၏ ရဲဘော်ခေါင်းကို အပြင်သို့ ထုတ်သည်ကို စောင့်ရင်း ဆေးရုံဝင်းတံခါး၌ ရပ်နေကြ၏။ သူတို့အထဲ၌ သူတို့၏ ငိုသံ အော်သံတို့ကို နားထောင်လျက်လည်းကောင်း၊ သူတို့၏ မျက်နှာထားများ၊ အမူအရာများနှင့် စကားတို့ကို စိတ်ထဲ၌ မှတ်သားလျက် လည်းကောင်း ရပ်နေကြသည့် အစိုးရ သူလျှိုများနှင့် စုံထောက်များလည်း ပါကြ၏။ ခါးတွင် ခြောက်လုံးပြူး သေနတ်များ ချိတ်ထားကြသည့် ပုလိပ် တစုသည်လည်း လမ်းဘေး၌ ရပ်နေကြ၏။ သူလျှိုများ၊ စုံထောက်များ၏ ရဲတင်းမှုနှင့် သူတို့အင်အားကို အချိန်မရွေး အသုံးပြုရန် ဟန်ပြင် ထားကြသည့် ပုလိပ်များ၏ မခိုးမခန့် အပြုံးတို့ကြောင့် လူအုပ်သည် ဒေါသဖြစ်နေ၏။ အချို့လူများက ပြက်ရယ်စကားတို့ကိုပြောရင်း ဒေါသဖြစ်ဟန် ဆောင်နေကြ၏။ အချို့ကလည်း သူလျှိုနှင့် ပုလိပ်များ၏ စော်ကားကြ၊ ရန်စကြသည်ကို မသိမမြင်ရအောင် မြေကြီးကို သုန်သုန်မှုန်မှုန်နှင့် ကြည့်နေကြ၏။ အချို့သူများကမူ သူတို့၏ဒေါသကို မဖုံးနိုင် မကွယ်နိုင်ကြ။ ဘာလက်နက်မှ မပါဘဲ စကားသာ ပြောနိုင်ကြသည့် ပြည်သူလူထုကို ကြောက်နေကြသည့် အာဏာပိုင်တို့ကို ပြင်းပြင်းထန်ထန် ပြစ်တင်ပြောဆိုကြ၏။ နွေဦး အပြာရောင် မိုးကောင်းကင်သည် ရွက်ဝါများဖြင့် ဖုံးနေသည့် ဖြူရော်ရော် ကျောက်ခဲများပေါ်၌ တောက်ပလျက် ရှိ၏။ ဤသစ်ရွက်ဝါတို့ကို လူများ ခြေကြို ခြေကြားသို့ လေကလေးက တိုက်ခိုက်လျက် ရှိလေသည်။

အမေသည် ထိုလူအုပ်၏အလယ်၌ ရပ်နေ၏။ သူသည် သူ တွေ့နေကျ မြင်နေကျ မျက်နှာများကို ကြည့်ကာ "အင်း၊ တို့လူတွေကတော့ အများကြီး မပါဘူး။ အလုပ်သမားတွေကတော့ မပါသလောက်ဘဲ" ဟု ဝမ်းနည်းပက်လက် တွေးနေပြန်၏။

ဆေးရုံဝင်း တံခါးများ ပွင့်လာသောအခါ လူများက ခေါင်းကို သယ်လာကြ၏။ ဖဲကြိုးနီများနှင့် ချည်ထားသည့် ပန်းခွေများကို ခေါင်းပေါ်၌ တင်ထားကြ၏။ ထိုအချိန်၌ စောင့်နေကြသည့် လူများက ဦးထုပ်များကို တပြိုင်နက်ချွတ်၍ အလေးပြုကြ၏။ မျက်နှာ နီနီ နှုတ်ခမ်းမွေးထူထူ အရပ်ရှည်ရှည် ပုလိပ်အရာရှိတယောက်သည် လူအုပ်ထဲသို့ အတင်းဝင်လာ၏။ သူ့နောက်မှ စစ်သားများသည် လူအများကို အတင်းအဓမ္မ တွန်းဖယ်ပြီး သူတို့၏ စစ်ဖိနပ်ကြီးများကို ဆောင့်နင်းလာကြလေ၏။

ထိုနောက် ပုလိပ်အရာရှိက ကျယ်လောင်သည့် အသံနှင့် "ဖဲကြိုးတွေကို

ဖြုတ်ပစ်လိုက်ကြစမ်း” ဟု အမိန့်ပေးလိုက်၏။

ယောကျ်ားများနှင့် မိန်းမများသည် ဆူညံ ဆူညံနှင့် စကားပြောလိုက်၊ သူတို့၏ လက်များကို ဝှေ့လိုက် ယမ်းလိုက်၊ တယောက်နှင့် တယောက် တိုးလိုက် ဝှေ့လိုက်နှင့် သူ့အနားသို့ အတင်းတိုးလာကြ၏။ နှုတ်ခမ်းများတုန်ယင်နေပြီး ဖြူဖပ်ဖြူရော်နှင့် တုန်လှုပ်ချောက်ချား နေကြသည့် မျက်နှာများကို အမေသည် မြင်နေရ၏။ မိန်းမတယောက်၏ ပါးပြင်ပေါ်၌ မျက်ရည်များ စီးကျနေလေ၏။

“အကြမ်းဖက်မှု ကျဆုံးပါစေ” ဟု လူငယ်တယောက်က အော်လိုက်၏။ သို့ရာတွင် ထိုအသံသည် ချက်ချင်းပင် ဆူပူငြင်းခုံသံများအကြား၌ နစ်မြုပ်သွားလေ၏။ အမေ၏ အသည်းနှလုံးသည် လုံ့နှင့် အဆွခံရသကဲ့သို့ ဖြစ်သွား၏။ ထိုနောက် သူ့အနား၌ ကပ်လျက်ရပ်နေသော အဝတ်အစား ညှိုးညှိုးနွမ်းနွမ်းနှင့် လူငယ်တယောက်ဘက်သို့ လှည့်ကာ...

“အင်း၊ မသာတောင် ကိုယ်ကြိုက်သလို မချရဘူးတဲ့။ တကယ့်ကို ကျက်သရေ မဲ့လိုက်တာ” ဟု ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်လေ၏။

လူများသည် မခံမရပ်နိုင်တော့ဘဲ စိတ်ဓာတ် ပြင်းပြလာ၏။ ဦးခေါင်းများပေါ်၌ အသုဘခေါင်းသည် ဟိုဘက် ယိမ်းလိုက်၊ သည်ဘက် ယိမ်းလိုက် ဖြစ်နေလေ၏။ လေထဲ၌ တလူလူလွင့်နေသည့် ဖဲကြိုးများသည် ခေါင်းကို ထမ်းနေကြသည့် လူများ၏ ဦးခေါင်းများနှင့် မျက်နှာများကို ရိုက်ခတ်လျက် ရှိလေသည်။

အမေသည် ပဋိပက္ခဖြစ်မည် စိုး၏။ ထို့ကြောင့်

“ဒါနဲ့ပတ်သက်လို့ ဒီလိုများ စိတ်ထားရင် သင်းတို့ ပျက်စီးကြပါစေ။ ဒီဖဲကြိုးတွေကို ယူကြစမ်းပါစေ။ တို့ ဒီလောက်တော့ လိုက်လျောနိုင်ပါတယ်” ဟု ဟိုဘက် သည်ဘက်သို့ လှည့်ပြီး သုတ်သီးသုတ်ပျာနှင့် ပြောနေလေ၏။

“ဟေး၊ မင်းတို့တတွေက သေအောင် ညှဉ်းဆဲနှိပ်စက်ခဲ့တဲ့ တို့ရဲဘော်တယောက်ကို သူ နောက်ဆုံး နားရမယ့်နေရာကို လိုက်ပို့ရမယ့် အခွင့်အရေး တို့တတွေမှာ ရှိတယ်ကွ သိလား” ဟူသော ကျယ်လောင်စူးရှသည့် အသံတသံက ရုတ်ရုတ်သဲသံ ဖြစ်နေသည့် အသံများအပေါ်သို့ လွှမ်းလာလေ၏။

ထို့နောက် ကျယ်လောင်သည့် အသံတသံက

“ရဲဘော်တော့ ကျဆုံးလေပြီလေ။ မြင့်မြတ်တဲ့ စွန့်စားမှုပေ” ဟု သီဆိုလိုက်လေ၏။

"ဟေး၊ ဖဲကြိုးတွေ ဖြုတ်လိုက်။ ယက်ကော့လက်၊ အဲဒါတွေကို ဖြုတ်ပစ်လိုက်စမ်း" ဟူသော အမိန့်တသံသည် ပေါ်လာ၏။

ခေးရှည်တချောင်း၏ လေထဲ၌ ဝှေ့လိုက်သံကို ကြားရ၏။ တယောက်ယောက်၏ အော်သံကို ကြားရလိမ့်မည်ဟု ယူဆကာ အမေသည် မျက်စိများကို စုံမှိတ်ထားလေ၏။ သို့ရာတွင် လူများက ဝံပုလွေများကဲ့သို့ ဟိန်းဟောက်ကြ၏။ သူတို့သည် ဘာမျှ မပြောဘဲ ဦးခေါင်းများငုံ့ကာ ရှေ့သို့ ချီတက်ကြ၏။ သူတို့၏ ခြေသံများကိုသာ ကြားရလေသည်။

ခေါင်းအဖုံးသည် ကြေမွနေသော ပန်းကုံးများ၊ ဖြုတ်ထားသော ဖဲကြိုးများနှင့် အတူတကွ လူတွေ၏ ဦးခေါင်းများအပေါ် လေထဲ၌ မြောက်၍တက်လာ၏။ သူတို့၏ နံဘေး၌ မြင်းစီးပုလိပ်များ ပါလာကြ၏။ အမေသည် လမ်းဘေး အုတ်ခုံပေါ်၌ လမ်းလျှောက်နေရာ ခေါင်းကိုပင် မမြင်ရတော့ချေ။ ခေါင်းကိုဝိုင်း၍ လိုက်လာကြသည့် လူများသည် တဖြည်းဖြည်း များ၍ များ၍လာကြရာ နောက်ဆုံး တလမ်းလုံး ပြည့်သွားလေ၏။ မြင်းစီးပုလိပ်များက နောက်ပိုင်းလူများကို တားထားကြပြီး လူအုပ်၏ ဘေးတဖက်တချက်မှ လိုက်လာကြ၏။ ပုလိပ်တို့က သူတို့၏ခေးများကို လက်နှင့် ဆုပ်ထားကြ၏။ နေရာတကာ၌ လူတွေ၏ မျက်နှာများကို အကဲခတ်နေကြသည့် စုံထောက်များကို အမေသည် မြင်နေရလေသည်။

"ခွဲကြပါစို့ ရဲဘော်ရေ၊ ခွဲကြပါစို့လေ" ဟူ၍ ဝမ်းနည်းစရာ လေသံဖြင့် ဆိုလိုက်သည့် သီချင်းသံသည် ပေါ်လာလေသည်။

"တို့ သီချင်းမဆိုဘဲနဲ့လည်း အသုဘပို့လို့ ရပါတယ်။ အဲဒီတော့ ဘာမျှမဆိုဘဲ ငြိမ်ငြိမ်ကလေး လမ်းလျှောက်ကြရအောင်" ဟု အသံတသံက အော်လိုက်လေ၏။

ဤကဲ့သို့ အော်လိုက်ရာတွင် ကြောက်စိတ်ကို သွင်းပေးသည့် အသံပါလာ၏။ ဝမ်းနည်း ကြေကွဲဖွယ်ရာ သီချင်းသံသည် ရပ်သွားပြီး စကားပြောသံသည် ငြိမ်သွား၏။ ထို့ကြောင့် လမ်းပေါ်မှ ကျောက်ခဲများပေါ်တွင် မှန်မှန် လျှောက်နေကြသည့် ခြေသံများကိုသာ ကြားနေရ၏။ ဤအသံသည် ကောင်းကင်သို့ လွင့်၍ ကျသွားပြီး ခရီးကွာလှသည့် မုန်တိုင်းတစ်ခုမှ ပထမဆုံး ထစ်ချုန်းလိုက်သည့် မိုးချုန်းသံကဲ့သို့ ဝဠာတောင်ကို တုန်လှုပ်စေတော့၏။ ပြင်းသည်ထက် ပြင်းထန်လာသည့် အေးမြသောလေသည် မြို့တော် လမ်းများပေါ်မှ ဖုန်နှင့် အမှိုက်သရိုက်တို့ဖြင့် လူတွေကို ပက်နေလေ၏။ ၎င်းပြင် လူတွေကိုလည်း ရိုက်ခတ်လျက် နေလေသည်။

ဘုန်းတော်ကြီးများနှင့် ဝိုချင်းသည်များ ပါသည့် ဆိတ်ငြိမ်သော

ဤအသုဘနှင့် မျက်မှောင် ကြုတ်၍ လေးလေးနက်နက် တွေးနေကြသည့် မျက်နှာများကို မြင်နေရသဖြင့် အမေသည် ကြောက်လာ၏။ သူ့စိတ်သည် တဖြည်းဖြည်း ဟိုဟာတွေးလိုက်၊ သည်ဟာတွေးလိုက်နှင့် နောက်ဆုံး သူသည် သူ တွေးမိသမျှကို ပါးစပ်မှပင် ဖွင့်ဟလာလေ၏။

ထို့ကြောင့် "အင်း၊ သစ္စာတရားအတွက် ရပ်တည်တဲ့လူက မများသေးဘူးနော်" ဟူသော စကားများသည် သူ့ပါးစပ်ထဲမှ ထွက်လာလေသည်။

သူသည် ဦးခေါင်းကို ငိုက်စိုက်ထား၍ လျှောက်နေ၏။ သူ့စိတ်ထဲ၌ သူတို့ သင်္ဂြိုဟ်နေသူကား ယီဂါ မဟုတ်ဘဲ သူ့အတွက် အလွန် ချစ်ခင်တပ်မက်၍ မရှိလျှင် မဖြစ်သည့် တရားတခုကို မြှုပ်နှံသင်္ဂြိုဟ်နေသည်ဟု ထင်မှတ်နေ၏။ သူသည် အဖော်မဲ့၍ စိတ်နှလုံး မသာမယာ ဖြစ်နေ၏။ ထို့ပြင် ယီဂါကို သင်္ဂြိုဟ်ရန် လိုက်ပါလာကြသည့် ဤလူများနှင့် သူသည် ဝမ်းတွင်းစိတ်ထားခြင်း ကွဲပြားလျက်ရှိသည်ကို သိမြင်လာပြန်သည်။

"ယီဂါဟာ ထာဝရ ဘုရားသခင် ကိုယ်တော်မြတ်ကို မယုံဘူး။ ဒီလို လူတွေထဲကလည်း တယောက်မျှ ဘုရားသခင် ကိုယ်တော်မြတ်ကို မယုံဘူး" ဟု သူ့စိတ်ထဲ၌ တွေးမိ၏။

အမေသည် ဤအတွေးကို ဆက်၍ မတွေးလို။ ဤကြီးမားလှသော အလုပ်ဖြင့် သူ့စိတ်သူ မညှဉ်းပန်းမိအောင် ကြိုးပမ်းရင်း သက်ပြင်းတချက် ချလိုက်၏။

"အို ထာဝရ ဘုရားသခင် ကိုယ်တော်မြတ်ဘုရား၊ အို ချစ်လှစွာသော သခင် ယေရှု ကိုယ်တော်မြတ်ဘုရား၊ ကျွန်တော်မကိုယ်တိုင် သည်လူတွေကို ဖြစ်နိုင်" ဟု ရေရွတ်နေမိပြန် လေ၏။

မကြာမီ သူတို့သည် သင်္ချိုင်းသို့ ရောက်ကြ၏။ အချိန်အတော်ကြာ သင်္ချိုင်းမြေပုံများအကြားရှိ လမ်းမြှောင်လေးများအတိုင်း ကွေ့ကောက်ဝင်ထွက် သွားလာကြပြီး ဖြူဖွေးသည့် လက်ဝါးကပ်တိုင်များနှင့် ပြန့်ကျဲလျက်ရှိသော မြေကွက်လပ်တခုသို့ ရောက်ကြ၏။ သူတို့သည် ယီဂါအတွက်ကူးထားသော တွင်းဘေး၌ ငြိမ်သက်စွာ စုရုံးကြ၏။ သင်္ချိုင်းများအကြား၌ လူအများ ဤကဲ့သို့ ငြိမ်သက်နေကြသည်ကို မြင်ရသောအခါ အမေသည် တုန်လှုပ်ကြောက်ရွံ့ သွား၏။ လေသည် လက်ဝါးကပ်တိုင်များ အကြားတွင် မြည်ဟည်းတိုက်ခတ်လျက်နေပြီး ခေါင်းအဖုံးပေါ်မှ ကြေမွနေသော ပန်းများကို မွှေ့ယမ်းပစ်လိုက်လေသည်။

ပုလိပ်များသည် သူတို့၏အရာရှိကိုကြည့်ရင်း သတိအနေအထားနှင့် ရပ်နေကြ၏။ အရပ်ရှည်ရှည်၊ မျက်ခုံးမွေးနက်နက်၊ ဆံပင်ကောင်းကောင်း၊

ဖြူဖပ်ဖြူရော် မျက်နှာနှင့် လူတယောက်သည် ယီဂါ၏ သင်္ချိုင်းခေါင်းရင်း၌ ရပ်လိုက်၏။ "လူကြီးမင်းတို့" ဟု ပုလိပ်အရာရှိက သူ၏ ကြမ်းတမ်းလှသော အသံနှင့် အော်လိုက်၏။

ယီဂါ၏ သင်္ချိုင်းခေါင်းရင်းမှ လူငယ်ကလည်း

"ရဲဘော်တို့" ဟု သူ၏ ကျယ်လောင်၍ ကြည်လင်ပြတ်သားသော အသံဖြင့် စကားစလိုက်ပြန်၏။

တဖန် ပုလိပ်အရာရှိက

"ခဏကလေး နားထောင်ကြစမ်းပါ၊ ခင်ဗျားတို့ ဘယ်လို စကားမျိုး၊ တရားမျိုးကိုမှ မပြောရ၊ မဟောရဘူး ဆိုတာကို သတိပေးရလိမ့်မယ်" ဟု ပြောပြန်၏။

တဖန် ထိုလူငယ်က

"ကျွန်တော် စကားကလေး နည်းနည်းပဲ ပြောပါမယ်။ ရဲဘော်တို့၊ ကျွန်တော်တို့ရဲ့ မိတ်လည်း မိတ်ဆွေ၊ ဆရာလည်း ဆရာဖြစ်တဲ့သူရဲ့ သင်္ချိုင်းမှာ သူ ကျွန်တော်တို့ကို သွန်သင်ခဲ့တဲ့ သွန်သင်ချက်တွေကို မမေ့ဖို့နဲ့ ကျွန်တော်တို့ တိုင်းပြည်မှ ဖြစ်နေတဲ့ မကောင်းမှု အနိဋ္ဌာရုံတွေ ပေါ်ထွက်ရာ၊ ဒီအာဏာ တနည်းအားဖြင့် အသက်ဦးဆံပိုင် စနစ်လို့ ခေါ်တဲ့ ဒီမကောင်းတဲ့ ဖိစီးနှိပ်စက်နေတဲ့အာဏာကို မြုပ်နှံပစ်ဖို့ သင်္ချိုင်းကို မနားမနေ တူးကြဖို့ သစ္စာဓိဋ္ဌာန် ပြုကြပါစို့" ဟု ပြောလိုက်လေ၏။

"သူ့ကို ဖမ်းလိုက်" ဟု အရာရှိက အော်လိုက်၏။

သို့ရာတွင် သူ၏အမိန့်သံသည် "သက်ဦးဆံပိုင်စနစ် ပျက်စီးပါစေ..." ဟူ၍ အော်လိုက်သည့် အသံများကြားတွင် နစ်မြုပ်သွားလေ၏။

ပုလိပ်များသည် လူအုပ်ကြီးကို တွန်းထိုး၍ ထိုလူငယ်ထံသို့ အတင်းဝင်လာကြ၏။ သို့ရာတွင် သူ၏မိတ်ဆွေများက သူ့ကို ကာကွယ်ရန် သူ့ပတ်ဝန်းကျင်၌ အတင်း တိုးဝှေ့ရပ်နေကြလေ၏။ တဖန် လူငယ်က

"လွတ်လပ်မှု အစွန့်ရှည်ပါစေ" ဟု အော်လိုက်ပြန်၏။

အမေ့ကို ဘေးသို့ တွန်းဖယ်ပစ်လိုက်ကြ၏။ သူသည် ကျောက်ရှိန့်စွာနှင့် လက်ဝါးကပ်တိုင် တတိုင်ကို မှီ၍ မျက်စိမှိတ်နေလေ၏။ တစုံတယောက်သောသူက သူ့ကို ရိုက်နှက်လိမ့်မည်ဟု မျှော်လင့်လျက်ရှိ၏။ ရှုပ်ထွေးနေသည့်အသံများကြောင့် နားပွင့်မတတ် ဖြစ်နေ၏။ လေကလည်း တအားတိုက်၊ ကျောက်လည်း

ကြောက်လှသဖြင့် အသက်ရှူပင် မမှန်တော့ချေ။ ပုလိပ်များက အချက်ပေးခရာများကို တုတ်ကြ၏။ ကြမ်းတမ်းသည့်အသံများနှင့် အမိန့်များ ပေးနေကြ၏။ အမျိုးသမီးများကလည်း ငယ်သံပါအောင် အော်ကြဟစ်ကြ၏။ ဝင်းထရံမှ ဆင့်များ၊ သစ်သားချောင်းများကို ချိုးသံဖွဲ့သံများကို ကြားရ၏။ ပုလိပ်များသည် သူတို့၏ လေးလံသော ဖိနပ်များနှင့် ခြောက်သွေ့သည့်မြေပြင်ကို တအားဆောင့်၍ နင်းနေကြ၏။ ဤကဲ့သို့ အချိန်အတော်ကြာ ဖြစ်နေရာ အမေသည် ထိုနေရာ၌ မျက်လုံးများကိုမှိတ်၍ ကြာရှည် မနေနိုင်တော့ချေ။

အမေသည် မော့ကြည့်လိုက်ပြီး လက်များကို ဆန့်ကာ ရှေ့သို့ ငိုု၍ ပြေးလေ၏။ အမေ့နေရာနှင့် မလှမ်းမကမ်းရှိ သင်္ချိုင်းမြေပုံများအကြားမှ လမ်းမြှောင်ကလေးတခုပေါ်တွင် ပုလိပ်များသည် ထိုတရားဟောသည့် လူငယ်ကလေးများကို ဝိုင်းထားပြီး သူ့ကို ကာကွယ်ရန် ပြေးလာကြသည့် သူများကို ရိုက်လွှတ်နေကြ၏။ ပုလိပ်များ အလွတ်ကိုင်ထားကြသည့် ဓားရှည်များသည် တခါတခါ လူများ၏ခေါင်းပေါ်၌ ဖွေးခနဲ လက်ခနဲ ပေါ်ပေါ်လာကြ၏။ တခါတခါ လူအုပ်ကြီး အတွင်း၌ ပျောက်ကွယ်သွားကြပြန်၏။ လူများကလည်း ကြိမ်များနှင့် ဝင်းထရံများမှ သစ်သားချောင်း အကျိုးများကို လက်နက်များသဖွယ် အသုံးချပြီး ဝှေ့ယမ်းနေကြ၏။ လူအများသည် ဒေါသတကြီး အော်ကြ ဟစ်ကြနှင့် လူငယ်၏ ဘေးပတ်ဝန်းကျင်၌ ရုတ်ရုတ်သဲသဲ တိုးဝှေ့နေကြ၏။ ဤကဲ့သို့ ဒေါသတကြီး ဟစ်အော် ကြိမ်းမောင်းနေကြသည့် အသံများ အကြားမှ...

“ရဲဘော်တို့၊ ခင်ဗျားတို့ရဲ့ ခွန်အားကို မဖြုန်းကြပါနဲ့” ဟူသော ထိုလူငယ်၏ အောင်မာလှသည့် အသံသည် ပေါ်ထွက်လာ၏။

လူအများက သူ ပြောလိုက်သည့်စကားတို့ကို နားထောင်ကြ၏။ သူတို့ ကိုင်ထားကြသည့် တုတ်များ၊ သစ်သားချောင်းများကို ချ၍ ပြေးကြ၏။ သို့ရာတွင် မတွန်းလှန် မတားဆီးနိုင်သည့် ဇောအဟုန်ဖြင့် အမေသည် ရှေ့သို့သာ အတင်းတိုးသွားလေ၏။ ဦးထုပ်ကို ကျောပေါ်သို့ လှန်ချထားပြီး ဒေါသဖြစ်နေသည့် လူများကို တွန်းလွှတ်နေကြသည့် နစ်ကိုလိုင်ကို မြင်လိုက်၏။ သူက လူများအား

"ခင်ဗျားတို့ ရူးနေကြသလား၊ ကိုယ့်ကိုယ်ကို ထိန်းကြစမ်းပါဦး” ဟု တားမြစ်နေလေသည်။

အမေသည် နစ်ကိုလိုင်၏လက်တဖက်၌ သွေးများလူးနေသည်ဟု ထင်ကာ သူ့ဆီသို့ ပြေးပြီး...

“နစ်ကိုလိုင် ဒီနေရာမှာ မနေပါနဲ့” ဟု လှမ်း၍ အော်လိုက်၏။

“ဘယ်သွားမလို့လဲ၊ သူတို့က အမေ့ကို နှိပ်စက်ကြလိမ့်မယ်”

ထိုနောက် တစုံတယောက်က သူ့ပခုံးကို လှမ်းကိုင်လိုက်သဖြင့် ဆိုဖီယာကို မြင်လေသည်။ ဆိုဖီယာသည် ဦးထုပ်လည်း မပါ၊ ဆံပင် ဖိုးရိုးဖားရားနှင့် လူကလေး တယောက်လက်ကို ဆွဲကာ ရပ်နေ၏။ ကလေးငယ်သာသာမျှသာရှိသော ထိုလူကလေးသည် သူ၏မျက်နှာမှ သွေးများကို သုတ်နေလေ၏။ သူက တုန်တုန်ယင်ယင်နှင့်

"ကျွန်တော် သွားပါရစေ၊ ဘာမျှ မဖြစ်ပါဘူး" ဟု ပြောနေလေ၏။ ဆိုဖီယာက

"သူ့ကို ဂရုစိုက်ပါ၊ သူ့ကို ကျွန်မတို့အိမ် ခေါ်သွားပါ။ ဒီမှာ လက်ကိုင်ပဝါ၊ သူ့မျက်နှာကို ပတ်ဖို့" လျင်မြန်စွာ ပြော၍ အမေ့အား ထိုကလေးကိုအပ်ကာ ထွက်ပြေး လေ၏။ တဖန်

"အမေ မြန်မြန်သွားနော်၊ သူတို့က အမေ့ကို ဖမ်းလိမ့်မယ်" ဟု နောက်သို့လှည့်၍ ပြောလိုက်ပြန်၏။

လူများသည် သင်္ချိုင်းအတွင်း ဟိုပြေး ဒီပြေး ဦးတည်ရာ ပြေးကြ၏။ ပုလိပ်များသည် အုတ်ဂူနှင့် မြေပုံများအကြား လေးလံစွာ လှမ်းလျက်ရှိကြ၏။ သူတို့၏ဝတ်ရုံ အင်္ကျီအောက်ဖျားကို ပြန်နင်းမိကြ၏။ ကျိန်လိုက်၊ ဆဲလိုက်နှင့် ဓားရှည်များကိုလည်း ဝှေ့ယမ်းနေကြ၏။ လူကလေးသည် သူတို့ကို ဝံပုလွေကဲ့သို့ စောင့်ကြည့်နေလေ၏။ အမေသည် ထိုကလေး၏ မျက်နှာသို့ လက်ကိုင်ပဝါနှင့် သုတ်ရင်း...

"ဟဲ့၊ မြန်မြန်လုပ်ဟဲ့" အော်ပြောလိုက်၏။

ကလေးက ပါးစပ်ထဲက သွေးကို ထွေးပြီး

"ကျွန်တော့်အတွက် မပူပါနဲ့၊ မနာပါဘူး။ သူက ကျွန်တော့်ကို ဓားရိုးနဲ့ ဆောင့်တယ်။ ဒါပေမဲ့ သူလည်းပဲ ခံရတာပဲ။ ကျွန်တော်က သူ့ကို တချက်ပြန်ပြီး တုတ်နဲ့ တီးလိုက်တာ အော်သွားရတာပေါ့" ဟု ပြော၍ "အေး၊ စောင့်ကြည့်ကြပေါ့" ဟု သွေးများ လူးနေသည့် သူ့လက်သီးကို ယမ်း၍ အော်လိုက်၏။ တဖန် ဆက်၍...

"ဖြစ်လာမယ့် အရေးနဲ့စာရင် ဒါက ဘာမှ မဟုတ်ဘူး။ တို့အလုပ်သမားတွေ အားလုံး ထလာလိုက်တာနဲ့ သူတို့ကို မတိုက်ဘဲ မခိုက်ဘဲနဲ့ အားလုံး အပြုတ် ဖြုတ်ပစ်နိုင်မယ်" ဟု ပြောနေပြန်၏။

အမေက သင်္ချိုင်း ဝင်းထရံ အပေါက်ကလေး တပေါက်ဆီသို့ သူ့ကိုဆွဲခေါ်သွားရင်း "မြန်မြန် လုပ်ဟေ့" ဟု ပြော၏။ ဝင်းထရံအပြင် ကွင်းပြင်ထဲ၌ ပုလိပ်များက သူတို့ကို စောင့်နေကြပြီး သူတို့ အပြင်သို့ရောက်လျှင်

ရိုက်ကြနှက်ကြလိမ့်မည်ဟု ထင်၏။ သို့ရာတွင် တံခါးဝသို့ရောက်၍ နွေဦးရာသီ ဆည်းဆာရောင်ထဲမှ ကွင်းပြင်ကို ကြည့်လိုက်သောအခါ ကွင်းပြင်သည် ငြိမ်သက်နေပြီး လူတဦးတယောက်မျှ မရှိသည်ကို တွေ့ရလေ၏။

"ဟဲ့ ကလေး၊ မင်းမျက်နှာကို အမေ ပတ်တီးစည်းပေးမယ်လေ" ဟု သူက ပြောလိုက်လျှင် ကလေးက

"မစိုးရိမ်ပါနဲ့၊ ကျွန်တော် ဒီလိုဖြစ်လို့ မရှက်ပါဘူး၊ ဒါက ရိုးသားဖြောင့်မတ်တဲ့ တိုက်ပွဲပါ။ သူက ကျွန်တော့်ကို ချတယ်။ ကျွန်တော်ကလည်း သူ့ကို ပြန်ချလိုက်တာပဲ" ဟု ပြန်ပြောလေ၏။

အမေသည် ကလေး၏ဒဏ်ရာကို ကပျာကယာ စည်းပေးလိုက်၏။ ကလေးမျက်နှာမှ သွေးများကို မြင်ရသောအခါ ကလေးအတွက် ဝမ်းနည်းမိ၏။ ကလေး၏ သွေးများသည် နွေး၍ စေးကပ်လျက် ရှိသည်ကိုတွေ့လျှင် ထိတ်လန့်တုန်လှုပ်သွားမိ၏။ ထိုနောက် ကလေးအား ကွင်းပြင်ကိုဖြတ်၍ သုတ်သီးသုတ်ပျာနှင့် ခေါ်သွားလေ၏။

သူ့ပါးစပ်ကို စည်းထားသည့် အဝတ်များကို ဖြေပြီးသောအခါ ကလေးက "ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ ရဲဘော်၊ ကျွန်တော့်ဘာသာကျွန်တော် သွားနိုင်ပါတယ်" ဟု ဘဝင်ခပ်မြင့်မြင့်နှင့် ပြောလေ၏။

သို့ရာတွင် အမေသည် သူ့လက်များ တုန်နေသည်ကိုလည်းကောင်း၊ သူ့ကိုယ်သူ တကယ် မဟန်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်နေသည်ကို လည်းကောင်း တွေ့နေရ၏။ သူသည် အမေ၏အဖြေကို မစောင့်ဘဲ တခုပြီးတခုသာ စဉ်တိုက်ဆက်တိုက် မေးနေ၏။ သူ့အသံကမူ တဖြည်းဖြည်း အားနည်း အားနည်းလာလေပြီ။

"မင်းက ဘယ်သူလဲကွဲ့ ကလေးရဲ့"

"ကျွန်တော်က သံဖြူလုပ်ပါတယ်။ ကျွန်တော့်နာမည်က အိုင်ဗင်လို့ ခေါ်ပါတယ်။ ယီဂါရဲ့ လေ့လာရေးအဖွဲ့ထဲမှာ ကျွန်တော်တို့ သုံးယောက်လည်း ပါကြတယ်။ ကျွန်တော်တို့ သုံးယောက်လုံးဟာ သံဖြူလုပ်ကြပြီး အသက်လည်း အားလုံး ၁၁ နှစ်သာ ရှိကြသေးတယ်။ ကျွန်တော်တို့က သူ့ကို သိပ်ချစ်တာ။ သူ့ရဲ့ဝိညာဉ်ဟာ သာယာအေးချမ်းစွာနှင့် အနားယူနိုင်ပါစေ လို့ ဆုတောင်းရမှာပဲ။ ကျွန်တော်ကိုယ်တိုင်က ဘုရားသခင်ကို မယုံပေမဲ့"

လမ်းတခုခုသို့ ရောက်သောအခါ အမေသည် မြင်းရထားတစီးကို ခေါ်လိုက်၏။ အိုင်ဗင်ကို ရထားပေါ်သို့တင်ပြီး "အေး၊ ဘာမှ မပြောနဲ့နော်" ဟု ပြော၍

လက်ကိုင်ပဝါနှင့် အိုင်ဗင်၏ ပါးစပ်ကို ကျကျနန စည်းပေးလေသည်။

အိုင်ဗင်သည် ပတ်တီးကိုဖြေရန် သူ့လက်ကို မျက်နှာဆီသို့ မြှောက်လိုက်၏။ သို့ရာတွင် လက်မမြှောက်နိုင်။ ထို့ကြောင့် သူသည် ပတ်တီးနှင့်ပင်၊

"အေး၊ ဒါကို ကျွန်တော် မေ့လိမ့်မယ်များ ထင်သလား။ သူ မလာခင်က တစ်ဘိုဗစ်ဆိုတဲ့ ကျောင်းသားတယောက် ကျွန်တော်တို့ဆီကို လာတယ်။ သူက ကျွန်တော်တို့ကို နိုင်ငံရေး ဘောဂဗေဒ သင်ပေးတယ်။ သူ့ကို သူတို့က ဖမ်းသွားကြတယ်" ဟု ပြောနေ ပြန်၏။

အမေသည် အိုင်ဗင်ကိုဖက်ပြီး သူ၏ဦးခေါင်းကို ရင်ခွင်ထဲ၌ ထည့်ထားလိုက်၏။ အိုင်ဗင်သည် ရုတ်တရက် ငိုက်စိုက်ကျသွား၍ ငြိမ်သွားလေ၏။ အမေသည် ကြောက်ရွံ့ တုန်လှုပ်သွားကာ ဟိုဟိုဒီဒီ ချောင်းမြောင်း၍ တစေ့တစောင်း ကြည့်လိုက်၏။ ပုလိပ်များက လမ်းထောင့် တထောင့်မှ ပြေးလိုက်လာကြပြီး အိုင်ဗင်၏ ပတ်တီးစည်းထားသည့် ဦးခေါင်းကို မြင်ကာ သူ့ကိုဖမ်း၍ သတ်ပစ်မည်ကို ကြောက်နေလေ၏။ မြင်းရထားမောင်းသမားသည် သူ့ထိုင်ခုံပေါ်မှ ကိုယ်ကို လိမ်တွန့်လျက် ပြုံးကာ

"အရက်များ မူးနေသလားဗျာ" ဟု မေးလေ၏။ "အား၊ သောက်နိုင်တာထက် ပိုသောက်ခဲ့လို့ပေါ့" ဟု အမေက သက်ပြင်းချ၍ပြောလိုက်၏။

"ခင်ဗျားသားလား"

"ဟုတ်တယ်၊ ဖိနပ်ချုပ်သမားပဲ။ ကျုပ်ကတော့ ထမင်းချက်တယောက်ပါ"

"အင်း၊ ခင်ဗျားဘဝကလည်း ကျပ်တည်းတာပဲနော်"

ထိုနောက် ကြာပွတ်ကို တချက်ဝှေ့ကာ မြင်းရထားသမားသည် လှည့်သွားလေ၏။ တဖန် လေသံကိုနှိမ့်လျက်

"သင်္ချိုင်းထဲမှာ အခုတွင်ပဲ ဖြစ်လိုက်တဲ့ ရိုက်ပွဲအကြောင်းကို ကြားပြီလား" ဟု မေးလေ၏။ ထိုနောက်

"သူတို့က နိုင်ငံရေးသမား တယောက်ယောက်ကို လာပြီး သင်္ဂြိုဟ်တာနဲ့ တူပါတယ်။ ဒါမှမဟုတ်ရင်လည်း အထက် အရာရှိကြီးတွေနဲ့ မတည့်တဲ့ လူတယောက်နဲ့ တူပါတယ်။ သူ့ကိုလာပြီး သင်္ဂြိုဟ်ကြတဲ့ လူတွေကလည်း သူလိုလူတွေနဲ့ပဲ တူပါတယ်။ သူ့မိတ်ဆွေ အပေါင်းအသင်းတွေပေါ့။ ပြီးတော့ ဒီလူတွေက အထက်အရာရှိကြီးတွေ ပျက်စီးပါစေ၊ လူတွေဆီက ခိုးကြဝှက်ကြ၊ လုကြ ယက်ကြတဲ့ လူတွေဟာ သူတို့ပဲလို့ အော်ကြသတဲ့။ ဒီတင် ပုလိပ်တွေက

လာပြီး သူတို့ကို ရိုက်ကြ နှက်ကြတာပေါ့။ တချို့တော့ သေတယ်လို့တောင် ပြောကြတယ်။ ပုလိပ်တွေလည်းပဲ ခံရတာပဲတဲ့။ (တခဏမျှ ငြိမ်နေပြီးနောက် တဖန် ဆက်၍) "အင်း၊ သေတဲ့လူကို နှိုးကြသတဲ့ဗျာ" ဟု ကြောက်ရွံ့သည့်အသံနှင့် ပြောပြီးနောက် သူ၏ဦးခေါင်းကို မယုံသင်္ကာရှိသည့်သဘောနှင့် ယမ်းလျက်

"အင်း၊ သေတဲ့လူတောင် အေးအေးချမ်းချမ်း မနေကြရဘူးနော်" ဟု ဆိုလေ၏။ မြင်းရထားသည် လမ်းပေါ်မှ ကျောက်ခဲများပေါ်တွင် ဆောင့်လျက်ရှိရာ အိုင်ဗင်၏ဦးခေါင်းသည် အမှေ့ရင်ခွင့်ကို ဖြည်းညင်းစွာ ဆောင့်နေလေ၏။ မြင်းရထားမောင်းသမားသည် သူ၏ထိုင်ခုံပေါ်၌ ဘေးတိုက်ထိုင်ပြီး

"လူတွေက မငြိမ်မသက် ဖြစ်နေကြပြီ။ နေရာတကာမှာ ငြိမ်ဝပ်ပိပြားမှု မရှိတော့ဘူး။ မနေ့ညက စစ်ပုလိပ်တွေ ကျုပ်တို့ အိမ်နီးချင်းတယောက်ဆီလာပြီး မနက်လင်းတဲ့အထိ ရှာလိုက် ဖွေလိုက်တာ မပြောပါနဲ့တော့။ အဲဒီနောက် ပန်းပဲသမားတယောက်ကို ဆွဲသွားတယ်။ သူတို့တတွေက ည လူသူတိတ်တဲ့အခါ ဒီလူကို မြစ်ထဲခေါ်သွားပြီး ရေနှစ်သတ်ပစ်လိုက်မယ်လို့ ပြောကြတယ်။ ပန်းပဲသမားက လူကောင်းတယောက်ပါ" ဟု ပြောပြန်၏။

"သူ့နာမည်က ဘယ်သူတဲ့တုံး" ဟု အမေက မေး၏။

"ပန်းပဲသမား နာမည်လား၊ ဆေဗယ်တဲ့။ ဆေဗယ်(လ်)ယက်(ဗ်)ချန်ကိုတဲ့။ လူ ငယ်ငယ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူက ဗဟုသုတ သိပ်များတယ်။ အင်း၊ သူ သိချင်၊ နားလည်ချင်တာ တွေကို လေ့လာခွင့်ရဟန် မတူဘူး။ သူက ကျုပ်တို့ဆီ လာလာပြီးတော့ 'ခင်ဗျားတို့ မြင်းရထား မောင်းစားရတဲ့ လူတွေရဲ့ နေရတဲ့ဘဝက ဘယ်လိုဘဝမျိုးလဲ' လို့ မေးတတ်တယ်။ ကျုပ်တို့ကလည်း 'မပြောပါနဲ့ဗျာ၊ ခွေးဘဝထက်တောင် ဆိုးသေးတယ်' လို့ ပြန်ပြန်ပြောလိုက်တယ်" ဟု ပြန်ပြော၏။

"ဟော ရောက်ပြီ" ဟု အမေက ပြောလိုက်ရာ မြင်းရထားသည် ရုတ်ခြည်း ရပ်လိုက်၍ အိုင်ဗင်သည် နိုးလာပြီး အနည်းငယ် ညည်းလိုက်၏။

"သူကတော့ မူးနေပြီ။ အေး၊ အဲဒါ ဗော်ဒကာ အကျိုးကျေးဇူးတွေပေါ့" ဟု မြင်းရထားသမားက ပြော၏။

အိုင်ဗင်သည် မသွားနိုင် သွားနိုင် ဒယီးဒယိုင်နှင့် ခြံထဲသို့ ဝင်သွား၏။ သို့ရာတွင် "ကျွန်တော် ဘာမျှ မဖြစ်ပါဘူး။ ကျွန်တော့်ဘာသာကျွန်တော် လျှောက်နိုင်ပါတယ်" ဟုသာ ပြောနေလေ သတည်း။

အခန်း တဆယ့်သုံး

ဆိုဖီယာသည် အိမ်သို့ ရောက်နှင့်နေ၏။ သူသည် ထိတ်လန့်တုန်လှုပ်လျက် ရှိနေသော်လည်း စီးကရက်တလိပ်ကို ပါးစပ်ထဲ၌ ခဲနေလေသည်။

သူတို့သည် ဒဏ်ရာရထားသော ကလေးကို ခုတင်ပေါ်သို့ တင်ပြီးနောက် ဆိုဖီယာသည် ဦးခေါင်းမှ ပတ်တီးကို ဖြေကာ သူ့စီးကရက်မှ ထွက်လာသော မီးခိုးများကိုကြည့်ရင်း အမိန့်ပေးနေလေ၏။

"သူ့ကို ခေါ်လာခဲ့ကြပြီလေ၊ အိုင်ဗင်ဒန်နီလော့ဗစ်။ အမေ မောသွားသလား။ အတော်ကလေး ကော လန့်သွားသလား။ ကဲ၊ နားပေတော့လေ။ အမေ့ကို ပို့(တ်)ဝိုင် တခွက်လောက် ပေးလိုက်ပါ နစ်ကိုလိုင်"

အမေသည် စိတ်တုန်လှုပ် ချောက်ချားနေ၏။ သူသည် အသက်ပင် မှန်မှန်မရှူနိုင်ဘဲ သူ၏ရင်ထဲ၌ နာနေ၏။

"အမေ့အတွက်တော့ စိတ်မပူပါနဲ့" ဟု ပြောသော်လည်း သူ၏ခန္ဓာကိုယ်က ကြင်နာယုယစွာ ပြုစုမှုကို တောင့်တနေလေသည်။

နစ်ကိုလိုင်သည် တဖက်ခန်းမှ ထွက်လာ၍ ပတ်တီးစည်းထားသည့် သူ့လက်ကို အမေက မြင်လေ၏။ သူနှင့်အတူ ဆံပင်များ ရှုပ်တီးရှုပ်ထွေး ဖြစ်နေသည့် ဆရာဝန် အိုင်ဗင်လည်း ပါလာ၏။ သူသည် အိုင်ဗင်ကလေးထံသို့ တန်းသွားပြီး ကုန်းကြည့်ကာ ပြော၏။

"ရေပေးပါ၊ ရေများများ ယူခဲ့ပါ။ ပြီးတော့ ဂွမ်းနဲ့ အဝတ်သန့်သန့် ယူခဲ့ပါ" ဟု ပြော၏။

အမေသည် မီးဖိုခန်းဆီသို့ သွားမည်ဟု ဟန်ပြင်လိုက်၏။ သို့ရာတွင် နစ်ကိုလိုင် သူ့လက်မောင်းကို ကိုင်ပြီး ထမင်းစားခန်းထဲသို့ ခေါ်သွားကာ

"ဆိုဖီယာကို အယူခိုင်းတာပါ။ အမေ့ကို ပြောတာ မဟုတ်ဘူး။ အမေလည်း တော်တော်ကို စိတ်ပျက်လာတယ် ထင်တယ်" ဟု သာယာညင်းပျောင်းစွာ ပြောလေ၏။

အမေသည် သူ၏ သနားကြင်နာစွာနှင့် ကြည့်နေသည့် မျက်လုံးများကို မြင်သောအခါ သူ့စိတ်ကို မထိန်းနိုင်တော့ဘဲ

"အို၊ သူတို့က လူတွေကို ရိုက်ကြ၊ ခုတ်ကြတယ်" ဟု ပြောကာ

ရှိုက်နေလေ၏။ နစ်ကိုလိုင်က ဦးခေါင်းကို တချက်ညိတ်ကာ အမေ့အား ဝိုင်တခွက် ပေးပြီးနောက်

"ကျွန်တော်မြင်ပါတယ် အမေ၊ နှစ်ဖက်စလုံးက ဒေါသတွေ လွှန်ကဲကုန်ကြတယ်။ ဒါပေမဲ့ ဒီကိစ္စအတွက်နဲ့ အမေ စိုးရိမ်သောက ဖြစ်မနေပါနဲ့။ သူတို့က ခားပြားနဲ့ ရိုက်ကြတယ်။ တယောက်ပဲ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရတယ်လို့ ထင်တယ်။ ကျွန်တော့်ရှေ့မှာ ဖြစ်တာပဲ။ သူ့ကို အဲဒီ ရုန်းရင်းဆန်ခတ် ဖြစ်နေတဲ့ ကြားထဲက ကျွန်တော် ဆွဲတောင် ထုတ်နိုင်ခဲ့သေးတယ်" ဟု ပြောလေ၏။

အမေသည် နစ်ကိုလိုင်၏အသံနှင့် အခန်း၏ အလင်းရောင်နှင့် အနွေးဓာတ်တို့ကြောင့် စိတ်ချမ်းသာရသွား၏။ သူသည် နစ်ကိုလိုင်ကို ကျေးဇူးတင်စွာနှင့် ကြည့်နေ၏။

"မင်းကိုလည်းပဲ သူတို့က ရိုက်ကြသလား" ဟု အမေက မေး၏။

"ကျွန်တော့်ဘာသာ သတိမေ့ပြီး အခုလို လက်နှင့် သွားခိုက်မိပြီး အရေပါသွားတယ်လို့ ထင်တာပဲ။ ကဲ ဒီမှာ အမေ လက်ဖက်ရည် သောက်ပါဦး။ အပြင်မှာ အေးတယ်။ အမေကလည်း အဝတ်နွေးနွေး ဝတ်မထားဘူး"

အမေသည် လက်ဖက်ရည်ခွက်ကို လှမ်း၍ယူလိုက်၏။ သူ့လက်တွင် သွေးခြောက်များဖြင့် လူးနေသည်ကို သတိပြုမိ၏။ သူသည် ထိုလက်ကို ရင်ခွင်ထဲသို့ ရုတ်တရက် ထည့်လိုက်၏။ သူ၏ဂါဝန်သည် စိုထိုင်းနေ၏။ သူ့လက်ချောင်းများကို ပြန်ကြည့်ပြီး မျက်လုံးများပင် ပြူးသွား၏။ သူ၏ နှလုံးသားတို့သည် တဒိတ်ဒိတ်နှင့် ခုန်နေ၍ သူ၏ ဦးခေါင်းသည် မူးနောက်နောက် ဖြစ်လာလေ၏။

"အင်း၊ ပါဗယ်ကိုလည်းပဲ သူတို့က ဒီလိုလုပ်ကြမှာ" ဟု စိတ်ထဲ၌ စဉ်းစားနေမိ၏။

ဆရာဝန် အိုင်ဗင်သည် အတွင်းခံအင်္ကျီကိုဝတ်ပြီး အင်္ကျီလက်များကိုပင့်လျက် အခန်းတွင်းသို့ ဝင်လာ၏။ သူက နစ်ကိုလိုင် တိုးတိုးမေးနေသည့် အမေကို အသံ ကျယ်ကျယ်နှင့်

"သူ့မျက်နှာပေါ်က ဒဏ်ရာက မပြင်းထန်ပါဘူး။ ဒါပေမဲ့ သူ့ခေါင်းခွံကတော့ အက်သွားတယ်။ သိပ်ပြီးတော့ မဆိုးပါဘူး။ ဒါပေမဲ့ တော်တော်တောင့်တဲ့ ကလေး။ သွေးထွက်ကတော့ များသွားတယ်။ အဲဒီတော့ သူ့ကို ဆေးရုံပို့ရမှာလား" ဟု ပြန်၍ပြော၏။

"ဟင် ဘာပြုလို့လဲ၊ သူ့ကို ဒီမှာပဲ နေပါစေ" ဟု နစ်ကိုလိုင်က ဆို၏။

"ကနေ့ရော နက်ဖြန်ပါ သူ့ကို ဆေးရုံမှာထားရင် ပိုကောင်းလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်မှာ လာပြီး ကြည့်ချိန်မရှိဘူး။ ဒါထက် သင်္ချိုင်းထဲမှာ ဖြစ်တဲ့ အဖြစ်အပျက်ကို စာတမ်းတစောင် ရေးမှာမဟုတ်လား"

"ကျွန်တော် ရေးမယ်လေ"

အမေသည် ငြိမ်သက်စွာ မတ်တတ်ရပ်ပြီး မီးဖိုခန်းဆီသို့ သွားလေ၏။ နစ်ကိုလိုင်က အမေ့ကို အားပါးတရ ဆွဲထားပြီး

"အမေက ဘယ်သွားမလို့တုံး။ အမေက မကူပေမဲ့ ဆိုဖီယာက လုပ်နိုင်ပါတယ်" ဟု ပြော၏။

အမေသည် သူ့ကိုယ်သူ ပြန်ကြည့်ပြီး အနည်းငယ် တုန်လှုပ်သွား၏။ ထို့နောက် ရပ်လျက်

"အမေ့တကိုယ်လုံးလည်း သွေးတွေ စွန်းနေတာပဲ" ဟု ပြော၏။ ထို့နောက် အခန်းထဲ၌ အဝတ်များကိုလဲနေရင်း ဤလူစု၏ စိတ်အေးလက်အေးနိုင်ပုံနှင့် ဤမျှ ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းသည့် အဖြစ်အပျက်တို့ကို ခပ်ပေါ့ပေါ့ သဘောထားနိုင်ပုံတို့ကို အံ့သြမိလေ၏။ ဤကဲ့သို့ တွေးသည့်အခါ အမေသည် သူ့စိတ်သူ ထိန်းလည်း ထိန်းနိုင်၏။ ရဲလည်း ရဲရင့်လာ၏။ ဒဏ်ရာရထားသည့် ကလေးကို သိပ်ထားသည့် အခန်းထဲသို့ ဝင်သွားသောအခါ ဆိုဖီယာအား ထိုကလေးအပေါ်၌ ကုန်းနေသည်ကို တွေ့လေ၏။

"အဓိပ္ပာယ် မရှိတာတွေကို မပြောစမ်းပါနဲ့ ရဲဘော်" ဟု ဆိုဖီယာက တားလိုက်၏။

"ကျွန်တော်က ဒီမှာ အနှောင့်အယှက် ဖြစ်နေမှာပေါ့" ဟု ကလေးက ပြောလျှင် ဆိုဖီယာက

"စကားမပြောနဲ့၊ မပြောတာက ပိုကောင်းလိမ့်မယ်" ဟု ဆို၏။

အမေသည် ဆိုဖီယာနောက်မှ ဆိုဖီယာ၏ပခုံးပေါ်တွင် လက်ကိုထောက်ကာ မတ်တတ်ရပ်နေပြီး လူကလေး၏ ဖြူဖွေးသောမျက်နှာကိုကြည့်ရင်း မြင်းရထားပေါ်၌ အန္တရာယ် မကင်းသည့် စကားတွေကို ပြောသဖြင့် သူ ထိတ်လန့်တုန်လှုပ်သွားခဲ့ပုံတို့ကို ပြောပြလေ၏။ အိုင်ဗင် ကလေး၏ မျက်လုံးများသည် ပူနေလေသည်။ ထို့နောက်

"ကျွန်တော် မိုက်တာပါ" ဟု ရှက်ရှက်နှင့် ပြန်ပြော၏။

ဆိုဖီယာက သူ၏စောင်ကို ဆွဲခြုံပေးပြီး

"ကဲ၊ တို့တတွေ သွားကြမယ်လို့။ မင်း အိပ်တော့လေ" ဟု ဆိုလိုက်၏။

သူတို့သည် ထမင်းစားခန်းဆီသို့သွား၍ ထိုနေ့က အဖြစ်အပျက်တို့ကို အချိန်အတော်ကြာ ဆွေးနွေးကြ၏။ ဤအရေးကိစ္စတို့ကို အတိတ်တွင် မြှုပ်နှံလိုက်ပြီးနောက် အနာဂတ်အတွက် အစီအစဉ်တို့ကို ချမှတ်ကာ အနာဂတ်ကိုသာ ယုံကြည်ချက်ဖြင့် မျှော်မှန်းကြ၏။ သူတို့၏ မျက်နှာများသည် နွမ်းရိပင်ပန်းကြ၏။ သို့ရာတွင် သူတို့၏ အတွေးအခေါ်တို့သည် ရဲရင့်၏။ သူတို့၏ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြောကြသောအခါ သူတို့ကိုယ်သူတို့ မကျေနပ်သည့် မကျေနပ်မှုတို့ကို မဖုံးကွယ်ကြချေ။ ဆရာဝန် အိုင်ဗင်ကား သူ၏ကုလားထိုင်ပေါ်၌ ဟိုရွှေ့လိုက်၊ သည်ပြောင်းလိုက်နှင့် ဂနာမငြိမ်ဘဲ ဖြစ်နေလေသည်။

သူက သူ၏ စူးရှပြတ်သားသည့် အသံကိုနှိမ့်လျက်

"ကနေ ဝါဒဖြန့်တာက မလုံလောက်သေးဘူး။ အလုပ်သမားတွေဟာ မှန်တယ်။ ကျုပ်တို့ဟာ ကျုပ်တို့ရဲ့ ဝါဒဖြန့်ချိရေးအလုပ်ကို တိုးပြီး လုပ်ကြရလိမ့်မယ်။ အလုပ်သမားတွေကတော့ တကယ့်ကို မှန်တယ်ဗျာ" ဟု ပြောလျှင် နစ်ကိုလိုင်က မျက်မှောင်ကြုတ်လျက် ဆရာဝန်၏ လေသံမျိုးနှင့်ပင်

"ဘယ်နေရာမှာပဲဖြစ်ဖြစ် စာပေ ဖြန့်ချိရေးဟာ မလုံလောက်သေးဘူးလို့ချည်း ညည်းနေကြ တယ်။ အခုထက်ထိ ကျုပ်တို့က တူတူတန်တန် ပုံနှိပ်စက် တလုံးမှ မထောင်ရသေးဘူး။ လူ့(ဒ်)မီလာလည်းပဲ တော်တော်ကို ဆိုးနေပြီ။ သူ့ကို ကျုပ်တို့က အကူအညီ မပေးရင် သူ ပုံကျသွားလိမ့်မယ်" ဟု ပြန်ပြော၏။

ဆိုဖီယာက "နစ်ကိုလိုင် (ထောင်ပြေး) ကော၊ ဘယ့်နှယ်နေတုံး" ဟု မေးလျှင် နစ်ကိုလိုင်က

"သူကတော့ မြို့ထဲမှာ နေလို့ မဖြစ်ဘူး။ ပုံနှိပ်စက်အသစ်တလုံး ထောင်ပြီးမှ သူ အလုပ် လုပ်နိုင်မယ်။ ဒါပေမဲ့ ပုံနှိပ်စက်တလုံး မထောင်နိုင်မီ ကျုပ်တို့ လူတယောက် လိုတယ်ဗျာ့" ဟု ပြန်ဖြေလိုက်သောအခါ အမေက

"အမေလုပ်ရင် မဖြစ်ဘူးလား" ဟု တည်ငြိမ်စွာ မေးလိုက်၏။

သူတို့ သုံးဦးသည် တယောက်နှင့်တယောက် စကားမပြောဘဲ ကြည့်နေကြလေ၏။

ဆိုဖီယာက "အဲဒါ ကောင်းတယ်" ဟု ပြောလိုက်၏။

နစ်ကိုလိုင်ကမူ

"အမေ၊ ဒီအလုပ်က အမေ့အတွက် သိပ်ပြီးခက်ခဲပြင်းထန်တယ်။ အမေဟာ မြို့ပြင်မှာ နေရမယ်။ သဘောကတော့ အမေဟာ ပါဗယ်ကို တွေ့ရမှာ မဟုတ်ဘူး။ ပြီးတော့ ယေဘုယျသဘောက လည်း" ဟု ပြောလျှင် အမေက သက်ပြင်းချကာ...

"အဲဒါက ပါဗယ်အတွက် သိပ်အရေးမကြီးပါဘူး။ အမေ့အတွက် မှန်တာကို ပြောရရင် သူ့ဆီ သွားသွားတွေ့ရတာဟာ တကယ့် ဒုက္ခဆင်းရဲကြီးပဲ။ သူနဲ့ စကားပြောခွင့် မပေးတာ မဟုတ်ဘူး။ သူ့ကို အရူးတယောက်လိုကြည့်ပြီး ရပ်နေရတာပဲ။ သူ့ကို အမေ မပြောသင့်တဲ့ စကားကို ပြော မပြော၊ အမေ့ပါးစပ်ကိုသာ ကြည့်နေကြတာပေါ့" ဟု ပြန်ဖြေလိုက်၏။

အမေသည် လွန်ခဲ့သည့်ရက် အနည်းငယ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တို့ကြောင့် လူရော စိတ်ပါ ပန်းနေ၏။ ထို့ကြောင့် ယခုကဲ့သို့ မြို့မှ ခပ်ဝေးဝေးနေရမည့် အခွင့်အရေးကို တွေ့လျှင်တွေ့ချင်း အားတက်သရော ဆုပ်ထားလိုက်ခြင်း ဖြစ်၏။

သို့ရာတွင် နစ်ကိုလိုင်က တခြားသို့ စကားဦး လှည့်လိုက်ပြီး ဆရာဝန် အိုင်ဗင်ဘက်သို့လှည့်ကာ "ခင်ဗျားက" သူ၏ ငိုက်စိုက်ချထားသော ဦးခေါင်းကိုမော့ကာ

"ကျုပ်က ကျုပ်တို့လူစုဟာ ဘယ်လောက် လူနည်းစု ဖြစ်နေသလဲဆိုတာကို စဉ်းစားနေတာပါ။ ကျုပ်တို့ဟာ ယခုထက် အင်တိုက်အားတိုက် လုပ်ဖို့လိုတယ်။ ပြီးတော့ ပါဗယ်နဲ့ ယူကရိန်းသားတို့ကလည်း သူတို့ ထွက်မပြေးရင် မဖြစ်တာကို သဘောပေါက်အောင် လုပ်ဖို့ လိုတယ်။ သူတို့ဟာ ထောင်ထဲမှာထိုင်ပြီး အချိန်ဖြုန်းလို့ မဖြစ်လောက်အောင်ကို အဖိုးမဖြတ်နိုင်တဲ့ ရဲဘော်တွေဗျာ" ဟု စိတ်ညှိုးငယ်စွာဖြင့် ပြန်ဖြေလိုက်၏။

နစ်ကိုလိုင်သည် မျက်မှောင်ကြုတ်ပြီး ဦးခေါင်းကို ယမ်းကာ အမေ့ကို ကြည့်နေလေ၏။ သူ့သားနှင့် ပတ်သက်၍ သူ့ရှေ့တွင် ပြောရမည်ကို ဦးလေးလျက်ရှိကြောင်း သိသဖြင့် အမေသည် အပြင်သို့ ထွက်သွား၏။ သူ့ဆန္ဒကို အလေးဂရုမပြုကောင်းလား ဟူသောသဘောဖြင့် သူ့စိတ်ထဲ၌လည်း နာကြည်းနေ၏။ သူတို့ တိုးတိုး တိုးတိုး ပြောနေသံကို နားထောင်ရင်း အိပ်ရာထဲ၌ မျက်လုံးအကြောင်သားနှင့် လှဲနေစဉ် အမေသည် ထိတ်လန့် တုန်လှုပ်သွားလေည်။

ထိုနေ့ကား အလွန်ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာကောင်း၍ အမင်္ဂလာဆိုးတို့ဖြင့် ယှက်သန်းလျက် ရှိ၏။ သို့ရာတွင် အမေသည် ဤအချက်ကို မစဉ်းစားလို။ အနှောင့်အယှက် ပေးနေကြသည့် ဤထင်မြင်ယူဆချက်တို့ကို ဘေးသို့ ဖယ်ထားပြီး အမေသည် ပါဗယ်၏အပေါ်၌သာ အာရုံ စူးစိုက်လျက်ရှိ၏။ သူသည် ပါဗယ်ကိုလွတ်စေချင်၏။ သို့ရာတွင် ကြောက်လည်း ကြောက်နေ၏။

သူ့ပတ်ဝန်းကျင်မှ အရေးအခင်းတို့သည် ပေါက်ကွဲကြတော့မည်။ တနည်းအားဖြင့် အလွန် ပြင်းထန်သည့် ပဋိပက္ခမှုများ ဖြစ်လာကြတော့မည်ကို သိ၏။ ပြည်သူလူထုသည် ငြိမ်၍ ငုံ့ခံနေကြရာမှ တင်းမာခက်ထန်သော အခြေအနေကို မျှော်မှန်းနေကြ၏။ ပြည်သူလူထု ဒေါသသည် သိသိသာသာ ကြီးထွားလာ၏။ နေရာတကာ၌ ပြင်းထန်သည့် စကားတို့ကိုသာ ပြောကြဆိုကြ၍ မငြိမ်မသက် ဖြစ်နေ၏။ ကြေညာချက်တစောင် ထွက်တိုင်း ထွက်တိုင်း ဈေးများ၊ ဆိုင်များနှင့် အစေခံများနှင့် လက်မှုပညာသည်တို့ အကြား၌ ပြင်းပြင်းထန်ထန် ဆွေးနွေးကြ၏။ ပြောဆိုကြ၏။ လူတွေကို ဖမ်းတိုင်း ဖမ်းတိုင်း မည်သည့်အကြောင်း၊ မည်သည့် အရေးအခင်းကြောင့် ဖမ်းဆီးရသနည်းဟု ထင်မြင်ချက် ပေးကြရာတွင် အချို့ကလည်း အကြောက်ကြောက် အရွံ့ရွံ့နှင့် မရှင်းမလင်း မပြတ်မသား ဝေဖန်ကြ၏။ အချို့ကလည်း အသိဉာဏ် မပါဘဲ သနားကရုဏာ တခုတည်းကိုသာ ပွားလျက် ဝေဖန်ကြ၏။ သာမန်လူများကပင် တခါက သူမကြားဝံ့သည့် 'တော်လှန်ပုန်ကန်ခြင်း ဆိုရှယ်လစ်နိုင်ငံရေး' စသည့် စကားတို့ကို မကြာခဏ ပြောပြောနေကြသည်ကို ကြားရ၏။ သူတို့သည် ဤအရေးကိစ္စ တို့နှင့် ပတ်သက်၍ သိချင်၊ ကြားချင်လျှင် ဖြောင့် အတိအလင်း မပြောကြဘဲ ထေ့လုံး ငေါ့လုံး၊ စောင်းလုံး ချိတ်လုံးများနှင့် ပြောတတ်ကြ၏။ ဝမ်းထဲ၌ ကြောက်ရွံ့သည့် စိတ်ခံစား ရှိနေလျှင် ရန်ငြိုးသိုဟန်နှင့် ပြောတတ်ကြ၏။ သူတို့ဝမ်းထဲ၌ မျှော်လင့်ချက် ရှိလျှင် သို့တည်းမဟုတ် ခြိမ်းခြောက်လိုလျှင် နက်နက်နဲနဲ စဉ်းစား၍ ပြောတတ်ကြ၏။ ရှေ့သို့ ဘာမှ တိုးတက်မှုမရှိ အေးချမ်းရွှင်လန်းမှု ကင်းမဲ့နေသည့် ပြည်သူလူထု၏ ဘဝပြင်၌ မငြိမ်ဝပ်မှုသည် တဖြည်းဖြည်း ပို၍ ပို၍ ကျယ်ပြန့်လာလေ၏။ ငုပ်နေသည့် အနုမာနတရားသည် လှုပ်ရှား ပေါ်ထွက်လာကြပြီး ပြည်သူလူထုသည် နေ့စဉ် တွေ့ကြုံနေကြရသည့် အရေးကိစ္စတို့ကို ယခင်ကကဲ့သို့ ငြိမ်သက်စွာ လည်စင်း၍ မခံကြတော့ဘဲ လှုပ်ရှားရုန်းကန်စ ပြုလာကြ၏။ အမေသည် ဘဝ၏ ကြမ်းတမ်း ရက်စက်သည့် လက္ခဏာ အသွင်သဏ္ဌာန်တို့ကို သိမြင်နားလည်သူ ဖြစ်ရကား ဤအဖြစ်အပျက် တို့ကို အခြားသူများထက် ပို၍ ထင်ထင်ရှားရှား သိနေ၏။ ဘဝ၏ ရက်စက်ကြမ်းကြုတ်မှုနှင့် ပတ်သက်၍ ဤကဲ့သို့ ပြည်သူလူထုက စဉ်းစားဝေဖန်မှုဖြင့် လည်းကောင်း၊ မကျေနပ်မှုဖြင့် လည်းကောင်း သိမြင်လာကြသည့်အတွက် အမေသည် ဝမ်းလည်းသာမိ၏။ ကြောက်လည်း ကြောက်မိ၏။

ဝမ်းသာသည့်အကြောင်းကား ဤကဲ့သို့ ပြည်သူလူထုကို အသိဉာဏ်ရှိလာအောင်၊ သူတို့၏ နင်းပြားဘဝကို ရွံ့မုန်းလာပြီး ရုန်းကန်လာအောင် လှုံ့ဆော်စည်းရုံးပေးရာ၌ သူ့သား ပါဗယ် ပါနေခြင်းကြောင့် ဖြစ်၏။ သူ ကြောက်သည့်အကြောင်းရင်းကား ပါဗယ်သည် အကျဉ်းထောင်မှ လွတ်မြောက်သွားလျှင် ရှေ့ဆုံး တပ်ဦးမှ တဖန် ပြန်ပါလာပြီး အကြီးမားဆုံး အန္တရာယ်နှင့် ရင်ဆိုင်ရမည်ကိုလည်းကောင်း၊ ထိုမျှမက သူသည် အသက်ပါ

ဆုံးရှုံးသွားနိုင်သည်ကို လည်းကောင်း သိမြင်နေခြင်းကြောင့်ပင် ဖြစ်၏။

တခါတရံ သူ့သားကို သူ ကြားဖူး မှတ်ဖူးသမျှ ဂုဏ်အရည်အသွေးအားလုံးနှင့် လည်းကောင်း၊ သူ ကြည်ညို မြတ်နိုးခဲ့ဖူးသည့် လူတွေအားလုံး၏ မွန်မြတ်သည့် အရည်အချင်း အားလုံးနှင့် လည်းကောင်း၊ ကောင်းမြတ်ခြင်း၊ ရဲရင့်ခြင်း စသည့် အရည်အချင်း ဟူသမျှနှင့် လည်းကောင်း ပြည့်စုံသည့် ဇာတ်ဝတ္ထုများထဲမှ သူရဲကောင်းတယောက်သဖွယ် မြင်နေ၏။ ဤကဲ့သို့သောအခါ၌ ယုယကြင်နာလိုစိတ် ပွားလာ၏။ ထို့နောက် သူ့သားနှင့် ပတ်သက်၍ ပီတိတွေ ဖြာနေမိတတ်၏။

"အင်း၊ အစစ အန္တရာယ် ကင်းရှင်းပြီး ဖြူးဖြူးဖြောင့်ဖြောင့် ဖြစ်သွားမှာပါပဲ" ဟုလည်း သူသည် စဉ်းစားနေမိတတ်၏။

သို့ရာတွင် သာမန်မိခင်တယောက်အနေဖြင့် ပြန်၍ စဉ်းစားလိုက်သောအခါ မြင့်မြတ်သည့် မဟာလူသား၏ သဘောထားသည် ကွယ်ပျောက်သွားပြီး "အင်း၊ သူ့ကို သင်းတို့တတွေကတော့ သတ်ပစ်ကြမှာပဲ၊ သတ်ပစ်ကြတော့မှာပဲ" ဟူသော အတွေးဖြင့် သူ၏နှလုံးသားသည် တဒိတ်ဒိတ် ခုန်လျက် အလွန်ကြီးမားလှသည့် ဗျာပါဒ သောက မီးတောက်သည် သူ၏ ပီတိစိတ်ကို ပြာကျအောင် လောင်မြိုက်၍ ပစ်လိုက်လေသတည်း။

အခန်း တဆယ့်လေး

တနေ့ မွန်းတည့်ချိန်၌ အမေသည် အကျဉ်းထောင် ရုံးခန်းထဲတွင် ပါဗယ်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိ၏။ သို့ထိုင်ရင်း သူ၏မျက်ရည်များ ဝဲနေသည့် မျက်လုံးများဖြင့် နူတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့ကို မရိတ်ဘဲထားသည့် ပါဗယ်၏မျက်နှာကိုကြည့်ပြီး သူ၏လက်ချောင်းများ အကြား၌ ညှပ်ထားသည့် စာကလေးကို ပါဗယ်အားပေးရန် အခွင့်ကောင်းကို ချောင်းနေလေ သည်။

"ကျွန်တော် နေကောင်းပါတယ် အမေ။ သည့်ပြင် လူတွေလည်း ဒီလိုပါပဲ၊ အမေကော နေကောင်းရဲ့လား"

"အေး၊ နေကောင်းပါတယ်၊ ယီဂါကတော့ ဆုံးပြီကွဲ့"

"အိုး ဖြစ်မှဖြစ်ရလေ အမေ" ဟု ပြော၍ ပါဗယ်သည် သူ့ဦးခေါင်းကို တဖြည်းဖြည်း ငုံ့သွားလေ၏။

"ပုလိပ်က အသုဘပို့ရာမှ စပြီး ရိုက်လားနှက်လားလုပ်ပြီး တို့လူထဲက တယောက်ကိုတောင် ဖမ်းသွားတယ်" အမေက ရိုးသားစွာ ဆက်၍ပြောလိုက်၏။ ဤတွင် လက်ထောက်ထောင်ပိုင်က တောက်ခေါက်ပြီး ကပျာကယာ ထကာ...

"ဒီလိုစကားမျိုးတွေကို မပြောရဘူးလို့ ပိတ်ပင်ထားတယ်ဆိုတာကို ခင်ဗျား မသိဘူး။ နိုင်ငံရေးနဲ့ ပတ်သက်လို့ ဘာမှ မပြောရဘူးဗျာ့" ဟု မြည်တွန်နေလေ၏။ အမေကလည်း မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူ့အပြစ်ကို သူ ဝန်ခံသည့်အနေနှင့်

"ကျုပ်က နိုင်ငံရေးနဲ့ ပတ်သက်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ရိုက်ပွဲနှက်ပွဲအကြောင်း ပြောနေတာပါ။ တကယ့်ကို သူတို့ ရိုက်ကြ သတ်ကြတာပါ။ လူတယောက်ကို ခေါင်းတောင် ရိုက်ပစ်ကြသေးတယ်" ပြန်ပြော၏။

"ဒါကလည်း နိုင်ငံရေးပဲဗျာ။ ခင်ဗျား ဒါတွေကို မပြောရဘူးလို့ ကျုပ်မှာ တားရတဲ့ ဝတ္တရား ရှိတယ်။ သဘောကတော့ ခင်ဗျားတို့နဲ့ ပုဂ္ဂိုလ်ရေးရာအရ မပတ်သက်တဲ့ဟာဆိုရင် ဘယ်ဟာမှ မပြောရဘူး။ သဘောကတော့ ခင်ဗျားတို့ အိမ်ထောင်တို့၊ အိမ်တို့ ဆိုတာမျိုးတွေနဲ့ ပတ်သက်တာတွေကိုသာ ပြောနိုင်တယ်"

လက်ထောက် ထောင်ပိုင်သည် သူ၏ စားပွဲစောင်း၌ တဖန် ပြန်ထိုင်ပြီး အချို့ စာရွက်စာတမ်း တို့ကို လှန်ကြည့်နေပြီး ပင်ပန်းနွမ်းရိစွာ

"ဒီလို ကိစ္စမျိုးနဲ့ ပတ်သက်လို့ ကျုပ်မှာ တာဝန်ရှိတယ်" ဟု ပြော၏။

အမေသည် သူ့ကို ဂရုစိုက်၍ ကြည့်နေရင်း ပါလာသည့်စာကို ပါဗယ်၏လက်ထဲသို့ ထည့်လိုက်ပြီး စိတ်လက်ချမ်းသာသွားသည့်အနေနှင့် သက်ပြင်းချလိုက်၏။

"ခင်ဗျားတို့ကို ဘာတွေပြောခွင့်ပြုတယ်ဆိုတာကို ခင်ဗျားတို့ နားမလည်ဘူး" ဟု လက်ထောက် ထောင်ပိုင်က ပြောလျှင် ပါဗယ်က

"ကျွန်တော်လည်း နားမလည်ဘူးဗျာ" ရယ်၍ ပြောလိုက်၏။

ထိုအခါ လက်ထောက် ထောင်ပိုင်က ဒေါသဖြစ်ဖြစ်နှင့်

"ဒါဖြင့် ခင်ဗျား ဒီလာလို့ ဘာမှ မကျိုးမရှိဘူး။ ဘာပြောရမယ်ဆိုတာ မသိဘဲနဲ့ ဒီကိုလာလာပြီး လူတွေကို ဒုက္ခပေးနေတာပဲ" ဟု ဆို၏။ အမေက တဖန် "အမှုက မကြာခင် စစ်တော့မှာလား သား" ဟု မေးပြန်၏။

"မကြာခင်ကပဲ အမှုလိုက် ဒီကို လာသေးတယ်။ သူက မကြာမီ အမှုစစ်မယ်လို့ ပြောပါတယ် အမေ"

သူတို့နှစ်ဦး အသေးအဖွဲ့ကိစ္စကလေးတွေကို ပြောကြ၏။ ပါဗယ်က သူ့ကို ချစ်ခင်စွာ ကြည့်နေသည်ကို အမေသည် သတိပြုမိ၏။ သူသည် ခါတိုင်းကဲ့သို့ပင် သိက္ခာရှိ၍ တည်ငြိမ်၏။ သူ၏လက်များလည်း ဖြူနေပြီး မေးစေ့၌ မုတ်ဆိတ်မွေးများ ပေါက်နေ၏။ ထို့ကြောင့် ပို၍ ရွှင်နေသည်မှအပ အခြား ဘာမှ မပြောင်းလဲချေ။ သည် သူ့အား ကျေနပ်စရာ တခုခုကို ပြောပြချင်၏။ နစ်ကိုလိုင်အကြောင်းကို သိစေချင်၏။ ထို့ကြောင့် သာမန် အသေးအဖွဲ့ ကိစ္စကလေးတွေကို ပြောသည့် လေသံနှင့်ပင်

"အမေ မင်းရဲ့ မွေးစားသားကို တနေ့ကပဲ တွေ့ခဲ့တယ်" ဟု ပြောလေ၏။

ပါဗယ်သည် အမေပြောသည့်စကား၏ အဓိပ္ပာယ်ကို နားမလည်သဖြင့် အမေ၏ မျက်နှာကို အကဲခတ်နေ၏။ အမေက နစ်ကိုလိုင် (ထောင်ပြေး) ၏ မျက်နှာပေါ်မှ ကျောက်ပေါက်မာတို့ကို သတိရစေရန် သူ့ပါးကို သူ့လက်ချောင်းများနှင့် တို့ပြလေ၏။

"ကလေးက ဟန်ကျပါတယ်။ သူ မကြာခင် အလုပ်ရတော့မယ်" ဟု ပြောလိုက်မှ ပါဗယ်သည် သဘောပေါက်၍ ဦးခေါင်းကို ညိတ်လိုက်၏။ သူ့မျက်လုံးများကလည်း ရွှင်လာ၏ ။

"အဲဒါ ကောင်းတယ် အမေ"

အမေသည် သူ့ကိုယ်သူ ကျေနပ်ပြီး ပါဗယ် ပျော်ရွှင်နေသည်ကိုလည်း

အားရ “အေး၊ ပြောစရာကတော့ ကုန်ပြီ ဆိုပါတော့ကွယ်” ဟု စကားကို အဆုံးသတ်လေ၏။

ပါဗယ်က အမေ၏လက်ကို ဆွဲ၍ညှစ်ပြီး

“ကျေးဇူးတင်ပါတယ် အမေ” ဟု ပြောလိုက်၏။

သူ့သားနှင့်သူ တယောက်အပေါ်တယောက် ဤမျှ ခင်မင်ကြင်နာပြီး သံယောဇဉ် နှောင်ကြိုး တင်းနေသည်ကို တွေ့လိုက်ရသည့် အမေသည် အကြီးအကျယ် ပီတိ ဖြစ်သွား၏။ သို့ရာတွင် သူ့သားကို မည်ကဲ့သို့ ပြန်ပြောလိုက်ရမည်ကို မသိသဖြင့် သူ့သား၏လက်ကိုသာ အတင်း ဖျစ်ညှစ်ထားလိုက်လေ၏။

အိမ်သို့ပြန်ရောက်လျှင် အမေသည် သူ့ကို ထိုင်စောင့်နေသည့် ဆာရှာကို တွေ့လေ၏။ ဆာရှာသည် များသောအားဖြင့် အမေ ထောင်သို့သွားသည့်နေ့များ၌ လာတတ်၏။ ပါဗယ်သည် ဆာရှာအကြောင်းကို ဘယ်တော့မှ မမေးချေ။ အမေက သူ့အား ပါဗယ်အကြောင်းကို မပြောသည့်တိုင်အောင် အမေ့မျက်နှာကို အချိန်အတော်ကြာ စိုက်ကြည့်ပြီး ကျေနပ်နေတတ်၏။ သို့ရာတွင် ယခုအကြိမ်တွင် ဆာရှာသည် သိလိုဇောဖြင့် ပါဗယ်၏အကြောင်းကို မေးနေ၏။

“သူ ဘယ့်နှယ်နေတုံး”

“နေကောင်းပါတယ်”

“သူ့ကို စာပေးခဲ့ရဲ့လား”

“ဟုတ်တယ်၊ အမေ သူ့ကို စာဘယ်လိုပေးခဲ့ရတယ်ဆိုတာကို မြင်စေ့ချင်တယ်”

“အို၊ ဟုတ်သားပဲ၊ ကျွန်မ မေ့နေလိုက်တာ။ ကျွန်မတို့ နောက်ထပ် တသီတင်းလုံးလုံး စောင့်နေရဦးမှာပဲ။ သူက သဘောတူလိမ့်မယ်လို့ အမေ ထင်သလား”

ဆာရှာသည် မျက်မှောင်ကြုတ်၍ အမေ့ကို စိုက်၍ကြည့်နေလေ၏။

“အမေကတော့ မကြောက်တတ်ပါဘူး။ ဒါက အန္တရာယ် မများရင် သူက ဘာပြုလို့ သဘောမတူရမှာလဲ”

ဆာရှာက မေးကို တချက်ထိုးလိုက်၏။

"လူမမာကို ဘာစားဖို့ ခွင့်ပြုထားတုံး၊ အမေ သိရဲ့လား။ သူက ဆာနေပြီ"

"သူက ဘာမဆို စားနိုင်ပါတယ်၊ ခဏကလေးနော် အမေ"

အမေသည် မီးဖိုခန်းထဲသို့ ဝင်သွားရာ ဆာရှာက သူ့နောက်မှ လိုက်သွားလေ၏။

"အမေ့ကို ကူရမှာလား"

"အမယ်လေးတော်၊ မလိုပါဘူးအေ"

အမေသည် ကုန်း၍ မီးဖိုထဲမှ ခွက်တခုကို ဆွဲထုတ်လိုက်၏။

ဆာရှာက "ခဏကလေး အမေ" ဟု တိုးတိုးပြော၏။ သူ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်ပြီး သူ့မျက်လုံးများသည် ပြူးကျယ်လာ၍ တုန်ယင်သော နှုတ်ခမ်းများနှင့်

"အမေ့ကို ကျွန်မ မေးချင်တယ်။ သူက သဘောတူမှာ မဟုတ်ဘူး ဆိုတာက သေချာတယ်။ ကျွန်မကတော့ သူ့ကို ဆွေးနွေးဖို့ အမေ့ တောင်းပန်ချင်တာပဲ။ ကျွန်မတို့ သူ့ကို သိပ်ပြီး အရေးတကြီး လိုနေတဲ့အကြောင်း အမေက သူ့ကိုပြောပါ။ ကျွန်မက သူ့ကျန်းမာရေးအတွက် စိုးရိမ်နေတယ်ဆိုတာကိုလည်း သူ့ကို ပြောပါ။ အမေပဲ စဉ်းစားကြည့်လေ။ သူ့အမှုကိုစစ်ဖို့ ရက်ချိန်းတောင်မှ မပေးသေးဘဲနဲ့ဟာကို" ပြောနေလေ၏။

ဆာရှာသည် ဤစကားတို့ကို အတော်ကြိတ်မှိတ်ပြီး ပြောရ၏။ သူ့အသံသည် တော်တော်နှင့် မထွက်နိုင်။ သူသည် မတ်မတ်ရပ်ပြီး မျက်လုံးများကို ဘေးသို့လွှဲလိုက်၏။ ထို့နောက် မျက်စိကို မှိတ်ပြီး နှုတ်ခမ်းများကိုကိုက်ထား၏။ သူ၏လက်သီးများကိုလည်း တင်းကျပ်စွာ ဆုပ်ထားသည်။

ဆာရှာ ဤကဲ့သို့ ရုတ်တရက် ဖွင့်ဟလိုက်သည့်အတွက် အမေ့စိတ်၌ အတော်ပင် ထိခိုက်သွား၏။ သို့ရာတွင် ဆာရှာအကြောင်းကိုသိထားပြီးဖြစ်သဖြင့် ဆာရှာကို ဖက်ထားကာ

"သမီးရယ်၊ သူက သူ့ဘာသာသူ ဆုံးဖြတ်မှာပါ။ ဘယ်သူ့စကားကိုမှ နားဝင်မှာ မဟုတ်ဘူး။ ဘယ်သူပြောတာကိုမှ လုံးလုံးနားထောင်မှာ မဟုတ်ဘူး"

သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် တင်းကျပ်စွာ ဖက်ထားပြီး ငြိမ်သက်စွာ နားထောင်နေကြ၏။

ထို့နောက် ဆာရှာသည် အမေ့လက်ထဲမှ ဖြည်းညင်းစွာ ခွာထွက်သွား၏။

အမေသည် တုန်လှုပ်လျက်...

"ညည်းပြောတာ မှန်ပါတယ်၊ ဒါကတော့ စဉ်းစားဉာဏ်မဲ့တာပေါ့။ ဒါပေမဲ့ စိတ်ကို တင်းထားပါကွယ်" ဟု အားပေးလေ၏။ ထို့နောက် တည်ငြိမ်စွာ...

"အေး၊ တို့လည်း လူမမာကို အစာကျွေးကြရအောင်" ဟု ပြော၏။ အမေသည် အိုင်ဗင်ကလေး၏ အနား၌ထိုင်၍ "ခေါင်းကိုက်သေးသလား" မေးရာ...

"သိပ်တော့ မကိုက်တော့ပါဘူး။ ဒါပေမဲ့ မူးနောက်နောက်ပဲ ရှိသေးတယ်။ ပြီးတော့ အားလည်း နည်းနေသေးတယ်" အိုင်ဗင်ကလေးက ပြန်ဖြေ၏။ သူသည် စောင်ကို မေးစေ့သို့ရောက်အောင် ဆွဲခြုံလိုက်ပြီး မီးရောင်က အလွန်လင်းနေသည့်အနေနှင့် မျက်လုံးများကို မှေး၍ ကြည့်နေလေ ၏။ အိုင်ဗင်ကလေးသည် သူ့ရှေ့၌ အစာစားရမည်ကို ရှက်နေကြောင်း ဆာရှာသည် သိသဖြင့် မတ်တတ်ရပ်ကာ ထွက်သွားလေ၏။ အိုင်ဗင်ကလေးသည် ငုတ်တုတ်ထိုင်၍ သူ ထွက်သွားသည်ကို ကြည့်နေရာမှ

"ဘယ်လောက်လှတဲ့ အမျိုးသမီးလဲ" ဟု ပါးစပ်မှ ရေရွတ်လိုက်သည်။

သူ၏မျက်လုံးများသည် ပြာလျက် ကြည်လင်နေ၏။ သွားကလေးများသည် စိပ်၍ ညီနေ၏။ သူ့အသံကမူ ကြီးကောင်ဝင်ခါစ ဖြစ်လေသည်။

အမေက "မင်းအသက် ဘယ်လောက်ရှိပြီလဲ" ဟု မေး၏။

"ဆယ့်ခုနစ်နှစ်ပါ"

"မင်းမိဘတွေကကော ဘယ်မှာလဲ"

"ရွာမှာပဲ နေကြတယ်။ ကျွန်တော်က ဆယ်နှစ်သားကတည်းက ဒီကိုရောက်နေတာပဲ။ ကျောင်းက ထွက်ထွက်ချင်း ဒီကို လာတာပဲ။ ရဲဘော်နာမည်ကတော့ ဘယ်လို ခေါ်တုံး"

အမေသည် သူ့ကို "ရဲဘော်" ဟု ခေါ်လျှင် အမြဲတမ်း သဘောလည်းကျ၏။ စိတ်ထဲ၌လည်း ထိခိုက်သွားတတ်သည်။ သူက ပြုံး၍

"မင်းက ဘာပြုလို့ သိချင်တာလဲ" ဟု မေးလျှင် အိုင်ဗင်ကလေးက ခပ်အမ်းအမ်း ဖြစ်သွားပြီး တခဏလောက် ငြိမ်နေလိုက်၏။

ထို့နောက် "ဒီလိုပါ ခင်ဗျာ့၊ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ထဲက ကျောင်းသား တယောက်၊ တကယ်ပြောရရင်တော့ ကျွန်တော်တို့ကိုသင်ပြပေးတဲ့ ကျောင်းသားတယောက်က အလုပ်သမား ပါဗယ် ဗလက်ဆော့ရဲ့အကြောင်းကို

ပြောပြဖူးတယ် ခင်ဗျာ့။ မေဒေးနေ့ လူထုဆန္ဒပြပွဲကို မှတ်မိတယ် မဟုတ်လား ခင်ဗျာ" ဟု ပြောပြလေ၏။ အမေသည် ဦးခေါင်းကို ညိတ်လိုက်ပြီး ရုတ်တရက် စိတ်ခါတ်တက်ကြွလာကာ…

"သူဟာ ကျွန်တော်တို့ အလံတော်ကို လမ်းတွေပေါ်မှာ ပထမဆုံး လွှင့်သွားတဲ့လူပဲခင်ဗျာ" ဟု အိုင်ဗင်က ဝင့်ဝင့်ဝါဝါနှင့် ပြောလိုက်လျှင် အမေကိုယ်တိုင်ကလည်း ဝင့်ဝါပြီး ဂုဏ်ယူမိပြန်သည်။

"အဲဒီတုန်းက ကျွန်တော်တော့ မပါပါဘူး။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့အနေနဲ့ ဆန္ဒပြပွဲ လုပ်မယ်လို့ဟာ၊ မလုပ်ဖြစ်နိုင်ဘူး။ လုပ်ချင်တဲ့လူက သိပ်နည်းတာပဲ။ ဒါပေမဲ့ ရှေ့နှစ်တော့ လုပ်မှာပဲ၊ ကြည့်ပါဗျာ" ဟု ပြောရင်း

အိုင်ဗင်သည် မျှော်မှန်းချက်ဖြင့် အသက်ပင် မှန်မှန်မရှူနိုင်ချေ။ တဖန် သူသည် သူ့လက်ထဲမှ ဇွန်းကိုယမ်းလျက်

"အခု ကျွန်တော်ပြောနေတာက အဲဒီ ပါဗယ်ရဲ့အမေ့အကြောင်းပဲ။ အဲဒီနောက် ပါဗယ်ရဲ့ အမေဟာ ပါတီထဲ ဝင်တယ်။ သူတို့ကတော့ ဒီအမျိုးသမီးကြီးဟာ တကယ့်ကို အံ့သြစရာ ကောင်းတဲ့ အမျိုးသမီး တယောက်လို့ ပြောကြတယ်" ဟု ပြောပြန်၏။

အမေသည် ပြုံးနေ၏။ အိုင်ဗင်၏ ချီးကျူးသံကို ကြားရသဖြင့် ဝမ်းမြောက်သွား၏။ သူက

"အေး၊ အမေဟာ အဲဒီပါဗယ်ရဲ့အမေပဲ" ဟု ပြောလိုက်ချင်သည်။ သို့ရာတွင် ပါးစပ်မှ ဖွင့်မပြောမိဘဲ စိတ်ထဲ၌သာ

"ကိုယ့်ကိုယ်ကို ပြန်ကြည့်စမ်းပါဦး၊ ဘာမှန်းမှ မသိဘဲနဲ့" ဟု ရွှေရွှတ်နေမိ၏။

ထိုနောက် အမေသည် အိုင်ဗင်အပေါ်သို့ ကုန်း၍ တုန်ယင်သော အသံနှင့်

"ကဲ၊ နောက်ထပ် စားလိုက်ပါဦး။ အလုပ်သမား အရေးတော်ပုံအတွက် ကိုယ့်ကိုယ်ကို မြန်မြန် ကျန်းမာလာအောင်၊ အားရှိလာအောင် လုပ်ရမယ်" ဟု ရုတ်တရက် ပြောလိုက်၏။

လမ်းဘက်တံခါးသည် ပွင့်လာပြီး နွေဦးရာသီ၏ စိုထိုင်းအေးမြသော လေသည် ဝင်လာ၏။ အမေသည် မော့်ကြည့်လိုက်လျှင် ဆိုဖီယာ ပြုံးနေသည်ကို မြင်လိုက်လေ၏။

"အလိုလေး ဘုရား။ သူလျှိုတွေ၊ စုံထောက်တွေက ကျွန်မကို ဘယ်လို

လိုက်နေကြတယ်ဆိုတာ မြင်စေချင်တယ်။ တကယ့်ကို သူဌေးမလောင်းကလေး ကျနေတာပဲ။ ကျွန်မသွားဖို့ အချိန်ကျနေပြီ။ ကဲ၊ အေး ဒါထက် အိုင်ဗင်ကလေးကော ဘယ့်နှယ့်နေသေးတုံး အမေ၊ ဆာရှာလည်း ဒီမှာပဲလား"

ဟိုမေးဒီမေး တသီတတန်းကြီး မေးလျက် ဆိုဖီယာသည် သူ၏ ပြာမွဲမွဲ မျက်လုံးများဖြင့် အမေနှင့် အိုင်ဗင်ကလေးတို့အား ချစ်စနိုးစွာ ကြည့်နေ၏။ တဖန် စီးကရက် တလိပ်ကို ထုတ်၍ မီးညှိလိုက်လေ၏။ အမေကမူ

"ငါ့ကိုလည်းပဲ သည်လူတွေထဲကပဲလို့ ယူဆကြတော့မယ်" ဟု တွေးနေ၏။

တဖန် သူက အိုင်ဗင်ကလေးပေါ်သို့ ကုန်းပြီး

"အေးကွယ်၊ ပြန်ပြီးနေကောင်းအောင် လုပ်လိုက်ပါ သားရယ်" ဟု ပြန်ပြောလေ၏။

ထိုနောက် မီးဖိုခန်းသို့ဝင်သွားရာ ဆိုဖီယာကို ဆာရှာနှင့် စကားပြောနေသည်ကို တွေ့နေပြန်၏။

"အခု သူ စာစောင်ပေါင်း ၃၀၀ တောင် ပြီးပြီ။ အခုအတိုင်းသာ ဆက်လုပ်နေရင် ပင်ပန်းလို့ သေလိမ့်မယ်။ ဒါကတော့ တကယ့် ဇွဲနဲ့ တကယ့်သတ္တိပါပဲ။ ဒီလိုလူတွေ ကြားထဲမှာ နေရပြီး သူတို့ရဲ့ရဲဘော်တယောက် ဖြစ်ရတာရယ်၊ သူတို့နဲ့အတူ အလုပ်လုပ်ရတာရယ်ဟာ ဘယ်လောက် အခွင့်အရေးသာသလဲ ဆိုတာကို ကြည့်စမ်းပါဦး ဆာရှာ" ဟု အမေက ပြောလျှင်

"အမေ ပြောတာ တကယ် မှန်ပါတယ်" ဟု ဆာရှာက ပြန်ပြောလိုက်၏။

ထိုနေ့ညနေ လက်ဖက်ရည် သောက်နေကြစဉ် ဆိုဖီယာက အမေ့ဘက်သို့ လှည့်ပြီး

"အမေတော့ ကျေးရွာတွေကို နောက်တခေါက်သွားပြီး လည်ရလိမ့်ဦးမယ် ထင်တယ်"

"သိပ်ကောင်းတာပေါ့။ ဘယ်တော့ သွားရမှာလဲ"

"အမေ သုံးရက်လောက်အတွင်း သွားနိုင်ပါ့မလား"

"သွားနိုင်မှာပေါ့"

"ဒီတခါတော့ တန်းမြင်းတွေကို ငှားရလိမ့်မယ်။ (တန်းမြင်းဆိုသည်မှာ စာများ ပို့ရာတွင် ရထားများကို ဆွဲရန် စခန်းစဉ်အတိုင်း အသင့်ထားသည့် မြင်းမျိုး

ဖြစ်ပါသည်။ မြန်မာပြည်တွင် ရှေးက မီးရထား၊ မော်တော်ကားများနှင့် စာမပို့နိုင်မီ နွားလှည်းများနှင့် စာများကို ပို့ခဲ့ဖူးရာ စာပို့သည့် လှည်းများကို တန်းလှည်းဟု ခေါ်လေ့ရှိကြပါသည်။ ။ ဘာသာပြန်ဆိုသူအမှာ) "ပြီးတော့ ဒီတခါလည်း တခြားလမ်းတလမ်းက သွားရလိမ့်မယ်။ နစ်ကို(လ်)စကိုယေနယ်ထဲက ဖြတ်သွားရလိမ့်မယ်" ဟု နစ်ကိုလိုင်က ဝင်၍ ပြောလိုက်၏။ သူသည် မျက်မှောင်ကြုတ်ပြီး မျက်နှာကလည်း သုန်မှုန်နေ၏။ ဤကဲ့သို့ သုန်သုန်မှုန်မှုန် မျက်နှာနှင့် သူ၏ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေတတ်သည့် သဘာဝသည် မကိုက်ညီချေ။

"နစ်ကို(လ်)စကိုယေနယ်ဘက်က သွားရတာက ခရီးသိပ်ရှည်မှာပဲ။ ပြီးတော့ တန်းရထားတွေ ငှားရမယ်ဆိုတာကလည်း " ဟု အမေက ပြောလျှင် နစ်ကိုလိုင်က

"အမှန်ပြောရရင် ကျွန်တော်က အခုသွားရမယ့်ဟာကို သဘောမတူဘူးဗျာ့။ ဟိုမှာလည်း အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်။ တချို့ အဖမ်းအဆီးတောင် ခံကြရတယ်။ ကျောင်းဆရာနဲ့ တူပါတယ်။ အဖမ်းခံရတာကတော့ ကျွန်တော်တို့ဟာ ပိုပြီး သတိထားကြရ လိမ့်မယ်။ ကျွန်တော်တို့ အခြေအနေကို စောင့်ကြည့်နေတာကပဲ ကောင်းမလားလို့" ဟု ပြောလျှင် ဆိုဖီယာက စားပွဲခုံကို လက်များနှင့်ခေါက်ရင်း...

"ကျွန်မတို့ သွားရမှာ ကြောက်နေသလား" ဟု မေးလိုက်၏။

အမေသည် သူ့ကို ဤကဲ့သို့ မေးရမည်လားဟု စိတ်ထဲ၌ အခံရခက်သွား၏။

"အမေက ဘယ်တုန်းကများ ကြောက်ဖူးလို့တုံး။ ပထမဦးဆုံးအကြိမ်သွားတုန်းကလည်း အမေ မကြောက်ခဲ့ဘူး။ အခုကော ဘာပြုလို့ အမေက" ဟု ပြောရင်း စကားမဆုံးမီ ဦးခေါင်းကို အောက်သို့ငုံ့လိုက်၏။

သူတို့က သူ့ကို အမေ ကြောက်သလားဟု လည်းကောင်း၊ အမေကသာ သဘောတူမယ်ဆိုရင် ဟုလည်းကောင်း၊ ဒါကို အမေ လုပ်နိုင်လိမ့်မယ်လို့ ထင်တယ် မဟုတ်လားဟု လည်းကောင်း ပြောလျှင် သူတို့က သူ့ကို တောင်းတောင်းပန်ပန် ခယယ လုပ်နေသည်ဟု ထင်၏။ သူ့ကို ခွဲခြားခွဲခြားလုပ်ပြီး သူတို့အချင်းချင်း တယောက်နှင့်တယောက် ရဲဘော်ရဲဘက်သဖွယ် ဆက်ဆံသကဲ့သို့ မဆက်ဆံဘူးဟု ထင်၏။

"အမေက ကြောက်လို့ရှိရင် ဘာပြုလို့ အမေ့ကို ခိုင်းနေသေးတုံး။ မင်းတို့အချင်း ချင်းကျတော့ တယောက်နဲ့တယောက် ဒီလို မပြောကြဘူး" ဟု အမေက အလွန်ချုပ်တည်းထားရသည့် လေသံဖြင့် ပြောလေ၏။

နစ်ကိုလိုင်သည် သူ၏မျက်မှန်များကိုချွတ်ပြီး တဖန် ပြန်၍တပ်ကာ သူ့နှမကို စူးစူးစိုက်စိုက် ကြည့်နေလေ၏။ အမေသည် သူ့တွင် အပြစ်ရှိသကဲ့သို့ မတ်တတ်ရပ်လိုက်၏။ သူသည် တစုံတခုကို ပြောချင်၏။ သို့ရာတွင် ဆိုဖီယာက အမေ့လက်ကို ဆွဲပြီး တားလိုက်လေသည်။

ထို့နောက်

"ကျွန်မကို ခွင့်လွှတ်ပါ အမေရယ်။ ကျွန်မ နောက်ထပ် ဒီလို မလုပ်တော့ပါဘူး" ဟု နူးညံ့စွာ တောင်းပန်လေ၏။

အမေသည် ပြုံးပြီး မိနစ်အနည်းငယ်အတွင်းမှာပင် သူတို့သုံးယောက်သည် အမေ သွားရမည့် ခရီးနှင့်ပတ်သက်၍ အရေးတကြီး ဆွေးနွေးတိုင်ပင်နေကြလေသတည်း။

အခန်း တဆယ့်ငါး

အရုဏ်တက်ချိန်လောက်၌ နွေဦးမိုးဖြင့် ပက်ဖျန်းထားသည့် လမ်းပေါ်တွင် အမေသည် တန်းရထားတစီးကို စီးနင်းလိုက်ပါလျက်ရှိ၏။ လေအေးကလေးသည် တိုက်ခတ်နေပြီး ရွှံ့များသည် အဘက်ဘက်မှ စဉ်နေ၏။ မြင်းရထားသမားသည် သူ၏ထိုင်ခုံပေါ်၌ ကိုယ် ကို တွန့်လိုက်ပြီး အမေ့အား

"ဒါကြောင့် ကျွန်တော်က ကျွန်တော့်အစ်ကိုကို ဝေစုခွဲရအောင်လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ဟာ ဝေစုခွဲကြတာပဲ" ဟု ညည်းညည်းညူညူနှင့် ပြောနေလေ၏။ သူသည် ရုတ်တရက်ချက်ချင်း လက်ဝဲဘက်မှ မြင်းကို ကြာပွတ်နှင့်ရိုက်ပြီး "ဟဲ့ သွားစမ်း၊ ဒီအမဲသားကြီး" ဟု ဒေါသနှင့် အော်၏။

နွေဦးတွင် ဆူဖြိုးနေကြသည့် ကျီးများသည် မည်သည့် သစ်ပင်၊ ပေါင်းပင်များမှ မရှိသည့် ထွန်ကြောင်းများအပေါ်၌ အကြောက်ကြောက် အရွံ့ရွံ့ဖြင့် ခုန်ဆွခုန်ဆွ လုပ်နေကြ၍ အေးမြသော လေအေးကလေးသည် တဝီဝီမြည်လျက်ရှိ၏။ သူတို့သည် လေ၏ဒဏ်ကို ခံနိုင်ရန် မားမားရပ်လျက် နေကြ၏။ လေကလည်း တခါတခါ သူတို့၏ အမွေးအတောင်တို့ကို ဖွာလန်သွားအောင် တိုက်၏။ တခါတခါ မြေကြီးပေါ်၌ ခြေကုတ်၍ မဖြစ်နိုင်လောက်အောင် တိုက်၏။ တခါတခါ၌လည်း မြေပေါ်တွင် နား၍ မရသဖြင့် ကျီးများသည် ပျံကြရလေသည်။

"အဲဒါနဲ့ သူက သွားပြီး ကျုပ်ဝေစုကိုလည်း ယူသွားတာပေါ့။ အခုတော့ ကျုပ် ရစရာ ဘာမှမရှိတော့ဘူး" ဟု မြင်းရထားသမားက ပြော၏။

အမေသည် သူ ပြောသည့်စကားတို့ကို အိပ်မက်ထဲ၌ ကြားနေရသကဲ့သို့ စိတ်မပါ့တပါနှင့် နားထောင်နေ၏။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက အဖြစ်အပျက်တို့သည် အမေ၏ စိတ်ထဲ၌ တခုပြီးတခု ပေါ်လာကြလေ၏။ သူကိုယ်တိုင် ဤအဖြစ်အပျက်များထဲ၌ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သည်ကိုလည်း ကောင်းစွာ သတိရ၏။ ယခင်က ဘဝကို မည်သူက မည်သည့်အတွက် ဖန်တီးထားသည်ကို သူ မသိချေ။ ယခုမူ ဘဝနှင့် ပတ်သက်သည့် များစွာသော အခြေအနေတို့ကို သူ၏မျက်မှောက်၌ပင် သူကိုယ်တိုင် ပါဝင်၍ ပြောင်းလဲလျက် ရှိ၏။ ထို့ကြောင့် သူသည် သူ့ကိုယ်သူ ကျေနပ်မိ၏။ သို့ရာတွင် သူ၏ စွမ်းအင်သတ္တိကို သူသည် မယုံကြည်သေးချေ။ သူ၏စိတ်သည် ရှုပ်ထွေးပြီး သူသည် ဝမ်းနည်းသွားလေသည်။

အမေ စီးလာသည့် ရထားသည် အလွန်နှေး၏။ မိုးသားတိမ်တိုက်တို့သည်

ကောင်းကင်ပြင်၌ ပြေးတမ်းလိုက်တမ်း ကစားသကဲ့သို့ တတိုက်နှင့်တတိုက် လိုက်လျက် ရှိကြ၏။ လမ်းဘေး တဖက်တချက်ရှိ သစ်ပင်များမှ သစ်ရွက်များ ကြွေထားကြသည့် သစ်ကိုင်းများသည် ငေ့ယမ်းနေကြ၏။ လယ်ကွက်များကိုလွန်၍ တောင်ကုန်းငယ်များကို ရောက်ကြပြီး တဖန် ထိုတောင်ကုန်းငယ်များကိုလည်း လွန်သွားကြပြန်သည်။

မြင်းရထားသမား၏ နှာခေါင်းသံနှင့် စကားပြောသံ၊ မြင်းဇက်ကြိုးမှ ခြူသံများ၊ စိုစွတ် ထိုင်းမှိုင်းနေသည့် လေ၏ တိုက်ခိုက်သံ၊ ဤအသံတို့သည် အသံတသံတည်းအဖြစ် စုပေါင်း၍ ကွင်းပြင်များအပေါ်သို့ တဖြည်းဖြည်း ပျံ့လွင့်သွားလေသည်။ မြင်းရထားသမားသည် သူ၏ထိုင်ခုံပေါ်၌ ကိုယ်ကို ယိမ်းထိုးလျက်

"လူချမ်းသာ ဆိုတာကတော့ ကောင်းကင်ဘုံနန်းကို ပိုင်ရင်တောင်မှ ကျဉ်းတယ် ထင်သေးတာပေါ့။ အဲဒီတော့ သူက ကျုပ်ရှိသမျှ ပစ္စည်းကို အတင်းညှစ်တော့တာပဲ။ အာဏာပိုင်တွေကပဲ အားလုံး သူ့လူတွေချည်းပဲ" ဟု ပြောပြလေ၏။

စခန်းသို့ ရောက်သောအခါ မြင်းရထားသမားသည် မြင်းများကို ရထားမှ ချွတ်လိုက်ပြီး "အရက်ကလေး သောက်ဖို့ ကျုပ်တော့ ငါးကိုပက်လောက် ပေးဦးမှပဲဗျာ" ဟု ညည်းညည်းညူညူနှင့် အမေ့ထံမှ တောင်းလေ၏။

အမေက သူ့ကို ငါးကိုပက်စေ့တစေ့ ပေးလိုက်လျှင် သူသည် ပိုက်ဆံကို သူ့လက်ဝါးပေါ်၌ မြှောက်လိုက်ပြီး

"အင်း၊ သုံးကိုပက်နဲ့ ဗော့ဒကါ သောက်ပြီး ကျန်တဲ့ နှစ်ကိုပက်နဲ့ ပေါင်မုန့် စားလိုက်ဖို့ပဲ" ဟု ပြော၏။

နေ့ခင်းအချိန်၌ အမေသည် အေးချမ်းနွမ်းရိစွာ နစ်ကို(လ်)စကိုယေမြို့ကလေးသို့ ရောက်လေ၏။ မြင်းရထားစခန်းသို့ လက်ဖက်ရည်သောက်ရန် သွား၍ သူ၏ လေးလံသော လက်ဆွဲအိတ်ကို ခုံရှည်တခုအောက်တွင်ထားပြီး ပြတင်းပေါက်နား၌ ထိုင်လိုက်၏။ ထိုနေရာမှနေ၍ ကြည့်လိုက်သောအခါ ခြေများ နင်းထားသည့် မြက်ဝါများနှင့် ဖုံးနေသည့် ဝန်းတဝန်း ရှိ၏။ ထိုဝန်းအတွင်း ခပ်ညိုမွဲမွဲ အဆောက်အအုံတခုကို မြင်ရ၏။ အမိုးကလည်း ကျုံ့နေ၏။ ဤအဆောက်အအုံသည် ထိုမြို့၏ အုပ်ချုပ်ရေးရုံး ဖြစ်၏။ ထိပ်ပြောင်ပြောင် မုတ်ဆိတ်မွေးနှင့် လယ်သမားတယောက်သည် ရုပ်အင်္ကျီပေါ်၌ အပေါ်အင်္ကျီ မပါဘဲ ဝရန်တာ၌ထိုင်ရင်း ဆေးတံကို သောက်နေ၏။ ဝက်တကောင်သည် ဝင်းအတွင်း မြက်ခင်းပေါ်၌ အစာကို ရှာစားနေ၏။ တခါတခါ ထိုဝက်သည် ဒေါသဖြစ်ဖြစ်နှင့် နားရွက်ကို ခါလိုက်၊ ဦးခေါင်းကို ခါလိုက်၊ မြေကြီးကို

နှုတ်သီးနှင့်ထိုးလိုက် လုပ်နေ၏။

မိုးသားတိမ်တိုက်တို့သည် ကောင်းကင်တွင် အစိုင်လိုက် အခဲလိုက် လှည့်လည်နေကြ၏။ ပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် ငြိမ်သက်နေ၏။ မည်းမှောင်နေ၏။ ငြီးငွေ့စရာ ဖြစ်နေ၏။ အရာဝတ္ထုတိုင်း၌ အသက်မဲ့သကဲ့သို့ ဖြစ်နေလေသည်။

ပုလိပ် ဆာဂျင်တယောက်သည် ရုတ်တရက် ဝန်းဆီသို့ မြင်းကို ဒုန်းစိုင်းလာပြီး ရုံးရှေ့တွင် မြင်းကို ရပ်လိုက်၏။ သူသည် နှင်တံကို ဝှေ့ယမ်းလိုက်ပြီး ဝရန်တာမှ လယ်သမားကို လှမ်း၍ အော်လိုက်၏။ သူ၏အသံသည် ပြတင်းပေါက်ဆီသို့ ပဲ့တင်ထပ်၍ ရိုက်ခတ်လာ၏။ သို့ရာတွင် စကားလုံးတို့ကို သဲသဲကွဲကွဲ မကြားရချေ။ လယ်သမားကြီးသည် မတ်တတ်ရပ်ပြီးလျှင် ခပ်ဝေးဝေးသို့ လှမ်း၍ လက်ညှိုးနှင့် ထိုးပြလေ၏။ ဆာဂျင်သည် မြင်းပေါ်မှဆင်းပြီး လယ်သမားကြီးအား ဇက်ကြိုးများကို ပစ်ပေးလိုက်၏။ ထိုနောက် ဘေးမှ တန်းကို လက်နှင့်ဆွဲကာ ဝရန်တာပေါ်သို့တက်၍ အခန်းထဲသို့ ဝင်သွားလေ၏။

တဖန် အားလုံး ဆိတ်ငြိမ်သွားပြန်၏။ မြင်းများသည် ပျော့နေသော မြေကြီးကို ခွာနှင့် ပေါက်နေကြ၏။ ထိုအတွင်း ၁၃၊ ၁၄ နှစ် အရွယ်သာရှိသေးသည့် မိန်းကလေး တယောက်သည် အခန်းထဲသို့ဝင်လာ၍ သူသည် သူ၏ ဝါကြန့်ကြန့်ဆံပင်ကို ဖွတ်မြီးတိုတို ထိုးထား၏။ သူ၏မျက်နှာသည် ဝိုင်း၍ မျက်လုံးများက နူးညံ့၏။ သူသည် ပန်းကန်များထည့်ထားသည့် ပိန်ရှုံ့နေသော လင်ပန်းကို သယ်လာရင်း နှုတ်ခမ်းကို ကိုက်ပြီး ခေါင်းကိုညိတ်လိုက်၏။ အမေက သူ့အား...

“မင်္ဂလာရှိတဲ့ နေ့ခင်းပါကွယ် ကလေးရယ်” ဟု နှုတ်ဆက်လိုက်ရာ “မင်္ဂလာရှိတဲ့ နေ့ခင်းပါ” ဟု ပြန်၍ နှုတ်ဆက်လိုက်၏။

လက်ဖက်ရည်ပွဲကို စားပွဲပေါ်၌တင်ပြီးနောက် ရုတ်တရက် ထိုမိန်းကလေးက တုန်လှုပ် ချောက်ချားစွာ...

“သူတို့ အခုတင်ပဲ ခေးပြတယောက်ကို ဖမ်းလာကြတယ်။ အခု အဲဒီခေးပြကို ဒီနေရာ ခေါ်လာကြတော့မယ်” ဟု ရုတ်တရက် ပြောလိုက်၏။

“သူက ဘယ်သူလဲ”

“ကျွန်မလည်း မသိဘူး”

“သူက ဘယ်သူ့ကို ခေးပြတိုက်တုံး”

“ကျွန်မ မသိဘူး” (ထပ်ပြောပြီး တဖန်ဆက်၍) "သူ့ကို သူတို့က ဖမ်းလာကြတယ်လို့ပဲ ကြားတယ်၊ အစောင့်က ပုလိပ်အရာရှိကို သွားခေါ်နေတယ်” ဟု ပြော၏။

အမေသည် ပြတင်းပေါက်မှ မျှော်၍ကြည့်လိုက်ရာ ဝန်းထဲ၌ တောင်သူလယ်သမားများ စုရုံးနေကြသည်ကို မြင်၏။ တချို့က အေးအေးဆေးဆေး တည်ငြိမ်စွာ လာကြ၏။ အချို့ကလည်း သူတို့ သိုးရေအင်္ကျီများကို ကြယ်သီးတပ်ရင်း အပြေးအလွှား လာကြ၏။ သူတို့သည် အုပ်ချုပ်ရေးရုံး အဆောက်အအုံရှေ့၌ ရပ်ကြပြီး လက်ဝဲဘက်သို့ ကြည့်နေကြ၏။

မိန်းကလေးကလည်း ပြတင်းပေါက်မှ ကြည့်၍ တံခါးကို ဂျုန်းခနဲပိတ်ကာ အခန်းတွင်းမှ ထွက်ပြေးလေ၏။ အမေသည် တံခါးသံကြောင့် လန့်သွားပြီး သူ၏ လက်ဆွဲသေတ္တာကို ခုံရှည်အောက်သို့ ထပ်၍ တွန်းလိုက်ပြီးနောက် တဘက်တထည်ကို ခေါင်းပေါ်သို့ တင်လိုက်၏။ ထို့နောက် သူ့ကိုယ်သူ မပြေးမိအောင် မနည်းထိန်း၍ ခပ်သုတ်သုတ် သွားလေ၏။

ဝရန်တာသို့ရောက်လျှင် အလွန်အေးမြသည့် လေတလုံးသည် သူ၏မျက်လုံးများနှင့် ရင်ဘတ်ကို ရိုက်ခတ်လိုက်၏။ သူသည် အသက်ရှူမှန်အောင် မနည်းကြိုးပမ်းရ၏။ သူ့ကိုယ်သူ ယိမ်းယိုင် မသွားရအောင်လည်း အတော် ထိန်းထားရ၏။ ရိုင်ဘင်သည် ဝန်းအတွင်းသို့ ဖြတ်လာ၏။ သူ့ကို လက်ပြန်ကြိုး တုပ်ထား၏။ သူ့ဘေးတဖက်တချက်မှ ပုလိပ်သား တယောက်စီ ပါလာရာ သူတို့သည် လမ်းလျှောက်ရင်း မြေကြီးကို တုတ်နှင့် ရိုက်လာကြ၏။ လူအုပ်ကြီးသည် ဝရန်တာရှေ့၌ ငြိမ်သက်စွာ မတ်တတ် ရပ်၍ စောင့်နေကြ၏။

အမေသည် မိုက်ခနဲ မေ့သွားတော့မည်ကဲ့သို့ ဖြစ်သွားပြီး ရိုင်ဘင်ထံမှ သူ့မျက်လုံးများကို လွှဲ၍ မရနိုင်လောက်အောင် ဖြစ်သွား၏။ ရိုင်ဘင်သည် တခုခုကို ပြောနေ၏။ သို့ရာတွင် သူ ဘာပြောသည်ကို အမေ မကြားချေ။ အမေသည်လည်း သူ့အသည်းနှလုံးတို့ကို ကိုင်၍ အလှုပ်ခံလိုက်ရသကဲ့သို့ ဖြစ်နေ၏။

သူသည် သက်ပြင်းတချက်ချပြီး သူ့ကိုယ်သူ ဣန္ဒြေဆယ်လိုက်၏။ ဝရန်တာအနီးတွင် လယ်သမားကြီးတယောက်သည် ရပ်၍ အမေ့ကို စိုက်ကြည့်နေ၏။ သူ၏ မျက်လုံးများသည် ပြာလျက် ပြူးနေကြ၏။ မုတ်ဆိတ်မွေးကမူ ထူ၍ ကြည့်ကောင်း၏။ အမေသည် ချောင်းဆိုးပြီး သူ့လည်ပင်းကိုသူ ကြောက်ကြောက်လန့်လန့်နှင့် ပွတ်နေလေသည်။

“ဘာဖြစ်တာတဲ့တုံးတော်” ဟု အမေက မနည်းအားယူ၍ မေးလိုက်၏။ ထိုဆင်းရဲသားကြီးက “ကိုယ့်ဘာသာကိုယ် ကြည့်ပါလားဗျာ” ဟု ပြောကာ လှည့်သွားလေ၏။ အခြား လယ်သမားကြီး တယောက် ရောက်လာပြီး အမေ့ဘေး၌

ရပ်နေပြန်၏။

ရိုင်ဘင်ကို ခေါ်လာသည့် ပုလိပ်သည် လူအုပ်ကြီးရှေ့၌ ရပ်လိုက်၏။ လူများသည် ငြိမ်သက်နေကြသော်လည်း လူအုပ်ကြီးသည် တဖြည်းဖြည်း ကြီးကြီးလာ၏။ ရုတ်တရက် ရိုင်ဘင်၏အသံသည် လူတွေ၏ဦးခေါင်းများပေါ်မှကျော်၍ ထွက်လာလေ၏။

"အို သစ္စာတရားကို ယုံကြည်ကြသူတို့၊ ကျုပ်တို့ လယ်သမားတွေရဲ့ဘဝနဲ့ ပတ်သက်လို့ အမှန်တရားကို ဖော်ထားတဲ့ စာရွက်တွေကို ခင်ဗျားတို့ ဖတ်ပြီးကြပြီလား။ အဲ၊ အဲဒီစာရွက်တွေ အတွက် ကျုပ် အခု သူတို့ရဲ့ အညှဉ်းပန်း အနှိပ်စက်ကို ခံနေရတာပေါ့။ အဲဒီစာရွက်တွေကို လူတွေကြားထဲ ဖြန့်တဲ့လူဟာ ကျုပ်ပဲ"

လူအုပ်သည် သူ့အနားသို့ကပ်၍ အုံလာကြ၏။ သူ့အသံသည် တည်ငြိမ်၏။ ထို့ကြောင့် အမေသည် သတိရလာ၏။

"ကြားလားဗျာ့" ဟု ဒုတိယလယ်သမားကြီးက ပထမလယ်သမားကြီးကို တံတောင်နှင့်တွတ်ရင်း တိုးတိုးမေးလိုက်၏။ ပထမ လယ်သမားကြီးက ဦးခေါင်းကို မော့ပြီး ဘာမှပြန်မပြောဘဲ အမေ့ကို တဖန် ကြည့်ပြန်၏။ ဒုတိယ လယ်သမားကြီးကလည်း အမေ့ကို ကြည့်နေ၏။ သူသည် ပထမ လယ်သမားကြီးထက် အသက်ငယ်၍ သူ၏မုတ်ဆိတ်မွေးသည် ကြဲ၍ မည်းမှောင်၏။ မျက်နှာသည် ပိန်၍ မှဲ့ခြောက်များ ပေါက်နေ၏။ ထိုနောက် သူတို့နှစ်ယောက်သည် ထွက်သွားကြလေသည်။

"အင်း၊ သူတို့ကတော့ ကြောက်နေကြပြီ" ဟု အမေသည် တွေးမိ၏။

သူသည် အာရုံပို၍ စိုက်မိ၏။ သူ ရပ်နေသည့် ဝရန်တာမှ ရိုင်ဘင်၏ ညို၍ ဒဏ်ရာများ ရထားသည့်မျက်နှာနှင့် သူ၏ ဒေါသရောင်ဖြင့် တောက်ပြောင်နေကြသည့် မျက်လုံးတို့ကို မြင်ရ၏။ သူ့ကို ရိုင်ဘင်ကလည်းမြင်စေချင်၏။ ထို့ကြောင့် ခြေဖျားထောက်ကာ မတ်တတ်ရပ်ပြီး လည်ပင်းကို ဆန့်ထားလိုက်၏။

လူများက သူ့ကို ဒေါသလည်းဖြစ်၊ မယုံလည်း မယုံကြည်သည့်သဘောနှင့် ကြည့်နေကြ၏။ သို့ရာတွင် ဘာမျှမပြောချေ။ လူအုပ်နောက်ပိုင်း၌သာ လေသံအုပ်အုပ်နှင့် ပြောနေကြသည့် စကားသံများကို ကြားနေကြရ၏။ တဖန် ရိုင်ဘင်ကား ညှစ်ထုတ်လိုက်သည့် ကျယ်လောင်သော အသံနှင့်...

"အို တောင်သူလယ်သမား အပေါင်းတို့၊ အဲဒီ စာရွက်စာတမ်းတွေထဲမှာ

ရေးထားတာတွေကို ယုံကြပါ။ ကျုပ်ကတော့ ဒီစာရွက်စာတမ်းတွေကို ဝေငှမိလို့ အသတ်ခံရချင် ခံရလိမ့်မယ်။ သူတို့က ကျုပ်ကို ဒီစာရွက်စာတမ်းတွေကို ဘယ်ကရသလဲဆိုတာကို သိအောင် ရိုက်ကြတယ်။ နှိပ်လည်း နှိပ်စက် ညှဉ်းပန်းကြတယ်။ ပြီးတော့ ကျုပ်ကို နောက်ထပ် ရိုက်ကြလိမ့်ဦးမယ်။ ဒါပေမဲ့ ကျုပ်က ဘယ်လိုလုပ်လုပ် ခံရန်အသင့်ပဲ။ ဘာပြုလို့လဲဆိုတော့ ဒီစာရွက်စာတမ်းတွေ ထဲမှာ ရေးထားတာတွေက အမှန်တရားဖြစ်ပြီး အမှန်တရားကို ကျုပ်တို့ နေ့စဉ် စားသောက် နေကြတဲ့ ထမင်းဟင်းထက် ပိုပြီး ချစ်ခင် မြတ်နိုးကြရမှာ ဖြစ်တယ်။ အဲဒါပါပဲ" ဟု ပြောပြန်၏။

ပြတင်းပေါက်နား၌ ရပ်နေသည့် လယ်သမားကြီး တယောက်က...

"ဘာပြုလို့ သူ ဒါတွေကို ပြောပါလိမ့်" ဟု အော်လိုက်၏။

မျက်လုံးပြာပြာနှင့် လယ်သမားကြီးက "လူဆိုတာ နှစ်ခါသေတယ် မရှိဘူးဗျာ။ တခါတည်း သေရတာပဲ။ ဘာအကြောင်းထူးသေးတုံးဗျာ" ဟု ပြန်ပြော၏။

လူများသည် ဘာမျှမပြောဘဲ စိတ်ချဉ်ချဉ်နှင့် ရိုင်ဘင်ကို ကြည့်နေကြ၏။ သူတို့အပေါ်တွင် သာမန်မျက်စိဖြင့် ကြည့်၍ မမြင်နိုင်သည့် အလေးကြီးတခုက ဖိနှိပ်ထားသကဲ့သို့ ဖြစ်နေလေ၏။

ပုလိပ် ဆာဂျင်သည် ယိုင်တိယိုင်တိုင်နှင့် ဝရန်တာသို့ ထွက်လာပြီး... "ဟေ့၊ ဒီမှာ စကားပြောနေတာ ဘယ်သူတုံးကွ" ဟု မူးမူးနှင့် အော်လိုက်၏။ သူသည် ရုတ်တရက် လှေကားပေါ်မှ ဆင်းလာပြီး ရိုင်ဘင်၏ဆံပင်ကို ဆွဲခါ ကိုင်လှုပ်လျက်

"ဟေ့၊ စကားပြောတာ မင်းလားကွ ဟင်၊ ခွေးမသား" ဟု အော်လိုက်၏။

လူအုပ်ကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာပြီး စကားများကို ပြောကြ ဆိုကြ ညည်းကြ၏။ အမေသည် ဘာမှမတတ်နိုင်ဘဲ စိတ်ဆင်းရဲနေရာမှ ဦးခေါင်းကို ငုံ့လိုက်၏။ တဖန်

"ကြည့်ကြပါဦးဗျာ မိတ်ဆွေတို့" ဟု အော်လိုက်သော ရိုင်ဘင်၏အသံသည် ပေါ်လာပြန်၏။

"ဟေ့၊ မင်းပါးစပ်ကို ပိတ်လိုက်စမ်း" ဟု အော်ကာ ဆာဂျင်က ရိုင်ဘင်ကို နားထင်တချက် ချလိုက်၏။ တဖန်...

"သူတို့က လူတယောက်ရဲ့လက်ကို ကြိုးနဲ့တုပ်ပြီး အဲဒီလူကို သူတို့ လုပ်ချင်သလို လုပ်ကြတယ်" ဟူသော ရိုင်ဘင်၏အသံသည် ကျယ်လောင်စွာ

ပေါ်လာပြန်၏။

"ဟေ့ ပုလိပ်တွေ၊ သူ့ကို ခေါ်သွားကြစမ်း၊ ခင်ဗျားတို့ လူတွေအားလုံးလည်း အိမ်ပြန်ကြ" ဟု ဆာဂျင်က ပြော၏။ ထိုနောက် ဆာဂျင်သည် အမဲရိုးတချောင်းနှင့် စားမာန်ထနေသော ခွေးကဲ့သို့ ရိုင်ဘင်ရှေ့၌ ခုန်ဆွခုန်ဆွလုပ်ရင်း ရိုင်ဘင်၏ မျက်နှာ၊ ရင်အုံနှင့် ဝမ်းဗိုက်တို့ကို လက်သီးနှင့် ထိုးလေ၏။ ထိုအတွင်း လူအုပ်ထဲမှ လူတယောက်က…

"သူ့ကို မရိုက်နဲ့" ဟု လှမ်း၍ အော်လိုက်၏။ တဖန် တခြားတယောက်က "ခင်ဗျားက ဘာပြုလို့ ရိုက်ရတာလဲ" ဟု ဝင်၍ ထောက်လိုက်၏။ မျက်လုံးပြာပြာ လယ်သမားကြီးက သူ့အဖော်အား ခေါင်းညိတ်ပြရင်း…

"ကဲ၊ ကျုပ်တို့ သွားကြစို့" ဟု ခေါ်လိုက်၏။ သို့နှင့် သူတို့နှစ်ယောက်သည် ထွက်သွားကြရာ အမေက သူတို့ကို သနားကြင်နာစွာ ကြည့်နေ၏။ တဖန် ဆာဂျင် ခရန်တာ လှေကားပေါ်ကို ဒယီးဒယိုင်နှင့် တက်သွားသည်ကို မြင်သောအခါ အမေသည် စိတ်ချမ်းသာမှု ရသွား၏။

"သူ့ကို ဒီခေါ်ခဲ့စမ်း၊ ငါက အကြောင်းပြလိုက်ဦးမယ်" ဟု ဆာဂျင်သည် လက်သီးကိုယမ်းရင်း အော်နေပြန်၏။

"ဟေ့ မလုပ်နဲ့ကွ" ဟု လူအုပ်ထဲမှ အောင်သည့် အသံတသံက လှမ်းအော်လိုက်၏။ ထိုကဲ့သို့ အော်လိုက်သူကား မျက်လုံးပြာပြာနှင့် လယ်သမားကြီး ဖြစ်ကြောင်း အမေသည် သိ၏။ တဖန် ထိုလယ်သမားကြီးက "ခေါ်မသွားနဲ့ ငါ့လူတို့၊ သူ့ကို သူတို့လက်ထဲ ထည့်လိုက်ရင် သူတို့က သေအောင် ရိုက်ပစ်ကြလိမ့်မယ်။ ပြီးတော့ တို့တတွေက ရိုက်တယ်လို့ ပြောကြလိမ့်မယ်။ သူ့ကို မခေါ်ကြစေနဲ့" ဟု အော်ပြောလိုက်ပြန်၏။

တဖန် ရိုင်ဘင်က…

"တောင်သူလယ်သမားတို့၊ ခင်ဗျားတို့ဘဝတွေဟာ ဘယ်လို ဘဝမျိုးတွေ ဆိုတာကို ခင်ဗျားတို့ မမြင်ကြဘူးလား။ ခင်ဗျားတို့ကို သူတို့က ဘယ်လို ခေါ်ပြတိုက်တယ်၊ ဘယ်လို လိမ်တယ်၊ ဘယ်လို ခင်ဗျားတို့သွေးတွေကို စုပ်ယူတယ်ဆိုတာတွေကို ခင်ဗျားတို့ မမြင်ကြဘူးလား။ သူတို့ဆီက ဥစ္စာပစ္စည်းတွေဟာ အစစ ခင်ဗျားတို့ဆီက ရတာချည်းပဲ။ ဒီကမ္ဘာမြေပေါ်မှာ ခင်ဗျားတို့ဟာ အကြီးမားဆုံး အင်အားစုကြီးပဲ။ ဒါပေမဲ့ ခင်ဗျားတို့မှာ ဘာအခွင့်အရေးတွေ ရှိတုံး။ ခင်ဗျားတို့မှာ အခွင့်အရေး တခုတည်းပဲ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ငတ်ပြီး သေရမယ့် အခွင့်အရေးပေါ့" ဟု ခပ်ကျယ်ကျယ် ပြောလိုက်ပြန်၏။

တောင်သူလယ်သမားများသည် တယောက် စကားကို တယောက် ဖြတ်၍ အော်ကြ ဟစ်ကြ၏။

"သူက အမှန်တရားကို ပြောနေတာ"

"ပုလိပ်အရာရှိကို ခေါ်လိုက်၊ ပုလိပ်အရာရှိက ဘယ်မှာလဲ"

"ဆာဂျင်က သူ့ကို သွားခေါ်နေတယ်"

"ဘယ်သူလဲကွ၊ ဟိုမှာမူးနေတာ"

"အာဏာပိုင်တွေကို ခေါ်ဖို့က တို့တတွေအလုပ် မဟုတ်ဘူး"

ဤကဲ့သို့ တယောက်တပေါက် အော်ဟစ်နေကြရာမှ ပို၍ ဆူညံလာ၏။

"ပြောပါ၊ သူတို့က ခင်ဗျားကို လက်ဖျားနဲ့တောင် မတို့စေရဘူး"

"သူ့လက်တွေကို ဖြေလိုက်ပါ"

"ခင်ဗျားကို မဖမ်းစေရဘူး"

"ကြိုးတွေကြောင့် လက်တွေနာကုန်ပြီ။ ကျုပ် မပြေးဘူး။ ကျုပ်ဟာ အမှန်တရားက ပုန်းကွယ်နေလို့မရပါဘူး။ အမှန်တရားက ကျုပ်ဝမ်းထဲမှာ ကိန်းအောင်းနေတယ်" ဟု ရိုင်ဘင်က အသံကျယ်ကျယ်နှင့် ပြောလိုက်၏။

လူအနည်းငယ်သည် လူအုပ်ထဲမှ ခွဲထွက်၍ တဖက်သို့ သွားရပ်ကြ၏။ ထိုနောက် တယောက်နှင့် တယောက် စကားပြောလိုက်၊ ဦးခေါင်းကို ယမ်းလိုက်နှင့် လုပ်နေကြ၏။ သို့ရာတွင် အဝတ်အစား အစုတ်အဟောင်းတို့ကို ဝတ်ဆင်ထားကြသည့် လူများသည် စိတ်ဓာတ်ပြင်းပြစွာ လှုပ်ရှား တက်ကြွလျက် ပို၍ ပို၍ များပြားစွာ ပြေးလာကြ၏။ သူတို့သည် ရိုင်ဘင်၏အနီး၌ ဆူပွက်နေကြရာ ရိုင်ဘင်သည် သူတို့၏အပေါ်တွင် မိုးနေပြီး လက်ကိုမြှောက်ကာ ဝှေ့ယမ်းလျက်...

"ကျေးဇူးတင်ပါတယ်၊ လူ့သူတော်ကောင်းတို့ ကျေးဇူးတင်တယ်။ ကျုပ်တို့တတွေဟာ တယောက်လက်တွေကိုမှ တယောက် ဖြေမပေးရင် ဘယ်သူက ကျုပ်တို့တတွေကို ဖြေပေးကြပါ့မလဲ" ဟု ဟစ်အော်လိုက်၏။

သူသည် သူ၏ မုတ်ဆိတ်မွေးကို လက်နှင့်သပ်ပြီး သွေးများလူးနေသည့် လက်ကို မြှောက်ကာ...

"ဒီမှာ ကျုပ်သွေးတွေပဲ၊ အမှန်တရားအတွက် ကျရတဲ့ သွေးတွေပေါ့" ဟု ဟစ်လိုက်ပြန်၏။

အမေသည် ဝရန်တာ လှေကားအတိုင်း အောက်သို့ ဆင်းလိုက်၏။ သို့ရာတွင် လူအုပ်ကြီးက ကွယ်နေသဖြင့် ရိုင်ဘင်ကို မမြင်ရသောကြောင့် ဝရန်တာပေါ်သို့ တက်ပြန်၏။ သူ့ဝမ်းထဲ၌ ပျော်သလိုလို ဖြစ်လာလေ၏။

"တောင်သူလယ်သမားတို့၊ ဒီစာရွက်စာတမ်းတွေကို စောင့်ပြီး ဖတ်ကြပါ။ ဘုန်းကြီးတွေ၊ အာဏာပိုင်တွေက အမှန်တရားကို လိုက်လံဟောပြောနေကြတဲ့ လူတွေဟာ ဒိဋ္ဌိတွေ၊ သူပုန်တွေ ဖြစ်တယ်လို့ ခင်ဗျားတို့ကိုပြောရင် မယုံကြပါနဲ့။ အမှန်တရားဟာ ကမ္ဘာလောကကြီးအတွင်း တိတ်တဆိတ်လျှို့ဝှက်ပြီး သွားလာလှည့်လည်နေတယ်။ ပြည်သူလူထုတွေအကြားမှာ ကိန်းဝပ်ဖို့ နေရာရှာနေတယ်။ အာဏာပိုင်တွေအဖို့တော့ အမှန်တရားဟာ မီးနဲ့ ဓားပဲ။ သူတို့က အမှန်တရားကို လက်မခံနိုင်ဘူး။ အမှန်တရားက သူတို့ကို သတ်ပစ်လိမ့်မယ်။ လောင်ကျွမ်းပစ် လိမ့်မယ်။ ခင်ဗျားတို့အတွက် အမှန်တရားဟာ မိတ်ဆွေကောင်း၊ သူတို့အတွက်တော့ အလွန် ခါးသီးပြင်းထန်တဲ့ရန်သူပဲ။ ဒါကြောင့် အမှန်တရားဟာ ကမ္ဘာလောကကြီးအတွင်းမှာ လျှို့ဝှက် လှည့်လည်နေတယ်" ဟူသော ရိုင်ဘင်၏အသံသည် တဖန် ပေါ်လာပြန်၏။

ဤတွင် လူအုပ်ကြီးထဲမှ အော်သံဟစ်သံတို့သည် ပေါ်လာပြန်၏။

"နားထောင်ကြပါ၊ သစ္စာတရားကို မြတ်နိုးကြသူတို့"

"ငါ့ညီ ဒုက္ခရောက်မယ်နော်"

"ခင်ဗျားကို ဘယ်သူက ပုလိပ်လက်ကို အပ်လိုက်တာလဲ"

"ဘုန်းကြီးက အပ်တာ၊ ဘုန်းကြီးက အပ်တာ" ဟု ပုလိပ်တယောက်က ဝင်စွက်လိုက်၏။

တောင်သူလယ်သမား နှစ်ယောက်က ကျိန်ဆဲလိုက်ကြ၏။

ထိုအတွင်း "သတိထား ကိုယ့်လူတို့" ဟု တစုံတယောက်သောသူက သတိပေးနေလေသတည်း။

ပုလိပ်အရာရှိသည် လူအုပ်ကြီးဆီသို့ လာလေ၏။ သူသည် အရပ်ရှည်ပြီး ကာယဗလ တောင့်တင်း၏။ မျက်နှာဝိုင်း၏။ သူ၏ ခေါင်းစွပ်ဦးထုပ်ကို သူ၏ နားရွက်တဖက်ပေါ်၌ စောင်း၍ ဆောင်းထား၏။ နှုတ်ခမ်းမွေးကိုလည်း တဖက်မှလိမ်၍ ထောင်ထားပြီး တဖက်မှ အောက်သို့ ကုတ်ထား၏။ ထို့ကြောင့် သူ့မျက်နှာသည် ပျော်ရွှင်မှုကင်းမဲ့သည့် အပြုံးဖြင့် အမြဲတမ်း ရှုံ့မဲ့နေသည်ဟု ထင်ရ၏။ သူ၏ဓားရှည်ကို လက်ဝဲဘက်လက်ဖြင့် ကိုင်ထားပြီး လက်ယာလက်ကို စကားပြောသည့်အခါ ဝှေ့လိုက် ယမ်းလိုက် မြှောက်လိုက် လုပ်နေတတ်၏။ လူတိုင်းသည် သူ၏ လေးလံသော ခြေသံများ နီးကပ်လာသည် ကို ကြားနေရ၏။ လူအုပ်ကြီးက သူ့ကို လမ်းဖယ်ပေး၏။ ဆူညံ ဆူညံ အသံတို့သည် မီးကို ရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်သွားလေ၏။ လူတွေ၏မျက်နှာတို့သည် သုန်မှုန်လာကြ၏။ အမေ၏ မျက်လုံးများသည် ပူလာပြီး နဖူးကြောများသည် တွန့်လာလေ၏။ အမေသည် လူအုပ်ထဲသို့ တဖန် ဝင်လို၏။ ထို့နောက် ရှေ့သို့ကုန်း၍ ငြိမ်သက်စွာ အာရုံစိုက်နေလေသည်။

ပုလိပ်အရာရှိသည် ရိုင်ဘင်ရှေ့၌ မတ်တတ်ရပ်ကာ မတုမတန်သည့်အနေဖြင့် ကြည့်ရင်း...

"ဒါက ဘာလဲကွ၊ သူ့လက်တွေကို ဘာလို့ ချည်မထားရတာလဲ။ ကဲ ကြည့်ကြစမ်း" ဟု ပြောလေ၏။

သူ့အသံသည် ကျယ်၍ဟိန်းနေ၏။ သို့ရာတွင် အားရပါးရ စိတ်ရောမာန်ပါ ပြောသည့်စကား မဟုတ်ချေ။

ပုလိပ်သား တယောက်က...

"အစက ချည်ထားတာပါ။ လူတွေက ဖြေပစ်လို့ပါ" ဟု ပြန်ပြော၏။

"ဘာလဲ၊ လူတွေက ဘာလူတွေလဲ"

ပုလိပ်အရာရှိသည် သူ့ရှေ့၌ လခြမ်းသဏ္ဌာန်ရပ်နေကြသည့် လူအုပ်ကြီးကို ကြည့်နေ၏။

"လူတွေဆိုတာက ဘယ်သူတွေလဲ" ဟု သူ့လေသံကို လုံးဝမပြောင်းဘဲ မေးလိုက်၏။ ထို့နောက် မျက်လုံးပြာပြာနှင့် လယ်သမားကြီးကို သူ့ဓားရိုးဖြင့် တို့ပြီး...

“မင်းတို့ဟာ လူတွေပဲလို့ ငါကတော့ ထင်တယ် ချူမာကော့။ ကောင်းပြီ၊ ဒီ့ပြင်ကော ဘယ်သူ ပါသေးတုံး။ မင်းလည်း ပါသေးသလား မစ်ရှင်” ဟု ပြောကာ လယ်သမားကြီး တယောက်၏ မုတ်ဆိတ်မွေးကို သူ၏ညာလက်နှင့် ဆွဲလိုက်၏။ တဖန် လူတွေဘက်ကိုလှည့်၍…

“ဟေ့ လူလွန်မသားတွေ သွားကြစမ်း။ လာရှုပ်မနေကြနဲ့၊ ပြောမရရင် တွယ်လိုက်လိမ့်မယ်။ အကြောင်းပြလိုက်ရမလားဟင်” ဟု ဟိန်းဟောက်နေပြန်၏။

သူ၏မျက်နှာထားသည် ဒေါသဖြစ်သည့် မျက်နှာထားလည်း မဟုတ်၊ ကြောက်စရာလည်း မကောင်းချေ။ သူသည် စကားကို တည်ငြိမ်စွာပြော၍ သူ၏ လက်တံရှည်ကြီးများဖြင့် ယမ်းကာ လူတွေကို ရိုက်လိုက်၏။ လူတွေက ဦးခေါင်းများကို ငုံ့ကာ သူ့ကိုမကြည့်ဘဲ ထွက်သွားကြလေ သည်။

ထိုနောက် သူက ပုလိပ်များအား…

“အေး၊ မင်းတို့ ဒီမှာ ဘာလာလုပ်ကြတာလဲ။ သူ့လက်တွေကို ချည်လိုက်ကြစမ်း၊ ငါပြောတာ မကြားဘူးလားဟင်” ဟု မေးပြီး ကျိန်ဆဲလိုက် ရိုင်ဘင်ကိုကြည့်ကာ…

“ဟေး၊ မင်းလက်တွေကို နောက်ပစ်ထားလိုက်စမ်း” ဟု အော်ငေါက်လိုက်၏။ ရိုင်ဘင်က…

“ကျုပ်လက်တွေကို သူတို့အချည်မခံချင်ဘူး။ ကျုပ် ပြေးလည်းမပြေးဘူး၊ ခင်ဗျားတို့ကိုလည်း ခံမချဘူး။ အဲဒီတော့ ကျုပ်လက်တွေကို ဘာချည်စရာ လိုသေးသလဲ” ဟု ပြောလျှင် ပုလိပ်အရာရှိသည် သူ့အနီးသို့သွားပြီး “ဘာပြောတယ်ကွ” ဟု မေးလိုက်၏။

ရိုင်ဘင်က သူ့အသံကိုမြှင့်ပြီး…

“ပြည်သူပြည်သားတွေကို ညှဉ်းပန်း နှိပ်စက်တာတွေကို ရပ်တန်းကရပ်ဖို့ အချိန်ကျလာပြီ။ ခင်ဗျားတို့ အရိုင်းအစိုင်း လူ့တိရစ္ဆာန်တွေ၊ ဒါပေမဲ့ ခင်ဗျားတို့ ခံရဖို့အလှည့် မကြာခင် ရောက်လာပါလိမ့်မယ်” ဟု ပြန်ဆိုလေ၏။

ပုလိပ်အရာရှိသည် နှုတ်ခမ်းမွေးများပင် ဆတ်ဆတ်တုန်လာကာ ရိုင်ဘင်၏ မျက်နှာကိုကြည့်ရင်း မတ်တတ်ရပ်နေလေ၏။ ထိုနောက် ရိုင်ဘင်ဆိုလိုက်သည့်စကားတို့ကို ကြားသောအခါ နောက်သို့ တလှမ်းဆုတ်ပြီး အံ့အားသင့်သွားကာ…

“ဟင် ခွေးမသား မင်း ဒီလိုပဲ ပြောရသလားကွ” ဟု ဆို၍

ရိုင်ဘင်၏မျက်နှာကို တအား ထိုးလိုက်၏။ ရိုင်ဘင်က သူ့ဆီသို့ တိုးလာပြီး…

“ဟေး မင်းတို့လက်သီးတွေနဲ့ အမှန်တရားကို မသတ်နိုင်ဘူးကွ၊ ပြီးတော့ ငါ့ကို ရိုက်ဖို့၊ ထိုးဖို့ မင့်မှာ ဘာအခွင့်အရေးမှ မရှိဘူး။ ဟေ့ ခွေးယုတ်မာ” ဟု ပြန်အော်လိုက်၏။

“ဟေ့ ငါ့မှာ အခွင့်အရေး မရှိဘူးလားဟင်” ဟု ပုလိပ်အရာရှိက ဟောက်လိုက်ပြန်၏။

သူသည် တဖန် ရိုင်ဘင်၏ဦးခေါင်းကို ဘယ်ဘက်လက်သီးဖြင့် ထိုးရန် ဟန်ပြင်လိုက်၏။ ရိုင်ဘင်သည် ဤတကြိမ် ဦးခေါင်းကို ငုံ့လိုက်ရာ သူ့ကို မထိုးမိဘဲ ပုလိပ်အရာရှိသည် ရှေ့သို့ အားလွန်ပြီး လဲတော့မလောက် ဖြစ်သွား၏။ လူအုပ်ထဲမှ လူတယောက်က သက်ပြင်းတချက် မှုတ်ထုတ်လိုက်၏။ တဖန် ရိုင်ဘင်၏ ဒေါသတကြီး ပြောလိုက်သည့် စကားသံကို ကြားရပြန်၏။

“ဟေ့ ငါ့ကိုတော့ မထိနဲ့၊ ဒါပဲ သရဲသဘက်ကောင်”

ပုလိပ်အရာရှိသည် ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်ပြီး လူအုပ်ကြီးက သူ့ကို မာန်ဖီလျက် ဝိုင်းလာသည်ကို တွေ့ ရလေ၏။

“နီကီတာ၊ ဟေ့ နီကီတာ” ဟု ပုလိပ်အရာရှိက အော်၍ ခေါ်လိုက်၏။ သိုးရေအင်္ကျီကို ဝတ်ထားသည့် ဂင်တိုတို လယ်သမားတယောက်သည် လူအုပ်ထဲမှ ထွက်လာ၏။ သူ၏ ဆံပင်စုတ်ဖွားနှင့် ခေါင်းကြီးကို ငုံ့ထား၏။

ပုလိပ်အရာရှိသည် သူ၏ ပါးမြိုင်းမွေးများကို လက်နှင့်လိမ်ကာ “နီကီတာ၊ သူ့နားရင်းကို တချက်လောက် ထိုးလိုက်စမ်း၊ နာနာကလေး တီးလိုက်စမ်းပါ” ဟု ပြော၏။

နီကီတာသည် ရှေ့သို့ တလှမ်းတိုး၍ ရိုင်ဘင်ရှေ့၌ မတ်တတ်ရပ်ပြီး မော့ကြည့်လိုက်၏။ ရိုင်ဘင်သည် သူ့မျက်နှာကို သေသေချာချာ စိုက်ကြည့်ပြီး…

“ကဲ၊ ကြည့်ကြတော့ ကိုယ့်လူတို့၊ ဒီလူ့အရိုင်းအစိုင်းတွေက ခင်ဗျားတို့ကို ကိုယ့်လက်နှင့်ကိုယ် ပြန်ပြီး ချုပ်ချယ်ကြတယ် ဆိုတာကို သေသေချာချာကြည့်ပြီး သေသေချာချာ စဉ်းစားကြည့်ကြ စမ်းပါ” ဟု ပြတ်ပြတ်သားသား လေးလေးနက်နက် ပြောလိုက်၏။

ထိုလယ်သမားသည် သူ့လက်ကို တဖြည်းဖြည်းမြှောက်၍ ရိုင်ဘင်၏ဦးခေါင်းကို သာသာကလေး ထိုးလိုက်၏။

ထိုအခါ ပုလိပ်အရာရှိက…

"ဒီလိုပဲ ထိုးရသလားဟင်၊ ခွေးမသား" ဟု အော်လိုက်လေ၏။ လူအုပ်ထဲမှ အသံတသံက…

"ဟေး နီကီတာ၊ ဘုရားသခင် ကိုယ်တော်မြတ် ရှိတယ်ဆိုတာကို မမေ့နဲ့နော်" ဟု လှမ်း၍ အော်လိုက်၏။

ပုလိပ်အရာရှိက နီကီတာ၏ လည်ကုပ်ကို ကိုင်ကာ…

"သူ့ကို ထိုးလိုက်စမ်း၊ ငါပြောတာ ကြားတယ် မဟုတ်လား" ဟု တဖန် ထပ်၍ ပြောသော်လည်း နီကီတာက… "ကျုပ် ထိုးပြီးပြီလေ" ဟု ပြောကာ ထွက်သွားလေ၏။

ပုလိပ်အရာရှိက "ဘာလဲ" ဟု မေးလိုက်၏။ သူ့မျက်နှာပေါ်တွင် ဒေါသရောင် ရုတ်တရက် သန်းသွားပြီး သူသည် မြေကြီးကို ခြေထောက်ဖြင့် တချက်ဆောင့်ကာ ရိုင်ဘင်ဆီသို့ ကျိန်ဆဲရင်း တအားပြေး၍ သွားလေ၏။ ထိုနောက် လက်သီးတချက်သံ ကြားရပြီး ရိုင်ဘင်သည် ဒယီးဒယိုင် ဖြစ်သွား၏။ သူသည် အားယူ၍ လက်တဖက်ကို မြှောက်လိုက်သော်လည်း ပုလိပ်အရာရှိက ဒုတိယတကြိမ် ထိုးလိုက်ရာ လဲသွားလေ၏။ ထိုနောက် ပုလိပ်အရာရှိသည် သူ့ရင်ဘတ်၊ နံဘေးနှင့် ဦးခေါင်းတို့ကို ခြေထောက်နှင့် လိုမ့်ကန်လေသည်။

လူအုပ်ထဲမှ မကျေနပ်သံ၊ ဒေါသသံတို့သည် ထွက်လာလေ၏။ လူများက သူ့ကို အန္တရာယ် ပေးတော့မည်ကို ပုလိပ်အရာရှိသည် အကဲခတ်မိ၍ နောက်သို့ တချက်ခုန်ကာ သူ၏ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လျက်…

"ဒါက ဘာလဲ၊ ပုန်ကန်တာလား၊ ဟား ဟား အဲဒါပေါ့" ဟု အော်လိုက်၏။ သူ၏အသံသည် တုန်လာပြီး သူသည် နောက်ထပ် ဘာမျှ မပြောနိုင်တော့ချေ။ သူ့အသံ တိမ်သွားသကဲ့သို့ သူ၏ အားသည်လည်း ကုန်ခန်းသွား၏။ သူသည် ဦးခေါင်းကို ငုံ့၍ လက်ပြင်ပါ ကုန်းသွားပြီး စိတ်ပျက်လက်ပျက်ဖြင့် နောက်သို့ ဆုတ်သွားလေ၏။ သို့ဆုတ်ရင်း အသံကွဲကြီးနှင့်…

"အေး ကောင်းပြီ။ သူ့ကို ခေါ်သွားကြ၊ ငါ သွားတော့မယ်။ အခု ခေါ်သွားကြလေ။ ကမြင်းမသားတွေ သူဟာ နိုင်ငံရေး ရာဇဝတ်ကောင်မှန်း မသိကြဘူးလားဟင်။ သူက လူတွေကို ဇာဘုရင်ကို ပုန်ကန်ဖို့ လှုံ့ဆော်နေတာကို မသိကြဘူးလား၊ အခု မင်းတို့က သူ့ကို ကာကွယ်နေ ကြတယ်။ အဲဒီတော့ မင်းတို့လည်းပဲ သူပုန်တွေ ဖြစ်နေကြပြီ သိကြရဲ့လား" ဟု အော်နေပြန်၏။

အမေသည် မျက်တောင်မခတ်ဘဲ ငြိမ်သက်စွာရပ်နေ၏။ သူသည် အားအင်ကုန်ခန်းနွမ်းရိသွား၏။ ဝမ်းထဲကလည်း ဟာသွား၏။ ထမင်းလုံးတစ္ဆေ

အခြောက်ခံရသကဲ့သို့ သူသည် ကြောက်လည်း ကြောက်၊ သနားလည်း သနားနေ၏။ လူတွေ၏ ဒေါသသံ၊ နာကြည်းသံတို့သည် သူ၏ ဦးခေါင်းထဲ၌ ပဆုတ်ပနီများ တကျီကျီ မြည်နေသကဲ့သို့ ဖြစ်နေ၏။ သူသည် ပုလိပ်အရာရှိ၏ တုန်တုန်ယင်ယင်အသံနှင့် တစုံတယောက်၏ တိုးတိုးတိတ်တိတ် ပြောနေသံတို့ကို ကြားနေ၏။

"သူ့မှာ အပြစ်ရှိရင် တရားရုံးကို ခေါ်သွားပေါ့"

"သူ့ကို သနားပါဦး သခင်"

"ဒါဟာ အမှန်တရားပဲ။ ဘယ်ဥပဒေကမှ ဒါမျိုးကို လုပ်ခွင့်မပေးဘူး"

"အမှန်တော့ ဒီလိုဥပဒေမျိုး မရှိဘူးပေါ့။ ဒီလိုဥပဒေမျိုးသာ ရှိမယ်ဆိုရင် ဘယ်သူ့ကိုမဆို ရိုက်နိုင်မှာပေါ့။ တကယ်လည်း ကောင်းပါ့ကွာ"

ထိုနောက် လူအုပ်ကြီးသည် အုပ်စုနှစ်စု ကွဲသွား၏။ လူတစုက ပုလိပ်အရာရှိအနားသို့ အုံလာကြပြီး သူ့ကို အော်လိုက်၊ တောင်းပန်လိုက်နှင့် လုပ်နေကြ၏။ အခြား လူတစုကမူ ထိုလူစုထက် လူနည်း၍ လဲနေသည့် ရိုင်ဘင်ဘေးပတ်လည်၌ မတ်တတ်ရပ်ကာ ခြိမ်းခြောက် ကြုံးဝါးနေကြ၏။ ထိုလူစုထဲမှ လူအများက ရိုင်ဘင်ကို ဝိုင်း၍ ထူပေးကြ၏။ ပုလိပ်များက သူ့လက်ကို ကြိုးနှင့် ချည်ကြမည် လုပ်သောအခါ သူတို့က "ဒီလောက်တောင် သုတ်သီးသုတ်ပျာ လုပ်မနေကြပါနဲ့ ဘီလူးသဘက်တွေရ" ဟု အော်လိုက်၏။

ရိုင်ဘင်သည် သူ့မျက်နှာနှင့် မုတ်ဆိတ်မွေးတို့မှ ဖုန်နှင့်သွေးတို့ကို သုတ်၍ ဘာမျှ မပြောဘဲ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာ အမေ့ကို လှမ်း၍ မြင်လိုက်၏။ အမေသည် လန့်သွား၍ အမှတ်မထင် သူ့လက်ကို ယမ်းရင်း ရှေ့သို့ကုန်းလိုက်၏။ သို့ရာတွင် ရိုင်ဘင်က တဖက်သို့ လှည့်သွား၏။ မိနစ် အနည်းငယ် ကြာသောအခါ သူ၏မျက်လုံးများသည် အမေ့ကို ရှာနေ၏။ သူသည် ကိုယ်ကိုဆန့်၍ ဦးခေါင်းကို မော့လိုက်၏။ သွေးများ ပေကျံနေသည့် သူ၏ပါးများသည် တုန်နေကြလေသည်။

"သူ ငါ့ကို မှတ်မိတယ်။ သူ ငါ့ကို တကယ်ပဲ မှတ်မိသလား" ဟု သူ့ကိုယ်သူ စိတ်ထဲ၌ ပြန်မေးနေပြီး အမေသည် သူ့ကို ခေါင်းညိတ်ပြလိုက်၏။ ထိုခဏအတွင်းမှာပင် မျက်လုံး ပြာပြာနှင့် လယ်သမားကြီးက သူ့ဘေးနား၌ ရပ်နေပြီး သူ့ကို ကြည့်နေသည်ကို အမေသည် သတိပြုမိ၏။ ဤကဲ့သို့ ကြည့်နေသည့်အတွက် အမေသည် ဝမ်းသာသွား၏။

"ငါက ဘာလုပ်နေတုံး။ ငါ့ကိုလည်း သူတို့က ဖမ်းသွားကြမှာ" ဟု

စဉ်းစားမိ၏။ လယ်သမားကြီးသည် ရိုင်ဘင်အား တစုံတခု ပြောလိုက်၏။ ရိုင်ဘင် သူ၏ ဦးခေါင်းကို ယမ်းလျက်...

"ဘာမှ မဖြစ်ပါဘူး။ ဒီကမ္ဘာလောကကြီးမှာ ကျုပ်တယောက်တည်း မဟုတ်ပါဘူး။ သူတို့ဟာ အမှန်တရား အားလုံးကို လိုက်ပြီး မဖမ်းနိုင်ပါဘူး။ ကျုပ်ရောက်ခဲ့တဲ့ နေရာတိုင်းက ကျုပ်ကို သတိရနေမှာပဲ။ ဒီလူတွေရဲ့နေရာတွေကို ဖျက်ဆီးပြီး ဒီရဲဘော်တွေ အကုန်လုံးကို ဖမ်းပစ်သည့် တိုင်အောင်" ဟု ပြန်ပြောလေ၏။

ရိုင်ဘင်သည် သူ့ကိုရည်မှန်း၍ ပြောနေသည်ဟု အမေက ထင်၏။ တဖန် ရိုင်ဘင်က...

"ဒါပေမဲ့ သိမ်းငှက်တွေ လွတ်လွတ်လပ်လပ် ပျံနိုင်တော့မယ့်ခေတ်၊ ပြည်သူလူထုတွေက သူတို့ကို တုပ်နှောင်ထားတဲ့နှောင်ကြိုးတွေကို ဖြတ်တောက်ပစ်မယ့်ခေတ်ကတော့ ရောက်တော့မှာ" ဟု ဆိုပြန်၏။

ထိုအတွင်း အမျိုးသမီးတယောက်သည် ရေပုံးတပုံးနှင့် ပေါက်လာပြီး ရိုင်ဘင်၏မျက်နှာကို ဆေးပေး၏။ သို့ ဆေးပေးရင်း ငိုနေ၏။ သူ့ငိုသံနှင့် ရိုင်ဘင်၏စကားတို့သည် ရောနေရာ အမေသည် ရိုင်ဘင်၏စကားတို့ကို ကောင်းစွာ မကြားရချေ။ ထိုနောက် ပုလိပ်အရာရှိနှင့်တကွ သူ့နောက်မှ တောင်သူလယ်သမားတို့သည် ပေါက်လာကြ၏။

"ဒီအကျဉ်းသားကိုတင်ဖို့ လှည်းတစီး ခေါ်ခဲ့စမ်း။ အခု ဘယ်သူ့အလှည့်တုံး" ဟု အသံတသံက အော်လိုက်၏။

ထိုနောက် ပုလိပ်အရာရှိက ဒေါသဖြစ်ဖြစ်နှင့်...

"ငါက မင်းကို ရိုက်နိုင်တယ်။ ဒါပေမဲ့ မင်းက ငါ့ကို မရိုက်နိုင်ဘူး။ မင်း ငါ့ကို ရိုက်ဝံ့သလားဟင် လူအရဲ့" ဟု ပြောလိုက်၏။

"ဟေ့ ဒီလိုလား။ မင်းက မင်းကိုယ်မင်း ဘာများ ထင်နေတုံးကွ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးများ ထင်နေသလား" ဟု ရိုင်ဘင်က အော်လိုက်ပြန်၏။

လူအများက အသံခပ်အုပ်အုပ်နှင့် ပြောကြသည့်အသံများက ရိုင်ဘင်၏အသံကို လွှမ်းသွားလေ၏။

"သူနဲ့ ငြင်းခုံမနေနဲ့ နောင်တော်။ သူက အာဏာပိုင်တယောက်ပဲ"

"သူ့ကို ဒေါသဖြစ်မနေပါနဲ့ သခင်။ သူက စိတ်မနှံ့ပါဘူး"

“ဟော့၊ ငြိမ်ငြိမ်နေစမ်း ဘုတ်ထိုင်း”

“သူတို့က ခင်ဗျားကို အခု မြို့ကို ခေါ်သွားကြမလို့”

“မြို့ထဲမှာ တောရွာတွေထက် ဥပဒေရှိသေးတယ်”

လူတွေ၏ အော်သံများထဲ၌ တောင်းပန်သည့်အသံများလည်း ပါ၏။ စော့စပ်ပြေငြိမ်းရန် အသံများလည်း ပါ၏။ သို့ရာတွင် ဤအသံများထဲ၌ မျှော်လင့်ချက် အနည်းငယ်သာ ရှိ၏။ ပုလိပ်သားများသည် ရိုင်ဘင်၏လက်မောင်းများကို ဆွဲကာ အုပ်ချုပ်ရေးရုံး လှေကားပေါ်သို့ တက်သွားကြပြီး အခန်းတွင်းသို့ ခေါ်သွားကြ၏။ လယ်သမားများသည် တဖြည်းဖြည်း လူစုကွဲသွားကြ၏။ သို့ရာတွင် မျက်လုံးပြာပြာနှင့် လယ်သမားကြီးသည် သူ့ကိုကြည့်ရင်း သူ့ဆီသို့ လာနေသည်ကို အမေသည် မြင်နေ၏။ သူသည် ဒူးများ တုန်နေပြီး စိတ်ဓာတ်ကျဆင်းကာ မအီမသာ ဖြစ်နေ၏။

“အင်း၊ ငါ ထွက်သွားလို့တော့ မဖြစ်ဘူး၊ မဖြစ်ဘူး” ဟု စိတ်ထဲ၌ ဆင်ခြင်မိ၏။

ထို့နောက် အမေသည် ဝရန်တာတန်းကို အတင်းဆုပ်ထားပြီး စောင့်နေလေ၏။

ပုလိပ်အရာရှိသည် ဝရန်တာ၌ မတ်တတ်ရပ်လျက် လက်များကိုဝှေ့ယမ်းပြီး ပြစ်တင်စကား များကို ပြောနေ၏။ သို့ရာတွင် သူ့အသံသည် စိတ်ပါလက်ပါ မရှိဘဲ ငြီးငွေ့ဖွယ်ကောင်းလှ၏။

“မင်းတို့တတွေဟာ လူအ လူမိုက်တွေကွ။ ခွေးမသားတွေရ။ ကိုယ် ဘာမှမသိတဲ့ကိစ္စမှာ ဝင်ဝင်ရှုပ်နေကြတယ်။ ဒါက နိုင်ငံတော်အစိုးရကိစ္စကွ နွားတွေရ။ မင်းတို့ ငါ့ကို ကျေးဇူးတင်ကြ ရမယ် သိရဲ့လားကွ။ မင်းတို့အပေါ်မှာ ဒီလောက် ကောင်းခဲ့တာ မင်းတို့ ငါ့ရှေ့မှာ ဒူးထောက်ကြ ရမယ်ကွ။ ငါသာလုပ်ရင် မင်းတို့တတွေ အကုန်လုံးကို တခါတည်း အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ပေးဖို့ သဘော်ပေါ်တင်ပြီး လွှတ်လိုက်နိုင်တယ်”

တောင်သူလယ်သမား နှစ်ကျိပ်ခန့်သည် သူ့စကားကို နားထောင်ရင်း ဦးခေါင်းများပေါ်၌ ဘာမျှမဆောင်းဘဲ၊ မဝတ်ဘဲ ရပ်နေကြ၏။ မိုးသားတိမ်တိုက်တို့ နိမ့်လာသောအခါ ပို၍ မှောင်လာလေ၏။ မျက်လုံးပြာပြာနှင့် လယ်သမားကြီးသည် အမေ ရပ်သည့် ဝရန်တာသို့လာ၍...

“ဘာဖြစ်နေတယ် ဆိုတာကို မြင်တယ် မဟုတ်လား” ဟု မေးလေ၏။

အမေက "ဟုတ်ကဲ့၊ မြင်ပါတယ်" ဟု တိုးတိုး ပြန်ဖြေလိုက်၏။

ထို့နောက် ထို လယ်သမားကြီးက အမေ့မျက်နှာကို စိုက်ကြည့်ပြီး... "ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ" ဟု မေးမြန်းရာ အမေက

"ကျုပ်က တောင်သူလယ်သမား အမျိုးသမီးတွေဆီက ဇာတွေ ဝယ်ပါတယ်။ အဝတ်လည်း ဝယ်ပါတယ်" ဟု ပြန်ဖြေလိုက်သောအခါ လယ်သမားကြီးသည် သူ၏ မုတ်ဆိတ်မွေးကို လက်နှင့် တဖြည်းဖြည်းသပ်ကာ...

"ကျုပ်တို့ အမျိုးသမီးတွေက ဒါတွေကို မထိုးကြ၊ မရက်ကြဘူးဗျာ" ဟု စိတ်မပါ့တပါနှင့် ပြန်ပြောပြီး တံခါးဆီသို့ ကြည့်နေလေ၏။

အမေသည် သူ့ကို တချက်မျှ ရုတ်တရက် ကြည့်၍ အထဲသို့ဝင်ရန် အကွက်ကောင်းကို စောင့်နေလေ၏။ ထိုလယ်သမားကြီး၏ မျက်နှာသည် သန့်ပြန့်၍ တွေးတော ဆင်ခြင်တတ်သည့် လက္ခဏာရှိ၏။ သူ၏မျက်လုံးများသည် ဝမ်းနည်းကြေကွဲသည့် သဘောကို ဆောင်နေကြ၏။ သူသည် အရပ်မြင့်၍ ပခုံးကျယ်၏။ အစုတ်များကို ဖာထေးထားသည့် အင်္ကျီရှည်ကြီး၊ သန့်ရှင်း ဖြူစင်သည့် ရှပ်အင်္ကျီတထည်နှင့် အိမ်တွင် ရက်သည့် ဘောင်းဘီညို တထည်တို့ကို ဝတ်ထား၏။ သူ့ခြေထောက်များတွင် ခြေအိတ်များမပါဘဲ ဖိနပ်အို တရန်ကို စီးထားလေသည်။

ထို့နောက် အမေသည် စိတ်ချမ်းသာရမှန်းမသိ ချမ်းသာသွားလေ၏။ သူသည် ချီတုံချတုံနှင့် စိတ်ထဲ၌ တွေးဆနေရာမှ ရုတ်တရက် စိတ်၏ လှုံ့ဆော်ချက်ဖြင့်...

"ကျုပ် တညလောက် တော်တို့ဆီမှာ မတည်းခိုရဘူးလား" မေးလိုက်၏။ ဤကဲ့သို့ မေးပြီးလျှင် ပြီးချင်း လယ်သမားကြီးက မည်ကဲ့သို့ ဖြေမည်ကို မျှော်လင့်ရင်း အာရုံစိုက်နေရာ တကိုယ်လုံး ကြိုးနှင့် ဆိုင်းထားသကဲ့သို့ တောင့်တင်းနေလေ၏။ ထို့နောက် သူ့ကိုယ်သူ မတ်မတ်ရပ်ကာ လယ်သမားကြီးကို စူးစိုက်ကြည့်နေ လေ၏။

သို့ရာတွင် "အင်း၊ ငါ့ကြောင့် နစ်ကိုလိုင်တော့ ဒုက္ခရောက်တော့မှာပဲ။ ပြီးတော့ ငါဟာ ပါဗယ်ကို အချိန်အကြာကြီး တွေ့ရတော့မှာ မဟုတ်ဘူး။ သူတို့က ငါ့ကို ရိုက်ကြတော့မှာ" စသည့် အတွေးတို့သည် သူ၏အသည်းနှလုံးကို အပ်ဖျားနှင့် ဆွသကဲ့သို့ ရှိနေ လေသည်။

လယ်သမားကြီးသည် အဖြေကို ရုတ်တရက် မပေးဘဲ မြေကြီးကို စိုက်ကြည့်ရင်း သူ့အင်္ကျီရှည်ကြီး၏ ရင်ဘတ်ကြယ်သီးများကို ဆွဲ၍စေ့လိုက်၏။

"တညလောက် မတည်းရဘူးလား"

“တည်းရပါတယ် ခင်ဗျာ့။ ဒါပေမဲ့ ကျုပ်တို့အိမ်ကတော့ တဲစုတ်ပဲနော်”

“ကျုပ်ကလည်း အိမ်ကောင်း ယာကောင်းနဲ့ နေခဲ့ရတာ မဟုတ်ပါဘူး”

“ကောင်းပါပြီ၊ တည်းရပါတယ်ဗျာ” ဟု ဖြေရင်း လယ်သမားကြီးက ဦးခေါင်းကို မော့ကာ အမှေ့ကို အကဲခတ်နေလေသည်။

အချိန်က နှောင်း၍ မှောင်စပျိုးနေပြီ ဖြစ်၏။ သူ၏မျက်နှာနှင့် မျက်လုံးများကို မှောင်ထဲ၌ ထင်ထင်ရှားရှား မြင်နေရ၏။

အမေက “ကျုပ် မြန်မြန်လာခဲ့မယ်။ ဒီ ကျုပ် လက်ဆွဲသေတ္တာကလေးကို တဆိတ်လောက် ဆွဲခဲ့ပါဦး” နူးညံ့သိမ်မွေ့စွာ တောင်းပန်လိုက်လျှင် လယ်သမားကြီးက…

“ကောင်းပါပြီ” ဟု ပြန်ဖြေလိုက်၏။

သူသည် ရင်ကိုကော့၍ သူ့အင်္ကျီရင်ဘတ်ကို ဆွဲစေ့နေရာမှ…

“ဒီမှာ လှည်းလာနေပြီ” ပြော၏။

ထိုအတွင်း ရိုင်ဘင်သည် ဝရန်တာ၌ လာရပ်သည်။ သူ၏ဦးခေါင်းနှင့် မျက်နှာတို့ကို မွဲခြောက်ခြောက် အတတ်တထည်နှင့် ပတ်ထားပြီး သူ့လက်များကိုမူ ကြိုးနှင့် ချည်ထား၏။ တဖန်…

“သွားပြီ မိတ်ဆွေတို့၊ အမှန်တရားကို ရှာကြပါ။ အမှန်တရားကို တန်ဖိုးထားကြပါ။ ခင်ဗျားတို့ကို ရိုးရိုးသားသား ပြောတဲ့လူကို ယုံကြည်ကြပါ။ အမှန်တရားကို ကာကွယ်တဲ့နေရာမှာ ကိုယ့်ကိုယ်ကို စွန့်ကြပါ” ဟူသော ရိုင်ဘင်၏အသံသည် အေးမြသည့် ဆည်းဆာမှောင်ထုကို ဖောက်ထွင်း၍ ထွက်ပေါ်လာလေ၏။ ပုလိပ်အရာရှိက….

“ဟေ့ မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း။ ဟေ့ လူအ၊ ပုလိပ်ရ မြင်းတွေကို ရိုက်ပါလားကွ” အော်လိုက်၏။

တဖန် ရိုင်ဘင်က

“ခင်ဗျားတို့မှာ ဘာဆုံးရှုံးစရာရှိတုံး၊ ခင်ဗျားတို့ ဘယ်လိုနေရတယ်ဆိုတာကိုလည်း ကြည့်ပါဦး” ပြောနေစဉ် ရထားက ထွက်သွား၏။ ထို့နောက် ပုလိပ်သားနှစ်ယောက်အကြားတွင် ထိုင်နေရာမှ

“ခင်ဗျားတို့ဟာ ဒီဘဝက လွတ်မြောက်ရင် ခင်ဗျားတို့ဟာ ထမင်းဝဝ

စားရမယ်။ တရားမျှတမှုကို လည်း ရမယ်။ ကဲ သွားပြီ။ မိတ်ဆွေတို့ သွားပြီ” လှမ်း၍ နှုတ်ဆက်သွားလေ၏။

သို့ရာတွင် သူ့အသံသည် ရထားဘီးမြည်သံ၊ မြင်းခွာသံနှင့် ပုလိပ်အရာရှိတို့၏ အော်သံများ အကြားတွင် နစ်မြုပ်သွားလေသည်။

လယ်သမားကြီးသည် ဦးခေါင်းကိုယမ်းလျက်... “အင်း၊ ကိစ္စတွေကတော့ ပြီးပြီ” ပြောပြီး အမေ့ဘက်သို့လှည့်ကာ...

“ကျုပ်ကို ဒီနေရာ ဘူတာရုံက စောင့်နေပါ။ ကျုပ် တမိနစ်လောက်အတွင်း ပြန်လာပါမယ်" ပြောလေ၏။

အမေသည် အခန်းတွင်းသို့ဝင်ကာ မီးဖိုရှေ့မှ စားပွဲခုံ၌ ထိုင်လေ၏။ ပေါင်မုန့်တချပ်ကို ကောက်၍ ကြည့်ပြီး ပန်းကန်ပြားထဲ၌ ပြန်ထည့်လိုက်၏။ သူသည် ဘာကိုမျှ စားချင်စိတ် မရှိချေ။ သူသည် မအီမသာ ဖြစ်လာပြန်၏။ အနေရ အထိုင်ရ ခက်လာအောင် ပူလာ၏။ မူးနောက်နောက်လည်း ဖြစ်လာ၏။ မျက်လုံးပြာပြာနှင့် လယ်သမားကြီး မျက်နှာကို မြင်ယောင်နေပြီး သူ့အပေါ်တွင် မယုံသင်္ကာစိတ် ရှိလာ၏။ သူ့ကို ထိုလယ်သမားကြီး သစ္စာဖောက်ပြီး ပုလိပ်များလက်သို့ အပ်ပစ်လိမ့်မည်လား ဟူသောအတွေးကို သူသည် မတွေးလို။ သို့ရာတွင် ဤအတွေးသည် သူ့ဦးခေါင်းထဲသို့ ဝင်လာပြီး သူ၏စိတ်နှလုံးသည် လေးလံလျက် ရှိလေသည်။

“အင်း၊ သူ ငါ့ကို မှတ်မိတယ်။ သူ ငါ့ကို မှတ်မိပြီးတော့ စိတ်ထဲက မှန်းဆမိမှာပဲ” တွေးမိပြန်၏။ ဤထက်ပို၍ အမေသည် မတွေးမိတော့ဘဲ ကိုယ်ရောစိတ်ပါ မအီမသာ မရွှင်မလန်း ပင်ပန်း နွမ်းရိသွားလေ၏။

အုပ်ချုပ်ရေးဝင်းထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်ပြီးနောက် ရွာသားများသည် ကြောက်ရွံ့သွားကြသဖြင့် ဘာမှ မပြောမဆိုကြတော့ဘဲ ငြိမ်သွားကြ၏။ ထို့ကြောင့် အမေသည် ဘယ်သူ့ကိုမှ အားကိုးစရာ မရှိ၊ တယောက်ထီးတည်း ဖြစ်နေသည်ကို ပို၍ သိမြင်လာ၏။ သူ၏စိတ်ထဲ၌လည်း မည်သည့် လင်းရောင်ခြည်မှ မရှိတော့ဘဲ အမှောင်ထုကြီး ဖုံးအုပ်လာလေ၏။

ထိုနောက် မိန်းကလေးသည် တံခါးဝ၌ ပေါ်ပေါက်လာပြီး “ကျွန်မ အဒေါ်ဆီကို ကြက်ဥတွေ ယူခဲ့ရမလား” မေးလေ၏။

“ဒုက္ခမရှာပါနဲ့အေ၊ အဒေါ်က ဘာမှစားချင်စိတ် မရှိတော့ဘူး။ သူတို့ အော်သံ၊ ဟစ်သံတွေကြောင့် အဒေါ်ဖြင့် ကြောက်တောင်နေပြီ”

မိန်းကလေးသည် အမေ ထိုင်နေသည့် စားပွဲဆီသို့လာ၍

ထိတ်လန့်တုန်လှုပ်စွာ လေသံကို အုပ်လျက်…

“ပုလိပ်အရာရှိက သူ့ကိုရိုက်တာ အဒေါ် မြင်စေချင်တယ်။ ကျွန်မက အနားကပ်ပြီး ရပ်နေတာ။ သွားတွေကို ရိုက်ပစ်လို့ သွားတွေ ကျွတ်သွားတာကိုတောင် ကျွန်မ မြင်လိုက်ရတယ်။ သွေးတွေကလည်း ပျစ်ပြီး ညိုမည်းနေတာပဲ။ မျက်လုံးတွေကလည်း ယောင်ပြီး ပိတ်နေတာပဲ။ ဒီလူက ကတ္တရာစေးချက်တဲ့ လူတယောက်ပဲ။ ပုလိပ် ဆာဂျင်ကတော့ အပေါ်ထပ်မှာ မူးပြီး လဲနေတာတောင် အရက်တောင်းတုန်းပဲ။ သူက ဒီလူတွေ အအုပ်လိုက်၊ အဖွဲ့လိုက်ကို ရှိသတဲ့။ အခု မုတ်ဆိတ်မွေးနဲ့လူက သူတို့အထဲမှာ ခေါင်းဆောင်ပဲတဲ့။ သူတို့လူစုထဲက သုံးယောက် မိထားတယ်။ ဒါပေမဲ့ တယောက်က ထွက်ပြေးသတဲ့။ ဒီဂိုဏ်းထဲက ကျောင်းဆရာ တယောက်ကိုလည်း သူတို့ မိကြသတဲ့။ သူတို့က ဘုရားသခင်ကိုယ်တော်မြတ်ကို မယုံကြည်ဘူး။ တခြားလူတွေကိုလည်း ဘုရားသခင်ကို မယုံကြည်အောင် လိုက်ပြီး ဟောကြ၊ ပြောကြသတဲ့။ ဒါမှ သူတို့က ဘုရားသခင်တွေကို လိုက်ပြီး ခေးပြတိုက်နိုင်ကြမှာတဲ့။ သူတို့က ဒီလူစားမျိုးပဲ။ ကျွန်မတို့ လယ်သမားတွေ အချို့ကတော့ သူ့အတွက် စိတ်မကောင်းကြဘူး။ ဒါပေမဲ့ သည့်ပြင်လူတွေကတော့ သူ့ကို ကြိုးပေးပစ်တာ ကောင်းသတဲ့။ ကျွန်မတို့မှာ ဒီလို စိတ်သဘောထား ယုတ်မာကြတဲ့ လယ်သမားတွေ အများကြီးပဲ” ဟု ပြောပြလေသည်။

အမေသည် သူ့ကိုယ်သူ မကြောက်မိအောင်၊ စိတ်သောက မရောက်မိအောင် အားတင်းလျက် ထိုမိန်းကလေး ပြောနေသည့် တောင်တခွန်း၊ မြောက်တခွန်း အဆက်အစပ်မရှိသည့် စကားတို့ကို ဂရုတစိုက်နားထောင်နေ၏။ မိန်းကလေးကမူ သူ့စကားကို နားထောင်နေသူရှိသဖြင့် ဝမ်းသာ၍ စိတ်အားထက်သန်စွာ ဆက်ပြောနေပြန်၏။

“ကျွန်မတို့ အဖေကတော့ ဒီလိုဖြစ်ကြရတာဟာ ကောက်ပဲသီးနှံတွေညံ့ဖျင်းလို့တဲ့။ နှစ်နှစ်လုံးလုံး လယ်တွေ ယာတွေက ဘာမျှ မထွက်ဘူးတဲ့။ ပြီးတော့ လယ်သမားတွေဟာ အကျပ်အတည်း ဆိုက်ကုန်ကြရသတဲ့။ အဲဒါကြောင့် သူတို့ဟာ ညစ်ပတ် ယုတ်မာလာကြသတဲ့။ သူတို့ဟာ ကျေးရွာ အစည်းအဝေးတွေမှာ အော်ကြတယ်။ သတ်ကြတယ်။ တနေ့တော့ ဗက်ဆူကော့ရဲ့ မြေယာပစ္စည်းတွေကို သူ့အကြွေးရှင်တွေက ယူပြီး ရောင်းပစ်ကြတော့ သူက ရွာလူကြီးကို မျက်နှာတအားရိုက်ပြီး ဟောဒီမှာ ခင်ဗျား အကြွေးတွေကို ဆပ်တာ” လို့ ပြောလိုက်သတဲ့”

ထိုအတွင်း အပြင်ဘက်မှ ခြေသံပြင်းပြင်း နင်းလာသံကို ကြားရရာ အမေသည် စားပွဲခုံကို လက်နှင့် အတင်းဆုပ်ကိုင်ပြီး မတ်တတ်ရပ်လိုက်၏။

မျက်လုံးပြာပြာနှင့် လယ်သမားကြီးသည် ဦးထုပ်ကိုဆောင်းလျက် ဝင်လာလေ၏။

"ခင်ဗျား လက်ဆွဲသေတ္တာ ဘယ်မှာလဲဗျ" ဟု မေးပြီး အမေ၏ လက်ဆွဲသေတ္တာကို ကောက်၍ ကိုင်ကာ လှုပ်ကြည့်လျက်

"ဘာမှ မပါပါကလား။ မာကာ ဟောဒီ အမျိုးသမီးကို ကျုပ်တဲကို ခေါ်သွားပါ" ဟု ပြော၍ ဘာမျှ ပြန်မကြည့်ဘဲ ထွက်သွားလေ၏။

ထိုနောက် မိန်းကလေးက…

"အဒေါ် ကနေ့ည ဒီမှာ အိပ်မယ်လို့လား" ဟု မေး၏။

"အေးကွယ်၊ အဒေါ်က ဇာတွေ လာဝယ်တာ။ အဒေါ်က ဇာတွေ ဝယ်တယ်"

"ဒီမှာ ဇာမထိုးကြဘူး အမေ။ တင်ကိုဗိုနဲ့ ဒါရင်ယီနာမှာတော့ ဇာတွေ ထိုးကြတယ်"

"အေး၊ နက်ဖြန်ခါကျတော့ အဲဒီကို သွားမှပဲ"

အမေသည် လက်ဖက်ရည် သောက်ပြီးနောက် မိန်းကလေးအား သုံးကိုပက်ပြား တပြား ဆုပေးလိုက်ရာ မိန်းကလေးသည် ဝမ်းသာသွား၏။ ထိုနောက် သူတို့သည် အပြင်သို့ထွက်၍ မိန်းကလေးသည် ဖိနပ်မပါဘဲ အပြင်ဘက်ရှိ မြေကြီးစိုစိုပေါ်သို့ ခပ်သွက်သွက် သွားလေ၏။

"အဒေါ်က သွားစေချင်ရင် ကျွန်မ ဒါရင်ယီနာကို သွားပြီး အဲဒီက မိန်းမတွေကို သူတို့ဇာတွေ ဒီကိုယူလာဖို့ သွားပြောမယ်လေ။ အဲဒါ အဒေါ် မြင်းရထားနဲ့ အသွားရ သက်သာမှာပေါ့။ ခရီးက နည်းတာမဟုတ်ဘူး။ ခုနစ်မိုင်လောက်ရှိတာ အဒေါ်ရဲ့"

"ဒုက္ခမခံပါနဲ့ ကလေးရယ်" ဟု အမေကပြောရင်း မိန်းကလေးနောက်သို့ အမီလိုက်လေ၏။

လေအေးကလေးက တိုက်ခတ်သဖြင့် အမေသည် လန်းဆန်းသွား၏။ သူသည် တခုခုကိုလုပ်ဖို့ ဆုံးဖြတ်ရန် ဟန်ယူနေ၏။ သူ၏ဆုံးဖြတ်ချက်သည် နှေးကွေး၍ မရေရာသော်လည်း အကျိုးရှိမည့် လက္ခဏာရှိ၏။ ထို့ကြောင့် ဤဆုံးဖြတ်ချက်ကို မြန်မြန်ချ ဖြစ်အောင် "ဒီကိစ္စတွေ ချောမောသွားရင် ငါ ဘာလုပ်မလဲ" ဟု သူ့ကိုယ်သူ အထပ်ထပ် အဖန်ဖန် မေးနေလေ၏။

ညဥ့်သည် အေး၍ စိုစွတ်၏။ တဲပြတင်းပေါက်များမှ နီကြန့်ကြန့်

မီးရောင်တို့ကို မြင်ရ၏။ ညဥ့်၏ဆိတ်ငြိမ်ထုကို သိုးကျောင်းသမားတို့၏ အော်သံ၊ ဟစ်သံတို့နှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့၏ မြည်သံ၊ တွန်သံတို့က ချိုးဖျက်လျက်ရှိ၏။ ကျေးရွာသည် မည်းမှောင်နေ၏။ ထိုအတွင်း မိန်းကလေးက...

"ဟော၊ ကျွန်မတို့ ရောက်ကြပြီ။ အဒေါ်တည်းဖို့ ရွေးထားတဲ့နေရာက သိပ်ဆင်းရဲတာ၊ သူက တကယ့်ကိုဆင်းရဲတဲ့ လယ်သမားပဲ" ဟု ပြောလေ၏။

ထိုနောက် တံခါးကို စမ်း၍ဖွင့်လိုက်၏။

"အရည်းတက်(တ်)ယာနာ" ဟု ခပ်ကျယ်ကျယ်ခေါ်ပြီး "သွားပြီ အဒေါ်" ဟု မှောင်ထဲမှ နှုတ်ဆက်ရင်း မိန်းကလေးသည် ထွက်ပြေးလေသတည်း။

အခန်း တဆယ့်ခုနစ်

အမေသည် အထဲသို့ဝင်ပြီး တဲကိုကောင်းကောင်းမြင်ရန် သူ၏မျက်စိများကို လက်နှင့် ကာ၍ ကြည့်၏။ တဲကလေးသည် ငယ်၏။ သို့ရာတွင် သန့်ရှင်းစင်ကြယ်လှသဖြင့် အမေသည် ရုတ်တရက် အံ့သြသွား၏။ အမျိုးသမီးငယ်တယောက်သည် မီးဖိုနောက်မှ နေ၍ ကြည့်ပြီး ဘာစကားမှ မပြောဘဲ ဦးခေါင်းကိုညိတ်၍ တစ်ဖန် ပြန်ဝင်သွား၏။ စားပွဲခုံပေါ်တွင် မီးခွက်တခွက်ကို ထွန်းထားလေသည်။

တဲရှင် လယ်သမားကြီးသည် စားပွဲခုံကို လက်ချောင်းများဖြင့် တုန်တုန်ယင်ယင် ခေါက်နေရင်း ထိုင်လျက် အမေ၏မျက်လုံးများကို အကဲခတ်၍နေလေ၏။ တခဏမျှ ကြာသောအခါ...

"ဝင်ခဲ့လေ တက်(တ်)ယာနာ။ ပြောတာကို သွားခေါ်ချေ။ မြန်မြန်သွား" ဟု ပြောလေ၏။

ထိုအမျိုးသမီးသည် အမေ့ကိုမကြည့်ဘဲ အပြင်သို့ ထွက်သွား၏။ အမေသည် လယ်သမားကြီးနှင့် မျက်နှာချင်းဆိုင် ခုံရှည်တခုပေါ်၌ ထိုင်၍ ဟိုဟိုဒီဒီ ကြည့်နေ၏။ သူ၏လက်ဆွဲသေတ္တာကိုမူ ဘယ်နေရာမှာမှ မမြင်ချေ။ တဲသည် တိတ်ဆိတ်နေ၏။ မီးခွက်မှ တဖျစ်ဖျစ် မြည်သံကိုသာ တခါတခါ ကြားရ၏။ အမေသည် လယ်သမားကြီး၏ စိုးရိမ်ကြောင့်ကြမှုဖြင့် မျက်မှောင် ကြုတ်နေသည့် မျက်နှာကိုကြည့်ပြီး စိတ်နှလုံး မသာမယာ ဖြစ်နေ၏။

"ကျုပ် လက်ဆွဲသေတ္တာကော ဘယ်မှာလဲ" ဟု မေးရင်း အမေသည် သူ့ကိုယ်သူပင် အံ့အားသင့်သွား၏။

လယ်သမားကြီးသည် ပခုံးကို တွန့်လိုက်၏။

"မပျောက်ပါဘူးဗျာ့" ဟု သူက ပြန်ဖြေပြီး အသံကို နှိမ့်လျက်...

"ဟိုစခန်းတုန်းက ခင်ဗျားလက်ဆွဲအိတ်ထဲမှာ ဘာမှ မပါဘူးလို့ ပြောလိုက်တာက အဲဟို မိန်းကလေးက ကြားအောင် တမင်ပြောလိုက်တာဗျာ့။ ဒါပေမဲ့ အလွတ် မဟုတ်ဘူး။ အလွန်လေးတာပဲဗျာ" ဟု ဆက်၍ ပြော၏။

ထိုနောက် သူသည် ထ၍ အမေ့ဆီသို့လာပြီး ကိုယ်ကိုကုန်း "ခင်ဗျား ဟိုလူကို သိသလား" ဟု တိုးတိုးမေးလေ၏။

သူ့မေးခွန်းကြောင့် အမေသည် အံ့အားသင့်သွားသော်လည်း "သိပါတယ်"

ဟု တည်ငြိမ်လှသည့် အသံဖြင့် ပြန်၍ ဖြေလိုက်၏။ ဤတိုတောင်းလှသည့် အဖြေကြောင့် ပြဿနာအရပ်ရပ်သည် ရှင်းသွား၏။ အမေသည် စိတ်ချမ်းသာရာရကာ သက်ပြင်းချ၍ ခုံရှည်ပေါ်၌ ထိုင်လိုက်၏။

လယ်သမားကြီးသည် အပြုံးကြီး ပြုံးနေ၏။

“ဟိုမှာတုန်းက ခင်ဗျားက သူ့ကို အချက်ပြလိုက်တော့ သူက အချက်ပြန်ပြတာကို ကျုပ် မြင်လိုက်ကတည်းက ကျုပ် အကဲခတ်မိတယ်။ ပြီးတော့ ကျုပ်က ဝရန်တာမှာ ရပ်နေတဲ့ လူတယောက်နဲ့ ခင်ဗျားသိတယ် မဟုတ်လားလို့ သူ့ကို တိုးတိုးမေးကြည့်တယ်”

“အဲဒီတော့ သူက ဘာပြောတုံး”

“ကျုပ်တို့လူတွေ အများကြီးရှိတယ်လို့ သူက ပြန်ပြောတယ်”

လယ်သမားကြီးသည် အမေ၏မျက်နှာကို ခပ်ပြုံးပြုံး စိုက်ကြည့်နေပြီး...

“အဲဒီလူကတော့ တကယ့်ကို အမာခံပဲဗျာ့" ဟု ပြောလေ၏။

“သတ္တိလည်း ရှိတယ်။ ဘွင်းဘွင်းလည်း ပြောတတ်တယ်။ သူက ငြင်းလည်း မငြင်းဘူး။ သူ့ကိုယ်သူ အမှန်တရားကို လိုက်ပြီး ဟောပြောတဲ့ လူတယောက်လို့ ပြောတယ်။ သူ့ကို သူတို့က ဘယ်လောက်ရိုက်ရိုက် သူ ပြောစရာ ရှိတာကိုတော့ ပြောနေတာပဲ"

လယ်သမားကြီး၏ တိုးတိုး မရဲတရဲ ပြောလိုက်သည့် လေသံ၊ ရိုးသားသည့်မျက်နှာ၊ အရောင်မှိန်၍ ရိုးသားသည့် မျက်လုံးများကြောင့် အမေသည် ပိုမို၍ စိတ်ချမ်းသာလာ၏။ တဖြည်းဖြည်း ကြောက်ရွံ့ထိတ်လန့်ခြင်း စိတ်ဆင်းရဲမှုတို့မှ ကင်းစင်ပြီး ရိုင်ဘင်အပေါ်၌ သနားကြင်နာလာလေ သည်။

“လူဆိုးလူယုတ်တွေ၊ လူ့တိရစ္ဆာန်တွေ” ဟု အမေသည် ဒေါသတကြီးနှင့် ဟစ်အော်၍ ငိုလိုက်၏။

ဆင်းရဲသားကြီးလည်း အမေ ငိုနေသည်ကို မြင်သောအခါ စိတ်မချမ်းမသာနှင့် ဦးခေါင်းကို ခါလျက်...

“အင်း၊ အာဏာပိုင်တွေကတော့ ပြည်သူလူထုတွေက သူတို့ကို ချစ်အောင် လုပ်နေကြပြီလေ” ဟု ပြောနေကာ ထွက်သွားလေ၏။

တဖန် အမေ့ဘက်သို့ လှည့်ပြီး...

“ကြည့်စမ်းပါဦး၊ ခင်ဗျား လက်ဆွဲသေတ္တာထဲမှာ သတင်းစာတွေ မရှိဘူးလား" ဟု တိုးတိုး မေးလိုက်၏။

အမေသည် မျက်ရည်များကို သုတ်ရင်း...

“ရှိပါတယ်။ အဲဒီ သတင်းစာတွေကို ကျုပ် သူ့ဆီ ယူလာတာပေါ့” ဟု ပြန်ဖြေလေ၏။

လယ်သမားကြီးသည် မျက်မှောင်ကြုတ်ပြီး မုတ်ဆိတ်မွေးကို ကိုင်ကာ တဲထောင့်ထဲသို့ စိုက်ကြည့်နေ၏။ ထိုနောက် တခဏမျှ ကြာသောအခါ၊

“သတင်းစာတွေ ကျွန်တော်တို့ဆီ ရောက်ပါတယ်။ စာအုပ်တွေလည်း ဒီလိုပါပဲ။ ပြီးတော့ ဒီလူကိုလည်း ကျွန်တော်တို့ သိပါတယ်” ဟု ပြော၏။ တဖန် တခဏမျှ ကြာသောအခါ၊

“အခု ဒီလက်ဆွဲသေတ္တာကိုကော ဘာလုပ်ဦးမှာလဲ” ဟု မေးပြန်လျှင် အမေက သူ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ကာ “တော်နဲ့ ထားခဲ့ဖို့ပဲ” ဟု ပြန်ဖြေလိုက်၏။

လယ်သမားကြီးက ကန့်လည်း မကန့်ကွက်၊ အံ့လည်း မအံ့သြဘဲ “ကောင်းပါတယ်” ဟု ပြောရင်း ဦးခေါင်းကို ညိတ်လိုက်၏။ ထိုနောက် မုတ်ဆိတ်မွေးများကို လက်နှင့်သပ်ရင်း ထိုင်နေ၏။

သွေးရဲရဲ သံရဲရဲနှင့် အရိုက်ခံရသည့် ရိုင်ဘင်၏မျက်နှာကိုချည်း မြင်နေရာ အမေသည် အခြား ဘာကိုမျှ မစဉ်းစားနိုင်တော့ချေ။ သူ့စိတ်ထဲ၌လည်း ဒေါသနှင့် နာကြည်းမှုတို့မှအပ အခြား မည်သည့်အာရုံမျှ မရှိ။ လက်ဆွဲသေတ္တာနှင့် အခြား မည်သည့် အရာဝတ္ထုမျှကိုလည်း စိတ်မဝင်စားနိုင်။ သူ့မျက်လုံးများထဲမှ မျက်ရည်များ ဖြိုင်ဖြိုင်စီးနေသော်လည်း သူ၏ မျက်နှာသည် ခက်ထန်၏။ အသံကလည်း တည်ငြိမ်နေ၏။

“လူသားတွေကို ဒီလို ခါးပြတိုက်ပြီး ဒီလိုစော်ကားတဲ့အတွက် သင်းတို့တတွေလည်း တူတဲ့အကျိုးပေးလိမ့်မယ်။ သင်းတို့ကို ဒီလိုပဲ နှိပ်စက်မယ့်၊ ညှဉ်းပန်းမယ့်လူတွေ ပေါ်လာကြပါစေတော်” ဟု အမေက ကျိန်ဆဲနေရာ...

“သူတို့က သိပ်အင်အားတောင့်တယ်၊ အင်အား သိပ်တောင့်နေတာကိုး” ဟု လယ်သမားကြီးက ဖြည်းညင်းစွာ ပြန်ပြောလျှင် အမေက ဒေါသတကြီးနှင့်...

“သူတို့အင်အားကို သူတို့ ဘယ်ကရသလဲတော့။ ကျုပ်တို့ ဆင်းရဲသားတွေဆီက ဒီအင်အားကို ရတာပါ။ သူတို့ဟာ အစစ ကျုပ်တို့ဆီက

ရတာချည်းပါပဲ” ဟု ဆိုလေ၏။

လယ်သမားကြီး၏ စကားကြောင့် အမေသည် ဒေါသအနည်းငယ် ဖြစ်သွား၏။

လယ်သမားကြီးသည် လေးလေးနက်နက် စဉ်းစားရင်း…

“အင်း၊ ဟုတ်ပါတယ်” ဟု လေးတွဲ့တွဲ့ ပြောနေရာမှ “ရထားဘီးသံ” ဟု ဆိုကာ နားကိုစွင့်လျက် တံခါးဆီသို့ မှီလိုက်၏။ ထို့နောက်…

“သူတို့တော့ လာနေကြပြီ”

“ဘယ်သူတွေလဲ”

“မိတ်ဆွေတွေနဲ့ တူပါတယ်”

ထိုအတွင်း လယ်သမားကြီး၏ဇနီးသည် ဝင်လာ၏။ သူ့နောက်မှ တခြား လယ်သမားကြီး တယောက် ပါလာ၏။ ထိုလယ်သမားကြီးသည် သူ၏ ခေါင်းစွပ်ဦးထုပ်ကို တဲထောင့်ထဲသို့ လှမ်းပစ်လိုက်ပြီး စားပွဲခုံဆီသို့ လာလေ၏။

“ဘယ့်နှယ်လဲ” ဟု အိမ်ရှင် လယ်သမားကြီးက မေးလျှင် ပထမဦးဆုံး ဝင်လာသည့် ဧည့်သည်က ဦးခေါင်းကို ညိတ်လိုက်၏။ ထိုအတွင်း အိမ်ရှင်အမျိုးသမီးက မီးဖိုအနီးမှ မတ်တတ်ရပ်၍… “စတီဗင်၊ ကျုပ်တို့ ဧည့်သည်ကတော့ ဆာလိမ့်မယ်ထင်တယ်” ဟု သူ့ယောကျ်ားအား လှမ်းပြောလိုက်၏။

“ကျုပ် မဆာပါဘူး နေပါစေ” ဟု အမေက ဝင်ပြော၏။ ဒုတိယ လယ်သမားကြီးက အမေ့ဘက်သို့လှည့်၍…

“ကျုပ်ကိုကျုပ်ပဲ မိတ်ဆက်ပါရစေ။ ကျုပ်နာမည်က ပြေတာပါ။ ဒါပေမဲ့ သူတို့က ပွတ်စူးလို့ ခေါ်ကြတယ်။ ခင်ဗျားတို့အလုပ်နဲ့ ပတ်သက်လို့ အနည်းအကျဉ်းတော့ သိပါတယ်။ စာရေး စာဖတ်တော့ တတ်ပါတယ်။ ဖိုးသုညတော့ လုံးလုံး မဟုတ်သေးပါဘူး” ဟု ပြောပြ၍ အမေ့လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်၏။

ထိုနောက် သူက…

"စတီဗင် ဗာဗရာဟာ သနားကြင်နာစိတ်ရှိတဲ့ အမျိုးသမီးတယောက်ပဲလို့တော့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ သူက ဒီအလုပ်ဟာ မိုက်မဲတဲ့အလုပ်၊ အန္တရာယ်များတဲ့ အလုပ်တဲ့။ လူငယ်ကလေးတွေနဲ့

ကျောင်းသားတွေက လူတွေရဲ့ဦးခေါင်းတွေထဲမှာ မဟုတ်တာတွေကို သွတ်သွင်းပေးနေကြတယ်တဲ့။ ဒါပေမဲ့ ကနေ့ သူတို့ ဖမ်းသွားတဲ့လူဟာ ဆင်းရဲသားသက်သက်ပဲ ဆိုတာကို ကျုပ်တို့ ခင်ဗျားတို့ မြင်ကြသားပဲ။ ကဲ အခုလည်း ဒီတယောက်ကို ကြည့်ဦးလေ။ လူလတ်ပိုင်းထဲက အမျိုးသမီးတယောက်ပဲ မဟုတ်လား။ ကြေးရတတ် လူကုံထံထဲက တယောက်မှ မပါဘူး” ဟု ပြောပြီး အမေ့ဘက်သို့ လှည့်ကာ…

“ကျုပ်ပြောတာ မဟုတ်ဘူးလားဗျာ” ဟု မေးနေလေ၏။

သူသည် စကားကို အရေးတကြီး ပြောသော်လည်း သူ့စကားကို ကောင်းစွာ နားလည်နိုင်၏။ သူ၏ မုတ်ဆိတ်မွေးသည် တချက် တချက် လှုပ်လှုပ်သွား၍ သူသည် အမေ၏ မျက်နှာနှင့် ခန္ဓာကိုယ်ကို ဂရုတစိုက် ကြည့်နေ၏။ သူသည် မကြာမီက သတ်ပုတ်လာပြီး နိုင်လာသဖြင့် ပျော်ရွှင်နေဘိသကဲ့သို့ သူ့အဝတ်အစားများသည် စုတ်ပြတ်နေ၏။ ဆံပင်ကိုမူ ထုံးထားလေသည်။

သူသည် စိတ်အားတက်ကြွ၏။ ပြောရာ၌လည်း သူ့ဝမ်းထဲ၌ ရှိသမျှကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောတတ်၏။ ထို့ကြောင့် အမေက သူ့ကို သဘောကျ၏။ သူမေးသည့် အမေးကို အမေက ပြုံး၍ ဖြေလိုက်၏။ သူသည် အမေ့လက်ကို တဖန် ဆွဲ၍ နှုတ်ဆက်လိုက်ပြီး ခြောက်ကပ်သောအသံဖြင့်ရယ်ကာ…

“ဒါက သန့်ရှင်းစင်ကြယ်တဲ့အလုပ်၊ ကောင်းတဲ့အလုပ်ပဲ စတီဗင်ရ၊ ဒါဟာ ပြည်သူလူထုဆီက လာတဲ့အလုပ်လို့ ကျုပ်က ခင်ဗျားကို ပြောတယ်မဟုတ်လား။ ဒါပေမဲ့ ဟို ဂုဏ်သရေရှိ အမျိုးသမီးကတော့ ခင်ဗျားကို မှန်တာကို မပြောဘူးဗျာ။ သူက ခင်ဗျားကို မှန်တာပြောလိုက်ရင် သူ ဒုက္ခရောက်သွားမယ် မဟုတ်လား။ အို ဒါပေမဲ့ ကျုပ်က သူ့ကို တကယ် ကျေးဇူးတင်ပါတယ်။ ဒါက ပြောဖို့တောင် မလိုပါဘူး။ သူဟာ သဘော ကောင်းတယ်။ သူ့ကိုယ်သူ ဘေးဒုက္ခနဲ့လည်း မတွေ့အောင် ရှောင်တိမ်းပြီး ကျုပ်တို့ကို တတ်နိုင်သလောက် နည်းနည်းကလေးဖြစ်ဖြစ် ကူညီချင်တယ်။ ဒါပေမဲ့ ဆင်းရဲသားတွေကတော့ သူတို့အဖို့ ဘာပဲဖြစ်နေနေ လုပ်မယ်ဆိုရင် မတွန့်မဆုတ် လုပ်တော့တာပဲ။ အဲဒါ ကွာတာပဲဗျာ့။ ဒါကြောင့် သူတို့အတွက် ဘာလုပ်လုပ်၊ ဘာမလုပ်လုပ် ဘာမျှ မထူးဘူး။ သူတို့ ဘယ်ဘက်လှည့်လှည့်၊ ဘာလုပ်လုပ် လွတ်လပ်တယ်လို့ မရှိဘူး။ အချုပ်အချယ်ခံရတာချည်းပဲ” ဟု ပြောလေ၏။

စတီဗင်က ခေါင်းကိုညိတ်လျက် “ဟုတ်တယ်” ဟု ပြန်ပြော၏။ ထိုနောက် “အင်း သူက သူ့လက်ဆွဲသေတ္တာအတွက် စိတ်ပူနေတယ်ဗျာ” ဟု ဆိုပြန်၏။ ပြောတာက အမေ့ကိုကြည့်၍ သူက…

“စိတ်ချပါဗျာ၊ အစစ အဆင်ပြေပါလိမ့်မယ်။ ဘာမျှ မဖြစ်စေရပါဘူး။ ခင်ဗျား လက်ဆွဲသေတ္တာက ကျုပ်နေရာမှာပါ။ ကနေ့ သူက (စတီဗင်) ကျုပ်ကို ခင်ဗျားလည်း ဒီကိစ္စထဲမှာ ပါတယ်။ ပြီးတော့ ဟိုလူ (ရိုင်ဘင်) ကိုလည်း သိတယ်လို့ ပြောတယ်။ ကျုပ်က သူ့ကို ‘ဂရုစိုက်နော် စတီဗင်၊ ဒီလိုကိစ္စမျိုးမှာ ကျုပ်တို့မှားလို့မဖြစ်ဘူး’ လို့ ပြောလိုက်တယ်။ ဒါပေမဲ့ ဟိုမှာ ကျုပ်တို့က ခင်ဗျားအနားမှာကပ်ပြီး ရပ်နေတုန်းက ခင်ဗျားက ကျုပ်တို့ဟာ ဘယ်သူတွေဆိုတာကို မှန်းမိဟန်တူတယ်။ ရိုးသားတဲ့ မျက်နှာကို မြင်လိုက်ရင် အကဲခတ်မှားခဲပါတယ်။ အမှန်ပြောရရင် ရိုးသားတဲ့လူကလည်း များများ မတွေ့ရဘူးပေါ့။ အေးဗျာ၊ ခင်ဗျား လက်ဆွဲသေတ္တာ အတွက်တော့ ပူမနေပါနဲ့” ဟု ပြောလိုက်၏။

ထိုနောက် အမေ့အနား၌ ကပ်ထိုင်ပြီး အမေ့ကို အကဲခတ်နေရင်း…

“အဲဒီသေတ္တာထဲမှာ ရှိတဲ့ဟာတွေကို ထုတ်ပစ်လိုက်ချင်ရင်တော့ ကျုပ်တို့က ဝမ်းမြောက် ဝမ်းသာနဲ့ ကူကြမှာပေါ့ဗျာ။ အဲဒီ စာအုပ်တွေကို ကျုပ်တို့က သုံးနိုင်ပါတယ်” ဟု ပြောရာ စတီဗင်က…

“သူက အဲဒါတွေ အကုန်လုံးကို ကျုပ်တို့ဆီ ထားခဲ့ချင်တာဗျာ့” ဟု ဝင်ထောက်လိုက်၏။

“အဲဒါ ကောင်းမယ် အမေ၊ အဲဒီဟာတွေအတွက် ကျုပ်တို့ နေရာရှာပါ့မယ်”

ဟု ပြေတာက ပြောပြီး ရယ်မောကာ ကပျာကယာထ၍ အခန်းထဲ၌ ဟိုလျှောက်လိုက် သည်လျှောက်လိုက် လုပ်ရင်း…

“တကယ့်ကိုထူးတဲ့ကံပဲဗျာ့။ ဒီလောက် ထူးထူးဆန်းဆန်း ဖြစ်လိမ့်မယ် မထင်ပေမဲ့ ကံက တနေရာ ဆိုးပေမဲ့ တနေရာမှာတော့ ကောင်းနေတာပဲ။ သတင်းစာကတော့ ကောင်းတယ် အမေ၊ မျက်စိတွေကို ဖွင့်ပေးတဲ့ဟာပဲ။ လူကုံထံ အထက်တန်းစားတွေကတော့ သတင်းစာကို တယ်ဂရုမစိုက်ကြဘူး။ ကျုပ်က ဒီနေရာက ၄ မိုင်လောက်ဝေးတဲ့ နေရာက လူကုံထံ အမျိုးသမီး တယောက်အတွက် လယ်သမားအလုပ်ကို လုပ်ပေးရတယ်။ သူက စိတ်ထားတယ်မဆိုးပါဘူး။ ကျုပ်တို့ကို ဖတ်ဖို့ စာအုပ်တွေ ငှားတယ်။ တခါတလေ လူကို တကယ် အသိဉာဏ်ပေးတဲ့ စာအုပ်တွေကိုလည်း ဖတ်ရပါတယ်။ ခြုံပြောမယ်ဆိုရင်တော့ ကျုပ်တို့က သူ့ကို ကျေးဇူးတင်ကြ ပါတယ်။ ဒါပေမဲ့ တခါတော့ ကျုပ်က သူ့ကို ဒီသတင်းစာကို ပြလိုက်တယ်။ သူက ဒီသတင်းစာကို ဘယ်လိုသဘောထားတယ် ဆိုတာကို ခင်ဗျားတို့ မြင်စေချင်တယ်။ သူက ကျုပ်ကို ‘ဒါမျိုးတွေ မဖတ်နဲ့၊ ဒါမျိုးတွေကို မိုက်မဲတဲ့ ကျောင်းသားတွေကမှ ရေးတာ။ ဒါကိုဖတ်ရင် ရှင် ဒုက္ခရောက်လိမ့်မယ်။ ထောင်ထဲကိုပဲ ရောက်မလား၊ ဆိုက်ဘေးရီးယားပြည်ကိုပဲ

ရောက်မလား မပြောတတ်ဘူး။ တနေရာရာကိုတော့ ရောက်မှာသေချာတယ်’ လို့ သူက ပြောတယ် ဗျာ” ဟု ပြော၍ တမိနစ်ခန့် ငြိမ်သွား၏။ တဖန်…

“အမေ ကနေ့ ပုလိပ်က ရိုက်နှက်ပြီး ဖမ်းသွားတဲ့လူဟာ အမေနဲ့ ဆွေမျိုးတော်သလား”

“မတော်ပါဘူး”

ပြော်တာသည် အသံမထွက်ဘဲ ခပ်အုပ်အုပ်ရယ်၍ တစုံတခုကို အလွန် ကျေနပ်နေသည့်အနေဖြင့် ဦးခေါင်းကို ယမ်းနေလေသည်။

“သူက ကျုပ်နဲ့ ဆွေမျိုးမတော်ပါဘူး။ ဒါပေမဲ့ သူ့ကို ကျုပ် သိနေတာလည်း ကြာပြီ။ ပြီးတော့ မောင်အရင်းတယောက်လိုပဲ ရှိသေတယ်၊ လေးစားတယ်” ထပ်၍ ကပျာကယာ ပြောလိုက်သည်။

အမေသည် ရိုင်ဘင်နှင့်သူ ဘာမှ ဆွေမျိုးမတော်စပ်ဘူးဟု ငြင်းလိုက်မိသည့်အတွက် မှားသွားပြီ ဟု ယူဆမိ၏။

သူ့စိတ်ထဲ၌ ရှိသမျှကို ဖွင့်ဟ၍ပြောရန် စကားရှာမတွေ့သဖြင့် အမေသည် စိတ်ထဲ၌ နာကြည်းပြီး တဖန် ငိုလိုက်၏။ တဲအတွင်း၌ ငြိမ်သက်၍ သွားပြန်၏။ ပြော်တာလည်း တစုံတခုကို နားထောင်နေဘိသကဲ့သို့ ဦးခေါင်းကိုငုံ့၍ ရပ်နေ၏။ စတီဗင်သည် စားပွဲခုံကို တံတောင်ဆစ်ဖြင့် ထောက်ကာ ထိုင်နေသည်။ သူ့ဇနီးက မီးဖိုကိုမှီနေ၏။ အမေက သူ့ကို စတီဗင်ဇနီးက စိုက်ကြည့်နေသည်ကို သတိပြုမိ၏။ အမေကိုယ်တိုင်လည်း သူ့ကိုပြန်ကြည့်ရာ သူ၏ အသားညိုညို၊ ဝိုင်းတိတိမျက်နှာ၊ နှာတံဖြောင့်ဖြောင့်နှင့် ခိုင်ခံ့သည့် ပါးရိုးတို့ကို သတိပြုမိလေ၏။ သူ၏ စိမ်းဖန့်ဖန့် မျက်လုံးများကလည်း တောက်ပ၍ စူးရှလျက် ရှိလေသည်။

ပြော်တာသည် လေးလေးနက်နက် စဉ်းစားနေရာမှ…

“ဒါဖြင့် သူက ခင်ဗျားရဲ့ မိတ်ဆွေတယောက်ပေါ့။ သူက သူ့စိတ်သူ ပိုင်တဲ့ လူတယောက်ပဲ။ သူ့ကိုယ်သူ တန်ဖိုးထားတယ်။ အဲဒါက ကောင်းတယ်။ တကယ် တော်တဲ့လူပဲ တက်(တ်)ယာနာ။ ပြီးတော့ ခင်ဗျားက” ပြောလိုက်ရာ တက်(တ်)ယာနာက သူ၏နှုတ်ခမ်းများကိုစေ့လျက်…

“သူက အိမ်ထောင်နဲ့လား” ဝင်မေးလေသည်။ အမေက…

“မုဆိုးမပါ” ဖြေလိုက်လျှင် တက်(တ်)ယာနာက အသံသြသြနှင့်…

“ဒါကြောင့် သူက သတ္တိရှိတာကိုး။ အိမ်ထောင်ရှိတဲ့ လူတယောက်က ဒီလို လုပ်မှာ မဟုတ်ဘူး၊ ကြောက်နေမှာပေါ့” ဟု ဆိုလေသည်။ ပြော်တာက…

"ကျုပ်ကော ဘယ့်နှယ်လဲဗျာ၊ အိမ်ထောင် မရှိဘူးလား" ဝင်ထောက်လိုက်လျှင် စတီဗင်၏ဇနီးက မဲ့ပြုံးပြုံးလျက်…

"မဟုတ်တာတွေကို ပြောမနေပါနဲ့ ခဲအိုကြီးရယ်။ တော်က ဘာလုပ်လို့လဲ။ တော်က စကားပဲ ပြောတတ်တယ်။ တခါတခါ စာအုပ်ကလေး တအုပ် နှစ်အုပ်လောက် ဖတ်ရဲ့။ လူတွေအတွက် သိပ်အကျိုးမရှိပါဘူး။ စတီဗင်ကလည်း မှောင်မိုက်တဲ့ ထောင့်တထောင့်ထဲမှာ တိုးတိုးနဲ့ လုပ်နေတာပဲ ရှိတယ်" သူ့မျက်နှာကို မကြည့်ဘဲ ပြောနေလေ၏။ ပြော်တာက စတီဗင်၏ဇနီး စကားကြောင့် အနည်းငယ် ထိခိုက်သွားကာ…

"ကျုပ် ပြောတာတွေကို လူတွေအများကြီးက နားထောင်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်ကို နှမ်းဖြူးနေတာပဲလို့ ပြောချင်တယ်ပေါ့။ ဒီလိုတော့ မပြောထိုက်ပါဘူးဗျာ" ပြန်ပြော၏။ စတီဗင်ကမူ သူ့ဇနီးအား ဘာမှမပြောဘဲ ကြည့်နေပြီး ဦးခေါင်းကို ငုံ့နေလေ၏။ ထိုနောက် တက်(တ်)ယာနာက…

"လယ်သမားတယောက်က ဘာပြုလို့ အိမ်ထောင်ပြုရတာလဲ။ သူ့မိန်းမက သူ့အတွက် အလုပ်လုပ်ပေးစေချင်လို့ပေါ့။ လုပ်နေရတဲ့ အလုပ်က ဘာအလုပ်လဲ" ပြောပြန်ရာ စတီဗင်က…

"ညည်းမှာ အလုပ်လုပ်စရာ လုံလုံလောက်လောက် မရှိဘူးလားအေ့" ဟု မေးသေး၏။

"အခု လုပ်နေရတဲ့ အလုပ်က ဘာအဓိပ္ပာယ်ရှိလို့တဲ့တုံး၊ နေ့စဉ်ရက်ဆက် ဝတ်တလှည့် ပြတ်တလှည့် နေသွားရုံပဲလား။ အလုပ်တွေက များလွန်းလို့ ကလေးရှိရင် ကလေးတောင် ပြန်မကြည့်နိုင်ဘူး။ ဒီလောက် အလုပ်များနေပေမဲ့ စားစရာ လုံလုံလောက်လောက် မရှိဘူး"

သို့ပြောပြီး အမေ့ဆီသို့သွား၍ အနား၌ ကပ်ထိုင်ကာ စကားကို ဆက်ပြောနေပြန်၏။

"ကျုပ်မှာ ကလေးနှစ်ယောက် ရှိတယ်။ တယောက်က နှစ်ခါလည်လောက်မှာ ရေန္တေးပူလောင်ပြီး သေတယ်။ နောက်တယောက်ကတော့ အသေကလေး မွေးတယ်။ ဘာပြုလို့လဲဆိုတော့ ဒီဘာမဟုတ်တဲ့ အလုပ်တွေကြောင့်ပေါ့။ ဒီအလုပ် လုပ်ရလို့ ကျုပ် စိတ်ချမ်းသာမှု ရသလား။ အဲဒီတော့ လယ်သမားတယောက် အိမ်ထောင်ပြုတာ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ ကျုပ်က ပြောချင်တယ်။ လယ်သမားတွေ အိမ်ထောင်ပြုတာဟာ ဘဝသစ် ထူထောင်ရေးအတွက် တိုက်ပွဲဝင်ရင်း သူတို့ သဘောကျသလို နေနိုင်ကြရဲ့သားနဲ့ ကိုယ့်ကိုယ်ကို လက်ပြန်ကြိုး တုပ်တာပဲရှိတယ်။ သူတို့ဟာ ဟိုလူလိုပဲ

အမှန်တရားနောက် လိုက်နိုင်တာပေါ့။ ကျုပ်ပြောတာ မဟုတ်ဘူးလား အမေ”

“ဟုတ်ပါတယ်၊ ဒါ ဟုတ်ပါတယ်။ ဒီလိုမှ မဟုတ်ရင် ကျုပ်တို့ဟာ ကျုပ်တို့ရဲ့ဘဝကိုပြောင်းလို့ ဘယ်တော့မှ မျှော်လင့်ချက် မရှိနိုင်ဘူး”

“အစ်မကြီးမှာကော အိမ်ထောင်မရှိဘူးလား”

“အိမ်ထောင် ရှိတယ်၊ ဒါပေမဲ့ ဆုံးသွားပြီ။ သားတယောက်ပဲ ရှိတယ်”

“သူက အစ်မကြီးနဲ့ပဲ အတူတူနေသလား”

“သူက ထောင်ထဲမှာ”

ခါတိုင်း ဤကဲ့သို့ပြောလိုက်လျှင် အမေသည် ဝမ်းနည်းတတ်၏။ သို့ရာတွင် ယခု သူ၏ ဝမ်းနည်းခြင်းသည် ကြွားဝင့်ခြင်းနှင့် ရောနှောလျက်ရှိ၏။

“အခု သူ ထောင်ထဲမှာ ရောက်တာဟာ ဒုတိယအကြိမ်ပဲ။ ဘာပြုလို့လဲဆိုတော့ သူက ပြည်သူလူထုအကြားမှာ ဘုရားသခင် ကိုယ်တော်မြတ်ရဲ့ အမှန်တရားကို လိုက်ပြီး မျိုးစေ့ ချပေးလို့ပဲ။ သူက အသက်လည်း ငယ်တယ်၊ ရုပ်ကလည်း ချောတယ်။ တော်တို့အတွက် ဒီသတင်းစာတွေရေးဖို့ အကြံရတာ သူပဲ။ ရိုင်ဘင်ဟာ သူ့ထက် အသက် နှစ်ဆ ကြီးပေမဲ့ ရိုင်ဘင်ကို လမ်းမှန်ပြတာလည်း သူပဲ။ မကြာခင် သူတို့က အမှုစစ်ပြီး သူ့ကို ဆိုက်ဘေးရီးယားကို ပို့ကြလိမ့်မယ်။ ဒါပေမဲ့ သူက ထွက်ပြေးပြီး သူ အလုပ်ဆက်လုပ်ရအောင် ဒီကို ပြန်လာလိမ့်မယ်”

သို့ ပြောရင်းပြောရင်း အမေသည် သားအတွက် ပို၍ မာနတက်လာ၏။ သူ့သားအကြောင်း ပြောရမည့် စကားများသည်လည်း တဖွားဖွား ပေါ်လာ၏။ ထိုနေ့က သူ တွေ့ကြုံခဲ့ရသည့် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်နှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကို ကာမိ၊ ထေမိအောင် စိတ်နှလုံး ရွှင်ပျဖွယ်ရာ တစုံတခုကို မတွေ့လျှင် မဖြစ်ချေ။

“သူ့လိုလူတွေ အများကြီး ရှိပါတယ်။ ဒီလိုလူတွေလည်း နောက်ထပ် ပေါက်ဖွားကြတုန်းပဲ။ ပြီးတော့ ဒီလူတွေက သေသည်အထိ အမှန်တရားနဲ့ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သွားကြမယ့် လူတွေပဲ” ဟု အမေ ပြောပြ၏။

သူသည် စကားပြောရာ၌ အလွန် သတိထား၏။ မည်သူမည်ဝါဟု နာမည်ကို ဖော်ထုတ်၍ မပြောသော်လည်း ပြည်သူလူထုအား ဖိစီးနှိပ်စက်ခြင်း ဘေးရန်မှ ကယ်တင်ရန်အတွက် လုပ်ဆောင်နေကြသည့် လျှို့ဝှက်လုပ်ငန်းနှင့် ပတ်သက်၍ သူ သိသမျှကို အကုန်ပြောပြ၏။ သူ ခင်မင်ရင်းနှီးနေသူတို့၏ အကြောင်းကိုလည်း အားပါးတရ မေတ္တာ အပြည့်အဝဖြင့် ပြောပြ၏။ သူ၏ စိတ်ထဲ၌လည်း ဤလူတို့၏

ပုံသဏ္ဍာန်သည် အထင်အရှား ပေါ်လာကြလေသည်။

"ပြီးတော့ ဒီအလုပ်ကိုလည်း ကမ္ဘာတဝန်းလုံး မြို့တိုင်း၊ ရွာတိုင်းမှာ လုပ်ကိုင်နေကြတာပဲ။ လူကောင်း သူကောင်းတွေရဲ့စွမ်းပကားဟာ အကန့်အသတ်မရှိဘူး။ ဒါဟာ ကြီးထွား ကြီးထွား နေတာပဲ" ဟု တဖန် ပြောပြန်၏။

အမေ၏အသံသည် တည်ငြိမ်၏။ ဝေါဟာရတို့ကို ရှာဖွေရာ၌လည်း အခက်အခဲ မရှိ။ ဤဝေါဟာရ တို့သည် ပုတီးလုံးများသဖွယ်။ ထိုနေ့က သူ တွေ့ကြုံခဲ့ရသည့် ရက်စက်မှု ယုတ်မာ ညစ်ညမ်းမှု တို့ကို ဆေးကြောသုတ်သင်လိုသည့် ဆန္ဒအလိုက် ဖြစ်လာကြကုန်၏။ သူ ပြောပြသည့် စကားတို့ကြောင့် လယ်သမားကြီးတို့၏ စိတ်ဓာတ်သည် တုန်လှုပ်ချောက်ချားသွားသည်ကို လည်း အမေသည် သိ၏။ သူတို့သည် အမေ့ကိုသာ စိုက်ကြည့်ပြီး မလှုပ်မယှက် နားထောင် နေကြ၏။ သူ့အနား၌ ထိုင်နေသည့် တက်(တ်) ယာနာ၏ တချက် တချက် မှုတ်ထုတ်လိုက်သည့် အသက်ရှူသံကိုလည်း ကြားနေရ၏။ ဤအကြောင်းတို့ကြောင့် သူသည် သူပြောနေသည့် စကားတို့ကိုလည်းကောင်း၊ သူကိုယ်တိုင်က ဤလယ်သမားကြီးတို့အား ပေးနေသည့် ကတိကို လည်းကောင်း အခိုင်အမာ ယုံကြည်လာလေသည်။

"အလွန်ကျပ်တည်း ဆင်းရဲလှတဲ့ဘဝမှာ နေကြတဲ့ လူတွေအားလုံး၊ လူ့လောကမှာ လူသားတို့ လိုအပ် တောင့်တအပ်တဲ့ လိုအင်ဆန္ဒတွေနဲ့ မပြည့်ဝလို့ နွမ်းရိပင်ပန်းနေကြတဲ့ လူတွေအားလုံး၊ လူချမ်းသာတွေနဲ့ ဒီလူချမ်းသာတွေရဲ့ လက်ပါးစေတွေရဲ့ မတရားသဖြင့် ဖိစီးနှိပ်စက်မှုကို ခံနေကြရတဲ့ လူတွေအားလုံး ဒီလူတွေ အားလုံးဟာ သူတို့ရဲ့ညီတွေ၊ အစ်ကိုတွေရဲ့ အကျိုးစီးပွား အတွက် ထောင်ထဲမှာ သေကြရတဲ့၊ အညှဉ်းပန်း အနှိပ်စက် ခံကြရတဲ့လူတွေနဲ့ တွဲကြရလိမ့်မယ်။ ဒီလူတွေရဲ့လမ်းစဉ်ကို လိုက်ကြရလိမ့်မယ်။ သူတို့ကိုယ်ကျိုးအတွက် ဘာမျှ မစဉ်းစားဘဲ လူတွေအားလုံးအတွက် ချမ်းသာသုခ ဖြစ်စေမယ့် လမ်းကို ညွှန်ပြကြတယ်။ ဘယ်သူ့ကိုမျှ မလိမ်လည် မလှည့်စားဘဲ ဒီလမ်းကြောင်းကတော့ ကြမ်းတမ်း ခက်ခဲတယ်လို့ ပြောခဲ့ကြတယ်။ ပြီးတော့ ဒီလမ်းကြောင်းကို မလိုက်ရင် မနေရဘူးလို့လည်း ဘယ်သူ့ကိုမျှ အကျပ်မကိုင်ခဲ့ဖူးဘူး။ ဒါပေမဲ့ လူတဦးတယောက်ဟာ သူတို့နဲ့ ရပ်တည်နေမိတာနဲ့ တပြိုင်နက် အဲဒီလူဟာ သူတို့ကို ဘယ်တော့မျှ စွန့်တော့မယ် မဟုတ်ဘူး။ ဘာပြုလို့လဲဆိုတော့ သူတို့ လမ်းကြောင်းဟာ မှန်တယ်။ သူတို့လမ်းကြောင်းအပြင် ဘယ်လမ်းကြောင်းမှ မရှိတော့ဘူး ဆိုတာကို မြင်နိုင်လို့ပဲ" ဟု ထပ်၍ ပြောနေပြန်၏။

အမေသည် အချိန်ကာလ ကြာညောင်းစွာ သူ လုပ်ချင် ကိုင်ချင်လှသည့်

အလုပ်ကို လုပ်နေရသဖြင့် အလွန်ပျော်ရွှင် တက်ကြွလျက်ရှိ၏။ သူကိုယ်တိုင်က အခြားသူများအား အမှန်တရားကို ပြောပြလျက် ရှိနေပြီ။

"ဒီလိုလူတွေနောက်ကို တော်တို့ စိတ်ချလက်ချ လိုက်နိုင်ပါတယ်။ သူတို့က အောင်မြင်မှု နည်းနည်းကလေးရရုံနဲ့ ကျေနပ်ကြမှာ မဟုတ်ဘူး။ သူတို့ဟာ ဒီလိမ်လည် လှည့်စားမှုတွေ၊ ဒီလောဘတွေ၊ ဒီမကောင်းမှုတွေ အားလုံးကို မဖျက်ဆီးနိုင်သမျှ ရပ်ကြမယ့်လူတွေ မဟုတ်ဘူး။ လူတွေအားလုံးက အတူတကွ ပူးပေါင်းပြီး တညီတညွတ်တည်း 'ငါ့ကိုယ်ငါ ပိုင်တယ်။ ငါဟာ သခင်။ လူတွေအားလုံးအတွက် တခုတည်းဖြစ်တဲ့ တရားဥပဒေတွေကို ငါလုပ်မယ်' လို့ မအော်နိုင်မခြင်း သူတို့ဟာ နားကြလိမ့်မယ် မဟုတ်ဘူး" ဟု ထပ်၍ ပြောပြန်၏ ။

အမေသည် သို့ပြောပြီးနောက် ရုတ်တရက် မောလာ၏။ စကားအပြောရပ်လိုက်ပြီး သူ့ပရိသတ်ကို လှည့်၍ကြည့်၏။ သူပြောလိုက်သည့် စကားသည် အချည်းနှီး မဖြစ်သည်ကို သိသဖြင့် ဝမ်းသာသွား၏။ လယ်သမားများသည် အမေ့ကို မျှော်လင့်တကြီး ကြည့်နေကြ၏။ ပြော်တာသည် လက်ပိုက်ပြီး မျက်လုံးများကို မှေးကြည့်နေ၏။ ပါးစပ်မှလည်း ပြုံးနေ၏။ စတီဖင်သည် တံတောင်တဖက်ဖြင့် စားပွဲကိုထောက်၍ အမေပြောသည့် စကားတို့ကို ယခုတိုင် နားထောင်နေဘိသကဲ့သို့ ကိုယ်ကိုရှေ့သို့ ကိုင်းထား၏။ သူ၏ မျက်နှာသည်ကား မှောင်ထဲတွင် ရောက်နေ၏။ သူ့ဇနီး တက်(တ်) ယာနာသည် အမေ့အနား၌ ဒူးပေါ်တွင် လက်ထောက်၍ ထိုင်ရင်း ကြမ်းပြင်ကို စိုက်ကြည့်နေလေသည်။ ပြော်တာသည် ခုံရှည်ပေါ်၌ ထိုင်ချရင်း..

"အင်း၊ အဲဒါကတော့ ဒီလိုပဲ" ဟု တိုးတိုးပြောလိုက်၏။

စတီဖင်ကမူ မတ်တတ်ရပ်၍ ကိုယ်ကိုဆန့်လိုက်ပြီး သူ့ဇနီးကို ကြည့်လိုက်၏။ ထိုနောက် ထိုလူစုအားလုံးကို သိမ်းကျုံး၍ ဖက်ထားတော့မည်ကဲ့သို့ လက်များကို ဆန့်ထား၏။ တဖန် လေးလေးနက်နက် စဉ်းစားရင်း...

"ဒီလို အလုပ်မျိုးက မလုပ်မိရင် နေရော၊ လုပ်မိတာနဲ့ တပြိုင်နက် တကယ့်ကို စိတ်ရောကိုယ်ပါ လုပ်မှ ဖြစ်တာဗျ" ဟု ပြောလေ၏။

ပြောတာက သူ့ကိုယ်သူ မယုံရဲ ယုံရဲနှင့်...

"နောက်ကို ပြန်မကြည့်နဲ့ပေါ့ဗျာ" ဟု ဝင်၍ ပြောလိုက်ရာ၊ စတီဖင်က -- "အင်း၊ ဒီကိစ္စထဲမှာ လူတွေအများကြီး ပါပုံပေါ်တယ်" တဖန် ပြောလိုက်သောအခါ ပြော်တာက...

"ဒီကိစ္စထဲမှာ တကမ္ဘာလုံး ပါတာပေါ့" ဟု ပြန်၍ ပြောလိုက်လေသတည်း။

အမေသည် ထရံကိုမှီ၍ သူတို့အသီးသီး ပြောနေကြသည့် အကဲဖြတ်စကားတို့ကို နားထောင်ရင်း ဦးခေါင်းကို နောက်သို့မော့ထား၏။ တက်(တ်)ယာနာသည် ထိုင်ရာမှ ထပြီး ဟိုဟိုသည်သည် ကြည့်ကာ တဖန် ပြန်၍ ထိုင်လိုက်၏။ ၎င်းနောက် ထိုလယ်သမားစုကို စက်ဆုပ်ခြင်း၊ စိတ်မချမ်းမြေ့ခြင်းတို့ဖြင့် ကြည့်နေလေသည်။

"အစ်မကြီးကတော့ အစ်မကြီး ဘဝမှာ ဒုက္ခဆင်းရဲတွေ အများကြီး တွေ့ခဲ့ရမှာ ပဲနော်" ဟု သူက အမေ့အား မေးလိုက်လျှင် အမေက...

"တွေ့ခဲ့တာပေါ့" ဟု ဖြေလေ၏။

"အစ်မကြီး စကားပြောတာကို ကျုပ်က ကြားချင်တယ်။ အစ်မကြီးစကားတွေက ကျုပ်အသည်းနှလုံးကို ဆွဲကိုင်လှုပ်လိုက်သလိုပဲ။ အဲဒါတွေကို ကြားလိုက်တဲ့အခါ အစ်မကြီး ပြောတဲ့လူတွေကို တွေ့ချင်မြင်ချင်လိုက်တာ မပြောပါနဲ့တော့။ ဘုရားမှာတောင် ဆုတောင်းမိ တယ်။ သူတို့တတွေရဲ့ဘဝကိုလည်း မြင်ချင်တယ်။ ကျုပ်တို့ ဒီမှာတော့ ဘာမြင်ရသလဲ ကြည့်စမ်းပါဦး။ ကျုပ်တို့ဟာ သိုးအုပ်တအုပ်ပဲ။ ဘာမှ မထူးဘူး။ ကဲ ကျုပ်ကို ကြည့်ပါဦး။ ကျုပ်က စာဖတ်တတ်တယ်၊ ရေးတတ်တယ်။ ကျုပ်က စာအုပ်တွေကိုဖတ်ပြီး သိပ်စဉ်းစားတယ်။ တခါတခါ စဉ်းစားလွန်းလို့ ညအိပ်တောင် မပျော်ဘူး။ ဒါပေမဲ့ ဘာအကျိုးရှိတုံး။ ဘာမျှ မစဉ်းစားဘဲ နေလိုက်ရင် ကျုပ်ဟာ ဘာမျှ အကျိုးမရှိဘဲ ပိန်ချုံး ညှိုးနွမ်းသွားမှာပဲ။ ဆက်ပြီး စဉ်းစားနေပြန်တော့လည်း ဘာမျှ အကျိုးရှိမှာ မဟုတ်ဘူး" ဟု တက်(တ်)ယာနာက ပြောပြန်၏။

သူ့မျက်နှာထားသည် ပြောင်ချော်ချော် ဖြစ်နေ၏။ စကားကိုလည်း တလုံးချင်း တလုံးချင်း ပြော၏။ လယ်သမားကိုမူ ဘာမျှမပြောချေ။ လေသည် ပြတင်းပေါက်များကို လာ၍ ရိုက်ခတ်၏။ မီးခိုးခေါင်းတိုင်ထဲ၌ တဝီဝီ မြည်နေပြီး ကောက်ရိုးများကို ဆွလျက် ရှိ၏။ မိုးတပေါက်၊ နှစ်ပေါက်သည် ပြတင်းပေါက်ကို မကြာခဏလာ၍ရိုက်၏။ မီးအိမ်ထဲမှ မီးတောက်သည် တခါတခါ လေတိုးသဖြင့် မှိတ်တုတ် မှိတ်တုတ် ဖြစ်ကာ ငြိမ်းတော့မည်ကဲ့သို့ ဖြစ်နေ၏။ တခါတခါ၌လည်း လေငြိမ်သွားသဖြင့် အရှိန်မှန်မှန် တောက်လာပြန်လေသည်။

တက်(တ်)ယာနာက အမေ့အား တဖန် စကားဆက်၍ "အမေကြီး စကားကို ကြားရတော့ ကျုပ်က ကျုပ်ကိုယ်ကျုပ် 'အင်း လူတွေဟာ ဒီအလုပ်ကို လုပ်ဖို့

လူဖြစ်လာကြတာပဲ’ လို့ ပြောမိတယ်။ ပြီးတော့ ဒါက ဆန်းလည်း ဆန်းတယ်။ ဒါပေမဲ့ ကျုပ် ဒါတွေအကုန်လုံးကို သိသလိုလိုပဲ။ ဒီလိုစကားမျိုးကို အရင်က တခါမျှ မကြားခဲ့ဖူးဘူး။ ပြီးတော့ ဒီလို အယူအဆမျိုးလည်း အရင်က တခါမျှ မရှိခဲ့ဖူးဘူး” ဟု ပြောပြန်၏။ ထိုနောက် စတီဗင်က မျက်မှောင်ကြုတ်၍...

“တို့ တခုခု စားစရာတော့ လုပ်ဦးမှပဲ။ မီးခွက်ကိုလည်း ငြိမ်းပစ်မှ ဖြစ်မယ် တက်(တ်)ယာနာ” ဟု ခပ်နွေးနွေးပြောပြီး “ကနေ့ည တို့အိမ်က မီးကို ခါတိုင်းထက် ညှို့နက်အောင် ထွန်းတယ်လို့ လူတွေက အကဲခတ်မိကြလိမ့်မယ်။ တို့အတွက် ဘာမျှ နစ်နာစရာ မရှိပေမဲ့ ဟောဒီက အစ်မကို ထိခိုက်လိမ့်မယ်” ဟု သတိပေးစကား ပြောပြန်၏။

တက်(တ်)ယာနာသည် ထိုင်ရာမှထ၍ မီးဖိုဆီသို့ သွားလေ၏။

ပြော်တာက ပြုံး၍...

“ဟုတ်တယ်၊ ကျုပ်တို့တတွေဟာ အစစ အသွားအလာ အနေအထိုင် သတိထားကြရလိမ့်မယ် ကိုယ့်လူတို့။ ဟောဒီ သတင်းစာတွေကို တွေ့လျှင်တွေ့ချင်း” ဟု စတီဗင်က တဖန်...

“ကျုပ်က ကျုပ်အတွက် စဉ်းစားနေတာ မဟုတ်ပါဘူး။ ကျုပ်ကို သူတို့က ဖမ်းတောင် ကြီးကြီးကျယ်ကျယ် နစ်နာစရာ မရှိပါဘူး” ဟု ပြောလေ၏။

ထိုအတွင်း တက်(တ်)ယာနာသည် စားပွဲခုံဆီသို့လာပြီး “ထပါဦး” ဟု ဆိုလျှင် စတီဗင်သည် ထိုင်ရာမှထ၍ တက်(တ်)ယာနာ စားစရာပြင်နေသည်ကို ကြည့်နေရာမှ... “ခင်ဗျားတို့တတွေဟာ တပဲခြောက်ကောင် လူစားတွေပါဗျာ။ ဘာမှ တန်ဖိုး မရှိပါဘူး” ဟု မဲ့ပြုံး ပြုံး၍ ပြောလိုက်ပြန်လေသည်။

အမေသည် သူ့အတွက် ဝမ်းနည်းမိ၏။ သူ့ကို ကြည့်မိလေ သူ့ကို သနားလာလေ ဖြစ်၏။ သူတို့အား စကားပြောပြီးနောက် ထိုနေ့က တွေ့ခဲ့ရသည့် အနိဋ္ဌာရုံတို့သည် ပပျောက်သွား၏။ သူ့ကိုယ်သူလည်း သဘောကျကာ လူတိုင်းအပေါ်၌ စေတနာမေတ္တာ ထားလျက်...

“တော်တို့ မှားနေပြီ။ တော်တို့သွေးကို စုပ်နေကြတဲ့ လူတွေက တော်တို့အပေါ်တို့မှာ သတ်မှတ်ထားတဲ့ တန်ဖိုးကို တော်တို့က လက်ခံထားလို့ မဖြစ်ဘူး။ ကိုယ့်တန်ဖိုးကိုယ် သတ်မှတ်ထားရမယ်။ တော်တို့ ကိုယ်တွင်းမှာရှိတဲ့ တန်ဖိုး၊ တော်တို့ မိတ်ဆွေတွေက ဖြတ်ထားတဲ့ တန်ဖိုးကိုသာ လက်ခံဖို့ လိုပါတယ်။ ရန်သူတွေက ဖြတ်ထားတဲ့ တန်ဖိုးကို လက်ခံထားလို့ မဖြစ်ဘူး” ဟု ပြောနေရာ စတီဗင်က ...

“ကျုပ်တို့မှာ ဘာမိတ်ဆွေရှိလို့တုံးဗျာ။ ကျုပ်တို့ဟာ ထမင်းတလုတ်အတွက် အမြဲတမ်း တိုက်ခိုက် ရုန်းကန်နေကြရတာ” ဟု ပြန်ပြောလိုက်၏။

“ဒါပေမဲ့ ကျုပ်တို့မှာ မိတ်ဆွေတွေ ရှိတယ်ဆိုတာတော့ ကျုပ်က ရဲရဲကြီး ပြောဝံ့ပါတယ်” ဟု အမေက ထပ်၍ ပြောပြန်ရာ စတီဗင်က စဉ်းစားရင်း…

“ရှိတော့ ရှိမှာပေါ့ဗျာ။ ဒါပေမဲ့ ဒီနေရာမှာတော့ မရှိဘူး” ဟု ဆိုလိုက်၏။

“ဘာပြုလို့ ဒီနေရာမှာ မိတ်ဆွေတွေကို တွေ့အောင်မရှာတာလဲ” ဟု အမေက

တဖန် မေးလိုက်ပြန်လျှင် စတီဗင်က တခဏမျှ စဉ်းစားပြီးနောက် “အင်း ဟုတ်တယ်၊ ဒါကတော့ ကျုပ်တို့ လုပ်သင့်တဲ့ အလုပ်ပဲ” ဟု ဝန်ခံလိုက် ၏။ ထိုအတွင်း တက်(တ်)ယာနာက…

“ကဲ၊ ထိုင်ကြပါဦး။ ညစာ စားကြရအောင်” ဟု ပြောလေ၏။

ပြော်တာသည် အမေ ပြောလိုက်သည့်စကားတို့ကို စိတ်ထဲ၌ စွဲသွားဟန်ရှိ၏။ ထို့ကြောင့် ညစာစားနေစဉ် သူသည် ရွှင်ရွှင်ပျပျ ဖြစ်လာပြန်၍…

“အမေ၊ မနက်စောစော ထွက်မှဖြစ်မယ်။ ဒါတောင်မှ ဘယ်သူကမှ သတိမထားမိအောင် မြို့ထဲကို ဖြတ်မသွားဘဲ ရှေ့စခန်းကို တန်းမောင်းသွားမှ ဖြစ်မယ်။ တန်းရထားကို ငှားသွားမှ ဖြစ်မယ်” ဟု ပြော်တာက ပြောသောအခါ စတီဗင်က…

“သူ ဘာဖြစ်လို့ တန်းရထား ငှားနေရဦးမှာလဲ။ ကျုပ်ပဲ မောင်းပြီး ပို့လိုက်မှာပေါ့” ပြောလိုက်၏။ သို့ရာတွင် ပြော်တာက…

“ဟင့်အင်း၊ ခင်ဗျား မပို့ရဘူး။ တကယ်လို့ သူတို့ကို ‘သူ ဒီမှာ ညအိပ်သလား’ လို့ မေးရင် ခင်ဗျားက ‘အိပ်ပါတယ်’ လို့ ပြောရလိမ့်မယ်။ ပြီးတော့ ‘အခု ဘယ်မှာလဲ’ လို့ မေးတော့ သူ့ကို ဟိုစခန်းကို ကျုပ် ရထားနဲ့ မောင်းပြီး ပို့လိုက်ပါတယ်” လို့ ဖြေရလိမ့်မယ်။ အဲဒီတော့ သူတို့က အဟား၊ ဒါဖြင့် သူ့ကို ဒီကနေပြီး တခြားသွားရအောင် ကူညီလိုက်တဲ့လူဟာ မင်းပဲပေါ့” လို့ ပြောပြီး ခင်ဗျားကို တခါတည်း ထောင်ထဲ သွင်းလိုက်မှာပေါ့။ ကဲ ကြည့်တော့လေ။ ထောင်ထဲ မြန်မြန်ဝင်လို့ ဘာအဓိပ္ပာယ် ရှိမှာလဲ။ အစစ အချိန်ကျမှ ကောင်းတယ်။ ဝင်သင့်တဲ့အချိန်မို့ ဝင်ရရင် ဘာမှ ပြောစရာ မရှိဘူး။ ဇာတုရင်တောင် သေနေ့စေ့တဲ့အခါ သေရမယ်လို့ ပြောကြတယ် မဟုတ်လား။ ဒါပေမဲ့ ဒီကိစ္စမှာတော့ သူဟာ ဒီညမှာ ညအိပ်သွားတယ်။ မြင်းရထားငှားပြီး ထွက်သွားတယ်ဆိုရင်

ဘယ်သူကမှ ပြောနေစရာ မရှိဘူး။ မေးလား မြန်းလားလည်း လုပ်နေဖို့မလိုဘူး။ ကျုပ်တို့နေရာက လမ်းမကြီး ကျနေတော့ လူတွေအများကြီး ညအိပ် တည်းခိုသွားကြတာပဲ” ဟု ဝင်၍ ကန့်ကွက်လိုက်လျှင် တက်(တ်)ယာနာက…

“တော့်ကို ဘယ်သူကမျှား ဒီလောက်တောင် ကြောက်အောင် သင်ပေးထားတုံး ခဲအိုကြီး ပြော်တာ” ဟု ဝင်၍ ဘုတောလိုက်၏။

ထိုအခါ ပြော်တာက လက်နှင့် ဒူးများကို ပုတ်လျက် “ကျုပ်နမရ၊ လူတယောက်ဟာ ဘယ်အချိန်မှာ ကြောက်ရမယ်၊ ဘယ်အချိန်မှာ သတ္တိရှိရမယ်ဆိုတာတွေကို အားလုံး သိရမယ်။ ဗက်ဝါးနော့်ကို အဲဟိုသတင်းစာနဲ့ မိတုန်းက သူတို့က ဘယ်လိုလုပ်လိုက်တယ်ဆိုတာကို မှတ်မိသေးလား။ အခု ခင်ဗျားတို့ သူ့ကို စေတနာအရပဲ ဖြစ်ဖြစ်၊ ပိုက်ဆံပေးလို့ပဲ ဖြစ်ဖြစ် ဘာသတင်းစာ၊ ဘာစာအုပ်ကိုမှ အယူခိုင်းလို့ မရတော့ဘူးလေ။ ဒါပေမဲ့ ကျုပ်ကိုတော့ ယုံပါ အမေ။ ကျုပ်က လူပါးပါ။ အမေ့ သတင်းစာတွေ၊ စာရွက်စာတမ်းတွေကို အမေ ကြိုက်သလို အမေ ရောက်စေချင်တဲ့နေရာတွေကို အရောက်ပို့ပေးပါ့မယ်။ ကျုပ်တို့လူတွေ အများစုဟာ စာမဖတ်တတ်ဘူး ဆိုတာရယ်၊ တို့ဟာ ကြောက်တတ်တယ် ဆိုတာရယ်ဟာ မှန်ပါတယ်။ ဒါပေမဲ့ တခါတလေ လူဆိုတာ သိပ်ပြီး အဖျစ်အညှစ် ခံရတဲ့အခါ မျက်လုံး မပြူးချင်ပေမဲ့ ပြူးသွားပြီး ဘာလုပ်ရမလဲလို့ မမေးချင်ပေမဲ့ မေးရတတ်တယ်။ ပြီးတော့ ဒီစာရွက်စာတမ်းတွေထဲမှာ ကျုပ်တို့ကို စဉ်းစားကြပါ။ ကိုယ့်ဦးနှောက်တွေကို ကိုယ်အသုံးပြုကြပါလို့ ရိုးရိုးရှင်းရှင်းကလေးနဲ့ တိုက်တွန်းထားတယ်။ တချို့ စာမဖတ်တတ်တဲ့ လူတွေက စာဖတ်တတ်တဲ့ လူတွေထက် ပိုပြီး သိကြ နားလည်ကြတယ်။ အထူးသဖြင့် ဝဝဖြိုးဖြိုး စားကြ၊ သောက်ကြတဲ့ သူတွေထက် ပိုပြီး သိကြတယ်၊ နားလည်ကြတယ်။ ကျုပ်ဟာ ဒီအရပ်၊ ဒီဒေသမှာ ခြေရာချင်း၊ နားရွက်ရာချင်း ထပ်လောက်အောင် နှံ့လာခဲ့ပြီ။ အစစကိုလည်း တွေ့ခဲ့၊ မြင်ခဲ့ပြီ။ ကျုပ်တို့ဟာ ဖြစ်မြောက်အောင် ကြိုးစားကြရလိမ့်မယ်။ ဒါပေမဲ့ ကျုပ်တို့ရဲ့ဦးနှောက်ကို အသုံးချကြရမယ်။ စစချင်း အဖမ်းအဆီး မခံချင်ရင် လိမ်ကြ၊ လှည့်ကြရလိမ့်မယ်။ အာဏာပိုင်တွေကလည်း လယ်သမားတွေဟာ မိတ်ဆွေသဘော မဟုတ်ကြတော့ဘူး ဆိုတာကိုလည်း အကဲခတ်မိကုန်ကြပြီ။ အားလုံး ခြုံကြည့်မယ် ဆိုရင် လယ်သမားတွေက သူတို့နဲ့ အဆက်ဖြတ်မယ့်ပုံ ပေါ်နေတယ်။ တနေ့ကပဲ ဒီနေရာနဲ့ သိပ်မကွာတဲ့ ဆမို(လ်)ယာကိုဗိုဆိုတဲ့ရွာကို အာဏာပိုင်တွေက အခွန်တွေ ကောက်ဖို့ လာကြတယ်။ လယ်သမားတွေက သူတို့နဲ့ တွေ့ရအောင် တုတ်တွေကို ကိုင်လာကြတယ်။ အရာရှိကလည်း ချက်ချင်း ဘာပြောသလဲဆိုတော့…

“အေး မင်းတို့က ဇာဘုရင်ကို တော်လှန်ကြတယ်ပေါ့ ဟင်၊ မင်းတို့ လူဆိုး လူမိုက်တွေ” တဲ့။ အဲဒီတော့ စပီဗာကင်ဆိုတဲ့ လယ်သမားကြီးတယောက်က ‘အို

ခင်ဗျား ဇာဘုရင်နဲ့ ခင်ဗျား ဘာလုပ်လုပ် လုပ်ချင်တာလုပ်၊ ကျုပ်တို့က အရေးမစိုက်ဘူး။ ခင်ဗျားကျောပေါ်က အင်္ကျီတောင် ခိုးယူတဲ့ ဇာဘုရင်ဟာ ဘယ်လို ဇာဘုရင်လဲဗျာ့’ လို့ တခါတည်း တဲ့တိုးပြန်ပြောလိုက်သတဲ့။ အဲဒီတော့ ဒီကိစ္စတွေဟာ ဘယ်အခြေကို ရောက်နေပြီ ဆိုတာကို ကြည့်ပေတော့ အမေ။ အမှန်တော့ သူတို့က စပီဗာကင်ကို ထောင်ချပစ်တာပေါ့။ ဒါပေမဲ့ သူပြောလိုက်တဲ့ စကားတွေကိုတော့ ထောင်ထဲ မပို့နိုင်ဘူးပေါ့။ လူငယ်တွေကတောင် သူပြောတာကို မှတ်မိနေကြသေးတယ်။ သူ့စကားတွေကတော့ တဆင့်စကား တဆင့်နားနဲ့ တော်တော့ကို ပျံ့နေကြပြီပေါ့” ဟု ပြန်၍ပြောလိုက်၏။

သူသည် ဘာမျှမစားဘဲ သူ၏ မည်းနက်သည့် မျက်လုံးများဖြင့် ဟိုဟိုသည်သည် ကြည့်ရင်း လေသံအုပ်လျက် အမေ့အား သူ လေ့လာ အကဲခတ်ထားသည့် တောင်သူလယ်သမားတို့၏ ဘဝအကြောင်းကို သွက်သွက်ကြီး ပြောနေ၏။ သူ စကားပြောနေစဉ် စတီဗင်က နှစ်ကြိမ်တိတိ အစာကိုစားရန် ပြောလိုက်သေး၏။ သို့ပြောတိုင်းပြောတိုင်း ပြော်တာသည် ပေါင်မုန့်တချပ်နှင့် သူ့ဇွန်းကိုကောက်ကာ စကားကို ဆက်၍ ပြောနေပြန်၏။ ညစာ စားပြီးကြသောအခါ သူသည် ရုတ်တရက် ထပြီးလျှင် အမေ့လက်ကိုဆွဲ၍ နှုတ်ဆက်ကာ၊

“ကဲ၊ ကျုပ် အိမ်ပြန်ဖို့ အချိန်ကျလာပြီ။ မင်္ဂလာရှိတဲ့ ညပါ အမေ။ ကျုပ်တို့ နောက်ကို တွေ့ချင်မှ တွေ့ကြမှာ။ ဒါပေမဲ့ အမေနဲ့တွေ့ပြီး အမေပြောတဲ့ စကားတွေကို နားထောင်ရတာဟာ တကယ့်ကို သဘောကျစရာ ကောင်းတယ်ဗျာ့။ အမေ့လက်ဆွဲသေတ္တာထဲမှာ စာရွက်စာတမ်းတွေ အပြင် ဘာများ ပါသတုံး။ သိုးမွေးတဘက်တထည်၊ ဟုတ်တယ် သိုးမွေးတဘက်တထည် မှတ်ထားနော် စတီဗင်။ အမေ့သေတ္တာကို သူ အခုတင် ယူလာပါလိမ့်မယ်။ ကဲ… လာ စတီဗင် သွားယူတော့လေ။ ကဲ… အမေ ချမ်းသာသုခနဲ့ ပြည့်စုံပါစေ” ဟု ပြောလေ၏။

သူတို့တတွေ ထွက်သွားကြပြီးနောက် အလွန်ဆိတ်ငြိမ်၍သွားရာ ပိုးဟပ်များ ပြေးသံ၊ လွှားသံ တို့ကိုပင် ကြားနေရ၏။ လေသည် တဲအမိုးပေါ်နှင့် မီးဖိုခေါင်းတိုင်ထဲ၌ တဝုန်းဝုန်းတိုက်လျက် ရှိ၏။ မိုးကလေး ခပ်သည်းသည်းသည် ပြတင်းပေါက်များကို ရိုက်ခတ်နေ၏။ တက်(တ်)ယာနာ သည် ခုံရှည်တခုပေါ်၌ အမေ့အတွက် အိပ်ရာပြင်နေလေသည်။

"အင်း ပြော်တာဟာ တော်တော်ကို တက်ကြွတဲ့ လူငယ်တယောက်ပဲ” ဟု အမေက ပြောလျှင် တက်(တ်)ယာနာက သူ့ကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး…

“စကားကတော့ ဖောင်နေတာပဲ၊ ဒါပေမဲ့ အမိပ္ပာယ်ကတော့ သိပ်မရှိလှဘူး”

“ညီမရဲ့ခင်ပွန်းကကောကွယ်”

“သူကတော့ ဘာမျှ မဖြစ်ပါဘူး၊ လူကောင်းတယောက်ပါ။ သောက်လည်း မသောက်ဘူး။ ကျုပ်တို့ချင်းလည်း သင့်သင့်မြတ်မြတ်ပါပဲ။ ဒါပေမဲ့ စိတ်ကတော့ ပျော့တယ်”

ထိုနောက် တက်(တ်)ယာနာသည် ကိုယ်ကို ခပ်မတ်မတ်ထားပြီး တခဏမျှ ငြိမ်နေပြီးနောက် “အခု ကျုပ်တို့ ဘာလုပ်ကြရမလဲ အစ်မကြီး၊ သူ့ပုန်ထဖို့ မတော်သေးဘူးလား၊ အမှန်ကတော့ ထဖို့ ကောင်းနေပြီ။ ဒါက လူတိုင်း စဉ်းစားနေတာပဲ ရှိတယ်။ တယောက်နဲ့တယောက် ဖွင့်ပြီး ပြောသင့်တယ်။ တယောက်ယောက်ကတော့ စဖို့ ကောင်းတယ်” ဟု ပြော၍ ထိုင်ခုံပေါ်၌ ထိုင်ချလိုက်၏။ ထိုနောက်…

“လူကုံထံထဲက အမျိုးသမီးတွေဟာ ဒီလိုအလုပ်မျိုးကို လုပ်ကြတယ်၊ သူတို့ဟာ အလုပ်သမားတွေ ကြားထဲမှာနေပြီး အလုပ်သမားတွေကို စာဖတ်ပြတယ်လို့ အစ်မကြီးက ပြောတယ်။ သူတို့ဟာ ဒီလိုလုပ်တာ သိပ်မကောင်းလွန်းဘူးလား။ သူတို့တတွေဟာ မကြောက်ကြဘူးလား”

အမေ ရှင်းပြသည့် စကားတို့ကို နားထောင်ပြီးနောက် တက်(တ်)ယာနာသည် သက်ပြင်းတချက် ချပြီး ဦးခေါင်းကိုငုံ့လျက်…

“စာအုပ်တအုပ်ထဲမှာ ကျုပ်ဟာ အဓိပ္ပာယ်ကင်းမဲ့တဲ့ဘဝဆိုတဲ့ စကားကို သွားပြီး ဖတ်မိတယ်။ ပြီးတော့ ကျုပ်ဟာ ချက်ချင်း နားလည်သွားတယ်။ ဒီဘဝဟာ ဘယ်လိုဘဝမျိုးဆိုတာကို ကျုပ် နားလည်တယ်။ ဒါပေမဲ့ အားလုံး ဘာမျှ အဆက်အစပ် မရှိဘူး။ သိုးကျောင်းသမားမရှိတဲ့ သိုးတွေလိုပေါ့။ အဓိပ္ပာယ်ကင်းမဲ့တဲ့ဘဝဟာ ဒါပါပဲ။ ကျုပ်ဟာ တတ်နိုင်ရင် ဒီဘဝကနေ နောက်ကို လှည့်မကြည့်ဘဲ ပြေးလိုက်ချင်တယ်။ တကယ့်ကို အစစ သိမြင်နားလည်လာတော့ စိတ်က ဆင်းရဲသွားတယ် အစ်မကြီးရဲ့” ဟု ပြောနေပြန်၏။

အမေသည် သူ၏ စိမ်းလဲ့လဲ့ မျက်လုံးများနှင့် ညှိုးနွမ်းနေသည့် မျက်နှာတို့ကို ကြည့်ခြင်းအားဖြင့် တက်(တ်)ယာနာ မည်မျှ ဒုက္ခဆင်းရဲ ရောက်နေသည်ကို ကောင်းစွာ သိလေ၏။ ထို့ကြောင့် တက်(တ်)ယာနာ စိတ်ချမ်းသာသွားအောင် အမေက…

“ဒါပေမဲ့ ညီမက ဒီဒုက္ခဆင်းရဲတွေထဲက လွတ်မြောက်ဖို့ လမ်းကို သိနေပြီဟာပဲ” ဟု ပြောလိုက်လျှင် တက်(တ်)ယာနာက လေသံပျော့ပျော့နှင့်…

“ဒါနဲ့ မလုံလောက်သေးဘူး အစ်မကြီး၊ ဘယ်လို လွတ်မြောက်အောင် လုပ်ရမယ်ဆိုတာကို လည်းပဲ သိဖို့ လိုသေးတယ်။ ကဲ… အစ်မကြီး အိပ်ရာပြင်ပြီးပြီ” ဟု ပြန်၍ ပြောလိုက်၏။

ထိုနောက် သူသည် မီးဖိုဆီသို့သွား၍ တည်ငြိမ်စွာ မတ်တတ်ရပ်နေရင်း စဉ်းစားနေလေ၏။ အမေသည် အဝတ်များကို မလဲဘဲ အိပ်ရာထဲ၌ ပစ်လှဲလိုက်၏။ ပင်ပန်းနွမ်းရိလှသဖြင့် လည်းကောင်း၊ တကိုယ်လုံး ကိုက်ခဲနေသဖြင့်လည်းကောင်း တချက်မျှ ညည်းလိုက်မိသေး၏။ တက်(တ်)ယာနာသည် မီးအိမ် မီးစာကို အောက်သို့ လှည့်ချလိုက်ရာ တတဲလုံး မည်းမှောင် သွားလျှင် အသံကိုနှိမ့်ပြီး...

"အစ်မကြီး ဘုရားဝတ်ပြုတာ ကျုပ် မတွေ့ပါဘူး။ ကျုပ်လည်းပဲ ဘုရားသခင်ကို မယုံဘူး။ တန်ခိုးပြာဋိဟာဆိုတာတွေကိုလည်း မယုံတော့ဘူး"

အမေသည် တဖက်ဘေးသို့ စောင်းလိုက်၏။ ပြတင်းပေါက် အပြင်သို့ လှမ်းကြည့်လိုက်သောအခါ အလွန် ထူထပ်လှသည့် အမှောင်ထုကိုသာ မြင်ရ၏။ ပတ်ဝန်းကျင်သည် အလွန် ဆိတ်ငြိမ်လှ သဖြင့် အလွန်သေးငယ်သည့် အသံကလေးများကိုပင် ကြားနေရ၏။ ထို့နောက် သူသည် တက်(တ်)ယာနာအား လေသံတိုးတိုးဖြင့် ကြောက်ရွံ့တုန်လှုပ်စွာ...

"ဘုရားသခင် ကိုယ်တော်မြတ်နဲ့ ပတ်သက်လို့ကတော့ အစ်မကြီးကိုယ်တိုင်က ဒိဋ္ဌ မပြောနိုင်ဘူး။ ဒါပေမဲ့ အစ်မကြီးက သခင်ယေရှု ကိုယ်တော်မြတ်ကိုတော့ ယုံကြည်တယ်။ သူဟောတဲ့၊ ပြောတဲ့ စကားတွေကိုလည်း ယုံတယ်။ 'သင်၏ အိမ်နီးချင်းကို သင့်ကိုယ်သင် ချစ်ခင်သကဲ့သို့ ချစ်ခင်ပါ' ဆိုတဲ့ စကားကို ယုံတယ်" ဟု ပြန်၍ ပြောလိုက်၏။

တက်(တ်)ယာနာသည် ငြိမ်နေ၏။ မှောင်မည်းမည်း မီးဖိုကို ကျောပေး၍ ရပ်နေသည့် သူ၏ မှုန်မွှားမွှားသဏ္ဍာန်ကို အမေသည် မြင်နေရ၏။ သူသည် မလှုပ်မယှက် မတ်တတ်ရပ်နေ၏။ သူ၏ မျက်စိများကို ဝမ်းနည်းစွာနှင့် မှိတ်ထား၏။ ထိုအတွင်း ရုတ်တရက် တက်(တ်)ယာနာက...

"ကျုပ်ကတော့ ကျုပ်ကလေးတွေ သေကုန်တဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်သော၊ လူသော ဘယ်သူ့ကိုမှ ဘယ်တော့မှ ချမ်းသာမပေးနိုင်ဘူး" ဟု ပြောလိုက်ရာ အမေသည် ရုတ်တရက် အိပ်ရာမှ ထထိုင်ပြီး စိတ်ထဲ၌ ထိခိုက်နာကျင်လှစွာ...

"ညီမက ငယ်ပါသေးတယ်ကွယ်၊ ကလေးတွေ ရလိမ့်ဦးမှာပေါ့" ဟု သိမ်မွေ့ နူးညံ့စွာ ပြန်ပြောလိုက်၏။

တခဏမျှ ကြာသောအခါ တက်(တ်)ယာနာက "ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူး။ ကျုပ်က ဘာဖြစ်နေတယ်တော့ မသိဘူး။ ဆရာဝန်ကပြောတယ်။ ကျုပ် ဘယ်တော့မှ ကလေးရမှာ မဟုတ်တော့ဘူးတဲ့" ဟု ပြောပြ ၏။

ကြွက်တကောင်သည် ကြမ်းပြင်ပေါ်၌ ဖြတ်၍ ပြေးသွား၏။ တစုံတခု ကွဲသံသည် တဲ၏ ဆိတ်ငြိမ်မှုကို ဖြိုခွင်းပစ်လိုက်၏။ တဖန် တဲခေါင်မိုးပေါ်သို့ မိုးပေါက်များ ကျသံ ကြားရပြန်၏။ ဤငြီးငွေ့စရာကောင်းသည့် မိုးရေသံသည် ရှည်လျားလှသည့် နွေဦးညတာကို အချိန်မှတ်၍ ပေးနေသကဲ့သို့ ရှိချေသည်။

အမေသည် ငိုက်မျဉ်းနေစဉ် အပြင်ဘက်မှခြေသံများကို ကြားလိုက်ရ၏။ ထိုနောက် အိမ်အဝင်ဝမှ ကြားပြန်၏။ တက်(တ်)ယာနာက တံခါးကို တဖြည်းဖြည်း ဖွင့်လိုက်၏။ ထိုနောက်...

"အိပ်ပျော်နေပြီလား တက်(တ်)ယာနာ" ဟူသော ယောက်ျားသံ တသံသည် ပေါ်လာ၏။

"မအိပ်သေးပါဘူး"

"အစ်မကြီးကော အိပ်ပြီလား"

"အိပ်ပြီထင်တယ်တော့"

မီးရောင်တချက် လက်လာ၏။ ထိုနောက် မီးတောက်သည် မှိတ်တုတ် မှိတ်တုတ် ဖြစ်နေလေ၏။ စတီဗင်သည် အမေ့အိပ်ရာသို့လာပြီး အမေ့ခြေထောက်ပေါ်တွင် တင်ထားသည့် အင်္ကျီကို အပေါ်သို့ ဆွဲတင်လိုက်၏။ အမေသည် သူ့အား ဤကဲ့သို့ ဂရုစိုက်သည့်အတွက် စိတ်ထဲ၌ ပီတိဖြစ်မိပြီး ပြုံး၍ သူ့မျက်လုံးများကို တဖန် ပိတ်လိုက်ပြန်၏။ စတီဗင်သည် စကားတခွန်းမှ မပြောဘဲ အိပ်ခန်းပေါ်သို့တက်လေ၏။ ထိုနောက် ငြိမ်သက်သွားလေ၏။

အမေသည် ဖြစ်ပေါ်လာသမျှ အသံတို့ကို အာရုံစိုက်၍ နားထောင်ရင်း မလှုပ်မယှက် ငြိမ်နေ၏။ သူ့မျက်စိထဲ၌ ရိုင်ဘင်၏ သွေးများလူးနေသည့် မျက်နှာကို မြင်ယောင်နေလေသည်။

ထိုအတွင်း အိပ်ခန်းပေါ်မှ လှုပ်ရှားသံကို ကြားရ၏။

"ဘယ်လိုလူမျိုးတွေက ဒီလိုအလုပ်ကို လုပ်တယ်ဆိုတာကို ကြည့်ဦးလေ။ တသက်လုံး အလုပ်ကို တွန်းလုပ်ခဲ့ရပြီး ဒုက္ခဆင်းရဲတွေကို ဝအီနေအောင် ခံစားခဲ့ကြရတဲ့ အသက်အရွယ်ကြီးကြီး လူတွေက လုပ်နေကြတယ်။ သူတို့ အနားယူဖို့အချိန် ရောက်နေပြီ။ ဒါပေမဲ့ အနားယူကြမယ့် အစား ဒီအလုပ်ကို လုပ်နေကြတယ်။ တော်ဟာ အသက်လည်း ငယ်တယ်၊ ပါးလည်း ပါးနပ်တယ် စတီဗင်"

"အေး၊ ငါလည်း ဒါကို စဉ်းစားရဦးမယ်"

"တော်ကတော့ ဒီလိုပဲ ပြောတတ်တယ်"

သူတို့နှစ်ဦးသည် တစ်မိနစ်မျှ ငြိမ်သက်နေကြပြန်၏။ တဖန် စတီဗင်က "လုပ်ငန်းကိုတော့ ဒီနည်းနဲ့ စမှပဲ။ ပထမ တို့ ဆင်းရဲသားတွေကို တယောက်စီ ခွဲပြီး ဆွေးနွေးကြရလိမ့်မယ်။ သူက စာဖတ်တတ်တယ်။ စိတ်ဓာတ်လည်း ကောင်းတယ်။ ပြီးတော့ အာဏာပိုင်တွေအပေါ်မှာလည်း အတော် အငြိုးကြီးတဲ့လူ ဖြစ်တယ်။ ဆာဂျေရှိရင်လည်းပဲ ပါးတယ်၊ လိမ္မာတယ်။ ညာဇက်ကတော့ ရိုးသားတယ်၊ သတ္တိရှိတယ်။ အစကတော့ ဒီလောက်နဲ့ပဲ လုံလောက်ပါတယ်။ တို့တတွေဟာ အစ်မကြီးပြောတဲ့ လူမျိုးတွေနဲ့ အဆက်အသွယ်ရအောင် လုပ်ကြရမယ်။ ငါကတော့ ထင်းခွဲ၊ ထင်းဖြတ် အလုပ်နဲ့ ပိုက်ဆံပိုကလေး ဘာကလေး ရအောင်ရှာပြီး စားရသောက်ရတယ်ဆိုတဲ့အနေနဲ့ ပုဆိန်တလက်ကို ယူပြီး မြို့ကိုသွားမယ်လေ။ တို့တတွေဟာ သတိရှိကြရမယ်။ လူတယောက်ဟာ ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်ရမယ်လို့ အစ်မကြီး ပြောလိုက်တာကတော့ မှန်တယ်ဗျာ။ ကနေ့ အဖမ်းခံရတဲ့ လယ်သမားကို ကြည့်လေ၊ ဘုရားသခင် ကိုယ်တော်ရှေ့မှာတောင် အရှုံးပေးမယ့်လူ မဟုတ်ဘူး။ ပြီးတော့ အဲဟို နီကီတာကော၊ သူကလည်းပဲ အသိဉာဏ်ရှိတဲ့လူပဲ။ ဒါကို ဘယ်သူကများ စိတ်ကူးမိပါ့မလဲလို့"

"တော်တို့ရှေ့မှာ လူတယောက်ကို သူတို့က ရိုက်သတ်သလို ရိုက်တယ်၊ နှက်တယ်။ တော်တို့တတွေ အကုန်လုံးက ရပ်ပြီး ပါးစပ်ကြီး အဟောင်းသားနဲ့ ငေးကြည့်နေကြတယ်ပေါ့"

"အဲဒီလူကို တို့ကိုယ်တိုင်က ဝင်မရိုက်မိတာကို ညည်းက ဝမ်းသာဖို့ ကောင်းတာကလား"

သူသည် တိုးတိုး တိုးတိုးနှင့် အချိန်အတော်ကြာ ပြောနေသေး၏။ တခါတရံ လေသံကို အလွန်နှိမ့်လျက် ပြောနေရာ အမေသည် သူ့စကားကို မကြားရချေ။ တခါတရံ သူသည် အသံသြသြကြီးနှင့် ပြောနေပြန်သည်။ တခါတရံ သူ့မိန်းမက သူ့ကို တားတား ထား၏။

"တိုးတိုးပြောစမ်းပါ၊ အစ်မကြီး နိုးနေပါဦးမယ်"

ထိုအတွင်း အမေသည် အိပ်မောကျသွားလေ၏။

အရုဏ်ဦး လင်းရောင်ခြည်သည် ပြတင်းပေါက်အတွင်းမှ ပြူဝင်လာပြီး ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံက အေးမြသည့် ဆိတ်ငြိမ်ထုကို ဖောက်ထွင်း၍ လာလေလျှင် တက်(တ်)ယာနာသည် အမေ့ကို နှိုးလေ၏။

"ကျုပ် လက်ဖက်ရည်အိုး တည်ထားတယ်။ လက်ဖက်ရည် တခွက်တော့

သောက်ပါဦး၊ အိပ်ရာက ထထချင်း သွားရင် အစ်မကြီး ချမ်းနေလိမ့်မယ်”

စတီဗင်သည် သူ၏မုတ်ဆိတ်မွေးကို လက်နှင့်သပ်ရင်း အမေ့အား သူ၏ မြို့တွင်နေသည့် လိပ်စာကို မေး၏။ တညတွင်း၌ပင် သူ၏မျက်နှာသည် ပြောင်းလဲသွားပြီး သူ့မျက်နှာ၌ သူ၏ယုံကြည်မှုသည် ပေါ်လွင်လာလေ၏။

ထိုနောက် လက်ဖက်ရည် သောက်နေစဉ် ရယ်လျက်... “ဒီဟာဟာ ဘယ်လိုဖြစ်ရတယ် ဆိုတာကတော့ အံ့သြစရာပေပဲဗျာ”

“ဘာလဲ” ဟု တက်(တ်)ယာနာက မေး၏။

“တို့ အစ်မကြီးနဲ့ သိကြရတာပေါ့။ ရိုးရိုးနဲ့ ရှင်းရှင်းကလေးပဲ”

ထိုအခါ အမေက လေးလေးနက်နက် စဉ်းစားရင်း...

“ကျုပ်တို့အလုပ်နဲ့ ပတ်သက်သမျှဟာ အားလုံး ရိုးသားမှုနဲ့ ရှင်းလင်းမှု ရှိတာချည်းပဲ” ဟု ဝင်၍ပြောလိုက်၏။

စတီဗင်နှင့် တက်(တ်)ယာနာတို့သည် အမေနှင့် ခွဲခွာရသည့်အတွက် စိတ်မချမ်းမသာ ဖြစ်ကြရ၏။ သူတို့သည် စကားကို များများမပြော။ သို့ရာတွင် အမေ့အတွက် အသေးအဖွဲ ကိစ္စများမှအစ အစစ ဝေယျာဝစ္စကို လိုလေသေးမရှိ ဆောင်ရွက်ပေးကြ၏။

အမေသည် မြင်းရထားပေါ်သို့ တက်မိလျှင် စတီဗင်သည် ပွေးကလေးများသဖွယ် ငြိမ်ဝပ် သိပ်သည်းစွာ မောရမှန်း ပန်းရမှန်း မသိအောင် အလုပ်လုပ်လိမ့်မည်ဟု စဉ်းစားမိ၏။ တက်(တ်)ယာနာနှင့် ပတ်သက်၍မူ သူ့ယောက်ျားအား အမြဲတမ်း နားပူတိုက်ပြီး သူ အသက်ရှည်သမျှ ကာလပတ်လုံး ဆုံးသွားသည့် သူ့ကလေးများအတွက် မကျေနိုင်၊ မချမ်းနိုင် ဝမ်းနည်း ပူဆွေးနေပေလိမ့်မည်ဟု စဉ်းစားမိပြန်သည်။

တဖန် ရိုင်ဘင်၏ဒဏ်ရာများ၊ သူ၏မျက်နှာနှင့် တောက်ပြောင်နေသည့် မျက်လုံးများကို မြင်ယောင်လာ၏။ သူ့စကားတို့ကိုလည်း ကြားယောင်ပြန်၏။ ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်မှု ကို မျက်စိအောက်တွင် မြင်နေပါလျက်နှင့် ဘာမျှ မတုံ့ပြန်နိုင်သဖြင့် သူ၏ အသည်းနှလုံးသည် ဆတ်ဆတ်ခါနေ၏။ မြို့အပြန် တလမ်းလုံး ရိုင်ဘင်၏ရုပ်သဏ္ဌာန်သည် သူ့မျက်စိထဲမှ မထွက်တော့ချေ။ သူ၏တောင့်တင်းသည့် ကာယဗလ၊ မည်းနက်သည့် မုတ်ဆိတ်မွေး၊ စုတ်ပြဲနေသည့် အင်္ကျီ၊ သွေးများထွက်နေသည့် ဦးခေါင်း၊ ကြိုးများဖြင့် တုပ်နှောင်ထားသည့် လက်များ၊ သူ့ရှေ့ဆောင်နေသည့် အမှန်တရားအတွက် ထွက်နေသည့် သူ့ဒေါသနှင့် ထိုအရာပေါ်တွင် သူထားသည့် ယုံကြည်ချက်တို့ဖြင့် ရောပြွမ်းနေသည့် သူ၏

မျက်နှာတို့က ရိုင်ဘင်နှင့်ပတ်သက်၍ မေ့ပျောက်မရနိုင်သည့် အာရုံများ ဖြစ်ကြ၏။ တဖန် အမေသည် ကမ္ဘာလောကပေါ်တွင် တည်ရှိနေကြသည့် မရေမတွက် ပေါ်ပေါက်ထွန်းကားနိုင်သော ကျေးရွာများနှင့် ပတ်သက်၍လည်းကောင်း၊ တရားမျှတမှု လာရမည့် အရေးကို တိတ်တိတ်ပုန်း စောင့်မျှော်နေကြသည့် ပြည်သူလူထုတို့နှင့် ပတ်သက်၍ လည်းကောင်း၊ သူတို့တဘဝလုံး ပုခက်တွင်းမှ သင်္ချိုင်းကုန်းအထိ ဘာမျှ မငြီးမတွား၊ မပြောမဆို အဓိပ္ပာယ်ကင်းမဲ့စွာ ဘာတခုမျှ မျှော်လင့်စရာ အကြောင်း မရှိဘဲ ကုန်းရုန်းနေကြသည့် ထောင်ပေါင်းများစွာသော ပြည်သူလူထု အပေါင်းနှင့် ပတ်သက်၍လည်းကောင်း အမေသည် တွေးနေမိ၏။

သူသည် လူ့လောကကြီးကို ထွန်မည့်၊ ယက်မည့်သူ လိုနေသည့် လယ်ယာမြေ ကောင်းသဖွယ် သဘောထား၏။

အမှန်တရား၊ ဆင်ခြင်တုံတရား မျိုးစေ့တို့ဖြင့် ကျွန်ုပ်ထံတွင် လာရောက် စိုက်ကြဲကြကုန်လော့။ ကျွန်ုပ်သည် သင်တို့အား သင်တို့၏လုပ်အားအတွက် အဆတရာ တုံ့ပြန်၍ ပေးပါအံ့ဟု လွတ်လပ်၍ ရိုးသားသောသူများအား ဤလယ်ယာမြေကောင်းက ဖိတ်ကြားနေဟန်ရှိ၏။

တဖန် သူ၏ ကြိုးပမ်း လုပ်ဆောင်ချက်များမှ ပေါ်ထွက်လာသည့် အောင်မြင်မှုကို စားမြုံ့ပြန်ပြီး အမေသည် ပီတိဖြစ်မိ၏။ သို့ရာတွင် ထိုပီတိအဟုန်ကို သူ့ကိုယ်သူ ပဲ့ပြင်သည့်သဘောဖြင့် ချုံးနှိမ်၍ ထားလေသတည်း။

အခန်း တဆယ့်ကိုး

နစ်ကိုလိုင်သည် အဝတ်အစား ဖရိုဖရဲဖြင့် စာအုပ်တအုပ်ကို လက်ထဲတွင် ကိုင်လျက် အမေအား တံခါးဖွင့်ပေးပြီး ဝမ်းမြောက်ဝမ်းသာစွာ...

"မြန်လှချည်လား အမေ၊ ကျွန်တော် အမေ့ကို ပြန်လာလိမ့်ဦးမယ်လို့ မထင်မိဘူး"

သူသည် မျက်လုံးများကို ပေကလတ်ပေကလတ် လုပ်နေပြီး အမေ့ပစ္စည်းများကို သယ်ပိုးကာ ချစ်ခင်ကြင်နာသည့် မျက်နှာထားဖြင့် ကြည့်နေ၏။ ထိုနောက် နစ်ကိုလိုင်က...

"မနေ့ညက ကျွန်တော်တို့အိမ်ကို လာရှာကြတယ်။ ကျွန်တော်က အမေများ တခုခု ဖြစ်သွားမှာ လားလို့ စိုးရိမ်မိတယ်။ ဒါပေမဲ့ သူတို့က ကျွန်တော့်ကိုတော့ မဖမ်းကြဘူးဗျ။ အမေ့ကိုသာ ဖမ်းမယ်ဆိုရင် ကျွန်တော့်ကိုတော့ ဖမ်းမှာသေချာတယ်" ဟု ပြော၏။

ထိုနောက် အမေ့အား ထမင်းစားခန်းထဲသို့ ခေါ်သွားရင်း... "အမှန်ကတော့ ကျွန်တော် အလုပ်ပြုတ်မှာ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး။ ကျွန်တော်က စားပွဲမှာ ထိုင်ပြီး မြင်းမရှိတဲ့ တောင်သူလယ်သမားတွေကို စာရင်းကောက်နေရတာကို ငြီးငွေ့လှပြီ" ဟု ဆက်ပြောနေ၏။

အခန်းသည် ဆင်ဝင်၍ ရမ်းထားသည်နှင့် တူနေ၏။ အရုပ်ကားများသည် ကြမ်းပြင်ပေါ်၌ ပြန့်ကျဲနေကြ၏။ နံရံတွင် ကပ်ထားသည့် စာရွက်များကို ဆုတ်ထားသဖြင့် ဖွာလန်ကြဲနေကြ၏။ တနေရာ၌ ကြမ်းပြင်မှ ပျဉ်တချပ်ကို ခွာထား၏။ ပြတင်းပေါက် ပြတင်းခုံကိုလည်း လှန်ထား၏။ မီးဖိုမှ ပြာများသည်လည်း ကြမ်းပြင်ပေါ်၌ ပြန့်နေ၏။ အမေသည် ဤအခြင်းအရာတို့ကိုကြည့်ပြီး ဦးခေါင်းကို ယမ်းနေ၏။ တဖန် နစ်ကိုလိုင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ရာ နစ်ကိုလိုင်တွင် တိုးတက်ပြောင်းလဲမှု ရှိလာသည်ကို တွေ့ရလေ၏။

အေးနေသည့် လက်ဖက်ရည်ကရားသည် မဆေးကြောရသေးသည့် လက်ဖက်ရည် ပန်းကန်ပြား များ၊ ပန်းကန်လုံးများနှင့်အတူ စားပွဲပေါ်၌ ရှိနေ၏။ ဒိန်ခဲနှင့် ဝက်အူချောင်းတို့ကို ပန်းကန်ပြား ပေါ်၌ တွေ့ရမည့်အစား စာရွက်တရွက်ပေါ်၌ တွေ့နေရ၏။ စားပွဲခင်းပေါ်တွင် စာအုပ်များ၊ ပေါင်မုန့် အကြွေများနှင့် မီးသွေးခဲများသည် ပြန့်ကျဲလျက် ရှိကြ၏။ အမေက တချက် ရယ်လိုက်၏။ နစ်ကိုလိုင်က ဝမ်းနည်းသည့်အနေဖြင့် ပြုံးနေလေသည်။

"ဒီလို အစစ ဖရိုဖရဲ ဖြစ်နေတဲ့အထဲ ကျွန်တော်ရဲ့ပစ်စလက်ခတ် နေထိုင်မှုကလည်း ပါနေတာပေါ့။ ဒါပေမဲ့ ဒါတွေက ကိစ္စမရှိပါဘူး အမေ။ ကျွန်တော်ကတော့ သူတို့ ပြန်လာလိမ့်ဦး မယ် ထင်တယ်။ ဒါကြောင့် ကျွန်တော်က ဘာမှမရှင်းဘဲ၊ မလင်းဘဲ နေတာပေါ့။ ကဲ ဒါထက် အမေ သွားခဲ့တဲ့ ခရီးကကော၊ ဘယ်လိုလဲ"

နစ်ကိုလိုင် မေးလိုက်သည့် မေးခွန်းကြောင့် အမေသည် စိတ်လေးသွား၏။ တဖန် ရိုင်ဘင်သည် သူ့မျက်စိထဲ၌ ပေါ်လာပြန်၍ နစ်ကိုလိုင်အား ရုတ်တရက် ရိုင်ဘင်အကြောင်းကို မပြောမိသည့် အတွက် သူ့ကိုယ်သူ ရှက်မိ၏။ ထို့နောက် သူသည် ရှေ့သို့ကုန်း၍ ရိုင်ဘင်၏အကြောင်းကို တခုမကျန် ပြန်၍ ပြောပြလေသည်။

"သူတို့က သူ့ကို ဖမ်းသွားကြတယ်"

နစ်ကိုလိုင်၏မျက်နှာသည် အောက်သို့စိုက်သွား၏။

"တကယ်ပဲလား"

အမေက သူ့ကို နောက်ထပ်မမေးရန် လက်နှင့်ကာပြပြီး လူသားတယောက်အား မတရားသဖြင့် ဖိစီး နှိပ်စက်ခဲ့သည်ကို ဆန့်ကျင် ကန့်ကွက်နေသည့်သဘောဖြင့် ရိုင်ဘင်၏ အကြောင်းကို ပြောပြလေ၏။ နစ်ကိုလိုင်၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ကုလားထိုင်ပေါ်၌ နောက်သို့ လှန်ကာ နှုတ်ခမ်းများကို ကိုက်နေလေ၏။ သူသည် မျက်မှန်များကိုချွတ်ကာ စားပွဲခုံပေါ်၌ တင်ထားပြီး သူ့မျက်နှာကို သူ သုတ်နေလေ၏။

သူ၏ပါးရိုးများသည် ရုတ်တရက် ငေါထွက်လာသကဲ့သို့ ဖြစ်၏။ နှာခေါင်းများသည် လှုပ်လာလေ၏။ အမေသည် သူ ဤကဲ့သို့ ဖြစ်သည်ကို မမြင်ဖူးသဖြင့် ထိတ်လန့် တုန်လှုပ် သွားလေသည်။

အမေက ရိုင်ဘင်အကြောင်းကို ပြောပြပြီးနောက် နစ်ကိုလိုင်သည် မတ်တတ်ရပ်ပြီး လက်များကို အင်္ကျီအိတ်ထဲသို့ နှိုက်ကာ လမ်းလျှောက်နေလေ၏။

"သူဟာ တကယ့်ကို ထူးခြားတဲ့လူပဲ။ သူဟာ ထောင်ထဲမှာ နေရတာ ဆင်းရဲနေဦးမှာပဲ။ ဒီလိုလူက ဒါမျိုးကို သက်သက်သာသာနဲ့ မခံတတ်ဘူး"

ထိုကဲ့သို့ပြောရင်း သူ့ကိုယ်သူ မနည်းထိန်းထားရ၏။ သို့ရာတွင် သူ တုန်လှုပ် ချောက်ချား နေသည်ကို အမေသည် သတိပြုမိ၏။ ထို့ကြောင့် သူလည်း တုန်လှုပ် ချောက်ချားသွား၏။ နစ်ကိုလိုင်သည် မျက်လုံးများကို မှေးထားပြီး ဒေါသဖြင့် စကားကို ဆက်၍ ပြောနေရင်း လမ်းလျှောက်နေပြန်၏။

"အင်း၊ သင်းတို့ရဲ့ရက်စက်မှုကို စဉ်းစားကြည့်ပေတော့။ လူထုတွေကို မတရားသဖြင့် ချုပ်ချယ် ထားချင်တော့ အလကား လူ့အန္တ လက်တဆုပ်စာက သူတို့ ရိုက်ချင်တဲ့လူကို ရိုက်ပြီး၊ သတ်ချင်တဲ့လူကို သတ်ကြတယ်။ ရိုင်းစိုင်းမှုဟာ တနေ့တခြား များပြားလာပြီး ရက်စက် ကြမ်းကြုတ်မှုဟာ တိုင်းပြည်ရဲ့ ဥပဒေပဲ။ ကဲ၊ စဉ်းစားကြည့်စမ်းပါဦး။ သူတို့အထဲက တချို့က တကယ့် သားရဲတိရစ္ဆာန်တွေလိုပဲ၊ ရက်စက်ကြမ်းတမ်း လိုက်တာ မပြောနဲ့တော့။ ဘာပြုလို့လဲ ဆိုတော့ သူတို့က တရားဥပဒေရဲ့ အပြင်ဘက်မှာကိုး။ သူတို့က သူတပါးကို သိပ်ပြီး ညှဉ်းပန်း နှိပ်စက်ချင်တယ်။ တချို့လူတွေကတော့ လက်စားချေချင်တဲ့ ဆန္ဒနဲ့ စိတ်ဓာတ်ဟာ ယုတ်ညံ့ ပျက်စီးနေကြတယ်။ တချို့ ကြိမ်ဒဏ်အပေးခံရတဲ့ လူတွေဟာ လူမှန်းသူမှန်း မသိအောင် မြောမေ့သွားကြရတယ်။ ပြည်သူလူထု တရပ်လုံးဟာလည်း စာရိတ္တ ယိုယွင်း ပျက်စီးကုန်ကြပြီ"

နစ်ကိုလိုင်သည် စကားပြောရပ်၍ လက်သီးကို ဆုပ်ထားလေ၏။

"ဒီတိရစ္ဆာန်လို ယုတ်မာရက်စက်တဲ့ လောကမှာ ကိုယ်ကိုယ်တိုင်က မယုတ်မာ မရက်စက်ချင်ပေမဲ့ ယုတ်မာ ရက်စက်လာတော့တာပေါ့"

သူသည် ရုတ်တရက် သူ့စိတ်သူ တင်းလိုက်ပြီးနောက် အမေ့ဘက်သို့ တည်ငြိမ်စွာ လှည့်လိုက်၏။ သူ့မျက်လုံးများသည်ကား အရောင်လက်လျက် ရှိကြ၏။

"ဒါပေမဲ့ ကျွန်တော်တို့ အချိန်ဖြုန်းနေကြလို့ မဖြစ်ဘူး အမေ။ ကျွန်တော်တို့ဟာ ကိုယ့်တာဝန်ကိုယ် ယူကြရလိမ့်မယ်"

ထိုနောက် မချိပြုံး ပြုံးလျက် အမေ့ထံသို့ သွားပြီး အမေ့လက်ကို ဖျစ်လိုက်၏။

"အမေ့လက်ဆွဲသေတ္တာ ဘယ်မှာလဲ"

"မီးဖိုခန်းထဲမှာ"

"ကျွန်တော်တို့ အိမ်ဝင်းတံခါးမှာ စုံထောက်တွေ ရှိတယ်။ ဒီလောက် ပစ္စည်းတွေ များများကို ကျွန်တော်တို့ဟာ တခါတည်းနဲ့ ထုတ်လို့ မရဘူး။ ပြီးတော့ ဝှက်စရာလည်း နေရာမရှိဘူး။ ကနေ့ည သူတို့ နောက်ထပ်တခါ လာပြီး ရှာလိမ့်ဦးမယ် ထင်တယ်။ အဲဒီတော့ ဒါတွေကို ဘယ်လောက်ပဲ နှမြော နှမြော အကုန်လုံးကို မီးရှို့ပစ်ရလိမ့်မယ် အမေ"

"ဘာကို မီးရှို့ရမှာလဲ"

"အမေ့လက်ဆွဲသေတ္တာထဲက ဟာတွေကိုပေါ့"

နစ်ကိုလိုင် ပြောလိုသည့် အချက်ကို ရုတ်တရက် သဘောပေါက်သွားသောအခါ အမေသည် ဝမ်းနည်းလျက်နှင့်ပင် သူ့ကိုယ်သူ ဂုဏ်ယူသည့်အနေနှင့် မပြုံးဘဲ မနေနိုင်တော့ချေ။

"အို၊ လက်ဆွဲသေတ္တာထဲမှာ ဘာမှမရှိတော့ဘူး။ ကြေညာစာတမ်းဆိုလို့လည်း တစောင်မှ မရှိတော့ဘူး" ဟု ပြော၍ ဖြစ်ပျက်သမျှ အားလုံးကို ပြောပြလေ၏။ သို့ ပြောရင်း ပြောရင်း အမေသည် တဖြည်းဖြည်း အားတက်လာလေ၏။

ပထမ၌ နစ်ကိုလိုင်သည် စိုးရိမ်တကြီး မျက်မှောင်ကြုတ်နေလေ၏။ သို့ရာတွင် မျက်မှောင် ကြုတ်ရာမှ တဖန် အံ့သြသွားပြန်၏။ နောက်ဆုံး၌ အမေ့လက်ကိုကိုင်ပြီး...

"ဒါက သိပ်အံ့သြစရာ ကောင်းတာပဲ။ အမေကတော့ သိပ်ကံကောင်းတာပဲ။ အမေ လူတွေအပေါ်မှာ ထားတဲ့ ယုံကြည်မှုကတော့ သိပ်ပြီး စိတ်ပါဝင်စားစရာ ကောင်းတာပဲ။ ပြီးတော့ ကျွန်တော် အမေ့ကို တကယ့် ကျွန်တော့်အမေရင်းလိုကို ချစ်တယ်" ဟု ကြားဖြတ်၍ ပြောလိုက်လေ၏။

အမေသည် အဘယ်ကြောင့် နစ်ကိုလိုင် ရွှင်ပျ တက်ကြွလာရသနည်းဟု စဉ်းစားနေရင်း ပြုံး၍ သူ့ကို ကြည့်နေလေ၏။ နစ်ကိုလိုင်က လက်ဖဝါးချင်းပွတ်၍ ရယ်လျက်...

"အကုန်လုံး ခြုံကြည့်လိုက်ရင် အစစ အလားအလာ သိပ်ကောင်းတယ်။ ကျွန်တော်လည်းပဲ အခု လေးငါးရက်အတွင်း စာဖတ်လိုက်၊ အလုပ်သမားတွေနဲ့ စကားပြောလိုက်၊ လေ့လာလိုက်နဲ့ တော်တော့်ကို ကျေနပ်နေကြတာပဲ။ သူတို့နဲ့ ဒီလိုနေရတာ စိတ်ထဲမှာ သိပ်ပြီး သန့်ရှင်း ကြည်လင်သွားတာပဲ။ တကယ့်ကိုတော်တဲ့လူတွေပါပဲ အမေ။ ကျွန်တော် ပြောချင်တာက ငယ်ငယ်ရွယ်ရွယ် အလုပ်သမားတွေပေါ့။ သူတို့ဟာ သန်မာတယ်။ သူတို့ကို ကြည့်လိုက်ရင် ရုရှားပြည်ဟာ တနေ့ တကမ္ဘာမှာ ဒီမိုကရေစီအကျဆုံး တိုင်းပြည် ဖြစ်လာမယ်လို့ မတွေးဘဲ၊ မစဉ်းစားဘဲ နေကို မနေနိုင်ဘူး။ (သို့ပြောရင်း ခဏရပ်၍ ကျမ်းကျိန်အစစ်ခံချက် ယူနေသကဲ့သို့ လက်တဖက်ကို မြှောက်လိုက်၏) "ဒါပေမဲ့ ကျွန်တော်ဟာ တနှစ်လောက် ထိုင်ထိုင်ပြီး စာအုပ်တွေကိုဖတ်၊ စာရင်းအင်းတွေကိုကြည့်ကြည့်နေခဲ့တော့ ခေတ်မမီဘဲ ဖြစ်နေတော့တာပေါ့။ သိပ်ပြီး ရွံစရာ ကောင်းတာပဲ။ ကျွန်တော်ဟာ အလုပ်သမားတွေအကြားမှာ နေခဲ့တယ်။ ဒါပေမဲ့ ဘယ်နေရာမှာ နေရနေရ ကျွန်တော့်စိတ်ထဲမှာ နေရတာ တမျိုးကြီးပဲ။ တင်းကျပ်ကျပ်ကြီး ဖြစ်ဖြစ်နေတယ်။ အခုတော့ ကျွန်တော်ဟာ

အချိန်ရှိသရွေ့ သူတို့နဲ့ အတူနေပြီး သူတို့နဲ့အတူ အလုပ်လုပ်မယ်။ အယူအဆ အတွေးအခေါ်သစ်တွေ စတင်ပေါ်ပေါက်တဲ့နေရာမှာ ရှိရမယ်။ သဘောကတော့ အတိုးတက်ဆုံး လူတန်းစားထဲမှာ ကျွန်တော် နေမယ်။ ငယ်ရွယ်တဲ့၊ တီထွင် ဖန်တီးနိုင်စွမ်းရှိတဲ့ အင်အားစုတွေ ကြားထဲမှာ နေမယ်။ သူတို့အကြားမှာ နေရတာ အလွန် ရိုးသားသန့်ရှင်းပြီး ချစ်စရာကောင်းတာ။ ဒီလိုနေရာမျိုးမှာ နေရတာ နှပျိုတယ်၊ စွမ်းပကား ကြီးတယ်။ ဘဝဆိုတာ အဲဒီလို နေရတယ် အမေ” ဟု ပြော၍ တဖန် ဝမ်းသာအားရစွာ ရယ်မောနေလေ၏။ အမေသည် အဘယ်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်ကို သဘောပေါက်ပြီး သူလည်း ကြည်နူးနေလေသည်။ တဖန် နစ်ကိုလိုင်က...

“ပြီးတော့ အမေဟာ သိပ်ပြီး ချစ်စရာကောင်းတဲ့ ပုဂ္ဂိုလ်ပဲ။ လူတွေနဲ့ ပတ်သက်လို့ ပြောလိုက်ရင် အမေဟာ တကယ့်ကို ပြတ်ပြတ်သားသား ထင်ထင်ရှားရှား ပြောတတ်တယ်။ ပြီးတော့ အမေဟာ လူတွေအကြောင်းကို ကောင်းကောင်းကြီး နားလည်တယ်” ဟု အော်ဟစ် ပြောနေပြန်၏။

ထို့နောက် အမေ့အနားသို့ ကပ်ထိုင်လိုက်၏။ သူ ရှိုးတိုးရှန့်တန့် ဖြစ်နေသည်ကို အမေ မမြင်အောင် သူ၏ ရွှင်ပျသည့်မျက်နှာကို တဖက်သို့လှည့်ပြီး ဆံပင်ကို လက်နှင့် ကုတ်နေလေ၏။ သို့ရာတွင် အမေက သူ့အား သူ၏အတွေ့အကြုံတို့ကို ရိုးရိုးရှင်းရှင်း အားပါးတရ ပြောနေပြန်လျှင် အမေ့ကိုလှည့်၍ ကြည့်နေပြီး...

“တကယ့်ကို ကံကောင်းတာပဲ။ အမေဟာ တကယ့်ကို အဖမ်းခံလိုက်ရဖို့ ကောင်းတာ။ ဒါပေမဲ့ အဖမ်းခံရမယ့်အစား အခုတော့။ ဟုတ်တယ် အမေ၊ တောင်သူလယ်သမားတွေက နိုးကြားလာကြပြီနဲ့ တူတယ်။ ဒါကတော့ ဒီလိုပဲ ဖြစ်ရမှာပဲ။ အဲဒီ အမေပြောတဲ့ အမျိုးသမီးကိုလည်း ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။ ကျွန်တော်တို့ဟာ ကျေးရွာတွေမှာ အလုပ်လုပ်ဖို့ လက်ရွေးစင် လူတွေကို လွှတ်ဖို့ပဲ လိုပါတယ်။ ပြည်သူလူထုတွေ။ အင်း ကျွန်တော်တို့မှာ လူတွေ အလုံအလောက် မရှိကြသေးဘူး။ ကျွန်တော်တို့လိုနေတာက ရာပေါင်းများစွာနဲ့ချီပြီး လိုနေကြတာကလား” ဟု ပြောလျှင်...

“တကယ်လို့ ပါဗယ်သာ အပြင်ဘက်မှာရှိရင်၊ ပြီးတော့ ယူကရိန်းသားလည်း” ဟု အမေက တိုးတိုး ပြန်ပြောလိုက်၏။

“ကျွန်တော်က ဒီလိုပြောတော့ အမေ့စိတ်ထဲမှာ အခံရခက်ချင် ခက်သွားမယ်။ ဒါပေမဲ့ ကျွန်တော်က ပါဗယ်အကြောင်းကို ကောင်းကောင်းသိပါတယ်။ သူဟာ ထောင်ထဲက ဘယ်တော့မှ ထွက်ပြေးမှာ

မဟုတ်ဘူး။ သူက တရားရုံးမှာ အစစ်ခံချင်တယ်။ သူဟာ ဘယ်လိုလူလဲဆိုတာ ပြဖို့ အခွင့်ကောင်း လိုနေတယ်။ ဒီလိုအခွင့်အရေးကို ဘယ်တော့မှ လက်လွှတ်မှာ မဟုတ်ဘူး။ လက်လည်း မလွှတ်သင့်ဘူး။ ဆိုက်ဘေးရီးယား ရောက်တော့မှ သူ ထွက်ပြေးလိမ့်မပေါ့"

"အေး၊ ဒါတွေကို သူ အသိဆုံး ဖြစ်မှာပါပဲ"

"ကျွန်တော်ကတော့ အမေ့ ဟိုရွာက လယ်သမားကြီးကို ကျွန်တော်တို့ဆီ မြန်မြန် လာလည်စေချင်တာပဲ။ ကျွန်တော်တို့ဟာ တောင်သူလယ်သမားတွေအတွက် ရိုင်ဘင်နဲ့ ပတ်သက်လို့ ကြေညာစာတမ်းတခု ရေးကြရမယ်။ ရိုင်ဘင်ကိုယ်တိုင် အကုန်လုံး ဖွင့်ပြောပြီးသား ဆိုတော့ သူ့အတွက် ဘာမှ အန္တရာယ် မရှိနိုင်ဘူး။ ကျွန်တော်က အဲဒီ ကြေညာစာတမ်းကို ကနေ့ ရေးမယ်။ လူ့(ဒ်)မီလာက ပြီးတော့ ချက်ချင်း ရိုက်ပေးမယ်။ ဒါပေမဲ့ ဒီစာရွက်ကို သူတို့ဆီ ရောက်အောင် ဘယ်လိုလုပ်မလဲ"

"အမေ ယူသွားမှာပေါ့"

"ဟင့်အင်း၊ ဒါတော့ အမေ မလုပ်ရဘူး။ ဒါကို နစ်ကိုလိုင် (ထောင်ပြေး) မလုပ်နိုင်ဘူးလား"

"ဒါကို အမေ သူ့ကို ပြောကြည့်ရဦးမယ်"

"ပြောကြည့်ပါ၊ ပြီးတော့ ဘယ်လိုလုပ်ရမယ် ဆိုတာကိုလည်း သင်ပေးလိုက်ပါဦး"

"ဒါဖြင့် အမေ ဘာလုပ်ရမလဲ"

"အို၊ အမေ့အတွက် ကျွန်တော်တို့ အလုပ်ရှာပေးပါမယ်"

ထိုနောက် နစ်ကိုလိုင်သည် သူ့စာရေးစားပွဲခုံအနီး၌ ထိုင်လိုက်၏။ အမေသည် စားပွဲကို ရှင်းနေရာမှ တချက် တချက် သူ မသိအောင် လှမ်း၍ ကြည့်လိုက်သည့်အခါ သူ့လက်ထဲမှ မင်တံသည် တုန်နေသည်ကို သတိပြုမိ၏။ တခါတခါ သူသည် မေးကို ရှေ့သို့ ငေါ့လိုက်၏။ သူ၏ဦးခေါင်းကို နောက်သို့လှန်၍ သူ့မျက်လုံးများကို မှိတ်လိုက်သည့်အခါ သူ့မေးသည် တုန်နေလေ၏။ ဤသို့ ဖြစ်နေသည်ကို မြင်ရသောအခါ အမေ၏ စိတ်ထဲ၌ အနှောင့်အယှက် ဖြစ်သွားလေသည်။

"ကဲ၊ ပြီးပြီ အမေ။ ကဲ၊ ဒီမှာ ဒီစာရွက်ကို အမေ့ကိုယ်ပေါ် တနေရာရာမှာ ဝှက်ထားပါ။ ဒါပေမဲ့ စစ်ပုလိပ်တွေလာရင် အမေ့ကိုလည်း သူတို့ ရှာကြဦးမှာပဲ"

"အို၊ ဒီစစ်ပုလိပ်တွေက သေနာကျကုန်မှာပါ"

ထိုနေ့ညနေ ဆရာဝန် အိုင်ဗင်သည် ဝင်လာလေ၏။

"အာဏာပိုင်တွေဟာ ဘာပြုလို့ ဒီလို ရုတ်တရက် ကမောက်ကမ ဖြစ်ကြရတာလဲ။ မနေ့ညက သူတို့ အိမ် ခုနစ်အိမ်တောင် ရှာကြတယ်။ ဒါထက် ကျွန်တော့် လူမမာကော ဘယ်မှာလဲ"

"သူ မနေ့က ထွက်သွားတယ်။ ကနေ့ စနေနေ့ဆိုတော့ လာမှာပဲဗျာ့"

"ဒီလို ထိပ်ပေါက် ခေါင်းပြဲကြီးနဲ့ လေ့လာရေးအဖွဲ့ကို လာတာကတော့ မိုက်ရူးရဲ အလုပ်ပဲဗျာ"

"ကျွန်တော်က သူ့ကို တတ်နိုင်သလောက် ပြောတာပဲ။ ဒါပေမဲ့ ပြောလို့ကို မရဘူးဗျာ့"

"ဟော့၊ ငါ့ကိုကြည့်စမ်း၊ ငါက ဒဏ်ရာရထားတာကွလို့ ဆိုပြီး သူက ကြွားချင်တာကိုးကွ" ဟု အမေက ဝင်ပြောလေ၏။ ထိုအခါ ဆရာဝန်က အမေ့ကို တချက် လှမ်းကြည့်လိုက်ပြီး ပြောင်လှောင်သည့်အနေနှင့် မျက်မှောင်ကြုတ်၍၊

"အမေက တကယ့်ကို ရက်စက်တာပဲ" ဟု ဆိုလိုက်၏။

"ကဲ... အိုင်ဗင်၊ ကိုယ့်လူကို ဒီမှာ ကြာရှည်ဆွဲထားဖို့ အကြောင်းမရှိဘူး။ ပြီးတော့ ကျုပ်တို့က ကနေ့ ဧည့်သည်တွေ လာကြလိမ့်မယ်လို့ မျှော်နေကြတယ်။ ကဲ၊ သွားပေတော့ ကိုယ့်လူ၊ အမေ သူ့ကို ဟိုစာရွက် ပေးလိုက်ပါ"

"ဒါက နောက် ကြေညာစာတမ်း တစောင်ပေါ့"

"ဟုတ်တယ်လေ၊ အဲဒါကို ယူသွားပြီး ပုံနှိပ်စက်ကို ပေးလိုက်စမ်းပါ့ဗျာ"

"ကဲ၊ ပေးလိုက်ပါမယ်ဗျာ။ ဒီ့ပြင်ကော ဘာများ ပေးစရာ ရှိသေးတုံး"

"နောက်ထပ် ဘာမှ ပေးစရာ မရှိပါဘူး၊ အင်း ဝင်းတံခါးဝမှာ စုံထောက်တယောက် စောင့်နေတယ်နော်"

"ကျွန်တော် မြင်တယ်၊ ကျွန်တော့်ရဲ့အိမ်ဝင်းတံခါးဝမှာလည်း ဒီလိုပဲဗျာ့။ ကဲ၊ သွားပြီ သွားပြီ၊ ရက်စက်တဲ့ အမေရဲ့။ ဒါထက် စကားမစပ် ပြောရဦးမယ်။ အင်း၊ သင်္ချိုင်းကုန်းမှာဖြစ်ခဲ့တဲ့ ချုပ်ပွဲ ရိုက်ပွဲကတော့ ကောင်းတယ်ဗျာ့။ တမြို့လုံးက အဲဒီအကြောင်းကိုချည်း ပြောနေကြတယ်။ ခင်ဗျား ရေးလိုက်တဲ့ ကြေညာစာတမ်းက ကောင်းလည်း ကောင်းတယ်။ ပြီးတော့ အချိန်ကောင်း၊ အခါကောင်းမှာလည်း

ထွက်လာတယ်။ ဒါ့ကြောင့် ကောင်းတဲ့ တိုက်ပွဲဟာ မကောင်းတဲ့ ငြိမ်းချမ်းရေးထက် ကောင်းတယ်လို့ ကျွန်တော်က ပြောတာပေါ့”

“ဟုတ်ပါတယ်၊ ကဲ သွားပေတော့ဗျာ”

“ကျွန်တော်က ခင်ဗျားကို အလွန် ညှော့ဝတ်ကျေပွန်တယ်လို့တော့ မပြောပါဘူး။ ကဲ၊ သွား အမေ။ အဲဟို ကလေးကတော့ တကယ့်ကို မိုက်ရူးရဲ လုပ်တာဗျာ။ သူ ဘယ်မှာနေတုံး၊ ခင်ဗျား သိရဲ့လားဗျာ”

နစ်ကိုလိုင်က သူ့ကို လိပ်စာပေးလိုက်၏။

“ကျွန်တော် သူ့ကို မနက်ဖြန် သွားတွေ့မယ်ဗျာ၊ ကလေးတော့ ကလေးကောင်းပဲဗျာ”

“ဟုတ်တယ်၊ တကယ့်ကို ကောင်းပါတယ်”

“ကျွန်တော်တို့ သူ့ကို ဂရုစိုက်ကြရလိမ့်မယ်။ သူ့မှာ စဉ်းစားဉာဏ်ကောင်း ရှိတယ်။ ကျုပ်တို့တတွေ ဟိုကမ်းခြေကို သွားကြတဲ့အခါ (ဆိုက်ဘေးရီးယားသို့ ပြည်သင်သွားခြင်းကို ဆိုလိုပါသည်) ကျုပ်တို့ကိုယ်စား ပစ္စည်းမဲ့ ပညာတတ်တွေက နေရာကို ယူကြရမယ့် လူတွေဟာ သူတို့ပဲဗျာ။ အဲဟိုရောက်တော့ လူတန်းစား ကွဲပြားမှု မရှိတော့ဘူးပေါ့ဗျာ”

“အခုတလော ခင်ဗျား သိပ်ပြီး စကားများလာတယ် အိုင်ဗင်”

“ကျွန်တော် စကားများတာက စိတ်ဓာတ်တက်ကြွနေလို့ပါဗျာ။ ခင်ဗျား အခု ထောင်ထဲ သွားမယ်လို့ ရည်ရွယ်ထား။ အေး၊ အနားကောင်းကောင်း ယူလိုက်ဦးပေါ့ဗျာ”

“ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်က မမောသေးပါဘူး"

အလုပ်သမားလူတန်းစားထဲမှ ထိုကလေးအတွက် နစ်ကိုလိုင်နှင့် ဆရာဝန် အိုင်ဗင်တို့က ဤမျှ အရေးတယူ လုပ်ကြသည့်အတွက် အမေသည် ကျေနပ် နှစ်ခြိုက် သွား၏။

ဆရာဝန် အိုင်ဗင် ထွက်သွားပြီးနောက် အမေနှင့် နစ်ကိုလိုင်တို့သည် ညစာ စားရင်း စစ်ပုလိပ်တို့ကို မျှော်လျက် စကားတီးတိုးပြောနေကြ၏။ နစ်ကိုလိုင်က အမေ့အား ပြည်နှင်ဒဏ် ခံနေကြရသည့် သူ့ရဲဘော်များအကြောင်းနှင့် ထိုသို့ ပြည်နှင်ဒဏ် ခံနေကြရာမှ ထွက်ပြေးပြီး နာမည်များပြောင်းကာ တော်လှန်ရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နေကြသည့် ရဲဘော်များ အကြောင်းကို ပြောပြလေ၏။ ဤကမ္ဘာလောကကြီးကို အသစ်ပြန်လည်

တည်ဆောက်ရမည့် မဟာအရေးတော်ပုံအတွက် သူတို့ကိုယ်ကျိုးကို စွန့်နေကြသည့် ဤသူရဲကောင်းတို့၏ အကြောင်းသည် အမေ မယုံကြည်နိုင်လောက်အောင် ဖြစ်နေ၏။ မှောင်ရိပ်သည် တဖြည်းဖြည်း အမေ့ကို လွှမ်းသွား၏။ သူ၏နှလုံးအိမ်သည် သူ မသိဖူး မမြင်ဖူးသည့် ဤသူရဲကောင်းများ အပေါ်၌ ထားရှိသည့် မေတ္တာရေဖြင့် ပြည့်လျှံလျက်ရှိ၏။ သူ၏စိတ်ကူးထဲ၌ ဤသူတို့သည် ကြောက်ရွံ့ခြင်းကင်းမဲ့သည့် ဧရာမ ပုဂ္ဂိုလ်ကြီးတဦး အဖြစ်သို့ ပူးပေါင်းသွားကြပြီး လူသားတို့က ဘဝ၏ ကြည်လင်ပြတ်သား၍ ရိုးသားသည့် အမှန်တရားကို ထင်ထင်ရှားရှား မြင်ကြရအောင် ဤပုဂ္ဂိုလ်ကြီးက ရာစုနှစ်ပေါင်းများစွာ ကြာအောင် ဖုံးလွှမ်းလာခဲ့သည် မဟုတ်။ မမှန်တရား တို့ကို ဖယ်ရှား သုတ်သင်လျက် ရှေ့သို့ နှေးနှေးနှင့် မှန်မှန် ချီတက်နေသည်ကို မြင်ယောင်နေ လေ၏။ တဖန် ပြန်လည်ပေါက်ဖွားလာရသည့် ဤအမှန်တရားကြီးက လူသားဟူသမျှကို ခြွင်းချက်မရှိ စုရုံးပြီး လောဘ၊ ဒေါသ၊ မောဟတရားတို့မှ လွတ်မြောက်စေမည် ဖြစ်၏။ ဤသုံးပါးသော တရားတို့က လူ့လောကကြီးကို ခြိမ်းခြောက်၍ မလွတ်လပ်အောင် ဖန်တီးလျက် ရှိ၏။ အမေ့စိတ်ထဲ၌ စွဲထင်လိုက်သည့် ဤအာရုံကြောင့် အမေသည် ရုပ်တုတော်များရှေ့၌ ဝတ်ပြုပြီးနောက် ခံစားလိုက်ရသည့် ပီတိနှင့် သဒ္ဓါဟုန်မျိုးကဲ့သို့ပင် ခံစားလိုက်ရလေ၏။ ဤကဲ့သို့ ရှေးကခံစားခဲ့ရဖူးသည့် ပီတိနှင့် သဒ္ဓါတို့ကို အမေသည် မေ့နေပြီဖြစ်၏။ သို့ရာတွင် ယခု အမေ့စိတ်ထဲ၌ စွဲထင်လိုက်သည့်အာရုံကား ကျယ်ပြန့်လာ၏။ ပို၍ အလင်းရောင် ထွက်လာပြီး၊ ပို၍ ရွှင်ပျစရာ ဖြစ်လာ၏။ သူ၏နှလုံးသည်းပွတ်ထဲ၌ ပို၍ နက်ရှိုင်းစွာ အမြစ်တွယ်လာပြီး သက်ရှိ ရုပ်ဝတ္ထုတခုသဖွယ် ပွင့်လန်းစေဆာလာလေသည်။

"အင်း၊ စစ်ပုလိပ်တွေတော့ မလာတော့ဘူး" ဟု နစ်ကိုလိုင်က ပြောလိုက်လျှင် အမေက သူ့အား တချက်ကြည့်ပြီး...

"မင်းအကောင်တွေ သေနာကျကုန်မှာပါ" ဟု ပြန်ပြောလေ၏။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အမေ အိပ်ဖို့ အချိန်တန်ပြီ။ အမေ သိပ်ပင်ပန်းလှပြီ။ ကျန်းမာရေး ကောင်းလွန်းလို့သာ ဒီအန္တရာယ်တွေ၊ ဒီစိတ်နှလုံးတုန်စရာတွေကို အမေ အရေးမစိုက်ခဲ့တာဟာ၊ ဒါပေမဲ့ အမေ ဆံပင်တွေ ဖြူလာပြီနော်။ ကဲ... အိပ်ချေပါဦး အမေရယ်" ဟု နစ်ကိုလိုင်က အမေ့အား အိပ်ဖို့ရန် တိုက်တွန်းနေလေသတည်း။

အခန်း နှစ်ဆယ်

မီးဖိုခန်းတံခါးကို တစုံတယောက်သောသူက ခပ်ကျယ်ကျယ် လာခေါက်သဖြင့် အမေသည် အိပ်နေရာမှ နိုးလေ၏။

တံခါးကိုခေါက်နေသူကား မဖွင့်မချင်း ဖွဲနပဲသန်သန်နှင့် ခေါက်နေလေ၏။ လင်းရောင်ခြည် မပြူလာသေးဘဲ မှောင်နေလျက်ရှိရာ၊ ဤမျှ ခေါင်းမာမာနှင့် ခေါက်နေသဖြင့် ထိတ်လန့်စရာ ဖြစ်နေ၏။ အမေသည် တဘက်တထည်ကို ကပျာကယာခြုံပြီး မီးဖိုခန်းထဲသို့ ဝင်သွား၍ တံခါးနား၌ ရပ်နေလိုက်၏။

ထိုနောက် "ဟဲ့ ... ဘယ်သူလဲ" ဟု မေးလိုက်၏။

"ကျွန်တော်လား" ဟူ၍ အမေ ကြားနေကျ မဟုတ်သည့် အသံတသံက ပြန်ဖြေလိုက်၏။

"ဘယ်သူ..."

"တံခါးဖွင့်စမ်းပါ" ဟု အပြင်ဘက်မှလူက အသံကိုနှိမ့်လျက် ပြောနေပြန်၏။ အမေသည် တံခါးကန့်လန့်ကို မ၍ ခြေထောက်ဖြင့် တံခါးကိုဖွင့်လိုက်လျှင် အစ်(ဂ်)နက်သည် ဝင်လာရင်း ဝမ်းမြောက်ဝမ်းသာစွာနှင့်၊

"အင်း ... ဟန်ကျတာပဲ၊ ကျွန်တော် မမှားပါဘူး" ဟု အော်လိုက်လေ၏။

သူ့ကိုယ်တွင် ခါးထိအောင် ရွှံ့စက်များ ပွနေ၏။ သူ၏မျက်နှာသည် ဖြူမွဲမွဲ ဖြစ်နေ၍ မျက်တွင်းများ ချိုင့်နေ၏။ သူ၏ကောက်ကွေးနေသော ဆံပင်များသည် ထိုးထိုးထောင်ထောင် ဖြစ်နေကြ၏။ ထိုနောက် "ကျွန်တော်တို့ ဒုက္ခရောက်နေကြပြီ" ဟု ပြောလျှင် အမေက "အမေ သိပါတယ်" ဟု ပြန်ပြောလိုက်၏။ ထိုအခါ အစ်(ဂ်)နက် သည် အံ့အားသင့်သွား၏။ အမေက သူ ဘယ်ပုံဘယ်နည်း သိလာသည်ကို အကျဉ်းချုပ်၍ ရှင်းပြလိုက်လေသည်။

"မင်းအပြင် မင်းရဲ့ ဟိုရဲဘော်နှစ်ယောက်ကိုကော ဖမ်းသွားကြသေးသလား"

"သူတို့က မရှိကြဘူး၊ သူတို့ စစ်သားသစ်တွေဆိုတော့ အလုပ်ဝင်ဖို့ သွားကြတယ်၊ အားလုံး ဦးလေးရိုင်ဘင်ပါ ငါးယောက် အဖမ်းခံရတယ်"

သူသည် သက်ပြင်း တခါချပြီး တချက်မျှရယ်လျက်၊

"ကျွန်တော် တယောက်တည်းပဲ ကျန်ရစ်ခဲ့တယ်၊ သူတို့ ကျွန်တော့်ကို

ရှာနေကြတော့မှာပဲ” ဟု တဖန် ထပ်၍ ပြောပြန်သည်။

“မင်းက ဘယ်လိုလုပ် လွတ်လာသလဲ”

တဖက်ခန်းသို့ ဝင်သည့်တံခါးကို အနည်းငယ် တွန်း၍ ဖွင့်လိုက်ပြီး သူတို့နှစ်ယောက်သည် ဝင်သွားကြ၏။ ထိုနောက် အစ်(ဂ်)နက်သည် ခုံရှည်တခုပေါ်တွင် ဘေးပတ်ဝန်းကျင်သို့ လှည့်ကြည့်ရင်း –

“ကျွန်တော်လား၊ သူတို့တတွေမလာခင် တစ်မိနစ် နှစ်မိနစ်လောက်မှာ တောခေါင်းက ပြေးလာပြီး တံခါးကို လာခေါက်တယ်။ ပြီးတော့ သတိထား ကိုယ့်လူတို့၊ ကိုယ့်လူတို့ကို သူတို့ လိုက်နေကြပြီ” လို့ ပြောပြီး တိုးတိုးရယ်လျက် သူ့မျက်နှာကို သုတ်လိုက်၏။

“အဲသည်နောက် သူက ဦးလေး ရိုင်ဘင်ကတော့ ဘယ်သူပြောပြော ရှောင်မယ့် တိမ်းမယ့်လူ မဟုတ်ဘူး အစ်(ဂ်)နက်၊ အဲသည်တော့ မင်းပဲ မြို့ထဲ မြန်မြန်ပြေးပေတော့။ ဟို အသက်ကြီးကြီး အဒေါ်ကြီးကို မှတ်မိတယ် မဟုတ်လား” လို့ ပြောရင်း သူ စာတစောင် ရေးပေးတယ်။ ပြီးတော့ ‘ဟောဒီစာကို သူ့ဆီကို ယူသွားပေတော့’ လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော် ချုံတွေထဲဝင်ပြီး ပုန်းနေလိုက်တော့ စစ်ပုလိပ်တွေလာသံ ကြားတာပဲ။ တကယ့် ဘီလူးသဘက်တွေ၊ နည်းတာ မဟုတ်ဘူး။ ကျွန်တော်တို့စခန်းကို လေးဖက်လေးတန်က တက်ပြီး ဝိုင်းနေလိုက်ကြတာ၊ ကျွန်တော်က ချုံထဲမှာ မြေကြီးနဲ့ ကပ်နေအောင် ဝပ်နေတုန်း သူတို့က ကျွန်တော့်အနားက ဖြတ်သွားကြတယ်။ သူတို့လည်း လွန်သွားရော၊ ကျွန်တော်လည်း ခြေကုန်ပြေးလာတော့တာပဲ။ လမ်းမှာ တထောက်မှ မနားခဲ့ဘဲနဲ့ နှစ်ညနဲ့ တနေ့ ကြာခဲ့တာပဲ အမေ”

အစ်(ဂ်)နက်သည် ဤကဲ့သို့ပြောပြီး သူ့ကိုယ်သူ ကျေနပ်နေသည်ကို အမေ သိသည်။ အစ်(ဂ်)နက်သည် ပြုံးနေပြီး သူ၏ စေ့ထားသော နှုတ်ခမ်းတို့ကို လှုပ်ရှားနေ၏။ ထိုနောက် အမေသည် လက်ဖက်ရည်ကရားကို လှမ်းယူလိုက်၏။

“အေး … မင်းဖို့ လက်ဖက်ရည် ဖျော်လိုက်ဦးမယ်”

“ဒီမှာ စာ အမေ”

ထိုနောက် သူသည် သူ၏ခြေထောက်ကို မြှောက်၍ ခုံရှည်ပေါ်သို့ ညည်းကာ ညူကာ တင်လိုက်၏။

နစ်ကိုလိုင်သည် တံခါးဝ၌ရပ်ပြီး မျက်လုံးများကိုမှေးကာ “မင်္ဂလာရှိတဲ့ ညနေခင်းပါ ရဲဘော်၊ ကျွန်တော် ခင်ဗျားကို ကူပါရစေ” ပြော၏။

ထိုနောက် ရှေ့သို့ကုန်း၍ အစ်(ဂ်)နက်၏ ခြေထောက်၌ ပတ်ထားသော အဝတ်စုတ်များကို ဖြေနေ၏။ အစ်(ဂ်)နက်က ခြေထောက်ကို နောက်သို့ ရုပ်လိုက်ပြီး အမေ့အား အံ့အားသင့်စွာ ကြည့်၍ "မလုပ်ပါနဲ့ဗျာ" ဟု အော်လိုက်သည်။

သို့ရာတွင် အမေက "အင်း... သူ့ ခြေထောက်တွေကို အရက်ပြန်နဲ့ ပွတ်ပေးရလိမ့်မယ်" ဟု ပြောလိုက်၏။

နစ်ကိုလိုင်ကလည်း ပွတ်မပေးလျှင် မဖြစ်ကြောင်း ပြော၏။

နစ်ကိုလိုင်သည် အစ်(ဂ်)နက် ယူလာသည့် စာရွက်ကို လက်နှင့် သေသေချာချာ ပွတ်ပြီး မျက်လုံးအနားသို့ကပ်၍ ဖတ်လေ၏။

"ကျွန်တော်တို့အလုပ်ကို ပစ်မထားပါနဲ့ အမေ။ ပြီးတော့ အဲဟို အရပ်မြင့်မြင့် လူကုံထံ အမျိုးသမီးကို ကျွန်တော်တို့အလုပ်နဲ့ ပတ်သက်လို့ ခါတိုင်းထက် ပိုရေးဖို့ မမေ့ပါနဲ့လို့ ပြောလိုက်ပါ။ ကဲ... အမေ့ကို ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။ ရိုင်ဘင်"

ဤကဲ့သို့ ဖတ်ပြီးနောက်...

"သိပ်ကိုကောင်းတာပဲ" ဟု အော်လိုက်လေ၏။

အစ်(ဂ်)နက်သည် သူတို့ကို စောင့်၍ကြည့်ရင်း သူ၏ခြေထောက်မှ ညစ်ပတ်နေသော ခြေချောင်း ကလေးများကို သုတ်နေလေ၏။ အမေသည် ရေတဇလုံကို ယူလာ၍ သူ့ရှေ့၌ ဒူးကိုထောက်၍ သူ့ခြေထောက်ကို လှမ်းကိုင်ရင်း မျက်စိထဲ၌ ဝဲနေသော မျက်ရည်များကို ဘယ်သူမျှ မမြင်အောင် ဖုံးကွယ်နေလေ၏။

အစ်(ဂ်)နက်က သူ့ခြေထောက်ကို ခုံရှည်အောက်သို့ ရုပ်ထားရင်း အကြောက်ကြောက် အရွံ့ရွံ့နှင့်...

"အိုး အမေကလည်း မလုပ်ပါနဲ့လို့ ဆိုနေမှပဲ" ဟု အော်လိုက်၏။

"အို မင်းကလည်း ပေးစမ်းပါ မင်းခြေထောက်ကို မြန်မြန်"

နစ်ကိုလိုင်က "အရက်ပြန် ယူခဲ့မယ် အမေ" ဟု ဝင်ပြော၏။

အစ်(ဂ်)နက်သည် သူ့ခြေထောက်ကို နောက်သို့ ယခင်ကထက် ပို၍ဆုတ်ထားကာ...

"ဒီနေရာက ဘာလဲ ဆေးရုံလား" ဟု မြည်တွန်နေပြန်၏။

အမေကမူ အခြား ခြေထောက်တဖက်မှ အဝတ်စုတ်များကို

ဖြေနေလေသည်။ အစ်(ဂ်)နက်သည် သက်ပြင်းတချက်ရှူပြီး လည်ပင်းကို လိမ်ကာ တွန့်ကာနှင့် အမေ့ကို ငုံ့ကြည့်နေ၏။ အမေသည် အဝတ်စုတ်များကို ဖြေရင်း အသံ တုန်တုန်ယင်ယင်နှင့်…

"သူတို့က ရိုင်ဘင်ကို ရိုက်ကြတယ်ကွယ့်" ဟု ပြောရာ အစ်(ဂ်)နက်က…

"သူတို့က ရိုက်ကြသလား" ဟု တိုးတိုးနှင့် အလန့်တကြား မေးလိုက်၏။

"ဟုတ်တယ်ကွဲ့၊ သူ့ကို နစ်ကို(လ်)စကိုယေကို ခေါ်လာတုန်းကကို အတော် နာနေပြီ။ အဲဒီရောက်တော့လည်း ဆာဂျင် အကောင်နဲ့ ဟို အရာရှိဆိုတဲ့အကောင်က မျက်နှာကို ရိုက်ပြန်တယ်။ ပြီးတော့ ခြေထောက်နဲ့ ကန်တယ်။ နောက်ဆုံး တကိုယ်လုံး သွေးရဲရဲ သံရဲရဲပါကွယ်"

အစ်(ဂ်)နက်သည် မျက်မှောင်ကြုတ်၍ ပခုံးကို တချက် တွန့်လိုက်ပြီး…

"သူတို့က ဒါမျိုးတော့ ကောင်းကောင်း လုပ်တတ်ကြတယ်။ ကျွန်တော်က ဒါ့ကြောင့် သူတို့ကို ဆိုရင် သရဲသဘက်ထက်တောင် ကြောက်သေးတယ်။ လယ်သမားကြီးတွေကကော သူ့ကို ရိုက်ကြ နှက်ကြသေးသလား"

"ပုလိပ်အရာရှိက အရိုက်ခိုင်းလို့ သူတို့အထဲက တယောက်ကတော့ ရိုက်သေးတယ်။ ဒါပေမဲ့ ကျန်တဲ့လူတွေကတော့ အားလုံးကောင်းတယ်။ သူ့ဘက်ကတောင်နေပြီး အော်ကြသေးတယ်။ သူတို့ကို သူ့ကိုရိုက်ဖို့ ဘာအခွင့်အရေးမှ မရှိဘူးလို့"

"အင်း လယ်သမားကြီးတွေက ဘယ်သူက ဘယ်ဘက်က ဘာ့ကြောင့် ရပ်တည်နေတယ် ဆိုတာကို မြင်စ ပြုလာကြပြီ"

"သူတို့အထဲမှာ စဉ်းစားဆင်ခြင်တတ်တဲ့သူတွေ ပါတယ်"

"နေရာတကာမှာ စဉ်းစားဆင်ခြင်တတ်တဲ့လူတွေ ရှိတယ်။ သူတို့တတွေ ဒီလို ဖြစ်နေရတာဟာ စားမှု၊ ဝတ်မှု၊ နေမှု၊ ထိုင်မှု မပြည့်စုံကြလို့သာ။ သူတို့တတွေကို တွေ့အောင်ရှာဖို့ကတော့ ခက်တယ်"

ထိုအတွင်း နစ်ကိုလိုင်သည် အရက်ပြန် တပုလင်းကို ယူလာပြီး မီးဖိုထဲသို့ မီးသွေးအနည်းငယ် ဖြည့်လိုက်၏။ တဖန် စကားမပြောဘဲ အပြင်သို့ ထွက်သွားပြန်၏။ အစ်(ဂ်)နက်က သူ့ကို စောင့်ကြည့်နေရာမှ…

"အမေ ဒီမောင်မောင်က ဆရာဝန်လား" ဟု မေး၏ ။

"တို့တတွေ ဒီမှာ မောင်မောင်တို့ မမတို့ မရှိဘူးကွယ့်၊ အားလုံးဟာ

ရဲဘော်တွေချည်းပဲ”

“ကျွန်တော့်အတွက်တော့ ရယ်စရာ ဖြစ်နေပြီ”

အစ်(ဂ်)နက်က ပြန်ပြောပြီး သံသယ ရှိသည့်သဘော၊ အနေကျုံ့သည့်သဘောဖြင့် ပြုံးနေလေ၏။

“ဘာများ ရယ်စရာ ဖြစ်နေတာလဲ”

“အစစပဲ၊ ရယ်စရာ ဖြစ်နေတာက တဖက်ကို ကြည့်လိုက်တော့လည်း သူတို့ပဲ လူတွေကို သွေးထွက်သံယို ဖြစ်အောင် လုပ်တယ်။ တဖက် ကြည့်ပြန်တော့လည်း လူတွေရဲ့ခြေတွေကို ဆေးပေးတယ်။ ဒီကြားထဲမှာ ဘယ်လိုလူတွေ ရှိပါလိမ့်”

တံခါးပွင့်သွားပြီး နစ်ကိုလိုင် ဝင်လာကာ၊

“ဒီကြားထဲမှာ လူတွေကို သွေးထွက်သံယို ဖြစ်အောင် လုပ်တဲ့လူတွေကို ပါးလျက် နားလျက် လုပ်နေတဲ့ လူတွေနဲ့ သွေးထွက်သံယို ဖြစ်နေကြတဲ့ လူတွေရဲ့ သွေးတွေကို စုပ်နေကြတဲ့ လူတွေ ရှိတာပေါ့” ဟု ပြောလိုက်ရာ အစ်(ဂ်)နက်က သူ့ကို လေးစားစွာ ကြည့်နေလေ၏။

တခဏမျှ ရပ်ပြီးနောက် နစ်ကိုလိုင်က... “အခု ပြောလိုက်တာဟာ အမှန်တရားနဲ့ နီးစပ်သွားပြီ လို့ ထင်တာပဲ” ဟု ပြောလိုက်ပြန်၏။

အစ်(ဂ်)နက်သည် မတ်တတ်ရပ်၍ ခြေလှမ်း သုံးလေးလှမ်းလောက် ခပ်မှန်မှန် လျှောက်ကြည့်လိုက်ပြီး...

“ခြေထောက်တွေကတော့ တကယ့်ကို အသစ်ပေါက်လာသလိုပဲဗျာ။ ကျေးဇူးတင်လိုက်တာ” ဟု ပြောလေ၏။

ထိုနောက် သူတို့သုံးဦးသည် ထမင်းစားခန်းသို့ လက်ဖက်ရည်သောက်ရန် ဝင်သွားကြပြီး အစ်(ဂ်)နက်က သူတို့အား သူ့အကြောင်းကို လေးလေးနက်နက် ပြောပြလေ၏။

“ကျွန်တော်က ကျွန်တော်တို့ သတင်းစာကို လိုက်လိုက်ပေးနေကျပဲ။ ကျွန်တော်က လမ်းအလွန်လျှောက်နိုင်တယ်ဗျာ့”

“ကျေးလက်တောရွာက လူတွေအများစုဟာ ဒီသတင်းစာကို ဖတ်ကြရဲ့လား” ဟု နစ်ကိုလိုင်က မေး၏။

“စာဖတ်တတ်တဲ့လူတွေ အကုန်လုံး ပိုက်ဆံချမ်းသာတဲ့ လူတွေကတောင် ဖတ်ကြတယ်။ တောင်သူလယ်သမားတွေက မြေရှင်ကြီးတွေကို တိုက်ခိုက်သတ်ဖြတ်ကြပြီး သူတို့ဆီက မြေယာတွေကို ယူကြလိမ့်မယ်ဆိုတာကို ဒီလူတွေက သိကြတယ်။ အဲဒီလို မြေယာတွေကို လုယူကြပြီးတဲ့အခါ ဒီမြေယာတွေကို ဝေယူကြလိမ့်မယ်။ အဲဒီတော့ မြေရှင်ကြီးတွေ၊ သူရင်းငှားတွေရယ်လို့ မရှိတော့ဘူးပေါ့။ ဒါက ရှင်းနေတာပဲ။ ဒီပြင် ဘာပြုလို့ တိုက်ခိုက်နေရ မှာလဲလို့” ဟု အစ်(ဂ်)နက်က မေးပြီး သူ့စိတ်ထဲ၌ မကျေနပ်သလိုလို ဖြစ်ကာ နစ်ကိုလိုင်အား အကဲခတ်သလိုလို၊ မယုံသလိုလို ကြည့်နေလေ၏။ နစ်ကိုလိုင်ကမူ ပြုံး၍ ဘာမှမပြောဘဲ ငြိမ်နေ၏။ တဖန် အစ်(ဂ်)နက်က…

"ကနေ့ ကျွန်တော်တို့ တကမ္ဘာလုံးကို တိုက်လို့ အောင်ပြီ ထားပါတော့၊ နက်ဖြန်ခါ ဆင်းရဲတဲ့ လူတွေရော ချမ်းသာတဲ့လူတွေပါ ပြန်ပေါ်လာကြဦးမှာပဲ။ အဲသည်တော့ ဒီလို တိုက်တာဟာ ဘာအဓိပ္ပာယ် ရှိသေးတုံး။ ဒါကြောင့် မတိုက်ကြပါနဲ့လို့ ပြောချင်တယ်။ ခင်ဗျားတို့တတွေက ကျွန်တော်တို့တတွေကို လိမ်လို့၊ လိမ့်လို့ မရဘူးဗျ။ ဥစ္စာပစ္စည်းတွေဆိုတာက ပြဒါးလိုပဲ၊ တနေရာတည်းမှာ နေတာ မဟုတ်ဘူး။ ဒီပစ္စည်း ဥစ္စာတွေဟာ နေရာတကာ အနှံ့အပြား ပြန့်ကုန်ကြမှာပဲ။ အဲသည်တော့ ကျွန်တော်တို့က ဒါကို လက်မခံဘူးဗျာ့” ဟု ပြော၏။

“အေးကွယ်၊ စိတ်တော့ တိုမနေနဲ့” ဟု အမေက ရယ်၍ ပြောသည်။

နစ်ကိုလိုင်က စဉ်းစားလျက်…

“ကိုယ့်စိတ်ထဲမှာ ပူနေတဲ့ ကိစ္စကတော့ ရိုင်ဘင်ကို ဖမ်းတဲ့ကိစ္စနဲ့ ပတ်သက်လို့ ရေးထားတဲ့ အဲသည် ကြေညာစာတမ်းကို မင်းတို့လူတွေဆီကို မြန်နိုင်သမျှ အမြန်ဆုံး ဘယ်လိုရောက်အောင် ပို့ရပါ့မလဲ ဆိုတဲ့ကိစ္စပဲ” ဟုပြောလိုက်ရာ၊ အစ်(ဂ်)နက်က နားကို စွင့်လျက်၊ “ဒီလို ကြေညာစာတမ်းမျိုး ရှိသလား” ဟု မေးလေသည်။

“ရှိတယ်၊ ဟုတ်တယ်”

“ပေးလေ၊ အဲသည် ကြေညာစာတမ်းကို ကျွန်တော် ယူသွားပါမယ်”

အမေက သူ့ကိုမကြည့်ဘဲ ကျိတ်၍ရယ်လျက်…

“ဒါပေမဲ့ မင်းက မောလှပန်းလှပြီ။ ပြီးတော့ မင်းက ကြောက်တယ်ဆို…” ဟု ဆိုလိုက်၏။

အစ်(ဂ်)နက်က သူ၏ ကောက်ကွေးနေသော ဆံပင်တို့ကို

လက်ဖဝါးကြီးများဖြင့် ပွတ်လျက် အလုပ်သဘော ဆန်ဆန်နှင့်…

"ကြောက်တယ် ဆိုတာက တမျိုး၊ အလုပ်ဆိုတာက တခြားပဲ" ဟု ပြောပြီး အမေ့အား…

"အမေက ဘာများ ရယ်နေတာတုံး၊ အမေကလည်း တကယ်ကိုပါပဲ" ဟု ပြောလိုက်လျှင် အမေက သူ့စိတ်ထဲ၌ အပျော်ကြီး ပျော်နေသည်ကို ထိန်းလျက် "အင်း… ကလေးမိုက်ကလေးပဲ" ဆိုလိုက်၏။

နစ်ကိုလိုင်က သူ့ကို သဘောကျလျက် စောင်းကြည့်နေပြီး "အေး… မင်းကတော့ အဲသည်လို ပြန်သွားလို့ မဖြစ်ဘူး" ဟု ပြောလိုက်လျှင် သူသည် စိတ်ထဲ၌ မချမ်းမမြေ့ဖြစ်ကာ "ဘာပြုလို့ မသွားရမှာလဲ။ ကျွန်တော် ဘယ်သွားရမှာလဲ" မေးလိုက်၏။

"တခြား တယောက်ယောက်က ကြေညာစာတမ်းတွေကို ယူသွားလိမ့်မယ်။ မင်းက သူ့ကို ဘာလုပ်ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို အသေးစိတ် ပြောပြဖို့ပဲ။ မင်း သဘောကျရဲ့လား…"

"ကောင်းပါပြီ" ဟု အစ်(ဂ်)နက်က စိတ်ပျက်စွာ ပြန်ပြောလေ၏။

"တို့က မင်းကို ခရီးသွားလက်မှတ်အသစ် ထုတ်ပေးမယ်။ ပြီးတော့ သစ်တောစောင့် အလုပ်ကို ရှာပေးထားမယ်"

အစ်(ဂ်)နက်သည် ရုတ်တရက် မော့ကြည့်လိုက်၏။

"ကျေးလက်က ဆင်းရဲသားတွေက ထင်းခိုးဖို့ လာတော့ ကျွန်တော်က ဘာလုပ်ရမလဲ။ သူတို့ကို ဖမ်းရမလား။ ဒီအလုပ်ကတော့ ကျွန်တော်နဲ့ မကိုက်ဘူးဗျ"

အမေနှင့် နစ်ကိုလိုင်တို့က ရယ်ကြ၏။ ထိုကြောင့် သူသည် အခံရခက်သွား၏။

"မင်းက ဆင်းရဲသားတွေကို မဖမ်းရပါဘူး၊ ဒါနဲ့ ပတ်သက်လို့ စိတ်မချမ်းမသာ ဖြစ်မနေပါနဲ့ကွာ"

"ဒီလိုဆိုရင် ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်က စက်ရုံတရုံထဲမှာ အလုပ်လုပ်ချင်တယ်။ သူတို့က စက်ရုံအလုပ်သမားတွေက အသိဉာဏ်ရှိတယ်လို့ ပြောကြတယ်"

အမေသည် ထိုင်ရာမှထ၍ ပြတင်းပေါက်ဆီသို့ သွားလေသည်။

"အင်း… ဘဝ ဆိုတာကတော့ တကယ်ဆန်းတာပဲ၊ အသက်တရာ မနေရပေမဲ့ အမှုတရာ တွေ့ရ ဆိုတာလိုပဲ။ ကဲ .. အစ်(ဂ်)နက် အားလုံး ကိစ္စပြီးပြီ မဟုတ်လား သွားအိပ်ချေတော့"

"ကျွန်တော် မအိပ်ချင်သေးဘူး"

"မအိပ်ချင်သေးဘူး မလုပ်နဲ့။ လာ လာ"

"အမေကတော့ သိပ်စည်းကမ်းကြီးတာပဲ။ ကဲ… ကျွန်တော် လာပါပြီ။ လက်ဖက်ရည် တိုက်တဲ့ အတွက်ရော၊ အစစ ကြင်ကြင်နာနာ ပြုစုကြတဲ့အတွက်ရော၊ ကျေးဇူးတင်ပါတယ်"

ထိုနောက် သူသည် အမေ့အိပ်ရာပေါ်သို့ ရောက်သောအခါ ဦးခေါင်းကိုကုတ်ရင်း…

"အင်း ခေါင်းအုံးတွေ စောင်တွေကတော့ ကတ္တရာစေးစော် နံကုန်တော့မှာပဲ။ ဒီလို အထိတ်ထိတ် အလန့်လန့် ဖြစ်နေရတာ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ငါလည်း မအိပ်ချင်ပါဘူး" ဟု ညည်းနေလေ၏။ ထိုနောက် မကြာမီ သူသည် ပါးစပ်အဟောင်းသားနှင့် မျက်ခုံးကို ပင့်ကာ ဟောက်လျက် အိပ်မောကျသွားလေသတည်း။

အခန်း နှစ်ဆယ့်တစ်

ထိုနေ့ည အစ်(ဂ်)နက်သည် မြေအောက် အခန်းကလေး တခန်းအတွင်း နစ်ကိုလိုင် (ထောင်ပြေး) နှင့် မျက်နှာချင်းဆိုင် ထိုင်လျက်၊

"အလယ်ပြတင်းပေါက်ကို လေးချက်" ပြောလိုက်လျှင် နစ်ကိုလိုင် (ထောင်ပြေး) က စိတ်အား ထက်သန်စွာ၊

"လေးချက် ဟုတ်လား" ပြန်မေး၏။

ထိုအခါ အစ်(ဂ်)နက်က စားပွဲကို လက်နှင့်ခေါက်ပြပြီး၊

"ပထမ သုံးချက်ကို ဒီလို တစ်၊ နှစ်၊ သုံး… လို့ ခေါက်ပြီး ခဏကလေး ရပ်လိုက်ရမယ်။ အဲသည်နောက် နောက်ထပ် တချက် ထပ်ခေါက်ရမယ်"

"အေး… နားလည်ပြီကွ"

"ဆံပင်နီနီနဲ့ လယ်သမားကြီး တယောက်က တံခါးကိုဖွင့်ပြီး 'မင်း လက်သည် လာခေါ်တာလား" လို့ မေးရင် 'ဟုတ်တယ်။ အလုပ်ရှုံရှင် မိန်းမဖို့ လာခေါ်တာပါ' လို့ ပြန်ပြောလိုက်ပါ။ ဒါပါပဲ သူ နားလည်ပါလိမ့်မယ်"

သူတို့နှစ်ယောက်လုံး သန်မာတောင့်တင်းကြသူများ ဖြစ်ကြ၏။ ခေါင်းချင်းဆိုင်၍ စကားတိုးတိုး ပြောကြ၏။ အမေသည် လက်ပိုက်၍ မတ်မတ်ရပ် နားထောင်နေ၏။ သူတို့ လျှို့ဝှက်စွာ စားပွဲခုံပေါ်၌ လက်ခေါက်များဖြင့် ခေါက်နေကြသည်ကို ကြည့်ပြီး သူတို့၏ စကားဝှက်တို့ကို နားထောင်ရင်း ကျေနပ်နေလေ၏။

"အင်း၊ သူတို့ကတော့ ကလေးတွေ သာသာပဲနော်" ဟု စဉ်းစားနေမိ၏။

နံရံကပ် မီးအိမ်မှ အရောင်သည် ထုရိုက်ထားသည့် သံပုံး သံပြားများနှင့် သွပ်ပြား အပိုင်းအစတို့ အပေါ်တွင် အရောင်ထိုးလျက်ရှိ၏။ အခန်းတွင်း၌ သံချေးနံ့၊ ဆေးနံ့တို့ဖြင့် စိုထိုင်းထိုင်း ဖြစ်နေ၏။ အစ်(ဂ်)နက်သည် ခပ်ထူထူ အဝတ်စဖြင့် ချုပ်ထားသည့် အင်္ကျီထူထူကြီး တထည်ကို ဝတ်ထား၏။ သူသည် ထိုအင်္ကျီကြီးကို သဘောကျနေဟန်တူ၏။ သူ့အင်္ကျီလက်ကို လက်နှင့်ပွတ်၍ သူ့ပခုံးများကို ငုံ့ကြည့်နေသည်ကို အမေသည် တွေ့နေရ၏။

"တကယ့် ကလေးတွေပဲ။ ဘုရားသခင်ရဲ့ မေတ္တာတော်ကို ခံယူကြရတဲ့ ကလေးတွေ" ဟု အမေက စဉ်းစားနေမိ၏။

ထိုအတွင်း အစ်(ဂ်)နက်သည် မတ်တတ်ရပ်၍

"အဲဒါပဲဗျာ၊ ပထမဦးဆုံး မူယာတော့ဆီသွားပြီး ဘကြီးနဲ့တွေ့ဖို့ အခွင့်တောင်းဖို့ မမေ့နေနဲ့နော်" ဟု ပြောလျှင် နစ်ကိုလိုင် (ထောင်ပြေး) က

"မမေ့ပါဘူး" ဟု ပြန်ပြောလိုက်၏။

သို့ရာတွင် အစ်(ဂ်)နက်သည် စိတ်ထဲ၌ မကျေနပ်သေးသဖြင့် လက်ချောင်းများဖြင့် စားပွဲကို တဖန် ခေါက်ပြ၏။ အချက်များကိုလည်း လုပ်ပြ၏။ စကားဝှက်များကိုလည်း ပြောပြ၏။ ထို့နောက် နစ်ကိုလိုင် (ထောင်ပြေး) နှင့် လက်ဆွဲ နှုတ်ဆက်လိုက်လေသည်။

"ကျွန်တော်က နှုတ်ဆက်လိုက်ကြောင်း သူတို့ကိုပြောပြပါ။ အဲဒီလူတွေဟာ တကယ်ကောင်းတဲ့ လူတွေဆိုတာ ခင်ဗျား တွေ့ပါလိမ့်မယ်"

ထို့နောက် သူသည် အကျီကို တဖန်ငုံ့ကြည့်ပြီး သဘောကျစွာ လက်ဖြင့် သပ်နေပြန်၏။

"ကဲ၊ ကျွန်တော် သွားဖို့ အချိန်ကျပြီ မဟုတ်လား အမေ"

"သွားတတ်ရဲ့လား"

"သွားတတ်ပါတယ်။ ကဲ၊ သွားပြီ ရဲဘော်တို့"

ထိုနောက် သူသည် ရင်ကိုကော့လျက် ဦးထုပ်သစ်ကို တစောင်းဆောင်းပြီး လက်များကို ခပ်တည်တည် အိတ်များထဲသို့နှိုက်၍ ထွက်သွားလေ၏။ နဖူးပေါ်တွင် သူ၏ ကောက်ကွေ့နေ သည့် ဆံပင်အချို့သည် ဝဲလျက်နေကြသည်။

နစ်ကိုလိုင် (ထောင်ပြေး) သည် အမေ့အနီးသို့လာ၍

"ကဲ၊ ကျွန်တော်လည်း အလုပ်တခု ရပြီလေ။ ကျွန်တော့်ကိုယ်ကျွန်တော် ဘာပြုလို့များ ထောင်ထဲက ထွက်ပြေးလာခဲ့တာလဲလို့ စဉ်းစားရင်း ငြီးငွေ့နေလိုက်တာ အမေရယ်။ ဒီမှာ ကျွန်တော် နေ့ရော ညရော ပုန်းပြီး ဘာမှမလုပ်ရဘူး။ ဟိုအထဲမှာတုန်းကတော့ တခုခုကို လေ့လာနေရတယ်။ ပါဗယ်က ကျွန်တော်တို့ကို ကျွန်တော်တို့ ဦးခေါင်းတွေကို အသုံးချခိုင်း တယ်။ အလကားမနေရဘူး။ သူတို့ ပြေးဖို့ကော၊ ဘယ်လိုများ ဆုံးဖြတ်ထားတုံး အမေ"

"အမေလည်း မသိဘူးကွဲ့"

နစ်ကိုလိုင် (ထောင်ပြေး) သည် အမေ့ပခုံးကို လက်ဖြင့်ကိုင်ပြီး

အမေ့ဘက်သို့ ကိုယ်ကို ကိုင်းလျက်

"အမေ သူတို့ကို ပြေးအောင် ပြောစမ်းပါ။ သူတို့ အမေ့စကားကို နားထောင်ကြမှာပါ။ ဒီထက်လွယ်တာ ဘာမှမရှိဘူး။ အမေ ဒီမှာကြည့်၊ ကျွန်တော် ပြောပြမယ်။ ဟောဒါက ထောင်နံရံ၊ အဲဒီ ထောင်နံရံနဲ့ ကပ်လို့ လမ်းမီးတိုင်တတိုင် ရှိတယ်။ လမ်းရဲ့ဟိုဘက်မှာ မြေကွက်လပ်တခု ရှိတယ်။ ဒီကွက်လပ်ရဲ့ဘယ်ဘက်မှာတော့ သင်္ချိုင်း ရှိတယ်။ ညာဘက်မှာ လမ်းတွေနဲ့ အိမ်တွေ ရှိတယ်။ နေ့တိုင်း မီးထွန်းသမားက မီးအိမ်ကို သုတ်ဖို့လာတယ်။ အဲဒီလို လာတဲ့အခါ သူက ထောင်နံရံမှာ လှေကားတစင်း ကပ်ထောင်ထားမယ်။ တက်ပြီးတော့ နံရံထိပ်က အုတ်ကြားထဲမှာ ကြိုးလှေကားတခုကို ချိတ်နဲ့ ချိတ်ပြီး အဲဒီ ကြိုးလှေကားကို ထောင်ထဲ ပစ်ချလိုက်မယ်။ အဲဒါပဲ အမေ။ ထောင်ထဲက လူတွေက ဘယ်အချိန်မှာ ဒီလိုလာလုပ်မယ် ဆိုတာကို သိထားကြတယ်။ ပြီးတော့ ရိုးရိုး ရာဇဝတ် အကျဉ်းသားတွေကို ထောင်ထဲမှာ ဆူညံ ဆူညံ ဖြစ်အောင် အလုပ်ခိုင်းရမယ်။ ဒါမှမဟုတ်ရင်လည်း သူတို့ကိုယ်တိုင် လုပ်ချင်လုပ်ကြံမယ်။ ဒါမှ ထောင်ထဲကလူတွေက ကြိုးလှေကားပေါ် တက်နေတုန်း ထောင်အစောင့်တွေက သူတို့ကို ဂရုမစိုက်နိုင်အောင် အလုပ်များနေကြမှာကိုး။ အဲဒီလိုနဲ့ တယောက်၊ နှစ်ယောက်၊ သုံးယောက် အားလုံး လွတ်လာနိုင်တယ်။ အဲဒီလောက် လွယ်တာပါဗျာ"

သူသည် သူ၏ လွယ်ကူ၍ စနစ်တကျ တွေးတော စီစဉ်ထားဟန်တူသည့် အစီအစဉ်ကို လက်ဟန်ခြေဟန်နှင့် ပြောပြ၏။ အမေသည် သူ့အား ထိုင်၍ နှေးကွေးလေးလံသည်ဟု လည်းကောင်း၊ အစစကို သဘောမနောဆိုးနှင့် ယုံကြည်မှုမရှိတတ်ဟုလည်းကောင်း အမြဲတမ်း ထင်မြင်ယူဆခဲ့၏။ ယခုမူ အမေ့အား သူ၏အကြံအစည်ကို စိတ်ပါလာအောင် ပြောနေစဉ် သူ၏မျက်လုံးများသည် ယခင်ကနှင့် မတူဘဲ တောက်ပြောင်လျက် ရှိကြလေသည်။

"အရေးကြီးတဲ့ အချက်က သူတို့ ဒါကို နေ့ခင်းကြောင်တောင်မှာ လုပ်ကြလိမ့်မယ်။ နေ့ခင်းနော် အမေ၊ နေ့ခင်း။ ထောင်အကြပ်တွေ၊ ထောင်မှူးတွေ အားလုံး အလုပ် လုပ်နေတဲ့အချိန်မှာ ဘယ်သူက အကျဉ်းသမားတွေဟာ ထွက်ပြေးဖို့ စိတ်ကူးလိမ့်မယ်လို့ ထင်ပါ့မလဲ"

"သူတို့ကို သေနတ်နဲ့ မပစ်ပေဘူးလား"

"ဘယ်သူက ပစ်မှာလဲ၊ စစ်သားတွေ မရှိဘူးဗျာ့။ ထောင်အစောင့်တွေကလည်း သူတို့ရဲ့ ခြောက်လုံးပြူးတွေကို သံရိုက်ဖို့ပဲ အသုံးချကြတာကိုး"

"ဒါဖြင့် ဒီအလုပ်က တယ်လွယ်ပါကလား"

"အို ဘယ်လောက်လွယ်တယ်ဆိုတာ အမေ တွေ့ရမှာပေါ့။ သူတို့ကို ဒါနဲ့ ပတ်သက်လို့ သဘောပေါက်အောင် အမေက ပြောပြပါ။ ကျွန်တော့်မှာ အားလုံး အသင့်ရှိပြီးသားပါ။ ကြိုးလှေကားရော၊ ချိတ်ရော။ ပြီးတော့ ကျွန်တော့်အိမ်ရှင်က မီးထွန်းသမားလေ"

ထိုအတွင်း တံခါးအပြင်မှ လူတယောက် ချောင်းဆိုးသံ၊ ဖိနပ်သံနှင့် သံပြား အတိုအစသံတို့ကို ကြားလိုက်ရာ နစ်ကိုလိုင် (ထောင်ပြေး) က

"အင်း၊ ကျွန်တော့်အိမ်ရှင် ပြန်လာပြီ" ဟု ပြောလေ၏။

ထိုနောက် သံဖြူ ရေချိုးစည်ပိုင်းတခုသည် တံခါးဝတွင် ပေါ်လာ၏။ ထိုစည်ပိုင်းပေါ်မှကျော်၍ စိတ်သဘောထားကောင်းပုံပေါ်သည့် လူတယောက်၏မျက်နှာကို မြင်လိုက်ကြ၏။

နစ်ကိုလိုင် (ထောင်ပြေး) သည် ရေချိုးစည်ပိုင်းကို အခန်းတွင်းသို့ ကူသယ်ပေး၏။ စည်ပိုင်း ကိုင်လျက် လိုက်လာသူသည် အရပ်ရှည်၏။ မျက်လုံးပြူး၏။ သူ၏ဆံပင်နှင့် နှုတ်ခမ်းမွေးများ သည် ဖြူရော်ရော် ဖြစ်နေကြ၏။ ထိုလူသည် ချောင်းဆိုးပြီး တံတွေးကိုထွေး၍ ကွဲအက်အက် အသံကြီးဖြင့်

"ဘယ့်နှယ်လဲ နေကောင်းကြရဲ့ မဟုတ်လား" ဟု မေးလိုက်ရာ နစ်ကိုလိုင် (ထောင်ပြေး) က အမေ့အား "ကဲ အမေ၊ သူ့ကိုသာ မေးပေတော့" ဟု ပြောလိုက်၏။

"ကျုပ်ကို ဘာမေးရမှာလဲ"

"ထွက်ပြေးဖို့ အကြောင်းပေါ့"

သံဖြူသမားက သူ၏ ညစ်နေသောလက်ချောင်းများနှင့် သူ၏နှုတ်ခမ်းမွေးများကို သုတ်ရင်း

"အား၊ အဲဒါလား" ဟု ပြောလိုက်၏။

"ထွက်ပြေးဖို့ရန် လွယ်ပါတယ် ဆိုတာကို သူက မယုံဘူးဗျာ ယာကော့ဗာဆစ်(ည်) ယက်ဗစ်ရဲ့"

"သူက မယုံနိုင်ဘူးတဲ့လား။ ဒါဖြင့်ရင် သူက သဘောမကျလို့ပေါ့။ ဒါပေမဲ့ ခင်ဗျားနဲ့ ကျုပ်က သဘောကျတယ်။ ဒါကြောင့် ကျုပ်တို့က ယုံကြတာပေါ့" ဟု သံဖြူသမား ယာကော့က တည်ငြိမ်စွာ ပြန်ပြောပြီး ရုတ်တရက် ချောင်းဆိုးနေလေ၏။ ချောင်းဆိုးပြီးနောက် သူသည် အခန်းအလယ်၌ မတ်တတ်ရပ်လျက် သူ၏ရင်အုံကိုပွတ်ရင်း သူ၏ မျက်လုံးပြူးကြီးများဖြင့် အမေ့အား အကဲခတ်နေလေ၏။

"ဒါကတော့ ပါဗယ်နဲ့ သူ့ရဲဘော်တွေက ဒီပြဿနာတွေကို ဆုံးဖြတ်ကြမှာပေါ့" ဟု အမေက ဆို၏။

နစ်ကိုလိုင်(ထောင်ပြေး)သည် ဦးခေါင်းကိုငုံ့လျက် သံဖြူသမားသည် ထိုင်ခုံတခုပေါ်၌ထိုင်ရင်း

"အဲဒီ ပါဗယ်ဆိုတာက ဘယ်သူလဲဗျာ့"

"သူ့နာမည် နောက်ဆုံးအလုံးက ပါဗယ်တဲ့"

"ဗလက်ဆောဲပါ"

သူသည် ဦးခေါင်းကိုညိတ်လိုက်ပြီး ဆေးတံ ဆေးအိတ်ကိုထုတ်ကာ ဆေးတံထဲတွင် ဆေးများ ထည့်နေလေ၏။

"ကျုပ်သူ့ကိုကြားဖူးပါတယ်။ ကျုပ်တူက သူ့ကိုသိပါတယ်။ သူလည်းပဲ ထောင်ထဲမှာပဲ။ နာမည်က ယက်(ဖ်)ချန်ကိုတဲ့။ ကြားဖူးသလား။ ကျုပ်နာမည်က ဂိုဘန်တဲ့။ မကြာခင် လူငယ်တွေ အကုန်လုံးကို ထောင်ချမှာ၊ လူကြီးတွေကိုလည်း ဖမ်းဦးမှာပဲ။ စစ်ပုလိပ် တယောက်ကတော့ ကျုပ်တူကို ဆိုက်ဘေးရီးယား ပို့မယ်လို့ ပြောတယ်ဗျာ့။ ဟုတ်ပုံတော့ ပေါ်တယ်။ ခွေးမသား"

ဤကဲ့သို့ပြောပြီးနောက် ယာကော့သည် နစ်ကိုလိုင် (ထောင်ပြေး) ဘက်သို့ လှည့်ပြီး ဆေးတံကိုဖွာရင်း တံတွေးကို မကြာခဏ ထွေးနေလေ၏။ တဖန် သူက

"သူက သဘောမကျဘူးပေါ့။ ဒါက သူ့ကိစ္စပါ။ လူတယောက်ဟာ လွတ်လပ်တယ်ဆိုရင် ထိုင်ရတာ ငြီးငွေ့တော့ လမ်းလျှောက်နိုင်တယ်။ လမ်းလျှောက်ရတာ ငြီးငွေ့တော့ ထိုင်နေနိုင် တယ်။ သူတို့က ကျုပ်တို့ကို ခေါးပြတိုက်ရင် မျက်စိကိုမှိတ်နေ။ သူတို့က ရိုက်ရင် မငိုနဲ့။ သူတို့က သတ်ရင် တုံးလုံးလဲ သေလိုက်ပေါ့။ ဒါကို လူတိုင်းက သိနေတာပါ။ ဒါပေမဲ့ ကျုပ်ကတော့ ကျုပ်တူကို အပြင်ရောက်အောင် ထုတ်မှာပဲ။ အဲဒါကိုတော့ စိတ်ချသာနေ" ဟု ခပ်ဆတ်ဆတ် ပြောလိုက်၏။

အမေသည် သူ ဆတ်ဆတ် ပြောလိုက်သည့်အတွက် စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်သွား၏။ သို့ရာတွင် သူ၏ ယုံကြည်ချက်ကို သဘောကျ၏။

ထိုနောက် သူသည် နစ်ကိုလိုင် (ထောင်ပြေး) ၏အကြောင်းကို စဉ်းစားရင်း

ပြန်သွားရာ သူ၏မျက်နှာကို မိုးနှင့် လေတို့က ရိုက်ခတ်လျက် နေလေ၏။ "သူ ဘယ်လိုများ ဒီလောက်ပြောင်းလဲသွားပါလိမ့်။ ယုံတောင် ယုံနိုင်စရာ မရှိဘူး" ဟု တယောက်တည်း ရေရွတ်မိပြန်၏။

တဖန် သံဖြူသမားကြီး အကြောင်းကို စဉ်းစားမိသောအခါ "ဘဝကို အမြင်သစ်နဲ့ ဆုပ်ကိုင်နေတာဟာ အပြီးသတ်တော့ ငါတယောက်တည်း မဟုတ်ပါလား" ဟု မြည်တွန် တောက်တီးပြီး "အင်း၊ ငါက သဘောတူလိုက်ရင်" ဟူ၍ သူ့သားအကြောင်းကို စဉ်းစားနေမိပြန် သတည်း။

အခန်း နှစ်ဆယ့်နှစ်

နောက် တနင်္ဂနွေနေ့၌ အမေသည် အကျဉ်းထောင် ရုံးခန်းအတွင်းတွင် ပါဗယ်အား နှုတ်ဆက်နေစဉ် သူ့လက်ထဲသို့ ပါဗယ်က စက္ကူလုံးကလေး ထည့်ပေးလိုက်သည်ကို သိလိုက်၏။ သူသည် သူ့လက်ဖဝါး မီးလောင်လိုက်သကဲ့သို့ လန့်သွားပြီး ပါဗယ်၏မျက်နှာကို အကဲခတ် လိုက်၏။ သို့ရာတွင် ဘာအမူအရာကိုမှ ထူးထူးခြားခြား မမြင်ချေ။ ပါဗယ်၏ မျက်လုံးပြာ များသည် ခါတိုင်းကဲ့သို့ပင် တည်ငြိမ်ပြတ်သားသည့် အသွင်ကို ဆောင်လျက် ရှိကြလေသည်။

ထိုနောက် အမေက "အေး၊ သွားပြီကွယ်" ဟု နှုတ်ဆက်လိုက်၏။ ပါဗယ်က တဖန် သူ၏လက်ကို ကမ်းလိုက်ပြီး သူ၏မျက်နှာပေါ်တွင် သနားကြင်နာသည့်အရိပ်အယောင်သည် သန်းသွားလေ၏။

"သွားတော့ အမေ"

အမေသည် သူ့လက်ကို ဆုပ်ကိုင်ထားရင်း စောင့်နေသေး၏။

"အမေ မပူပါနဲ့၊ စိတ်လည်း မဆိုးပါနဲ့နော်"

ဤစကားများနှင့် သူ့မျက်ခုံးများအကြားမှ ခေါင်းမာသည့် လက္ခဏာကို ပြနေသည့် နဖူးပြင် တို့သည် အမေ လိုလားတောင့်တနေသည့် အဖြေကို ပေးနေလေပြီ။

ထို့ကြောင့် အမေသည် ဦးခေါင်းကိုငုံ့ကာ "အလို ဘုရား ဘုရား။ မင်းကကွယ် ဘာတွေများ ပြောလိုက်တာတုံး" ဟု ရေရွတ်မိလေ၏။

သို့နှင့် အမေသည် သူ့မျက်လုံးများထဲမှ မျက်ရည်များနှင့် တုန်နေသော သူ့နှုတ်ခမ်းတို့ကို ပါဗယ် မမြင်အောင် သူ့ကို နောက်ထပ် မကြည့်တော့ဘဲ ရုံးခန်းထဲမှ ကပျာကယာ ထွက်လာခဲ့၏။ အိမ်အပြန် လမ်းတလျှောက်လုံး ပါဗယ် ပေးလိုက်သည့် စက္ကူလုံးကလေးကို ဆုပ်လာသည့် လက်သည် လက်မောင်းရင်းကို တယောက်ယောက်က ထုရိုက်ထားသောကြောင့် ကိုက်ခဲလေးလံ သကဲ့သို့ ဖြစ်နေ၏။ အိမ်သို့ပြန်ရောက်လျှင် ရောက်ချင်း ထိုစာကို နစ်ကိုလိုင်သို့ ပေးလိုက်ပြီး မျှော်လင့်ခြင်းကြီးစွာ နစ်ကိုလိုင် ထိုစာရွက်ကလေးကို ဖြန့်နေသည်ကို စောင့်ကြည့်နေ၏။ သို့ရာတွင် သူ့မျှော်လင့်ချက်ကား မပြည့်စုံတော့။

နစ်ကိုလိုင်က "ကျွန်တော် အသိသားပဲ၊ သူရေးတာကို ကျွန်တော် ဖတ်ပြမယ်။ ကျွန်တော်တို့ ပြေးဖို့ရန် မကြိုးစားဘူး ရဲဘော်တို့၊ မကြိုးစားနိုင်ဘူး။

ကျွန်တော်တို့ အထဲက ဘယ်သူမျှ မကြိုးစားနိုင်ဘူး။ ကျွန်တော်တို့ ထွက်ပြေးရင် ကျွန်တော်တို့ သိက္ခာ ကျကုန်မယ်။ ဒါပေမဲ့ တနေ့က အဖမ်းခံလိုက်ရတဲ့ လယ်သမားကြီးကိုတော့ ကူဖို့ ကြိုးစားကြပါ။ သူက ခင်ဗျားတို့ အကူအညီကိုလည်း လိုတယ်။ ပြီးတော့ ခင်ဗျားတို့က သူ့ကို တတ်နိုင်သလောက်လည်း ကူညီသင့်ပါတယ်။ သူက ဒီမှာ သိပ်ဆိုးနေတယ်။ ထောင်အာဏာပိုင်တွေနဲ့ နေ့စဉ် တိုက်ပွဲ ဝင်နေတာပဲ။ အလုံ တိုက်ခန်းထဲမှာလည်း ၂၄ နာရီ နေခဲ့ရပြီးပြီ။ သူ့ကို သေသည်အထိ ညှဉ်းဆဲကြလိမ့်မယ်။ ခင်ဗျားတို့ အပြင်လူတွေကို ကျွန်တော်တို့အားလုံးက သူ့ကို ကူညီဖို့ တောင်းဆိုကြတယ်။ အမေ့ကိုလည်း စိတ်ချမ်းသာအောင် လုပ်ကြပါ။ သူ့ကို အစစ ပြောပြပါ။ သူ နားလည်ပါလိမ့်မယ်” ဟု ပြောပြသောအခါ အမေသည် သူ၏ ဦးခေါင်းကို မော့လိုက်လေ၏။

“ဘာပြောနေစရာ လိုသေးတုံး။ အမေ နားလည်နေပြီပဲ” ဟု အမေက အသံ တုန်တုန်ယင်ယင်ဖြင့် ပြန်ပြောလေ၏။

နစ်ကိုလိုင်သည် ဘေးသို့ ရုတ်တရက် လှည့်လိုက်ပြီး လက်ကိုင်ပဝါကိုထုတ်ကာ နှာရည် ညှစ်လိုက်၏။ ထိုနောက် သူ၏ မျက်မှန်ကို အထက်သို့ အနည်းငယ်ပင့်၍ လမ်းလျှောက်ရင်း...

“ကျွန်တော်တော့ အအေးမိပြီထင်တယ်။ အမှန်ကတော့ ကျွန်တော်တို့မှာ၊ ဘယ်နည်းနဲ့မှ အချိန်မရှိတော့ဘူး” ဟု ပြောလျှင် အမေသည် စိတ်နှလုံး မချမ်းမသာ မျက် မှောင်ကြုတ်ပြီး...

“ကောင်းပါပြီကွယ်၊ သူတို့ အမှုစစ်ပါစေ” ဟု ပြန်ပြောလိုက်၏။

“ဟောဒီမှာ အမေ၊ ကျွန်တော် အခုတင်ပဲ စိန့်ပီတာစဘတ်မြို့က ရဲဘော် တယောက်ဆီကစာ”

“နောက်ဆုံးတော့ သူဟာ ဆိုက်ဘေးရီးယားကလည်း ထွက်ပြေးနိုင်တာပဲ၊ မပြေးနိုင်ဘူးလား ဟင်”

“အမှန်ကတော့ ပြေးနိုင်တာပေါ့။ ဒီရဲဘော်က အမှုတွေကို မကြာမီ စစ်ပြီး သူတို့အားလုံးကို ပြည်နှင်ဒဏ် ပေးဖို့ ဆုံးဖြတ်ပြီးသားပဲ။ သူတို့ တရားရုံးတွေက ဟန်ပြတွေပါ။ အမေ စဉ်းစားကြည့်ဦးလေ။ အမှု မစစ်မီကတည်းက ဘယ်လို စီရင်ချက်ချမယ်ဆိုတာကို စိန့်ပီတာစဘတ်မြို့မှာ ဆုံးဖြတ်ပြီးသား ဖြစ်နေပြီဟာကို”

“စိတ်ပူမနေပါနဲ့ နစ်ကိုလိုင်၊ မင်းက ငါ့ကို ရှင်းပြနေဖို့ကို မလိုပါဘူး။ စိတ်ချမ်းသာအောင်လည်း လုပ်ဖို့ မလိုပါဘူး။ ပါဗယ်က သူ မှန်တယ်၊ ကောင်းတယ် ထင်တာကို လုပ်ပါလိမ့်မယ်။ သူက သူရော သူ့ရဲဘော်တွေရော ဘာမျှ အရည်မရ

အဖတ်မရဘဲနဲ့ ဘာမှ အနစ်နာခံမယ်မဟုတ်ပါဘူး။ ပြီးတော့ သူက အမေ့ကို ချစ်တယ်။ ကဲ… မင်းပဲ ကြည့်လေ၊ အမေ့အတွက် သူ ဘယ်လောက် စိုးရိမ်တယ်ဆိုတာကို အမေ့ကို ရှင်းပြပါ။ အမေ့ကို စိတ်ချမ်းသာအောင် လုပ်လိုက်ပါလို့ သူ ရေးလိုက်တာကိုပဲ ကြည့်လေ”

အမေ၏ရင်သည် ခုန်နေပြီး မူးနောက်နောက် ဖြစ်လာလေ၏။

“အမေ့သားကတော့ တကယ့်ကို အံ့သြစရာကောင်းတယ်။ ကျွန်တော်က သူ့ကို ဘယ်လောက် လေးစားတယ်ဆိုတာကိုဖြင့် ပြောကို မပြောနိုင်ဘူး”

“အေး၊ ဒါထက် တို့ ရိုင်ဘင်ကို ဘယ်လို ကူညီကြမယ်ဆိုတာကို စဉ်းစားကြဦးစို့”

အမေသည် ဤအချိန်တွင် တခုခု လုပ်ချင်၏။ တနေရာရာသို့ ပင်ပန်းနွမ်းရိသွားအောင် သွားပစ်လိုက်ချင်၏။

“ကောင်းပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ လိုနေတာက ဆာရှာ လာဖို့ပဲ”

“သူ လာပါလိမ့်မယ်။ သူက ပါဗယ်ကို သွားတွေ့တဲ့နေ့ဆိုရင် အမြဲတမ်း လာတတ်ပါတယ်”

နစ်ကိုလိုင်သည် အမေ့အနားသို့ကပ်၍ ခုတင်ပေါ်တွင် ထိုင်ချလိုက်၏။ သူသည် ဦးခေါင်းကို ငိုက်စိုက်ချကာ စဉ်းစားနေပြီး နှုတ်ခမ်းကိုကိုက်၍ သူ၏မုတ်ဆိတ်မွေးကို လိမ်နေလေ၏။

“ကျွန်တော့်အစ်မက တခြားကို ရောက်နေတာကတော့ သိပ်ဆိုးတာပဲ အမေ”

“အင်း၊ ပါဗယ် ထောင်ထဲမှာရှိတုန်း တခုခု လုပ်လိုက်ရင် ကောင်းမယ်။ သူ အတော်ကို ဝမ်းသာသွားလိမ့်မယ်ကွဲ့”

ထိုနောက် သူတို့နှစ်ယောက်သည် တခဏမျှ ငြိမ်နေကြလေ၏။

“ဒါပေမဲ့ သူက ဘာပြုလို့များ ဒီလို မလုပ်ချင်တာပါလိမ့်" ဟု အမေက ရုတ်တရက် ပြောလိုက်၏။

နစ်ကိုလိုင်သည် ရုတ်တရက် ထလိုက်၏။ သို့ရာတွင် ထိုတခဏ၌ တံခါးမှ ခေါင်းလောင်းက မြည်နေရာ သူတို့နှစ်ယောက်သည် တယောက်ကိုတယောက် ကြည့်နေကြလေ၏။

“အင်း၊ ဒါကတော့ ဆာရှာ ဖြစ်လိမ့်မယ်” ဟု နစ်ကိုလိုင်က တိုးတိုးပြောလိုက်၏။

“တို့က သူ့ကို ဘယ့်နှယ်ပြောပါ့မလဲ” ဟု အမေက သူ့ကို တိုးတိုးမေး၏။

“အင်း”

“အမေက သူ့အတွက် တကယ့်ကို ဝမ်းနည်းပါတယ်”

တဖန် ခေါင်းလောင်းသည် မြည်လာပြန်၏။ သို့သော် ဤတကြိမ်၌ တံခါးကို လာခေါက်သူသည် သူ့စိတ်သူ မပိုင်သကဲ့သို့ ယခင်ကလောက် ခေါင်းလောင်းကို မြည်အောင် မတီးတော့ချေ။ နစ်ကိုလိုင်နှင့် အမေတို့ နှစ်ဦးစလုံးသည် တံခါးဆီသို့ သွားကြ၏။ သို့ရာတွင် တံခါးသို့ ရောက်ကြလျှင် နစ်ကိုလိုင်သည် ဘေးသို့ဖယ်၍ ရပ်လိုက်ပြီး “အမေတယောက်တည်း သွားတာက ပိုကောင်းတယ်” ဟု အမေအား ပြောလေ၏။

“သူက ငြင်းလိုက်သလား အမေ” ဟု အမေက တံခါးကို ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း ဆာရှာက မေးလိုက်၏။

“ဟုတ်တယ်”

“သူ ဒီလို လုပ်လိမ့်မယ်ဆိုတာ ကျွန်မ သိပြီးသားပဲ” ဟု ဆာရှာက ရိုးရိုးကလေး ပြော၏။ သို့ရာတွင် သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ ထိုနောက် သူ့အင်္ကျီ ကြယ်သီးများကို ဖြုတ်ပြီး တဖန် တပိုင်းတစ ပြန်တပ်နေပြန်၏။ ပခုံးမှ လှန်ချရန် ကြိုးစားရင်း

“လေရော မိုးရောပဲ၊ တကယ် ကြောက်စရာကောင်းတဲ့ ရာသီဥတုပဲ။ သူ နေကောင်းရဲ့လား အမေ” ဟု မေးပြန်၏။

“နေကောင်းပါတယ်”

“အင်း၊ လူကလည်း ကျန်းမာ၊ စိတ်ကလည်း ချမ်းသာပေါ့”

“သူက တို့ရိုင်ဘင်ကို လွတ်အောင် ကြိုးစားရမယ်လို့ ရေးလိုက်တယ်”

“သူက အဲဒီလို ရေးသလား။ ဒီလို ရိုင်ဘင် လွတ်အောင် ကြိုးပမ်းကြမယ်ဆိုရင် ကျွန်မတို့ အရင် အစီအစဉ်အတိုင်းပဲ လုပ်ကြရလိမ့်မယ်”

“ကျွန်တော်ကလည်း ဒီလိုပဲ ထင်တယ်” ဟု နစ်ကိုလိုင်က တံခါးဝမှ ရုတ်တရက် ရပ်ကာ ဆာရှာကို နှုတ်ဆက်ရင်း ဝင်ပြောလိုက်၏။ ဆာရှာက

နစ်ကိုလိုင်ဆီသို့ လက်ကိုလှမ်းလိုက်၏။

"အမေတို့က အဲဒီအစီအစဉ်အတိုင်း ဘာလို့ မလုပ်ကြရမှာလဲ။ လူတိုင်းက ဒီအစီအစဉ်ကို ကောင်းတယ်လို့ ပြောနေကြတာကလား"

"ဒါပေမဲ့ ဘယ်သူက တာဝန်ယူလုပ်မှာလဲ။ ကျွန်တော်တို့တတွေ အားလုံး အလုပ်ရှုပ်နေကြတဲ့ အချိန်မှာ"

"ကျွန်မ လုပ်ပါရစေ၊ ကျွန်မမှာ အချိန်ရှိပါတယ်"

"ကောင်းပြီ၊ ဒါပေမဲ့ ဆာရှာ အခြားသူတွေနဲ့ အဆက်အသွယ် ရှိထားဖို့ လိုတယ်"

"ကျွန်မ လုပ်ပါ့မယ်။ ကျွန်မ အခုပဲ သွားပါ့မယ်"

ထို့နောက် ဆာရှာသည် သူ၏ အကျႌကြယ်သီးများကို တပ်နေလေ၏။ အမေက

"ငါ့တူမ နည်းနည်းတော့ နားလိုက်ပါဦး" ဟု ပြောလိုက်လျှင် ဆာရှာက ပြုံး၍ "ကျွန်မ မပင်ပန်းပါဘူး" ဟုပြန်ပြောလိုက်ပြီး အမေအား လက်ဆွဲနှုတ်ဆက်၍ ခါတိုင်းကဲ့သို့ ခပ်အေးအေး ထွက်သွားလေ၏။

အမေနှင့် နစ်ကိုလိုင်တို့သည် ပြတင်းပေါက်ဆီသို့ သွားကြပြီး ဆာရှာ ဥယျာဉ်ထဲမှ ဖြတ်၍ ထွက်သွားသည်ကို စောင့်ကြည့်နေကြလေ၏။ နစ်ကိုလိုင်သည် လေကို တိုးတိုးချွန်ကာ စားပွဲခုံ၌ ထိုင်ပြီး စာရေးနေလေ၏။

"အင်း၊ သူတို့ကတော့ တခုခုကို လုပ်နေရရင် စိတ်ပျော်နေတာပဲ" ဟု အမေက စဉ်းစားရင်း ပြောလေ၏။

နစ်ကိုလိုင်က အမေ့ဘက်သို့လှည့်ပြီး ပြုံးလျက်

"အမှန်ကတော့ သူ့စိတ် ပျော်သွားမှာပါ။ အဲဒီ ဝမ်းနည်းစရာကိစ္စက အမေ့ဆီကနေပြီး သူ့ဆီ ကူးသွားပြီ ထင်တယ်။ အမေက အမေချစ်တဲ့လူအတွက် စိတ်ဆင်းရဲဒုက္ခကို တခါမှ မခံခဲ့ရဖူးဘူးနဲ့ တူတယ်။ ခံခဲ့ရဖူးသလား အမေ" ဟု ပြောလိုက်လျှင် အမေက လက်ကိုယမ်းလျက်

"မဟုတ်တာ၊ အမေ့စိတ်ထဲမှာ သူတို့က အမေ့ကို လင်ပေးစားမှာ တခုပဲ ကြောက်ခဲ့တယ်"

"အမေ ဘယ်သူ့ကိုမှ မကြိုက်ခဲ့ဖူးဘူးလား"

“ကောင်းကောင်း မမှတ်မိပါဘူးကွယ်။ တခါတော့ ကြိုက်မိတယ် ထင်ပါရဲ့။ မမှတ်မိတော့ပါဘူး။ အမေ့ကို အမေ့ယောကျ်ားက ရိုက်လွှန်းတော့ အိမ်ထောင်မကျခင်က ကိစ္စတွေကို အကုန်လုံး မေ့တောင်ကုန်ပြီ” ဟု ဝမ်းနည်းစွာ ပြန်ဖြေလိုက်၏။

နစ်ကိုလိုင်သည် စားပွဲခုံဘက်သို့ ပြန်လှည့်လိုက်ပြီး အမေသည်လည်း အခန်းထဲမှ ခဏထွက်သွားလေ၏။ အမေ အခန်းထဲသို့ ပြန်ဝင်လာသည့်အခါ နစ်ကိုလိုင်သည် ရှေးဟောင်းနှောင်းဖြစ်တို့ကို စဉ်းစားနေရာမှ အမေ့အား ခင်မင်ကြင်နာစွာနှင့် ကြည့်ရင်း…

“ကျွန်တော့်အတွက် ပြောရရင် ကျွန်တော် ဆာရှာရဲ့ဒုက္ခမျိုးနဲ့ တခါက တွေ့ကြုံခဲ့ဖူးတယ်။ ကျွန်တော် မိန်းကလေးတယောက်နဲ့ ကြိုက်ခဲ့ဖူးတယ်။ အဲဒီမိန်းကလေးက သိပ်တော်တာပဲ။ ကျွန်တော်က အဲဒီမိန်းကလေးနဲ့ တွေ့ခဲ့တုန်းက အသက် နှစ်ဆယ်လောက် ရှိသေးတယ်။ အဲဒီကတည်းကစပြီး ကျွန်တော်ဟာ သူ့ကို ချစ်ခဲ့တာ။ အခုလည်းပဲ သူ့ကို ချစ်တုန်းပဲဗျာ့။ အသက် သေသည်အထိ ချစ်နေမှာပဲ”

အမေသည် သူ့အနား ကပ်နေရာ သူ့မျက်စိထဲမှ တောက်ပြောင်လျက်ရှိသည့် အရောင်ကို မြင်ရ၏။ သူသည် ကုလားထိုင်တလုံးကို လက်နှင့်ဆုပ်ကိုင်ပြီး သူ့လက်များပေါ်၌ မေးတင်နေ၏။ ထိုနောက် တစုံတခုကို စဉ်းစားရင်း အဝေးသို့ မျှော်မှန်း၍ ကြည့်နေလေသည်။

“ဒါနဲ့ အဲဒီမိန်းကလေးကို ဘာလို့ လက်မထပ်သလဲ”

“သူက လွန်ခဲ့တဲ့ လေးနှစ်လောက်က လက်ထပ်သွားတယ်”

“ဘာပြုလို့ သူ့ကို ဦးအောင် လက်မထပ်လိုက်တာလဲ”

နစ်ကိုလိုင်သည် တခဏလောက် စဉ်းစားနေသေး၏။

“အေးဗျာ၊ တနည်းနည်းနဲ့ လက်မထပ်ဖြစ်ဘဲ ပျက်ပျက်သွားရတာပဲ။ ကျွန်တော်က အပြင်မှာ လွတ်လွတ်လပ်လပ် နေနိုင်တဲ့အခါတိုင်း သူက ထောင်ရင်လည်း ကျနေရော။ ပြည်နှင်ဒဏ် ရင်လည်း ခံနေရရောပဲ။ အဲဒီကတော့ ဆာရှာနဲ့ ပါဗယ်တို့လို ဖြစ်နေတာပေါ့။ မဟုတ်ဘူးလား အမေ။ နောက်ဆုံးတော့ သူ့ကို ဆိုက်ဘေးရီးယားပြည် အဝေးဆုံးနေရာကို ဆယ်နှစ် ပို့လိုက်တယ်။ ကျွန်တော်က သူ့နောက်ကို လိုက်ချင်တယ်။ ဒါပေမဲ့ ရှက်တယ်။ သူလည်း ဒီလိုပဲ ရှက်တာပဲ။ အဲဒီမှာ ကျွန်တော်ရဲ့ရဲဘော်တယောက်နဲ့ သူ သွားတွေ့တယ်။ သူက လူကောင်း တယောက်ပါ။ သူတို့နှစ်ယောက်ဟာ အတူတူ ထွက်ပြေးပြီး အခုတော့ နိုင်ငံခြားမှာ အတူတူ နေကြတယ်”

နစ်ကိုလိုင်သည် သူ၏မျက်မှန်ကိုချွတ်၍ အလင်းရောင်ကို ထောင်ကြည့်ပြီး သုတ်နေပြန်၏။

"တကယ့် သနားစရာ ရဲဘော်ပဲ" ဟု အမေက ဦးခေါင်းကိုယမ်းရင်း ညည်းလိုက်၏။ သူသည် နစ်ကိုလိုင်အတွက် ဝမ်းနည်းမိ၏။ သို့ရာတွင် နစ်ကိုလိုင်နှင့် ပတ်သက်၍ တခုခုကို စဉ်းစားမိသဖြင့် မိမိက ကလေးကိုကြည့်ပြီး ပြုံးသကဲ့သို့ ပြုံးနေမိ၏။ နစ်ကိုလိုင်သည် တနေရာသို့ ရွှေ့ထိုင်ပြီး မင်တံတချောင်းကို ကောက်ကာ စကားပြောရင်း စာရေးနေလေသည်။

"အိမ်ထောင်သည် ဘဝဟာ တော်လှန်ရေးသမား တယောက်ရဲ့အင်အားကို စုပ်ယူတတ်တယ်။ အဲဒီအင်အားကို ကြီးထွားအောင် အထောက်အကူ မပြုနိုင်ဘူး။ ကလေးတွေရယ်၊ ဘာအာမခံချက်မှ မရှိတာရယ်၊ အိမ်ထောင်ကို ကျွေးဖို့မွေးဖို့ အလုပ်လုပ်ရတာရယ်၊ အဲဒါတွေဟာ တော်လှန်ရေးသမားတွေကို ဆုတ်ယုတ်အောင် လုပ်တဲ့ဟာတွေပဲ။ တော်လှန်ရေးသမား တယောက် ဆိုတာဟာ သူ့လုပ်ငန်းကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် လုပ်နိုင်ဖို့ အင်အားကို စုဆောင်းထားရမယ်။ အချိန်ကာလက တော်လှန်ရေး လုပ်ဖို့ တောင်းဆိုနေတယ်။ ကျွန်တော်ဟာ သည့်ပြင်လူတွေနဲ့ ရှေ့က ချီတက်ကြရမယ်။

ဘာပြုလို့လဲ ဆိုတော့ လူ့ဘောင်ဟောင်းကြီးကို ဖျက်ဆီးပြီး လူ့ဘောင်သစ်ကြီးတရပ် တည်ဆောက်ဖို့ တာဝန်ကို သမိုင်းက ကျွန်တော်တို့ကို ရွေးချယ်ပြီး ပေးအပ်ထားလို့ပဲ။ နွမ်းရိပင်ပန်းလို့ ဒါမှမဟုတ်ရင်လည်း အောင်ပွဲကလေး အသေးအဖွဲ့ရလို့ ကျွန်တော်တို့က ရှေ့က မချီတက်ဘဲ နောက်ကျနေမယ်ဆိုရင် ကျွန်တော်တို့ လုံးပန်းနေကြတဲ့ အရေးတော်ပုံကြီးကို သစ္စာဖောက်တာပဲ။ အဲဒါလောက် ကြီးမားတဲ့ အမှား မရှိဘူး။ ကျွန်တော်တို့တတွေဟာ ရှေ့က မချီတက်ဘဲ၊ ဦးမဆောင်ဘဲ ကျွန်တော်တို့က ဦးဆောင်ပြီး ခေါ်သွားရမယ့် လူတွေနဲ့ အတူ ချီတက်နေကြမယ်ဆိုရင် ကျွန်တော်တို့ အရေးတော်ပုံကြီးဟာ ဆုံးရှုံးသွားမှာ အမှန်ပဲ။ ပြီးတော့ ကျွန်တော်တို့ရဲ့ အရေးတော်ပုံဟာ အသေးအဖွဲ့ အောင်ပွဲအတွက် မဟုတ်ဘဲ လုံးဝပြည့်စုံတဲ့ အောင်ပွဲအတွက် ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ဟာ ဘယ်တော့မှ မေ့လို့မဖြစ်ဘူး အမေ"

သူ၏အသံသည် တည်ငြိမ်၏။ သူ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ သူ၏မျက်လုံးများ ကမူ ခါတိုင်းကဲ့သို့ပင် တည်ငြိမ်စွာ အရောင်တောက်လျက်ရှိ၏။ ထိုအခါ တံခါးမှခေါင်းလောင်းသံ ကို ကြားရပြန်၍ လူ့(ဒ်)မီလာ ဝင်လာ၏။ သူ၏ ပါးများသည် အေးသဖြင့် နီနေကြ၏။ ရာသီဥတုနှင့် မမျှအောင် ပါးလွှာသည့် အပေါ်အင်္ကျီတထည်ကို ဝတ်ထားသဖြင့် သူသည် ခိုက်ခိုက်တုန်လျက်ရှိ၏။ ထိုနောက် သူ၏ လည်ရှည်ဖိနပ်အိုကြီးများကို ချွတ်ရင်း ဒေါသသံ ပါပါနှင့်၊

"အင်း၊ အမှုကို ရှေ့သီတင်းအတွင်း စစ်ကြတော့မယ်တဲ့" ဟု ပြောလေ၏။ "သေချာရဲ့လား" ဟု တဖက်ခန်းမှ နစ်ကိုလိုင်က လှမ်း၍ မေးလိုက်၏။ အမေသည် သူ့ဆီသို့ ပြေးသွားလိုက်၏။ သူ့ရင်တွင်း၌ တထိတ်ထိတ် ခုန်နေ၏။ သို့ရာတွင် သူ့ကိုယ်သူ ကြောက်နေသလား၊ ဝမ်းသာနေ သလား သူ မသိချေ။

လူ့(ဒ်)မီလာသည် သူ၏အသံသြကြီးဖြင့် လှောင်သလိုလို၊ ပြောင်သလိုလို လုပ်ကာ "ဟုတ်ပါတယ်၊ သေချာပါတယ်၊ စီရင်ချက် ဘယ်လိုချမယ်ဆိုတာကို ရုံးမှာ သူတို့ အတိအလင်း ဝန်ခံကြတယ်။ ကဲ ဒါကို ဘယ်လိုသဘောရတုံး။ အစိုးရက သူ့အရာရှိတွေက သူ့ရန်သူတွေ အပေါ်မှာ သက်ညှာမှာ ကြောက်သလား၊ သူ့လက်ပါးစေတွေရဲ့စိတ်ဓာတ်တွေကို အချိန်ရှိသမျှ စွမ်းအားရှိသမျှ ဖျက်ဆီးထားပါလျက် သူ့အစေအပါးတွေရဲ့ စိတ်ဓာတ်တွေဟာ မပျက်စီးဘဲ မြင့်မြတ်ဖြူစင်နေမှာကိုပဲ ကြောက်နေသလား" ဟု ပြောလိုက်၏။

ထို့နောက် သူသည် ခုတင်ပေါ်၌ထိုင်၍ သူ၏ ပိန်နေသော ပါးတို့ကို လက်များနှင့် ပွတ်နေ၏။ သူ၏ မျက်လုံးများက သူ့ရင်တွင်းမှ စက်ဆုပ်ရွံရှာမှုကို ဖော်ပြလျက် ရှိပြီး သူ့အသံတွင် ဒေါသသံ ပိုပို ပါလာလေသည်။ နစ်ကိုလိုင်က၊

"အလကား အကြောင်းမဲ့ အင်အားကို မဖြုန်းတီးချင်ပါနဲ့ လူ့(ဒ်)မီလာ၊ ခင်ဗျားပြောနေတာလည်း သူတို့ကြားမှာမှ မဟုတ်ဘဲနဲ့" ဟု သူ့ကို ဖျောင်းဖျ၍ ပြောနေလေ၏။

အမေသည် လူ့(ဒ်)မီလာကို နားထောင်နေ၏။ သို့ရာတွင် သူသည် လူ့(ဒ်)မီလာ ပြောလိုက်သည့် စကားတို့ကို နားမလည်ချေ။ သူ၏စိတ်ထဲ၌မူ "ရှေ့သီတင်း အမှုစစ်လိမ့်မယ်" ဟူသော အတွေးကိုသာ အဓိက တွေးနေလေ၏။

ထို့နောက် အမေသည် လူသားမဆန်သည့် တောင်းပန်ခယ၍ မရနိုင်သော အင်အားကြီး တရပ်နှင့် ရင်ဆိုင်ရတော့မည်ကို ရုတ်တရက် သိမြင်လာလေသတည်း။

အခန်း နှစ်ဆယ့်သုံး

အမေ၏စိတ်သည် မကြည်မလင် နောက်ကျိကျိ ဖြစ်နေ၏။ ကိုယ့်ကိုယ်ကို မည်သို့မည်ပုံ လုပ်ရမည်၊ ကိုင်ရမည်ကို မသိဘဲ ဇဝေဇဝါ ဖြစ်နေ၏။ သောက ဗျာပါဒတရားကလည်း လွှမ်းနေ၏။ ဤနည်းဖြင့် နှစ်ရက် ကုန်သွား၏။ တတိယနေ့၌ ဆာရှာ ပေါ်လာလေသည်။

"အားလုံး အသင့်ဖြစ်နေပြီ၊ ကနေ့ တနာရီမှာ လုပ်ကြရမှာပဲ" ဟု နှစ်ကိုလိုင်ကို ပြောလိုက်ရာ နှစ်ကိုလိုင်က၊

"တယ်မြန်လှချေကလား"

"ဒါများ မြန်သေးသလား၊ ကျွန်မမှာ အဝတ်အစားတွေနဲ့ ရိုင်ဘင်သွားဖို့ နေရာလောက်ကိုသာ ရှာရတာပါ။ ကျန်တာကိုတော့ ဂိုဘန်ကချည်း တာဝန်ယူတာပဲ။ ရိုင်ဘင်ဟာ ထောင်ဘက်ကို ပြေးရမယ်။ အဲဒီမှာ နှစ်ကိုလိုင် (ထောင်ပြေး) က အပေါ်အင်္ကျီ တထည်၊ ဦးထုပ်တလုံးနဲ့ စောင့်နေပြီး လမ်းပြလိမ့်မယ်။ တခါ ကျွန်မက ခပ်ဝေးဝေးက အဝတ်အစားတွေနဲ့ စောင့်နေရလိမ့်မယ်"

"ကောင်းတယ် ကောင်းတယ်၊ ဒါပေမဲ့ ဂိုဘန်က ဘယ်သူလဲ"ဟု နှစ်ကိုလိုင်က မေး၏။

"ရှင်တို့ သူ့ကို သိပါတယ်။ စက်ဆရာတွေနဲ့ ရှင်တို့ လေ့လာရေးအဖွဲ့က သူ့အခန်းထဲမှာ တွေ့နေကျပဲ"

"ဪ မှတ်မိပြီ၊ ဒီလူက တကယ် ထူးတဲ့လူပဲ"

"သူက ပင်စင်စား စစ်သားတယောက်ပဲ၊ အခုတော့ သံဖြူသမားတယောက် ဖြစ်နေပြီ။ ပညာကတော့ မတတ်ပါဘူး။ ဒါပေမဲ့ အကြမ်းဖက်မှုဟူသမျှကို အူထဲ အသည်းထဲက မုန်းတဲ့လူပဲ။ ပြီးတော့ သူက အဘိဓမ္မာဆရာ တပိုင်းပဲ" ဟု ဆာရှာက လေးလေးနက်နက် စဉ်းစားလျက် ပြတင်းပေါက်မှ ကြည့်ရင်း ပြောလိုက်၏။ အမေက သူ့ကို နားထောင်နေစဉ် သူ့စိတ်ထဲ၌ မတိကျ မပြတ်သားသည့် ဆုံးဖြတ်ချက်တရပ်ကို ချလိုက်မိ၏။

"ဂိုဘန်က သူ့တူကို လွတ်စေချင်တယ်။ ယက်(ဖ)ချန်ကို မှတ်မိတယ် မဟုတ်လား၊ သူက အမြဲတမ်း သန့်သန့်ပြန့်ပြန့် နေတတ်တယ်လေ" ဟု ဆာရှာက ပြောလိုက်လျှင် နှစ်ကိုလိုင်က ခေါင်းညိတ်လိုက်၏။

“သူကတော့ အစီအစဉ်တွေ အားလုံး လုပ်ပြီးပြီ။ ဒါပေမဲ့ ကျွန်မက ကျွန်မတို့ ကြိုးပမ်းချက်ဟာ အောင်မှ အောင်ပါ့မလားလို့ သံသယရှိလာတယ်။ လုပ်ရမှာက အကျဉ်းသားတွေကို အဆောင်တွေထဲက အပြင်ထုတ်တဲ့အချိန်မှာ လုပ်ရမှာဆိုတော့ ကြိုးလှေကားကို မြင်လိုက်ရင် အကျဉ်းသားတွေ အများကြီးကလည်း ထွက်ပြေးချင်ကြလိမ့်မယ်” ဟု ဆာရှာကပြော၍ မျက်လုံးများကို မှိတ်ကာ ငြိမ်နေလေ၏။ အမေသည် အနားသို့ ကပ်လာလေသည်။

“ပြီးတော့ သူတို့ဟာ တယောက်ရဲ့အကြံကို တယောက်က ဝင်ဖျက်သလို ဖြစ်ကုန်ကြမှာပေါ့”

ထိုနောက် သူတို့ သုံးယောက်သည် ပြတင်းပေါက်နား၌ မတ်တတ်ရပ်နေကြ၏။ ဤကဲ့သို့ စကားပြောပြီးနောက် အမေ၏ ရင်တွင်း၌ အာရုံအမျိုးမျိုး ပေါ်လာလေရာ၊

“အမေလည်းပဲ သွားမယ်” ဟု ပြောလေ၏။

“ဘာပြုလို့လဲ အမေ” ဟု ဆာရှာက မေးလိုက်၏။

ထိုအခါ နစ်ကိုလိုင်က “မသွားပါနဲ့၊ တခုခုဖြစ်မှာစိုးလို့ပါ။ မသွားပါနဲ့” ဟု ဝင်၍ ကန့်ကွက်လေ၏။ အမေက နစ်ကိုလိုင်ကို ကြည့်နေလေ၏။

“မဟုတ်ဘူး၊ ကျွန်မကတော့ သွားရလိမ့်မယ်” ဟု ဆာရှာက လေသံတိုးတိုးဖြင့် ပြန်ပြောလိုက်ပြီး သူတို့သည် တယောက်မျက်နှာကို တယောက် အပြန်ပြန် အလှန်လှန် ကြည့်နေကြလေ၏။

“ကျွန်မ နားလည်ပါတယ်” ဟု ဆာရှာက ပခုံးများကို တွန့်ကာ ပြောလိုက်၏။ ထိုနောက် အမေဘက်သို့ လှည့်ပြီး အမေ့လက်မောင်းကိုကိုင်ကာ၊

“ဒါပေမဲ့ အမေ မျှော်လင့်နေလို့တော့ ဘာမျှ အကျိုးမရှိဘူး ဆိုတာကိုတော့ သိထားရလိမ့်မယ်” ဟု ရိုးရိုးနှင့် ဘွင်းဘွင်း ပြောချလိုက်ရာ အမေ့စိတ်ထဲ၌ အတော်ထိခိုက်သွားပြီး သူ၏ တုန်နေသည့်လက်နှင့် ဆာရှာကို အနီးသို့ဆွဲလိုက်၏။

“အမေ ဒါကို သိပြီးသားပါကွယ်။ ဒါပေမဲ့ အမေ့ကိုတော့ ခေါ်ပါ။ အမေက အနှောင့်အယှက် မဖြစ်စေရပါဘူး။ အမေကတော့ လိုက်ရမှကို ဖြစ်မယ်။ အင်း၊ ထောင်ထဲက ထွက်ပြေးဖို့ဟာ ဖြစ်နိုင်လိမ့်မယ်လို့ အမေက မယုံကြည်နိုင်ဘူးကွဲ့” ဟု ပြောလေ၏။ ဤတွင် ဆာရှာက နစ်ကိုလိုင်အား၊

“အမေကတော့ ကျွန်မနဲ့လိုက်မှာ” ဟု ပြောရာ နစ်ကိုလိုင်က ဦးခေါင်းကိုငုံ့ကာ၊

“အေးပေါ့၊ သူလည်းပဲ လိုက်ပါစေပေါ့” ဟု ပြန်ပြောလေ၏။

“ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် အတူတူသွားလို့တော့ မဖြစ်ဘူး။ အမေက အဆောက်အအုံတွေ ဘက်ကို သွားရလိမ့်မယ်။ အဲဒီကနေပြီး ထောင်နံ့ရံတွေကို ကြည့်နေပေါ့။ ဒါပေမဲ့ သူတို့ကများ အမေ့ကိုမေးရင် အမေက ဘယ့်နှယ်ပြန်ပြောမလဲ”

“အေး၊ အမေလည်း အဖြေ ကြံဖန်ရှာပြီး ဖြေရမှာပေါ့”

“အင်း၊ အကျဉ်းထောင် အစောင့်တွေက အမေ့ကို သိကြတယ်ဆိုတာကိုတော့ မမေ့နဲ့နော်။ ပြီးတော့ အမေ့ကို သူတို့က အဲဒီမှာ တွေ့ကြရင်တော့”

“သူတို့က အမေ့ကို မြင်ကြမှာ မဟုတ်ပါဘူး”

အမေသည် သူ့ဝမ်းထဲ၌ ပြာဖုံးထားသည့် မီးခဲကဲ့သို့ ငြိမ်ဝပ်နေခဲ့သည့် မျှော်လင့်ချက်သည် အရောင်တဝင်းဝင်း တောက်ပြောင်လာသဖြင့် အားတက်လာပြီး၊ “အင်း၊ သူလည်းပဲ ထွက်ပြေးမှာပဲ” ဟု စဉ်းစားနေပြန်လေသည်။

တနာရီခန့် ကြာသောအခါ အမေသည် အကျဉ်းထောင်အနီးမှ အဆောက်အအုံများထဲသို့ ရောက်လာလေ၏။ ပြင်းထန်သောလေသည် တိုက်ခတ်လျက်ရှိ၏။ ၎င်းသည် အမေ၏ ဂါဝန်နှင့် ဆီးနှင်းများ ဖုံးနေသည့် မြေပြင်ကို တိုက်ပြီး အနီးရှိ ဥယျာဉ်စည်းရိုးကို သိမ့်သိမ့်ခါစေလျက် ထောင်နံ့ရံကို တအား ရိုက်ခတ်နေလေ၏။ အကျဉ်းထောင်အတွင်းမှ လူများ၏ အသံကိုလည်း ဤလေက ဆောင်ယူလာလေသည်။

အမေ၏နောက်၌ ဥယျာဉ်ရှိပြီး အမေ့ရှေ့တွင် သင်္ချိုင်းရှိ၏။ သူ၏လက်ယာဘက် ပေ ၇၀ ခန့် အကွာလောက်တွင် အကျဉ်းထောင် ရှိ၏။ သင်္ချိုင်းနားတွင် စစ်သားတယောက်က မြင်းကို တအားရိုက်နေပြီး သူ့အနားမှ အခြားစစ်သားတယောက်က မြေကြီးကို ခြေထောက်နှင့်ဆောင့်ပြီး ရယ်လိုက်၊ အော်လိုက်၊ လေချွန်လိုက် လုပ်နေ၏။ အကျဉ်းထောင်နား၌မူ မည်သူတယောက်မျှ မရှိချေ။

အမေသည် ထိုစစ်သားများ အနားမှဖြတ်၍ သင်္ချိုင်းမြေကို ကာထားသည့် ခြံစည်းရိုးဆီသို့ သွားလိုက်၏။ ရုတ်တရက် ဒူးများတုန်လာပြီး ခြေထောက်များကလည်း မလှမ်းနိုင်တော့သကဲ့သို့ ဖြစ်လာ၏။ အကျဉ်းထောင် ထောင့်ချိုးမှ ခါးကုန်းကုန်း မီးထွန်းသမားတယောက်သည် လှေကားတခုကို ထမ်းကာ ခပ်သုတ်သုတ် လာနေလေ၏။ အမေသည် ကြောက်ရွံ့စွာ မျက်စိကို

စုံခတ်၍ စစ်သားများကို ကြည့်လိုက်၏။ သူတို့သည် တနေရာ၌ မတ်တတ်ရပ်နေကြပြီး မြင်းက သူတို့ကို ပတ်ပြေးနေ၏။ ထို့နောက် လှေကားနှင့် လူကို ကြည့်လိုက်သောအခါ ထိုလူသည် လှေကားကို အကျဉ်းထောင်နံရံ၌ ထောင်ပြီး အေးအေးဆေးဆေးပင် တက်နေသည်ကို မြင်ရလေ၏။ နံရံထိပ်သို့ ရောက်သောအခါ သူသည် သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး အောက်သို့ ဆင်း၍ ထောင့်ချိုး၌ ပျောက်ကွယ်သွားလေ၏။ အမေ၏ နှလုံးသားသည် တဒိတ်ဒိတ် ခုန်နေ၏။ အချိန်ကား ကုန်ခဲလှ၏။ အကျဉ်းထောင် နံရံသည် အကွက်အစွန်းများဖြင့် အရောင်အဆင်း ပျက်နေ၏။ အင်္ဂတေ ကွာကျသည့်နေရာများ၌မူ အတွင်းမှအုတ်များကိုပင် မြင်နေရ၏။ ထို့ကြောင့် ဤ မည်းမှောင်နေသည့် အကျဉ်းထောင် နံရံပေါ်တွင် လှေကားကို အနိုင်နိုင်ကြည့်မှ မြင်ရ၏။ ထိုအတွင်း ရုတ်တရက် လူတယောက်၏ ဦးခေါင်းပိုင်းသည် ထောင်နံရံထိပ်ပေါ်မှ ခပ်မည်းမည်း ပေါ်လာ၏။ ထို့နောက် ထိုလူ၏ကိုယ်ထည် ပေါ်လာ၍ ထောင်နံရံကို ကားရားခွပြီး အခြားတဖက်သို့ လေးဖက်ကုန်းလျက် ဆင်းသွားလေ၏။ တဖန် ဦးထုပ်ကို ဆောင်းထားသည့် ဦးခေါင်းတခုသည် ပေါ်လာပြီး လူတယောက်သည် ကုန်းကုန်း ကုန်းကုန်းနှင့် ကွင်းပြင်ကို ဖြတ်ပြေးပြီး ထောင့်ချိုးတွင် ပျောက်ကွယ်သွားလေ၏။ ထိုလူကား ရိုင်ဘင် ဖြစ်၏။ သူသည် ထောင့်ချိုးအလွန်တွင် မတ်တတ်ရပ်လိုက်ပြီး ဟိုဟိုဒီဒီကြည့်ကာ ဦးခေါင်းကို ခါနေလေ၏။

အမေက မြေကြီးကို ခြေနှင့်ဆောင့်၍ "ပြေး ပြေး" ဟု တိုးတိုး လှမ်းပြောလိုက်၏။ အမေ့နားထဲ၌ ဆူဆူညံညံ အသံများကို ကြားလိုက်၏။ ထို့နောက် ထောင်ထဲ၌ ဆူဆူညံညံ အော်သံများ ပေါ်လာ၏။ တတိယ လူတယောက်၏ ဦးခေါင်းသည် ပေါ်လာပြန်၏။ အမေသည် သူ့ရင်ဘတ်ကို လက်နှင့်ဖိ၍ အသက်ကိုပင် မရှူနိုင်ဘဲ စောင့်ကြည့်နေ၏။ မုတ်ဆိတ်မွေး မရှိသည့် ဆံပင် ဝါညိုညိုနှင့် လူငယ်တယောက်၏ ဦးခေါင်းသည် တခုခုကို ရုန်းကန်၍ ထွက်လာသကဲ့သို့ ထောင်နံရံထိပ်ပေါ်မှ ပေါ်လာပြီး ရုတ်တရက် ထောင်နံရံတွင်းသို့ ပြန်ဝင်သွားပြန်၏။ ထောင်ထဲမှ အော်သံ ဟစ်သံတို့သည် ပို၍ ကျယ်လောင်ပြီး ပို၍ တက်ကြွလာကြ၏။ စူးရှသည့် ခရာသံတို့ သည်လည်း လေထဲတွင် ပါလာကြ၏။ ရိုင်ဘင်သည် ထောင်နံရံအတိုင်း လမ်းလျှောက်နေ၏။ ယခု သူသည် အမေ့ကိုလွန်ပြီး အကျဉ်းထောင်နှင့် အိမ်များမှ အကြားကွက်လပ်ကို ဖြတ်သွားလေ၏။ အကယ်၍ သူသည် ယခုထက် လမ်းကို မြန်မြန်လျှောက်ပြီး ဦးခေါင်းကို ယခုလောက် မော့မထားလျှင် သူ့မျက်နှာကို တခါမြင်ဖူးသူသည် သူ့ကို မှတ်မိမည်မှာ မလွဲချေ။

"မြန်မြန် မြန်မြန်" ဟု အမေက တခါထပ်၍ တိုးတိုး လှမ်းပြောလိုက်ပြန်၏။

အကျဉ်းထောင်နံရံဘက်မှ ဖြန်းခနဲ အသံတသံ ပေါ်လာပြီး မှန်ကွဲ ရှသံတို့ကို အမေသည် ကြားလိုက်ရ၏။ အပြင်ဘက်မှ စစ်သားနှစ်ယောက်အနက်

တယောက်သည် ခြေမြဲမြဲနှင့် မတ်တတ်ရပ်၍ မြင်းကို ဆွဲနေပြီး တခြားတယောက်ကမူ ပါးစပ်ကို လက်နှင့်ကာလျက် အကျဉ်းထောင်ဘက်ဆီသို့ လှမ်းအော်လိုက်၏။ သို့ အော်ပြီးနောက် ထောင်ထဲမှ မည်သည့်အဖြေ ထွက်လာမည်နည်းဟု နားစွင့်နေလေ၏။

အမေသည် အရပ်ရှစ်မျက်နှာသို့ လှည့်ကြည့်လျက် အာရုံရှိသမျှ အကုန်စိုက်ကာ ရပ်နေ၏။ ပတ်ဝန်းကျင်မှ အစစကို မြင်လိုက်သောအခါ သူသည် ဘာမျှ မယုံကြည်နိုင်ဘဲ ဖြစ်သွား၏။ ယခင်က အလွန်ရှုပ်ထွေး၍ အန္တရာယ် အလွန်များလိမ့်မည်ဟု သူ ယူဆခဲ့သည့်ကိစ္စသည် ယခု လျင်လျင်မြန်မြန် လွယ်လင့်တကူ ပြီးသွားရာ သူ့ဦးနှောက်သည် ဘာမျှ မစဉ်းစားတတ်အောင် ဖြစ်သွားလေ၏။ ရိုင်ဘင်ကား မရှိတော့။ အင်္ကျီရှည်ကြီးနှင့် အရပ်မြင့်မြင့် လူတယောက်သည် လမ်းအတိုင်း လျှောက်လာ၍ အသက်အရွယ် ငယ်ငယ် မိန်းကလေးတယောက်သည် သူ့ရှေ့မှ ပြေးလာလေ၏။ အကျဉ်းထောင် အစောင့် သုံးယောက်တို့သည် ရှေ့ဆင့်နောက်ဆင့် တယောက်နှင့် တယောက် ကပ်လျက် ညာဘက်လက်များကို ဆန့်ကာ ထောင် ထောင့်ချိုးကို ပတ်ပြီး တအားပြေးနေကြ၏။ စစ်သားတယောက်က သူတို့ဆီသို့ ပြေး၍ ကျန် စစ်သား တယောက်ကမူ မြင်းကို စီးလျက် ပတတ် အရပ်ခိုင်းနေလေ၏။ သို့ရာတွင် အအုပ်ရ အထိန်းရ ခက်လှသည့် မြင်းကလည်းတအားခုန်နေ၏။ ထောင်အတွင်းမှလည်း ခရာများကို အဆက်မပြတ် တရစပ် မှုတ်နေလေ၏။ ဤကဲ့သို့ စူးစူးရှရှ မှုတ်နေကြသည့် ခရာသံတို့ကြောင့် အမေသည် ဘေးအန္တရာယ်ကို သိမြင်လာလေရာ တုန်လှုပ်သွားပြီး ထောင်အစောင့်တို့ကို ကြည့်ရင်း သင်္ချိုင်းနံရံနှင့်ကပ်လျက် လမ်းလျှောက်နေလေ၏။ သို့ရာတွင် ထောင်အစောင့်များနှင့် စစ်သား တို့သည် ထောင်၏ အခြားထောင့်ချိုးတခုတွင် ကွယ်ပျောက်သွားကြလေ၏။ မကြာမီ အင်္ကျီရှည်ကြီးကို ကြယ်သီးမတပ်ဘဲ ဝတ်ထားသည့် လူတယောက်က သူတို့နောက်မှ လိုက်ပြေး၏။ အမေသည် ထိုသူအား လက်ထောက် ထောင်ပိုင်မှန်း သိ၏။ ပုလိပ်များသည် ဤကဲ့သို့ ဗရုန်းဗရင်း ဖြစ်နေသည့်နေရာသို့ ရောက်လာကြ၍ ဘေးလူများလည်း စုဝေး လာကြလေသည်။

ထိုအတွင်း လေသည် ဝမ်းမြောက် ရွှင်မြူးနေသကဲ့သို့ ဝှေ့၍ တိုက်လာရာ အမေ့နားထဲသို့ အော်သံ၊ ဟစ်သံ၊ ခရာသံတို့သည် ဝင်လာကြ၏။ ဤကဲ့သို့ ဗရုတ်သုတ်ခ ဖြစ်နေသည့်အတွက် အမေသည် ဝမ်းသာသွားပြီး ခြေလှမ်းများကို သွက်သွက်ကလေး လှမ်းနေလေ၏။

"အင်း၊ သူကတော့ အလွယ်ကလေးနဲ့ လွတ်သွားမှာပဲ" ဟု အမေသည် စဉ်းစားမိ၏။ ထိုအတွင်း ရုတ်တရက် ပုလိပ် စစ်သားနှစ်ယောက်သည် အကျဉ်းထောင် နံရံ ထောင့်ချိုးမှ ပေါ်လာပြီး ၎င်းတို့အထဲမှ တယောက်က

အသက်ကိုပင် မှန်မှန်မရှူနိုင်ဘဲ အမေ့အား

"ရပ်လိုက်၊ မုတ်ဆိတ်မွေးနဲ့ လူတယောက်ကို ခင်ဗျား မြင်လိုက်သလား" ဟု မေး၏။

အမေက ဥယျာဉ်ဘက်ဆီသို့ လက်ညှိုးညွှန်လိုက်ပြီး၊

"ဟိုဘက်ကို ပြေးတယ်၊ ဘာပြုလို့လဲ" ဟု ပြန်မေးလိုက်၏။ ထိုအခါ အမေနှင့် စကားပြောသည့် ပုလိပ်က သူ့အဖော် ပုလိပ်အား၊

"ယက်ဂိုရော့ ခရာကို မှုတ်လိုက်" ဟု ပြောလေ၏။

ထိုနောက် အမေသည် အိမ်သို့ပြန်ခဲ့၏။ သူသည် တခုခုကို တွေးရင်း ဝမ်းနည်းမိ၏။ စိတ်ထဲ၌ ခါးသီးခြင်းနှင့် နောင်တရခြင်း ဟူသော အာရုံနှစ်ပါးသည် တပေါင်းတည်း တစည်းတည်း ဖြစ်ပွားလာ၏။ အဆောက်အအုံကို ဖြတ်၍ လမ်းပေါ်သို့ အမေရောက်လျှင် မြင်းရထားတစီးသည် ဖြတ်သွားရာ မြင်းရထားထဲသို့ လှမ်းကြည့်လိုက်လျှင် လူငယ်တယောက်ကို မြင်လိုက်၏။ ထိုလူငယ်၏ နှုတ်ခမ်းမွေးများသည် ဝါညိုညို ဖြစ်နေပြီး မျက်နှာသည် ဖြူဖပ်ဖြူရော် နွမ်းရိနေ၏။ လူငယ်ကလည်း အမေ့ကို မြင်၏။ သူသည် ဘေးတိုက်ထိုင်နေ၏။ ထို့ကြောင့် သူ၏ လက်ယာဘက်ပခုံးသည် လက်ဝဲဘက် ပခုံးထက် မြင့်နေ၏။ လူငယ်သည် အခြားသူ မဟုတ်ဘဲ နစ်ကိုလိုင် ဖြစ်ရကား အမေ့အား ဝမ်းပန်းတသာ

"အင်း၊ ဘာဖြစ်သေးတုံး အမေ" ဟု မေးလေရာ အမေက...

"အို၊ အားလုံး အဆင်ပြေသွားပြီ" ဟု ပြောလေ၏။

အမေသည် သူ့အား ထောင်ထဲမှ ရဲဘော်များ ထွက်ပြေးကြပုံကို အသေးစိတ် ရှင်းပြ၏။ သို့ရာတွင် သူ ပြောပြနေသည့် အဖြစ်အပျက်ကို မှန်မှ မှန်ပါ့မလားဟု သူကိုယ်တိုင်ပင် သံသယဖြစ်နေ၏။ အခြားသူ တဦးတယောက်၏ အတွေ့အကြုံကို သူက တဆင့် ပြောနေသကဲ့သို့ သူ့စိတ်ထဲ၌ ထင်နေမိ၏။

နစ်ကိုလိုင်က လက်ဝါးချင်းပွတ်လျက်၊

"ကျွန်တော်တို့ ကံကောင်းတာပဲ အမေ၊ အမေ့များ တခုခု ဖြစ်သွားမလားလို့ ကျွန်တော်ဖြင့် စိတ်ပူလိုက်ရတာ။ နားထောင် အမေ ကျွန်တော်တို့ မိတ်ဆွေတယောက်ရဲ့ အကြံဉာဏ်ကို နားထောင်စမ်းပါ၊ အမှုစစ်မှာကို မကြောက်ပါနဲ့။ အမှု မြန်မြန်စစ်လေ ပါဗယ် လွတ်ဖို့ မြန်လေပဲဗျာ့။ အင်း၊ သူ့ကို ပြည်နှင်ဒဏ်ပေးတော့မှ သူဟာ လမ်းမှာ ထွက်ပြေးကောင်း ထွက်ပြေးပါလိမ့်မယ်။ အမှုစစ်တာကတော့ ဒီလိုဖြစ်မှာ" ဟု အစချီ၍ အမှုသွား အမှုလာကို

ရှင်းပြနေလေ၏။ သူက အမေ့အား စိတ်ချမ်းသာအောင် ကြိုးစား၍ ဤကဲ့သို့ ပြောနေသော် လည်း သူကိုယ်တိုင်က တခုခုကို ကြောက်ရွံ့စိုးရိမ်နေကြောင်း အမေသည် အကဲခတ်မိ၏။

"ရှုံးမှာ မပြောသင့်တာကို အမေက ပြောမှာ ကြောက်သလား၊ ဒါမှမဟုတ်ရင်လည်း အမေ သူတို့ဆီက တခုခု တောင်းဆိုမှာကို ကြောက်သလား" ဟု အမေက ရုတ်တရက် မေးလိုက်၏။ ထိုအခါ နစ်ကိုလိုင်က ထခုန်၍ ကန့်ကွက်သည့်အနေဖြင့် သူ့လက်များကို ယမ်းနေပြီး စိတ်ထဲ၌ အခံရကျပ်သည့် လေသံနှင့်၊

"အမေ မပြောရဘူး၊ ပြောကို မပြောရဘူး" သို့ ပြောလေ၏။

"အမေကတော့ ကြောက်တယ်၊ မငြင်းပါဘူး။ ဒါပေမဲ့ အမေ ဘာကို ကြောက်တယ် ဆိုတာကိုတော့ မသိဘူး" ဟု ပြန်ပြော၏။ ထိုနောက် စကားမပြောဘဲ ရပ်နေပြီး အခန်းတွင်း၌ ဟိုဟိုသည်သည် ကြည့်ရင်း...

"တခါတလေ သူတို့က ပါဗယ်ကို 'ဟေ့ မင်း တောသား လူဆင်းရဲ' လို့ ရိုင်းရိုင်း ပြောချင်ပြောကြမယ်။ ဒါမှမဟုတ်ရင်လည်း 'မင်း တောသား လူဆင်းရဲ' လို့ ပြောချင် ပြောမယ်။ ပါဗယ်က မာနခပ်ကြီးကြီးဆိုတော့ သူတို့ကို ပြန်ပြောလိုက်လိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း ယူကရိန်းသားက ခပ်ဆတ်ဆတ် ပြောလိမ့်မယ်။ သည့်ပြင် လူတွေကလည်း ဒေါသကြီးကြတာပဲ။ အဲသည်တော့ တရားသူကြီးတွေက သူတို့တတွေ ပြောတာ ဆိုတာကို သည်းမခံနိုင်ဘဲ စီရင်ချက် ပြောင်းချလိုက်ရင် သူတို့တတွေကို နောက်ထပ် တွေ့ကြတော့မှာ မဟုတ်ဘူး"

နစ်ကိုလိုင်သည် ဘာမျှ ပြန်မပြောဘဲ မျက်မှောင်ကြုတ်၍ မုတ်ဆိတ်မွေးကို ဆွဲနေလေ၏။

"အမေကတော့ ဒါတွေကို မစဉ်းစားဘဲ မနေနိုင်ဘူး။ ဒါကြောင့် အမှုစစ်မှာကို ဒီလောက် ကြောက်နေတာပေါ့။ သူတို့က အဘက်ဘက်ကိုကြည့်ပြီး အဘက်ဘက်ကို ချင့်ချိန်လိုက်တာနဲ့ တပြိုင်နက် ဒါ့ကြောင့် ကြောက်စရာ ကောင်းတယ်လို့ ပြောတာပေါ့။ အမေ ကြောက်တာက အပြစ်ဒဏ်ပေးမှာကို မဟုတ်ဘူး။ အမှုစစ်မှာကိုသာ ကြောက်တာ၊ အို... အမေက ပြောကို မပြောတတ်ပါဘူး"

နစ်ကိုလိုင်က သူ ဘာပြောနေသည်ကို နားမလည်ကြောင်း အမေ ဒိဋ္ဌသိ၏။ သို့ နားမလည်သည့် အတွက် သူ ဘာကို ကြောက်နေသည်ကို ရှင်းပြဖို့ရာ ပို၍ ခက်ခဲနေလေသတည်း။

အခန်း နှစ်ဆယ့်လေး

အမေ၏ ကြောက်စိတ်သည် သူ့ဝမ်းထဲ၌ တောင်ပို့သဖွယ် ကြီးထွား ကြီးထွားလာလျက် ရှိရာ၊ အမေ၏ရင်သည် ပြည့်ကျပ်၍လာလေ၏။ ထို့ကြောင့် အမှုစစ်မည့်နေ့၌ အမေသည် တရားရုံးသို့ ဦးခေါင်းကိုမော့ပြီး ကိုယ်ကို မတ်မတ်ထားကာ ဘာမျှ မထီသည့်သဘောနှင့် မသွားဝံ့ချေ။

အလုပ်သမားရပ်ကွက်မှ အသိအကျွမ်းများက အမေ့ကို နှုတ်ဆက်ကြ၏။ အမေက စုဝေးနေသည့် လူအုပ်ကြီးကို စိတ်နှလုံး မသာမယာနှင့် ဖြတ်သွားရင်း ဦးခေါင်းကိုသာ ပြန်၍ ညိတ်ပြလိုက်၏။ ရုံးခန်း အတွင်းနှင့်အပြင် ဝရန်တာတို့၌ အမေသည် အစစ်အဆေး ခံကြရမည့် တရားခံတို့၏ ဆွေမျိုးများကို တွေ့ရ၏။ သူတို့က အမေ့ကို လေသံတိုးတိုးဖြင့် စကားပြောကြ၏။ သူတို့ ပြောကြသည့် စကားတို့သည် ဟန်ဆောင်ပြောကြသော စကားများဖြစ်ကြောင်း အမေ သိ၏။ သူတို့စကားတို့ကိုလည်း နားမလည်ချေ။ လူတိုင်း သူကဲ့သို့ပင် ပူပန်သောက ရောက်နေ၏။ အမေသည် ဤအကြောင်းကို ကောင်းစွာ သိနေရာ သူ့စိတ်သည် ပို၍ပင် ဆင်းရဲပင်ပန်းသွား လေသည်။

ဆီးဇော့က ခုံရှည်တခုပေါ်တွင် နေရာရွှေ့ပြီး အမေ့အား "ထိုင်ဗျာ" ဟု ပြော၏။

အမေသည် ရိုသေစွာထိုင်ပြီး သူ၏ဂါဝန်ကို ဆွဲချကာ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ သို့ရာတွင် အမေ၏ မျက်လုံးထဲ၌ အစိမ်းအဝါတွေကိုသာ မြင်နေရလေသည်။

ထိုအတွင်း အမေ့ဘေးနား၌ ထိုင်နေသော အမျိုးသမီးက အမေ့အား "ကျုပ်သား ဆမ္ဘိုင်းလော့ကို သည်နေရာရောက်အောင် ခေါ်လာတဲ့သူဟာ ရှင့်သားပေါ့" ဟု ပြောလိုက်ရာ၊ ဆီးဇော့က စိတ်ချဉ်ချဉ်နှင့် "ဒီစကားမျိုး မပြောပါနဲ့ နာတာ(လ်)ယာ" ဟု ဝင်တောလိုက်၏။

အမေသည် ထိုအမျိုးသမီးကို ကြည့်လိုက်၏။ သူသည် ဆမ္ဘိုင်းလော့၏မိခင်ဖြစ်၏။ ထိုအမျိုးသမီးဘေးမှ သူ့ခင်ပွန်းသည် ထိုင်နေ၏။ သူ့ခင်ပွန်းသည် ထိပ်ပြောင်ပြောင်နှင့် ရုပ်ရည် သနားကမား ဖြစ်၏။ သူ၏မျက်နှာသည် ပိန်၍ မုတ်ဆိတ်မွေးများသည် ရှည်နေ၏။ သူသည် မျက်လုံးများကိုမှေး၍ ရှေ့သို့ စိုက်ကြည့်နေ၏။ သူ့စိတ်ကို သူ ထိန်းထားရသဖြင့် သူ့မုတ်ဆိတ်မွေးများသည် တုန်နေလေသည်။

အပြင်ဘက်မှ ဆီးနှင်းများ ဖုံးထားသည့် ခပ်မြင့်မြင့် ပြတင်းပေါက်များမှ

အလင်းရောင် မှိန်မှိန်သည် အခန်းထဲသို့ ဝင်လျက်ရှိ၏။ ပြတင်းပေါက်နှစ်ပေါက်အကြားမှ ရွှေပေါင် သွင်းထားသည့် ဇာဘုရင့်ပုံကို ချိတ်ထား၏။ ထိုအရုပ်ဘေး၌ အနီပုပ်ရောင် ပြတင်းပိတ်များကို ဆွဲထား၏။ ဇာဘုရင်ရုပ်ပုံရှေ့၌ အစိမ်းရောင် သက္ကလတ်အကြမ်းနှင့် ဖုံးထားသည့် စားပွဲကြီး တလုံးရှိရာ ထိုစားပွဲကြီးသည် နံရံနှစ်ဖက်လုံးကို ထိလုမတတ် ကျယ်လှ၏။ သစ်သားခုံရှည်ကြီးနှစ်ခုကို သစ်သားတိုင်များနောက်တွင် လက်ယာဘက် နံရံနှင့်ကပ်လျက် ချထား၏။ လက်ဝဲဘက် နံရံအနား၌မူ အစိမ်းရောင် သက္ကလတ်ကြမ်း ဖုံများနှင့်ခင်းထားသည့် ငုတ်တုတ်ကုလားထိုင် နှစ်တန်း ချထား၏။ အစိမ်းရောင် ကော်လာများနှင့် ရွှေရောင်ကြယ်သီးများကို အင်္ကျီရှေ့မှ အောက်အထိ တပ်ထားသည့် ဝတ်စုံတို့ကို ဝတ်ဆင်ထားကြသည့် ရုံးအစောင့်အရှောက် အခိုင်းအစေတို့သည် ရုံးခန်းအတွင်း ရှေ့နှင့်နောက် တိတ်ဆိတ်စွာ သွားလိုက်လာလိုက် လုပ်နေကြ၏။ တရုံးခန်းလုံးကို တိုးတိုး တိုးတိုးနှင့် ပြောကြသည့် စကားသံများနှင့် ဆေးနံ့ဖြင့် လွှမ်းလျက်ရှိ၏။ အမေသည် သူ တွေ့မြင် ကြားနေရသည့် ဤရုပါရုံနှင့် သဒ္ဒါရုံတို့ကြောင့် အမေသည် ကြောက်ရွံ့ တုန်လှုပ်လာလေ၏။

ရုတ်တရက် တစုံတယောက်သော သူက အသံကျယ်ကျယ်နှင့် စကားပြောလိုက်၏။ အမေသည် လန့်သွား၏။ အခြားသူများအားလုံး မတ်တတ်ရပ်လိုက်လျှင် အမေသည်လည်း ဆီးဇော့၏ လက်ကို ကိုင်၍ မတ်တတ်ရပ်လိုက်၏။

လက်ဝဲဘက်မှ မြင့်မြင့်တံခါးသည် ပွင့်သွား၍ မျက်မှန်တပ်ထားသည့် အသက်အရွယ် ခပ်ကြီးကြီး လူတယောက်သည် ထော့နဲ့ ထော့နဲ့နှင့် ဝင်လာ၏။ သူ၏ ပါးနှစ်သွယ် နှစ်ဖက်ပေါ်၌ ပါးမြိုင်းမွေးတို့သည် ခပ်ကျဲကျဲ ပေါက်နေကြ၏။ သူ၏ ကျကျနန ရိတ်ထားသည့် အပေါ်နှုတ်ခမ်းသည် သွားမရှိသည့် သွားဖုံးနှင့် ကပ်လျက် ပိမ့်နေပြီး သူ၏မေးစေ့နှင့် မေးရိုးများသည် သူ၏ဝတ်စုံ ကော်လာပေါ်၌ တင်လျက်ရှိရာ ကော်လာ အတွင်း၌ လည်ပင်းပင် ရှိဟန်မတူချေ။ သူ့ကို အရပ်ရှည်ရှည် နီနီဝိုင်းပိုင်း ကြွေရုပ်မျက်နှာနှင့်တူသည့် မျက်နှာမျိုးနှင့် လူငယ်တယောက်က တွဲလာ၏။ သူတို့နှစ်ယောက်နောက်မှ ရွှေချည်များဖြင့် ဖွတ်မြီးထိုးထားသည့် ဝတ်စုံများကို ဝတ်ထားကြသည့် လူသုံးယောက်နှင့် ရိုးရိုး အရပ်သားအဝတ်အစားတို့ကို ဝတ်ဆင်ထားကြသည့် လူသုံးယောက်တို့သည် လိုက်လာကြလေသည်။

သူတို့သည် ထိုရှည်လျားသော စားပွဲခုံကြီးအနီး၌ ထိုင်ကြပြီး သူတို့အထဲမှ လူတစ်ယောက်က ကုန်း၍ အသက်အရွယ်ကြီးကြီး လူကြီးအား စကားတိုးတိုး ပြောနေလေရာ ဘာသံမှ မကြားရချေ။ သူ့နှုတ်ခမ်းထူကြီးများ လှုပ်နေသည်သာ မြင်ရ၏။ ထိုလူ၏ မျက်နှာတွင် မုတ်ဆိတ်မွေးလည်း မရှိ၊ ဘယ်သူ့ကိုမှ ဂရုစိုက်သည့်

လက္ခဏာလည်း မရှိချေ။ အဘိုးကြီးသည် ထိုလူပြောသည့် စကားတို့ကို နားထောင်နေရင်း သူ့ကိုယ်ကို မတ်မတ်တောင့်ထား၏။ သူ၏ မျက်မှန်နောက်မှ အရောင်အဆင်း မရှိသည့် သူ့မျက်လုံး သူငယ်အိမ်ငယ်ကလေးနှစ်ခုကို အမေသည် မြင်ရ၏။

စားပွဲရှည်ကြီး၏ တဖက်စွန်းအနီးရှိ စာရေးစားပွဲခုံ၌ အရပ်မြင့်မြင့် ထိပ်ပြောင်ပြောင် လူတယောက်သည် မတ်တတ်ရပ်နေ၍ စာရွက်စာတမ်းတို့ကို လှန်ကြည့်ရင်း သလိပ်ဟပ်နေ လေ၏။

အဘိုးကြီးသည် ရှေ့သို့ကုန်း၍ စကားစပြောလိုက်၏။ သူ စကားပြောတိုင်း ပြောတိုင်း ဝါကျအစ စကားတခွန်း နှစ်ခွန်းမျှသာ ပီပီသသပြော၍ နောက်စကားတို့ကား မပီမသ ဗလုံးဗထွေး ထွက်လာကြလေသည်။ သူပြောလိုက်သည့် စကားများအနက် ထင်ရှားပီသသည့် စကားတို့ကား၊

"ကျွန်ုပ် ကြေညာသည်၊ ၎င်းတို့ကို ခေါ်သွား" စသည်တို့ပင် ဖြစ်၏။ ထိုအတွင်း ဆီးဇော့သည် မတ်တတ်ရပ်ရင်း အမေ့ကို တံတောင်နှင့် အသာတွက်ကာ၊

"ကြည့် ကြည့်" ဟု ပြောလိုက်၏။

သစ်သားတိုင်များနောက်မှ တံခါးသည် ပွင့်သွား၍ ဓားရှည်ကို အလွတ်ကိုင်လာသည့် စစ်သား တယောက် ဝင်လာလေ၏။ သူ့နောက်မှ ပါဗယ်၊ ယူကရိန်းသား၊ ဗီယိုဒို မက်ဇင်၊ ဂူးဆက် ညီအစ်ကိုနှစ်ယောက်၊ ဆမွိုင်းလော့၊ ဘူကင်၊ ဆိုမော့တို့နှင့်အတူ အမေ အမည်မသိသည့် အခြားလူငယ် ငါးယောက်တို့ ပါလာကြ၏။ ပါဗယ်က အမေ့ကို ကြည့်၍ ပြုံးလိုက်၏။ ယူကရိန်းသားက ရယ်၍ ဦးခေါင်းကို ညိတ်လိုက်၏။ သူတို့ အပြုံးများ၊ ရွှင်မြူးတက်ကြွသည့် မျက်နှာများနှင့် ဟန်အမူအရာများကြောင့် ရုံးခန်းအတွင်းမှ ကျပ်တည်း ကျဉ်းမြောင်းမှုနှင့် ဟန်ဆောင်မှုတို့သည် တနည်းတလမ်းအားဖြင့် ပျက်ပြယ်သွား၏။ တရားခုံ၌ ထိုင်နေကြသည့် လူတို့၏ဝတ်စုံများတွင် ထိုးထားသော ရွှေချည်ရောင်သည်လည်း မှေးမှိန်သွား၏။ အကျဉ်းသမား များ၏ ယုံကြည်ချက် ပြည့်ဝမှု၊ အားတက်မှုတို့ကြောင့် အမေသည် သတ္တိရှိလာပြန်၏။ ရုံးခန်းနောက်ပိုင်း ခုံရှည်များပေါ်၌ ထိုင်နေကြသူတို့သည် ယခင်က စိတ်ပျက်ပျက်နှင့် စောင့်နေကြရာမှ လေသံ တိုးတိုး တိုးတိုးနှင့် စကားကျိတ်၍ ပြောလာကြလေသည်။

"သူတို့က မကြောက်ကြဘူးဗျာ့" ဟု ဆီးဇော့က တိုးတိုးပြော၍ ဆမွိုင်းလော့၏ အမေသည် နှာခေါင်းကို ရှုံ့နေစဉ် "တိတ်စေ" ဟူသော ပြင်းထန်သည့် အမိန့်ပေးသံသည် ပေါ်လာလေ၏။

"မောင်မင်းတို့ကို ကျွန်ုပ် သတိပေးရလိမ့်မယ်" ဟု အဘိုးကြီးက

ပြောလိုက်၏။ ရှေ့ဆုံးမှ ခုံရှည်ပေါ်၌ ပါဗယ်နှင့် ယူကရိန်းသားတို့သည် ကပ်လျက် ထိုင်နေကြပြီး သူတို့နှင့်အတူ ဖီယိုဒိုမက်ဇင်၊ ဆမ္ဘိုင်းလော့နှင့် ဂူးဆော့ ညီအစ်ကို နှစ်ယောက်သည်လည်း ထိုင်နေကြ၏။ ယူကရိန်းသားသည် မုတ်ဆိတ်မွေးကို ရိတ်ပစ်သော်လည်း နှုတ်ခမ်းမွေးက ရှည်၍ အောက်သို့ ကုတ်ကျနေသဖြင့် သူ၏ ဝိုင်းစက်သော မျက်နှာသည် ကြောင်၏မျက်နှာနှင့် တူနေ၏။ သူ့မျက်နှာထားသည်လည်း တမျိုးပြောင်းနေ၏။ ဖီယိုဒိုမက်ဇင်၏ အပေါ်နှုတ်ခမ်းပေါ်၌ အမည်းကြောင်း တကြောင်း ထင်နေပြီး သူ၏မျက်နှာသည် ဝိုင်းနေ၏။ ဆမ္ဘိုင်းလော့သည်ကား ယခင်ကကဲ့သို့ပင် ဆံပင် လိမ်ကောက်ကောက် ဖြစ်နေပြီး အိုင်ဗင်ဂူးဆော့ကမူ ပြုံးဖြဲဖြဲ လုပ်နေလေသည်။

ဆီးဇော့သည် ဦးခေါင်းကိုငုံ့၍ "အင်း၊ ဖီယိုဒို" ဟု ညည်းညူနေ၏။

အဘိုးကြီးက သူ၏ဦးခေါင်းကိုလည်း မလှုပ်၊ အကျဉ်းသမားတို့ကိုလည်း မကြည့်ဘဲ မေးနေသည့် မသဲကွဲ မထင်ရှားသည့် မေးခွန်းတို့ကို အမေသည် နားထောင်နေ၏။ ထို့နောက် သူ့သား၏ တိုတိုတုတ်တုတ် တည်ငြိမ်စွာ ပြန်ဖြေလိုက်သော အဖြေတို့ကို နားထောင်ကာ တရားခံ နာယက တရားသူကြီးနှင့် သူ့လက်ထောက် တရားခံအဖွဲ့တို့က သူ့သားအပေါ်တွင် ရက်စက် ကြမ်းကြုတ် နိုင်ကြလိမ့်မည် မဟုတ်ဟု ထင်မြင်လာလေသည်။ သို့ အမှုစစ်ဆေးရာမှ မည်သို့မည်ပုံ ဖြစ်လာမည်ကို မှန်းဆနိုင်ရန် အမေသည် တရားခံ အဖွဲ့ဝင်တို့၏ မျက်နှာများကို အကဲခတ် ကြည့်သောအခါ သူ၏စိတ်ထဲ၌ မျှော်လင့်ချက် ရှိလာလေသည်။

ကြွေရုပ်နှင့်တူသော အရာရှိက အမှုနှင့် ပတ်သက်သည့် စာတမ်းတခုကို အလွန် ပျင်းရိ လေးတွဲ့လှသည့်အသံနှင့် ဖတ်နေရာ အလွန် ငြီးငွေ့စရာ ကောင်းလှသဖြင့် ရုံးခန်းတွင်းမှ ပရိသတ်သည် ငိုက်မျဉ်း တွေဝေနေကြတော့၏။ ရှေ့နေ လေးယောက်သည် တရားခံများနှင့် အားတက်သရော စကားပြောနေကြ၏။ သူတို့သည် လျင်လျင်မြန်မြန် ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားလျက် ရှိကြရာ အမေသည် အားတက်လာ၏။ တရားခံ နာယက အဘိုးကြီး၏ တဖက်၌ရှိသော ငုတ်တုတ် ကုလားထိုင်သည် တရားသူကြီးနှင့်ပင် ပြည့်နေ၏။ သူ၏ သေးငယ်သော မျက်လုံးများသည် အလွန် ဝဖြိုးလှသည့် သူ၏ ဆူဖြိုးသော မျက်နှာတွင် ပွေးမျက်လုံးကလေးများကဲ့သို့ ရေးရေးသာ ရှိတော့၏။

နာယက အဘိုးကြီး၏ အခြားတဖက်၌မူ ပါးမြိုင်းမွေးနီနီ၊ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် လက်ပြင်လျောလျော တရားသူကြီးတယောက် ထိုင်နေ၏။ သူသည် သူ၏ဦးခေါင်းကို ကုလားထိုင် နောက်မှီပေါ်၌ လှန်ထား၍ မျက်လုံးများကိုမှေးပြီး ထွေရာလေးပါး စဉ်းစားနေ၏။ အမှုလိုက်ကလည်း ပျင်းရိငြီးငွေ့သည့်အသွင်ကို ဆောင်နေ၏။ ထို တရားသူကြီး၏ နောက်တန်း၌

မြို့တော်ဝန်နှင့် အစိုးရရှေ့နေကြီးသည် ထိုင်နေကြ၏။ မြို့တော်ဝန်သည် ကာယဗလ တောင့်တင်း၍ ဣန္ဒြေကြီးသူတယောက် ဖြစ်ပြီး သူ၏ပါးကို အမြဲတမ်း လက်နှင့်ပွတ်နေ၏။ အစိုးရရှေ့နေကြီး၏ ဆံပင်သည် ဖြူရော်ရော် ဖြစ်၍ ပါးများသည် နီနေ၏။ သူ၏မုတ်ဆိတ်မွေးသည် ရှည်ပြီး မျက်လုံးများသည် ပြူး၍ နှစ်သက်ဖွယ် ဖြစ်၏။ နာယက အဘိုးကြီးကမူ သူ၏ ဗိုက်ပူကြီးကြောင့် အနေရ အထိုင်ရ ခက်နေသလား မသိ။ ထိုဗိုက်ကြီးကို သူ့အင်္ကျီရှည် အောက်နားများနှင့် ဖုံးဖုံးထား၏။ သို့ရာတွင် အင်္ကျီအောက်နားများက မကြာခဏ လျောလျောကျနေလေသည်။

ထိုအတွင်း…

“ဒီနေရာမှာ ရာဇဝတ်ကောင်တွေလည်း မရှိဘူး။ တရားသူကြီးတွေလည်း မရှိဘူး။ အဖမ်းခံရတဲ့ လူတွေနဲ့ ဖမ်းတဲ့လူတွေပဲ ရှိတယ်” ဟူသော ပါဗယ်၏တည်ငြိမ်သည့်အသံသည် ပေါ်လာလေ၏။

အားလုံး ငြိမ်သွားလေ၏။ စက္ကန့်အနည်းငယ်အတွင်း အမေသည် လျှင်မြန်စွာ ရေးနေသည့် မင်တံတချောင်း၏ ရေးသံ၊ ခြစ်သံနှင့် သူ၏ နှလုံးသား၏ တဒိတ်ဒိတ် ခုန်နေသည့် အသံတို့မှအပ အခြား မည်သည့်အသံကိုမျှ မကြားချေ။

တရားခံ နာယက တရားသူကြီး ကိုယ်တိုင်ကလည်း နားထောင်နေပြီး နောက်ထပ် ဘာပြောဦးမည်ကို စောင့်နေဟန်တူ၏။ သူ၏ လက်ထောက် တရားသူကြီးတို့သည် လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။ နောက်ဆုံး၌ တရားခံ နာယက တရားသူကြီးက…

"အင်း၊ အင်ဒရေ နက်ခေါ့ကာ၊ (ယူကရိန်းသားကို ဆိုလိုပါသည်) မောင်မင်းကကော အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးသလား” ဟု မေးပြန်၏။

ယူကရိန်းသားသည် ဖြည်းညင်းစွာ မတ်တတ်ရပ်ပြီး ရင်ကိုကော့လိုက်၏။ သူ၏ နှုတ်ခမ်းမွေး များကို လက်နှင့်ဆွဲ၍ နာယက အဘိုးကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လျက် ပခုံးများကို တွန့်ကာ…

“ကျွန်တော်က ဘယ့်နှယ်လုပ်ပြီး အပြစ်ရှိတယ်လို့ ဖြောင့်ချက်ပေးနိုင်ပါ့မလဲ။ ကျွန်တော်က ဘယ်သူကိုမျှလည်း မသတ်ဘဲ၊ ဘာကိုမှလည်း မခိုးဘဲနဲ့။ ကျွန်တော်က လူတွေကို တယောက်နဲ့ တယောက် လုယက် သတ်ဖြတ်အောင် ဖန်တီးနေတဲ့ ဘဝကိုသာ ဆန့်ကျင် တိုက်ဖျက်နေတာပဲ” ဟု ပြန်ဖြေလိုက်၏။

နာယက အဘိုးကြီးက အားယူပြီး “ပြန်ဖြေတဲ့အခါ တိုတိုတုတ်တုတ်

ဖြေကြပါ” ဟု ပြောလေ၏။

အခန်းနောက်ပိုင်း ခုံရှည်များမှ မထင်ရှား မသဲကွဲသည့်အသံများ ပေါ်လာလေ၏။ လူအများသည် လေသံတိုးတိုးနှင့် စကားများ ပြောကြ၍ ကြွေရုပ်နှင့်တူသည့် လူက ပြောနေသည့် စကားတို့ကို မကြားချင်ဟန်ဖြင့် ဟိုသွားလိုက် သည်သွားလိုက် လုပ်နေကြ၏။

“သူတို့ပြောတာ ကြားရဲ့လား” ဟု ဆီးဇော့က တိုးတိုး ပြောလိုက်၏။

တဖန် နာယက အဘိုးကြီးက၊

“မောင်မင်း ဗီယိုဒိုမက်ဇင်က ဖြေပါ” ဟု ပြောလိုက်ပြန်၏။ ဗီယိုဒိုက ရုတ်တရက် ရပ်လိုက်ပြီး

“ကျွန်တော် မဖြေဘူး” ဟု ပြန်ပြော၏။ သူ၏မျက်နှာသည် နီမြန်း၍ သူ၏ မျက်လုံးများသည် တောက်ပြောင်နေကြ၏။ လက်များကိုမူ နောက်သို့ ပစ်ထားလေသည်။

ဆီးဇော့သည် သက်ပြင်းတချက် ရှူလိုက်၏။ အမေကမူ အံ့အားသင့်သွားကာ မျက်လုံးများ ပြူးသွားလေသည်။

ဗီယိုဒိုသည် တဖန် ဆက်၍...

“ကျွန်တော့်အတွက် လိုက်ပေးမယ့် ရှေ့နေလည်း ကျွန်တော် မငှားဘူး။ ဘာမှလည်း မပြောချင်ဘူး။ ကျွန်တော်က ဒီလို စစ်ဆေးတာကို မတရားဘူးလို့ ယူဆတယ်။ ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျွန်တော်တို့ကို ဒီလို စစ်ဆေးစီရင်ဖို့ ခင်ဗျားတို့မှာ အခွင့်အာဏာတွေကို ပေးထားသလား။ ခင်ဗျားတို့ကို သူတို့က ပေးမထားပါဘူး။ ပြီးတော့ ခင်ဗျားတို့မှာ အခွင့်အာဏာ ရှိတယ် ဆိုတာကိုလည်း ကျွန်တော်က အသိအမှတ် မပြုဘူး” ဟု ပြောလိုက်ပြန်၏။

ထိုနောက် ထိုင်ချလိုက်ပြီး သူ၏ နီမြန်းနေသည့် မျက်နှာကို ယူကရိန်းသား၏ ပခုံးနောက်၌ ကွယ်ထားလိုက်လေသည်။

ဝဝဖိုင့်ဖိုင့် တရားသူကြီးသည် နာယက တရားသူကြီးဆီသို့ ဦးခေါင်းကို ညိတ်လိုက်၍ နားထဲသို့ တခုခုကို တိုးတိုး ပြောလိုက်၏။ ဖြူဖပ်ဖြူရော် မျက်နှာနှင့် တရားသူကြီးသည် မျက်လုံးများကို ဖွင့်ပြီး အကျဉ်းသားများအား စောင်း၍ကြည့်လိုက်၏။ ထိုနောက် သူ့ရှေ့၌ ချထားသည့် စာရွက်ပေါ်၌ တစုံတခုကို ရေးလိုက်၏။ နာယက အဘိုးကြီးသည် ဦးခေါင်းကိုယမ်း၍ သူ၏မိုက်ကြီးကို သူ၏ဒူးများပေါ် သက်သက်သာသာ တင်ထားရန် သူ့ခြေထောက်များကို ရွှေ့လိုက်ပြီး

သူ့ဗိုက်ကို လက်များနှင့် အုပ်ထားလေ ၏။ ထိုနောက် သူ၏ဦးခေါင်းကို မလှည့်ဘဲ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် တရားသူကြီးဘက်သို့ သူ့ကိုယ်သူကိုင်း၍ ဆီမန်း မန်းသလို သူ့နှုတ်ခမ်းများကို လှုပ်နေလေ၏။ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် တရားသူကြီးက ဦးခေါင်းကို ညိတ်လိုက်၏။ အစိုးရရှေ့နေကြီးက အမှုလိုက်အား တစုံတခုကို ပြောလိုက်ရာ ယခုတိုင် ပါးကိုပွတ်နေသည့် မြို့တော်ဝန်က နားစွင့်နေလေ၏။ တဖန် နာယက အဘိုးကြီးက သူ၏ ငြီးငွေ့ဖွယ်ရာ အသံဖြင့် စကားပြောပြန်၏။

ဆီးဇော့က "အင်း၊ သူတို့တတွေကို သူက ဘယ်လိုအမိန့် ချလိုက်မယ်ဆိုတာကို နားထောင်နော်၊ သူက ဒီလူတွေထဲမှာ ဘာပြုလို့များ အကြီးအကဲ ဖြစ်နေတာပါလိမ့်" ဟု အံ့ဩစွာ အမေ့အား တိုးတိုးပြောလေ၏။

အမေသည် ပြုံးနေ၏။ သူ့စိတ်ထဲတွင် ဘာမှ မဝေခွဲတတ်ဘဲ ရှုပ်ထွေးနေ၏။ ယခု ဖြစ်ပျက်နေသည့် အဖြစ်အပျက် အားလုံးသည် သူ့အတွက် ပျင်းရိစရာ အရေးမကြီးသည့် နိဒါန်းပျိုးမှုမျှသာ ဖြစ်၏။ ဤနိဒါန်းအပြီး မကြာမီ ကြောက်ဖွယ်လိလိ အရေးအခင်းတရပ် ဖြစ်ပွားလာ၍ သူတို့အားလုံးအား ဖျက်ဆီးချေမှုန်းပစ်လိမ့်မည်ဟု ယူဆမိ၏။ သို့ရာတွင် ပါဗယ်နှင့် ယူကရိန်းသားတို့၏ စကားတို့သည် ရုံးခန်းထဲ၌ ပြောသည့် စကားမျိုး မဟုတ်ဘဲ သူတို့အိမ်၌ ပြောလိုက်သည့် စကားမျိုးကဲ့သို့ ကြောက်ရွံ့ခြင်းလည်း ကင်းမဲ့၏။ အင်အားလည်း ပါ၏။ ဖီယိုဒို၏ စိတ်နှင့်မာန်နှင့် ရုတ်တရက် ဖြောင်ဖွင့်၍ ပြောလိုက်သည့် စကားတို့ကြောင့် အမေသည် နိုးကြားလာ၏။

ဤအမှု စီရင်ရာတွင် ရဲရင့် ပြောင်မြောက်သည့် ကိစ္စတရပ် ပေါ်ထွက်လာသည်ကို သူ့နောက်မှ ထိုင်နေကြသူတို့ လှုပ်ရှားတက်ကြွလျက် ရှိနေကြသည်ကို ကြည့်ခြင်းအားဖြင့် သူတယောက်တည်းသာ မဟုတ်ဘဲ အခြားသူများကလည်း သတိပြုမိကြသည်ကို အမေ သိ၏။

"ခင်ဗျားတို့ ဘယ်လို သဘောရသလဲ" ဟု နာယက အဘိုးကြီးက မေးလိုက်၏။

ထိပ်ပြောင်ပြောင် အမှုလိုက်သည် မတ်တတ်ရပ်ပြီး ဥပမာ ဥပမေယျတို့ကို ဆောင်၍ စကားကို ခပ်သွက်သွက် ပြောနေရင်း သူ၏လက်တဖက်ကို စာရေးစားပွဲခုံပေါ်၌ တင်ထားလေ၏။ သူ၏အသံထဲ၌ ကြောက်စရာသဘော မရှိပါချေ။

တချိန်တည်း၌ပင် အမေ၏ အသည်းနှလုံးထဲ၌ အပ်နှင့်ဆွသကဲ့သို့ နာကျင်သည့် ခံစားမှု တရပ်သည် ပေါ်လာ၏။ တရားခုံအဖွဲ့ဝင်တို့သည် လက်သီးလက်မောင်းတန်းကာ အော်ဟစ် ကြိမ်းမောင်းခြင်း မပြုသော်လည်း

အန္တရာယ် တခုခု ဆိုက်ရောက်လိမ့်မည်ဟု အမေသည် ဝိုးတိုးဝါးတား ထင်မြင်လာ၏။ ဤအန္တရာယ်သည် မသိမသာ သိမ်မွေ့ နူးညံ့စွာ ကြီးထွားလျက် ရှိ၏။ အမေသည် တရားခံအဖွဲ့ဝင်တို့ကို ကြည့်သော်လည်း သူတို့၏သဘောကို နားမလည်နိုင် ချေ။ သူ မျှော်လင့်ထားသည့်အတိုင်း ပါဗယ်နှင့် ဖီယိုဒိုအပေါ်၌ သူတို့သည် ဒေါသမဖြစ်ကြ။ သူတို့ကို ရန်လည်း မမူကြ။ သူတို့ မေးသည့်မေးခွန်းတို့ကိုပင် သူတို့ကိုယ်တိုင်က အရေးတကြီး သဘောထားပုံလည်း မပေါ်ကြ။ သူတို့သည် ဘာမှ အရေးစိုက်ပုံမပေါ်။ သူတို့၏ မေးခွန်းများကို ပြန်ဖြေလိုက်သည့် အဖြေတို့ကိုပင် သူတို့ကိုယ်တိုင် လက်ဦးက ကြိုတင်သိထားကြပြီး သူတို့ ကြိုတင်သိထားသည်နှင့် ဘာမျှ မထူးခြားသကဲ့သို့ စိတ်မပါ့တပါနှင့် မနည်းအားယူ၍ နားထောင်နေကြဟန် ရှိလေသည်။

ထိုအတွင်း စစ်ပုလိပ်တယောက်သည် သူတို့ရှေ့၌ လာ၍ရပ်ကာ ကျယ်လောင် စူးရှသည့်အသံနှင့်

“ပါဗယ်ဟာ အဓိက လှုံ့ဆော်သူလို့ ပြောကြပါတယ်” ဟု ပြောလေ၏။

“အင်ဒရေ နစ်ခေါ့ကာကကော” ဟု ဝဝဖိုင့်ဖိုင့် တရားသူကြီးက ပျင်းရိငြီးငွေ့သည့် လေသံဖြင့် မေးလေ၏။

“သူလည်းပဲ လှုံ့ဆော်သူ ဖြစ်ပါတယ်”

ရှေ့နေတယောက်က မတ်တတ်ရပ်လိုက်ပြီး…

“ကျွန်တော် စကားတခွန်းလောက် အစီရင်ခံပါရစေ” ဟု ပြောလိုက်၏။

“ကန့်ကွက်စရာများ ရှိပါသလား” ဟု နာယက အဘိုးကြီးက မေး၏။

တရားသူကြီး အားလုံးသည် မကျန်းမမာ ဖြစ်နေပုံပေါ်၏။ သူတို့၏ အပြုအမူတို့ကို ကြည့်၍ သူတို့၏ စကားသံများကို နားထောင်လျှင် သူတို့သည် မကျန်းမမာနှင့် နွမ်းရိ ငြီးငွေ့နေသည်ကို တွေ့မြင်နေရ၏။ သူတို့၏ မျက်နှာများကလည်း ဤသဘောကိုပင် ဆောင်နေကြ၏။ သူတို့ဝတ်စုံများကို ဝတ်၍ စစ်ပုလိပ်များ၊ ရှေ့နေများအကြား ဤရုံးခန်းအတွင်း၌ မေးခွန်းများကို မေးလိုက်၊ အမှုသွား အမှုလာတို့ကို နားထောင်လိုက်နှင့် ငုတ်တုတ် ကုလားထိုင်များပေါ်တွင် မရှောင်မလွှဲသာသဖြင့် ထိုင်နေကြရသည်ကို သူတို့သည် ဝဋ်ခံနေကြရသည်ဟု ယူဆနေကြသည် မှာ ထင်ရှားနေ၏ ။

အမေသိသည့် ဝါဖန့်ဖန့် မျက်နှာနှင့် အရာရှိသည် သူတို့ရှေ့၌ မတ်တတ်ရပ်လျက် ပါဗယ်နှင့် ယူကရိန်းသားတို့ အကြောင်းကို ကျယ်လောင်သောအသံနှင့် ဆွဲဆွဲ ငင်ငင် ပြောပြနေ၏။

အမေသည် သူပြောသည့် စကားတို့ကို နားထောင်ရင်း... "အင်း၊ သူတို့ သိတာကဖြင့် နည်းနည်း ရှိသေးတယ်" ဟု သူ့ဘာသာသူ ကျိတ်၍ပြော၏။

အမေသည် သစ်သားတိုင်များအနောက်မှ ပါဗယ်တို့လူစုကို သူတို့အတွက် ကြောက်လည်း မကြောက်၊ သူတို့အပေါ်၌ သနားလည်း မသနားဘဲ ဥပေက္ခာပြုကာ ကြည့်နေမိလေ၏။ သူသည် သူတို့ကို မသနား၊ သူတို့ကို ချစ်ရုံသာ ချစ်၏။ ထို့ကြောင့် သူ့ကိုယ်သူ အံ့ဩနေမိ၏။ သူ့အချစ်သည် နှလုံးသားကို နာကျင်စေသည့် အချစ်ဖြစ်၍ သူ၏ အံ့ဩမှုသည် တည်ငြိမ်သည့် အံ့ဩမှု ဖြစ်၏။ ပါဗယ်တို့လူစုသည် နံရံကို ကျောခိုင်း၍ ထိုင်နေကြ၏။ သူတို့သည် ငယ်ရွယ် နုပျို၍ အားခွန်ဗလကလည်း တက်နေသည့် အရွယ်များ ဖြစ်ကြပြီး သက်သေများနှင့် တရားသူကြီးတို့ ပြောဆိုနေကြသည့် ငြီးငွေ့ဖွယ်ရာ ကောင်းသည့် စကားများကိုလည်းကောင်း၊ ရှေ့နေများနှင့် အမှုလိုက်တို့ ငြင်းခုံနေကြသည့် စကားများကိုလည်းကောင်း အနည်းငယ်မျှသာ အလေးဂရု ပြုကြ၏။ မကြာခဏ သူတို့အထဲမှ ရဲဘော်တယောက်က ပြောင်လှောင် သရော်သည့်အနေဖြင့် ရယ်ပြီး ကျန်ရဲဘော်များအား စကားပြောနေတတ်၏။ ထိုရဲဘော်များ ကလည်း သူကဲ့သို့ပင် သရော်တော်တော်နှင့် ပြုံးနေတတ်ကြ၏။ ပါဗယ်နှင့် ယူကရိန်းသား တို့သည် တရားခံများဘက်မှ လိုက်သည့် ရှေ့နေများထဲမှ တယောက်နှင့် အဆက်မပြတ် စကားတိုးတိုး ပြောနေကြ၏။ ထိုရှေ့နေကို အမေသည် ယခင်တညက နစ်ကိုလိုင်တို့အိမ်၌ မြင်ခဲ့ဖူး၏။ အခြားသူများထက် လှုပ်လှုပ်ရွရွ ဖြစ်နေသော ဖီယိုဒိုမက်ဇင်သည် သူတို့ စကားပြောနေကြသည်ကို နားထောင်နေ၏။ တခါတရံ ဆမွိုင်းလော့က အိုင်ဗင်ဂူဆက်အား တခုခု ပြောလိုက်၏။ ထိုအခါ အိုင်ဗင်က သူ့ကို တံတောင်နှင့်တွက်၍ သူ့ကိုယ်သူ မရယ်မိအောင် မနည်း ကြိုးစားထားရသဖြင့် သူ့မျက်နှာသည် နီလာပြီး သူ၏ပါးများသည် ဖောင်းလာလေ၏။ သူ၏ဦးခေါင်းကိုလည်း ငုံ့ထားရလေ၏။ သို့လျက်နှင့်ပင် သူသည် သူ့ကိုယ်သူ မထိန်းနိုင်သဖြင့် နှစ်ကြိမ်ထိ ထ၍ ရယ်မိ၏။ ထိုနောက် သူ့ကိုယ်သူ အနိုင်နိုင် ချုပ်တည်းရင်း အချိန်အတော်ကြာ ငြိမ်ပြီး ကုပ်၍ ထိုင်နေလေ၏။ အကျဉ်းသမားများသည် အသက်အရွယ်အားဖြင့် ငယ်ရွယ် နုပျိုကြ၏။ ဤငယ်ရွယ်နုပျိုခြင်းကပင် သူတို့၏တက်ကြွမှုကိုဖိနှိပ်ချုပ်ချယ်ရန် ကြိုးပမ်းနေသည့် ကြိုးပမ်းချက်ဟူသမျှ တွန်းလှန် တိုက်ဖျက်လျက် ရှိလေသည်။ ဆီးဇော့က အမေ၏ တံတောင်ဆစ်ကို အသာတို့လိုက်၏။

အမေက လှည့်ကြည့်လိုက်သောအခါ ဆီးဇော့သည် အနည်းငယ် စိုးရိမ်ကြောင့်ကြမှု ရှိနေသော်လည်း သူ့စိတ်ထဲ၌ ကျေနပ်နေသည်ကို အမေသည် အကဲခတ်မိ၏။

"ကြည့်စမ်း၊ ဒီလူငယ်တွေဟာ ဘယ်လောက် သတ္တိရှိကြတယ်ဆိုတာကို။

တကယ့် မင်းသားတွေပဲ” ဟု ဆီးဇော့က တိုးတိုး ပြောလိုက်၏။

ရုံးခန်းအတွင်း၌ သက်သေများက အနှစ်သာရ ကင်းမဲ့သည့် စကားတို့ကို သုတ်သီးသုတ်ပျာ ပြောနေကြ၏။ တရားသူကြီးများကလည်း မပြောချင်၊ ပြောချင် စိတ်လက်မပါဘဲ ပြောနေကြ၏။ ဝဝဖိုင့်ဖိုင့် တရားသူကြီးသည် သူ၏ပါးစပ်ကို တုတ်ပွပွ လက်တဖက်နှင့် ပိတ်ရင်း သမ်းဝေနေ၏။ ပါးမြိုင်းမွေးနီနီနှင့် တရားသူကြီးကမူ ခါတိုင်းထက် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ သူသည် မကြာခဏ သူ့နားထင်ကို လက်ချောင်းတချောင်းနှင့် ထောက်ပြီး ရုံးခန်းမျက်နှာကြက်ကို ကြောင်တောင်စိုက်၍ကြည့်နေတတ်၏။ တခါတရံ အမှုလိုက်သည် မှတ်စရာ သားစရာ အချက်အလက်တို့ကို မှတ်သားပြီး အစိုးရ ရှေ့နေကြီးနှင့် စကားတိုးတိုး ပြောနေတတ်၏။ အစိုးရ ရှေ့နေကြီးကမူ သူ၏ ဖြူရော်ရော် မုတ်ဆိတ်မွေးကို လက်နှင့်သပ်ပြီး သူ၏ ပြူးကျယ်သည့် မျက်လုံးကြီးများနှင့် ကလယ် ကလယ် ကြည့်၍ ပြုံးနေရင်း ဇက်ကို စင်းနေတတ်၏။ မြို့တော်ဝန်သည် တင်ပျဉ်ချိတ်၍ ထိုင်နေပြီး သူ၏ဒူးတွေကို လက်ချောင်းများနှင့်ခေါက်ရင်း သူ့လက်ချောင်းတွေကို သူ ဖြန့်ကြည့်နေလေ၏။ သူ့ဗိုက်ပူကြီးကို ဒူးနှစ်လုံးပေါ်၌တင်၍ လက်နှစ်ဖက်နှင့် ပိုက်ထားသည့် နာယက အဘိုးကြီး တယောက်တည်းကသာလျှင် ဤ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှသည့် စကားတို့ကို နားထောင်နေဟန်ရှိ၏။ ရုံးခန်းသည် အချိန်ကာလ ရှည်လျားစွာ ဤကဲ့သို့ဖြစ်နေရာ ပရိသတ်သည် ငြီးငွေ့လှသဖြင့် ထုံမှိုင်းနေလေ တော့၏။

ထို့နောက် နာယက အဘိုးကြီးသည် မတ်တတ်ရပ်၍ “ကျွန်ုပ် ကြေညာလိုက်သည်မှာ” ဟု ပြောလိုက်၏။ ထို့နောက် သူ၏ပါးလွှာသော နှုတ်ခမ်းများမှ ခုတ်ရာတခြား ရှရာတခြား စကားများကို ဆက်လက် ပြောနေလေ၏။

ထိုနောက် သက်ပြင်းချသံများ၊ ဟစ်အော်သံများ၊ ချောင်းဆိုးသံ၊ ခြေထောက်ရွှေ့သံများကို ကြားရ၏။ အကျဉ်းသားများကို ရုံးခန်းပြင်သို့ ထုတ်သွားကြ၏။ သူတို့ ဆွေမျိုးများနှင့် မိတ်ဆွေများဘက်သို့ လှည့်၍ ပြုံးပြီး ခေါင်းညိတ်ကြလေ၏။

“စိတ်မပျက်ပါနဲ့ ယေဂါ” ဟု အိုင်ဗင်ဂူးဆက်က ပြောလိုက်၏။

အမေနှင့် ဆီးဇော့တို့သည် ဝရန်တာဘက်သို့ ထွက်ခဲ့ကြပြီး ဆီးဇော့က “ကျုပ်တို့ ထမင်းဆိုင် သွားပြီး လက်ဖက်ရည် သောက်ကြဦးစို့လား။ ကျုပ်တို့ အချိန် တနာရီခွဲလောက်တော့ ရှိသေးတယ်” ဟု ပြော၏။

“ကျုပ်တော့ မသောက်ချင်ဘူး”

“ကျုပ်လည်းပဲ မသောက်ချင်ပါဘူး။ ဒီလူငယ်တွေကို ခင်ဗျား

ဘယ်လိုသဘောရသတုံး။ သူတို့ကတော့ ဘာမှ သဘောမထားတဲ့အနေနဲ့ ဟိုမှာ ထိုင်နေလိုက်ကြတာ။ အဲဟို ဖီယိုဒိုမက်ဇင်ကဖြင့်”

ထိုအတွင်း ဆမ့်ပွိုင်းလေ့၏ဖခင်သည် ဦးထုပ်ကိုကိုင်ကာ သူတို့နှစ်ယောက်ဆီသို့လာပြီး ဝမ်းနည်းသည့် သဘောမျိုးဖြင့်

“ကျုပ်သားကို မြင်ရဲ့လားဗျာ၊ သူက ဘာမှ သူ့ကိုယ်သူ မကာကွယ်ဘူး။ သူတို့ကို စကားတောင် မပြောဘူး။ ဒီလို သူတို့ကို ဘာမှ စကားမပြောဘဲ သူ့ကိုယ်သူ ဘာမှ အကာအကွယ်မပေးတာ ရှေ့နေတွေတောင် ငှားထားသေးတယ် အမေ။ ဒါပေမဲ့ ကျုပ်သားကတော့ ဘာမှမပြောဘူး။ အဲဒီ နောက်လေးယောက်လည်း ဒီလိုပဲ၊ ဘာအကာအကွယ်မှ မပေးဘူးလို့ ငြင်းကြတယ်” ဟု ပြောလေ၏။

သူ့ဇနီးက သူ့အနားသို့ကပ်၍ ရပ်နေပြီး မျက်ရည်များကိုဆည်ကာ သူ့လက်ကိုင်ပဝါ ထောင့်စွန်း တစွန်းနှင့် နှာခေါင်းကို သုတ်နေလေ၏။

တဖန် ဆမ့်ပွိုင်းလေ့က သူ၏ မုတ်ဆိတ်မွေးကို လက်နှင့်ကိုင်ရင်း ကြမ်းပြင်ကို စိုက်ကြည့်လျက်၊

“ခင်ဗျားတို့က သူတို့ကိုကြည့်ရင် သူတို့တတွေ ဒီလိုဒုက္ခဖြစ်ရတဲ့အတွက် မသနားဘဲ နေနိုင်ကြမှာ မဟုတ်ဘူး။ အဲဒီနောက် သူတို့တတွေဟာ ဘာမှ မဖြစ်ပါဘူးလို့ စဉ်းစားမိကြ လိမ့်မယ်။ အထူးသဖြင့် အလုပ်ရုံမှာ သူတို့လူတွေ ဘယ်လောက်များများ လာတယ်ဆိုတာကို မြင်ကြရရင်လားဗျာ။ ပုလိပ်တွေကတော့ တယောက်ပြီး တယောက် ဖမ်းဖမ်းနေကြတာပဲ။ ဒါပေမဲ့ ဖမ်းလို့ကို မကုန်ဘူး။ ဘိုးဘိုးအောင် ဝတလုံးကို တလုံး ဖျက်တော့ နှစ်လုံး ဖြစ်ဖြစ်လာတော့တာပေါ့။ အဲဒီတော့ သူတို့ဘက်မှာ အားရှိတယ်လို့ ယူဆကြမှာပေါ့” ဟု ပြောပြန်ရာ ဆီးဇော့က…

“ဒီလိုဟာမျိုးတွေကို ကျုပ်တို့ကတော့ နားမလည်ဘူးဗျာ့” ဟု ပြန်ပြောလိုက်၏။

“ဟုတ်တယ်၊ ဒီဟာက နားလည်ဖို့တော့ ခက်တယ်” ဟု ဆမ့်ပွိုင်းလေ့က ပြောလိုက်သောအခါ သူ့မိန်းမက နှာခေါင်းကို တချက်ရှုံ့ကာ

“သူတို့တတွေကတော့ လူကောင်းတွေပါ” ဟု ဝင်၍ ပြောလိုက်၏။ ထိုနောက် သူသည် အမေ့ဘက်သို့လှည့်ပြီး ပြုံးလျက်

“ကျုပ်ကိုတော့ စိတ်မဆိုးနဲ့နော်။ စောစောက ကျုပ်က တော့်သားကို အပြစ်တင်ခဲ့တယ်။ ဒါပေမဲ့ ဘယ်သူ့ကို အများဆုံး အပြစ်တင်ရမယ်ဆိုတာ နတ်မိစ္ဆာမှပဲ သိမယ်။ စစ်ပုလိပ်တွေနဲ့ စုံထောက်တွေက ကျုပ်တို့သား ဂရင်ဂေါ်ရီနဲ့

ပတ်သက်လို့ ဘာပြောကြတယ်ဆိုတာကို တော် ကြားလိုက်တယ်မဟုတ်လား။ သူလည်းပဲ သူ့ဟာနဲ့သူ လုပ်ခဲ့တာပဲ။ တကယ့် ခေါင်းမွေးနီနဲ့ လူဆိုး” ဟု ပြောလေ၏။

သူသည် အမှတ်မထင် သူ့သားအတွက် ဂုဏ်ယူမိ၏။ သို့ရာတွင် အမေသည် ဤအချက်ကိုသိ၍ သူ့အပေါ်တွင် သနားကြင်နာစွာ ပြုံးလျက်...

“လူငယ်တွေဟာ အမှန်တရားကို ပိုပြီး သိလွယ်မြင်လွယ်ကြတယ်” ဟု ပြန်ပြောလိုက်၏။

လူများသည် ရုံးခန်း ဝရန်တာအတွင်း ဟိုဟိုဒီဒီ သွားကြ၍ အစုအအုပ်များဖွဲ့ကာ တိုးတိုး တိုးတိုးနှင့် စိတ်အားထက်သန်စွာ စကားပြောနေကြ၏။ ဘယ်သူမျှ တဦးချင်း တယောက်ချင်း ရပ်မနေချေ။ လူတိုင်းသည် တယောက်နှင့်တယောက် အလွန် မေးချင် မြန်းချင်၏။ အခြားလူများက ပြောသည့်စကားတို့ကိုလည်း အလွန်ကြားချင်၏။ သူတို့သည် အုတ်နံရံများ အကြားမှ လမ်းမြောင်ကလေးပေါ်၌ ရှေ့တိုးလိုက် နောက်ဆုတ် လိုက် လုပ်နေကြ၏။ ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ရန် တခုခုကို လိုက်၍ရှာနေကြဟန်တူ၏။

ဘူကင်ကဲ့သို့ အသားအရေလှလှ၊ အရပ်ရှည်ရှည် သူ့အစ်ကိုသည် လက်များကို တအားဝှေ့ကာ ယမ်းကာနှင့်၊

“အဲဟို နာယက အဘိုးကြီးက လီပါနော့က၊ ဒီမှာ ဘာမှလာပြီး ရှုပ်နေစရာ မလိုဘူး” ဟု ပြောလိုက်လျှင် သူ၏အဖေ ပုညက်ညက် အဘိုးကြီးက ဟိုဟိုဒီဒီ သတိနှင့်ကြည့်၍

“ဟော့၊ မင်း ဘာမှပြောနဲ့နော် ကွန်စတင်” ဟု ဆိုလိုက်၏။

“မဟုတ်ဘူး၊ ကျွန်တော်ကတော့ ပြောရလိမ့်မယ်။ မနှစ်က သူ စာရေးတယောက်ကို အဲဒီစာရေးရဲ့မိန်းမနဲ့ပတ်သက်ပြီး သတ်ပစ်လိုက်တယ်လို့ သတင်းဖြစ်နေတယ်။ သူက အဲဒီမိန်းမနဲ့ အခုနေတယ်။ ဒါကို ဘာခေါ်မလဲ။ ဒါတင်မကသေးဘူး၊ လူတိုင်းက သူဟာ သူခိုးလို့လည်း ပြောသေးတယ်”

“ဘုရားသခင် မျက်နှာတော်ကို ထောက်ပြီး ကွန်စတန်တင်”

“အဲဒါမှန်တယ် အဲဒါမှန်တယ်။ အခု တရားခုံရုံးအဖွဲ့က စစ်ဆေးတာဟာ တရားသဖြင့် ဖြစ်တယ်လို့ မဆိုနိုင်ဘူးဗျာ” ဟု ဆမ္ပိုင်းလော့က ဝင်၍ပြောလိုက်၏။

ဘူကင်သည် ဆမ္ပိုင်းလော့ ပြောသည့်စကားကို ကြားလျှင် သူတို့အနားသို့ လာလေ၏။ အခြားသူများလည်း သူနှင့်အတူ ပါလာကြ၏။ သူ၏မျက်နှာသည်

နီရဲနေပြီး သူသည် လက်များကို ဝှေ့ခြဲဝှေ့လျက်...

"လူသတ်မှု ဖြစ်မယ်၊ ခိုးမှု ဖြစ်မယ်ဆိုရင် သာမန်လူဆင်းရဲတွေ၊ တောင်သူလယ်သမားတွေ၊ မြို့သူမြို့သားတွေနဲ့ အလုပ်သမားတွေပါတဲ့ တရားခုံအဖွဲ့က စစ်ကြ ဆေးကြတယ်။ ဒါပေမဲ့ လူတွေက အစိုးရ အာဏာပိုင်တွေကို ဆန့်ကျင်ကြတဲ့အခါကျတော့ အဲဒီ အာဏာပိုင်တွေက လူတွေကို စစ်ကြဆေးကြတယ်။ ဒါကို ဘာခေါ်သလဲ။ ခင်ဗျားက ကျုပ်ကို စော်ကားတယ်။ အဲဒီတော့ ကျုပ်က ခင်ဗျားမေးကို လက်သီးနဲ့ ထိုးတယ်။ ပြီးတော့ ခင်ဗျားကပဲ တရားစီရင်တော့ ခင်ဗျားက ကျုပ်ကို အပြစ်ရှိတယ်လို့ ပြောမှာပေါ့။ ဒါပေမဲ့ ဘယ်သူကစပြီး အပြစ်ကို ကျူးလွန်တာလဲ။ ခင်ဗျားပဲပေါ့" ဟု အော်၍ ပြောနေပြန်၏။

ဆံပင် ဖြူရော်ရော်၊ နှာခေါင်းကောက်ကောက်နှင့် ရင်ဘတ်တွင် တံဆိပ်များ အပြည့် တွယ်ထားသည့် စစ်ပုလိပ်တယောက်သည် လူအုပ်ကို ခွဲပြီး ဘူကင်ကို လက်ညှိုးနှင့်ထိုးကာ...

"ဟေ့ကောင် အော်မနေနဲ့၊ ဒါက အရက်ဆိုင် မဟုတ်ဘူးကွ" ဟု လှမ်း၍ ပြောလေ၏ ။

"ဟုတ်ပါတယ်၊ ကျုပ် နားလည်ပါတယ်။ ဒါပေမဲ့ ကျုပ်က ခင်ဗျားကို ရိုက်ပြီး ကျုပ်ပဲ တရားသူကြီး ဖြစ်နေရင် ခင်ဗျားက ဘယ်သူ"

"ငါကတော့ မင်းကို ဒီနေရာက နှင်ထုတ်ပစ်လိုက်ရင် ကောင်းမှာပဲလို့ ထင်တယ်။ အဲဒါ" ဟု အစောင့် စစ်ပုလိပ်ကြီးက ခြိမ်းခြောက်သည့်လေသံနှင့် ပြန်ပြောလေ၏။

"ကျုပ်ကို နှင်ထုတ်ပစ်မယ်။ ဘာပြုလို့လဲ"

"ဒီလို ဆူညံဆူညံ လုပ်လို့ပေါ့။ မင်းကို လမ်းပေါ် နှင်လိုက်မှာပဲ"

ဘူကင်သည် သူ့ဘေးမှ လူများကို ကြည့်ပြီး "အင်း၊ သူတို့က လူတွေကို ပါးစပ်ပိတ်ထားချင်တာပဲ ရှိတယ်" ဟု လေအုပ်အုပ်နှင့် ပြောလေ၏။

"အေး၊ ဟုတ်တယ်။ မင်းက ဘယ်လိုတုံး" ဟု စစ်ပုလိပ်အိုကြီးက ခပ်ကြမ်းကြမ်း အော်လိုက်ပြန်၏။

ဘူကင်သည် ပခုံးကိုတွန့်ကာ ပို၍ ပျော့ပျောင်းသည့်လေသံနှင့်

"လူတွေကို ဒီလို တရားစီရင်တဲ့နေရာကို ဘာပြုလို့ လာခွင့်မပြုတာလဲ။ ဘာပြုလို့ ဆွေမျိုးတွေကိုသာ လာခွင့်ပြုတာလဲ။ ခင်ဗျားတို့ အမှုစစ်ဆေးတာဟာ

တရားတယ်ဆိုရင် လူတိုင်းကို နားထောင်ခွင့်ပေးပါလား။ ခင်ဗျားတို့က ဘာများကြောက်နေရတာလဲ”

ထိုအခါ ဆမ္ပိုင်းလေ့က...

“အမှုစစ်ဆေးတာက မတရားဘူး။ ဒါကတော့ သေချာတယ်” ဟု အော်လိုက်၏။

အမေသည် အမှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ နစ်ကိုလိုင်ပြောသည့်စကားကို သူ ကြားသည့် အတိုင်း ဆမ္ပိုင်းလေ့အား ပြောပြချင်၏။ သို့ရာတွင် သူသည် စကားလုံးတိုင်းကို ရှင်းရှင်းလင်းလင်းလည်း နားမလည်၊ အချို့စကားတို့ကိုလည်း မေ့နေ၏။ ထိုစကားတို့ကို ပြန်၍ သတိရအောင် စဉ်းစားရင်း ထိုလူအုပ်အနီးမှ ခွာလိုက်ရာ နှုတ်ခမ်းမွေး ရေးရေးနှင့် လူငယ်တယောက်က သူ့အား စောင့်ကြည့်နေသည်ကို သတိပြုမိ၏။ လူငယ်သည် သူ၏ လက်ယာဘက်လက်ကို ဘောင်းဘီအိတ်ထဲ၌ နှိုက်ထားရာ လက်ဝဲဘက် ပခုံးက လက်ယာဘက် ပခုံးထက် နိမ့်နေလေ၏။ ဤထူးခြားသည့် လက္ခဏာသည် အမေ့အတွက် မြင်နေကျကဲ့သို့ ဖြစ်နေ၏။ သို့ရာတွင် ထိုလူငယ်သည် ရုတ်တရက် ကျောခိုင်းသွားရာ အမေသည် သူ့အတွေးနှင့်သူ ဦးနှောက် ရှုပ်နေသဖြင့် သူ့ကို မေ့သွားလေသည်။

သို့ရာတွင် တစ်မိနစ်မျှ ကြာသောအခါ၊ “သူလား” ဟု တိုးတိုးမေးလိုက်သည့် အသံနှင့်၊

“ဟုတ်တယ်” ဟု တိုးတိုးဖြေလိုက်သည့် အသံတို့ကို ကြားလိုက်၏။

အမေသည် လှည့်ကြည့်လိုက်၏။ ပခုံးတဖက်မြင့်နှင့် လူငယ်သည် သူ့အနားတွင်ရပ်လျက် အင်္ကျီတိုတိုဝတ်ပြီး ဒူးထိဖိနပ်များကို စီးထားသည့် မုတ်ဆိတ်မွေး နက်နက်နှင့် လူငယ် တယောက်အား စကားပြောနေသည်ကို တွေ့ရလေသည်။

စိတ်ထဲ၌ မကျေမချမ်းဖြစ်ပြီး ထိုလူငယ်ကို သတိရအောင် ကြိုးစား၏။ သို့သော် စဉ်းစား၍ မရချေ။ သူ့အား လူအများကိစ္စနှင့် ပတ်သက်၍ သွားပြောချင်သည့် သူ့ဆန္ဒကို သူသည် ချိုးနှိမ်၍ မရချေ။ ဤကိစ္စနှင့်ပတ်သက်၍ လူတွေက မည်ကဲ့သို့ ပြောကြမည်ကို သူသည် သိချင်၏။ သို့မှသာ သူ့သားအပေါ်၌ မည်ကဲ့သို့ စီရင်ချက်ချရမည်ကို ချိန်ဆနိုင်မည် ဖြစ်၏။ ထိုနောက် ဆီးဇော့အား၊

“အမှုစစ်တယ်ဆိုတာ ဒီလိုပဲ စစ်ရတာတဲ့လား။ သူတို့က ဘယ်သူက ဘာကို လုပ်တယ်ဆိုတာကို သိရအောင် အချိန်ရှိသမျှ ကြိုးစားနေကြတာပဲ။ ဒါပေမဲ့

ဘာပြုလို့ ဒီလိုလုပ်ရတယ် ဆိုတာကိုတော့ ဘာမျှ ဂရုမစိုက်ဘူး။ မလေ့လာဘူး။ ပြီးတော့ သူတို့တတွေ အားလုံးဟာ အသက်အရွယ်အားဖြင့် အိုမင်းမစွမ်း ဖြစ်နေကြတဲ့ သူတွေချည်းပဲ။ လူငယ်တွေကို လူငယ်တွေကပဲ စစ်ဆေးသင့်တယ်" ဟု ပြောပြလေ၏။

"ဟုတ်တယ်၊ လူငယ်ချင်း စစ်သင့်တယ်ဗျာ့။ ဒါတွေကို ကျုပ်တို့ နားလည်ဖို့ ခက်ပါတယ်ဗျာ၊ အလွန်ကို ခက်ပါတယ်" ဟု ဆီးဇော့ကပြော၍ တခုခုကို စဉ်းစားရင်း ဦးခေါင်းကို ယမ်းနေလေ၏။

ထိုအတွင်း အစောင့်စစ်ပုလိပ်သည် ရုံးခန်းတံခါးကိုဖွင့်၍

"တရားခံတွေ ဆွေမျိုးတွေ ခင်ဗျားတို့ လက်မှတ်တွေကို ပြပါ" ဟု အော်လိုက်၏။ ဤတွင် ပရိသတ်ထဲမှ တယောက်က၊ "လက်မှတ် လက်မှတ်" ဟု ဆပ်ကပ်ပွဲတွင် လက်မှတ်စစ်သကဲ့သို့ ခပ်ဆတ်ဆတ်ပြောကာ ဝင်နှောက်လိုက်၏။

လူတွေ ဒေါသဖြစ်နေကြသည်ကို သိမြင်နိုင်၏။ သူတို့သည် စကားပို၍ များလာကြပြီး အစောင့် စစ်ပုလိပ်များနှင့်လည်း စကားအချေအတင် ပြောနေကြလေသည်။

အခန်း နှစ်ဆယ့်ငါး

ဆီးဖော့သည် ခုံရှည်ပေါ်တွင် သူ့နေရာသူ ပြန်ထိုင်ရင်း ပါးစပ်မှ တစုံတခုကို မပွင့်တပွင့် ပြောနေလေ၏။

"ဘာလဲ" ဟု အမေက မေးလိုက်၏။

"ဘာမျှ ထူးထူးခြားခြား မဟုတ်ပါဘူး။ လူတွေက အအချည်းပဲ"

ထိုအတွင်း ခေါင်းလောင်း တီးလိုက်ပြီး၊

"တိတ်စေ" ဟူသော အမိန့်သံကို ကြားလိုက်ရ၏။ ယခင်ကကဲ့သို့ တရားသူကြီးများသည် စီတန်း၍ ဝင်လာကြပြီး သူတို့၏နေရာများ၌ ဝင်ထိုင်ကြစဉ် ရုံးခန်းတွင်းမှ လူများက မတ်တတ်ရပ်ကြပြန်၏။ အကျဉ်းသားများကိုလည်း သူတို့နေရာသို့ ပြန်ခေါ်လာကြ၏။

"အင်း၊ ဂရုစိုက်ပြီး နားထောင်နော်။ အမှုလိုက်က စကားပြောတော့မယ်" ဟု ဆီးဖော့က တိုးတိုးပြောလိုက်၏။

ကြောက်မက်ဖွယ်ရာ တခုခုကို တဖန် မျှော်မှန်းလျက် အမေသည် ကိုယ်ကို ရှေ့သို့ကိုင်းပြီး အာရုံစိုက်၍ နားထောင်နေလေ၏။

အမှုလိုက်သည် တရားသူကြီးများ၏ဘက်သို့ မျက်နှာမူပြီး တံတောင်ဆစ် တဖက်ကို သူ၏စာရေးစားပွဲပေါ်၌ ထောက်လျက် တရားသူကြီးတို့၏ လက်ယာဘက်တွင် ရပ်နေ၏။ ထိုနောက် အသက်ကို တချက် ပြင်းပြင်းရှူပြီး သူ၏ လက်ယာဘက်လက်ကို တချက် ဝှေ့ယမ်းလိုက်ကာ စကားကို စလေ၏။ အမေသည် သူ လက်ဦးပြောလိုက်သည့် စကားတို့ကို ကောင်းကောင်း မကြားလိုက်ချေ။ သူသည် အသံသြသြ အထစ်အငေါ့မရှိ ပြောနေသော်လည်း သူ၏လေသံသည် တခါတခါမြန်၍ တခါတခါ နှေးသွား၏။ အချိန်အတော်ကြာ သူ၏စကားများသည် နှေး၍ ငြီးငွေ့ဖွယ်ကောင်း၏။ ထိုနောက် တဖန် ပြန်၍ သွက်လာပြန်၏။ သို့ရာတွင် သူ့စကားထဲ၌ ထိတ်စရာ လန့်စရာ မပါသော်လည်း သူ့စကားကြောင့် ရုံးခန်းသည် မနှစ်မြို့ဖွယ်ရာ နေရာတခု ဖြစ်လာလေ၏။ သူသည် ဤမျှ သွက်သွက်လက်လက် ပြောနေသော်လည်း သူ့စိတ်ထဲ၌မူ အားတက်သရော မရှိချေ။ ပါဗယ်နှင့် သူ့ရဲဘော်များကမူ သူ့စကားကို အာရုံမစိုက်ကြပေ။ သူတို့သည် စကားပြောလိုက်၊ တခါတခါ ရယ်လိုက်၊ တခါခါ မရယ်မိအောင် မျက်မှောင်ကြုတ်လိုက်နှင့် ငြိမ်သက်စွာ ထိုင်နေကြလေ၏။

"သူ လိမ်နေတာ" ဟု ဆီးဇော့က တိုးတိုးပြောလေ၏။

အမေသည် သူ လိမ်နေသည်၊ မနေသည်ကို အသေအချာ မသိချေ။ အမှုလိုက်သည် ဘယ်သူ့ကိုမှ မချန်ဘဲ အကျဉ်းသားအားလုံး အပြစ်ရှိကြောင်း တင်ပြနေ၏။ ပါဗယ်အကြောင်းနှင့် ပတ်သက်၍ ပြောပြီးနောက် ဖီယိုဒိုမက်ဇင်အကြောင်းကို ပြော၏။ ဖီယိုဒိုအကြောင်းကို ပြောပြီးလျှင် ဆမိွုင်းလေ့အကြောင်း ပြော၏။ သူသည် သူတို့အားလုံးကို ထွက်ပေါက်မရှိအောင် တုပ်နှောင် နေသည်နှင့်တူ၏။ သူ့စကားများကို ကြားရ၍ အမေသည် ဒေါသလည်းမဖြစ်၊ ကြောက်လည်း မကြောက်ချေ။ သို့ရာတွင် ကြောက်မက်ဖွယ်ရာ တခုခုနှင့် ရင်ဆိုင်ရလိမ့်မည်ဟု သူသည် မျှော်လင့်နေသေး၏။ ထို့ကြောင့် ထိုကြောက်မက်ဖွယ်ရာကို သူ့မျက်နှာ၌လည်းကောင်း၊ သူ့မျက်လုံးများထဲ၌ လည်းကောင်း၊ သူ့အသံထဲ၌ လည်းကောင်း၊ စကားပြောရာ၌ ဟန်အမူအရာ လုပ်လုပ်နေသည့် သူ့လက်များထဲ၌ လည်းကောင်း ရှာကြည့်၏။ အမှန်အားဖြင့် ကြောက်မက်ဖွယ်ရာ တစုံတခု ရှိ၏။ ဤသို့ရှိသည်ကိုလည်း သူသိ၏။ သို့ရာတွင် ဘာကို ကြောက်ရမည်ကို သူသည် လက်ဆုပ်လက်ကိုင် ဖမ်းလည်းမဖမ်းနိုင်၊ ဖော်လည်းမဖော်နိုင်ချေ။

သူသည် တရားသူကြီးများကို ကြည့်ပြန်၏။ သူတို့သည် အမှုလိုက်ပြောသည့် စကားတို့ကို ကြားကြရပြီး ငြီးငွေ့နေကြ၏။ သူတို့၏ လူသေမျက်နှာများနှင့် တူသည့် ဘာမှတက်ကြွမှု မရှိသော ဖြူရော်ရော် ဝါဖန့်ဖန့် မျက်နှာများကို ကြည့်သောအခါ၌လည်း မည်သည့် အရိပ်အခြည်မျှ မတွေ့မမြင်ရချေ။ အမှုလိုက်၏ စကားများကို နားထောင်နေကြသည့် တရားသူကြီးများသည် သူတို့၏စိတ်ထဲ၌လည်း ဘာမျှ ထူးထူးခြားခြား မဖြစ်ဘဲ ပျင်းပျင်းရိရိနှင့်သာ စောင့်နေကြ၏။ တရားခုံအဖွဲ့ခေါင်းဆောင် တရားသူကြီးမှာမူ မကြာခဏ အိပ်ပျော် အိပ်ပျော်သွားလေ၏။

တရားခုံအဖွဲ့ဝင် တရားသူကြီးတို့ကို ကြည့်ပြီး အမေသည်...

"အင်း၊ သူတို့ တရားခုံ ထိုင်နေကြတာကော ဟုတ်ရဲ့လား" ဟု သူ့ကိုယ်သူ ပြန်မမေးဘဲ မနေနိုင်တော့ချေ။

ဤမေးခွန်းကိုမေးပြီးနောက် အမေသည် ကြောက်စိတ်ကုန်သွားသော်လည်း စိတ်ထဲ၌ နာကြည်းနေလေ၏။

ထိုနောက် အမှုလိုက်၏စကားသည် မမျှော်လင့်ဘဲ ဆုံးသွားလေ၏။ သူသည် တရားသူကြီး များအား ဦးညွှတ်၍ သူ့လက်များကို တုပ်လျက် ထိုင်ချလိုက်၏။ အစိုးရရှေ့နေသည် သူ့ကို ခေါင်းညိတ်ပြပြီး မျက်လုံးများနှင့် လှန်ကြည့်နေ၏။ မြို့တော်ဝန်က သူ့လက်ကို ဆန့်လိုက်၏။ အုပ်ချုပ်ရေးမှူးက သူ၏ဗိုက်ကြီးကို

စိုက်ကြည့်၍ ပြုံးနေလေသည်။

သို့ရာတွင် တရားသူကြီးများက သူပြောသည့်စကားတို့ကို သဘောမကျကြချေ။ သူတို့သည် မလှုပ်မယှက် ငြိမ်နေကြ၏။

ထိုနောက် တရားခံနာယကအဖွဲ့ကြီးက စာရွက်တရွက်ကို သူ့မျက်နှာနားသို့ကပ်ပြီး၊

"ကဲ ဖီယိုဒိုမာကော့နှင့် ဇာဂါရော့တို့ဘက်မှ လိုက်ကြမယ့် အမိန့်တော်ရ ရှေ့နေကြီးရဲ့ လျှောက်လဲချက်ကို အခု ရုံးတော်က ကြားနာပါမယ်" ဟု ကြေညာလိုက်၏။

နစ်ကိုလိုင်တို့အိမ်၌ အမေ တွေ့ခဲ့ဖူးသည့် အမိန့်တော်ရ ရှေ့နေသည် မတ်တတ်ရပ်လေ၏။ သူ၏မျက်နှာသည် ပြန့်၍ ချစ်ခင်စဖွယ် ကောင်း၏။ သူ့မျက်လုံးများကမူ မှေး၏။ သူသည် စကားကို အသံကျယ်ကျယ်ဖြင့် ထင်ထင်ရှားရှား ပြတ်ပြတ်သားသား အေးအေးဆေးဆေး ပြောတတ်၏။ သို့ရာတွင် အမေသည် သူ့စကားကို နားမလည်နိုင်ချေ။ ထိုနောက် ဆီးဇော့က အမေ့အား၊

"သူပြောတာ နားလည်ရဲ့လား။ နားလည်သလားဟင်။ သူက တရားခံတွေဟာ ဦးနှောက် ပျက်နေကြတာပါတဲ့။ ကျုပ် ဖီယိုဒိုမက်ဇင်လောက်တောင် မစွဲပါဘူးဗျာ" ဟု တိုးတိုး ပြောပြလေ၏။

အမေသည် ဒေါသဖြစ်နေသဖြင့် စကားကိုပင် ပြန်၍မပြောနိုင်ချေ။ အမေ့စိတ်ထဲတွင်ကား နာကြည်းလျက်ရှိ၏။ သူသည် သူ့သားအား အမှုလုပ်၍ စွပ်စွဲနေကြသူတို့တွင် မည်သူက တရားသည် မတရားသည်ကို တိတိကျကျ ရိုးသားဖြောင့်မတ်စွာ စစ်ဆေး ချိန်ဆကြည့်ရန် မျှော်လင့်ခဲ့၏။ တရားသူကြီးများက သူ့သားကို သူ့စိတ်ထဲ၌ မည်သို့ မည်ပုံရှိနေသည်ကို အချိန်အတော်ကြာ ဂရုတစိုက် စစ်ဆေးမေးမြန်းကြည့်ကြလိမ့်မည်ဟုလည်းကောင်း၊ သူ၏ အတွေးအခေါ်နှင့် လုပ်ရပ်တို့ကို ဂရုတစိုက် လေ့လာကြည့်ရှုကြလိမ့်မည်ဟု လည်းကောင်း မျှော်လင့်ခဲ့၏။ ၎င်းပြင် သူတို့သည် အမှန်တရားကို မြင်လာကြသောအခါ... "ဤလူသည် မှန်ကန်သည်" ဟု တရားဖြောင့်မတ်စွာ အတိအလင်း ကြေညာကြလိမ့်မည်ဟူ၍လည်း မျှော်မှန်းခဲ့လေသည်။

သို့ရာတွင် သူ၏ မျှော်မှန်းသည့်အတိုင်း တခုမျှဖြစ်မလာချေ။ တရားခံအဖြစ်ဖြင့် အစစ်ဆေး ခံနေကြရသူများနှင့် သူတို့ကို စစ်ဆေးနေကြသည့် တရားသူကြီးတို့သည် စကားဖြင့်ပြော၍ မဖြစ်နိုင်လောက်အောင် အလှမ်းကွာနေကြ၏။ ၎င်းအပြင် ဤတရားခံများအတွက် ဤတရားသူကြီးတို့သည် ဘာမျှအသုံးမဝင်ကြောင်း ထင်ရှားနေ၏။ သို့နှင့် အမေသည် ငြီးငွေ့ ၍လာရာ

ဤတရားစီရင်မှုတွင် စိတ်မဝင်စားတော့ဘဲ မည်သူ့စကားကိုမျှ မကြားတော့ချေ။

“ဒါကိုများ တရားစီရင်တယ်လို့ ခေါ်သလား” ဟု မခံမရပ်နိုင်ဖြစ်ကာ ပြောလိုက်ရာ ဆီးဇော့ကလည်း အမေ၏စကားကို ထောက်ခံသည့်အနေနှင့်၊

“သူတို့တတွေကိုသာ အပြစ်ဒဏ် ပေးပစ်လိုက်ပါတော့” ဟု တိုးတိုးပြန်ပြောလေ၏။

ယခုတဖန် အမိန့်တော်ရ ရှေ့နေတယောက်သည် စကားပြောနေပြန်၏။ ယခု ပြောနေသော ရှေ့နေသည် လူပုပုသေးသေး ဖြစ်၏။ သူ့မျက်နှာက ပါးနပ်၍ ဖြူရော်ရော်နှင့် သရော်သလိုလို မျက်နှာမျိုးဖြစ်၏။ တရားသူကြီးများက သူ့စကားကို ဝင်ဝင်စွက်ကြ၏။

အမှုလိုက်သည် ဒေါသဖြစ်သဖြင့် ရုတ်တရက်ထ၍ အမှုသွားအမှုလာ အစီအစဉ်နှင့်ပတ်သက်ပြီး ပြောပြရာ တရားခံအဖွဲ့ နာယက အဘိုးကြီးက အနည်းငယ်မျှသာ ဟန့်တားလိုက်၏။ တရားခံများဘက်မှ ရှေ့နေသည် ဦးခေါင်းကို ငုံ့ကာ ရိုသေလေးစားစွာ နားထောင်နေပြီး ထပ်၍ ပြောပြန်လေ၏။

“အရင်းအမြစ်အထိ ပြောချလိုက်စမ်းပါ” ဟု ဆီးဇော့က ဝင်ထောက်လိုက်၏။

ရှေ့နေက တရားခံ အဖွဲ့ဝင်တို့ကိုပင် ပြန်လှန်စွပ်စွဲလျက်နေရာ၊ ပရိသတ်သည် လှုပ်လှုပ်ရွရွ ဖြစ်လာရုံမျှမက ရန်စချင်သည့်သဘောသို့ပင် ဆိုက်ရောက်လာလေ၏။ တရားခံ အဖွဲ့ဝင် တို့သည်လည်း မခံချည့်မခံသာ ဤရှေ့နေ၏ ထက်မြက်လှသော ထိုးနှက်ချက်တို့ကို တယောက်နှင့် တယောက် ကျောချင်းကပ် ရင်ချင်းအပ်၍ ခံနေကြလေသည်။

တဖန် ပါဗယ်သည် ထလိုက်ရာ ရုံးခန်းတခုလုံး မီးကို ရေနှင့် ဖျန်းလိုက်သကဲ့သို့ ငြိမ်ကျသွားလေ၏။ အမေသည် ရှေ့သို့ကုန်း၍ အာရုံစိုက်နေ၏။ ပါဗယ်သည် အလွန် တည်ငြိမ်လှစွာနှင့်၊

“ကျွန်တော်ဟာ ပါတီဝင်တယောက်အနေနဲ့ ကျွန်တော်တို့ပါတီက ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ကိုပဲ အသိအမှတ်ပြုတယ်။ ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်နေတဲ့အနေနဲ့ ကျွန်တော် ဘာမှမပြောချင်ဘူး။ ဒါပေမဲ့ သူတို့ကိုယ်သူတို့ မကာကွယ်ဘူးလို့ ငြင်းဆိုထားကြတဲ့ ကျွန်တော်ရဲ့ ရဲဘော်တွေရဲ့ တိုက်တွန်းချက်အရ ခင်ဗျားတို့နားမလည်တာတွေ ကျွန်တော် ရှင်းပြပါဦးမယ်။ ဆိုရှယ်လစ်ဒီမိုကရေစီ အလံတော်အောက်မှာ ကျွန်တော်တို့ လုပ်ခဲ့ကြတဲ့ ဆန္ဒပြမှုကို အမှုလိုက် ရှေ့နေက အစိုးရကို ကျွန်တော်တို့က

ပုန်ကန်တာပဲလို့ ပြောတယ်။ ပြီးတော့ သူက ကျွန်တော်တို့ကို ဇာဘုရင်ကို ဖြုတ်ချဖို့ လုပ်နေကြတဲ့ လူတွေလို့ အချိန်ရှိသရွေ့ ယူဆထားတယ်။ ကျွန်တော်တို့ တိုင်းပြည်ကို ဖိနှိပ်ချုပ်ချယ်နေတာဟာ ဇာဘုရင်ရဲ့ ငါ့မင်းငါ့ချင်း စနစ်ချည်းလို့ ကျွန်တော်တို့က မယူဆဘူး ဆိုတာကို ခင်ဗျားတို့ ကျကျနန နားလည်ထားကြစေချင်တယ်။ ဒါဟာ ပထမဆုံးနှောင်ကြိုးသာဖြစ်ပြီး ပြည်သူလူထုတွေကို ဒီနှောင်ကြိုးက လွတ်မြောက်အောင် လုပ်ဖို့ရာဟာ ကျွန်တော်တို့ရဲ့တာဝန်ပဲ” ဟု ပြောလိုက်လေ၏။

တည်ငြိမ်ခံ့ညားသော အသံဖြင့် သူက ဤကဲ့သို့ပြောနေစဉ် ရုံးခန်းသည် ပို၍ပင် တိတ်ဆိတ်သွား ၏။ ရုံးခန်းမကြီးသည် ပို၍ ကျယ်သွားသည်ဟုလည်းကောင်း၊ ပါဗယ်လည်း ရင့်ကျက် ကြီးထွားလာသည်ဟု လည်းကောင်း ထင်ကြရလေသည်။

တရားသူကြီးသည် ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် မထိုင်နိုင်ကြသဖြင့် သူတို့၏ ကုလားထိုင်များ ပေါ်၌ မအီမသာ နေရာရွှေ့နေကြလေ၏။ အစိုးရရှေ့နေကြီးသည် ဘာကိုမှ အလေးဂရုပြုဟန် မပေါ်သည့် တရားသူကြီးအား တစုံတခုကို တီးတိုးပြောလိုက်၏။ တဖန် ထိုတရားသူကြီးက ဦးခေါင်းကိုညိတ်ကာ တရားခုံအဖွဲ့နာယက အဘိုးကြီး၏ လက်ယာဘက်နားထဲသို့ တီးတိုး ပြောလိုက်ပြန်၏။ အဘိုးကြီးကလည်း သူ၏ လက်ဝဲဘက်မှ တရားသူကြီးအား တီးတိုး ပြောလိုက်ပြန်၏။ ထို့နောက် ဟိုဘက်လှည့်လိုက်ရ၊ သည်ဘက်လှည့်လိုက်ရနှင့် ဗျာများနေသည့် အဘိုးကြီးသည် တစုံတခုကို အသံကျယ်ကျယ် ပြောလိုက်၏။ သို့ရာတွင် ပါဗယ်၏ တည်ငြိမ်၍ လေးနက်သည့်အသံက သူ့အသံကို လွှမ်းသွား၏။

“ကျွန်တော်တို့ဟာ ဆိုရှယ်လစ်တွေပါ။ ဆိုလိုတာကတော့ လူ့ဘောင်ကြီးကို ဖြိုခွင်းပစ်တဲ့ လူလူချင်း တယောက်နဲ့ တယောက်၊ တဦးနဲ့ တဦး ရန်သူတွေ ဖြစ်အောင် ဖန်တီးပေးနေတဲ့၊ တယောက်ရဲ့ အကျိုးစီးပွားနဲ့ တယောက်ရဲ့အကျိုးစီးပွားကို ဘယ်တော့မှ စေ့စပ်ပြေငြိမ်းလို့ မရနိုင်လောက်အောင် ပဋိပက္ခ ဖြစ်နေစေတဲ့၊ ဒီပဋိပက္ခမှုကို ဖုံးကွယ်ဖို့ပဲဖြစ်ဖြစ် တရားမျှတတယ်လို့ ထင်ရမြင်ရအောင်ပဲဖြစ်ဖြစ် မမှန်တဲ့ မဟုတ်တဲ့တရားတွေကို အားကိုးနေရတဲ့ မမှန်တဲ့စကားတွေ သီလကြောင် ဟန်ဆောင်လုပ်ငန်းတွေ၊ အမုန်းခေတ်တွေနဲ့ လူသားအားလုံးရဲ့အကျင့်စာရိတ္တတွေကို ဖျက်ဆီးနေတဲ့ လူ့အဖွဲ့အစည်း တနည်းအားဖြင့် ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုစနစ်ကို ကျွန်တော်တို့က တိုက်ခိုက်ဖြိုဖျက်နေတာပဲ။ လူသား တဦးချင်း တဦးချင်းကို အခြားလူတွေ ချမ်းသာဖို့အတွက် ကိရိယာ တန်ဆာတခုအနေနဲ့မှအပ တခြားဘယ်လိုမှ သဘောမထားတဲ့ လူ့ဘောင်တရပ်ဟာ လူလည်း မဆန်ဘူး။ ကျွန်တော်တို့

လိုလားတောင့်တမှုနဲ့လည်း ဆန့်ကျင်တယ်လို့ ကျွန်တော်တို့က ယူဆတယ်။ လူ့အကျင့်စာရိတ္တနဲ့ ပတ်သက်လို့ ဒီအဖွဲ့အစည်းရဲ့လိမ်မှုညာမှုတွေ မမှန်ကန်မှုတွေနဲ့ သီလကြောင်ဆန်မှုတွေကို ကျွန်တော်တို့က လက်မခံနိုင်ဘူး။ လူသား တဦးချင်း တဦးချင်း အပေါ်မှာ အပြစ်တင်လွှယ်၊ အပြစ်ဖို့လွယ်တတ်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ဒီလူ့အဖွဲ့အစည်းရဲ့သဘောထားကို ကျွန်တော်တို့က ရှုတ်ချတယ်။ ဒီလို လူ့အဖွဲ့အစည်းတရပ်က လူပုဂ္ဂိုလ်တဦးချင်း တဦးချင်းကို အတင်းအဓမ္မ ကျေးကျွန်လုပ်ပြီး ခိုင်းတာတွေ၊ ကျေးစိတ်ကျွန်စိတ်တွေ သွင်းပေးနေတာတွေ ဟူသမျှကို ငါတဦးတည်း ချမ်းသာရမယ်၊ ကောင်းစားရမယ်ဆိုတဲ့ တကိုယ်ကောင်း လောဘတရားအတွက် လူသားတွေကို ချေမွဖျက်ဆီးနေတဲ့ လုပ်ငန်းဟူသမျှကို ကျွန်တော်တို့က တိုက်လည်း တိုက်ချင်တယ် တိုက်လည်းတိုက်မှာပဲ။ ကျွန်တော်တို့ဟာ အလုပ်သမားတွေ ဖြစ်တယ်။ ကလေးကစားစရာ ပစ္စည်းကလေးတွေကအစ အလွန်ကြီးမားတဲ့ စက်ယန္တရားတွေ အထိ လူလောကအတွင်းမှာရှိတဲ့ ပစ္စည်းတွေအားလုံးကို ကျွန်တော်တို့ လုပ်အားနဲ့ ဖန်တီးထားတာ ဖြစ်တယ်။ ဒါပေမဲ့ လူသားရဲ့ဂုဏ်သိက္ခာကို ကာကွယ်ထိန်းသိမ်းနိုင်တဲ့ အခွင့်အရေးတွေ ကျွန်တော်တို့မှာ မရှိတော့ဘူး။ လူတိုင်းက သူချမ်းသာဖို့ သူစည်းစိမ်ရှိဖို့အတွက် ကျွန်တော်တို့ကို သွေးစုပ်နိုင်တယ်။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ဟာ လွတ်လပ်မှု အသင့်အတင့်ကို လိုချင်တယ်။ ဒီလွတ်လပ်မှုနဲ့ပဲ နောက်ဆုံး ကျွန်တော်တို့လက်ထဲမှာ အာဏာတွေ အားလုံးကို သိမ်းယူရမှာပဲ။ ပုဂ္ဂလိကပိုင် ပစ္စည်းတွေ ဖျက်သိမ်းပစ်ကုန်လုပ်စွမ်းအားစုတွေကို ပြည်သူလူထု လက်ထဲအပ် အာဏာအားလုံးကို ပြည်သူလူထုက သိမ်း ဘယ်သူမှ အလုပ်မလုပ်ဘဲ မနေရဆိုတဲ့ ကျွန်တော်တို့ ကြွေးကြော်သံတွေဟာ အလွန်ရှင်းပါတယ်။ ဒီဟာကိုကြည့်ရင် ကျွန်တော်တို့ဟာ သူပုန်တွေသက်သက် မဟုတ်ဘူး ဆိုတာကို ခင်ဗျားတို့ နားလည်နိုင်ပါတယ်”

ပါဗယ်သည် တချက်မျှ ရယ်လိုက်ပြီး သူ့ဆံပင်များကို လက်များနှင့် တဖြည်းဖြည်း သပ်နေလေ၏။ သူ၏ မျက်လုံးပြာများသည် ခါတိုင်းထက် ပို၍တောက်ပြောင် လျက်ရှိကြ၏။

“လိုရင်းအချက်ကိုသာ ပြောပါ” ဟု တရားခံအဖွဲ့ နာယက အဘိုးကြီးက ကျယ်လောင် ပြတ်သားစွာ ပြောပြီး ပါဗယ်ဘက်သို့ လှည့်ကြည့်လိုက်၏။ သူ၏ မှေးမှိန်သည့် လက်ဝဲဘက် မျက်လုံးထဲတွင် လောဘနှင့် ဒေါသရောင်တို့သည် တောက်ပြောင်လျက် ရှိနေကြသည်ဟု အမေက ထင်မှတ်မိ၏။ တရားသူကြီးအားလုံးသည် သူ့သားအား ဝိုင်းကြည့်နေကြ၏။ သူတို့၏ နွမ်းလျခွေနုံးနေကြသည့် ခန္ဓာကိုယ်တို့ကို ပြန်၍ရှင်လန်းလာအောင် သူ့အားကို စုပ်ယူနေကြ၏။ သူ့သွေးကိုလည်း စုပ်နေကြ၏။ သို့ရာတွင် ပါဗယ်သည် မားမားမတ်မတ် ကာယဗလ တောင့်တောင့်တင်းတင်း ရဲရဲဝံ့ဝံ့ ရပ်လျက်ရှိ၏။

ထိုနောက် သူ၏လက်ကိုမြှောက်ကာ၊

"ကျွန်တော်တို့တတွေဟာ တော်လှန်ရေးသမားတွေပဲ။ တချို့လူတွေက ဘာမျှ မလုပ်ဘဲ အမိန့်တွေကိုသာ ပေးနေကြပြီး တခြားလူတွေကတော့ အလုပ်တွေကိုချည်း ကုန်းကုန်းလုပ်နေရ သမျှ ကျွန်တော်တို့တတွေဟာ တော်လှန်နေကြမှာချည်းပဲ။ ခင်ဗျားတို့ တရားသူကြီးတွေကို ကာကွယ်ကြရမယ်လို့ အမိန့်ပေးထားတဲ့ ဒီလူ့ဘောင်ကို ကျွန်တော်တို့က ဆန့်ကျင် တိုက်ဖျက်နေကြတယ်။ ကျွန်တော်တို့ဟာ အဲဒီလူ့ဘောင်ရဲ့စေ့စပ်ပြေငြိမ်းလို့ မရနိုင်တဲ့ ရန်သူတွေပဲ။ ခင်ဗျားတို့ရဲ့ရန်သူတွေလည်း ဟုတ်တယ်။ ပြီးတော့ ကျွန်တော်တို့က အောင်ပွဲ မခံရမချင်း ခင်ဗျားတို့နဲ့ ကျွန်တော်တို့တတွေဟာ စေ့စပ်လို့ ရမှာမဟုတ်ဘူး။ ကျွန်တော်တို့ အလုပ်သမားတွေက အောင်ပွဲခံမှာကလည်း သေချာတယ်။ ခင်ဗျားတို့ သခင်တွေ အရှင်တွေဟာ သူတို့ကိုယ်သူတို့ အလွန်အင်အား တောင့်တင်းလှတယ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ သူတို့တတွေဟာ တကယ်အင်အားမရှိဘူး။ ပုဂ္ဂလိက ပိုင်ပစ္စည်းတွေ တိုးပွားအောင်၊ အဲဒီပစ္စည်းတွေကို ဘယ်သူကမှ မဖျက်ဆီးနိုင်အောင် ခင်ဗျားတို့ အရှင်သခင်တွေက သန်းပေါင်းများစွာသော အသက်တွေကို စတေးပစ်နေကြတယ်။ အဲဒီပုဂ္ဂလိကပိုင် ပစ္စည်းတွေကြောင့်ပဲ သူတို့တတွေဟာ ကျွန်တော်တို့အပေါ်မှာ လွှမ်းမိုးချုပ်ချယ်နိုင်ကြတယ်။ ဒါပေမဲ့ ပုဂ္ဂလိကပိုင် ပစ္စည်းကပဲ ခင်ဗျားတို့ အရှင်သခင်တွေ အချင်းချင်း သွေးကွဲအောင် ခွဲနေတယ်။ သူတို့ရဲ့ခန္ဓာကိုယ်ရော အကျင့်စာရိတ္တကိုပါ ဖျက်ဆီးနေတယ်။ ပုဂ္ဂလိကပိုင်ပစ္စည်းကို ကာကွယ်ရတဲ့ စရိတ်က အလွန်ကြီးလေးတယ်။ အမှန်တကယ် ပြောရမယ်ဆိုရင် ခင်ဗျားတို့ အားလုံး ကျွန်တော်တို့ရဲ့အရှင်သခင်တွေပဲ ဆိုကြပါစို့ဗျာ၊ အဲဒီလူတွေဟာ ကျွန်တော်တို့ထက် ပိုပြီး ကျွေးတွေကျွန်တွေနဲ့ တူနေကြတယ်။ ခင်ဗျားတို့ဟာ စိတ်ဓာတ်အရ ကျေးကျွန်အလုပ် ခံနေကြရတယ်။ ကျွန်တော်တို့ကတော့ ခန္ဓာကိုယ်ကိုသာ အခိုင်းအစေခံနေကြရတာ။ ခင်ဗျားတို့ဟာ အလေ့အထနဲ့ ငွေ့ကွက်မှုဆိုတဲ့ ထမ်းပိုးတုံးကို ခါမချနိုင်ကြဘူး။ အဲဒီထမ်းပိုးတုံးက ခင်ဗျားတို့ရဲ့စိတ်ဓာတ်တွေကို သတ်နေပြီ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့စိတ်ဓာတ်လွတ်လပ်မှုကို ဘယ်သူကမှ မဖျက်ဆီးနိုင်ဘူး။ ခင်ဗျားတို့က ကျွန်တော်တို့ကို ကျွေးထားတဲ့ အဆိပ်က ခင်ဗျားတို့က ခင်ဗျားတို့သဘောအရ မဟုတ်ဘဲ ကျွန်တော်တို့ စိတ်ဓာတ်တွေထဲ ထည့်ပေးနေတဲ့ အဆိပ်ဖြေဆေးလောက် အစွမ်းမရှိဘူး။ သစ္စာတရားနဲ့ ပတ်သက်လို့သိတဲ့ ကျွန်တော်တို့ရဲ့ အသိဉာဏ်ဟာ အချိန်ရှိသမျှ ကြီးထွားလျက်ရှိတယ်။ ဒီအသိဉာဏ်က စိတ်ဓာတ်အားဖြင့် သန့်ရှင်းစင်ကြယ်ကြတဲ့လူတွေကို၊ ခင်ဗျားတို့ အသိုင်းအဝိုင်းတွေထဲက လူတွေကို တနည်းအားဖြင့် အကောင်းဆုံးလူတွေကို ဆွဲငင်နေတယ်။ ကဲ ကြည့်စမ်းပါဦး၊ ခင်ဗျားတို့ လူတန်းစားရဲ့အခြေခံသဘောထားတွေကို ကာကွယ်မယ့် လူတယောက်မှ

မရှိတော့ဘူး။ ခင်ဗျားတို့ကို သမိုင်းက စီရင်တော့မယ်။ အဲဒီလိုစီရင်တဲ့အခါ ခင်ဗျားတို့မှာ ဘာအပြစ်မှ မရှိပါဘူးလို့ ထုချေဖို့၊ လျှောက်လဲချက်ပေးဖို့ ဘာအကြောင်း ဘာအချက်မှ မရှိဘူး။ ခင်ဗျားတို့တတွေဟာ အနုမာနအသစ်တွေ အယူအဆအသစ်တွေကို မဖန်တီးနိုင်တော့ဘူး။ ခင်ဗျားတို့ဟာ စိတ်ဓာတ်အရ ခြောက်ခန်းနေကြပြီ။ ကျွန်တော်တို့ရဲ့အယူအဆတွေဟာ ပြည်သူလူထုတွေကို အားအင်ဖြည့်တင်းရင်း၊ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ဖို့ သူတို့ကို စုစည်းရင်း ကြီးထွားလာတယ်။ အင်အားလည်း ကြီးမား ကြီးမားလာတယ်။ အလုပ်သမား လူတန်းစားက ထမ်းဆောင်ရမယ့် သမိုင်းပေး မဟာတာဝန်ကြီးကို သိတဲ့အသိက ကမ္ဘာ့အလုပ်သမားအားလုံးကို အင်အားစုကြီးတရပ် ဖြစ်လာအောင် စုစည်းပေးနေတယ်။ ပြီးတော့ ဒီကမ္ဘာကြီးကို ပြန်ပြီး ဒီအလုပ်သမားတွေက နုပျိုရှင်သန်လာအောင် လုပ်နေတာကို ရက်စက်မှု၊ ပြောင်လျောင်မှုတို့မှအပ အခြားဘယ်နည်း ဘယ်ပရိယာယ်နဲ့မှ သူတို့က မတွန်းလှန်နိုင်ဘူး။ ဒါပေမဲ့ ဒီပြောင်လျောင်မှုကို လူတွေက သိလွယ်ကြတယ်။ ပြီးတော့ ရက်စက်မှုကို လူတွေက မခံနိုင်ဘူး။ ယနေ့ ကျွန်တော်တို့ လည်ပင်းကို ညှစ်နေတဲ့ လူတွေဟာ နက်ဖြန် ကျွန်တော်နဲ့ ရဲဘော်ရဲဘက်တွေအဖြစ်နဲ့ ကွဲကြရမယ့်လူတွေ ဖြစ်တယ်။ ခင်ဗျားတို့ရဲ့ အင်အားက ရွှေတွေကို တိုးအောင်၊ ပွားအောင် လုပ်နေတဲ့ ယန္တရားသဘောဆန်တဲ့ တနည်းအားဖြင့် အသိဉာဏ်မရှိတဲ့ အင်အား ဖြစ်တယ်။ အဲဒီအင်အားတွေက ခင်ဗျားတို့ကို တခုနဲ့တခု ပြန်ပြီး မျိုကြမယ့်အစုတွေ ဂိုဏ်းတွေ ဖြစ်အောင် ခွဲခြားနေတယ်။ ကျွန်တော်တို့ အင်အားက ရှင်သန်တဲ့၊ အမြဲတမ်း ကြီးထွားနေတဲ့ အသိဉာဏ်ထဲမှာ တည်နေတယ်၊ လုပ်သားပြည်သူတွေရဲ့ ခိုင်မာသိပ်သည်းမှုထဲမှာ တည်နေတယ်။ ခင်ဗျားတို့ လုပ်သမျှတွေဟာ ရာဇဝတ်ပြစ်မှုတွေချည်းပဲ။ ဘာပြုလို့လဲဆိုတော့ လူတွေကို ကျွန်တော် လုပ်ထားလို့ပဲ။ ခင်ဗျားတို့ ပြောနေကြတဲ့ မုသားတွေ၊ ခင်ဗျားတို့ရဲ့ ယုတ်မာညစ်ပတ်မှုတွေဟာ လူတွေကို ခြိမ်းခြောက်နေတဲ့ ဘီလူးတွေ၊ ရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါကြီးတွေနေတဲ့ လောကကြီး တခုကို ဖန်တီးခဲ့တယ်။ လူတွေကို ဒီရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါကြီးတွေရဲ့အန္တရာယ်မှ ကယ်တင်ရမှာ ကျွန်တော် ထမ်းဆောင်ရမယ့်တာဝန်ပဲ။ ခင်ဗျားတို့က လူကို လူလောကမှ ခွဲထုတ်လိုက်ပြီး သူတို့ ဖျက်ဆီးပစ်ကြတယ်၊ ဆိုရှယ်လစ်စနစ်ဟာ ခင်ဗျားတို့ ဖျက်ဆီးတဲ့ ကမ္ဘာကြီးကို အတန်ကြီးမားမြင့်မြတ်တဲ့ ကမ္ဘာကြီးဖြစ်အောင် ပြန်ပြီး တည်ဆောက်လိမ့်မယ်၊ ခင်ဗျားတို့ ဘာပဲလုပ်လုပ် ကျွန်တော်တို့ကိုတော့ မတားမြစ်နိုင်တော့ဘူး” ဟု ပြောလေ၏။ ပါဗယ်သည် ခေတ္တရပ်ပြီး ပိုမိုပြင်းထန်သော အသံနေအသံထားနှင့်

“ခင်ဗျားတို့ ဘာပဲလုပ်လုပ်၊ ကျွန်တော်တို့ကို မတားမြစ်နိုင်ဘူး” ဟု ပြောပြန်၏။

တရားသူကြီးများသည် ပါဗယ်အား အစိမ်းလိုက် စားတော့

ဝါးတော့မည့်ဟန်ဖြင့် ကြည့်ပြီး ရှုံ့ကြမဲ့ကြလျက် တဦးနှင့်တဦး စကားတီးတိုးပြောကြ၏။ ပါဗယ်၏ ကျန်းမာသန်စွမ်း၍ အင်အားတောင့်တင်းပြီး လတ်ဆတ်ရွှင်ပျသော ခန္ဓာကိုယ်အား မနာလို ဝန်တိုစွာ ကြည့်နေကြခြင်းဖြင့် ပါဗယ်၏ခန္ဓာကိုယ်အား ညစ်ညမ်းသွားအောင် လုပ်နေကြသည်ဟု အမေက တွေးထင်မိ၏။ အကျဉ်းသမားတို့သည် သူတို့၏ရဲဘော် ပြောလိုက်သောစကားအား သူတို့၏ ဖြူဖပ်ဖြူရော် မျက်နှာများ၊ ဝမ်းမြောက်ဝမ်းသာ တောက်ပနေသော မျက်လုံးများဖြင့် အာရုံစိုက်၍ နားထောင်နေကြ၏။ အမေသည် သူ့သားပြောသော စကားတို့အား ကြည်နူး နှစ်သိမ့်စွာ နားထောင်နေ၏။ ထိုစကားများသည် သူ့ဦးခေါင်းထဲ၌ စွဲနေကြ၏။ တရားခံနာယက အဘိုးကြီးသည် ပါဗယ်၏စကားကို မကြာခဏ ဖြတ်၍ ဝင်ဝင်ပြော၏။ တခါသော်၊ သူသည် ဝမ်းနည်းစွာ ပြုံးပင်ပြုံးမိ၏။ ပါဗယ်သည် စကားကို ပို၍တည်တံ့ခိုင်မာစွာပြောဖို့ အားယူရန် တခါတခါ စကားပြောရပ်လိုက်၏။ ဤကဲ့သို့ တည်တံ့ခိုင်မာစွာ ပြောခြင်းအားဖြင့် ပရိသတ်သည် သူ့အား ပို၍ အာရုံစိုက်လာကြ၏။ တရားခံအဖွဲ့ဝင် တရားသူကြီးတို့၏ စိတ်ဓာတ်တို့ကိုလည်း သူ၏စိတ်တန်ခိုးဖြင့် လွှမ်းပစ်လိုက်၏။ သို့ရာတွင် နောက်ဆုံး၌ တရားခံနာယက အဘိုးကြီးသည် အော်ဟစ်ပြီး လက်မြှောက်လိုက်၏။ ထိုနောက် ပါဗယ်သည် သရော်သလိုလို လေသံနှင့်

“ကျွန်တော်ပြောချင်တာကတော့ ကုန်သလောက် ဖြစ်သွားပါပြီ။ ကျွန်တော်က ခင်ဗျားတို့ကို ပုဂ္ဂိုလ်ရေးရာအရ နာကြည်းအောင်၊ ထိခိုက်အောင် ပြောချင်တဲ့ဆန္ဒ မရှိပါဘူး။ ဒါပေမဲ့ တဖက်က ကြည့်တော့ ခင်ဗျားတို့က တရားစီရင်တယ်လို့ ခေါ်နေကြတဲ့ အခု ဒီရယ်စရာ ဟာသကွက်ကို မကြည့်ချင်ဘဲနဲ့ ကြည့်ပြီး ထိုင်နေရင်း ခင်ဗျားတို့ကို ကိုယ်ချင်းစာမိပါတယ်။ နောက်ဆုံးတော့ ခင်ဗျားတို့တတွေလည်း လူသားတွေပဲ။ ကျွန်တော်က လူသားတွေကို (ကျွန်တော်တို့ရဲ့ အရေးတော်ပုံကို ဖျက်ဆီးနေကြတဲ့ လူတွေဖြစ်သည့်တိုင်အောင်) ဒီရက်စက် ရိုင်းစိုင်းတဲ့ အင်အားစုကို အလုပ်အကျွေးပြုရင်း ဒီလောက် ရှက်စရာကောင်းလောက်အောင် ယုတ်မာ သိမ်ဖျင်းနေတာကို၊ လူ့ဂုဏ်သိက္ခာဆိုလို့ တစ္ဆေးသားမှ မရှိတော့ဘဲ ဖြစ်နေတာကို တွေ့မြင်နေရတာဟာ တကယ့်ကို မခံရပ်နိုင်စရာ ကောင်းတာပဲ” ဟု ထပ်၍ဆိုလိုက်၏။

ထိုနောက် သူသည် တရားသူကြီးများကို မကြည့်ဘဲ သူ့နေရာ၌သူ ပြန်၍ထိုင်လိုက်၏။ အမေကမူ အသက်ပင် မှန်မှန်မရှူနိုင်ဘဲ တရားသူကြီးများကို စောင့်ကြည့်နေလေ၏။

ယူကရိန်းသားသည် ပါဗယ်၏လက်ကိုဆွဲ၍ နှုတ်ဆက်ရင်း ပြုံးနေလေ၏။ ဆမွိုင်းလော့၊ ဖီယိုဒိုနှင့် အခြားရဲဘော်များက သူ့ဘက်သို့ ကိုယ်များကို ကိုင်းလျက်နေကြရာ ပါဗယ်သည် သူတို့တတွေက သူ့အား

ဤမျှသဘောကျနေကြသဖြင့် မနေတတ် မထိုင်တတ် ဖြစ်နေလေ၏။ သူ့အမေဘက်သို့ မျက်နှာလှည့်ပြီး "အမေ ကျေနပ်ရဲ့လား” ဟု မေးတော့မည့်ဟန်မျိုးဖြင့် ဦးခေါင်းကို ညိတ်လိုက်လေသည်။

အမေသည် နှုတ်မှ ဘာမျှမပြောသော်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေသည့် ဟန်အမူအရာဖြင့် ပြန်၍ဖြေလိုက်ပြီး သူ့မျက်နှာပေါ်တွင် မေတ္တာရောင်ခြည်သည် သန်းသွားလေ၏။

ဆီးဇော့က၊

“အခုမှ တကယ့်တရားစစ်ဆေးတာ စတော့တယ်။ သူက တကယ့်ကို ရိုးရိုးသားသားနဲ့ ပြောင်ဖွင့်ချလိုက်တာပဲ။ မဟုတ်ဘူးလားဗျာ” ဟု တိုးတိုးပြောလိုက်၏။

သူ့သားက ဤကဲ့သို့ ရဲရဲဝံ့ဝံ့ ပြောလိုက်သဖြင့် အမေသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဦးခေါင်းကို ညိတ်လိုက်၏။ သူ့သားက သူပြောချင်သည့်စကားကို အဆုံးသတ်အောင် ပြောလိုက်သဖြင့် ပို၍ပင် ဝမ်းမြောက်သွား၏။ သို့ရာတွင်၊

“ကဲ အခု သူတို့ဘာလုပ်ကြမလဲ” ဟူသော မေးခွန်းဖြင့် သူ့ရင်သည် တဒိတ်ဒိတ် တုန်လျက် နေလေပြီတည်း။

အခန်း နှစ်ဆယ့်ခြောက်

ပါဗယ်သည် အမေ့အတွက် အဆန်းအသစ်ဖြစ်စေသည့် စကားတခွန်းမှ မပြောခဲ့ချေ။ သူသည် သူ့သား၏အတွေးအခေါ် အယူအဆတို့ကို ကောင်းကောင်းသိ၏။ သို့ရာတွင် ယခု ဤရုံးခန်း အတွင်း၌ အမေသည် သူ့သား၏ ယုံကြည်ချက်ပေါ်တွင် ထူးထူးခြားခြား စိတ်ဝင်စားသွား၏။ ပါဗယ်၏ ဣန္ဒြေသိက္ခာကို ကြည့်ပြီး အံ့သြသွား၏။ သူပြောလိုက်သည့် စကားသည်လည်း သူ တိုက်ပွဲဝင်နေသည့် အရေးတော်ပုံနှင့် ထိုအရေးတော်ပုံ၏ နောက်ဆုံးအောင်ပွဲနှင့်ပတ်သက်၍ သူယုံနေသည့် ယုံကြည်ချက်တို့ကို ပြနေသော အရောင်တောက်ပလှသည့် ကြယ်တာရာ ဖြစ်နေ၏။ တရားသူကြီးများက သူနှင့် ပြင်းပြင်းထန်ထန် အချေအတင် ဆွေးနွေးကြပြီး သူ့ကို ဒေါသတကြီး ဆန့်ကျင်ကာ သူတို့၏ ယုံကြည်ချက်တို့ကို တင်ပြကြလိမ့်မည်ဟု အမေ မျှော်လင့်ခဲ့၏။ သို့ရာတွင် ယူကရိန်းသားသည် ထ၍ သူ့ကိုယ်ကိုယိမ်းပြီး တရားသူကြီးများကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဂုဏ်အသရေရှိသော ရှေ့နေကြီးများခင်ဗျား"

ရောဂါသည် တရားသူကြီးက ဒေါသတကြီးနှင့်...

"ဟေ့ အခု မောင်မင်း စကားပြောနေတာဟာ ရှေ့နေကြီးတွေ မဟုတ်ဘူးကွ၊ တရားသူကြီးတွေ" ဟု အော်လိုက်၏။ အမေသည် ယူကရိန်းသား၏ မျက်နှာတွင် ဒေါသရောင် သန်းနေသည်ကို တွေ့လိုက်၏။ သူ၏နှုတ်ခမ်းမွေးများသည် လှုပ်နေပြီး သူ၏မျက်လုံးများသည် ကြောင်မျက်လုံးများကဲ့သို့ တောက်ပြောင်နေသည်ကို တွေ့ရ၏။ သူသည် သူ၏ ဦးခေါင်းကို သူ၏ရှည်လျားသော လက်ချောင်းများနှင့် တအားပွတ်နေပြီး သက်ပြင်းချလိုက်၏။ ထိုနောက် သူ၏ ဦးခေါင်းကို ယမ်းလျက်၊

"အဲဒါ ဟုတ်ရဲ့လားဗျာ။ ကျုပ်ကတော့ ခင်ဗျားတို့ကို တရားသူကြီးတွေလို့ မယူဆဘူး။ ရှေ့နေတွေလို့ပဲ ယူဆတယ်"

တရားခံ့နာယက အဘိုးကြီးက...

"မောင်မင်းဟာ မောင်မင်း ပြောရမယ့် လိုရင်းအချက်ကိုသာပြောပါ" ဟု ပြောလိုက်၏။

"လိုရင်းအချက်ကို ပြောရမယ် ဟုတ်လား။ ကောင်းပါပြီ၊ ဒါဖြစ်ရင် ကျုပ်က ခင်ဗျားတို့ဟာ တကယ့် တရားသူကြီးတွေ၊ တကယ့် ဂုဏ်သရေရှိ

လွတ်လွတ်လပ်လပ်နဲ့ လုပ်ကိုင်ကြတဲ့ လူတွေလို့ပဲ ယုံကြည်လိုက်ပြီလို့ ဆိုကြပါစို့”

“ဟော့၊ တရားရုံးက မောင်မင်းရဲ့ထောက်ခံချက်တွေကို ဘာမှ မလိုချင်ဘူးကွ”

“ဒီလိုလား၊ ကောင်းပြီလေ ကျုပ်ပြောပါမယ်။ အဲဒီတော့ ခင်ဗျားတို့ဟာ ဘက်မလိုက်တဲ့၊ ဟိုဟာဒီဟာကို မငဲ့ကွက်တဲ့၊ ‘ခင်ဗျားဟာတွေ’ ‘ကျုပ်ဟာတွေ’ ဆိုတဲ့ အစွဲအလမ်းတွေ မရှိတဲ့ လူတွေလို့ပဲ ပြောကြပါစို့။ လူတယောက်က ခင်ဗျားတို့ဆီလာပြီး ‘သူက ကျုပ်ကို ဓားပြတိုက်ပါတယ်။ ကျုပ်ကိုလည်း ဖွဲ့အိတ်ကျအောင် ရိုက်ပါတယ်လို့ လာတိုင်တယ်’ တဲ့။ သည့်ပြင်တယောက်ကလည်း ‘ကျုပ်မှာ လူတွေကို ဓားပြတိုက်ဖို့နဲ့ ဖွဲ့အိတ်ကျအောင် ရိုက်ဖို့ အခွင့်အရေး ရှိတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်မှာ ရိုက်ဖို့ ကြိမ်တချောင်းရှိလို့’ လို့ ပြောတယ်တဲ့။ အဲဒီ”

“မောင်မင်းမှာ လိုရင်းအချက်နဲ့ ပတ်သက်လို့ ဘာမှပြောစရာ မရှိဘူးလား” ဟု အဘိုးကြီးက အသံခပ်ကျယ်ကျယ် မေးလိုက်၏။ သူ၏လက်သည် တုန်နေပြီး အမေက သူ့ဒေါသ အပြင်းအထန် ဖြစ်နေသည်ကို ကြည့်ပြီး ဝမ်းမြောက်နေ၏။ သို့ရာတွင် ယူကရိန်းသား၏ အပြုအမူကိုမူ သူသည် သဘောမကျချေ။ သူပြောသည့်စကားကလည်း သူ့သားပြောသည့်စကားနှင့် ရှေ့နောက်မညီဘဲ ဖြစ်နေ၏။ သူက သူတို့တတွေ ပြောသည့်စကားတို့ကို အဓိပ္ပာယ် လေးနက်စေချင်၏။ သိက္ခာလည်း ရှိစေချင်သည်။

ယူကရိန်းသားသည် စကားကို ဆက်၍ မပြောမီ အဘိုးကြီးကို ငြိမ်သက်စွာ ကြည့်လိုက်၏။ ထိုနောက် သူ၏နဖူးကို သုတ်ရင်း တည်ငြိမ်စွာ၊

“လိုရင်းအချက် ဟုတ်လား၊ ကျုပ်က ခင်ဗျားတို့နဲ့ လိုရင်းအချက်နဲ့ ပတ်သက်လို့ ဘာလို့ ပြောရမှာလဲ။ ကျုပ်ရဲဘော်က အခုလောလောဆယ် ခင်ဗျားတို့ သိသင့်သိထိုက်တာတွေကို အကုန်ပြောပြီးပြီ။ တခြားရဲဘော်တွေကလည်း အချိန်ကျလာတော့ ကျန်တာတွေကို ပြောပြကြပါလိမ့်မယ်” ဟု ပြောလေ၏။

အဘိုးကြီးသည် မတ်တတ်ရပ်၍၊

“ဟေး ထိုင် ထိုင်၊ နောက်တရားခံ ဂရီဂေါ်ရီ ဆမွိုင်းလော့ ပြောပါစေ" ဟု အော်လိုက်၏။

ယူကရိန်းသားသည် နှုတ်ခမ်းကိုစေ့၍ အေးအေးဆေးဆေး ထိုင်ချလိုက်၏။ ဆမွိုင်းလော့သည် ထိုင်ရာမှထပြီး သူ၏ဘေး၌ မတ်တတ်ရပ်ကာ သူ၏ကောက်နေသော ဆံပင်တို့ကို နောက်သို့ လှန်လိုက်၏။

“အမှုလိုက်က ကျွန်တော့်ရဲဘော်တွေကို အရိုင်းအစိုင်းတွေ၊ ယဉ်ကျေးမှုရဲ့

ရန်သူတွေလို့ ခေါ်ပါတယ်”

“မောင်မင်းတို့ အမှုနဲ့ မပတ်သက်တာကို ဘာမှမပြောပါနဲ့”

“ဒီဟာက အဲဒါနဲ့ ပတ်သက်ပါတယ်။ လူရိုးလူကောင်းတွေနဲ့ မပတ်သက်တာ ဘာမှမရှိပါဘူး။ ပြီးတော့ ကျွန်တော်ပြောတဲ့အခါ စကားကို ဝင်ဝင်ပြီး ဖြတ်မပြောဖို့ရန် တောင်းပန်ချင်ပါတယ်။ ခင်ဗျားတို့က ဘာကို ယဉ်ကျေးမှုလို့ ခေါ်တာလဲ။ အဲဒါကို ကျွန်တော် သိချင်ပါတယ်”

အဘိုးကြီးက ဒေါသဖြစ်လျက်

“တို့တတွေက ဒီမှာ မောင်မင်းတို့နဲ့ စကားအချေအတင် ပြောဖို့ မဟုတ်ဘူး။ ဒီမှာ တရားစီရင်တာနဲ့ မပတ်သက်တဲ့ ဘေးပေါက်စကားတွေ ပြောစရာမဟုတ်ဘူး” ဟု ဆိုလေ၏။

ယူကရိန်းသား၏ အပြုအမူကြောင့် တရားသူကြီးသည် စိတ်ထားပြောင်းသွားကြ၏။ သူတို့၏ ဟန်ဆောင်မှုသည် ကွာကျသွား၏။ သူတို့၏ ဖြူရော်ရော် မျက်နှာများတွင် နီရဲလာကြပြီး မျက်လုံးများကလည်း ဒေါသရောင် တောက်ပနေလေ၏။ သူတို့သည် ပါဗယ်၏ စကားကြောင့် ဒေါသဖြစ်ခဲ့၏။ သို့ရာတွင် သူ၏လေးနက်၍ သိက္ခာရှိသည့် စကားတို့ကြောင့် သူ့ကိုလည်း လေးစားကြရ၏။ ဒေါသဖြစ်ဟန်လည်း ဆောင်နေကြရ၏။ ယူကရိန်းသားကမူ သူတို့၏ မျက်နှာဖုံးများကို ချွတ်ပြီး သူတို့၏ နဂိုဇာတိရုပ်ကို ဖော်ထုတ်လိုက်၏။ သူတို့သည် တရားသူကြီးများဟူသော ဂုဏ်သိက္ခာတို့နှင့် မလိုက်အောင် တိုးတိုးပြောလိုက်၊ ရှုံ့လိုက်မဲ့လိုက်၊ လက်ဟန် ခြေဟန်ပြလိုက် လုပ်နေကြလေသည်။

“ခင်ဗျားတို့က လူတွေကို သူလျှိုဖြစ်အောင် သင်တယ်၊ ပြတယ်။ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေရဲ့ အကျင့်စာရိတ္တတွေကို ဖျက်ဆီးပစ်တယ်။ ခင်ဗျားတို့က လူတွေကို ခါးပြတွေ၊ လူသတ်သမားတွေ ဖြစ်အောင် လုပ်ပစ်တယ်။ လူတွေကို အရက်တွေနဲ့၊ ကမ္ဘာစစ်တွေနဲ့၊ မုသားစကားတွေနဲ့၊ အကျင့်စာရိတ္တတွေ ပျက်ပြားအောင် သွေးဆောင်မှုတွေနဲ့၊ ရက်စက် ရိုင်းစိုင်းမှုတွေနဲ့ ဖျက်ဆီးနေကြတယ်။ အဲဒါ ခင်ဗျားတို့ရဲ့ယဉ်ကျေးမှုပဲ။ ကျွန်တော်တို့က ဒီလိုယဉ်ကျေးမှုရဲ့ ရန်သူတွေပဲ”

“ငါမင်းကို မေးရလိမ့်မယ်” ဟု အဘိုးကြီးက အော်လိုက်၏။ သို့ရာတွင် ဆမွိုင်းလော့သည် မျက်နှာကြီး နီလာပြီး မျက်လုံးက အရောင်များထွက်လာကာ ပြန်၍အော်လိုက်၏။

"ခင်ဗျားတို့က ပျက်စီးသွားအောင်၊ ရှုးသွပ်သွားအောင် ထောင်တွေထဲမှာ ထည့်ထားတဲ့လူတွေက တင်ပြ ရှေ့ဆောင်နေကြတဲ့ အဲဟိုယဉ်ကျေးမှုကိုမှ ကျွန်တော်တို့က လေးစားတယ်။ တန်ဖိုးထားတယ်"

"မောင်မင်း ထိုင်။ နောက်တယောက် ဖီယိုဒိုမက်ဇင်"

သေးညှက်ညှက် ဖီယိုဒိုသည် သေးသွယ် ပေါ့ပါးသည့် ခန္ဓာကိုယ်ကလေးနှင့် ခပ်မတ်မတ် ရပ်လိုက်၏။

"ကျွန်တော်ကတော့ ဒီအလုပ်ကို ဆက်လုပ်သွားပါမယ်လို့ ဘုရားသခင်ကို တိုင်တည်ထားပြီး၊ (ထိုနောက် အသက်ကို ပြင်းပြင်း ရှုလိုက်၏) "ခင်ဗျားတို့တတွေက ကျွန်တော့်အပေါ်မှာ စီရင်ချက်ချထားပြီးသားဆိုတာကို ကျွန်တော် သိတယ်။ ဒါပေမဲ့ ခင်ဗျားတို့က ကျွန်တော့်ကို ဘယ်ပို့ပို့ ကျွန်တော်ကတော့ ထွက်ပြေးမှာပဲလို့ ဘုရားသခင်ကို သစ္စာပြုထားပြီးသားပဲ၊ ပြီးတော့ တသက်လုံး ဒီအလုပ်ကို ဆက်လုပ်သွားမှာပဲ။ (ကျမ်းသစ္စာ ကျိန်ဆိုနေသကဲ့သို့ သူ၏ လက်တဖက်ကို မြှောက်လျက်) "ဒါကို ကျွန်တော် မဖြစ်မနေ လုပ်ပါမယ်လို့ ကျိန်ဆိုတယ်"

ဆီးဇေ့သည် တိုတောင်းစွာ တချက်ညည်းလိုက်ပြီး သူ့ထိုင်ခုံပေါ်၌ နေရာရွှေ့၍ ထိုင်လိုက်၏။ ပရိသတ်သည်လည်း လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး အတိတ်နိမိတ်ကတော့ မကောင်းတော့ဘူး ဆိုသည့်အနေနှင့် ညည်းညူလိုက်ကြ၏။ အမျိုးသမီးတယောက်က ရှိုက်၍ ငိုနေပြီး တစုံတယောက်ကမူ ချောင်းဆိုးနေလေ၏။ စစ်ပုလိပ်များသည် တရားခံများကို အံ့သြစွာ ကြည့်နေကြ၏။ ပရိသတ်ကိုမူ ဒေါသဖြင့် ကြည့်နေကြ၏။ တရားသူကြီးကမူ ကုလားထိုင်ပေါ်၌ ရှေ့တိုးနောက်ငင် လုပ်နေကြလေသည်။

"နောက်တယောက် အိုင်ဗင်ဂူးဆက်" ဟု တရားခံနာယက အဘိုးကြီးက အော်ခေါ်လိုက်၏။

"ကျွန်တော် ဘာမှမပြောချင်ဘူး"

"နောက်တယောက် ဗစ်ဆီလီဂူးဆက်"

"ကျွန်တော်လည်းပဲ မပြောချင်ဘူး"

"ဖီယိုဒိုဘူကင်"

မျက်နှာ၌ သွေးရောင်မရှိသည့် ဖြူရော်ရော် လူတယောက်သည် လေးဖင့်စွာ မတ်တတ်ရပ် လိုက်၏။

ထို့နောက် သူသည် သူ၏ဦးခေါင်းကို ယမ်းကာ...

"ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကို ရှက်ဖို့ကောင်းတယ်။ ကျုပ်ဟာ လူအလူထိုင်း တယောက်ပါ။ ဒါနဲ့တောင် ဘယ်ဒင်းဟာ တရားတယ်ဆိုတာကို ကျုပ်သိတယ်" ဟု ပြောပြပြီး လက်တဖက်ကို သူ၏ဦးခေါင်းပေါ်၌ မြှောက်၍ ဝေးလံသောနေရာမှ တစုံတခုကို လှမ်းကြည့်နေသကဲ့သို့ မျက်လုံးကို မှေး၍ ငြိမ်နေလေ၏။

တရားခံနာယက အဘိုးကြီးသည် သူ့ကုလားထိုင်ကို နောက်သို့ အနည်းငယ်လှန်၍ အံ့လည်းအံ့ဩ ဒေါသလည်း ဖြစ်ကာ...

"ဟေ့ ဒါက ဘာပြောတာလဲ" ဟု အော်လိုက်၏။

"အိုး ဒါဖြင့်ရင် ဘာအသုံးကျသေးတုံး" ဟု အော်လိုက်ပြီး ဖီယိုဒိုဘူကင်သည် စိတ်ချဉ်ချဉ်ဖြင့် ခုံရှည်ပေါ်သို့ ထိုင်ချလိုက်၏။

သူ၏မည်းမှောင်သည့် မျက်လုံးများသည် ကြီးကျယ်လေးနက်သည့်သဘောကို ဆောင်လျက် ရှိ၏။ ဒေါသဖြင့် အပြစ်တင်လိုသည့်သဘောနှင့် ရိုးအသည့် သဘောကိုလည်း ဆောင်လျက်ရှိ၏။ လူတိုင်းက ဤအချက်ကို သိမြင်နေ၏။ တရားသူကြီးများကပင် ဘူကင်ပြောလိုက်သည့် စကားများထက် ပို၍ထင်ရှားပြတ်သားသည့် ပွဲတင်သံတရပ် ထွက်လာမည်ဟူသော မျှော်လင့်ချက်ဖြင့် နားစွင့်နေကြ၏။ ရုံးခန်းတခုလုံးသည် ရုတ်တရက် ငြိမ်သက်သွားလေ၏။ ကျိတ်၍ငိုနေသည့် ငိုသံကိုသာ ကြားရ၏။ ထိုနောက် အမှုလိုက်က ပခုံးများကို တွန့်၍ ပြုံးကာ အစိုးရရှေ့နေကြီးအား တစုံတခု ပြောလိုက်၏။ ထိုအတွင်း ခန်းမကြီးတခုလုံးသည် တီးတိုး စကားပြောသံများဖြင့် ကျွက်ကျွက်စီစီ ဖြစ်လာလေသည်။

"တရားသူကြီးတွေက စကားပြောကြမှာလား" ဟု အမေက ဆီးဇော့အား တိုးတိုး မေးလိုက်၏။

"စီရင်ချက်ချရုံမှအပ အားလုံးပြီးပြီလေ"

"အားလုံးပြီးပြီလား"

"ပြီးပြီပေါ့"

အမေက မယုံနိုင်ချေ။

ဆမိုင်းလော့၏ မိခင်သည် အမေ့အား ပခုံးရော တံတောင်နှင့်ပါ တွန်းလျက် ခုံရှည်ပေါ်၌ မအီမသာ ကိုယ်ကို တွန့်လိုက်လိမ်လိုက် လုပ်နေလေ၏။ ထိုနောက်

သူ့ခင်ပွန်းအား၊

"အဲဒါက ဘာလဲ။ မပြီးနိုင်သေးပါဘူး။ ပြီးပြီတဲ့လား" ဟု မေးလိုက်၏။

"ပြီးချင်လည်း ပြီးနိုင်တာပေါ့။ မကြာခင် သိရမှာပေါ့"

"သူတို့က ကျုပ်တို့သားကို ဘယ်လိုအပြစ်မျိုး ပေးကြမှာတဲ့လဲ"

"စကားမပြောနဲ့၊ တော်ဦး"

ရုံးခန်းထဲမှ ပရိသတ်သည် သူတို့ နားမလည်ကြသည့် တစုံတခုသော အကြောင်းကိစ္စတရပ် ကြောင့် တုန်လှုပ်ချောက်ချားကြ၏။ သူတို့သည် တစုံတခုသော အရာဝတ္ထု၏ ရုတ်တရက် ညီးညီးပြောင်ပြောင် တောက်လောင်လိုက်သည့် လင်းရောင်ခြည်ကြောင့် ဘုမသိ ဘမသိ အကြောင်သား ကြည့်နေမိကြ၏။ ထိုအရာဝတ္ထုကား တော်လှန်သော အဘိဓမ္မာ၏ တော်လှန်သော သစ္စာတရား ဖြစ်၏။ ဤတရားသည် မည်မျှကျယ်ပြန့်သည်ကို ကန့်သတ် ပိုင်းဖြတ်၍ မရနိုင်။ ဤတရား၏ သဘောအဓိပ္ပာယ်သည် မည်မျှ လေးနက် နက်ရှိုင်းသည် ကိုလည်း မသိနိုင်။ သို့ရာတွင် ဤတရားသည် ခုခံတွန်းလှန်၍ မရနိုင်အောင် စွမ်းဆောင်နိုင်သည့် အင်အားဖြစ်၏။ သို့ ရုတ်တရက် အလင်းရောင် ထိုးလာသည့် ဤကြီးမားမြင့်မြတ်လှသည့် တရားကို နားမလည်နိုင်ကြရကား သူတို့ သိမြင် နားလည်ကြသည့် အသေးအဖွဲ့ ကိစ္စကလေး များနှင့် ပတ်သက်၍သာ သူတို့သည် အာရုံစိုက်နေကြလေ၏။

"အမှုလိုက်ကိုတော့ သူပြောချင်တာကို ပြောချင်သလို ပြောခွင့်ပြုပြီး တို့လူတွေကျတော့ ဘာပြုလို့ စကားပြောခွင့် မပြုတာလဲ" ဟု ဗီယိုဒို၏အစ်ကို ဘူတင်က လေသံကို အုပ်လျက် ခပ်ကျယ်ကျယ် မေးလိုက်၏။

အရာရှိတယောက်သည် ခုံရှည်များအနီး၌ မတ်တတ်ရပ်ပြီး လူတွေ၏အပေါ်၌ လက်ကို ဝှေ့ယမ်းကာ၊

"ငြိမ် ငြိမ်" ဟု အမိန့်ပေးလိုက်၏။

ဆမွိုင်းလော့၏ဖခင်သည် သူ့ဇနီးနောက်ကျောကို မှီ၍

"ကောင်းပြီ။ သူတို့မှာ အပြစ်ရှိတယ်လို့ပဲ ပြောကြပါစို့။ ဒါပေမဲ့ သူတို့ကို ရှင်းပြဖို့ အခွင့်အရေး ကိုတော့ ပေးထားဦးမှပေါ့။ သူတို့က ဘယ်သူ့ကို တိုက်ခိုက်နေကြတာလဲ။ ငါသိချင်တာက ဒါပဲ။ ငါလည်း ငါ့စိတ်ထဲမှာ ငါသဘောကျတာ" ဟု စကားကို ဟိုတခွန်း၊ သည်တခွန်း ပြောနေစဉ် အရာရှိက သူ့ကို လက်ညှိုးထိုး၍၊

"တိတ်တိတ်နေစမ်း" ဟု သတိပေးလိုက်၏။

ဆီးဖော့သည် ဝမ်းနည်းစွာ ဦးခေါင်းကို ယမ်းနေလေ၏။

အမေသည် တရားသူကြီးများကိုသာ စိုက်ကြည့်နေ၏။ သူတို့တတွေသည် တယောက်နှင့် တယောက် စကားပြောရင်း ပြောရင်း ပို၍ လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။ သူ့စိတ်ထဲ၌လည်း ဤကဲ့သို့ ထင်မြင်လာ၏။ သူတို့၏ မေတ္တာတရား ကင်းမဲ့၍ ကောက်ကျစ်စဉ်းလဲသည့် အသံများသည် သူ၏မျက်နှာကို လာဟပ်နေသည်ဟု ထင်မှတ်နေရာ သူ၏ပါးရေများသည် တွန့်ရှုံ့သွားပြီး ပါးစပ်ထဲ၌ အော်ဂလီဆန်၍ အန်ချင်လာ၏။ ပါဗယ်နှင့် သူ့ရဲဘော်တစုတို့ ရှင်သန်ဖွံ့ဖြိုး၍ အားခွန်ဗလ တောင့်တင်းလှသည့် ခန္ဓာကိုယ်တို့နှင့် ပတ်သက်၍ သူတို့သည် စကားပြောနေကြသည်ဟု ထင်၏။ ဤခန္ဓာကိုယ်တို့ကို ကြည့်ပြီး သူတို့တတွေ၏ စိတ်ထဲ၌ သူတောင်းစားများသဖွယ် ယုတ်မာညစ်ညမ်းသည့် ဣဿာမိစ္ဆရိယ တရားသည် ပွားများလာလေ ၏။ အားအင်ကုန်ခန်း၍ နာမကျန်း ဖြစ်နေသူသည် အစာအာဟာရတို့ကို မြင်လျှင် စားချင်ပါလျက်နှင့် မစားနိုင်သဖြင့် မချင့်မရဲ ဖြစ်နေသကဲ့သို့ တပ်မက်သည့် အာသာဆန္ဒတို့ သည်လည်း တဖွားဖွား ပေါ်လာကြ၏။ အလုပ်လုပ်နိုင်စွမ်း၊ စည်ပင်ကြီးထွားနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ဘဝ၏ ပျော်ရွှင်မှုကို ခံစားနိုင်စွမ်း စသည့် အစွမ်းသတ္တိတို့နှင့် ပြည့်စုံသည့် နုပျိုစိုပြည်လှသည့် ခန္ဓာကိုယ်တို့ကိုကြည့်ပြီး သွားရည်ယိုနေကြ၏။ အဘိဇ္ဈာလည်း ဖြစ်လာကြ၏။ သို့ရာတွင် ဤမျှ သူတို့ သွားရည်တမျှားမျှားနှင့် အာသာဆန္ဒ ငမ်းငမ်းတက် ဖြစ်နေလောက်အောင် ရွှင်လန်း ပျိုနုလှသည့် အလုပ်သမားတို့သည် သူတို့အား ယခင်က သူတို့ စုပ်နေ မျိုနေကျ အသွေးအသားတို့ဖြင့် မပေးသကြတော့ရာ၊ တနည်းအားဖြင့် သူတို့၏ အသွေးအသားတို့ကို စုပ်မျိုခွင့် မပေးကြတော့ရာ သူတို့သည် အသွေးအသားတို့ကို မစုပ်နိုင်၊ မခြယ်လှယ်နိုင်ကြတော့ချေ။ ထို့ကြောင့် ဆူဖြိုး နုပျိုလှသည့် သားကောင်ကို တွေ့နေသော် လည်း ထို သားကောင်ကို ဖမ်းနိုင် ဆီးနိုင်ဖို့ ဝေးစွ၊ ကိုယ့်ခန္ဓာကိုပင် ကိုယ်အနိုင်နိုင် သယ်နေရသည့် ဘဝသို့ ရောက်နေသဖြင့် မကျေမနပ်ဖြစ်ကာ မာန်ဖီနေသည့် ကျားအို ကျားပိန်ကဲ့သို့ ဤသက်ကျားရွယ်အို ဆံဖြူစွယ်ကျိုး တရားသူကြီးတစုသည် ပါဗယ်ကို ကြည့်ပြီး မချင့်မရဲ ဖြစ်နေကြ၏။ သင်းတို့တော့လား၊ သိကြရောပေါ့ ဟူသော သဘောမျိုးနှင့် အငြိုးတကြီးလည်း ဖြစ်နေကြ၏။

အမေသည် ဤတရားသူကြီးတို့ကို အာရုံစိုက်၍ ကြည့်လေ၊ ဤထူးဆန်း ရှန့်ရင်းလှသည့် ထင်မြင်ယူဆချက်သည် သူ့စိတ်ထဲ၌ ပို၍ ထင်ရှား ပြတ်သားလာလေ ဖြစ်၏။ သားကောင်တို့၏ အသွေးအသားတို့ကို တခါက အရသာခံ၍ စုပ်ခဲ့၊ စားခဲ့ဖူးသော်လည်း ယခုမူ မစုပ်နိုင်၊ မစားနိုင်တော့ပြီ ဖြစ်သဖြင့် ဆာလောင်မွတ်သိပ်နေသည့် သားရဲတိရစ္ဆာန်တို့၏ လောဘနှင့်

ဒေါသတရားတို့သည် သူတို့စိတ်ထဲ၌ ပေါ်လာကြ၏။ သူတို့သည် သူတို့၏ ဤလောဘ၊ ဒေါသတို့ကို မဖုံးကြ မကွယ်ကြတော့ပြီ။ အမေ့အတွက် ဆိုရသော် သူသည် မိန်းမသား တယောက်လည်း ဖြစ်၏။ သူကိုယ်တိုင် ပင္စိသန္ဓေလွယ်၍ မွေးဖွားခဲ့ပြီး နို့ချိုတိုက်ကျွေးကာ အရိပ်တကြည့်ကြည့်နှင့် ပြုစုပျိုးထောင်လာခဲ့သည့် သူ၏ တဦးတည်းသောသား၏ ခန္ဓာကိုယ်ကို သူ့အသက်ထက်ပင် ချစ်ခင်သည့် မိခင်တယောက်လည်း ဖြစ်၏။ ထို့ကြောင့် ဤတရားသူကြီး များက သူတို့၏ အားအင်ခန်းခြောက်၍ ရွတ်တွနေကြပြီဖြစ်သည့် အကြောများ၊ ကြွက်သားများ ထဲသို့ သူ့သား၏ ပူနွေး ဆူဖြိုးလှသည့် သွေးသားများကို စုပ်ယူ၍ သွင်းကြတော့မည်ကဲ့သို့ သူတို့၏ အရောင်အရှိန် ကင်းမဲ့ပြီး မှေးမှိန်နေကြသည့် မျက်လုံးများဖြင့် သူ့သား၏ ခန္ဓာကိုယ်ကို ခြေဆုံး ခေါင်းဆုံး ၃၂ ကောဋ္ဌာသ အကုန် ရွှန်းရွှန်းစားစား ကြည့်နေကြသည်ကို မြင်မိလျှင် ကြက်သီးမွေးညင်းများပင် ထမိ၏။ သူတို့ကိုယ်တိုင်က စီရင်ချက်ချပြီး သူတို့နှင့် အလွန် ကွာဝေးလှသည့် ပြည်နယ်ရပ်ခြားသို့ ပြည်နှင်ဒဏ် ခတ်လိုက်ကြတော့မည့် ဤလူငယ်တစုကို စိန်းစိန်းဝါးဝါး ကြည့်နေရင်း သူတို့၏စိတ်ထဲ၌ တပ်မက်မှု၊ မနာလိုဝန်တိုမှုတို့သည် ပေါက်ဖွားလာကြ၏။ ဤတပ်မက်မှု၊ မနာလိုဝန်တိုမှုတို့၏ စေ့ဆော်ချက်ဖြင့် သူတို့သည် တက်ကြွလှုပ်ရှားလာနိုင်ကြပြန်သည်။ ပါဗယ်ကိုယ်တိုင်ကလည်း တရားသူကြီးများက ဤသဘောမျိုးနှင့် သူ့ကိုကြည့်နေကြသည်ကို သိသဖြင့် တုန်လှုပ်ချောက်ချားလျက် ရှိနေသည်ဟု အမေသည် ထင်မှတ်မိပြန်၏။

သူသည် အမေ့အား တည်ငြိမ်၍ ကြင်နာယုယစွာ ကြည့်နေ၏။ သို့သော် သူသည် နွမ်းရှိနေ၏။ မကြာခဏ အမေ့ဆီသို့ ခေါင်းညိတ်ပြ၍ ပြုံးနေ၏။

"မကြာခင် လွတ်တော့မှာပါ" ဟူသော စကားတို့ကို သူ၏အပြုံးက ဆောင်နေသည်ဟု အမေက ယူဆ၏။ ၎င်းပြင် သူ၏အပြုံးက သူ့ကို ကြင်နာယုယစွာ ပွတ်သပ် ပေးနေသကဲ့သို့လည်း ရှိ၏။

ထိုအတွင်း တရားသူကြီးတို့သည် မတ်တတ်ရပ်လိုက်ကြ၏။ အမေကလည်းထလိုက်၏။

"အဲ၊ သူတို့ သွားကုန်ကြပြီ" ဟု ဆီးဇော့က ပြောလိုက်ရာ အမေက

"စီရင်ချက်ချဖို့အတွက်လား" ဟု မေးလေ၏။

"အင်း၊ ဟုတ်တယ်"

အမေသည် စိတ်ကိုတင်းထားရာမှ ရုတ်တရက် စိတ်အားလျော့သွားရာ အလွန် နွမ်းရိပင်ပန်းပြီး မြောမေ့သွားတော့မလောက် ဖြစ်သွား၏။ သူ၏ မျက်ခုံးများသည် လှုပ်လာပြီး နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ ယိုထွက်လာကြ၏။

သူသည် စိတ်ထဲ၌ နာကြည်းပြီး အင်အား လျော့နေရာမှ ရုတ်တရက် တရားရုံးနှင့် တရားသူကြီးတို့ကို စက်ဆုပ် ရွံရှာလာလေ၏။ ထိုအတွင်း ခေါင်းကိုက်လာသဖြင့် နားထင်နှစ်ဖက်ကို လက်နှင့် ဖိထားလိုက်ရ၏။ တရားခံများ၏ ဆွေမျိုးများသည် တရားခံများထားရာ ဝက်ခြံနားသို့ သွားကြရာ ရုံးခန်းထဲ၌ စကားပြောသံ များကို ကြားလာရလေ၏။ အမေလည်း ပါဗယ်ထံသို့သွားပြီး လက်ကိုကိုင်ကာ ငိုနေမိ၏။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း ဟူသော ဆန့်ကျင်ဘက် တရားနှစ်ပါးတို့သည် ပေါင်းစပ်ကာ သူ့ဝမ်းထဲ၌ လှုပ်ရှားလျက်ရှိလေ၏။ ပါဗယ်သည် အမေ့အား နူးညံ့သိမ်မွေ့စွာ စကားပြောနေ၏။ ယူကရိန်းသားကမူ ရယ်လား မောလားနှင့် ရယ်စရာတို့ကို ပြောနေလေသည်။

အမျိုးသမီးအားလုံးသည် ငိုကြ၏။ သို့ရာတွင် ဝမ်းနည်း၍ ငိုသည်ထက် အရေးရှိလျှင် မျက်ရည် ကျတတ်သည့် သဘာဝကြောင့် ငိုကြခြင်းဖြစ်၏။

တရားခံများ၏ မိဘဆွေမျိုးတို့သည် သူတို့၏သားသမီးများ ဤကဲ့သို့ဖြစ်ကြရသည်ကို သူတို့ မမျှော်လင့်ဘဲ၊ မသိဘဲ ဖြုန်းခနဲ ဖြစ်သွားကြရသည်ဟူသော သဘောဖြင့် ဝမ်းနည်းပူဆွေး ကြသည် မဟုတ်။ သူတို့တတွေ ဤကဲ့သို့ အဖမ်းအဆီးခံကြရမည်၊ ဤကဲ့သို့ အပြစ်ဒဏ် ခံကြရမည် ဟူသောအချက်ကို ကြိုတင်၍ သိထားကြ၏။ သူတို့နှင့် မလွဲမသွေ ခွဲခွာကြရ တော့မည့် အရေးကြောင့်သာ ဝမ်းနည်းပူဆွေးကြခြင်း ဖြစ်၏။ သို့ရာတွင် ထိုနေ့က တရားရုံးတွင် သူတို့သားများက ပြောကြဆိုကြသည့် စကားတို့ကြောင့်၊ သူတို့၏စိတ်ထဲ၌ ပေါ်ပေါက်လာကြ သည့် ထင်မြင်ယူဆချက်တို့ကြောင့် သူတို့သည် တနည်းတဖုံအားဖြင့် ပူသင့်သလောက်မပူ၊ ဝမ်းနည်းသင့်သလောက် ဝမ်းမနည်းကြချေ။

ယခင်က ပါဗယ်တို့လူစု၏အမိအဘတို့က ပါဗယ်တို့လူစုကို လူငယ်များအနေနှင့် မယုံကြည်သည့် သဘော။ တို့က အသက်အရွယ်ကြီးတဲ့လူတွေ၊ အတွေ့အကြုံများတယ်၊ အသိဉာဏ်ပိုရှိတယ် စသည့်သဘောဖြင့် အထင်အမြင် သေးခဲ့ကြ၏။ ယခုမူ သူတို့သည် သူတို့၏သားများကို လေးစားသလိုလို ဖြစ်လာကြ၏။ ငါတို့သည် ဘယ်သို့ ဘယ်ပုံ နေကြရပါမည်နည်းဟု တွေးတော ပူပင်ခဲ့ကြသည်။ ထိုပူပင်မှုတို့သည်လည်း ယခုထက် ကောင်းမွန်သည့်ဘဝမျိုးကို ဖန်တီး တည်ဆောက်နိုင်သည်ဟု သူတို့သားများက ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား၊ မကြောက်မရွံ့ ပြောပြခဲ့သည့် စကားတို့ကြောင့် ပျောက်ပြယ်သွားကြလေ၏။ အမိအဖတို့သည် သူတို့စိတ်ထဲ၌ ပေါ်ပေါက်လာကြသည့် တွေ့ထိ ခံစားမှုတို့ကို မည်သို့မည်ပုံ ဖြစ်သည်ဟု ထုတ်ဖော်၍ မပြောတတ်ကြသဖြင့် မျိုသိပ်ခဲ့ကြရ၏။ ဝတ်ရေး၊ စားရေး စသည့် အသေးအဖွဲ့ကိစ္စများနှင့် ပတ်သက်၍သာ သူတို့သည် စကားများများ ပြောခဲ့ကြဖူးလေသည်။

ဘူလင်က လက်ကို ဝှေ့ယမ်းလျက် သူ့သားအား…

“ဟေး၊ တရားမျှတမှုဟာ အရေးအကြီးဆုံးပဲ။ တခြားဘာမျှ အရေးမကြီးဘူးကွ” ဟု ပြောလိုက်၏။

“ရိုးသားဖြောင့်မတ်မှုကိုသာ ဂရုစိုက်ပါဗျာ” ဟု သူ့သားက ပြန်ပြော၏။ ဆီးဇော့က သူ့တူ၏ လက်မောင်းကို ကိုင်လျက်

“ကဲ ဖီယိုဒို၊ မင်းကတော့ တို့နဲ့ ခွဲသွားရမှာပဲ” ဟု ပြောလိုက်၏။

ဖီယိုဒိုက ဝမ်းမြောက်ဝမ်းသာ ပြုံးလျက်ကုန်းပြီး သူ့အား စကားတခွန်းနှစ်ခွန်းကို တိုးတိုး ပြောလေ၏။ အစောင့် စစ်သားပုလိပ်က ပြုံး၏။ သို့ဖြစ်ရာ ချက်ချင်း မျက်နှာပိုးသတ်ပြီး ချွဲခန်းဟစ်လိုက်၏။

အမေသည် ပါဗယ်အား စကားပြော၏။ သို့ရာတွင် အခြားအမျိုးသမီးများကဲ့သို့ အဝတ်အစား အကြောင်း၊ သူ့ကျန်းမာရေးအကြောင်းတို့ကိုသာ မေးမြန်းပြောဆိုနေ၏။ သူသည် ဆာရှာ အကြောင်း၊ သူတို့ သားအမိ အကြောင်းတို့ကို မေးခွန်းပေါင်း မြောက်မြားစွာ မေးချင်၏။ အားလုံး အလေး၊ သူ့သားအပေါ်၌ သူထားသည့် အနန္တမေတ္တာ၊ သူ့သား စိတ်ချမ်းသာအောင် လုပ်လိုသည့် ဆန္ဒနှင့် သူ့ကို ချစ်ခင်စေလိုသည့် ဆန္ဒတို့သည် အားလုံးပေါ်တွင် လွှမ်းသွားကြလေ၏။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အရေးကို မျှော်မှန်း၍ ကြောက်ရွံ့ထိတ်လန့်နေသည့် ကြောက်ရွံ့ ထိတ်လန့်မှုသည် ပျော့ပါးသွား၏။ ထိုနေ့ အမှုစစ်စဉ်က သူ၏စိတ်ထဲ၌ စွဲထင်လာခဲ့သည့် အမင်္ဂလာအာရုံများနှင့် တရားသူကြီးတို့အကြောင်း သတိရမိသည့်အခါတို့တွင် အနည်းငယ်မျှသာ ထိတ်လန့်တုန်လှုပ်မိ၏။ သူ့စိတ်ထဲ၌ အလွန်ဝမ်းမြောက် ရွှင်လန်းဖွယ်ရာ အရေးကိစ္စ တရပ်သည် ပေါ်ပေါက်လာ၏။ သို့ရာတွင် ဤကိစ္စသည် အဘယ်ကဲ့သို့သော ကိစ္စဖြစ်သည်ကို ပြည့်ပြည့်စုံစုံ နားလည်းမလည်။ သူ့ကိုယ်သူလည်း မယုံတယုံနှင့် လက်ခံထားလိုက်လေသည်။ ထိုအတွင်း ယူကရိန်းသားအား အခြားသူများနှင့် စကားပြောနေသည်ကိုမြင်ပြီး သူ့ကို ပါဗယ် တက်ပင် ကြင်နာယုယသင့်သည်ဟု သဘောထား၍ သူ့ဘက်သို့ လှည့်ကာ

“မင်းတို့ကို ကနေ့ စစ်ဆေးတာကိုတော့ဖြင့် အမေက သိပ်အရေးကြီးတယ်လို့ မထင်ဘူး” ဟု ပြောလိုက်လျှင် ယူကရိန်းသားက ကျေးဇူးတင်စွာ ပြုံးပြီး…

“ဘာပြုလို့လဲ အမေ၊ စက်ကြီးက အိုပေမဲ့ ကြိတ်တုန်း ဝါးတုန်းပဲနော်” ဟု ပြန်ပြောလိုက်၏။

"ဒါကို ဘယ်သူကမှလည်း မကြောက်ဘူး။ ပြီးတော့ ဘယ်သူက တရားတယ်၊ ဘယ်သူက မတရားဘူး ဆိုတာကိုလည်း ဘယ်သူမှ မသိရ၊ မကြားရဘူး"

"အို၊ အပြီးသတ်တော့ အမေက ဒါကို ကြားချင် သိချင်တာကိုး။ ဒါဖြင့် အမေက သူတို့က အမှန်တရားကို ရအောင် လိုက်နေတယ်လို့ ထင်နေသလား"

အမေသည် သက်ပြင်းတချက်ရှူပြီး ပြုံးလျက်...

"အမေက ဒါကို သိပ်ပြီး ကြောက်စရာကောင်းလိမ့်မယ်လို့ ထင်ခဲ့တာ" ဟု ပြန်ပြောလေ၏။

ထိုအတွင်း "ရုံးတော်အတွင်းမှာ ငြိမ်ကြပါ" ဟူသော အသံတသံသည် ပေါ်လာရာ လူများသည် ကိုယ့်နေရာကို ပြန်ကြလေ၏။

တရားခုံအဖွဲ့နာယက တရားသူကြီးသည် စားပွဲခုံကို လက်တဖက်ဖြင့် ထောက်ပြီး အခြား လက်တဖက်နှင့် စာရွက်တရွက်ကို မျက်နှာနားသို့ကပ်၍ စူးရှသည့်အသံဖြင့် ဖတ်နေလေ၏။

ဆီးဇော့သည် ရှေ့သို့ကိုင်း၍ အာရုံစိုက်လျက်...

"စီရင်ချက်ကို ဖတ်နေတာ" ဟု ပြော၏။

ရုံးခန်းသည် ငြိမ်သက်သွားလေ၏။ လူတိုင်းသည် မတ်တတ်ရပ်၍ တရားခုံအဖွဲ့ နာယက အဘိုးကြီးကို စိုက်ကြည့်နေ၏။ သူသည် သေးသွယ်ပုညွက်ပြီး မတ်မတ်ရပ်ထားရာ တုတ်တချောင်းကို ထောင်ထားသည်နှင့် တူနေ၏။ အခြား တရားသူကြီးများကလည်း မတ်တတ်ရပ်ကြ၏။ အုပ်ချုပ်ရေးမှူးသည် သူ၏ဦးခေါင်းကို တဖက်သို့လှည့်ပြီး မျက်နှာကြက် ကိုသာ မော့်ကြည့်နေ၏။ မြို့တော်ဝန်က လက်ပိုက်လျက်လည်းကောင်း၊ အစိုးရရှေ့နေကြီးက မုတ်ဆိတ်မွေးကို လက်နှင့်သပ်လျက်လည်းကောင်း၊ မကျန်းမမာဖြစ်နေသည့် တရားသူကြီးက လည်းကောင်း၊ အလွန်ဝဖြိုး ကြီးမားလှသည့် သူ့မိတ်ဆွေ တရားသူကြီးက လည်းကောင်း၊ အမှုလိုက်ကလည်းကောင်း သူတို့အားလုံးက အကျဉ်းသမားတို့ကို စိုက်၍ ကြည့်နေကြ၏။ တရားသူကြီးများနောက်မှ ဇာဘုရင် မင်းမြတ်၏ ရုပ်ပုံသည် ငုံ့ကြည့်နေ၏။ သူ၏ ရုပ်ပုံသည် ဝတ်စုံအနီနှင့် တောက်ပြောင်နေပြီး သူ၏ ဖြူဖွေးသည့် မျက်နှာပေါ်၌မူ ဘာကိုမှ အရေးမစိုက်သည့်သဘောသည် ပေါ်လွင်နေ၏။ ယင်ကောင် တကောင်သည် ထိုမျက်နှာပေါ်၌ တွားသွားလျက် နေလေသည်။

"ပြည်နှင်ဒဏ် (ဆီးဇော့က စိတ်လက် ချမ်းသာသွားသည့်အနေနှင့်

ပြောလိုက်ပြီးနောက်) "အင်း၊ စီရင်ချက်ချလိုက်တာကတော့ ဘုရားသခင်ရဲ့ကျေးဇူးပဲ။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ပေးလိုက်မှာကို ကျုပ်က ကြောက်နေတာ။ ဒါက ပိုကောင်းတယ် အမေ" ဟု ပြောလိုက်လျှင် အမေက နွမ်းရိနေသည့် လေသံနှင့်

"အင်း၊ ဒီလိုပဲ စီရင်ချက်ချလိမ့်မယ်ဆိုတာကို ကျုပ် အစကတည်းက သိထားပါတယ်" ဟု ပြန်ပြော၏။

"ကဲ၊ အခုတော့ သေချာသွားပြီ။ သူတို့ ဘာလုပ်မယ်ဆိုတာကို ပြောမှ ပြောမထားဘဲနဲ့"

ထိုနောက် သူသည် ရုံးခန်းထဲမှ အပြင်သို့ ထုတ်လာကြသည့် အကျဉ်းသမားများဘက်သို့ လှည့်ကြည့်လိုက်ပြီး...

"သွားတော့ဟေ့ ဖီယိုဒို။ ကဲ၊ မင်းတို့ကျန်တဲ့လူတွေလည်း သွားကြတော့လေ။ ဘုရားသခင် ကိုယ်တော်မြတ်က မင်းတို့အားလုံးကို မေတ္တာတော်ပို့ပါစေ" ဟု နှုတ်ဆက်လိုက်လေ၏။

အမေသည် သူ့သားနှင့် သူ့ရဲဘော်များအား ငြိမ်သက်စွာ ခေါင်းညိတ်ပြလိုက်၏။ သူသည် ငိုချင်၏။ သို့ရာတွင် ငိုရမှာ ရှက်နေလေသတည်း။

အခန်း နှစ်ဆယ့်ခုနစ်

ရုံးခန်းမှ ထွက်လာသောအခါ မိုးချုပ်ပြီး ညအချိန်သို့ ရောက်နေပြီ ဖြစ်သဖြင့် အမေသည် အံ့သြသွားလေ၏။ လမ်းထောင့်များကို ကြည့်လျှင် မီးအိမ်မှ မီးရောင်များ ထိန်လင်းလျက် ရှိကြပြီး ကောင်းကင်၌လည်း ကြယ်များသည် တောက်ပလျက်ရှိကြ၏။ ရုံးအနီးတွင် လူများသည် အုပ်စုများဖွဲ့ကာ စုရုံးနေကြပြီဖြစ်၏။ လေအေးထဲတွင် ဆီးနှင်းခဲများ၏ ကျိုးသံ၊ ကြေသံနှင့် လူငယ်များ၏အသံတို့ကို ကြားနေရ၏။ ခေါင်းစွပ်ပါသည့် ဖြူရော်ရော် ဝတ်ရုံကြီးကို ဝတ်ထားသည့် လူတယောက်က ဆီးဇော့၏မျက်နှာကိုကြည့်ပြီး...

"ဘယ်လိုစီရင်ချက် ချလိုက်တုံး" ဟု ပျာပျာသလဲ မေးလေ၏။

"ပြည်နှင်ဒဏ် ပေးလိုက်တယ်"

"အားလုံး ဒီလိုချည်းပဲလား"

"ဟုတ်တယ်"

"ကျေးဇူးပဲပေါ့"

ထိုနောက် ထိုလူသည် ထွက်သွားလေ၏။

ဆီးဇော့က "ကြည့်လေ၊ သူတို့က ဒါကို စိတ်ဝင်စားကြတယ်" ဟု အမေအား ပြောပြလိုက်၏။

ထိုနောက် မိန်းကလေး၊ ယောက်ျားကလေး တကျိပ်လောက်က အမေဆီကို ဝိုင်းလာကြ၏။ သူတို့၏ စကားကျယ်ကျယ် ပြောသံ ဆိုသံတို့ကြောင့် အခြားသူများနှင့်အတူ ဤလူအုပ်ကလေး ဆီသို့ ဝိုင်း၍ လာကြ၏။ အမေနှင့် ဆီးဇော့တို့သည် ရပ်နေကြ၏။ သူတို့ကို မည်ကဲ့သို့ စီရင်ချက်ချလိုက်သည်ကိုလည်းကောင်း၊ အကျဉ်းသမားများက မည်သို့မည်ပုံ ပြုမူပြောဆိုကြ သည်ကိုလည်းကောင်း၊ မည်သူတို့က ဟောကြ ပြောကြသည်ကို လည်းကောင်း၊ မည်ကဲ့သို့သော တရားတို့ကို ဟောကြသည်ကိုလည်းကောင်း စသည့် အချက်အလက်တို့နှင့် ပတ်သက်၍ ဝိုင်းဝန်းမေးကြ၏။ ဤသို့မေးရာတွင် တကယ်စစ်မှန်သည့် စေတနာနှင့် မေးကြသဖြင့် အမေသည် အလွန်ဝမ်းမြောက်ဝမ်းသာ ပြန်၍ ဖြေလိုက်လေသည်။

"လူကြီးမင်းတို့ခင်ဗျား၊ ဒီအဒေါ်ကြီးဟာ ပါဗယ်ဗလက်ဆော့ရဲ့အမေ ဖြစ်ပါတယ်" ဟု တစုံတယောက်သောသူက ပြောလိုက်ရာ ရုတ်တရက်

အားလုံးငြိမ်သက်သွားလေ၏။

"ကျွန်တော် လက်ဆွဲနှုတ်ဆက်ပါရစေ ခင်ဗျာ"

လူတယောက်က သူ၏သန်မာသည့်လက်က အမေ့၏လက်ချောင်းများကို ညှစ်ထား၍ အခြားလူတယောက်က တုန်ယင်သည့်အသံဖြင့်၊

"အမေ့သားက ကျွန်တော်တို့အားလုံးအတွက် သူရသတ္တိမှာတော့ စံပါပဲခင်ဗျာ" ဟု ပြောလိုက်၏။

ထိုအတွင်း "ရုရှား အလုပ်သမားများ အသက်ရာကျော် ရှည်ပါစေ" ဟူသော ကျယ်လောင်သည့် အော်သံတခု ပေါ်လာလေ၏။

ဟိုနေရာက အော်လိုက်၊ သည်နေရာက ဟစ်လိုက်နှင့် အော်သံဟစ်သံတို့သည် များသည်ထက် များလာ၏။ လူများကလည်း အရပ်ရှစ်မျက်နှာမှ ပြေးလာကြပြီး ဆီးဇော့နှင့် အမေ့အနားသို့ တိုးလာကြ၏။ ပုလိပ်များသည် ခရာများကို မှုတ်ကြ၏။ သို့ရာတွင် သူတို့၏ ခရာသံများကို လူအုပ်ကြီး၏ အော်သံဟစ်သံတို့က လွှမ်းသွားလေ၏။ ဆီးဇော့က ရယ်လိုက်၏။ အမေ့အတွက် ဤအဖြစ်အပျက်သည် ပျော်စရာအိပ်မက် ဖြစ်နေ၏။ သူသည် ပြုံး၍ ဦးခေါင်းကိုညွှတ်ကာ လူအများနှင့် လက်ဆွဲ နှုတ်ဆက်နေ၏။ သူ၏ မျက်လုံးအိမ်များထဲ၌ မျက်ရည်များသည် ဝဲနေ၏။ သူ၏ ခြေထောက်များသည် ညောင်း၍ တောင့်နေကြသော်လည်း သူ၏ နှလုံးအိမ်သည် ပီတိဖြင့် စိမ့်လျှက်ရှိချေသည်။ ထိုအတွင်း သူ့အနားမှ တစုံတယောက်သောသူက ထင်ရှားပြတ်သား၍ တုန်ယင်သောအသံနှင့်၊

"ရဲဘော်၊ ရုရှားပြည်သူလူထုကို မျိုဝါးနေတဲ့ တကယ့် တိရစ္ဆာန်ရိုင်းကြီးက အင်း၊ ကနေ့ စားလိုက် ဝါးလိုက်ပြန်ပြီ" ဟု ပြောလိုက်ရာ ဆီးဇော့က၊

"ကဲ အမေ၊ ကျုပ်တို့သွားကြရအောင်" ဟု ပြောလေ၏။

သို့ပြောနေစဉ် ဆာရှာရောက်လာပြီး အမေ့ လက်မောင်းကို ကိုင်ကာ၊

"သူတို့ ရိုက်ပွဲမဖြစ်မီ ဒါမှမဟုတ်ရင်လည်း ဟိုဖမ်းလိုက် သည်ဖမ်းလိုက်မလုပ်မီ သွားကြရအောင် အမေ" ဟု ပြော၍ လမ်းတဖက်ဘေးသို့ ခေါ်သွားရင်း

"ပြည်နှင်ဒဏ်ပေးသလား၊ ဆိုက်ဘေးရီးယားကိုလား" ဟု မေးလေ၏။

"ဟုတ်တယ်"

"သူက ဘယ်လို တရားဟောတုံး။ ဒါပေမဲ့ သူက ဒီလူတွေထဲမှာ အခိုင်မာဆုံး၊ အရိုးဆုံး ဆိုတာကို ကျွန်မသိတယ်။ ပြီးတော့ အပြင်းလည်း အပြင်းထန်ဆုံးပဲ။ သူဟာ ကြင်နာတတ်တယ်။ စိတ်ကလည်း ထိခိုက်လွယ်တယ်။ ဒါပေမဲ့ သူက ဒါတွေကို လူ မသိစေချင်ဘူး"

ပါဗယ်အပေါ်၌ ချစ်ခင်ကြင်နာစွာ အားပါးတရ ပြောလိုက်သည့် သူ့စကားတို့ကို ကြားရသဖြင့် အမေသည် တည်ငြိမ်လာပြီး အားသစ် ပြည့်လာ၏။

"အမေ့ တူမကြီးက သူနဲ့ တွဲမိအောင် ဘယ်တော့ သွားမှာလဲ" ဟု အမေက သူ့လက်ကို ချစ်ခင်ယုယစွာ ဆုပ်ကိုင်ရင်း မေးလေ၏။

ဆာရှာက ပြင်းပြစွာသော ယုံကြည်ချက်ဖြင့် ရှေ့သို့ စိုက်ကြည့်နေရင်း "ကျွန်မနေရာမှာ တာဝန်ယူမယ့်လူကို တွေ့တွေ့ချင်း ကျွန်မ သွားမှာပဲ။ ကျွန်မကိုယ်တိုင်ကလည်း တနေ့နေ့ အပြစ်ဒဏ် ခံရလိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ပြီးတော့ အပြစ်ဒဏ်ခံရတော့လည်း ဆိုက်ဘေးရီးယားကိုပဲ အနှင်ခံရလိမ့်မယ်လို့ ထင်တယ်။ တကယ်လို့ ပြည်နှင်ဒဏ်ခံရင် ကျွန်မကတော့ သူရှိတဲ့နေရာကို အပို့ခိုင်းမှာပဲ" ဟု ပြန်ဖြေလိုက်၏။

"အဲဒီလိုသွားရရင် ဦးလေးက သူ့ကို သတိရကြောင်း ပြောပြပါ။ ဆီးဇော့ကလို့သာ ပြောလိုက်ပါ။ သူက ဦးလေးကို သိပါတယ်။ ဖီယိုဒိုမက်ဇင်ရဲ့ ဦးလေးဆိုရင် " ဟု ဆီးဇော့က ဝင်ပြောလိုက်၏။

ဆာရှာက ဆီးဇော့ဘက်သို့ လှည့်ပြီး လက်ဆွဲ နှုတ်ဆက်လေ၏။

"ကျွန်မ ဖီယိုဒိုကို သိပါတယ်။ ကျွန်မ နာမည်က ဆာရှာပါ"

"မင်းအဖေ နာမည်ကတော့ ဘယ်သူလဲ"

"ကျွန်မမှာ အဖေမရှိဘူး"

"သေပြီလားကွယ်"

"မဟုတ်ပါဘူး၊ မသေပါဘူး" ဟု ပြန်ပြောရင်း သူ့စကားထဲ၌ ခေါင်းမာသည့်၊ ဖွဲ့ရှိသည့်အသံ ပါလာ၏။ ထိုနောက် တဖန်ဆက်၍၊

"သူက မြေပိုင်ရှင်တယောက်။ အခုတော့ ကျေးလက်အုပ်ချုပ်ရေးမှူးဖြစ်ပြီး တောင်သူ လယ်သမားတွေကို ခေးပြတိုက်နေတာပေါ့" ဟု ပြောပြန်၏။

"အင်း" ဟု ဆီးဇော့က စိတ်မချမ်းမသာ ညည်းတွားနေလေ၏။

ထိုနောက် စကား မဆက်ကြတော့ဘဲ သူသည် ဆာရှာ၏ဘေး၌ လမ်းလျှောက်ရင်း တချက် တချက် ဆာရှာကို စောင်းကြည့်နေလေ၏။

နောက်ဆုံး၌

"ကောင်းပြီ အမေ၊ သွားပြီ။ ကျုပ်တော့ ဒီနေရာကပဲ ဘယ်ဘက်ကို ချိုးသွားတော့မယ်။ သွားပြီ မိန်းကလေး။ မင်းအဖေအပေါ် မင်းထားတဲ့ သဘောထားကတော့ ပြင်းထန်လွန်းအားကြီးတယ်၊ မဟုတ်ဘူးလား ဦးလေးပြောတာ။ အေးလေ၊ အမှန်ကတော့ ဒါက တူမကြီးနဲ့ ဆိုင်တာပါ" ဟု ပြောလိုက်၏။

"တကယ်လို့ ဦးလေးသားက မကောင်းဘဲ လူတွေကို ဒုက္ခပေးနေရင်၊ ပြီးတော့ ဦးလေးက သူ့ကို ဒါ့ကြောင့် ရွံ့မုန်းနေရင် ဦးလေးက မရှုတ်ချဘဲ နေမှာလား" ဟု ဆာရှာက ဒေါသနှင့်ပြော၍ အော်လိုက်၏။

ဆီးဇော့က တခဏလောက်ကြာမှ၊

"အေး အေး၊ ဦးလေးလည်း ဒီလိုလုပ်မှာပဲ" ဟု ပြန်ဖြေလိုက်၏။

"ဦးလေးက ဦးလေးသားထက် တရားတာ၊ မှန်တာကိုပိုပြီး သဘောကျရင် ဦးလေးက သူ့ကို ရှုတ်ချမှာပဲ။ ကျွန်မကတော့ တရားတာ၊ မှန်ကန်တာကို ကျွန်မအဖေထက် ပိုပြီး ချစ်တယ်"

ဆီးဇော့က ပြုံး၍ ဦးခေါင်းကို ယမ်းနေလေ၏။ ထိုနောက် သက်ပြင်းချကာ၊

"အေး၊ ငါ့တူမကတော့ တော်တော်ကို ဖွဲ့ကောင်းတယ်။ အေး၊ အဲဒီဖွဲ့ကို ဆက်ပြီး မွေးထားနိုင်ရင် လူကြီးပိုင်းတွေကို နိုင်နိုင်သေးတယ်။ တကယ်လည်း အားအင်ရှိတယ်။ ကဲ၊ သွားတော့ သွားတော့ ငါ့တူမကြီး၊ အောင်မြင်ကြပါစေ။ ဒါပေမဲ့ လူတွေအပေါ် နည်းနည်းတော့ လျှော့ပေးမှပေါ့။ ကဲ သွားပြီ အမေ၊ ပါဗယ်နဲ့ တွေ့တဲ့အခါ ကျုပ် သူပြောတဲ့တရားကို ကြားတယ်ဆိုတာကို ပြောပြလိုက်ပါ။ ကျုပ်က အကုန်တော့ နားမလည်ဘူး။ တချို့အချက်တွေက သဘောပေါက်ဖို့ ခက်တယ်ဗျာ့။ ဒါပေမဲ့ အကုန်လုံး ခြုံကြည့်လိုက်ရင် ကောင်းပါတယ်" ဟု ပြောပြီး သူ့ခေါင်းစွပ်ကို မြှောက်လျက် လက်ဝဲဘက်သို့ ချိုးဝင်သွားလေ၏။

ဆာရှာသည် သူ၏မျက်လုံးပြူးကြီးများဖြင့် ဆီးဇော့ကို နောက်မှကြည့်ရင်း ပြုံးလျက်...

"ဒီဦးလေးကတော့ လူကောင်းတယောက်နဲ့ တူပါတယ်" ဟု ပြောလေ၏။ ထိုနေ့က ဆာရှာ၏မျက်နှာသည် ခါတိုင်းထက် ကြင်နာသည့်အသွင်၊

နူးညံ့သိမ်မွေ့သည့်အသွင်တို့ကို ဆောင်နေသည်ဟု အမေသည် အကဲခတ်မိ၏။

အိမ်သို့ရောက်သောအခါ ခုတင်ပေါ်တွင် ယှဉ်ထိုင်ကြပြီး ပါဗယ်ထံသို့သွားရန် ဆာရှာ မျှော်မှန်းထားသည့် ခရီးနှင့်ပတ်သက်၍ စကားပြောနေကြ၏။ ထိုနောက် နှစ်ယောက်စလုံး စကားမပြောဘဲ ငြိမ်နေလိုက်၏။ ထိုကဲ့သို့ ငြိမ်နေလိုက်ခြင်းအားဖြင့် သူတို့ သည် စိတ်နှလုံး အလွန်ချမ်းမြေ့သွားကြ၏။ ဆာရှာသည် မျက်ခုံးကိုချီပြီး သူ၏ပြုးကျယ်၍ တစုံတခုကို တွေးတောနေသည့် မျက်လုံးကြီးများနှင့် အဝေးသို့ လှမ်းကြည့်နေ၏။ သူ၏မျက်နှာတွင် တစုံတခုကို တည်ငြိမ်စွာ စဉ်းစားနေသည့် သဘောသည် ပေါ်လွင်လျက်ရှိ၏။

“အဲဒီနောက် တူမကြီးတို့ သားတွေ သမီးတွေ ရကြတော့ အဒေါ်က မြေးတွေကို ထိန်းဖို့ လာနေရမှာပေါ့။ ပြီးတော့ အဒေါ်တို့ဘဝဟာ အခု ဒီမှာနေရတဲ့ ဘဝထက်တော့ ဆိုးမှာ မဟုတ်ပါဘူး။ ပါဗယ်အတွက်တော့ အလုပ်ရှာဖို့ မခက်ပါဘူး။ သူက လက် အလွန်မြောက်တာပဲ”

ဆာရှာသည် အမေ့အား အကဲခတ်သလိုလိုနှင့် ကြည့်နေ၏။

“ဒါဖြင့် အဒေါ်က သူနဲ့ အတူတူနေဖို့ မရည်ရွယ်ဘူးလား” အမေက သက်ပြင်းချ၍

“သူက အဒေါ်နဲ့ ဘာလုပ်မှာလဲ။ သူ ထွက်ပြေးချင်ရင် အဒေါ်က သူ့အတွက် အနှောင့်အယှက် ဖြစ်ရုံပဲပေါ့။ သူက အဒေါ်ကို သူနဲ့အတူ သွားစေချင်မှာ မဟုတ်ဘူး”

ထို့နောက် အမေက သူ့ကိုယ်သူ ဂုဏ်ယူသည့်အနေနှင့်…

“ပြီးတော့ အဒေါ့်မှာလည်း ဒီမှာ လုပ်စရာအလုပ်က ရှိနေသေးတယ်” ဟု ပြောလိုက်ပြန်၏။

“ဟုတ်တယ် အဒေါ်၊ အဲဒါက အရေးကြီးတယ်”

ဆာရှာသည် ရုတ်တရက် လက်များကို ဝှေ့ယမ်းလိုက်ပြီး ရိုးသား တည်ငြိမ်စွာ…

“သူကတော့ အဲဒီမှာ ကြာရှည်နေမှာ မဟုတ်ဘူး။ အမှန်ကတော့ သူ ထွက်ပြေးမှာပဲ” ဟု ပြော၏။

“ဒါဖြင့်ရင် အဒေါ့်တူမကြီးကကော။ ပြီးတော့ ကလေးရှိရင် ကလေးကကော"

"အချိန်ကျတော့ ကျွန်မတို့ ကြည့်လုပ်ကြမှာပေါ့။ သူ ကျွန်မအတွက် စဉ်းစားမနေစေရဘူး။ ပြီးတော့ ကျွန်မလည်း သူ့အတွက် အနှောင့်အယှက်တခု ဖြစ်မနေစေရဘူး။ ကျွန်မအတွက် သူနဲ့ ခွဲခွာရမှာ မလွယ်ဘူးပေါ့။ ဒါပေမဲ့ ကျွန်မ ခွဲနိုင်ပါတယ်။ ကျွန်မ သူ့အတွက် ဘယ်တော့မှ အနှောင့်အယှက် မဖြစ်စေရဘူး အဒေါ်"

ဆရာသည် သူပြောသည့်အတိုင်း လုပ်နိုင်သည့် သတ္တိရှိသည်ကို အမေသည် သိ၏။ သို့ဖြစ်၍ သူ့အတွက် ဝမ်းနည်းမိ၏။ ထို့ကြောင့် ဆရာကိုဖက်ပြီး...

"ကလေးရယ်၊ မင်းအတွက် ဒီလိုလုပ်ရတာ လွယ်မှာမဟုတ်ပါဘူးကွယ်" ဟု ပြောပြလေ၏။

ဆရာက ပြုံးပြီး အမေနှင့် ပို၍ကပ်နေလေ၏။ ထိုအတွင်း နစ်ကိုလိုင်သည် မောမောပန်းပန်း နွမ်းနွမ်းရိရိ ဝင်လာပြီး အင်္ကျီကို ချွတ်ရင်း...

"ဆရာ၊ အခွင့်သင့်တုန်း အပြင်ကိုထွက်ရင် ကောင်းလိမ့်မယ်။ မနက်ကတည်းက စုံထောက် နှစ်ကောင်ဟာ ကျွန်တော့်နောက်ကို လိုက်နေကြတယ်။ သူတို့ လိုက်တာက ပြောင်ကျလွန်းလို့ ကျွန်တော်တော့ အဖမ်းခံရခါနီးပြီလို့ ထင်တယ်။ ကျွန်တော် တွေးလိုက်ရင်တော့ မလွဲဘူးဗျာ။ တခုခုတော့ ဖြစ်နေပြီ။ ဒါထက် စကားမစပ် ဒီမှာ ပါဗယ် ကနေ့ပြောတဲ့စကားကို ကျွန်တော်တို့ ပုံနှိပ်ဖို့ ဆုံးဖြတ်ပြီးပြီ။ ဒါကို လူ့(ဒ်)မီလာဆီ ယူသွားပြီး မြန်နိုင်သမျှ မြန်မြန်လုပ်ဖို့ ပြောပါ။ ပါဗယ် ပြောတဲ့စကားက တော်တော် ကောင်းတယ် အမေ။ အင်း၊ စုံထောက်ကောင်တွေကိုလည်း သတိထားဦးနော် ဆရာ" ဟု ပြောပြလေ၏။

သို့ စကားပြောနေရင်း သူ၏ အေးစက်နေသော လက်များကို ပွတ်နေ၏။ ထိုနောက် သူ၏ စာရေးစားပွဲသို့သွား၍ အံဆွဲထဲမှ စာရွက်များကို ထုတ်လေ၏။ အချို့ကို ဆုတ်ဖြဲပစ်ပြီး အချို့ကို ဘေး၌ဖယ်ထား၏။ သူသည် နွမ်းရိ၍ စိုးရိမ်ကြောင့်ကြနေဟန် ရှိ၏။

"ဒီအံဆွဲကို ကျွန်တော် မရှင်းတာလည်း ကြာပြီ။ ဒီစာရွက်စာတမ်း အသစ်တွေကလည်း ဘယ်ကနေပြီး ဘယ်လို ရောက်လာပါလိမ့်မတုံးပဲ။ အမေ ဒီနေ့ည အိမ်မှာ မနေရင် ကောင်းလိမ့်မယ် ထင်တယ်။ အမေ ဘယ်လို သဘောရတုံး။ အင်း၊ ဒီအကောင်တွေ လာပြီး ရှာမှာ ဖွေမှာ၊ ဖမ်းတာ ဆီးတာတွေကို ကြည့်နေရင် ငြီးငွေ့စရာကောင်းမယ်။ ဒါတင်မကဘူး၊ အမေ့ကိုတောင် ဆွဲချင် ဆွဲသွားကြလိမ့်ဦးမယ်။ အမေက ပါဗယ်ရဲ့စကားတွေကို လိုက်ပြီး လျှောက်ဝေဖို့ လိုလိမ့်မယ်ထင်တယ်"

"သူတို့က အမေ့ကို ဖမ်းတော့ကော ဘာလုပ်ဖို့လဲ"

နစ်ကိုလိုင်က လက်ကို တချက်ယမ်းလိုက်၏။

"ကျွန်တော် တွေးလိုက်ရင် မမှားဘူးနော်။ ပြီးတော့ အမေက လူ့(ဒ်)မီလာအတွက် အကူအညီလည်း အများကြီးဖြစ်မယ်။ ကုသိုလ်ကံကိုတော့ ယုံစားမနေနဲ့နော်"

အမေသည် သူ့သားဟောသည့်တရားကို ပုံနှိပ်၍လိုက်ဝေမည်ဆိုသဖြင့် သဘောကျနေ၏။

"ဒီလိုဆိုရင်တော့ အမေ သွားမှာပေါ့။ အမေက နောက်ကို ဘာမှ မကြောက်တော့ဘူး။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပဲ"

နစ်ကိုလိုင်သည် မော့မကြည့်ဘဲ...

"ကောင်းတယ် ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော့်အိတ်နဲ့ အဝတ်တွေ ဘယ်မှာ ပါလိမ့်မလဲ။ အမေက တွေ့ကရာ အကုန်သိမ်းသိမ်းနေတော့ ကျွန်တော့်ပစ္စည်းတွေတောင် ရှာမတွေ့တော့ ဘူး" ဟု ညည်းနေလေ၏။

ဆာရှာသည် စာရွက်စာတမ်းများကို မီးဖိုထဲသို့ထည့်၍ မီးရှို့ပြီး ကျောက်မီးသွေးများနှင့် ရောထားလေ၏။

နစ်ကိုလိုင်က ဆာရှာဆီသို့ သူ့လက်ကိုလှမ်းလျက်...

"ကဲ၊ သွားဖို့ အချိန်တန်ပြီ ဆာရှာ။ ကဲ၊ သွားပေတော့။ စာအုပ်ကောင်းကလေးများ ပေါ်လာရင် ကျုပ်ဆီ ပို့ဖို့တော့ မမေ့နဲ့နော်။ ကဲ သွားပေတော့ ရဲဘော်။ သတိတော့ ထားနော်" ဟု နှုတ်ဆက်လိုက်လေ၏။

"အချိန်အတော်ကြာ နေရလိမ့်မယ်လို့ ထင်သလား"

"ဘယ်သိပါ့မလဲ။ နေရရင် နေရလိမ့်မယ်။ ကျုပ်အပေါ်မှာ သူတို့ တေးထားတာတွေ အများကြီး ရှိတယ်။ အမေ သူနဲ့လိုက်သွားရင် သာမကောင်းဘူးလား။ လူနှစ်ယောက်နောက် လိုက်ရတာက ဟိုစုံထောက်ကောင်တွေအတွက် ပိုခက်တာပေါ့"

"ကောင်းပြီလေ၊ လိုက်သွားမယ်။ အကျႌဝတ်ပြီး တဘက်ခြုံလိုက်ဦးမယ်"

အမေသည် နစ်ကိုလိုင်ကို ဂရုတစိုက် အကဲခတ်ကြည့်၏။ သူ၏ သနားကြင်နာတတ်၍ သိမ်မွေ့နူးညံ့သည့် မျက်နှာပေါ်တွင် စိုးရိမ်ကြောင့်ကြမှု

အရိပ်အယောင် အနည်းငယ် သန်းနေရုံမှအပ ဘာမျှ မထူးခြားချေ။ တုန်လှုပ်ထိတ်လန့်သည့် ဟန်အမူအရာတို့မှလည်း ကင်း၏။ အမေသည် သူနှင့် အခြားသူတွေထက် ပိုနီးစပ်၍ ခင်မင်လာလေ၏။ သူသည် လူတိုင်းအပေါ်၌ အပိုအလိုမရှိ ညီညီမျှမျှ အလေးဂရုပြုတတ်၏။ စိတ်နေသဘောထားလည်း ကောင်း၏။ တယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်လည်း နေတတ်၏။ လူတဦးတယောက် အပေါ်၌ စိတ်ထား သဘောထားကောင်းနှင့် မပြောင်းမလဲ ပေါင်းတတ်၏။ တနည်းအားဖြင့် စိုသောလက်ကို အခြောက်ခံတတ်သူ မဟုတ်ချေ။ သူနှင့် အမေ စိတ်သဘောထားချင်း တူသည်ကို အမေက သိ၏။ အမေသည် သူ့ကို မည်သို့ မည်ပုံ ချစ်ခင်နေသည်ကို မသိသော်လည်း ချစ်ခင်လျက်ရှိ၏။ ယခု အမေသည် သူ့အား အသနားကြီး သနားနေမိ၏။ သို့ရာတွင် သူ့ကို သနားနေကြောင်း ပြလိုက်လျှင် သူသည် စိတ်မတည်မငြိမ် ဖြစ်နေပြီး အနေရအထိုင်ရ ကျုံ့သွားကာ ရယ်စရာလိုလို ဖြစ်သွားမည် စိုးသဖြင့် သနားသည့် အရိပ်အယောင်ကို မပြချေ။

တဖန် အမေသည် အခန်းထဲသို့ ဝင်လိုက်ရာ နစ်ကိုလိုင်သည် ဆာရှာ၏လက်ကို ဆွဲ၍ နှုတ်ဆက်နေရင်း၊

“သိပ်ကောင်းတယ်၊ အဲဒါဟာ ခင်ဗျားနဲ့ သူ့အတွက် အကောင်းဆုံးပဲလို့ ကျုပ်ကတော့ ယုံတယ်။ ပုဂ္ဂိုလ်ရေးရာ စိတ်ချမ်းသာမှုအတွက်နဲ့တော့ ဘယ်သူ့ကိုမှ မထိခိုက်ပါဘူး။ အသင့်ဖြစ်နေပြီလား အမေ” ဟု ပြောကာ ပြုံးပြီး သူ့မျက်မှန်ကို အထက်သို့ ပင့်ရင်း အမေ့ဆီသို့ လာလေ၏။

“ကဲ ကောင်းပြီလေ၊ သုံးလေးလလောက်တော့ တောရကျောင်း သွားနေလိုက်ရဦးမှာပေါ့။ အလွန်ဆုံး ခြောက်လပေါ့။ ဒီထက်တော့ များမယ် မထင်ပါဘူး။ ဘဝမှာတော့ တကယ့် နေရာကောင်းပေါ့ဗျာ။ ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်နော်၊ စိုက်မယ် မဟုတ်လား။ ကဲ၊ အမေ့ကို ကျွန်တော် နမ်းလိုက်ဦးမယ်”

ပိန်၍ ခပ်နွဲ့နွဲ့ပင် ဖြစ်သော်လည်း သူ၏ သန်မာသည့် လက်များနှင့် အမေ့ကို ဖက်ပြီး အမေ့ကို စိုက်ကြည့်နေလေ၏။

“အမေ့ကို ဒီလိုဖက်ရင်း အမေ့ကို ကျွန်တော် ချစ်လာပြီ” ဟု ပြောကာ ရယ်လိုက်၏။

အမေသည် စကားမပြောဘဲ သူ၏မျက်ခုံးများနှင့် ပါးများကို နမ်းနေ၏။ သို့ရာတွင် သူ၏ လက်များသည် တုန်နေ၏။ သို့ရာတွင် ဤကဲ့သို့ တုန်နေသည်ကို မသိအောင် သူ့လက်များကို ရုပ်ထားလိုက်၏။

“နက်ဖြန် အထူး ဂရုစိုက်နော်။ မနက်ကျတော့ ကလေးတယောက်ကို

လွှတ်လိုက်ပါ။ လူ့(ဒ်)မီလာက ဒီလို ကလေးမျိုးကို သိပါတယ်။ ကင်းထောက်တဲ့သဘောပေါ့။ ကဲ၊ သွားကြတော့ ရဲဘော်တို့။ အစစတော့ အဆင်ပြေပါတယ်”

သူတို့နှစ်ယောက် အပြင်ဘက်သို့ ရောက်လာကြသောအခါ ဆာရှာက…

“အင်း၊ သူကတော့ သေလမ်း သွားရတောင်မှ ဒီလိုပဲ နေမှာပဲ။ ပြီးတော့ သေမယ့်ဘေးနဲ့ ရင်ဆိုင်နေရတောင် သူက မျက်မှန်ကို အထက်ပင့်ပြီး မသေခင် ‘သိပ်ကောင်းတယ်’ လို့ ပြောနေဦးမှာပဲ” ဟု တည်ငြိမ်စွာ ပြောပြနေရာ အမေက…

“အင်း၊ အဒေါ်ကတော့ သူ့ကို ချစ်နေတော့တာပဲ” ဟု ပြန်ပြောလေ၏။

“သူကတော့ တကယ် အံ့သြစရာပဲ။ ဒါပေမဲ့ ကျွန်မက သူ့ကို မချစ်ဘူး။ လေးတော့ သိပ်ပြီး လေးစားတာပဲ။ သူက သနားတတ်တယ်။ တခါတလေ သိပ်ပြီး နူးညံ့ပျော့ပျောင်းတယ်။ တခါတလေတော့လည်း မတုန်မလှုပ်နဲ့ သိပ်ပြီး အေးစက်စက် နိုင်လှတယ်။ ဒါထက် ကျွန်မတို့နောက်ကို စုံထောက် လိုက်နေပြီ ထင်တယ်။ ကျွန်မတို့ ခွဲကြရင် ကောင်းမယ်။ တကယ်လို့များ အဒေါ်နောက်ကို သူတို့က လိုက်နေတယ်ထင်ရင် လူ့(ဒ်)မီလာဆီကို မသွားနဲ့နော်”

“အဒေါ် မသွားပါဘူး”

“မသွားလိုက်နဲ့နော် အဒေါ်၊ ကျွန်မဆီကိုသာ လာခဲ့။ ကဲ၊ ခွဲလိုက်ဦးစို့နော်”

ထို့နောက် ဆာရှာသည် နောက်သို့လှည့်၍ သူ့နေရာသို့သူ ပြန်သွားလေသတည်း။

အခန်း နှစ်ဆယ့်ရှစ်

မိနစ်အနည်းငယ် ကြာသောအခါ အမေသည် လူ့(ဒ်)မီလာ၏ အခန်းထဲတွင် မီးဖိုအနီး၌ ထိုင်ကာ မီးလှုံနေလေ၏။ လူ့(ဒ်)မီလာသည် ဝတ်စုံနက်ကို ဝတ်ပြီး သားရေခါးပတ်ကို ပတ်ထားကာ အခန်းတွင်း၌ ခပ်နွေးနွေး လမ်းလျှောက်နေ၏။ အခန်းတွင်း၌ သူ၏ ဂါဝန်သံနှင့် မာကျောသည့် လေသံတို့မှအပ အခြား ဘာသံမျှ မကြားရချေ။

မီးသည် တဖြောက်ဖြောက်မြည်ပြီး မီးဖိုထဲ၌ တဟုန်းဟုန်း တောက်လျက်ရှိ၏။ လူ့(ဒ်)မီလာကမူ လေသံမှန်မှန်နှင့်ပင် စကားပြောနေသည်။

"လူတွေက စိတ်ယုတ်မာ ရှိတာထက် ပိုပြီး အသိဉာဏ် ကင်းမဲ့ကြတယ်။ သူတို့က မျက်တောင်မွေး တဆုံးလောက်မှာသာ ရှိကြတဲ့ ရုတ်တရက် သိနိုင်၊ မြင်နိုင်ကြတဲ့ ဟာတွေကိုလောက်သာ မြင်ကြတယ်။ ဒါပေမဲ့ ဒီလို လွယ်လင့်တကူနဲ့ မြင်နိုင် သိနိုင်တဲ့ ဟာတွေက အပေါစားတွေပဲ။ ကွာဝေး ခက်ခဲတဲ့ ဟာတွေကမှ အဖိုးတန်တာ။ တည့်တည့် ပြောရရင်တော့ ဘဝဟာ ဒီလိုမဟုတ်ဘဲ တမျိုးတဖုံ ကွဲပြားခြားနားသွားမယ်ဆိုရင်၊ တနည်းအားဖြင့် ဘဝဟာ ခက်ခက်ခဲခဲ ကျပ်ကျပ်တည်းတည်း မဟုတ်ဘဲ လူတွေက ဆင်ခြင်တုံတရားနဲ့ ပိုပြီး ပြည့်စုံလာရင် လူတိုင်း လူတိုင်းဟာ ပိုပြီးတော့ စိတ်လည်း ချမ်းသာလာကြမယ်" ဟု ပြောပြီး သူသည် အမေ့ရှေ့၌ ရုတ်တရက် ရပ်လိုက်ကာ၊

"ကျွန်မက လူတွေကို မကြာခဏ မတွေ့ဘူး။ တွေ့ပြန်တော့လည်း ကျွန်မက တရားများ ဟောနေသလို စကားကို ပြောပြောနေတတ်တယ်" ဟု သူ့အပြစ်ကို သူ ဝန်ခံသည့်အနေနှင့် ပြောနေပြီး "အမေက ကျွန်မကို ရူးတယ်များတောင် ထင်ချင်ထင်နေမယ်"

"ဘာပြုလို့လဲ" ဟု အမေက မေးလိုက်၏။ ထိုနောက် အမေသည် သူ့စာရွက်စာတမ်းများ ရိုက်သည့်နေရာကို ရှာကြည့်၏။ သို့ရာတွင် မတွေ့ချေ။ ဤအခန်းမှ ပြတင်းပေါက် သုံးပေါက်သည် လမ်းဘက်သို့ လှည့်နေကြပြီး ခုတင်တလုံး၊ စာအုပ်စင်တခု၊ စားပွဲခုံတခု၊ ကုလားထိုင်များနှင့် အိပ်ရာတခုတို့ ရှိကြ၏။ ထောင့်တထောင့်ထဲ၌ လက်ဆေးကန်တကန်နှင့် အခြားထောင့် တထောင့်ထဲ၌ မီးဖိုတဖိုတို့ ရှိကြ၏။ နံရံများ၌လည်း ဓာတ်ပုံများကို ချိတ်ထား၏။ အစစကို ပြုပြင်ထားရာ သန့်ရှင်း၍ သစ်လွင် တောက်ပနေ၏။ ဤဓာတ်ပုံများအပေါ်၌ မျက်နှာထား တင်းတင်းနှင့် ခက်ထန်သည့် အိမ်ရှင်၏ပုံက ခပ်တည်တည် ကြည့်နေသကဲ့သို့ ရှိ၏။ အမေသည် တစုံတခုကို လျှို့ဝှက်ထားကြောင်း သိ၏။ သို့ရာတွင် မည်သည့်နေရာ၌ လျှို့ဝှက်ထားသည်ကို သူ

မသိချေ။ သူသည် တံခါးများကိုလည်း ကြည့်၏။ ခန်းမငယ် ကလေးတွင်းသို့ ဝင်သည့် တံခါးမှ သူ ဝင်ခဲ့၏။ မီးဖိုနှင့်ကပ်လျက် မြင့်မြင့် ကျဉ်းကျဉ်း တံခါးတပေါက်လည်း ရှိသေးသည်။

လူ့(ဒ်)မီလာက သူ့ကို စေ့စေ့စပ်စပ် ကြည့်နေရာ အမေက၊

“အမေက ကိစ္စရှိလို့ လာတာပါ”

“ကျွန်မ သိပါတယ်၊ လူတွေက ကိစ္စမရှိရင် ကျွန်မကို တွေ့ဖို့ မလာကြဘူး”

လူ့(ဒ်)မီလာ အသံသည် ထူးထူးခြားခြား ဖြစ်နေသည်ကို အမေသည် သတိပြုမိ၏။ လူ့(ဒ်)မီလာ၏ မျက်နှာကို ကြည့်လိုက်သောအခါ သူ၏ ပါးလွှာသော နှုတ်ခမ်းများသည် ပြုံးသယောင်ယောင် ဖြစ်နေပြီး သူ၏မျက်လုံးများသည် မျက်မှန်များနောက်မှ ခပ်မှိန်မှိန် အရောင်တောက်လျက် ရှိ၏။ အမေသည် အခြားသို့ကြည့်ပြီး ပါဗယ် ဟောပြောသည့် စကားကို လှမ်း၍မေးလိုက်၏။

“ဟောဒီမှာ သူတို့က ဒီဟာကို တတ်နိုင်သမျှ မြန်မြန်ပြီးအောင် ရိုက်ပေးစေချင်တယ်တဲ့”

ထို့နောက် နစ်ကိုလိုင်က အဖမ်းခံရလိမ့်မည်ဟု ထင်နေကြောင်း ပြောပြ၏။ လူ့(ဒ်)မီလာသည် စာရွက်ကို ခါးပတ်ထဲသို့ အသာညှပ်၍ ထိုင်လိုက်၏။ သူ၏ တည်ငြိမ်သည့် မျက်နှာပေါ်၌ မီးရောင်သည် ပြောင်လက်၍ လှုပ်ရှားနေလေသည်။ လူ့(ဒ်)မီလာက တည်ငြိမ်ပြတ်သားစွာ

“သူတို့က ကျွန်မကို ဖမ်းဖို့လာရင် သူတို့ကို ကျွန်မက သေနတ်နဲ့ ပစ်မှာပဲ။ ကျွန်မကို မတရား လုပ်ရင် ကာကွယ်ဖို့ အခွင့်အရေးရှိတယ်။ ပြီးတော့ ကျွန်မမှာ ခုခံပြီး ပြန်ချဖို့ တာဝန်လည်း ရှိတယ် အမေ” ပြောပြ၏။

သူ့မျက်နှာပေါ်တွင် အရောင်လက်နေသည့် မီးရောင်သည် ပျောက်ကွယ်သွားရာ သူ၏မျက်နှာသည် ခါတိုင်းကဲ့သို့ပင် တင်းမာလျက် ရှိလေ၏။

အမေသည် သနားလာပြီး “အင်း၊ သူကတော့ ဒီလိုနေလို့ မဖြစ်သေးဘူး” ဟု စဉ်းစားနေမိ၏။

ထိုနောက် လူ့(ဒ်)မီလာသည် ပါဗယ် ဟောပြောသည့် တရားကို စိတ်မပါ့တပါ ဖတ်နေ၏။ သို့ရာတွင် ဖတ်ရင်း ဖတ်ရင်း ပို၍ စိတ်ပါဝင်စားလာလေ၏။ နောက်ဆုံး၌ သူသည် စိတ်အားထက်သန်စွာ စာမျက်နှာများကို တမျက်နှာပြီး တမျက်နှာ လှန်နေလေ၏။ စာဖတ်ပြီးလျှင် ရင်ကိုကော့ကာ အမေ့ဆီသို့လာပြီး၊

"တကယ်ကောင်းတဲ့ စကားတွေပဲ" ဟု ပြောလေ၏။ သူသည် ဦးခေါင်းကိုငုံ့ပြီး စဉ်းစားနေ၏။

"ကျွန်မက အမေ့ကို အမေ့သားနဲ့ ပတ်သက်လို့ စကားမပြောချင်ဘူး။ ကျွန်မ သူ့ကို တခါမှ မတွေ့ဖူးဘူး။ ပြီးတော့ စိတ်ထဲမှာ ထိခိုက်စရာ စကားတွေကိုလည်း မပြောချင်ဘူး။ ကိုယ်ချစ်ခင်နေတဲ့ လူတယောက်ကို ပြည်နှင်ဒဏ် ပေးလိုက်ရင် ဘယ်လိုဖြစ်မယ် ဆိုတာကို ကျွန်မ သိပါတယ်။ ဒါပေမဲ့ ဒီလိုသားမျိုးတယောက်ရှိလို့ အမေ ဝမ်းသာပါ့မလားလို့ ဆိုတာကို ကျွန်မ စဉ်းစားနေတယ်"

"သိပ်ပြီး ဝမ်းသာတာပေါ့"

"ပြီးတော့ မကြောက်ဘူးလား"

"နောက်ထပ် ဘာမှ မကြောက်တော့ဘူး"

လူ့(ဒ်)မီလာသည် သူ့ဆံပင်ကို လက်တဖက်နှင့် သပ်ချပြီး ပြတင်းပေါက်ဘက်သို့ လှည့်လိုက်၏။ ထိုနောက် သူ၏မျက်နှာပေါ်၌ အပြုံးရောင် သန်းလာလေသည်။

"ကျွန်မ မကြာမီ လက်နှိပ်စက်ကို ဆင်လိုက်မယ်။ တုံးလုံးလှဲလိုက်ဦးလေ။ အမေဟာ ကနေ့ ပင်ပန်းလာတယ်ဆိုတော့ နွမ်းနေမှာပဲ။ ဟောဒီအိပ်ရာပေါ်မှာ လှဲလိုက်လေ။ ကျွန်မက မအိပ်ဘူး။ ညကျရင် ကျွန်မကိုကူဖို့ အမေ့ကို နှိုးချင် နှိုးရလိမ့်မယ်။ အိပ်မယ်ဆိုရင် မီးအိမ်ကို လှည့်လိုက်နော်" ဟု ပြောပြီး မီးဖိုထဲသို့ ထင်းတုံးနှစ်တုံးကိုထည့်၍ ကျဉ်းမြောင်းသည့်တံခါးမှ ထွက်သွားကာ တံခါးကို တင်းကျပ်စွာ ပိတ်ထားလိုက်၏။ အမေသည် သူ ထွက်သွားသည်ကို နောက်မှကြည့်နေပြီး "အင်း၊ သူလည်း စိတ်ဆင်းရဲစရာ တခုခုနဲ့တော့တွေ့နေပြီ" ဟု စဉ်းစားရင်း အဝတ်များကို လဲနေလေသည်။

အမေသည် ပင်ပန်းနွမ်းရိနေ၏။ သို့ရာတွင် အလွန်ငြိမ်းချမ်းသာယာပြီး သူ၏ အသည်းနှလုံးသည် ပီတိဖြင့် လွှမ်းနေလေ၏။ သူသည် ဤကဲ့သို့သော ငြိမ်းချမ်းမှုကို ယခင်ကလည်း ရခဲ့ဖူး၏။ စိတ်ဓါတ် ကျပ်တည်းကျဉ်းမြောင်းစွာ နေခဲ့ရပြီးနောက် ဤ ငြိမ်းချမ်းမှုမျိုးကို သူသည် ရတတ်၏။ ဤကဲ့သို့သော အရေးကိစ္စမျိုးနှင့်ကြုံလျှင် အမေသည် ယခင်က ကြောက်ရွံ့တုန်လှုပ် မိခဲ့၏။ ယခုမူ ဤကဲ့သို့သော ကိစ္စမျိုးနှင့် ကြုံလာလျှင် သူ၏စိတ်ဓါတ်သည် ကျယ်ပြန့်လာပြီး ကြီးမားသော ပြင်းထန်လှသည့် ခံစားမှုဖြင့် စိတ်အားသည် ပို၍ ကြီးမားလာ၏။ ထိုနောက် အမေသည် မီးအိမ်ကို ငြိမ်းလိုက်ပြီး အေးစက်နေသည့် အိပ်ရာထဲသို့ဝင်ကာ စောင်နှင့်ကွေး၍ မကြာမီ အိပ်ပျော်သွားလေ၏။

အမေသည် အိပ်ရာမှနိုး၍ မျက်စိကို ဖွင့်ကြည့်လိုက်လျှင် ဆောင်းဥတု စင်ကြယ်သည့် နေ့တနေ့၏ အေးမြသည့် အလင်းရောင်ကို မြင်နေရလေ၏။ လူ့(ဒ်)မီလာသည် စာအုပ်တအုပ်ကို လက်ထဲတွင် ကိုင်လျက် ခုတင်တလုံးပေါ်၌ တုံးလုံးလှဲနေရာမှ မော်ကြည့်ပြီး မပြုံးစဖူး ပြုံးနေလေ၏။

"အလို ဘုရားရေ၊ ငါ့နှယ် ဘယ်လို ဟာပါလိမ့်။ နေတောင် အတော်မြင့်လှပြီ" ဟု အမေသည် ရှုံးတိုးရှုန့်တန့် ပြောလိုက်၏။

"မင်္ဂလာရှိတဲ့ နံနက်ပါ အမေ။ ဆယ်နာရီလောက်တောင် ရှိနေပြီ။ ကဲ၊ ထတော့ အမေ။ လက်ဖက်ရည် သောက်ကြရအောင်"

"ဘာပြုလို့ အမေ့ကို မနှိုးတာလဲ"

"ကျွန်မက နှိုးမယ်လို့ပဲ။ ဒါပေမဲ့ ကျွန်မလာတော့ အမေက အိပ်ပျော်နေရင်း တကယ့်ကို စိတ်နှလုံး ချမ်းချမ်းမြေ့မြေ့ ပြုံးနေလေတော့ ကျွန်မက မနှိုးရက်ဘူး"

ထိုနောက် လူ့(ဒ်)မီလာသည် သူ ထိုင်နေသည့် ခုတင်ပေါ်မှထ၍ အမေ့အိပ်ရာဆီသို့ သွားပြီး အမေ့ကို ငုံ့ကြည့်နေ၏။ သူ၏မျက်လုံးများသည် အရောင် မတောက်ပသော်လည်း သူ့မျက်နှာထားကို အမေသည် သဘောကျနေ၏။

"ကျွန်မက အမေ့ကို အနှောင့်အယှက် မပေးချင်ဘူး။ အမှန်ကတော့ အမေဟာ စိတ်ချမ်းသာစရာ အိပ်မက်တခုကို မက်ချင် မက်နေပါလိမ့်မယ်"

"အမေ အိပ်မက် မမက်ပါဘူး"

"ဒါက အရေးမကြီးပါဘူး။ ကျွန်မက အမေ ပြုံးနေတာကို သဘောကျနေတာပါ။ ပြုံးနေပုံက သိပ်ပြီးတည်ငြိမ်တယ်။ ပြီးတော့ အလွန်လည်း လေးနက်တယ်" သို့ ပြောရင်း သူသည် ရယ်လိုက်၏။ သူ၏ရယ်သံသည် သာယာ နူးညံ့လှ၏။

"အဲဒီကစပြီး ကျွန်မဟာ အမေ့အကြောင်းကိုစဉ်းစားနေတယ်။ အမေ့ဘဝက ကျပ်တည်းသလား"

အမေသည် မျက်ခုံးကိုချီကာ သူ့ဘဝသူ ကျပ်တည်းသလား၊ မကျပ်တည်းဘူးလားဟု စဉ်းစားနေ လေ၏။

"အမေက ဘာရယ်လို့ ဒိဋ္ဌမပြောတတ်ဘူး။ တခါတခါတော့ ကျပ်တည်းသလိုပဲ။ ဒါပေမဲ့ အမေ့ဘဝက သိပ်စုံတာပဲ။ အတွေ့အကြုံတွေကလည်း သိပ်များပြီး တခုပြီး တခု ဆက်တိုက် တွေ့နေတော့တာပဲ"

အမေသည် မကြာခဏ ဖြစ်တတ်သလို သူ၏စိတ်ဓာတ်သည် လှုပ်လှုပ်ရှရှ ဖြစ်လာလေ၏။ သူ့စိတ်ထဲ၌ အမျိုးမျိုးတွေးပြီး အာရုံအမျိုးမျိုး ပေါ်လာ၏။ ထို့နောက် အိပ်ရာပေါ်၌ ထိုင်ကာ သူ့စိတ်ထဲမှ ပေါ်လာသည့် အတွေးအခေါ်နှင့် အာရုံတို့ကို စီကာပတ်ကုံး ပြောပြနေလေ၏။

"အမေ့ဘဝကတော့ တခုသော လမ်းဆုံဆီကို ဦးတည်ပြီး သွားနေတာပဲ။ ဒါပေမဲ့ တခါတခါတော့ ကျပ်တည်းတယ်။ လူတွေဟာ ဒုက္ခဆင်းရဲတွေကို ခံကြရတယ်။ စိတ်ချမ်းသာခွင့် မရကြဘူး။ အဲဒါက သိပ်ရက်စက် ကြမ်းကြုတ်တာပဲ"

လူ့(ဒ်)မီလာသည် ဦးခေါင်းကို နောက်သို့မော့ပြီး အမေ့အား ချစ်စနိုးစွာနှင့် ကြည့်ရင်း...

"ဒါပေမဲ့ အမေဟာ အမေ့အကြောင်းကို ပြောနေတာလား" ဟု မေးလေ၏။

အမေသည် အိပ်ရာမှထ၍ အဝတ်များကို လဲနေ၏။

"ဟိုလူလည်း သံယောဇဉ်ငြိ၊ ဒီလူကိုလည်း သံယောဇဉ်ငြိပြီးတော့ လူတွေအားလုံးအတွက် စိုးရိမ်လိုက်၊ ကြောင့်ကြလိုက်၊ သူတို့ကို သနားလိုက်နဲ့ ဖြစ်နေတော့ သူတို့တတွေအကြောင်းကို ပယ်ပြီး ကိုယ့်တကိုယ်တည်းအကြောင်းကို ပြောနေလို့ ဖြစ်ပါ့မလား။ ကိုယ့်အသည်းနှလုံးထဲက လူအုပ်ကြီးနဲ့ ကိုယ့်ကိုယ်ကို ဘယ့်နှယ်လုပ်ပြီး ခွဲထားလို့ ဖြစ်ပါ့မလဲ" ဟု ပြောရင်း အမေသည် အဝတ်လဲ၍ မပြီးသေးဘဲ အခန်း အလယ်၌ အတွေးနယ်ချဲ့ရင်း တခဏမျှ မတ်တတ်ရပ်နေမိ၏။

တခါက သူ့သားအတွက် အလွန် ပူတတ် ပင်တတ်၊ စိုးရိမ်တတ် ထိတ်လန့်တတ်ပြီး သူ့သား ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းရာ လွတ်ကင်းကြောင်းကိုသာ အားထုတ်နေသည့် မိန်းမတယောက် မဟုတ်တော့ကြောင်းကို သူ့ကိုယ်သူ သိလာ၏။ မြင်လာ၏။ ထိုမိန်းမကား အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ တနည်းအားဖြင့် သူ့သား ပါဗယ်နှင့် ရဲဘော်ရဲဘက် တစုတို့ ပါဝင် ဆောင်ရွက်ကြသည့် ဘဝသစ် ထူထောင်ရေး တိုက်ပွဲကြီးတွင် အားတက်သရော ပါဝင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်သည် အလွန်တက်ကြွ လှုပ်ရှားလာ၏။ ဤတက်ကြွလှုပ်ရှားမှုက သူ၏စိတ်ဓာတ်ကို မီးချပေးသကဲ့သို့ရှိရာ ယခင်က ကြောက်တတ် ရွံ့တတ်ပြီး ကိုယ့်ဥမှ ဥထင်သည့် အတ္တသဘောသည် ပျောက်ကွယ်ပြီး သူသည် ရဲရင့်လာလေ၏။ အားလုံးအတွက် ဆောင်ရွက်လိုသည့် ပရဟိတသဘောကို မွေးလာ၏။ စိတ်ဓာတ်သည်လည်း ရင့်ကျက်လာ၏။ မာကျောလာ၏။ စွမ်းပကား ကြီးလာ၏။ ထို့ကြောင့် သူ၏ ယခင်က ကြောက်စိတ်၊ ရွံ့စိတ် များသည် သူ့အသည်းနှလုံးထဲတွင် ပြန်၍ ကိန်းအောင်းလာကြဦးမည်လားဟု စိုးရိမ်တကြီး သူ့ကိုယ်သူ ပြန်လှန်သုံးသပ်နေမိလေသည်။

တဖန် လူ့(ဒ်)မီလာက သူ့ဆီသို့သွားပြီး “အမေ ဘာတွေများ စဉ်းစားနေတုံး” ဟု မေး၏။

“ဘာရယ်လို့ မသိပါဘူးကွယ်”

သူတို့နှစ်ယောက်သည် စကားမပြောဘဲ တယောက်ကိုတယောက် ကြည့်ပြီး ပြုံးနေကြ၏။ ထိုနောက် လူ့(ဒ်)မီလာက...

“အင်း၊ ကျွန်မ လက်ဖက်ရည်အိုးလည်း ဘာများ ဖြစ်နေပါလိမ့်မလဲ” ဟု ပြောကာ အခန်းထဲမှ ထွက်သွားလေ၏။

အမေသည် ပြတင်းပေါက်မှ အပြင်သို့ မျှော်ကြည့်လိုက်၏။ ထိုနေ့က ရာသီဥတု အေးသော်လည်း နေခြည်များသည် ဖြာလျက်ရှိကြ၏။ သူ့အသည်းနှလုံးကလည်း ကြည်လင်၍ မေတ္တာစိတ်ဖြင့် ထုံလျက်ရှိ၏။ သူသည် ဘာအကြောင်းနှင့် ပတ်သက်၍ပဲဖြစ်ဖြစ် အလွန် စကားပြောချင်၏။ ပြောသည့်အခါ၌လည်း ရွှင်ရွှင်ပျပျနှင့် အချိန် အတော်ကြာ ပြောချင်၏။ အသိဉာဏ် သို့မဟုတ် ဝိဇ္ဇာတရားတရပ်သည် ယခု သူ၏ ဝမ်းထဲ၌ ကိန်းအောင်းရုံမျှမက အရောင်တညီးညီးနှင့် ထိန်လင်းတောက်ပလျက်ရှိရာ အမေသည် ဘယ်သူ့ကို ကျေးဇူးတင်ရမှန်းမသိဘဲ ကျေးဇူးတင်နေ မိ၏။ အချိန်အတော်ကြာ သူ မေ့လျော့နေခဲ့သည့် ဘုရားဝတ်ပြုလိုသည့် ဆန္ဒသည်လည်း ပြန်ပေါ်လာ၏။ ထိုအတွင်း လူငယ်တယောက်၏မျက်နှာသည် သူ့စိတ်ထဲ၌ ရုတ်တရက် ပေါ်လာပြီး ‘ဒါဟာ ပါဗယ်ဗလက်ဆော့ရဲ့အမေပေါ့’ ဟူ၍ အော်လိုက်သည့် ကြည်လင် ပြတ်သားသော အသံကို ကြားယောင်လိုက်၏။ ဆာရှာ၏ မျက်ရည်ကလေး တစမ်းစမ်းနှင့် တောက်ပ ကြည်လင်နေသော မျက်လုံးများကို လည်းကောင်း၊ ရိုင်ဘင်၏ ညိုမည်းသော အသွင် သဏ္ဍာန်ကိုလည်းကောင်း၊ ပါဗယ်၏ တောင့်တင်းခိုင်မာလှသည့် နီညိုညို မျက်နှာကို လည်းကောင်း၊ နစ်ကိုလိုင်၏ ရှုံးတိုးရှုန့်တန့်နှင့် ပေကလတ် ပေကလတ် ကြည့်နေတတ်သည့် မျက်လုံးများကိုလည်းကောင်း မြင်ယောင်နေပြန်၏။ သို့သော် ဤအာရုံတို့ကို ခံစားရင်း အမေ၏စိတ်သည် ဗျာပါဒသောက ပရိဒေဝမီး ဟူသော မီးတောက်မီးလျှံတို့မှ ကင်းစင်လျက် ချမ်းသာသုခနှင့် ပြည့်စုံ၍နေလေ၏။

ထိုအတွင်း လူ့(ဒ်)မီလာသည် အခန်းတွင်းသို့ ပြန်ဝင်လာ၍၊

“နစ်ကိုလိုင်ပြောတာ မှန်တယ်။ သူ့ကို ဆွဲသွားကြပြီ။ အမေပြောတဲ့အတိုင်း ကျွန်မကလေးကို လွှတ်လိုက်တယ်။ ပုလိပ်တွေကို ဥယျာဉ်ထဲမှာ တွေ့ခဲ့ရပြီး ပုလိပ်တယောက်ကတော့ တံခါးမကြီး နောက်မှာ ကွယ်နေတယ်လို့ သူက ပြောတယ်။ ပြီးတော့ နေရာတကာမှာလည်း စုံထောက်တွေ တဲ့။ ကလေးက သူတို့ကို သိတယ်” ဟု ပြောရာ အမေက ဦးခေါင်းကိုခါလျက်၊

"သနားစရာပဲကွယ်" ဟု ပြောလိုက်၏။

သူသည် သက်ပြင်းချလိုက်၏။ သို့ရာတွင် စိတ်ထဲ၌ ဝမ်းနည်းပူဆွေးခြင်း မဖြစ်ချေ။ ထို့ကြောင့် သူ့ကိုယ်သူ ကျိတ်၍ အံ့ဩမိလေသည်။

"သူက မြို့ထဲက အလုပ်သမားတွေကို စာသင်ပေးနေတာ ဘာမှ မကြာသေးဘူး။ ကျွန်မကတော့ သူ့ကိုဖမ်းဖို့ အချိန်ကျပြီလို့ အောက်မေ့နေတာပဲ" ဟု လူ့(ဒ်)မီလာက သာမန် ပြောရိုးပြောစဉ် ဘာမျှ မဖြစ်သည့်အနေဖြင့် ပြောသော်လည်း မျက်မှောင်ကြုတ်နေလေ၏။

"သူ့ရဲဘော်တွေက သူ့ကို တခြားထွက်သွားဖို့ ပြောကြတယ်။ ဒါပေမဲ့ သူက နားမထောင်ဘူး။ ဒီလိုကိစ္စမျိုးမှာ လူတွေကို အတင်းအကျပ် အရှောင်ခိုင်းဖို့ ကောင်းတယ်။ ဖျောင်းဖျောင်းဖျဖျနဲ့ ပြောနေဖို့ မကောင်းဘူး" ဆက်၍ ပြော၏။

ထိုအတွင်း ကလေးတယောက်သည် အခန်းဝ၌ လာရပ်၏။ သူ၏ ဆံပင်များက နက်၏။ ပါးအို့များက နီနေ၏။ မျက်လုံးများက ပြာပြီး နှာခေါင်းကမူ လင်းယုန်နှုတ်သီးနှင့် တူလှ၏။

"ကျွန်တော် လက်ဖက်ရည် ယူခဲ့ရမလား"

"ယူချင်ယူခဲ့လေ ဆာဂီ"

"သူက ကျွန်မ အုပ်ထိန်းထားတဲ့ ကလေးပေါ့"

အမေသည် ထိုနေ့က လူ့(ဒ်)မီလာ တမျိုးပြောင်းလဲနေသည်ကို တွေ့နေရ၏။ ပိုပြီး ရိုးပြီး၊ ပိုပြီး သဘောကျစရာကောင်း၏။ သူ သွားလာလှုပ်ရှားလိုက်သည့်အခါတွင် သူ၏ခန္ဓာကိုယ်သည် ချစ်စရာ ကောင်း၍ အားအင် တောင့်တင်း၏။ ထို့ကြောင့် သူ၏ ခက်ထန်တင်းမာသည့် မျက်နှာသည် အနည်းငယ် ပျော့ပျောင်းသွားသကဲ့သို့ ရှိနေလေ၏။ ယမန်နေ့ညက ပင်ပင်ပန်းပန်း အလုပ်လုပ်ရသဖြင့် သူ့မျက်လုံးများအောက်မှ မျက်ကွင်းများသည် ညိုလာ၏။ သူ၏စိတ်သည်ကား မာကျော တင်းမာလျက်ရှိသည်။

ကလေးသည် လက်ဖက်ရည် ယူလာလေ၏။

"ဆာဂီ၊ မင်းကို ဟောဒီ အမေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက ကနေ့ အပြစ်ပေးခံကြရတဲ့ အလုပ်သမားတွေထဲက ရဲဘော်တယောက်ရဲ့အမေ ပီလာဂီနစ်လော့ဗနာတဲ့"

ဆာဂီသည် ဘာမျှမပြောဘဲ ဦးခေါင်းကိုညွတ်၍ အမေ့လက်ကိုဆွဲကာ နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွား၏။ ထို့နောက် ပေါင်မုန့်တလုံးကိုယူကာ

ပြန်လာ၍ စားပွဲခုံနား၌ ဝင်ထိုင်လိုက်၏။ လူ့(ဒ်)မီလာသည် လက်ဖက်ရည်ကို ငုံ့ရင်း မည်သူ့ကို ပုလိပ်က စောင့်နေသည်ကို အတိအကျ မသိရမချင်း အိမ်သို့ ပြန်မသွားရန် အမေ သဘောပေါက်အောင် ပြောပြနေလေ၏။

"အမေ့ကို စောင့်နေတာ ဖြစ်ကောင်းဖြစ်မယ်။ အမေ့ကို မေးမြန်းဖို့၊ စုံစမ်းဖို့ ခေါ်ချင် ခေါ်ကြလိမ့်မယ်"

"ခေါ်ချင်လည်း ခေါ်ကြပါစေ။ ဖမ်းချင်လည်း ဖမ်းကြပါစေ။ ဘာမှ အရေးမကြီးပါဘူး။ ပါဗယ် ဟောတဲ့ တရားကိုသာ ပထမ ဝေပြီးလိုက်ရင် ပြီးတာပဲ။ အဲဒီနောက်တော့ ဘာဖြစ်ဖြစ်ပေါ့"

"စက်ကို ပြင်ပြီးပြီ။ နက်ဖြန်ဆိုရင် မြို့ထဲနဲ့ အလုပ်သမားရပ်ကွက်မှာ ဝေလောက်အောင် ရမှာပဲ။ နာတာရှာကို အမေ သိသလား"

"အို သိတာပေါ့ သူ့ကို"

"အဲဒီစာရွက်ကို သူ့ဆီယူသွားပါ"

ဆာဂီလေးသည် စာရွက်ကို ဖတ်နေရာ သူတို့ ပြောနေသည့်စကားကို ကြားဟန် မတူချေ။ သို့ရာတွင် သူသည် အမေ့မျက်နှာကို မကြာခဏကြည့်၏။ အမေသည် သူ၏ တောက်ပသည့် မျက်လုံးများကို သဘောကျ၍ သူ့ကိုကြည့်ပြီး ပြုံးလေ၏။ လူ့(ဒ်)မီလာသည် နစ်ကိုလိုင် အကြောင်းကို ဝမ်းနည်းပူဆွေးခြင်း ကင်းစွာနှင့် ပြောနေ၏။ သို့နှင့် အချိန်သည် ကုန်မှန်းမသိ ကုန်သွားရာ သူတို့ နံနက်စာ စားပြီးချိန်၌ မွန်းတည့်လုနီးပါး ဖြစ်၏။

"အချိန်တောင် အတော် နှောင်းသွားပါပကော" ဟု လူ့(ဒ်)မီလာက အလန့်တကြား ပြောလိုက်၏။

ထိုအချိန်တွင် တစုံတယောက်သောသူက တံခါးကို အရေးတကြီး လာခေါက်လေ၏။ သူတို့သည် ကပျာကယာ ထပြီး လူ့(ဒ်)မီလာအား ဘာပြောမလဲ ဟူသောသဘောနှင့် ကြည့်နေကြ၏။

လူ့(ဒ်)မီလာက၊ "တံခါးဖွင့်လိုက်ပါ ဆာဂီ၊ ဘယ်သူများပါလိမ့်"

ဘာမျှ ပျာပျာသလဲ မဖြစ်ဘဲ ပကတိ တည်ငြိမ်စွာဖြင့် သူ၏လက်ကို ဂါဝန်အိတ်ထဲ၌နှိုက်လျက် အမေနှင့် ဆာဂီတို့အား

"တကယ်လို့ စစ်ပုလိပ်တွေဆိုရင် အမေက ဟိုထောင့်ထဲမှာ ရပ်နေနော်။ ပြီးတော့ မင်း ဆာဂီက"

"ကျွန်တော် သိပါတယ်" ဟု ပြောရင်း ထွက်သွားလေ၏။

အမေသည် ပြုံးနေလေ၏။ ဤပြင်ဆင်မှုကြောင့် အမေသည် စိတ်မချမ်းမသာ မဖြစ်။ သူသည် အန္တရာယ် ကြီးကြီးကျယ်ကျယ် ရှိလိမ့်မည်ဟု စိတ်ထဲ၌ မထင်မြင်ခဲ့ချေ။

သို့ရာတွင် သူတို့ဆီသို့ လာသူကား ဆရာဝန် ဖြစ်နေ၏။

"ပထမဆုံးအနေဖြင့်ပြောရရင် နစ်ကိုလိုင်ကို ဖမ်းသွားပြီ။ အပြီးသတ်တော့ အမေက ဒီလာနေတာကိုး။ သူ့ကို ဖမ်းသွားတုန်းက အမေ အိမ်မှာ မရှိဘူးပေါ့၊ ဟုတ်လား"

"သူက အမေ့ကို ဒီလွှတ်လိုက်တာကိုး"

"အင်း၊ ဒါပေမဲ့ ဒီကိုလာနေလို့ အကြောင်းမထူးဘူးထင်တယ်။ ဒုတိယအချက်ကတော့ မနေ့ညက လူငယ်တချို့က ပါဗယ်ဟောတဲ့တရားကို အစောင်ငါးရာလောက် ကျောက်ပုံရိုက်ကြတယ်။ ကျွန်တော် တွေ့ပြီးပြီ။ သိပ်တော့ မဆိုးဘူး၊ ထင်ရှားပါတယ်။ သူတို့က အဲဒါတွေကို ကနေ့ည မြို့ထဲမှာ ဝေချင်ကြတယ်။ ဒါပေမဲ့ ကျွန်တော်က မဝေစေချင်ဘူး။ ကျွန်တော်က မြို့ထဲမှာ ပုံနှိပ်ထားတဲ့ စာရွက်တွေကို ဝေပြီး၊ ဟိုစာရွက်တွေကိုတော့ တခြားတနေရာမှာ ဝေစေချင်တယ်"

"အဲဒါတွေကို နာတာရှာဆီကို ယူသွားမယ်လေ၊ အမေ့ကို ပေးလိုက်ပေါ့" ဟု အမေက စိတ်အားထက်သန်စွာ ပြော၏။

အမေသည် သူ့သား ပါဗယ်၏စကားကို တတ်နိုင်သလောက် မြန်မြန် ဖြန့်ချင်၏။ သူ့သား စကားကို ကမ္ဘာတဝန်းလုံးတွင် ဖြန့်ပစ်လိုက်ချင်၏။ ထိုနောက် အမေသည် ဆရာဝန်က ဖြေလိုက်မည့် အဖြေကိုစောင့်ရင်း ဆရာဝန်အား အသနားခံနေသည့်သဘောဖြင့် ကြည့်နေလေ သည်။

ဒေါက်တာသည် သူ့နာရီကိုထုတ်လျက် သူ့စိတ်ထဲ၌ မသေမချာနှင့်...

"ဒါကို အမေ အခု လုပ်သင့်တယ် မလုပ်သင့်ဘူး ဆိုတာကို ဘုရားမှ သိတယ်။ အခု ဆယ်နာရီထိုးဖို့ မိနစ်နှစ်ဆယ်ပဲ လိုတော့တယ်။ နှစ်နာရီနဲ့ ငါးမိနစ်မှာ ထွက်မယ့် ရထားတစင်း ရှိတယ်။ အဲဒီရထားက ဟိုကို ညနေ ငါးနာရီနဲ့ ဆယ့်ငါးမိနစ်မှာ ရောက်သွားမှာပဲ။ ဒါပေမဲ့ နောက်တော့ မကျပါဘူး။ ဒါလည်း အရေးမကြီးပါဘူးလေ" ဟု ပြောရာ အမေက သူ့အနားသို့သွားပြီး...

"အရေးကြီးတာက ဘာလဲ။ အဲဒီကိစ္စကို ပြီးအောင်လုပ်ဖို့ပဲ မဟုတ်..."

“အမေ့အတွက် ဒါလုပ်တာ အန္တရာယ်ရှိတယ်”

“ဘာပြုလို့လဲ” ဟု လက်မလျှော့ချင်သည့် သဘောနှင့် အမေက ပြန်မေးလေ၏။

“ဘာပြုလို့လဲဆိုတော့ အမေက နစ်ကိုလိုင်ကို မဖမ်းခင် တနာရီလောက်က အိမ်က ထွက်သွားတယ်။ ပြီးတော့ အမေ့ကို နာတာရှာရဲ့အဒေါ်လို့ သိနေကြတဲ့ အလုပ်ရုံကို သွားတယ်။ အဲဒီနောက် မကြာခင်ဘဲ အစိုးရက တားမြစ် ပိတ်ပင်ထားတဲ့ စာရွက်စာတမ်းတွေကို တွေ့တယ်။ အဲဒါတွေအားလုံးကို စုစည်းလိုက်တော့ အမေ့လည်ပင်းကို စွပ်ပြီး ဆွဲမယ့် ကြိုးကွင်း ဖြစ်သွားတာပေါ့” ဟု ဆရာဝန်က အသံ ပြတ်တောင်း ပြတ်တောင်းနှင့် ခပ်သွက်သွက်ကလေး ပြောလေ၏။

“ဘယ်သူမှ အမေ့ကို သတိထားမိမှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့က အမေ့ကို ပြန်လာမှ ဖမ်းပြီး ဘယ်ရောက်ခဲ့တုံးလို့ မေးရင်” ဟု အားတက်သရော ပြောပြီး...

“အမေက ဘာပြောရမယ်ဆိုတာကိုသိပါတယ်။ အဲဒီကနေပြီး အမေက အလုပ်သမား ရပ်ကွက်ကို တန်းသွားမယ်။ အမေ့မှာ ဆီးဇော့ဆိုတဲ့ မိတ်ဆွေတယောက် ရှိတယ်။ အမေက ပြောမှာပေါ့။ သူနဲ့အမေ တယောက်နဲ့တယောက် စိတ်ချမ်းသာရအောင် အားပေးစကားပြောဖို့ အမှုစစ်ပြီးတဲ့နောက် သူ့အိမ်ကို လိုက်သွားတယ်လို့။ သူ့တူလည်းပဲ ပြည်နှင်ဒဏ် ခံရတာပဲ။ သူက အမေ့ကို ကူညီမယ့်လူပဲ” ဟု ပြောလိုက်၏။

ဤကဲ့သို့ ပြောပြီးနောက် တဖက်မှ သူ့ဆန္ဒအတိုင်း ဆရာဝန်နှင့် လူ့(ဒ်)မီလာတို့က လိုက်လျောကြမည်ကို ယုံကြည်ပြီး၊ တဖက်မှလည်း ဤကိစ္စကို မြန်မြန် ဆောင်ရွက်ချင်လှသဖြင့် အမေသည် သူ့ကို လွှတ်ဖို့သာ အထပ်ထပ် တောင်းဆိုနေလေ၏။ ထို့ကြောင့် နောက်ဆုံး၌ သူတို့က အမေ့သဘောကို လိုက်ကြလေသည်။

“ကောင်းပြီလေ ဒါဖြင့် ယူသွားပေါ့” ဟု ဆရာဝန်က စိတ်မပါ့တပါနှင့် ပြောလိုက်၏။

လူ့(ဒ်)မီလာက ဘာမှမပြောဘဲ စဉ်းစားရင်း အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူ၏မျက်နှာသည် ပါးဆက် နားဆက်များ ကျု၍ မျက်တွင်းများ ဟောက်နေပြီး ဦးခေါင်းကို ရှေ့သို့ စိုက်ကျမသွားရအောင် အနိုင်နိုင် အားယူ၍ ထိန်းထားသည်ကို အမေသည် မြင်နေ၏။ ထို့ကြောင့် ပြုံးကာ...

“လူ့(ဒ်)မီလာတို့က အမေ့အတွက် စိုးရိမ်နေကြပြီး ကိုယ့်ကိုယ်ကိုကျတော့

လုံးလုံးကို မစိုးရိမ်ကြဘဲကိုး”

“ဟုတ်တယ်။ ကျွန်တော်တို့က စိုးရိမ်ကြတယ်။ စိုးရိမ်ရမယ့် တာဝန်လည်း ရှိတယ်။ ပြီးတော့ ဘာမှ အကျိုးမရှိဘဲနဲ့ အကြောင်းမဲ့ အနစ်နာခံနေကြရတဲ့ လူတွေကို တွေ့ရင် ကျွန်တော်တို့က သိပ်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်တယ်။ ကဲ၊ ကောင်းပြီလေ၊ အမေ ဘူတာရုံမှာ ဟိုစာရွက်တွေကို ရမှာပေါ့” ဟု ပြောပြီး အမေ့အား ဤကိစ္စကို မည်သို့မည်ပုံ ဆောင်ရွက် ရမည်ကို ရှင်းပြလေ၏။

ထိုနောက် အမေအား “အမေ အောင်မြင်ပါစေဗျာ” ဟု ဆုတောင်းလိုက်၏။ သို့ရာတွင် သူသည် အပြင်သို့ ထွက်သွားသောအခါ တစုံတခုနှင့် ပတ်သက်၍ စိတ်မချမ်းမမြေ့ ဖြစ်နေပုံရ၏။

“အမေ့သားသဘောကို ကျွန်မ သိပါတယ်”

ဟု ပြောပြီး အမေနှင့် လက်တွဲလျက် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

“ကျွန်မမှာလည်း သားတယောက် ရှိတယ်။ အသက် ၁၃ နှစ် ရှိပြီ။ သူ့အဖေနဲ့ နေတယ်။ ကျွန်မယောကျ်ားက လက်ထောက် အမှုလိုက်ပေါ့။ ပြီးတော့ ကလေးက သူနဲ့ အတူတူပဲ။ သူ ဘာဖြစ်လာမလဲဆိုတာကို ကျွန်မတော့ ခဏ ခဏ စဉ်းစားမိတယ်။ (သူ၏အသံသည် တုန်တုန်ယင်ယင် ဖြစ်လာ၏) “သူ့ကို ကျွန်မချစ်တဲ့၊ ကမ္ဘာပေါ်မှာ ကျွန်မက အကောင်းဆုံးလို့ ယူဆထားတဲ့ ပြည်သူလူထုရဲ့ တမင်သက်သက် သိလျက်နဲ့ ဖြစ်နေတဲ့ ရန်သူက ကျွေးမွေး ပြုစုထားတော့ သူက ကျွန်မရန်သူ ဖြစ်ချင်လည်း ဖြစ်လာမယ်။ သူ့ကို ကျွန်မနဲ့ အတူလည်း မထားနိုင်ဘူး။ ကျွန်မက နာမည်ပြောင်းပြီး နေရတာ။ ကျွန်မကလေးကို မတွေ့ရတာ ရှစ်နှစ်တောင် ရှိပြီ။ ရှစ်နှစ်ဆိုတာ နည်းတဲ့အချိန် မဟုတ်ဘူး” ဟု ပြောပြီး ပြတင်းပေါက်၌ ရပ်လျက် မိုးကောင်းကင်ကို ကြည့်နေလေ၏။ တဖန်၊

“ကျွန်မ သားကလေးသာ ကျွန်မနဲ့ နေမယ်ဆိုရင် ကျွန်မ ပိုပြီး အားရှိမှာ။ အခုလို ရင်ထဲမှာ အပူလုံးကြီး ဝပ်နေမှာ မဟုတ်ဘူး။ တကယ်လို့ သူ သေပြီဆိုရင်လည်း အခုထက်တော့ ကျွန်မ စိတ်ချမ်းသာမှာ အမှန်ပဲ”

အမေသည် ကရုဏာစိတ် ယိုဖိတ်ပြီး သူ့အသည်းနှလုံးကို ဆုပ်လိုက်သကဲ့သို့ ဖြစ်သွားပြီး

“တကယ် သနားစရာပဲ တူမက” ညည်းနိုင်တော့၏။

“အမေကတော့ သိပ်ကံကောင်းတာပဲနော်။ သားနဲ့ အမိ လက်တွဲပြီး

ရပ်တည်ရတယ်ဆိုတာဟာ သိပ်အံ့ဩစရာ ကောင်းတာပဲ။ အလွန်လည်း ရှားပါတယ်”

“ဟုတ်တယ်၊ အံ့ဩစရာပဲ” ဟု ပြောပြီး အသံနှိမ့်လျက် လျှို့ဝှက်ချက်တခုကို ပြောနေသကဲ့သို့၊

“အမေတို့တတွေအားလုံး တူမကြီးရော၊ ဆရာဝန် အိုင်ဗင်ရော ပြီးတော့ အမှန်တရားကို လိုက်နေကြတဲ့ လူတွေအားလုံးဟာ တယောက်နဲ့တယောက် လက်တွဲပြီး အတူတူ ရပ်နေလိုက်ကြတာ။ ပြီးတော့ ဒီလူစုတွေဟာ ရုတ်တရက် ချက်ချင်း ဆွေမျိုးသားချင်းတွေလို ဖြစ်လာကြတယ်။ အမေကလည်း အားလုံးရဲ့သဘောကို နားလည်လာတယ်။ တူမကြီးတို့ ပြောသမျှ စကားတိုင်းကိုသာ နားမလည်တယ်။ ဒါပေမဲ့ သည့်ပြင်ဟာတွေ အကုန်လုံးကို နားလည်တယ်” ဟု ဆက်ပြောလေရာ လူ့(ဒ်)မီလာက

“ဟုတ်တယ် အမေ၊ အခု ဒီအတိုင်းပဲ ဒီအတိုင်းပဲ”

အမေသည် လူ့(ဒ်)မီလာ၏ ရင်ဘတ်ကို သူ့လက်နှင့်ဖိပြီး သူပြောသမျှကို သူ့စိတ်ထဲ၌ တကယ်ပင် ထင်မြင်လာသကဲ့သို့ လေသံတိတ်တိတ်နှင့် ဆက်၍ပြောနေပြန်၏။

“အင်း၊ အမေ မြင်ထားတဲ့၊ နားလည်ထားတဲ့အတိုင်း ပြောရရင် အမေတို့ သားသမီးတွေဟာ လောကပြင်ကြီးထဲကို ထွက်သွားကြပြီ။ ဒီလူငယ်တွေဟာ ကမ္ဘာဒေသ အသီးသီးကနေပြီး ကမ္ဘာလောကကြီးတခုလုံးထဲကို သွားကြတာနော်။ ဒါပေမဲ့ သူတို့တတွေဟာ တခုတည်းသော ပန်းတိုင်ဆီကို ဦးတည်ပြီး သွားနေကြတာ ဖြစ်တယ်။ လောကကြီးမှာ ဒီလူငယ်တွေဟာ နှလုံးသား ဖြူစင်ဆုံးနဲ့ စိတ်ဓာတ်အမြင့်မားဆုံး လူတွေပဲ။ သူတို့တတွေဟာ မကောင်းတဲ့၊ ယုတ်မာညစ်ညမ်းတဲ့ အမှုတွေကို တွန်းလှန် ဖြိုဖျက်ပြီး သူတို့ရဲ့ခိုင်မာတောင့်တင်းလှတဲ့ ခြေထောက်တွေနဲ့ မမှန်ကန်တဲ့ တရားတွေကို နင်းချေနေကြတယ်။ သူတို့ဟာ ငယ်ရွယ် နုပျိုနေကြတယ်။ ကြံ့ခိုင်တောင့်တင်းတယ်။ တရားမျှတမှုဆိုတဲ့ အလွန်မြတ်တဲ့ တရားစစ် တရားမှန်ကို ထူထောင်ဖို့ရာ သူတို့ရဲ့ရှိသမျှအင်အားကို အကုန်သွန်ပြီး လုပ်နေကြတယ်။ သူတို့ဟာ လူသားတွေရဲ့ဝမ်းနည်းကြေကွဲစရာတွေကို သုတ်သင် ဖယ်ရှားပစ်ပြီး ဆိုးရွားတဲ့ ကံတရားဆိုတာကို လူ့လောကအပြင်မှ မြင်ချင်လို့တောင် ပြစရာမရှိအောင် အမြစ်ပါ တွန်းလှန် ဖျက်ဆီးနေကြပြီ။ သူတို့ဟာ လောကအတွင်းမှာ လောကရှိနေတဲ့ အနိဋ္ဌာရုံတွေကို တိုက်ခိုက် နှိမ်နင်းနေကြတယ်။ သူတို့တတွေဟာ အမှန်မုချ အောင်ပွဲခံကြမှာပဲ။ ဒုက္ခဆင်းရဲကို ခံနေကြရတဲ့ လူသားအားလုံးကို စုဆောင်းနေကြတယ်။ စုလည်း စုစည်းမိကြမှာပဲ”

သို့ပြောနေရင်း အမေသည် သူ မေ့လျော့နေသည့် ဘုရားဆုတောင်းများကို သတိရလာပြန်၏။ ဤဆုတောင်းများသည် သူ၏ အသည်းနှလုံးထဲ၌ မီးပွင့်၊ မီးပွားများသဖွယ် ပေါ်ထွက်လာကြပြီး သူ၏စိတ်၌ ယုံကြည်ချက် အသစ်တရပ်သည် ပေါက်ဖွားလာလေ၏။ တနည်းအားဖြင့် ယခင်က သူ ယုံကြည်ကိုးကွယ်ခဲ့သည့် ထာဝရဝါဒအစား ကမ္ဘာ့ အဖိနှိပ် အညှဉ်းဆဲခံ လူသားတို့အတွက် တော်လှန်သည့် တော်လှန်ရေးပေါ်တွင် သက်ဝင် ယုံကြည်လာခဲ့လေသည်။

"အမေတို့ကလေးတွေဟာ လူသားတွေရဲ့ အသည်းနှလုံးတွေထဲကို မေတ္တာတရားတွေ သွင်းပေးရင်း၊ လူသားတွေကို နိဗ္ဗာန်ဘုံသစ်တရပ်ကို ညွှန်ပြရင်း၊ ကမ္ဘာလောကကြီးကို သစ်လွင်တဲ့ ဝိဇ္ဇာတရား တရပ်နဲ့ အလင်းရောင်ပေးရင်း သစ္စာတရားနဲ့ ဝိဇ္ဇာတရားတို့က ညွှန်ပြနေကြတဲ့ လမ်းစဉ်အတိုင်း လိုက်နာကြပြီ။ ဒီကမ္ဘာလောကကြီးပေါ်မှာ လွှမ်းနေတဲ့ အမှောင်ထုကို ဖြိုခွင်းနေတဲ့ ဒီဝိဇ္ဇာတရားကြီးကို ဘယ်သူကမျှ ငြိမ်းမပစ်နိုင်ဘူး။ သတ်မပစ်နိုင်ဘူး။ ဒီဝိဇ္ဇာတရားရဲ့ အလင်းရောင်ထဲမှာ ဘဝသစ်တရပ်ဟာ ထိုးထွက်လာနေပြီ။ ဒီဘဝသစ်ဟာ တခြား မဟုတ်ဘူး။ ဒီလူငယ်တွေက လူသားအားလုံးအပေါ်မှာ ထားတဲ့ မေတ္တာခေတ်က မွေးထုတ်ပေးလိုက်တဲ့ ဘဝသစ်ပဲ။ ဒီမေတ္တာခေတ်ကို ဘယ်သူက ချေမှုန်း ဖျက်ဆီးနိုင်မှာလဲ၊ ဖျက်ဆီးမယ့်လူဟာ ဘယ်သူလဲ၊ ပြောစမ်းပါဦး။ ဘယ်အင်အားစုက ဒီတရားကို ဖြိုဖျက်နိုင်မှာလဲ။ ဘယ်အင်အားစုက ဒီတရားကို တွန်းလှန် ခုခံနိုင်မှာလဲ။ ကမ္ဘာလောကကြီးက ဒီတရားကို မွေးပေးပြီးတော့ လူသားတွေ ခံစားနေကြရတဲ့ဘဝကိုက ဒီတရားရဲ့အောင်ပွဲကို လိုလားတောင့်တနေတဲ့ဟာကို တကယ့်ကို လူသားတွေ ဘဝကိုယ်တိုင်က လိုလားတမ်းတနေတဲ့ တရား"

ဤကဲ့သို့ စိတ်လိုက်မာန်ပါ ပြောပြီးနောက် အမေသည် ပင်ပန်းသွားရာ လူ့(ဒ်) မီလာ အနားမှ ထွက်ခွာသွားပြီး ထိုင်ချလိုက်ရင်း အသက်ကို ပြင်းပြင်းရှူနေလေ၏။ လူ့(ဒ်)မီလာကမူ အလုပ်သမား လှုပ်ရှားမှုအတွင်းမှ သူရရှိခဲ့သည့် အတွေးအခေါ် အယူအဆတို့ကို အားတက်သရော ဟောပြောနေသည်ကို အနှောင့်အယှက် ဖြစ်သွားမည် စိုးသဖြင့် ဖြည်းညင်း တိတ်ဆိတ်စွာ အခန်းတွင်း၌ လမ်းလျှောက်နေ၏။ သူ၏ အရောင်မှိန်သည့် မျက်လုံးများက ရှေ့ကို စိုက်ကြည့်နေ၏။ သူသည် ခါတိုင်းထက် အရပ်ပိုရှည်ပြီး ကိုယ်လုံးကိုယ်ပေါက်က ပို၍မတ်ကာ ပို၍သေးသွယ်သည် ထင်ရ၏။ သူ၏ ခက်ထန်သည့် မျက်နှာသည် တစုံတခုကို အာရုံစူးစိုက်လျက် ရှိပြီး နှုတ်ခမ်းများသည် စေ့နေ၏။ ဤသို့ အခန်းထဲ၌ ဆိတ်ငြိမ်သွားသဖြင့် အမေ၏ လှုပ်ရှားတက်ကြွနေသည့်စိတ်သည် တည်ငြိမ်သွားသည်။

"အင်း၊ အမေ မပြောသင့်တဲ့ စကားတွေ ပြောမိလေသလား" ဟု

တောင်းပန်သည့်အနေနှင့် မေးလိုက်၏။

လူ့(ဒ်)မီလာက အမေ့ဘက်သို့လှည့်ပြီး ကြောက်ရွံ့ တုန်လှုပ်နေသကဲ့သို့ သူ့ကို ကြည့်နေ၏။ ထို့နောက် တစုံတခုကို ဟန့်တားနေသည့်ဟန်ဖြင့် လက်ကိုတန်းကာ စကားကို သွက်သွက် ပြောနေလေ၏။

"မပြောမိပါဘူး။ ဖြစ်နေတာကလည်း ဒီအတိုင်းပဲ။ ဒါပေမဲ့ အဲဒီဟာနဲ့ ပတ်သက်လို့ ကျွန်မတို့ နောက်ထပ် မပြောကြနဲ့တော့။ အမေပြောတဲ့အတိုင်းပဲ ထားလိုက်ပါတော့" ဟု ပို၍ တည်ငြိမ်စွာပြောပြီး "အမေ သွားမှဖြစ်မယ်၊ အမေ သွားရမှာက အဝေးကြီးပဲ" ဟု ပြောပြန်၏။

"အမေ ဘယ်လောက် ဝမ်းသာတယ် ဆိုတာကို လူ့(ဒ်)မီလာကများ သိရင် အမေ့သားက ပြောတဲ့စကားတွေ၊ အမေ့ ရင်သွေးရင်နှစ်ရဲ့စကားတွေကို တခြားသူတွေဆီကို ပို့ပေးရတာဟာ တကယ့်ကို အမေ့ရဲ့အသက်ကို ခွဲထုတ်ပြီး ပေးလိုက်ရသလိုပဲ" ဟု ပြောပြီး အမေသည် ပြုံးလိုက်၏။

လူ့(ဒ်)မီလာကလည်း မသိမသာ ပြန်ပြုံးလိုက်၏။ အမေသည် သူက ဝမ်းသာနေသော်လည်း လူ့(ဒ်)မီလာက ဏ္ဍေရွှေလုပ်နေသဖြင့် ဟက်ဟက်ပက်ပက် ဝမ်းမသာလိုက်ရချေ။ ထို့ကြောင့် တင်းမာ ခက်ထန်နေသည့် လူ့(ဒ်)မီလာအား သူ ဝမ်းသာသလို ဝမ်းသာရွှင်လန်းစေချင်၏။ လူ့(ဒ်)မီလာ၏ လက်ကိုဆွဲပြီး တအား ဆုပ်ကိုင်လျက်၊

"တူမကြီးရယ်၊ လူတွေအားလုံးကို လမ်းညွှန်နေတဲ့ အလင်းရောင်တခု ရှိနေတယ် ဆိုတာရယ်၊ ပြီးတော့ လူတွေအားလုံးက ဒီအလင်းရောင်ကို မြင်ပြီး အားတက်သရော ဒီအလင်းရောင်အတိုင်း ချီတက်ကြမယ့် အချိန်ကို ရောက်တော့မယ် ဆိုတာကို သိရတာ ဘယ်လောက်ကောင်းသလဲ" ဟု ပြောနေပြန်၏။

အမေ၏ ကျယ်ပြန့်၍ သနားကြင်နာစိတ်ဖြင့် ပြည့်ဝလှသည့် မျက်နှာသည် တုန်လှုပ်သွား၏။ သူ၏မျက်လုံးများသည် အရောင်ထွက်လာပြီး မျက်ခုံးများကို လှုပ်လိုက်သောအခါ ထိုအရောင်သည် ပို၍ တောက်ပလာလေ၏။ ထို့နောက် သူ တွေ့ကြုံခံစားခဲ့ရသမျှ ဘဝအတွေ့အကြုံတို့ကို ပြန်၍ စဉ်းစားနေမိပြန်၏။ တဖန် သူ တွေးနေသည့် အတွေးတို့၏ အနှစ်သာရကို ကြည်လင်ပြတ်သားသည့် စကားတို့ဖြင့် ဖော်ထုတ်ရန် ကြိုးပမ်းပြန်ရာ သူ၏ အသည်းနှလုံးသည် ပိုမို၍ပင် တောက်ပြောင်လာပြန်လေ၏။

"အင်း၊ လူသားတွေအတွက် ထာဝရ ဘုရားသခင် ကိုယ်တော်မြတ် အသစ်တဆူ ပွင့်လာတော် မူသလိုပဲ။ အရာရာတိုင်းဟာ လူသားအားလုံးအတွက်

ဖြစ်ရမယ်။ တနည်းအားဖြင့် အားလုံးဟာ လူတိုင်းအတွက် ဆိုတာကို အမေ မြင်ထားတာကတော့ ဒီအတိုင်းပဲ။ တကယ့်အမှန်တရား အတိုင်း ပြောရမယ်ဆိုရင် အမေတို့တတွေဟာ အားလုံး ရဲဘော်တွေချည်းပဲ။ အားလုံး စိတ်ဓာတ်ချင်း တူညီကြတာချည်းပဲ။ အားလုံး သစ္စာတရားဆိုတဲ့ မိခင်က ပေါက်ဖွားလာကြတဲ့ သားတွေ သမီးတွေချည်းပဲ" ဟု ပြောပြလေ၏။

ဤကဲ့သို့ပြောရင်း အမေ၏စိတ်ဓာတ်သည် တက်ကြွ လှုပ်ရှားလာပြန်၏။ ထိုနောက် သူသည် စကားပြောရပ်ကာ သက်ပြင်းတချက်ရှူပြီး လက်များကို ဆန့်တန်းလျက်၊

"အမေက "ရဲဘော်တွေ" ဆိုတဲ့စကားကို ပြောလိုက်ရင် တခါတည်း ဒီအသံဟာ အမေ့ အသည်းနှလုံးထဲကို ဝင်ဝင်သွားတာကို အမေ ကြားကြားနေရတယ်" ဟု ပြောပြန်၏။

အမေသည် သူ လုပ်ချင်တာကို လုပ်ရပြီဖြစ်၏။ လူ့(ဒ်)မီလာ၏ မျက်နှာတွင် သွေးရောင် လျှမ်းသွားပြီး နှုတ်ခမ်းများသည် တုန်လှုပ်လာကာ သူ့ပါးပြင်ပေါ်၌ မျက်ရည်ပေါက်ကြီးများ စီးကျလာလေ၏။

အမေသည် မသိမသာပြုံးလျက် သူ၏စိတ်ဓာတ် ရင့်ကျက်မာကျော တောက်ပြောင်လာသည့် အတွက် ပီတိဖြစ်နေ၏။ ထိုနောက် သူတို့နှစ်ဦး ခွဲကြရာ လူ့(ဒ်)မီလာက သူ့မျက်နှာကို ကြည့်လျက်၊

"အမေနဲ့ အတူနေရတာ ဘယ်လောက်ကောင်းတယ်ဆိုတာ သိရဲ့လား" ဟု လေသံတိုးတိုးနှင့် မေးလိုက်လေသတည်း။

အမေသည် အိမ်ပြင်သို့ ထွက်လိုက်သောအခါ အလွန်အေးမြသည့် လေနှင့် မိသွားရာ နှာခေါင်း ကျဉ်သွားပြီး အသက်ပင် မရှူနိုင်ဘဲ ဖြစ်သွား၏။ ထိုနောက် ရပ်လိုက်ပြီး တဖက်တချက်ကို လှမ်း၍ ကြည့်လိုက်၏။ လမ်းထောင့်ချိုး၌ ဦးထုပ်တလုံးကို ဆောင်းထားသည့် မြင်းရထားသမား တယောက်ကိုလည်းကောင်း၊ ထိုရထားသမား ဟိုဘက် ခပ်လှမ်းလှမ်း၌ ခါးကိုတအားကုန်းလျက် လမ်းလျှောက်နေသည့် လူတယောက်ကို လည်းကောင်း၊ ထိုလမ်းလျှောက်နေသူ၏ရှေ့၌ နားရွက်များကိုပွတ်ရင်း ပြေးနေသည့် စစ်သားတယောက်ကို လည်းကောင်း မြင်ရလေ၏။

"အင်း၊ စစ်သားကို ဆိုင်တဆိုင်ဆီ လွှတ်လိုက်ကြတာနဲ့ တူတယ်" ဟု စိတ်ထဲ၌ စဉ်းစားကာ သူ သွားစရာရှိရာသို့ ဆက်၍ သွားလေ၏။ သူ့ခြေထောက်အောက်၌ ဆီးနှင်းခဲများ ကျိုးသံ ကြေသံတို့ကို ကြားရသဖြင့် သဘောလည်း ကျနေ၏။ သူသည် ဘူတာရုံသို့ ရထားချိန် မတိုင်မီ

ရောက်သွားသော်လည်း ညစ်ပတ်၍ မှိုင်းများစွဲနေသည့် တတိယတန်း ခရီးသွားများထိုင်ရန် အခန်းသည် လူများပြည့်ကျပ်နေလေ၏။ အေးလှသဖြင့် မီးရထားလမ်း အလုပ်သမားများ၊ မြင်းရထားသမားများနှင့် အိုးမဲ့အိမ်မဲ့ အဝတ်အစား စုတ်ပြတ်နေကြသည့် ဆင်းရဲသား လူမွဲများသည် အထဲသို့ ဝင်ကြရ၏။ ခရီးသည်များလည်း ရှိကြရာ ၎င်းတို့အထဲတွင် တောင်သူ လယ်သမားအချို့၊ ဝဝဖိုင့်ဖိုင့် ကုန်သည်ကြီးတယောက်၊ ဘုန်းကြီးတပါးနှင့် ကျောက်ပေါက်မာနှင့် သူ့သမီး၊ စစ်သား ၄-၅-၆ ယောက်နှင့် ဟိုဟာကိုင်လိုက် သည်ဟာကိုင်လိုက်နှင့် လုပ်နေကြသည့် လက်မှုပညာသည် အချို့တို့ ပါဝင်ကြ၏။ သူတို့သည် ဆေးလိပ်သောက်လိုက်၊ လက်ဖက်ရည် သောက်လိုက်၊ အရက်သောက်လိုက်နှင့် လုပ်နေ၏။ စားသောက်ဖွယ်ရာ ရောင်းသည့် အခန်းမှ လူတယောက်က အားရပါးရ ရယ်နေပြီး မီးခိုးများသည် တထောင်းထောင်းထလျက် ရှိ၏။ တံခါးကို ဖွင့်လိုက်လျှင် အသံမြည်ပြီး ပြတင်းပေါက်ကို ပိတ်လိုက်လျှင် မှန်များသည် လှုပ်၍ မြည်နေလေ၏။ အခန်းတခန်းလုံးသည် ဆေးလိပ်နံ့၊ ငါးဆားနယ်နံ့တို့နှင့် မွှန်လျက်ရှိလေသည်။

အမေသည် အဝင်ဝနားမှ လူအများ မြင်လွယ်သည့် ထိုင်ခုံတခုံပေါ်၌ ထိုင်၍ စောင့်နေလေ၏။ တံခါးကို ဖွင့်လိုက်တိုင်း ဖွင့်လိုက်တိုင်း လေအေးသည် တအားဝင်လာရာ အမေသည် သဘောကျ၏။ အဝရှုလိုက် ရှိုက်လိုက်၏။ လူအများစုသည် အထုပ်အပိုးများကို ယူလာကြ၏။ ထို့ကြောင့် တံခါးဝတွင် တစ်တစ်နေကြရာ ကျိန်လိုက် ဆဲလိုက်နှင့် သူတို့၏ အထုပ်အပိုးများကို ကြမ်းပြင်ပေါ်သို့ ပစ်ချသူက ပစ်ချလိုက်၊ ခုံရှည်များပေါ်သို့ ပစ်ချသူက ပစ်ချလိုက် လုပ်နေကြ၏။

သူတို့၏ အင်္ကျီလက်များ၊ ကော်လာများ၊ မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများမှ ဆီးနှင်းခဲများကို ခါချရင်း ညည်းလည်း ညည်းညူနေကြလေသည်။ ထိုအတွင်း လူငယ်တယောက်သည် သံဖြူလက်ဆွဲသေတ္တာတလုံးကို ဆွဲလျက် ဝင်လာပြီး ဟိုဟိုဒီဒီ ကပျာကယာ ကြည့်ကာ အမေ့ဆီသို့ တန်းသွားလေ၏။ ထိုနောက် အမေ့အား...

"မော်စကိုကို သွားမယ်လို့လား" ဟု မေး၏။

"ဟုတ်တယ် တန်ယာကို သွားမယ်လို့"

"ဒီမှာ..."

လူငယ်သည် လက်ဆွဲသေတ္တာကို ထိုင်ခုံပေါ်တွင် အမေ၏ဘေး၌ထားပြီး စီးကရက် တလိပ်ကို မီးညှိကာ ဦးထုပ်ကို လက်နှင့်တို့၍ အခြားတံခါးပေါက်မှ ထွက်သွားလေ၏။ အမေသည် လက်ဆွဲသေတ္တာကို လက်နှင့်ပွတ်၍ ထိုသေတ္တာပေါ်၌ တံတောင်နှင့်ထောက်ကာ ကျေနပ် နှစ်သိမ့်စွာ သူ့ပတ်ဝန်းကျင်မှ

လူများကို လှမ်း၍ အကဲခတ်နေလေ၏။ တစ်မိနစ်လောက် ကြာသောအခါ မတ်တတ်ထ၍ အထွက်ဝအနီးရှိ အခြားခုံတခုံသို့ သွား၍ထိုင်လိုက်၏။ ထိုနောက် လူများကို အကဲခတ်ရင်း ဦးခေါင်းကိုမော့ကာ လက်ဆွဲသေတ္တာကို ခပ်အေးအေး ဆွဲလျက် လမ်းလျှောက်နေလေသည်။

အကျႌတိုတို တထည်ကို ကော်လာထောင်လျက် ဝတ်ထားသည့် လူငယ်တယောက်သည် အမေ့ကို ဝင်တိုက်မိ၏။ သူသည် ငြိမ်သက်စွာ ဘေးသို့ဖယ်၍ ရပ်လိုက်ပြီး သူ့ဦးထုပ်ဆီသို့ လက်ကိုမြှောက်လိုက်၏။ အမေသည် သူ့ကို တွေ့မြင်နေကျဟု စိတ်ထဲ၌ ထင်မှတ်မိ၏။ သူသည် နောက်သို့ လှည့်၍ကြည့်လိုက်ရာ မျက်လုံးတလုံးက ကော်လာပေါ်မှကျော်၍ သူ့ကို စိုက်ကြည့်နေသည်ကို မြင်လိုက်၏။ သူ၏အကြည့်သည် ဓားနှင့် ထိုးလိုက်သကဲ့သို့ စူးရှလှ၏။ လက်ဆွဲသေတ္တာကို ကိုင်ထားသည့် သူ့လက်သည် ရုတ်တရက် လှုပ်ရှားသွားပြီး ယခင်ကထက် လေးလံလာလေ၏။

သူ ကြည့်ပုံကြောင့် အမေ၏စိတ်ထဲ၌ မချမ်းမသာ ဖြစ်မိ၏။ ကြောက်ရွံ့တုန်လှုပ်မိ၏။ ထိုနောက် “အင်း၊ ငါ သူ့ကို အရင်က တနေရာရာမှာ တွေ့ဖူးပါတယ်” ဟု တွေးနေလေ၏။ ထိုနောက် သူ၏ကြောက်စိတ်သည် ပို၍ကြီးထွား ကြီးထွားလာရာ အာများပင် စေးလာ၏။ ထိုလူငယ်ကို ထပ်၍ မကြည့်ဘဲလည်း မနေနိုင်သဖြင့် ကြည့်လိုက်သောအခါ သူသည် ယခင်နေရာ၌ပင် ရပ်လျက် တခုခုလုပ်ဖို့ စိတ်ကို ဆုံးဖြတ်ရန် ဟန်ပြင်နေလေ၏။ သူသည် သူ၏ လက်ဝဲဘက် လက်ကို အကျႌအိတ်ထဲ၌ နှိုက်ထားပြီး လက်ယာဘက်လက်ကို သူ့အကျႌကြယ်သီးများ အကြားတွင် နှိုက်ထားသဖြင့် သူ၏ လက်ယာဘက်ပခုံးသည် လက်ဝဲဘက် ပခုံးထက် မြင့်နေသည်။ ထိုနောက် အမေသည် ခုံရှည်တခုဆီသို့သွားပြီး သူ့ကိုယ်ထဲမှ တစုံတခုကို ချိုးလိမ်ပစ်မိမည်ကို စိုးရိမ်နေသကဲ့သို့ ဖြည်းဖြည်းနှင့် သတိထားကာ ထိုင်လိုက်၏။ သူ့စိတ်ထဲ နိမိတ်မကောင်းဘူးဟု ယူဆကာ ပြန်၍စဉ်းစားလိုက်လျှင် ဤလူကို ယခင်က နှစ်ကြိမ်တိတိ တွေ့ခဲ့ဖူးသည်ကို ပြန်၍ သတိရမိ၏။ ပထမအကြိမ်ကား ရိုင်ဘင်ထောင်မှထွက်ပြေးစဉ်က မြို့အစွန်၌ ဖြစ်၍ ဒုတိယအကြိမ်မှာ တရားခုံရုံးတွင် ဖြစ်၏။ ရုံးခန်းထဲ၌ တွေ့စဉ်က အမေက ရိုင်ဘင်နောက်သို့ မလိုက်နိုင်အောင် လမ်းမှားကို ပြလိုက်သည့် ပုလိပ်အရာရှိအနား၌ သူသည် ကပ်လျက်ရပ်နေခဲ့၏။ ထို့ကြောင့် အမေသည် သူ့နောက်မှ စုံထောက် တကောက်ကောက် လိုက်နေသည်ကို သိသွား၏။ ဤကိစ္စနှင့် ပတ်သက်၍ ယုံမှားနေဖွယ် မလိုတော့ချေ။

သူ့ကိုယ်သူ မိများ မိနေပြီလားဟု အပြန်ပြန် အလှန်လှန် စဉ်းစားနေရာမှ သူ့ကိုယ်သူ မိနေပြီဟု သဘောထားကာ တကယ့်အခြေအနေမှန်ကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

သူ့မျက်စိများသည် ပြာသွား၏။ ထိုနောက် လက်ဆွဲသေတ္တာကို ပစ်၍ ပြေးသင့်၊ မပြေးသင့် စဉ်းစားပြန်ရာ နောက်ဆုံး သူ့သား ဟောပြောသည့် တရားတို့ကို ဤကဲ့သို့သော စုံထောက်များ၊ ဇာဘုရင် အမဲလိုက်ခွေးများ လက်ထဲတွင် မအပ်မိရန် ဆုံးဖြတ်လိုက်ပြန်၏။

ထို့ကြောင့် လက်ဆွဲသေတ္တာကို မြဲမြဲကိုင်ထားပြီး ဤသေတ္တာကို မပါပါအောင် ယူ၍ ထွက်ပြေးသင့်၊ မပြေးသင့် စဉ်းစားနေပြန်၏။

ဤအတွေးတို့သည် သူ၏ရန်သူများ ဖြစ်ကြ၏။ အပြင်မှ ဝင်လာသည့် အတွေးများ ဖြစ်၏။ ဤအတွေးတို့ကြောင့် သူ၏စိတ်နှလုံးသည် ညှိုးနွမ်းသွေ့ခြောက်သွား၏။ အသည်းနှလုံးကိုလည်း အပ်များနှင့် ဆွနေသည်နှင့် တူနေ၏။ ဤစိတ္တဇ ဝေဒနာကြောင့် သူသည် သူ့ကိုယ်သူ လည်းကောင်း၊ သူ၏သား ပါဗယ်နှင့်လည်းကောင်း၊ သူနှင့် ခင်မင်ရင်းနှီးလာကြသည့် သူအားလုံးနှင့်လည်းကောင်း သံယောဇဉ် ပြတ်သွားလေ၏။ သူ့အား ရန်မူနေသည့် အင်အား တရပ်က သူ့ကို ဖိနှိပ်ထားပြီး ဤရက်စက်ပြင်းထန်လှသည့် အကြောက်တရားဖြင့် အတင်းအဓမ္မ ဖျစ်ညှစ်၍ သတ်နေသည်ဟု ထင်မှတ်မိလေ၏။ သူ၏နားထင်မှ သွေးကြောများသည် တဒိတ်ဒိတ် ပြင်းပြင်းထန်ထန် ခုန်နေကြပြီး ခေါင်းချွေးများ ထွက်လာသည်ကို သတိပြုမိလေ၏။

အမေသည် ထိုကြောက်မွေးပါသည့် အတွေးတို့မှ တအားရုန်းကန်၍ ထွက်လိုက်ပြီး သူ့ကိုယ်သူ ရှက်ဖွယ်ပါကလားဟု ခပ်မာမာ ပြန်၍သတိပေးလိုက်၏။

ထို့နောက် သူသည် စိတ်နှလုံး ချမ်းမြေ့သွား၏။ သတ္တိရှိလာ၏။ ၎င်းပြင် "နင့်သာနင် ကျက်သရေ မဲ့အောင် မလုပ်ပါနဲ့၊ နင် မကြောက်ပါဘူး” ဟုလည်း သူ့ကိုယ်သူ ပြန်၍ ထိန်းနေ၏။

တဖန် အမေသည် သူ့အား အကြောက်ကြောက်အရွံ့ရွံ့ ကြည့်နေသည့် စုံထောက်နှင့် မျက်နှာချင်း ဆိုင်မိပြန်၏။ စက္ကန့်အနည်းငယ်မျှ ချီတုံချတုံ ဖြစ်နေပြီးနောက် အမေ၏စိတ်ဓာတ်သည် ပို၍ ခိုင်မြဲလာ၏။ သူ၏ အသည်းနှလုံးသည်လည်း ပို၍ ငြိမ်သက်လာလေသည်။

စုံထောက်က ဘူတာရုံမှ အစောင့်ပုလိပ်တယောက်ကို ခေါ်၍ အမေ့အား မျက်စပစ်ပြပြီး တစုံတခုကို တိုးတိုး ပြောလိုက်၏။ အစောင့်ပုလိပ်သည် သူ့ကိုကြည့်၍ ပြန်သွား၏။ အခြား အစောင့် ပုလိပ်တယောက် ရောက်လာပြီး သူပြောသည့် စကားတို့ကို နားထောင်ကာ မျက်မှောင် ကြုတ်နေ၏။ ထိုအစောင့်ပုလိပ်သည် အရပ်ရှည်၏။ ဆံပင်ဖြူပြီး မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေး တို့ကို ကောင်းစွာ ရိတ်မထားချေ။ သူသည် စုံထောက်အား ဦးခေါင်းညိတ်ပြကာ အမေ ထိုင်နေသည့် ခုံရှည်ဆီသို့ သွားလေ၏။ ထိုနောက် စုံထောက်သည်

ပျောက်သွားလေသည်။

အစောင့်ပုလိပ်သည် မျက်မှောင်ကြုတ်၍ အမေ့အား စိုက်ကြည့်ကာ တဖြည်းဖြည်း အမေ့ဆီသို့ သွားလေ၏။ အမေသည် ခုံရှည်ပေါ်၌ နောက်သို့တွန့်သွား၏။

"အို၊ သူတို့က ငါ့ကို မရိုက်ရင် ပြီးတာပဲ" တွေးနေ၏။

အစောင့်ပုလိပ်သည် အမေ့ရှေ့၌ မတ်တတ်ရပ်ပြီး တခဏလောက် ဘာမျှ မပြောချေ။

"ခင်ဗျား ဘာကြည့်နေတာလဲ"

"ဘာမှ မကြည့်ပါဘူး"

"တကယ်လား၊ ခင်ဗျား သူခိုး၊ အခုလို အသက်အရွယ် ကြီးမှတောင် ဒါမျိုးတွေ လုပ်နေတုန်းပဲ"

ဤကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း အငြိုးကြီးစွာ ပြောလိုက်သည့် စကားများကြောင့် အမေသည် သူ၏ပါးများကို ခါးနှင့်လှီးလိုက်သကဲ့သို့လည်းကောင်း၊ မျက်လုံးများကို ဖောက်ပစ်လိုက်သကဲ့သို့ လည်းကောင်း အလွန်နာကြည်း၍ သွားလေ၏။

"ငါ့ကိုလား၊ ငါ သူခိုး မဟုတ်ဘူး၊ နင်ကသာ မဟုတ်တာတွေကို ပြောတာ" ဟု အမေသည် သံကုန်ဟစ်၍ အော်လေ၏။

ဤကဲ့သို့ ရိုင်းရိုင်းပျပျ အစော်ကားခံလိုက်ရသဖြင့် ဒေါသမီး တဟုန်းဟုန်းတောက်လျက် ရှိ၏။ ဖြောင်းဆန်၍ သွား၏။ တဖန် လက်ဆွဲသေတ္တာကို ဆွဲလိုက်ရာ သေတ္တာသည် ပွင့်သွားလေ၏။

"ကြည့်စမ်း… ကြည့်စမ်း… အားလုံးကြည့်ကြစမ်း" ဟု တဖန် အော်၍ စာရွက်စာတမ်းအချို့ကို ကိုင်ကာ ဌေ့ယမ်းရင်း ထခုန်ပြန်၏။ သူ့နားထဲ၌ ဆူဆူညံညံ ဖြစ်နေစဉ် လူများသည် အဘက်ဘက်မှ ဝိုင်းအုံလာကြပြီး အော်ဟစ်သံတို့ကို ကြားနေရပြန်၏။

"ဘာဖြစ်တာလဲ"

"ဟောဟိုမှာ စုံထောက်တယောက်"

"သူတို့က အဒေါ်ကြီးကို သူခိုးတဲ့"

"ဒီလို ရှိသေလေးစားလောက်တဲ့ အဒေါ်ကြီးကိုလား။ တောက်..."

"ကျုပ် သူခိုး မဟုတ်ဘူးတော့" ဟု အမေက ကျယ်လောင်စွာ အော်လိုက်ပြန်၏။ သူ့အနား ဝိုင်းအုံလာကြသည့် လူများကို မြင်သဖြင့် သူ့စိတ်သူ ထိန်းထားလိုက်၏။

"မနေ့က နိုင်ငံရေး အကျဉ်းသမားတွေအမှုကို စစ်တယ်။ ကျုပ်သား ပါဗယ်ဗလက်ဆော့လည်း အဲဒီအထဲမှာ ပါတယ်။ သူက တရားဟောတယ်။ ဟောဒီမှာ သူ ဟောတဲ့တရား။ လူတွေက ဒါကို ဖတ်ကြရပြီး အမှန်တရား သိရအောင် ယူလာခဲ့တယ်"

ထိုအတွင်း လူအုပ်ထဲမှ တယောက်က အမေ့လက်ထဲမှ စာရွက်တရွက်ကို ယူလိုက်၏။ အမေက စာရွက်များကို ဝှေ့ယမ်းပြီး ကြဲပစ်လိုက်လေ၏။

"အင်း၊ ခင်ဗျားကိုတော့ သူတို့က ချမ်းသာပေးမှာ မဟုတ်ဘူး" ဟု ကြောက်ရွံ့ထိတ်လန့်သည့် အသံတသံက ပြောလိုက်၏။

လူများက ထိုစာရွက်များကိုယူ၍ အင်္ကျီထဲသို့ ထိုးသူကထိုး၊ အိတ်ထဲသို့ ထည့်သူက ထည့်နှင့် လုပ်နေကြသည်ကို အမေသည် မြင်နေရသဖြင့် အားသစ်တက်လာ၏။ သူ့ဝမ်းထဲ၌ မာနတရားနှင့် ပီတိတရားတို့ ပေါ်ပေါက်လာကြသည်ကိုလည်း သတိထားမိ၏။ ထို့ကြောင့် ပို၍ တည်ငြိမ်ပြင်းထန်စွာ စကားကိုပြောရင်း သူ့အိတ်ထဲမှ စာရွက်စာတမ်းတို့ကို ထုတ်ပြီး သူ့ထက်ငါ အလုအယက် လှမ်းနေကြသည့် လက်များဆီသို့ ကြဲဝေလိုက်လေသည်။

"ကျုပ်သားနဲ့ ကျုပ်သား ရဲဘော်တွေကို ဘာပြုလို့ ရုံးတင်ကြတယ်ဆိုတာကို သိကြရဲ့လား။ ကျုပ်ပြောပြမယ်။ တော်တို့တတွေက မိခင်တယောက်ရဲ့ အသိနှလုံးသားနဲ့ ဒီလောက် အသက်နဲ့ အရွယ် ပြောတဲ့စကားတွေကို မယုံစရာ မရှိပါဘူး။ သူတို့က ရုံးတင်တဲ့အကြောင်းကတော့ ရှင်းရှင်းလေးပဲ။ ဘာလဲဆိုတော့ လူတွေကို အမှန်တရားတွေကို ပြောလို့တဲ့။ ပြီးတော့ မနေ့က အမှန်တရားကို ဘယ်သူတယောက်ကမှ မငြင်းနိုင်ဘူး ဆိုတာကို ကျုပ်ကိုယ်တိုင် တွေ့မြင်ခဲ့ရတယ်"

လူအုပ်ကြီးသည် ပို၍ များပြားလာပြီး ငြိမ်နေ၏။

"ဆင်းရဲခြင်း၊ ငတ်မွတ်ခြင်းနဲ့ ရောဂါဝေဒနာတွေ ကျုပ်တို့လူတွေ အလုပ်လုပ်ရတဲ့အတွက် ရကြတဲ့ ဆုတွေလာဘ်တွေပေါ့။ အစစကို ကြည့်လိုက်ရင် ကျုပ်တို့ကို ဖိနှိပ် ဆန့်ကျင် နေတာချည်း တွေ့ရတာပဲ။ ကျုပ်တို့တတွေဟာ မွေးကတည်းက သေသည်အထိ နေ့စဉ် ရက်ဆက် ကျုပ်တို့တတွေ ရှိသမျှအားကို

ကုန်သွားအောင်၊ ခန်းသွားအောင် အလုပ်ကို လုပ်ကြရတယ်။ ဒီ ကျုပ်တို့လုပ်အားတွေထဲက ထွက်လာတဲ့ ပျော်ရွှင်မှုတွေ၊ အကျိုးအမြတ် တွေကို တခြားသူတွေက မြိန်မြိန်ရှက်ရှက်ကြီး ခံစား စံစားနေကြပြီး ကျုပ်တို့တတွေကတော့ အမြဲတမ်း အညစ်ညစ် အပတ်ပတ်နဲ့ နေကြရတယ်။ ဘာဆိုဘာမှ မသိတဲ့ မမြင်တဲ့ ဘဝမှာပဲ ရပ်တည်ကြရတယ်။ သူတို့တတွေက ကျုပ်တို့ကို သံကြိုးနဲ့ ချည်းထားတဲ့ ခွေးလို ဘာမျှ သိခွင့် နားလည်ခွင့် မပေးခဲ့ကြဘူး။ ကျုပ်တို့ကို အမြဲတမ်း အကြောက်ကြောက် အရွံ့ရွံ့၊ အထိတ်ထိတ် အလန့်လန့် နေကြရတဲ့ ဘဝမှာထားတယ်။ ကျုပ်တို့ကလည်း အစစ ကြောက်နေကြရတယ်။ ကျုပ်တို့ရဲ့ဘဝတွေဟာ အလွန်ရှည်လျား မှောင်မိုက်လှတဲ့ ညကြီးလိုပဲ” ဟု ပြောလိုက်ပြန်၏။

“အဲဒါ မှန်တယ်” ဟု လူအုပ်ကြီးက ပြန်၍ပြောလိုက်၏။

“ဟော့၊ သူ့ပါးစပ်ကို ပိတ်လိုက်စမ်း” ဟု အသံတသံက အော်လိုက်၏။

လူအုပ်ကြီး၏နောက်၌ စုံထောက်နှင့် စစ်ပုလိပ် နှစ်ယောက် ရောက်နေကြသည်ကို အမေသည် သတိပြုမိ၏။ ထို့ကြောင့် စာရွက်စာတမ်းတို့ကို တရွက်မကျန် ကုန်အောင် မြန်မြန်သွက်သွက် ဝေပစ်လိုက်ချင်၏။ သို့ရာတွင် စာရွက်စာတမ်းများကို ယူရန် သေတ္တာထဲကို နှိုက်လိုက်သောအခါ လူအုပ်ထဲမှ အခြားသူတယောက်ကလည်း နှိုက်နေသည်ကို တွေ့ရသဖြင့်၊

“ယူသာယူ အကုန်ယူ” ဟု ပြောလေ၏။

ထိုအတွင်း စစ်ပုလိပ်များက လူတွေကို ဘေးသို့ တွန်းဖယ်ပြီး “သွားကြစမ်း သွားကြစမ်း” ဟု အော်ကြလေ၏။ လူအုပ်ကြီးသည် စစ်ပုလိပ်များကို တွန်းသူကတွန်း၊ ဆွဲသူကဆွဲနှင့် မဖယ်ချင် ဖယ်ချင်နှင့် လမ်းဖယ်ပေးကြ၏။ သနားကြင်နာသည့် မျက်နှာနှင့် ပွင့်လင်းရိုးသားသည့် မျက်လုံးများဖြင့် ဆံပင်များ ဖြူနေပြီဖြစ်သော အမေ့အနားမှလူများသည် မခွဲချင်၊ မခွာချင် ကြချေ။ ဘဝတွင် တယောက်နှင့်တယောက် တခြားစီ၊ တကွဲစီ နေကြရသည့် လူများသည် ဤနေရာတွင်မှ လာရောက် စုဝေး ဆုံစည်းမိကြ၏။ ဘဝ၏မတရားမှု၊ ရက်စက်ကြမ်းကြုတ်မှု တို့၏ ဒဏ်ရာဒဏ်ချက်တို့ဖြင့် အချိန်ကာလ ရှည်လျားစွာ ဤအမှန်တရားကို ရှာဖွေတမ်းတခဲ့ ကြသည့် လူအများသည် ဤအမှန်တရားကိုပင် ရဲရဲတောက် စကားလုံးများဖြင့် ဖွင့်ချနေသည်ကို ယခုမှ နားထောင်နေကြရ၏။ အမေ့အနား၌ အနီးဆုံးကပ်ရပ်နေကြသည့် သူများကား ငြိမ်ပြီး အလွန်စူးစိုက်သည့် အာရုံဖြင့် အမေ့ကို စိုက်ကြည့်နေကြ၏။ သူတို့၏ နှာခေါင်းများမှ မှုတ်ထုတ်လိုက်သည့် ပူနွေးသော လေများကပင် အမေ၏မျက်နှာကို လာ၍ ရိုက်နေလေသည်။

"အဘွားကြီး သွားတော့လေ"

"သူတို့က ခင်ဗျားကို အခု ဖမ်းကြလိမ့်မယ်"

"ဘယ်လောက် သတ္တိကောင်းသလဲကွ" ဟူသော အသံများသည် ပေါ်လာလေ၏။

ထိုနောက် စစ်ပုလိပ်များက လူအုပ်ထဲမှ ရှေ့သို့ အတင်းတိုးလာကာ "ဒီနေရာက သွားကြစမ်း၊ ကိုယ့်နေရာကိုယ် ပြန်ကြစမ်း" ဟု အော်ဟစ်လာကြ၏။

အမေ့ရှေ့မှ လူများသည် ဟိုယိမ်းလိုက်၊ ဒီထိုးလိုက်နှင့် တယောက်နှင့်တယောက် ကိုင်တွယ် ထားကြ၏။

ဤလူများသည် သူပြောသည့်စကားတို့ကို နားလည်း လည်ကြ၏။ ယုံလည်း ယုံကြည်ကြ၏။ ဤအချက်ကို အမေသည် သတိပြုမိ၏။ ထို့ကြောင့် သူတို့အား သူသိသမျှ ပြောပြချင်၏။ သူကိုယ်တိုင် အလွန် စွမ်းပကားရှိကြောင်း တွေ့ကြုံခဲ့သည့် အတွေးအခေါ် အားလုံးကို ဟောချင်၏။ ဤအတွေးအခေါ်တို့ကား သူ၏ အသည်းနှလုံးထဲမှ ပေါ်ထွက်လာကြပြီး တေးဂီတတပုဒ် ဖြစ်နေ၏။ သို့ရာတွင် ဤတေးဂီတကို သူ ဆိုနိုင်တော့မည် မဟုတ်သည်ကို သိသဖြင့် အမေသည် ရင်နင့်မိ၏။ သူ့အသံများကလည်း ကွဲအက်၍ နေချေပြီ။

"ကျုပ်သားရဲ့စကားတွေက ကိုယ့်ကိုယ်ကို ပြန်ရောင်းစားတဲ့ လူတယောက်ရဲ့စကားတွေ မဟုတ်ပါဘူး။ ရိုးသား ဖြောင့်မတ်တဲ့ အလုပ်သမားတယောက်ရဲ့ စကားတွေပါ။ ဒီလောက် ရဲရဲတောက် ပြောထားတာကိုကြည့်ပြီး ဘယ်လောက် ရိုးသားတယ်ဆိုတာကို သိနိုင်ပါတယ်"

ကြောက်လည်းကြောက်၊ ပီတိလည်းဖြစ်နေသော လူငယ်တယောက်သည် အမေ့ကို စိုက်ကြည့်နေ၏။

ထိုအတွင်း တစုံတယောက်က အမေ့ရင်ဘတ်ကို ရိုက်လိုက်ရာ၊ အမေသည် ခုံရှည်ပေါ်သို့ လဲကျသွား၏။ စစ်ပုလိပ်များသည် လူအုပ်ထဲသို့ အတင်းဝင်လာကြပြီး လူတွေကို တွန်းလိုက် ထိုးလိုက် လုပ်နေကြ၏။ ဦးထုပ်များကိုချွတ်၍ လွှင့်ပစ်ကြ၏။ အမေသည် မူးသွား၏။ သို့ရာတွင် သူ့တွင် ကျန်ရစ်နေသေးသည့် အားအင်ကို တအား တင်းပြီး၊

"မိတ်ဆွေတို့၊ ခိုင်မာတောင့်တင်းတဲ့ အင်အားကြီးတခု ဖြစ်အောင် သွေးစည်းကြစမ်းပါ" ဟု အော်လိုက်၏။

စစ်ပုလိပ်တယောက်က သူ၏ တုတ်ခိုင်သန်မာလှသည့်

လက်မောင်းကြီးများဖြင့် အမေ့ကို ယမ်းလိုက်ပြီး၊

"ပါးစပ်ကို ပိတ်ထားလိုက်စမ်း" ဟု အော်လိုက်၏။

အမေ၏ဦးခေါင်းသည် နံရံကို သွား၍ ဆောင့်မိ၏။ တစ်စက္ကန့်မျှ အမေသည် ကြောက်ရွံ့တုန်လှုပ် သွား၏။ သို့ရာတွင် သူ့ဝမ်းတွင်းမှ သတ္တိတရားသည် ချက်ချင်း ပေါ်ထွက်လာပြီး အကြောက်တရားကို လွှမ်းပစ်လိုက်၏။

"လာ လိုက်ခဲ့စမ်း ခင်ဗျား" ဟု စစ်ပုလိပ်က ဆို၏။

"ဘာမှ မကြောက်ကြနဲ့၊ တော်တို့ အခုနေကြရတဲ့ဘဝထက် ဘယ်ဟာကမှ ပိုပြီး မဆိုးဘူး" ဟု အမေက ထပ်၍ပြော၏။

"ပါးစပ်ကို ပိတ်ထားစမ်း"ဟု စစ်ပုလိပ်က တဖန် ထပ်၍ကြိမ်းပြီး အမေ့လက်ကို ရှေ့သို့ တွန်းပစ်လိုက်၏။ နောက်တယောက်က အခြား လက်တဖက်ကို ကိုင်၍ ထုတ်သွားကြ၏။

"တော်တို့ရဲ့ နှလုံးသားတွေကို နေ့စဉ် မျိုဝါးနေပြီး တော်တို့ရဲ့ ဝိညာဉ်တွေကို ကိုက်ဖြတ်နေတဲ့ ဆိုးဝါးလှတဲ့ ဘဝထက် ဘယ်ဟာမှ ပိုမဆိုးဘူး" အမေ့အသံသည် ပေါ်လာပြန်၏။

စုံထောက်သည် သူ့ရှေ့မှပြေး၍ အမေ့မျက်နှာ ရှေ့တည့်တည့်မှ လက်သီးနှင့် ချိန်ကာ ခြိမ်းခြောက်နေ၏။

"ပါးစပ်ပိတ်လိုက်စမ်း ခွေးမကြီး" ဟု အော်လိုက်၏။

အမေ၏ မျက်လုံးများမှ ဒေါသအရောင် ထွက်လာပြီး ပြူးလာ၏။ နှုတ်ခမ်းများကလည်း တုန်လာ၏။ ထိုနောက် ချော်နေသော ကျောက်ပြားပေါ်၌ ခြေထောက်ကို ကုတ်ထားရင်း...

"သူတို့က ကျုပ်ရဲ့ ရှင်သန်နေတဲ့ စိတ်ဓာတ်ကို သတ်မပစ်နိုင်ပါဘူး" ဟု အော်လိုက်၏။

စုံထောက်က "ခင်ဗျား ခွေးမကြီး" ဟု ဆိုကာ အမေ့မျက်နှာကို ရိုက်လိုက်၏။

"အေး... အဲဒါမှကောင်းတယ်။ စုန်းမကြီး" ဟု အပြုံးတကြီးနှင့် အသံတသံက ဆိုလိုက်၏။

အမေ၏မျက်လုံးများမှ မီးပွင့်သွားပြီး အမေသည် တခဏလောက် ဘာမျှ

မမြင်ရချေ။ ပါးစပ်ထဲမှလည်း သွေးများ စီးလာလေ၏။

"သတ္တိရှိရင် သူ့ကို ထိကြည့်စမ်း"

"လာကြဟေ့ ငါ့လူတို့"

"ဟေ့ လူယုတ်မာ"

"ဒီအကောင်ကို တွယ်လိုက်ကြရအောင်"

"တို့စိတ်ဓာတ်တွေကို သွေးနဲ့ လူးမပစ်နိုင်ကြပါဘူးကွ..." ဟူသော အော်သံများ ကြားရသဖြင့် အမေသည် နိုးကြား တက်ကြွလာပြန်၏။

စစ်ပုလိပ်များက အမေ့ကို လည်ကုပ်နှင့် ကျောကိုကိုင်၍ တွန်းကြ ထိုးကြ၏။ ပခုံးနှင့် ဦးခေါင်းကို ရိုက်ကြ၏။ အော်သံ ညည်းသံ၊ ခရာသံတို့ အကြားတွင် အမေသည် မူးနောက်သွား၏။ တဖန် သူ့နားရင်းကို ရိုက်ကြပြန်၏။ အမေ၏လည်ချောင်းသည် နင့်တက်လာပြီး အမေသည် အသက်ရှူ ကျပ်လာ၏။ ထိုနောက် တကိုယ်လုံး နာကျင်လာကာ သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ယိုင်လဲ သွားလေ၏။ သို့ရာတွင် သူ၏ မျက်လုံးများသည် ယခင်ကကဲ့သို့ပင် တောက်ပြောင်လျက် ရှိကြ၏။ သူ့ကို ဝိုင်း၍ကြည့်နေကြသည့် မျက်လုံးများကိုလည်း မြင်နေရ၏။ ထိုမျက်လုံးများကား သူ ကောင်းကောင်းကြီးသိပြီး အလွန်နှစ်သက် သဘောကျလှသည့် ဝိဇ္ဇာတရား၏ အလင်းရောင်ဖြင့် တောက်ပြောင် ရဲရင့်လျက်ရှိကြ၏။

စစ်ပုလိပ်များက သူ့ကို တံခါးပေါက်တပေါက်ဆီသို့ အတင်းတွန်းထိုးနေကြ၏။ သူသည် သူ့လက်တဖက်ကို အတင်းရုန်း၍ ဖယ်လိုက်ပြီး တံခါးခလုတ်ကို ကိုင်ကာ၊

"သွေးတွေကို ပင်လယ်ဝေသွားအောင် လူတွေကို ရိုက်ကြနှက်ကြ၊ သတ်ကြပေမဲ့ အမှန်တရားကို တော့ ဒီသွေးပင်လယ်ထဲမှာ ဘယ်တော့မှ မြှုပ်ပစ်လို့ မရဘူးဟေ့" ဟု အော်လိုက်ပြန်၏။

သူတို့က အမေ့လက်ကို ရိုက်လိုက်ပြန်ရာ တဖန် ထပ်၍...

"ဟဲ့ နင်တို့က လူမိုက် လူအတွေပဲ၊ သူတို့က နင်တို့ကို လူတွေက ပိုပြီး မုန်းအောင်၊ ရွံ့အောင်ပဲ လုပ်တယ်။ အေး၊ ဒီဒဏ်တွေကို နင်တို့ပဲ ပြန်ခံကြရမှာပဲ" ဟု ထပ်၍ အော်ပြန်၏။

ထိုအခါ စစ်ပုလိပ်တယောက်က သူ့လည်ပင်းကို ဖမ်းကိုင်ပြီး ညှစ်လိုက်၏။

"အင်း၊ အလွန်ယုတ်ညံ့တဲ့ သတ္တဝါတွေပဲ" ဟုသာ အမေသည် အသက်ပင် ကောင်းကောင်း မရှူနိုင်ဘဲ အော်လိုက်ရာမှ တစုံတယောက်သောသူ၏ ပြင်းပြသည့် ရှိုက်သံကို ကြားလိုက်လေ သတည်း။

တောင်တွင်း ကိုကိုကြီး

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR